http://www.dhammadownload.com

ပဲခူးမြို့
သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်
ပထမကျော် ပါဠိပါရဂူ ဓမ္မာစရိယ ကထိက
အနေကဂန္ထကာရက

အရှင်ဓမ္မသာမိဘိဝံသ

စီရင်တော်မူခဲ့သော

ပုံတော်ခံ
ပေတဝတ္ထုတော်ကြီး

ခင်ချိုထွန်းစာပေ

အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့

http://www.dhammadownload.com

အောက်ပါစာအုပ်များကို ဝယ်ယူရရှိနိုင်ပါပြီ

- ခေတ်မီ ပါဠိ မြန်မာ အဘိဓာန်
- ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်း
- ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်
- ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပ-ဒု)
- ပုံတော်စုံ မင်္ဂလတ္ထဒီပနီ (ခေါ်) ခုဒ္ဒကပါဌ်လာပေါင်းချုပ်
- ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပ-ဒု-တ-စ-မ)
- ပုံတော်စုံ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်အနှစ်ချုပ်
- ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး(အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ထေရီအပဒါန် ဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ (ပ-ဒု)
- ပုံတော်စုံ ပေတဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- စေတိယပကာသနီကျမ်း(စေတီတည်ထားပုံစနစ်)
- ဒီပနီပေါင်းချုပ် (သေက္ခတောင်ဆရာတော်)
- စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲတော်လေးထပ် ဆရာတော်)
- မိလိန္ဒပဉ္ဉဝတ္ထု (ဒါန့်တိုင်ဆရာတော်)
- ပဏ္ဏိတဝေဒနီယကျမ်း (သေက္ခတောင်ဆရာတော်)
- အထွေထွေ ဗဟုသုတ မာတိကာကျမ်း
- လောကဓမ္မရေးရာ စကားပုံကျမ်း
- ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ(ပ၊ ဒု၊ တ၊ စ၊ မ)
- သင်္ကာစကားပုံပေါင်းချုပ်
- မြန်မာ့ရိုးရာဓလေ့နတ်သမိုင်း
- ပဌာန်းအဓိပ္ပာယ်ရှင်းလင်းချက်
- သိဒ္ဓိအောင် ဘုရားရှိခိုးအမျိုးမျိုး(စက္ကူအကြမ်း)
- သိဒ္ဓိအောင် လောကီသိပ္ပံညွှန့်ပေါင်းကျမ်း
- သိဒ္ဓိအောင် ဝတ်ရွတ်စဉ်

ခင်ချိုထွန်းစာပေ
၈၆၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်၊ ဖုန်း-၅၄၂၀၅၆

ဖြန့်ချိရေး- သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်
အမှတ် (၃၇)။ ရွှေတိုက်တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်၊ ဖုန်း - ၃၈၃၅၁၁၊ လိုင်းခွဲ-၁၇၅

http://www.dhammadownload.com

သမ္ဗဒါန် ဓမ္မဒါန် ဇိနာတိ ။။

(ဒါနဟူသမျှ အဝဝတွင်-တရားအလှူ အောင်လံထူ၏။)

မွန်မြတ်လက်ဆောင်



သို့/

.....

.....

.....

ဤကောင်းမှုကံ၊ ဗောဓိဉာဏ်၊
အမှန်ရကြောင်း ဖြစ်စေသော်။

လက်ဆောင်ရှင်

.....

.....

.....

.....

နေ့စွဲ

.....

http://www.dhammadownload.com

http://www.dhammadownload.com



ပဲခူးမြို့
သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်
ပထမကျော် ပါဠိပါရဂူ ဓမ္မာစရိယ ကထိက
အနေကဂန္ထကာရက

အရှင်ဓမ္မသာမိဘိဝံသ

စီရင်တော်မူခဲ့သော

မုံအော်ခုံ
ပေတဝတ္ထုတော်ကြီး

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကတည်ကတေဒီ မင်္ဂလာ

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဦးအောင်ညွှန့်(ဓမ္မစရိယ)၊ ဦးကျော်လင်း(ဓမ္မစရိယ၊ ပါဠိဝိပါရဂူ)၊ ဦးမျှားနိုတို့အား လည်းကောင်း၊ ပန်းချီဆရာ ဦးသန်းကြွယ်၊ ကိုမင်းဇော်(နယူးလိုက်ဖ်)၊ ဦးဌေးဟန်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်
ခင်ချိုထွန်းစာပေ
အမှတ်(၈၆)၊ ၃၇ လမ်း၊
ရန်ကုန်မြို့။

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ်
၄၀၃/၂၀၀၄ (၆)
၃၇၅/၂၀၀၄ (၇)

အကြိမ် - ပထမ
အုပ်ရေ - ၁၀၀၀
တန်ဖိုး -
နိဝင်္ဘာလ - ၂၀၀၄

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း၊ ဖလင်
မင်းဇော် (နယူးလိုက်ဖ်)

စာအုပ်ချုပ်
ဦးသိန်းထွန်း စာအုပ်ချုပ်အဖွဲ့

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဦးသန်းကြွယ်၊ ဦးဌေးဟန်

မျက်နှာဖုံးပုံနှိပ်သူ
ဦးသိန်းထွန်း(၀၄၈၂၂) သိန်းထွန်းအော့ဖ်ဆက်
၅၀-၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသိန်းထွန်း၊ သိန်းထွန်းအော့ဖ်ဆက်
၅၀-၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဟင်း ယုံကြည်ချက်စာပေ
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ခင်ချိုထွန်းစာပေ
၈၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၅၄၂၀၅၆

ဖြန့်ချိရေး
ကိုအောင်ဝင်း၊ မအေးပြင့်
သန်းမြင့်မြင့်ပြင်ဆင်စာအုပ်ဆိုင်
အမှတ် ၃၇၊ ရွှေတိဂုံတောင်ဘက်၊ ဈေးတော်ရုံ၊
ရန်ကုန်မြို့။ ဖုန်း ၃၈၃၅၁၊ လိုင်းခွဲ ၁၇၅

http://www.dhammadownload.com



အရှင်ဓမ္မသာမိဘိဝံသ

(ကူးယူပုံနှိပ်ခွင့်မပြု)

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်း

ပုံတော်စုံ ပေတဝတ္ထုတော်ကြီး

ဗုဒ္ဓ၏ ဒေသနာတော်များကို ပိဋကအားဖြင့် ခွဲခြားလျှင် သုတ္တန္တပိဋက၊ ဝိနယပိဋက၊ အဘိဓမ္မပိဋကဟု (၃)မျိုး ရှိသည်။ ထိုပိဋက (၃)မျိုးတို့တွင် ပေတဝတ္ထုသည် သုတ္တန္တပိဋက အဝင်အပါ ကျမ်းတစ်ဆူဖြစ်ပေသည်။

နိကာယ်ငါးရပ်

ထိုနည်းအတူပင် နိကာယ်အားဖြင့် ခွဲခြားလျှင်လည်း အောက်ပါအတိုင်း (၅)မျိုး ခွဲခြားတော်မူခဲ့သည်။

(က) **ဒီဃနိကာယ်** = ရှည်လျားသော သုတ်တော်တို့ကို ပေါင်းစည်းဖော်ပြထားသည်။

(ခ) **မဇ္ဈိမနိကာယ်** = မရှည်မတို၊ အလယ်အလတ်ဖြစ်သော သုတ်တော်တို့ကို ပေါင်းစည်းဖော်ပြထားသည်။

(ဂ) **သံယုတ္တနိကာယ်** = ဒေသနာတော်ချင်း တူညီသော အချက်တစ်ခုခုကို အခြေခံထား၍ စုစည်းပေါင်းစပ်ဖော်ပြထားသည်။

(ဃ) **အင်္ဂုတ္တရနိကာယ်** = အင်္ဂါရုပ်တစ်ခုစီကို ကျော်လွန်သော အကြောင်းအရာများကို ဧကကနိပါတ်မှ ဧကာဒသကနိပါတ်တိုင်အောင် အပိုင်းငယ် နိပါတ်၊ သုတ်တော်များဖြင့် ပေါင်းစည်းဖော်ပြထားသည်။

(င) **ခုဒ္ဒကနိကာယ်** = ရှေးနိကာယ် (၄)ရပ်မှ တစ်ပါးသော ခုဒ္ဒကပါဋ္ဌ စသည့်ကျမ်းများကို စုစည်းခေါ်ဝေါ်သည်။

http://www.dhammadownload.com

ဤနိကာယ် (၅)မျိုးတွင် ပေတဝတ္ထုသည် ခုဒ္ဒကနိကာယ် အဝင်အပါ ကျမ်းတစ်ဆူဖြစ်သည်။ ခုဒ္ဒကနိကာယ်၌ ပါဝင်သော ကျမ်းများမှာ–

၁။ ဝိနည်း ၅-ကျမ်း
၂။ အဘိဓမ္မာ ၇-ကျမ်းအပါအဝင်
၃။ ခုဒ္ဒကပါဌ
၄။ ဓမ္မပဒ
၅။ ဥဒါန
၆။ ဣတိဝုတ္တက
၇။ သုတ္တနိပါတ်
၈။ ဝိမာနဝတ္ထု
၉။ ပေတဝတ္ထု
၁၀။ ထေရဂါထာ
၁၁။ ထေရီဂါထာ
၁၂။ မဟာနိဒ္ဒေသ
၁၃။ စူဠနိဒ္ဒေသ
၁၄။ ပဋိသမ္ဘိဒါမဂ္ဂ
၁၅။ အပဒါန
၁၆။ ဗုဒ္ဓဝံသ
၁၇။ စရိယာပိဋကတို့
၁၈။ မိလိန္ဒပဉှာ–တို့ဖြစ်သည်။

ပေတ၏ အဓိပ္ပာယ်

ပေတမှာ ပါဠိဝေါဟာရဖြစ်သည်။ ချမ်းသာသုခမှ ဝေးကွာခြင်း၊ ကင်းကွာခြင်း၊ ချမ်းသာသုခ မရှိခြင်းဟု အဓိပ္ပာယ်ဖော်ပြကြပြီး အခြားအဓိပ္ပာယ်တစ်မျိုးမှာ ခန္ဓာကိုယ် အတ္တဘောမှ ကင်းကွာ ကွယ်လွန်ခြင်းဟု အဓိပ္ပာယ်ရှိကြောင်း ဆရာများ ရှင်းပြကြသည်။ အကြမ်းဖျင်းအားဖြင့် အများနားလည် သိရှိထားကြသည်မှာ ပေတဟူသည် ပြိတ္တာဖြစ်သည်။

ပေတဝတ္ထု

ထို့ကြောင့် ပေတဝတ္ထု၏ အဓိပ္ပာယ်မှာ ချမ်းသာသုခ မရှိသူတို့၏ တစ်နည်းအားဖြင့် ဆင်းရဲဒုက္ခအဖုံဖုံ ခံစားနေရသူ ပြိတ္တာအမျိုးမျိုးတို့၏ အကြောင်းခြင်းရာကို ဖော်ပြထားသော ကျမ်းစာဟု ဆိုနိုင်ပေသည်။

သို့သော် ပေတဝတ္ထု၌ ပါရှိသည်မှာ ပြိတ္တာတို့၏ အကြောင်းချည်းသာ မဟုတ်ပေ။ ငရဲဘုံရောက်သူ၊ လူ့ဘုံရောက်သူ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံရောက်သူတို့၏ အကြောင်းခြင်းရာများလည်း ပါရှိပေသည်။

http://www.dhammadownload.com

သာဓကအားဖြင့် ဖော်ပြရလျှင် ရေဝတီပေတဝတ္ထုလာ အကြောင်းအရာမှာ ငရဲသို့ရောက်သွားသော ရေဝတီအမျိုးသမီး၏ အကြောင်းဖြစ်ပြီး ခေတ္တုပမ ပေတဝတ္ထုလာ အကြောင်းအရာမှာ ရက္ခစိုးနတ်ဖြစ်သူ၊ အင်္ဂါရပေတဝတ္ထုမှာ တာဝတိံသာဌ်နတ်ဖြစ်သော အကြောင်းအရာဖြစ်သည်။ ဥဗ္ဗရိပေတဝတ္ထုမှာ ဗြဟ္မာ့ပြည်သို့ရောက်သူ၏ အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် ပေတဝတ္ထုဌ် ပြိတ္တာများ အကြောင်းသာမက ဖော်ပြပါ အခြားသောအကြောင်းအရာများလည်း ပါရှိပေသည်။ သို့ရာတွင် များသောအားဖြင့် ပြိတ္တာတို့၏ အကြောင်းများသာ ဖြစ်သည်။

ပြိတ္တာ (၄)မျိုး

ပြိတ္တာသည် အမျိုးအစားအားဖြင့် (၄)မျိုး ရှိသည်။ ထို (၄)မျိုးမှာ–

- **ပရဒတ္တူပဇီဝိတပြိတ္တာ** = သူတစ်ပါးတို့ ပေးကမ်းလှူဒါန်း စွန့်ကြဲအပ်သော စားဖွယ် သောက်ဖွယ်ကို အမှီပြု၍ အသက်ရှင်ရသော ပြိတ္တာမျိုး။
- **ခုပ္ပိပါသိကပြိတ္တာ** = အစာငတ်၊ ရေငတ်ခြင်းတို့ဖြင့် အမြဲဒုက္ခခံနေရသော ပြိတ္တာမျိုး။
- **နိဇ္ဈာမတဏှိကပြိတ္တာ** = အမြဲတမ်း လောင်ကျွမ်းပူပန်ခြင်း ခံနေရသော ပြိတ္တာမျိုး။
- **ကာလကဉ္စိကပြိတ္တာ** = အသုရကာယ်ဟု ခေါ်သည့် ပြိတ္တာမျိုးတို့ ဖြစ်သည်။

ဤပြိတ္တာအမျိုးအစားများတွင် နိယတဗျာဒိတ်ရပြီးသော ဘုရားအလောင်းတော်များသည် ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာနှင့် ကာလကဉ္စိကပြိတ္တာမျိုးတို့ဌ် မဖြစ်ဟု အပဒါန်၊ သုတ္တနိပါတ်၊ ဗုဒ္ဓဝံနှင့် စရိယာပိဋကအဋ္ဌကထာတို့ဌ် ဖော်ပြထားသည်။

နိယတဗျာဒိတ် ခံယူရရှိပြီးသော အဆင့်အထိ ပါရမီ မရင့်ကျက်သေးသူတို့ကား ဘဝသံသရာတစ်လျှောက်ဌ် ပြိတ္တာအမျိုးအစား (၄)မျိုးစလုံးတွင် ဖြစ်နိုင်သဖြင့် အထူးသတိရှိသင့်ကြပေသည်။

http://www.dhammadownload.com

ပိဋကတော်လာ အခြားစာပေကျမ်းဂန်တို့၌ ပါရှိသော အမည်အမျိုးမျိုးနှင့် ခေါ်ဝေါ်ထားသော ပြိတ္တာများ ရှိသေးသော်လည်း အကြမ်းဖျင်းအားဖြင့် ဖော်ပြပါ ပြိတ္တာ (၄)မျိုးတို့တွင် တစ်မျိုးမဟုတ် တစ်မျိုး၌ အကျုံးဝင်ကြသည်သာ ဖြစ်ပါသည်။

ပုံတော်စုံ ပေတဝတ္ထုတော်ကြီး

ဤပုံတော်စုံ ပေတဝတ္ထုတော်ကြီးသည် ပေတဝတ္ထုအဋ္ဌကထာကို မြန်မာစကားပြေဖြင့် ပြန်ဆိုရေးသားဖော်ပြထားသော ကျမ်းတစ်စောင်သာ ဖြစ်ပါသည်။ မြန်မာစကားပြေဆိုသော စကား၌ အနည်းငယ် ရှင်းစရာရှိပါသည်။ ပါဠိအဋ္ဌကထာကို အလွတ်ထားပြီး ရေးသားထားသော မြန်မာစကားပြေ မဟုတ်ပါ။ ပါဠိတစ်ချက်၊ အနက်တစ်ချက်နည်းဖြင့် နိဿယကဲ့သို့သော အရေးအသားမျိုးလည်း မဟုတ်ပါ။ ပါဠိအဋ္ဌကထာလာ ပါဠိဝါကျများ၏ ဆိုလိုရင်းကို သဒ္ဒါ၏ အနက်အဓိပ္ပာယ်၊ မပျက်စေဘဲ မြန်မာစကားပြေဖြင့် ပြန်ဆိုထားခြင်းသာ ဖြစ်ပါသည်။

ဤသို့ ပြန်ဆိုရေးသားခြင်း၌ ရည်ရွယ်ချက် (၂) ချက် ရှိပါသည်။ ပထမတစ်ချက်မှာ ပါဠိမတတ်ကျွမ်းသူများ မြန်မာစကားပြေကို ဖတ်ရှုခြင်းဖြင့် ကျမ်းစာလာ အဓိပ္ပာယ်ဖော်ပြချက်များကို ခံစားသိရှိနိုင်စေရန် ဖြစ်ပြီး ဒုတိယအချက်မှာ နိဿယသဘောမျိုး ပါဠိများ၏ ဆိုလိုရင်း အဓိပ္ပာယ်နှင့် တိုက်ဆိုင်ကြည့်ရှုနိုင်စေရန် ရည်ရွယ်ချက်ဖြစ်ပါသည်။ ဂါထာများကိုမူ နိဿယအနက်ပေးနည်းအတိုင်း ရေးသားဖော်ပြထားပါသည်။

ဤပေတဝတ္ထုကို အခြားသော ဆရာတော်များ၊ ပညာရှင်များက စာပေပုံစံအမျိုးမျိုးဖြင့် ပြန်ဆိုရေးသား ဖော်ပြထားပြီး ကျမ်းများလည်း ရှိပါသည်။ **ခင်ချိုထွန်းစာပေ**က ထုပ်မံ၍ ကျမ်းတစ်စောင်အဖြစ် ထုတ်ဝေရခြင်းမှာ ဘာသာယဉ်ကျေးမှုဆိုင်ရာ စာပေများ ပုံစံအမျိုးမျိုးဖြင့် များပြားစွာ ရှိလေ၊ ဘာသာယဉ်ကျေးမှုများလည်း ပိုမိုပျံ့နှံ့လေဖြစ်ပြီး လေ့လာလိုသူတို့ ကိုယ်ကြိုက်နှစ်သက်ရာ စာပေပုံစံဖြင့် လေ့လာနိုင်ရန် ဖြစ်ပါသည်။ ပေတဝတ္ထုလာအကြောင်းအရာ၏ သရုပ်များ ပိုမိုပီပြင်စွာ သိရှိနိုင်စေရန် အချို့သောနေရာတို့၌ သရုပ်ဖော်ပုံများပါ ထည့်သွင်းဖော်ပြထားပါသည်။

ဦးအောင်ညွှန့် (ဓမ္မာစရိယ)

http://www.dhammadownload.com

ကျမ်းဆရာ၏ ဇာတိရပ်ဌာနအကျဉ်း

မုံရွာမြို့၏ မြောက်ဘက် ၂၅-မိုင်ခန့် ကွာဝေးသောအရပ်၌ သက္ကရာဇ် ၉၉၉-ခုနှစ် (နောသုံး၊ ဝါးသုဉ်း၊ နောသုံး = ၉၉၉။ ဝါးသုဉ်း = ဝါးတောကြီး ရှင်းလင်းခုတ်ထွင်ပြီးစီး) ကြီးမားလှစွာသော ဝါးတောကြီးကို ခုတ်ထွင်ရှင်းလင်း ပြီးလျှင် စတင် ရွာတည်လာခဲ့သော "ဝါးတောမရွာ"ကြီး ရှိပေသည်။

ရွာ၏မြောက်ဘက်၌ ဘုရားသုံးဆူ၊ တိုက်ကျောင်းကြီး သုံးကျောင်း၊ သစ်သား ကျောင်းကြီးများနှင့် ခမ်းနားကြီးကျယ်သော သိမ်ကုန်ကျောင်း၊ ရွာ၏အရှေ့ဘက်၌ ကုန်းကျောင်းနှင့် ကျွန်းရင်းကျောင်း၊ ရွာ၏တောင်ဘက်၌ ဥက္ကံကျောင်း၊ ရွှေညောင်ပင် ကျောင်း၊ ရွာ၏အနောက်ဘက်၌ ဘုရားကြီးကျောင်း အသီးသီး ရှိကြ၏။

ရွာ၏ အနောက်တောင်ထောင့် (စနေထောင့်) ၃-ဖာလုံခန့်ဝေးသော အရပ်၌ တစ်နယ်လုံး ကိုးကွယ်နေကြသော တန်ခိုးကြီး "ရွှေစည်းခုံ စေတီတော်မြတ်ကြီး" ရှိပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပြတ် နေထိုင်လာခဲ့ကြသော ဝါးတောမ ရွာကြီး၏ အရှေ့ပိုင်း ရွှေပန်းထိမ်သည် (ဘုရားဒကာ) ဦးညွှန့်–ဒေါ်ရွှေထယ်နှင့် သားသမီးများဖြစ်ကြသော ဦးပေါခင်၊ ဦးပေါတင်၊ ဒေါ်စောကြွယ်၊ ဒေါ်စောနွဲ့၊ ဦးပေါလှ၊ ဦးပေါသတို့ နေထိုင်ခဲ့ကြသည်။

ရွာလယ်ပိုင်း၌ သင်္ကန်းပရိက္ခရာ ကုန်သည်ကြီး ဘုရားဒကာ၊ ကျောင်းဒကာ (ဦးရွှေပိုင်–ဒေါ်မင်းအံ့) နှင့် သားသမီးများဖြစ်ကြသော ဒေါ်ဖွားမင်၊ ဒေါ်ဖွားမယ်၊ ဦးလူဒင်–ဒေါ်စောရှိန်၊ ဒေါ်စောသင့်၊ ဦးလူသင်တို့ နေထိုင်ခဲ့ကြသည်။

ဦးပေါတင်–ဒေါ်စောသင့်တို့မှ မောင်သောင်းအေး၊ မောင်သောင်းချယ်၊ မောင်သောင်းနွယ်၊ မောင်သောင်းစိန်၊ မောင်သောင်းကြည်၊ မမြကြည်၊ မမြနီ၊

http://www.dhammadownload.com

မမြသင်းဟူ သားသမီးရှစ်ယောက် ထွန်းကားရာ ဤကျမ်းစာရှင်မှာ ၁၂၉၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈-ရက်နေ့တွင် ဖွားမြင်သော စတုတ္ထမြောက် သားရတနာ ဖြစ်ပါသည်။

၁၃၁၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ၁၃၁၃-ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၁၄-ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၆-ခုနှစ်၌ ပထမကြီးတန်း (ပါဠိဂုဏ်ထူး)၊ ၁၃၁၇-ခုနှစ်၌ စာချတန်း ကျမ်းရင်းနှစ်ကျမ်းနှင့် ဂုဏ်ထူး ငါးကျမ်း၊ ၁၃၁၉-ခုနှစ်၌ သီလက္ခန်ကျမ်းရင်း တစ်ကျမ်းနှင့် အဂုံတွရနိကာယ ပါရဂူ ဂုဏ်ထူးကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၁၉-ခုနှစ်၌ပင် ဘာသန္တရ ပုဇ္ဈာပေါင်း ၁၀၀၀-ကို ဖြေဆိုရာ ပထမရသဖြင့် ပထမကျော်နှင့် ဝိသိဋ္ဌဓမ္မာစရိယ ရွှေတံဆိပ်ကို ရရှိခဲ့ပါသည်။

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ မြောင်းမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သာသနဝိသောဓနီသိမ်၌ ဆရာတော် အရှင်ပညာဇောတ (ယခုပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ဆရာတော်) ကို ဥပဇ္ဈာယ်ပြု၍ ပစ္စယာနုဂ္ဂဟာကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ကျမ်းစာများ ရေးသားခြင်း

၁၃၁၄ ခုနှစ်၌ ကူညီရေး ရူပသိဒ္ဓိ၊
၁၃၁၅ ခုနှစ်၌ ကူညီရေး ဆန်းနိဿယ၊
၁၃၁၈ ခုနှစ်၌ ဆန္ဒောသန္နယဒီပဂဏီ၊
၁၃၂၀ ခုနှစ်၌ အလင်္ကာရသန္နယဒီပဂဏီ၊
၁၃၂၁ ခုနှစ်၌ စာစပ်နည်းပေါင်းချုပ်၊
၁၃၂၂ ခုနှစ်၌ ကူညီရေးပါတိမောက်၊
၁၃၂၄ ခုနှစ်၌ ကူညီရေးကခ်ီ၊
၁၃၂၆ ခုနှစ်၌ ခေတ်မီပါဠိ-မြန်မာ အဘိဓာန်၊
၁၃၂၈ ခုနှစ်၌ သဒ္ဒသန္နယဒီပဂဏီ၊
၁၃၃၃ ခုနှစ်၌ ၂၅-ခန်း ကမ္မဝါ၊
ပုံတော်စုံ ဝိပါက်တော် ၁၂-ပါး၊
သီမာဒီပဂဏီ၊

http://www.dhammadownload.com

၁၃၃၄ ခုနှစ်၌ ခေတ်မီသရုပ်ပြ အဘိဓမ္မာ၊
ဒက္ခိဏာသာခါ ဘုရားသမိုင်းတော်၊
အသခ်ံတနိဗ္ဗာန်၊
မဟာသတိပဋ္ဌာန် ဝတ္ထုတော်ကြီး၊
မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘရဟန်းကျင့်ဝတ်။
၁၃၃၅ ခုနှစ်၌ အခန်း ၁၀၀ ကမ္မဝါ၊
ခေတ်မီ သဒ္ဒါကြီးနိဿယ၊
ခေတ်မီ မာတိကာ ဓာတုကထာ
အရကောက်နှင့် အဖွင့်၊
ခေတ်မီ ဝင် ကိုးဝင်၊ (ထွက်တော့မည်)
ခေတ်မီ ဇာတက် ဝတ္ထုတော်ကြီး၊
ခေတ်မီ ရေစက်ချနည်းတစ်ထောင်၊
ဝိပါက်တော်တစ်ထောင်၊
ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး (ပ–ဒု)၊
ပုံတော်စုံ ပေတဝတ္ထုတော်ကြီး
ကျမ်းစာအုပ်များ ရေးသားပြုစုခဲ့ပါသည်။

သာသနာဝင် ကျေးဇူးရှင်များ

ဤကျမ်းစာရှင်၏ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားများမှာ–

မုံရွာခရိုင် အရာတော်မြို့နယ်၊ ဝါးတောမရွာ၊ သိမ်ကုန်းကျောင်း တတိယ ဆရာတော် အရှင်ကဝိန္ဒ၊ စတုတ္ထ ဆရာတော် အရှင်နာယက၊ စာချ အရှင်ဇနိတ၊ အရှင်သုဇာတ။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် ဒသမမြောက် ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အရှင်ဉာနာဘိဝံသ။

(ဤဆရာတော်မှာ မိမိ သာမဏေဘဝက အမြဲ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။)

မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ် တိုက်အုပ် အရှင်ဉာနိက (ဓမ္မာစရိယ ဘာသန္တရဆေက၊ B.A.)၊ ကထိက အရှင်ကုမာရ (ဓမ္မာစရိယ၊ ဂန္ဓကာရုံက)၊

http://www.dhammadownload.com

ကထိက အရှင်ဣန္ဒဝံသ (ဓမ္မာစရိယ)၊ စာချ အရှင်အဂ္ဂဝံသ၊ အရှင်နာဂဝံသ၊ သခ်ၤာနည်းပြ အရှင်ပရမ။

ရန်ကုန်မြို့၊ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်၊ ဘာသာန္တရနည်းပြ အရှင်ကဝိဓဇ (ဓမ္မာစရိယ)။

အိန္ဒိယပြည်၊ နာလန္ဒာတက္ကသိုလ် သက္ကတနှင့် အင်္ဂလိပ်စာနည်းပြ ဆရာတော် အရှင်ကေလာသ (M.A.)။

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်၊ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက၊ ဂန္ထကံဝရက၊ ဓမ္မာစရိယ)

[ဤဆရာတော်မှာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါသည်။]

တိုက်ကြီးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂိန္ဒ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

အထက်ပါ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အနန္တ ကျေးဇူးတော်များကို စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း စသော ပရိယတ်၊ ပဋိပတ်အကျင့် မြတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခြင်းဖြင့် ကျေးဇူးဆပ်ရပါတော့သည်။

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၁-ဥရဂဝဂ်	
၁-ခေတ္တူပမပေတဝတ္ထု	
လယ်ယာကို ဥပမာထား၍ ဟောကြားအပ်သော သူဋ္ဌေးသားပြိတ္တာ	၁
အမည်နာမ မဟာဓနခေါ်တွင်	၁
သားဖြစ်သူအား အတတ်ပညာမသင်	၂
မဟာဓန ထိမ်းမြားလက်ထပ်ခြင်း	၂
ကာမဂုဏ် အပျော်ကြူး၍ ဘဝပျက်ရပုံ	၂
သူခိုးနှင့်ပေါင်း၍ သူခိုးဖြစ်သဖြင့် ချုပ်နှောင်ခံရခြင်း	၃
သူခိုးမိပြီဟူသောအသံ ဆူညံ	၄
သုလသာပြည့်တန်ဆာမ တောင်းပန်ပုံ	၄
အရှင်မဟာမောဂ္ဂလာန် ကြွရောက်လာခြင်း	၄
မုန့်နှင့်ရေကို အရှင်မောဂ္ဂလာန်အား ကပ်လှူ	၅
သုလသာကို စွဲလမ်းမှုကြောင့် ရက္ခစိုးနတ်သားဖြစ်ရခြင်း	၅
အရွယ်သုံးပါး၊ မကောင်းမှုလုပ် မကောင်းကျိုးရ	၆
ရက္ခစိုးဘဝဖြင့် သုလသာနှင့်ပေါင်းသင်း	၆
မိခင်ကြီး သမီးပျောက်၍ရှာ	၆
အိမ်ပြန်ပို့ရန် တောင်းပန်	၇
တရားပွဲရှိရာသို့ သုလသာကို ပြန်ပို့	၇
ဖြစ်ကြောင်းကုန်စဉ် သုလသာရှင်းပြ	၇
မကောင်းမှုပြုသူ ဘာကြောင့်နတ်သားဖြစ်	၇
သူတော်ကောင်းအား အနည်းငယ်မျှလှူသော်လည်း အကျိုးကြီး	၈
ဒေသနာတော်၏အကျိုး	၁၀

http://www.dhammadownload.com

အကြောင်းအရာ　　စာမျက်နှာ

၂-သူကရမုခ ပေတဝတ္ထု

ဝက်နှုတ်သီးနှင့်တူသော နှုတ်သီးရှိသော် ရဟန်းပြိတ္တာ　၁၀
ကိုယ်အားဖြင့်စောင့်စည်း၍ ရွှေအဆင်းရှိပြီး နှုတ်မစောင့်သဖြင့်
ဝက်နှုတ်သီးနှင့်တူကာ ငရဲခံရရှာသောရဟန်း　၁၀
အရှင်နာရဒမထေရ်နှင့် တွေ့ဆုံခြင်း၊ အရှင်နာရဒ အမေး　၁၁
ပြိတ္တာ၏ သတိပေးစကား၊ ဗုဒ္ဓထံလျှောက်ထား　၁၁
ဒေသနာတော်၏အကျိုး　၁၃

၃-ပူတိမုခ ပေတဝတ္ထု

ကုန်းတိုက်စကားပြောကြားသည့်အတွက် ခံတွင်းပုပ်၍နေသော ပြိတ္တာ　၁၃
ကဿပဘုရားရှင်လက်ထက်၊ ကုန်းချောတတ်သောရဟန်း　၁၄
ကုန်းချောရန် ကြံပုံ၊ ရဟန်းတစ်ပါးထံ အကြံဖြင့် ချဉ်းကပ်　၁၄
ကုန်းချောစကားပြောကြား၊ မထေရ်ကြီး၏အမေး　၁၅
ကုန်းချောစကား ရဟန်းတစ်ပါးမယုံ၊ အချိန်ကြာရင် သိပါမည်　၁၅
ပုထုဇဉ်တို့ ဘာဝ၊ အခြားတစ်ပါးထံ ကုန်းတိုက်ပြန်　၁၆
ညီညွတ်သော ရဟန်းနှစ်ပါး လမ်းခွဲကြခြင်း　၁၆
ကျောင်းနေရဟန်းနှစ်ပါး ဆွမ်းခံမကြွသဖြင့် မေးမြန်းခြင်း　၁၆
ကုန်းတိုက်သော ရဟန်းထံ ကျောင်းအပ်နှံ　၁၇
ကုန်းတိုက်သည့်အပြစ် အဝီစိဋ္ဌဖြစ်ရ၊ ညီညွတ်ခြင်း၏အကျိုး　၁၇
ကုန်းချောသည့်ရဟန်း ခံတွင်းပုပ် ပြိတ္တာဖြစ်ရပုံ　၁၈
အရှင်နာရဒအမေး　၁၈
ပြိတ္တာ၏အဖြေ၊ ပြိတ္တာ၏သတိပေးစကား　၁၉
အရှင်နာရဒ ဗုဒ္ဓထံလျှောက်ထား　၂၀
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး　၂၀

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၄-ပိဋ္ဌမိတလိက ပေတဝတ္ထု

မုန့်ညက်ရုပ် သတို့သမီးပြတ္တာအကြောင်း ၂၁
မြေးငယ်နှင့် မုန့်အရုပ်၊ မုန့်ခရုပ်ကို ရည်မှန်း လူဒါန်းဒါန ၂၁
ဒါနမှုအဆက်ဆက်ပြုလုပ်ကြပုံ ၂၄

၅-တိရောကုဋ္ဌ ပေတဝတ္ထု

ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာများ၊ ဖုဿဘုရားရှင် ၂၅
ဇနသေနမင်း၏ ရတနာသုံးပါးအပေါ် သဘောထား ၂၅
ရတနာသုံးပါးလုပ်ကျွေးရန် ညီတော်တို့၏အကြံ ၂၆
သားတို့အား တိုင်းစွန်ပြည်ဖျားသို့စေလွှတ် ၂၆
သားတော်များ လိုရာဆုတောင်းစေ ၂၆
ဘုရားရှင်အား လုပ်ကျွေးခွင့်ဆုကို ပေးပါ ၂၆
ဘုရားရှင်အား လုပ်ကျွေးခွင့် သုံးလ ပေးတော်မူခြင်း ၂၇
မင်းသားတို့နေရာသို့ ဘုရားရှင်ကိုပင့်ခြင်း ၂၇
ဥပဋ္ဌာကမှုအတွက် ပရိဏာမ်ပြုကြပုံ ၂၇
ဇနပုဒ်သားအချို့ အလှူဒါနမှုကို ဖျက်ဆီးကြပုံ ၂၈
ဖခမည်းတော်ထံ ပြန်ကြွတော်မူလာခြင်း ၂၈
ကောင်းမှုပြုသူတို့ ကောင်းကျိုးရ၍ ဒါနဖျက်သူတို့ ငရဲကျကြခြင်း ၂၈
ငရဲမှလွတ်ကြပြန်သော်လည်း ၂၉
ကဿပဘုရားရှင်အား မေးမြန်းလျှောက်ထားကြခြင်း ၂၉
ဘုရားရှင် ဖြေကြားတော်မူပုံ ၂၉
ဂေါတမဘုရားရှင်လက်ထက်တော်တွင် ၂၉
ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း ၃၀
ဗိမ္မိသာရမင်း၏ဆွမ်းအလှူ၊ သိကြားမင်း ချီးကျူးပုံ ၃၀
ပြိတ္တာတို့ မျှော်လင့်နေကြပုံ၊ နန်းတော်တွင်းမှ ပြိတ္တာတို့အော်သံ ၃၁
ဗိမ္မိသာရမင်းကြီး ကြောက်လန့်၍ ဘုရားရှင်အားလျှောက်ထား ၃၁

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဗုဒ္ဓဖြေကြားပုံ၊ ပြိတ္တာတို့ရည်မှန်း နောက်တစ်ကြိမ်လှူဒါန်းပုံ	၃၂
နံရံတစ်ဖက်မှ ပြိတ္တာတို့ စောင့်မျှော်နေ	၃၂
ပြိတ္တာတို့အား မင်းကြီးမြင်ရန် ဗုဒ္ဓဖန်ဆင်းပြခြင်း	၃၃
အမျှရ၍ ပြိတ္တာတို့ ချမ်းသာကြခြင်း	၃၃
ပြိတ္တာတို့ ချမ်းသာပုံ ဗုဒ္ဓပြတော်မူခြင်း	၃၃
တိရောကုဋ္ဌပေတဝတ္ထု ဒေသနာဟောကြား	၃၃
မေးဖွယ် ရှင်းဖွယ်၊ ပုဏ္ဏားတို့အရေး ပုဏ္ဏားတစ်ဦးမေး	၃၇
ဘုရားရှင်၏အဖြေတော်၊ သင့် မသင့် အကြောင်းဟူသည်	၃၈
ငရဲသို့ရောက်ရသူများ	၃၈
တိရစ္ဆာန်ဘဝ ရောက်ရသူများ	၃၉
လူ့ဘဝ နတ်ဘဝ ရောက်ရှိနေသူများ	၃၉
ပြိတ္တာဘဝရောက်သူများသာ	၃၉
ရည်မှန်းအပ်သူမရှိက အခြားသူခံစားနိုင်	၄၀
ဆွေမျိုးဥာတိမရှိသော အရပ်မည်သည်မရှိ	၄၀
ဒေသနာတော်၏အကျိုး	၄၄

၆-ပဉ္စပုတ္တခါဒက ပေတဝတ္ထု

နေ့စဉ် နံနက် ညဉ့် သားငါးယောက်စီ မွေးဖွား၍ စားသောက် နေရသော ပြိတ္တာမအကြောင်း	၄၄
အမြိုမယား၏ တိုက်တွန်းစကား	၄၄
မယားကြီးစနက် ကိုယ်ထန်ပျက်	၄၅
မယားကြီး ပြိတ္တာဖြစ်ရကြောင်း	၄၅
မထေရ်များက ပြိတ္တာမအား မေးမြန်းခြင်း	၄၆
မထေရ်တို့အမေး၊ ပြိတ္တာမ၏အဖြေ	၄၆
ပြုခဲ့သောမကောင်းမှုကံကို မေးခြင်း၊ ပြိတ္တာမ၏ ရှေးမကောင်းမှု	၄၈
ခင်ပွန်းဟောင်းအား အမျှဝေပါရန် ပြိတ္တာမ တိုက်တွန်း	၅၀

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဆွမ်းဒါန ပြိတ္တာမအား အမျှဝေစေ	၁၀
အမျှရ၍ ပြိတ္တာမဘဝမှ လွတ်မြောက်	၁၁
အကြောင်းစုံ ဗုဒ္ဓထံလျှောက်ထား၊ ဒေသနာတော်၏အကျိုး	၁၁
၇-သတ္တပုတ္တခါဒက ပေတိဝတ္ထု	
နေ့စဉ် ညဉ့် နံနက် သားခုနစ်ယောက်စီ မွေးဖွား၍ စားသောက် နေရရှာသော ပြိတ္တာမ	၁၁
ရူပါစာရပြည့်ဝသည့် သားနှစ်ယောက်၊ သားမာနရှင် လင်ပစ်ခံရ	၁၂
ဆေးဆရာအကူညီဖြင့် ကိုယ်ဝန်ဖျက်ပုံ	၁၂
ကျိန်စာတိုက်၍ မုသားပြောခြင်း	၁၂
မကောင်းမှုနှစ်ခု၏ကံ ပြိတ္တာမဖြစ်ရပုံ	၁၂
ပြိတ္တာမ ကိုယ်ထင်ပြ	၁၃
မထေရ်ကြီး၏အမေး၊ ပြိတ္တာမ၏အဖြေ	၁၃
မထေရ်၏အမေး၊ ပြိတ္တာမ၏အဖြေ	၁၄
၈-ဂေါဏပေတဝတ္ထု	
နွားသေ ဥပမာဖြင့် ဖခင်အား တရားဟောကြားသော သုဇာတဘုရားလောင်း	၁၆
မြင်မြင်သမျှ လူကို သူ့ဖခင်တွေ့သလားမေးသူ	၁၆
သူ့အိမ်တံခါးဝ ဗုဒ္ဓကြွလာ	၁၆
ဖခင်သွားရာကို ဗုဒ္ဓထံပါး လျှောက်ထားမေးမြန်း	၁၇
ဖခင်နှစ်ဦးတွင် ဘယ်ဖခင်ကို မေးသလဲ	၁၇
ဗုဒ္ဓအမေးကြောင့် ပူဆွေးမှုသက်သာ	၁၇
သောကငြိမ်းရေး တရားရအေး	၁၇
အကြောင်းစုံစကား ရဟန်းတို့ပြောကြား	၁၇
အတိတ်ကလည်း အေးစေဖူးပြီ၊ အတိတ်ကိုဆောင်	၁၈

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
သား၏ပရိယာယ် ဖခင်နားလည်	၆၀
သားတရားကြောင့် ဖခင် နတ်ပြည်သို့လားရပုံ	၆၂
ဒေသနာတော်၏အကျိုး	၆၂

၉-မဟာပေသကာရပေတိဝတ္ထု

ရက်ကန်းသည်ကြီး၏ ပက်စက်ယုတ်မာသောဇနီး ပြိတ္တာမ	၆၃
တစ်ကျိပ်နှစ်ပါး ရဟန်းများ၊ ရက်ကန်းသည်တို့အမေး	၆၃
ရဟန်းတို့အဖြေ၊ ကျောင်းလှူဒါန်း၊ ရဟန်းတို့ဝါကပ်ကြပုံ	၆၄
လင်ကကြည်ညိုရ၊ မယားကဝန်တို	၆၄
ဝန်တိုမယားကြောင့် သွင်တူထံ ပစ္စည်းအပ်နှံ	၆၄
မယားကြီး၏ ဆုတောင်း	၆၅
ရက်ကန်းသည်ကြီး ကွယ်လွန်ကာ နတ်ဖြစ်ရပုံ	၆၅
မယားကြီး ပြိတ္တာမဖြစ်ခြင်း	၆၅
ရက္ခစိုးထံသွား၍ ပြိတ္တာမပြောပုံ၊ သူမျာ မနာလို ကိုယ်ကျိုးထိ	၆၅
ခရီးသွားရပ်နားနှင့် လှည်းကုန်သည်များ	၆၆
ရက္ခစိုးနတ်ရှိရာ ရဟန်းရောက်လာ	၆၆
ရက္ခစိုးနတ် လူ့အသွင်ဖြင့် ကုသိုလ်ပြုပုံ	၆၆
ပေးသော်လဲမရ ပြိတ္တာမ ဖြစ်အင်	၆၇
သံဝေဂဖြစ်ပွား ရက္ခစိုးအားမေးမြန်း	၆၇
ရဟန်းတော်၏အမေး၊ နတ်သား၏အဖြေ	၆၇
ပြိတ္တာမ၏ ရှေးက ဆုတောင်း	၆၈
ပြိတ္တာမ ဘဝလွတ်မြောက်ရန် ရဟန်းထံလျှောက်ထား	၆၉
ပြိတ္တာမဘဝမှ လွတ်ကြောင်းနည်းလမ်းကောင်း	၇၀
ရည်မှန်းဒါန အမျှဝေ၍ ပြိတ္တာဘဝမှ လွတ်ပုံ	၇၀
ဘုရားရှင်အား လျှောက်ထား	၇၀
ဒေသနာတော်၏အကျိုး	၇၁

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၁၀-ခလွှာဋိယ ပေတိဝတ္ထု

ခလွှာဋိယ အမည်ရှိသော ရွှေဖိမာန်ရှင် ပြိတ္တာမ ၇၁
အလှပေါ်အယဉ်ဆင့်သူ၊ လှပုံယဉ်ပုံ ၇၁
မြင်သူတကာစွဲလမ်း၊ အလှဖျက်လိုသူတို့၏လုပ်ရပ် ၇၂
အလှပျက်ပုံ၊ အလှပျက်၍ အရှက်ရကာ မြို့ပြင်ပ၌ နေရခြင်း ၇၂
သူခိုးမဘဝ ၇၂
မုန့်အလှူရှင်ဘဝ၊ ဆုတောင်းခဲ့ပုံ ၇၃
ကောင်းမှုကံကြောင့် ကောင်းကျိုးရ၊ မကောင်းကံ မကောင်းကျိုးရ ၇၃
ကုန်သည်တို့ လှေမျောကာ ပြိတ္တာမဖိမာန်အနီး ရောက်သွားပုံ ၇၄
ပြိတ္တာမ ၏ကိုယ်ထင်ပြ ၇၄
ကုန်သည်အမေး၊ ပြိတ္တာမ၏အဖြေ ၇၄
ကုန်သည်ကြီး၏ စေတနာ ၇၅
ကုန်သည်တို့အမေး ၇၈
အဝီစိငရဲ ၈၀
ပြိတ္တာမ ငရဲမှလွတ်ရန် ဥပါသကာ အကြံပေးပုံ ၈၁
ပြိတ္တာမ အလှူဒါနများပြုခြင်း ၈၁
တွေ့ကြုံရပုံအစုံစုံ ဗုဒ္ဓထံပါး လျှောက်ထား ၈၁
ဒေသနာတော်၏အကျိုး၊ ပြိတ္တာမသို့ အမျှဝေ ၈၂

၁၁-နာဂပေတဝတ္ထု

ပြိတ္တာဖြစ်နေသော ပုဏ္ဏားဇနီးမောင်နှံနှင့် ဘုမ္မစိုးနတ်ဖြစ်နေသော
သားသမီးသုံးဦး ၈၂
သံကိစ္စသာမဏော၊ ရဟန်းဖြစ်ကာ မိဂဒါဝုန်သို့ ၈၃
သံကိစ္စမထေရ်နှင့် မိဆွာဒိဋ္ဌိပုဏ္ဏား၏သား ၈၃
ပုဏ္ဏားမောင်နှမတို့ သာသနာကြည်ညိုပုံ ၈၃
သာသနာ၌ မကြည်ညိုသူ မိဘနှစ်ပါး ၈၄

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
သတို့သမီးနှင့် သား သာမဏေကို ဖြားယောင်းပုံ	၈၄
လူထွက်ရန် သာမဏေကြံပုံ	၈၄
အိမ်ပြို၍ ကွယ်လွန်ကာ ဂတိအမျိုးမျိုးသို့ လားကြရခြင်း	၈၅
ပုဏ္ဏားလင်မယားတို့ ခံစားရပုံ	၈၅
နတ်သဘင်သို့အသွား ပြိတ္တာမိဘများလိုက်လာ	၈၆
အဖြစ်မတူသော ပုဏ္ဏားမိသားစုကို သာမဏေမြင်ရန် ဖန်ဆင်းပြခြင်း	၈၆
သာမဏေ၏အမေး၊ ပြိတ္တာ၏အဖြေ	၈၇
နောင်တရကာ သာသနာတော်၌နေရန် လျှောက်ထား	၉၃
သာမဏေရဟန္တာဖြစ်ခြင်း	၉၃
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၉၄

၁၂-ဥရဂပေတဝတ္ထု

ပူဆွေးနေသူ ဥပါသကာအား သောကပြေပျောက်ရန် ဥရဂဇာတ်တော်ကို ဟောကြားတော်မူခြင်း	၉၄
သားအတွက် ပူဆွေး၍ အိမ်ပြင်မထွက်နိုင်ရှာသူ	၉၄
ဘုရားရှင်နှင့် ဥပသကာ	၉၄
ဥပါသကာကို ကျိုးကြောင်းမေး၍ သောကရောက်နေပုံကို လျှောက်ထား	၉၅
ပူဆွေးမှုကင်းရေး တရားတော်၊ ဥရဂဇာတ်တော်ကြီး	၉၅
သားကွယ်လွန်ကာ သိကြားမင်းဖြစ်ပုံ	၉၅
ကွယ်လွန်သောသားကို သင်္ဂြိဟ်ကြခြင်း	၉၆
သိကြားမင်း ဆင်း၍ မေးမြန်းပုံ	၉၆
သိကြားနှင့် ပုဏ္ဏားတို့ အပြန်အလှန် ပြောစကားများ	၉၇
ပုဏ္ဏားကြီးပြောပုံ	၉၇
ပုဏ္ဏားမကြီးအား မေးမြန်းပုံ၊ ပုဏ္ဏားမကြီး၏အဖြေ	၉၈
နှမကို မေးမြန်းပုံ၊ နှမ၏အဖြေ,	၉၉
ကွယ်လွန်သူ၏မယားအား မေးမြန်းပုံ၊ မယား၏အဖြေ	၁၀၁
ကျွန်မကို မေးမြန်းခြင်း၊ ကျွန်မ ဖြေကြားပုံ	၁၀၂

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

ကျွန်မ၏အဖြေ ၁၀၃
သိကြားမင်း တာဝတိံသာသို့ ပြန်သွားခြင်း ၁၀၄
မိသားစုတို့ နတ်ပြည်ရောက် ၁၀၄
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၁၀၄

၂-ဥဇ္ဇရိဝဂ်

၁-သံသာရမောစကပေတိဝတ္ထု

ကံကိုမယုံကြည်ဘဲ သတ္တဝါ လူချွတ်မှသာ ကျွတ်လွတ်နိုင်သည်ဟု
အယူရှိသော ပြိတ္တာမ ၁၀၅
သံသာရမောစက မိစ္ဆာဒိဋ္ဌိတို့နေရာ ၁၀၅
အယူမှားကာ အသက်သတ်မှု ပြိတ္တာဖြစ်ရ ၁၀၅
ဂေါတမဘုရားရှင်လက်ထက် ၁၀၅
အရှင်သာရိပုတ္တရာ၊ အယဉ်နှင့်အရိုင်း ၁၀၆
သူငယ်မ၏နောင်ရေး အရှင်သာရိပုတ္တရာ မြင်တော်မူပုံ ၁၀၆
ကွယ်လွန်ကာ ပြိတ္တာဖြစ်ခြင်း၊ ကိုယ်ထင်ပြပုံ ၁၀၇
အရှင်သာရိပုတ္တရာ အမေး၊ ပြိတ္တာမ၏အဖြေ ၁၀၇
အဝတ်လှူကျိုးပြ နန္ဒမင်းဝတ္ထု ၁၁၆
နက္ခတ်ပွဲခွဲရန် မိခင်ထံ ပုဆိုးတောင်းပုံ ၁၁၇
မိခင်၏အဖြေစကား၊ ပုဆိုးရနိုင်ရာသို့ ထွက်ခွာသွားခြင်း ၁၁၇
ဗာရာဏသီပြည် ကျောက်ဖျာပေါ်၌ အိပ်စက်ခြင်း ၁၁၈
မှူးမတ်တို့ မင်းလောင်းရာကြခြင်း ၁၁၈
သတို့သားထံ ဖုတ်သွင်းရထားဆိုက်ရောက်ခြင် ၁၁၈
သတို့သားမင်းအဖြစ် အဘိသက်ခံခြင်း ၁၁၉
မင်း၏ဘုန်းကံကြောင့် ပဒေသာပင်တို့ပေါက်လာ ၁၁၉
ချည်ငင်သူတို့ ချည်မငင်ကြရန် အမိန့်ထုတ်ပြန် ၁၂၀
မိဖုရား အကြံပေး၍ ကုသိုလ်ပြုရန်စီစဉ် ၁၂၀

3
A

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ပစ္စေကဗုဒ္ဓါဝါဒ်းရာ ကြွလာတော်မူခြင်း	၁၂၁
အသက်ထက်ဆုံး ပြုစုလုပ်ကျွေးခြင်း	၁၂၁
ဂေါတမဘုရားရှင်လက်ထက်၌ အရှင်မဟာကဿပနှင့် ဘဒ္ဒါကာပိလာနီ တရားဟောတော်မူခြင်း	၁၂၁ ၁၂၂
၂-သာရိပုတ္တာထွေရမာတုပေတိဝတ္ထု	
အရှင်သာရိပုတ္တရာမထေရ်မြတ်၏အမိတော်စပ်ခဲ့ဖူးသော ပြိတ္တာမ	၁၂၃
ပုဏ္ဏားသူကြွယ်နှင့် မထေရ်ကြီး ၄-ပါး	၁၂၃
ခရီးထွက်သော်လည်း အလှူမပျက်စေသူ	၁၂၃
ယုတ်မာသူ မဟားပုဏ္ဏေးမ	၁၂၃
ပုဏ္ဏေးမ ပြိတ္တာဖြစ်ပြီး အရှင်သာရိပုတ္တရာထံလာပုံ	၁၂၄
ဘဝဟောင်းက မယ်တော်	၁၂၄
အရှင်သာရိပုတ္တရာ အမေ၊ ပြိတ္တာမ၏အဖြေ	၁၂၄
မိခင်ဟောင်းကို ဒုက္ခမှ လွတ်ကင်းရန် စီရင်ပုံ	၁၂၇
ပြိတ္တာဘဝမှ လွတ်ပုံ	၁၂၈
ဘုရားရှင်ထံလျှောက်ကြား၊ ဒေသနာတော်နှင့်ဒေသနာတော်အကျိုး	၁၃၁
၃-မတ္တာပေတိဝတ္ထု	
ဣဿာနှင့် အဘိစ္ဆာကြီသဖြင့် ပြိတ္တာမကြီးဖြစ်၍ နေရရှာသော မတ္တာ ပြိတ္တာမ၊ မမတ္တာနှင့် မတိဿာ	၁၃၁
သားလေး မောင်ဘူတ	၁၃၂
ဇနီးမောင်နှံ စကားလက်ဆုံကျစဉ်၊ မယားကြီး၏လုပ်ရပ်	၁၃၂
မယားကြီးကွယ်လွန်ကာ ပြိတ္တာဖြစ်	၁၃၂
မတိဿာအား ကိုယ်ထင်လာပြခြင်း	၁၃၂
ဒါနအကျိုး	၁၄၂
အကြောင်းစုံ ဘုရားရှင်အား လျှောက်ကြား	၁၄၅
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၁၄၆

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၄-နန္ဒာပေတိဝတ္ထု

ရတနာသုံးပါးကိုလည်း မကြည်ညိုဘဲ၊ လင်နှင့်ယောကျ်ားမကိုလည်း
ရေရွတ်ကျိန်ဆဲသဖြင့် ပြိတ္တာဖြစ်ရသော မနန္ဒာ ၁၄၆
လင်သူတော်နှင့် မယားယုတ် ၁၄၆
မိန်းမယုတ် ပြိတ္တာဖြစ်ကာ လင်ကို ကိုယ်ထင်ပြ ၁၄၆
ပြိတ္တာမပြန်ပြောပုံ ၁၄၇
ဘုရားရှင်အား လျှောက်ကြား ၁၅၂
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၁၅၂

၅-မဋ္ဌကုဏ္ဍလီပေတဝတ္ထု

ဘုရားရှင်ကို စိတ်ဖြင့် မှန်းဆကြည်ညိုကာမျှဖြင့် နတ်၏စည်းစိမ်ကို
ခံစားရသော မဋ္ဌကုဏ္ဍလီ ၁၅၃
ပစ္စည်းကြွယ်ဝသော်လည်း ကုသိုလ်ရေးဥစ္စာဆင်းရဲသူ အဒိန္နပုဗ္ဗက ၁၅၃
သားကို ဆုံးမပုံ၊ သားဥစ္စာရောဂါစွဲကပ်သော်လည်း ဆေးကုမပေး ၁၅၃
ဆေးဆရာတို့ လက်လျှော့ကြပုံ ၁၅၄
ဘုရားရှင် မြင်တော်မူပုံ၊ ရောင်ခြည်တော်များ ၁၅၄
အန္ဓိုင်းမဲ့ ဘုရားရှင်၊ စိတ်ဖြင့်ကြည်ညိုပုံ ၁၅၅
ကြည်ညိုပုံသို့ ဗုဒ္ဓပြန်ကြွတော်မူခြင်း ၁၅၅
ဖခင်ပုဏ္ဏားကြီး၏ ဖြစ်အင် ၁၅၆
ပုဏ္ဏားကြီးနှင့် သား နတ်သားတို့ တွေ့ဆုံကြခြင်း ၁၅၆
ပုဏ္ဏားကြီး ဗုဒ္ဓထံသို့၊ ပုဏ္ဏားကြီးနောက် လူတို့လိုက်ကြပုံ ၁၆၇
ပုဏ္ဏားလျှောက်ထား ဗုဒ္ဓဖြေကြားခြင်း၊ နတ်သားသက်သေပြ ၁၆၇
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၁၆၈

၆-ကဏ္ဍပေတဝတ္ထု

ဝါသုဒေဝဇာတ်သွားဖြင့် မှတ်သားရန် ဟောကြားအပ်သော
ကဏ္ဍပေတဝတ္ထု ၁၆၈

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ယောင်ယမ်းမြည်တမ်းနေရှာ ဥပါသကာ	၁၆၈
ဘုရားရှင်မြင်တော်မူပုံ	၁၆၉
ဘုရားကြွလာ ဥပါသကာအိမ်သို့၊ အတိတ်ကိုဆောင်	၁၆၉
သားအတွက် ပူဆွေးနေသူ ဝါသုဒေဝမင်းကြီး	၁၆၉
နောင်တော့် သောကငြိမ်းရန် ပရိယာယ်ဆင်ပုံ	၁၇၀
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၁၇၈
၇-ဓနပါလသေဋ္ဌိပေတဝတ္ထု	
မလှူဒါန်းရက် ဝန်တိုမှုနှိပ်စက်သဖြင့် ပြိတ္တာဖြစ်ရရှာသော ဓနပါလသူဋ္ဌေး၊	
ဓနပါလသူဋ္ဌေး ပြိတ္တာဖြစ်ရခြင်း	၁၇၉
ကုန်သည်တို့ လှည်းဖြင့် ကုန်သွယ်ကြပုံ	၁၇၉
ဆာလွန်း၍ ပြိတ္တာကြီး ရေရှာရင်း လဲကျ၊ ကုန်သည်အမေး	၁၈၀
ဓမ္မပဒဂါထာ	၁၈၆
မကျဉ်းမကျယ် အဓိပ္ပာယ်၊ ပြိတ္တာ၏အဖြစ်ဆိုးရှာပုံ	၁၈၇
ပြိတ္တာဘဝမှ လွတ်ရန် နည်းလမ်း၊ ဒေသနာတော်၏အကျိုး	၁၈၈
၈-စူလသေဋ္ဌိပေတဝတ္ထု	
ဝန်တိုစဉ်းလဲသဖြင့် ပြိတ္တာဖြစ်၍နေရရှာသော စူလသေဋ္ဌိသူကြွယ်	၁၈၉
ပစ္စည်းဥစ္စာ ချမ်းသာသူဘဝမှ အဝတ်မပါ ပြိတ္တာဘဝရောက်သူ	၁၈၉
ဖခင်အား ပြိတ္တာဘဝမှ လွတ်ရန် သမီးစီစဉ်ပုံ	၁၈၉
သမီးရှိရာ ပြိတ္တာဖခင်လာလေသော်	၁၈၉
ထိုထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြား	၁၉၆
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၁၉၆
၉-အကုံရပေတဝတ္ထု	
ညောင်ပင်ကြီးလောက် အလှူကြီးပေးခဲ့သော်လည်း ညောင်စေ့ကလေး	
်းလောက်သာ အကျိုးခံစားရသော အကုံရမင်းသား	၁၉၆
ညီနောင်မင်းသားတို့ တိုင်းပြည်ကို ခွဲဝေကြပုံ	၁၉၇

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဝေစုမယူဘဲ ကုန်သည်လုပ်လိုသူ အကုံရမင်းသား	၁၉၇
အကုံရ၏ဝေစု နှမကို ပေးပုံ၊ ဒါသ အဒါသ ဆုံးဖြတ်ရန်	၁၉၇
အဒါသအဖြစ် ဆုံးဖြတ်ပုံ၊ အလှူအိမ်ကို ညွှန်ပြခဲ့သောကောင်းမှု	၁၉၈
အကြောင်းမတူသူ သုံးဦး အကျိုးမတူကြပုံ	၁၉၈
အကုံရမင်းသား ကုန်သွယ်အသွား လမ်းမှားပုံ	၁၉၉
ဘုမ္မစိုးနတ်သား ကူညီပုံ	၁၉၉
ကုန်သည်ပုဏ္ဏား၏ ဖောက်ပြားသော စိတ်အကြံ	၁၉၉
ပုဏ္ဏား၏ တိုက်တွန်းစကား	၂၀၀
ပုဏ္ဏားအကြံ အကုံရ ပယ်လှန်ပုံ၊ ပုဏ္ဏားပြန်ပြောပုံ	၂၀၁
နတ်သား ပြောကြားပုံ	၂၀၄
နတ်သားနှင့် အကုံရတို့ အပြန်အလှန်ပြောကြပုံ	၂၀၅
ပြိတ္တာနှင့် တွေ့ပြန်ခြင်း	၂၁၁
သမ္မဒါတရား = ပြည့်စုံအပ်သော တရားငါးပါး	၂၁၇
နိုတိဆရာတို့ အဆို	၂၁၉
ဒါနကိုသာ များပြားစွာပြုလုပ်ပုံ	၂၂၁
အကုံရထံ တမန်စေလွှတ်ကြပုံ၊ ဒါန၏အကျိုး	၂၂၁
ဂေါတမဗုဒ္ဓလက်ထက် နတ်သားနှစ်ပါး တွေ့ကြပုံ	၂၂၅
အလှူနှစ်ခု၏ ခြားနားပုံ	၂၂၆
အကုံရပေတဝတ္ထုဟောရာဌာန၊ ဒေသနာတော်၏အကျိုး	၂၃၁

၁၀-ဥတ္တရမာတုပေတိဝတ္ထု

ပြိတ္တာမကြီးဖြစ်နေရသော ဥတ္တရလုလင်၏ မိခင်	၂၃၂
ဥတ္တရလုလင်အား ဖခင်၏နေရာ ဆက်ခံစေပုံ	၂၃၂
အရှင်မဟာကစ္စည်းမထေရ်အား ပင့်ဖိတ်ခြင်း	၂၃၂
အခြားဥပါသကာတို့ကို အသိပေးပုံ	၂၃၃
မထေရ်၏ နိစ္စဘတ် ဒါယကာ သောတာပန် ဥတ္တရလုလင်	၂၃၃
မိခင်က ကျိန်ဆဲပုံ၊ ဥတ္တရလုလင်၏ မိခင် ပြိတ္တာမ ဖြစ်ခြင်း	၂၃၄

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဂင်္ဂါမြစ်ရေသည် ပြိတ္တာမအတွက် သွေးဖြစ်နေပုံ	၂၃၄
ပြိတ္တာမ ရေတောင်းခြင်း၊ ပြိတ္တာမ ရေတောင်းပုံ	၂၃၄
ပြိတ္တာမအား မထေရ် ပြန်ပြောပုံ	၂၃၆
ပြိတ္တာမကို ရည်မှန်း၍ ဆွမ်းစသည် လှူဒါန်း	၂၃၈
ဒါနအကျိုး ပြိတ္တာမ ခံစားရပုံ	၂၃၈
ဒေသနာတော်၏ အကျိုး	၂၃၉
၁၁-သုတ္တပေတဝတ္ထု	
ပစ္စေကဗုဒ္ဓါအား အပ်ချည်လှူဒါန်းမှုကြောင့် နတ်ပြည်သို့လားရောက်ရသော သတို့သမီး၊ ဝေမာနိက ပြိတ္တာဖြစ်ပုံ	၂၃၉
ဓနိုးသည်နှင့်အတူနေရန် ပြိတ္တာကြံပုံ၊ အပ်ချည်လုံး လှူခြင်း	၂၄၀
ဓနိုးနှင့် မိသားစုကို ပြိတ္တာက မ,စ,ထားပုံ	၂၄၀
လူစင်စစ် အနှစ်ခုနစ်ရာ နတ်ချမ်းသာ ခံစားရသူ၊ လူ့ပြည်ပြန်ပို့ရန်	၂၄၁
နတ်သားတောင်းပန်ပုံ	၂၄၃
လူ့ပြည်သို့ ပြန်ပို့ပုံ	၂၄၄
လူ့ပြည်ပြန်ရောက်သော ဓနိုးသည် ကုသိုလ်ပြုပုံ	၂၄၅
တာဝတိံသာနတ်ပြည်သို့၊ ဒေသနာတော်၏ အကျိုး	၂၄၆
၁၂-ကဏ္ဍမုဏ္ဍပေတိဝတ္ထု	
ရေကန်ကမ်းပါး၌ ခွေးနက်အစားခံရသော ဗိမာန်ရှင်ပြိတ္တာမ	၂၄၆
သူတော်ကောင်းနှားနီး၍ သူတော်ကောင်းဖြစ်ကြပုံ	၂၄၇
သေသောက်ကြူးတို့အကြံ	၂၄၇
အလောင်းအစားပြု၍ အမျိုးသမီးဖျက်မည့်သူကို ရှာပုံ	၂၄၇
စောင်းတီး၍ အမျိုးသမီး ဖျက်ဆီး	၂၄၇
အကျင့်ပျက်မိန်းမ၏ ယောကျ်ားထံ သတင်းပို့	၂၄၈
လိမ်ညာ၍ ကျိန်စာဆိုကြပုံ	၂၄၈
အကျင့်ပျက်အမျိုးသမီး ကွယ်လွန်၍ ပြိတ္တာဖြစ်ခြင်း	၂၄၈

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

လိမ်ညာကျိန်ဆိုမှု၏အကျိုး၊ နေ့စဲ၍ ညအခါ ဒုက္ခခံရပုံ ၂၄၉
ကျားနှင့်ဝေး၍ မ,တို့ ငြီးငွေ့ကြပုံ ၂၄၉
ကျားနှင့်တွေ့ရန် မ,တို့ကြံ၊ နတ်သရက်သီး ရေမှာမျှော ၂၅၀
မင်းထံရောက် သရက်သီး အကျဉ်းသားကိုကျေးဖြီး စမ်းသပ်ခြင်း ၂၅၀
နတ်သရက်သီးဖြစ်နိုင်ပုံ ခိုးသူ သံတော်ဦးတင် ၂၅၀
သရက်သီး၏အစွမ်း ၂၅၀
နတ်သရက်သီးရှိရာ စုံစမ်းခြင်း ၂၅၁
သရက်သီးရှာ မုဆိုး ရသေ့တို့နှင့် တွေ့ပုံ ၂၅၁
ရသေ့ညွှန်ပြ၍ သရက်တောသို့ မုဆိုးရောက်ခြင်း ၂၅၁
သရက်သီးရှာသူ မုဆိုး ပြိတ္တာမတို့နှင့်တွေ့ပုံ ၂၅၂
ဗာရာဏသီမင်းကြီး မုဆိုးနှင့်အတူ လိုက်ပါသွားခြင်း ၂၅၂
မင်းကြီးအား ပြိတ္တာမတို့ လုပ်ကျွေးခစားကြခြင်း ၂၅၃
ပြိတ္တာမအကြောင်း မင်းကြီးစုံစမ်းပုံ ၂၅၃
မြို့နှင့် ဘုံနန်းပြာသာဒ်၏ တင့်တယ်ပုံ ၂၅၅
အလုပ်အကျွေး များပြားပုံ၊ ပလ္လင်၏ တင့်တယ်ဆန်းကြယ်ပုံ ၂၅၅
အမျိုးသမီး၏ဖြစ်ပုံပျက်ပုံ အကြောင်းစုံ ၂၅၆
မင်းကြီးမပြန်ရန် ပြိတ္တာမ ပန်ကြား၊ မင်းကြီး၏ဆန္ဒ ၂၆၀
မင်းနေပြည်သို့ မင်းကိုပြန်ပို့ခြင်း ၂၆၁
မင်းကြီးကွယ်လွန်ကာ နတ်ပြည်ရောက်ပုံ ၂၆၁
ပြိတ္တာမက ရှင်မောဂ္ဂလာန်အား ကျိုးကြောင်းလျှောက်ထား ၂၆၁
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၂၆၂

၁၃-ဥဒ္ဓရိပေတဝတ္ထု

လင်သေ၍ ပူဆွေးနေသူ ဥဒ္ဓရိမိဖုရား ၂၆၂
ချစ်ခင်သူနှင့် ကွေကွင်းရသည့် အပူသည် ၂၆၂
အပူသည် ဘဝမှလွတ်ရန် ဗုဒ္ဓအတိတ်ကို ဟောကြား ၂၆၂
ရုပ်ဖျက်၍ တိုင်းပြည်အတွင်း စုံစမ်းသူ ၂၆၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
အပ်ချုပ်သမားကို သမီးနှင့် ပေးစားခြင်း	၂၆၃
မိဖုရားကြီးအရာထားခြင်း၊ ဝိယေဟိ ဝိပွယောဂဒုက္ခ	၂၆၄
ဘုရားလောင်းရသေ့	၂၆၄
ဘုရားလောင်းရသေ့ ကြွလာတော်မူခြင်း၊ မေးမြန်းစုံစမ်းခြင်း	၂၆၆
ရသေ့၏အမေးကို လူအများ ဖြေကြားပုံ	၂၆၆
ဗုဒ္ဓဟောကြား မြတ်တရား	၂၇၁
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၂၇၃

၃-စူဠဝဂ်

၁-အဘိဇ္ဈာနပေတဝတ္ထု

ဂင်္ဂါမြစ်၏ ရေထဲတွင် သွားလာ၍နေရသော ပြိတ္တာ	၂၇၃
သားသတ်မုဆိုး၊ မုဆိုးကွယ်လွန်ကာ ပြိတ္တာဖြစ်ရပုံ	၂၇၄
ဂင်္ဂါမြစ်ပြင်၌ အမတ်နှင့် ပြိတ္တာတို့ တွေ့ဆုံခြင်း	၂၇၄
ဘုရားရှင် ကြွလာတော်မူခြင်း	၂၇၇
ဘုရားရှင်အား အကြောင်းစုံလျှောက်ထား	၂၇၇
ဘုရားရှင်၏ အဓိဋ္ဌာန်တော်၊ အမျိုးမျိုးသော ပြိတ္တာများ	၂၇၈
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၂၈၄

၂-သာဏဝါသိတ္ထေရပေတဝတ္ထု

သာဏဝါသိမထေရ်မြတ်၏ ဆွေမျိုးပြိတ္တာများ	၂၈၅
ပစ္စေကဗုဒ္ဓါကို ပြစ်မှားသူ မင်းသား	၂၈၅
ငါကား ကိတဝမင်း၏သား	၂၈၅
ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့သည့် အကျိုး	၂၈၅
မကောင်းမှု၏ မကောင်းကျိုး အဆက်ဆက်	၂၈၆
တံငါနားနီးသော်လည်း တံငါမဖြစ်လိုသူ	၂၈၆
သူတော်ကောင်းနှင့်တွေ့၍ သူမြတ်ဘဝရောက်	၂၈၆
ဘုရားရှင်ထံသို့၊ ရဟန္တာဖြစ်ခြင်း	၂၈၇

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
မထေရ်၏အမျိုးတို့ ပြိတ္တာဖြစ်ခြင်း	၂၈၇
ဒေသနာတော်၊ ဒေသနာတော်၏အကျိုး	၃၀၀

၃-ရထကာရပေတိဝတ္ထု

ဟိမဝန္တာတောင် ရထကာရအိုင်အနီးတွင် ပျော်ရွှင်စွာ နေထိုင်ရသော ဝေမာနိက ပြိတ္တာမ	၃၀၀
ရဟန်းတို့အား ကျောင်းဆောက်လှူဒါန်းသူ	၃၀၀
ကျောင်းလှူရကျိုး ဗိမာန်ရှင်ဖြစ်	၃၀၁
ကျားမရှိ၍ ပျင်းရိနေသူ၊ ရွေးဝတ္ထုနည်းတူ	၃၀၁
ထူးခြားချက်	၃၀၂
တွေ့ကြုံဆုံကွဲ မမြဲသခိါရ၊ အရှင်မဟာမောဂ္ဂလာန်နှင့်တွေ့ဆုံခြင်း	၃၀၆
ဘုရားရှင်အား လျှောက်ကြားခြင်း	၃၀၇
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၀၇

၄-ဘုသပေတဝတ္ထု

စပါးကို ဖွဲရောလျက် ရောင်းချသော ကုန်သည်စဉ်းလဲနှင့် အိမ်သူ အိမ်သား ပြိတ္တာလေးဦး	၃၀၇
ကောက်ကျစ်စဉ်းလဲသော ကုန်သည်	၃၀၇
မိခင်ကို ရိုက်နှက်သော သား၊ အသားခိုးစားသူချွေးမ	၃၀၈
မုသားပြောသူမယား	၃၀၈
ပြုခဲ့သောမကောင်းမှုဒဏ် မကောင်းကျိုးခံရပုံ	၃၀၈
သားနှင့်ချွေးမ၊ မယား၏ အကုသိုလ်အကျိုး	၃၀၉
ပြိတ္တာတို့အကုသိုလ်က် ရှင်မောဂ္ဂလာန်မေးမြန်း	၃၀၉
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၁၂

၅-ကုမာရပေတဝတ္ထု

ဘုရားရှင်နှင့်သံဃာတော်ကို ပြစ်မှားမိခဲ့၍ သချိုင်း၌ စွန့်ပစ်ခြင်းခံရသော သတို့သားပြိတ္တာ	၃၁၂

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ကုသိုလ်လုပ်မှုအကြောင်းပြု၍ အကုသိုလ်ရသူ	၃၁၃
သားမိုက်အကြောင်း မိခင်ကို တိုင်ကြား၊ မိခင်၏ကောင်းမှု	၃၁၃
သားကွယ်လွန်ပြီး ပြည့်တန်ဆာအိမ်၌ဖြစ်	၃၁၄
သူငယ်၏ အနာဂတ် ဗုဒ္ဓမိုန့်ကြားပုံ	၃၁၄
သူငယ်အား သူကြွယ်မ,စပုံ	၃၁၅
သူကြွယ်ဖြစ်ကာ ကုသိုလ်ကောင်းမှုပြုခြင်း၊ ရဟန်းတို့စကား	၃၁၅
တာဝတိံသာ၌ နတ်စည်းစိမ် ခံစားရဦးမည်သူ	၃၁၅
၆-သေရိဏီပေတိဝတ္ထု	
သေရိဏီမည်သော ပြည့်တန်ဆာမဘဝမှ ပြိတ္တာမဖြစ်ရသူ	၃၂၁
ကုသိုလ်ဒါန ပြုကြသူငါ၊ အလှူဒါနကို ကဲ့ရဲ့ရှုတ်ချသူ	၃၂၁
ပြိတ္တာမဖြစ်ကာ လူ့ဘဝက တစ်ရွာတည်းသား ကုန်သည်နှင့်တွေ့ခြင်း	၃၂၁
ကုန်သည်၏အမေး၊ ပြိတ္တာမပြန်ပြောပုံ	၃၂၂
မိခင်ဟောင်း၏ဒါနကြောင့် သမီးပြိတ္တာမ ချမ်းသာရခြင်း	၃၂၇
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၂၇
၇-မိဂလုဒ္ဒကပေတဝတ္ထု	
ကလျာဏမိတ္တနှင့် ပေါင်းရသဖြင့် ညဉ့်အခါ စည်းစိမ်းချမ်းသာ ခံစား၍ နေရသော သားသတ်မုဆိုးပြိတ္တာ	၃၂၈
မိတ်ဆွေကောင်းရှိသူ၏ဖြစ်ထွေ	၃၂၈
နေ့မှာ ဒုက္ခခံရပြီး ညမှာ သုခစံရသူ	၃၂၈
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၃၃
၈-ဒုတိယ မိဂလုဒ္ဒကပေတဝတ္ထု	
ကလျာဏမိတ္တနှင့် ပေါင်းရသဖြင့် ညဉ့်အခါ စည်းစိမ်ချမ်းသာ စံစား၍ နေရသော ဒုတိယ သားသတ်မုဆိုးပြိတ္တာ	၃၃၃
မိတ်ဆွေ၏ ကောင်းသောအကြံပေးမှုကို လက်မခံသူ	၃၃၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ရဟန္တာအရှင်မြတ် ဆုံးမတော်မူသော်လည်း	၃၃၄
ညအခါ ပါဏာတိပါတမှုမှ ရှောင်ကြဉ်သူ	၃၃၄
ရှောင်ကြဉ်ခြင်း၏အကျိုး၊ အရှင်နာရဒ၏အမေး	၃၃၅
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၃၆
၉-ကူဋဝိနိစ္ဆယိကပေတဝတ္ထု	
ကောက်ကျစ်စဉ်းလဲစွာ တရားဆုံးဖြတ်သော တရားသူကြီးပြိတ္တာ	၃၃၇
ဥပုသ်သည် ဗိမ္မိသာရမင်းကြီး၊ လိမ်ပြောသူ တရားသူကြီး	၃၃၇
တရားသူကြီး ပြိတ္တာဖြစ်ပုံ	၃၃၈
ကောင်းကံ, မကောင်းကံတို့၏ အကျိုးများ	၃၃၈
အရှင်နာရဒမထေရ်၏ အမေး	၃၃၈
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၄၂
၁၀-ဓာတုဝိဝဏ္ဏပေတဝတ္ထု	
ဓာတ်တော်တို့ကိုပူဇော်ရာ၌ ကဲ့ရဲ့မိသဖြင့် ပြိတ္တာဖြစ်ရရှာသော သူကြွယ်	၃၄၂
ပြိတ္တာဖြစ်ကြသူများ၊ ဓာတ်တော်ပူဇော်၍ နတ်ပြည်ရောက်	၃၄၃
ဓာတ်တော်ပူဇော်မှု ကဲ့ရဲ့သူ ပြိတ္တာဖြစ်	၃၄၃
အရှင်မဟာကဿပ၏ တန်ခိုးတော်	၃၄၃
ရှင်မဟာကဿပနှင့် ပြိတ္တာတို့- အပြန်အလှန် မေးဖြေကြပုံ	၃၄၄
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၃၄၇
၄-မဟာဝဂ်	
၁-အမွှသက္ကရပေတဝတ္ထု	
နတ္ထိကဒိဋ္ဌိအယူရှိသူ အမွှသက္ကရမင်းနှင့် ပြိတ္တာ	၃၄၈
နတ္ထိကအယူရှိသူ လိစ္ဆဝီမင်း၊ ရွှံ့ညွန်ဖို့ခဲ့သော ကုသိုလ်	၃၄၈
ပုဆိုးဝတ်ကာ သူတစ်ပါး စိတ်ဆင်းရဲစေခဲ့မှု	၃၄၈

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ကောင်းတာလုပ် ကောင်းကျိုးရ၊ မကောင်းမှုလုပ် မကောင်းကျိုးဖြစ်	၃၄၉
လင်ရှိမယားကို ပြစ်မှားရန် ကြံစည်ခြင်း	၃၄၉
သူ့မယားယူလို၍ လင်ကိုအပြစ်ရှာ	၃၅၀
ရေကန်စောင့်ဘီလူးနှင့် တွေ့ခြင်း	၃၅၀
မြေညက်နှင့်ကြာနီယူ၍ အချိန်မီလာသော်လည်း တံခါးပိတ်ထားကြပုံ	၃၅၁
ပြိတ္တာကို သက်သေထူ၊ မင်းပြစ်မင်းဒဏ်ပေးရန်	၃၅၁
မင်းနှင့်ပြိတ္တာတို့ တွေ့ကြခြင်း	၃၅၁
မင်းနှင့်ပြိတ္တာတို့ အပြန်အလှန်ပြောကြပုံ	၃၆၀
မင်းကြီး ပုဆိုးလှူရန် မထေရ်ထံသွားခြင်း	၃၇၂
ပုဆိုးလှူကာ အမျှဝေခြင်း	၃၇၃
အမျှရ၍ ဘဝပြည့်စုံပုံ ပြိတ္တာ ကိုယ်ထင်ပြခြင်း	၃၇၃
ဒါနအကျိုး လက်တွေ့မြင်ရ၍ မကောင်းမှုမှ ရှောင်ရန် မင်းကြီးဆုံးဖြတ်၊	
တံကျင်လျှိုထားသူကို လွှတ်ရန်	၃၇၃
တံကျင်လျှိုထားသူကိုလွှတ်၍ ဆေးကုစေပုံ	၃၇၄
မင်းကြီး သောတာပန်ဖြစ်	၃၇၄
တံကျင်လျှိုခံရသူယောကျ်ား ရဟန္တာဖြစ်ခြင်း	၃၇၄
ဒေသနာနှင့် ဒေသနာတော်၏အကျိုး	၃၉၆

၂-သေရီသကပေတဝတ္ထု

သေရီသကပေတဝတ္ထု	၃၉၆

၃-နန္ဒကပေတဝတ္ထု

နတ္ထိက မိစ္ဆာအယူရှိသော နန္ဒကစစ်သူကြီး ပြိတ္တာ	၃၉၆
ဝေမာနိက ပြိတ္တာဖြစ်ခြင်း၊ သမီး၏ဒါန ဖခင်ချမ်းသာခြင်း	၃၉၇
မိစ္ဆာအယူပယ်ဖျောက်စေရန်	၃၉၇
ပြိတ္တာရှိရာ ညောင်ပင်သို့၊ မင်းကြီးအား သရဏဂုံ၌တည်စေခြင်း	၃၉၈
အဆင့်ဆင့်လျှောက်ကြား သင်္ဂါယနာတင်ထား	၄၁၆

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၄-ရေဝတီပေတဝတ္ထု

ရေဝတီပေတဝတ္ထု ၄၁၆

၅-ဥစ္ဆုပေတဝတ္ထု

ကြံခင်းကို ပိုင်သော်လည်း ကြံမစားရသည့် ပြိတ္တာ ၄၃၇
ကြံလိုချင်သူ ကလေး၊ ကြံပိုင်ရှင် ပြိတ္တာဖြစ်ရပုံ ၄၃၇
အရှင်မောဂ္ဂလာန် မြင်တော်မူပုံ ၄၃၈
အရှင်မောဂ္ဂလာန်၏ အဖြေ ၄၂၀
ဘုရားရှင်ကိုယ်တော်တိုင် ကြံအနုမောဒနာ ပြုတော်မူခြင်း ၄၂၂
ပြိတ္တာကွယ်လွန်၍ နတ်ပြည်၌ ဖြစ်ပုံ ၄၂၂
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၂၃

၆-ကုမာရပေတဝတ္ထု

ပရဒါရကံကြောင့် ပြိတ္တာဖြစ်ရသော မင်းသားနှစ်ပါး ၄၂၃
ပရဒါရကံကြောင့် ပြိတ္တာဖြစ်ကြရသူများ၊ ပြိတ္တာတို့အော်သံ ၄၂၃
ပြိတ္တာတို့အော်သံကြောင့် လူတို့အန္တရာယ်မရှိ ၄၂၄
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၂၆

၇-ရာဇပုတ္တပေတဝတ္ထု

ပစ္စေကဗုဒ္ဓါကို ပြစ်မှားသည့် မင်း၏သား ပြိတ္တာအကြောင်း ၄၂၇
ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့သူ ၄၂၇
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၃၂

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၈-ဂူထခါဒကပေတဝတ္ထု

အကျင့်သီလရှိသော ရဟန်းများကို ပြစ်မှားမိ၍ မစင်စားနေရသော ပြိတ္တာအကြောင်း ၄၃၂
ကျောင်းဆောက်လှူဒါန်း ဆွမ်းကွမ်းဖြင့် ပြုစု ၄၃၂
ငြူစူသောရဟန်းနှင့် ကျောင်းဒကာ ပြိတ္တာဖြစ်ခြင်း ၄၃၃
အကျိုးပေးကွာခြားကြပုံ ၄၃၆
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၃၆

၉-ဂူထခါဒကပေတိဝတ္ထု

အကျင့်သီလရှိသော ရဟန်းများကို ပြစ်မှားမိ၍ မစင်စားနေရသော ပြိတ္တာမအကြောင်း ၄၃၇

၁၀-ဂဏပေတဝတ္ထု

ပစ္စည်းချမ်းသာသော်လည်း ကုသိုလ်ကောင်းမှု မပြုမိခဲ့ကြသော သာဝတ္ထိပြည်သား ပြိတ္တာများအကြောင်း ၄၃၇
ရတနာ ၃-ပါး၌ မကြည်ညို ဝန်တိုသူတို့ ပြိတ္တာဖြစ် ၄၃၇
အရှင်မောဂ္ဂလာန်၏အမေး ၄၃၇
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၄၂

၁၁-ပါဋလိပုတ္တပေတဝတ္ထု

ကောင်းမှုထက် မိန်းမ၌ စွဲလမ်းတပ်မက်သဖြင့် ပြိတ္တာဖြစ်ရရှာသော ပါဋလိပုတ်ပြည်သားအကြောင်း၊ ဗိမာန်ရှင်ပြိတ္တာ ၄၄၂
ကုန်သည်တို့ သွားလမ်းကို ပြိတ္တာက ပိတ်ထားပုံ ၄၄၃
လှေပေါ်မှ မိန်းမကို ပြိတ္တာခေါ်သွားခြင်း ၄၄၃
ပြန်ပို့ရန် မိန်းမပြောကြား ၄၄၃
အမျိုးသမီးကို ပါဋလိပုတ်ပြည်သို့ လိုက်ပို့ခြင်း ၄၄၅
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၄၅

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၁၂-အမွေဝနပေတဝတ္ထု	
သမီး၏သရက်သီးဒါနကြောင့် သရက်ဥယျာဉ်ရသော ပြိတ္တာအကြောင်း	၄၄၆
ခိုးသားတို့သတ်၍ ကုန်သည်ဘဝမှ ပြိတ္တာဖြစ်ရသူ	၄၄၆
သောကများရှာသူ သမီးလေး	၄၄၆
တရားပြကာ သမီးအရာ၌ ထားခြင်း	၄၄၇
ဖခင်အတွက် ကုသိုလ်ပြုလိုသူ	၄၄၇
ဖခင်ရည်မှန်း လှူဒါန်းအမျှဝေ	၄၄၈
သမီး၏ဒါနကြောင့် ဖခင်အကျိုးခံစားရပုံ	၄၄၈
ကုန်သည်တို့အား ကိုယ်ထင်ပြခြင်း	၄၄၈
လူ့ဘဝက အကြွေးဆပ်ရန် ပြိတ္တာက ငွေပေးခြင်း	၄၅၀
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၄၅၂
၁၃-အက္ခရက္ခပေတဝတ္ထု	
လှည်းဝင်ရိုး ကူညီပေးခဲ့ဖူးသူ ဘုမ္မစိုးနတ်ပြိတ္တာအကြောင်း	၄၅၂
လှည်းကုန်သည်များ ကုန်ရောင်းသွားကြပုံ	၅၄၂
ကူညီသူ ထင်းခုတ်သမား၊ ဘုမ္မစိုးနတ်ဖြစ်ပုံ	၄၅၃
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၄၅၄
၁၄-ဘောဂသံဟရဏပေတဝတ္ထု	
စဉ်းလဲစွာ ရောင်းဝယ်ခဲ့ကြသည့် ဈေးသည် ပြိတ္တာမလေးယောက်တို့ အကြောင်း	၄၅၄
စဉ်းလဲစွာ ရောင်းဝယ်သူ ဈေးသည်များ	၄၅၅
ပြိတ္တာမများဖြစ်ရခြင်း၊ ဆင်းရဲခြင်းပြင်းပြသဖြင့် ငိုကြွေးကြခြင်း	၄၅၅
ပြိတ္တာတို့အော်ကြပုံကို ဘုရားရှင်အား လျှောက်ထား	၄၅၅
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး	၄၅၆

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၁၅-သေဋ္ဌိပုတ္တပေတဝတ္ထု

လောဟကုမ္ဘီငရဲ၌ ကျရောက်ရသည့် လေးယောက်သော သူဌေးသား
ပြိတ္တာတို့အကြောင်း ၄၅၆
မြို့တော်လှည့်စဉ် မိန်းမလှကိုမြင်၍ ခေါ်ခိုင်းခြင်း ၄၅၇
ဒုသနသောဟု အော်ကြွေးပုံ၊ ပရဒါရကံပြုသူ မင်းသားများ ၄၅၇
လာဘ်မက်သူ ပုရောဟိတ်၏အမြင့် ၄၅၈
မြတ်စွာဘုရားအား လျှောက်ထားရန် မိဖုရားကြီး အကြံပေး ၄၅၈
မြတ်စွာဘုရားအား လျှောက်ထားခြင်း ၄၅၉
မင်းကြီးအတွက် အန္တရာယ်မရှိ ၄၅၉
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၆၀

၁၆-သဋ္ဌိကဋ္ဌပေတဝတ္ထု

ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းတော်ကို ကျောက်စရစ်ခဲဖြင့် ပစ်ခတ်မိသဖြင့်
သံတူခြောက်သောင်း ဦးခေါင်းအခွံခံရသော ပြိတ္တာအကြောင်း ၄၆၁
ညောင်ရွက်၌ အရုပ်ဖြစ်အောင် ကျောက်ရစ်ပစ်နိုင်သူ ၄၆၁
အရုပ်ထင်နေသော အရွက်မြင်၍ မင်းကြီးမေးပုံ ၄၆၁
ဆွံ့အ ယောကျ်ားကို ညှန်ပြကြခြင်း ၄၆၁
ပုရောဟိတ်ဝမ်းအတွင်း ဆိတ်ချေးပစ်သွင်း ၄၆၁
၁၄-ရွာ အပိုင်စားပေးခြင်း ခံရ ၄၆၂
ပစ္စေကဗုဒ္ဓါကို ခဲဖြင့်ပစ်သူ ၄၆၂
ပြိတ္တာဖြစ်ခြင်း၊ ကံတူအကျိုးပေး ၄၆၃
ဘုရားရှင်အား လျှောက်ထားပုံ ၄၆၆
ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး ၄၆၆
ကျမ်းပြီး နိဂုံး ၄၆၇

http://www.dhammadownload.com



ဝိုဟောရိကတေဿဒေဝတ္ထေရဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁–ဥရဂဝဂ်

၁–ခေတ္တူပမ ဝေဒေဝတ္ထေရ

လယ်ယာကို ဥပမာထား၍ ဟောကြားအပ်သော သူဌေးသားပြိတ္တာ

ခေတ္တူပမာ အရဟန္တော– အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤခေတ္တူပမ မေတဝတ္ထုကို ဘုန်းတော်ခြောက်ပါး၏ သခင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ရှဉ့်နက်တို့အား အာစာရေစာ ပေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပြိတ္တာဖြစ်နေသည့် တစ်ယောက်သော သူဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

အမည်နာမ မဟာဓန ခေါ်တွင်

ရာဇဂြိုဟ်ပြည်၌ ရွှေ၊ ငွေ၊ ရတနာ ချမ်းသာကြွယ်ဝ ဓန များများစားစား အသုံးအဆောင်၊ ဘဏ္ဍာဂါရ ပေါများလှသော များစွာဆည်းပူး၍ ရအပ်သည့် ကုဋေမကစည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူဌေးကြီးတစ်ဦးသည် ရှိသတတ်။ ကုဋေမကများပြားလှသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ထိုသူဌေးကြီးအား "မဟာဓနသူဌေး" ဟူ၍သာလျှင် ခေါ်တွင်ခြင်းဖြစ်လေ၏။

http://www.dhammadownload.com

သားဖြစ်သူအား အတတ်ပညာမသင်

ထိုမဟာဓနသူဌေးကြီးအား အလွန်ချစ်မြတ်နိုးအပ်သော တစ်ယောက်တည်းသော သားသည် ရှိလေ၏။ ထိုသားသည် သိ,ကြား လိမ္မာသည့် အရွယ်သို့ ရောက်သည်ရှိသော် မိဘတို့သည် ဤသို့ ကြံကြလေကုန်၏။ အဘယ်သို့ ကြံကြကုန်သနည်းဟူမူ "ငါတို့၏ သားအား နေ့စဉ် နေ့စဉ် တစ်ထောင် တစ်ထောင်သော ငွေအသပြာ ဥစ္စာကို ရိက္ခာပြု၍ သုံးစွဲမှု ပြုစေငြားအံ့၊ အနှစ်တစ်ရာပင် သုံးသော်လည်း ဤပစ္စည်းဥစ္စာ အဖြာဖြာသည် ကုန်ခြင်းသို့ မရောက်နိုင်ရာ၊ ဤ ငါတို့၏သားအား အတတ်ပညာ သင်ကြားအားထုတ်ရသော ပင်ပန်းခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ မပင်မပန်း ချမ်းမြေ့သော ကိုယ်စိတ် ရှိသည်ဖြစ်၍ စည်းစိမ်ဥစ္စာ အဖြာဖြာကို အလိုရှိတိုင်း ကောင်းစွာ သုံးဆောင်၊စေမည်" ဟူ၍ ကြံကြကုန်၍ အတတ်ပညာ မသင်ကြားစေကြကုန်။

မဟာဓန ထိမ်းမြားလက်ထပ်ခြင်း

ထိုသူဌေးသား အရွယ်သို့ ရောက်သည်ရှိသော် အမျိုး အဆင်း အရွယ် တင့်တယ်ခြင်းနှင့် ပြည့်စုံ၍ ၊ကာမဂုဏ် ခံစားခြင်း၌သာ ရှေးရှုသော၊ တရားနှလုံးသွင်းခြင်းကို မျက်ကွယ်ပြုလေ့ရှိသော သတို့သမီးပျိုတစ်ဦးကို ဆောင်ယူ၍ ထိမ်းမြားလက်ထပ်ခြင်းကို ပြုကြကုန်၏။

ကာမဂုဏ် အပျော်ကြူး၍ ဘဝပျက်ရပုံ

ထိုသူဌေးသားသည် ထိုသတို့သမီးနှင့်သာ ပျော်ပါးမွေ့လျော်ကာနေ၏။ ဒါန စသော ကုသိုလ်တရားဘက်၌ကား စိတ်ကူးမျှပင် မပြုတော့ပေ။ ရဟန်း၊ ပုဏ္ဏား၊ အလေးပြုအပ်သော သူတို့၌ ရိုသေလေးစားမှုမရှိ၊ သောက်စားမူးယစ် အပျော်ကြူးသောသူတို့ ခြံရံလျက် ပြင်းစွာတပ်စွဲသော ငါးဖြာ အာရုံ ကာမဂုဏ်ထဲ၌သာလျှင် မွေ့လျော်ကာ အမြဲစွဲလမ်းလျက် မောဟ ဖုံးလွှမ်းပြီးကာ ပညာမျက်စိ ကန်းသည်ဖြစ်၍ ပရမ်းပတာနှင့်သာ အချိန်ကာလကို ကုန်လွန်စေလေ၏။ မိဘနှစ်ပါးတို့သည် သေကျေ ပျက်စီးကြကုန်သည်ရှိသော် ကချေသည်၊ ဓာတ်သမား၊ သီချင်းသည် စသည်တို့အား အလိုရှိတိုင်း ပေးကမ်းသည်ဖြစ်၍ ဥစ္စာဓန ဟူသမျှကို ဖြုန်းတီး ပျက်စီးစေသော ကြောင့် မကြာမြင့်မီပင် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်လေ၏။ ကြွေးမြီကို ယူလျက် အသက်မွေးမြူ၍နေရာ နောက်ထပ်တစ်ဖန် ကြွေးမြီပင် ယူငင်ချေးငှါး၍ မရတော့သည့်ပြင် မြို့ရှင်တို့သည် တောင်းရမ်းလာသဖြင့် မိမိ၏ လယ်ယာ၊ အိမ် စသည်တို့ကို

http://www.dhammadownload.com

ထိုမြို့ရှင်တို့အား ပေးခဲ့၍ ခွက်လက်စွဲလျက် ထမင်းကို လှည့်လည်တောင်းရမ်း စားသောက်ရရှာ၏။ ထိုသူဌေးသားသည် ထိုရာဇဂြိုဟ်မြို့၌ပင် အခြေအနေ မဲ့သော သူတို့ နေထိုင်ရာဇရပ်၌ နေရရှာလေ၏။

သူခိုးနှင့်ပေါင်း၍ သူခိုးဖြစ်သဖြင့် ချုပ်နှောင်ခံရခြင်း

ထိုအခါ တစ်နေ့သ၌ ခိုးသူတို့သည် စုပေါင်းရောက်လာကြပြီးလျှင် ထိုသူဌေး သားကို ဤသို့ပြောဆိုကြကုန်၏။ အဘယ်သို့ ပြောဆိုကြကုန်သနည်းဟူသော်ကား "အချင်းယောကျ်ား- သင့်အား ဤသို့ ဆင်းရဲစွာ အသက်မွေးခြင်းဖြင့် အဘယ် အကျိုးရှိပါအံ့နည်း၊ သင်သည်ကား ပျိုမျစ်နုနယ် ငယ်ပါသေး၏၊ အားအစွမ်း လျင်မြန်ခြင်း အင်အားဗလနှင့်လည်း ပြည့်ဝပေ၏၊ အဘယ်ကြောင့် လက်ခြေချို့တဲ့သော သူကဲ့သို့ နေဘိသနည်း၊ လာလှည့်၊ ငါတို့နှင့်အတူတကွ ခိုးဖော်တိုက်ဖက်အဖြစ် ဖြင့် သူတစ်ပါးတို့၏ဥစ္စာကို လုယူ၍ ချမ်းသာလွယ်ကူစွာ အသက်ကို မွေးမြူပါလော့" ဤသို့ ပြောဆိုကြကုန်သည်ရှိသော် "ငါသည်ကား ခိုးသောအမှုကို ပြုလုပ်ခြင်းငှာ မသိနားမလည်ပါ"ဟု ပြောဆိုလေသည်တွင် "ငါတို့သည် သင့်ကို ပြသပါကုန်အံ့၊ စင်စစ် သင်သည် ငါတို့၏စကားကိုသာ လိုက်နာပြုလုပ်ပါလော့"ဟု ခိုးသူတို့သည် ပြောဆိုကြလေကုန်၏။ ထိုသူဌေးသားသည် 'ကောင်းပါပြီ'ဟု ဝန်ခံ၍ ထိုခိုးသူတို့နှင့်အတူ လိုက်သွားလေ၏။ ထိုအခါ ထိုခိုးသူတို့သည် သူဌေးသား၏လက်၌ ကြီးမားသောဆောက်ပုတ် (တင်းပုတ်)လက်နက်ကို ပေးထား၍ အိမ်ခြံစပ်စည်းရိုးကို ဖျက်ဆီး၍ အိမ်ထဲသို့ ဝင်ကြကုန်သည်ရှိသော် ထိုသူဌေးသားကို ခြံတံခါးပေါက်ဝ၌ထား၍ "ဤအရပ်သို့ အခြားတစ်စုံတစ်ယောက်သောသူသည် အကယ်၍ လာခဲ့အံ့၊ ထိုလာသောသူကို ဤဆောက်ပုတ် (တင်းပုတ်)ဖြင့် တစ်ချက်တည်းဖြင့်သာလျှင် ရိုက်နှက်၍ သတ်လေလော့"ဟု ပြောကြားမှာထားခဲ့ကြကုန်၏။

ထိုသူဌေးသားသည် ဆင်ခြင်တရား ပညာဉာဏ်နည်းပါးသည်ဖြစ်၍ အကျိုးရှိသည် မရှိသည်ကို မသိတတ်ရကား သူတစ်ပါးတို့၏လာလမ်းကိုသာလျှင် မျှော်မှန်းကြည့်ရှု၍ ထိုအရပ်၌ပင် ရပ်တည်နေလေ၏။ ခိုးသူတို့သည်ကား အိမ်သို့ဝင်၍ ဥစ္စာထုပ်ကို ဆွဲထုတ်ယူငင်သည်ရှိသော် အိမ်ရှင်တို့ သိသည်ဖြစ်၍ သိလျှင်သိချင်းပင် ထိုဤအရပ်သို့ ပြေးသွားကြလေကုန်၏။ အိမ်ရှင်တို့သည် ထကြကုန်၍ လျင်မြန်စွာ ပြေးထွက်ကြကုန်လျက် ထိုမှ ဤမှ ကြည့်ရှုကြကုန်လတ်သော် အိမ်ခြံပေါက်ဝ၌ ရပ်တည်၍နေသော ထိုသူဌေးသား ယောကျ်ားကိုမြင်ကြ၍ "ဟယ် သူခိုး"ဟု ဆိုကြ၍ ဖမ်းကြပြီးလျှင် လက်၊ ခြေတို့ကို တင်းပုတ် စသည်တို့ဖြင့် ရိုက်နှက်ကြကုန်

http://www.dhammadownload.com

၍ "အရှင်မင်းမြတ် ဤခိုးသူကို အိမ်ခြံပေါက်ဝမှ ဖမ်းယူခဲ့ပါ၏"ဟု ပြောဆိုပြီး လျှင် မင်းအား ပြသအပ်နှံကြလေကုန်၏။

သူခိုးမိပြီဟူသောအသံ ဆူညံ

မင်းသည် "ဤခိုးသူယောကျ်ားတို့၏ ဦးခေါင်းကို ဖြတ်လော့"ဟု မြို့စောင့် ယောကျ်ား လက်မရွံ့အာဏာသားကို စေခိုင်းလေ၏၊ မြို့စောင့်ယောကျ်ားသည် "အရှင်မင်းကြီး ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် ဖမ်းယူခဲ့သော ထိုခိုးသူယောကျ်ား ကို လက်ပြန်ကြိုး မြဲမြံစွာ တုပ်နှောင်စေ၏။ နားဋ္ဌ ခေါင်းရန်းနီ ပန်းပန်ကာ ခေါင်း ကို အုတ်မှုန့်လိမ်းထားသော ထိုခိုးသူယောကျ်ားကို သတ်စေဟု အမိန့်တော်မြတ် မှတ်တော်မူ၏။ စည်တော်လှည့်လည်ရာ ခရီးလမ်းမကြီးတစ်ခုမှ ခရီးလမ်းမကြီးတစ်ခု သို့ ခရီးလမ်းဆုံတစ်ခုမှ ခရီးလမ်းဆုံတစ်ခုသို့ လှည့်လည် စေ၍ ကြိမ်လုံးတို့ဖြင့် ပြင်းပြစွာ ရိုက်နှက်ပုတ်ခတ်လျက် လူသတ်ရာဌာနသို့ ရှေးရှုခေါ် ဆောင်၍သွားလေ၏။ "ဤရာဇကြိုဟ်ပြည်၌ လုယက်တိုက်ခိုက် ဖျက်ဆီး၍နေသော ဤခိုးသူကို ဖမ်းဆီး အပ်ပြီ"ဟု အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သော အသံသည် ဖြစ်လေ၏။

သုလယာပြည့်တန်ဆာမ တောင်းပန်ပုံ

ထိုအခါ ထိုမြို့၌ သုလသာမည်သော ပြည့်တန်ဆာမသည် မိမိပြာသာဒ်၌ ရပ်တည်လျက် လေသာပြတင်းပေါက်မှ ကြည့်ရှုသည်ရှိသော် ထိုသို့သောအခြင်း ခရာဖြင့် ခေါ်ဆောင်အပ်သော ထိုခိုးသူယောကျ်ားကိုမြင်၍ ရှေးဘဝ၌ ထိုယောကျ်ား အလုပ်အကျွေး ဖြစ်ခဲ့ဖူးသည်၏ အဖြစ်ကြောင့် "ဤယောကျ်ားသည် ဤရာဇကြိုဟ် မြို့၌သာလျှင် ကြီးကျယ်သော စည်းစိမ်ချမ်းသာကိုခံစားခဲ့ဖူးလျက် ယခုအခါ၌ကား ဤသို့ ဤသို့သဘောရှိသော အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ခဲ့လေ၏တကား"ဟု ထိုခိုးသူ ယောကျ်ားအား သနားကြင်နာခြင်းကိုဖြစ်စေ၍ လေးခုသော ကတွတ်မုန့် (မုန့်ပေါက်)တို့ကို ဝေးစေ၍ သောက်ရေကို သောက်စေပါအုံး၊ ထိုမျှလောက် အရှင်တို့သည် ဆိုင်းငံ့ပါဦးလော့" ဟု ပြောကြားစေ၏။

အရှင်မဟာမောဂ္ဂလာန် ကြွရောက်လာခြင်း

ထိုနေ့ ထိုအချိန်အတွင်း၌ပင်လျှင် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ် သည် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ကြည့်တော်မူသည်ရှိသော် ထိုသူဌေးသား၏ ပျက်စီး ခြင်းသို့ ရောက်သည်ကို မြင်တော်မူ၍ ကရုဏာဖြင့် တိုက်တွန်းအပ်သော စိတ်နှလုံးတော် ရှိသည်ဖြစ်၍ "ဤယောကျ်ားသည် တစ်စုံတစ်ခုပြုအပ်ပြီးသော ကောင်းမှုမရှိ၊

http://www.dhammadownload.com

ဘဝစက်လည်နှင့်ပတ်သက်ပြီး ဖက်လိုင်ခေတ်ကတည်းကရှိခဲ့တဲ့ ပုံတွေပဲဖြစ်ပါတယ်။ ဒီပုံတွေကို ကြားဖြတ်ပြီး ထုတ်ပြန်ခဲ့ကြတာ

http://www.dhammadownload.com

http://www.dhammadownload.com

မကောင်းမှု အကုသိုလ်ကိုသာ ပြုအပ်ခဲ့၏။ ထို့ကြောင့် ဤယောကျ်ားသည် ငရဲ၌ ဖြစ်ရတော့လတ္တံ့၊ အကယ်၍ ငါမထေရ်မြတ် ကြွသွားအပ်သည်ရှိသော် ကတွတ် မုန့်တို့ကိုလည်းကောင်း၊ သောက်ရေကိုလည်းကောင်း ပေးလှူရသောကြောင့် ဘုမ္မဒိုဝ်း နတ်တို့၌ ဖြစ်ရလတ္တံ့၊ ငါသည် ဤယောကျ်ား၏ ကိုးကွယ်အားထားရာ ဖြစ်ရပါမူကား ကောင်းလေစွ"ဟု ကြံတော်မူ၍ ကတွတ်မုန့်၊ သောက်ရေတို့ကို အနီးသို့ ပို့ဆောင် ကုန်စင်ပင်လျှင် ထိုယောကျ်ား၏ ရှေ့၌ ထင်ရှားစွာ ရပ်တည်တော်မူလေ၏။

မုန့်နှင့်ရေကို အရှင်မောဂ္ဂလာန်အားကပ်လှူ

ထိုယောကျ်ားသည် အရှင်မောဂ္ဂလာန်မထေရ်မြတ်ကိုမြင်လျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ "ယခုပင်လျှင် ဤသူသတ်သမားတို့သည် သတ်မည့်ဆဲဆဲဖြစ်သော ငါ့အား ဤရေနှင့် ကတွတ်မုန့်တို့ကို စားသောက်ခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း၊ ဤမုန့်နှင့် ရေသည်ကား တမလွန်လောကသို့ သွားရတော့မည့်ငါ့အား ရိက္ခာထုပ်ဖြစ်လတ္တံ့"ဟု ကြံ၍ ကတွတ်မုန့်တို့ကိုလည်းကောင်း၊ သောက်ရေကိုလည်းကောင်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်း ဆက်ကပ်စေ၏။ မထေရ်မြတ်သည် ထိုယောကျ်ား၏ သဒ္ဓါတရား တိုးပွားစေခြင်းအကျိုးငှာ ထိုယောကျ်ား၏ မျက်မှောက်၌ပင်လျှင် ထိုသို့သဘောရှိသော သင့်လျော်လျောက်ပတ်သော နေရာ၌ ထိုင်နေတော်မူ၍ ကတွတ်မုန့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် သောက်ရေကို သောက်တော်မူပြီးလျှင် နေရာမှထ၍ ကြွသွားတော်မူလေ၏။

သုလသာကို စွဲလမ်းမှုကြောင့် ရုက္ခစိုးနတ်သားဖြစ်ရခြင်း

ထိုယောကျ်ားကိုလည်း သူသတ်သမားတို့သည် သူသတ်ရာအရပ်သို့ ခေါ်ဆောင်၍ ဦးခေါင်းဖြတ်လေ၏။ မြတ်သော ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာသဖွယ်ဖြစ်သော အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်၌ ပြုလုပ်အပ်သောကောင်းမှုကြောင့် မွန်မြတ်သော နတ်ပြည်ခြောက်ထပ်၌ ဖြစ်ထိုက်ငြားသော်လည်း အကြင်အကြောင်းကြောင့် "ငါသည် သုလသာမည်သော ပြည့်တန်ဆာမကို အမှီပြု၍ ဤလှုဖွယ်ဝတ္ထုမြတ်ကို ရအပ်ပေစွ"ဟု သုလသာ၌ ဖြစ်မွားသော ချစ်ခင်တပ်နှစ်သက်ခြင်း တဏှာပေမဖြင့် စုတေ သေလွန်ခါနီး၌ မည်းညစ်သော စွဲလမ်းစိတ် ဖြစ်လေ၏။

ထိုအကြောင်းတရားကြောင့် ယုတ်နိမ့်သောကိုယ်ခန္ဓာကို ဖြစ်မွားစေလျက် တောမြို့ငှောင်ကြား ချုံပိတ်ပေါင်းများဖြင့် ချမ်းမြသောအရိပ်ရှိသည့် ကြီးစွာသော ညောင်ပင်၌ ရုက္ခစိုးနတ်အဖြစ်ဖြင့် နေရလေ၏။

http://www.dhammadownload.com

အရွယ်သုံးပါး

အကယ်၍သာ "ထိုသူဌေးသားသည် ပထမအရွယ်၌ အမျိုးအနွယ်ကို တည်တံ့စေလျက် စီးပွားရေး၌ ကြောင့်ကြလုံ့လ ဗျာပါဒကို ပြုလုပ်ခဲ့ငြားအံ့၊ ထိုပြည်၌ပင် သူဌေးအပေါင်းတို့၏ အကြီးအမှူး အထွတ်အမြတ်သည် ဖြစ်ရာ၏၊ မစ္ဈိမအရွယ်၌ ကြောင့်ကြလုံ့လဗျာပါဒကို ပြုလုပ်ခဲ့ငြားအံ့၊ အလတ်စားဖြစ်သော သူဌေးသည် ဖြစ်လေရာ၏၊ ပစ္ဆိမအရွယ်၌ ကြောင့်ကြ လုံ့လ ဗျာပါဒကို ပြုလုပ်ခဲ့ငြားအံ့၊ အငယ်စားဖြစ်သော အောက်ဆုံးထစ် သူဌေးသည် ဖြစ်တန်ရာ၏။ ပထမအရွယ်၌ အကယ်၍ ရဟန်းပြုခဲ့ငြားအံ့၊ ရဟန္တာစင်စစ်ဖြစ်လေရာ၏၊ မစ္ဈိမအရွယ်၌ အကယ်၍ ရဟန်းပြုခဲ့ငြားအံ့၊ သကဒါဂါမ်သည်သော်လည်းကောင်း၊ အနာဂါမ်သည်သော်လည်းကောင်း ဖြစ်လေရာ၏၊ မစ္ဆိမအရွယ်၌ ကြောင့်ကြ လုံ့လ ဗျာပါဒကို အကယ်၍ ပြုလုပ်ခဲ့ငြားအံ့၊ သောတာပန်စင်စစ် ဖြစ်လေရာ၏။

မကောင်းမှုလုပ်၊ မကောင်းကျိုးရ

ထိုသို့ပင် ဖြစ်ထိုက်ပါသော်လည်း ယုတ်မာသည့် မိတ်ဆွေဖျင်းနှင့် ပေါင်းသင်းဆက်ဆံမိခဲ့လေသောကြောင့် မိန်းမ အပျော်ကြူး သေသောက်ကြူးပြီးလျှင် မကောင်းမှု ဒုစရိုက် အမိုက်တိုက်၌သာ မွေ့လျော်လျက် အရိုအသေကင်းသည်၏ အဖြစ်ကြောင့် များစွာသော စည်းစိမ်ဥစ္စာတို့သည် အစဉ်သဖြင့် ဆုတ်ယုတ်ကာ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရခြင်းဖြစ်သည်"ဟု ရှေးဆရာတို့ ဆိုကြကုန်၏။

ရက္ခစိုးဘဝဖြင့် သုလသာနှင့်ပေါင်းသင်း

ထိုအခါ ထိုရက္ခစိုးနတ်သားသည် အခါတစ်ပါးဥယျာဉ်သို့ရောက်၍လာသည့် သုလသာမည်သော ပြည့်တန်ဆာမကိုမြင်၍ တပ်နှစ်သက်သော ကာမရာဂစိတ် ဖြစ်ပွားရကား အမိုက်မှောင်ကိုဖန်ဆင်းပြီးလျှင် ထိုသုလသာမည်သော ပြည့်တန်ဆာမကို မိမိ၏ ဘုံဗိမာန်အတွင်းသို့ ဆောင်ကြဉ်း၍ ခုနစ်ရက်ပတ်လုံး သုလသာနှင့် အတူတကွ ပေါင်းဖက်ခြင်းကို ပြု၍နေလေ၏။ မိမိ၏ ဖြစ်ကြောင်းအစုံကိုလည်း သုလသာအား ပြောကြားလေ၏။

မိခင်ကြီး သမီးမျောက်၍ရှာ

ထိုသုလသာ၏မိခင်သည် သုလသာကို မမြင်မတွေ့ရသည်ဖြစ်၍ ငိုကြွေးမြည်တမ်းလျက် ထိုမှ ဤမှ လှည့်ပတ်၍ရှာလေ၏။ လူအပေါင်းသည် ထိုသုလသာ၏မိခင်ကိုမြင်၍ "အရှင်မဟာမောဂ္ဂလာန်သည် ကြီးမြတ်သော တန်ခိုးအာနုဘော်

http://www.dhammadownload.com

ရှိ၏၊ ထိုသုလသာ၏သွားရာကို သိနိုင်ရာ၏၊ ထိုအရှင်မဟာမောဂ္ဂလာန်သို့ ချဉ်းကပ်၍ မေးလျှောက်ပေလော့"ဟု ပြောဆိုလေ၏။

ထိုမိန်းမသည်လည်း "အမောင်တို့ ကောင်းပါပြီ"ဟု ပြောဆိုကာ အရှင်မဟာမောဂ္ဂလာန်မထေရ်ထံသို့ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်လေ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် "ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဝေဠုဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဘုရား တရားဟောကြားစဉ် ပရိသတ်၏ အစွန်တွင် တွေ့မြင်ရလတ္တံ့"ဟု မိန့်ဆိုတော်မူလိုက်လေ၏။

အိမ်ပြန်ပို့ရန် တောင်းပန်

ထိုအခါ သုလသာသည် ထိုရက္ခစိုးနတ်သားကို "အရှင်နတ်သား– သင်၏ဘုံဗိမာန်၌ သင်နှင့်အတူတကွနေသဖြင့် အကျွန်ုပ်အား မသင့်လျော်ပါ၊ ယနေ့ ခုနစ်ရက်မြောက်ရှိပါပြီ၊ အကျွန်ုပ်၏မိခင်သည် အကျွန်ုပ်ကို မတွေ့မမြင်ရသည်ဖြစ်၍ စိုးရိမ်ပူဆွေး ငိုကြွေးပင်ပန်း သောကလွမ်းလျက်သာ နေပါလတ္တံ့၊ အရှင်နတ်သား အသနားခံ တောင်းပန်ပါ၏၊ အကျွန်ုပ်ကို ထိုအမိအိမ်သို့သာ ပို့ဆောင်ပေးပါလော့" ဟု ပြောဆိုလေ၏။

တရားပွဲရှိရာသို့ သုလသာကိုပြန်ပို့

ထိုနတ်သားသည် ထိုသုလသာကို ခေါ်ဆောင်၍ ဝေဠုဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဘုရား တရားဒေသနာ ဟောကြားတော်မူစဉ် ပရိသတ်အစွန်၌ ချထား၍ မထင်ရှားသောကိုယ်အသွင်ဖြင့် ရပ်တည်ကာနေလေ၏။

ဖြစ်ကြောင်းကုန်စဉ် သုလသာရှင်းပြ

ထိုနောက်မှ လူများအပေါင်းသည် သုလသာကိုမြင်၍ "အို...သုလသာ သင်သည် ဤမျှလောက်သော နေ့ရက်ကာလတိုင်တိုင် အဘယ်ဌာန အဘယ်ဒေသသို့ သွားဘိသနည်း၊ သင်၏မိခင်သည် သင့်ကို မတွေ့မြင်ရသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးပင်ပန်း သောကလွမ်းလျက် ရူးနှမ်းခြင်းသို့ ရောက်သကဲ့သို့ဖြစ်၍ နေရာလေ၏"ဟု ပြောဆိုကြလေ၏။ ထိုသုလသာသည် ထိုရက္ခစိုးနတ်နှင့် ဖြစ်ပျက်ပုံ အကြောင်းစုံကို လူများအပေါင်းအား ပြောကြားလေ၏။

မကောင်းမှုပြုသူ ဘာကြောင့်နတ်သားဖြစ်

လူအပေါင်းသည်လည်း "ထိုသူဌေးသားယောကျ်ားသည် ထိုသို့မကောင်းမှုဒုစရိုက်၌သာ လေ့ကျက်လျက် ကောင်းမှုကုသိုလ် မပြုလုပ်ပါဘဲ အဘယ်ကြောင့်

http://www.dhammadownload.com

နတ်၏အဖြစ်ကို ရရှိလေသနည်း"ဟု ပြောဆိုကြသည်ရှိသော် သုလသာသည်လည်း "အကျွန်ုပ်သည် ပေးစေအပ်သော ကတွတ်မုန့်ပေါက်တို့ကို လည်းကောင်း၊ သောက်ရေကိုလည်းကောင်း အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်အား ပေးလှူခြင်းကြောင့် နတ်၏အဖြစ်ကိုရရှိ၏"ဟု ပြောဆိုလေ၏။ ထိုစကားကိုကြား၍ များစွာသော လူအပေါင်းသည် အံ့ဖွယ်သရဲ့ မဖြစ်ဖူးမြဲဖြစ်သောစိတ်ရှိသည် ဖြစ်လေ၏။

သူတော်ကောင်းအား အနည်းငယ်မျှလှူသော်လည်း အကျိုးကြီး

"ရဟန္တာတို့မည်သည် လူအပေါင်း၏ အတုမရှိ မြတ်သောကောင်းမှု တည်းဟူသောမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်၏။ အကြင် ရဟန္တာပုဂ္ဂိုလ်တို့၌ အနည်းငယ်မျှ ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုသည်ကား သတ္တဝါတို့အား နတ်၏အဖြစ်ကို ရွှက်ဆောင်နိုင်ပေ၏တကား"ဟု မြတ်သော နှစ်သက်ဝမ်းမြောက်ခြင်းကို ရရှိခံစားကြရလေ၏။ ရဟန်းတော်တို့သည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားကြကုန်၏။ ထိုနောက်မှ ဘုရားရှင်သည် ဤနတ်သား၏ ဖြစ်စဉ်၌ အောက်ပါဂါထာကို ဟောဆိုမိန့်မြွက်တော်မူလေ၏။

ဒေသနာတော်

၁။ ခေတ္တူပမာ အရဟန္တော၊ ဒါယကာ ကဿကူပမာ။
ဗီဇူပမံ ဒေယျဓမ္မံ၊ ဧတ္တော နိဗ္ဗတ္တတေ ဖလံ။

၁။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ခေတ္တူပမာ၊ ကောင်းမှုမျိုးတို့ စိုက်ပျိုးချရာ လယ်ယာမြေကောင်းပမာ ဖြစ်တော်မူကြပါကုန်၏။ ဒါယကာ၊ သဒ္ဓါဖွေးဖြူ ပေးလှူတတ်စွာ ဒါယကာတို့သည်။ ကဿကူပမာ၊ လယ်ထွန်ယောကျ်ား လယ်သမားနှင့် မခြားတစ်မူ အလားတူကြကုန်၏။ ဒေယျဓမ္မံ ဒေယျဓမ္မော၊ အနုပါန အစရှိစွာ ဆယ်ဖြာသော လှူဖွယ်ဝတ္ထုသည်။ ဗီဇူပမံ ဗီဇူပမော၊ ညွှန့်ညောက်ပင်စည် စသည်ပေါက်ရာ မျိုးစေ့နှင့် တူလှပါပေ၏။ ဧတ္တော၊ အလှူခံတစ်ဖြာ ဒါယကာတစ်ဖုံ လှူဖွယ်စုံဝတ္ထု စွန့်ချမှု တစ်ဝ သုံးပါးသော ဤဌာနမှ။ ဖလံ၊ သစ်သီးအလား များပြားဖွံ့ဖြိုး ဒါန၏အကျိုးသည်။ နိဗ္ဗတ္တတေ၊ ခံစားဖို့ရန် ဧကန်မသွေ ဖြစ်ပေါ်၍လာပေ၏။

မှတ်ချက်။ ။ ဤဂါထာ၌ အရဟန္တောဟူသော ပါဠိကို မိန့်တော်မူသည်မှာ အထွတ်အမြတ် အလွန်အကဲကိုသာ ပြဆိုလိုရှဖြစ်သည်။ အောက် အထက် ဖြစ်ကြသော တိရစ္ဆာန်အစ သေကွအဆုံးရှိသော အလှူခံပုဂ္ဂိုလ် ဟူသမျှသည်လည်း ခေတ္တူပမာ လယ်ယာမြေနှင့် တူသည်သာတည်း။

http://www.dhammadownload.com

ပေးလှူသူ၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုဟူသော ဤအင်္ဂါသုံးမျိုးနှင့် ညီညွတ်ပါက အကျိုးများစွာ ခံစားရသောအကြောင်းကို ပြတော်မူလိုရှိ၍ အောက်ပါဂါထာကို ဟောတော်မူ၏။

၂။ ဧတံ ဗီဇံ ကသ္သိ ခေတ္တေ၊ ပေတာနံ ဒါယကဿ စ။
တံ ပေဏ ပရိဘုဉ္ဇန္တိ၊ ဒါတာ ပုညေန ဝမုတိ။

၂။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဧတံ ဗီဇံ၊ ဤဒါနတည်းဟူသောမျိုးစေ့သည်။ ဧသကသိ၊ စွန့်ကြဲလှူဒါန်းခြင်း တည်းဟူသော ဤလယ်ထွန်ခြင်းသည်။ ဧတံခေတ္တေ၊ ဤအလှူခံဟုဆိုအပ်သော လယ်ယာသည်။ ပေတာနံ စ၊ ဝိညာဉ် ကင်းကွာ သေမင်းရွာသို့ သွားသောသူတို့အား လည်းကောင်း။ ဒါယကဿစ၊ သေသူကိုမှန်း သဒ္ဓါစွမ်းဖြင့် ပေးကမ်းတတ်ရာ အလှူဒါယကာအား လည်းကောင်း။ ဥပကာရ်ယ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို ပွားတိုးခံစား ကျေးဇူးများခြင်းငှာ။ ဟောတိ၊ မုချပိုင်ပိုင် ဖြစ်နိုင်ပါပေ၏။ တံ၊ သေသူရည်မှတ် လှူဒါန်းအပ်သည့် အမြတ်ပွားတိုး ထိုဒါန၏အကျိုးကို။ ပေတာ၊ လူတို့ပြည်မှ ဖဲခွာရ၍ ဘဝတစ်ပါးပြောင်းသွားရသောသူတို့သည်။ ပရိဘုဉ္ဇန္တိ၊ ဝမ်းမြောက်ရွှင်ပျော် သာဓုခေါ်က သင့်လျော်ပြည့်စုံ သုံးဆောင်ခံစားရကုန်၏။ ဒါတာ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူတတ်စွာ ဒါယကာသည်ကား။ ပုညေန ပုညဖလေန၊ လှူနတ်စည်းစိမ် ဂုဏ်သိရ်မောက်ဖြိုး ဒါန၏အကျိုးဖြင့်။ ဝမုတိ၊ ကောင်းကျိုးဆက်ဆက် စွမ်းကုန်တက်လျက် မပျက်အမှန် ပွားများရပြန်လေတော့၏။

တစ်ဖန် အလှူမှန် ဒါနမျိုး စိုက်ပျိုးသင့်ကြောင်း ထပ်လောင်းကာ ဟောကြားတော်မူသည်မှာ–

– ၃။ ကွဓေဝ ကုသလံ ကတ္တာ၊ ပေတေ စ ပဋိပူဇိယ။
သဂ္ဂဥ္စ ကမတိ ဌာနံ၊ ကမ္မံ ကတ္တာန ဘဒ္ဒကံ။

၃။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ကွဓေဝ၊ မျက်မှောက်ပစ္စက္ခ ဤဘဝ၌သာလျှင်။ ကုသလံ၊ ဖြူစင်ကောင်းမြတ် ထပ်ထပ်ပွားတိုး ဒါနမယကုသိုလ်မျိုးကို။ ကတ္တာ၊ ဝမ်းမြောက်သမှု ကောင်းစွာပြု၍။ ပေတေ စ၊ ဝိညာဉ်ကင်းပ ဘဝပြောင်းသွား မိဘဆွေမျိုးများတို့ကိုမူလည်း။ ပဋိပူဇိယ၊ ချမ်းသာဖို့လမ်း စိတ်ဖြင့် မှန်းလျက် လှူဒါန်းထွေထွေ ပူဇော်ပေးဝေပြီး၍။ ဘဒ္ဒကံ၊ လျောက်ပတ်တင့်တယ်ကောင်းမြတ်ဖွယ်သော။ ကမ္မံ၊ ပြုသမျှမှန် ကောင်းမှုကံကို။ ကတ္တာန၊ ငြိုငြင်မတွယ်စင်ကြယ်စိတ်ထား ပွားများမှုကို ပြုပြီး၍။ သဂ္ဂံ၊ သက်ရှည်ဆင်းလှ အစရှိသည်

http://www.dhammadownload.com

လူတို့ပြည်ထက် ဆတက်ကဲသာ ခြောက်နတ်ရွာဟု ဆိုအပ်သော။ ဌာနံ စ၊ ဗိမာန် ထပ်ထပ် ဘုံအရပ်သို့လည်း။ ကမတိ၊ ကပ်ရောက်ဖြစ်ကာ သွားရပါလိမ့်သတည်း။

ဒေသနာတော်၏အကျိုး

ဤသို့ ဟောကြားတော်မူအပ်သော ဒေသနာတော်၏အဆုံး၌ ရက္ခစိုးနတ်သား ကိုလည်းကောင်း၊ သုလသာ သတို့သမီးကိုလည်းကောင်း အစထား၍ များစွာစုပေါင်း ရှစ်သောင်းလေးထောင်သော တရားနာပရိသတ်အပေါင်းတို့သည် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်ကြကုန်လျက် ဓမ္မာဘိသမယ အကျွတ်တရား ရကြလေကုန်၏။

လယ်ယာကို ဥပမာထား၍ ဟောကြားအပ်သော
သူဌေးသား ပြိတ္တာအကြောင်းပြီး၏။

၂–သူဌေးရမုခ ပေတဝတ္ထု

ဝက်နှုတ်သီးနှင့်တူသော နှုတ်သီးရှိသော ရဟန်းပြိတ္တာ

ကာယော တေ သဒ္ဓသော ဝဏ္ဏော– အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **သူဌေးရမုခ ပေတဝတ္ထု**ကို ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ကို ဩမှီပြု၍ ရှိန့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် တစ်ယောက်သော ဝက်၏နှုတ်သီးနှင့်တူသော နှုတ်သီး (မျက်နှာ)ရှိသော ပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ကိုယ်အားဖြင့်စောင့်စည်း၍ ရွေးဆင်းရှိပြီး နှုတ်မစောင့်သဖြင့် ဝက်နှုတ်သီးနှင့်တူကာ ငရဲခံရရှာသောရဟန်း

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏ သာသနာတော်တွင်း၌ ရဟန်းတစ်ပါးသည် ကိုယ်အားဖြင့်သာ စောင့်စည်းလျက် နှုတ်အားဖြင့်ကား မစောင့်စည်းဘဲ ရဟန်းတော်များကို ဆဲရေးကြိမ်းမောင်းကာ နေလေ၏။ ထိုနှုတ်မစောင့်စည်းသော ရဟန်းသည် သေလွန်သည်ရှိသော် ငရဲ၌ဖြစ်လျက် နှစ်ဆူသောဘုရားရှင်တို့၏ တစ်ခုသောအကြားကာလပတ်လုံး ထိုငရဲ၌ ခံရပြီးလျှင် ထိုငရဲမှ စုတေခဲ့၍ ငါတို့၏ ဂေါတမဘုရားရှင် ထင်ရှားပွင့်ထွန်းတော်မူလာသည့်အခါ ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကူဋ်တောင်ခြေရင်း၌ ရွေးရဟန်းဖြစ်စဉ်က နှုတ်မစောင့်စည်းမိသော မကောင်းမှု

http://www.dhammadownload.com

ကဲ့အကြွင်း၏ အကျိုးဆက်ကြောင့် ဆာလောင်မွတ်သိပ် ခြင်းဖြင့် နှိပ်စက်အပ်သော ပြိတ္တာ ဖြစ်၍နေလေ၏။ ထိုပြိတ္တာ၏ကိုယ်ခန္ဓာသည် ရွှေအဆင်းနှင့်တူသော ဝါဝင်းသော အဆင်းရှိ၏။ နှုတ်သီးသည်ကား ဝက်၏နှုတ်သီးနှင့် တူလေ၏။

အရှင်နာရဒမထေရ်နှင့် တွေ့ဆုံခြင်း

ထိုအခါ ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူသော အရှင်နာရဒမထေရ်သည် နံနက်စောစော ကိုယ်လက်သုတ်သင်ပြီးလျှင် သပိတ် သင်္ကန်းကိုယူ၍ ရာဇဂြိုဟ်မြို့သို့ ဆွမ်းအလို့ငှာ ကြွသွားတော်မူသည်ရှိသော် လမ်းခရီးအကြား၌ ထိုပြိတ္တာကိုမြင်တော်မူ၏။ ထိုပြိတ္တာအား ၎င်းသည် ပြုအပ်သော ရှေးမကောင်းမှုကံကို မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

အရှင်နာရဒအမေး

၄။ ကာယော တေ သဗ္ဗသောဝဏ္ဏော၊ သဗ္ဗာ သြဘာသတေ ဒိသာ။
မုခံ တေ သူကရဿေဝ၊ ကိံ ကမ္မမကရီ ပုရေ။

၄။ ဘော ပေတ၊ ကိုယ်ရောင်ဝင်းလက် နှုတ်သီးဖျက်ကာ ဆင်းရဲဆိုက်ရာ အို-ပြိတ္တာ။ တေ၊ ပူပန်စိုးရိမ် ညှိုးမှိန်မျက်နှာ သင်ပြိတ္တာ၏။ ကာယော၊ တင့်တယ်လှပ၊ ရူပကာယသည်။ သဗ္ဗသောဝဏ္ဏော၊ လုံးစုံပဝင်း ရွှေအဆင်းကဲ့သို့ ပြောင်လင်းတောက်ပ အရောင်အဆင်း လှပပါပေ၏။ သဗ္ဗာ၊ ခပ်သိမ်းဥသုံ အလုံးစုံကုန်သော။ ဒိသာ၊ စဟုံအဋ္ဌ ဒသဖြာဖြာ အရပ်မျက်နှာတို့ကို။ သြဘာသတေ၊ လက်လက်ဝင်းပြောင် တက်နေရောင်သို့ အမှောင်ကိုခွင်း ရွှေရောင်ချဉ်းလျက် ပဝင်းလှလှ ထွန်းလင်းတောက်ပပါပေ၏။ တေ၊ ကိုယ်ပင်လှလည်း ရွှင်ပျကင်းကွာ သင် ပြိတ္တာ၏။ မုခံ၊ လန့်ကြောက်စရာ ဆိုးမျက်နှာသည်။ သူကရဿ၊ ဝက်သတ္တဝါ၏။ မုခံ ဝိယ၊ မျက်နှာကဲ့သို့ မယွင်းပုံသေ တူလှပါပေ၏။ တံ့၊ ဝက်မျက်နှာနှင့် မယွင်းတူရှာသင်ပြိတ္တာသည်။ ပုရေ၊ ပြီးပြီးဘဝ ရှေးကာလ၌။ ကိံကမ္မံ၊ ဘယ်ကဲ့သို့သော မကောင်းမှုကို။ အကရီ၊ မှားမှား မိုက်မိုက် ပြုလိုက်မိခဲ့ပါသနည်း။

ဤသို့ အရှင်နာရဒမထေရ်သည် ပြိတ္တာအား ပြုအပ်ခဲ့သော ရှေးမကောင်းမှုကံကို မေးမြန်းရကား ပြိတ္တာသည် ဂါထာဖြင့် ပြန်လည်ဖြေကြားလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

၅။ ကာယေန သညတော အာသိံ၊ ဝါစာယာသိ မသညတော။
တေန မေ တာဒိသော ဝဏ္ဏော၊ ယထာ ပဿသိ နာရဒ။

http://www.dhammadownload.com

၅။ နာရဒ၊ ကျိုးကြောင်းဖြစ်ဟန် အစစ်မှန်ကို သိရန်မေးငြား အရှင်နာရဒ ဘုရား။ အဟံ၊ ဘပည့်တော်သည်။ ပုရေ၊ ကဿပဗုဒ္ဓ ပွင့်ကာလက ရဟန်းဖြစ်ခဲ့ရာ ရှေးအခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ သညတော၊ အမှားကင်းပျောက် အမှန်ရောက် အောင် စောင့်ရှောက်နိုင်ခြင်းသည်။ အာသိ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ရပါ၏။ ဝါစာယ၊ နှုတ်အားဖြင့်။ အသညတော၊ အမှားကင်းပျောက် အမှန်ရောက်အောင် မစောင့်ရှောက် မိသည်။ အာသိ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ရ ပါပြီ။ နာရဒ၊ သာကီနွယ်ဖွား အရှင်နာရဒ ဘုရား။ တေန၊ ထိုသို့ ကိုယ်ကိုသာစောင့်၊ နှုတ်မစောင့်ဘဲ ဆဲရေးတိုင်းထွာ ပြောခဲ့ ဖူးသော အကုသိုလ်ကံကြောင့်၊ ယထာ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်။ တံ၊ အရှင်ဘုရားသည်။ ပဿသိ၊ မျက်စိ အောက်တွင် ဖြစ်ပုံသွင်ကို တွေ့မြင်ရပေပြီ။ မေ၊ တပည့်တော်အား။ တာဒိသော၊ အရှင်ဘုရား ထင်ရှားတွေ့မြင် ထိုသို့သဘော ရှိသော အတိုင်းပင်။ ဝဏ္ဏော၊ ကိုယ်အပိုင်းမှာ လှူသွင်ပမာ ရွှေရောင်ဖြာလျက် နှုတ်မှာမဟန် ဝက်သဏ္ဌာန်သည်။ ဟောတိ၊ ဒိဋ္ဌပုံသေ ဖြစ်၍နေရပါလေ၏ဘုရား။

ပြိတ္တာ၏ သတိပေးစကား

ဤသို့ မထေရ် မေးမြန်းအပ်သောအကြောင်းကို ဖြေဆိုပြီး၍ မထေရ်အား သတိပေးစကား လျှောက်ထားလိုသည်ဖြစ်၍ ဝက်ပြိတ္တာသည် အောက်ပါဂါထာကို ရွတ်ဆိုကာ လျှောက်ထားပြန်လေ၏။

၆။ တံ တျာဟံ နာရဒ ဗြူမိ၊ သာမံ ဒိဋ္ဌမိဒံ တယာ။
မာကာသိ မုခသာ ပါပံ၊ မာ ခေါ သူကရမုခေါ အဟု။

၆။ နာရဒ၊ နာရဒမည်တွင် အိုအရှင်။ ယံ ယသ္မာ၊ အကြင်ကြောင့်။ တယာ၊ အရှင်ဘုရားသည်။ ဣဒံ၊ တပည့်တော်၏ ဖြစ်ပျက်နေသမျှ ဤအဝဝကို။ သာမံ၊ ကိုယ်တော်တိုင်။ ဒိဋ္ဌံ၊ အရှင်ဘုရား ထင်ရှားဒိဋ္ဌ တွေ့မြင်ရပါပြီ။ တံ တသ္မာ၊ ထို ကြောင့်။ တံ၊ အရှင်ဘုရားကို။ အဟံ၊ ကိုယ်ကဆင်းလှ၊ နှုတ်ကဝက်ပုံ၊ မြင်လိုက် တိုင်း စိတ်မပျော် ကဲဆိုးသော တပည့်တော်သည်။ ဗြူမိ၊ လူသူအများ နောင်ရှောင် ရှားအောင် လျှောက်ထားပြောဆိုပါ၏။ မုခသာ၊ ဝစီသရမ်း နှုတ်မြွက်ကြမ်းသဖြင့်။ ပါပံ၊ ယုတ်မာအစု မကောင်းမှုကို။ မာ အကာသိ၊ ယောင်လို့သော်မှ မပြုကြပါ လေနှင့်။ သူကရမုခေါ၊ တပည့်တော်ပမာ လွန်စွာဆိုးယုတ် ဝက်နှုတ်တူဘို နှုတ်သီး ရှိသည်။ မာ ခေါ အဟု၊ ဘယ်သောခါမှ မဖြစ်ကြပါစေနှင့်ဘုရား။

ဗုဒ္ဓထံလျှောက်ထား

ထိုအခါ အရှင်နာရဒမထေရ်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှာ လှည့်

http://www.dhammadownload.com

လည်တော်မူ၍ ဒုမ်းစားပြီးသည်မှ နောက်ကာလ၌ ဆွမ်းစားဧရပ်မှ ဖဲကြွခဲ့၍ ပရိသတ်လေးရပ်၏ အလယ်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားလေ၏။

ဒေသနာတော်

ဘုရားရှင်သည်လည်း "ချစ်သား နာရဒ- သင်တို့ဆူရာ ငါဘုရားသည် ထိုဝက်နှုတ်သီးနှင့်တူသော နှုတ်သီးရှိသော ပြိတ္တာသတ္တဝါကို ရှေးကပင်လျှင် မြင်တော်မူအပ်ပြီ" ဟု မိန့်တော်မူ၍ များစွာသောအကြောင်းတို့ဖြင့် ရောပြွမ်းသော ဝစီဒုစရိုက်ကို မှီ၍ဖြစ်သောအပြစ်ကိုလည်းကောင်း၊ ဝစီသုစရိုက်နှင့်စပ်သော အကျိုးအာနိသံသကိုလည်းကောင်း ထင်ရှားပြတော်မူလျက် ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူလေ၏။

ဒေသနာတော်၏ အကျိုး

ထိုဟောကြားတော်မူအပ်သော ဒေသနာတော်သည် ရောက်လာသော ပရိသတ်အပေါင်းအား များစွာသော အကျိုးစီးပွားရှိသည်သာလျှင် ဖြစ်လေ၏။

ဝက်နှုတ်သီးနှင့်တူသော နှုတ်သီးရှိသော
ရဟန်းပြိတ္တာအကြောင်း ပြီး၏။

၃-ပူတိမုခ ပေတဝတ္ထု

ကုန်းတိုက်စကားပြောကြားသည့်အတွက် ခံတွင်းပုပ်၍နေသော ပြိတ္တာ

ဒိဗ္ဗံ သုဘံ ဓာရေသိ ဝဏ္ဏဓာတု - အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ ပူတိမုခ ပေတဝတ္ထုကို ဘုရားရှင်သည် ရှင်နန်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် တစ်ယောက်သော ပုပ်သောခံတွင်းရှိသော ပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

http://www.dhammadownload.com

ကဿပဘုရားရှင်လက်ထက်

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏လက်ထက်တော်၌ အမျိုးကောင်းသားနှစ်ယောက်တို့သည် ထိုကဿပဘုရားရှင်၏ သာသနာတော်တွင်း၌ ရဟန်းပြုကြကုန်၍ ကောင်းမြတ်သော သီလအကျင့်နှင့် ပြည့်စုံလျက် ခေါင်းပါးသော အသက်မွေးခြင်း ရှိသည်ဖြစ်၍ တစ်ခုသော ရွာငယ်ကျောင်း၌ အညီအညွတ် နေကြလေကုန်၏။

ကုန်းချောတတ်သောရဟန်း

ထိုအခါ ယုတ်မာသော အလိုဆိုးရှိသော ချောပစ်ကုန်းတိုက်တတ်သော ရဟန်းတစ်ပါးသည် ထိုရဟန်းနှစ်ပါးတို့၏ နေရာအရပ်သို့ ကပ်ရောက်လာလေ၏။ မထေရ်တို့သည် ထိုရဟန်းနှင့်အတူတကွ ဧည့်ခံ နွှတ်ဆက်စကား ပြောကြားခြင်းကိုပြု၍ နေထိုင်ရာအရပ်ကို ပေးပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ ထိုအာဂန္တုကရဟန်းကိုခေါ်၍ ရွာသို့ ဆွမ်းအလို့ငှာ ဝင်ကြလေကုန်၏။

ကုန်းချောရန်ကြိုပုံ

လူတို့သည် ထိုရဟန်းတော်တို့ကို ဖူးမြော်ရ၍ ရဟန်းတော်တို့၌ အလွန်ရိုသေခြင်းကို ပြုကြကုန်လျက် ယာဂု၊ ဆွမ်း အစရှိသည်တို့ဖြင့် လှူဒါန်းပူဇော်ကြကုန်၏။ ထိုအာဂန္တုကရဟန်းသည် ကျောင်းသို့ဝင်၍ ဤသို့ကြံလေ၏။ အဘယ်သို့ကြံသနည်းဟူမူ "ဤဆွမ်းခံရွာသည် အလွန်ကောင်းမွန်လှပေစွတကား၊ လူတို့သည်လည်း သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ ထူးကဲ မွန်မြတ်လှစွာသောဆွမ်းကို လှူဒါန်းကြကုန်၏။ ဤကျောင်းသည်လည်း အရိပ်အာဝါသ ရေမိုးတို့နှင့် ပြည့်စုံပေ၏။ ငါသည် ဤအရပ်၌ ချမ်းချမ်းသာသာ နေထိုင်ခြင်းငှာ သင့်လျော်၏။ ထိုသို့ပင် သင့်လျော်သော်လည်း ကျောင်းနေရဟန်းတို့သည် အမြဲမကွာ ဤကျောင်းမှာ နေကြကုန်သည်ရှိသော် ငါ့အား ချမ်းသာစွာနေရခြင်းသည် မဖြစ်လတ္တံ့၊ တပည့်ငယ်၏ နေရခြင်းကဲ့သို့ နေရသည်ဖြစ်လတ္တံ့၊ ယခုအခါ ငါသည် ဤရဟန်းနှစ်ပါးကို အကြင် အခြင်းအရာအားဖြင့် ကွဲပြားအောင် ဖျက်ဆီးသည်ရှိသော် နောက်ထပ် ဤကျောင်းတိုက်၌ မနေနိုင်ကြကုန်လတ္တံ့၊ ထိုအခြင်းအရာကို ပြုအံ့"ဟု ကြံလေ၏။

ရဟန်းတစ်ပါးထံ အကြံဖြင့်ချဉ်းကပ်

ထိုအခါ တစ်နေ့သ၌ မထေရ်ကြီးသည် ရဟန်းနှစ်ပါးတို့အား အဆုံးအမ

http://www.dhammadownload.com

ဩဝါဒပေး၍ မိမိနေရာသို့ ဝင်သည်ရှိသော် ချောပစ်ကုန်းတိုက်တော်သောရဟန်းသည် အချိန်အနည်းငယ်စောင့်ပြီးလျှင် မထေရ်ကြီးကို ချဉ်းကပ်ရှိခိုး၍နေစဉ် မထေရ်ကြီးသည် "ငါ့ရှင် အချိန်မတော် အခါမဟုတ်သောကာလ၌ အဘယ့်ကြောင့် လာသနည်း"ဟု မေးမြန်းသဲ့ရှိသော် "အရှင်ဘုရား အခါမဟုတ်သည် မှန်ပါ၏၊ တစ်စုံတစ်ခုလျှောက်ထားဖွယ်ရှိပါ၏ဘုရား"ဟု လျှောက်ထားလေ၏။

ကုန်းချောစကားပြောကြား

မထေရ်လည်း "ငါ့ရှင် လျှောက်ထားလော့"ဟု ခွင့်ပြုစကား ပြောကြားသော အခါ ထိုကုန်းချောတတ်သောရဟန်းသည် "အရှင်ဘုရား- အရှင်ဘုရားတို့၏ အဆွေခင်ပွန်းဖြစ်သော ဤမထေရ်သည် အရှင်တို့၏ မျက်မှောက်၌ မိတ်ဆွေကဲ့သို့ မိမိကိုယ်ကိုပြု၍ မျက်ကွယ်၌ကား ရန်သူကဲ့သို့ ကဲ့ရဲ့ရွှတ်ချ စွပ်စွဲ၍သာ ပြောဆိုနေပါ၏"ဟု လျှောက်ထားလေ၏။

မထေရ်ကြီး၏ အမေး

မထေရ်ကြီးသည် "အဘယ်သို့ ပြောဆိုသနည်း" ဟု မေးမြန်းအပ်သည်ရှိသော် "အရှင်ဘုရား နားစိုက်တော်မူပါ၊ 'ဤမထေရ်သည် ကောက်ကျစ်စဉ်းလဲ၏၊ လှည့်ပတ်တတ်၏၊ ပလွှား ဝါကြွားတတ်၏၊ လွဲမှားသော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုတတ်၏'ဟု အရှင်ဘုရားတို့၏ ကျေးဇူးမဲ့စကားကို ပြောဆို၍ နေပါ၏"ဟူ၍ ချောပစ်ကုန်းတိုက်စကား လျှောက်ထားလေ၏။

ကုန်ချောစကား ရဟန်းတစ်ပါးမယုံ

မထေရ်ကြီးသည် "ငါ့ရှင် ဤသို့ မပြောဆိုပါလင့်၊ ငါ၏အဖော်ဖြစ်သော ရဟန်းသည် ငါ့ကို ဤကဲ့သို့ ကဲ့ရဲ့ရွှတ်ချ စွပ်စွဲ၍ ပြောဆိုလိမ့်မည် မဟုတ်ပါ၊ ရှေးလူဖြစ်စဉ်အခါမှစ၍ ငါ၏သဘောကို ကောင်းစွာသိပါ၏၊ သီလကို ချစ်မြတ်နိုးပါ၏၊ ကောင်းမြတ်သော အကျင့်သီလရှိပါ၏"ဟု ပြောဆိုလေ၏။

အချိန်ကြာရင် သိပါမည်

"အရှင်ဘုရား- အရှင်ဘုရားတို့သည်ကား မိမိ၏ စင်ကြယ်သန့်ရှင်းသော စိတ်ရှိသည်၏အဖြစ်ကြောင့် အကယ်၍ကား ဤသို့သော စိတ်ထားမျိုးကို ထားနိုင်ပါကုန်၏။ ထိုသို့ စိတ်ကောင်းထားနိုင်ခြင်းသည် အရှင်ဘုရားတို့အားသာလျှင် သင့်လျော်လျောက်ပတ်ပေ၏။ တပည့်တော်အားကား ထိုမထေရ်နှင့် အတူတကွ

http://www.dhammadownload.com

ခိုက်ရန်ဒေါသ မရှိခဲ့ပါ၊ တပည့်တော်သည် အဘယ်ကြောင့် ထိုမထေရ် မပြောအပ်သည်ကို 'ပြော၏'ဟု လျှောက်ထားပါအုံးနည်း၊ အရှင်ဘုရားတို့ မယုံကြည်လျှင် ရှိပါစေတော့၊ ကာလကြာသဖြင့် အရှင်ဘုရားတို့ ကိုယ်တိုင်သာလျှင် သိမြင်ကြကုန်လတ္တံ့"ဟု ပြောဆိုလေ၏။

ပုထုဇဉ်တို့ ဘာဝ

မထေရ်ကြီးသည်လည်း ပုထုဇဉ်တို့ဘာဝ တွေးတော ယုံမှားကာ နှစ်ခွဖြစ်သော စိတ်ရှိသည်ဖြစ်၍ "ဤရဟန်းပြောဆိုတိုင်း ဖြစ်နိုင်တန်ရာ၏"ဟု သံသယမကင်းဖြစ်ကာ အဆွေခင်ပွန်းရဟန်းအပေါ် အတန်ငယ်လျော့ပါးသော အကျွမ်းဝင်ခြင်းရှိသည် ဖြစ်လေတော့၏။

အခြားတစ်ပါးထံ ကုန်းတိုက်ပြန်

ထိုကုန်းတိုက်တတ်သော ရဟန်းမိုက်သည် ပထမအကြိမ် မထေရ်ကြီးကို နှောင့်ယှက်ဖျက်ဆီး၍ ကျန်တစ်ပါးသောမထေရ်ကိုလည်း မထေရ်ကြီးကို ပြောဆိုအပ်ခဲ့သည့်အတိုင်းသာလျှင် ဖျက်ဆီးနှောင့်ယှက် ကွဲပျက်စေပြန်၏။

ညီညွတ်သောရဟန်းနှစ်ပါး လမ်းခွဲကြခြင်း

ထိုနောက် မထေရ်နှစ်ပါးတို့သည် နှစ်ရက်မြောက်သောနေ့၌ အချင်းချင်း စကားမပြောဆိုကြမူ၍ သပိတ်၊ သင်္ကန်းကိုယူ၍ ရွာ၌ ဆွမ်းအလို့ငှာ လှည့်လည်ပြီးလျှင် ဆွမ်းကိုယူ၍ မိမိနေရာအရပ်၌သာလျှင် ဆွမ်းကို ဘုဉ်းပေးကြ၍ အချင်းချင်း အရိုအသေပေးခြင်းမျှကိုသော်လည်း မပြုကြကုန်ဘဲ ထိုနေ့၌ ထိုကျောင်း၌သာလျှင် နေ၍ ညဉ့်အခါလွန်မြောက် မိုးလင်းခြင်းသို့ရောက်ခဲ့လေသည်ရှိသော် အချင်းချင်း မပန်မကြားကြဘဲသာလျှင် အကြင်အကြင် ချမ်းသာရာ အရပ်သို့ ကြွသွားရှာကြကုန်၏။

ကျောင်းနေရဟန်းနှစ်ပါး ဆွမ်းခံမကြွသဖြင့် မေးမြန်းခြင်း

ရွာသို့ ဆွမ်းအလို့ငှာ ဝင်၍လာသော ကုန်းတိုက်တတ်သည့်ရဟန်းကို လူတို့မြင်ကြ၍ "အရှင်ဘုရား မထေရ်ကြီးတို့ကား အဘယ်အရပ်သို့ ကြွသွားကြပါကုန်သနည်း"ဟု မေးမြန်းပြောဆိုကြကုန်သည်ရှိသော် ထိုရဟန်းသည် ဤသို့ ပြောဆိုလေ၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူကား "တစ်ညဉ့်ပတ်လုံး အချင်းချင်း ခိုက်ရန်ငြင်းခုံခြင်း ပြုကြ၍ ငါသည် 'အရှင်ဘုရားတို့ ခိုက်ရန် ငြင်းခုံခြင်းကို

http://www.dhammadownload.com

မပြုကြကုန်လင့်၊ ညီညွတ်ကြပါကုန်လော့၊ ခိုက်ရန်ငြင်းခုံခြင်းမည်သည် အကျိုးမဲ့ကို ဆောင်တတ်၏၊ နောင်သောအခါ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။ အကုသိုလ်တရား များ ဖြစ်ပွားစေတတ်၏၊ ရှေးဦးဖြစ်ကုန်သောသူတို့သည်လည်း ခိုက်ရန်ငြင်းခုံခြင်း ကြောင့် များစွာသော အကျိုးစီးပွား ပျက်ပြားကြကုန်၏' ဤသို့ အစရှိသည်တို့ကို လျှောက်ထား ပြောဆိုပါကုန်သော်လည်း ငါ၏စကားကို မနာယူကြတော့ဘဲ အခြား အရပ်တစ်ပါးသို့ ကြွသွားတော်မူကြကုန်၏"ဟု ပြောကြားလေ၏။

ကုန်းတိုက်သောရဟန်းထံ ကျောင်းအပ်နှံ

ထိုနောင်မှ လူတို့သည် "မထေရ်ကြီးတို့ ကြွမူလည်း ကြကြပါစေကုန်၊ အရှင်ဘုရားတို့သည်ကား တပည့်တော်တို့အား သနားချီးမြှောက်သောအားဖြင့် ဤ နေမြဲကျောင်း၌ပင်လျှင် မပျင်းရိ မငြီးငွေ့မူ၍ ပျော်မွေ့စွာ နေတော်မူပါကုန်ဘုရား" ဟု လျှောက်ထား တောင်းပန်ကြကုန်၏။

ကုန်းတိုက်သည့်အပြစ် အဝီစိ၌ဖြစ်ရ

ထိုကုန်းတိုက်တတ်သော ရဟန်းသည် "ကောင်းပြီ"ဟု ဝန်ခံစကား ပြော ကြား၍ ထိုအရပ်၌ပင်လျှင် နေလျက် နှစ်ရက်၊ သုံးရက်လွန်သော် ဤသို့ စဉ်းစား မိလေ၏။ "ငါသည် သီလရှိကုန်သော ကောင်းသော ကိုယ်ကျင့်တရား ရှိကြကုန် သည့် ရဟန်းတို့ကို ကျောင်းကို တပ်မက်လိုချင်သော တဏှာလောဘဖြင့် ဖျက်ဆီး ခြင်းကိုပြု၍ ကွဲပြားစေအပ်ကုန်ပြီ၊ ငါ့အား မျှားစွာသော မကောင်းမှုကို ဆည်းပူး မိလေစွတကား"ဟု ထိုရဟန်းအား ကြီးစွာသော နှလုံးမသာယာခြင်းသည် နှိပ်စက် အပ်သည်ဖြစ်၍ သောကအဟုန်ဖြင့် နာဖျားပြီးလျှင် မကြာမီပင်လျှင် သေလွန်၍ အဝီစိငရဲ၌ ဖြစ်ရလေ၏။

ညီညွတ်ခြင်း၏အကျိုး

ဤစ်ပါးကုန်သော မိတ်ဆွေ မထေရ်နှစ်ပါးတို့သည်လည်း ဇနပုဒ်သို့ ဒေသ စာရီ ကြွချီကုန်သည်ရှိသော် တစ်ခုသောကျောင်း၌ အတူတကွ ပေါင်းဆုံမိကြကုန် ၍ အချင်းချင်း ဝမ်းမြောက် ဝမ်းသာခြင်းကို ဖြစ်စေကြကုန်လျက် ထိုရဟန်းသည် ဖျက်ဆီးပြောဆိုအပ်သော ကုန်းချောစကားကို အချင်းချင်း ပြောကြားကြ၍ ထိုဖျက် ဆီးအပ်သော ကုန်းချောစကား၏ မဟုတ်မမှန် လုပ်ကြံပြောဆိုသည်၏အဖြစ်ကို သိရှိကြကာ ညီညွတ်ကြကုန်ပြီးလျှင် အစဉ်အားဖြင့် ထိုမူလနေကြသော ကျောင်း သို့သာလျှင် ပြန်ရောက်ကြကုန်၏။

http://www.dhammadownload.com

ရဟန္တာဖြစ်

လူတို့သည် ကြွလာကြကုန်သော မထေရ်နှစ်ပါးတို့ကို မြင်ကြ၍ ရွှင်လန်းနှစ်သက် ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍ လေးပါးသောပစ္စည်းတို့ဖြင့် ဆည်းကပ်လုပ်ကျွေးကြကုန်၏။ မထေရ်တို့သည်လည်း ထိုကျောင်း၌ပင်လျှင် နေကြကုန်လျက် လျောက်ပတ်သော အစာအာဟာရ စသည်ကို ရကြသဖြင့် တည်ကြည်သော စိတ် ရှိကြသည်ဖြစ်၍ ဝိပဿနာတရားကိုပွားစေ၍ မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

ကုန်းချောသည့်ရဟန်း ခံတွင်းပုပ် ပြိတ္တာဖြစ်ရပုံ

ကုန်းတိုက်တတ်သောရဟန်းသည် ကဿပဘုရားရှင်နှင့် ငါတို့၏ ဂေါတမဘုရားရှင် နှစ်ဆူတို့၏ တစ်ခုသောစပ်ကြား ကာလပတ်လုံး ငရဲ၌ ခံစား၍ ဤဂေါတမဘုရားရှင် လောက၌ ပွင့်ထွန်းတော်မူသောအခါ ရာဇဂြိုဟ်ပြည်အနီးတွင် ပုပ်သော ခံတွင်းရှိသော ပြိတ္တာဖြစ်၍ နေလေ၏။ ထိုပြိတ္တာ၏ကိုယ်ခန္ဓာသည် ရွေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိ၏၊ ခံတွင်းမှာကား ပိုးလောက်တို့သည် ထွက်ကြကုန်၍ ထိုမှ ဤမှလည်း ခံတွင်းကို စားကြကုန်၏၊ ထိုပြိတ္တာ၏ မကောင်းသော အနံ့သည် ဝေးသောအရပ်သို့ ပျံ့နှံ့၍ လှိုင်၏။

ထိုအခါ အရှင်နာရဒသည် ဂိဇ္ဈကူဋ်တောင်မှ သက်ဆင်း ကြွရောက်သည်ရှိသော် ထိုပြိတ္တာကိုမြင်၍- "သင်သည် ဤသို့သောရှိသော အတ္တဘောကိုရခြင်း၏ အကြောင်းဖြစ်သော အဘယ်ကဲ့သို့သော မကောင်းမှုကံကို ရှေးကပြုခဲ့လေသနည်း" ဟု ပြုအပ်ခဲ့သော မကောင်းမှုအကုသိုလ်ကို မေးမြန်းတော်မူလေ၏။

အရှင်နာရဒအမေး

၇။ **ဒိဗ္ဗံ သုဘံ ဓာရေသိ ဝဏ္ဏဓာတု**
ဝေဟာယသံ တိဋ္ဌသိ အန္တလိက္ခေ။
မုခဉ္စ တေ ကိမယော ပူတိဂန္ဓံ
ခါဒန္တိ ကီ ကမ္မမကာသိ ပုဗ္ဗေ။

၇။ ဘော ပေတ၊ ကိုယ်မှာဝင်းပြောင် ရွှေဆင်းရောင်နှင့် ပုပ်လှောင်နံ့ပြင်းခံတွင်းရှိရှာ အိုပြိတ္တာ။ တို့၊ သင်သည်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ သုဘံ၊ ရူချင်စဖွယ် တင့်တယ်သပ်ရပ် ကောင်းမြတ်လှစွာသော။ ဝဏ္ဏဓာတုံ၊ အသွင်အပြင် ကြည်လင်စိုဖပ် အဆင်းဓာတ်ကို။ ဓာရေသိ၊ အလှတိုးအောင် ရွက်ဆောင်နိုင်ပေ၏။ ဝေဟာယသံ၊ ဝေဟာယသ အမည်ရသော။ အန္တလိက္ခေ၊ အထက်ဝေဟင် မိုးကောင်းကင်

http://www.dhammadownload.com

၌။ တိဋ္ဌသိ၊ မလှည့်မလည် ရပ်တည်ခဲ့၏။ ပူတိဂန္ဓံ၊ မကပ်နိုင်အောင် ပိတ်လှောင်နံ့ပျံ့. အပုပ်နံ့ရှိသော။ တေ၊ သင်၏။ မုခဋ္ဌ၊ စက်ဆုပ်ဖွယ်ရှိ မသန့်ရှင်းသည့် ခံတွင်းကိုကား။ ကိမိယော၊ တရွရွလျှောက် ပိုးလောက်တို့သည်။ ခါဒန္တိ၊ ကြော်ခမန်း လိလိ ထိုးဆွ စားသောက်ကြကုန်၏။ တွံ၊ သင်သည်။ ပုဗ္ဗေ၊ ဖြစ်ခဲ့သမျှ ရှေးရှေး ဘဝ၌။ ကိ ကမ္မံ၊ ဆိုးညစ်အစု အဘယ်မကောင်းမှုကို။ အကာသိ၊ တရားလက်လွတ် ရွတ်ရွတ်ပေပေ ပြုလုပ်မိခဲ့လေသနည်း။

ပြိတ္တာ၏အဖြေ

ဤသို့ မထေရ်သည် မေးမြန်းအပ်သည်ဖြစ်၍ ထိုမေးမြန်းအပ်သောအကြောင်းကို ဖြေကြားလိုရကား ပြိတ္တာသည် အောက်ပါဂါထာကို ရွတ်ဆိုလျှောက်ကြားလေ၏။

၈။ သမဏော အဟံ ပါပေါတိ ဒုဋ္ဌဝါစော၊
တပဿီ ရူပေါ မုခဿာ အသညတော။
လဒ္ဓါ စ မေ တပဿာ ဝဏ္ဏဓာတု၊
မုခဋ္ဌ မေ ပေသုဏိယေန ပူတိ။

၈။ ဘန္တေ၊ သိလိရေးကြောင့် ခေါ်မေးစွာထ အရှင်နာရဒဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ၊ ပြိတ္တာဘဝမရသေးမီ ရှေးအခါဆီ၌။ ပါပေါ၊ နှုတ်ထွက် ကြမ်း လွန်းသရမ်းသည့် ဆိုးသွမ်းလှစွာ မိုက်ယုတ်မာသော။ အတိဒုဋ္ဌဝါစော၊ သူတစ်ပါးဂုဏ်သိရ် ဖြိုးဖြိုးထိန်ကို ချိုးနှိမ်ဖျက်ဆီး အလွန်ပျက်စီးသောစကားရှိသော။ သမဏော၊ အရှမ်းပြုလုပ် ရဟန်းယုတ်သဲ့သည်။ အဟောသိ၊ စင်စစ်မသွေ ဖြစ်ခဲ့လေပြီ။ တပဿီရူပေါ၊ သီလပြည့်လွင် သူတော်စင်သို့ သွင်ပြင်ဆောင်လစ် အတုဖြစ်၍။ မုခဿာ၊ နှုတ်အားဖြင့်။ အသညတော၊ အပြစ်မမြင် ဆင်ခြင်ကင်းမဲ့ စောင့်စည်းခြင်း မရှိခဲ့ပါ။ မေ၊ တပည့်တော်၏။ တပဿာ၊ ကိုယ်ခန္ဓာမှာ ဖန်ဝါဆင်မြန်း သင်္ကန်း ရစ်ပတ် အကျင့်မြတ်ကြောင့်။ ဝဏ္ဏဓာတုစ၊ အသွင်အပြင် ကြည်လင်စိုပြဖပ် အဆင်း ဓာတ်ကိုလည်း။ လဒ္ဓါ၊ ရှုချင်ဖွယ်ရာ ရအပ်ပါ၏။ မေ၊ တပည့်တော်၏။ ပေသုဏိယေန၊ ကုန်းတိုက်ချောပစ် လွန်ဆိုးညစ်သည့် ဝစီကံ အကုသိုလ်အပြစ်ကြောင့်။ မုခဋ္ဌ၊ ခံတွင်းသည်လည်း။ ပူတိ၊ မြင်သူတိုင်း ရွံ. မကပ်ဝံ့အောင် လွန်လွန်ကဲသာ ပုပ်ဟောင်ရပါတော့သတည်း။

ပြိတ္တာ၏သတိပေးစကား

ပြိတ္တာသည် မိမိပြုအပ်ခဲ့သော မကောင်းမှုကံကို ဤသို့ ရွတ်ဆိုလျှောက်ကြား

http://www.dhammadownload.com

ပြီး၍ ယခုအခါ၌ မထေရ်အား သတိပေးစကား လျှောက်လိုသေးသည်ဖြစ်၍ အောက်ပါအဆုံးဂါထာကို ရွတ်ဆိုလျှောက်ကြားလေ၏။

၉။ တယီဒံ တယာ နာရဒ သာမံ ဒိဋ္ဌံ၊
အနုကမ္မကာ ယေ ကုသလာ ဝဒေယျုံ။
မာ ပေသုဏံ မာ စ မုသာ အဘာဏိ၊
ယက္ကော တုဝံ ဟောဟိသိ ကာမကာမီ။

၉။ နာရဒ၊ သိလိုရေးကြောင့် ခေါ်မေးစွာထ အရှင်နာရဒဘုရား။ တယီဒံ တံ ဣဒံ၊ ထိုသို့ပြောင်းဆံ ပုံဟန်ပျက်စုတ် တပည့်တော်၏ရုပ်ကို။ သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌံ၊ အရှင်ဘုရား ထင်ရှားဒိဋ္ဌ တွေ့မြင်ရပါ၏။ အနုကမ္မကာ၊ သတ္တဝါများ မေတ္တာပွား၍ သနားကရုဏာ ဖြစ်တတ်ပါကုန်သော။ ကုသလာ၊ သူတစ်ပါးအတွက် ကျိုးသက်သက်ကို ကျင့်လျက်ကောင်းစွာ လိမ္မာတော်မူကုန်သော။ ယေ၊ ဘုရားမြတ်စွာ ပစ္စေကာနှင့် ရဟန္တာအစ များလှသောင်းသောင်း အကြင်သူတော်ကောင်းတို့သည်၊ ယံ၊ အကြင်မြွက်ဟ သြဝါဒကို။ ဝဒေယျုံ၊ ဟောကြားညွှန်ပြ လမ်းမှန်ရအောင် ဆုံးမတော်မူကြကုန်၏။ တံ၊ ထိုညွှန်ပြဟောကြား သြဝါဒစကားကို။ ဝဒါမိ၊ တပည့်တော် မြွက်ကြား၍ လျှောက်ထားပါအံ့။ပေသုဏံ၊ သူနှစ်ဦးကြား ကုန်းတိုက်စကားကို။ မာ အဘာဏိ၊ ပြောဆိုတော်မမူပါလင့်။ မုသာစ၊ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သောစကားကိုလည်း။ မာ အဘာဏိ၊ တစ်ရံတစ်ခါမျှ ဖွင့်လှစ်ဟ၍ ပြောပြတော်မမူပါလေနှင့်။ ဧဝံ၊ ဤသို့ သူနှစ်ဦးကြား ကုန်းစကားနှင့် မုသားကင်းပျောက် နှုတ်ကုံစောင့်ရှောက်သည်ရှိသော်။ တုဝံ၊ အရှင်ဘုရားသည်။ ကာမကာမီ၊ ပြည့်စုံကောင်းမြတ် ခံစားအပ်သည့် နတ်ကာမဂုဏ် အလုံးစုံကို တွေ့ကြုံဒိဋ္ဌ လိုတိုင်းရသည်။ ဟောဟိသိ၊ စင်စစ်မှုချ ဖြစ်ရလတ္တံ့သတည်း။

၈ အရှင်နာရဒ ဗုဒ္ဓထံလျှောက်ထား

ထိုပြိတ္တာ ပြောဆိုသောစကားကို မှတ်သားခဲ့၍ အရှင်နာရဒမထေရ်သည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကာ ဆွမ်းအလို့ငှာ လှည့်လည်ပြီးလျှင် ဆွမ်းစားပြီးသည်မှ နောက်ကာလ၌ ဆွမ်းခံရွာမှ ဖဲခွာလာပြီးသော် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ကြားလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် အရှင်နာရဒ လျှောက်ကြားသော အကြောင်းရပ်စကားကို

http://www.dhammadownload.com

အကြောင်းပြု၍ ဝဏ္ဏရာမြတ်ဒေသနာကို ဟောကြားတော်မူလေ၏။ ထိုတရားဒေသနာသည် ရောက်လာသော ပရိသတ်အပေါင်းအား များစွာသောအကျိုးစီးပွားများသည် ဖြစ်လေ၏။

ကုန်းတိုက်စကား ပြောကြားသည့်အတွက်
ခံတွင်းပုပ်၍နေသော ပြိတ္တာအကြောင်း ပြီး၏။



၄-ပိဋ္ဌမိတလိက ပေတဝတ္ထု

မုန့်ညက်ရုပ် သတို့သမီးပြိတ္တာအကြောင်း

ယဲ့ ကိဉ္စာရမ္မဏံ ကတွာ- အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ ပိဋ္ဌမိတလိက ပေတဝတ္ထုကို ဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ အလှူဒါနကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မြေးငယ်နှင့် မုန့်အရုပ်

အနာထပိဏ်သူဌေးကြီး၏သမီး၏ သမီး (မြေး)ဖြစ်သော သူငယ်မအား အထိန်းသည်မသည် မုန့်ညက်ဖြင့်ပြီးသော မိန်းမငယ်ရုပ်ကို "ဤမုန့်ညက်ရုပ်သည် သင်၏သမီးတည်း၊ ဤမုန့်ညက်ရုပ်ကိုယူ၍ ကစားချေလော့"ဟု ဆို၍ ပေးလေ၏။

ထိုသူငယ်မသည် မုန့်ညက်ရုပ်၌ သမီးဟူသော အမှတ်သညာကို ဖြစ်စေ၏။ တစ်နေ့သ၌ မုန့်ညက်ရုပ်ကိုကိုင်၍ ကစားနေသော ထိုသူငယ်မ၏ မုန့်ညက်ရုပ်သည် မေ့လျော့သဖြင့် လွတ်ကျ၍ ကွဲပျက်သွားလေ၏။ ထို့နောက်မှ သူငယ်မသည် "ငါ၏သမီး သေလေပြီ"ဟု ငိုကြွေးတော့၏။ ထိုသူငယ်မကို တစ်စုံတစ်ယောက်သော အိမ်သူအိမ်သားကမျှ "သင်၏သမီး မသေပါ"ဟူ၍ ဖျောင်းဖျ ပြောဆိုခြင်းငှာ မစွမ်းနိုင်ကြချေ။

မုန့်အရုပ်ကို ရည်မှန်း လှူဒါန်းဒါန

ထိုအခါ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏အိမ်တွင် ခင်းထားအပ်

http://www.dhammadownload.com

သောနေရာ၌ သီတင်းသုံးနေတော်မူ၏။ အနာထပိဏ်သူဌေးသည်လည်း ဘုရားရှင်၏အနီး၌ ထိုင်၍နေ၏။ အထိန်းသည်မသည် ထိုသူငယ်မကိုခေါ်၍ သူဌေးကြီးထံသို့ သွားလေ၏။ သူဌေးကြီးသည် ထိုသူငယ်မကိုမြင်၍ "ဤသူငယ်မသည် အဘယ့်ကြောင့် ငိုကြွေးနေသနည်း" ဟု မေးလေရာ အထိန်းသည်မသည် ထို အကြောင်းကို သူဌေးကြီးအား ပြောကြားလေ၏။ သူဌေးကြီးသည် ထိုသူငယ်မကို ရင်ခွင်၌ထိုင် စေ၍ "သင့်သမီးအတွက် အလှူဒါနကို ပေးလှူအံ့" ဟု အမှတ်ကိုဖြစ်စေ၍ ဘုရားရှင်အား "အရှင်ဘုရား တပည့်တော်၏ မြေးမ၏သမီး၏ မုန့်ညက်ရုပ်ကို ရည်မှန်းကာ အလှူဒါနကို ပေးလှူဒါန်းလိုပါ၏ဘုရား၊ တပည့်တော်၏ ထိုအလှူဒါနကို ငါးရာသောရဟန်းတို့နှင့်တကွ နက်ဖြန်ဆွမ်းအလိုငှာ ကြွရောက် အလှူခံတော်မူကြပါကုန်ဘုရား" ဟု လျှောက်ကြားလေ၏။ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူလေ၏။

ထိုအခါ ဘုရားရှင်သည် နှစ်ရက်မြောက်နေ့၌ ငါးရာသောရဟန်းတို့နှင့်တကွ အနာထပိဏ်သူဌေး၏အိမ်သို့ ကြွရောက်၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးလျှင် ဆွမ်းအနုမောဒနာကို ပြုတော်မူလိုသည်ဖြစ်၍ အောက်ပါလေးဂါထာကို ဟော ကြားတော်မူလေ၏။

၁၀။ ယဲ ကိဉ္စာရမ္မဏဲ ကတ္တာ၊ ဒဒ္ဓာ ဒါနံ အမစ္ဆရီ။
ပဗ္ဗပေတော စ အာရဗ္ဘ၊ အထ ဝါ ဝတ္ထုအေဝတာ။
၁၁။ စတ္တာရော စ မဟာရာဇေ၊ လောကပါလေ ယသဿိနော။
ကုဝေရံ ဓတရဋ္ဌဉ္စ၊ ဝိရူပက္ခံ ဝိရူဠှကံ။
တေ ဧဝံ ပုဗ္ဗိတာ ဟောန္တိ၊ ဒါယကာစ အနိပ္ဖလာ။
၁၂။ နဟိ ဂုဏ္ဍံ ဝါ သောကော ဝါ၊ ယာ စညာ ပရိဒေဝနာ။
နံ တံ ပေတဿ အတ္ထာယ၊ ဧဝံ တိဋ္ဌန္တိ ဉာတယော။
၁၃။ အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမှိ သုပ္ပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။

၁၀။ဂဟပတိ၊ သဒ္ဓါလင်းထိန် ဂုဏ်သိရိပျံ့မွှေး အနာထပိဏ်သူဌေးမင်း။ ယဲကိဉ္စိ၊ သုမဂ်လ စသည့်အစု တစ်စုံတစ်ခုသောကိစ္စကို။ အာရမ္မဏ်ကတ္တာစ၊ စိတ်မှာသွင်းရှု အာရုံပြု၍လည်းကောင်း။ ပုဗ္ဗပေတော၊ ဘဝတစ်ပါး ပြောင်းသွားကြရှာ မိဘဉာတကာ စသည်တို့ကို။ အာရဗ္ဘစ၊ ရှေးရှုရည်ရော် တမ်းတမြော်၍ ရွှင်ပျော်သမှု ချမ်းသာအောင် အာရုံပြု၍လည်းကောင်း။ အထ ဝါ၊ ထိုမှတစ်ဖန် သိဖို့ရန်

http://www.dhammadownload.com

ကား။ ဝတ္ထုဒေဝတာ၊ အိမ်ရာ စသည် အလိလိကို တည်ကြည်စောင့်ကြပ် နတ်ကောင်း နတ်မြတ်တို့ကို။ အာရဗ္ဘစ၊ ရှေးရှုရည်ရော် တမ်းတမျှော်၍ ရွှင်ပျော်သမှု အာရုံပြု၍လည်းကောင်း။ အမစ္ဆရီ၊ နမျောကင်းကွာ စေတနာနှင့် သဒ္ဓါဖိတ်ဖိတ် ကြည်လင်ထက်သန်သော စိတ်ရှိသူသည်။ ဒါန်၊ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထု လှူဖွယ် အစုစုကို။ ဒဇ္ဇာ၊ ပူဇော်မြတ်နိုး အကျိုးဖြစ်မြောက် လူတိုင်းပေါက်အောင် ထွင်း ဖောက်ဉာဏ်ပါ လှူဒါန်းကြကုန်ရာသတည်း။

၁၁။ ဂဟပတိ၊ သဒ္ဓါဖြူဖွေး ဂုဏ်ရောင်ပြေးသည့် အနာထပိဏ်သူဌေး။ ကုဝေရံ၊ ကုဝေရ-ဟု နာမခေါ်ဆို ဝေဿဝဏ်နတ်မင်းကိုလည်းကောင်း။ ဓတရဋ္ဌ၊ ဓတရဋ္ဌ နာမမည်သင်း ရှင်နတ်မင်းကိုလည်းကောင်း။ ဝိရူပက္ခ၊ ဝိရူပက္ခ နာမမည်သင်း ရှင်နတ်မင်းကိုလည်းကောင်း။ ဝိရူဠက၊ ဝိရူဠက နာမမည်သင်း ရှင်နတ်မင်းကိုလည်းကောင်း။ ကုတိ၊ ဤသို့။ စတ္တာရော၊ လေးယောက်ကုန်သော။ လောကပါလေ၊ လောက,သာသနာ ဤနှစ်ဖြာကို ရှည်စွာကောင်းကျိုး ပွားတိုးရည်မှတ် စောင့်ရှောက်တတ်ကုန်သော။ ယသဿိနေ၊ များလှတန်တန် စည်းစိမ်အခြံအရံရှိကုန်သော။ မဟာရာဇေ၊ နတ်တို့တွင်ထင်ရှား နတ်မင်းကြီးလေးပါးတို့ကို။ အာရဗ္ဘ၊ စိတ်ကြည်ရွှင်လန်း ရည်မြော်မှန်း၍။ အမစ္ဆရီ၊ တွန့်တိုမဖက် သဒ္ဓါထက်သောသူသည်။ ဒါန်၊ တတ်စွမ်းသလောက် သဒ္ဓါပေါက်လျက် စားသောက်ဖွယ်ရာ ထမင်း စသော ဒါန ဝတ္ထုအဖြာဖြာကို။ ဒဇ္ဇာ၊ ကုသိုလ်မြတ်ဧော အတောမသတ် သောမနသ်ဖြာ ပူဇော်ပသကြရာ၏။ တေ စေဝ၊ လောကတစ်လျှောက် စောင့်ရှောက်ကြပ်မတ် ထိုနတ်ကောင်း နတ်မြတ်တို့သည်လည်း။ ပူဇိတာ၊ မြတ်မြတ်နိုးနိုး ပူဇော်အပ်ကုန်ရာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒါယကာစ၊ စေတနာလူ သဒ္ဓါဖြူသည့် ပေးလှူတတ်စွာ ဒါယကာတို့သည်လည်း။ အနိပ္ဖလာ၊ ဓနကဲမောက် ဂုဏ်သိရ်တောက်၍ မြတ်သောအကျိုးများကြပေကုန်၏။

၁၂။ ဂဟပတိ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို မပြတ်ဆည်းကပ် သူဌေးမြတ်။ ရဏ္ဍဝါ၊ မျက်ရည်ယိုဆင်း ငိုကြွေးခြင်းကိုလည်း။ နဟိ ကာတဗ္ဗံ၊ မသင့်မြတ်၍ မပြုအပ်ပေ။ သောကောဝါ၊ ပူပင်လှိုက်လဲ ဘဝင်ထဲ၌ အမြဲညှိုးမှိန် စိုးရိမ်ခြင်းကိုလည်း။ နကာတဗ္ဗော၊ ချိန်ခါမလပ် မသင့်မြတ်၍ မပြုအပ်ပေ။ အညာ၊ မျက်ရည်ယိုဆင်း ငိုကြွေးခြင်းနှင့် ပူပြင်းညှိုးမှိန် စိုးရိမ်ခြင်းမှ တစ်ပါးသော။ ယာပရိ ဒေဝနာ၊ ချစ်လို့မငြီး တစ်ယောက်တည်းသား ဘယ်ဆီသွားဘိ စရှိထိုထို ထင်ရာ ဆိုလျက် ရှိုက်ဖိုယောင်ယမ်း အကြင်မြည်တမ်း ငိုကြွေးခြင်းသည်။ အတ္တိ၊

http://www.dhammadownload.com

ရှိ၏။ သာ စ ပရိဒေဝနာ၊ ထင်ရာဆိုလျက် ရှိုက်ဖိုယောင်ယမ်း ထိုဝိုကြွေးမြည်တမ်းခြင်း ကိုလည်း။ ကာတဇ္ဇော၊ ချိန်ခါမလပ် မသင့်မြတ်၍ မပြုအပ်ချေ။ တံ၊ ထိုမျက်ရည် ယိုဆင်း ဝိုကြွေးခြင်းနှင့် ပူပြင်းညှိုးမှိန် စိုးရိမ်မြည်တမ်းကာနေခြင်းသည်။ ပေတသ၊ လူတို့ပြည်မှ ဖဲခွာရ၍ ဘဝတစ်ပါးပြောင်းသွားရသောသူ၏။ အတ္ထာယ၊ ချမ်းချမ်း သာသာ ခံစားဖို့ရာအကျိုးငှာ။ နဟောတိ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်သည်သာတည်း။ တထာပိ၊ ထိုသို့ချမ်းသာမပွား အကျိုးမများသော်လည်း။ ဉာတယော၊ ဆွေမျိုးရင်းချာ နီးစပ်ရာလူတို့သည်။ ဧဝံ၊ ဤသို့အပို ထင်ရာဆိုလျက် ရှိုက်ဖိုယောင်ယမ်း ဝိုကြွေး မြည်တမ်း၍သာလျှင်။ တိဋ္ဌန္တိ၊ မကျေချမ်းနိုင် အလွမ်းဆိုင်၍ နွမ်းယိုင်စိတ်ထွေ ရပ်တည်နေကြလေကုန်၏။

၁၃။ ဂဟပတိ၊ အနာထပိဏ် ဂုဏ်သိရှိပျံ့မွှေး သူဌေးကြီး။ သဃမှိ၊ မြင့် မြတ်အစစ် ဖြစ်ရပေစွာ ထေရ်သံဃာ၌။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာအညီ တည်ထား အပ်သည်ဖြစ်၍။ ဒိန္နာ၊ စိတ်စေတနာ သဒ္ဓါထက်မြက် ပေးလှူရက်သော။ အယဉ္စ ခေါ ဒက္ခိဏာ၊ လေးလေးမြတ်မြတ် စေးကပ်မပြူ ဤဒါယကာ၏ အလှူသည်သာ လျှင်။ အသ၊ ထိုဘဝတစ်ပါးပြောင်းသွားရရှာသောသူ၏။ ဒီဃရတ္တံ၊ ရှည်ကြာမြင့် မြင့် နေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ ချမ်းသာမျိုးမျိုး စွမ်းကုန်တိုးသည့် အကျိုးများစွာ ဖြစ်ပါစေခြင်းငှာ။ ဟောတိ၊ စင်စစ်မုချ ဖြစ်ရလေ၏။ ဌာနသော၊ လူဒါန်းလိုက် သော ထိုခဏ၌ပင်လျှင်။ ဥပကပ္ပတိ၊ ကောင်းကျိုးရကာ ခံစားရရှာလေတော့၏။

ဤသို့လျှင် ဘုရားရှင်သည် တရားတော်ကို ဟောကြားတော်မူ၍ လူအပေါင်း ကို ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သောသူတို့ကို ရည်မှန်း၍ လူဒါန်းခြင်း၌ မွေ့လျော်သောစိတ်ကို ဖြစ်ပွားစေ၍ နေရာမှ ထတော်မူပြီးလျှင် ကြွတော်မူလေ၏။

ဒါနမှုအဆက်ဆက်ပြုလုပ်ကြပုံ

တစ်ဖန် မိုးသောက်၍ နှစ်ရက်မြောက်သောနေ့၌ သူဌေးကတော်ကြီးနှင့်တကွ ကြွင်းသော ဆွေမျိုးအပေါင်းတို့သည် သူဌေးကြီးကို အတုလိုက်ကြကုန်လျက် ဤ သို့ သုံးလပတ်လုံး ကြီးစွာသောအလှူကြီးကို ဖြစ်စေကြကုန်။။

ပဿေနဒီ ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ "မြတ်စွာဘုရား– ရဟန်းတော်တို့သည် တစ်လပတ်လုံး တပည့်တော်၏နန်းတော်သို့ အဘယ့်ကြောင့် မကြွလာကြပါကုန်သနည်း" ဟု မေးလျှောက်၏။ ဘုရားရှင်သည် ထိုဆိုခဲ့ပြီးသော ဒါနမှု အဆက်ဆက်ပြုလုပ်ကြပုံ အကြောင်းစုံကို မိန့်တော်မူအပ်သည်ရှိသော်

http://www.dhammadownload.com

ကောသလမင်းကြီးသည်လည်း သူဌေးကြီးသို့ အတုလိုက်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ကြီးစွာသောအလှူကိုဖြစ်စေ၏။ ထိုကောသလမင်းကြီး၏ အလှူကိုမြင်၍ မြို့သူမြို့သားအပေါင်းတို့သည်လည်း ကောသလမင်းကြီးကို အတုလိုက်ကြကုန်၍ တစ်လပတ်လုံး ကြီးစွားသောအလှူကို ဖြစ်စေကြကုန်၏။ ဤသို့နှစ်လတိုင်တိုင် မုန့်ညက်ရုပ်ကို အကြောင်းပြု၍ ကြီးစွာသောအလှူကို ဖြစ်စေကြလေကုန်၏။

မုန့်ညက်ရုပ် သတို့သမီး ပြိတ္တာအကြောင်း ပြီး၏။

၅-တိရောဋ္ဌ ပေတဝတ္ထု

ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာများ

တိရောကုဋ္ဌေသု တိဋ္ဌန္တိ- အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော တိရောကုဋ္ဌ ပေတဝတ္ထုကို ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် များစွာသောပြိတ္တာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား အကျယ်ဖြစ်သော စကားအစဉ်တည်း။

ဖုဿဘုရားရှင်

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကာသီ ကရာဇ်မည်သော ပြည်သည်ရှိ၏။ ထိုပြည်၌ ဇယသေနမည်သော မင်းသည် မင်းပြုလေ၏၊ ထိုမင်း၏မိဖုရားသည်ကား သိရိမာအမည်ရှိ၏။ ထိုမိဖုရား၏ဝမ်းတိုက်၌ ဖုဿအမည်ရှိသော ဘုရားလောင်းသည် ပဋိသန္ဓေနေတော်မူ၍ အစဉ်အားဖြင့် သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တတ်သော သမ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဇယသေနမင်း၏ ရတနာသုံးပါးအပေါ် သဘောထား

ဇယသေနမင်းသည် "ငါ၏သားတော်သည် အိမ်ရာတည်ထောင် လူ၏ဘောင်မှမြှင်သောတောထွက်ခြင်းကို ထွက်တော်မူ၍ ဘုရားဖြစ်တော်မူ၏။ ဘုရားလည်း ငါ၏ဘုရားတည်း၊ တရားလည်း ငါ၏တရားတည်း၊ သံဃာလည်း ငါ၏သံဃာတည်း"

http://www.dhammadownload.com

ဟု မြတ်နိုးခြင်းကိုဖြစ်စေ၍ အခါခပ်သိမ်း ကိုယ်တိုင်သာလျှင် လုပ်ကျွေး၏။ သူတစ်ပါးတို့အား လုပ်ကျွေး ပြုစုခွင့်ကို မပေးလေ။

ရတနာသုံးပါးလုပ်ကျွေးရန် ညီတော်တို့၏အကြံ

ဖုဿဘုရားရှင်၏ ညီငယ်ဖြစ်ကြကုန်သော အဖေတူ အမေကွဲ ညီနောင်သုံးယောက်တို့သည် ဤသို့ အကြံဖြစ်ကြကုန်၏။ "ဘုရားရှင်တို့မည်သည်ကား ခပ်သိမ်းသောလောကဓာတ်၏ အစီးအပွားအလို့ငှာ ပွင့်ထွန်းဖြစ်ပေါ်၍ လာကုန်၏။ တစ်ယောက်တည်း၏ အကျိုးငှာသာ ပွင့်ထွန်းဖြစ်ပေါ်သည် မဟုတ်ကုန်၊ ငါတို့၏ ခမည်းတော်မင်းကြီးသည်လည်း သူတစ်ပါးတို့အား လုပ်ကျွေးခွင့်ကို မပေးခဲ့၊ ငါတို့သည် အဘယ်သို့လျှင် ဘုရားရှင်ကိုလည်းကောင်း၊ တရား၊ သံဃာတော်ကိုလည်းကောင်း လုပ်ကျွေးဆည်းကပ်ခြင်းငှာ ရကြ ပါကုန်အံ့နည်း" ဤသို့ ကြံကြကုန်၏။ ထိုမင်းသားတို့အား ဤသို့သောအကြံသည် ဖြစ်ပြန်လေ၏။ အဘယ်သို့ ဖြစ်ပြန်သနည်းဟူမူ "ငါတို့သည် တစ်ခုတစ်ခုသော အကြောင်းဥပါယ်တံမျဉ်ကို ပြုလုပ်ကြကုန်အံ့"ဟု ကြံ၍ ထိုမင်းသားတို့သည် တိုင်းစွန်ပြည်ဖျား အရပ်ဒေသများကို ခိုးသားဓားပြ ထကြသကဲ့သို့ ပြုလုပ်စေကြကုန်၏။

သားတို့အား တိုင်းစွန်ပြည်ဖျားသို့စေလွှတ်

ထိုနောင်မှ ခမည်းတော်မင်းကြီးသည်လည်း "တိုင်းစွန်ပြည်ဖျား ဒေသများ၌ ခိုးသားဓားပြ ထကြသောင်းကျန်းနေ၏"ဟု ကြား၍ သားတော်သုံးယောက်ပုံကို တိုင်းစွန်ပြည်ဖျား ငြိမ်သက်စေခြင်းငှာ စေလွှတ်လိုက်လေ၏။

သားတော်များ လိုရာဆုတောင်းစေ

ထိုမင်းသား ညီနောင်တို့လည်း သွား၍ ထကြသောင်းကျန်းနေသူတို့ကို ငြိမ်သက်အေးချမ်းစေပြီးလျှင် ပြန်လာကြကုန်၏၊ ခမည်းတော်မင်းကြီးလည်း နှစ်သက်အားရတော်မူလှသည်ဖြစ်၍ "သင်တို့ အကြင်ဆုကို အလိုရှိကြ နှစ်သက်ကြကုန်၏၊ ထိုနှစ်သက်ရာဆုကို ယူကြကုန်လော့"ဟု ဆို၍ ဆုကို ပေးတော်မူလေ၏။

ဘုရားရှင်အား လုပ်ကျွေးခွင့်ဆုကို ပေးပါ

မင်းသားတို့သည် "အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လုပ်ကျွေးပြုစုခြင်းငှာ အလိုရှိကြပါကုန်၏"ဟု လျှောက်ထား သံတော်ဦးတင်ကြကုန်သည်ရှိသော် မင်းကြီးလည်း "ဤဆုကိုထား၍ ဤမှတစ်ပါး အခြားဆုကို ယူကြကုန်လော့"ဟု

http://www.dhammadownload.com

ဆိုလေ၏။ ထိုမင်းသားတို့သည် "အကျွန်ုပ်တို့သည် တစ်ပါးသောဆုကို အလိုမရှိကြပါကုန်"ဟု လျှောက်ထား သံတော်ဦးတင်ကြလေကုန်၏။

ဘုရားရှင်အား လုပ်ကျွေးခွင့် သုံးလ ပေးတော်မူခြင်း

"ထိုသို့ဖြစ်မူ အချိန်ကန့်သတ်၍ ယူကြကုန်လော့"ဟု ဆိုလေ၏၊ ထိုမင်းသားတို့သည် ခုနစ်နှစ်တို့ပတ်လုံး လုပ်ကျွေးရန် တောင်းဆိုကြကုန်၏။ မင်းကြီးလည်း ပေးတော်မမူပေ၊ ဤသို့သောနည်းဖြင့် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလတို့တိုင်တိုင် ပေးသနားတော်မူရန် တောင်းဆိုကြပြီးလျှင် သုံးလတိုင်အောင် တောင်းဆိုကြကုန်၏။ ထိုအခါ မင်းကြီးသည် "သုံးလတိုင်တိုင် လုပ်ကျွေးမှုကို ယူကြကုန်လော့"ဟု ပေးသနားတော်မူ၏။

မင်းသားတို့နေရာသို့ ဘုရားရှင်ကိုပင့်ခြင်း

ထိုမင်းသားတို့သည် ဘုရားရှင်ထံသို့ ချဉ်းကပ်ကြကုန်၍ "ဘုန်းတော်ကြီးသော့ အရှင်မြတ်ဘုရား – တပည့်တော်တို့သည် ရှင်တော်မြတ်ဘုရားကို သုံးလပတ်လုံး လုပ်ကျွေးဆည်းကပ်ခြင်းငှာ အလိုရှိကြပါကုန်၏၊ ရှင်တော်မြတ်ဘုရား– ရှင်တော်ဘုရားသည် အကျွန်ုပ်တို့အား သနားချီးမြှောက်တော်မူသောအားဖြင့် အကျွန်ုပ်တို့၏ မြို့ရွာ၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူပါကုန်ဘုရား"ဟု လျှောက်ထားကြလေကုန်၏။ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် သည်းခံ ခွင့်ပြုတော်မူလေ၏။

ဥပဋ္ဌာကမှုအတွက် ပရိုက်ပြုကြပုံ

ထိုမင်းသားညီနောင်တို့သည် မိမိ၏ဇနပုဒ်၌ ပြုဖွယ်ရာအမှုကိစ္စများကို စီရင်၍နေသော-မင်းချင်းယောကျ်ား၏အထံသို့ "ငါတို့သည် ဤဝါတွင်းခဲ့လပတ်လုံး ဘုရားရှင်ကို ဆည်းကပ်လုပ်ကျွေးအပ်၏။ ကျောင်းကို အစထား၍ အလုံးစုံ ဘုရားရှင်အား ဆည်းကပ်လုပ်ကျွေးရန် အဆောက်အဦကို ပြည့်စုံအောင် စီရင်လေလော့" ဟု ကမ္ဘည်းစာကိုရေး၍ အမိန့်သဝဏ်လွှာကို စေလွှတ်ပို့စေကြကုန်၏။ ထိုဇနပုဒ်၌ စီရင်၍နေသော မင်းချင်းယောကျ်ားသည် အလုံးစုံကို ပြည့်စုံစေ၍ မင်းသားတို့ထံ သဝဏ်လွှာ ပြန်ကြားပို့စေ၏။

ထိုမင်းသားတို့သည် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကြကုန်သည်ဖြစ်၍ အမှုကြီးငယ်ကို စီရင်ပြုလုပ်တတ်ကုန်သော တစ်ထောင်သော ယောကျ်ားတို့ဖြင့်

http://www.dhammadownload.com

မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်း သံဃာတော်ကိုလည်းကောင်း ရှိသေစွာ ဆည်းကပ်လုပ်ကျွေးကြကုန်လျက် ဇနပုဒ်သို့ ပင့်ဆောင်ခဲ့ပြီးလျှင် ကျောင်းကို လှူဒါန်းအပ်နှင်း၍ ဝါကပ်ဆိုတော်မူကြစေကုန်၏။

ဇနပုဒ်သားအချို့ အလှူဒါနမှုကို ဖျက်ဆီးကြပုံ

ထိုမင်းသားတို့၏ ဘဏ္ဍာစိုးဖြစ်သော တစ်ယောက်သော သူကြွယ်၏သား သည် မိမိ၏ သားမယားနှင့်တကွ သဒ္ဓါတရားရှိသည်ဖြစ်၍ ရတနာသုံးပါး၌ ကြည်ညိုး၏။ ထိုသူကြွယ်၏သားသည် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား အရှိ အသေပြု၍ ဒါနဝတ်ကို မပြတ်ပြုလုပ် လှူဒါန်း၏။ ဇနပုဒ်၌ အားထုတ်စီရင်၍နေသော မင်းချင်းယောကျ်ားသည် ထိုသူကြွယ်၏သားကို ခေါင်းဆောင်၍ ဇနပုဒ်၌ နေထိုင်ကြကုန်သော တစ်သောင်းတစ်ထောင်ကုန်သော ယောကျ်ားတို့နှင့်အတူတကွ ရှိသေစွာသာလျှင် အလှူဒါနကို ဖြစ်စေ၏။ ထိုလူအပေါင်းတို့တွင် အချို့သော ဇနပုဒ်သားတို့သည် နှောင့်ယှက်ဖျက်ဆီးလိုသောစိတ် ရှိကြကုန်၏။ ထိုသူတို့သည် အလှူဒါန၏အန္တရာယ်ကို ပြုကြ၍ လှူဖွယ်ဝတ္ထုကို မိမိတို့သည်ပင် စားသောက်ကြကုန်၏။ ဆွမ်းစားဇရပ်ကိုလည်း မီးဖြင့် တိုက်ကြကုန်၏။

ဖခမည်းတော်ထံ ပြန်ကြွတော်မူလာခြင်း

သီတင်းဝါလကျွတ်၍ ပဝါရဏာပြုကြကုန်ပြီးသည်ရှိသော် မင်းသားတို့သည် ဘုရားရှင်အား ပူဇော်သက္ကာရကို ပြုကြကုန်၍ ဘုရားရှင်ကို ရှေ့သွားဦးဆောင်ပြု၍ ဖခမည်းတော် မင်းမြတ်ထံသို့သာလျှင် ပြန်လာကြကုန်၏။

ကောင်းမှုပြုသူတို့ ကောင်းကျိုးရ၍ ဒါနဖျက်သူတို့ ငရဲကျကြခြင်း

ထိုအရပ်သို့သွားရောက်ပြီးလျှင် ဘုရားရှင်လည်း ပရိနိဗ္ဗာန်ဝင်စံလေ၏၊ ဇယသေနမင်းကြီးသည်လည်းကောင်း၊ သားတော်သုံးယောက်တို့သည်လည်းကောင်း ဇနပုဒ်၌နေသော မင်းချင်းယောကျ်ားသည်လည်းကောင်း၊ ဘဏ္ဍာစိုးသည်လည်းကောင်း အစဉ်သဖြင့် စုတေ သေလွန်ခြင်းကို ပြုကြကုန်ပြီးလျှင် မိမိတို့ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။ နှောင့်ယှက်ဖျက်ဆီးလိုစိတ် ရှိကြကုန်သော လူအပေါင်းတို့သည် ငရဲ၌ ဖြစ်ကြလေကုန်၏၊ ဤသို့ နှစ်မျိုးကုန်သောသူတို့၏ နတ်ပြည်တစ်ခုမှသည် နတ်ပြည်တစ်ခုသို့၊ ငရဲတစ်ခုမှသည် ငရဲတစ်ခုသို့ ကျင်လည်ဖြစ်ပျက်၍ နေကြကုန်စဉ် ကိုးဆယ့်နှစ်ကမ္ဘာတို့သည် လွန်ကုန်၏။

http://www.dhammadownload.com

ငရဲမှလွတ်ကြပြန်သော်လည်း

ထိုနောက် ဤဘဒ္ဒကပ်ကမ္ဘာတွင်ပင်လျှင် ကဿပမြတ်စွာဘုရား၏ လက်ထက်တော်၌ ကုသိုလ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုစိတ် ရှိကြကုန်သော လူအပေါင်းတို့သည် ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ကြသောအခါ လူတို့သည် မိမိ၏ ဆွေမျိုးဖြစ်ကုန်သော ပြိတ္တာတို့၏ အကျိုးစီးပွားအလို့ငှာ အလှူဒါနကို ပေးလှူကြ၍ "ဤအလှူဒါန၏အကျိုးသည် ငါတို့၏ ဆွေမျိုးတို့အား အမျှရရှိသည် ဖြစ်ပါစေသတည်း"ဟု ရည်မှန်း၍ အမျှပေးဝေကြကုန်၏။ ထိုပြိတ္တာတို့သည် စည်းစိမ်ချမ်းသာကို ရရှိခံစားကြရကုန်၏။

ကဿပဘုရားရှင်အား မေးမြန်းလျှောက်ထားကြခြင်း

ထိုအခါ ဤပြိတ္တာတို့သည်လည်း ထိုသူတစ်ပါးတို့ ခံစားရသည်ကို မြင်ကြ၍ ကဿပဘုရားရှင်သို့ ချဉ်းကပ်ကာ မေးလျှောက်ကြကုန်၏။ အဘယ်သို့ မေးလျှောက်ကြကုန်သနည်းဟူမူ "အရှင်မြတ်ဘုရား– တပည့်တော်တို့သည်လည်း ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ရနိုင်ကြ ပါကုန်အံ့လော"ဟု မေးလျှောက်ကြကုန်၏။

ဘုရားရှင် ဖြေကြားတော်မူပုံ

ကဿပဘုရားရှင်သည် "ယခု ဤငါဘုရား၏ လက်ထက်တော်အခါ၌ မရနိုင်ကြကုန်၊ နောင်သောအခါ ဂေါတမမည်သော ဘုရားရှင်သည် ပွင့်တော်မူလတ္တံ့၊ ထိုဂေါတမဘုရားရှင်၏ လက်ထက်တော်အခါ၌ ဗိမ္မိသာရမည်သော မင်းသည် ရှိလတ္တံ့၊ ထိုဗိမ္မိသာရမင်းသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရောသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်က သင်တို့ ဆွေမျိုးတော်ဖူးသူဖြစ်၏။ ထိုဆွေမျိုးတော်ခဲ့ဖူးသော ဗိမ္မိသာရမင်းကြီးသည် ဘုရားရှင်အား အလှူဒါနပေးလှူ၍ သင်တို့အား ရည်ညွှန်း၍ အမျှအတန်းပေးဝေလတ္တံ့။ ထိုအခါ စည်းစိမ်ချမ်းသာကို သင်တို့ ရကြကုန်လတ္တံ့"ဟု မိန့်ကြားတော်မူ၏။ ဤသို့ ကဿပဘုရားရှင် မိန့်ကြားတော်မူသည်ရှိသော် ထိုစကားသည် ထိုပြိတ္တာတို့အား နက်ဖြန်၌ပင် ခံစားရကုန်လတ္တံ့ဟု မိန့်ကြားသကဲ့သို့ ထင်ခြင်းသည်ဖြစ်၏။

ဂေါတမဘုရားရှင်လက်ထက်တော်တွင်

ထိုကဿပဘုရားရှင်လက်ထက်တော်မှ ငါတို့ ဂေါတမဘုရားရှင် လက်ထက်တိုင်အောင် နှစ်ဆူသောဘုရားရှင်တို့၏ တစ်ခုသောအကြားကို ကျော်လွန်ခဲ့သည်ရှိ

http://www.dhammadownload.com

သော် ငါတို့၏ ဂေါတမဘုရားသည် ပွင့်ထွန်းတော်မူလာလေ၏၊ ထိုဖုဿဘုရားရှင်၏ ညီတော်မင်းသား သုံးယောက်တို့သည်လည်း ယောကျ်ားပေါင်းတစ်ထောင်နှင့် အတူတကွ နတ်ပြည်မှ စုတေခဲ့ကြ၍ မဂဓတိုင်းတွင် ပုဏ္ဏားမျိုးဌာဖြစ်၍ အစဉ်အားဖြင့် ရသေ့ ရဟန်းပြု၍ ဂယာသီသအရပ်၌ သုံးယောက်ကုန်သော ရသေ့တို့သည် ဖြစ်ကြလေကုန်၏။ ဧနပုဒ်သား မင်းချင်းယောကျ်ားသည်ကား ဗိမ္မိသာရမင်း ဖြစ်လေ၏။ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်၏သားသည်ကား ဝိသာခမည်သော သူဌေးကြီး ဖြစ်လာလေ၏။ ထိုဘဏ္ဍာစိုးဖြစ်သော သူကြွယ်၏မယားသည်ကား ဓမ္မဒိန္နာမည်သော သူဌေးသမီးဖြစ်လာလေ၏။ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော ပရိသတ်တို့သည်ကား ဗိမ္မိသာရမင်း၏ အခြံအရံတို့သည်သာလျှင် ဖြစ်ကြလေကုန်၏။

ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ငါတို့၏ ဂေါတမဘုရားရှင်သည် လောကတွင် ပွင့်ထွန်းလာ၍ ဗောဓိမဏ္ဍိုင်၌ သတ္တသတ္တာဟကို ကျော်လွန်၍ပြီးလျှင် အစဉ်အားဖြင့် ဗာရာဏသီပြည်သို့ ကြွရောက်တော်မူ၍ ဓမ္မစကြာတရားရတနာကို ဟောတော်မူပြီးလျှင် ပဉ္စဝဂ္ဂိငါးဦးတို့ကို အစထား၍ တစ်ထောင်စီ အခြံအရံရှိကုန်သော သုံးယောက်ကုန်သော ဆံကျစ်ထုံးရသေ့တို့ကို ချေချွတ်ဆုံးမတော်မူပြီးကာ ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူ၏။

ဗိမ္မိသာရမင်း၏ဆွမ်းအလှူ

ထိုရာဇဂြိုဟ်ပြည်၌လည်း ထိုနေ့၌ပင်လျှင် ဆည်းကပ်၍လာသော ဗိမ္မိသာရမင်းကြီးကို တစ်သိန်းတစ်သောင်းကုန်သော အင်္ဂါတိုင်း၊ မဂဓတိုင်း၌ နေကြကုန်သော ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏၊ ထိုအခါ ဗိမ္မိသာရမင်းကြီးသည် နက်ဖြန်အလို့ငှာ ဆွမ်းဖြင့် ပင့်ဖိတ်အပ်သည်ဖြစ်၍ သည်းခံခွင့်ပြုတော်မူပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် လုလင်ငယ်အသွင် ဖန်ဆင်း၍ ရွှေ့မှသွားလျက်–

သိကြားမင်းချီးကျူးပုံ

ဒန္ဓော ဒန္ဓေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပွမုတ္တော ဝိပွမုတ္တေဟိ။
သီဂီနိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ–

အစရှိသော ဤဂါထာတို့ဖြင့် ချီးကျူးအပ်သည်ဖြစ်၍ ရာဇဂြိုဟ်ပြည်သို့ ဝင်

http://www.dhammadownload.com

၁၄ ဝုံယြးဝၞင်းဒၞင်းဒေဝဝဂ ::ဒေးဒြဲးဗျဲးဂစ်ဂင်ဂဖို့ဂ ယးဂ်ဲင်ဂြို့ဂ် ဂဂေစုံဝုဂ်ဝၞင်ဂဒေးဗျဲးဂ်ဲဖိုဂ်ဒေဝယးဗျဲးဂဂေဝဂင်ဂ ။။ထေဝ၅

http://www.dhammadownload.com

http://www.dhammadownload.com

တော်မူ၍ ဗိမ္မိသာရမင်းကြီး၏ နန်းတော်၌ မြတ်သော အလှူကို ခံယူတော်မူလေ၏။

ဒန္တော၊ ဣန္ဒြေသီးသီး ဆုံးမပြီး၍ ကျောက်ထီးပုံပေါ် ခန့်ညားသိမ်မွေ့တော်မူသော။ ဝိပ္ပမုတ္တော၊ ကိလေဆယ်ပါး အညစ်များကို ပယ်ရှားဖျောက်ဖျက် လွတ်ထွက်တော်မူပြီးသော။ သီဂီနိက္ခသဝဏ္ဏော၊ ဇမ္ဗူရာဇ်သီဂီ ဝေစီပွင့်ဆင်း ဝါဝါဝင်းလျက် တောက်လင်းဖြာဖြာ ရွှေရောင်ပမာ အဆင်းရှိတော်မူသော။ ဘဂဝါ၊ သုံးဘုံအလယ် လွန်တင့်တယ်လျက် ပြိုင်ဖွယ်ကင်းစင် ဘုန်းခြောက်ပါးသခင် ဖြစ်တော်မူသော ဘုရားရှင်သည်။ ဒန္တော်ဟိ၊ ဣန္ဒြေသီးသီး ဆုံးမပြီး၍ ကျောက်ထီးပုံပေါ် ခန့်ညားသိမ်မွေ့တော်မူကုန်သော။ ဝိပ္ပမုတ္တော်ဟိ၊ ကိလေဆယ်ပါးကို ပယ်ရှားဖျောက်ဖျက် လွတ်ထွက်ကြကုန်ပြီးသော။ ပုရာဏဇဋိလေဟိ၊ ရှေးဒဋ္ဌဖြစ်ဖူးကုန်သော တစ်ထောင်သောရဟန္တာတို့နှင့်။ သဟ၊ အတူတကွ။ ရာဇဂဟံ၊ ငါးလုံးတောင်မြတ်ရစ်ပတ်ကာခို ရာဇဂြိုဟ်သို့။ ပါဝိသိ၊ ခြောက်ဖြာအလင်း အရောင်ချင်းလျက် ဝါဝင်းလူလူ ကြွဝင်တော်မူပြီ။

ပြိတ္တာတို့ မျှော်လင့်နေကြပုံ

ထိုဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးတော်စပ်ဖူးကြသော ပြိတ္တာတို့သည်ကား "ယခုအခါ၌ ငါတို့ ဆွေမျိုးတော်စပ်ဖူးသော ဗိမ္မိသာရမင်းကြီးသည် အလှူဒါနအဖို့တို့ကို ငါတို့အား ရည်ညွှန်း၍ အမျှပေးဝေလတ္တံ့။ ယခုပင် အမျှဝေလတ္တံ့" ဟူသော အာသာဆန္ဒဖြင့် ခြံရံဝိုင်းဝန်းကာ ရပ်တည်လာကြကုန်၏။ မင်းကြီးသည် အလှူကို ပေးလှူပြီး၍ "အဘယ်အရပ်၌ ဘုရားရှင်ကို နေထိုင်စေတော်မူရပါအံ့နည်း" ဟု ဘုရားရှင်၏ နေထိုင်တော်မူရာ ကျောင်းကိုသာလျှင် ကြံစည်၍ နေလေ၏။ ထိုပြုခဲ့ပြီးသော အလှူဒါနအဖို့ကိုကား တစ်စုံတစ်ယောက်သောသူအား မျှ ရည်ညွှန်း၍ အမျှမပေးဝေမိပေ။

နန်းတော်တွင်းမှ ပြိတ္တာတို့အော်သံ

ထိုအကြောင်းကို မသိကြကုန်သော ပြိတ္တာတို့သည် ထိုဒါန၏အမျှဝေမှုကို မရကြကုန်သည်ဖြစ်၍ "အဖို့ဘာဂ မရကြတော့" ဟု ကင်းပြတ်သော အာသာဆန္ဒရှိကြကုန်သည်ဖြစ်၍ ညဉ့်အခါ မင်းကြီး၏နန်းတော်တွင်း၌ အတိုင်းထက်အလွန် ကြောက်မက်ဖွယ်ကောင်းသော ဖောက်ပြန်သော အသံစုံကို ပြုကြကုန်၏။

ဗိမ္မိသာရမင်းကြီး ကြောက်လန့်၍ ဘုရားရှင်အားလျှောက်ထား

မင်းကြီးသည် ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်ခြင်းသို့ ရောက်သည်ဖြစ်၍

http://www.dhammadownload.com

ညဉ့်မိုးသောက်လတ်သော် ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ကြားလေ၏၊ အဘယ်သို့ လျှောက်ကြားသနည်း ဟူမူကား "အရှင်မြတ်ဘုရား– ညဉ့်အခါ ဤသို့သဘောရှိသော ကြောက်မက်ဖွယ် အော်ဟစ်သံကို ကြားရပါ၏၊ တပည့်တော်၏ အဖို့ရာ အသို့ဖြစ်နိုင်ပါမည်နည်း" ဟု လျှောက်ကြားလေ၏။

ဗုဒ္ဓဖြေကြားပုံ

ဘုရားရှင်သည် "မြတ်သောမင်းကြီး ကြောက်တော်မမူလင့်၊ သင်မင်းကြီးအား တစ်စုံတစ်ခုသော မကောင်းကျိုးသည် မဖြစ်နိုင်ပါ၊ စင်စစ်သော်ကား ပြိတ္တာဖြစ်နေကြကုန်သော သင့်ဆွေမျိုးဟောင်းတို့သည် ရှိကုန်၏၊ ပြိတ္တာတို့သည် နှစ်ဆူသောဘုရားရှင်တို့၏ တစ်ခုသောအကြားကာလပတ်လုံး သင်မင်းကြီးသည် ဘုရားရှင်အား အလှူဒါနကို ပေးလှူ၍ ငါတို့အား ရည်မှန်းကာ အမျှပေးဝေလတ္တံ့ဟု မျှော်လင့်ကာ လှည့်လည်နေခဲ့ကြကုန်၏၊ သင်သည် ယမန်နေ့က အလှူဒါနကို ပေးလှူခဲ့ပါသော်လည်း ရည်မှန်းကာ အမျှအတန်း မပေးဝေမိသောကြောင့် ထိုပြိတ္တာတို့သည် ကင်းပြတ်သော အာသာဆန္ဒရှိကြကုန်သည်ဖြစ်၍ ထိုသို့သဘောရှိသော ကြောက်မက်ဖွယ်ရာ အသံစုံကို ပြုကြကုန်၏" ဟု မိန့်ကြားတော်မူလေ၏။

ပြိတ္တာတို့ရည်မှန်း နောက်တစ်ကြိမ်လှူဒါန်းရန်

"အရှင်မြတ်ဘုရား ယခုအခါ၌လည်း ပေးလှူသည်ရှိသော် ထိုပြိတ္တာတို့သည် အမျှရကြပါကုန်အံ့လော" ဟု လျှောက်ကြားရာ "မင်းကြီး ရနိုင်ပါ၏" ဟု မိန့်တော်မူ၏၊ "ထိုသို့ဖြစ်မူကား ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား– အရှင်ဘုရားသည် ယနေ့အလို့ငှာ တပည့်တော်၏အလှူကို သည်းခံတော်မူပါလော့၊ ထိုပြိတ္တာတို့အား ရည်မှန်းကာ လှူဒါန်းပါအံ့" ဟု လျှောက်ကြားလေ၏၊ ဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူလေ၏။

နံရံတစ်ဖက်မှ ပြိတ္တာတို့ စောင့်မျှော်နေ

မင်းကြီးသည် နန်းတော်သို့ပြန်ပြီးလျှင် ကြီးစွာသောအလှူကို စီရင်၍ ဘုရားရှင်အား အချိန်အခါကို ကြားလျှောက်စေ၏၊ ဘုရားရှင်သည် မင်းကြီး၏ နန်းတော်တွင်းသို့ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ ရဟန်း သံဃာတော်အပေါင်းနှင့်တကွ ထိုင်နေတော်မူလေ၏၊ ထိုပြိတ္တာတို့သည် "ယနေ့ စင်စစ်ကောန် အမျှရကြကုန်ပေတော့အံ့" ဟု သွားကြ၍ နံရံတစ်ဖက် စသည်တို့၌ စောင့်မျှော်တည်နေကြကုန်၏။

http://www.dhammadownload.com

ပြိတ္တာတို့အား မင်းကြီးမြင်ရန် ဗုဒ္ဓဖန်ဆင်းပြခြင်း

ဘုရားရှင်သည် အကြင် အခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော် အလုံးစုံလည်းဖြစ်ကုန်သော ထိုပြိတ္တာတို့သည် မင်းကြီးအား ထင်ရှားစွာ မြင်နိုင်ခြင်းသို့ ရောက်ကြကုန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ပြုလုပ်ဖန်ဆင်းတော်မူ၏၊ မင်းကြီးသည် မြတ်သောအလှူကို ရေစက်သွန်းချသည်ရှိသော် "ဤကောင်းမှုသည် ငါ၏ အဆွေအမျိုးဖြစ်ခဲ့ဖူးသော ပြိတ္တာတို့အား အကုတကွ အမျှရသည် ဖြစ်ပါစေသတည်း"ဟု ရည်မှန်းကာ လှူဒါန်းလေ၏။

အမျှရ၍ ပြိတ္တာတို့ ချမ်းသာကြခြင်း

ထိုအမျှပေးဝေဆဲခဏ၌ပင်လျှင် ကြာရိုး ကြာစွယ် အသွယ်သွယ်သော ကြာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော လေးထောင့်ရေကန်ကြီးတို့သည် ဖြစ်ပေါ်၍ လာကုန်၏၊ ထိုပြိတ္တာတို့သည် ထိုရေကန်ကြီး၌ ချိုး၍လည်းကောင်း၊ သောက်၍လည်းကောင်း ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ မွတ်သိပ်ခြင်း ကင်းကွာငြိမ်းအေးကြကုန်၍ ရွှေအဆင်းကဲ့သို့သော အဆင်းရှိကြကုန်သည် ဖြစ်ကုန်၏၊ မင်းကြီးသည် ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ပေးလှူ၍ ရည်မှန်းကာ အမျှပေးဝေပြန်လေ၏၊ ထိုပြိတ္တာတို့အား ထိုအမျှပေးဝေသောခဏ၌ပင်လျှင် နတ်၌ဖြစ်သော ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို စားသောက်ကြရကုန်၍ ပြည့်ဖြိုးသောဣန္ဒြေ ရှိကြသည်ဖြစ်ကုန်၏၊ ထိုနောင်မှ အဝတ်ပုဆိုး အိပ်ရာနေရာတို့ကို လှူဒါန်း၍ ရည်မှန်းကာ အမျှပေးဝေပြန်လေ၏၊ ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ် အိပ်ရာနေရာ အခင်းအစရှိသော တန်ဆာအစီအရင်တို့သည် ဖြစ်လာကုန်၏။

ပြိတ္တာတို့ ချမ်းသာပုံ ဗုဒ္ဓပြတော်မူခြင်း

ထိုပြိတ္တာတို့၏ အလုံးစုံသော စားဖွယ် သောက်ဖွယ် စသော စည်းစိမ်ဥစ္စာအဖြာဖြာတို့ ပြည့်စုံလာခြင်းဟူသမျှကို အကြင် အခြင်းအရာအားဖြင့် ပြအပ်သည်ရှိသော် မင်းကြီးသည် ထင်ရှားစွာ မြင်ရသည်ဖြစ်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ဘုရားရှင်သည် အဓိဋ္ဌာန်၍ ပြတော်မူလေ၏၊ မင်းကြီးသည် ထိုအလုံးစုံသော စည်းစိမ်ဥစ္စာ အဖြာဖြာကိုမြင်၍ အတိုင်းထက်အလွန် ကြည်ရွှင်ဝမ်းမြောက်ခြင်းသည် ဖြစ်လေ၏။

တိရောကုဋ္ဌပေတဝတ္ထု ဒေသနာဟောကြား

ထိုနောက်မှ ဘုရားရှင်သည် ဆွမ်းဘဉ်းပေးပြီးတော်မူ၍ "တန်ပြီ"ဟု ပယ်

http://www.dhammadownload.com

မြစ်ပြီးသည်ဖြစ်၍ ဗိမ္မိသာရမင်းကြီးအား အနုမောဒနာ ပြုရန်အလို့ငှာ နံရံတစ်ဖက်၌ စောင့်လင့်၍နေကြသော ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးတော်ခဲ့ဖူးသည့် ပြိတ္တာတို့၏အကြောင်း တိရောကုဋ္ဌပေတဝတ္ထုကို ဟောတော်မူ၏။

၁၄။ တိရောကုဋ္ဌေသု တိဋ္ဌန္တိ၊ သန္ဓိသိဃ်ာဌကေသု စ။
ဒ္ဝါရဗာဟာသု တိဋ္ဌန္တိ၊ အာဂန္တွာန သကံ ဃရံ။

၁၄။ မဟာရာဇ၊ ဘုရင်မင်းမြတ် ဗိမ္မိသာရ။ ဉာတိပေတာ၊ ဘဝါ ဘဝ သံသရာက ဖန်ခါမပြတ် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ပြိတ္တာတို့သည်။ သကံ ဃရံ၊ ကိုယ့်အိမ်ထင်မှတ်၊ နန်းတော်မြတ်သို့။ အာဂန္တွာန၊။ အားကိုးပြီးကာ လာရောက်ကြရာကုန်၍။ တိရောကုဋ္ဌေသုစ၊ နံရံခြား တစ်ဖက်ဌာနတို့၌လည်းကောင်း။ သန္ဓိသိဃ်ာဌကေသု စ၊ ခြံစပ်ချုံစပ်လမ်းဆုံလမ်းမတို့၌လည်းကောင်း။ တိဋ္ဌန္တိ၊ စောင့်မျှော်ပြီးတုံရပ်တည်နေကြကုန်၏။ ဒ္ဝါရဗာဟာသု၊ အိမ်၏တံခါး လက်တား လက်ရုံးတို့၌။ တိဋ္ဌန္တိ၊ အမြဲမပြတ် အကဲခပ်၍ တည်နေကြကုန်၏။

ဤသို့ ဘုရားရှင်သည် ရှေးဌ မနေဖူးသော်လည်း ရှေးဘဝက ဉာတိတော်စပ်သောသူ၏အိမ်ဖြစ်သောကြောင့် ဗိမ္မိသာရမင်းကြီး၏ နန်းတော်ကို မိမိတို့၏ အိမ်ဟူသောအမှတ်ဖြင့် လာကြ၍ နံရံတစ်ဖက် စသည်တို့၌ စောင့်မျှော်တည်နေကြကုန်သည့် ရှေးကပြုခဲ့ဖူးသော ငြူစူဝန်တို့ မနာလိုမှု၏အကျိုးကို ခံနေကြရကုန်သော အလွန်လျှင် အမြင်မကောင်းအောင် ဖောက်ပြန် ကြောက်မက်ဖွယ်သဏ္ဌာန် ရှိကြကုန်သော များစွာကုန်သော ပြိတ္တာတို့ကို ပြသပြီးလျှင် "တိရောကုဋ္ဌေသု တိဋ္ဌန္တိ" စသော ဂါထာကို ဟောကြားတော်မူ၍ တစ်ဖန် ထိုသူတို့ ပြုအပ်ခဲ့သော အကုသိုလ်ကံ၏ ကြမ်းတမ်းလှသည်၏အဖြစ်ကို ပြတော်မူလိုသည်ဖြစ်၍-

၁၅။ ပဟူတေ အန္နပါနမှိ၊ ခဇ္ဇဘောဇ္ဇေ ဥပဋ္ဌိတေ။
န တေသံ ကောစိ သရတိ၊ သတ္တာနံ ကမ္မပစ္စယာ။

၁၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပဟူတေ၊ များပြားစွာသော။ အန္နပါနမှိ၊ အရသာပေါ် ထမင်းအဖျော်သည်လည်းကောင်း။ ခဇ္ဇဘောဇ္ဇေ၊ ချို ချဉ် စပ် ငန် ဖန်ဖန်လီလီ ခဲဖွယ်ဘောဇဉ်တို့သည်လည်းကောင်း။ ဥပဋ္ဌိတေ၊ နီးနီးကပ်ကပ် စီရင်အပ်ပါလျက်။ ကမ္မပစ္စယာ၊ ကိုယ်တိုင်ရှေးက ပြုခဲ့ကြသည့် အကုသိုလ်ကံ တားမြစ်ပြန်ခြင်းဟူသော အကြောင်းကြောင့်။ တေသံသတ္တာနံ၊ ထိုအကုသိုလ်အတွက် ပြိတ္တာဖြစ်လျက်နေကြသော သတ္တဝါတို့၏။ ကောစိ၊ မိဘ သားသမီး ဇနီးမိတ်ဆွေ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

အတူနေလျှင်တစ်စုံတစ်ယောက်သောသူသည်။ နှ သရတိ၊ ကုသိလဒါန ပြုလုပ်ကြလည်း အမျှဝေမှု အကြောင်းစုကို သတိမပြုနိုင်ကြချေ။

ဤသို့ ဘုရားရှင်သည် များစွာသော ထမင်းအဖျော် စသည့် ပစ္စည်းများရှိငြားသော်လည်း တောင့်တမျှော်လင့်၍ နေကြကုန်သော ဆွေမျိုးတော်စပ်ဖူးသော ပြိတ္တာတို့၏ ပြုအပ်ခဲ့သော မကောင်းမှုကံအစွမ်းကြောင့် ဆွေမျိုးပြိတ္တာတို့အား အမှတ်မရနိုင်သည်၏အဖြစ်ကို ပြဆိုပြီး၍ ယခုအခါ ပြိတ္တာဘုံ၌ဖြစ်သော ဆွေမျိုးတို့ကို ရည်မှန်း၍ မင်းကြီးသည် လှူဒါန်းအပ်သောအလှူကို ချီးကျူးတော်မူလိုရကား တတိယမြောက်ဂါထာကို ဟောကြားတော်မူလေ၏။

၁၆။ ဧဝံ ဒဒန္တိ ဉာတီန၊ ယေ ဟောန္တိ အနုကမ္ပကာ။
သုစီ ပဏီတံ ကာလေန၊ ကပ္ပိယံ ပါနဘောဇနံ။

၁၆။ ရာဇ၊ ရေမြေသေဉ်နင်း ပြည့်ရှင်မင်းမြတ်။ ယေ၊ သားသမီး စစွာ အကြင် ဆွေမျိုးမိတ်သဟာတို့သည်။ ဉာတီနံ၊ ရှေးရှေးဘဝက ဆွေမျိုးဖြစ်သော ပြိတ္တာတို့အား။ အနုကမ္ပကာ၊ အစဉ်သနားစောင့်ရှောက်တတ်ကုန်သည်။ ဟောန္တိ၊ ဧကန်မုချ ဖြစ်ရလေကုန်တော့၏။ တေ၊ ထိုမိဘ သားသမီး ဧနိး မိတ်ဆွေ အတူနေ ဟူသမျှတို့သည်။ သုစိ၊ မွေးကြိုင်လှိုင်ပျံ့ ထုံရနံ့သင်း သန့်ရှင်းစင်ကြယ်သော။ ပဏီတံ၊ အရသာပါ မွန်မြတ်စွာသော။ ကပ္ပိယံ၊ လျောက်ပတ်ဖွယ်ရာ သုံးဆောင်ခြင်းငှာထိုက်သော။ ပါနဘောဇနံ၊ အဖျော်ယမကာ ဘောဇဉ်အစာကို။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဧဝံ၊ ဤသို့စိတ်ဝယ် မှန်းဆရွယ်၍။ ဒဒန္တိ၊ စေတနာထက် သဒ္ဓါလက်၍ မပျက်တမူ ပေးလှူကြကုန်တော့၏။

ယခုအခါ အကြင်သို့သော အခြင်းအရာအားဖြင့် ပေးကမ်းလှူဒါန်းသည်ရှိသော် ထိုဆွေမျိုးပြိတ္တာတို့အား ပေးကမ်းလှူဒါန်းရာရောက်၏၊ ထိုရည်မှန်း၍ ပေးကမ်းစွန့်ကြဲပုံကို ညွှန်ပြတော်မူလိုသောဘုရားရှင်သည် စတုတ္ထမြောက်ဂါထာကို ဟောကြားတော်မူလေ၏။

၁၇။ (က) ဣဒံ ဃေါ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

၁၇။ ရာဇ၊ ရေမြေသေဉ်နင်း ပြည့်ရှင်မင်း။ ယေ၊ သားသမီးစစွာ ဆွေမျိုးမိတ်သဟာတို့သည်။ ဉာတီနံ၊ ရှေးရှေးဘဝ မိဘစစွာ ဆွေမျိုးဖြစ်သော ပြိတ္တာတို့အား။ အနုကမ္ပကာ၊ အစဉ်သနားစောင့်ရှောက်တတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုသားသမီးနှင့် ဧနိးမိတ်ဆွေ အတူနေဟူသမျှတို့သည်။ ဣဒံ၊ ဤငါတို့ယခု လှူဒါန်းပြုသည့် ကောင်းမှုဟူသမျှသည်။ ဉာတီနံ၊ ရှေးရှေးဘဝ များလှဖုံဖုံ

http://www.dhammadownload.com

ဆွေမျိုးဖြစ်ကြကုန်သော။ ဝေါ၊ အတိတ်ကံဂြိုဟ်ဆိုး ဝင်ရောက်တိုး၍ ခိုကိုးမဲ့ရာ သင် ပြိတ္တာတို့အား။ ဟောတု၊ မလွဲစင်စစ် အမှန်ဖြစ်ပါစေသတည်း။ ဉာဝယော၊ ပြိတ္တာဘုံဇာတ် ကပ်ရောက်နေငြား သင်ဆွေမျိုးများတို့သည်။ သုခိတာ၊ ညှိုးမှိန်ပူဆာ စိုးရိမ်ကွာ၍ ချမ်းသာအေးမြ ကောင်းကျိုးရကြကုန်သည်။ ဟောန္တု၊ မလွဲစင်စစ် အမှန်ဖြစ်ပါစေကုန်သတည်း။ ဇဝံ၊ ဤသို့စိတ်ဝယ် မှန်းဆရွယ်၍ သွယ်သွယ်ကောင်းမှု ပြုစုပြီးတဲ့ ဆုတောင်းကြကုန်၍။ ဒဒန္တိ၊ စေတနာဖြိုး သဒ္ဓါတို့၍ ကောင်းကျိုးမျှော်ဝေ လှူဒါန်းကြလေကုန်၏။

ဤဂါထာ၌ "ဣဒံ ဝေါ ဉာတီနံ ဟောတု"ဟု ဟောကြားအပ်သော်လည်း တစ်ပါးသောသူ ပြုအပ်သောကောင်းမှုကံသည် ပြုသူမှတစ်ပါး အခြားသောသူအား အကျိုးမပေးနိုင်ပေ၊ စင်စစ်သော်ကား အကြင်အခြင်းအရာအားဖြင့် ရည်မှန်းကာ လှူဒါန်းအပ်သောသူတို့၏ လှူဖွယ်ဝတ္ထု ကောင်းမှုသည် ဆွေမျိုးပြိတ္တာတို့အား အနုမောဒနာကုသိုလ်၏ အထောက်အပံ့သည် ဖြစ်၏၊ ထိုအခြင်းအရာကြောင့် လှူဒါန်းအပ်သောသူတို့၏ လှူဖွယ်ဝတ္ထု မြတ်ကောင်းမှုသည် ပေးလှူသောခဏ၌ပင်လျှင် အကျိုးတရား ဖြစ်ပွားစေနိုင်သော ကောင်းမှုကံသည် ဖြစ်လေ၏ဟု ပြတော်မူလိုသော ဘုရားရှင်သည် စတုဿဂါထာ၏ နောက် (၄) ပါဒကို ဟောကြားတော်မူလေ၏။

၁၇။ (ခ) တေ စ တတ္ထ သမာဂန္တ္ဝာ၊ ဉာတိပေတာ သမာဂတာ။
ပဟူတေ အန္နပါနမှိ၊ သက္ကစ္စံ အနုမောဒရေ။

၁၇။ တေ စ ဉာတိပေတာ၊ ဆွေမျိုးတော်ငြား ထိုပြိတ္တာများတို့သည်လည်း။ တတ္ထ၊ စင်ဖြူသဒ္ဓါ စေတနာဖြင့် ထိုလှူရာဌာနသို့။ သမာဂန္တ္ဝာ သမာဂတာ၊ ကောင်းစွာခဏ လာရောက်ကြကုန်၍။ ပဟူတေ၊ စီမံထားရာ များပြားစွာသော။ အန္နပါနမှိ၊ သင်တို့ရည်မှန်း လှူဒါန်းပူဇော် ထမင်းအဖျော်၌။ သက္ကစ္စံ၊ အလှူဒါန ကျိုးဖလကို စိတ်ကတည်တည် ယုံကြည်လေးမြတ်စွာ။ အနုမောဒရေ၊ ဤအလှူကားတို့ စီးပွားဟု စိတ်ထားစုံပိုက် ဝမ်းမြောက်လိုက်ကြလေကုန်၏။

ထိုနောင် ဆွေမျိုးပြိတ္တာတို့၏ မိမိဆွေမျိုးတို့အား ချီးကျူး၍ မေတ္တာထူး ပွားများပုံ အခြင်းအရာကို ပြတော်မူလိုသော ဘုရားရှင်သည် ပဋ္ဌမမြောက်ဂါထာကို ဟောကြားတော်မူလေ၏။

၁၈။ စိရံ ဝီဝန္တု၊ နော ဉာတီ၊ ယေသံ ဟေတု လဘာမသေ။
အမှာကဉ္စ ကတာ ပူဇာ၊ ဒါယကာ စ အနိပ္ဖလာ။

၁၈။ ယေသံ၊ အကြင်ရည်ရွယ်မျှော်မှန်း လှူဒါန်းမျှဝေ အကြင်အမျိုးအဆွေ

http://www.dhammadownload.com

တို့၏။ ဟေတု၊ ကောင်းမှုတည်းဟူသော အကြောင်းကြောင့်။ မယံ၊ ကာလရှည်ကြာ ဆင်းရဲ၍နေရသော ပြိတ္တာဘဝတို့သည်။ လဘာမသေ၊ ဤသို့စုံစုံ အဖုံဖုံသောစည်းစိမ်ကို ရကြပါကုန်၏။ နော၊ ငါ တို့၏။ တေ ဉာတီ၊ အားကိုးရာရှာ ထိုဆွေဉာတိုသည်။ စိရံ၊ ရောဂါဘေးဘျမ်း မထွေးသန်းဘဲ အေးချမ်းသာယာ နှစ်ရှည်ကြာအောင်။ ဇီဝန္တု၊ ရုပ်နာမ်နှစ် ချက် ဇီဝိန်သက်သည် မပျက်ကောင်းစွာ တည်ရှိကြပါစေကုန်သတည်း။ အမှာကဉ္စ၊ သူတို့ပြုဖန် စည်းစိမ်မှန်ကို ကောန်ခံစားရတဲ့ ငါတို့အားလည်း။ ပူဇာ၊ ချမ်းသာဖို့ရင်း ပူဇော်ခြင်းကို။ ကတာ၊ မတွယ်မကပ် ပြုအပ်ပေ၏။ ဒါယကာစ၊ စေတနာထက် ဝေဖြာလက်၍ မပျက်လှူရှာ ဆွေမျိုးဖြစ်သော ဒါယကာတို့သည်လည်း။ အနိပ္ဖလာ၊ လူနတ်နိဗ္ဗာန် သုံးတန်အကျိုး မွားတိုးကြလေကုန်၏။

မေးဖွယ်၊ ရှင်းဖွယ်

ဤဂါထာတွင် "ယေသံ ဟေတု လဘာမသေ" "ဆွေမျိုးတို့၏ ပေးလှူအပ်သော ကောင်းမှုတည်းဟူသော အကြောင်းကြောင့် ဤသို့စုံစုံ အဖုံဖုံသော စည်းစိမ်ကို ရကြပါကုန်၏"ဟူသော စကားရပ်၌-

၁။ ပြိတ္တာတို့က ဝမ်းမြောက်နုမော် သာဓုခေါ်ခြင်း၊

၂။ အလှူရှင် ဒါယကာတို့က ရည်မှန်း၍ လှူဒါန်းခြင်း၊

၃။ အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း ဟူသည့် ဤသုံးပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော အလှူဒါန စေတနာသည် ထိုရေစက်သွန်းချကာ အမျှပေးဝေဆေးကြာဒ္ဓပင်လျှင် အကျိုးတရားကို ဖြစ်ပွားစေတတ်၏။

ဤနေရာ၌ "ပြိတ္တာဘုံ၌ ဖြစ်ကြကုန်သော သူတို့သည်သာလျှင် ဆွေမျိုးတည်းဟူသော အကြောင်းကြောင့် စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ရကြကုန်သလော၊ ထိုသို့မဟုတ် ဆွေမျိုးမတော်သောသူတို့သည်လည်း ရကြကုန်သေးသလော"ဟု မေးဖွယ်ရှိပေ၏။

ထိုမေးဖွယ်နှင့် ပတ်သက်၍ ဘုရားရှင်သည် ဤသို့ဟောကြားတော်မူထား၏။

ပုဏ္ဏားတို့အရေး ပုဏ္ဏားတစ်ဦးမေး

"အို အရှင်ဂေါတမ၊ 'ဤအလှူဒါနသည် တမလွန်ဘဝ ပြောင်းသွား ကြကုန်သော ဆွေမျိုးတော်စပ်သူတို့အတွက် ဖြစ်ပါစေသတည်း။ ဤအလှူဒါနကို တမလွန်ဘဝ ပြောင်းသွားကြကုန်သော ဆွေမျိုးတော်စပ်သူတို့ ကပ်ရောက်သုံးဆောင် ခံစားကြစေကုန်သတည်း'ဟု ရည်မှန်းကာ အကျွန်ုပ်တို့ ပုဏ္ဏားမျိုးတို့မည်သည် အလှူဒါန

http://www.dhammadownload.com

တို့ကို လှူဒါန်းပါကုန်၏၊ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပါကုန်၏။ အို အရှင်ဂေါတမ– အသို့ပါနည်း၊ ထိုလှူဒါန်းမှု ကောင်းမှုကုသိုလ်ကို ဆွေမျိုးတော်စပ်ကုန်သော ဘဝတစ်ပါးပြောင်းသွားကြကုန်သော ပြိတ္တာတို့အတွက် ဖြစ်ပါကုန်၏လော၊ အသို့နည်း ဆွေမျိုးတော်စပ်ကုန်သော ဘဝတစ်ပါးပြောင်းသွားကြကုန်သော သူတို့သည် ထိုအလှူဒါနကို သုံးဆောင် ခံစားရပါကုန်၏လော"ဟု ပုဏ္ဏားတစ်ဦး လျှောက်ထားပူးလေ၏။

ဘုရားရှင်၏အဖြေတော်

ထိုအခါ ဘုရားရှင်သည် "အချင်းပုဏ္ဏား– သင့်လျော်သောအကြောင်းရှိလတ်သော် သုံးဆောင် ခံစားရတတ်၏၊ သင့်လျော်သောအကြောင်း မရှိလတ်သော် မခံစားရတတ်ပေ"ဟု မိန့်တော်မူ၏။

သင့် မသင့် အကြောင်းဟူသည်

"အို အရှင်ဂေါတမ သင့်လျော်သောအကြောင်းနှင့် မသင့်လျော်သောအကြောင်းဟူသည် အဘယ်ပါနည်း" ဟု ပုဏ္ဏားသည် မေးလျှောက်ပြန်လေ၏။

ငရဲသို့ရောက်ရသူများ

"ပုဏ္ဏား– ဤလောက၌ အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏၊ အချို့သောသူသည် သူ့ဥစ္စာကို ခိုးယူလေ့ရှိ၏၊ အချို့သောသူသည် ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ကို ကျင့်လေ့ရှိ၏၊ အချို့သောသူသည် မုသားစကားကို ပြောဆိုလေ့ရှိ၏၊ အချို့သောသူသည် ချောပစ်ကုန်းတိုက်သောစကားကို ပြောကြားလေ့ရှိ၏၊ အချို့သောသူသည် ကြမ်းကြုတ်ခက်ထန်သောစကားကို ပြောကြားလေ့ရှိ၏။ အချို့သောသူသည် အကျိုးမများ ပြိန်ဖျင်း ပေါ့ပျက်သောစကားကို ပြောကြားလေ့ရှိ၏။ အချို့သောသူသည် သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ရေးရွဲကြံတတ်သောအလေ့ရှိ၏။ အချို့သောသူသည် သူတစ်ပါး၏ ပျက်စီးသေကျေမှုကို ကြံတတ်သော ဒေါသ ဗျာပါဒရှိ၏။ အချို့သောသူသည် မှားယွင်းဖောက်ပြန် မမှန်ကန်သောအယူကို ယူလေ့ရှိ၏။ ထိုသို့ ဒုစရိုက်တရားဆယ်ပါးကို ကျူးလွန်သောသူသည် သေသည်မှ နောက်ကာလ၌ ငရဲသို့ကျရောက်ရ၏။ အကြင် အစာအာဟာရသည် ငရဲ၌ဖြစ်ရကုန်သော သတ္တဝါတို့၏ အစာအာဟာရဖြစ်၏။။ ထိုသူသည် ထို အစာအာဟာရဖြင့် ထိုငရဲ၌ မျှတရ၏။ တည်တံ့ရ၏၊ အသင်ပုဏ္ဏား– အကြင်အရပ်၌ တည်သောသူအား ထိုဒါနသည် အကျိုးသို့ မကပ်ရောက်။ ထိုငရဲ၌ ကပ်ရောက်

http://www.dhammadownload.com

ရခြင်းဟူသော အကြောင်းသည်လည်း ထိုဒါန၏အကျိုးကို မသုံးဆောင် မခံစားရခြင်း၏ အကြောင်းတစ်ခုပင်တည်း။

တိရစ္ဆာန်ဘဝ ရောက်ရသူများ

"အချင်းပုဏ္ဏား- ဤလောကၦ အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ ပ။ မှားယွင်းသောအယူကို ယူလေ့ရှိ၏။ ထိုဒုစရိုက်တရားဆယ်ပါးကို လွန်ကျူးသောသူသည် သေသည်မှ နောက်ကာလၦ တိရစ္ဆာန်ဘုံသို့ ကပ်ရောက်ရလေ၏။ တိရစ္ဆာန်မျိုးဖြစ်ကုန်သော သတ္တဝါတို့၏ အကြင် အစာအာဟာရသည် ဖြစ်၏။ ထို သူသည် တိရစ္ဆာန်ဘုံၦ တိရစ္ဆာန်တို့ စားသောက်ကြသော အစာအာဟာရဖြင့် မျှတရ၏၊ တည်တံ့ရ၏။ အချင်းပုဏ္ဏား- အကြင်အရပ်ၦ တည်သောသူအား ထိုဒါနသည် အကျိုးသို့ မကပ်ရောက်။ ဤသို့ တိရစ္ဆာန်ဘုံသို့ ကပ်ရောက်ဖြစ်တည် ရခြင်းသည်လည်း ထိုဒါန၏အကျိုးကို မသုံးဆောင် မခံစားရခြင်း၏ အကြောင်းတစ်ခုပင်တည်း"

လူ့ဘဝ နတ်ဘဝ ရောက်ရှိနေသူများ

"အချင်းပုဏ္ဏား- ဤလောကၦ အချို့သောသူသည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏။ ပ။ အချို့သောသူသည် မှားယွင်းဖောက်ပြန် မမှန်ကန်သောအယူကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ထို ဒုစရိုက်တရားဆယ်ပါးမှ ရှောင်ရှားသောသူသည် သေသည်မှနောက်ကာလၦ လူတို့၏ အပေါင်းအဖော်၏အဖြစ် လူ့အဖြစ် လူ့ပြည်သို့ ရောက်ရ၏၊ နတ်တို့၏ အပေါင်းအဖော်၏အဖြစ် နတ်ပြည်သို့ ရောက်ရ၏၊ ထိုသူသည် ထိုနတ်ပြည်ၦ နတ်တို့၏ အစာအာဟာရဖြင့် မျှတရ၏၊ တည်တံ့ရ၏၊ အချင်းပုဏ္ဏား- အကြင်အရပ်ၦတည်သောသူအား ထိုဒါနသည် အကျိုးကို မကပ်ရောက်၊ ဤသို့ လူ့ပြည်နတ်ပြည်သို့ နေရခြင်းသည်လည်း ထိုဒါန၏အကျိုးကို မသုံးဆောင် မခံစားရခြင်း၏ အကြောင်းတစ်ခုပင်တည်း။"

ပြိတ္တာဘဝရောက်သူများသာ

"အချင်းပုဏ္ဏား- ဤလောကၦ အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ ပ။ မှားယွင်းဖောက်ပြန် မမှန်ကန်သော အယူကိုယူလေ့ရှိ၏။ ထို အကုသိုလ်ဒုစရိုက်တရား ဆယ်ပါးကို ကျူးလွန်သောသူသည် သေသည်မှ နောက်ကာလၦ ပြိတ္တာဘုံၦ ဖြစ်ရလေ၏။ ထိုသူသည် ပြိတ္တာဘုံၦ ပြိတ္တာတို့၏ အစာအာဟာရဖြင့် မျှတရ၏။ တည်တံ့ရ၏။ ဤလူ့ပြည်မှ မိတ်ဆွေ ခင်ပွန်း

http://www.dhammadownload.com

ချစ်ကျွမ်းဝင်ကုန်သော သူတို့သည်လည်းကောင်း၊ ဆွေမျိုးတော်စပ် သွေးနီး စပ်ကုန်သော သူတို့သည်လည်းကောင်း အကြင်လူဖွယ် ဝတ္ထု စားသောက်ဖွယ် အာဟာရစုကို ထိုပြိတ္တာဘုံ၌ ဖြစ်၍နေရရှာသောသူ၏ အကျိုးငှာ မပြတ် ပေးကမ်း လှူဒါန်းကုန်၏၊ ထိုသူသည် ပြိတ္တာဘုံ၌ မိတ်ဆွေ ခင်ပွန်း စသည်တို့ ပေးလှူကြသော အစာအာဟာရ စသည်ဖြင့် မျှတရ၏၊ တည်တံ့ ရ၏၊ အချင်းပုဏ္ဏား– အကြင်အရပ်၌ တည်သောသူအား ထိုမိတ်ဆွေခင်ပွန်း စသည်တို့ ပေးလှူအပ်သောဒါနသည် အကျိုးကိုဖြစ်စေ၏၊ အကျိုးသို့ ကပ်ရောက်ရ၏၊ ဤသို့ ဒါ၏အကျိုးကို ဖြစ်စေခြင်းသည်ပင်လျှင် ဘဝတစ်ပါးသို့ ပြောင်းသွားရသော ပြိတ္တာအား ခံစားရရှိ ခြင်း၏ အကြောင်းဖြစ်၏" ဟု ဟောကြားတော်မူလေ၏။

ရည်မှန်းအပ်သူမရှိက အခြားသူခံစားနိုင်

"အရှင်ဂေါတမ– ဆွေမျိုးတော်စပ် သွေးနီးစပ်သော ပြိတ္တာသည်လည်း ထို အရပ်သို့ အကယ်၍ မကပ်ရောက်ခဲ့သည်ဖြစ်အံ့၊ အဘယ်သူသည် ထိုအလှူဒါနကို သုံးဆောင်ခံစားရပါမည်နည်း" ဟု ပုဏ္ဏားသည် မေးလျှောက်ပြန်လေ၏။ "အချင်း ပုဏ္ဏား– ထိုအလှူဒါနကို ပေးလှူသူ၏ ဆွေမျိုးတော်စပ်သော အခြားတစ်ပါးကုန်သော ပြိတ္တာတို့သည်လည်း ထိုအရပ်သို့ ကပ်ရောက်လာကြကုန်သည် ဖြစ်ကုန်အံ့၊ ထို ကပ်ရောက်လာကုန်သော ပြိတ္တာတို့သည် ထိုအလှူဒါနကို သုံးဆောင်ခံစားရကုန်၏" ဟု ဟောကြားတော်မူလေ၏။

ဆွေမျိုးဥာတိမရှိသော အရပ်မည်သည်မရှိ

"အရှင်ဂေါတမ ဆွေမျိုးတော်စပ်သွေးနီးစပ်သော ထိုပြိတ္တာသည်လည်း ထို အရပ်သို့ အကယ်၍ မကပ်ရောက်ခဲ့သည်ဖြစ်အံ့၊ ထိုအလှူဒါနကို ပေးလှူသူ၏ ဆွေမျိုးတော်စပ် သွေးနီးစပ်ကုန်သော အခြားတစ်ပါးကုန်သော ပြိတ္တာတို့သည်လည်း ထိုအရပ်သို့ မကပ်ရောက်ကုန်သည် ဖြစ်ကုန်ကြားအံ့၊ အဘယ်သူတို့သည် ထိုအလှူဒါနကို သုံးဆောင် ခံစားရပါမည်နည်း" ဟု ပုဏ္ဏားသည် မေးလျှောက်ပြန်လေ၏။ "အချင်း ပုဏ္ဏား– ဤရှည်လျားကြာမြင့်လှစွာသော သံသရာကာလ၌ ထိုအလှူဒါနကို ပေးလှူသူ၏ ဆွေမျိုးတော်စပ်ကုန်သော ပြိတ္တာတို့မှ အကြင်အရပ်သည် ကင်းဆိတ်ခဲ့ရာ၏၊ ထိုဆွေမျိုး ပြိတ္တာတို့မှ ကင်းဆိတ်ခဲ့ရာ အရပ်မည်သည် မရှိနိုင်ပေ၊ အချင်း ပုဏ္ဏား– စင်စစ်သော်ကား ပေးလှူသော ဒါယကာသည်လည်း အကျိုးမရှိသည် မဟုတ်၊ အကျိုးကြီးမား များပြားလှသည်သာတည်း" ဟု ဟောကြားတော်မူလေ၏။

http://www.dhammadownload.com

ယခုအခါ ပြိတ္တာဘုံ၌ဖြစ်ရကုန်သော ပြိတ္တာတို့၏ ထိုပြိတ္တာဘုံ၌ အခြားသော လယ်ယာထွန်ယက်ခြင်း၊ နွားကျောင်းခြင်း အစရှိသော စည်းစိမ်ကို ရခြင်း၏ အကြောင်း မရှိပုံကိုလည်းကောင်း၊ ဤလူ့ပြည်မှ ပေးဝေသော ကုသိုလ်ဒါနဖြင့် သာလျှင် မျှတရုံကိုလည်းကောင်း စုံလင်စွာ ပြတော်မူလိုသော ဘုရားရှင်သည် ဤဂါထာကို ဟောတော်မူလေ၏။

၁၉။ နု ဟိ တတ္ထ ကသိ အတ္ထိ၊ ဂေါရက္ခေတ္ထ နု ဝိဇ္ဇတိ။
ဝဏိဇ္ဇာ တာဒိသီ နတ္ထိ၊ ဟိရညေန ကယာကယံ။
ဣတော ဒိန္နေန ယာပေန္တိ၊ ပေတာ ကာလဂတာ တဟိ'ံ။

၁၉။ မဟာရာဇ၊ ရေမြေသေဒ္ဓနင်း ပြည့်ရှင်မင်းမြတ်။ တတ္ထ၊ ထိုဘဝသေးနုံ ပြိတ္တာဘုံ၌။ ကသိ၊ စပါးပြောင်းပဲ ချကြဲစိုက်သွင်း လယ်လုပ်ခြင်းသည်။ နဟိ အတ္ထိ၊ အမှန်တိတိ ဧကန်မရှိချေ။ ဧတ္ထ၊ ချမ်းသာကင်းပ ဤပြိတ္တာဘဝ၌။ ဂေါရက္ခာ၊ ချမ်းသာမျှော်တွေး ငွေကြေးရရန် နွားကျောင်းရန်သည်။ နု ဝိဇ္ဇတိ၊ ဧကန်တိတိ အမှန်ပင်မရှိချေ။ တာဒိသီ၊ ထိုသို့သဘောရှိသော။ ဝဏိဇ္ဇာ၊ စီးပွားဓန ချမ်းသာရဖို့ စိတ်ကရည်ရွယ် ကုန်သွယ်ခြင်းသည်။ နတ္ထိ၊ အကယ်တိတိ အမှန်ပင်မရှိချေ။ ဟိရညေန၊ ရင်းနှီးစရာ ငွေအသပြာဖြင့်။ ကယာကယံ၊ ကုန်ရောင်းကုန်ဝယ် ကုန်ဖလှယ်သွင်း ကုန်သွယ်ခြင်းသည်။ နတ္ထိ၊ မရှိပေ။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ဒိန္နေန၊ ပေးဝေအပ်သော ခဲဖွယ်ဘောဇဉ်ဖြင့်။ ကာလဂတာ၊ သေကျေပျက်စီးခြင်းသို့ ရောက်ကြကုန်သော ပြိတ္တာတို့သည်။ တဟိ'ံ၊ ချမ်းသာကင်းပ ထိုပြိတ္တာဘဝ၌။ ယာပေန္တိ၊ ကိုယ်စိတ်နှစ်ဖြာ လိုက္ခစ္ဆာနှင့် ချမ်းသာတွေ့ကြုံ မျှတကြရကုန်၏။

ထိုနောက်တစ်ဖန် အကြင်ပြဆိုအပ်ပြီးသော အနက်သဘောကို ဥပမာတို့ဖြင့် ထင်ရှားပြခြင်းငှာ "ဥန္နမေ ဥဒကံ ဝုဋ္ဌံ" စသော ဂါထာနှစ်ပုဒ်တို့ကို မိန့်ကြားတော်မူလေ၏။

၂၀။ ဥန္နမေ ဥဒကံ ဝုဋ္ဌံ၊ ယထာ နိန္နံ ပဝတ္တတိ။
ဧဝမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

၂၀။ ဥန္နမေ၊ ကြည်းကုန်းတောင်စောက် မြင့်မောက်ရာအရပ်၌။ ဝုဋ္ဌံ၊ မိုးလအခါ ရွာသွန်းဖြာ၍ ချအပ်သော။ ဥဒကံ၊ ရေအယဉ်သည်။ နိန္နံ၊ နိမ့်ရာဖြစ်လတ် ချိုင့်ဝှမ်းရာအရပ်သို့။ ပဝတ္တတိ ယထာ၊ မနားမနေ စီးဆင်းလေသကဲ့သို့။ ဧဝမေဝ၊ မခြားတစ်မူ အလားတူသာလျှင်။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ဒိန္နံ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူအပ်သော ကောင်းမှုသည်။ ပေတာနံ၊ ဆင်းရဲနှင့်

http://www.dhammadownload.com

ကြ၊ ပင်ပန်းထုံ၍ စွမ်းကုန်ပူဆာ ပြိတ္တာတို့အား။ ဥပကပွတိ၊ ချမ်းသာသုခ အဝဝ ကို မုချပုံသေ သုံးဆောင်ခံစားရလေတော့၏။

၂၁။ ယထာ ဝါရိဝဟာ ပူရာ၊ ပရိပူရေန္တိ သာဂရံ။
ဧဝမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပွတိ။

၂၁။ ဝါရိဝဟာ၊ ရေအထု၏ စုံ၍တည်ရာ ထည်ဝါခဲ့ဟူည်း မြစ်ကြီးတို့သည်။ ပူရာ၊ လုံးစုံကမ်းထက် ပြည့်လျှံတက်သည်ဖြစ်၍။ သာဂရံ၊ အဲ့ဖွယ်ရှစ်လို ပြည့်စုံညီစွာ မဟာသမုဒ္ဒရာကို။ ပရိပူရေန္တိ ယထာ၊ လျှံလျှံကဲတုံ ပြည့်စေကုန်သကဲ့သို့။ ဧဝမေဝ၊ ဤနည်းမခြား အလားတူသာလျှင်။ ဣတော၊ ချမ်းသာသုခ ပြည့်ဝစုံညီ ဤလူ့ပြည်မှ။ ဒိန္နံ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့ ပေးဝေအပ မြတ်ကောင်းမှုသည်။ ပေတာနံ၊ ဝိညာဉ်ကင်းကွာ သေမင်းရွာသို့သွားသော သူတို့အား။ ဥပကပွတိ၊ ရည်ရွယ်မှန်းဆ ကုသလကို ရွှင်ပျနမော် သာဓုခေါ်က ပျော်ပျော်အားရ သုံးဆောင်ခံစားရလေ၏။

၂၂။ အဒါသိ မေ အကာသိ မေ၊ ဉာတိမိတ္တာ သခါ စ မေ။
ပေတာနံ ဒက္ခိဏံ ဒဇ္ဇာ၊ ပုဗ္ဗေ ကတမနုဿရံ။

၂၂။ ရာဇ၊ ရေမြေပိုင်သ အစိုးရသည့် နရသေဋ္ဌနင်း ပြည့်ရှင်မင်း။ အယံ၊ ဤသူသည်။ မေ၊ ငါ့အား။ ဓနဓည်၊ မျိုးထွေများပြား ဥစ္စာစပါးကို။ အဒါသိ၊ စေတနာကြူး သဒ္ဓါထူးဖြင့် ပေးခဲ့ဖူးလေပြီ။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ ကိစ္စံ၊ ခမ္မကိစ္စဟူသမျှကို။ အကာသိ၊ စေတနာကြူး သဒ္ဓါထူးဖြင့် ပြုခဲ့ဖူးလေပြီ။ ဣမေ၊ ဤသူတို့သည်။ မေ၊ ငါ၏။ ဉာတိမိတ္တာ၊ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့တည်း။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ သခါ၊ ငယ်ကပေါင်းသင်း သူငယ်ချင်းတည်း။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ အတူနေရ ရှေးဘဝ၌။ ကတံ၊ ပြုလုပ်အပ်ဖူး သူ့ကျေးဇူးကို။ အနုဿရံ အနုဿရန္တေန၊ ဖန်ဖန်ထပ်ထပ် မလစ်လပ်ဘဲ ရစ်ပတ်စွဲမက် အမြဲအောက်မေ့လျက်။ ပေတာနံ၊ ချမ်းသာကင်းကွာ နေရရှာသည့်ပြိတ္တာတို့အား။ ဒက္ခိဏံ၊ သဒ္ဓါဖြူလတ် အလှူမြတ်ကို။ ဒဇ္ဇာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမှု စိတ်မှန်းရှု၍ ဝတ္ထုဖြာဖြာ လှူဒါန်းကြကုန်ရာ၏။

ထိုသို့ ဟောကြားပြီးသည်မှတစ်ဖန် "အကြင်သတ္တဝါတို့သည်ကား ဆွေမျိုးတော်စပ်သူ သေဆုံးသဖြင့် ဒိကြွေးစိုးရိမ်ခြင်း စသည် နှိပ်စက်သည်ဖြစ်၍သာလျှင် တည်နေကြကုန်၏၊ ထိုဆွေမျိုးတော်စပ်သူတို့၏ အကျိုးငှာ ဘာတစ်ခုကိုမျှ မပေးလှကြကုန်၊ ထိုသူတို့၏ ဒိကြွေးစိုးရိမ်ခြင်း စသည်မှာ သက်သက် မိမိကိုယ်၏

http://www.dhammadownload.com

ပင်ပန်းနွမ်းနယ်ခြင်းသည်သာလျှင် ဖြစ်လေ၏၊ ထိုဝိုကြွေး စိုးရိမ်ခြင်း စသည်မှာ တစ်စုံတစ်ခုသော ဆွေမျိုးတော်စပ်သည့် ပြိတ္တာတို့၏အကျိုးကို မပြီးစေနိုင်သည် သာတည်း"ဟု ပြတော်မူလိုသော ဘုရားရှင်သည် ဤဂါထာတို့ကို ဟောတော်မူ၏။

၂၃။ နဟိ ရုဏ္ဍံ ဝါ သောကော ဝါ၊ ယာ စညာ ပရိဒေဝနာ။
နာ တံ ေပတာနမတ္ထာယ၊ ဇဝံ တိဋ္ဌန္တိ ဉာတယော။
၂၄။ အယဉ္စ ခေါ ဒက္ခိဏာ ဒိန္နာ၊ သံဃမှိ သုပ္ပဋိတာ။
ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။

ဤဂါထာတို့၏အနက်ကို အမှတ် ၁၂၊ ၁၃ ဂါထာတို့၏ အနက်ပေးနည်း အတိုင်း ပေးပါလေ။

ယခုအခါ အကြင်အကြောင်းကြောင့် ဤအလှူဒါနကို ပေးလှူသောမင်းကြီး သည် ဆွေမျိုးတော်စပ်သူတို့အား ဆွေမျိုးတို့ ပြုသင့်ပြုထိုက်သော အမှုကိစ္စကိုပြု သဖြင့် ဆွေမျိုးတို့၌ပြုစုထိုက်သောဝတ္ထုရားကို ထင်ရှားပေါ်လွင်စွာ ပြအပ်ပေပြီ၊ လူအပေါင်းအား လည်း ထင်ရှားသည်ကို ပြုအပ်ပေပြီ။ ထိုပြိတ္တာတို့ကိုလည်း နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို ရစေသဖြင့် ပြိတ္တာတို့အား မွန်မြတ်သော ပူဇော်မှုကို ပြုရပေပြီ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို ဆွမ်း၊ အဖျော် စသည်တို့ ဖြင့် နှစ်သက်ရောင့်ရဲစေသဖြင့် ရဟန်းတော်တို့အား ခွန်အားဗလကို ပေးလှူရပေပြီ၊ အစဉ်သွန်းခြင်း စသောဂုဏ်ဖြင့် ခြံရံအပ်သော စွန့်ကြဲခြင်း စာဂစေတနာကို ဖြစ်စေသဖြင့် အတိုင်းအရှည်မထား များပြားစွာသော ကောင်းမှုကို ဆည်းပူးရပေပြီ၊ ထိုသို့သော အကြောင်းတို့ကြောင့် ဘုရားရှင်သည် မင်းကြီးကို မဖောက်မပြန် မှန်ကန်သည့် အတိုင်းမသိသောဂုဏ်တို့ဖြင့် ချီးမွမ်းခြင်းကို ပြုတော်မူလိုသည်ဖြစ်၍ ဤသို့ ဟောကြားတော်မူလေ၏။

၂၅။ သော ဉာတိဓမ္မော စ အယံ နိဒဿိတော၊
ပေတာန ပူဇာ စ ကတာ ဥဠာရာ။
ဗလဉ္စ ဘိက္ခူနမနုပ္ပဒိန္နံ၊ တုမှေဟိ ပုညံ ပသုတံ အနပ္ပကံ။

၂၅။ မဟာရာဇ၊ မင်းမြတ်။ ဒါန်၊ ဉာတိမိတ္တ ချမ်းသာရဖို့ စိတ်ကူးယဉ်မှော် အလှူတော်ကို။ ဒေန္တေန၊ စေတနာရောက် သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြည်ဖြူ ပေးလှူသောသူသည်။ သော အယံ ဉာတိ ဓမ္မော စ၊ ထိုဉာတိမိတ္တ ဟူသမျှ၌ ပြုထိုက်သင့်ငြား မိမိ၏ဝတ္ထုရားကိုလည်း။ နိဒဿိတော၊ ထင်ရှားပေါ်လွင် အမှန်ပင် ပြထားအပ်ပေပြီ။ ပေတာနံ၊ ဆွေဉာတိမိတ္တ ဖြစ်ရခါခါ ပြိတ္တာတို့အား။ ဥဠာရာ၊ ကောင်းမွန်သပ်ရပ် မွန်မြတ်လှပေသော။ ပူဇာ စ၊ စိတ်ထားရှင်ပျော် ကောင်းစွာပူ

http://www.dhammadownload.com

ဧော်ခြင်းကိုလည်း။ ကတာ၊ မုချဆတ်ဆတ် ပြုအပ်ရပေပြီ။ ဘိက္ခူနံ၊ မြတ်ဘုရား၏ ချစ်သားကျော်မော် ရဟန်းတော်တို့အား။ ဗလဉ္စ၊ ဆွမ်းမှစ၍ ဖြာဖြာဒါန ခွန်အားဗလကိုလည်း။ အနုပ္ပဒိန္နံ၊ ဝမ်းမြောက်ကြည်ဖြူ ပေးလှူအပ်ပေပြီ။ တုမှေဟိ၊ ကုသိုလ်ဒါန ပြုလုပ်ကြပြီး သင်မင်းကြီးတို့သည်။ အနုပ္ပကံ၊ တိုင်းရှည်မထား များပြားစွာသော။ ပုညံ၊ စေတနာသဒ္ဓါ ဖြာဖြာတောက်ပ ပြုလုပ်ကြသည့် ဒါနပေါင်းစုမြတ်ကောင်းမှုကို။ ပသုတံ၊ ကောင်းစွာမပျက် ဆည်းပူးလေ့ကျက်ပေသတည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ကား ပြိတ္တာဘုံဘဝ၌ ဖြစ်ရခြင်း၏ အပြစ် ဒေါသအာဒီနဝတို့ကို ဖွင့်ဆို ဟောကြားတော်မူသဖြင့် ထိတ်လန့်သောစိတ်နှလုံး ရှိကြကုန်သော အသင့်အတင့်အားဖြင့် တရားကို စီးဖြန်းကြကုန်သော ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါအပေါင်းတို့အား သစ္စာလေးပါးတရားတော်ကို ထိုးထွင်း၍ အလင်းထင်ထင် သိမြင်ခြင်းသည် ဖြစ်လေ၏။ ထိုနောက် နှစ်ရက်မြောက်သောနေ့၌လည်း နတ်လူတို့အား ဤတိရောကုဋ္ဌဒေသနာတော်ကိုပင်လျှင် ဟောကြားတော်မူလေ၏။ ဤနည်းအတူ ခုနစ်ရက်တို့တိုင်တိုင် ထိုမျှလောက်သဘောရှိသော သတ္တဝါအပေါင်းသည် သစ္စာလေးပါးတရားတော်ကို ထိုးထွင်း၍ သိမြင်ခြင်းသည် ဖြစ်လေပြီ။

ငါးခုမြောက် ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးဟောင်းပြိတ္တာတို့အကြောင်း ပြီး၏။

၆–ဝဋ္ဋဒုဏ္ဍဒီဒတ ပေတိဝတ္ထု

နေ့စဉ် နံနက် ညဥ့် သားငါးယောက်စီမွေးဖွား၍ စားသောက်နေရသော ပြိတ္တာမအကြောင်း

နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ– အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ**ပဋ္ဌပုတ္တခါဒက ပေတိဝတ္ထု**ကို ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် နေ့စဉ် နံနက် ညဥ့် သားငါးယောက်စီ မွေးဖွား၍ စားသောက်နေရရှာသော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

အမြို့မယား၏ တိုက်တွန်းစကား

သာဝတ္ထိပြည်နှင့် မနီးမဝေး တစ်ခုသောရွာငယ်၌ တစ်ယောက်သော သူကြွယ်

http://www.dhammadownload.com

၏ မယားသည် မိန်းမမြို့ ဖြစ်၍နေသတတ်။ ထိုသူကြွယ်၏ ဆွေမျိုးတို့သည် "သင်၏ မယားသည် မိန်းမမြို့တည်း၊ သင့်အား အခြားတစ်ပါးသော သတို့သမီးကို ငါတို့ ဆောင်နှင်း ပေးစားကြကုန်အံ့"ဟု ပြောကြားကြကုန်၏။ ထိုသူကြွယ်သည် မိမိ၏ မယားဌ ချစ်ခင်မြတ်နိုးလှသဖြင့် တစ်ပါးသောမိန်းမကို အလိုမရှိပေ။ ထိုအခါ သူကြွယ်၏ မယားသည် ထိုဖြစ်ပုံ အကြောင်းစုံကိုကြား၍ လင်ဖြစ်သူကို ဤသို့ ပြောဆိုလေ၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ "အရှင်- အကျွန်ုပ်သည် မိန်းမမြို့ ပါတည်း၊ အခြားတစ်ပါးသော သတို့သမီးကို ခေါ်ဆောင် သင့်ပါ၏၊ ခေါ်ဆောင် ပါလေ၊ သင်၏ အမျိုးအနွယ်သည် မပြတ်ပါစေလင့်"ဟု ပြောဆိုလေ၏။ ထိုသူကြွယ် သည် မိမိ၏ မယားဖြစ်သူက အကြိမ်ကြိမ် တိုက်တွန်းအပ်သည်ဖြစ်၍ အခြားသော သတို့သမီးတစ်ယောက်ကို ခေါ်ဆောင်စေ၏။

မယားကြီးစနက် ကိုယ်ဝန်ပျက်

အခါတစ်ပါး ထိုဒုတိယမယားသည် ကိုယ်ဝန်ဆောင်သည် ဖြစ်လေ၏။ ပထမမယား မိန်းမမြို့သည် "ဤမယားငယ်မသည် သားသမီးရတနာ ရသည်ရှိသော် ဤအိမ်၏အလုံးကို အစိုးရသည်ဖြစ်လတ္တံ့."ဟု ငြူစူစိတ်မျိုး အလိုဆိုးသည် နှိပ်စက် အပ်သည်ဖြစ်၏။ ထိုအငယ်မ၏ ကိုယ်ဝန်ပျက်စီးခြင်း၏ အကြောင်းအရာကို ဖွေ ရှာသည်ရှိသော် တစ်ဦးသော ပရိဗိုဇ် ရဟန်းမကို ဆွမ်း၊ အဖျော် စသည်တို့ဖြင့် ချီးမြှောက်စေလျက် ထိုပရိဗိုဇ် ရဟန်းမကို ထိုအငယ်မအား ကိုယ်ဝန်ပျက်ဆေးကို ပေးစေ၏။ ထိုအငယ်မသည် ကိုယ်ဝန်ကျသည်ရှိသော် မိမိ၏ မိခင်အား ပြောကြား လေ၏။

မယားကြီး ပြိတ္တာဖြစ်ရကြောင်း

ထိုအငယ်မ၏ မိခင်သည် မိမိ၏ ဆွေမျိုးအပေါင်းတို့ကို စုဝေးစေ၍ ထိုအကြောင်း ကို ပြောကြားလေ၏။ ထိုဆွေမျိုးအပေါင်းတို့သည် မိန်းမမြို့ကို "သင်သည် ဤ မိန်းမငယ်၏ ကိုယ်ဝန်ကို ကျစေအပ်၏"ဟု ပြောကြားကြကုန်၏။ "အကျွန်ုပ်သည် မချပါ"ဟု ထိုမိန်းမသည် ပြောကြားလေ၏။ "သင်သည် ကိုယ်ဝန်ကို အကယ်၍ မချသည်ဖြစ်ခဲ့အံ့ ကျိန်စာဆိုခြင်းကိုပြုလော့"ဟု ဆိုကြကုန်၏။ ထိုအခါ ထိုမိန်းမ သည် "ငါသည် ကိုယ်ဝန်ကို အကယ်၍ ချအပ်ခဲ့သည်ဖြစ်အံ့ ဒုဂ္ဂတိဘဝသို့ လား ရောက်ရသည်ဖြစ်၍ ဆာလောင်မွတ်သိပ်ခြင်းသည် နှိပ်စက်ကာ ညဉ့် နံနက် ငါး ယောက် ငါးယောက်သောသားတို့ကို ဖွားမြင်၍ စားသော်လည်း အားရတင်းတိမ် ရောင့်ရဲနိုင်ခြင်း မရှိရပါစေသား၊ အမြဲတမ်း မကောင်းသောအနံ့လှိုင်သည်ဖြစ်၍

http://www.dhammadownload.com

ယင်မမဲရိုင်း တလိုင်းလိုင်းရောပြွမ်းလျက် နေရသည့် ဖြစ်ရပါစေသား"ဟု မုသား စကားပြောကြားလျက် ကျိန်စာဆိုခြင်းကို ပြုလေ၏။ ထို မိန်းမသည် မကြာမြင့် မီပင်လျှင် သေလွန်ခြင်းကိုပြု၍ ထိုရွာငယ်၏ မနီးမဝေးသော အရပ်၌ပင်လျှင် ကြောက်ဖွယ်လိလိ အဆင်းသဏ္ဌာန် ရုပ်သွင်ရှိသော ပြိတ္တာမ ဖြစ်၍နေရလေ၏။

မထေရ်များက ပြိတ္တာမအား မေးမြန်းခြင်း

ထိုအခါ ဇနပုဒ်၌ ဝါကျွတ်ကြကုန်သော ရှစ်ပါးကုန်သော မထေရ်တို့သည် ဘုရားရှင်အား ဖူးမြော်ရန်အလို့ငှာ သာဝတ္ထိပြည်သို့ ကြွလာကြကုန်၍ ထိုရွာငယ်၏ မနီးမဝေး အရိပ်အာဝါသ ရေပေါများ ပြည့်စုံလှသော တောအရပ်၌ တည်းခိုနေထိုင်ကြကုန်၏။ ထိုအခါ ထိုပြိတ္တာမသည် မထေရ်တို့အား မိမိကိုယ်ကို ပြလေ၏။ ထိုမထေရ်တို့တွင် သံဃာ့ထေရ်ဖြစ်သော မထေရ်ကြီးသည် ထိုပြိတ္တာမကို အောက်ပါဂါထာဖြင့် မေးမြန်းလေ၏။

မထေရ်တို့အမေး

၂၆။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ၊ ဒုဂ္ဂန္ဓာ ပူတိ ဝါယသိ။
မင်္ကုကာဟိ ပရိကိဏ္ဏာ၊ ကာနု တွံ ဣဓ တိဋ္ဌသိ။

၂၆။ ဘဒ္ဒေ၊ ရုပ်ဆင်းပုံသွင် အမြင်မလှ အိုရှင်မ။ တွံ၊ သင်သည်။ နဂ္ဂါ၊ ကိုယ်လုံးတီးသည်။ ဒုဗ္ဗဏ္ဏရူပါ၊ မတင့်မတယ်သော ရုပ်သွင်သဏ္ဌာန်ရှိသည်။ အသိ၊ ဖြစ်၏။ ဒုဂ္ဂန္ဓာ၊ မကောင်းသောအနံ့ရှိသော။ ပူတိ၊ အလွန်ယုတ်ညံ့ အပုပ်နံ့သည်။ ဝါယတိ၊ တထောင်းထောင်းပြိုင် ပျံ့နှံ့လှိုင်၏။ မင်္ကုကာဟိ၊ ယင်မမဲရိုင်းတို့ဖြင့်။ ပရိကိဏ္ဏာ၊ ထက်ဝန်းကျင်ရောကာပြွမ်း၍ နေဘိ၏။ ဣဓ၊ ငါတို့နေလတ် ဤအရပ်၌။ တိဋ္ဌသိ၊ လှည့်လည်မသွား မားမားမတ်မတ် ရပ်တည်သော။ တွံ၊ သင်သည်။ ကာနု၊ ဘယ်အမျိုး ဘယ်ဘဝ ဘယ်လိုမိန်းမပါပေနည်း။

ထိုအခါ ထိုပြိတ္တာမကို မထေရ်မြတ်သည် မေးအပ်သည်ဖြစ်၍ မိမိကိုယ်ကို ထင်ရှားစွာပြလျက် သတ္တဝါတို့အား သံဝေဂတရား ဖြစ်ပွားစေလိုရကား အောက်ပါဂါထာတို့ဖြင့် လျှောက်ထားလေ၏။

ပြိတ္တာမ၏အဖြေ

၂၇။ အဟံ ဘဒန္တေ ပေတိမ္ဖိ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဥပေါ ဂတာ။

၂၇။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ဒုဂ္ဂတာ၊

http://www.dhammadownload.com

မကောင်းမှုဖြာ ၎ားရောက်ရာရှိသော။ ယမလောကီကာ၊ ယမမင်း နယ်နိမိတ် ဒီစတြိတ်ဝင်အပါ ပြိတ္တာတို့ဘုံ ဝင်ရောက်ကြုံကာ ဖြစ်ပျက်၍နေရပါသော။ ပေတိ၊ ပြိတ္တာမသည်။ အမှိ၊ စင်စစ်မှချ ဖြစ်၍နေရပါ၏။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူ မကောင်းမှု အကုသိလ်ကံကို။ ကရိတ္တာန၊ ပြုလိုက်မိခဲ့၍။ ဣတော၊ ဤလူ့ဘောင်မှ။ ပေတလောကံ၊ ချမ်းသာကင်းသူဥ ပြိတ္တာဘုံသို့။ ဂတာ၊ ဝင်ရှမ့်အမြဲ ငရဲမှာအပ ဆိုရိုးချသည့် လောကစကားပုံ အလားသို့ မခြားမသွေ လားရောက်ခဲ့ရပေပြီဘုရား။

၂၈။ ကာလေန ပဋ္ဌပုတ္တာနိ၊ သာယံ ပဋ္ဌ ပုနာပရေ။
ဝိဇာယိတ္ဝာန ခါဒါမိ၊ တေဝိ နာ ဟောန္တိ မေ အလံ။

၂၈။ ဘဒန္တေ၊ အို အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ကာလေန၊ မိုးသောက်ထရာ နံနက်ပိုင်းအခါ၌။ ပဋ္ဌပုတ္တာနိ၊ ရင်သွေးဖြစ်ငြား ငါးယောက်သောသားတို့ကို။ ဝိဇာယိတ္ဝာန၊ မွေးဖွား၍။ ခါဒါမိ၊ ဆာလောင်ပြင်းကာ မနေသာ၍ သတ်ကာဖြတ်ကာ စားသောက်ရပါ၏။ သာယံ၊ ညနေပိုင်းအခါ၌။ ပုန၊ တစ်ဖန်။ အပရေ၊ နံနက်မွေးဖွား ငါးယောက်သောသားတို့မှ တစ်ပါးကုန်သော။ ပဋ္ဌပုတ္တာနိ၊ ရင်သွေးဖြစ်ငြား ငါးယောက်သောသားတို့ကို။ ဝိဇာယိတ္ဝာန၊ မွေးဖွားရပြန်၍။ ခါဒါမိ၊ ဆာလောင်ပြင်းကာ မနေသာ၍ သတ်ကာဖြတ်ကာ စားသောက်ရပြန်ပါတော့၏။ တေဝိ၊ ထိုနံနက်နှင့် ည စားသောက်ရသည့် ဆယ်ယောက်မျှသော သားတို့သည်လည်း။ မေ၊ တပည့်တော်မ၏။ ခုဒါယ ပဋိဃာတာယ၊ ဇော်မွတ်ခြင်းဘေးလွတ်ကင်းဝေးအောင် ပယ်ဖျောက်ခြင်းငှာ။ အလံ၊ လုံးဝပိုင်ပိုင် စွမ်းနိုင်ကုန်သည်။ နဟောန္တိ၊ တစ်ခဏမျှ မဖြစ်ရပါကုန်ဘုရား။

၂၉။ ပရိဋ္ဌယှတိ ဓူမာယတိ၊ ခုဒါယ ဟဒယံ မမ။
ပါနီယံ န လဘေ ပါတုံ၊ ပဿ မံ ဗျသနံ ဂတံ။

၂၉။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ မမ၊ တပည့်တော်အမိုက်မ၏။ ဟဒယံ၊ ဘဝင်နှလုံးအရပ်သည်။ ခုဒါယ၊ အလွန်လျှင်. ငတ်လှပါသောကြောင့်။ပရိဋ္ဌယှတိ၊ ပူလောင်လှစွာ၏။ ဓူမာယတိ၊ အငွေ့ထ၍နေပါ၏။ ပါနီယံ၊ အပူပျောက်ပြေသောက်မည့်ရေကို။ ပါတုံ၊ အားရပါးရ သောက်ချခြင်းငှာ။ န လဘေ၊ ရှစ်ရပ်ဒဿနံ့အောင်ရှာလည်း ကိုယ်သာနွမ်းယိုင် မရနိုင်ခဲ့ပါဘုရား။ ဗျသနံ၊ လွန်ပင်ပြင်းပြပူလောင်လှသည့် ဒုက္ခပူမီး သို့ကလောက်ဆင်းရဲ ပျက်စီးခြင်းသို့။ ဂတံ၊ မလွဲမဖောက် တည့်တည့်ရောက်သော။ မံ၊ တပည့်တော် အမိုက်မကို။ ပဿ၊ သံဝေတရား ရှေးရှုထား၍ ခံစားပုံတွေ ထင်ရှား ရှုမြင်ပါလေတော့ဘုရား။

http://www.dhammadownload.com

ထိုပြိတ္တာ လျှောက်ထားသောစကားကိုကြား၍ ထိုပြိတ္တာမသည် ပြုအပ်ခဲ့သော မကောင်းမှုကံကို မေးမြန်းတော်မူလိုသော မထေရ်သည် အောက်ပါ ဂါထာကို ရွတ်တော်မူလေ၏။

ပြုခဲ့သောမကောင်းမှုကံကို မေးခြင်း

၃၀။ ကိ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ပုတ္တမံသာနိ ခါဒသိ။

၃၀။ ပေတိ၊ အို ပြိတ္တာမ။ တယာ၊ သင်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိ ဒုက္ကဋံ၊ အဘယ်မည်သော ဒုစရိုက်ကို။ ကတံ နု၊ အကျိုးမဲ့အောင် ပြုအပ်ခဲ့ပါသနည်း။ ကိဿ ကမ္မဝိပါကေန၊ အဘယ်ကံ၏ အကျိုးဝိပါက်ကြောင့်။ ပုတ္တမံသာနိ၊ မိမိမှ ဖွား သနားစရာ သားရတနာတို့၏ အသားတို့ကို။ ခါဒသိ၊ ဆယ်ယောက်သော်မှ ဝမ်းမဝအောင် စားသောက်၍ နေရပါသနည်း။

ထိုအခါ ထိုပြိတ္တာမသည် မိမိသည် ပြုအပ်ခဲ့သော မကောင်းမှုကံကို မထေရ်မြတ်အား လျှောက်ထားလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

ပြိတ္တာမ၏ ရှေးမကောင်းမှု

၃၁။ သပတိ မေ ဂဒ္ဒိနီ အာသိ၊ တဿာ ပါပံ အစေတယိ။
သာဟံ ပဒုဋ္ဌမနသာ၊ အကရိံ ဂဒ္ဒပါတနံ။

၃၁။ ဘဒန္တေ၊ တပည့်မဖြစ်ပုံ အကြောင်းစုံကို အကုန်အစင် သိမြင်လိုငြားအို အရှင်မြတ်ဆုရား။ ပုဗ္ဗေ၊ လူဖြစ်စဉ်ကာလ ရှေးဘဝက။ မေ၊ တပည့်တော်မ၏။ သပတိ၊ ကိုယ့်သဘောကျ ယူစေရတဲ့ လင်တူမိန်းမသည်။ ဂဒ္ဒိနီ၊ မွေတာညီ ကိုယ်ဝန်တည်သည်။ အာသိ၊ စင်စစ်မှန်စွာ ဖြစ်ရပါ၏။ အဟံ၊ တပည့်တော်မသည်။ တဿာ၊ ထိုနောက်ပွားထပ်ဆွယ် မယားငယ်အား။ ပါပံ၊ ရက်စက်မည်သာ ယုတ်မာကြမ်းကြုတ် မကောင်းသောအလုပ်ကို။ အစေတယိ၊ အားထုတ်လွန်ကျူးစေခဲ့ဖူးပါပြီ။ သာဟံ၊ ထိုတပည့်တော်မသည်။ ပဒုဋ္ဌမနသာ၊ ပျက်စီးစေချင်သော စိတ်အစဉ်ရှိသည်ဖြစ်၍။ ဂဒ္ဒပါတနံ၊ ကိုယ်ဝန်ကျရေး ဖော်စပ်ပေးသည်ဆေးကို။ အကရိံ၊ ပြုလုပ်မိခဲ့ပါပြီ။

၃၂။ တဿာ ဒွေမာသိကော ဂဗ္ဘော၊ လောဟိတညော ပဋ္ဌရိ။
တဒဿာ မာတာ ကုပိတာ၊ မယှံ ဥတ္တိ သမာနယိ။
သပတ္ထော မံ အကာရေသိ၊ ပရိဘာသာပယိ စ မံ။

http://www.dhammadownload.com

၃၂။ တဿာ၊ ထို လင်တူမိန်းမ၏။ ဒွေမာသိကော၊ နှစ်လမျှသာ ရှိသေး ရှာသော။ ဂင်္ဂော၊ ကိုယ်ဝန်သည်။ လောဟိတညော၊ နီနီတွေးတွေး သွေးသည်သာ လျှင်။ ဟုတ္တာ၊ ဖြစ်၍။ ပဋ္ဌရီ၊ ကျရောက် ယိုစီးရရှာလေပြီ။ တဒါ၊ ထိုအခါ၌။ အဿာ၊ ထိုမိန်းမ၏။ မာတာ၊ ကျေးဇူးအရှင် မွေးမိခင်သည်။ မယ္ပဲ၊ တပည့်တော် အမိုက်မအား။ ကုပိတာ၊ ခံပြင်းဒေါထ စိတ်ဆိုးလှသည်ဖြစ်၍။ ဉာတီ၊ တော်စပ် သမျှ ဆွေမျိုးမိတ်သင်္ဂဟတို့ကို။ သမာနယိ၊ ခေါင်ပေါင်းစု စည်းဝေးမှုကိုပြု စေပါပြီ။ သမာနယိတွာန၊ ခေါင်ပေါင်းစု စည်းဝေးမှုကို ပြုစေပြီး၍။ မံ၊ တပည့် တော်မကို။ သပထဒ္ဓ၊ ယုံပါစေလို ကျိန်စာဆိုခြင်းကိုလည်း။ အကာရေသိ၊ မဖြစ် မနေ ပြုစေခဲ့ပါပြီ။ မံ၊ တပည့်တော်မကို။ ပရိဘာသာပယီ စ၊ ဆဲရေးတိုင်းထွာ မာန်ပါပါနှင့် များစွာဟိန်းဟောက် ခြိမ်းခြောက်လည်းခြိမ်းခြောက်ခဲ့ပါပြီ။

၃၃။ သာဟံ ယောဇ္ဈ သပထံ၊ မုသာဝါဒံ အဘာသိသံ။
ပုတ္တမံသာနိ ခါဒါမိ၊ သစေ တံ ပကတံ မယာ။

၃၃။ သာဟံ၊ ထိုတပည့်တော်မသည်။ ယောဇ္ဈ၊ အလွန်ကြမ်းကြုတ်လှသော။ မုသာဝါဒံ၊ မမှန်မကန် လိမ်လည်ဉာဏ်ဖြင့် ဖောက်ပြန်ချွတ်ယွင်း အလျှင်းပင် မဟုတ်မှန်သော။ သပထဒ္ဓ၊ ယုံပါစေလို ကျိန်စာဆိုမှုကိုလည်း။ အဘာသိသံ၊ ကိုယ် တိုင်ဖွင့်ဟ ဆိုခဲ့ရပါပြီ။ ကိံ၊ ဘယ်သို့ ဘယ်ညာ ဆိုခဲ့ရပါသနည်း ဟူမူကား။ မယာ၊ ငါသည်။ တံ၊ ကိုယ်ဝန်ပျက်ကြောင်း ထိုမကောင်းမှုကို။ သစေ ပကတံ၊ အမှန်တိုင် အကယ်၍ ပြုမိခဲ့သည်ဖြစ်အံ့။ အဟံ၊ ကျွန်တော်မသည်။ ပုတ္တမံသာနိ၊ ကိုယ်တိုင် မွေးဖွား သနားစဖွယ် သားမမယ်ကလေးတို့၏ အသားတို့ကို။ ခါဒါမိ၊ မညှာမတာ စားသောက်ရပါစေသား။ ဣတိ၊ ဤသို့။ အဘာသိသံ၊ ကျိန်စာစကား ပြောကြား ခဲ့ဖူးပါပြီ။

၃၄။ တဿ ကမ္မဿ ဝိပါကေန၊ မုသာဝါဒဿ စူဘယံ။
ပုတ္တမံသာနိ ခါဒါမိ၊ ပဗ္ဗလောဟိတမက္ခိတာ။

၃၄။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ တဿကမ္မဿ၊ ထိုအကုသိုလ်မှု၏လည်းကောင်း။ တဿ မုသာဝါဒဿ စ၊ မမှန်မကန် လိမ်လည် ဉာဏ်ဖြင့် ဖောက်ပြန်ချွတ်ယွင်း ကျိန်စာဆိုခြင်းဟူသော ထိုမကောင်းမှု၏လည်း ကောင်း၊ ဥဘယံ ဥဘယဿ၊ ပါကာတိပါတ မုသာဝါဒ နှစ်ဝပေါင်းစု မကောင်း မှု၏။ ဥဘယံ ဥဘယေန၊ နှစ်ပါးစုံသော။ ဝိပါကံ ဝိပါကေန၊ ပြုလုပ်သည့်တွက် ကျိုးဝိပါက်ကြောင့်။ ပုဗ္ဗလောဟိတ မက္ခိတာ၊ ပြည်ရောသွေးပါ ဖြာဖြာယိုဆင်း

http://www.dhammadownload.com

လိမ်းကျံ၍နေခြင်းရှိသည်ဖြစ်၍။ ပုတ္တမံသာနို၊ မိမိမှာ သနားစဖွယ် သာမမယ်တို့၏ အသားတို့ကို။ ခါဒါမိ၊ ဝိပါက်အလျောက် မယွင်းဖောက်ဘဲ စားသောက်ကာ နေရပါသည် အရှင်ဘုရား။

ခင်ပွန်းဟောင်းအား အမျှဝေပါရန် ပြိတ္တာမ တိုက်တွန်း

ဤသို့ ပြိတ္တာမသည် မိမိပြုအပ်ခဲ့သော အကုသိုလ်ကံ၏ အကျိုးဆက်ကို လျှောက်ကြားသိစေပြီး၍ တစ်ဖန် နောက်ထပ် မထေရ်မြတ်တို့ကို "အရှင်ဘုရားတို့ တပည့်တော်မသည် ဤရွာငယ်၌သာလျှင် ဤအမည်ရှိသော သူကြွယ်၏ မယားပါတည်း၊ ငြူစူစိတ်မျိုး အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ မကောင်းမှုကံကို ပြုလုပ်မိခဲ့ပါသောကြောင့် ဤသို့လျှင် ပြိတ္တာမျိုး၌ ဖြစ်လာရပါ၏၊ အရှင်ဘုရားတို့ တပည့်တော်မသည် တောင်းပန်ပါ၏၊ ထိုသူကြွယ်၏အိမ်သို့ ကြွရောက်တော်မူကြပါကုန်ဘုရား၊ ထိုသူကြွယ်သည် အရှင်ဘုရားတို့အား အလှူဒါနကို ပေးလှူပါလတ္တံ့၊ ထိုအလှူကို တပည့်တော်မအား ရည်မှန်း၍ အမျှပေးကမ်းပါစေကုန်ဘုရား၊ ဤသို့ ရည်မှန်း၍ အမျှပေးကမ်းသည်ရှိသော် တပည့်တော်မ၏ ဤပြိတ္တာဘုံဘဝမှ လွတ် မြောက်ရခြင်းသည် ဖြစ်ပါအံ့ဘုရား"ဟူ၍ ဤသို့ လျှောက်ထားလေ၏။

သူကြွယ်အိမ်သို့ မထေရ်တို့ ကြွသွားပုံ

မထေရ်တို့သည် ထိုစကားကို ကြားကြရ၍ ထိုပြိတ္တာမကို အစဉ်သနားကြကုန်လျက် ဆင်းရဲဒုက္ခ ရောက်၍နေရသော ပြိတ္တာဘဝမှ ထုတ်ဆောင်ကယ်တင်လိုကြသောသဘော၌ တည်ကြကုန်သည်ဖြစ်၍ ထိုသူကြွယ်၏အိမ်သို့ ဆွမ်းအလို့ငှာ ဝင်ရောက်ကြလေကုန်၏။

ဆွမ်းဒါန ပြိတ္တာမအား အမျှဝေစေ

သူကြွယ်သည် မထေရ်တို့ကို ဖူးမြင်ရ၍ ကြည်လင်ဝမ်းမြောက်သောစိတ်ရှိရကား ခရီးဦးကြိုဆိုကာ သပိတ်တို့ကို ယူဆောင်လျက် မထေရ်တို့ကို နေရာတို့၌ နေစေတော်မူ၍ မွန်မြတ်သော အစာအာဟာရဖြင့် ကျွေးမွေးဆက်ကပ်အံ့သောငှာ ပြုလုပ် အားထုတ်လေ၏။ မထေရ်တို့သည် ထိုပြိတ္တာမအကြောင်းကို သူကြွယ်အား ပြောဆို သိကြားစေကြကုန်၍ ထိုသူကြွယ်လှူဒါန်းသော အလှူဒါန၏ အဖို့ဘာဂ အမျှဝေမှုကို ထိုပြိတ္တာမအား ရည်မှန်းကာ ပေးဝေစေကြကုန်၏။

http://www.dhammadownload.com

အမျှရ၍ ပြိတ္တာမဘဝမှလွတ်မြောက်

ဆွမ်းဒါနကို အမျှပေးဝေသောခဏ၌ပင်လျှင် ထိုပြိတ္တာမသည် ဆင်းရဲဒုက္ခ အဝဝမှ ကင်းကွာ၍ မွန်မြတ်သော စည်းစိမ်ဥစ္စာ အဖြာဖြာကိုရရှိပြီးလျှင် ညဉ့်အခါ၌ သူကြွယ်အား ကိုယ်ထင်ပြလေ၏။

အကြောင်းစုံ ဗုဒ္ဓထံလျှောက်ထား

ထိုအခါ မထေရ်တို့သည် အစဉ်အားဖြင့် သာဝတ္ထိပြည်သို့ ကြွတော်မူကြကုန်ပြီးလျှင် ဘုရားရှင်အား ထိုအကြောင်းစကားကို လျှောက်ကြားကြလေ၏။

ဒေသနာတော်၏အကျိုး

ဘုရားရှင်သည်လည်း ထိုအကြောင်းစကားကို အတ္ထုပ္ပတ်ထားခြင်း ပြုတော်မူ၍ ရောက်လာသောပရိသတ်အား မြတ်တရားကို ဟောကြားတော်မူလေ၏။ ဒေသနာတော်၏အဆုံး၌ များစွာသောလူအပေါင်းသည် ရအပ်သော သံဝေဂတရားရှိသည်ဖြစ်၍ သူတစ်ပါး၏စည်းစိမ်ကို ငြူစူခြင်း ကျဿာတရား, မိမိစည်းစိမ်၌ ဝန်တိုခြင်း မစ္ဆေရတရားတို့မှ ရှောင်ရှားလေ၏။ ဤသို့လျှင် ထိုဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးတရား များပြားသည် ဖြစ်လေ၏။

ခြောက်ခုမြောက် နေ့စဉ် နံနက် ညဉ့် သားငါးယောက်စီ မွေးဖွား၍ စားသောက်နေရရှာသော ပြိတ္တာမအကြောင်း ပြီး၏။

၇-သတ္တဥဇ္ဇဒါဒကပေတိဝတ္ထု

နေ့စဉ် ညဉ့် နံနက် သားခုနစ်ယောက်စီမွေးဖွား၍ စားသောက်နေရရှာသော ပြိတ္တာမ

နံဂ္ဂါ ဒုဗ္ဘဏ္ဍရူပါသိ- အစရှိသောဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ**သတ္တပုတ္တခါဒကပေတိဝတ္ထု**ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ညဉ့် နံနက် သားခုနစ်ယောက်စီမွေးဖွား၍ စားသောက်နေရရှာသော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

http://www.dhammadownload.com

ရူပါစာရ ပြည့်ဝသည့် သားနှစ်ယောက်

သာဝတ္ထိပြည်နှင့် မနီးမဝေး တစ်ခုသောရွာငယ်၌ တစ်ယောက်သော ဥပါသကာအား ပထမအရွယ်၌ တည်ရှိကြကုန်သော အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသည့် အကျင့်သီလနှင့်လည်း ပြည့်ဝစုံလင်ကြကုန်သော သားနှစ်ယောက်တို့သည် ရှိကုန်၏။

သားမာနရှင် လင်ပစ်ခံရ

ထိုသားနှစ်ယောက်တို့၏မိခင်သည် "ငါသည် သားရှင် မိခင်တည်း"ဟု သားတို့၏အားစွမ်းဖြင့် မိမိ၏လင်ဖြစ်သူကို မထီမဲ့မြင် မရိုမသေပြုလေ၏။ ထိုလင်ယောကျ်ားသည် မိမိမယား၏ မထီမဲ့မြင် မရိုမသေပြုအပ်သည်ကို နှလုံးမသာ ငြိုးငွေ့လာသောစိတ်ရှိရကား အခြားသော သတို့သမီးတစ်ယောက်ကို ယူလေ၏။ ထိုသတို့သမီးသည် မကြာမြင့်မီပင်လျှင် ကိုယ်ဝန်ကည်သည် ဖြစ်လေ၏။

ဆေးဆရာ အကူညီဖြင့် ကိုယ်ဝန်ဖျက်ပုံ

ထိုအခါ ထိုဥပါသကာ၏ မယားကြီးသည် ငြူစူသော အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ တစ်ဦးသော ဆေးဆရာကို အာမိသဖြင့် ဖြားယောင်း ခေါ်ဆောင်ပြီးလျှင် ထိုဆေးဆရာဖြင့် ထိုမိန်းမငယ်၏ သုံးလရှိသောကိုယ်ဝန်ကို လျှော်ကျစေ၏။

ကျိန်စာတိုက်၍ မုသားပြောခြင်း

ထိုအခါ ထိုမယားကြီးကို မိန်းမငယ်၏ဆွေမျိုးတို့သည်လည်းကောင်း၊ လင်ယောကျ်ားသည်လည်းကောင်း "သင်သည် ဤမိန်းမငယ်၏ကိုယ်ဝန်ကို ဖျက်ချသည် မဟုတ်လော"ဟု မေးမြန်း စစ်ဆေးကြကုန်သည်ရှိသော် "အကျွန်ုပ်သည် မဖျက်ရပါ"ဟု လိမ်လည်စကား ပြောကြားလေလျှင် ထိုသူတို့သည် မယုံကြည်ကြကုန်သည်ဖြစ်၍ "ကျိန်စာဆိုခြင်းကို ပြုလော့"ဟု ပြောဆိုကြကုန်၏။ ထိုအခါ မယားကြီးသည် "အကျွန်ုပ်သည် ညဉ့် နံနက် ခုနစ်ယောက်သော သားတို့ကို ဖွားမြင်၍ သားရတနာတို့၏အသားတို့ကို စားရသည် ဖြစ်ရပါစေသား၊ အမြဲတမ်း မကောင်းသောအနံ့လှိုင်သည်ဖြစ်၍ ယင်မမဲရိုင်းတို့ တလှိုင်းလှိုင်း ရောပြွမ်းလျက် နေရသည် ဖြစ်ရပါစေသား"ဟု လိမ်လည်စကား ပြောကြားလျက် ကျိန်စာဆိုလေ၏။

မကောင်းမှုနှစ်ခု၏ကံ ပြိတ္တာမဖြစ်ရပုံ

ထိုမယားကြီးသည် အခါတစ်ပါး၌ သေလွန်ခြင်းကိုပြုခဲ့၍ ကိုယ်ဝန်ဖျက်

http://www.dhammadownload.com

ခဲ့ခြင်း၊ မုသားစကား ပြောကြားခဲ့ခြင်း၏ အကျိုးဆက်ဖြင့်ပင်လျှင် ပြိတ္တာဘုံ၌ဖြစ်၍ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သား၏ အသားတို့ကို ခဲစားလျက် ထိုရွာငယ်၏ မနီးမဝေး၌ ကျက်စားသွားလာကာ နေလေ၏။

ပြိတ္တာမ ကိုယ်ထင်ပြ

ထိုအခါ များစွာကုန်သောမထေရ်တို့သည် ရွာငယ်၌ ဝါကပ်၍ ဝါကျွတ်ကုန်ပြီးသည်ရှိသော် ဘုရားရှင်ကို ဖူးမြော်ရန်အလို့ငှာ သာဝတ္ထိပြည်သို့ ကြွလာခဲ့ကြရာ ထိုရွာငယ်၏ အနီးအပါး တစ်ခုသောအရပ်၌ တစ်ညဉ့်မျှ တည်းခိုနေထိုင်ခြင်းကို ပြုအံ့သောငှာ ကပ်ရောက်ကြလေကုန်၏။ ထိုအခါ ပြိတ္တာမသည် မထေရ်တို့အား မိမိကိုယ်ကို ပြလေ၏။

ထိုပြိတ္တာမကို မထေရ်ကြီးသည် အောက်ပါဂါထာဖြင့် မေးမြန်းလေ၏။

မထေရ်ကြီး၏ အမေး

၃၅။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ၊ ဒုဂ္ဂန္ဓာ ပူတိ ဝါယသိ။
မင်္ကုကာဟိ ပရိကိဏ္ဏာ၊ ကာနု တွံ ဣဓ တိဋ္ဌသိ။

ဤဂါထာ၏ အနက်သည် နံပါတ် ၂၆ ဂါထာ၏ အနက်နှင့် တူ၏။

ထိုပြိတ္တာမသည် မထေရ်မြတ် မေးမြန်းအပ်သည်ဖြစ်၍ သုံးခုသောဂါထာတို့ဖြင့် ပြန်ကြား လျှောက်ထားလေ၏။

ပြိတ္တာမ၏ အဖြေ

၃၆။ အဟံ ဘဒန္တေ ပေတိမ္ဟိ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဥပေါ ဂတာ။

ဤဂါထာ၏ အနက်သည် နံပါတ် ၂၇ ဂါထာ၏ အနက်နှင့် တူ၏။

၃၇။ ကာလေန သတ္တပုတ္တာမှိ၊ သာယံ သတ္တ ပုနာပရေ။
ဝိဇာယိတွာန ခါဒါမိ၊ တေပိနာ ဟောန္တိ မေ အလံ။

၃၇။ ဘဒန္တေ၊ သာကီနယ်ဇာတ် အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ကာလေန၊ မိုးသောက်ထရာ နံနက်ခင်းအခါ၌။ သတ္တပုတ္တာနိ၊ ရင်သွေးဖြစ်ငြား ခုနစ်ယောက်သော သားတို့ကို။ ဝိဇာယိတွာန၊ မသက်မသာ ဆင်းရဲစွာ မွေးဖွား၍။ ခါဒါမိ၊ ဆာလောင်ပြင်းကာ မနေသာ၍ သတ်ကာဖြတ်ကာ စားသောက်ရပါ၏။ သာယံ၊ ညနေပိုင်းအခါ၌။ ပုန၊ တစ်ဖန်။ အပရေ၊ နံနက်မွေးဖွား ခုနစ်ယောက်သော သားတို့မှ တစ်ပါးကုန်သော။ သတ္တပုတ္တာနိ၊ ရင်သွေးဖြစ်ငြား ခုနစ်ယောက်သော

http://www.dhammadownload.com

သားတို့ကို။ ဝိဇာယိတွာန၊ မွေးဖွားရပြန်၍။ ခါဒါမိ၊ ဆာလောင်ပြင်းကာ မနေသာ၍ သတ်ကာဖြတ်ကာ စားသောက်ရပြန်ပါတော့၏။ တပိ၊ ထိုနှနက်နှင့်ညီ စားသောက်ရသည့် တစ်ဆယ့်လေးယောက်သော သားလုတို့သည်လည်း။ မေ၊ တပည့်တော်မ၏။ ခုဒါယ ပဋိဃာတာယ၊ ငတ်မွတ်ခြင်းဘေး ကင်းဝေးပယ်ဖျောက်ခြင်းငှာ။ အလံ၊ လုံးဝပိုင်ပိုင် စွမ်းနိုင်ကုန်သည်၊ နှ ဟောန္တိ၊ တစ်ခဏမျှ မဖြစ်ရပါကုန်ဘုရား။

၃၈။ ပရိဠုယှတိ ဓူမာယတိ၊ ခုဒါယ ဟဒယံ မမ။
နိဗ္ဗုတိ နာဓိဂစ္ဆာမိ၊ အဂ္ဂိဒမှာဝ အာတပေ။

၃၈။ ဘဒန္တေ၊ သာကီနွယ်ဇာတ် အရှင်မြတ်ဘုရား။ မမ၊ ဝင့်ဆင်းရဲကျ တပည့်တော်အမိုက်မ၏။ ဟဒယံ၊ ဘဝင်နှလုံးအရပ်သည်။ ခုဒါယ၊ အလွန်ငတ်မွတ်လှပါသောကြောင့်။ ပရိဠုယှတိ၊ ပူပန်လှပါ၏။ ဓူမာယတိ၊ အခိုး ထ၍ နေရပါ၏။ အာတပေ၊ မနေနိုင်အောင် ပူလောင်ထန်ကဲ နေပူထဲ၌။ အဂ္ဂိဒမှာဝ၊ မီးလျှံရဲရဲ ကိုယ်မှာစွဲ၍ အမြဲမပြတ်လောင်ကျွမ်းအပ်သောသူကဲ့သို့။ နိဗ္ဗုတိ၊ ငတ်မွတ်ပါရ ဤဒုက္ခမှ လုံးဝငြိမ်းအေးခြင်းကို။ နာဓိဂစ္ဆာမိ၊ ယခုထက်ထိုင်း မရနိုင်ပါဘုရား။

ထိုစကားကို ကြားရ၍ မထေရ်မြတ်သည် ပြိတ္တာမသည် ပြုအပ်သောမကောင်းမှုကံကို မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို မိန့်ဆိုလေ၏။

မထေရ်၏အမေး

၃၉။ ကီ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ပုတ္တမံသာနိ ခါဒသိ။

ဤဂါထာ၏အနက်သည် နံပါတ် ၃၀ ဂါထာနှင့် တူ၏။

ထိုအခါ ပြိတ္တာမသည် မိမိပြိတ္တာဘုံသို့ ကပ်ရောက် ဖြစ်လာရပုံကိုလည်းကောင်း၊ သားရတနာတို့၏ အသားတို့ကို စားရခြင်း၏အကြောင်းတို့ကိုလည်းကောင်း ပြန်ကြား လျှောက်ထားလိုသည်ဖြစ်၍ အောက်ပါ ခြောက်ဂါထာတို့ကို ရွတ်ဆို လျှောက်ထားလေ၏။

ပြိတ္တာမ၏အဖြေ

၄၀။ အဟူ မယှံ ဒုဇေ ပုတ္တာ၊ ဥဿော သမ္မတ္တယောဗ္ဗနာ။
သာဟံ ပုတ္တမလုဒေတာ၊ သာမိကံ အတိမညိသံ။

၄၀။ ဘဒန္တေ၊ မြင့်မြတ်ဖြူစင် အို အရှင်မြတ်ဘုရား။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးစွ

http://www.dhammadownload.com

ရွေးဘဝက။ မယ့်၊ တပည့်တော်မအား။ ဒုဝေ၊ နှစ်ယောက်ကုန်သော။ ပုတ္တာ၊ ချစ်လို့မဝ အားကိုးရတဲ့ သားလှရတနာတို့သည်။ အဟူ၊ ရှိခဲ့ကုန်ပြီ။ ဥဘော၊ သားနှစ်ယောက်တို့သည်။ သမ္မတ္တယောဗ္ဓနာ၊ ကောင်းစွာရောက်ပြီးသော အရွယ်ရှိကြကုန်၏။ သာဟံ၊ ထိုတပည့်တော်မသည်။ ပုတ္တဗလူပေတာ၊ သားတည်းဟူသော ခွန်အားဗလ ပြည့်စုံလှသည်ဖြစ်၍။ သာမိကံ၊ ငယ်ချစ်သခင် မိမိလင်ကို။ အတိမညိသံ၊ အထင်သေးကာ မထီမဲ့စွာ ပြုမိခဲ့ပါသည်ဘုရား။

၄၁။ တတော မေ သာမိကော ကုဒ္ဓေါ၊ သပတိ် မယှမာနယိ။
သာ စ ဂဇ္ဇံ အလဘိတ္ထ၊ တဿာ ပါပံ အစေတယိ်။

၄၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တတော၊ ထိုသို့ မထီမဲ့စွာ ပြုခဲ့မိပါသောကြောင့်။ မေ၊ တပည့်တော်မ၏။ သာမိကော၊ ငယ်ချစ်လင်သည်။ ကုဒ္ဓေါ၊ နှေ့စဉ် ရက်ဆက် အမျက်ထွက်ခဲ့သည်ဖြစ်၍။ မယ့်၊ သဲသရာရေး ဒုက္ခဘေးကို မြော်တွေးမသိ တပည့်တော် အမိုက်မ၏။ သပတိ်၊ တပည့်တော်မှတစ်ပါး နောက်ပွားထပ်ဆွယ် မယားငယ်ကို။ အာနယိ၊ အဟောင်းကိုပယ်ခွာ အသစ်ရှာခဲ့ပါပြီ။ သာစ၊ ထိုနောက်ပွားထပ်ဆွယ် မယားငယ်သည်လည်း။ ဂဇ္ဇံ၊ ကိုယ်ဝန်ကို။ အလဘိတ္ထ၊ ကောင်းစွာတည်ကာ ရခဲ့ပါပြီ။ အဟံ၊ တပည့်တော်မသည်။ တဿာ၊ ထိုမယားငယ် အား။ ပါပံ၊ ယုတ်မာကြမ်းကြုတ် မကောင်းသောအလုပ်ကို။ အစေတယိ်၊ ပြုလုပ်စေဖို့ အားထုတ်လွန်ကျူး စေ့ဆော်ခဲ့ဖူးပါပြီဘုရား။

၄၂။ သာဟံ ပဒုဋ္ဌမနသာ၊ အကရိ် ဂဇ္ဇပါတနံ။
တဿာ တေမာသိကော ဂဇ္ဇော၊ ပူတိလောဟိတကော ပတိ။

၄၂။ အဟံ၊ တပည့်တော်မသည်။ ပဒုဋ္ဌမနသာ၊ ပြစ်မှားသောစိတ် ရှိသည်ဖြစ်၍။ ဂဇ္ဇပါတနံ၊ ကိုယ်ဝန်ဖျက်ခြင်းကို။ အကရိ်၊ မိုက်ထက်မိုက်ကာ ပြုလုပ်ပေးရက်ခဲ့မိပါပြီ။ တဿာ၊ ထိုမယားငယ်၏။ တေမာသိကော၊ နုနယ်လှစွာ သုံးလမျှသာ ရှိသေးသော။ ဂဇ္ဇော၊ ကိုယ်ဝန်သည်။ ပူတိ လောဟိတကော၊ ပုပ်သောသွေးပြည်သည်။ ဟုတ္တာ၊ ဖြစ်၍။ ပတိ၊ ကိုယ်ဝန်ကျရေး ဖော်စပ်ဆေးကြောင့် မနှေးလွယ်စွာ ပျက်ကျရရှာလေတော့၏။

၄၃၊ ၄၄၊ ၄၅ ဂါထာတို့သည် ၃၂-၃၃-၃၄ ဂါထာတို့နှင့် အနက်တူ၏။

အကြွင်း အလုံးစုံသောစကားရပ်သည် ပဌမပုတ္တခါဒကပေတိဝတ္ထုနှင့် တူသည်။ ထူးခြားသည်မှာ ထိုဝတ္ထုဌ် ရှစ်ပါးသောမထေရ်တို့၊ ဤဝတ္ထုဌ် များစွာကုန်သော

http://www.dhammadownload.com

မထေရ်တို့၊ ရှေးဝတ္ထု၌ ငါးယောက်ကုန်သောသားတို့၊ ဤဝတ္ထု၌ ခုနစ်ယောက်ကုန်သောသားတို့ ဤမျှသာ ထူးသည်။

ခုနစ်ခုမြောက် နေ့စဉ် ညဉ့် နံနက် သားခုနစ်ယောက်စီ မွေးဖွား၍ စားသောက်နေရသော ပြိတ္တာမ၏အကြောင်း ပြီး၏။

၈–ဂေါဏဝေတဝတ္ထု

နွားသေဥပမာဖြင့် ဖခင်အား တရားဟောကြားသော သုဇာတဘုရားလောင်း

ကိ နဲ့ ဥမ္မတ္တရူပေါဝ– အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤဂေါဏပေတဝတ္ထုကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ဦးသော ဖခင်သေလွန်သည့်သူကြွယ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မြင်မြင်သမျှလူကို သူ့ဖခင်တွေ့သလားမေးသူ

သာဝတ္ထိပြည်၌ တစ်ယောက်သောသူကြွယ်၏ဖခင်သည် ကွယ်လွန်သတတ်။ ထိုသူကြွယ်သည် ဖခင် ကွယ်လွန်သောကြောင့် စိုးရိမ်ခြင်းမီးဖြင့် ပူလောင်အပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ ငိုကြွေးမြည်တမ်းလျက် သူရူးကဲ့သို့ ထိုထို ဤဤ လှည့်လည်ပြီးကာ အမှတ်မထင် အကြင်အကြင်သို့သောသူကို တွေ့မြင်အံ့၊ ထိုထို တွေ့မြင်တိုင်းသောသူကို "အကျွန်ုပ်၏ဖခင်ကို တွေ့မြင်ခဲ့ကြပါသလော"ဟု မေးမြန်းလေ၏။ တစ်စုံတစ်ယောက်သောသူမျှ ထိုသူကြွယ်၏ စိုးရိမ်ပူဆွေးခြင်းကို ဖြေဖျောက်ခြင်းငှာ မစွမ်းနိုင်ပေ။ ထိုသူကြွယ်၏စိတ်နှလုံးကား ထွန်းအပ်သော ဆီမီးကဲ့သို့ သောတာပတ္တိဖိုလ်၏ အားကြီးသောအကြောင်း ဥပနိဿယသည် ပေါ်လွင် လင်းလက်လျက်ရှိ၏။

သူ့အိမ်တံခါးဝ ဗုဒ္ဓကြွလာ

ဘုရားရှင်သည် နံနက်မိုးသောက်အခါ၌ လောကကို ကြည့်ရှုတော်မူလတ်သော် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ်၏ အားကြီးသောအကြောင်း ဥပနိဿယကို မြင်တော်မူ၍ "ဤသူကြွယ်၏ လွန်ခဲ့ပြီးသောအကြောင်းကို ဆောင်၍ စိုးရိမ်ပူဆွေး

http://www.dhammadownload.com

ခြင်းကို ငြိမ်းအေးစေလျက် သောတာပတ္တိဖိုလ်ကို ပေးခြင်းငှာအပ်၏"ဟု ဆင်ခြင်တော်မူပြီးလျှင် တစ်ဖန် မိုးသောက်၍ နှစ်ရက်မြောက်သောနေ့၌ ဆွမ်းဘုဉ်းပေးတော်မူပြီးသည်မှ နောက် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော် နောက်ပါရဟန်းကိုမျှ ခေါ်တော်မမူဘဲ ထိုသူကြွယ်၏အိမ်တံခါးသို့ ကြွသွားတော်မူလေ၏။

ဖခင်သွားရာကို ဗုဒ္ဓထံပါး လျှောက်ထားမေးမြန်း

ထိုသူကြွယ်သည် "ဘုရားရှင် ကြွတော်မူလာ၏"ဟု ကြားသိရ၍ ခရီးဦးကြိုဆိုပြီးလျှင် ဘုရားရှင်ကို အိမ်သို့ပင့်ဆောင်၍ ဘုရားရှင်သည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးလတ်သော် မိမိကိုယ်တိုင် ဘုရားရှင်ကိုရှိခိုး၍ သင့်တင့်လျောက်ပတ်သောနေရာ၌ နေပြီးလျှင် "အရှင်မြတ်ဘုရား– တပည့်တော်၏ မွေးသဖခင် ကျေးဇူးရှင်ကြီး၏ သွားရာအရပ်ကို သိတော်မူပါသလော" ဟု လျှောက်ထားလေ၏။

ဖခင်နှစ်ဦးတွင် ဘယ်ဖခင်ကိုမေးသလဲ

ထိုအခါ ဘုရားရှင်သည် သူကြွယ်ကို "ဒါယကာ သင်သည် ယခုပစ္စက္ခဤဘဝ၌ဖြစ်သော ဖခင်ကို မေးလျှောက်သလော၊ သို့တည်းမဟုတ် လွန်လေပြီးသော ဘဝက ဖခင်ကို မေးလျှောက်သလော"ဟု မေးမြန်းတော်မူလေ၏။

ဗုဒ္ဓအမေးကြောင့် ပူဆွေးမှုသက်သာ

ထိုသူကြွယ်သည် ဘုရားရှင်၏ မေးမြန်းသောစကားကို ကြားရ၍ "ငါ၏ဖခင်တို့သည် များစွာရှိကုန်သတတ်"ဟု တွေးသိကာ လျော့ပါးသော စိုးရိမ်ပူဆွေးခြင်းရှိသည်ဖြစ်၍ အနည်းငယ်သော သက်သာမှုကို ရရှိလေ၏။

သောကငြိမ်းရေး တရားရအောင်း

ထိုအခါ သူကြွယ်အား ဘုရားရှင်သည် စိုးရိမ်ပူဆွေးခြင်းကို ပယ်ဖျောက်တတ်သော တရားစကားကို ဟောကြားတော်မူ၍ ကင်းသော စိုးရိမ်ပူဆွေးမှုရှိသော ခဲ့သောစိုတ်ရှိသည်ကို သိတော်မူ၍ ထူးမြတ်လှ နှံကဲသော တရားဒေသနာတော်ဖြင့် ထိုသူကြွယ်အား သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် ကျောင်းတော်သို့ ကြွသွားတော်မူလေ၏။

အကြောင်းစုံစကား ရဟန်းတို့ပြောကြား

ထိုအခါ ရဟန်းတော်တို့သည် တရားသဘင်၌ စကားကို ဖြစ်စေကြကုန်၏။

http://www.dhammadownload.com

အဘယ်သို့ ဖြစ်စေကြကုန်သနည်း ဟူမူကား "ငါ့ရှင်တို့- ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကို ကြည့်ကြပါကုန်လော့၊ ဘုရားရှင်သည် ထိုသို့သဘောရှိသော စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းသို့ ရောက်၍နေသော ဥပါသကာကို ခဏချင်းဖြင့် ပင်လျှင် သောတာပတ္တိဖိုလ်၌ တည်အောင် ဆုံးမတော်မူအပ်ပြီ"ဟု စကားကို ဖြစ်စေကြကုန်၏။

အတိတ်ကလည်း အေးစေဖူးပြီ

ဘုရားရှင်သည် ထိုအရပ်သို့ ကြွလာတော်မူ၍ ခင်းထားအပ်သော မြတ်သော ဘုရားရှင်၏နေရာ၌ နေတော်မူလျက် "ရဟန်းတို့ ငါဘုရား ကြွလာတော်မူရာ ယခုအခါ၌ အဘယ်စကားဖြင့် ပြောကြားနေထိုင်ကြကုန်သနည်း"ဟု မေးမြန်းတော်မူလေ၏။ ရဟန်းတော်တို့သည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားကြကုန်၏။ ဘုရားရှင်သည် "ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ဤသူကြွယ်၏ စိုးရိမ်ပူဆွေးခြင်းကို ပယ်ဖျောက်အပ်သည်မဟုတ်သေး၊ ရှေး၌လည်း ပယ်ဖျောက်ဦးအေးစေဖူးသည်သာတည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းတော်တို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူကာ ဟောကြားလေ၏။

အတိတ်ကိုဆောင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တစ်ဦးသော သူကြွယ်၏ဖခင်သည် သေလေ၏။ ထိုသူကြွယ်သည် ဖခင်သေဆုံးသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းသို့ ရောက်သည်ဖြစ်၍ ပြည့်သောမျက်ရည် နှိမြန်းသောမျက်လုံးရှိသည်ဖြစ်၍ ငိုကြွေးလျက် ထင်းပုံကို လက်ယာရစ်လှည့်လည်ခြင်းကို ပြုလေ၏။ ထိုသူကြွယ်၏ သားဖြစ်သော သုဇာတမည်သော သတို့သားသည် ပညာရှိ၏၊ လိမ္မာ၏၊ အမြော်အမြင် ဆင်ခြင်တတ်သောဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဖခင်၏ စိုးရိမ်ပူဆွေးခြင်းကို ပယ်ဖျောက်ခြင်း၏ အကြောင်းဥပါယ်ကို ကြံစည်လျက်နေစဉ် တစ်နေ့သ၌ မြို့၏ပြင်ပတွင် တစ်ကောင်သောနွားသေကိုမြင်၍ မြက်ကိုလည်းကောင်း၊ ရေကိုလည်းကောင်း ယူဆောင်၍ ထိုနွားသေ၏ရှေ့၌ထားပြီးလျှင် "စားလော့၊ စားလော့၊ သောက်လော့၊ သောက်လော့"ဟု ဆိုပြီးလျှင် ရပ်တည်လေ၏။ လာတိုင်း လာတိုင်း ကုန်သောသူတို့သည် ထိုသုဇာတ သတို့သားကိုမြင်၍ "အချင်း သုဇာတ- အသို့နည်း၊ သင်သည် ရူးသွပ်၍နေသလော၊ သင်သည် သေသောနွားအား မြက်နှင့်ရေကို ကျွေးမွေးပေးဆောင်ဘိ၏"ဟု ပြောဆိုကြကုန်၏။ ထို သုဇာတ သတို့သားသည် တစ်စုံတစ်ခုသောစကားကိုမျှ ပြန်ကြားမပြောဆိုဖေ။ လူအပေါင်းတို့သည် ထို

http://www.dhammadownload.com

သုဇာတ၏ ဖခင်ထံသို့သွား၍ "သင်၏သား သုဇာတသည် ရူးသွပ်၍နေလေ၏၊ သေပြီးသောနွားအား မြက်နှင့်ရေကို ကျွေးမွေးပေးကမ်းဘိ၏"ဟု ပြောဆိုကြကုန်၏။ ထိုစကားကိုကြားပြီးလျှင် သူကြွယ်အား သေသောဖခင်ကိုအကြောင်းပြု၍ ဖြစ်ပွားခဲ့သော စိုးရိမ်ပူဆွေးခြင်းသည် ကင်းပျောက်ခြင်းသို့ ရောက်လေတော့၏။

သူကြွယ်သည် "ငါ၏သားသည် ရူးသွပ်ခြင်းသည် ဖြစ်သတတ်"ဟု တုန်လှုပ်ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ လျင်မြန်စွာသွား၍ "ချစ်သား သုဇာတ– သင်သည် ပညာရှိသည်၊ လိမ္မာသည်၊ အမြော်အမြင် ဆင်ခြင်တတ်သောဉာဏ်နှင့် ပြည့်စုံသည် မဟုတ်ပါလော၊ အဘယ်အကြောင်းကြောင့် သင်သည် သေပြီးသောနွားအား မြက်နှင့်ရေကို ပေးဘို့သနည်း"ဟု မေးမြန်းလိုသည်ဖြစ်၍ အောက်ပါနှစ်ဂါထာကို ရွတ်ဆိုလေ၏။

၄၆။ ကိ နု ဥမ္မတ္တရူပေါ၀၊ လာယိတွာ ဟရိတံ တိဏံ။
ခါဒ ခါဒါတိ လပသိ၊ ဂတသတ္တံ ဇရဂ္ဂ၀ံ။

၄၆။ ပုတ္တ၊ အို ချစ်သား။ ကိ၊ နု၊ ဘယ်အကြောင်းကြောင့်။ ဥမ္မတ္တရူပေါ၀၊ ပေါကြောင်စိတ်ထား အရူးများကဲ့သို့။ ဟရိတံ၊ လန်းဆန်းဖြာဖြာ စိမ်းစိုစွာသော။ တိဏံ၊ နွားတို့တပ်မက် စားဖို့မြက်ကို။ လာယိတွာ၊ မျှော်လင့်ဘဲ ရိတ်ဖြတ်ဆွဲ၍။ ဂတသတ္တံ၊ သေလေပြီးသော။ ဇရဂ္ဂ၀ံ၊ မလှုပ်မရှား အလကားအပို နွားသေအိုကို။ ခါဒ ခါဒ၊ ခါတိုင်းလိုပင် အစဉ်မခြား အ၀စားသောက်ပါလော့။ ဣတိ၊ ဤသို့။ လပသိ၊ အဘယ့်ကြောင့်များ ယောင်ချောက်ချား၍ ဖောက်ပြားထင်ရာ ပြောဆို၍နေပါသနည်း။

၄၇။ နု ဟိ အန္နေန ပါနေန၊ မတော ဂေါဏော သမုဋ္ဌဟော။
တွံသိ ဗာလော စ ဒုမ္မေဓော၊ ယထာ တံညေ၀ ဒုမ္မတိ။

၄၇။ ပုတ္တ၊ ဉာဏ်ပညာကြီးမား အို ချစ်သား။ တယာ၊ သင်သည်။ ဒိန္နေန၊ ရိတ်ဖြတ်၍ပေးအပ်သော။ အန္နေန၊ ထမင်းပမာ မြက်အစာဖြင့်လည်းကောင်း။ ပါနေန၊ သောက်ရေဖြင့်လည်းကောင်း။ မတော၊ ဇီ၀ိန်ကင်းကြွေ သေလေပြီးသော။ ဂေါဏော၊ ကိုယ်ခန္ဓာသာ ကြွင်းကျန်ရှာသောနွားသည်။ နု ဟိ သမုဋ္ဌဟော၊ လှုပ်လှုပ်ရွရွ အသက်ရကာ ထလာနိုင်မည်မဟုတ်ပါ။ တွံ၊ သင်ချစ်သားသည်။ ဗာလောစ၊ အသိကင်းကွာ မိုက်မဲရှာသည်လည်း။ ဒုမ္မေဓော၊ အမြော်အမြင် အဆင်ခြင်မဲ့သည်။ အသိ၊ အမှန်စင်စစ် ဇကန်ပင်ဖြစ်၏။ အညော၊ သင်မှတစ်ပါးသော။ ဒုမ္မတိ၊ အမြော်အမြင် အဆင်ခြင်မဲ့ကင်း ဉာဏ်ပညာချွတ်ယွင်းသူသည်။ ဝိပ္ပလပေယျ ဣ၀၊ ရောက်တတ်ရာရာ မြည်တမ်းရှာသကဲ့သို့။ ဇ၀ံ၊ ဤနည်းမခြား အလားတူစွာ။ တွံ၊

http://www.dhammadownload.com

သင်သည်။ နိရတ္ထက်၊ ဘာတစ်ခုမျှ အကျိုးမရသည့်စကားကို။ ဝိပွလပသိ၊ အထိန်းလွတ်ကာ စိတ်ထင်ရာသို့ ရမ်းကားရမ်းကာ မြည်တမ်းရာတော့၏။

ဖခင်ပြောဆိုသော ထိုစကားကို ကြားရ၍ သုဇာတ သတို့သားသည် ဖခင်ကို ကောင်းစွာ သိရှိစိမ့်သောငှာ မိမိဆိုလိုသောအဓိပ္ပာယ်ကို ထင်ရှားပြလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာကို ရွတ်ဆိုလေ၏။

၄၈။ ကွမေ ပါဒါ ကွဒံ သီသံ၊ အယံ ကာယော သဝါလဓိ။
နေတ္တာ တထေဝ တိဋ္ဌန္တိ၊ အယ္ပံ ဂေါဏော သမုဋ္ဌဟေ။

၄၈။ တာတ၊ ကျေးဇူးအရှင် မွေးဖခင်။ ကွမသ၊ အသက်မပါ ကိုယ်ခန္ဓာသာကျန်ခဲ့ရှာပေ ဤနွားသေ၏။ ကွမေ ပါဒါ၊ လက်ခြေပေါင်းစု ဤခြေလေးခုတို့သည်လည်းကောင်း။ ကွဒံ သီသံ၊ ပါးစပ် နှာခေါင်း စသည်အပေါင်း ဤဦးခေါင်းသည်လည်းကောင်း။ သဝါလဓိ၊ အမြီးနှင့်တကွသော။ အယံကာယော၊ လုံးစုံစုရာ ဤကိုယ်ခန္ဓာသည်လည်းကောင်း။ ကွမာနိ နေတ္တာနိ၊ ဤမျက်လုံးတို့သည်လည်းကောင်း။ တထေဝ၊ အရှင်ဘဝ မှန်းဆကြည့်ပါ တူသေးသည်သာလျှင်။ ဟုတ္တွာ၊ ဖြစ်ကုန်၍။ တိဋ္ဌန္တိ၊ ဖောက်ပြန်ကင်းဝေး တည်ကုန်သေး၏။ အယံ ဂေါဏော၊ သက်ရှိအတိုင်း ယှဉ်နှိုင်းတည်နေ ဤနွားသေသည်။ သမုဋ္ဌဟေ၊ ကြွကာ ကြွကာ ထလာတန်ရာ၏။

၄၉။ နာယျကဿ ဟတ္ထပါဒါ၊ ကာယော သီသဉ္စ ဒီဿတိ။
ရဒံ မတ္တိကထူပသ္မိံ၊ နနု တွညော ဒုမ္မတိ။

၄၉။ တာတ၊ ကျေးဇူးအရှင် မွေးဖခင်။ အယျကဿ၊ အကျွန်ုပ်အဘိုး၏။ ဟတ္ထပါဒါ၊ လက်နှင့်ခြေတို့သည်။ နဒီဿန္တိ၊ လှုပ်ရှားဖို့ရာ လုံးဝမထင်မြင်တော့ပါကုန်။ ကာယော စ၊ ကိုယ်ခန္ဓာသည်လည်းကောင်း။ သီသဉ္စ၊ ပါးစပ်နှာခေါင်း စသည်အပေါင်း ဤဦးခေါင်းသည်လည်းကောင်း။ နဒီဿ၊ လှုပ်လှုပ်ရွရွ မထင်ကြတော့ပါကုန်။ မတ္တိကထူပသ္မိံ၊ မြေညက်လိမ်းကျံ လှအောင်ဖန်ယူ အရိုးဂူ၌။ ရဒံ ရဒန္တော၊ ပူဆွေးလှိုက်ဖို မျက်ရည်ယိုကာ ငိုညည်း၍နေပါသော။ တွညော၊ ကျေးဇူးအရှင် သင်ဖခင်သည်သာလျှင်။ ဒုမ္မတိ၊ ဤသားမောင်ထက် ရာထောင်တက်၍ ဆက်ဆက်ညံ့ဖျင်း ပညာကင်းသည်။ အသိ နု၊ ဇကန်ပင်ဖြစ်သည် မဟုတ်ပါလော။

သား၏ပရိယာယ် ဖခင်နှားလည်

သားမောင်ပြောကြား ထိုစကားကိုကြား၍ ဘုရားလောင်း သုဇာတ၏ဖခင်

http://www.dhammadownload.com

သည် "ငါ၏သားသည် ပညာရှိပေစ၊ ငါ့ကို အသိဉာဏ်ဝင်စေခြင်းငှာ ဤသို့သော ပရိယာယ်အမှုကို ပြုလေ၏တကား"ဟု ကြံပြီးလျှင် "ချစ်သား သုဇာတ 'ခပ်သိမ်းသော သတ္တဝါဟူသမျှတို့သည် သေခြင်းသဘောသာ ရှိကြကုန်၏"ဟူသော သဘောတရားကို ငါသည် သိရှိရပါပြီ၊ ဤနေ့မှစ၍ ငါသည် စိုးရိမ်ပူဆွေးခြင်း မရှိတော့ပါ၊ စိုးရိမ်ပူဆွေးမှုကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်သော ပညာရှိမည်သည် ထိုကဲ့သို့သဘောရှိသည် ဖြစ်တန်ရာ၏"ဟု သားဖြစ်သူကို ချီးမွမ်းစကား ပြောကြားလိုသည်ဖြစ်၍ အောက်ပါလေးဂါထာတို့ကို ဆိုလေ၏။

၅၀။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ ဩသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၅၀။ သုဇာတ၊ ချစ်သား သုဇာတ။ တံ့၊ သင်သည်။ အာဒိတ္တံ့၊ သောကမီးဖြင့် ဖိစီးတောက်လောင်နေသည့်။ သန္တံ့၊ အမှန်စင်စစ် ဧကန်ဖြစ်သော။ မံ၊ ငါ့ကို။ ဝါရိနာ၊ ရေဖြင့်။ ဩသိဉ္စံ့ ဝိယ၊ အေးမြစေရေး သွန်းလောင်းပေးသကဲ့သို့။ တထာ၊ ထိုနည်းမဟူ အလားတူသာလျှင်။ ဓမ္မဝါရိနာ၊ တရားတော်တည်းဟူသောရေဖြင့်။ ဩသိဉ္စဝတ၊ အေးမြစေရေး စိတ်ရည်တွေး၍ မနေးလျှင်စွာ လောင်းခဲ့လေပြီတကား။ ဃတသိတ္တံ့၊ ထောပတ်ဖြင့် သွန်းလောင်းအပ်သော။ ပါဝကံ၊ လောင်စာတွေ့က လောင်ချင်လှသောမီးသည်။ နိဗ္ဗာပယေ ဣဝ၊ ငြိမ်းအေးလေသကဲ့သို့။ ဧဝံ၊ ဤနည်းမခြား အလားတူစွာသာလျှင်။ သဗ္ဗံ၊ ကြွင်းမဲ့သုံ့ အလုံးစုံသော။ ဒရံ၊ စိတ်၌ပြင်းထန် ပူပန်ခြင်းကို။ နိဗ္ဗာပယေ၊ အပူမတိုး အရှိန်ကျိုးကာ ငြိမ်းအေးရလေပြီတကား။

၅၁။ အဗ္ဘဟိ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတဿ၊ ပိတု သောကံ အပါနုဒိ။

၅၁။ တာတ၊ ယဉ်ကျေးလိမ္မာ သိဉာဏ်ဖြာသည့် အမောင်ချစ်သား။ ယော တံ့၊ ငါ့ကိုပြုပြင် အကြင်သင်သည်။ သောကပရေတဿ၊ သောကသည်နှိပ်စက်အပ်သော။ မေ ပိတု၊ အနန္တဂုဏ်ရှင် ငါဖခင်၏။ သောကံ၊ နှလုံးပူပြင်း စိုးရမ်ခြင်းကို။ အပါနုဒိ၊ တစ်စွန်းတစ်စ မကျန်ရအောင် ခဏချက်ခြင်း ပယ်ဖျောက်ခွင်းပေတော့၏။ တေ တယာ၊ ရှေ့နောက်သိမြင် ချစ်သားသင်သည်။ မေ၊ ပရိဒေဝ သောကစီးဘိ သင့်အဖဖြစ်သော ဇ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံးတည် အမြဲမှီ၍ဖြစ်သော။ သောကံ၊ စိုးရိမ်ရခြင်းတည်းဟူသော။ သလ္လံ၊ အပူပစ်သွင်း ငြောင့်တံသင်းကို။ အဗ္ဘဟိဝတ၊ စူးဝင်သမျှ မကျန်ရအောင် အမြစ်ကဖြုတ် နုတ်အပ်ပေစွတကား။

http://www.dhammadownload.com

၅၂။ သွာဟံ အဗ္ဘုဋ္ဌသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။
နာ သောစာမိ နာ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ။

၅၂။ မာဏဝ၊ ရှေ့နောက်သိမြင် အိုလုလင်။ တဝ၊ သင် သား၊လုလင်၏။ ဝစနံ၊ ပူပင်ကင်းရန် စိတ်ရည်သန်၍ အမှန်ဟောကြား တရားစကားကို။ သုတ္တာန၊ ကြားနာရပါ၍။ သွာဟံ၊ သင့်ကျေးဇူးရှင် ဖခင်ဖြစ်သည့် ထိုငါသည်။ အဗ္ဘုဋ္ဌသလ္လော၊ နတ်ပယ်အပ်ပြီးသော ငြောင့်ရှိသည်။ အသ္မိ၊ စင်စစ်မသွေ ဖြစ်ရပေ၏။ နိဗ္ဗုတော၊ စိုးရိမ်မသန်း ငြိမ်းအေးချမ်းသည်ဖြစ်၏။ သီတိဘူတော၊ အေးထက်အေးသည်။ အသ္မိ၊ မုချမသွေ ဖြစ်ရပေ၏။ ဣတော၊ ငါ့သားဟောပြ မြတ်ဓမ္မကို ကြားရသော ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ အဟံ၊ ငါသည်။ နာ သောစာမိ၊ လွမ်းဆွေးညှိုးမှိန် မစိုးရိမ်တော့ပါ။ နာ ရောဒါမိ၊ ပူတလှိုက်လှိုက် ဘဝင်ခိုင်အောင် ရှိုက်တဖိုဖို မျက်ရည်ယိုစီး မငိုညည်းတော့ပါ။

၅၃။ ဧဝံ ကရောန္တိ သပ္ပညာ၊ ယေ ဟောန္တိ အနုကမ္ပကာ။
ဝိနိဝတ္တယန္တိ သောကမှာ၊ သုဇာတော ပိတရံ ယထာ။

၅၃။ သုဇာတော၊ မျော်မြင်ကြီးစွ သား သုဇာတသည်။ ပိတရံ၊ ကျေးမွေးသုတ်သင် မွေးဖခင်ကို။ သောကမှာ၊ အစဉ်ညှိုးမှိန် စိုးရိမ်ပြင်းပြ ပူသောကမှ။ ဝိနိဝတ္တေသိ ယထာ၊ ကင်းပျောက်ယွင်းသွေ ဆုတ်နစ်စေသကဲ့သို့။ ယေ၊ စိတ်ထား ကြည်ဖြူ အကြင်သူတို့သည်။ အနုကမ္ပကာ၊ အစဉ်ချိုးမြှောက် စောင့်ရှောက်ခြင်း သဘောရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ သပ္ပညာ၊ ရှေ့နောက်မြင်သိ ပညာရှိကြကုန်သော။ ဧဝံ၊ ထိုသူတို့သည်။ ကရောန္တိ၊ အမှန်ဆတ်ဆတ် ပြုလုပ်တတ်ကုန်၏။ သောကမှာ၊ ပူပန်ညှိုးမှိန် စိုးရိမ်သောကမှ။ ဝိနိဝတ္တယန္တိ၊ ကင်းပျောက်ယွင်းသွေ ဆုတ်နစ်စေကုန်၏။

သားတရားကြောင့် ဖခင် နတ်ပြည်သို့လားရပုံ

သုဇာတလုလင်၏ ဆုံးမပြောဆိုသောစကားကို ကြားရ၍ ဖခင်ဖြစ်သော သူကြွယ်သည် ကင်းသော ပူဆွေးမှုရှိသည်ဖြစ်၍ ဦးခေါင်းကို ဆေးကြောပြီးလျှင် အစာအာဟာရ စားသောက်ကာ အမှုကိစ္စ အဝဝတို့ကို ပုံမှန်အတိုင်း ဆောင်ရွက်လုပ်ကိုင်ပြီးလျှင် သေလွန်ခဲ့၍ နတ်ပြည်သို့ လားရောက်ရလေ၏။

ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ထိုရဟန်းတော်

http://www.dhammadownload.com

တို့အား သစ္စာလေးပါး မြတ်တရားတို့ကို ပြတော်မူလေ၏။ သစ္စာလေးပါး မြတ်တရား၏ အခြားမဲ့၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကြလေကုန်၏။ "ထိုအခါက သုဇာတသတို့သားသည် ယခုအခါ ငါဘုရား ဖြစ်တော်မူလှာပြီ"ဟု အတိတ်ကို ဆောင်တော်မူလေ၏။

ရှစ်ခုမြောက် နွားသေဉပမာဖြင့် ဖခင်အား တရားဟောကြားသော သုဇာတ ဘုရားလောင်းအကြောင်း ပြီး၏။

၉- ဗဟာပေသကာရပေတိဝတ္ထု

ရက်ကန်းသည်ကြီး၏ ပက်စက်ယုတ်မာသောဇနီး ပြိတ္တာမ

ဂူထဋ္ဌေ မုတ္တေ ရဟိရဋ္ဌေ ပုဗ္ဗဲ- အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ မဟာပေသကာရပေတိဝတ္ထုကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ရက်ကန်းသည်ဖြစ်သော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

တစ်ကျိပ်နှစ်ပါး ရဟန်းများ

တစ်ကျိပ်နှစ်ပါးမျှလောက်ကုန်သော ရဟန်းတော်တို့သည် ဘုရားရှင်၏ထံတော်၌ ကမ္မဋ္ဌာန်းကိုယူကြ၍ နေထိုင်ခြင်းငှာ လျောက်ပတ်သောအရပ်ကို စူးစမ်းကြကုန်သည်ရှိသော် ဝါဆိုချိန်နီးကပ်လာသဖြင့် တစ်ခုသောအရပ်၊ ရေတို့နှင့် ပြည့်စုံလျက် မွေ့လျော်ဖွယ်ရှိသော တောအုပ်အရပ်ကိုလည်းကောင်း၊ ထိုတောအုပ်နှင့် မဝေးမကွာ ဆွမ်းခံရွာကိုလည်းကောင်း တွေ့ရှိကြ၍ ထိုတောအုပ်၌ တစ်ညဉ့်မျှ သီတင်းသုံးကြကာ နှစ်ရက်မြောက်သော နောက်နေ့၌ ရွာသို့ ဆွမ်းအလို့ငှာ ဝင်ရောက်တော်မူကြလေကုန်၏။

ရက်ကန်းသည်တို့အမေး

ထိုရွာ၌ တစ်ကျိပ်တစ်ယောက်ကုန်သော ရက်ကန်းသည်တို့သည် နေကြကုန်၏။ ထိုရက်ကန်းသည်တို့သည် ထိုရဟန်းတော်တို့ကိုမြင်ကြလျှင် ရွှင်လန်းဝမ်းမြောက်သော စိတ်နလုံးရှိကြကုန်သည်ဖြစ်ရကား မိမိ မိမိ၏အိမ်သို့ ပင့်ဆောင်ကြကာ မွန်

http://www.dhammadownload.com

မြတ်သော အစာအာဟာရဖြင့် ပြုစုလုပ်ကျွေးကြပြီးလျှင် "အရှင်ဘုရားတို့ ယခုအခါ အဘယ်အရပ်သို့ ကြွကြပါကုန်အံ့နည်း"ဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့၏အဖြေ

ရဟန်းတော်တို့လည်း "ငါတို့ အကြင်အရပ်၌ ချမ်းသာစွာ နေရ၏၊ ထို ချမ်းသာစွာနေရသောအရပ်သို့ သွားကြကုန်အံ့"ဟု ပြောဆိုကြကုန်၏။

ကျောင်းလှူဒါန်း၊ ရဟန်းတို့ဝါကပ်ကြပုံ

"ဤသို့ဖြစ်ခဲ့သော် အရှင်ဘုရားတို့ ဤအရပ်၌ပင်လျှင် သီတင်းသုံးခြင်းငှာ သင့်လျော်ပါ၏"ဟု လျှောက်ထားပြီးလျှင် ဝါကပ်စိမ့်သောငှာ တောင်းပန်လျှောက်ထားကြကုန်၏။ ရဟန်းတော်တို့သည် ဝန်ခံကြကုန်၏။ ဒါယကာတို့သည် ရဟန်းတော်တို့အား ထိုတောအုပ်၌ပင်လျှင် တောရကျောင်းငယ်တို့ကို ဆောက်လုပ်၍ လှူဒါန်းကြကုန်၏။ ရဟန်းတော်တို့သည် ထိုတောရကျောင်း၌ ဝါကပ်ကြကုန်၏။

လင်ကကြည်ညို၊ မယားကဝန်တို

ထိုရက်ကန်းသည်တို့တွင် အကြီးအကဲဖြစ်သော ရက်ကန်းသည်ကြီးသည် နှစ်ပါးကုန်သော ရဟန်းတော်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေး၏။ ဤမှတစ်ပါးသော ရက်ကန်းသည်တို့သည်ကား ရဟန်းတော်တစ်ပါးစီ တစ်ပါးစီကို ပြုစုလုပ်ကျွေးကြလေကုန်၏။ အကြီးအကဲဖြစ်သော ရက်ကန်းသည်ကြီး၏ အိမ်သူမယားသည်ကား သဒ္ဓါတရားမရှိ၊ မှားသောအယူဝါဒရှိ၏။ ဝန်တိုတတ်သော သဘောရှိရကား ရဟန်းတော်တို့အား ရိုသေစွာ ပြုစုလုပ်ကျွေးခြင်းမရှိချေ။

ဝန်တိုမယားကြောင့် သွင်တူထံ ပစ္စည်းအပ်နှံ

ထိုရက်ကန်းသည်ကြီးသည် ထိုသို့ ရိုသေစွာ မပြုစု မလုပ်ကျွေးသော အခြင်းအရာကိုမြင်၍ ထိုဇနီးသည်မိန်းမ၏ ညီမဖြစ်သောသူကိုပင်လျှင် ခေါ်ဆောင်၍ မိမိ၏နေအိမ်၌ အစိုးတရ စည်းစိမ်ဟူသမျှကို အပ်နှင်းလေ၏။ ထိုမိန်းမငယ်သည်ကား သဒ္ဓါကဲပို ကြည်ညိုသည်ဖြစ်၍ ရဟန်းတော်တို့ကို ရိုသေစွာ ပြုစုလုပ်ကျွေးလေ၏။ ထိုအလုံးစုံသော ရက်ကန်းသည်တို့သည် ဝါကျွတ်ကြကုန်ပြီးသော် ရဟန်းတော်တို့အား တစ်ပါး တစ်ပါးအား တစ်ထည်တစ်ထည်စီသော သင်္ကန်းလျာ အဝတ်ပုဆိုးကို ဆက်ကပ်ပေးလှူကြကုန်၏။

http://www.dhammadownload.com

မယားကြီး၏ ဆုတောင်း

ရက်ကန်းသည်တို့တွင် အကြီးအကဲဖြစ်သော ရက်ကန်းသည်၏ ဝန်တိုတတ်သော မယားကြီးသည် ပြစ်မှားသောစိတ်ရှိသည်ဖြစ်၍ မိမိ၏ လင်ယောကျ်ားကို ကြိမ်းမောင်းဆဲဆိုလေ၏။ အဘယ်သို့ ကြိမ်းမောင်း ဆဲဆိုသနည်းဟူမူကား "သင်သည် သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကုန်သော ရဟန်းတော်တို့အား အကြင် ဆွမ်း၊ အဖျော် ဟူသော အလှူကို ပေးကမ်းလှူဒါန်းအပ်၏။ ထိုပေးကမ်း လှူဒါန်းအပ်သော ဆွမ်း၊ အဖျော်သည် သင့်အား တမလွန်ဘဝ၌ ကျင်ကြီးကျင်ငယ်သည်လည်းကောင်း၊ သွေး ပြည်သည်လည်းကောင်း ဖြစ်ပါစေသား၊ အဝတ်ပုဆိုးတို့သည်လည်း အလျှံတပြောင်ပြောင် တောက်လောင်သော သံဖြင့်ပြီးသော အဝတ်ပုဆိုးတို့သည် ဖြစ်ပါစေသား"ဟု ကြိမ်းမောင်း ဆဲဆိုလေ၏။

ရက်ကန်းသည်ကြီး ကွယ်လွန်ကာ နတ်ဖြစ်ရပုံ

ထိုရက်ကန်းသည်ကြီး ဇနီးမောင်နှံတို့တွင် ရက်ကန်းသည်ကြီးသည် အခါတစ်ပါး၌ စုတေ သေလွန်ခြင်းကိုပြု၍ ဝိဿုဒ္ဓိ အမည်ရှိသော တေဘုယ်၌ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော ရက္ခစိုးနတ် ဖြစ်လေ၏။

မယားကြီး ပြိတ္တာမဖြစ်ခြင်း

ထိုရက်ကန်းသည်ကြီး၏ ဝန်တိုကောက်ကျစ်သော မယားကြီးသည်ကား သေလွန်ခြင်းကိုပြု၍ ထိုရက္ခစိုးနတ်၏ နေရာအရပ်နှင့် မဲနီးမဝေးသော အရပ်၌ပင် လျှင် ပြိတ္တာမ ဖြစ်၍နေလေ၏။

ရက္ခစိုးထံ သွား၍ ပြိတ္တာမပြောပုံ

ထိုပြိတ္တာမသည် အဝတ်မဆီး အချည်းနှီးသာဖြစ်သော ရုပ်သွင်အိမင်း ဆာလောင် မွတ်သိပ်ခြင်းသည် လွန်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ ထိုဘဝဟောင်းကလင်ဖြစ်ခဲ့ ဖူးသော ရက္ခစိုးနတ်၏အထံသို့သွား၍ အရှင်နတ်မင်း- အကျွန်ုပ်သည် အဝတ်မဆီး အချည်းနှီးဖြစ်၍ အလွန်လျှင် ဆာလောင်မွတ်သိပ်ခြင်းသည် နှိပ်စက်လျက်လှည့်လည် သွားလာနေရပါ၏"ဟု ပြောကြားလေ၏။

သူများမနာလို ကိုယ်ကျိုးထိ

ထိုရက္ခစိုးနတ်သည် ထိုပြိတ္တာမအား နတ်၌ဖြစ်သော မွန်မြတ်သောထမင်း၊ အဖျော်ကို ဆောင်ကြဉ်းပို့သဧစ၏။ ထိုနတ်၌ဖြစ်သော မွန်မြတ်သော ထမင်း၊

http://www.dhammadownload.com

အဖျော်သည် ထိုပြိတ္တာမ ကိုင်ယူကာမျှ၌ပင်လျှင် ကျင်ကြီး၊ ကျင်ငယ်၊ သွေးပြည် ဖြစ်ရလေတော့၏။ ထိုနတ်ပေးအပ်သော အဝတ်အထည်သည်လည်း ထိုပြိတ္တာမ ဆင်မြန်းအပ်သည်ရှိသော် အလျှံတပြောင်ပြောင် တောက်လောက်၍နေသော သံပြား ဖြစ်၍ နေလေတော့၏။ ထိုပြိတ္တာမသည် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားနေရ သည်ဖြစ်ရကား ထိုထမင်း၊ အဖျော်၊ အဝတ်ကို စွန့်ပစ်ကာ ငိုကြွေးမြည်တမ်းလျက် လှည့်လည်သွားလာကာ နေရရှာလေ၏။

ခရီးသွားရဟန်းနှင့် လှည်းကုန်သည်များ

ထိုအခါ ဝါမှထခဲ့ပြီးသော ရဟန်းတော်တစ်ပါးသည် ဘုရားရှင်ကို ရှိခိုးအံ့ သော်ငှာ သွားသည်ရှိသော် များစွာသော လှည်းကုန်သည်အပေါင်းနှင့်အတူ ဝိချာဋဝီ အမည်ရှိသော တောအုပ်သို့ ရောက်လေ၏။ လှည်းကုန်သည်တို့သည် ညဉ့်အခါ၌ ခရီးသွားကြပြီးလျှင် နေ့အခါ တောအရပ်၌ ထူထပ်သောအရိပ် ရေတို့နှင့် ပြည့်စုံ သောအရပ်ကို ကြည့်ရှုကြပြီးလျှင် ယာဉ်တို့ကိုဖြုတ်၍ တစ်ခဏမျှ နားကာ အပန်း ဖြေကြလေကုန်၏။ ခရီးသွားရဟန်းသည်ကား ဆိတ်ငြိမ်စွာနေခြင်းကို အလိုရှိသည် ဖြစ်၍ အတန်ငယ်သောအရပ်သို့ ခဲခွာကြွသွားခဲ့၍ တစ်ခုသော ထူထဲသောအရိပ်ရှိ သော တောချုံတို့ဖြင့် ဖုံးလွှမ်းအပ်သော သစ်ပင်ရင်း၌ ဒုကုဋ္ဌသင်္ကန်းကိုခင်းပြီးလျှင် ကျိန်းစက်သည်ရှိသော် ညဉ့်အခါ၌ ခရီးသွားရသော ပင်ပန်းခြင်းဖြင့် ပင်ပန်းနွမ်း နယ်သောကိုယ်ရှိသည်ဖြစ်၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ လှည်းကုန်သည်တို့ သည် အပန်းဖြေကြပြီး၍ ခရီးကို ဆက်၍သွားကြကုန်၏။ ထိုခရီးသွား ရဟန်းတော် အား မနှိုးတော့ပေ။

ရုက္ခစိုးနတ်ရှိရာ ရဟန်းရောက်လာ

ထိုနောက်မှ ညနေချမ်းအခါ၌ ထ၍ ကြည့်ရှုရာ ထိုလှည်းကုန်သည်တို့ကို မမြင်တော့သည်ဖြစ်၍ တစ်ခုသောလမ်းမှားသို့လိုက်၍ သွားသည်ရှိသော် အစဉ်သဖြင့် ထိုရုက္ခစိုးနတ်၏နေရာအရပ်သို့ ရောက်လေ၏။

ရုက္ခစိုးနတ် လူအသွင်ဖြင့် ကုသိုလ်ပြုပုံ

ထိုအခါ ခရီးသွားရဟန်းကို မြင်၍ ရုက္ခစိုးနတ်သည် လူ၏အသွင်ဖြင့် ချဉ်း ကပ်ပြီးလျှင် နှုတ်ခွန်းဆက်စကား ပြောကြားခြင်းပြု၍ မိမိ၏နေရာ ဘုံဗိမာန်သို့ သွင်းကာ ပင့်ဆောင်ပြီးလျှင် ခြေနယ်ဆီ စသည်ကို ပေးလူဆည်းကပ်လျက် နေ လေ၏။

http://www.dhammadownload.com

ပေးသော်လဲမရ ပြိတ္တာမ ဖြစ်အင်

ထိုအခါ ပြိတ္တာမသည် လာလတ်၍ "ချစ်လင်အရင်းဖြစ်ခဲ့သည့် အရှင်နတ်မင်း အကျွန်ုပ်အား ထမင်းအဖျော်ကိုလည်းကောင်း၊ အဝတ်အထည်ကိုလည်းကောင်း ပေးပါလော့"ဟု ပြောဆိုလေ၏။ ထိုရက္ခစိုးသည်လည်း ထိုပြိတ္တာမအား ထမင်း၊ အဖျော်၊ အဝတ်အထည်တို့ကို ပေးလေ၏။ ထိုပြိတ္တာမ ကိုင်ယူကာမျှဖြစ်ကုန်သော ပေးအပ်သော ထမင်း၊ အဖျော်၊ အဝတ်အထည်တို့သည် ကျင်ကြီး၊ ကျင်ငယ်၊ ပြည်သွေး၊ အလျှံတပြောင်ပြောင် တောက်လောင်၍နေသော သံပြားတို့သည် ဖြစ်ကြကုန်၏။

သံဝေဖြစ်ပွား ရက္ခစိုးအားမေးမြန်း

ခရီးသွားရဟန်းသည် ထိုအခြင်းအရာကိုမြင်၍ ထိတ်လန့်ခြင်း သံဝေစိတ် ဖြစ်ရကား ထိုရက္ခစိုးနတ်သား ကို အောက်ပါဂါထာတို့ဖြင့် မေးမြန်းလေ၏။

ရဟန်းတော်၏အမေး

၅၄။ ဂူထဉ္စ မုတ္တဉ္စ ရုဟိရဉ္စ ပုဗ္ဗံ၊
ပရိဘုဉ္ဇတိ ကိဿ အယံ ဝိပါကော။
အယံ နု ကိံ ကမ္မမကာသိ နာရီ၊
ယာ သဗ္ဗဒါ လောဟိတပုဗ္ဗဘက္ခာ။

၅၄။ ဘော၊ ရက္ခစိုးသွင်ပျောက် လူ့အသွင်ရောက်နေသည့် အိုဒါယကာ။ အယံ နာရီ၊ အဝတ်ကင်းပ ဤမိန်းမသည်။ ဂူထဉ္စ၊ စက်ဆုပ်ဖွယ်ထွေး မစင်ချေးကိုလည်းကောင်း။ မုတ္တဉ္စ၊ စက်ဆုပ်ရွံဖွယ် မစင်ကြွယ်သည့် ကျင်ငယ်ကိုလည်းကောင်း။ ရုဟိရဉ္စ၊ နီနီတွေးတွေး ထွက်သောသွေးကိုလည်းကောင်း။ ပုဗ္ဗဉ္စ၊ ဖြူနီသဘော ရောနှောစွပ်ယို ထွက်သောပြည်ကိုလည်းကောင်း။ ပရိဘုဉ္ဇတိ၊ သုံးဆောင် စားသောက်ရှာ၏။ အယံ ဝိပါကော၊ ဤလိုဖြစ်ရိုး ဝိပါက်အကျိုးသည်။ ကိဿကမ္မဿ၊ အဘယ်သို့သော မကောင်းမှု၏။ ဝိပါကော၊ အကျိုးပါနည်း။ သာ၊ ဝဋ်မြစ်ကြီးလှ ထိုမိန်းမသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ လောဟိတပုဗ္ဗဘက္ခာ၊ သွေးနှင့်ပြည်သာ စားသောက်ရှာ၏။ အယံ နာရီ၊ ဆင်းရဲစွာလှ ဤမိန်းမသည်။ ကိံ ကမ္မံ၊ ဘယ်လို ပြုစု ဘယ်မကောင်းမှုကို။ အကာသိ နု၊ မိုက်ဉီကဲရူးရူး သူတစ်ထူးထက် လွန်ကဲတက်၍ ပြုရက်ခဲ့ဖူးပါသနည်း။

နတ်သား၏အဖြေ

၅၅။ နဝါနိ ဝတ္ထာနိ သုဘာနိ စေဝ၊
မုဒူနိ သုဒ္ဓါနိ စ လောမသာနိ။

http://www.dhammadownload.com

ဒိန္နာနိ မိဿာ ကိတကာ ဘဝန္တိ၊
အယံ နု ကိ ကမ္မမကာသိ နာရိ။

၅၅။ ဣမိဿာ၊ ဆင်းရဲတွင်းကျ ဤမိန်းမအား။ ဒိန္နာနိ၊ စေတနာမြတ်သဒ္ဓါဓာတ်နှင့် ပေးကမ်းအပ်ကုန်သော။ နဝါနိ၊ အသစ်စက်စက်တို့သာ ဖြစ်ကုန်သော။ သုဘာနိ စေဝ၊ ကောင်းမြတ်လှသည်လည်းဖြစ်ကုန်သော။ မုဒူနိ၊ သိမ်မွေ့ကုန်သော။ သုဒ္ဓါနိ၊ သန့်ရှင်းစင်ကြယ်ကုန်သော။ လောမသာနိ၊ တင့်တယ်လှသော အမွေးရှိကုန်သော။ ဝတ္ထာနိ စ၊ ဆန်းကြယ်ဖွယ်ရာ အဝတ်လျာတို့သည်လည်း။ ကိတကာ၊ အလျှံပြောင်ပြောင် တောက်လောင်နေငြား သံပြားနှင့် တူကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အယံ နာရီ၊ ဤမိန်းမသည်။ ကိ ကမ္မံ၊ ဘယ်လိုပြုစု ဘယ်မကောင်းမှုကို။ အကာသိ နု၊ ရက်စက်ကြမ်းကြုတ် အရမ်းလုပ်ကာ ပြုရက်ခဲ့ဖူးပါသနည်း။

ဤသို့ ခရီးသွားရဟန်းက ထိုရက္ခစိုးနတ်သားကို မေးမြန်းအပ်သည်ဖြစ်၍ ထိုဘဝဟောင်းက မယားကြီးဖြစ်ခဲ့ဖူးသော ပြိတ္တာမ၏အကြောင်းကဲကို ထင်ရှားပြလိုရကား အောက်ပါဂါထာတို့ကို ရွတ်ဆို ပြောကြားလေ၏။

၅၆။ ဘရိယာ မမေသာ အဟု ဘဒန္တေ၊
အဒါယိကာ မစ္ဆရိနီ ကဒရိယာ။
သာ မံ ဒဒန္တံ သမဏဗြာဟ္မဏာနံ၊
အက္ကောသတိ စ ပရိဘာသတိ စ။

၅၆။ ဘဒန္တေ၊ ပြိတ္တာမ၏ ရှေးအကြောင်းကဲ သိရန်မေးငြား အို အရှင်မြတ်ဘုရား။ ဧသာ၊ ဤပြိတ္တာမသည်။ ပုဗ္ဗေ၊ လွန်လေပြီးစွ ရှေးဘဝက။ မမ၊ သဒ္ဓါပြည့်ငြား တပည့်တော်နတ်သား၏။ အဒါယိကာ၊ ဘာတစ်ခုမျှ ပေးလှူမှုမပြုသော။ မစ္ဆရိနီ၊ အနှမြောပိ ဝန်တိုခြင်းရှိသော။ ကဒရိယာ၊ အမြဲမပြတ် စဉ်းလဲတတ်သော။ ဘရိယာ၊ ကြင်သူသက်ထား ချစ်မယားသည်။ အဟု၊ ဖြစ်ခဲ့ဖူးပါ၏။ သာ၊ ထိုမိန်းမသည်။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ ဒဒန္တံ၊ စေတနာနှင့် သဒ္ဓါဖွေးဖြူ ပေးလှူသော။ မံ၊ တပည့်တော်ကို။ အက္ကောသတိ စ၊ ဆဲလည်း ဆဲရေးပါ၏။ ပရိ ဘာသတိ စ၊ တတွတ်တွတ်နှင့် ရေရွတ်ခါခါ ကျိန်းလည်း ကျိန်ဆဲခဲ့ပါ၏။ ကိ ပရိဘာသတိ၊ ရေရွတ်ခါခါ အဘယ်သို့ ကျိန်ဆဲခဲ့ပါသနည်း မူဟူကား–

ပြိတ္တာမ၏ ရှေးကဆုတောင်း

၅၇။ ဝုဏ္ဏ မုဏ္ဍံ ရုဟိရဉ္စ ပုဗ္ဗံ၊

http://www.dhammadownload.com

ပရိဘုဉ္ဇ တွံ အသုစိ သဗ္ဗကာလံ။
ဧတံ တေ ပရလောကသ္မိံ ဟောတု၊
ဝတ္ထာစ တေ ကိတကာသမာ ဘဝန္တု။
ဧတာဒိသံ ဒုစ္စရိတံ စရိတ္ဝာ၊
ဣမာဂတာ စိရရတ္တာယ ခါဒတိ။

၅၇။ သာမိ၊ ဥစ္စာကုန်ခန်း စိတ်မလန်းအောင် လှူဒါန်းရက်စွ ကိုဗာလ။ တွံ၊ သင်သည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ အသုစိ၊ လွန်စက်ဆုပ်ဖွယ် မစင်ကြွယ်သော။ ဂူထဉ္စ၊ မစင်ချေးကိုလည်းကောင်း။ မုတ္တဉ္စ၊ ညစ်ညမ်းရွံဖွယ် မစင်ကြွယ်သည့် ကျင်ငယ် ကိုလည်းကောင်း။ ရဟိရဉ္စ၊ နီနီတွေးတွေး သွေးကိုလည်းကောင်း၊ ပုဗ္ဗဉ္စ၊ ဖြူနီသောဝ ရောနှောစပ်တည် သွေးပုပ်ပြည်ကိုလည်းကောင်း။ ပရိဘုဉ္ဇ၊ စားပါလေလော့။ ဧဝံ၊ ဤသို့ယခု ငါပြောကြားသည့်အတိုင်း။ တေ၊ ဥစ္စာကုန်ခန်း စိတ်မလန်းအောင် ပေးကမ်းရက်စွ သင်ဗလာ။ ပရလောကသ္မိံ၊ နောက်နောင်ကာလ နောက်ဘဝ၌လည်း။ ဟောတု၊ စားသောက်ကဒ နေရသည် ဖြစ်ပါစေသား။ တေ၊ သင်၏။ ဝတ္ထာ စ ဝတ္ထာနိ စ၊ ကိုယ်၌မပြတ် ဝတ်ဆင်အပ်သည့် အဝတ်ပုဆိုးတို့သည်လည်း။ ကိ တကသမာ ကိတကာသမာနိ၊ အလျှံပြောင်ပြောင် တောက်လောင်နေငြား သံတွေပြားနှင့် တူလှကုန်သည်။ ဘဝန္တု၊ အမှန်စင်စစ် ဧကန်ဖြစ်ကြပါစေသား။ ဣတိ၊ ဤသို့။ ပရိဘာသတိ စ၊ တတွတ်တွတ်နှင့် ရေရွတ်ခါခါ ကျိန်လည်း ကျိန်ဆဲခဲ့ပါ၏။ ဧသာ၊ ဆိုးယုတ်စွာလှ ဤမိန်းမသည်။ ဧတာဒိသံ၊ ဤကဲ့သို့သော သဘောရှိသော။ ဒုစ္စရိတံ၊ ဒုစရိုက်အမှုကို။ စရိတ္ဝာ၊ စိတ်ပါလက်ပါ ကျင့်မိပါ၍။ ဝါ၊ ကျင့်မိသည့်အတွက်။ ဣဓ၊ ချမ်းသာကင်းပ ဤပြိတ္တာဘဝသို့။ အာဂတာ၊ အမှန်ရောက်လာ သည်ဖြစ်၍။ စိရရတ္တာယ၊ ရှည်ကြာမြင့်မြင့် နေညဉ့်ပတ်လုံး။ ဂူထာဒိမေဝ၊ မစင်စသား သွေးပြည်များကိုသာလျှင်။ ခါဒတိ၊ စားကာသောက်ကာ နေရှာပါသည် အရှင်ဘုရား။

ပြိတ္တာမဘဝလွတ်မြောက်ရန် ရဟန်းထံလျှောက်ထား

ဤသို့ ထိုနတ်သားသည် ရှေးဘဝ၌ ထိုပြိတ္တာမ ပြုအပ်ခဲ့ဖူးသော အကြောင်းကံကို ဖြေကြားပြီး၍ ထိုရဟန်းအား ဤသို့လျှောက်ထားလေ၏။ "အရှင်ဘုရား- ဤပြိတ္တာမကို ပြိတ္တာဘဝမှ လွတ်မြောက်ရစေခြင်းငှာ တစ်စုံတစ်ခုသောအကြောင်း ဥပါယ်သည် ရှိပါသလော" "ရှိပေ၏"ဟု ဖြေကြားလေသည်ရှိသော် "အရှင်ဘုရား- ထိုအကြောင်းကို မိန့်မြွက်တော်မူပါကုန်လော့" ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com

ပြိတ္တာမဘဝမှ လွတ်ကြောင်းနည်းလမ်းကောင်း

ထိုအခါ ရဟန်းတော်သည် "ဘုရားရှင်အားလည်းကောင်း၊ အရိယာ သံဃာတော်အားလည်းကောင်း၊ တစ်ပါးတည်းသော ရဟန်းအားလည်းကောင်း အလှူဒါန ကိုပေးလှူ၍ ဤပြိတ္တာမအား ရည်မှန်းကာ အကယ်၍ အမျှအတန်း ပေးဝေ အပ်သည် ဖြစ်အံ့၊ ဤပြိတ္တာမသည်လည်း ထိုအလှူဒါနကို ဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင် အံ့၊ ဤသို့ ထိုအလှူဒါနကို သာဓုခေါ်ဆိုနိုင်သဲ့ရှိသော် ထိုပြိတ္တာ မအား ဤဆင်းရဲ ဒုက္ခမှ လွတ်မြောက်ရသည်ဖြစ်လတ္တံ့"ဟု ပြောဆိုတော်မူ လေ၏။

ရည်မှန်းဒါန အမျှဝေ၍ ပြိတ္တာဘဝမှ လွတ်ပုံ

ထိုစကားကို ကြားရ၍ ရုက္ခစိုးနတ်သားသည် ခရီးသွား ရဟန်းအား မွန် မြတ်သော ဆွမ်း၊ အဖျော်ကို ပေးလှူပြီးလျှင် ထိုအလှူဒါနကို ထိုပြိတ္တာမအား ရည် မှန်း၍ အမျှအတန်းပေးဝေ၏။ ထိုအမျှပေးဝေသော ခဏဒ္ဍပင်လျှင် ပြိတ္တာမသည် ကောင်းစွာ ပွားတိုး၍ ပြည့်ဖြိုးသော ဣန္ဒြေရှိလျက် နတ်ဒဋ္ဌဖြစ်သော အစာအာဟာရ ကို ရောင့်ရဲတင်းတိမ်ရခြင်းသည် ဖြစ်လေ၏။ တစ်ဖန်ထပ်၍ ထိုရဟန်း၏ လက် ဒဋ္ဌပင်လျှင် နတ်ဒဋ္ဌဖြစ်သော ပုဆိုးအစုံကို ဘုရားရှင်ကို ရည်မှန်း၍ လှူဒါန်းပြီးလျှင် ထိုအလှူဒါနကိုလည်း ပြိတ္တာမအား ရည်မှန်း၍ အမျှပေးဝေလေ၏။ ထိုအမျှပေး ဝေသောခဏဒ္ဍပင်လျှင် ထိုပြိတ္တာမသည် နတ်ဒဋ္ဌဖြစ်သော အဝတ်အထည်ကို ဝတ် လျက် နတ်ဒဋ္ဌဖြစ်သော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်မြန်းအပ်သည်ဖြစ်၍ ခပ်သိမ်းသော အလိုဆန္ဒ ပြည့်ဝသော နတ်သမီးနှင့် တူသော အဖို့ရှိသည် ဖြစ် လေ၏။

ဘုရားရှင်အား လျှောက်ထား

ထိုရဟန်းသည်လည်း ထိုနတ်သား၏ တန်ခိုးအားဖြင့် ထိုနေ့ဒဋ္ဌပင်လျှင် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ပြီးလျှင် ဘုရားရှင်၏အထံ တော်သို့ ချဉ်းကပ်ကာ ရှိခိုးလျက် ထိုပုဆိုးအစုံကို လှူဒါန်း၍ ထိုတွေ့မြင်ခဲ့ရသော အကြောင်းစုံကို လျှောက်ကြားလေ၏။

ဒေသနာတော်

ဘုရားရှင်သည်လည်း ထိုအကြောင်းစုံကို အတ္ထုပ္ပတ်ပြုတော်မူ၍ ရောက်လာသောပရိသတ်အား တရားတော်ကို ဟောကြားတော် မူလေ၏။

http://www.dhammadownload.com

ဒေသနာတော်၏ အကျိုး

ထိုတရားဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးများသည် ဖြစ်လေ၏။

ကိုးခုမြောက် ရက်ကန်းသည်ကြီး၏ ပက်စက်ယုတ်မာသော ဇနီးသည် ပြိတ္တာမအကြောင်း ပြီး၏။

၁၀– ခလွန်ဒိယပေတိဝတ္ထု

ခလွန်ဒိယ အမည်ရှိသော ရွှေဖိမာန်ရှင် ပြိတ္တာမ

ကာ နု အန္တေ ဝိမာနသ္မိံ– အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤခလွန်ဒိယပေတိဝတ္ထုကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူစဉ် ခလွန်ဒိယ အမည်ရသော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

အလှပေါ်အယဉ်ဆင့်သူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တစ်ဦးသောရုပ်အဆင်းကို အမှီပြု၍ အသက်မွေးသော အလွန်အဆင်းလှသည့် မိန်းမသည် ရှိလေ၏။ သူမသည် ကြည့်ဖွယ်၊ ရှုဖွယ် ကောင်းမြတ်သော အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်ဝစုံလင်လျက် အလွန်လျှင် လူတို့၏စိတ်နှလုံးကို ယူကျုံးစေနိုင်သော ဆံပင်ဆံစုအပေါင်းနှင့် ပြည့်စုံသူဖြစ်၏။

လှပုံယဉ်ပုံ

မှန်၏၊ ထိုမိန်းမ၏ဆံပင်တို့သည် ညိုသောအဆင်းလည်း ရှိ၏၊ ရှည်လည်း ရှည်၏၊ နူးညံ့သိမ်မွေ့ ပြေပြစ်လှသည်ဖြစ်၍ နွယ်အဖျားကဲ့သို့ ကော့ညွတ်သော အဖျားရှိပြီးလျှင် လက်နှစ်ဖက် ဆုပ်ကိုင်လောက်သည်ဖြစ်လျက် ဖြေလွှတ်၍ ချလိုက်သည်ရှိသော် ခါးစည်းကြိုးတိုင်အောင် ဆံစုတို့သည် တွဲလျားကျကုန်၏။

http://www.dhammadownload.com

မြင်သူတကာစွဲလမ်း

ထိုမိန်းမ၏ ဆံပင် ဆံထိုး၏ ကောင်းမြတ်တင့်တယ် ရှုချင်ဖွယ်ရှိသည်ကို မြင်ကြရ၍ ပျိုငယ်နုစို လှလင်ပျိုဟူသမျှသည် များသောအားဖြင့် ထိုမိန်းမ၌ တပ်မက်စွဲလမ်းသော စိတ်ရှိသည်ဖြစ်လေ၏။

အလှဖျက်လိုသူတို့၏လုပ်ရပ်

ထိုအခါ ထိုမိန်းမ၏ဆံပင်၏ ကောင်းမြတ်ခြင်းကို သည်းမခံနိုင်ကြကုန်သော ငြူစူခြင်းသည် နှိပ်စက်အပ်ကုန်သော နှစ်ယောက် သုံးယောက်ကုန်သော မိန်းမတို့သည် နှီးနှောတိုင်ပင်ကြ၍ ထိုမိန်းမ၏ အလုပ်အကျွေးဖြစ်သော ကျွန်မကို ပစ္စည်းဖြင့် ဖြားယောင်းဆွဲဆောင်ပြီးလျှင် ထိုမိန်းမအား ဆံပင်ကို ဖျက်ဆီးတတ်သော ဆံပင်ကျွတ်ဆေးကို ပေးစေကြကုန်၏။ ထိုကျွန်မသည် ထိုဆံပင်ကျွတ်ဆေးကို ရေချိုး ကသယ်မှုန့်နှင့် အတူတကွနယ်၍ ဂင်္ဂါမြစ်တွင်း ရေချိုးဆင်းသောအခါ၌ ထိုမိန်းမအား ပေးလေ၏။

အလှပျက်ရပုံ

ထိုမိန်းမသည် ထိုရေချိုးကသယ်မှုန့်ဖြင့် ဆံပင်ရင်းတို့၌ ဆွတ်၍ ရေ၌ငုပ်လေ၏။ ရေ၌ငုပ်ကာမျှ၌ပင်လျှင် ဆံပင်တို့သည် အမြစ်နှင့်တကျွတ်၍ ကျကုန်၏။ ထိုမိန်းမ၏ဦးခေါင်းသည်လည်း ဗူးခါးသီးနှင့်တူခြင်းသည် ဖြစ်လေ၏။

အလှပျက်၍ အရှက်ရကာ မြို့ပြင်ပ၌ နေရခြင်း

ထိုအခါ ထိုမိန်းမသည် အလုံးစုံကျွတ်သောဆံပင် ရှိကုန်သည်ဖြစ်၍ အမွေးနုတ်၍ထားအပ်ပြီးသော ခိုမကဲ့သို့ အဆင်းမလှသည်ဖြစ်၍ ရှက်နိုးသဖြင့် မြို့တွင်းသို့ ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်တော့သည် ဖြစ်ရကား အဝတ်ဖြင့် ဦးခေါင်းကို ရစ်ပေါင်း၍ မြို့ပြင်တွင် တစ်ခုသောအရပ်၌နေခြင်းကို ပြုရလေ၏။ ထို့နောက် နှစ်ရက်၊ သုံးရက်လွန်သည်ဖြစ်၍ ရှက်နိုးခြင်းကင်း၍လာသည်ရှိသော် ထိုအရပ်မှ ပြန်လာခဲ့ပြီးလျှင် နှမ်းတို့ကိုကြိတ်၍ ဆီရောင်းဝယ် ကုန်သွယ်သောအမှုကိုလည်းကောင်း၊ သေရည် သေရက် ရောင်းဝယ်ကုန်သွယ်သော အမှုကိုလည်းကောင်း ပြုလုပ်လျက် အသက်ကို မွေးမြူလေ၏။

သူနိုးမဘဝ

ထိုမိန်းမသည် တစ်နေ့သ၌ နှစ်ယောက်၊ သုံးယောက်ကုန်သော လူတို့သည်

http://www.dhammadownload.com

သူရာဃစ်မူးကြကုန်သည်ဖြစ်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းသို့ ရောက်ကြကုန်သည်ရှိသော် လျော့တိလျော့ရဲဖြစ်နေသော ထိုသေသောက်ကြူးတို့၏ အဝတ်ပုဆိုးတို့ကို ခိုးယူထားလေ၏။

မုန့်အလှူရှင်ဘဝ

ထိုအခါ တစ်နေ့သ၌ ထိုမိန်းမသည် ဆွမ်းအလို့ငှာ လှည့်လည်ကြွရောက်၍ လာသော တစ်ပါးသော ရဟန္တာမထေရ်ကိုမြင်၍ ကြည်ညိုသောစိတ်ရှိရကား၊ မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် ခင်း၍ထားအပ်သောနေရာ၌ နေတော်မူစေလျက် ဆီနှင့်ရောနှောသော ဆီတို့ဖြင့် ရွှဲရွှဲဆမ်း၍ထားသော နှမ်းမုန့်ကို ပေးလှူလေ၏။ ထိုရဟန္တာမထေရ်သည် ထိုမိန်းမအား အစဉ်သနှား စောင့်ရှောက်လိုသဖြင့် ထိုနှမ်းမုန့်ကို အကပ်ခံ၍ ဘုဉ်းပေးတော်မူလေ၏။ ထိုမိန်းမသည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ အထက်၌ ထီးကို ဆောင်းမိုးကာ ရပ်တည်လေ၏။ ထိုရဟန္တာမထေရ်သည်လည်း ထိုမိန်းမ၏ စိတ်နလုံးကို ရွှင်ပြုံးစေလျက် အနုမောဒနာပြု၍ ဖဲခွာကြွသွားတော်မူလေ၏။

ဆုတောင်းခဲ့ပုံ

ထိုမိန်းမသည်လည်း အနုမောဒနာပြုသောအခါ၌ပင်လျှင် "ငါ၏ ဆံပင်တို့သည် ရှည်လျားသေးသွယ်၍ ပြေပြစ်နူးညံ့ သွယ်ပြန့်ကောဘက်သော အဖျားရှိသည်ဖြစ်စေကုန်သတည်း"ဟု ဆုတောင်းပတ္ထနာ ပြုလေ၏။

ကောင်းမှုကံကြောင့် ကောင်းကျိုးရ

ထိုမိန်းမသည် အခါတစ်ပါး သေလွန်ခြင်းကိုပြု၍ ကောင်းမှု မကောင်းမှု အရောရော ပြုအပ်သောကံ၏ အကျိုးဆက်ကြောင့် သမုဒ္ဒရာ၏အလယ်တွင် ရွှေဖြင့်ပြီးသောဗိမာန်၌ တစ်ယောက်တည်း ဖြစ်ရလေ၏။ ထိုမိန်းမ၏ဆံပင်တို့သည် ဆုတောင်း ပတ္ထနာပြုခဲ့သည့်အတိုင်းပင် ပြည့်စုံကုန်၏။

မကောင်းကံ မကောင်းကျိုးရ

အရက်သမားတို့၏ အဝတ် ပုဆိုးကို ခိုးယူခဲ့ခြင်းကြောင့် အဝတ်မပါ ဗလာချည်းသာဖြစ်၍နေလေ၏။ ထိုမိန်းမသည် ရွှေဗိမာန်၌ အဖန်ဖန်ဖြစ်ပြီးလျှင် ကဿပ ဘုရားရှင်နှင့် ငါတို့ဂေါတမဘုရားရှင် နှစ်ဆူတို့၏ တစ်ခုသော အကြားကာလကို အဝတ်မပါ ဗလာချည်းသာဖြစ်လျက် လွန်စေလေ၏။

http://www.dhammadownload.com

ကုန်သည်တို့ လှေမျောကာ ပြိတ္တာမဖိမာန်အနီး ရောက်သွားပုံ

ထိုအခါ ငါတို့၏ ဂေါတမဘုရားရှင်သည် လောကတွင် ပွင့်ထွန်းတော်မူလာ၍ မြတ်သောတရား တည်းဟူသော စကြာရတနာကို လည်စေတော်မူပြီးသည် ရှိသော် အစဉ်အားဖြင့် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူလတ်သော် သာဝတ္ထိပြည်သား ခုနစ်ရာသောကုန်သည်တို့သည် သုဝဏ္ဏဘူမိမည်သောပြည်ကို ရည်မှန်းကာ မဟာသမုဒ္ဒရာသို့ လှေဖြင့် လှော်ခတ်သွားလာကြကုန်၏။ ထိုကုန်သည်တို့ တက်စီးအပ်သောလှေသည် မညီမညွတ်သော လေပွေ လေလှိုင်း၏အဟုန်သည် တိုက်ခတ်ပစ်လွှင့်အပ်သည်ဖြစ်၍ ထိုမှ ဤမှ ချာချာလည်လျက် ရွှေဖိမာန်၏ အနီးအရပ်သို့ ရောက်သွားလေ၏။

ပြိတ္တာမ ကိုယ်ထင်ပြ

ထိုအခါ ဖိမာန်ရှင် ပြိတ္တာမသည် ဖိမာန်နှင့်တကွ မိမိကိုယ်ကို ကုန်သည်တို့အား ပြသလေ၏။ ဖိမာန်ရှင် ပြိတ္တာမကိုမြင်၍ အကြီးအမှူးဖြစ်သော ကုန်သည်ကြီးသည် မေးမြန်းလိုရကား အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

ကုန်သည်အမေး

၅၈။ ကာ နု အန္ဓောဝိမာနသ္မိံ၊ တိဋ္ဌန္တီ နူပနိကွမိ။
ဥပနိကွမသာ ဘဒ္ဒေ၊ ပဿာမ တံ ဗဟိဋ္ဌိတံ။

၅၈။ ဘဒ္ဒေ၊ မျိုးရိုးနွယ်ဇာတ် အရပ်ရပ်ကို သိရန်ခဲယဉ်း အို ဖိမာန်ရှင် မယမင်း။ အန္ဓောဝိမာနသ္မိံ၊ သမုဒ္ဒရာတွင်း အဂျာင်ဝင်းသည့် ရွှေဖိမာန်အတွင်း၌။ တိဋ္ဌန္တီ၊ ကိုယ်ဟန်ပြကာ ရပ်တည်၍နေပါသော၊ တို့၊ သင်သည်။ ကာနု၊ အဘယ်သူပါနည်း။ ဝါ၊ လူလား နတ်လား ဗြဟ္မာလား မဲကွဲပြားပါ။ နူ ပနိကွမိ၊ ရဲရဲတင်းတင်း ဖိမာန်တွင်းမှ ထင်းထင်းပေါ်စွာ မထွက်ဝံ့ရှာ။ ဘဒ္ဒေ၊ ဖိမာန်တွင်းမှ အဆင်းလှပအိုသူငယ်မ။ ဥပနိကွမသာ၊ မေးချင်ကြည့်ချင် စုံစမ်းချင်၍ အပြင်ဘက်သာ ထွက်ခဲ့ပါလော့။ တံ၊ သင်သူငယ်မကို။ ဗဟိဋ္ဌိတံ၊ ပြင်ပ၌ ရပ်တည်နေသည်ကို။ မယံ၊ အားမလို အားမရ ကြည့်ရှုလိုက်ရတဲ့ ငါတို့သည်။ ပဿာမ၊ အားရပါးရ ကြည့်ရှုလိုကြပါကုန်၏။

ထိုအခါ ရွှေဖိမာန်ရှင် ပြိတ္တာမသည် မိမိ၏ပြင်ပသို့ ထွက်ခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကို အကြီးအမှူးဖြစ်သော ကုန်သည်အား ထင်ရှားစွာ ပြဆိုလိုရကား အောက်ပါဂါထာကို ရွတ်ဆိုပြောကြားလေ၏။

http://www.dhammadownload.com

ပြိတ္တာမ၏အဖြေ

၅၉။ အဠိယာမိ ဟရာယာမိ၊ နဂ္ဂါ နိက္ခမိတုံ ဗဟိ။
ကေသေဟမိ ပဋိစ္ဆန္နာ၊ ပုညံ မေ အပ္ပကံ ကတုံ။

၅၉။ ဘော ဇေဋ္ဌဝါဏိဇ၊ အိုကုန်သည်ကြီးမူး၊ အဟံ၊ ကျွန်မသည်။ နဂ္ဂါ၊ အဝတ်မပါ ကိုယ်ဗလာချည်းသာဖြစ်၍။ ဗဟိ၊ ပြင်ပသို့။ နိက္ခမိတုံ၊ ဦးရီးတို့နှင့် အသင့်ကြိုက်ကြို တွေ့ဆုံဖို့ရာ ထွက်၍လာခြင်းငှာ။ အဠိယာမိ၊ ကိုယ်စိတ်နှစ်တန် ပူပန်ဦးငွေ့လှပါ၏။ ဟရာယာမိ၊ ရွံ့ကာ ရွံ့ကာ ရှက်နိုးလှပါ၏။ ကေသေဟိ၊ ညိုရှည်ကော့လွင် ကောင်းမြတ်သောဆံပင်တို့ဖြင့်။ ပဋိစ္ဆန္နာ၊ ရစ်ပတ်သိုင်းအုံ ဖုံးကာခြုံအပ်သည်။ အမှိ၊ ဖြစ်ပါချေ၏။ မေ မယာ၊ ကျွန်မသည်။ အပ္ပကံ၊ အနည်းငယ်မျှ မပြောပလောက်သော။ ပုညံ၊ နှမ်းမုန့်အစု၊ မြတ်ကောင်းမှုကို။ ကတံ၊ စေတနာအလျောက် သဒ္ဓါပေါက်၍ ဝမ်းမြောက် ဝမ်းသာပြုခဲ့ဖူးပါပြီ။

ကုန်သည်ကြီး၏ စေတနာ

ထိုအခါ ဗိမာန်ရှင် ပြိတ္တာမအား ကုန်သည်ကြီးသည် မိမိ၏အပေါ်ရုံအဝတ်ကို ပေးကမ်းလိုရကား အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

၆၀။ ဟန္ဒုတ္တရီယံ ဒဒါမိ တေ၊ ဣဒံ ဒုဿံ နိဝါသယ။
ဣဒံ ဒုဿံ နိဝါသေတွာ၊ ဗဟိ နိက္ခမ သောဘနေ။
ဥပနိက္ခမဿု ဘဒ္ဒေ၊ ပဿာမ တံ ဗဟိဋ္ဌိတံ။

၆၀။ သောဘနေ၊ တင့်တယ်လှပ အိုသူငယ်မ။ ဟန္ဒ၊ ဒီနား သို့လာ ယူစမ်းပါလော့။ အဟံ၊ ငါသည်။ ဥတ္တရီယံ၊ လုံလုံခြုံခြုံ အပေါ်ရုံအဝတ်ကို။ တေ၊ သင့်အား။ ဒဒါမိ၊ ပေးကမ်းပါ၏။ ဣဒံ ဒုဿံ၊ ဤအပေါ်ရုံအဝတ်ကို။ နိဝါသယ၊ အရှက်ကင်းရှင်း ယဉ်ကျေးခြင်းငှာ ဝတ်ဆင်ပါလော့။ ဣဒံ ဒုဿံ၊ ဤအပေါ်ရုံအဝတ်ကို။ နိဝါသေတွာ၊ ဝတ်ဆင်၍။ ဗဟိ၊ လျင်မြန်စွာသာ လာခဲ့ပါလော့။ ဘဒ္ဒေ၊ အိုသူငယ်မ။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ သင့်ကို။ ဗဟိဋ္ဌိတံ၊ ပြင်ပထွက်မှီ ရပ်တည်၍နေသည်ကို။ မယံ၊ အဝတ်ကိုပေး ငါဦးလေးတို့သည်။ ပဿာမ၊ ဘယ်သူ့ဘယ်ဝါ ထင်ရှားဖို့ရာ ကြည့်ရှုလိုကြပါကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဥပနိက္ခမဿု၊ မကြန့်မကြာ လျင်စွာသာလျှင် အပြင်ဘက်သို့ ထွက်ခဲ့ပါလော့။

ဤသို့လျှင် ပြောဆိုပြီး၍ မိမိ၏အပေါ်ရုံအဝတ်ကို ထိုဗိမာန်ရှင် ပြိတ္တာမအား ဆောင်ယူစေ၏။ ထိုပြိတ္တာမသည် ထိုသို့သော် အခြင်းအရာအားဖြင့် သင်၏လက်ဖြင့် အကျွန်ုပ်၏လက်၌ ပေးအပ်သည်ရှိသော် မိမိအား အကျိုးကျေးဇူးမများ မသုံး

http://www.dhammadownload.com

ဆောင်ထိုက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အကြင် အခြင်းအရာအားဖြင့် ပေးအပ်သည်ရှိသော် မိမိ၏ထံသို့ ရောက်ရှိ သုံးဆောင်ခံစားရ၏၊ ထို မိမိထံမှောက်သို့ ရောက်ရန် ပေးကမ်းပုံ အခြင်းအရာကိုလည်းကောင်း ပြဆိုလိုရကား အောက်ပါ ဂါထာနှစ်ခုကို ရွတ်ဆိုလေ၏။

၆၁။ ဟတ္ထေန ဟတ္ထေ ဘေ ဒိန္နံ၊ န မယ့ဲ ဥပကပ္ပတိ။
ဧသေတ္ထုပါသကော သဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

၆၁။ ဘောဧဋ္ဌဝါဏိဇ၊ အို ကုန်သည်ကြီးမှူး။ ဟတ္ထေန၊ သင်၏လက်ဖြင့်။ ဟတ္ထေ၊ အဝတ်ကင်းပ ကျွန်တော်မ၏လက်၌။ ဒိန္နံ၊ စေတနာ သဒ္ဓါ နှစ်ဖြာ ကဲမြတ် ပေးကမ်းအပ်သည်ရှိသော်။ ဝါ၊ ပေးကမ်းအပ်သောအဝတ်သည်။ မယ့်၊ ရွေးဘဝက သူများအဝတ် ဆွဲချွတ်ယူငြား ကျွန်တော်မအား။ န ဥပကပ္ပတိ၊ အကုသိုလ်က် ဝိပါက်ပြန်၍ အမှန်ပင် ဝတ်ရန်မထိုက်ပါ။ ဧတ္ထ၊ ဦးလေးနှင့်တကွ များလှသောင်းပြောင်း ဤမိတ်သင်္ဃာ လူအပေါင်းတို့တွင်။ ဥပါသကော၊ ရတနာသုံးတန် တရားမှန်ကို ဧကန်မပြတ် ဆည်းကပ်တတ်သော။ သဒ္ဓေါ၊ စေတနာသုံးတန် အရင်းခံ၍ က်,က်၏အကျိုးကို မြတ်နိုးယုံကြည်လေ့ရှိသော။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်၏ တပည့်သားဖြစ်သော။ ဧသော၊ ဤအမည်ရှိသောသူသည်။ အတ္ထိ၊ စင်စစ်မှန်စွာ ရှိခဲ့ပါ၏။

၆၂။ ဧတံ အစ္ဆာဒယိတ္ထာန၊ မမ ဒက္ခိဏာမာဒိသ။
တထာဟံ သုခိတာ ဟောဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

၆၂။ ဧတံ ဥပါသကံ၊ မြတ်ဘုရား၏ တပည့်သားအစစ် ဧကန်ဖြစ်သော ထို ဥပါသကာကို။ အစ္ဆာဒယိတ္ထာန၊ ဆက်ကပ်လှူဒါန်း ဝတ်ဆင်လွှမ်း၍။ ဒက္ခိဏာ၊ သဒ္ဓါကြည်ဖြူ အဝတ်အလှူကို။ မမ၊ အဝတ်ကင်းပ ကျွန်တော်မအား။ အာဒိသ၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ ပေးလှူပါလေလော့။ တထာ၊ ထိုသို့မှန်းဆ ရေစက်ချ၍ အမျှပေးဝေလိုက်သည်ရှိသော်။ အဟံ၊ ကျွန်တော်မသည်။ သဗ္ဗကာမသမိဒ္ဓိနီ၊ လုံးစုံလိုသမျှ ပြည့်စုံရသူသည်။ ဟုတ္တာ၊ အမှန်စင်စစ် ဧကန်ဖြစ်၍။ သုခိတာ၊ နတ်ဝတ်တန်ဆာ အဖြာဖြာကို ကိုယ်မှာဆင်သ ချမ်းသာရသည်။ ဟောဿံ၊ ဤနည်းအတိုင်း မဆိုင်းခဏ ပြုလုပ်ကမူ မုချမသွေဖြစ်ရပေလတ္တံ့။

ထိုပြိတ္တာမ ပြောဆိုသောစကားကိုကြား၍ ကုန်သည်တို့သည် ရတနာသုံးရပ်ကို ဆည်းကပ်တတ်သော ထိုဥပါသကာကို ရေချိုးစေ၍ နှံ့သာတို့ဖြင့် လိမ်းကျံစေပြီးလျှင် အဝတ်စုံတို့ဖြင့် ဖုံးလွှမ်းလှူဒါန်းကြကုန်၏။ ထိုအကြောင်းကို ထင်ရှား

http://www.dhammadownload.com

ပြလိုကုန်သော သဂါယနာတင် ထေရ်အရှင်တို့သည် အောက်ပါ သုံးဂါထာတို့ကို မိန့်ဆိုတော်မူကြကုန်၏။

၆၃။ တဉ္စ တေ နာဗယိတွာန၊ ဝိလိမ္မေတွာန ဝါဏိဇာ။
ဝတ္ထေဟ'ဿာဒယိတွာန၊ တဿာ ဒက္ခိဏမာဒိသုံ။

၆၃။ တေ ဝါဏိဇာ၊ ထိုကုန်သည်အပေါင်းတို့သည်။ တံ၊ ရတနာသုံးတန်ကေန်မပြတ် ဆည်းကပ်တတ်ရာ ထိုဥပါသကာကို။ နာဗယိတွာန၊ ညစ်ကြေးကင်းပရေချိုးစေကြကုန်ပြီး၍။ ဝိလိမ္မေတွာန၊ မြင့်မြတ်ကောင်းစွာ မွေးနံ့သာစုံ လိမ်းကျံကြစေကုန်ပြီး၍။ ဝတ္ထေဟိ၊ တင့်တယ်ပြည့်ဖြိုး အဝတ်ပုဆိုးတို့ဖြင့်။ အစ္ဆာဒယိတွာန၊ စေတနာလျှမ်းတောက် ဝမ်းမြောက်ရွှင်လန်း ဖုံးလွှမ်းစေကြကုန်၍။ တဿာ၊ ထို အဝတ်ကင်းပ ပြိတ္တာမအား။ ဒက္ခိဏံ၊ သဒ္ဓါကြည်ဖြူ မွန်မြတ်သောအလှူကို။ အာဒိသုံ၊ ရည်ရော်မှန်းဆ ရေစက်ချကာ အမျှပေးဝေကြလေကုန်၏။

၆၄။ သမနုဉ္ဉာနုဒ္ဒိဒ္ဒေ၊ ဝိပါကော ဥဒပဒ္ဓထ။
ဘောဇနဿာဒနပါနိယံ၊ ဒက္ခိဏာယ ကွဒံ ဖလံ။

၆၄။ ဥဒ္ဒိဒ္ဒေ ဥဒ္ဒိဋ္ဌဿ၊ စိတ်ထားကောင်းမြတ် ရည်ညွှန်းအပ်သည်၏။ သမနုဉ္ဉာ၊ အခြားမဲ့၌။ တဿာ၊ အဇတ်ကင်းပ ထိုပြိတ္တာမအား။ ဝိပါကော၊ အဝတ်အလှူ၏အကျိုးသည်။ ဥဒပဒ္ဓထ၊ ဘာကိုမဆို လိုလျှင်ခဏ နှုတ်မတဘဲ မုချမသွေဖြစ်ပေါ်၍ လာရပေ၏။ ဘောဇနဿာဒနံ၊ နတ်၌ဖြစ်လာ ပမာတူမျှ ဘောဇနနှင့် ရောင်ဝါတောက်ဖြူး အဝတ်ပုဆိုးသည်လည်းကောင်း။ ပါနိယံ၊ အဆာကင်းပြေသောက်သုံးရေသည်လည်းကောင်း။ ဥဒပဒ္ဓထ၊ လိုလျှင်ခဏ နှုတ်မတဘဲ မုချမသွေဖြစ်ပေါ်၍လာရပေပြီ။ ကွဒံ၊ ဤသို့ပွားတိုး ဤအကျိုးသည်။ ဒက္ခိဏာယ၊ ပေးဝေအမျှ ချမ်းသာရဖို့ စာဂစင်ဖြူ ကုန်သည်တို့အလှူ၏။ ဖလံ၊ ကောင်းစွာဖွံ့ဖြိုး ကြီးမားသောအကျိုးပါပေတည်း။ (အနုကားနိပါတ်ပုဒ်)

၆၅။ တတော သဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဟသန္တီ ဝိမာနာ နိက္ခမိ၊ ဒက္ခိဏာယ ကွဒံ ဖလံ။

၆၅။ တတော၊ ထိုအစားဝတ်လျာ ရေပါစုံညီ ရပြီးသည်မှ။ ပစ္ဆာ၊ နောက်ကာလ၌။ သာ၊ ထို ပြိတ္တာမသည်။ သဒ္ဓါ၊ ကောင်းမြတ်တင့်တယ် စင်ကြယ်သည်ဖြစ်၍။ သုစိဝသနာ၊ စင်ကြယ်လှစွာ အဝတ်လျာကို ဝတ်ဆင်လျက်။ ကာသိကုတ္တမဓာရိနီ၊ ကာသိတိုင်းဖြစ် အဝတ်သစ်ထက် စင်စစ် ကောင်းမြတ်သောအဝတ်ကို ဝတ်ဆင်အပ်သည်ဖြစ်၍။ ဟသန္တီ၊ ပြုံးရယ်လျက်။ ဝိမာနာ၊ အဆင်းရောင်လှျ ရွှေဗိမာန်မှ။ နိက္ခမိ၊ ထွက်ပေါ်၍လာလေတော့၏။ ကွဒံ၊ ဤသို့လုံးစုံ ဤကောင်းကျိုး

http://www.dhammadownload.com

အဖုံဖုံသည်။ ဒက္ခိဏာယ၊ စာဂစင်ဖြူ ကုန်သည်တို့. လှူဒါန်းအပ်သော အလှူ၏။ ဖလံ၊ ကောင်းစွာဖွဲ့ဖြိုး ကြီးမားသော အကျိုးပါပေတည်း။

ထိုအခါ ကုန်သည်တို့သည် ဤသို့ မျက်မှောက်ထင်ထင် ပြုခဲ့သောကောင်းမှု၏ အကျိုးအာနိသင်ကို မြင်ကြရသောကြောင့် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ဖြစ်သော စိတ် ဖြစ်ကြကုန်လျက် ထိုဥပါသကာ၌ ကောင်းစွာဖြစ်သော ရိုသေခြင်းများစွာ မြတ်နိုးခြင်းသဘော ရှိကြကုန်သည်ဖြစ်၍ လက်အုပ်ချီကြကုန်ပြီးလျှင် ထိုဥပါသကာကို ဆည်းကပ်ကြကုန်၏။ ထိုဥပါသကာသည်လည်း ကုန်သည်တို့ကို တရားဒေသနာဖြင့် အတိုင်းထက်အလွန် ကြည်ညိုစေ၍ သရဏဂုံသုံးပါးတို့၌လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်စေ၏။ ထိုကုန်သည်တို့သည် ဗိမာန်ရှင် ပြိတ္တာမအား ပြုအပ်ခဲ့သောကံကို အောက်ပါဂါထာဖြင့် မေးမြန်းကြလေကုန်၏။

ကုန်သည်တို့အမေး

၆၆။ သုစိတ္တရူပံ ရုစိရံ၊ ဝိမာနံ တေ ပဘာသတိ။
ဒေဝတေ ပုစ္ဆိတာစိက္ခ၊ ကိဿ ကမ္မဿိဒံ ဖလံ။

၆၆။ ဘောတိ ဒေဝတေ၊ ရူပင်းဖွယ် အိုနတ်မိမယ်။ တေ၊ လှပတင့်တယ် ရှုဖွယ်မင်း သင်နတ်သမီး၏။ သုစိတ္တရူပံ၊ အလွန်ဆန်းကြယ်သောအရုပ်ရှိသော။ ရုစိရံ၊ ရှုချင့်စဖွယ် ပျော်မွေ့ဖွယ်ရာရှိသော။ ဝိမာနံ၊ အဆင်းရောင်လျှံ ရွှေဗိမာန်သည်။ ပဘာသတိ၊ ဝင်းဝင်းလှလှ ထွန်းလင်းတောက်ပပါ၏။ ဣဒံ၊ ဤသို့ ပဝင်းရောင်လျှံ ရွှေဗိမာန်ကိုရခြင်းသည်။ ကိဿ ကမ္မဿ၊ ဘယ်သို့ပြုစု ဘယ်ကောင်းမှု၏။ ဖလံ၊ အာနိသံသ အကျိုးဖလပါနည်း။ ပုစ္ဆိတာ၊ ငါတို့တစ်တွေ မေးမြန်းအပ်ပေသော။ တွံ၊ သင်နတ်သမီးသည်။ အာစိက္ခ၊ ယခုမဆိုင်း အမှန်အတိုင်းသာ ပြောကြားပါလော့။

ထိုပြိတ္တာမသည် ကုန်သည်တို့က ဤသို့ မေးမြန်းအပ်ကုန်သည်ရှိသော် "ဤအကျိုးဆက်သည် အကျွန်ုပ် ရှေးဦးစွာ ပြုအပ်ခဲ့သည့် အနည်းငယ်သော ကောင်းမှုကုသိုလ်၏ အကျိုးဆက်ပင်တည်း၊ မကောင်းမှု အကုသိုလ်တရား၏ အကျိုးဆက်ကား နောင်သောအခါ ငရဲ၌ ဤသို့ဖြစ်ရပါလတ္တံ့" ဟု နှစ်ပါးသော အကျိုးသွား ကို ထင်ရှားစွာ ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ရွတ်ဆို ပြောကြားလေ၏။

၆၇။ ဘိက္ခုနော စရမာနဿ၊ ဒေါဏိနိမ္မဒ္ဒနိ အဟံ။
အဒါသိ ဥစ္ဆုတဿ၊ ဝိပ္ပသန္နေန စေတသာ။

http://www.dhammadownload.com

၆၇။ ဝါဏိဇာ၊ အို ကုန်သည်တို့။။ အဟံ၊ ကောင်းနှင့်မကောင်း သောင်းပြောင်းထွေလာ တွေ့ကြုံ၍နေရပါသော အံကျွန်ုပ် နတ်ပြိတ္တာသည်။ ပုဗ္ဗေ၊ လူဖြစ်စဉ်ကာလ ရှေးဘဝက။ ဥဇုဘူတသာ၊ စိတ်ထားမြင့်မြတ် ဖြောင့်မတ်သည်ဖြစ်၍ ဖြစ်သော။ စရမာနသာ၊ အိမ်စဉ်လျှောက်ကာ ဆွမ်းခံလှည့်လည်၍လာသော။ ဘိက္ခုနော၊ မြတ်ဘုရား၏ ချစ်သားကျော်မော် ရဟန်းတော်အား။ ဝိပ္ပသန္နေန၊ ညစ်ကြေးကင်းစင် လွန်ကြည်လင်သော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ ဒေဇိ နိမန္တနံ၊ အသင်မဖွေး နှမ်းဆီထွေးကို။ အဒါသိ၊ ဝမ်းမြောက်ကြည်သာ ပေးလှူခဲ့ပါပြီ။

၆၈။ တာသာ ကမ္မသာ ကုသလသာ၊ ဝိပါကံ ဒီဃမန္တရဲ့။
အနုဘောမိ ဝိမာနသ္မိံ၊ တဿ ဒါနိ ပရိတ္တက်။

၆၈။ ကုသလသာ၊ ကောင်းမြတ်စင်ကြယ် တင့်တယ်စွာသော။ တာသကမ္မသာ၊ ထိုသို့ပြုစု မြတ်ကောင်းမှု၏။ ပရိတ္တက်၊ အနည်းငယ်မျှ မပြောပလောက်သော။ တဿဝိပါက်၊ တောင့်တကင်းကွာ လိုရာပြည့်ဖြိုး ထိုအကျိုးကိုလည်း။ ဒီဃမန္တရဲ့၊ နှစ်ဆူသောဘုရားရှင်တို့၏ ရှည်လျားလှစွာ တစ်ခုသောအကြားကာလပတ်လုံး။ ဒါနိ၊ သင်တို့မြင်ရာ ယခုအခါ၌။ ဝိမာနသ္မိံ၊ အရောင်ဝင်းလျှံ ရွှေဗိမာန်၌။ အနုဘောမိ၊ ကိုယ်တစ်ဦးတည်း ဖော်မမှီးဘဲ ပျော်ကြီးပျော်ကာ ခံစား၍နေရပါတော့၏။

၆၉။ ဥဒ္ဓံ စတူဟိ မာသေဟိ၊ ကာလံကိရိယာ ဘဝိဿတိ။
ဧကန္တ ကဋ္ဌကံ ဃောရံ၊ နိရယံ ပပတိဿဟံ။

၆၉။ ဘော ဝါဏိဇာ၊ ကျွန်ုပ်ဖြစ်ပုံ အလုံးစုံကို အကုန်မေးငြား အို ကုန်သည်အများတို့။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ စတူဟိ မာသေဟိ၊ ကြာကြာမရလေးလတို့မှ။ ဥဒ္ဓံ၊ အထက်၌။ ဝါ၊ အထက်ဟုခေါ် လွန်ကျော်ရောက်ရာ နောက်အခါ၌။ မေ၊ အရောင်ဝင်းလျှံ ရွှေဗိမာန်၌ ပျော်စံနေရ ကျွန်တော်မ၏။ ကာလံကိရိယာ၊ ဇီဝိန်ပြတ်ကင်း သေဆုံးရခြင်းသည်။ ဘဝိဿတိ၊ စင်စစ်မှန်စွာ ဖြစ်ရပါတော့လတ္တံ့။ ဧဝံ၊ ဤသို့ပြတ်ကြွေ အသက်သေရသည်ရှိသော်။ အဟံ၊ ကျွန်တော်မသည်။ ဧကန္တ ကဋ္ဌကံ၊ ကုသိုလ်ကုန်ဆုံး အကုဖုံး၍ မဆုံးဒုက္ခ ခါးစပ်လှပါသော။ ဃောရံ၊ မြင်သူတိုင်း၌ မကြည့်ဝံ့အောင် လွန်ကြမ်းကြုတ်သော။ နိရယံ၊ ချမ်းသာပြတ်စဲပါယ်ငရဲသို့။ ပပတိဿံ၊ တစ်လောကလုံး ဘယ်မှာပုန်းလည်း လွတ်ထုံးမရ အလှည့်ကျက် မုချမသွေ ကျရောက်ရပေတော့အံ့။

မိမိကျရောက်ရမည့် အဝီစိငရဲ၏ အနေအထား ထင်ရှား ပြောပြလိုရကား အောက်ပါနှစ်ဂါထာတို့ကို ဆိုလေ၏။

http://www.dhammadownload.com

အဝီစိငရဲ

၇၀။ စတုက္ကဏ္ဏံ စတုဒ္ဒါရံ၊ ဝိဘတ္တံ ဘာဂသော မိတံ။
အယောပါကာရပရိယန္တံ၊ အယသာ ပဋိကုဇ္ဈိတံ။

၇၀။ ဇတ် နိရယ်၊ မီးလျှံထက်အောက် ထွင်းဖောက်ရဲရဲ ထိုအကျွန်ုပ်ကျဆဲ့သော အဝီစိငရဲကြီးသည်။ စတုက္ကဏ္ဏံ၊ လေးထောင့်စပ်ထိ လေးမျက်နှာရှိ၏။ စတုဒ္ဒါရံ၊ လေးဖက်မျက်နှာ လေးဖြာသော တံခါးပေါက်ရှိ၏။ ဘာဂသော၊ အဖို့အားဖြင့်။ ဝါ၊ ကန့်ကာကန့်ကာ အခန်းအဖြာဖြာအားဖြင့်။ ဝိဘတ္တံ၊ ကောင်းစွာထပ်ထပ် ခွဲခြားရ၍ထားအပ်၏။ မိတံ၊ စနစ်တကျ မလစ်ရအောင် ကျနသတ်မှတ် နှိုင်းယှဉ်အပ်၏။ အယောပါကာရပရိယန္တံ၊ သံတံတိုင်းဖြင့် ရစ်ဝိုင်းလှည့်ပတ် ကာဆီးအပ်၏။ အယသာ၊ ထည်ဝါခန့်ဘိ သံမဏိဖြင့်။ ပဋိကုဇ္ဈိတံ၊ အမိုးပြုလုပ် ဖုံးအုပ်အပ်၏။

၇၁။ တသ္မ အယောမယာ ဘူမိ၊ ဇလိတာ တေဇသော ယုတာ။
သမန္တာ ယောဇနသတံ၊ ဖရိတ္ဝာ တိဋ္ဌတိ သဗ္ဗဒါ။

၇၁။ တသ္မာ၊ ထိုအဝီစိငရဲ၏။ အယောမယာ၊ လုံးစုံဆင့်ဆင့် သံဖြင့်ပြီးသော။ ဘူမိ၊ ခိုင်မာစွာနေ တည်ရာမြေသည်။ ဟောတိ၊ အမှန်စင်စစ် ဇကန်ဖြစ်၏။ ဇလိတာ၊ အလျှံပြောင်ပြောင် တောက်လောင်၍နေ၏။ တေဇသော၊ နိုနိုရဲရဲ လောင်စွဲညီးညီး မီးတောက်မီးလျှံကြီးနှင့်။ ယုတာ၊ အကွက်မလပ် တရစပ်ပင် အမြဲယှဉ်၏။ သမန္တာ၊ ထက်ဝန်းကျင် ပတ်ပတ်လည်မှ။ ယောဇနသတံ၊ အပူလျှံဖြာယူဇနာတစ်ရာကို။ ဖရိတ္ဝာ၊ ပျံ့နှံ့၍။ သဗ္ဗဒါ ပါဒ်ဗီဇနာ ခရာမတိမ်း အခါခပ် သိမ်းသာလျှင်။ တိဋ္ဌတိ၊ ကပ်ကမ္ဘာကြီး မပျက်စီးက ဤနည်းတိုင်းသာ တည်နေပါတော့၏။

၇၂။ တတ္ထာဟံ ဒီဃမဒ္ဓါနံ၊ ဒုက္ခံ ဝေဒိဿ ဝေဒနံ။
ဖလဋ္ဌ ပါပကမ္မဿ၊ တသ္မာ သောစာမဟံ ဘုသံ။

၇၂။ ဘော ဝါဇိဇာ၊ အို ကုန်သွားညည်တို့။ အဟံ၊ အကုသိုလ်ကံ့ အလှည့်ကျ၍ ခံရန်နိုးလှ ကျွန်တော်မသည်။ တတ္ထ၊ ထိုအလျှံပြောင်ပြောင် တောက်လောင်ညီးညီး မဟာအဝီစိငရဲကြီး၌။ ဒီဃမဒ္ဓါနံ၊ ရှည်စွာမဆုံး အဓွန့်ကာလတို့ပတ်လုံး။ ပါပကမ္မဿ၊ မိမိပြုဖန် အကုသိုလ်ကံ၏။ ဖလံ၊ ရောင်ရန်မလစ် အကျိုးဖြစ်သော။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ဖြာ လွန်စွာပူကဲ ဆင်းရဲလှသော။ ဝေဒနံ၊ စွဲကပ်ဖြစ်လာဝေဒနာကို။ ဝေဒိဿ ဝေဒိဿာမိ၊ ဇကန်မုချ ခံစားရပါတော့အံ့။ တသ္မာ၊ ဝိပါက်ပြန်နောင့် ထိုခံစားရတော့မည့်ဒုက္ခကြောင့်။ အဟံ၊ သေကံမကောင်း အကြောင်း

http://www.dhammadownload.com

နဲ့လှ ကျွန်တော်မသည်။ ဘုသဲ့၊ ခြေနေမဟန် လွန်ပြင်းထန်စွာ။ သောစာမိ၊ ရောက်မည့် ဘဝ ကျမည့်ဒဏ်ဘေး အစဉ်တွေး၍ ပူဆွေးညှိုးမှိန် စိုးရိမ်လှပါတော့၏။

ပြိတ္တာမ ငရဲမှလွတ်ရန် ဥပါသကာ အကြံပေးပုံ

ဤသို့ ထိုဗိမာန်ရှင်ပြိဒ္ဓာမသည် မိမိသည် ပြုအပ်ခဲ့သောကံ၏အကျိုးဆက်ကြောင့် နောင်အခါ ငရဲ၌ ခံစားရမည့်ဘေးကို ပြအပ်သည်ရှိသော် ထိုဥပါသကာသည် ကရဏာဖြင့် တိုက်တွန်းလှုံ့ဆော်အပ်သော စိတ်ရှိသည်ဖြစ်၍ "ငါသည် ယခုအခါ ထိုပြိတ္တာမ၏ ထောက်တည်အားထားရာသည် ဖြစ်စေတော့အံ့"ဟု ကြံစည်ပြီးလျှင် "နတ်သမီး- သင်သည် ငါ၏ တစ်ခုသောဒါန၏အစွမ်းကြောင့် ခပ်သိမ်းသော အလိုရှိအပ်ရာ အဖြာဖြာတို့ ပြည့်စုံခဲ့၍ မွန်မြတ်သော စည်းစိမ်ဥစ္စာရှိခြင်းသည် ဖြစ်ခဲ့၏၊ ယခုအခါ၌မူကား ဤဥပါသကာတို့အား အလှူဒါနကို ပေးလှူ၍ ဘုရားရှင်၏ဂုဏ်တော်တို့ကိုလည်း အဖန်တလဲလဲ အောက်မေ့သည် ရှိသော် ငရဲ၌ ဖြစ်ရခြင်းမှ ကင်းလွတ်ရပေလတ္တံ့"ဟု ပြောလေ၏။

ပြိတ္တာမ အလှူဒါနများပြုခြင်း

ထိုပြိတ္တာမသည် နှစ်သက်ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍ "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် ထိုဥပါသကာတို့အား နတ်၌ဖြစ်သော ထမင်း၊ အဖျော်ဖြင့် နှစ်သက်ရောင့်ရဲ တင်းတိမ်စေ၍ နတ်၌ဖြစ်သော အဝတ်ပုဆိုးတို့ကိုလည်းကောင်း၊ အထူးထူး အပြားပြားကုန်သော ရတနာတို့ကိုလည်းကောင်း ပေးလှူလေ၏။

ဘုရားရှင်ကိုလည်း ရည်မှန်း၍ နတ်၌ဖြစ်သော အဝတ်သင်္ကန်းအစုံကို ထို ဥပါသကာတို့၏လက်၌ ပေးအပ်၍ "အရှင်ဘုရား- တစ်ဦးသောဗိမာန်ရှင် ပြိတ္တာမသည် ဘုရားရှင်၏ခြေတော်အစုံကို ဦးခေါင်းရတနာ မြတ်အင်္ကါဖြင့် ဦးညွတ်ရှိခိုးလိုက်ပါ၏ဘုရား'ဟု သာဝတ္ထိပြည်သို့ သွားကြပြီးလျှင် ဘုရားရှင်ကို အကျွန်ုပ်၏အမှာစကားဖြင့် ရှိခိုးကြပါကုန်လော့"ဟု ရှိခိုးခြင်းကိုလည်း ပြုစေလိုက်လေ၏။ ထိုကုန်သည်တို့၏လှေကိုလည်း မိမိ၏တန်ခိုးအာနုဘော်ဖြင့် ထိုကုန်သည်တို့ အလိုရှိအပ်သော ဆိပ်ကမ်းသို့ ထိုနေ့၌ပင်လျှင် ပို့ဆောင်လိုက်လေ၏။

တွေ့ကြုံရပုံအစုံစုံ ဗုဒ္ဓထံပါး လျှောက်ထား

ထိုအခါ ကုန်သည်တို့သည် ဆိပ်ကမ်းမှ အစဉ်အားဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်ပြီးလျှင် ဘုရားရှင်အား ထိုအဝတ်သင်္ကန်းအစုံကို လှူဒါန်းခြင်းကိုလည်းကောင်း၊ ရှိခိုးမှုကိုလည်းကောင်း အပ်နှင်းလျှောက်

http://www.dhammadownload.com

ထား၍ ထိုဖြစ်ပွားပုံ အကြောင်းစုံကို အစမှစ၍ ဘုရားရှင်အား လျှောက်ထားကြလေကုန်၏။

ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ထိုတွေ့ကြုံရပုံအစုံစုံကို အတ္ထုပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား အကျယ်အားဖြင့် တရားတော်ကို ဟောဖော်ပြသတော်မူ၏။ ထိုဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ပြိတ္တာမသို့ အမျှဝေ

ထိုဥပါသကာတို့သည် နှစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ကြီးစွာသော အလှူဒါနကိုပေးလှူ၍ ထိုပြိတ္တာမအား ကောင်းမှု၏ အဖို့ဘာဂကို ရည်မှန်း၍ အမျှပေးဝေကြကုန်၏။

ပြိတ္တာမသည်လည်း ထိုပြိတ္တာဘဝမှ စုတေ သေလွန်ခဲ့၍ အထူးထူးအပြားပြားသော ရတနာရောင်တို့ဖြင့် ထွန်းတောက်ပသော တာဝတိံသာနတ်ပြည်၌ ရွှေဖြင့် ပြီးသော ဗိမာန်ကြီးဝယ် နတ်သမီးတစ်ထောင်တို့ဖြင့် ခြံရံလျက် ဖြစ်ရလေ၏။

ဆယ်ခုမြောက် ခလွန်ဇိုယအမည်ရှိသော ရွှေဗိမာန်ရှင်ပြိတ္တာမအကြောင်း ပြီး၏။



၁၁–နာဂဒေဝတာဝတ္ထု

ပြိတ္တာဖြစ်နေသော ပုဏ္ဏားဇနီးမောင်နှံနှင့် ဘုမ္မစိုးနတ်ဖြစ်နေသော သားသမီးသုံးဦး

ပုရတော၀ သေတေန ပလေတိ ဟတ္ထိနာ– အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤနာဂပေတဝတ္ထုကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နှစ်ဦးကုန်သော ပုဏ္ဏား၏သားဖြစ်သော ပြိတ္တာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

http://www.dhammadownload.com

သံကိစ္စသာမဏေ

ခုနစ်နှစ်သား သာလျှင် ရှိသေးသော သံကိစ္စသာမဏေသည် ဆဲရိတ်ခြင်း၏ အဆုံး၌ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်၍ သာမဏေဘဝ၌ တည်လျက်သာလျှင် သုံးကျိပ် အတိုင်းအရှည်ရှိကုန်သော ရဟန်းတော်တို့နှင့် အတူတကွ တောရကျောင်း၌ နေသည်ရှိသော် ထိုအတူနေရဟန်းတို့၏ ငါးရာသော ခိုးသူတို့လက်မှရောက်လာသော သေခြင်းဘေးကိုလည်း တားမြစ်၍ ထိုခိုးသူတို့ကိုလည်း ဆုံးမပြီးကာ ရဟန်းဖြစ်စေပြီးလျှင် ဘုရားရှင်ထံတော်သို့ သွားလေ၏။ ဘုရားရှင်သည် ထိုရဟန်းတို့အား တရားတော်ကို ဟောကြားတော်မူ၏။ ဟောကြားအပ်သော ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ရဟန်းဖြစ်ကာ မိဂဒါဝုန်သို့

ထိုအခါ သံကိစ္စသာမဏေသည် အသက်နှစ်ဆယ်ပြည့်သည်ဖြစ်၍ ရဟန်းအဖြစ်ကိုရပြီးလျှင် ထိုငါးရာသော ရဟန်းတို့နှင့် အတူတကွ ဗာရာဏသီပြည်သို့ သွားပြီးလျှင် ဣသိပတန အမည်ရသော မိဂဒါဝုန်တော၌ နေလေ၏။ လူတို့သည် သံကိစ္စမထေရ်၏ အထံသို့ သွားကြ၍ တရားကို နာကြားရသောကြောင့် ကြည်ညိုသောစိတ် ရှိကြကုန်သည်ဖြစ်၍ ခရီးအစဉ်အားဖြင့် အဖွဲ့အသီးသီးတို့ ဖွဲ့ကြကုန်လျက် အာဂန္တုက အလှူဒါနကို လှူဒါန်းကြကုန်၏။ ထိုလူအပေါင်းတို့တွင် တစ်ဦးသော ဥပါသကာသည် လူတို့ကို အမြဲဆွမ်းဝတ်ပြုရာ၌ တိုက်တွန်းနှိုးဆော်၏။ ထိုလူတို့သည် စွမ်းအားရှိသည့်အလျောက် အမြဲဆွမ်းဝတ် တည်ထားကြကုန်၏။

သံကိစ္စမထေရ်နှင့် မိစ္ဆာဒိဋ္ဌိပုဏ္ဏား၏သား

ထိုအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော မိစ္ဆာအယူရှိသော ပုဏ္ဏားအားသားနှစ်ယောက်၊ သမီးတစ်ယောက်တို့သည် ရှိကုန်၏။ ထိုသားသမီးသုံးယောက်တို့တွင် သားကြီးသည် ထိုဆော်ညြတတ်သော ဥပါသကာ၏ မိတ်ဆွေသည် ဖြစ်၏။ ဥပါသကာသည် ပုဏ္ဏားသားကြီး၏ မိတ်ဆွေကို ခေါ်၍ သံကိစ္စမထေရ်၏ အထံသို့ သွားလေ၏။ သံကိစ္စမထေရ်သည် ထိုပုဏ္ဏား၏ သားကြီးအား တရားဒေသနာကို ဟောကြား၏။ ထိုပုဏ္ဏား၏သားကြီးသည် နူးညံ့ပြေပြစ်သောစိတ် ရှိသည်ဖြစ်၏။ ထိုအခါ ထိုပုဏ္ဏား၏သားကြီးကို ထိုဥပါသကာသည် "သင်သည် ရဟန်းတစ်ပါးအား အမြဲ ဆွမ်းဝတ်ကို ပေးလှူလော့"ဟု ပြောဆိုလေ၏။ "သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကုန်သော ရဟန်းတော်တို့အား အမြဲဆွမ်းဝတ်ကို ပေးလှူခြင်းသည် အကျွန်ုပ်တို့ ပုဏ္ဏားတို့၏ အလေ့အကျင့်မဟုတ်သောကြောင့် အကျွန်ုပ်သည် မလှူဒါန်းနိုင်ပါ"ဟု ပြောဆိုလေ၏။ "အကျွန်ုပ်အားသော်လည်း ထမင်းကို

http://www.dhammadownload.com

မပေးနိုင်ပါသလော"ဟု ပြောဆိုလေ၏။ "အဘယ့်ကြောင့် မပေးဘဲနေပါမည်နည်း" ဟု ပုဏ္ဏားသားကြီးသည် ပြောဆိုလေ၏။ "ဤကဲ့သို့ဖြစ်ခဲ့လျှင် သင်သည် အကြင် ထမင်းကို အကျွန်ုပ်အားပေး၏၊ ထို သင်ပေးသောထမင်းကို တစ်ပါးသောရဟန်း အား ပေးလှူပါလော့"ဟု ဆိုလေ၏။ ထိုပုဏ္ဏားသားကြီးသည် "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ နံနက်စောစောကပင်လျှင် ကျောင်းသို့သွား၍ တစ်ပါးသောရဟန်းကို ပင့်ဆောင်ခဲ့၍ ဆွမ်းကျွေးမွေးလေ၏။

ပုဏ္ဏားမောင်နှမတို့ သာသနာကြည်ညိုပုံ

ဤသို့ဖြင့် ကာလကြာမြင့်လတ်သော် ရဟန်းတော်တို့၏ကျင့်ဝတ်ကို မြင်ရ၍ တရားတော်ကိုလည်း နာကြား၍ ထိုပုဏ္ဏား၏ညီငယ်၊ နှမငယ်တို့သည် သာသနာတော်၌ လွန်လွန်ကဲကဲ ကြည်ညိုကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှု၌ မွေ့လျော်ကြကုန်၏။ ဤသို့ ထိုညီအစ်ကိုမောင်နှမ သုံးယောက်တို့သည် မိမိတို့၏ စည်းစိမ်ချမ်းသာအားလျော်စွာ အလှူဒါန စသည်တို့ကို ပေးလှူကြကုန်၍ ရဟန်း ပုဏ္ဏားတို့ကို အရိုအသေ အလေးအမြတ် ပြုကြကုန်လျက် မြတ်နိုးကော်ရော် ပူဇော်ကြကုန်၏။

သာသနာ၌ မကြည်ညိုသူ မိဘနှစ်ပါး

ထိုသူတို့၏ မိဘတို့သည်ကား မသဒ္ဓါ မကြည်ညိုကြကုန်သည်ဖြစ်၍ ရဟန်းပုဏ္ဏားတို့၌ ရိုသေခြင်း မရှိကြကုန်။ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၌ အလေးမမူကြကုန်။ အလိုဆန္ဒ မရှိကြကုန်။ ထိုပုဏ္ဏား ဇနီးမောင်နှံတို့၏ သမီးဖြစ်သော သူငယ်မကို ဦးရီတော်၏သားအလို့ငှာ ဆွေမျိုးတို့သည် တောင်းရမ်းပြောဆိုကြကုန်၏။

သတို့သမီးနှင့် သား သာမဏေကို ဖြားယောင်းပုံ

ထိုဦးရီးတော်၏သားသည်ကား သံကိစ္စမထေရ်၏အထံ၌ တရားတော်ကို နာကြား၍ သံဝေဂဖြစ်ရကား ရှင်သာမဏေပြု၍ အမြဲ မိမိ၏ မိခင်မယ်တော်ကြီး၏အိမ်သို့ ဆွမ်းဘုဉ်းပေးအံ့သောငှာ ကြွရောက်လေ၏။ ထိုသာမဏေကို မိခင်မယ်တော်ကြီးသည် မောင်၏သမီးဖြစ်သော သတို့သမီးနှင့် ဖြားယောင်း သွေးဆောင်လေ၏။

လူထွက်ရန် သာမဏေကြိုပုံ

ထိုသို့ ဖြားယောင်းသောကြောင့် ထိုသာမဏေသည် ပျင်းရိ ငြီးငွေ့ရကား ဥပဇ္ဈာယ်ဆရာသို့ချဉ်းကပ်၍ "အရှင်ဘုရား တပည့်တော်သည် လူထွက်ပါတော့အံ့၊

http://www.dhammadownload.com

တပည့်တော်ကို ခွင့်ပြုတော်မူပါကုန်"ဟု လျှောက်ထားလေ၏။ ဥပဇ္ဈာယ်ဆရာသည် ထိုသာမဏေ၏ မင်္ဂဖိုလ်၏အားကြီးသောအကြောင်း အထောက်အပံ့နှင့် ပြည့်စုံသည်ကိုမြင်၍ "ငါ့ရှင် သာမဏေ တစ်လခန့် ဆိုင်းငံ့ စောင့်လင့်ဦးလော့"ဟု ပြောဆိုလေ၏။ သာမဏေသည် "ကောင်းပါပြီ"ဟု ပြန်၍ ဝန်ခံလျှောက်ထားပြီးလျှင် တစ်လလွန်သည်ရှိသော် ရှေးနည်းအတူပင် လျှောက်ထားပြန်လေ၏။ ဥပဇ္ဈာယ်ဆရာသည် နောက်ထပ် "ဿဝက် ဆယ့်ငါးရက်မျှ ဆိုင်ငံဦးလော့" ဟု ဆိုပြန်၏။ လဝက်ဆယ့်ငါးရက် လွန်ခဲ့ပြန်သော် ရှေးနည်းအတူ လျှောက်ထားပြန်သည်ရှိသော် နောက်ထပ်တစ်ဖန် "ခုနစ်ရက်မျှ ဆိုင်းငံ့ပါဦးလော့"ဟု ပြောဆိုလေ၏။ ထိုသာမဏေသည် "ကောင်းပါပြီ" ဟု ဝန်ခံပြန်လေ၏။

အိမ်ပြု၍ ကွယ်လွန်ကာ ဂတိအမျိုးမျိုးသို့ လားကြရခြင်း

ထိုအခါ ခုနစ်ရက်အတွင်း၌ သာမဏေ၏ အရိုးမအိမ်သည် ပျက်စီးသော အမိုးရှိသည်ဖြစ်၍ ဟောင်းနွမ်း ဆွေးမြည့်ရကား မခိုင်ခဲ့သည်ဖြစ်၍ ပြင်းထန်သော လေ၊ မိုးတို့ တိုးဝှေ့ဖျက်ဆီးအပ်သဖြင့် ပြိုလဲ၍ကျလေ၏။ ထိုအိမ်ပြုရာတွင် ပုဏ္ဏား၊ ပုဏ္ဏေးမတို့ သားနှစ်ယောက်၊ သမီးတစ်ယောက်တို့သည်လည်း အိမ်ဖြင့် ပိညပ်၍ သေလွန်ကြကုန်၏။ ထိုကွယ်လွန်ကြသော အိမ်သူအိမ်သား ငါးယောက်တို့တွင် ပုဏ္ဏား၊ ပုဏ္ဏေးမသည် ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။ နှစ်ယောက်သော သားတို့သည်လည်းကောင်း၊ တစ်ယောက်သော သမီးသည်လည်းကောင်း ဘုမ္မစိုးနတ်တို့၌ ဖြစ်ကြကုန်၏။ ထိုမောင်နှမသုံးယောက်တို့တွင် အကြီးဆုံးသော သားအား ဆင်ယာဉ်သည် ဖြစ်ပေါ်၍လာ၏။ ညီအား အဿထိုရ်မြင်းကသော ယာဉ်ရထားသည် ဖြစ်ပေါ်၍လာ၏။ သမီးဖြစ်သူအား ရွှေဖြင့်ပြီးသော ထမ်းစင်သည် ဖြစ်ပေါ်၍လာ၏။

ပုဏ္ဏားလင်မယားတို့ ခံစားရပုံ

ပုဏ္ဏား၊ ပုဏ္ဏေးမတို့သည် ကြီးကုန်ကြီးကုန်သော သံဖြင့်ပြီးသော တင်းပုတ်လက်ရိုက်တို့ကို ကိုင်ကြကုန်လျက် အချင်းချင်း ရိုက်နှက်ကြကုန်၏။ ရိုက်နှက်မိရာ နေရာဌာနတို့၌ ကြီးမား ကြီးမားကုန်သော ရေဆိုးပမာမျှလောက်ရှိကုန်သော အဖုအပိမ့်တို့ ထကုန်လျက် တစ်ခဏချင်းဖြင့်ပင်လျှင် မှည့်ကြကုန်ပြီးလျှင် ပေါက်ကွဲခြင်းသို့ ရောက်ကြကုန်၏။ ထိုပုဏ္ဏား ဇနီးမောင်နှံတို့သည် အချင်းချင်း တစ်ယောက်သည်တစ်ယောက်၏ အိုင်းအနာ၊ အဖုအပိမ့်တို့ကို ဖောက်ခွဲကြကုန်၍ အမျက်ဒေါသ လွမ်းမိုးနှိပ်စက်ကုန်ရကား သနားကြင်နာခြင်းမရှိသော ရန်ရင်းကြမ်း

http://www.dhammadownload.com

တမ်းသောစကားတို့ဖြင့် ကြိမ်းမောင်းကြကုန်ပြီးလျှင် ထွက်ကျသော ပြည်သွေးကို သောက်ကြကုန်၏။ ထိုသို့ပင် သောက်သော်လည်း ရောင့်ရဲတင်းတိမ်မှုကို မရကြကုန်၏။

နတ်သဘင်သို့အသွား ပြိတ္တာမိဘများလိုက်လာ

ထိုအခါ သာမဏေသည် ပျင်းရိ ငြီးငွေ့ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ဥပဇ္ဈာယ်ဆရာအထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား– တပည့်တော်သည် ဝန်ခံအပ်သော နေ့ရက်တို့သည် ကျော်လွန်ပါကုန်ပြီ၊ အိမ်သို့ သွားပါတော့အံ့၊ တပည့်တော်ကို ခွင့်ပြုပါကုန်လော့"ဟု လျှောက်ထားလေ၏။ ထိုအခါ ထိုသာမဏေကို ဥပဇ္ဈာယ်ဖြစ်သော သံကိစ္စမထေရ်သည် "လဆုတ်ပက္ခ တစ်ဆယ့်လေးရက်မြောက်သောနေ့ဖြစ်၍ နေဝင်သည်ရှိသော် ပြန်ခဲ့လော့"ဟု ပြောဆိုပြီးလျှင် မိဂဒါဝုန်ကျောင်း၏ နောက်ဖေးနံပါးဖြင့် အတန်ငယ် ကြွသွားကာ ရပ်တည်၍နေလေ၏။ ထိုအခါ နှစ်ယောက်သောနတ်သားတို့သည် နှမဖြစ်သူနှင့် အတူတကွ ထိုလမ်းခရီးဖြင့်ပင်လျှင် နတ်တို့၏ အစည်းအဝေးသို့ မိစိမ့်သောငှာ သွားကြကုန်၏။ ထိုမောင်နှမ သုံးယောက်တို့၏ မိဘတို့သည်ကား တင်းပုတ်ကို လက်စွဲကြကုန်လျက် ခက်ထန်ကြမ်းတမ်းသောစကားကို ပြောဆိုကြပြီးလျှင် မည်းနက်သော အဆင်းရှိကုန်သည်ဖြစ်၍ ရှုပ်ထွေးပွေလိမ်ကာ ခြောက်ကပ်စွာ ကျ၍နေသည့် ဆံပင်တည်းဟူသော ဝန်ရှိကုန်လျက် မီးလောင်ပြီးသော ထန်းပင်ငုတ်နှင့် တူကုန်သည်ဖြစ်၍၊ ယိုစီးသောပြည်သွေး ရုံ့တွသောကိုယ်ရှိသည်ဖြစ်၍ အလွန်ပင် စက်ဆုပ်ကြောက်မက်ဖွယ်ကောင်းသော အမြင်ရှိကုန်လျက် ထိုသားသမီးဖြစ်သော နတ်မောင်နှမ သုံးဦးတို့အထံသို့ အစဉ်တစိုက် လိုက်ကြကုန်၏။

အဖြစ်မတူသော ပုဏ္ဏားမိသားစုကို သာမဏေမြင်ရန် ဖန်ဆင်းပြခြင်း

ထိုအခါ သံကိစ္စမထေရ်သည် အကြင်သို့သော အခြင်းအရာအားဖြင့် တန်ခိုးဖြင့် ပြုပြင်ဖန်ဆင်းသည်ရှိသော် ထိုသာမဏေသည် ထိုအလုံးစုံ သွား၍နေကြကုန်သော သားမိ သားဖ ငါးဦးတို့ကို မြင်နိုင်ရာ၏။ ထိုသို့သဘောရှိသော တန်ခိုးဖြင့် ဖန်ဆင်းမှုကို ဖန်ဆင်းတော်မူ၍ "ငါ့ရှင်သာမဏော– ဤသွား၍နေသော ငါးဦးသောသူတို့ကို သင်မြင်ပါ၏လော"ဟု သာမဏေကို မေးမြန်းတော်မူ၏။ သာမဏေလည်း "အရှင်ဘုရား မြင်ပါ၏"ဟု လျှောက်ထားလေ၏။ "ထိုသို့ မြင်ပြီးပါမူကား ဤငါးဦးတို့ ပြုလုပ်ခဲ့သောအကြောင်းကံကို မေးပါလော့"ဟု မိန့်ဆိုလေ၏။ ထို သာမဏေသည် ဆင်ယာဉ် စသည်တို့ဖြင့် သွားကြသောသူတို့ကို အစဉ်အားဖြင့်

http://www.dhammadownload.com

မေးမြန်းလေ၏။ ထိုသူတို့သည် "အကြင်ပြိတ္တာတို့သည် နောက်မှလိုက်လာကြကုန်၏၊ ထိုပြိတ္တာတို့ကို မေးရစ်ပါလော့"ဟု ဆိုကြကုန်၏။ သာမဏေသည် ထိုပြိတ္တာတို့ကို အောက်ပါဂါထာတို့ဖြင့် မေးမြန်းလေ၏။

သာမဏေ၏ အမေး

၇၃။ ပုရတောဝ သေတေန ပလေတိ ဟတ္ထိနာ၊
မဇ္ဈေ ပန အဿတရီရထေန။
ပစ္ဆာ စ ကညာ သိဝိကာယ နီယတိ၊
ဩဘာသယန္တီ ဒသ သဗ္ဗသော ဒိသာ။

၇၃။ ဘော၊ ဖြစ်နေပုံကွဲပြား၊ အို အချင်းများတို့။ ဧကော၊ တစ်ယောက်သော သူသည်။ ပုရတောဝ၊ ရှေ့မှသာလျှင်။ သေတေန၊ ကိုယ်လုံးဖြူသော၊ ဟတ္ထိနာ၊ ဆင်ယာဉ်တော်ဖြင့်။ ပလေတိ၊ သွား၏။ မဇ္ဈေပန၊ အလယ်၌ကား။ ဧကော၊ တစ်ယောက်သောသူသည်။ အဿတရီရထေန၊ အဿထိုရ်မည်ငြား မြင်းကသော ရထားဖြင့်။ ဗဇလေတိ၊ သွား၏။ ပစ္ဆာယ၊ နောက်ဆုံးမှလည်း။ သဗ္ဗသော၊ လုံးစုံများဖြင့် ထက်ဝန်းကျင်မှ။ဒသဒိသာ၊ အရပ်ဆယ်မျက်နှာတို့ကို။ ဩဘာသယန္တီ၊ ပြောင်တဝင်းဝင်း အမှောင်ခွင်းကာ ရောင်လင်းဝေဆာ တောက်ပစေသော။ ကညာ၊ ပြင်ဆင်ကျန လှပထိပ်သီး သတို့သမီးကို။ သိဝိကာယ၊ တန်ဆာဆင်ပြင် မြတ်ထမ်းစင်ဖြင့်။ နီယတိ၊ တင့်တင့်တယ်တယ် ဝင့်ထည်စွာဖြင့် ဆောင်ယူအပ်ပါ၏။

၇၄။ တုမ္ဗေ ပန မုဂ္ဂရဟတ္ထပါဏိနော၊
ရဒ်မုခါ ဆိန္နဘိန္နဂတ္တာ။
မနုဿဘူတာ ကိမကတ္ထပါပံ၊
ယေနဥမဂညာသ ဝိဝါထ လောဟိတံ။

၇၄။ တုမ္ဗေပန၊ သွင်ပြင်ခြားနား၊ သင်နှစ်ဦးတို့သည်ကား။ မုဂ္ဂရဟတ္ထပါဏိနော၊ လက်၌ကိုင်ဆုပ်ထားသော တင်းပုတ်ရိုက်သည်ဖြစ်၍။ ရဒ်မုခါ၊ မရွှင်မသာ ငိုယိုသောမျက်နှာ ရှိကြကုန်သည်ဖြစ်၍။ ဆိန္နဘိန္နဂတ္တာ၊ စုတ်ပြတ်ပေါက်ပြဲသော ကိုယ်ရှိကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်၏။ တုမ္ဗေ၊ သင်တို့သည်။ ယေန ပါပေန၊ အကြင်ကြောင်းစု မကောင်းမှု၏။ အဥမညာသ၊ တစ်ယောက်သည်တစ်ယောက်၏။ လောဟိတံ၊ နီနီတွေးတွေး ထွက်သောသွေးကို။ ဝိဝါထ၊ ဆာလောင်နွမ်းယိုင် မနေနိုင်၍ အပြိုင်လုကာ သောက်ကြရကုန်၏။ တုမ္ဗေ၊ စရိုက်ကြမ်းတူ နှစ်ဦးသော သင်တို့သည်။ မနုဿဘူတာ၊ လူစဉ်စစ်တို့။ သမာနာ၊ ဖြစ်ခဲ့ကြစဉ်က။ ကိ၊ ဘယ်

http://www.dhammadownload.com

သို့သော။ တံ ပါပံ၊ အမြင်ဆိုးရွား ခံစားညစ်ကျူ ထိုမကောင်းမှုကို။ အကတ္ထ၊ ဘယ်မျိုးဘယ်ပုံ ပြုလုပ် ခဲ့ကြပါကုန်သနည်း။

ဤသို့ သာမဏေသည် မေးမြန်းအပ်ကုန်သည်ရှိသော် ထိုပြိတ္တာတို့သည် အလုံးစုံဖြစ်ခဲ့သော ထိုအကြောင်းစုံကို အောက်ပါလေးဂါထာတို့ဖြင့် ပြန်ကြား ပြောဆိုကြလေကုန်၏။

ပြိတ္တာတို့အဖြေ

၇၅။ ပုရတောဝ ယော ဂစ္ဆတိ ကုဋ္ဌရေန၊
သေတေန နာဂေန စတုက္ကမေန။
အမှာက ပုတ္တော အဟု ဧဋ္ဌကော သော၊
ဒါနာနိ ဒတ္တာန သုခီ ပမောဒတိ။

၇၅။ သာမဏေရ၊ တပည့်တော်တို့ ဖြစ်ခဲ့ရပုံအကြောင်းစုံကို အကုန် သိလိုလတ် ရှင်သာမဏေမြတ်ဘုရား။ ယော၊ အကြင်သူသည်။ ပုရတောဝ၊ ရှေ့တည့်တည့်မှသာလျှင်။ ကုဋ္ဌရေန၊ မြေဌသာလျှင် ပျော်ရွှင်စွာ သွားလာတတ်သော။ သေတေန၊ အညစ်ကင်းရှင်း ဖြူဆွတ်သောအဆင်းရှိသော။ စတုက္ကမေန၊ ခိုင်ခံ့မာတောင်း အခြေလေးချောင်းရှိသော။ နာဂေန၊ ဆင်ယာဉ်တော်ဖြင့်။ ဂစ္ဆတိ၊ သွား၏။ သော၊ ထိုသူသည်။ ပုဗ္ဗေ၊ ရှေးရှေးဘဝ လူဖြစ်စဉ်ကာလက။ အမှာက၊ တပည့်တော်တို့၏။ ဧဋ္ဌကော၊ ရှေးဦးဖွားလစ် အကြီးဆုံးဖြစ်သော။ ပုတ္တောဧဝ၊ သားရတနာသည်သာလျှင်။ အဟု၊ ဖြစ်ခဲ့ပါပြီ။ သော၊ ကောင်းမှုပျော်မှိုး တပည့်တော်တို့၏ ထိုသားကြီးသည်။ ဒါနာနိ၊ အလှူတော်တို့ကို။ ဒတ္တာန၊ ကြည်ရွှင်ပြုံးစွာ ပေးလှူပါသောကြောင့်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟုတ္တာ၊ အမှန်စင်စစ် ဧကန်ဖြစ်၍။ ပမောဒတိ၊ ဝမ်းမြောက်ကြည်သာ ရွှင်လန်း စွာနေရပါလေ၏။

၇၆။ ယော သော မဇ္ဈေ အဿတရီရထေန၊
စတုဿို ယုတ္တေန သုဝဂ္ဂိတေန။
အမှာကပုတ္တော အဟု မဇ္ဈိမော သော၊
အမစ္စရီ ဒါနပတိ ဝိရောစတိ။

၇၆။ သာမဏေရ၊ သီလဖြူးဝေ အိုသာမဏေ။ ယောသော၊ ရွှင်ရွှင်လူလူ အကြင်သူသည်။ မဇ္ဈေ၊ အလယ်၌။ စတုဿို၊ လေးကောင်သော အဿထိုရ်မြင်းတို့နှင့်။ ယုတ္တေန၊ ယှဉ်စပ်ဆွဲကာ က ထားပါသော။ သုဝဂ္ဂိတေန၊ ကောင်းစွာသွားခြင်းရှိသော။ အဿတရီရထေန၊ အဿထိုရ်တွင်ငြား မြင်းရထားဖြင့်။ ဂစ္ဆတိ၊

http://www.dhammadownload.com

ယဉ်ကျေးလှစွာ သွား၍နေပါ၏။ သော၊ ထိုသူသည်။ အမှာက်၊ ဒုက္ခ လှိုင်းမိ တပည့်တော် တပည့်တော်မတို့၏။ မဇ္ဈိမော၊ အလတ်ဖြစ်သော။ ပုတ္တော၊ ပေးလှူ တတ်စွာ သားရတနာသည်။ အဟု၊ ဖြစ်ခဲ့ပါပြီ။ သော၊ ထိုသားလတ်သည်။ အမစ္ဆရီ၊ နှမြော ကင်းရှင်း ဝန်တိုခြင်းမရှိသည်ဖြစ်၍။ ဒါနပတိ၊ စိတ်စေတနာ သဒ္ဓါဖြူစင် အလှူ.ရှင်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိရောစတိ၊ မြင်မိသူတွေ ပီတိဝေအောင် ရှုလေရှုလေ တင့်တယ်လှပါပေတော့၏။

၇၇။ ယာ သာ စ ပဇ္ဇာ သိဝိကာယ နိယတိ၊
နာရီ သပညာ မိဂမန္ဒလောစနာ။
အမှာက ဓီတာ အဟု သာ ကနိဋ္ဌိကာ၊
ဘာဂမှဘာဂေန သုခီ ပမောဒတိ။

၇၇။ သာမဏေရ၊ သံသရာစခန်းမှ ကျွတ်လမ်းရှာဖွေ အိုရှင်သာမဏေ။ ပဇ္ဇာ၊ နောက်မှ။ သပညာ၊ ရှေ့နောက်မြင်သိ ပညာရှိသော။ မိဂမန္ဒလောစနာ၊ သမင်မသဖွယ် ငယ်ရွယ်စွာသော မျက်လုံးရှိသော။ ယာ သာ နာရီ၊ အကြင် သတို့သမီးကို။ သိဝိကာယ၊ တန်ဆာဆင်ပြင် မြတ်ထမ်းစင်ဖြင့်။ နိယတိ၊ တင့်တယ်စွာ ဆောင်ယူအပ်ပါ၏။ သာ၊ ရှုလို့မငြီး ထို သတို့သမီးသည်ကား။ အမှာက်၊ ဒုက္ခ များပြား တပည့်တော်များ၏။ ကနိဋ္ဌိကာ၊ မျက်နှာချိုပြုံး အငယ်ဆုံးဖြစ်သော။ ဓီတာ၊ ချစ်သမီးသည်။ အဟု၊ အမှန်စင်စစ် ဧကန်ဖြစ်ခဲ့ပါ၏။ သာ၊ ထိုသတို့သမီးသည်။ ဘာဂမှဘာဂေန၊ မိမိရအပ်သော အဖို့အစုမှ ထက်ဝက်ခွဲဝေ လှူဒါန်းလေသောကြောင့်။ သုခီ သုခိနီ၊ ကိုယ်ရောစိတ်ပါ ဘယာမခ ချမ်းသာရသည်ဖြစ်၍။ ပမောဒတိ၊ တန်ဆာဆင်ပြင် မြတ်ထမ်းစင်ဖြင့် ကြည်ရွှင် ဖြိုးမောက် တန်ခိုးရောက်၍ လျှမ်းတောက်ခါခါ ဝမ်းမြောက်ရပါတော့၏။

၇၈။ ဧတေ စ ဒါနာနိ အဒံသု ပုဗ္ဗေ၊
ပသန္နစိတ္တာ သမဏဗြာဟ္မဏာနံ။
မယံ ပန မစ္ဆရိနော အဟုမှ၊
ပရိဘာသကာ သမဏဗြာဟ္မဏာနံ။
ဧတေ စ ဒတွာ ပရိစာရယန္တီ၊
မယဉ္စ သုဿမ နဇ္ဇော ဆိန္နော။

၇၈။ သာမဏေရ၊ ဘုရားမြေးတော် သာမဏေကျော်။ ဧတေစ၊ ထိုသားကြီးသားလတ် သမီးမြတ်တို့သည်ကား။ ပုဗ္ဗေ၊ ရှေးရှေးဘဝ လူဖြစ်စဉ်အခါကာလ၌။ သမဏဗြာဟ္မဏာနံ၊ အမြတ်ထက်တန်း ရဟန်းပုဏ္ဏားတို့အား။ ပသန္နစိတ္တာ၊ သဒ္ဓါ

http://www.dhammadownload.com

ယိုဖိတ် ကြည်ညိုသောစိတ် ရှိကြကုန်သည်ဖြစ်၍။ ဒါနာနိ၊ လှူဖွယ်ဝတ္ထု အစုစုတို့ကို။ အဒံသု၊ စိတ်စေတနာ သဒ္ဓါကြည်ဖြူ ပေးလှူကြကုန်၏။ မယံ ပန၊ ပညာမရှိနုံချိုချိနှင့် အသိမပေါ် တပည့်တော်တို့သည်ကား။ ပုဗ္ဗေ၊ ရှေးရှေးဘဝ လှူဖြစ်စဉ်ကာလ၌။ သမဏဗြာဟ္မဏာနံ၊ မြင့်မြတ်ထက်တန်း ရဟန်းပုဏ္ဏားတို့အား။ ပရိဘာသကာ၊ တတွတ်တွတ်နှင့် ဧရရွတ်ကျိန်ဆဲတတ်ကုန်သည်ဖြစ်၍။ မစ္ဆရိနော၊ မပေးမကမ်း နမြောလျှို့ဝှက်တတ်ကုန်သည်။ အဟုမှ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဧတေ စ၊ လိမ္မာရေးခြား ဤသမီးသားတို့သည်ကား။ ဒတ္တာ၊ နမြောမသန်း ပေးလှူဒါန်းသောကြောင့်။ ပရိစာရယန္တီ၊ ရှလို့မဆုံး တစ်ဘဝလုံးတင့်တယ်ကာ ဝင့်ထယ်စွာ စံပယ်ကြရကုန်၏။ မယဉ္စ၊ အဖြစ်ဆိုးရွား တပည့်တော်တို့မှာကား။ ဆိနော၊ ခုတ်ဖြတ်ထားအပ်သော။ နဒ္ဒေါ၊ ကျူးပင်သည်။ သုဿတိ ဣဝ၊ တစ်နေ့တခြား ခြောက်သွေ့၍ သွားရသကဲ့သို့။ တထာ၊ ထိုနည်းမခြား အလားတူသာလျှင်။ သုဿာမ၊ တစ်နေ့တစ်မျိုး နေ့စဉ်တိုးကာ မလန်းရှာဘဲ ခန်းကာခန်းကာ ခြောက်သွေ့၍သာ နေရပါသည်ဘုရား။

ဤသို့ မိမိ၏ မကောင်းမှုအကုသိုလ်ကို ပြောကြားပြီး၍ "တပည့်တော်တို့သည် အရှင်ဘုရား၏ ဦးဂိုးတော်နှင့် အရိုးမတို့ပင်တည်း"ဟု ပြောဆို လျှောက်ထားကြကုန်၏။ သာမဏေသည် ထိုပြိတ္တာတို့ ပြောဆိုသောစကားကိုကြား၍ ဖြစ်ပွားသော ထိတ်လန့်ခြင်းရှိသည်ဖြစ်ရကား "ဤသို့ သဘောရှိကုန်သော ကြမ်းကြုတ်သာအမှုကို ပြုလေ့ရှိကြကုန်သော သူတို့အား အဘယ်သို့လျှင် အစားအစာတို့သည် ရှိပြီးစီးနိုင်ပါကုန်သနည်း"ဟု မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

၇၉။ ကိ တုမှာကံ ဘောဇနံ ကိ သယာနံ၊
ကထဉ္စ ယာပေထ သုပါပဓမ္မိနော။
ပဟူတဘောဇနေသု အနပ္ပကေသု၊
သုခံ ဝိရာဓယ ဒုက္ခဒ္ဒ ပတ္တာ။

၇၉။ ဘော၊ အို အချင်းတို့။ တုမှာကံ၊ သင်တို့၏။ ဘောဇနံ၊ စားသောက်ဖွယ်ရာအစားအစာသည်။ ကိံ၊ အဘယ်သို့သဘောရှိပါသနည်း။ သယာနံ၊ အိပ်ရာနေရာသည်။ ကိံ၊ အဘယ်သို့သဘောရှိပါသနည်း။ ကထဉ္စ၊ ဘယ်သို့လျှင်။ ယာပေထ၊ မျှတရကုန်သနည်း။ တုမှေ၊ သင်တို့သည်။ သုပါပဓမ္မိနော၊ လွန်ကဲလှဘိ မကောင်းသော သဘောရှိကုန်သည်ဖြစ်၍။ ပဟူတဘောဇနေသု၊ များစွာမြင့်မြတ်စည်းစိမ်အရုပ်ရပ်တို့သည်။ အနပ္ပကေသု၊ မနည်းလှကုန် များပြားစုံကြလျက်။ သုခံ၊

http://www.dhammadownload.com

ချမ်းသာရကြောင်း ကောင်းမှုဟူသမျှ ကုသိုလ်အဝဝကို။ ဝိရာဓယ၊ အမှန်ကင်းသွေ ချွတ်ယွင်းစေမိခဲ့သောကြောင့်။ အဇ္ဇ၊ မျက်မှောက်တိုက်ရိုက် ယခုအခါကာလ၌။ ဒုက္ခံ၊ ချမ်းသာလွတ်ကင်း ဆင်းရဲခြင်းသို့။ ပတ္တာ၊ မရှုမလှ ပြုသမျှကံ စွမ်းကုန်ဖန်ကာ ကျရောက်ရလေကုန်တော့သတည်း။

ဤသို့ သာမဏေသဉ္ဇ မေးမြန်းအပ်ကုန်သော ပြိတ္တာတို့သည် ထိုသာမဏေ မေးမြန်းအပ်သော အနက်အဓိပ္ပာယ်ကို ဖြေကြားလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ရွတ်ဆိုလေ၏။

၈၀။ အညမညံ ဝဓိတ္ဘာန၊ ပိဝါမ ပုဗ္ဗလောဟိတံ။
ဗဟုံ ပိတ္တာ နု ဓာတာ ဟောမ၊ နစ္ဆာဒိမ္ဟသေ မယံ။

၈၀။ သာမဏေရ၊ အို သာမဏေ။ မယံ၊ ဦးရိုး၊ အရိုး သွေးနှီးကပ်ကပ် တော်စပ်ခဲ့ရာ သူနှင့်ငါတို့သည်။ အညမညံ၊ အချင်းချင်း။ ဝဓိတ္ဘာန၊ သတ်ပုတ်ကြကုန်၍။ ပုဗ္ဗလောဟိတံ၊ ဖြာဖြာစီးကျ ကိုယ်မှညစ်ကြေး ပြည်နှင့်သွေးကို။ ပိဝါမ၊ ဆာလောင်နွမ်းယိုင် မနေနိုင်၍ အပြိုင်လုကာ သောက်နေကြရပါကုန်၏။ ဗဟုံ၊ တိုင်းရှည်မထား များပြားလှစွာ။ ပိတ္တာ၊ သောက်၍။ ဓာတာ၊ အဆာပျောက်ပြေ ရောင့်ရဲလေကုန်သည်။ နု ဟောမ၊ ဘယ်တော့ခါမှ မဖြစ်ကြရပါကုန်။ နစ္ဆာ ဒိမ္ဟသေ၊ ရွံရှာရုက်ရှက် လွန်စက်ဆုပ်ကာ မနှစ်သက်ကြပါကုန်။

၈၁။ ဣဒ္ဓေဝ မစ္စာ ပရိဒေဝယန္တိ၊
အဒါယကာ ပေစ္စ ယမဿ ဒ္ဝါယိနော။
ယေ တေ ဝိဒိစ္စ အဓိဂမ္မ ဘောဂေ၊
နု ဘုဉ္ဇရေ နာပိ ကရောန္တိ ပုညံ။

၈၁။ သာမဏေရ၊ ကျွန်ုပ်တို့ဖြစ်ပုံ အလုံးစုံကို အကုန်သိပေ အို သာမဏေ။ ယေ တေ၊ များစွာသောလူ အကြင်သူတို့သည်။ ဘောဂေ၊ စည်းစိမ်ဥစ္စာ ရတနာဟူသမျှ အဝဝတို့ကို။ ဝိဒိစ္စ၊ နောက်နောက်ဘဝ ကုသလကြောင့် ရကြကုန်သည်။ အဓိဂမ္မ၊ ကုသိုလ်အစုံ အရှိန်ဟုန်ဖြင့် ရကြကုန်လျက်။ နု ဘုဉ္ဇရေ၊ မစားရက်ကြကုန်။ ပုညံ၊ ချမ်းသာရကြောင်း ကောင်းမှုဟူသမျှ ကုသိုလ်အဝဝကို။ နာပိ ကရောန္တိ၊ စေတနာမရောက် သဒ္ဓါမပေါက်သဖြင့် မပြုရက်ကြပါကုန်။ အဒါယကာ၊ စိတ်စေတနာ သဒ္ဓါကင်းပြတ် မလှူတတ်ကြကုန်သော။ မစ္စာ ရိနော၊ ဝန်တိုနှမြောခြင်း ရှိကြကုန်သော။ တေ မစ္စာ၊ လုံးစုံများစွာ ထိုသတ္တဝါတို့သည်။ ပေစ္စ၊ တမလွန်ဘဝ နောက်ကာလ၌။ ယမဿ၊ ငရဲပြည်တွင်း ပိုင်သ နှင်းသည့် အရှင်ယမမင်း၏။ ဒ္ဝါနေ၊ ခရိုင်နယ်နိမိတ် ဒိဧတြိဒ်ဝင်ပါ ဘုံပြိတ္တာ၌။ ဒ္ဝါယိနော၊ ကျရောက်တည်နေ

http://www.dhammadownload.com

ကုန်သည်ဖြစ်၍။ ဣစ္ဆေဝ ဒေမေဝ၊ အက္ခိနိပ်တို့တမူ အလားတူသာလျှင်။ ပရိဒေဝယန္တိ၊ ပူဆွေးညိုးမိုန် စိုးရိမ်ငိုကြွေးကြရပါကုန်၏။

၈၂။ တေ ခုပ္ပိပါသူပဂတာ ပရတ္ထ၊
ပစ္ဆာ စိရံ ဗျာယရေ ဒုယ္ဟမာနာ။
ကမ္မာနိ ကတ္တာန ဒုခုဒ္ရြာနိ၊
အနုဿောန္တိ ဒုက္ခံ ကဋုကပ္ပလာနိ။

၈၂။ တေ၊ မစားရက် မလှူရက် အနှမြောဖက်သော ထိုသူတို့သည်။ ပရတ္ထ၊ တမလွန်လောက ဘဝသိုက်မြုံ ပြိတ္တာဘုံ၌။ ခုပ္ပိပါသူပဂတာ၊ ငတ်မွတ်ဆာလောင်ခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ပစ္ဆာ၊ နောက်ကာလ၌။ ဒုယ္ဟမာနာ၊ ငတ်မွတ်ခေါင်းပါးခြင်း အစရှိသော ဆင်းရဲမီးတို့သည် တောက်လောင်အပ်ကုန်သည်ဖြစ်၍။ စိရံ၊ ကံအားလျော်စွာ ရှည်ရှည်ကြာကြာ။ ဗျာယရေ၊ ဒုက္ခစုံစုံ လောင်ကျွမ်းခံရလေကုန်၏။ ဒုခုဒ္ရြာနိ၊ ကေန်မပြတ် ဆင်းရဲကို ပွားစေတတ်ကုန်သော။ ကမ္မာနိ၊ ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို။ ကတ္တာန၊ မိုက်မိုက်မဲမဲ ပြုလုပ်ခဲ့ကြ၍။ ဒုက္ခံ၊ ဆင်းရဲလှစွာ။ ကဋုကပ္ပလာနိ၊ နာကျင်ခါးစပ် ပွားလတ်သောအကျိုးတို့ကို။ အနုဿောန္တိ၊ ပုန်းမရ ပြေးမလွတ် ရှေးဝဋ်ရှိသမျှ တိကျသေချာ ခံစားကြရပါတော့သတည်း။

၈၃။ ဣတ္တရံ ဟိ ဓနံ ဓညံ၊ ဣတ္တရံ ဣဓ ဇီဝိတံ။
ဣတ္တရံ ဣတ္တရတော ဉတွာ၊ ဒီပံ ကယိရာထ ပဏ္ဍိတော။

၈၃။ သာမဏေရ၊ ယခုအခါ စုံစွာသိနေ အို သာမဏေ။ ဟိ၊ သတိ သံဝေဂအစဉ်ရဖို့ အကြောင်းပြလိုက်ပါဦးအံ့။ ဣဓ၊ လူတို့ဌာန ဤဘုံလောကဌ်။ သတ္တာနံ၊ ရှိရှိသမျှ သတ္တဝါဟူသမျှတို့၏။ ဓနံ၊ ကျောက်သံပတ္တမြား မြသားရွှေငွေ ထွေထွေဖြာဖြာ ဥစ္စာရတနာသည်လည်းကောင်း။ ဓညံ၊ ပဲ ပြောင်း စသား ဆန်စပါးဟူသမျှသည်လည်းကောင်း။ ဣတ္တရံ၊ မရှည်ကြာလှ တစ်ခဏသာတည်း။ ဇီဝိတံ၊ ရုပ်နာမ်ခေါ်လျက် သတ္တဝါတို့၏အသက်သည်။ ဣတ္တရံ၊ ဖြုတ်ဖြုတ်ဖျတ်ဖျတ် ကုန်ဆုံးတတ်စွ တစ်ခဏသာတည်း။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဣတ္တရံ၊ မရှည်ကြာလှ တစ်ခဏသာ တည်ရပါသော ဥစ္စာစပါး များပြားထွေထွေအသက်ခေါ် ဇီဝိတိန္ဒြေကို။ ဣတ္တရတော၊ တစ်ခဏမျှ တည်နေရ၏ ဟူ၍။ ဉတွာ၊ မိမိကိုယ်တိုင် ဉာဏ်မဏ္ဍိုင်ဖြင့် ခိုင်ခိုင်သိ၍။ ဒီပံ၊ ကိုင်းကျွန်းမို ကျွန်းကကိုင်းမို ပမာညီစွာ တစ်ခုခုသော မိမိ၏မှီရာကို။ ကယိရာထ၊ ယခုကစ သတိရ၍ ဘဝနောင်ခါ သုခဖြာအောင် ပြုလုပ်ကြကုန်ရာသတည်း။

http://www.dhammadownload.com

၈၄။ ယေ တေ ဇဝံ ပဇာနန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
တေ ဒါနေ နပ္ပမဇ္ဇန္တိ၊ သုတ္တာ အရဟတံ ဝစော။

၈၄။ အရဟတံ၊ ဘုရားရဟန္တာ အရှင်မြတ်တို့၏။ ဝစော၊ ဆုံးမတော်မူအပ်သော စကားတော်ကို။ သုတ္တာန၊ နာကြားရ၍။ ဓမ္မဿ၊ ကောင်းကျိုးချမ်းသာ မြန်စွာဆောင်တတ် တရားမြတ်၌။ ကောဝိဒါ၊ လိမ္မာကြကုန်သော။ ယေ တေ နရာ၊ အကြင် သူတော်ကောင်း လူအပေါင်းတို့သည်။ ဇဝံ၊ ဤသို့သီးသီး အမှန်အား ဖြင့် ဆိုခဲ့ပြီးသောနည်းအတိုင်း။ ပဇာနန္တိ၊ မလွဲမမှား အမြဲအား ဖြင့် ပိုင်းခြားတိတိသိရှိကြကုန်၏။ တေ၊ အဲမှန်တရား ပိုင်းခြားမြင်သိ ထိုပညာရှိတို့သည်။ ဒါနေ၊ ရွှင်ရွှင်လန်းလန်း လှူဒါန်းပေးတတ် ဒါနတည်းဟူသော တရားမြတ်၌။ နပ္ပမဇ္ဇန္တိ၊ သတိတမန် ဉာဏ်မြေကတုတ် ချွန်းသို့အုပ်၍ အဟုတ်စောင့်ကာ မမေ့မလျော့ကြပါကုန်။

နောင်တရကာ သာသနာတော်၌နေရန် လျှောက်ထား

ဤသို့ ထိုပြိတ္တာတို့သည် သာမဏေ မေးမြန်းအပ်သည်ဖြစ်၍ ထိုအကြောင်းစုံကို ပြန်ကြား ပြောဆိုပြီး၍ "တပည့်တော်တို့သည် အရှင်ဘုရား၏ ဦးရီးတော်နှင့် အရီးတို့ပင်တည်း"ဟု လျှောက်ထားကြကုန်၏။ သာမဏေသည် ထိုပြိတ္တာတို့ လျှောက်ထားသောစကားကို ကြားရ၍ ဖြစ်ပွားသော ထိတ်လန့်ခြင်း ရှိသည်ဖြစ်ရကား ပျင်းရိငြီးငွေ့သောစိတ်ကို တစ်ဖန် ဖျောက်ဖျက်နှိမ်နင်းပြီးလျှင် ဥပဇ္ဈာယ်ဆရာ၏ ခြေတော်တို့၌ ဦးခေါင်းဖြင့် တုပ်ဝပ်ကာ ဤသို့ လျှောက်ထားလေ၏။ "အရှင်ဘုရား၊ အစဉ်သနား စောင့်ရှောက်တော် မူတတ်သော အရှင်ဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အကြင် ပြုသင့်ပြုထိုက်သော စောင့်ရှောက်မှုကို တပည့်တော်အား အရှင်ဘုရားတို့သည် ပြုတော်မူအပ်ပါပြီ၊ စင်စစ်ကြီးစွာသောအကျိုးစီးပွားမဲ့သို့ ကျရောက်ခြင်းမှ စောင့်ရှောက်အပ်သည် ဖြစ်ပါ၏၊ ယခုအခါ အိမ်ရာတည်ထောင် လူ၏ဘောင်၌နေခြင်းဖြင့် အလိုမရှိတော့ပါ၊ မြတ်သော အကျင့်ကို ကျင့်ကြံ၍ သီတင်းသုံး နေထိုင်ခြင်း၌သာ လွန်စွာ မွေ့လျော်ပါတော့အံ့"ဟု လျှောက်ထားလေ၏။

သာမဏေရဟန္တာဖြစ်ခြင်း

ထိုအခါ သံကိစ္စမထေရ်သည် ထိုသာမဏေ၏ စိတ်နေစိတ်ထားနှင့် လျော်စွာသော ကမ္မဋ္ဌာန်းကို ဟောကြားလေ၏။ ထိုသာမဏေသည် ဆရာဟောကြားအပ်

http://www.dhammadownload.com

သော ကမ္မဋ္ဌာန်းကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

သံကိစ္စမထေရ်သည်ကား ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစကားကို အတ္ထုပ္ပတ်ထားခြင်းပြုတော်မူ၍ ရောက်လာသော ပရိသတ်အား အကျယ်အားဖြင့် တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထိုတရားဒေသနာတော်သည် ရောက်လာသော ပရိသတ်အပေါင်းအား အကျိုး စီးပွားများသည် ဖြစ်လေ၏။

တစ်ဆယ့်တစ်ခုမြောက် ပြိတ္တာဖြစ်နေသော ပုဏ္ဏားဇနီးမောင်နှံနှင့် ဘုမ္မစိုးနတ်ဖြစ်နေသော သားသမီး သုံးဦးတို့အကြောင်း ပြီး၏။

၁၂–ဥရဝေဝတဝတ္ထု

ပူဆွေးနေသူ ဥပါသကာအား သောကပြေပျောက်ရန် ဥရဝဇာတ်တော်ကို ဟောကြားတော်မူခြင်း

ဥရဝေါဝ တစံ ဇိဏ္ဏံ– အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ ဥရဝလေတဝတ္ထုကို အာရုံရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ဦးသော ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

သားအတွက် ပူဆွေး၍ အိမ်ပြင်မထွက်နိုင်ရှာသူ

သာဝတ္ထိပြည်၌ တစ်ဦးသော ဥပါသကာ၏သားသည် ကွယ်လွန်သတဲ့။ ထိုဥပါသကာသည် သားကွယ်လွန်ခြင်းဟူသော အကြောင်းကြောင့် ငိုကြွေးလျက် စိုးရိမ်ပူဆွေးခြင်းသို့ရောက်၍ အပြင်သို့ထွက်ကာ တစ်စုံတစ်ခုသော အမှုကိစ္စကိုမျှ ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ရကား အိမ်၌သာလျှင် နေလေ၏။

ဘုရားရှင်နှင့် ဥပသကာ

ထိုအခါ ဘုရားရှင်သည် နံနက်မိုးသောက် ထတော်မူသောအခါ၌ မဟာကရုဏာသမာပတ်မှ ထလတ်၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသည်ရှိသော် ထိုဥပါ

http://www.dhammadownload.com

သကာကို မြင်တော်မူ၍ နံနက်ခင်း၌ သင်းပိုင်ကို ပြင်ဝတ်တော်မူပြီးလျှင် သပိတ်၊ သင်္ကန်းကိုယူတော်မူကာ ထိုဥပါသကာ၏အိမ်သို့ ကြွသွားတော်မူလျက် တဲခါးပေါက်ဝ၌ ရပ်တော်မူလေ၏။ ဥပါသကာသည်လည်း ဘုရားရှင် ကြွလာတော်မူသည်၏ အဖြစ်ကို ကြား၍ လျင်မြန်စွာထသွားပြီးလျှင် ခရီးဦး ကြိုဆိုခြင်းကိုပြုကာ လက်တော်မှ သပိတ်ကိုယူဆောင်ပြီး အိမ်တွင်းသို့ ပင့်ဆောင်၍ နေရာခင်းပေးလေ၏။ ဘုရားရှင်သည် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။ ဥပါသကာသည်လည်း ဘုရားရှင်ကိုရှိခိုး၍ သင့်တင့်လျောက်ပတ်သောနေရာ၌ နေလေ၏။

ဥပါသကာကို ကျိုးကြောင်းမေး၍ သောကရောက်နေရပုံ လျှောက်ထား

ထိုဥပါသကာကို ဘုရားရှင်သည် "ဥပါသကာ- သင်သည် စိုးရိမ်ပူဆွေးခြင်းဖြင့် နှိပ်စက်အပ်သကဲ့သို့ ဖြစ်နေသည်ဟု ထင်မြင်မိ၏တကား" ဟူ၍ မိန့်ကြားတော်မူလေ၏။ "ဘုန်းတော်ကြီးမြတ်လှသော အရှင်မြတ်ဘုရား- မိန့်တိုင်းမသွေ မှန်ပါချေ၏၊ တပည့်တော်၏ ချစ်လှစွာသောသားသည် ကွယ်လွန်ခဲ့ပါ၏၊ ထိုသားကွယ်လွန်ခြင်းကြောင့် တပည့်တော် စိုးရိမ်ပူဆွေးရပါ၏"ဟု လျှောက်ထားလေ၏။

ပူဆွေးမှုကင်းရေး တရားတော်

ထိုအခါ ဥပါသကာအား ဘုရားရှင်သည် သောကပယ်ဖျောက်ခြင်းကို ပြုတော်မူလိုရကား ဥရဂဇာတ်ကို ဟောတော်မူလေ၏။

ဥရဂဇာတ်တော်ကြီး

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဓမ္မပါလအမည်ရှိသော ပုဏ္ဏားမျိုးသည်ရှိလေသတတ်။ ထိုဓမ္မပါလအမျိုး၌ ပုဏ္ဏား၊ ပုဏ္ဏေးမ၊ သား၊ သမီး၊ ချွေးမ၊ ကျွန်မ ဟူကုန်သော ဤအလုံးစုံသောသူတို့သည် မရဏာနုဿတိဘာဝနာကမ္မဋ္ဌာန်း၌ အခါခါအထပ်ထပ် နှစ်ခြိုက်မွေ့လျော် ပွားများကြကုန်၍ နေကြကုန်၏။ ထိုခြောက်ယောက်သောသူတို့တွင် အကြင်သူသည် အိမ်မှထွက်ခွာခဲ့အံ့၊ ထိုထွက်ခွာသွားသူသည် ကြွင်းကျန်ရစ်ခဲ့ကြသော ငါးဦးသောသူတို့ကို ပြောဆိုဆုံးမ၍ ငဲ့ကွက်ခြင်း လုံးဝကင်းသဖြင့် လွတ်လွတ်ကျွတ်ကျွတ်သာလျှင် ထွက်သွားလေ၏။

သားကွယ်လွန်ကာ သိကြားမင်းဖြစ်ပုံ

ထိုအခါ တစ်နေ့သ၌ ပုဏ္ဏားကြီးသည် သားနှင့်အတူတကွ အိမ်မှထွက်သွား

http://www.dhammadownload.com

ခဲ့၍ လယ်တောသို့သွားကာ လယ်ထွန်လေ၏။ ဥာဏ်ဖြစ်သူသည် ခြောက်သော မြက်သစ်ရွက်၊ ထင်းတို့ကို မီးရှို့ မီးတိုက်လေ၏။ ထိုနေရာ၌ တစ်ကောင်သော မြွေဟောက်သည် မီးလောင်ခြင်းဘေးမှ ကြောက်သောကြောင့် သစ်ခေါင်းမှထွက်ပြီးလျှင် မီးတိုက်၍နေသော ပုဏ္ဏား၏သားကို ကိုက်လေ၏။ ထိုပုဏ္ဏား၏သားသည် အဆိပ်တက်သဖြင့် တွေဝေမိန်းမောကာ ထိုနေရာ၌ပင် လဲကျ၍ ကွယ်လွန်လေသည်ရှိသော် နတ်ပြည်၌ နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်လေ၏။

ကွယ်လွန်သောသားကို သင်္ဂြိုဟ်ကြခြင်း

ပုဏ္ဏားကြီးသည် သေလေသောသားကိုတွေ့၍ လယ်လုပ်ရာအနီးဖြင့်သွားသော တစ်ယောက်သောယောကျ်ားကို "အို မိတ်ဆွေ အကျွန်ုပ်၏အိမ်သို့ သွားပြီးလျှင် ပုဏ္ဏေးမကို 'ရေချိုး၍ သန့်ရှင်းစင်ကြယ်သော အဝတ်တို့ကို ဝတ်ဆင်ကာ တစ်ယောက်စာသော ထမင်းကိုလည်းကောင်း၊ ပန်း နံ့သာ စသည်တို့ကိုလည်းကောင်း ယူဆောင်၍ အလျင်အမြန် လာခဲ့ပါလော့' ဤသို့ ပြောဆိုလိုက်ပါလေ"ဟု မှာကြားလိုက်လေ၏။ ထိုသူသည် ပုဏ္ဏားကြီး၏အိမ်သို့သွားရောက်၍ ပုဏ္ဏားကြီးမှာထားသည့်အတိုင်း ပြောကြားလေ၏။ အိမ်နေသူလူအပေါင်းလည်း ထိုပုဏ္ဏားကြီး မှာကြားသည့်အတိုင်းပင် ပြုလုပ်ကာ လယ်တောသို့ သွားလေ၏။ ပုဏ္ဏားကြီးသည် ရေချိုး၍ ထမင်းစားပြီးလျှင် နံ့သာတို့ဖြင့် လိမ်းကျံပြီးကာ အလုပ်အကျွေးလူအပေါင်းတို့ဖြင့် ခြံရံလျက် သားဖြစ်သူ၏အလောင်းကို ထင်းပုံသို့တင်၍ မီးရှို့သည်ရှိသော် သစ်သားတုံးကို မီးရှို့သကဲ့သို့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကင်းလျက် ပူပန်မှုငြိမ်းကာ တေဘူမကသခ်ါရတရားတို့၏ မမြဲခြင်း အနိစ္စသညာကို နှလုံးသွင်းပြီးလျှင် ရပ်တည်နေလေ၏။

သိကြားမင်းဆင်း၍ မေးမြန်းပုံ

ထိုအခါ ပုဏ္ဏား၏သားသည် တာဝတိံသာ၌ နတ်တို့ထွတ်ထား သိကြားမင်းဖြစ်၍ နေလေ ၏။ ထိုသိကြားမင်းသည်ကား ငါတို့၏ ဘုရားရှင် အလောင်းတော်ပင်ဖြစ်၏။ ထိုသိကြားမင်းသည် မိမိ၏ရှေးဘဝ၌ ပြုအပ်ခဲ့သောကောင်းမှုကို ဆင်ခြင်ပြီးလျှင် ဖခင်ပုဏ္ဏားကြီးကိုလည်းကောင်း၊ ဆွေမျိုး မိတ်သင်္ဂဟတို့ကိုလည်းကောင်း အစဉ် သနားသည်ဖြစ်၍ ပုဏ္ဏားအယောင်ဆောင်ကာ ထိုအရပ်သို့လာ၍ ဆွေမျိုးမိတ်သင်္ဂဟတို့ စိုးရိမ်ပူဆွေး ငိုကြွေးမှု မရှိကြသည်တို့ကိုမြင်ရ၍ "အို အချင်းတို့-အသင်တို့သည် သားသမင်ကို မီးတိုက်ကြကုန်သလော၊ ငါတို့အား သမင်သားကို

http://www.dhammadownload.com

ပေးကြပါကုန်ဦးလော့၊ အကျွန်ုပ်လည်း ဆာလောင်မွတ်သိပ်လှပါ၏"ဟု ပြောကြား လေ၏။

သိကြားနှင့် ပုဏ္ဏားတို့ အပြန်အလှန်ပြောစကားများ

"အမောင်ပုဏ္ဏား- ဤအရာကား သားသမီးမဟုတ်၊ လူစင်စစ်ဖြစ်၏"ဟု ပြောကြားလေ၏။ "ဤသေလွန်သောသူသည် သင်တို့၏ ရန်သူပင်ဖြစ်လေသလော" ဟု မေးလေ၏။ "ဤသေလွန်သောသူသည် အကျွန်ုပ်တို့၏ ရန်သူမဟုတ်ပါ၊ အကျွန်ုပ်တို့ ရင်နှစ်သည်းချာ သားကြီးရတနာပင်တည်း၊ များစွာ ဂုဏ်ကျေးဇူးလည်း ရှိသော နုပျိုငယ်လျသည့် သားကြီးသြရသပင် ဖြစ်ပေ၏"ဟု ဖခင်ဖြစ်သူ ပုဏ္ဏား ကြီးသည် ဖြေကြားလေ၏။ "သင်တို့သည် ထိုသို့သဘောရှိသော ကျေးဇူးများလှ သည့် နုပျိုသောသားကြီး ကွယ်လွန်၍သွားသည်ဖြစ်ပါလျက် အဘယ်ကြောင့် မစိုးရိမ်မပူဆွေး မငိုကြွေးကြပါကုန်သနည်း"ဟု မေးမြန်းလေ၏။ ထိုမေးမြန်း သောစကားကိုကြား၍ ဖခင်ပုဏ္ဏားကြီးသည် မစိုးရိမ် မပူဆွေး မငိုကြွေးရခြင်း၏ အကြောင်းကို ပြောဆိုလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာကို ရွတ်ဆိုလေ၏။

ပုဏ္ဏားကြီးပြောပုံ

၈၅။ ဥရဂေါဝ တစံ ဓိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သံ တနုံ။
ဧဝံ သရီရေ နိဇ္ဇောဂေ၊ ပေတေ ကာလကတေ သတိ။
၈၆။ ဥယ္ဟမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နု ရောဒါမိ၊ ဂတော သော တထာ ယာဂတိ။

၈၅-၈၆။ ဗြာဟ္မဏ၊ သိလိုရေးကြောင့် လာမေးပေငြား အရှင်ပုဏ္ဏား။ ဥရဂေါ၊ တရွေ့ရွေ့လျောက် ကွေ့ကောက်တွန့်ကာ သွားတတ်ပါသောမြွေသည်။ ဓိဏ္ဏံ၊ ဟောင်းနွမ်းကြမ်းထော် ရင့်ရော်လေပြီးသော။ တစံ၊ ပြောက်ကျားထွေထွေ အပေါ်ရေကို။ ဟိတွာ၊ မိမိကိုယ်မှာ ကြာကြာမသယ် စွန့်ပစ်ပယ်၍။ ဂစ္ဆတိ ဣဝ၊ မိမိလိုရာ သွားရာလေသကဲ့သို့။ တထာ၊ ထိုနည်းအတူ အလားတူသာလျှင်။ သော၊ သေ၍သွားရာ အကျွန်ုပ်၏ ထိုသားချစ်ရတနာသည်။ သံ တနုံ၊ အဟောင်းဖြစ်ရာ မိမိ၏ကိုယ်ခန္ဓာကို။ ဟိတွာ၊ ကြာကြာမသယ် စွန့်ပစ်ပယ်၍။ ဂစ္ဆတိ၊ ကံအားလျော်စွာ သွားရောက်ရှာလေ၏။ ဧဝံ၊ ဤသို့။ သရီရေ၊ ဖြစ်လျှင်ပျက်ရ ကိုယ်ကာယသည်။ နိဇ္ဇောဂေ၊ အသုံးမဝင် အနှစ်စင်သည့် ငှက်ပျောတုံးအသွင်ဖြစ်သည်ရှိသော်။ ပေတေ၊ အသက်ဝိညာဉ် လွတ်ကင်းစင်သည်ဖြစ်၍။ ကာလကတေ၊ မနေမနား သေမင်းထံသို့ သွားသည်။ သတိ၊ ဖြစ်လတ်သော်။ ဥယ္ဟမာနော၊ မီးရှို့အပ်သော။ ကာယော၊ ထား

http://www.dhammadownload.com

လို့မရ ပြဖို့မသင့် ပြောလျှင် မကြား အလကားအပို ဤခန္ဓာကိုယ်သည်။ ဥတုနှံ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့၏။ ပရိဒေဝိတံ ပရိဒေဝိတံပိ၊ ပူကာ ဆွေးကာ စိုးရိမ်ကာနှင့် ရှိုက်ကာဖိုဖို မြည်တမ်း ငိုကြွေးခြင်းကိုလည်း။ နာနာတိ၊ မုချ မသိတတ်တော့ပေ။ ဗြာဟ္မဏ၊ အရှင်ပုဏ္ဏား။ တဿ၊ ထိုသား၏။ ယာ ဂတိ၊ နတ်, လူ, ငရဲ တနဲပြိတ္တာ တိရစ္ဆာဟု ငါးဖြာရှိဘိ အကြင်လားရာဂတိသည်။ အတ္ထိ၊ ဧကန် ရှိ၏။ သော၊ ထိုအကျွန်ုပ်၏သားသည်။ တံ ဂတိ၊ ပြပြီးခဲ့ငြား တစ်ပါးပါးသော ဂတိသို့။ ဂတော၊ ကံအားလျော်စွာ ရောက်သွားရှာလေပြီ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဧတံ၊ သေ၍သွားရှာ အကျွန်ုပ်၏ ထိုသားရတနာကို။ ကာရဏာ ကတွာ၊ အကြောင်းပြု၍။ နာ ရောဒါမိ၊ မပူမဆွေး မငိုကြွေးပါ။

ပုဏ္ဏားမကြီးအား မေးမြန်းပုံ

ဤသို့ ဖခင်ပုဏ္ဏားကြီးသည် မိမိစိုးရိမ်ပူဆွေးမှု မရှိခြင်း၏အကြောင်းကို ပြောဆိုပြီးသည်ရှိသော် ထိုဖခင်ပုဏ္ဏားအား နှလုံးသွင်းဖွယ် အသွယ်သွယ်၌ လိမ္မာသည်ကို ပြဆိုပြီးသည်ဖြစ်၍ ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းသည် "အို မိခင်– ထိုကွယ်လွန်သောသူသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း" ဟု ပုဏ္ဏေးမကြီးကို မေးမြန်းလေ၏။ ထိုအခါ ပုဏ္ဏေးမကြီးသည် "အရှင်ပုဏ္ဏား– ဤကွယ်လွန်သောသူကား အကျွန်ုပ်၏ ဆယ်လပတ်လုံး ဝမ်းဖြင့်လွယ်ကာ နို့ရည်ကို တိုက်ကျွေးပြီးလျှင် လက်၊ ခြေတို့ကို ကောင်းစွာပြုပြင် တည်ထားစေ၍ ကောင်းနွန်စွာ ကြီးပွားစေအပ်သော သားရင်းပါတည်း" ဟု ပြောကြားလေ၏။ ထိုအခါ ပုဏ္ဏားသည် "အို မိခင်– ဤကဲ့သို့ သားဖြစ်ခဲ့သည်ရှိသော် ဖခင်မည်သည် ယောကျ်ားတို့၏သဘာဝ အားလျော်စွာ မငိုကြွေးလျှင် ထားဘိဦးတော့၊ မိခင်မည်သည်ကား မိခင်တို့သဘောအားလျော်စွာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းသောကြောင့် ငိုကြွေးထိုက်ပါလျက် သင်သည် အဘယ့်ကြောင့် မငိုကြွေးပါသနည်း" ဟု မေးမြန်းလေရာ မိခင်သည် ထိုပုဏ္ဏား မေးမြန်းသည်ကို ကြားရ၍ မငိုကြွေးခြင်း၏အကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာကို ဆိုလေ၏။

ပုဏ္ဏေးမကြီး၏အဖြေ

၈၇။ အနုဇ္ဈိတော တတော အာဂါ၊ နာနုညာတော ဣတော ဂတော။
ယထာ ဂတော တထာ ဂတော၊ တတ္ထ ကာ ပရိဒေဝနာ။

၈၇။ ဗြာဟ္မဏ၊ အစုံအလင် သီချင်ပေငြား အရှင်ပုဏ္ဏား။ သော၊ ထိုကွယ်လွန်သွားရှာ အကျွန်ုပ်၏ သားချစ်ရတနာသည်။ အနုဇ္ဈိတော၊ ငါ့သားလာကာ ဖြစ်

http://www.dhammadownload.com

စမ်းပါဟု တစ်ခါဖူးမျှ မခေါ်ရပါဘဲလျက်။ တတော၊ ထိုရွေးဘဝမှ။ အာဂါ၊ အလို အလျောက် သူလာရောက်ကာ ဖြစ်လှာရှာ၏။ နာနုညာတော၊ ဘဝတစ်ပါး ငါ့သား သွားဟု ခွင့်မပြုပါဘဲလျက်။ ဣတော၊ လူတို့ဌာန ဤဘဝမှ။ ဂတော၊ သူ့အလို လိုသာ သွားရပြန်ပါ၏။ ယထာဂတော၊ အကြင်သို့သော အခြင်းအရာအားဖြင့် ရောက်လာ၏။ တထာဂတော၊ ထိုသို့သော အခြင်းအရာအားဖြင့် သွားလေ၏။ တတ္ထ၊ ထိုသို့သွားလာလှည့်လည် သံသရာခရီးသည်ဖြစ်သော သတ္တဝါအပေါင်း။ ပရိဒေဝနာ၊ ရင်ဖိုငိုရှိုက် အပူတိုက်နေရခြင်းသည်။ ကာ၊ တကယ်သာ ဓမ္မကိုသိလျှင်ဖြင့် အဘယ်မှာ ဝရ ဆိုတဲ့ကောင်းကျိုး ရှိနိုင်ပါအံ့နည်း။

၈၈။ ဥယှမာနော နု ဇာနာတိ၊ ဥတိံ ပရိဒေဝိတံ။
တသ္မာ ဧတံ နု ရောဒါမိ၊ ဂတော သော တဿ ယာ ဂတိ။

၈၈။ ဗြာဟ္မဏ၊ ဝတ်ဖြူသိုင်းဆင် အရှင်ပုဏ္ဏား။ သော၊ ကွယ်လွန်သွားရှာ အကျွန်ုပ်၏ ထိုသားရတနာသည်။ ဥယှမာနော ဥယှမာနောပိ၊ ကိုယ်မှာညီးပြောင် မီးတောက်လောင်အပ်ပါသော်လည်း။ နု ဇာနာတိ၊ ပူတယ် လောင်တယ် အသွယ်သွယ်ကို သူလုံးဝ မသိတော့ပေ။ ဥတိံ၊ ဆွေမျိုးမိဖ အတူနေ ဟူသမျှတို့၏။ ပရိဒေဝိတံ ပရိဒေဝိတံပိ၊ မြည်ကာ တမ်းကာ လွမ်းဆွေးကာနှင့် ဘယ်လိုပင် ငိုကြွေးနေကြပါသော်လည်း။ နု ဇာနာတိ၊ သူငိုတယ် သူညည်းတယ်ဟု ဘယ်နည်းနှင့်မျှ မသိရှာတော့ပေ။ တဿ၊ ထိုသို့မသိတတ်ငြား ကွယ်လွန်သောသား၏။ ယာ ဂတိ၊ အကြင်လားရာဂတိသည်။ အတ္ထိ၊ အမှန်တိတိ ဧကန်ရှိ၏။ သော၊ ထိုအကျွန်ုပ်၏ သားရတနာသည်။ တံ ဂတိ၊ ထို လားရာဂတိသို့။ ဂတော၊ ကံအားလျော်စွာ ရောက်ရှာလေပြီ။ တသ္မာ၊ ထိုသို့ ဆွေမျိုးငိုလိုက် မီးနှင့်တိုက်လည်း မစိုက်အရေး အသိကင်းဝေးလေသောကြောင့်။ အဟံ၊ ပူပန်ကင်းဘိ အကျွန်ုပ်အမိသည်။ ဧတံ၊ ဤကွယ်လွန်သွားရှာ သားရတနာကို။ ကာရဏာ ကတွာ၊ အကြောင်းပြု၍။ နု ရောဒါမိ၊ မသိလျှင်တွယ် သိလျှင်ပယ်ရတာမို့ ပူဆွေးကင်းကွာ မငိုကြွေးတော့ပါ။

နှမကိုမေးမြန်းပုံ

ဤသို့ ပုဏ္ဏေးမကြီး၏ ပြောစကားကို ကြားရပြီးနောက် ထိုကွယ်လွန်သော ပုဏ္ဏား၏နှမကို မေးမြန်းပြန်လေ၏။ အဘယ်သို့ မေးမြန်းသနည်းဟူမူကား "အို နှမ ထိုကွယ်လွန်သောသူသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း"ဟု မေးမြန်းလေ၏။ "အရှင်ပုဏ္ဏား ဤကွယ်လွန်သောသူသည် အကျွန်ုပ်၏ မောင်ပါတည်း" ဟု ပြောဆိုလေ၏။ "အို နှမ နှမတို့မည်သည် မောင်တို့၌ ချစ်ခင်အပ်သည်မဟုက်

http://www.dhammadownload.com

ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် သင်သည် မငိုကြွေးပါသနည်း"ဟု မေးမြန်းပြန်လေ၏။ ထိုနှမဖြစ်သူသည်လည်း မငိုကြွေးခြင်း၏ အကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာနှစ်ခုအပေါင်းကို ဆိုလေ၏။

နှမ၏အဖြေ

၈၉။ သစေ ရောဒေ ကိသာ အသ်၊ တတ္ထ မေ ကိ ဖလံ သိယာ။
ဉာတိမိတ္တာသုဟဒ္ဒာနံ၊ ဘိယ္ယော နော အရတိ သိယာ။

၈၉။ ဗြာဟ္မဏာ၊ အရှင်ပုဏ္ဏား။ အဟံ၊ သောကကိုပယ် အကျွန်ုပ် နှမငယ်သည်။ သစေ ရောဒေ၊ အကယ်၍ ငိုကြွေးခဲ့ငြားအံ့။ ကိသာ၊ ကိုယ်လည်းမလန်းစိတ်လည်းပန်းလျက် အားပျက်နွမ်းရိ ပိန်ချုံးဘိသည်။ အသ်၊ စင်စစ်မှန်စွာ ဖြစ်ပေရာ၏။ တတ္ထ၊ ထိုသို့ ငိုကြွေး ပူဆွေးရာ၌။ မေ၊ အကျွန်ုပ်အား။ ကိံ ဖလံ၊ ငို နေလဲ သူမသိတော့သဖြင့် အဘယ်မည်သောအကျိုးသည်။ သိယာ၊ စင်စစ်ပိုင်ပိုင် ဖြစ်နိုင်ပါအံ့နည်း။ မမ၊ အကျွန်ုပ်၏။ သောစနေန၊ ငိုကြွေးပြီး ပူဆွေးစိုးရိမ်၍နေခြင်းကြောင့်။ နော၊ အကျွန်ုပ်တို့၏။ ဉာတိမိတ္တာသုဟဒ္ဒာနံ၊ ဆွေမျိုးမိတ်ဆွေ အတူနေ စိတ်ကောင်းကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ ဘိယ္ယော၊ အလွန့်အလွန်။ အရတိ၊ နှလုံးမသာ အနှန်းဖြာ၍ အပြုံးကွာခြင်းသည်။ သိယာ၊ ဘယ်နည်းနှင့်မျှ မလွဲသဖြင့် အမှန်ပဲ ဖြစ်နိုင်ရာသတည်း။

၉၀။ ဒုယ္ယာနော နု ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နု ရောဒါမိ၊ ဂတော သော တသ္သ ယာဂတိ။

၉၀။ ဗြာဟ္မဏာ၊ အရှင်ပုဏ္ဏား။ သော၊ ထိုကွယ်လွန်သွားပြီး ကျွန်မ၏မောင်ကြီးသည်။ တသ္သ၊ ထိုမောင်ကြီး၏။ ယာဂတိ၊ အကြင်လားရောက်ရာဂတိသည်။ အတ္ထိ၊ အမှန်တိတိ ဧကန်ရှိ၏။ တံ ဂတိ၊ ထိုလားရောက်ရာဂတိသို့။ ဂတော၊ ကံအားလျော်စွာ သွားရောက်ရရှာလေပြီ။ အယံ၊ ကြွင်းကျန်ရစ်ငြား ဤအလောင်းကောင်ကိုကား။ ဒုယ္ယာနော ဒုယ္ယာနောပိ၊ ညီးညီးပြောင်ပြောင် မီးတောက်လောင်အပ်ပါသော်လည်း။ နု ဇာနာတိ၊ ပူဟယ် လောင်တယ် အသွယ်သွယ်ကို သူမသိရှာတော့သည်သာတည်း။ ဉာတီနံ၊ ဆွေမျိုးမိဘ ချစ်ကျွမ်းဝင်သူ ဟူသမျှတို့၏။ ပရိဒေဝိတံ၊ မြည်တမ်းလွမ်းဆွေး ဘယ်လိုပင် ငိုကြွေး၍နေပါသော်လည်း။ နု ဇာနာတိ၊ ဘယ်သူ ဘယ်ညာ ငိုနေသည်ဆိုတာကို ဘယ်နည်းနှင့်မှ သူမသိတော့သည်သာတည်း။ တသ္မာ၊ ထိုသို့ ဆွေမျိုးတို့ ငိုလိုက် မီးနှင့်တိုက်သော်လည်း မသိလိုက်လေသောကြောင့်

http://www.dhammadownload.com

သာလျှင်။ ဧတံ၊ ကြွင်းကျန်ဘိတောင်း ဤမောင်၏ အလောင်းကို။ ကာရဏံ ကတ္တွာ၊ အကြောင်းပြု၍။ နံ ရောဒါမိ၊ မသိလျှင်တွယ် သိလျှင်ပယ်ရတာမို့ ပူဆွေးကင်းကွာ မငိုကြွေးတော့ပါ။

ကွယ်လွန်သူ၏ မယားအား မေးမြန်းပုံ

ဤသို့ နှမဖြစ်သူ၏ စကားကို ကြားရပြီးလျှင် ထိုကွယ်လွန်သောပုဏ္ဏား၏ မယားဖြစ်သူကို မေးမြန်းပြန်လေ၏။ အဘယ်သို့ မေးမြန်းသနည်းဟူမူကား- "အိုနှမ- ဤကွယ်လွန်သောသူသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း"ဟု မေးမြန်းလေ၏။ "အရှင်ပုဏ္ဏား ကွယ်လွန်သောသူသည် အကျွန်ုပ်၏ လင်ယောကျ်ားပါတည်း"ဟု ပြောကြားလေ၏။ "အို နှမ မိန်းမတို့မည်သည်ကား လင်ယောကျ်ားဌ ချစ်ခင်မြတ်နိုးအပ်သည် မဟုတ်ပါကုန်လော။ ထိုလင်ယောကျ်ား ကွယ်လွန်သည် ရှိသော် မုဆိုးမဖြစ်၍ ကိုးကွယ်ရာမဲ့ ဖြစ်ကုန်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် သင်သည် မငိုကြွေးပါသနည်း"ဟု မေးမြန်းပြန်လေ၏။ ထို မယားဖြစ်သူသည်လည်း မိမိ မငိုကြွေးခြင်း၏ အကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာကို ရွတ်ဆိုလေ၏။

မယား၏ အဖြေ

၉၁။ ယထာပိ ဒါရကော စန္ဒံ၊ ဂစ္ဆန္တ မနုရောဒတိ။
ဧဝံ သမ္မဒမေဓေတံ၊ ယော ပေတမနုသောစတိ။

၉၁။ ဗြာဟ္မဏ၊ အရှင်ပုဏ္ဏား။ ဒါရကော၊ လေးဖက်ပြေးသွား စကားမပီသားသူငယ်သည်။ ဂစ္ဆန္တံ၊ ထက်ကောင်းကင်၌ ခရီးနှင်ကာ ပြေးသွားနေသော။ စန္ဒံ၊ ရွှေလမင်းကို။ အနု၊ လိုချင်တမ်းတ၍။ ရောဒတိ ယထာ၊ ယူပေးပါဟု ခါခါလှိုက်ဖို မြည်တမ်းငိုသကဲ့သို့။ ဧဝံ တထာ၊ ဤနည်းမခြား အလားတူစွာ။ ယော၊ တရားနည်းလမ်း မစူးစမ်းဘဲ အရမ်းဆွေးပူ အကြင်သူသည်။ ပေတံ၊ ဝိညာဉ်ကင်းပ ဘဝတစ်ပါး ပြောင်းသွားလေသောသူကို။ အနုသောစတိ၊ ဖန်ဖန်ထပ်ထပ် မပြတ်ညှိုးမှိန် စိုးရိမ်ပူဆွေး ငိုကြွေးတမ်းတ မှန်းဆနေ၏။ ဧဝံ၊ ဤသို့ ပူဆွေးငိုကြွေးတမ်းတ၍ နေရခြင်းသည်။ ဧဝံ သမ္မဒမေဝ၊ ဤဆိုခဲ့ရာ ဥပမာနှင့် လွန်စွာတူညီပြည့်စုံသည်သာလျှင်တည်း။

၉၂။ ဒုယ္ဟမာနော နု ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နု ရောဒါမိ၊ ဂတော သော တထာ ယထာ ဂတိ။

http://www.dhammadownload.com

၉၂။ ဗြာဟ္မဏ၊ အရှင်ပုဏ္ဏား။ သော၊ ထိုဘဝကူးသွား အကျွန်ုပ်၏ လင်ယောကျ်ားသည်။ တသ၊ ထိုလင်ယောကျ်ား၏။ ယာဂတိ၊ နတ်၊ လူ၊ ငရဲ၊ တနဲ့ပြိတ္တာ တိရစ္ဆာဟု ငါးဖြာရှိဘိ အကြင်လားရာဂတိသည်။ အတ္ထိ၊ အမှန်တိတိ ဧကန်ရှိ၏။ တံ ဂတိ၊ ထိုပြခဲ့ပြီးသည့် ကတိငါးပါး တစ်ပါးပါးသို့။ ဂတော၊ ကံအားလျော်စွာ သွားရရှာလေပြီ။ ဧသော၊ အနှစ်မပါ အကာသဘော ငှက်ပျောတုံး ပမာ ဤကိုယ် ခန္ဓာကြီးသည်ကား။ ဥယှမာနော၊ ကိုယ်မှာညီးပြောင် မီးတောက်လောင်အပ်သည်။ ဟုတွာပိ၊ ဖြစ်ပါသော်လည်း။ နု ဇာနာတိ၊ ပူတယ် လောင်တယ် အသွယ်သွယ်ကို လုံးဝမသိရှာတော့ပေ။ ဉာတီနံ၊ ဆွေမျိုးမိဘ သားမယားဟူသမျှတို့၏။ ပရိဒေဝံတံပိ၊ ပူတလှိုက်လှိုက် ရှိုက်တဖိုဖို မျက်ရည်ယိုစီး ငိုညည်း၍ နေကြခြင်းကိုလည်း။ နု ဇာနာတိ၊ ဘယ်နည်းနှင့်မျှ မသိနိုင်ရှာတော့ပေ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ သောကကင်းငြား အကျွန်ုပ်ဟူသော သူ့မယားသည်။ ဧတံ၊ ဤအသိဉာဏ်ကင်း ရုပ်ကြွင်းမျှသာဖြစ်သော လင်၏အလောင်းကို။ ကာရဏံ ကတွာ၊ အဖန်ဖန်ရှု အကြောင်းပြု၍။ နု ရောဒါမိ၊ ရင်တဖိုဖို ဝမ်းတလှိုက်လှိုက် အပူဆိုက်ကာ မငိုကြွေးတော့ပါ။

ကျွန်မကို မေးမြန်းခြင်း

ဤသို့ ထိုကွယ်လွန်သူ၏ မယားစကားကို ကြားရပြီးနောက် ကျွန်မကို မေးမြန်းပြန်လေ၏။ အဘယ်သို့ မေးမြန်းသနည်းဟူမူကား "အိုညီမ– ထိုကွယ်လွန်သောသူသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း"ဟု မေးမြန်းပြန်လေ၏။ "အရှင်ပုဏ္ဏား၊ အကျွန်ုပ်၏ အရှင်သခင်ပါတည်း" ဟု ပြောကြားလေ၏။ "ဤသို့ အရှင်သခင်ဖြစ်ခဲ့လျှင် ထိုအရှင်သခင်သူသည် သင့်ကို ထောင်းထုရိုက်နှက်၍ အမှုကိစ္စကြီးငယ်ကို ခိုင်းစေအပ်သည်ဖြစ်လတ္တံ့၊ ထိုသို့ ခိုင်းစေခဲ့သောကြောင့် ထိုရိုက်နှက်ခိုင်းစေသူ ကွယ်လွန်သဖြင့် ငါသည် ကောင်းစွာ လွတ်မြောက်ရပေပြီဟု မှတ်ထင်ကာ မငိုကြွေးခြင်းဖြစ်သည်ဟု ငါထင်မိ၏" ဟု မေးမြန်းပြောဆိုလေ၏။

ကျွန်မ ပြေကြားပုံ

"အရှင်ပုဏ္ဏား– အကျွန်ုပ်ကို ဤသို့သောစကား မပြောကြားပါလင့်၊ ဤကဲ့သို့သောစကားကို ပြောကြားခြင်းငှာ မသင့်လျော်ပါ။ အကျွန်ုပ်၏ အရှင့်သားသည် အလွန်လျှင် သည်းခံခြင်း၊ ချစ်ခင်ခြင်း၊ သနားတတ်ခြင်းနှင့် ပြည့်စုံပါ၏၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောစကားကိုသာ ပြောဆိုလေ့ရှိပါ၏၊ ရင်တွင်း၌ ကြီးပွားရသော သားရင်းကဲ့သို့ ဖြစ်ပါ၏"ဟု ပြောကြားလေ၏။

http://www.dhammadownload.com

"ထိုသို့ဖြစ်ပါ၊ လျက် သင်သည် အဘယ်ကြောင့် မငိုကြွေးဘိသနည်း"ဟု မေးမြန်းပြန်လေ၏။ ထိုကျွန်မသည်လည်း မိမိ၏ မငိုကြွေးခြင်းအကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာကို ဆိုလေ၏။

ကျွန်မ၏အဖြေ

၉၃။ ယထာပိ ဗြဟ္မေ ဥဒကုမ္ဗော၊ ဗိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္မဒမေဝေတံ၊ ယော ပေတမနုသောစတိ။

၉၃။ ဗြဟ္မေ၊ အရှင်ပုဏ္ဏား။ ဘိန္နော၊ တစ်စုံတစ်ခု ထိခိုက်မှုကြောင့် နှစ်ခုဖြစ်ကာ ကွဲပျက်၍နေပါသော။ ဥဒကုမ္ဗော၊ ရေကိုဆောင်ပိုး ရေထည့်အိုးကြီးသည်။ အပ္ပဋိသန္ဓိယော ယထာ၊ ကောင်းစေလိုလျက် ကော်နှင့်ဆက်လည်း အပျက်အတိုင်း နေကာ တစ်ဖန် ဆက်စပ်မလာသကဲ့သို့။ ယော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ပေတံ၊ ဝိညာဉ်ကင်းပ ဘဝတစ်ပါးပြောင်း၍သွားသောသူကို။ အနုသောစတိ၊ ဖန်ဖန်ထပ်ထပ် ချိန်မလပ်ဘဲ စိုးရိမ်ပူဆွေး ငိုကြွေးတမ်းတ၍နေ၏။ တဿ၊ ထိုသူ၏။ ဧတံ၊ ဤသို့ ပူဆွေး ငိုကြွေးခြင်းသည်။ ဧဝံသမ္မဒမေဝ၊ ဤဆိုခဲ့ရာ ဥပမာနှင့် လွန်စွာတူညီ ပြည့်စုံသည်သာလျှင်တည်း။

၉၄။ ဒုယ္ဘာနော နု ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နု ရောဒါမိ၊ ဂတော သော တဿ ယာ ဂတိ။

၉၄။ ဗြာဟ္မဏ၊ အရှင်ပုဏ္ဏား။ သော၊ ထိုအကျွန်ုပ်၏သခင်သည်။ တဿ၊ ထိုသခင်၏။ ယာ ဂတိ၊ နတ်၊ လူ၊ ငရဲ၊ တနဲပြိတ္တာ တိရစ္ဆာဟု ငါးဖြာရှိဘိ အကြင် လားရာဂတိသည်။ အတ္ထိ၊ အမှန်တိတိ ဧကန်ရှိ၏။ တံ ဂတိ၊ ပြခဲ့ပြီးသည့် ဂတိ ငါးပါး တစ်ပါးပါးသို့။ ဂတော၊ ကဲ့အားလျော်စွာ သွားရရှာလေပြီ။ ဧသော၊ အနှစ်မပါ အကာသဘော ငှက်ပျောတုံးပမာ ဤကိုယ်ခန္ဓာကြီးသည်ကား။ ဒုယ္ဘာနော၊ ကိုယ်မှာညီးပြောင် တောက်လောင်အပ်သည်။ ဟုတ္တာပိ၊ ဖြစ်သော်လည်း။ နု ဇာနာတိ၊ ပူကာ လောင်ကာ ကိုယ်ပါပြာကျ ကုန်ဆုံးရလည်း လုံးဝ သူမသိရှာတော့ပေ။ ဉာတီနံ၊ ဆွေမျိုးမိဖ ချစ်ကျွမ်းဝင်ကြသူ ဟူသမျှတို့၏ ပရိဒေဝိတံ၊ ပူပူလှိုက်လှိုက် တရှိုက်ဖိုဖို ဘယ်လိုပင် ငိုကြွေးပါသော်လည်း။ နု ဇာနာတိ၊ ဘယ်နည်းနှင့်မျှ သူကား မသိနိုင်ရှာတော့ပေ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ သူခိုင်းစေရာ အဖြာဖြာကို ကြည်သာစွာ ပြုလုပ်ပေးခဲ့သည်။ အကျွန်ုပ်သည်။ ဧတံ၊ ရုပ်ကာလပ်မျှသာ ဖြစ်သော ဤသခင်၏အလောင်းကို။ ကာရဏ်ကတွာ၊ အဖန်ဖန်ရှု အကြောင်းပြု၍။ နု ရောဒါမိ၊ ရင်ဝယ်ဖိုလှိုက် အပူဆိုက်ကာ မငိုကြွေးတော့ပါ။

http://www.dhammadownload.com

သိကြားမင်း တာဝတိံသာသို့ ပြန်သွားခြင်း

ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းသည် ထိုငါးဦးသောသူတို့၏ စကားကို ကြားသိရ၍ ကြည်ညိုဖွယ်စိတ်ရှိသဖြင့် "သင်တို့သည် မရဏာသတိ ဘာဝနာကမ္မဋ္ဌာန်းကို ကောင်းစွာ ပွားများအပ်ပေ၏၊ ဤအခါမှအစပြု၍ သင်တို့သည် လယ်ထွန်ခြင်း၊ လယ်လုပ်ခြင်း စသော ပြုလုပ်ဖွယ်ကိစ္စသည် မရှိတော့ပြီ" ဟု ပြောဆိုပြီးလျှင် ထိုသူတို့၏အိမ်ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သည်ကို ပြုလုပ်ဖန်ဆင်း၍ "မမေ့မလျော့ကြကုန်သည်ဖြစ်၍ အလှူဒါနကို ပေးလှူကြကုန်လော့၊ သီလကို ဆောက်တည်ကြကုန်လော့"ဟု ဆုံးမ ဩဝါဒစကား ပြောကြားပြီးလျှင် မိမိ၏ ပြုလုပ်ခဲ့ပုံ အလုံးစုံကိုလည်း ထိုသူတို့အား ပြောကြား၍ မိမိ၏နေရာ တာဝတိံသာနတ်ပြည်သို့သာလျှင် ပြန်သွားလေတော့၏။

မိသားစုတို့ နတ်ပြည်ရောက်

ထိုပုဏ္ဏားကြီး ဇနီးမောင်နှံ၊ သမီး၊ ချွေးမ၊ ကျွန်မ စသော သူတို့သည်လည်း ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်လျက် အသက်ထက်ဆုံး တည်နေပြီးကာ နတ်ပြည်၌ဖြစ်ကြရကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်အကျိုး

ဘုရားရှင်သည် ဤဥရဂဇာတ်တော်ကို ဆောင်တော်မူ၍ ထိုဥပါသကာ၏ စိုးရိမ်ပူဆွေးမှု သောကတည်းဟူသောငြောင့်ကို ပယ်နုတ်တော်မူပြီးလျှင် သစ္စာလေးပါး တရားမြတ်တို့ကို ပြသတော်မူလေ၏။ သစ္စာလေးပါး တရားမြတ်၏အဆုံး၌ သား အတွက် သောကရောက်၍ နေခဲ့သော ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်လေတော့၏။

တစ်ဆယ့်နှစ်ခုမြောက် ပူဆွေးနေသူ ဥပါသကာအား သောကပြေပျောက်ရန် ဥရဂဇာတ် ဟောကြားတော်မူခြင်းအကြောင်း ပြီး၏။

ဤစွင် ခုဒ္ဒကနိကာယ် ပေတဝတ္ထု အဋ္ဌကထာ ပုံတော်စုံ ပေတဝတ္ထုတော် ကြီး၌ တစ်ဆယ့်နှစ်ခုသော အကြောင်းရပ်တို့ဖြင့် တန်ဆာဆင်အပ်သော ရှေးဦး အစ ပထမ ဥရဂဝဂ်၏အဖွင့်သည် ဆုံးခန်းတိုင်မြောက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

ဥရဂဝဂ် ပြီးပြီ။

http://www.dhammadownload.com

၂-ဥဇ္ဇရိဝဂ်

၁-သဲသာရမောစကပေတိဝတ္ထု

ကံကိုမယုံကြည်ဘဲ သတ္တဝါ လူ ချွတ်မှသာ ကျွတ်လွတ်နိုင်သည်ဟု အယူရှိသော ပြိတ္တာမ

နဂ္ဂါ ဒုဗ္ဘဏ္ဍရူပါသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤသဲသာရမောစကပေတိဝတ္ထုကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဂဓတိုင်း ဣဋ္ဌကဝတီရွာ၌နေသော တစ်ယောက်သော ပြိတ္တာမကို အကြောင်းပြု၍ ဟောတော်မူ၏။

သဲသာရမောစက မိစ္ဆာဒိဋ္ဌိတို့နေရာ

မဂဓတိုင်းတွင် ဣဋ္ဌကဝတီ၊ ဒီဃရာဇိ ဟူ၍ ရွာငယ်နှစ်ရွာတို့ ရှိကုန်သတတ်။ ထိုရွာငယ်တို့၌ များစွာကုန်သော သဲသာရမောစက အယူရှိကြသော မိစ္ဆာမျိုးတို့သည် နေထိုင်ကြကုန်၏။

အယူမှားကာ အသက်သတ်မှု ပြိတ္တာဖြစ်ရ

ရှေးလွန်လေပြီးသော အနှစ်ငါးရာတို့၏ အထက်၌လည်း တစ်ယောက်သော မိန်းမသည် ထိုဣဋ္ဌကဝတီရွာ၌ပင်လျှင် သဲသာရမောစက အယူရှိသော အမျိုးတစ်ခု၌ ဖြစ်၍ မှားယွင်းသော အယူဝါဒ၏ အစွမ်းဖြင့် များစွာသော ပိုးနှံကောင်တို့ကို သတ်ဖြတ်မိခဲ့ခြင်းကြောင့် ပြိတ္တာတို့ ဘုံဘဝ၌ ဖြစ်ရလေ၏။

ဂေါတမဘုရားရှင်လက်ထက်

ထိုမိန်းမသည် အနှစ်ငါးရာတို့ပတ်လုံး မွတ်သိပ်ဆာလောင်ခြင်း အစရှိသော ဆင်းရဲခြင်းကို ခံစားခဲ့ရ၍ ငါတို့၏ ဂေါတမဘုရားရှင်သည် လောကထွတ်ထား ဘုရားရှင်အဖြစ်သို့ရောက်၍ တရားတည်းဟူသော မြတ်သော စကြာရတနာကို လည်စေတော်မူသဖြင့် အစဉ်အားလျော်စွာ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဣဋ္ဌကဝတီရွာ၌ သဲသာရ မောစက အယူရှိသော အမျိုးတစ်ခု၌ပင်လျှင် ထိုမိန်းမသည်ဖြစ်၍ ခုနစ်နှစ် ရှစ်နှစ်အရွယ်ရှိသော အခါ အခြားသော သတ္တိသမီးငယ်တို့နှင့်အတူ လမ်းဆုံ လမ်းမ၌ ကစား၍နေလေ၏။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာ

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ထိုရွာကိုပင်လျှင် အမှီပြု၍ အရဏ်ဝတီမည်သောကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ တစ်ကျိပ်နှစ်ယောက်သော ရဟန်းတို့နှင့်တကွ ထိုကျွဉ်ဝတီရွာ၏ တံခါးအနီး ခရီးလမ်းဖြင့် ကြွသွားတော်မူ၏။

အယဉ်နှင့်အရိုင်း

ထိုသို့ ကြွသွားတော်မူသောခဏ၌ များစွာကုန်သော ရွာနေသတို့သမီးငယ်တို့သည် ရွာမှထွက်ကြ၍ ရွာတံခါး၏အနီး၌ ကစားနေကြသည်ရှိသော် ကြည်ညိုသောစိတ် ရှိကြကုန်သည်ဖြစ်၍ မိဘတို့၏အလေ့အကျင့်ကို မြင်သဖြင့် လျင်မြန်စွာ သွားကြပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်ကိုလည်းကောင်း၊ တခြားသော ရဟန်းကိုလည်းကောင်း ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးကြလေကုန်၏။ ထိုသံသာရမောစကအယူရှိသော အမျိုး၌ဖြစ်သည့် မိန်းမငယ်သည်ကား ရတနာသုံးပါး၌ ကြည်ညိုမှုမရှိသောအမျိုး၏ သမီးဖြစ်၍ ရှည်မြင့်စွာသောကာလပတ်လုံး ကုသိုလ်ကို ဆည်းပူးခြင်းတည်းဟူသော အလေ့အလာဝါသနာ မရှိသဖြင့် လိမ္မာရန်အကြောင်း သူတော်ကောင်းတို့၏ အကျင့်မှ ကင်းကွာကာနေရသောကြောင့် ရှိသမြတ်နိုးရှိခိုးမှုကိုမပြုဘဲ ရိုင်းစိုင်းတွေဝေ မင်္ဂလာမရှိသကဲ့သို့ ရပ်လျက်နေလေ၏။

သူငယ်မ၏နောင်ရေး အရှင်သာရိပုတ္တရာ မြင်တော်မူပုံ

အရှင်သာရိပုတ္တရာမထေရ်သည်လည်း ထိုမိန်းမငယ်၏ ရှေးကအကျင့်ဟောင်းကိုလည်းကောင်း၊ ယခုအခါ သံသာရမောစက အယူရှိသောအမျိုး၌ ဖြစ်သည်ကိုလည်းကောင်း၊ နောင်ဘဝ ငရဲ၌ဖြစ်ခြင်းငှာ ထိုကံသည်၏ အဖြစ်ကိုလည်းကောင်း မြင်တော်မူ၍ 'ဤမိန်းမငယ်သည် ငါ့ကို အကယ်၍ ရှိခိုးငြားအံ့၊ ငရဲ၌မဖြစ်လတ္တံ့၊ ပြိတ္တာဘုံ၌သာ ဖြစ်လတ္တံ့၊ ပြိတ္တာဘုံ၌ဖြစ်သော်လည်း ငါ့ကိုပင်လျှင်အမှီပြု၍ စည်းစိမ်ချမ်းသာအဖြာဖြာကို ရပေလတ္တံ့' ဟု သိမြင်တော်မူ၍ ကရုဏာဖြင့်တိုက်တွန်းအပ်သော နှလုံးတော်ရှိသည်ဖြစ်ရကား မိန်းမငယ်တို့ကို 'သင်တို့သည် ရဟန်းတော်တို့ကို ရှိခိုးကြကုန်၏၊ ဤမိန်းမငယ်သည်ကား ရိုင်းစိုင်းတွေဝေ မင်္ဂလာမရှိသကဲ့သို့ ရပ်တည်၍သာ နေ၏' ဟု မိန့်တော်မူ၏။ ထိုအခါ ထိုမိန်းမငယ်ကို အဖော်ဖြစ်ကြသော သတို့သမီးငယ်အပေါင်းတို့သည် လက်တို့ကိုကိုင်၍ ဆွဲငင်ကြပြီးလျှင် အတင်းအနိုင်အထက်ပြု၍ မထေရ်မြတ်၏ခြေတော်တို့ကို ရှိခိုးစေကြကုန်၏။

http://www.dhammadownload.com

ကွယ်လွန်ကာ ပြိတ္တာဖြစ်ခြင်း

အခါတစ်ပါး ထိုသတို့သမီးငယ် အရွယ်သို့ရောက်သည်ရှိသော် ဒီဃရာဇိမည်သောရွာ၌ သဲသာရမောစက အယူရှိသောအမျိုး၌ တစ်ယောက်သော သတို့သားအား ထိုသတို့သမီးကို ထိမ်းမြားလက်ထပ် ပေးအပ်လိုက်လေ၏။ ထိုသတို့သမီးသည် ရင့်သောကိုယ်ဝန် ရှိသည်ဖြစ်၍ သေလွန်ခဲ့သည်ရှိသော် ပြိတ္တာတို့၌ဖြစ်လေ၏။

ကိုယ်ထင်ပြပုံ

ပြိတ္တာမသည်အဝတ်လည်း မဆီး၊ အဆင်းလည်း မလှ၊ မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်လျက် အလွန်စက်ဆုပ်ဖွယ် ရှုမြင်ခြင်းရှိသည်ဖြစ်၍ လှည့်လည် သွားလာကာနေသည်ရှိသော် ညဉ့်အခါ၌ အရှင်သာရိပုတ္တရာမထေရ်အား ကိုယ်ထင်ပြ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်၍နေလေ၏။ ထိုပြိတ္တာမကို မြင်တော်မူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အောက်ပါဂါထာဖြင့် မေးမြန်းတော်မူလေ၏။

အရှင်သာရိပုတ္တရာအမေး

၉၅။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ၊ ကိသာ ဓမနိသန္ထတာ။
ဥပ္ပဏ္ဍုလိကေ ကိသိကေ၊ ကာ နု တွံ ဣဓ တိဋ္ဌသိ။

၉၅။ ဥပ္ပဏ္ဍုလိကေ၊ အထက်သို့ ထိုးထိုးထောင်ထောင်ထွက်သော နှံရိုးရှိသော။ ကိသိကေ၊ သွေးခန်း သားခြောက်ကာ ပိန်ချုံးရှာသော။ တွံ၊ သင်သည်။ ကိသာ၊ မဝသေးသိန် ပိန်သည်။ ဓမနိသန္ထတာ၊ အကြောပြိုင်းပြိုင်းထသည်။ ဟုတွာ၊ ဖြစ်၍။ နဂ္ဂါ၊ အဝတ်ကွာရှင်း ဗလာကျင်းသည်ဖြစ်၍။ ဒုဗ္ဗဏ္ဏရူပါ၊ အဆင်းမလှမဝင်းပသောရုပ်ရှိသည်။ အသိ၊ ဖြစ်၏။ ယာ တွံ၊ ဆင်းရဲနှင့်ယှဉ် အကြင်သင်သည်။ ဣဓ၊ မလာရောက်အပ် ဤအရပ်၌။ တိဋ္ဌသိ၊ ရပ်တည်၍နေ၏။ သာ တွံ၊ ထိုသို့ရပ်ရှာ သင်ပြိတ္တာသည်။ ကာနု၊ ဘယ်မျိုးဘယ်ဏာတ် ဘယ်အရပ်မှ ဘယ်သူပါနည်း။

ထိုမထေရ်မြတ် မေးအပ်သော စကားကိုကြား၍ ပြိတ္တာမသည်လည်း မိမိ၏အဖြစ်အပျက်ကို လျှောက်ထားလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

ပြိတ္တာမ၏အဖြေ

၉၆။ အဟံ ဘဒန္တေ ပေတိမှိ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတွာန၊ ယေတလောကံ ဣတော ဂတာ။

http://www.dhammadownload.com

၉၆။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ ဆင်းရဲပါလှ တပည့်တော်မ သည်။ ဒုဂ္ဂတာ၊ အပါယ်ဘုံဖွား မကောင်းသည့် အလားရှိသော။ ယမလောကိကာ၊ ယမမင်းနယ်နိမိတ် ဒိစတြိတ်ဝင်ပါ ပြိတ္တာဘုံ၌ ဖြစ်သော။ ပေတီ၊ ဆင်းရဲပါလှ ပြိတ္တာမသည်။ အမှိ၊ အမှန်စင်စစ် ကေန်ဖြစ်ပါ၏။ ပါပကမ္မံ၊ ပါဏာတိပါတ စသည်အစု မကောင်းမှုကို။ ကရိတွာန၊ မှားမှားမိုက်မိုက် ပြုလိုက်မိသောကြောင့်။ ဣတော၊ ချမ်းသာပြည့်တဲ့ ကောင်းမှုစုံရာ ဤလူတို့ရွာမှ။ ပေတလောကံ၊ မသက်မသာ ဒုက္ခဖြာသည့် ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မကောင်းအစု မိမိပြုသည့် အကုသိုလ်က် ပစ်ချပြန်၍ အမှန်မသွေ လားရောက်ရပါပေသည်ဘုရား။

ဘစ်ဖန် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဆက်၍ မေးမြန်းတော်မူလို သည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုတော်မူလေ၏။

၉၇။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ပေတလောကံ ဣတော ဂတာ။

၉၇။ ပေတီ၊ မကောင်းကံကြောင့် မကောင်းကျိုးရ အို ပြိတ္တာမ။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိံ ဒုက္ကဋံ၊ အဘယ်ဒုစရိုက်စု မကောင်းမှုကို။ ကတံ နု၊ ပြုလုပ်ခဲ့ပါသနည်း။ ကိဿကမ္မဝိပါကေန၊ အဘယ်သို့သော ကံ၏ အကျိုးဝိပါက်ကြောင့်။ ဣတော၊ ချမ်းသာပြည့်တဲ့ ကောင်းမှုစုံရာ ဤလူတို့ရွာမှ။ ပေတလောကံ၊ မသက်မသာ ဒုက္ခဖြာသည့် ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မသွေမဖောက် လားရောက်ရပါသနည်း။

ဤသို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က မေးမြန်းသည်ရှိသော် 'အရှင်ဘုရား တပည့်တော်မသည် အလှူကိုလည်း မပေး၊ သီလကိုလည်း မဆောက်တည်၊ ဝန်တိုသောသဘော ရှိသည်ဖြစ်ခဲ့၍ ပြိတ္တာဘုံ၌ဖြစ်လျက် ဤကဲ့သို့ ကြီးစွာသော ဆင်းရဲကို ခံစားရပါသည်ဘုရား' ဟု မထေရ်အား လျှောက်ထားလိုသည်ဖြစ်၍ အောက်ပါသုံးဂါထာတို့ကို ဆိုလေ၏။

၉၈။ အနုကမ္မကာ မယှံ နာဟောသုံ ဘန္တေ၊
ဝိတာ စ မာတာ အထ ဝါပိ ဉာတကာ။
ယေ မံ နိယောဇယျုံ 'ဒဒါဟိ ဒါနံ၊
ပသန္နစိတ္တာ သမဏေဗြာဟ္မဏာနံ'။

၉၈။ ဘန္တေ၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ဘုရား။ ပသန္နစိတ္တာ၊ ကြည်

http://www.dhammadownload.com

ညိုသော စိတ်ထာ ရှိသည်ဖြစ်၍။ 'ဒါနံ၊ ဒါတဗ္ဗဝတ္ထု လျှဖွယ်အစုစုကို။ သမဏာ ဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏားတို့အား။ ဒဒါဟိ၊ စေတနာထက်စွာ ပေးလှူပါလော့'။ ဣတိ၊ ဤသို့။ ယေ၊ ခင်မင်ကြသူ အကြင်လူတို့သည်။ မံ၊ မပေးမလှူ ကြည်ဖြူကင်းပ တပည့်တော်မကို။ နိယောဇယျု၊ ဖန်ဖန်ထပ်ထပ် မပြတ်ခါခါ တိုက်တွန်းကြပါကုန်၏။ တာဒိသာ၊ ထိုသို့သဘောရှိကုန်သော။ အနုကမ္မကာ၊ နောက်ဘဝတွက် ကောင်းကျိုးဖက်ကာ စောင့်ရှောက်တတ် ကြပါကုန်သော။ ပိတာစ၊ ကျေးဇူးအရှင် မွေးဖခင်သည်လည်းကောင်း။ မာတာစ၊ ပွေ့ချီပိုက်ထွေး နို့တိုက်ကျွေးသည့် ကျေးဇူးအရှင် မွေးမိခင်သည်လည်းကောင်း။ အထ၊ ထိုမိဘနှစ်ပါးတို့မှ တစ်ပါးကုန်သော။ ဉာတကာဝါပိ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့သည်လည်းကောင်း။ မယုံ၊ တပည့်တော် အမိုက်မအား။ နာဟေသုံ၊ ဆုံးရှုံးဖို့ရာ မဖြစ်စေကြပါကုန်။

၉၉။ ဣတော အဟံ ဝဿသတာနိ ပဉ္စ၊
ယံ ဧဝရူပါ ဝိစရာမိ နဂ္ဂါ။
ခုဒါယ တဏှာယ စ ခဇ္ဇမာနာ၊
ပါပဿ ကမ္မဿ ဖလံ မမေဒံ။

၉၉။ ဘန္တေ၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ဘုရား။ အဟံ၊ အကုသိလ်သည်း ကုသိလ်နည်း၍ ဝဋ်ကြွေးနေရ တပည့်တော်မသည်။ ဣတော၊ အရှင်ဘုရားနှင့် ထင်ရှားဒိဋ္ဌ တွေ့ကြုံရသော ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ ပဉ္စဝဿသတာနိ၊ အနှစ်ငါးရာတို့ပတ်လုံး။ ခုဒါယ၊ အစာကင်းလွတ် ငတ်မွတ်သော။ တဏှာယ၊ တောင့်တတတ်စွာ တဏှာဖြင့်။ ဝါ၊ တဏှာသည်။ ခဇ္ဇမာနာ၊ ကြင်နာအမြဲ ကိုက်ခဲအပ်သည်ဖြစ်၍။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ နဂ္ဂါ၊ အဝတ်မဆီး ကိုယ်လုံးတီးဖြစ်၍။ ယံ ဝိစရာမိ၊ အကြင် လှည့်လည်ရ၏။ ဣဒံ၊ ငတ်ငတ်မွတ်မွတ် အဝတ်ကင်းကွာ ဤသို့ လှည့်လည်ရခြင်းသည်။ မမ၊ မိစ္ဆာဝါဒ လက်ကိုင်ရခဲ့သော် တပည့်တော်မ၏။ ပါပဿ ကမ္မဿ၊ ဆိုးယုတ်ညစ်ကျူ မကောင်းမှု၏။ ဖလံ၊ အကျိုးပေတည်း။

၁၀၀။ ဝန္ဒာမိ တံ အယျ ပသန္နစိတ္တာ၊
အနုကမ္ပ မံ ဝီရ မဟာနုဘာဝ။
ဒတွာ စ မေ အာဒိသ ယံ ဟိ ကိဉ္စိ။
မောစေဟိ မံ ဒုဂ္ဂတိယာ ဘဒန္တေ။

၁၀၀။ အယျ၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ တံ၊ သီလသမာ ပညာကြီးမား အရှင်မြတ်ဘုရားကို။ ပသန္နစိတ္တာ၊ သဒ္ဓါ

http://www.dhammadownload.com

ယိုဖိတ် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ ဝန္ဒာမိ၊ အရှင့်ဘုန်းဂုဏ် အလုံးစုံကို အကုန်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ မဟာနုဘာဝ၊ တန်ခိုးရှိန်စော် အာနုဘော်ရှိတော်မူသော။ ဝီရ၊ ကြီးကျယ်လုံလ ဝီရိယရှိတော်မူသော မြတ်စွာဘုရား။ မံ၊ အဘက်ဘက်မှ ထန်ပြင်းဒုက္ခ ခံစားနေရသော တပည့်တော်မကို။ အနုကမ္ပ၊ အစဉ် သနား၍ ထင်ရှား စောင့်ရှောက်တော်မူပါဘုရား။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ယံ၊ အကြင်လူဖွယ်ကို။ ဒတ္တာ၊ ပေးလှူပါ၍။ တံ၊ ထိုကောင်းမှုကို။ မေ၊ ဒုက္ခ ကြီးလှတဲ့ တပည့်တော်မအား။ အာဒိသ၊ ရည်မြော်တမ်းတ မှန်းဆပြီးကာ အမျှပေးဝေတော်မူပါဘုရား။ ဘဒန္တေ၊ အရှင်ကောင်း အရှင်မြတ်ဘုရား။ မံ၊ တပည့်တော်မကို။ ဒုဂ္ဂတိယာ၊ ချမ်းသာကင်းပ ဒုဂ္ဂတိဘဝမှ။ မောစေဟိ၊ ဒုက္ခကင်းကျွတ် အမြန်လွတ်အောင် ကယ်ချွတ်တော်မူပါဘုရား။

ဤသို့ ပြိတ္တာမက ပြန်လည်လျှောက်ထားသည်ရှိသော် အရှင်သာရိပုတ္တရာ မထေရ်သည် အကြင်သို့သောအကြောင်းကို ကျင့်တော်မူ၏၊ ထိုအကြောင်းကို ပြအံ့သောငှာ သံဂါယနာတင်ဆရာတို့သည် အောက်ပါသုံးဂါထာတို့ကို ဆိုတော်မူအပ်ကုန်၏။

၁၀၁။ သာရုတိ သော ပဋိသုတ္တာ၊ သာရိပုတ္တော'နကမ္မကော။
ဘိက္ခူနံ အာလောပံ ဒတ္တာ၊ ပါဏိမတ္တာဒ္ဓ စောဒ္ဒကံ။
ထာလကဿ စ ပါနီယံ၊ တဿာ ဒက္ခိဏာမာဒိသိ။

၁၀၁။ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာအမည်ရှိတော်မူသော။ သော ထေရော၊ ထိုမထေရ်သည်။ သာရု တိ၊ လျှောက်ထားတိုင်းမှု ကောင်းပြီဟူ၍။ ပဋိသုတ္တာ၊ ဝန်ခံ၍။ အနုကမ္မကော၊ အစဉ်သနား စောင့်ရှောက်တော်မူလိုသည်ဖြစ်၍။ ဘိက္ခူနံ = ဘိက္ခူနော၊ တစ်ပါးသောရဟန်းတော်အား။ အာလောပံ၊ တစ်လုတ်စာမျှမှန်း ဘောဇဉ်ဆွမ်းကိုလည်းကောင်း။ ပါဏိမတ္တံ၊ တစ်လက်ဝါးမျှသာ ရှိလောက်ပါသော။ စောဒ္ဒကဉ္စ၊ သင်္ဃန်းတွက်တာ အဝတ်လျှာကိုလည်းကောင်း။ ထာလကဿ = ထာလကံ၊ တစ်ခွက်စာမျှသာ ရှိလောက်ပါသော။ ပါနီယဉ္စ၊ အဆာပျောက်ပြေ သောက်စရာရေကိုလည်းကောင်း။ ဒတ္တာ၊ ပေးလှူတော်မူ၍။ တဿာ၊ ထိုသို့ဆင်းရဲခံနေရ ပြိတ္တာမအား။ ဒက္ခိဏံ၊ သဒ္ဒါကြည်ဖြူ မွန်မြတ်သောအလှူကို။ အာဒိသိ၊ ရည်မြော်တမ်းတ ချမ်းသာရဖို့ မှန်းဆပြီးကာ အမျှ ဝေတော်မူလေသတည်း။ ("ဘိက္ခူနံ" ဟု ဆိုခြင်းကား ဝစနဝိပလ္လာသတည်း။)

၁၀၂။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဇ္ဇထ။
ဘောဇနဿာဒနပါနီယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

http://www.dhammadownload.com

၁၀၂။ အနုဒ္ဒိဋ္ဌေ = အနုဒ္ဒိဋ္ဌသ၊ဤသို့လျှဒါန်း ရည်မှန်းအပ်ပြီးသည်၏။ သမနုဿရေ၊ အခြားမဲ့၌။ ဝိပါကော၊ စားသောက်ဖွယ်မျိုး အဖြာဖြာသောအကျိုးသည်။ ဥဒပဒ္ဓထ၊ မုချမသွေ ဖြစ်ပေါ်၍လာလေ၏။ ဣဒံ၊ ဤသို့ စားသောက်ဖွယ်မျိုး အဖြာဖြာသောအကျိုးတို့ ဖြစ်ပေါ်၍လာရခြင်းသည်။ ဘောဇနဿာဒနပါနီယံ၊ အစား၊ အဝတ်လျှာနှင့် သောက်စရာရေကို။ ဒက္ခိဏာယ၊ ရည်မြော်တမ်းတ လှူဒါန်းရခြင်း၏။ ဖလံ၊ ကောင်းကျိုးပေတည်း။

၁၀၃။ တတော သုဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဝိစိတ္တ ဝတ္ထာဘရဏာ၊ သာရိပုတ္တံ ဥပသင်္ကမိ။

၁၀၃။ တတော = တသို့ကာလေ၊ ထိုအခါကာလ သမယ၌။ သာ၊ ထို အဝတ်မဆီး ကိုယ်လုံးတီးဖြစ်သော ပြိတ္တာမသည်။ သုဒ္ဓါ၊ ဖွယ်ဖွယ်ရာရာ စင်ကြယ်စွာဖြစ်၍။ သုစိဝသနာ၊ စင်ကြယ်လှစွာ အဝတ်လျှာရှိသည်ဖြစ်၍။ ကာသိကုတ္တမဓာရိနီ၊ ကာသီတိုင်းလုံး အမြတ်ဆုံးဖြစ်ရာ အဝတ်သစ်လျှာကို ဆောင်လျက်။ ဝိစိတ္တ ဝတ္ထာဘရဏာ၊ ဆန်းကြယ်လှစွာ အဝတ်တန်ဆာရှိသည်ဖြစ်၍။ သာရိပုတ္တံ၊ အရှင်သာရိပုတ္တရာ ထေရ်မဟာသို့။ ဥပသင်္ကမိ၊ ရွှင်ပျော်ဝမ်းမြောက်စွာ ကပ်ရောက်ရှာလေတော့၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ပြည့်ဖြိုးသောလွန်ဆွေရှိ၍ သန့်ရှင်းသော ကိုယ်ရေအဆင်းရှိသော နတ်ဒွဖြစ်သည့် အဝတ်တန်ဆာတို့ကို တန်ဆာဆင်လျက် ထက်ဝန်းကျင်မှ မိမိ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပလျက် မိမိ၏ထံမှောက်သို့ ကပ်ရောက်ရပ်တည်လာသော ထိုပြိတ္တာမကိုမြင်တော်မူ၍ မျက်မှောက်ထင်ထင် ကံ၏အကျိုးတရားကို ထိုပြိတ္တာမအား ထင်ရှားပြလိုသည်ဖြစ်၍ အောက်ပါသုံးဂါထာကို မိန့်ဆိုတော်မူလေ၏။

၁၀၄။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသဓီ ဝိယ တာရကာ။

၁၀၄။ ဒေဝတေ၊ ရှမငြီးဖွယ် နတ်မိမယ်။ ယာ တွံ၊ အကြင် သင်သည်။ အဘိက္ကန္တေန၊ အလှတွင်ဘုရင် အယဉ်တွင်ဖက်မရှိ မျက်စိတွင် အစဉ်ဟပ်အောင် အရွှင်ဓာတ် အပြီးအသွယ်သွယ်တို့ဖြင့် လှပတင့်တယ် အလွန်နှစ်သက်ဖွယ်ရှိသော။ ဝဏ္ဏေန၊ တောက်ကြွားလင်းဖြာ ခြောက်ပါးသော အဆင်းရတနာနှင့်။ သြသဓီ တာရကာ ဝိယ၊ ကောင်းကင်အလယ်မှ သောက်ရှူးကြယ်ကဲ့သို့။ တာရကာ၊ ရှုချင်ဖွယ်ရာ ကြယ်တာရာသည်။ သဗ္ဗာ တေ၊ ထက်ဝန်းကျင်မှ။ အာလောကံ၊ ကြည်

http://www.dhammadownload.com

လင်ရွှန်းပြောင် အလင်းရောင်ကို။ ကုရုမာနာ၊ ပြုလျက်။ တိဋ္ဌတိ ဝိယ၊ တင့်တယ်စွာရှိ တည်နေဘိသို့။ ဧဝမေဝ၊ ဤနည်းနှင့်အလား မခြားတူစွာ။ သဗ္ဗာ၊ ခပ်သိမ်းဥသုံ အလုံးစုံကုန်သော။ ဒိသာ၊ ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့ကို။ ဩဘာသေန္တီ၊ ထွန်းလင်းလက်ဝေ တောက်ပစေလျက်။ တိဋ္ဌသိ၊ ရှေ့တည့်တည့်မှ မဖဲမသွေ ရပ်တည်၍နေလေ၏။

၁၀၅။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။

၁၀၅။ ဒေဝတေ၊ ရောင်ဝါဝင့်ထယ် အို နတ်မိမယ်။ တေ၊ လှပဝင့်ထယ် သင်နတ်မိမယ်အား။ ကေန၊ ဘယ်လိုပြုစု ဘယ်ကောင်းမှုကြောင့်။ တာဒိသော၊ ထိုသို့သဘောရှိသော။ ဝဏ္ဏော၊ လှလှယဉ်ယဉ် ကြည်လင်သန့်ရှင်း ရုပ်အဆင်းသည်။ ဘဝတိ၊ မြင်သူဟူသမျှ ရှုမဝအောင် ဖြစ်ရပါသနည်း။ တေ၊ လှပတင့်တယ် သင်နတ်မိမယ်အား။ ဣဓ၊ ယခုတည်လတ် ဤအရပ်၌။ သုစရိတဖလံ၊ ကောင်းစွာပွားတိုး သုစရိုက်အကျိုးသည်။ ဣဇ္ဈတိ၊ ဖြိုးဖြိုးဝေဝေ ပြည့်စုံပေသနည်း။ စ၊ ထိုမေးပြီးမှ တစ်ပါးသော်ကား။ ကေန၊ ဘယ်သို့ပြုစု ဘယ်ကောင်းမှုကြောင့်။ ယေကေစိ၊ ကြင်းမဲ့ဥသုံ အလုံးစုံကုန်သော။ မနသော၊ စိတ်ဖြင့်။ ပိယာ၊ အစဉ်မပြတ် မြတ်နိုးအပ်ကုန်သော။ ဘောဂါ၊ စည်းစိမ်ဥစ္စာ အဖြာဖြာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ စင်စစ်မသွေ ဖြစ်ပေါ်၍လာပေကုန်သနည်း။

၁၀၆။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

၁၀၆။ မဟာနုဘာဝေ၊ များမြတ်သော အာနုဘော်ရှိပေသော။ ဒေဝိ၊ မြင်သူတကာ ငေးရ လှပတင့်တယ် အို နတ်မိမယ်။ တံ၊ လှပတင့်တယ် သင်နတ်မိမယ်ကို။ ပုစ္ဆာမိ၊ သင်ပြုခဲ့ပုံအကြောင်းစုံကို အကုန်စစ်ကာ မေးမြန်းလိုပါ၏။ တွံ၊ လှပတင့်တယ် သင်နတ်မိမယ်သည်။ မနုဿဘူတာ၊ အမှန်စင်စစ် လူဖြစ်၍ ဖြစ်သည်။ သမာနာ၊ ဖြစ်စဉ်က။ ကိံ ပုညံ၊ ဘယ်သို့ပြုစု ဘယ်ကောင်းမှုကို။ အကာသိ၊ စေတနာဖြိုး သဒ္ဓါတိုးကာ ပြုလုပ်ခဲ့ပါသနည်း။ ကေန၊ ဘယ်သို့ပြုစု ဘယ်ကောင်းမှုကြောင့်။ ဧဝံ၊ ဤသို့။ ဧလိတာနုဘာဝါ၊ တောက်ပရောင်ဆင်း ဝါဝင်းသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်ဘိသနည်း။ ကေန၊ အဘယ့်ကြောင့်။ တေ၊ လှပ

http://www.dhammadownload.com

တင့်တယ် သင်နတ်မိမယ်၏။ ဝဏ္ဏော စ၊ ကြည်လင်သန့်ရှင်းလှပသော ရုပ်အဆင်းသည်။ သဗ္ဗဒါသာ၊ ဝန်းကျင်ပတ်ချာ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ပြိုးပြိုးပြက်ပြက် တလက်လက်ဝေ တောက်ပပါပေသနည်း။

ဤသို့တစ်ဖန် မထေရ်မြတ်က မေးတော်မူအပ်သည်ရှိသော် ပြိတ္တာမသည် ထိုစည်းစိမ်ချမ်းသာရခြင်း၏ အကြောင်းကို ပြလိုသည်ဖြစ်၍ ဤဂါထာတို့ဖြင့် လျှောက်ထားလေ၏။

၁၀၇။ ဥပဝဏ္ဏာကိ ကိသံ ဆာတံ၊ နဂ္ဂံ သမ္မတိတစ္ဆဝိ၊
မုနိ ကာရဏိကော လောကေ၊ တံ မံ အဒ္ဒက္ခိ ဒုဂ္ဂတံ။

၁၀၇။ လောကေ၊ သတ္တဝါအပေါင်းဟုဆိုအပ်သော သတ္တလောကကြီး၌။ ကာရဏိကော၊ သနားခြင်းကရုဏာ ရှိတော်မူသော။ မုနိ၊ အရှင်သာရိပုတ္တရာ သညာမှည့်ခေါ် ရဟန်းတော်သည်။ ဥပဝဏ္ဏာကိ၊ အားခွေပျော့ပျော့ အသားရေလျော့ကာ ဖျော့တော့သောအဆင်းရှိသော။ ကိသံ၊ အစာကင်းသည်း မရွှင်ပြုံးဘဲ ပိန်ချုံးလှစွာသော။ နဂ္ဂံ၊ အဝတ်မပါ ဗလာဖြစ်၍နေသော။ သမ္မတိတစ္ဆဝိ၊ ပြတ်သည့်နေရာပြတ် ကွဲသည့်နေရာကွဲ ကျတွဲသောအရေရှိသော။ ဒုဂ္ဂတံ၊ မကောင်းသောလားရာရှိသော။ တံမံ၊ ယူကျုံးမရ အပူလုံးထ၍ရေတဲ့ ထိုတပည့်တော်မကို။ အဒ္ဒက္ခိ၊ ထင်ရှားပေါ်လွင် တွေ့မြင်ရလေပြီဘုရား။

၁၀၈။ ဘိက္ခူနံ အာလောပံ ဒတ္ဝာ၊ ပါဏိမတ္တဉ္စ စောဠကံ။
ထာလကဿ စ ပါနီယံ၊ မမ ဒက္ခိဏမာဒိသိ။

၁၀၈။ သော မုနိ၊ အရှင်သာရိပုတ္တရာ သညာမှည့်ခေါ် ထိုရဟန်းတော်သည်။ ဘိက္ခူနံ၊ ဘိက္ခုနော၊ အခြားတစ်ပါးသော ရဟန်းတော်အား။ အာလောပံ၊ တစ်လုတ်စာမျှမှန်း ဘောဇဉ်ဆွမ်းကိုလည်းကောင်း။ ပါဏိမတ္တံ၊ တစ်လက်ဝါးမျှလောက်သာရှိသော။ စောဠကဉ္စ၊ သင်္ကန်းဖို့ရာ အဝတ်လျှာကိုလည်းကောင်း၊ ထာလကဿ = ထာလကံ၊ တစ်ခွက်စာမျှလောက်သာပါသော။ ပါနီယဉ္စ၊ အဆာပျောက်ပြေ သောက်စရာရေကိုလည်းကောင်း။ ဒတ္ဝာ၊ ဝမ်းမြောက်ကြည်ဖြူ ပေးတော်မူ၍။ မမ၊ အမြင်မလှအသွင်နသည့် တပည့်တော်ပြိတ္တာမအား။ ဒက္ခိဏံ၊ ရည်မြော်မှန်းဆ အလှူ၏အဖို့ဘာဂကို။ အာဒိသိ၊ ကောင်းကျိုးမှန်က အကုန်ရဖို့ မုချမသေ အမျှဝေပါပြီ။

၁၀၉။ အာလောပဿ ဖလံ ပဿ၊ ဘတ္တံ ဝဿသတံ ဒဿ၊
ဘုဉ္ဇာမိ ကာမကာမိနီ၊ အနေကရသဗျဉ္ဇနံ။

၁၀၉။ ဘန္တေ၊ သီလသမာ ပညာလွမ်းခြုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေလတ်

http://www.dhammadownload.com

အရှင်မြတ်ဘုရား။ အာလောပဿဲ၊ တစ်လုတ်စာမှန်း အလှူဆွမ်း၏။ ဖလဲ၊ ကြီးကျယ်ဖွံ့ဖြိုး ကောင်းမြတ်သောအကျိုးကို။ ပဿဲ၊ အစဉ်သနားး အမြင်အားဖြင့် ထင်ရှားသေချာ ရှုမြင်တော်မူပါဘုရား။ တေန ပုညေန၊ ထိုတစ်လုတ်စာမှန်း အလှူဆွမ်း၏ တန်ခိုးတေဇော် ကောင်းမှုတော်ကြောင့်။ အဟံ၊ အယူလွဲချော် တပည့်တော် ပြိတ္တာမသည်။ ဒသဝဿသတံ၊ တွက်စစ်မြားမြောင် အနှစ်တစ်ထောင်ကာလပတ်လုံး။ ကာမကာမိနိ၊ အလိုရှိအပ် တောင့်တအပ်သည့် ငါးရပ်အစုံ ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍။ အနေကရသဗျဉ္ဇနံ၊ တစ်ပါးမက များပြားလှစွာ အရသာပြည့် ကောင်းမြတ်သည့် ဟင်းလျာရှိသော။ ဘတ္တံ၊ ကောင်းမွန်သန့်ရှင်း နတ်ဩဇာထမင်းကို။ ဘုဉ္ဇာမိ၊ ကုသိုလ်အမျှပေးဝေကြ၍ သုံးဆောင် စားသောက်ရပါ၏။

၁၁၀။ ပါဏိမတ္တာသ စောဋ္ဌဿ၊ ဝိပါကံ ပဿ ယာဒိသံ။
ယာဝတာ နန္ဒရာဇဿ၊ ဝိဇိတသ္မိံ ပဋ္ဌဒါ။
၁၁၁။ တတော ဗဟုတရာ ဘန္တေ၊ ဝတ္ထာနုစ္ဆာဒနာနိ မေ။
ကောသေယျကမ္မလိယာနိ၊ ခေါမကပ္ပါသိကာနိ စ။

၁၁၀-၁၁၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ပါဏိမတ္တာသ၊ တစ်လက်ဝါးမျှ လောက်သာရှိသော။ စောဋ္ဌဿ၊ သင်္ကန်းဖို့ရာ အဝတ် ပုဆိုးလျာ၏။ ယာဒိသံ၊ အကြင်သို့သောသဘောရှိသော။ ဖလဲ၊ ကြီးကျယ်ဖွံ့ဖြိုး ကောင်းမြတ်သောအကျိုးသည်။ အတ္ထိ၊ ရှိ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဝိပါကံ၊ တင့်တယ်ဝေဖြိုးကုသိုလ်၏အကျိုးကို။ ပဿ၊ အစဉ်သနား အမြင်အားဖြင့် ထင်ရှားရှုမြင်တော်မူပါဘုရား။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ဝေန၊ ထိုသို့ အဝတ်လှူကာ အနုမောဒနာကြောင့်။ နန္ဒရာဇဿ၊ ရွှေးအခါက နာမကျော်သင်း နန္ဒမင်း၏။ ဝိဇိတသ္မိံ၊ အုပ်ချုပ်ပိုင်စံတိုင်းနိုင်ငံ၌။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ ပဋ္ဌဒါ၊ အဆန်းကြယ်တိုးအဝတ်ပုဆိုးတို့သည်။ သန္တိ၊ အမှန်တိတိ ဧကန်ရှိကုန်၏။ မေ၊ လိုလိုသမျှ အကုန်ရ၍ ရှင်ပျဉ်ပျော်ပျော် တပည့်တော်မ၏။ ကောသေယျကမ္မလိယာနိ၊ ပိုးချည် ကမ္မလာချည်တို့ဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော။ ခေါမကပ္ပါသိကာနိစ၊ ခေါမနှင့်ဝါချည်နှစ်ဖြာဖြင့် ပြီးသည်လည်းဖြစ်ကုန်သော။ ဝတ္ထာနိ၊ ဆန်းကြယ်လှစွာ ခါးဝတ်လျာတို့သည် လည်းကောင်း။ အစ္ဆာဒနာနိ၊ အပေါ်ရုံ အဝတ်ပုဆိုးတို့သည်လည်းကောင်း။ တတော၊ ထိုနန္ဒမင်းစံ တိုင်းနိုင်ငံဖြစ် အလွန်ကောင်းမြတ်သော ပုဆိုးသစ်တို့ထက်။ ဗဟုတရာ = ဗဟုတရာနိ၊ အဆများစွာ သာလွန်ပါကုန်၏ဘုရား။

၁၂၂။ ဝိပုလာ စ မဟဂ္ဃိ စ၊ တေပါကာသေ ဝလဉ္ဇရေ။ 19
သာဟံ တံ ပရိဒဟာမိ၊ ယံ ယံ ဟိ မနသော ပိယံ။ B

http://www.dhammadownload.com

၁၁၂။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ဝိပုလာစ၊ အလျားအနံ နှစ်တန်စုံညီ ပြန့်ပြောသည်လည်း ဖြစ်ကုန်ထသော။ မဟာဂျိစ၊ အဆန်းတွင်ပထမ အလှတွင် ထိပ်ခေါင် အရောင်းပြိုးပြက် အဖိုးအနှဂ္ဃ ထိုက်တန်သည်လည်း ဖြစ်ကုန်ထသော။ တေစ ပဋိစ္စဒါ၊ ထိုအဖိုးများစွာ ထိုက်တန်ပါသော ဝတ်လျာပုဆိုးတို့သည်လည်း။ အာကာသေ၊ အထက်ဝေဟင် နှံးကောင်းကင်၌။ အဝလမ္ဗရေ၊ ပန်းဆိုင်းဆွဲသကဲ့သို့ တွဲရရဲကျလျက်ရှိကုန်၏။ သာဟံ၊ ထိုသို့ လိုတိုင်းရ တတိုင်းပေါ် ဖြစ်နေသည့် ထိုတပည့်တော်သည်။ ယံယံ၊ အကြင်အကြင် အဝတ်ပုဆိုးကို။ မယှံ၊ အကျွန်ုပ်၏။ မနသော၊ စိတ်ဖြင့်။ ပိယံ၊ ချစ်မြတ်နိုးအပ်ပါ၏။ တံ တံ၊ ထိုထိုအဝတ်ပုဆိုးကို။ ပရိဒဟာမိ၊ ဖန်ဖန်ထပ်ထပ် မပြတ်လဲကာ ဝတ်ရုံရပါတော့၏။

၁၁၃။ ထာလကဿ စ ပါနိယံ၊ ဝိပါကံ ပဿ ယာဒိသံ။
ဂန္ဓိရာ စတုရဿာ စ၊ ပေါက္ခရညော သုနိမ္မိတာ။
၁၁၄။ သေတောဒကာ သုပွတိတ္ထာ၊ သိတာ အပွဋိဂန္ဓိယာ။
ပဒုမုပွလသဉ္ဆန္နာ၊ ဝါရိကိဉ္စက္ခပူရိတာ။

၁၁၃-၁၁၄။ ဘန္တေ၊ မကောင်းဒုက္ခမှ မစကယ်တင် အရှင်သူမြတ်ဘုရား။ ထာလကဿ၊ တစ်ခွက်စာမျှလောက်သာရှိပါသော။ ပါဏိယံ ပါဏိယဿ၊ အဆာပျောက်ပြေ သောက်ရေအလှူ၏။ ယာဒိသံ၊ အကြင်သို့သောသဘောရှိသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ အမှန်ရှိ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဝိပါကံ၊ စေတနာသဒ္ဓါ လွန်စွာကဲတိုး ရေလှူကျိုးကို။ ပဿ၊ အရှင်ဘုရား အမြင်အားဖြင့် ရှုစားတော်မူပါဘုရား။ တေန၊ ထိုသို့ပြုစု မြတ်ကောင်းမှုကြောင့်။ ဝါ၊ အရှင်ဘုရား ထင်ရှားရည်ပြု တပည့်တော် သာဓုခေါ်သော ရေကောင်းမှုသည်။ ဂန္ဓိရာ၊ အောက်သို့ထွင်းလျက် အစောက်နက်ကုန်ထသော။ စတုရဿ စ၊ လေးခုသောအထောင့်လည်း ရှိကုန်ထသော။ သေတောဒကာ၊ ကြည်လင်သန့်ရှင်း ဖြူဝင်းသောရေရှိကုန်ထသော။ သုပွတိတ္ထာစ၊ ကောင်းမွန်သော ဆိပ်ကမ်းလည်း ရှိကုန်ထသော။ သီတာ၊ အစဉ်ထာဝရ အေးမြကုန်ထသော။ အပွဋိဂန္ဓိယာ၊ သင်းတပျံ့ပျံ့ ရနံ့လှိုင်ထုံမွှေးကြိုင်သောအနံ့ရှိကုန်ထသော။ ပဒုမုပွလသဉ္ဆန္နာ၊ ပဒုမာ ကြာညိုပန်းတို့ဖြင့် ယှက်သန်းဖြာဖြာ ဖုံးလွှမ်းအပ်ကုန်ထသော။ ဝါရိကိဉ္စက္ခပူရိတာ၊ ကြာတဲဆိပ် ကြာခေါင်းလောင်း ကြာပေါင်းများစွာ အဖြာဖြာတို့၏ ဝတ်လျာဝတ်မှုန် ဝတ်ဆံစုံတို့ဖြင့် ဖုံဖုံလွှမ်းကာ ရေဖြင့်ပြည့်၍ နေကုန်ထသော။ ပေါက္ခရညော၊ အေးမြကြည်လွှဲနတ်ရေကန်တို့ကို။ မယာ၊ အရှင်ဘုရားကယ်မထား၍ ခံစားနေရ တပည့်တော်မ

http://www.dhammadownload.com

သည်။ သုနိမ္မိတာ၊ လိုရှိသမျှ စိတ်တိုင်းကျစွာ ဖန်ဆင်းအပ်ပါကုန်၏။ (ဝါ)ကုန်သော။ ပေါက္ခရညော၊ အေးမြကြည်လျှံ နတ်ရေကန်တို့သည်။ မေ၊ အရှင်ဘုရား ထင်ရှားဒိဋ္ဌ တွေ့မြင်နေရသော တပည့်တော်မအား။ ပါတုဘဝန္တိ၊ အထင်အရှား အစဉ်မနားဘဲ ဖြစ်ပေါ်၍ လာကြပါကုန်ပြီဘုရား။

၁၁၅။ သာဟံ ရမာမိ ကီဠာမိ၊ မောဒါမိ အကုတောဘယာ။
မုနိ ကာရဏိကံ လောကေ၊ ဘန္တေ ဝန္ဒိတုမာဂတာ။

၁၁၅။ ဘန္တေ၊ အရှင်သာရိပုတ္တရာအရှင်မြတ်ဘုရား။ သာဟံ၊ ထိုတပည့်တော်မသည်။ တတ္ထ၊ တင့်တယ်လှပ အေးမြကြည်လျှံ ထိုနတ်ရေကန်တို့၌။ အကုတောဘယာ၊ ဘာတစ်ခုမျှ ဘေးမခသည်ဖြစ်၍။ ရမာမိ၊ စိတ်ထဲရှိသမျှ အလိုကျအောင် မွေ့လျော်ရပါ၏။ ကီဠာမိ၊ ကိုယ့်သဘောကျ မနောကြွအောင် မြူးပျော်ရပါ၏။ မောဒါမိ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာလျှမ်းတောက် ဝမ်းမြောက်ရပါ၏။ ဘန္တေ၊ တပည့်တော်မအား ချမ်းသာပွားအောင် ကယ်ဆောင်ပေတတ် အရှင်မြတ်ဘုရား၊ အဟံ၊ တပည့်တော်မသည်။ လောကေ၊ ရှိရှိသမျှ ဖို့, မသောင်းပြောင်း သတ္တဝါအပေါင်းဟုဆိုအပ်သော သတ္တလောကကြီး၌။ ကာရဏိကံ၊ ညာတာသနား ကရုဏာထားတော်မူတတ်သော။ မုနိ၊ အရှင်သာရိပုတ္တရာ သညာတွင်ခေါ် ရဟန်းတော်ကို။ ဝန္ဒိတုံ၊ ဆယ်ချောင်းလက်စုံ ကြာပဒုံကို ယှက်ရုံဦးတင် ဖူးမြင်ရှိခိုးခြင်းငှာ။ အာဂတာ၊ စေတနာ ဇောကြွ မနောအလှုဖြင့် လာရောက်ရပါသည်ဘုရား။

အဝတ်လှူကျိုးပြု နန္ဒမင်းဝတ္ထု

ထိုဂါထာတို့တွင် "ပါဏိမတ္တာသ စောဠသ" အစချီသော နံပါတ် ၁၁၀ ဂါထာ၌ပါရှိသော နန္ဒမင်းဟူသည်မှာ ရှေးလွန်လေပြီးသောအခါ လူတို့အသက်တမ်း အနှစ်တစ်သောင်းတမ်းတွင် ဗာရာဏသီပြည်၌ တစ်ယောက်သောသူကြွယ်သည် တောင်၌ ခြေလျင်သွားလာ လှည့်ပတ်သည်ရှိသော် တောအရပ်၌ သီတင်းသုံးတော်မူသော တစ်ပါးသော ပစ္စေကဗုဒ္ဓါကို တွေ့မြင်လေ၏။ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုတောအရပ်၌ သင်္ကန်း ချုပ်ဆိုးခြင်းအမှုကို ပြုသည်ရှိသော် အနားပတ်စာမျှ လိုနေသည်ဖြစ်၍ ခေါက်ထားရန် အားထုတ်တော်မူ၏။ ထိုသူကြွယ်သည် ထိုအခြင်းအရာကိုမြင်၍ "အရှင်ဘုရား အရှင်ဘုရားတို့သည် ဘယ်အမှုကိုပြုလုပ်တော်မူပါကုန်သနည်း"ဟု မေးလျှောက်သည်ရှိသော် ထိုအရှင်သည် အလိုနည်းတော်မူသောကြောင့် တစ်စုံတစ်ခွန်းသောစကားကိုမျှ မဆိုမူ၍ နေသော်လည်း သင်္ကန်းလျာအဝတ်ဟုသိ၍ မိမိ၏ ကိုယ်ဝတ်အပေါ်ရုံပုဆိုးကို ပစ္စေကဗုဒ္ဓါ အရှင်

http://www.dhammadownload.com

မြတ်၏ခြေတော်ရင်း၌ ထားခဲ့ပြီး သွားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထို အဝတ်ပုဆိုးကိုယူ၍ အနားပတ်တင်လျက် သင်္ကန်းချုပ်ပြီးလျှင် ဝတ်ရုံတော်မူ၏။

ထိုသူကြွယ်သည် အသက်ထက်ဆုံးနေ၍ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ဖြစ်၏။ ထိုနတ်ပြည်၌ အသက်ရှည်သမျှကာလပတ်လုံး စည်းစိမ်ချမ်းသာကိုခံစား၍ ထိုနတ်ပြည်မှစုတေသော် ဗာရာဏသီပြည်မှ တစ်ယူဇနာမျှ လောက် ဝေးကွာသောအရပ် တစ်ခုသောရွာရှိ အမတ်မျိုး၌ ဖြစ်လေ၏။

နက္ခတ်ပွဲနွဲ့ရန် မိခင်ထံ ပုဆိုးတောင်းပုံ

ထိုသူငယ် အရွယ်သို့ရောက်သောအခါ ထိုရွာတွင် နက္ခတ်ပွဲသဘင် ကြွေးကြော်ကြခြင်းသည် ဖြစ်လေ၏။ ထိုသူငယ်သည် မိခင်ကို "အို- မိခင် အကျွန်ုပ်အား ပုဆိုးပေးပါလော့၊ အကျွန်ုပ် နက္ခတ်ပွဲသဘင်ကို ပါဝင်ကစားပါအံ့"ဟု ပြောဆို၏။

မိခင်၏အဖြေစကား

မိခင်သည် ကောင်းစွာလျှော်ဖွပ်အပ်ပြီးသော ပုဆိုးကိုထုတ်၍ ပေးလေ၏။ "မိခင် ဤပုဆိုးကား ထူထဲကြမ်းတမ်း၏" ဟု ပြောဆိုလေသော်အခြား တစ်ထည်သော ပုဆိုး ကို ယူ၍ပေးပြန်လေ၏။ ထိုပုဆိုးကိုလည်း ပယ်ရှားပြန်၏။ ထိုအခါမှ မိခင်သည် ထိုသူငယ်ကို "ချစ်သား- ငါတို့သည် အကြင်သို့သဘောရှိသော ဤလို အိမ်မျိုး၌ မွေးဖွားကြရကုန်၏၊ ထိုကဲ့သို့သောအိမ်တွင် မွေးဖွားလာရသည့် ငါတို့အား ဤပုဆိုးထက် ပို၍နူးညံ့သော အဝတ်ပုဆိုးကို ရဖို့ရန် ကောင်းမှုကံသည် ငါတို့အား မရှိပါ"ဟု ပြောဆိုလေ၏။

ပုဆိုးရနိုင်ရာသို့ ထွက်ခွာသွားခြင်း

"မိခင်- အကျွန်ုပ် ပုဆိုးရနိုင်ရာအရပ်သို့ သွားပါအံ့"ဟု ပြန်ကြားပြောဆို လေ၏။ "ချစ်သား- သွားလော့၊ ငါမိခင်သည်ကား ယနေ့ပင်လျှင် ဗာရာဏသီပြည်၌ သင်၏ မင်းအဖြစ်ရခြင်းကို အလိုရှိပါ၏"ဟု ပြောဆိုလေ၏။ ထိုသူငယ်သည် "မိခင် ကောင်းပါပြီ"ဟု ပြောဆို၍ မိခင်ကိုရှိခိုးကာ လက်ယာရစ်လှည့်လည်ပြီးလျှင် "မိခင် အကျွန်ုပ်သွားပါဦးမည်"ဟု ပန်ကြားပြောဆို၍ "ချစ်သား သွား ပေတော့"ဟု ခွင့်လွှတ်စကားပြောကြားလေ၏။ ထိုအခါ မိခင်အား ဤသို့သော စိတ်အကြံသည် ဖြစ်သတတ်။ "ဤသဲားဖြစ်သူသည် အဘယ်အရပ်သို့ သွားလိမ့် မည်နည်း၊ ဟိုဟို ဒီဒီ တစ်ခုသောအိမ်၌ ထိုင်နေလတ္တံ့"ဟု အကြံဖြစ်၏။ ထို့ကြောင့် ခွင့်ပြုလိုက်လေ၏။

http://www.dhammadownload.com

ဗာရာဏသီပြည် ကျောက်ဖျာပေါ်၌ အိပ်စက်ခြင်း

ထိုလုလင်သည်ကား ရှေးဘဝက ပစ္စေကဗုဒ္ဓါ အရှင်မြတ်အထံ၌ ပြုခဲ့ဖူးသော ကောင်းမှုသည် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍ ရွာမှထွက်ကာ ဗာရာဏသီပြည်သို့ သွားပြီးလျှင် မင်္ဂလာရှိသောကျောက်ဖျာအပြင်၌ ဦးခေါင်းခြုံ၍ အိပ်နေလေ၏။ ထိုလုလင် ကျောက်ဖျာ၌အိပ်သောနေ့သည်ကား ဗာရာဏသီပြည့်ရှင် နတ်ရွာစံ၍ ခုနစ်ရက်မြောက်သောနေ့ဖြစ်လေ၏။

မူးမတ်တို့ မင်းလောင်းရှာကြခြင်း

အမှတ်တို့သည်လည်းကောင်း၊ ပုရောဟိတ်တို့သည်လည်းကောင်း မင်း၏ ဈာပနအမှုကို ကောင်းစွာပြုကြပြီးလျှင် မင်းရင်ပြင်၌ထိုင်ကာ ဤသို့တိုင်ပင်ကြကုန်၏။ "ငါတို့၏မင်းကြီးအား တစ်ယောက်တည်းသော သမီးတော်သာ ရှိချေ၏၊ သားတော်ကား မရှိခဲ့၊ မင်းမဲ့တိုင်းပြည်မည်သည် မတည်တံ့နိုင်၊ ဖုတ်သွင်းရထားကို လွတ်ကြကုန်အံ့" ထိုသို့တိုင်ပင်ကြကုန်ပြီးလျှင် ထိုမူးမတ် ပုရောဟိတ်တို့သည် ကုမုဒ္ဒရာကြာအဆင်းနှင့်တူကုန်သော လေးစီးသော သိန္ဓောမြင်းတို့ကို ကစေ၍ ထီးဖြူအစရှိသော မင်းမြောက်တန်ဆာငါးပါးကို ရထား၌ပင်လျှင် တင်ထားကြ၍ ဖုတ်သွင်းရထားကိုလွတ်ပြီးလျှင် နောက်မှ တူရိယာတို့ကို တီးမှုတ်ချီးမြှောက်ကြစေကုန်၏။ ရထားသည် အရှေ့တံခါးမှထွက်၍ ဥယျာဉ်တော်သို့ ရှေးရှုသွားလေ၏။ အလေ့အကျက်အားဖြင့် ဥယျာဉ်သို့ ရှေးရှုသွားခြင်းသည် ဖြစ်လေ၏။ ထိုအခါ "ပြန်လှည့်ကြကုန်အံ့"ဟု အချို့က ပြောဆိုကြကုန်၏။ ပုရောဟိတ်ကမူ "ပြန်မလှည့်ကြပါကုန်လင့်"ဟု ပြောဆို၏။

သူတို့သားထံ ဖုတ်သွင်းရထားဆိုက်ရောက်ခြင်း

ရထားသည် သတို့သားကို လက်ယာရစ်လှည့်လည်ကာ တက်စီးရန် အဆင်သင့်အနေအထားဖြင့် ရပ်နေလေ၏။ ပုရောဟိတ်သည် ခြုံထည်၏အနား စွန်းကို ဖွင့်လှစ်၍ ခြေဖဝါးအပြင်တို့ကို ကြည့်ရှုသည်ရှိသော် "ဤဓမ္မဒီပ်ကျွန်းကို အသာထား၊ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိကုန်သော ကျွန်းကြီးလေးကျွန်းလုံးတို့၌ပင် တစ်ဦးတည်း အုပ်ချုပ်မင်းလုပ်ရန် သင့်လျော်လျောက်ပတ်သည့် သူပင်တည်း"ဟု ဆို၍ "တူရိယာတို့ကို သာယာနာပျော်ဖွယ်ရာ တီးမှုတ်ကာ ချီးမြှောက်ကြကုန်လော့"ဟု ဆို၏။ တစ်ဖန် ထပ်၍လည်း တီးမှုတ်ကာ ချီးမြှောက်ကြကုန် လော့ဟု သုံးကြိမ်တိုင်တိုင် တူရိယာတို့ကို တီးမှုတ်ကာ ချီးမြှောက်စေ၏။

http://www.dhammadownload.com

သတို့သားမင်းအဖြစ် အဘိသိက်ခံခြင်း

ထိုအခါ သတို့သားသည် မျက်နှာကို ဖွင့်ကြည့်ပြီးလျှင် "မိတ်ဆွေတို့ အဘယ်ကိစ္စဖြင့် လာရောက်ကြကုန်သနည်း"ဟု မေးမြန်းလေ၏။ "အရှင်မင်းမြတ် အသင်တို့အား ပြည်စည်းစိမ်ကို အပ်နှင်းအံ့သောငှါ ရောက်လာကြပါ၏"ဟု လျှောက်ထားကြကုန်၏။ "သင်တို့၏ပြည့်ရှင် မင်းကြီးကား အဘယ်မှာနည်း" ဟု မေးမြန်းသောအခါ "အရှင် အကျွန်ုပ်တို့မင်းကြီးသည် နတ်ရွာစံသွားပါပြီ" ဟု လျှောက်ထားကြကုန်၏။ "အဘယ်မျှသောရက်တို့သည် လွန်ကုန်ပြီနည်း"ဟု မေးသောအခါ "မင်းကြီး နတ်ရွာစံသည်မှာ ယနေ့ ခုနစ်ရက်မြောက်သောနေ့ပါတည်း"ဟု လျှောက်ထားကြလေကုန်၏။ "ထိုမင်းကြီးမှာ သားတော် သမီးတော်များ မရှိခဲ့ပါသလော"ဟု မေးမြန်းသောအခါ "အရှင်မင်းမြတ် သမီးတော်ကား ရှိခဲ့ပါ၏၊ သားတော်ကား မရှိရစ်ခဲ့ပါ"ဟု လျှောက်ထားကြကုန်၏။ "ထိုသို့ဖြစ်ပါမူကား ငါသည် မင်းအဖြစ်ကိုပြုပါအံ့"ဟု ပြောကြားလေ၏။ မူးမတ်နှင့်တကွ ပုရောဟိတ်တို့သည် ထိုခဏ၌ပင်လျှင် အဘိသိက်သွန်းရန် မဏ္ဍပ်ကို ဆောက်လုပ်ကြကုန်၏။ သမီးတော်ကို အလုံးစုံသော အဆင်တန်ဆာရတနာတို့ဖြင့် တန်ဆာဆင်ယင်ပြီးလျှင် ဥယျာဉ်သို့ခေါ်ဆောင်၍ သတို့သားအား အဘိသိက်သွန်းခြင်း မင်္ဂလာကို ပြုကြကုန်၏။

မင်း၏ဘုန်းကံကြောင့် ပဒေသာပင်တို့ပေါက်လာ

ထိုအခါ အဘိသိက်ခံပြီးသော ထိုမင်းအား အဖိုးတစ်သိန်းထိုက်တန်သော အဝတ်ပုဆိုးကို ဆက်သကြကုန်၏။ ထိုမင်းသည် "အမတ်တို့- ဤအရာကား ဘာပစ္စည်းနည်း"ဟု မေးမြန်းလေ၏။ "အရှင်မင်းမြတ် ဤအရာကား ဝတ်လဲတော်ပုဆိုးပါဘုရား"ဟု သံတော်ဦးတင်ကြလေကုန်၏။ "အမတ်တို့ ကြမ်းတမ်းလှချေကလား"ဟု မိန့်တော်မူသောအခါ "အရှင်မင်းမြတ် လူတို့သုံးဆောင်သော အဝတ်ပုဆိုးတို့တွင် ဤပုဆိုးထက် သာလွန်နူးညံ့သောပုဆိုးမည်သည် မရှိတော့ပါ"ဟု သံတော်ဦးတင်ကြလေကုန်၏။ "သင်တို့၏မင်းကြီးသည် ဤသို့သောအဝတ်ပုဆိုးကိုပင် ဝတ်ဆင်ပါသလော"ဟု မေးမြန်းတော်မူရာ "အရှင်မင်းမြတ်- ဤကဲ့သို့သော အဝတ်ပုဆိုးကိုသာ ဝတ်ဆင်ပါ၏"ဟု သံတော်ဦးတင်ကြလေကုန်၏။ "သင်တို့၏မင်းကြီးသည် ဘုန်းကံကြီးမားသူ ဟုတ်မည်မထင်"ဟု မိန့်တော်မူပြီးလျှင် "ရွှေကရားကို ဆောင်ယူခဲ့ကြကုန်လော့၊ အဝတ်ပုဆိုးရလတ္တံ့"ဟု မိန့်ကြားတော်မူ၍ အမတ်တို့လည်း ရွှေကရားကိုဆောင်ယူကာ ဆက်သကြကုန်၏။ ထိုနန္ဒမင်းသည်

http://www.dhammadownload.com

ထ၍ လက်တို့ကို ဆေးကြောပြီးလျှင် ခံတွင်းကို ပလုတ်ကျင်းလျက် လက်ဖြင့် ရေကိုယူပြီးလျှင် အရှေ့မျက်နှာအရပ်၌ ကြဲဖြန့်သွန်းလောင်း လိုက်လေ၏။ ထိုအခါ တခဲနက်သောမြေကြီးကို ခွဲဖျက်၍ ရှစ်ဖြာသောပဒေသာပင်တို့သည် ထွက်ပေါ်လာကြကုန်၏။ တစ်ဖန် ရေကိုယူ၍ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်ဟု ဆိုအပ်ကုန်သော ဤအရပ်လေးမျက်နှာတို့၌ ကြဲဖြန့် သွန်းလောင်းလေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှစ်ပင် ရှစ်ပင်စီအားဖြင့် သုံးဆယ့်နှစ်ခုသော ပဒေသာပင်တို့သည် ပေါက်ရောက်ကုန်၏။ အရပ်မျက်နှာ တစ်ခုလျှင် ၁၆ ပင်စီအားဖြင့် ၆၄ ပင်ပေါက်သည်ဟု အချို့ဆိုကုန်၏။

ချည်ငင်သူတို့ ချည်မငင်ကြရန် အမိန့်ထုတ်ပြန်

ထိုနန္ဒမင်းသည် တစ်ထည်သောနတ်ဖြစ်ပုဆိုးကိုဝတ်၍ တစ်ထည်ကိုရုံကာ "နန္ဒမင်း၏နိုင်ငံ၌ 'ချည်ငင်သောမိန်းမတို့သည် ချည်ငင်ခြင်းကို မပြုကြကုန်နှင့်တော့'ဟု စည်ကို လည်စေလော့"ဟု မိန့်တော်မူ၍ ထီးဖြူကို စိုက်ဆောင်းလျက် တန်ဆာဆင်ခြင်းနှင့်စပ်သော မြတ်သောဆင်၏ ကျောက်ကုန်းထက်သို့စီးလျက် မြို့သို့ဝင်ပြီးလျှင် ပြာသာဒ်ထက်သို့တက်ကာ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစား၍နေတော်မူ၏။

မိဖုရား အကြံပေး၍ ကုသိုလ်ပြုရန်စီစဉ်

ဤသို့ စည်းစိမ်ခံစား၍နေတော်မူစဉ် ကာလရှည်ကြာလတ်သော် တစ်နေ့သ၌ မိဖုရားသည် မင်း၏စည်းစိမ်ချမ်းသာကိုမြင်၍ "ညောင်– ဘုန်းတန်ခိုး ကြီးပေစွတကား"ဟု သနားသော အခြင်းအရာကို ပြလေ၏။ "မိဖုရား ဤအမှုအရာကား အသို့ပါနည်း"ဟု မေးတော်မူသည်ရှိသော် "အရှင်မင်းမြတ် အရှင်မင်းမြတ်၏ စည်းစိမ်သည်ကား အလွန်ကြီးကျယ်ပါပေ၏၊ ရှေးအတိတ်အခါတုန်းကတော့ ကုသိုလ်ကောင်းမှုကို ပြုခဲ့ပါကုန်၏၊ ယခုအခါ နောင်အနာဂတ်၏အကျိုးငှာ ကုသိုလ်ကောင်းမှုကို မပြုတော့ကုန်သလော"ဟု ပြောဆိုလေ၏။ "အဘယ်သူအား ပေးလှူရပါကုန်အံ့နည်း၊ သီလရှိသောပုဂ္ဂိုလ်တို့သည် မရှိကုန်သည် မဟုတ်ပါလော်"ဟု မိန့်ကြားတော်မူလတ်သော် "အရှင်မင်းမြတ် ဇမ္ဗူဒီပ်ကျွန်းသည် ရဟန္တာပုဂ္ဂိုလ်တို့မှ မဆိတ်သုဉ်းပါ၊ အရှင်မင်းမြတ်တို့သည် လှူဒါန်းဖွယ်ရာ ဒါနဝတ္ထုတို့ကိုသာ စီရင်တော်မူပါကုန်လော့၊ အကျွန်ုပ်သည် ရဟန္တာပုဂ္ဂိုလ်တို့ကိုရရန် ရှာမှီးပါအံ့"ဟု လျှောက်တင်လေ၏။ နောက်တစ်နေ့၌ အလှူတော်ကြီးကို ပြုလုပ်စီရင်စေ၏။ မိဖုရားသည် "အကယ်၍ ဤအရပ်မျက်နှာ၌ ရဟန္တာပုဂ္ဂိုလ် ရှိခဲ့ငြားအံ့၊

http://www.dhammadownload.com

ဤအရပ်သို့ ကြွရောက်တော်မူ၍ တပည့်တော်တို့၏ဆွမ်းအလှူကို ခံယူတော်မူကြပါစေကုန်သတည်း"ဟု အဓိဋ္ဌာန်၍ မြောက်အရပ်သို့ ရှေးရှုကာ ရင်ဖြင့်ဝပ်ကာ ရှိခိုးလေ၏။

ပစ္စေကဗုဒ္ဓါငါးရာ ကြွလာတော်မူခြင်း

မိဖုရားသည် ရင်ဖြင့်ဝပ်လျက် ရှိခိုးကာမျှဖြင့်ပင်လျှင် ဟိမဝန္တာနေ ပဒုမဝတီ၏ သားဖြစ်ကုန်သော ငါးရာသော ပစ္စေကဗုဒ္ဓါအရှင်တို့တွင် အကြီးဆုံး မဟာပဒုမ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ညီတော် ပစ္စေကဗုဒ္ဓါတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။ "အချင်းညီတော်တို့ နန္ဒမင်းသည် သင်တို့ကို ပင့်ဖိတ်၏၊ သင်တို့သည် ထိုနန္ဒမင်း၏ ဆွမ်းအလှူကို ခံယူကြကုန်လော့"။ ထိုပစ္စေကဗုဒ္ဓါတို့ကို လက်ခံစေပြီး၍ ထိုခဏ၌ပင်လျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် မြောက်တံခါး၌ သက်ဆင်းတော်မူကြကုန်၏။ လူတို့သည် "အရှင်မင်းမြတ် ငါးရာသော ပစ္စေကဗုဒ္ဓါတို့ ကြွလာတော်မူပါကုန်ပြီ"ဟု မင်းအား သံတော်ဦးတင် ကြလေကုန်၏။

အသက်ထက်ဆုံး ပြုစုလုပ်ကျွေးခြင်း

မင်းသည် မိဖုရားနှင့်တကွ လာရောက်ရှိခိုးပြီး သပိတ်ကိုယူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ပြာသာဒ်ထက်သို့ပင့်ဆောင်ပြီး ထိုပြာသာဒ်အပြင်၌ပင်လျှင် လှူဖွယ်ဝတ္ထု အစုစုကို ပြုစုလှူဒါန်းလေ၏၊ ဆွမ်းစားပြီးသည်၏အဆုံးတွင် ဘုရင်မင်းမြတ်က သံဃာ့ထေရ်၏ ခြေတော်ရင်းတွင်လည်းကောင်း၊ မိဖုရားက သီတင်းငယ် သံဃာရဟန်း၏ခြေရင်းတွင်လည်းကောင်း ရှိသေစွာဝပ်စင်း၍ အရှင်ပစ္စေကဗုဒ္ဓါတို့လည်း ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်းကြပါကုန်လင့်၊ အကျွန်ုပ်တို့လည်း ကုသိုလ်ကောင်းမှုမှ မဆုတ်ယုတ်ကုန်လတ္တံ့ဟု အာရုံပြု၍ "တပည့်တော်တို့၏ နေရာအရပ်၌ အမြဲသီတင်းသုံးခြင်းငှာ ဝန်ခံတော်မူခြင်းကို ပေးတော်မူပါကုန်ဘုရား" ဟု ဝန်ခံခြင်းကိုပြုစေ၍ ဥယျာဉ်တော်၌ သီတင်းသုံးရာဌာနတို့ကို ဆောက်လုပ်စေပြီး အသက်ထက်ဆုံး ပစ္စေကဗုဒ္ဓါတို့ကို ပြုစုလုပ်ကျွေးလေ၏။

ဂေါတမဘုရားရှင်လက်ထက်၌ အရှင်မဟာကဿပနှင့် ဘဒ္ဒါကာပိလာနီ

ထိုပစ္စေကဗုဒ္ဓါတို့သည် ပရိနိဗ္ဗာန်စံတော်မူကုန်သည်ရှိသော် သာဓုကီဠနသဘင် ကောင်းစွာဆင်ယင် ကျင်းပပြုလုပ်စေ၍ နံ့သာထင်း စသည်တို့ဖြင့် ဖုတ်ကြည်း သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုလုပ်စေပြီးလျှင် ဓာတ်တော်တို့ကိုယူစေ၍ စေတီတော်တည်ထားကြကုန်၏။ "ဤသို့သဘောရှိသည်လည်း ဖြစ်ကုန်သော ကြီးမား

http://www.dhammadownload.com

သော တန်ခိုးရှိကြကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အားသော်မှလည်း သေခြင်းသဘောတရားမည်သည် ဖြစ်ကုန်သေး၏၊ ငါတို့ကဲ့သို့သောပုဂ္ဂိုလ်တို့အား အံ့ဘယ်မှာ ဆိုဖွယ်ရာရှိနိုင်ပါအံ့နည်း"ဟု ထိတ်လန့်ခြင်း သံဝေဂရှိသည်ဖြစ်၍ သားကြီးကို မင်းအဖြစ်၌ တည်စေ၍ မိမိသည် ရသေ့ ရဟန်းပြုလေ၏။ မိဖုရားသည်လည်း မင်းသည် ရဟန်းပြုသွားသည်ရှိသော် "ငါသည်လည်း ဘာလုပ်တော့အံ့နည်း"ဟု ပြောဆိုကြေစည်၍ ရသေ့ရဟန်းပြုလေ၏။ မင်း၊ မိဖုရား နှစ်ပါးသည်လည်း ဥယျာဉ်၌နေကုန်လျက် ဈာန်တို့ကိုဖြစ်စေ၍ ဈာန်ချမ်းသာဖြင့် အချိန်ကာလကိုလွန်စေပြီးကာ အသက်၏အဆုံး၌ ဗြဟ္မာပြည်၌ဖြစ်ကုန်၏။ ထိုနန္ဒမင်းသည် ငါတို့ဂေါတမဘုရားရှင်၏ တပည့်ကြီးတစ်ဆူဖြစ်တော်မူသော မဟာသာဝက အရှင်မဟာကဿပမထေရ်မြတ် ဖြစ်လာတော်မူ၏။ ထိုနန္ဒမင်း၏ အဂ္ဂမဟေသီ မိဖုရားကြီးသည်ကား ဘဒ္ဒါကာပိလာနီ အမည်ရှိသော သာဝိကာမ ဖြစ်လာလေ၏။

တရားဟောတော်မူခြင်း

ဤနန္ဒမင်းသည် အနှစ်တစ်ထောင်တို့ပတ်လုံး မိမိသည် နတ်၌ဖြစ်သော အဝတ်ပုဆိုးတို့ကို ဝတ်ရုံသုံးဆောင်လျက် မိမိနိုင်ငံအလုံးကို မြောက်ကျွန်းနှင့် တူသည်ကိုပြုလျက် လာကုန်လာကုန်သော လူတို့အား နတ်၌ဖြစ်သောပုဆိုးတို့ကို ပေးကမ်းလေ၏။ ထိုနတ်၌ဖြစ်သော အဝတ်ပုဆိုး၏ပြည့်စုံခြင်းကိုရည်၍ "ယာဝတာ နန္ဒရာဇဿ၊ ဝိဇိတသ္မိံ ပဋိဿဒါ"ဟု ထိုပြိတ္တာမသည် ပြောဆိုလေ၏။ ဤသို့ဟု ထိုပြိတ္တာမသည် ပြောဆိုအပ်သည်ရှိသော် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကွင်းကဝတီ၊ ဒီဃရာဇီဟူသော ရွာနှစ်ရွာတို့မှ မိမိ၏ထံမှောက်သို့ ကပ်ရောက်လာကြကုန်သော လူအပေါင်းတို့အား ဤအကြောင်းအရာကို အကျယ်ချဲ့ဟောကြားတော်မူလျက် ထိတ်လန့်စေ၍ သံသာရမောစန မကောင်းမှုအကုသိုလ်ကံမှ လွတ်စေ၍ ဥပါသကာအဖြစ်၌ တည်စေ၏။ ထိုအကြောင်းသည် ရဟန်းတို့၌ ထင်ရှားသည်ဖြစ်လေ၏။ ထိုအကြောင်းကို ရဟန်းတို့သည် ဘုရားရှင်အားလျှောက်ထားကြကုန်၏။ ဘုရားရှင်သည် ထိုအကြောင်းကို အကြောင်းဗျုပ္ပတ်အဋ္ဌုပ္ပတ်ပြုတော်မူ၍ ရောက်လာသောပရိသတ်အား တရားကို ဟောကြားတော်မူ၏။ ထိုဒေသနာတော်သည် များစွာသောလူအပေါင်းအား အကျိုးများသည်ဖြစ်လေ၏။

ကံကိုမယုံကြည်ဘဲ သတ္တဝါ လူချွတ်မှသာ ကျွတ်နိုင်သည်ဟု
အယူရှိသော ပြိတ္တာမအကြောင်း ပြီး၏။

http://www.dhammadownload.com

၂-သာရိဥဋ္ဌဇေဋ္ဌရဿတုဒေတိဝတ္ထု

အရှင်သာရိပုတ္တရာမထေရ်မြတ်၏
အမိတော်စပ်ခဲ့ဖူးသော ပြိတ္တာမ

နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤသာရိပုတ္တတ္ထေရမာတုပေတိဝတ္ထုကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်၏ ဤဘဝမှ ငါးခုမြောက်ဘဝက မိခင်ဖြစ်ခဲ့ဖူးသောပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ပုဏ္ဏားသူကြွယ်နှင့် မထေရ်ကြီး ၄ပါး

တစ်နေ့သ၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနမထေရ်တို့သည် ရာဇဂြိုဟ်ပြည်၏ မနီးမဝေး တစ်ခုသော တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြကုန်၏။ ထိုအခါ ဗာရာဏသီပြည်၌ တစ်ဦးသော ပုဏ္ဏားသည် ကြွယ်ဝချမ်းသာ များစွာစည်းစိမ်ဥစ္စာရှိသည်ဖြစ်၍ ရဟန်းပုဏ္ဏား၊ အထီးကျန်သော သူ၊ ခရီးသွားသူ၊ ဖုန်းတောင်းယာစကာတို့၏ ရေတွင်း ရေကန်သဖွယ်ဖြစ်၍ ထမင်းအဖျော် အဝတ်ပုဆိုး အိပ်ရာနေရာ စသည်တို့ကို ပေးလှူလေ၏။ ပေးလှူသော်လည်း လာကုန်လာကုန်သောသူတို့အား ကာလအလိုက် ထိုက်တန်သည်အားလျော်စွာ ခြေဆေးရေ ခြေနယ်ဆီ အစရှိသော အလုံးစုံသောခရီးလမ်းစာ ရိက္ခာကို စီရင်ပေးခြင်းသည် ဖြစ်လေ၏။ နံနက်အခါ၌ ရဟန်းတို့အား ဆွမ်း၊ အဖျော် အစရှိသည်ဖြင့် ရိုသေစွာ လုပ်ကျွေးလေ၏။

ခရီးထွက်သော်လည်း အလှူမပျက်စေသူ

ထိုပုဏ္ဏားသည် အရပ်တစ်ပါးသို့ ခရီးသွားသည်ရှိသော် မယားဖြစ်သူကို ပြောဆို မှာကြားခဲ့လေ၏။ အဘယ်သို့ မှာကြားခဲ့သနည်းဟူမူ "ရှင်မ နေ့စဉ် လှူဒါန်းတည်ခင်းနေကျဖြစ်သော ဤလှူဒါန်းခြင်းအစီရင်ကို မဆုတ်ယုတ် မပျက်ပြားစေကုန်လင့်၊ ရိုသေစွာ ပြုစုလုပ်ကျွေးရစ်ပါလော့"ဟု ပြောဆိုမှာကြား၍ ထားခဲ့လေ၏။

ယုတ်မာသူ မယားပုဏ္ဏားမ

မယားပုဏ္ဏားမသည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ ထိုလင်ဖြစ်သူပုဏ္ဏား ဖဲခွာ၍သွားစဉ်ပင်လျှင် ရှေးဦးစွာ ရဟန်းတို့အား တည်ခင်းထားနေကျဖြစ်သော

http://www.dhammadownload.com

အလှူအစီအရင်ကို ဖြတ်ထားလေ၏။ တည်းခိုနေထိုင်ခြင်းငှာ ကပ်ရောက်လာကြကုန်သော ခရီးသွားဧည့်သည်တို့အား အိမ်၏နောက်ဖေးဦး စွန့်ပစ်ထားအပ်သော ဟောင်းမြင်းသော ဇရပ်အိုကြီးကို ညွှန်ပြ၍ "ဤဇရပ်ဦးနေကြကုန်လော့"ဟု ဆိုလေ၏။ ထိုမင်း အဖျော် စသည် အလို့ငှာ လာကြကုန်သည်ရှိသော် "မစင်ကို စားကြကုန်လော့၊ ကျင်ငယ်ကို သောက်ကြကုန်လော့၊ သွေးကို သောက်ကြကုန်လော့၊ သင်တို့၏အမိ ဦးနှောက်ကို စားသောက်ကြကုန်လော့"ဟု ပြောဆိုလေ ၏။ အကြင်အကြင် မစင်မကြယ် စက်ဆုပ်ဖွယ်ဝတ္ထုသည် ရှိ၏၊ ထိုထိုဝတ္ထု၏အမည်ကို ယူငင်သုံးစွဲကာ ရွံဖွယ်တသွင် အော့အန်လာချင်အောင် ယုတ်ယုတ်မာမာ ပြောဆိုလေ၏။

ပုဏ္ဏားမ ပြိတ္တာဖြစ်ပြီး အရှင်သာရိပုတ္တရာထံလာပုံ

ထိုပုဏ္ဏားမသည် အခါတစ်ပါး သေလွန်ခဲ့၍ မိမိပြုခဲ့သော အကုသိုလ်ကံ၏အာနုဘော်သည် လှုံ့ဆော် ပစ်ချအပ်သည်ဖြစ်ရကား ပြိတ္တာမျိုးဌဖြစ်၍ မိမိ ၏ဝစီဒုစရိုက်အားလျော်စွာ ဆင်းရဲကို အစဉ်ခံစားလျက် ရှေးဘဝအဆက်အစပ် ကို အစဉ်အောက်မေ့၍ အရှင်သာရိပုတ္တရာ၏ အထံတော်သို့ ကပ်ရောက်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ထိုအရှင်သာရိပုတ္တရာမထေရ်မြတ်၏ ကျောင်းတံခါးသို့ ရောက်လာလေ၏။ ထိုရောက်လာသော ပြိတ္တာမအား ကျောင်းတံခါးစောင့်နတ်တို့သည် ကျောင်းအတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ် ပိတ်ပင်ကြကုန်၏။

ဘဝဟောင်းက မယ်တော်

ထိုပြိတ္တာမသည် ဤဘဝမှ ငါးခုမြောက်သောဘဝက အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အမိဖြစ်ခဲ့ဖူးသတတ်။ ထို့ကြောင့် ဤသို့ပြောကြားလေ၏၊ အဘယ်သို့ပြောကြားသနည်းဟူမူ "ငါသည် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ဤဘဝမှ ငါးခုမြောက်သောဘဝက မယ်တော်ပေတည်း၊ မထေရ်မြတ်ကို ဖူးမြင်ခြင်းငှာ ငါ့အား တံခါးတွင်းသို့ ဝင်ခွင့်ပေးကြပါကုန်"ဟု ပြောကြားလေ၏။ ထို စကားကိုကြား၍ တံခါးစောင့်နတ်တို့သည် ထိုပြိတ္တာမအား ကျောင်းတံခါးအတွင်းသို့ ဝင်ခြင်းကို ခွင့်ပြုကြကုန်၏။ ထိုပြိတ္တာမသည် ဝင်လာ၍ စကြိစွန်းဌရပ်ကာ အရှင်သာရိပုတ္တရာမထေရ်မြတ်အား ကိုယ်ထင်ပြလေ၏။

အရှင်သာရိပုတ္တရာအမေး

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ထိုပြိတ္တာမကိုမြင်၍ ကရုဏာဖြင့်

http://www.dhammadownload.com

တိုက်တွန်း နှိုးဆော်အပ်သောစိတ်ရှိသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုတော်မူလေ၏။

၁၁၆။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ၊ ကိသာ ဓမနိသန္ထတာ။
ဥပ္ပါသုလိကေ ကိသိကေ၊ ကာ နု တွံ ဣဓ တိဋ္ဌသိ။

၁၁၆။ ဥပ္ပါသုလိကေ၊ အထက်သို့ထွက်လျက် ထိုးထိုးထောင်ထောင်တက်သော နံရိုးရှိသော။ ကိသိကေ၊ သွေးခန်းသားခြောက် အားပျောက်ယိုင်ကာ ပိန်ချုံးရှာသည်။ ဓမနိသန္ထတာ၊ အကြောစင်းစင်း ဖြန့်ကာခင်းအပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ နဂ္ဂါ၊ အဝတ်ကွာကင်း ဗလာကျင်းသည်။ အသိ၊ ဖြစ်၏။ ဒုဗ္ဗဏ္ဏရူပါ၊ အဆင်းမလှ မဝင်းပသောရုပ်ရှိသည်ဖြစ်လျက်။ ဣဓ၊ မလာရောက်အပ် ဤအရပ်၌။ တိဋ္ဌသိ၊ ရပ်တည်၍နေ၏။ သာ တွံ၊ ထိုသို့ရပ်လာ သင်ပြိတ္တာမသည်။ ကာနု၊ ဘယ်မျိုး ဘယ်ဓာတ် ဘယ်အရပ်မှလာသူ ဖြစ်ပါသနည်း။

ထိုပြိတ္တာမသည် အောက်ပါငါးဂါထာတို့ဖြင့် ဖြေကြားလေ၏။

ပြိတ္တာမ၏အဖြေ

၁၁၇။ အဟံ တေ သကိယာ မာတာ၊ ပုဗ္ဗေ အညာသု ဇာတိသု။
ဥပ္ပန္နာ ပေတ္တိဝိသယံ၊ ခုပ္ပိပါသသမပ္ပိတာ။
၁၁၈။ ဆဋ္ဌိတံ ခီပိတံ ခေဠံ၊ သိမ္ပါဏိကံ သိလေသုမံ။
ဝသဉ္စ ဥယ္ဟမာနာနံ၊ ဝိဇာတာနဉ္စ လောဟိတံ။
၁၁၉။ ဝဏ်ိကာနဉ္စ ယံ ဃာန-သိသဿိနာန လောဟိတံ။
ခုဒါပရေတာ ဘုဉ္ဇာမိ၊ ဣတ္တိပုရိသနိဿိတံ။

၁၁၇။ ၁၁၈။ ၁၁၉။ ဘန္တေ၊ အရှင်သာရိပုတ္တရာ အရှင်မြတ်ဘုရား။ အဟံ၊ အခု အရှင်ဘုရား မြင်နေရ တပည့်တော်မသည်။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးစွ ရှေးကာလ၌။ အညာသု၊ ဤဘဝမှ တစ်ပါးကုန်သော။ ဇာတိသု၊ ဖြစ်ခဲ့ပြီးရာ များစွာသောဘဝတို့၌။ တေ၊ သီလသမာပညာကြီးမား အရှင်ဘုရား၏။ သကိယာ၊ နို့ချိုတိုက်ထွေး ဝါးဖတ်ကျွေးကာ မွေးမြူခဲ့ပါသော။ မာတာ၊ ကျေးဇူးအရှင် မွေးမိုခင်ပါတည်း။ ဒါနိ၊ ယခုအခါ၌။ ပေတ္တိဝိသယံ=ပေတ္တိဝိသယေ၊ မသက်မသာ ဒုက္ခဖြာသည့် ပြိတ္တာဘုံ၌။ ဥပ္ပန္နာ၊ အကုသိုလ်ပြု မကောင်းမှုကြောင့် ကျရောက်ဖြစ်တည်၍နေရသည်။ ဟုတ္တာ၊ ဖြစ်၍။ ခုပ္ပိပါသသမပ္ပိတာ၊ ပါးပါးရှားရှား ခေါင်းပါးငတ်ပြတ် လွမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍။ ဆဋ္ဌိတံ၊ စွန့်အန်ထွေးအပ် စားပြီးဝါးဖတ်ကိုလည်းကောင်း။ ခီပိတံ၊ ခံတွင်းမှကျ အညစ်အကြေးဟူသမျှကိုလည်းကောင်း။ ခေဠံ၊ မစင်မကြည်

http://www.dhammadownload.com

ရွှံ့ဖွယ်ညစ်ကြေး တံတွေးဟူသမျှကိုလည်းကောင်း။ သီဃ်ာဏိက်၊ ဦးနှောက်မှကျ နှာခေါင်းဝလာ နှပ်အဖြာဖြာကိုလည်းကောင်း။ သိလေသုမံ၊ ကျိုကျိုခွဲခွဲကပ်ဖွဲစေး ပိတ် သလိပ်ဟူသမျှကိုလည်းကောင်း။ ဥယှမာနာနံ၊ သူသေကောင်တို့၏။ ဝသဉ္စ၊ ယိုစီးပေါက်ကျ ဆီကြည်ဟူသမျှကိုလည်းကောင်း။ ဝိဇာတာနဉ္စ၊ သားဖွား ကုန်ငြား မိန်းမများတို့၏။ လောဟိတဉ္စ၊ ယိုစီးဖြာကျ သွေးဟူသမျှကိုလည်းကောင်း။ ဝဏ္ဏကာနဉ္စ၊ အိုင်းအမာရှိသောသူတို့၏။ ယံလောဟိတဉ္စ၊ အကြင် ယိုစီးဖြာကျ သွေးဟူသမျှကိုလည်းကောင်း။ ဃာနသီသစ္ဆိန္နာနလောဟိတံ၊ နှာခေါင်းပြတ်သူ ခေါင်းပြတ်သူတို့၏ နိုနိုတွေးတွေး ထွက်သော သွေးဟူသမျှကိုလည်းကောင်း။ ဣတ္ထိပုရိသနိဿိတံ၊ မိန်းမ၊ ယောကျ်ား နှစ်ဦးသားတို့ကို မှီတွယ်ကာဖြစ်သော။ အညဉ္စ၊ ဆိုခဲ့ပြီးသည်မှဘစ်ပါး အရေ အသား အဆီ အကြော ပြည် စသည်ကို လည်းကောင်း။ ခုဒါပရေတာ၊ ငတ်မွတ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍။ ဘုဉ္ဇာမိ၊ ရွံရှံရှက်ရွံက် ဝင့်နှိပ်စက်၍ မသက်မသာ စားသောက်၍နေရပါ၏ဘုရား။

၁၂၀။ ပုဗ္ဗလောဟိတံ ဘက္ခာမိ၊ ပသူနံ မာနုသာနဉ္စ။
အလေဏာ အနဂါရာ စ၊ နိလမဉ္ဆပရာယနာ။

၁၂၀။ ပုတ္တ၊ ဟိုဘဝက ယုယပိုက်ထွေး နို့တိုက်ကျွေးကာ မွေးမြူခဲ့ရပါ သော အို သားတော်ဘုရား။ အဟံ၊ အကုသလ ကံပစ်ချ၍ ဒုက္ခလွန်းပေါ် ခံစား ရတဲ့ တပည့်တော်မသည်။ အလေဏာ၊ ကယ်သူကင်းကွာ ကိုးကွယ်ရာမရှိသည်။ အနဂါရာ စ၊ ခိုအောင်းစရာ အိမ်ရာလည်းမရှိသည်။ နိလမဉ္ဆပရာယနာ၊ သုသာန်မြေတွင် သူသေတင်သည့်ခုတင်ကိုသာ မှီတွယ်ကာ အိပ်စက်၍နေရသည်။ ဟုတ္တာ၊ ဖြစ်၍။ ပသူနံ၊ ဆိတ်နှင့် ကျွဲ နွား စသည်များတို့၏လည်းကောင်း။ မာနုသာန စ = မာနုသာနံ စ၊ လူတို့၏လည်းကောင်း။ ပုဗ္ဗ လောဟိတံ၊ သွေးနှင့်ပြည်ကို။ ဘက္ခာမိ၊ ဆာလောင်ငတ်တိုင်း မစောင့်ဆိုင်းဘဲ နေ့တိုင်းမသွေ စားသောက်၍နေရပါပေသည် ဘုရား။

၁၂၁။ ဒေဟိ ပုတ္တက မေ ဒါနံ၊ ဒတ္တွာ အန္ဓာဒိသာဟိ မေ။
အပ္ပေဝ နာမ မုစ္စေယျံ၊ ပုဗ္ဗလောဟိတကာဟနာ။

၁၂၁။ ပုတ္တက၊ မေမွေးသားချစ်။ မေ၊ ဟိုဘဝက အမိတော်ခဲ့ရ တပည့်တော် ပြိတ္တာမ၏။ အတ္ထာယ၊ သွယ်သွယ်ဒုက္ခမှ လွတ်ကင်းခြင်း အကျိုးငှာ။ ဒါနံ၊ တတ်စွမ်းသမျှ လှူဒါန်းဖွယ်အဝဝကို။ ဒေဟိ၊ မဆိုင်းမဖင့် ချိန်မလင့်ဘဲ အသင့်ကောင်း စွာ ပေးလှူပါဦးဘုရား။ ဒါနံ၊ တတ်စွမ်းသမျှ လှူဒါန်း ဖွယ်အဝဝကို။ ဒတ္တွာ၊

http://www.dhammadownload.com

ကောင်းစွာသိုးသီး ပေးလှူပြီး၍။ မေ၊ အမိတော်ခဲ့သည့် တပည့်တော်မအား။ အန္ဓာဒိသာဟိ၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှပေးဝေ တော်မူပါဘုရား။ ဇဝံ၊ ဤသို့ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှပေးဝေသည်ရှိ သော်။ အဟံ၊ ဤဘဝမှ တွက်ဆချင့်ထောက် ငါးခုမြောက်ဘဝမှာ အမိတော်ခဲ့ဖူးသည့် တပည့်တော်မသည်။ ပုဗ္ဗလောဟိတဘောဇနာ၊ သွေးနှင့်ပြည်သာ စားရပါသော ပြိတ္တာဘဝမှ။ အပ္ပေဝ နာမ မုစ္စေယျ၊ ဇကန်မုချ လွတ်မြောက်ရာ၏။

မိခင်ဟောင်းကို ဒုက္ခမှလွတ်ကင်းရန် စီရင်ပုံ

ထိုပြိတ္တာမ၏ လျှောက်ထားသောစကားကို ကြား၍ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် နှစ်ရက်မြောက်သောနေ့၌ အရှင်မဟာမောဂ္ဂလ္လန်မထေရ် အစရှိသော သုံးပါးကုန်သော မထေရ်တို့ကို ခေါ်တော်မူ၍ ထိုမထေရ်တို့နှင့် အတူတကွ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်သည်ရှိသော် ဗိမ္ဗိသာရမင်း၏နန်းတော်သို့ ကြွရောက်တော်မူလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် မထေရ်တို့ကိုမြင်၍ ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့ အဘယ်ကိစ္စအလို့ငှာ ကြွလာတော်မူကြပါကုန်သနည်း"ဟူ၍ ကြွလာခြင်း၏အကြောင်းရင်းကို မေးမြန်းလေ၏။ အရှင်မဟာမောဂ္ဂလာန်သည် ထိုကြွလာရခြင်း၏ အကြောင်းစုံကို မင်းကြီးအား မိန့်ကြားတော်မူ၏။ မင်းကြီးသည်လည်း "အရှင်ဘုရား တပည့်တော် သိရပါပြီဘုရား"ဟု လျှောက်ထားလေ၏။ မထေရ်တို့ကို ကြွသွားစေပြီးကာ အလုံးစုံသော အမှုကိစ္စအဝဝကို ဆောင်ရွက်တတ်သောအမတ်ကို ခေါ်၍ "မြို့နှင့် မနီးမဝေး အေးချမ်းသာယာဆိတ်ငြိမ်စွာသော အရိပ်ရေနှင့်ပြည့်စုံသောအရပ်၌ လေးဆောင်သော ကျောင်းငယ်တို့ကိုသွား၍ ဆောက်လုပ်ကြရမည်"ဟု စေခိုင်းတော်မူ၏။ နန်းတော်တွင်း၌လည်း လောက်ငလောက်အောင် လက်ဆောင်အထူး၏အစွမ်းဖြင့် သုံးပါးအပြားအားဖြင့် ခွဲခြားဝေဖန်၍ လေးဆောင်သောကျောင်းငယ်တို့ကို ဆောက်လုပ်စေတော်မူ၏။ မင်းကြီးကိုယ်တိုင်လည်း ထိုအရပ်သို့သွား၍ ပြုဖွယ်ကိစ္စအဝဝကို ပြုလုပ်လေ၏။ ကျောင်းငယ်တို့ ဆောက်လုပ်ပြီးစီးကုန်လတ်သော် ဗလိနတ်စာ ကျွေးမွေးဖွယ်ရာ အခမ်းအနားကို စီရင်စေ၍ ဆွမ်း၊ အဖျော်၊ ယမကာ၊ အဝတ်သင်္ကန်း အစရှိသည်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရားအမှူးရှိသော စတုဒိသာ သံဃာအား လျှောက်ပတ်ကုန်သော အလုံးစုံသော ပရိက္ခရာတို့ကိုလည်းကောင်း တည်ခင်းစေပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်အား ထိုအလုံးစုံသော ဒါနဝတ္ထုအစုစုကို မြတ်စွာဘုရားအမှူးရှိသော စတုဒိသာ သံဃာအား လှူဒါန်းလေ၏။

http://www.dhammadownload.com

ပြိတ္တာဘဝမှ လွတ်ပုံ

ထိုပြိတ္တာမသည် သူ့ကိုရည်မှန်း ရှင်သာရိပုတ္တရာ၏ လှူဒါန်းမှုကို ဝမ်းမြောက်နေမော် သာဓုခေါ်ခြင်းကြောင့် နတ်ပြည်၌ဖြစ်ကာ အလိုဆန္ဒရှိသမျှနှင့် ပြည့်ဝစုံလင်သည်ဖြစ်၍ နောက်နေ့၌ အရှင်မဟာမောဂ္ဂလ္လန်မထေရ်အထံသို့ ကပ်ရောက်ရှိခိုးကာ ရပ်တည်နေလေ၏။ ထိုရပ်တည်သောနတ်သမီးကို အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မေးမြန်းလေ၏။ ထိုနတ်သမီးသည် မိမိ၏ ပြိတ္တာဘဝ၌ ဖြစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ တစ်ဖန် နတ်ပြည်၌ ဖြစ်ရပုံအကြောင်းစုံကိုလည်းကောင်း အကျယ်အားဖြင့် လျှောက်ထားလေ၏။ ထို့ကြောင့် သင်္ဂါယနာတင် ထေရ်အရှင်မြတ်များက အောက်ပါ လေးဂါထာတို့ကို မိန့်ကြားခဲ့လေသတည်း။

၁၂၂။ မာတုယာ ဝစနံ သုတ္ဝာ၊ ဥပတိဿောနုကမ္မကော။
အာမန္တယိ မောဂ္ဂလ္လာနံ၊ အနုရုဒ္ဓဥ္စ ကပ္ပိနံ။

၁၂၂။ အနုကမ္မကော၊ သတ္တဝါတို့အား အစဉ်သနား စောင့်ရှောက်တော်မူတတ်သော။ ဥပတိဿော၊ ဥပတိဿ နာမတွင်မည် အရှင်သာရိပုတ္တရာမထေရ်သည်။ မာတုယာ၊ ဆင်းရဲကြီးရ အမိဖြစ်ဖူးသော ပြိတ္တာမ၏။ ဝစနံ၊ လျှောက်ထားသမျှ စကားအဝဝကို။ သုတ္ဝာ၊ ကြား၍။ မောဂ္ဂလ္လာနဥ္စ၊ အရှင်မောဂ္ဂလ္လာန်ကိုလည်းကောင်း။ အနုရုဒ္ဓဥ္စ၊ အရှင်အနုရုဒ္ဓါကိုလည်းကောင်း။ ကပ္ပိနဥ္စ၊ အရှင်ကပ္ပိနကိုလည်းကောင်း။ အာမန္တယိ၊ တိုင်ပင်စကား မိန့်ကြားတော်မူလေ၏။

၁၂၃။ စတသော ကုဋိယော် ကတ္ဝာ၊ သံယေ စာတုဒ္ဒိသေ အဒါ။
ကုဋိယော အနုပါနဥ္စ၊ မာတု ဒက္ခိဏာမာဒိသိ။

၁၂၃။ စတသော၊ လေးလုံးကုန်သော။ ကုဋိယော၊ ကျောင်းငယ်တို့ကို။ ကတ္ဝာ၊ ကောင်းစွာသီးသီးဆောက်လုပ်ပြီး၍။ ကုဋိယောစ၊ ကျောင်းတို့ကိုလည်းကောင်း။ အနုပါနဥ္စ၊ စားသောက်ဖွယ်ရာ ဆွမ်း၊ အဖျော် ယမကာကိုလည်းကောင်း။ စတုဒ္ဒိသေ = စတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ရှိသော။ သံယေ = သံဃဿ၊ သံဃာတော်အား။ အဒါ၊ မဆိုင်းမသွေ ပေးလှူလေပြီ။ ဒတ္ဝာ၊ ပေးလှူပြီး၍။ ဒက္ခိဏာ၊ မြင့်မြတ်စွာလှ အလှူ၏ အဖို့ဘာဂကို။ မာတု၊ ဆင်းရဲနေရ မိခင်ပြိတ္တာမအား။ အာဒိသိ၊ ရည်ညွှန်းတမ်းတ မြွှာမှန်းဆကာ အမျှပေးဝေပြီ။

၁၂၄။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဇ္ဇထ။
ဘောဇနံ ပါနိယံ ဝတ္ထံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

http://www.dhammadownload.com

၁၂၄။ အနုဒ္ဒိဋ္ဌေ = အနုဒ္ဒိဋ္ဌသေ၊ မှန်းဆမြော်မှန်း ရည်ညွှန်းအပ်ပြီးသည်၏။ သမနုဿရာ၊ အခြားမဲ့၌။ ဝိပါကော၊ စည်းစိမ်ဥစ္စာ များစွာဖွံ့ဖြိုး ဒါန၏အကျိုးသည်။ ဥဒပဒ္ဒထ၊ သားတော်ကယ်မ ကုသလကြောင့် မုချမသွေ ဖြစ်ပေါ်၍လာရပေ၏။ ဘောဇနံ၊ နတ်၌ဖြစ်လာ စားစရာဟူသမျှကိုလည်းကောင်း။ ပါနီယံ၊ နတ်၌ဖြစ်လာ အဖျော်ယမကကိုလည်းကောင်း။ ဝတ္ထံ၊ နတ်ဝတ်ပုဆိုးကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒံ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ ဤအလုံးစုံသည်။ ဒက္ခိဏာယ၊ သားတော်စိမ် မြတ်သော ကောင်းမှုကံကြောင့်။ ဖလံ၊ ရှိုးသာအကျိုးပေတည်း။

၁၂၅။ တတော သုဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဝိစိတ္တဝတ္ထာဘရဏာ၊ ကောလိတံ ဥပသင်္ကမိ။

၁၂၅။ တတော၊ ထိုသို့ ကောင်းကျိုးဖြာဖြာရသောအခါ၌။ ပရံ၊ နောက်ကာလ၌။ သာ၊ ထိုနတ်သမီးသည်။ သုဒ္ဓါ၊ စင်ကြယ်ဖြူစင်သည်ဖြစ်၍။ သုစိဝသနာ၊ စင်ကြယ်သန့်ရှင်း ကောင်းခြင်းစုံညီ အဝတ်ထည်ရှိသည်ဖြစ်၍။ ကာသိကုတ္တမဓာရိနီ၊ ကာသိတိုင်းသုံး အမြတ်ဆုံးဖြစ် အဝတ်သစ်ကိုဆောင်လျက်။ ဝိစိတ္တဝတ္ထာဘရဏာ၊ ဆန်းကြယ်လှစွာ အဝတ်တန်ဆာရှိသည်ဖြစ်၍။ ကောလိတံ၊ ကောလိတနွယ်ဖွား ရှင်ဘုရားမောဂ္ဂလာန်သို့။ ဥပသင်္ကမိ၊ချဉ်းကပ်လေ၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်မထေရ်သည် ထိုပြိတ္တာမကို မေးမြန်းတော်မူလိုရကား-

၁၂၆။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ အေဝတေ။
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသဓီ ဝိယ ကာရကာ။
၁၂၇။ ကေန တေ၊ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။
၁၂၈။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဣဓိဝေါ နုဘာဝေါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဤသုံးဂါထာတို့၏အနက်ပေးနည်းသည် နံပါတ် ၁၀၄- ၁၀၅-၁၀၆ ဂါထာတို့၏ အနက်ပေးနည်းအတိုင်းပင် ဖြစ်သည်။

ထိုအခါ အရှင်သာရိပုတ္တရာ၏ အမိဖြစ်ခဲ့ဖူးသော ပြိတ္တာမသည် အောက်ပါ ခြောက်ဂါထာတို့ဖြင့် ဖြေကြားလျှောက်ထားလေ၏။

http://www.dhammadownload.com

၁၂၉။ သာရိပုတ္တသာဟံ မာတာ၊ ပုဗ္ဗေ အညာသု ဇာတိသု။
ဥပ္ပန္နာ ပေတ္တိဝိသယံ၊ ခုပ္ပိပါသသမပ္ပိတာ။

၁၂၉။ ဘန္တေ၊ အရှင်မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အဟံ၊ အဆင်းရောင်ဝါလွန်စွာတောက်ပ တပည့်တော်မသည်။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးစွ ရှေးကာလ၌။ အညာသု၊ ဤဘဝမှတစ်ပါးကုန်သော။ ဇာတီသု၊ ဖြစ်ခဲ့ပြီးရာ များစွာသောဘဝတို့၌။ သာရိပုတ္တသ၊ အရှင်သာရိပုတ္တရာ ထေရ်မဟာ၏။ မာတာ၊ ကျေးဇူးအရှင်မွေးမိခင်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။ ဒါနိ၊ ယခုအခါ၌။ ခုပ္ပိပါသသမပ္ပိတာ၊ ခေါင်းပါးငတ်မွတ်ခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍။ ပေတ္တိဝိသယံ=ပေတ္တိဝိသယေ၊ ပြိတ္တာလောကဘုံဘဝ၌။ ဥပ္ပန္နာ၊ အကုသိုလ်ပြု မကောင်းမှုကြောင့် ကျရောက်ဖြစ်တည်၍နေရသည်။ ဟုတ္တာ၊ ဖြစ်၍-

၁၃၀။ ဆဋ္ဌိတံ ဓိပိတံ ဓေဋ္ဌံ၊ သိဃ်္ဃာဏိကံ သိလေသု မံ။
ဝဿဋ္ဌ ဥယ္ဟမာနာနံ၊ ဝိဇာတာနဋ္ဌ လောဟိတံ။
၁၃၁။ ဝဏိကာ နဋ္ဌယံ်ဟာန-သိသဋ္ဌိန္နာန လောဟိတံ၊
ခုဒါပရေတာ ဘုဉ္ဇာမိ၊ ဣတ္တိပုရိသ နိသိတံ။
၁၃၂။ ပုဗ္ဗလောဟိတံ ဘက္ခာမိ၊ ပသူနံ မာနုသာန စ။
အလေဏာ အနာဂါရာ စ၊ နိလမဋ္ဌ ပရာယနာ။

ဤဂါထာ၏အနက်ပေးနည်းမှာ ရှေ့ပိုင်း၌ ပါရှိခဲ့ပြီးဖြစ်သော နံပါတ် ၁၁၈၊ ၁၁၉၊ ၁၂၀ ဂါထာတို့၏ အနက်ပေးနည်းအတိုင်းပင် ဖြစ်သည်။

၁၃၃။ သာရိပုတ္တသ ဒါနေန၊ မောဒါမိ အကုတောဘယာ။
မုနိ ကာရုဏိကံ လောကေ၊ ဘန္တေ ဝန္ဒိတုမာဂတာ။

၁၃၃။ ဘန္တေ၊ အရှင်မောဂ္ဂလ္လာန်အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ သာရိပုတ္တသ၊ အရှင်သာရိပုတ္တရာ၏။ ဒါနေန၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကြောင့်။ အကုတောဘယာ၊ ဘာတစ်ခုမျှ ဘေးမခသည်။ ဟုတ္တာ၊ ဖြစ်၍။ မောဒါမိ၊ ဝမ်းမြောက်ရပါတော့၏ အရှင်ဘုရား။ ဘန္တေ၊ အရှင်မြတ်ဘုရား။ လောကေ၊ ဤသတ္တလောကကြီးအတွင်း၌။ ကာရုဏိကံ၊ သနားညှာတာ ကရုဏာရှိတော်မူသော။ မုနိ၊ သားမြတ်မဟာ အရှင်သာရိပုတ္တရာမထေရ်ကို။ ဝန္ဒိတုံ၊ ဆယ်ချောင်းအဋ္ဌလိ လက်အုပ်ချီကာ ရှိခိုးခြင်းငှာ။ အာဂတာ၊ ယခုချက်ချင်း အရောက်ဆင်းကာလာခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

ဘုရားရှင်ထံလျှောက်ကြား

ထိုသို့ လျှောက်ထားသောအခါ အရှင်မဟာမောဂ္ဂလာန်သည် ထိုအလုံးစုံသော အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်အကျိုး

ဘုရားရှင်သည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားကို ဟောတော်မူ၏။ ထိုဒေသနာတော်သည် လူအပေါင်းအား အကျိုးရှိသည် ဖြစ်လေ၏။

အရှင်သာရိပုတြာမထေရ်မြတ်၏
အမိတော်စပ်ခဲ့သော ပြိတ္တာမအကြောင်း ပြီး၏။

၃-မတ္တာဇေတဝတ္ထု

ဣဿာနှင့် အဘိရွှာကြီးသဖြင့် ပြိတ္တာမကြီးဖြစ်၍နေရရှာသော မတ္တာ ပြိတ္တာမ

နဂ္ဂါ ဒုဗ္ဘဂ္ဂာရူပါသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ မတ္တာပေတဝတ္ထုကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ မတ္တာမည်သော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မမတ္တာနှင့် မတိသာ

သာဝတ္ထိပြည်ဝယ် တစ်ယောက်သောသူကြွယ်သည် သဒ္ဓါကြည်ညိုခြင်းရှိသည်ဖြစ်၍ ထိုသူ၏မယားသည်ကား သဒ္ဓါနည်းပါး အကြည်ညိုတရားမရှိ အမျက်ကြီး၏၊ အမြဲမလည်းဖြစ်၏၊ အမည်အားဖြင့် မမတ္တာဟုခေါ်၏။ ထိုအခါဝယ် ထိုသူကြွယ်သည် အမျိုးအနွယ် ပြတ်သွားမည်စိုးသဖြင့် တူသောအမျိုးမှ မတိသာမည်သော သတို့သမီးကို ခေါ်ဆောင်၍ လက်ထပ်ပြန်လေ၏။ ထိုသတို့သမီး မတိသာသည် သဒ္ဓါတရားရှိ၏၊ ရတနာသုံးပါးကို ကြည်ညိုး၏၊ ယောကျ်ားသည် ချစ်မြတ်နိုးအပ်သော မယားလည်းဖြစ်၏။ ထိုမတိသာသည် မကြာမြင့်မီပင် ကိုယ်ဝန်တည်ရှိသည်ဖြစ်၍ ဆယ်လလွန်သော် သားယောကျ်ားကို ဖွားမြင်လေ၏။

http://www.dhammadownload.com

သားလေးမောင်ဘူတ

ထိုသားလေး၏နာမည်ကို "မောင်ဘူတ"ဟုမှည့်ခေါ်လေ၏။ ထို မတိသာသည် အိမ်ထောင်ရှင်မ ဖြစ်ပြီးလျှင် လေးပါးသောရဟန်းတို့ကို ရိက္ခာလှူဒါန်းပြုစု၏။ မမတ္တာမည်သော မိန်းမမြို့သည်ကား ထိုမယားငယ် မတိသာကို ငြူစူစောင်းမြောင်း၏။

ဇနီးမောင်နှံ စကားလက်ဆုံကျစဉ်

ထိုမယားကြီး, မယားငယ် မိန်းမနှစ်ယောက်တို့သည်လည်း တစ်နေ့သ၌ ဦးခေါင်းဆေးလျှော်၍ စိုစွတ်သောဆံပင် ရှိကုန်သည်ဖြစ်၍ ရပ်တည်ကာနေကြကုန်၏။ ထိုအခါ သူကြွယ်သည် ရတနာသုံးတန် ကဲ့၏အကျိုးကို ယုံကြည်တတ်သော သဒ္ဓါပသန္နဂုဏ်၏အစွမ်းဖြင့် မတိသာမည်သောမိန်းမ၌ ချစ်ခြင်းဖြင့် ပြည့်သော နှလုံးရှိသည်ဖြစ်၍ ထိုမတိသာနှင့်တကွ များစွာစကားပြောဆိုလျက် ရပ်တည်လေ၏။

မယားကြီး၏လုပ်ရပ်

ထိုသို့ ဇနီးမောင်နှံနှစ်ဦး ကြည်နူးချစ်ခင်စွာ ပြောဆိုနေကြသည်ကို သည်းမခံနိုင်သော မမတ္တာသည်ငြူစူခြင်းဣဿာ လွှမ်းမိုးနှိပ်စက်လာ၍ အိမ်၌ တံမြက်လှည်း၍ထားအပ်သော အမှိုက်ပုံကိုကျူးယူကာ မတိသာ၏ ဦးခေါင်းထက်၌ ကြဲဖြန့်လေ၏။

မယားကြီးကွယ်လွန်ကာ ပြိတ္တာဖြစ်

ထိုမမတ္တာသည် အခါတစ်ပါး၌ သေ၍ ပြိတ္တာဘုံ၌ဖြစ်ကာ မိမိပြုခဲ့မိသော အကုသိုလ်ကံ၏ အစွမ်းကြောင့် ငါးပါးအပြားရှိသော ဆင်းရဲဒုက္ခ ကို ခံစားရလေ၏။ ထိုဆင်းရဲကိုကား ပြဆိုလတ္တံ့ဖြစ်သော ပါဠိဖြင့်ပင် သိအပ်၏။

မတိသာအား ကိုယ်ထင်လာပြခြင်း

ထိုအခါ ထိုပြိတ္တာမသည် တစ်နေ့ နေရောင်ပျောက်၍ မှောင်စပျိုးချိန်တွင် အိမ်၏နောက်ဖေး၌ ရေချိုးနေသော မတိသာအား ကိုယ်ထင်ပြလေ၏။ ထိုပြိတ္တာမကိုမြင်၍ မတိသာသည် အောက်ပါဂါထာဖြင့် မေးမြန်းလေ၏။

၁၃၄။ နဂ္ဂါ ဒုဒ္ဒဏ္ဏရူပါသိ၊ ကိသာ ဓမနိသန္ထတာ။
ဥပ္ပာသုလိကေ ကိသိကေ၊ ကာ နု တွံ ဣဓ တိဋ္ဌသိ။

၁၃၄။ ဥပ္ပာသုလိကေ၊ အထက်သို့ထွက် စင်းစင်းတက်သည့် နံရိုးရှိသော။

http://www.dhammadownload.com

ကိသိကော၊ သွေးခန်းသားမြောက် အားပျော်ယိုင်ကာ ပိန်ချုံးခြင်းရှိသော။ ဘဒ္ဒေ၊ အမြင်မလှ အိုရွင်မ။ တွံ၊ သင်သည်။ ကိသာ၊ ကိုယ်လုံးပိန်သည်။ ဓမနိသန္ထတာ၊ အကြောစင်းစင်း ဖြစ်နေခြင်းအပ်သည်။ ဟုတွာ၊ ဖြစ်၍။ နဂ္ဂါ၊ အဝတ်ကွာကင်း ဗလာကျင်းသည်ဖြစ်၍။ ဒုဗ္ဗဏ္ဏရူပါ၊ အဆင်းမလှ ဝဏ္ဏကင်းကွာသည်။ အသိုးဖြစ်၏။ ယာတွံ၊ ဆင်းရဲနှင့်ယှဉ် အကြင်သင်သည်။ ဣဓ၊ မလာရောက်အပ် ဤအရပ်၌။ တိဋ္ဌသိ၊ မသွားမလည် ရပ်တည်၍နေ၏။ သာတွံ၊ ထိုသင်သည်။ ကာနု၊ ဘယ်မျိုးဘယ်ဇာတ် ဘယ်အရပ်မှလာ အဘယ်သူဖြစ်ပါသနည်း။

ထိုအခါ မမတ္တာမည်သော ပြိတ္တာမသည်လည်း မတိဿာအား အောက်ပါဂါထာဖြင့် စကားတုံ့ပြန်ခြင်း၏။

၁၃၅။ အဟံ မတ္တာ တုဝံ တိဿာ၊ သပတ္တိ တေ ပုရေ အဟုံ။
ပါပကမ္မံ ကရိတွာန၊ ပေတလောကံ ဣတော ဂတာ။

၁၃၅။ အဟံ၊ အကုသိလ်ကံ မကောင်းဒဏ်ကြောင့် ပိန်ချုံးနုံချာ ငါပြိတ္တာမသည်။ မတ္တာ၊ ရှေးဘဝက မတ္တာမည်ရ သင့်လင့်တူမပါတည်း။ တုဝံ၊ သိလိုရေးကြောင့် မေးထ သင်ရှင်မသည်။ တိဿာ၊ မတိဿာတည်း။ ပုရေ၊ လူဖြစ်စဉ်ကာလ ရှေးဘဝ၌။ အဟံ၊ ငါသည်။ တေ၊ သင် မတိဿာ၏။ သပတ္တိ၊ သင့်ကိုငြူစူ သင့်ရန်သူသည်။ အဟု၊ ဖြစ်ခဲ့ပါပြီ။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို။ ကရိတွာန၊ မထောက်မထား မှားမှားမိုက်မိုက် ပြုလိုက်မိခဲ့၍။ ဣတော၊ ချမ်းသာပြည့်စုံဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်မှန်စွာ ရောက်ခဲ့ရပါတော့သတည်း။

တစ်ဖန် မတိဿာက ဤသို့မေးမြန်းပြန်သည်မှာ-

၁၃၆။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ပေတလောကံ ဣတော ဂတာ။

၁၃၆။ မတ္တေ၊ ဆင်းရဲလှစွာ အိုမမတ္တာ။ တယာ၊ သင်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိံ ဒုက္ကဋံ၊ ဘယ်သို့သောမကောင်းမှုကို။ ကတံ နု၊ ပရမ်းပတာ ပြုလုပ်ခဲ့ပါသနည်း။ ကိဿကမ္မဝိပါကေန၊ အဘယ်ကံပျက် အကျိုးဆက်ကြောင့်။ ဣတော၊ ချမ်းသာကောင်းကျိုး ပွားတိုးစုံရာ ဤလူ့ရွာမှ။ ပေတလောကံ၊ နေ့စဉ်လောင်ဆွေးဒုက္ခထွေးတဲ့ မအေးပူဆာ ပြိတ္တာဘဝသို့။ ဂတာ၊ ကိုယ်ကျိုးနည်းစွာ လားရောက်ရပါသနည်း။

http://www.dhammadownload.com

ထိုအခါ မမတ္တာက မိမိပြုခဲ့ဖူးသော မကောင်းမှုကို မတိုသာအား ပြောကြား လိုသည်ဖြစ်၍ အောက်ပါဂါထာဖြင့် ပြောကြားလေ၏။

၁၃၇။ စဏ္ဍီ စ ဖရုသာ စာသိ၊ ဣဿုကီ မစ္ဆရီ သဋ္ဌာ။
တာဟံ ဒုရုတ္တံ ဝတ္တာန၊ ပေတလောကံ ဣတော ဂတာ။

၁၃၇။ တိသော၊ အတိတ်ဘဝက ရန်ဘက်ဖြစ်ခဲ့ရဂျာ မတိသာ။ အဟံ၊ ဆင်းရဲကြီးစွာ ပြိတ္တာဖြစ်၍ နေရပါသောငါသည်။ ပုရေ၊ ရှေးမတ္တာဘဝ လူဖြစ် ခဲ့စဉ်ကာလ၌။ စဏ္ဍီစ၊ အပြောသရမ်း နှုတ်ထွက်ကြမ်းသည်လည်းကောင်း။ ဖရုသာစ၊ ကြမ်းကြုတ်ထန်ဘိ စကားရှိသည်လည်းကျောင်း။ ဣဿုကီစ၊ သဘောမဖြူ ငြူစူ တတ်သည်လည်းကောင်း။ မစ္ဆရီစ၊ ဝန်တိုပ် မိုက်သားမကောင်း စောင်းမြောင်း တတ်သည်လည်းကျောင်း။ သဋ္ဌာစ၊ စဉ်းလဲကောက်ကျစ်သော သဘောရှိသည် လည်းကောင်း။ အာသိ၊ စင်စစ်မှန်စွာဖြစ်ခဲ့ပါပြီ။ အဟံ၊ ငါသည်။ တေ၊ စိတ် ထားဖြူလှ ညီမဖြစ်ရှာ သင်မတိသာအား။ ဒုရုတ္တံ၊ မကောင်းသဖြင့် ဆိုအပ်သော စကားကို။ ဝတ္တာန၊ ချိုးချိုးဖဲ့ဖဲ့ အကျိုးမဲ့ကို ပြောဆိုခဲ့မိ၍။ ဣတော၊ ချမ်းသာ ကောင်းကျိုး ပွားတိုးစုံရာ ဤလူ့ရွာမှ။ ပေတလောကံ၊ နေ့စဉ်ရက်ဆက် မသက် မသာ ဒုက္ခဖြာသည့် ပြိတ္တာလောကဘုံဘဝသို့။ ဂတာ၊ အမှန်မသွေ လားရောက်နေရပေ သည်တကား။

၁၃၈။ သဇ္ဇံ အဟမ္ပိ ဇာနာမိ၊ ယထာ တုံ စဏ္ဍိကာ အဟု။
အညဉ္စ ဧဒါ တံ ပုစ္ဆာမိ၊ ကေနာသိ ပံသုကုဏ္ဌိတာ။

၁၃၈။ မတ္တာ၊ မကောင်းကံကြောင့် မကောင်းကျိုးဖြာ အို မမတ္တာ။ ယထာ၊ အကြောင်းသို့သော အခြင်းအရာအားဖြင့်။ တုံ၊ သင်သည်။ စဏ္ဍိကာ၊ ကြမ်းတမ်းခက် ထန် အမျက်မာန်ရှိသည်။ အဟု၊ ဖြစ်၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ သဇ္ဇံ၊ ခပ်သိမ်းဥဿုံ အလုံးစုံကို။ အဟမ္ပိ၊ မတိသာမည် ငါသည်လည်း။ ဇာနာမိ၊ သတိရကာ သိရှုပါပြီ။ ဧဒါ၊ စင်စစ်ဇကန် အမှန်အားဖြင့်။ အညဉ္စ၊ ယခုမေးပြီး အသီးသီးသောအကြောင်းမှ အခြားသောအကြောင်းကိုလည်း။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ သိလိုရေးကြောင့် မေးပါဦးအုံ။ တုံ၊ သင်သည်။ ကေန၊ အဘယ် သို့ပြု ဘယ်မကောင်းမှုကြောင့်။ ပံသုကုဏ္ဌိတာ၊ မြေမှုန့်ထပ်ထပ် အလိမ်းလိမ်းကပ် ရသည်။ အသိ၊ ဖြစ်ဘိသနည်း။

ထိုအခါ မမတ္တာမည်သော ပြိတ္တာမက မိမိအား မြေမှုန့်အလိမ်းလိမ်း ကပ် ရခြင်း၏အကြောင်းကို မတိသာအား အောက်ပါ သုံးဂါထာတို့ဖြင့် ပြောကြား လေ၏။

http://www.dhammadownload.com

၁၃၉။ သီသံနှာတာ တုဝံ အာသိ၊ သုစိဝတ္ထာ အလင်္ကတာ။
အဟဉ္စ ခေါ အဓိမတ္တံ၊ သမလင်္ကတတရာ တယာ။

၁၃၉။ တိသေ၊ ဖြူစင်လှဘိ ပကတိအတိုင်းရှိရာ မတိသာ။ ပုဗ္ဗေ၊ ရှေးဘဝ၌။ တုဝံ၊ သင်သည်။ သီသံနှာတာ၊ ခေါင်းလျှော် ရေချိုးပြီးသည်ဖြစ်၍။ သုစိဝတ္ထာ၊ စင်ကြယ်သောအဝတ်ရှိသည်။ အလင်္ကတာ၊ လှပသပ်ရပ် တန်ဆာဆင်အပ်သည်။ အာသိ၊ ဖြစ်၏။ အဟဉ္စ ခေါ၊ လူ့ဘဝက မမတ္တာမည် ငါသည်လည်း။ တံ၊ ညီမဖြစ်ရာ သင် မတိသာကို။ အဓိမတ္တံ၊ သင့်ထက်လှကာ သာထက်သာအောင်။ တယာ၊ သင် မတိသာထက်။ သမလင်္ကတတရာ၊ အဆများစွာ တန်ဆာဆင်အပ်သည်။ အာသိ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါပြီ။

၁၄၀။ တဿာ မေ ပေက္ခမာနာယ၊ သာမီကေန သမ္ဘယိ။
တတော မေ ဣဿာ ဝိပုလာ၊ ကောဓော မေ သမဈာယထ။

၁၄၀။ တိသေ၊ လူ့ဘဝက ညီမဖြစ်ခဲ့ရာ မတိသာ။ တွံ၊ သင်သည်။ တဿာ မေ၊ ထိုငါ၏။ ပေက္ခမာနာယ၊ သတိထား၍ ရှုစားနေစဉ်။ သာမီကေန၊ တို့နှစ်ယောက်စလုံး၏ သခင် လင်ဖြစ်သောယောကျ်ားနှင့်။ သမ္ဘယိ၊ ပြောပြခါခါ တိုင်ပင်နေပါ၏။ တတော၊ ထိုသို့ပြောကာ တိုင်ပင်၍နေပါသောကြောင့်။ မေ၊ ငါ့အား။ ဝိပုလာ၊ ပြန့်ပြောလှသော။ ဣဿာ၊ မနာလိုမှု ဣဿာတရားစုသည်။ သမဈာယထ၊ ချက်ချင်းခဏ ဘွားခနဲဖြစ်ပေါ်၍ လာရပေ၏။ မေ၊ ငါ့အား။ ကောဓော၊ မကျေနပ်ငြား ဒေါသတရားသည်။ သမဈာယထ၊ ချက်ချင်းခဏ လက်ငင်းပင် ထ၍ လာရပေ၏။

၁၄၁။ တတော ပဲသုံ ဂဟေတွာန၊ ပဲသုနာ တံ ဟိ သြကိရိံ။
တဿ ကမ္မဿ ဝိပါကေန၊ တေနမှိ ပဲသုကုဏ္ဍီတာ။

၁၄၁။ တတော၊ ထိုသို့ မနာလိုမှု ဣဿာနှင့် ဒေါသတရားတို့ကြောင့်။ ပဲသုံ၊ တံမြက်လှည်းထား များပြားစုပုံ မြေကြီးမှုန့်ကို။ ဂဟေတွာန၊ ဆုပ်ယူ၍။ ပဲသုနာ၊ မြေမှုန့်ဖြင့်။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ သြကိရိံ၊ တရားမမြင် အမှားဝင်ကာ ကြဲပက်လိုက်ပါပြီ။ တဿကမ္မဿ၊ မကောင်းပြုဖန် ထိုအကုသိုလ်ကံ၏။ ဝိပါကေန၊ အကျိုးဆက်ကြောင့်။ အဟံ၊ ငါသည်။ ပဲသုကုဏ္ဍီတာ၊ မြေမှုန့်အလိမ်းလိမ်းကပ်၍နေသည်။ အမှိ၊ အမှုန်စင်စစ် ကောန်ဖြစ်ရပါ၏။

ထိုနောက်တစ်ဖန် မတိသာက မေးမြန်းပြန်သည်ကား-

၁၄၂။ သဗ္ဗံ အဟမ္ပိ ဇာနာမိ၊ ပဲသုနာ ဓံ တွမောကိရိ။
အညဉ္စ ခေါ တံ ပုစ္ဆာမိ၊ ကေန ခဇ္ဇသိ ကဏ္ဍယာ။

http://www.dhammadownload.com

၁၄၂။ မတ္တေ၊ ဆင်းရဲဒုက္ခ လှလှကြီးခံစားနေရ အိုအစ်မ မမတ္တာ။ တွဲ၊ သင် သည်။ မံ၊ ငါ့ကို။ ပံသုနာ၊ မြေမှုန့်ဖြင့်။ သြကီရိ၊ ကြဲဖြန့်ချခဲ့ပါပြီ။ တံ သဗ္ဗံ၊ ထို အလုံးစုံပြန့်. မြေမှုန့်.နှံ. ကြဲဖြန့်ခြင်းကို။ အဟမ္ပိ၊ ငါတိသဿသည်လည်း။ ဧနာမိ၊ သိ၏။ အဟံ၊ ငါသည်။ အညဋ္ဌ ခေါ၊ မေးခဲ့ပြီးငြား ထိုထိုစကားမှတစ်ပါး သော အကြောင်းကိုလည်း။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ သိလိုရေးကြောင့် မေး ပါဦးအုံ။ ကေန ကမ္မဝိပါကေန၊ အဘယ်သို့ပြု အဘယ်မကောင်းမှု၏ အကျိုးဆက် ကြောင့်။ တွဲ၊ သင့်ကို။ ကစ္ဆဃာ၊ မသက်မသာ ဝဲယားနာဖြင့်။ ခဇ္ဇသိ၊ ကုတ်ကာ ဖဲ့ကာ နေရရှာအောင် အမြဲကိုက်ခဲအပ်ပါသနည်း။

ထိုအခါ မမတ္တာက မိမိပြုခဲ့ဖူးသောအကြောင်းကို ပြန်ပြောင်း၍ ဤသို့ပြော ပြလေ၏။

၁၄၃။ ဘောသဇ္ဇဟာရီ ဥဘယော၊ ဝနဇ္ဈံ အဂမိမှသေ။
တွဉ္စ ဘောသဇ္ဇမာဟာရီ၊ အဟဉ္စ ကပိကစ္ဆနော။
၁၄၄။ တဿာ တျာ ဧနမာနာယ၊ သေယျံ တျာဟံ သမောကိရိံ။
တဿ ကမ္မဝိပါကေန၊ တေန ခဇ္ဇာမိ ကစ္ဆယာ။

၁၄၃။ တိသေ၊ လူ.ဘဝက ညီမဖြစ်ခဲ့ရှာ မတိသာ။ ပုဗ္ဗေ၊ လွန်ပြီး၍လာ ရှေးလူဖြစ်စဉ်အခါ၌။ ဘောသဇ္ဇဟာရီ၊ ဆေးပင်နှင့် ဆေးမြစ်ကို ဆောင်ယူလေ့ရှိကုန် သော။ ဥဘယော၊ ငါတို့နှစ်ယောက်တို့သည်။ ဝနဇ္ဈံ၊ တောမြိုင်စခန်းသို့။ အဂမိမှသေ၊ အတူတကွ သွားရောက်ကြပါကုန်၏။ တွဉ္စ၊ သင်သည်ကား။ ဘောသဇ္ဇံ၊ ဆေးကို။ အာဟာရိ၊ ဆောင်ယူခဲ့ပြီ။ အဟဉ္စ၊ ငါကတော့။ ကပိကစ္ဆနော၊ ခွေးလေးယားသီးတို့ကို။ အာဟာရိ၊ ဆောင်ယူခဲ့ပါပြီ။

၁၄၄။ တဿာ–တေ၊ ထိုလူ.ဘဝက ညီမဖြစ်ခဲ့ရှာ သင်မတိသာသည်။ အဇာနမာနာယ၊ လျှို့ဝှက်ပြီးစွ မသိရအောင်။ တေ၊ သင်၏။ သေယျံ၊ အိပ်ရာကို။ ကပိကစ္ဆနော၊ ခွေးလေးယားသီးဖြင့်။ အဟံ၊ ငါသည်။ သမောကိရိံ၊ စိတ်ထားယုတ်စွ အိပ်မရအောင် ကြဲချခဲ့ပါပြီ။ တဿ ကမ္မဿ၊ ထိုသို့မြဖန် မကောင်းကြံခဲ့သော အကုသိုလ်၏။ ဝိပါကေန၊ အကျိုးဆက်ကြောင့်။ ကစ္ဆပယာ၊ မသက်မသာ ဝဲယား နာဖြင့်။ ခဇ္ဇာမိ၊ ကုတ်ဖဲ့ကာနေရရှာအောင် အမြဲကိုက်ခဲအပ်ပါ၏။

ထိုနောက် တစ်ဖန် မတိသာက မေးမြန်းပြန်သည်ကား–

၁၄၅။ သဗ္ဗံ အဟမ္ပိ ဧနာမိ၊ သေယျံ မေ တွံ သမောကိရိံ။
အညဋ္ဌ ခေါ တံ ပုစ္ဆာမိ၊ ကေနာသိ နဂ္ဂိယာ တုဝံ။

၁၄၅။ မတ္တေ၊ ဆင်းရဲဒုက္ခလှလှကြီးခံနေရတဲ့ အို အစ်မ မမတ္တာ။ ယံ ဝစနံ၊

http://www.dhammadownload.com

အစ်မပြောသမျှ အကြင်စကားအဝဝကို။ တယာ၊ သင်သည်။ ဝုတ္တံ၊ ဟုတ်မှန်လှစွာ ဆိုအပ်ပါ၏။ အဟမ္မိ၊ ငါသည်လည်း။ တံ သဗ္ဗံ၊ ထိုခပ်သိမ်းဥဿုံ အလုံးစုံကို။ ဇာနာမိ၊ သင့်အတိတ်ဘဝကို သတိရကာ သိရပါပြီ။ မေ၊ ငါ၏။ သေယျံ၊ အိပ်ရာကို။ တွံ၊ သင်သည်။ သမောကိရိ၊ အိပ်မရအောင် ကြဲချခဲ့ပါပြီ။ အညဥ္စ ခေါ၊ ယခု မေးပြီးစကားမှ တစ်ပါးသောအကြောင်းကိုလည်း။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ သိလိုရေးကြောင့် မေးပါဦးအုံ။ ကေန၊ အဘယ်သို့ပြု ဘယ်မကောင်းမှုကြောင့်။ တုဝံ၊ မကြည့်ချင်စရာ သင်မတ္တာသည်။ နဂ္ဂိယာ၊ အဝတ်မပါ ဗလာကိုယ်ထီး အချည်းနှီးသည်။ အသိ၊ ဖြစ်သနည်း။

ထိုအခါ မမတ္တာက ဤသို့ ပြန်လည်ဖြေကြားလေ၏။

၁၄၆။ သဟာယာနံ သမယော အာသိ၊ ဉာတီနံ သမိတီ အဟု။
တွဉ္စ အာမန္တိတာ အာသိ၊ သသာမိနိ နော စ ခေါဟံ။
၁၄၇။ တဿာ တျာဇာနမနာယ၊ ဒုဿံ တျဟံ အပါနုဒိံ။
တဿကမ္မဝိပါကေန၊ တေနမှိ နဂ္ဂိယာ အဟံ။

၁၄၆-၁၄၇။ တိသော၊ လူ့ဘဝက ညီမဖြစ်ခဲ့ရှာ မတိသာ။ ပုဗ္ဗေ၊ ရှေး လူဖြစ်စဉ်အခါ၌။ သဟာယာနံ၊ အတူနေပေါင်းသင်း ရောင်းရင်းတို့၏။ သမယော၊ ပေါင်းစုညီညာ စုဝေးကြရာအခါသည်။ အာသိ၊ အမှန်စင်စစ် ဧကန်ဖြစ်ပြီ။ ဉာတီနံ၊ ဆွေမျိုးရင်းချာ ဉာတကာတို့၏။ သမိတီ၊ စုပေါင်းတွေ့ဆုံခြင်းသည်။ အဟု၊ ဖြစ်ပြီ။ တွဉ္စ၊ သင် သင့်ကိုကား။ သသာမိနိ၊ တို့ရဲ့သခင် တို့ချစ်လင်နှင့်တကွ။ အာမန္တိတာ၊ မင်္ဂလာကိစ္စ အဝဝတွက် သွားလာအတူပျော်ရအောင် ဖိတ်ခေါ်ခံရသည်။ အာသိ၊ ဖြစ်ပြီ။ အဟံ ခေါ၊ ငါ့ကိုကား။ အာမန္တိတာ၊ ဘယ်ပွဲကိုမှ ဖိတ်ကြားခံရသည်။ နော စ အဟောသိ၊ မဖြစ်ဖူးခဲ့ပါ။ တိသော၊ တိသာမည်ရ ငါညီမ။ တဿာ တေ၊ ထိုသင်၏။ အဇာနမနာယ၊ မသိစဉ်။ တေ၊ သင်၏။ ဒုဿံ၊ သင်ဆင်နေကျ ပွဲဝင်လှသည့် မ,တို့ကြိုက်ညီ အဝတ်ထဘီကို။ အဟံ၊ ငါသည်။ အပါနုဒိံ၊ မနာလိုမှုဣဿာထုကြောင့် ခိုးဝှက်မိပါပြီ။ တဿ ကမ္မဿ၊ ထိုမကောင်းမှုဖန် အကုသိလ်ကံ၏။ ဝိပါကေန၊ အကျိုးဆက်ကြောင့်။ အဟံ၊ ငါသည်။ နဂ္ဂိယာ၊ အဝတ်မဆီး အချည်းနှီးသည်။ အသိ၊ ဖြစ်၏။

တစ်ဖန် မတိသာသည် မမတ္တာအား တစ်ပါးသောအကြောင်းကိုကို ဤသို့ မေးမြန်းပြန်လေ၏။

22 A ၁၄၈။ သဗ္ဗံ အဟမ္ပိ ဇာနာမိ၊ ဒုဿံ မေ တွံ အပါနုဒိ။
အညဥ္စ ခေါ တံ ပုစ္ဆာမိ၊ ကေနာသိ ဝုထဂန္ဓိနိ။

http://www.dhammadownload.com

၁၄၈။ မတ္တေ၊ လူ့ဘဝက အစ်မတော်ခဲ့ရှာ မမတ္တာ။ တွဲ၊ သင်သည်။ မေ၊ ငါ၏။ ဒုဿဲ၊ ငါဆင်နေကျ ပွဲဝင်လှသည့် မ,တို့ကြိုက်ညီငဲ့လုံချည်ကို။ အပါနဒိ၊ မနာလိုမှု ကလေသထုကြောင့် စိတ်ပါလက်ပါ သင် ခိုးယူမိပါ၏။ ကတိ၊ ဤသို့။ ယံ ဝစနံ၊ ယခုပြောကြား အကြောင်စကားကို။ တယာ၊ သင်သည်။ ဝုတ္တံ၊ ဟုတ်မှန်လှစွာ ပြောဆိုအပ်ပါ၏။ အဟမ္ပိ၊ ငါသည်လည်း။ တံ သဒ္ဓံ၊ ထိုခပ်သိမ်း ဥသုံ အလုံးစုံကို။ ဇာနာမိ၊ ဟုတ်တိုင်းမှန်စွာ သတိရကာ သိရပါ၏။ အညဉ္စ ဧဓါ၊ မေးခဲ့ပြီးငြား ထိုထိုစကားမှ တစ်ပါးသောအကြောင်းကိုလည်း။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ သိလိုရေးနှင့် မေးပါဦးအံ့။ ကေန၊ အဘယ်သို့ပြု အဘယ်မကောင်းမှုကြောင့်။ ဂူတဂန္ဓိနီ၊ မစင်အနံ့ အစဉ်ပြန့်ကာ ပုပ်ဟောင်၍နေရပါသည်။ အသိ၊ ဖြစ်ဘိသနည်း။

ထိုအခါ မမတ္တာက ဖြေကြားပြန်သည်ကား-

၁၄၉။ တဝ ဂန္ဓဉ္စ မာလဉ္စ၊ ပစ္စုဋ္ဌဉ္စ ဝိလေပနံ။
ဂူထကူပေ အတာရေသိ၊ တံ ပါပံ ပကတံ မယာ။
တဿကမ္မဝိပါကေန၊ တေနမှိ ဂူထဂန္ဓိနီ။

၁၄၉။ တိဿေ၊ လူ့ဘဝက ညီမဖြစ်ခဲ့ရှာ မတိဿာ။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ လွန်ပြီးခဲ့စွ ရှေးဘဝ၌။ တဝ၊ သင်၏။ ဂန္ဓဉ္စ၊ အလှလိမ်းရာ မွေးနံ့သာကိုလည်းကောင်း။ မာလဉ္စ၊ လှပတင့်ဆန်း ပန်မည့်ပန်းကိုလည်းကောင်း။ ပစ္စုဋ္ဌဉ္စ၊ အဖိုးများစွာ ထိုက်တန်ပါသော။ ဝိလေပနဉ္စ၊ လိမ်းကျံဖွယ်ရာ မွေးနံ့သာကိုလည်းကောင်း။ ဂူဟကူပေ၊ ရွံဖွယ်ပြည့်လျှင်း မစင်တွင်း၌။ အတာရေသိ၊ မစဉ်းမစား စိတ်ထားယုတ်စွာ ပစ်ချခဲ့ပါပြီ။ မယာ၊ ငါသည်။ တံ ပါပံ၊ ထိုသို့ညစ်ကျူ မကောင်းမှုကို။ ပကတံ၊ ပြုမိခဲ့ပါပြီ။ တဿ ကမ္မဿ၊ ထိုသို့ပြုဖန် မကောင်းကံ၏။ ဝိပါကေန၊ အကျိုးဟုန်ကြောင့်။ အဟံ၊ ငါသည်။ ဂူထဂန္ဓိနီ၊ မစင်အနံ့ အစဉ်ပြန့်ကာ ပုပ်ဟောင်၍နေရပါသည်။ အမှိ၊ အကြောင်းအကျိုး၊ ကောင်းဆိုးညီကာ ဖြစ်ရပါတော့၏။

ထိုနောက် မတိဿာက တစ်ဖန် တစ်ပါးသောအကြောင်းကဲ့ကို မေးမြန်းပြန်သည်ကား-

၁၅၀။ သဒ္ဓံ အဟမ္ပိ ဇာနာမိ၊ တံ ပါပံ ပကတံ တယာ။
အညဉ္စ ဧဓါ တံ ပုစ္ဆာမိ၊ ကေနာသိ ဒုဂ္ဂတာ တုဝံ။

၁၅၀။ မတ္တေ၊ လူ့ဘဝက အစ်မတော်ခဲ့ရှာ မမတ္တာ။ တယာ၊ သင်သည်။ တံ ပါပံ၊ ထိုထို့ မပြုအပ်ဖွယ် အသွယ်သွယ်သော မကောင်းမှုကို။ ပကတံ၊ မုချဆတ်ဆတ် ပြုလုပ်အပ်ခဲ့ပါ၏။ ကတိ၊ ဤသို့။ ယံ ဝစနံ၊ ယခုပြောကြား အကြောင်စကား

http://www.dhammadownload.com

ကို။ တယာ၊ သင်သည်။ ဝုတ္တံ၊ ပြောဆိုအပ်ပါ၏။ တံ သဒ္ဒံ၊ ထိခပ်သိမ်းဥသုံ အလုံးစုံကို။ အဟမ္ပိ၊ ငါသည်လည်း။ ဇာနာမိ၊ ဟုတ်တိုင်းမှန်စွာ သတိရကာ သိရပါ၏။ အညဉ္စ ခေါ၊ မေးပြီးသိငြားထိုထို စကားမှတစ်ပါးသောအကြောင်းကိုလည်း။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ ပုစ္ဆာမိ၊ သိလိုရေးနှင့် မေးပါဦးအံ့။ တုဝံ၊ သင်သည်။ ကေန ကမ္မေန၊ အဘယ်သို့ပြု ဘယ်မကောင်းမှုကြောင့်။ ဒုဂ္ဂတာ၊ ဆင်းရဲများစွာ ဒုက္ခဖြာသည့် မလားအပ်ရာသို့ ရောက်နေရပါသည်။ အသိ၊ ဖြစ်ဘိသနည်း။

ထိုအခါ မမတ္တာက ရှေးအကြောင်းကဲကို ဤသို့ပြောပြလေ၏။

၁၅၁။ ဥဘိန္နံ သမကံ အာသိ၊ ယံ ဧကော ဝိဇ္ဇတေ ဓနံ။
သန္တေသု ဒေယျမေသု၊ ဒီပံ နာကာသိမတ္တနော။
တဿကမ္မဝိပါကေန၊ တေနမ္ဟိ ဒုဂ္ဂတာ အဟံ။

၁၅၁။ တိဿေ၊ တိဿာမည်ရ ငါ့ညီမ။ ဧကော၊ ငါတို့နေရာ အိမ်ဧကာဌ်။ ယံ ဓနံ၊ အကြင် ပစ္စည်းဥစ္စာ အဖြာဖြာသည်။ ဝိဇ္ဇတေ၊ မချုတ်မှန်စွာ ထင်ရှားရှိခဲ့ပါ၏။ တံ ဓနံ၊ ထိုပစ္စည်းဥစ္စာ အဖြာဖြာသည်။ ဥဘိန္နံ၊ သင်နှင့်ငါမူ နှစ်ယောက်သောသူတို့၏။ သမကံ၊ ညီတူညီမျှ ပိုင်ဆိုင်ကြသည်။ အာသိ၊ ဧကန်စင်စစ် အမှန်ဖြစ်ပါ၏။ ဒေယျမေသု၊ လှူဒါန်းဖွယ်ရာ အဖြာဖြာတို့သည်။ သန္တေသု၊ ပြည့်ပြည့်စုံစုံ ရှိပါကုန်သော်လည်း။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းနှင့်တူစွာ ကုသိုလ်ဟူသော ထောက်တည်ရာကို။ နာကာသိ၊ သတိပေါ့၍ မေ့လျော့ပြီးကာ မပြုမိခဲ့ပါ။ တဿ ကမ္မဿ၊ ထိုပြုသင့်ပြုထိုက် မပြုလိုက်ဘဲ မပြုထိုက်မှန် ပြုခဲ့ကံ၏။ ဝိပါကေန၊ ကုသိုလ်ရေးဘက် ချွတ်ယွင်းပျက်ခဲ့သော ကျိုးဝိပါက်ကြောင့်။ အဟံ၊ ငါသည်။ ဒုဂ္ဂတာ၊ ဆင်းရဲများစွာ ဒုက္ခဖြာသည် မလားအပ်ရာ လားရောက်ရသည်။ အမ္ဘိ၊ မလွဲမသွေ ဖြစ်ရပေပြီတကား။

ဤသို့လျှင် ထိုမမတ္တာမည်သော ပြိတ္တာမသည် မတိဿာ မေးအပ်သည်တို့ကို ဖြေဆို၍တစ်ဖန် လူ့ဘဝက မတိဿာပြောသောစကားကို မလိုက်နာမိခဲ့ဘဲ မိမိထင်ရာပြုလုပ်ခဲ့သော မကောင်းမှုကံအပြစ်ကို ပြပြန်လိုသဖြင့် ဤသို့ ပြောပြလေ၏။

၁၅၂။ တဒေဝ မံ တွံ အဝစ၊ ပါပကမ္မံ နိသေဝသိ။
နာ ဟိ ပါပေဟိ ကမ္မေဟိ၊ သုလဘာ ဟောတိ သုဂ္ဂတိ။

၁၅၂။ တိဿေ၊ တိဿာမည်ရ ငါ့ညီမ။ တဒေဝ တဒါ ဧဝ၊ ထိုလူဖြစ်ခဲ့ရာ ရှေးအခါ၌သာလျှင်။ တွံ၊ သင် မတိဿာသည်။ မံ၊ ငါ့ကို။ အဝစ၊ ဆုံးမစကား ပြောကြားခဲ့ဖူးပါပြီ။ ကိံ အဝစ၊ ဘယ်လိုဟန်မကျ၍ ပြောဆိုပြီသ ဆုံးမခဲ့ပါသနည်း

http://www.dhammadownload.com

ဟူမူ။ မတ္တော၊ ငါပြောပြမည် နားလည်စမ်းပါ မမတ္တာ။ တွံ၊ သင် မမတ္တာသည်။ ပါပကမ္မံ = ပါပကမ္မာနိ၊ ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို။ နိသေဝသိ၊ ပြုလုပ်မစဲ မှီဝဲပေ၏။ ပါပေဟိ၊ ညစ်ညမ်းလှစွာ ယုတ်မာကုန်သော။ ကမ္မေဟိ၊ ကာယ,ဝစီ တလိမနော သုံးပါးသောကံတို့ဖြင့်။ သုဂ္ဂတိ၊ ချမ်းသာမပြတ် အလွန်မြတ်သည့် လူ့ နယ်ဌာန သုဂတိဘဝကို။ သုလဘာ၊ လွယ်ကူစွာရသည်။ နု ဟိ ဟောတိ၊ အမှန် စင်စစ် မဖြစ်နိုင်သည်သာတည်း။ ဣတိ၊ ဤသို့ ဤနယ် အသွယ်သွယ်သောအား ဖြင့်။ အဝစ၊ ကောင်းကျိုးမြော်ဆ သတိရဖို့ ဆုံးမစကား ပြောကြားခဲ့ဖူးပေပြီ။

ထို မမတ္တာ၏ ပြောဆိုသောစကားကို ကြား၍ မတိဿာသည် တစ်ဖန် ရှေးဘဝက ဖြစ်လာရပုံ အကြောင်းစုံကို ပြောပြလိုပြန်သည်ကား-

၁၅၃။ ဝါမတော မံ တွံ ပစ္ဆေသိ၊ အထောပိ မံ ဥသူယသိ။
ပဿ ပါပါနံ ကမ္မာနံ၊ ဝိပါကော ဟောတိ ယာဒိသော။

၁၅၃။ မတ္တေ၊ လူ့ဘဝက အစ်မတော်ခဲ့ရာ မမတ္တာ။ တွံ၊ သင် မမတ္တာသည်။ မံ၊ ကောင်းစွာပြောပြ ဆုံးမခဲ့ရာ ငါတိဿာကို။ ဝါမတော၊ မုန်းသည့်အတွက် ဆန့် ကျင်ဖက်အားဖြင့်။ ပစ္ဆေသိ၊ မိတ်မှာစွဲဝင် ယုံမှတ်ထင်၏။ အထောပိ၊ ထိုမှတစ်ပါး လည်း။ မံ၊ ငါ့ကို။ ဥသူယသိ၊ စောင်းမြောင်းငြူစူခဲ့၏။ ပါပါနံ၊ ညစ်ညမ်းလှစွာ ယုတ်မာကုန်သော။ ကမ္မာနံ၊ ကာယဝစီ တလိမနော သုံးပါးသောကံတို့၏။ ယာဒိသော၊ အကြင်သို့သော သဘောရှိသော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဝိပါကံ၊ အကျိုးကို။ ပဿ၊ သတိပြု၍ ကြည့်ရှုပါလေလော့။

၁၅၄။ တေ ဃရေ တာ စ ဒါသိယော၊ တာနေဝါဘရဏာနိမေ။
တေ အညေ ပရိစာရေန္တိ၊ နု ဘောဂါ ဟောန္တိ သဿတာ။

၁၅၄။ မတ္တေ၊ လူ့ဘဝက အစ်မတော်ခဲ့ရာ မမတ္တာ။ ပုဗ္ဗေ၊ လူဖြစ်စဉ်ကာ လ ရှေးဘဝ၌။ ဃရေ၊ ငါတို့နေရာ အိမ်ဂေဟာ၌။ တာ စ ဒါသိယော၊ ငါတို့ခိုင်း ဖို့ ကျွန်မတို့ကိုလည်းကောင်း။ တာနေဝါဘရဏာနိ စ၊ ထိုထိုမျိုးစွာ အဆင်တန် ဆာတို့ကိုလည်းကောင်း။ တေ တယာ၊ သင်သည်။ ပရိဂ္ဂဟိတာနိ၊ ပေးစွန့်မပြု၊ နမြောမှုကြောင့် တစ်ခုပေါ်တစ်ခုထပ် သိမ်းဆည်းအပ်ပါကုန်၏။ ဣဒါနိ၊ သင်သေ ပြီးရာ ယခုအခါ၌။ ဣမေ၊ ဤအသုံးအဆောင် အိမ်ထောင်ဘောဂ ကျွန်မတန်ဆာ အဖြာဖြာတို့ကို။ အညေ၊ တစ်ပါးသောသူတို့သည်။ ပရိစာရေန္တိ၊ အမှန်အားဖြင့် စံစားစရာ ဖြစ်ပွားရစ်ခိုစေပါကုန်၏။ ဘောဂါ၊ စည်းစိမ်ဥစ္စာ ရတနာဟူသမျှ အဝဝ

http://www.dhammadownload.com

တို့သည်။ သဿတာ၊ အမြဲတောက်လျှောက် မပျောက်မပြန် တည်တံ့ကုန်သည်။ နဟောန္တိ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်ကုန်။

၁၅၅။ ဣဒါနိ ဘူတသ္သ ပိတာ၊ အာပဏာ ဂေဟမေဟိတိ။
အပ္ပေဝ တေ ဒေ ကိဉ္စိ၊ မာ သု တာဝ ဣတော အဂါ။

၁၅၅။ မတ္တေ၊ လူ.ဘဝက အစ်မတော်ခဲ့ရှာ မမတ္တာ။ ဣဒါနိ၊ ဤယခုအခါ၌။ ဘူတသ္သ၊ ချစ်သားအလှ မောင်ဘူတ၏။ ပိတာ၊ ကျေးဇူးအရှင် သူ.ဖခင်သည်။ အာပဏာ၊ ပစ္စည်းဥစ္စာ ဖြာဖြာစုံထွေး ရောင်းကြသောဈေးမှ။ ဂေဟံ၊ ယခုနေရာ အိမ်ဂေဟာသို့။ ဧဟိတိ၊ မြန်စွာအသေ့ ရောက်လာပါတော့အုံ။ တေ၊ သင့်အား။ ကိဉ္စိ၊ ပေးကမ်းဖွယ်စု တစ်ခုခုကို။ အပ္ပေဝ ဒဒေ၊ ပေးကောင်းပေးမည် ထင်မိ၏။ တာဝ၊ ရှေးဦးစွာ။ ဣတော၊ ငါတို့နေရာ ဤအိမ်ဂေဟာမှ။ မာ အဂါ၊ မသွားပါနှင့်ဦး။

ထို မတိသာ ပြောကြားသောစကားကို ကြား၍ မမတ္တာမည်သော ပြိတ္တာမသည် မိမိ၏အလိုဆန္ဒကို ပြောပြလိုသဖြင့်

၁၅၆။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါမှိ၊ ကိသာ ဓမနိသန္ထတာ။
ကောပိနမေတံ ဣတ္ထိနံ၊ မာ မံ ဘူတပိတာဒ္ဒသ။

၁၅၆။ တိဿေ၊ တိသာမည်ရ ငဲ့ညှာမ။ အဟံ၊ ဒုက္ခဝေဖြာ ငါမတ္တာသည်။ ကိသာ၊ အစာကင်းပ ပိန်ချုံးလှသည်။ ဓမနိသန္ထတာ၊ အကြောစင်းစင်း ဖြန့်ကာခင်းအပ်သောကိုယ်ရှိသည်။ နဂ္ဂါ၊ အဝတ်မဆီး ကိုယ်လုံးတီးသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဒုဗ္ဗဏ္ဏရူပါ၊ မဝင်းပသော အဆင်းသဏ္ဌာန်ရှိသည်။ အမှိ၊ ဖြစ်ပါ၏။ ဧတံ၊ ကိုယ်လုံးတီးဖြစ်ကာ ဆင်းလျာမလှ ဤပျက်စီးရခြင်း စသည်တို့သည်။ ဣတ္ထိနံ၊ အဆင်းအလှကိုသာ အားကိုးရသည့် မိန်းမများတို့၏။ ကောပိနံ၊ တစ်သက်တာမှာ ရှက်စရာပါပေတည်း။ တဿာ၊ ထို့ကြောင့်။ မံ၊ ငဲ့ကို။ ဘူတပိတာ၊ ငါတို့ချစ်လင် မောင်ဘူတ၏ဖခင်သည်။ မာ အဒ္ဒသ၊ မတွေ့မမြင်လိုက်ပါစေနှင့်။

ထို မမတ္တာစကားကို ကြား၍ ကရဏာသက်မိရှာသော မတိသာက ဤစသို့ မေးမြန်းပြန်လေ၏။

၁၅၇။ ဟန္ဒ ကီ ဝါ တျာဟံ ဒမ္မိ၊ ကီ ဝါ တေဓ ကရောမဟံ။
ယေန တွံ သုခိတာ အဿ၊ သဗ္ဗကာမ သမိဒ္ဓိနီ။

၁၅၇။ မတ္တေ၊ လူ.ဘဝက အစ်မတော်ခဲ့ရှာ မမတ္တာ။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ကိံ ဝါ၊ အဘယ်လိုဝတ္ထု အဘယ်ပစ္စည်းစုကိုလည်း။ ဒမ္မိ၊

http://www.dhammadownload.com

ပေးကမ်းရပါအုံးနည်း။ ကွာ၊ ဤယခုအခါ၌။ ကိုဝါ၊ ဘယ်အမှုကိုလည်း။ တော၊ သင့်အား။ အဟဲ၊ ငါသည်။ ကရောမိ၊ တတ်စွမ်းသမျှ ပြုစုရပါအုံးနည်း။ ယေန၊ အကြောင် တစ်ခုခု ကျေးဇူးပြုမှုဖြင့်။ တွဲ၊ သင်သည်။ သဗ္ဗကာမသမိဒ္ဓိနီ၊ လုံးစုံပစ္စယ လိုတိုင်းရသည်။ ဟုတွာ၊ ဖြစ်၍။ သုခိတာ၊ ဆင်းရဲကင်းပျောက် ချမ်းသာရောက်သည်။ အဿ၊ ဖြစ်ရာ၏။ ကိုဝါ၊ အဘယ်မည်သော။ တံ၊ ထိုသို့ပြုစု ကျေးဇူးမှုကို။ အဟဲ၊ ငါသည်။ တော၊ သင့်အား။ ကရောမိ၊ စွမ်းကုန်ကူညီ ပြုလုပ်ရပါမည်နည်း။

ထိုစကားကိုကြား၍ မမတ္တာမည်သော ပြိတ္တာမက ပြောကြားပြန်သည်ကား–

၁၅၈။ စတ္တာရော ဘိက္ခူ သဲဃတော၊ စတ္တာရော ပန ပုဂ္ဂလေ။
အဋ္ဌ ဘိက္ခူ ဘောဇယိတွာ၊ မမ ဒက္ခိဏာမာဒိသ။
တဒါဟံ သုခိတာ ဟောဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

၁၅၈။ တိသေ၊ လူ.ဘဝက ညီမတော်ခဲ့ရှာ မတိဿာ။ သံဃတော၊ သံဃာတော်မှ။ ဝါ၊ သံဃာတော်၏အစွမ်းဖြင့်။ စတ္တာရော၊ လေးပါးကုန်သော။ ဘိက္ခူ။ မြင့်မြတ်ထက်တန်း ရဟန်းတော်တို့ကို။ ပုဂ္ဂလေ၊ သူမွန်အစစ် ပုဂ္ဂိုလ်ဖြစ်ကုန်သော။ ဝါ၊ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်။ စတ္တာရော၊ လေးပါးကုန်သော။ ဘိက္ခူ ပန၊ မြင့်မြတ်ထက်တန်း ရဟန်းတို့ကိုလည်းကောင်း။ ကွာတီ၊ ဤသို့ရှိကုန်သော။ ဘိက္ခူ။ မြင့်မြတ်ထက်တန်း ရဟန်းတို့ကို။ ဘောဇယိတွာ၊ စိတ်စေတနာ သဒ္ဓါဖြူဖွေး ဆွမ်းကျွေးမွေး၍။ မမ၊ ဒုက္ခထွေးရှုပ် အကျွန်ုပ်အား။ ဒက္ခိဏာ၊ မြင့်မြတ်စာဂ အလှူဒါန၏ အဖို့ဘာဂကို။ အာဒိသ၊ ရည်ညွှန်းမှန်းဆ အမျှ ပေးဝေပါလော့။ တဒါ၊ ထိုသို့ အမျှပေးဝေသည်ရှိသော်။ အဟံ၊ ငါသည်။ သဗ္ဗကာမသမိဒ္ဓိနီ၊ လုံးစုံပစ္စယ လိုတိုင်းရသည်။ ဟုတွာ၊ ဖြစ်၍။ သုခိတာ၊ ဆင်းရဲလုံးစုံ မထွေးအုံဘဲ ဘေးစုံကင်းပျောက် ချမ်းသာရောက်သည်။ ဟောဿံ၊ စင်စစ်မုချ ဖြစ်ရပါတော့အုံ။

ဒါနအကျိုး

ထိုမမတ္တာ၏စကားကို ကြားရ၍ မတိဿာသည် ထိုအကြောင်းကို မိမိ၏ လင်ယောကျ်ားအား ပြောကြားပြီးလျှင် နှစ်ရက်မြောက်သောနေ့၌ ရှစ်ပါးသော ရဟန်းတော်တို့ကို ဆွမ်းကျွေး၍ မမတ္တာပြိတ္တာမအား ကောင်းမှု၏ အဖို့ဘဝကို အမျှဝေလေ၏။ ထိုပြိတ္တာမသည် ထိုဆွမ်းကျွေးကာ အမျှဝေသောခဏ၌ပင်လျှင် ရအပ်သော နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာ ရှိသည်ဖြစ်၍ မိမိသည် ပြိတ္တာဘဝမှ လွတ်မြောက်ကာ ကုသိုလ်၏အကျိုး ဖွဲ့ဖြိုးကြီးကျယ်ပုံကို ပြခြင်းငှာ တစ်ဖန်

http://www.dhammadownload.com

မတိသာဓ၏အထံသို့ ရောက်လာလေ၏။ ထိုအကြောင်းကို သင်္ဂါယနာတင် ဆရာမြတ်တို့သည် အောက်ပါသုံးဂါထာဖြင့် ပြတော်မူကြကုန်၏။

၁၅၉။ သာရုတိ သာ ပဇိသုတ္တာ၊ ဘောဇယိတ္ထ ဘိက္ခဝေါ။
ဝတ္ထေဟ'စ္ဆာဒယိတ္ထာန၊ တဿာ ဒက္ခိဏမာဒိသိ။

၁၅၉။ သာ၊ ဟိဘဝက ညီမဖြစ်ခဲ့ရာ ထိုမတိသာသည်။ သာရုတိ၊ ထိုပြောပြသမျှ ကောင်းလှပါပြီဟူ၍။ ပဇိသုတ္တာ၊ ဝန်ခံ၍။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဘိက္ခဝေါ၊ မြင့်မြတ်ကျော်မော် ရဟန်းတော်တို့ကို။ ဘောဇယိတ္ထာ၊ စိတ်စေတနာသဒ္ဓါဖြူဖွေး ဆွမ်းလုပ်ကျွေး၍။ ဝတ္ထေဟိ၊ ကောင်းမွန်လှစွာ သင်္ကန်းလျာ ပုဆိုးတို့ကို။ အစ္ဆာဒယိတ္ထာန၊ ဖုံးလွှမ်းဝတ်ဆင်စေပြီး၍။ တဿာ၊ ထိုကတိလွဲ၍ ဆင်းရဲနေရာ မမတ္တာအား။ ဒက္ခိဏံ၊ ဒါနအစု မြတ်ကောင်းမှုကို။ အာဒိသိ၊ ရည်ညွှန်းမှန်းဆ အမျှပေးဝေလေပြီ။

၁၆၀။ သမနုဉ္ဉာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဒ္ဓထ။
ဘောဇနုဏ္ဏဒနုပါနိယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

၁၆၀။ အနုဒ္ဒိဋ္ဌေ = အနုဒ္ဒိဋ္ဌဿ၊ မှန်းဆမျှော်မှန်း ရည်ညွှန်းအပ်ပြီးသည်၏။ သမနုဉ္ဉာ၊ အခြားမဲ့၍။ ဘောဇနုဏ္ဏဒနုပါနိယံ၊ စားဝတ်နှစ်ထွေ သောက်ဖွယ်ရေဟုဆိုအပ်သော။ ဝိပါကော၊ ဒါနအစု မြတ်ကောင်းမှု၏အကျိုးသည်။ ဥဒပဒ္ဓထ၊ စင်စစ်မှန်စွာ ဖြစ်ပေါ်၍လာပေ၏။ ဣဒံ ဖလံ၊ နတ်၌ဖြစ်ရာ စားအစာနှင့် ဝတ်လျာပုဆိုး သောက်ဖွယ်အမျိုးမျိုးကို ရခြင်းဟူသော ဤအကျိုးသည်။ ဒက္ခိဏာယ၊ ရှေးဘဝက ညီမတော်ရှာ မတိသာ၏ သဒ္ဓါဖြူဖွေး ဆွမ်းကျွေးလှူလတ် ကုသိုလ်မြတ်၏။ ဖလံ၊ အကျိုးပါပေတည်း။

၁၆၁။ တတော သုဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဝိစိတ္တ ဝတ္ထာဘရဏာ၊ သပတ္တိ ဥပသင်္ကမိ။

၁၆၁။ တတော၊ ထိုနတ်၌ဖြစ်ရာ စားအစာနှင့် ဝတ်လျာသောက်ရေ ထွေထွေသော စည်းစိမ်တို့ ဖြစ်ပေါ်လာသည်မှ။ ပရံ၊ နောက်၌။ သာ၊ ဆင်းရဲနေရာ ထိုမမတ္တာသည်။ သုဒ္ဓါ၊ လှတင့်တယ် စင်ကြယ်သည်။ သုစိဝသနာ၊ စင်ကြယ်သန့်ရှင်းသောအဝတ်ရှိသည်။ ကာသိကုတ္တမဓာရိနီ၊ ကာသိတိုင်းလုံး အမြတ်ဆုံးဖြစ်အဝတ်သစ်ကို ဝတ်ဆင်သည်။ ဝိစိတ္တ ဝတ္ထာဘရဏာ၊ ဆန်းကြယ်လှစွာ အဝတ်တန်ဆာရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ သပတ္တိံ၊ ဘဝဟောင်းက ရန်သူသဖွယ် မယားငယ်ဖြစ်ရာ မတိသာသို့။ ဥပသင်္ကမိ၊ ချဉ်းသာအလျောက် လန်းဖြာတောက်ကာ ကပ်ရောက်ရာလေတော့၏။

http://www.dhammadownload.com

ဤသို့ ဝမ်းမြောက်စွာ ကပ်ရောက်လာ၍ အနီးဌာရှိနေသော မမတ္တာနတ်သမီးကို မတိသာသည် ဖြစ်လာရပုံ အကြောင်းစုံကို အကုန်မေးမြန်းလိုရကား-

၁၆၂။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသမီ ဝိယ တာရကာ။

၁၆၃။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပပဇ္ဇန္တီ စ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။

၁၆၄။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဧလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဤဂါထာတို့၏အနက် ယောဇနာနည်းတို့သည် ဂါထာနံပါတ် ၁၀၄-၅-၆ တို့၏ အနက် ယောဇနာနည်းနှင့် အားလုံးတူပြီ။

ဤသုံးဂါထာဖြင့် မတိသာက နတ်သမီးအား ရှေးလူ့ဘဝက ဘယ်ကုသိုလ်ကောင်းမှုကြောင့် ဤကဲ့သို့ အဆင်းလှပြီး နတ်စည်းစိမ်ကို ရပါသနည်းဟု မေးမြန်းသောအခါ မမတ္တာနတ်သမီးက ဖြစ်လာရပုံ အကြောင်းစုံကို ဤသို့ ပြောပြပြန်လေ၏။

၁၆၅။ အဟံ မတ္တာ တုဝံ တိသာ၊ သပတ္တိ တေ ပုရေ အဟုံ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဣတော ဂတာ။

၁၆၅။ တိသော၊ ငါ့ကိုမြင်သဖြင့် အံ့အားသင့်ရှာ မတိသာ။ အဟံ၊ ငါသည်။ မတ္တာ၊ မတ္တာမည်ရသင့်အစ်မပါတည်း။ တုဝံ၊ သင်သည်ကား။ တိသာ၊ ငါမမေ့ ပါ မတိသာတည်း။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ အဟံ၊ ငါသည်။ တေ၊ သင် မတိသာ၏။ သပတ္တိ၊ ရန်ဘက်ဖြစ်ရ လင်တူမသည်။ အဟုံ၊ ဖြစ်ခဲ့ပါပြီ။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို။ ကရိတ္ဝာန၊ မှားမှားမိုက်မိုက် ပြုလိုက်မိခဲ့၍။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ မသက်မသာ ဒုက္ခဖြာသည့် ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်မှန်စွာ ရောက်ခဲ့ရပါ၏။

တစ်ဖန် မမတ္တာနတ်သမီးက မတိသာ၏ အမျှအတန်းပေးဝေခြင်းကြောင့် ပြိတ္တာဘဝမှ လွတ်မြောက်ကာ ယခုလို ချမ်းသာခြင်းသို့ ရောက်ရပါသည်ဟု ပြောကြားပြီး မတိသာနှင့် ဆွေမျိုးအား မေတ္တာပို့သ၍ အဆုံးအမ ပေးလိုသဖြင့်-

၁၆၆။ တဝ ဒိန္နေန ဒါနေန၊ မောဒါမိ အကုတောဘယာ။

http://www.dhammadownload.com

စိရံ ဇီဝါဟိ ဘဂိနီ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
အသောကံ ဝိရဇံ ဒ္ဝါနံ၊ အာဝါသံ ဝသဝတ္တိနံ။

၁၆၆။ တိသော၊ ရွေးဘဝက ညီမတော်ခဲ့ရှာ မတိသာ။ တဝ၊ သင်၏။ ဒိန္နေန၊ ပေးလှူအပ်သော။ ဒါနေန၊ လှူဒါန်းအပ်သော ကောင်းမှုကြောင့်။ အဟံ၊ ငါသည်။ အကုတောဘယာ၊ ဘာတစ်ခုမျှ ဘေးမခသည်။ ဟုတ္တာ၊ ဖြစ်၍။ မောဒါမိ၊ ရွှင်လန်းကြည်သာ ဝမ်းမြောက်ရပါ၏။ ဘဂိနီ၊ တိသာမည်ထ ငါ့ညီမ၊ တို့၊ သင် သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဉာတိဘိ၊ တော်စပ်သမျှ မိတ် သင်္ဂဟတို့နှင့်။ သဟ၊ အတူတကွ။ စိရံ၊ ဘေးကင်းရန်ကွာ နှစ်ရှည်ကြာအောင်။ ဇီဝါဟိ၊ ရုပ်နာမ်နှစ်ဖြာ သင့်ခန္ဓာသည် ရှည်မြင့်စွာ တည်ရှိပါစေလော့။ အသောကံ၊ ကြောင့်ကြ စိုးရိမ်ခြင်းမရှိသော။ ဝိရဇံ၊ မြူကြေးမတင် သန့်ရှင်းစင်သော။ ဝသဝတ္တိနံ၊ မိမိလိုရာ လိုက်ပါစေနိုင်သောသူတို့၏။ အာဝါသံ၊ မြင့်မြတ်အစစ် နေရာဖြစ်သော။ ဒ္ဝါနံ၊ ခြောက်ထပ်ဆင့်တည် အထက်နတ်ပြည်သို့။ ဥပေဟိ၊ ရွှင်ပျော်ဝမ်းမြောက်စွာ ကပ်ရောက်ပါစေလော့။

၁၆၇။ ဣဓ ဓမ္မံ စရိတ္ဝာန၊ ဒါနံ ဒတ္ဝာန သောဘနေ။
ဝိနေယျ မစ္ဆေရမလံ သမ္မလံ၊ အနိန္ဒိတာ သဂ္ဂမုပေဟိ ဒ္ဝာနံ။

၁၆၇။ သောဘနေ၊ တင့်တယ်လှစွာ မတိသာ။ တွံ၊ သင်သည်။ ဣဓ၊ ဤလူ့ရွာ၌။ ဓမ္မံ၊ သုစရိုက်ဆယ်ပါး သူတော်ကောင်းတရားကို။ စရိတ္ဝာန၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ ဒတ္ဝာန၊ စိတ်စေတနာ သဒ္ဓါကြည်ဖြူ ပေးလှူပြီး၍။ မစ္ဆေရမလံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမပြု ဝန်တိုခြင်းဟူဆိုအပ်သော အညစ်အကြေးကို။ သမ္မလံ၊ မကျန်မကြွင်း အမြစ်ရင်းနှင့်တကွ။ ဝိနေယျ၊ မလူမတက် မပြူထွက်အောင် ဖျောက်ဖျက်၍။ အနိန္ဒိတာ၊ သူတစ်ပါးအား အပြစ်ထား၍ ထင်ရှားဆတ်ဆတ် မကဲ့ရဲ့ မရှဲ့ချအပ်သည်။ ဟုတ္တာ၊ ဖြစ်လျက်။ သဂ္ဂံ၊ ရွှပါရဲ့ စသည်တို့ဖြင့် သင့်တင့်ကောင်းမြတ်သောကြောင့် သဲ့ဂအမည်ရှိသော။ ဒ္ဝါနံ၊ ခြောက်ထပ်ဆင့်တည် နတ်တို့ပြည်သို့။ ဥပေဟိ၊ ရွှင်ပျော်ဝမ်းမြောက်စွာ ကပ်ရောက်ပါစေလော့။

အကြောင်းစုံ ဘုရားရှင်အား လျှောက်ကြား

ထိုအခါ မတိသာသည် ထိုသို့သိရပုံ အကြောင်းစုံကို မိမိ၏ယောကျ်ားသူကြွယ်အား ပြောပြလေ၏။ သူကြွယ်သည် ရဟန်းတို့အား လျှောက်ကြားလေ၏။ ရဟန်းတို့သည်လည်း မြတ်စွာဘုရားအား လျှောက်ထားကုန်၏။

http://www.dhammadownload.com

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ပြု၍ ရောက်လာသော ပရိသတ်အား တရားကိုဟောတော်မူ၏။ ထိုတရားစကားကိုကြား၍ များစွာသောလူအပေါင်းသည် ရအပ်သော သံဝေဂရှိသည်ဖြစ်၍ မစ္ဆေရ စသော အညစ်အကြေးကို ပယ်ဖျောက်၍ ဒါန၊ သီလ စသည်တို့၌သာ မွေ့လျော်ကြလျက် နတ်ပြည်သို့သာ လားရောက်ရာရှိသည် ဖြစ်လေ၏။

သုံးခုမြောက် ဣဿာနှင့် အဘိရွာကြီးသဖြင့် ပြိတ္တာမကြီးဖြစ်၍နေရသော မတ္တာ ပြိတ္တာမအကြောင်းပြီး၏။

၄–နန္ဒာပေတိဝတ္ထု

ရတနာသုံးပါးကိုလည်း မကြည်ညို၊ လင်နှင့်ယောကျ်ားမကိုလည်း ရေရွတ်ကျိန်ဆဲသဖြင့် ပြိတ္တာဖြစ်ရသော မနန္ဒာ

ကာဠီ ဒုဗ္ဗဏ္ဏရူပါသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤနန္ဒာပေတိဝတ္ထုကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နန္ဒာမည်သော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

လင်သူတော်နှင့် မယားယုတ်

သာဝတ္ထိပြည်၏ မနီးမဝေး ရွာငယ်တစ်ခု၌ သဒ္ဓါတရားရှိလျက် ရတနာသုံးပါးကို ကြည်ညိုသော နန္ဒိသေနမည်သော ဥပါသကာသည် ရှိလေ၏။ ထိုဥပါသကာ၏ နန္ဒာအမည်ရှိသော မယားသည်ကား သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးကို မကြည်ညို၊ စိတ်ထားမကောင်း၊ စောင်းမြောင်းဝန်တိုလေ့ရှိ၏။ ကြမ်းတမ်းခက်ထန်အမျက်မာန်ဒေါသရှိ၏၊ နှုတ်ထွက်သရမ်း၏၊ လင်ယောကျ်ားကို မရိုသေ၊ ယောကျ်မမိန်းမသူကို "သူခိုးမ" ဟူသော ပြောဆိုခြင်းဖြင့် ဆဲရေးတတ်၏၊ တဘွတ်တွတ်နှင့် ရေရွတ်တတ်၏။

မိန်းမယုတ် ပြိတ္တာဖြစ်ကာ လင်ကို ကိုယ်ထင်ပြ

ထိုမိန်းမသည် အခါတစ်ပါး၌သော်၎င် ပြိတ္တာမျိုး၌ဖြစ်ကာ ထိုရွာ၏ မနီးမဝေး၌ 23 B

http://www.dhammadownload.com

လှည့်လည်နေ၏။ တစ်နေ့သ၌ နန္ဒိသေန ဥပါသကာ ရွာမှထွက်လာစဉ် မနီး မဝေးသောအရပ်၌ ကိုယ်ထင်ပြလေ၏။ နန္ဒိသေန ဥပါသကာသည် ထိုပြိတ္တာမကို မြင်ရ၍ အောက်ပါဂါထာဖြင့် မေးလေ၏။

၁၆၈။ ကာဠီ ဒုဗ္ဗဏ္ဏရူပါသိ၊ ဖရုသာ ဘီရုဒဿနာ။
ပိင်္ဂလာသိ ကဉ္စာရာသိ၊ နု တံ မညာမိ မာနုသိ။

၁၆၈။ ဘောတိ ကျတ္ထိ၊ ကြောက်ရွံ့ဖွယ်မြင်ရ အို မိန်းမ။ တံ၊ သင်သည်။ ကာဠီ၊ မီးသွေးပမာ မည်းစွာသောအဆင်းရှိသည်။ ဖရုသာ၊ ကြမ်းတမ်းသောကိုယ် ရှိသည်။ ဘီရုဒဿနာ၊ ကြောက်မက်ဖွယ်သောမြင်ကွင်းရှိသည်။ ဒုဗ္ဗဏ္ဏရူပါ၊ မဝင်း ပသောရုပ်ရှိသည်။ ပိင်္ဂလာ၊ ပြူးပြူးပြောင်ပြောင် အထူးကြောင်သောမျက်လုံးရှိ သည်။ ကဉ္စာရာ၊ ညှိရွှေရောယောင် ကြောင်သောသွားရှိသည်။ အာသိ၊ ဖြစ်၏။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ မာနုသိ၊ လူ မိန်းမဟူ၍။ နု မညာမိ၊ မမှတ်ထင် မအောက်မေ့နိုင်ပါ။

ပြိတ္တာမပြန်ပြောပုံ

ထိုစကားကိုကြား၍ ပြိတ္တာမသည် မိမိဖြစ်နေရပုံ အကြောင်းစုံကို အောက် ပါဂါထာဖြင့် ပြောဆိုလေ၏။

၁၆၉။ အဟံ နန္ဒာ နန္ဒိသေန၊ ဘရိယာ တေ ပုရေ အဟုံ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဥပေါ ဂတာ။

၁၆၉။ နန္ဒိသေန၊ အထင်ကရ ကိုယ်ထင်ပြသော်လည်း ကျွန်မကို ဘယ်သူ ဘယ်ဝါ မသိရှာတဲ့ အမောင်နန္ဒိသေန။ အဟံ၊ ငါသည်။ နန္ဒာ၊ သူများမဟုတ်ပါ မနန္ဒာတည်း။ ပုရေ၊ လူဖြစ်ခဲ့ရ ရှေးဘဝ၌။ တေ၊ သင်၏။ ဘရိယာ၊ သက်လျာ မယားသည်။ အဟုံ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါပြီ။ ပါပကမ္မံ၊ ဆိုးယုတ်ညစ်ကျူ မကောင်းမှုကို။ ကရိတ္ဝာန၊ မစဉ်းမစား အတင်းအားဖြင့် ယွင်းမှားမိုက်မိုက် ပြု လိုက်မိခဲ့၍။ ဥပေါ၊ ချမ်းသာပြည့်စုံ ကောင်းမှု ထုံရာ ဤလူ့ရွာမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်ပြန်စွာ ရောက်ရပါ၏။

ထိုအခါ နနန္ဒိသေန ဥပါသကာက မနန္ဒာအား ဤသို့မေးမြန်းလေ၏။

၁၇၀။ ကိံ နုကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ပေတလောကံ ဥပေါ ဂတာ။

၁၇၀။ နန္ဒေ၊ ဒုက္ခဖိစီး ကိုယ်လုံးတီးနှင့် ဝင့်ကြွေးပေရာ မနန္ဒာ။ ကာယေန၊

http://www.dhammadownload.com

ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိ်ံန္၊ အဘယ်သို့သော။ ဒုက္ကဋ်၊ မကောင်းမှုမိုက် ဒုစရိုက်ကို။ ကတံ၊ မိုက်အားကိုးနဲ့ အကျိုးမဲ့အောင် ပြုလုပ်ခဲ့ပါသနည်း။ ကိသ ကမ္မဝိပါကေန၊ အဘယ်ကံ၏ အကျိုးဝိပါက်ကြောင့်။ ဣတော၊ ချမ်းသာပြည့်စုံ ကောင်းမှုထုံရာ ဤလူ့ရွာမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်မှန်စွာ ရောက်ရပါသနည်း။

နန္ဒိသေန ဥပါသကာ၏အမေးကို ပြိတ္တာမ မနုန္နာက ဤသို့ ဖြေကြားလေ၏။

၁၇၁။ စဏ္ဍီစ ဖရုသာ စာသိ၊ တယိ စာပိ အဂါရဝါ။
တာဟံ ဒုရုတ္တံ ဝတ္တာန၊ ပေတလောကံ ဣတော ဂတာ။

၁၇၁။ နန္ဒိသေန၊ လူ့ဘဝမှာ တူယုဉ်ကာ ကြင်ခဲ့ရတဲ့ ကိုနန္ဒိသေန။ အဟံ၊ ပြိတ္တာဘဝမှာ ဒုက္ခဖြာနေရသည့် အကျွန်ုပ်သည်။ ပုရေ၊ ရှေးလူဖြစ်စဉ်အခါ၌။ စဏ္ဍီစ၊ ကြမ်းတမ်းသော ကိုယ်ရိုသည်လည်းကောင်း။ ဖရုသာစ၊ ကြမ်းတမ်းသော စကားရိုသည်လည်းကောင်း။ အာသိ၊ ဖြစ်ခဲ့ပါပြီ။ တယိပိ၊ မယ့်ကို ယုယ ကိုနန္ဒိသေနအပေါ်၌လည်း။ အဂါရဝါ၊ ကြည်ဖြူဝပ်စင်း ရိသေခြင်း မရှိသည်။ အာသိ၊ ဖြစ်ခဲ့ပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ ကြင်နာခင်မင် သင်ချစ်လင်အား။ ဒုရုတ္တံ၊ စိတ်ထားညစ်ပတ် မကောင်းသဖြင့် ဆိုအပ်သောစကားကို။ ဝတ္တာန၊ ညာတာကင်းမဲ့ပြောဆိုခဲ့၍။ ဣတော၊ ချမ်းသာပြည့်စုံ ကောင်းမှုထုံရာ ဤလူတို့ရွာမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်မှန်စွာ ရောက်ရပါပြီ။

၁၇၂။ ဟန္ဒုတ္တရိယံ ဒဒါမိ တေ၊ ဣမံ ဒုဿံ နိဝါသယ။
ဣမံ ဒုဿံ နိဝါသေတွာ၊ ဧဟိ နေဿာမိ တံ ဃရံ။

၁၇၂။ နန္ဒေ၊ မောင့်အပေါ်အပြစ်ထား မိုက်မှားခဲ့ရာ မနန္ဒာ။ ဟန္ဒ၊ တိုက်တွန်းပါ၏။ တေ၊ သင့်အား။ ဥတ္တရိယံ၊ အဆင်ဆန်းဆန်း အသွင်လန်းဖို့ ဆင်မြန်းရန်ရည်အပေါ်အဝတ်အထည်ကို။ ဒဒါမိ၊ သနားညာတာ စေတနာထား သဒ္ဓါသောအားဖြင့် ပေးကမ်းပါ၏။ ဣမံ ဒုဿံ၊ သင့်အတွက်ရည် ဤထမီကို။ နိဝါသယ၊ ချိုးကျယဉ်ယဉ် ဝတ်ဆင်ပါလော့။ နိဝါသေတွာ၊ ချိုးကျယဉ်ယဉ် ဝတ်ဆင်ပြီး၍။ ဧဟိ၊ မနေးမကြာလိုက်ခဲ့ပါလော့။ တံ၊ သင့်ကို။ ဃရံ၊ တို့နှစ်ကိုယ်ယှဉ်တွဲကာ ချစ်ပွဲ ဆင်ခဲ့ရာအိမ်ဂေဟာသို့။ နေဿာမိ၊ မရမနေ ခေါ်ဆောင်ပေအံ့။

၁၇၃။ ဝတ္ထဉ္စ အန္နပါနဉ္စ၊ လစ္ဆသိ တွံ ဃရံ ဂတာ။
ပုတ္တေ စ တေ ပသိဿသိ၊ သုဏိသာယော စ ဒက္ခသိ။

http://www.dhammadownload.com

၁၇၃။ နန္ဒေ၊ ဘဝဟောင်းနေရာ ပြန်ပြောင်းကြည့်လှာ မနန္ဒာ။ ဃရံ၊ ငါတို့ နေရာ အိမ်ဂေဟာသို့။ ဂတာ၊ အမှန်တိုင် သွားသည်ရှိသော်။ ဣဒ္ဓံ၊ အဝတ်ကင်းကွာ ကိုယ်ဇလာနှင့် သင်မနန္ဒာသည်။ ဝတ္ထဉ္စ၊ အဝတ် လည်းစုံ ကိုယ်လည်းလုံဖို့ အစုံထဘီ ပြင်အင်္ကျီနှင့် ဘော်လီပုဝါ ခြုံစရာ အဝတ်ကို လည်းကောင်း။ အန္နပါနဉ္စ၊ စားသောက်ဖွယ်ရာ အဖျော်ယမကာကိုလည်းကောင်း။ လစ္ဆသိ၊ လိုတာမရှိ ပိုပို သာသာအပြည့် ရရှိနိုင်ပါအံ့။ တေ၊ ရှေးက ကြင်ရာဖြစ်ခဲ့ရှာတဲ့ သင်မနန္ဒာ၏။ ပုတ္တေ စ၊ ချစ်ခဲ့ပေရာ သားရတနာတို့ကိုလည်း။ ပသိဿသိ၊ မျက်ဝါးထင်ထင် သင်တွေ့မြင်ရပါလတ္တံ့။ သုဏိသာယောစ၊ သမီးပမာ လိုတာမစ ချွေးမတို့ကိုလည်း။ ဒက္ခသိ၊ ဟိတုန်းကပုံအတိုင်း မဆိုင်းမတွ သင်မြင်ရပါလတ္တံ့။

၁၇၄။ ဟတ္ထေန ဟတ္ထေ တေ ဒိန္နံ၊ နု မယ့ံ ဥပ ကပ္ပတိ။
ဘိက္ခူ စ သီလသမ္ပန္နေ၊ ဝိတရာဂေ ဗဟုဿုတေ။
၁၇၅။ တပ္ပေဟိ အန္နပါနေန၊ မမ ဒက္ခိဏမာဒိသ။
တဒါဟံ သုခိတာ ဟောဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

၁၇၄-၅။ သာမိ၊ ခုရှေးဘဝက နှစ်ဌာနလုံး ကြည်ပြိုးနေရ ကိုနန္ဒိသေန။ တေ၊ သင်၏။ ဟတ္ထေန၊ လက်ဖြင့်။ ဟတ္ထေ၊ အကျွန်ုပ်၏လက်၌။ ဝါ-ဟတ္ထေန ဟတ္ထံ၊ လက်လက်ချင်း။ ဒိန္နံ၊ သဒ္ဓါရွှင်လန်း ပေးကမ်းအပ်သော အဝတ်သည်။ မယ့ံ၊ အကုသိလ်စီး ဝဋ်ကြီးပါလှ ကျွန်တော်မအား။ နု ဥပကပ္ပတိ၊ အကုသိလ်က ဇီပါက်ပြန်၍ အမှန်ပင် ဝတ်ရန်မထိုက်တန်ပါ။ စ၊ ဝတ်ထိုက်ဖို့ရေး စီမံပေးရန် နည်းလမ်းမှန်သော်ကား။ တံ့၊ သင်သည်။ သီလသမ္ပန္နေ၊ အကျင့်သီလ ပြည့်ဝ စုံလင်ကြကုန်သော။ ဝိတရာဂေ၊ ကင်းသောရာဂ ရှိကြပေကုန်သော။ ဗဟုဿုတေ၊ များပြားစွာပင် အကြားအမြင်ရှိကြကုန်သော။ ဘိက္ခူ၊ မြင့်မြတ်ကျော်မော် ရဟန်း တော်တို့ကို။ အန္နပါနေန၊ အဖျော်ယမကာဖြင့်။ တပ္ပေဟိ၊ ရွှင်လန်းဖြာဖြာ နှစ်သိမ့်စေပါလော့။ တပ္ပေတွာ၊ နှစ်သိမ့်သီးသီး ရောင့်ရဲစေပြီး၍။ ဒက္ခိဏာ၊ စိတ် ဇစတနာ သဒ္ဓါကြည်ဖြူ မြတ်လှစွာသော်အလှူ၏ အဖို့ဘဝကို။ မေ၊ အကျွန်ုပ် အား။ အာဒိသ အာဒိသာဟိ၊ ရည်ညွှန်းမှန်းဆ အမျှဝေလော့။ တဒါ၊ ထိုသို့ အမျှ ပေးဝေသည်ရှိသော်။ သဗ္ဗကာမသမိဒ္ဓိနီ၊ လုံးစုံကာမ ပြီးပြည့်ဝသည်။ ဟုတွာ၊ ဖြစ်၍။ သုခိတာ၊ ဆင်းရဲကင်းပျောက် ချမ်းသာခြင်းသို့ ရောက်သည်။ ဟောဿံ၊ စင်စစ်မှန်စွာ ဖြစ်ရပါလတ္တံ့။

ထိုနောင်မှ မနန္ဒာသည် သူ၏ ရှေးဘဝက လင်တော်ခဲ့ဖူးသော နှန္ဒိသေန

http://www.dhammadownload.com

ဥပါသကာ ရှိရာသို့ ကပ်ရောက်လာသည့်အကြောင်းကို ပြလိုရှိ သင်္ဂါယနာတင်ဆရာမြတ်တို့သည် အောက်ပါ လေးဂါထာတို့ကို မိန့်ဆိုတော်မူကြကုန်၏။

၁၇၆။ သာဓုတိ သော ပဋိသုတွာ၊ ဒါနံ ဝိပုလမာကိရိ။
အန္နံ ပါနံ ခါဒနီယံ၊ ဝတ္ထသေနာသနာနိ စ။
ဆတ္တဉ္စ ဂန္ဓဉ္စ မာလဉ္စ၊ ဝိဝိဓာ စ ဥပါဟနာ။

၁၇၆။ သော၊ သနားညှာတာ စေတနာရှိ ထိုနန္ဒိသေနသည်။ သာဓုတိ၊ သူ ပြောတိုင်းမှု ကောင်းပါပြီဟူ၍။ ပဋိသုတွာ၊ ဝန်ခံပြီး၍။ ဝိပုလံ၊ ပြန့်ပြောစွာ သော။ ဒါနံ၊ လှူဖွယ်အစု ဒါတဗ္ဗဝတ္ထုကို။ အာကိရိ၊ စွန့်ကြဲလှူဒါန်းလေပြီ။ အန္နံ၊ စားဖွယ်မယွင်း ဘောဇဉ်ထမင်းကိုလည်းကောင်း။ ပါနံ၊ လုံးစုံထွေထွေ သောက်သုံးရေကိုလည်းကောင်း။ ခါဒနီယံ၊ များပြားသွယ်သွယ် စားစရာခဲဖွယ်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိစ၊ အဝတ်သင်္ကန်း အိပ်ခန်းနေရာ အဖြာဖြာတို့ကိုလည်းကောင်း။ ဆတ္တဉ္စ၊ နေပူမိုးရွာ ဆောင်း၍ကာသော ထီးကိုလည်းကောင်း။ ဂန္ဓဉ္စ၊ ကြိုင်လှိုင်လှစွာ မွေးနံ့သာကိုလည်းကောင်း။ မာလဉ္စ၊ ဝေဝေတင့်ဆန်း ပွင့်သောပန်းကိုလည်းကောင်း။ ဝိဝိဓာ၊ အထူးထူးအပြားပြားကုန်သော။ ဥပါဟနာ စ၊ ဖိနပ်ကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဝိပုလံ၊ များပြားဖြာဖြာ ပြန့်ပြောစွာသော။ ဒါနံ၊ ရွှင်ပြုံးပျော်ပျော် အလှူတော်ကို။ အာကိရိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းလေပြီ။

၁၇၇။ ဘိက္ခူ စ သီလသမ္ပန္နေ၊ ဝိတရာဂေ ဗဟုဿုတေ။
တပ္ပေတွာ အန္နပါနေန၊ တဿာ ဒက္ခိဏမာဒိသိ။

၁၇၇။ သော၊ ထိုလှူဒါန်းစွန့်ချ ဒါနပြုရာ နန္ဒိသေန ဥပါသကာသည်။ သီလသမ္ပန္နေ၊ အကျင့်သီလ အာစာရနှင့် ပြည့်ဝကြပေကုန်သော။ ဝိတရာဂေ၊ ကောင်းမြတ်သန့်ရှင်း ကင်းသောရာဂ ရှိကြပေကုန်သော။ ဗဟုဿုတေ၊ များပြားစွာပင် အကြားအမြင်ရှိကြပေကုန်သော။ ဘိက္ခူစ၊ မြင့်မြတ်ကျော်မော် ရဟန်းတော်တို့ကိုလည်း။ အန္နပါနေန၊ တတ်စွမ်းနိုင်ရာ ထမင်းအဖျော်ယမကာဖြင့်။ တပ္ပေတွာ၊ နှစ်သိမ့်ရောင့်ရဲစေပြီး၍။ တဿာ၊ ထို မယားဟောင်းဖြစ်ခဲ့ဖူးရှာ မနန္ဒာအား။ ဒက္ခိဏံ၊ စိတ်စေတနာ သဒ္ဓါကြည်ဖြူ မြတ်အလှူ၏ အဖို့ဘာဂကို။ အာဒိသိ၊ ရည်ညွှန်းမှန်းဆ အမျှပေးဝေလေပြီ။

၁၇၈။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဒ္ဓထ။
ဘောဇနုစ္ဆာဒနပါနီယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

ဤဂါထာ၏အနက်သည် ၁၁၂-နံပါတ်ပါ ဂါထာ၏ အနက်ပေးနည်းနှင့် တူပြီ။

http://www.dhammadownload.com

၁၇၉။ တတော သုဒ္ဓါ သုစိဝသနာ၊ ကာသိကုတ္တမဓာရိနီ။
ဝိစိတ္တ ဝတ္ထာဘရဏာ၊ သာမိကံ ဥပသင်္ကမိ။

၁၇၉။ တထော၊ ထိုသို့ နတ်၌ဖြစ်ရာ စားအစာနှင့် ဝတ်လျာရေ ထွေထွေ စည်းစိမ် ဖြစ်ပေါ်လာချိန်မှ။ ပရဲ၊ နောက်၌။ သာ၊ ထိုဆင်းရဲနေရ နန္ဒာမည်သော ပြိတ္တာမသည်။ သုဒ္ဓါ၊ လှပတင့်တယ် စင်ကြယ်သည်။ သုစိဝသနာ၊ စင်ကြယ် သန့်သည့် အဝတ်ရှိသည်။ ကာသိကုတ္တမဓာရိနီ၊ ကာသီတိုင်းဖြစ် အဝတ်သစ်ကို ဝတ်ဆင်ရသည်။ ဝိစိတ္တဝတ္ထာဘရဏာ၊ ဆန်းကြယ်လှစွာ အဝတ် တန်ဆာရှိသည်။ ဟုတွာ၊ ဖြစ်၍ သာမိကံ၊ စိတ်စေတနာ သဒ္ဓါဖြူစင် ချစ်လင်ဖြစ်ခဲ့သော နန္ဒိသေနသို့။ ဥပသင်္ကမိ၊ ရွှင်ပျော်ဝမ်းမြောက်စွာ ကပ်ရောက်လာရှာလေတော့၏။

ထို့နောက် နန္ဒိသေန ဥပါသကာသည် အောက်ပါ ဂါထာတို့ဖြင့် ပြိတ္တာမအား မေးမြန်းလေ၏။

၁၈၀။ အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။
၁၈၁။ ကေန တေ တာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။
၁၈၂။ ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဝိလိတာနုဘာဝါ၊
ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဤဂါထာတို့၏ အနက်များသည် ဂါထာနံပါတ် ၁၀၄-၅-၆ တို့နှင့်တူပြီ။ မနန္ဒာကလည်း အောက်ပါ ဂါထာတို့ဖြင့် ပြန်လည်ဖြေကြားလေ၏။

၁၈၃။ အဟံ နန္ဒာ နန္ဒိသေန၊ ဘရိယာ တေ ပုရေ အဟုံ။
ပါပကမ္မံ ကရိတွာန၊ ပေတလောကံ ဥပါဂတာ။

၁၈၃။ နန္ဒိသေန၊ အမောင်နန္ဒိသေန။ အဟံ၊ ငါသည်။ နန္ဒာ၊ သူများ မဟုတ်ပါ မနန္ဒာတည်း။ ပုရေ၊ လူဖြစ်ခဲ့ရ ရှေးဘဝ၌။ တေ၊ သင်၏။ ဘရိယာ၊ သက်လျာမယားသည်။ အဟုံ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါပြီ။ ပါပကမ္မံ၊ ဆိုးယုတ် ညစ်ကျူ မကောင်းမှုကို။ ကရိတွာန၊ မစဉ်းမစား အတင်းအားဖြင့် ယွင်းမှား မိုက်မိုက် ပြုလိုက်မိခဲ့၍။ ဥပါဂတာ၊ ချမ်းသာပြည့်စုံ ကောင်းမှုထုံရာ ဤလူတို့ရွာမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မဖောက်မှန်စွာ ရောက်ရပါသည်တကား။

http://www.dhammadownload.com

တစ်ဖန် မနန္ဒာနတ်သမီးက နန္ဒိသေန သူကြွယ်၏ သဒ္ဓါကြည်ဖြူ လူဒါန်းကာ အမျှအတမ်း ပေးဝေခြင်းကြောင့် ဆင်းရဲနက်လှသည့် ပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်စည်းစိမ်ဖြင့် ထိန်ထိန်ညီးညီး ချမ်းသာကြီးခြင်းသို့ ရောက်ရပါသည်ဟု ပြောကြားပြီးလျှင် နန္ဒိသေနသူကြွယ်နှင့် ဆွေမျိုးတို့အား မေတ္တာပို့သ အဆုံးအမ ပေးလိုသည်ဖြစ်၍ အောက်ပါနှစ်ဂါထာတို့ကို ဆိုလေ၏။

၁၈၄။ တဝ ဒိန္နေန ဒါနေန၊ မောဒါမိ အကုတော ဘယာ။
စိရံ ဇိဝ ဂဟပတိ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
အသောကံ ဝိရဇံ ခေမံ၊ အာဝါသံ ဝသဝတ္တိနံ။
၁၈၅။ ဣဓ ဓမ္မံ စရိတွာန၊ ဒါနံ ဒတွာ ဂဟပတိ။
ဝိနေယျ မစ္ဆေရမလံ သမူလံ၊ အနိန္ဒိတော သဂ္ဂမုပေဟိ ဌာနံ။

ဤဂါထာတို့၏ အနက်တို့သည်လည်း ဂါထာနံပါတ် ၁၆၆-၁၆၇ ဂါထာ အနက်တို့နှင့် မထူးခြားပြီ။ "ဘဂိနီ၊ သောဘနေ" ဟူသော ပုဒ်တို့အစား "ဂဟပတိ" ဟု လဲလှယ်ပြီး၊ "ဂဟပတိ၊ သူကြွယ်"ဟု အနက်ပေးပါ၊ အဆုံး၌ "အနန္ဒိတာနှင့် အနိန္ဒိတော"မှာ အနက်မထူးပြီ။

ဘုရားရှင်အား လျှောက်ကြား

နန္ဒိသေန ဥပါသကာသည် ထိုအကြောင်းကို ရဟန်းတို့အား လျှောက်ထား၍ ရဟန်းတို့ကလည်း ဘုရားရှင်အား လျှောက်ထားကြကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ထိုအကြောင်းစုံကို အထွေပြုတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထိုဒေသနာတော်မြတ်သည် လူအပေါင်းအား အကျိုးများပြားသည် ဖြစ်လေ၏။

လေးခုမြောက် ရတနာသုံးပါးကိုလည်း မကြည်ညို၊ လင်နှင့် ယောကျ်ားမကိုလည်း ရေရွတ်ကျိန်ဆဲသဖြင့်
ပြိတ္တာမ ဖြစ်ရသော မနန္ဒာအကြောင်း ပြီး၏။

http://www.dhammadownload.com

၅-မဋ္ဌကုဏ္ဍလိပေတဝတ္ထု

ဘုရားရှင်ကို စိတ်ဖြင့်မှန်းဆကြည်ညိုကာမျှဖြင့် နတ်၏စည်းစိမ်ကို ခံစားရသော မဋ္ဌကုဏ္ဍလိ

အလင်္ကတော မဋ္ဌကုဏ္ဍလိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **မဋ္ဌကုဏ္ဍလိဝတ္ထု**ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဋ္ဌကုဏ္ဍလိနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဤဝတ္ထုကြောင်းအကျယ်သည် ဝိမာနဝတ္ထု အဋ္ဌကထာ၌ လာ၏၊ ထိုဝိမာနဝတ္ထု အဋ္ဌကထာ သုနိက္ခိတ္တဝဂ်မှ အကြောင်းအရာကို ဤ၌ ဖော်ပြထားပါသည်။

ပစ္စည်းကြွယ်သော်လည်း ကုသိုလ်ရေး၌ ဆင်းရဲသူ အဒိန္နပုဗ္ဗက

တစ်နေ့သ၌ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သာဝတ္ထိပြည်၌နေသော တစ်ယောက်သော ပုဏ္ဏားသည် များစွာကြွယ်ဝ၏။ စည်းစိမ်ဥစ္စာ များစွာရှိ၏။ သဒ္ဓါတရားမရှိ။ ရတနာသုံးပါးတို့၌ မကြည်ညို၊ ကဲ့ကဲ့၏အကျိုးကိုလည်း ယုံကြည်ခြင်းမရှိ။ မိစ္ဆာအယူရှိ၏။ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုကိုမျှ မပေးကမ်းဖူးပေ။ ထိုသို့ မပေးကမ်းဖူးသောကြောင့်ပင်လျှင် သူသည် "အဒိန္နပုဗ္ဗက သူဌေး" ဟူ၍ နာမည်ကျော်ကြား ထင်ရှားလေ၏။

သားကို ဆုံးမပုံ

ထိုအဒိန္နပုဗ္ဗကသည် မိစ္ဆာအယူရှိပြီး ဥစ္စာကို နှစ်သက်သည်၏ အဖြစ်ကြောင့် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သားကို လည်းကောင်း ဖူးမြော်ခြင်းငှာလည်း အလိုမရှိ။ "မဋ္ဌကုဏ္ဍလိ" အမည်ရှိသော မိမိ၏သားကိုလည်း "ချစ်သား၊ သင်သည် ရဟန်း ဂေါတမကိုလည်းကောင်း ဂေါတမ၏ တပည့်သားကိုလည်းကောင်း၊ မဆည်းကပ်လေနှင့်" ဟု သွန်သင်လေ၏။ သားဖြစ်သော မဋ္ဌကုဏ္ဍလိသည်လည်း ဖခင်ပြောဆို သွန်သင်သည့်အတိုင်းပင် လိုက်နာ ပြုကျင့်လေ၏။

သား၌ ရောဂါစွဲကပ်သော်လည်း ဆေးကုမပေး

24 A

တစ်နေ့သ၌ ထို အဒိန္နပုဗ္ဗကသူဌေး၏ သားသည် အနာရောဂါစွဲကပ်ကာ

http://www.dhammadownload.com

မကျန်းမမာဖြစ်လေ၏။ သူဌေးပုဏ္ဏားကြီးသည် ဥစ္စာကုန်ခန်းမည်ကို စိုးသဖြင့် နှမြောလွန်းလှ၍ ဆေးမကုဘဲ ထားလေ၏။

ဆေးဆရာတို့ လက်လျှော့ကြပုံ

သား၏ရောဂါသည် တစ်နေ့တခြား တိုးပွားလာသည်ရှိသော် ဆေးဆရာတို့ကို ခေါ်၍ ပြလေ၏။ ဆေးဆရာတို့သည် ထိုလူနာ၏ကိုယ်ကို ကြည့်ရှုစမ်းသပ်ကြပြီးလျှင် ဆေးကုမရတော့ဘဲ "ရောဂါကျမ်းနေဖြီ"ဟု သိ၍ လက်လျှော့သွားကြလေကုန်၏။ ပုဏ္ဏားကြီးသည် "ငါ၏သား အိမ်တွင်း၌ သေသည်ရှိသော် အပြင်ထုတ်ဆောင်ရန် ခဲယဉ်းလိမ့်မည်"ဟု ကြံ၍ ရောဂါကြီးမားစွာ ခံစားနေရရှာသော မိမိသားကို တံခါးဝပြင်ဘက်၌ အိပ်စေ၏။

ဘုရားရှင် မြင်တော်မူပုံ

ဘုရားရှင်သည် ညဉ့်၏ မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ကုန်ပြီးသော အသက်အပိုင်း အခြားရှိသည်ဖြစ်၍ ထိုနေ့၌ပင်လျှင် စုတေခြင်းသဘောရှိကာ ငရဲခံရမည့် မဋ္ဌကုဏ္ဍလီလုလင်ကို မြင်တော်မူ၏။ "အကယ်၍ ငါဘုရားသည် ထိုအရပ်သို့ ကြွသွားအံ့၊ ထိုမဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ ကြည်ညိုစိတ်ကိုဖြစ်စေ၍ နတ်ပြည်၌ဖြစ်ပြီးကာ သုသာန်သို့သွား၍ သချိုင်း၌ ငိုကြွေး၍နေသည့် ဖခင်ကို ကပ်ရောက်ကာ ထိတ်လန့်ဝေဂ ဖြစ်စေလတ္တံ့၊ ဤသို့ ထိတ်လန့်စေခဲ့သည်ရှိသော် ထိုမဋ္ဌကုဏ္ဍလီသည် လည်းကောင်း၊ ထိုမဋ္ဌကုဏ္ဍလီ၏ ဖခင် ပုဏ္ဏားကြီးသည်လည်းကောင်း ငါဘုရား၏ အထံသို့ လာရောက်ကြကုန်လတ္တံ့၊ ထိုအခါ များစွာသော လူအပေါင်းသည် အစည်းအဝေး ဖြစ်လာလတ္တံ့၊ ထိုအစည်းအဝေး၌ ငါဘုရား တရားဟောကြားသည်ရှိသော် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိကြရသည်ဖြစ်လတ္တံ့။" ဤသို့ ဘုရားရှင် မြင်တော်မူ၏။

ရောင်ခြည်တော်များ

ထို့ကြောင့် ဘုရားရှင်သည် နံနက်အခါ သင်းပိုင်းကို ပြင်ဝတ်တော်မူ၍ သပိတ်,သင်္ကန်းကို ယူတော်မူပြီးကာ များစွာသော ရဟန်း သံဃာနှင့်တကွ သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူသည်ရှိသော် မဋ္ဌကုဏ္ဍလီ လုလင်၏ ဖခင်အိမ်အနီး၌ ရပ်တော်မူ၍ ခြောက်ဖြာသော အဆင်းရှိသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

http://www.dhammadownload.com

အန္ဓိုင်းမဲ့ ဘုရားရှင်

ထိုအခါ ဘုရားရှင်၏ ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို ဖူးမြင်ရ၍ မဒ္ဒကုဏ္ဍလိလုလင်သည် "ဤရှုမငြီးဖွယ် အသွယ်သွယ်သော အရောင်အဆင်းတို့ကား အဘယ်အရာတို့ပါနည်း"ဟု ထိုမှဤမှ ကြည့်ရှုလေသော် ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသည်ဖြစ်၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့်လည်းကောင်း၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် လည်းကောင်း၊ တစ်လဲမျှလောက်သော ကိုယ်တော်ရောင်ဟု ဆိုအပ်သော လျှပ်ပန်းလျှပ်နွယ် အသွယ်သွယ်တို့ဖြင့်လည်းကောင်း၊ ထွန်းလင်းတောက်ပတော်မူသော နှိုင်းစဉ်ယှဉ်စရာ ဥပမာမရှိသော မြတ်စွာဘုရားတို့၏ ကျက်သရေဖြင့်လည်းကောင်း၊ မကြဲအပ် မကြဲစည်နိုင်သော ဘုရားတို့၏ အာနုဘော်ဖြင့်လည်းကောင်း ကောင်းမြတ်တင့်တယ် သပ္ပာယ်တော်မူသော ဘုရားရှင်ကို ဖူးမြင်ရလေ၏။

စိတ်ဖြင့်ကြည်ညိုပုံ

ထိုသို့ ဖူးမြင်ရသောအခါ မဒ္ဒကုဏ္ဍလိလုလင်အား ဤသို့သော စိတ်အကြံအစည် ဖြစ်လေ၏။ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွရောက်တော်မူလာ၏။ ရှစမ်းပါလော့။ ဤကား ထိုမြတ်စွာဘုရား၏ ရူပကာယတော်၏ ပြည့်စုံခြင်းပေတည်း။ မိမိ၏ တန်ခိုးတော်ဖြင့် နေမင်းကိုသော်လည်း လွှမ်းမိုးနိုင်၏။ လမင်းကိုသော်လည်း လွှမ်းမိုးနိုင်၏။ ကိုယ်တော်၏ငြိမ်သက်ခြင်းဖြင့် အလုံးစုံသော ရဟန်းပုဏ္ဏားတို့ကို ငြိမ်သက်စေနိုင်သည်မည်၏ ဟူသည် ဤပုဂ္ဂိုလ်သည်ပင်လျှင် ဖြစ်ရာ၏။ ဤလောက အလုံးတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဟူသည်ကား ဤပုဂ္ဂိုလ်ပင်လျှင်တည်း။ ငါ့အား အစဉ်သနားစောင့်ရှောက် ချီးမြှောက်အံ့သောငှာ ဤအရပ်သို့ ကြွ ရောက်လာပေသည်တကား"ဟု မြတ်စွာဘုရားကို အာရုံထားကာ နှစ်သက်ခြင်းဖြင့် အဆက်မပြတ် ထိတွေ့အပ်သော ကိုယ်ရှိသည်ဖြစ်၍ အထိုင်းမသိ ဝမ်းမြောက်ခြင်း ချမ်းသာကို ခံစားလျက် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ပက်လက်လဲလျောင်းကာ နေလေ၏။

ကြည်ညိုပုံသိ၍ ဗုဒ္ဓပြန်ကြွတော်မူခြင်း

မဒ္ဒကုဏ္ဍလီ လက်အုပ်ချီကာနေသော အခြင်းအရာကို မြင်တော်မူ၍ ဘုရားရှင်သည် ဤမျှလောက် ကြည်ညိုဝပ်တွား ဆည်းကပ် ခစားလိုက်ရခြင်းတည်း ဟူသော ကုသိုလ်စေတနာဖြင့် ဤမဒ္ဒကုဏ္ဍလီ၏ နှတ်ပြည့်၌ ဖြစ်ခြင်းငှာ သင့်လျော်ပြီဟု နှလုံးထားကာ ဖဲသွားတော်မူလေ၏။

http://www.dhammadownload.com

ထို မဋ္ဌကုဏ္ဍလီသည်လည်း ထိုဝမ်းမြောက်ခြင်း ချမ်းသာကို မစွန့်ဘဲ လျက်သာလျှင် ကွယ်လွန်၍ တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ် ယူဇနာရှိသော ဗိမာန်၌ နတ်သား ဖြစ်ရလေ၏။

ဖခင်ပုဏ္ဏားကြီး၏ဖြစ်အင်

ထိုမဋ္ဌကုဏ္ဍလီ၏ ဖခင်သည်ကား သား၏အလောင်းကို ကောင်းစွာသင်္ကြိုဟ် ခြင်းကို ပြုပြီးကာ နှစ်ရက်မြောက်သောနေ့ မိုးသောက်ထအခါတွင် သချိုင်းသို့သွား၍ "ချစ်သား မဋ္ဌကုဏ္ဍလီ၊ ချစ်သား မဋ္ဌကုဏ္ဍလီ"ဟု တဟည်းဟည်း ငိုကြွေးမြည်တမ်း လျက် သချိုင်းကို အစဉ်လှည့်လည်သည်ဖြစ်၍ ငိုကြွေးလေ၏။

ပုဏ္ဏားကြီးနှင့် သား နတ်သားတို့ တွေ့ဆုံကြခြင်း

ထိုအခါ သားဖြစ်ခဲ့သော နတ်သားသည် မိမိ၏ စည်းစိမ်ပြည့်စုံခြင်းကို ကြည့်၍ "ငါသည် အဘယ်အရပ်မှ အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကို ပြု၍ ဤနတ်ပြည်သို့ ရောက်ခဲ့ရသနည်း"ဟု စူးစမ်းဆင်ခြင်သည်ရှိသော် မိမိ၏ ရှေးဘဝ အတ္တဘောကိုလည်းကောင်း၊ ထိုရှေးဘဝက သေခါနီးအခါဝယ် မြတ်စွာဘုရား၌ ဖြစ်သော စိတ်၏ကြည်ညိုခြင်း ရှိသည်ဖြစ်၍ လက်အုပ်ချီခြင်းမျှကိုသာ ပြုခဲ့ ရသည်ကိုလည်းကောင်း မြင်၍ "ဘုန်းတော်ကြီးမားတော်မူသော ဘုရားရှင်တို့ ၊ သ်သည် သော်- အံ့သြဖွယ်ရာရှိကုန်စွ၊ ကြီးမားသော အနုဘော်ရှိကုန်စွ" ဟု လွန်လွန်ကဲကဲ မြတ်စွာဘုရား၌ဖြစ်သော ကြည်ညိုခြင်းလွန်ကဲသော မြတ်နိုးခြင်း ကို အကြိမ်ကြိမ် ဖြစ်စေပြီးလျှင် "အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ဘာကိုပြုလုပ်နေ သနည်း" ဟု စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် သချိုင်း၌ ငိုကြွေးနေသည် ကိုမြင်၍ "ဤပုဏ္ဏား ကြီးသည် ရှေးလူ့ဘဝတုန်းက ငါ့အား ဆေးဝါးမျှကိုလည်း မကုသ မူ၍ ယခုအခါ၌ကား, အကျိုးမရှိ သုသာန်၌ငိုကြွေးကာ နေဘိ၏၊ ယခုအခါ ထို ပုဏ္ဏားကြီးကို ထိတ်လန့်စေ၍ ကုသိုလ်တရား၌ တည်စေဦးအံ့"ဟု ကြံစည်ကာ နတ်ပြည်မှ သက်ဆင်းလာ၍ မဋ္ဌကုဏ္ဍလီအသွင်ဖြင့် "ဟယ် လမင်း၊ ဟယ် နေမင်း"ဟု တ-သကာ လက်မောင်း ကိုမြှောက်ချီ၍ ငိုကြွေးလျက် အဖ၏အနီး၌ ရပ်တည်၏။ ထိုအခါ ပုဏ္ဏားကြီးသည် "ဤ ငါ့သား မဋ္ဌကုဏ္ဍလီသည် လာချေ ပြီ"ဟု ကြံစည်အောက်မေ့လျက် အောက်ပါ ဂါထာဖြင့် ပြောဆိုလေ၏။

၁၈၆။ အလကံတော မဋ္ဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနသဒေါ။
ဗာဟာ ပဂ္ဂယှ ကန္ဒသိ၊ ဝနမဈေ ကိံ ဒုက္ခိတော တုဝံ။

http://www.dhammadownload.com

၁၈၆။ မာဏဝ၊ ငါ၏သားနှင့် မခြားတူဆင် အမောင်လုလင်။ တွံ၊ ဇီဝိန် ပျောက်ပျက် သေပြီးလျက်နှင့် အသက်တစ်ဖန် ရှင်လာပြန်သယောင် သင်အမောင် သည်။ အလင်္ကတော၊ ရှုမငြီးဖွယ် လွန်တင့်တယ်လျက် သွယ်သွယ်ဖြာဖြာ တန်ဆာဆင်အပ်သည်ဖြစ်၍။ မဋ္ဌကုဏ္ဍလီ၊ ရုးညံ့ပျော့ပျောင်းတင့်တယ်သော နားတောင်း ရှိသည်။ မာလဓာရီ၊ ဆန်းကြယ်တင့်တင့် ဆင့်ဆင့်လွှင့်လန်း လှပစွာပန်ဆင်အပ်သော ပန်းရှိသည်။ ဟရိစန္ဒနသဒေါ၊ ကြိုင်သင်းရနံ့ တပျံ့ပျံ့နှင့် မဆုံလိုင်ကြူး လိမ်းကျံအပ်သော စန္ဒကူးနီရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဇာဟာ၊ ဘယ်ညာပေါင်းယှက် လက်မောင်းနှစ်ဖက်တို့ကို။ ပဂ္ဂယှ၊ ဆန့်တန်းညီညီ မြှောက်ကာချီ၍။ ကန္ဒသိ၊ တဟည်း ဟည်းနှင့် ရှိုက်ကြီးတငင် တကယ်ပင် ငိုကြွေးနေရှာ၏။ တုဝံ၊ မဋ္ဌကုဏ္ဍလီ တူညီမခြား သင်သတို့သားသည်။ ဝနမဇ္ဈေ၊ လူသူကင်းပြတ် လေတိုက်ခတ်လျက် ကြောက် မက်စဖွယ် သချိုင်းသုသာန်ခေါသော တောအလယ်၌။ ကိံ၊ အဘယ်သို့။ ဒုက္ခိတော၊ ဒုက္ခချောက်တွင်း အရောက်ဆင်းကာ ဆင်းရဲ၍ နေရရှာလေသနည်း။

ထိုအခါ ထိုပုဏ္ဏားကြီးအား နတ်သားသည် အောက်ပါဂါထာဖြင့် ပြောပြလေ၏။

၁၈၇။ သောဝဏ္ဏမယော ပဘာသရော၊ ဥပပန္နော ရထပဋ္ဌရော မမ။
တဿ စက္ခယုဂံ နု ဝိန္ဒာမိ၊ တေန ဒုက္ခေန ဧဟာမိ ဇီဝိတံ။

၁၈၇။ ဗြာဟ္မဏ၊ အို ပုဏ္ဏား။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ပဘာသရော၊ ပြိုးပြိုးပြက်ပြက် ဘလက်လက်ပြောင် ထွက်သောအရောင်ရှိသော။ ရထပဋ္ဌရော၊ တင့်တယ်လျှံသီး ရထားအိမ်ကြီးသည်။ မမ၊ ရှိုက်ကြီးစွာပင် အော်ငင်ငိုကြွေးအကျွန်ုပ်၏။ စက္ခုပထေ၊ မျက်စိအာရုံ တွေ့ကြုံရာမှန်း ခရီးလမ်း၌။ ဥပပန္နော၊ စင်စစ်မှန်စွာ ဖြစ်ပေါ်၍လာလေ၏။ အဟံ၊ အကျွန်ုပ်သည်။ တဿ ရထ ပဋ္ဌရဿ၊ တင့်တယ်လျှံသီး ထိုရထားအိမ်ကြီး၏။ စက္ခယုဂံ၊ ခြေထောက်ပမာ မပါမပြီး စက်ဘီးအစုံကို။ နု ဝိန္ဒာမိ၊ ယခုထက်ထိ အလိုပြည့်အောင် မရရှိသေးပါ။ တေန ဒုက္ခေန၊ စက်ဘီးအတွက် ရတက်မအေး ပူဆွေးနွမ်းလျ ထိုဒုက္ခကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတံ၊ ရုပ်နာမ်ခေါ်လျက် ဇီဝိန်သက်ကို။ ဧဟာမိ၊ မမှားအစစ်စွန့်ပစ်ရပါတော့အံ့။

ထိုအခါ ထိုနတ်သားကို ပုဏ္ဏားကြီးသည် အောက်ပါဂါထာဖြင့် ပြောဆိုပြန်လေ၏။

၁၈၈။ သောဝဏ္ဏမယံ မဏိမယံ၊ လောဟိတကမယံ အထရူပိယမယံ။
အာစိက္ခ မေ ဘဒ္ဒ မာဏဝ၊ စက္ခယုဂံ ပဋိပါဒယာမိ တေ။

http://www.dhammadownload.com

၁၈၈။ ဘဒ္ဒ မာဏဝ၊ ငါ၏သားနှင့် မခြားအသွင် ကောင်းစွာဆင်ပါသော အမောင်လုလင်။ မေ၊ နေ့စဉ်ပူဆွေး ငိုကြွေးနေရ ငါအဖအား။ အာစိက္ခ၊ သင်လိုချင်ရာ ပြောစမ်းပါလော့။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ သောဝဏ္ဏမယံ၊ အရောင်ဝါဖြိုး ရွှေဖြင့်ပြီးသည်လည်းဖြစ်သော။ မဏိမယံ၊ တန်ဖိုးကြီးမား ပတ္တမြား ဖြင့် ပြီးသည်လည်းဖြစ်သော။ လောဟိတကမယံ၊ ခိုင်ခံ့သမှု သံဖြင့်ပြုအပ်ပြီးသည်လည်း ဖြစ်သော။ အထ၊ ထိုမှတစ်ပါး။ ရူပိယမယံ၊ ငွေဖြင့်ပြီးသည်လည်းဖြစ်သော။ စက္ကယုဂံ၊ ဘယ်ညာနှစ်ဖုံ စက်ဘီးအစုံကို။ ပဋိပါဒယာမိ၊ မရမနေ အရမ္မေကာ ရှာဖွေသီးသိ ပြီးစီးစေပါအံ့။

ထိုပဏ္ဏားကြီး ပြောဆိုသောစကားကိုကြားရ၍ နတ်သားလုလင်သည် "ဤပဏ္ဏားကြီးသည် သားဖြစ်သူအား ဆေးဝါးမကုသမိသောကြောင့် သားဖြစ်သူနှင့် တူသော ငါ့ကိုမြင်ရ၍ ငိုကြွေးလျက် 'ရွှေ စသည်တို့ဖြင့်ပြီးသော ရထားစက်ဘီးကို ပြုလုပ်၍ ပေးမည်'ဟု ဆို၏၊ ထိုပဏ္ဏားကြီးကို စကားဖြင့် နှိမ်လိုက်ဦးအံ့" ဟု ကြံစည်၍ အဘယ်မျှလောက်ကြီးမားသော စက်ဘီးအစုံကို ပြုလုပ်၍ ပေးပါအံ့နည်းဟု မေးသည်ရှိသော် သင်အလိုရှိသလောက် ကြီးကြီးမားမား ပြုလုပ်ပေးပါမည်ဟု ဖြေလေ၏။လ,နေတို့လောက် ကြီးမားစွာ အကျွန်ုပ် အလိုရှိပါ၏၊ ထိုလနှင့် နေတို့ကို စက်ဘီးပြုလုပ်ရန် ကျွန်ုပ်အား ပေးပါလော့"ဟု တောင်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၁၈၉။ သော မာဏဝေါ တဿ ပါဝဒိ။
စန္ဒသူရိယာ ဥဘယေတ္ထ ဒိဿရေ။
သောဝဏ္ဏမယော ရထော မမ၊
တေန စက္ကယုကေန သောဘတိ။

၁၈၉။ သော မာဏဝေါ၊ ထိုနတ်သားလုလင်သည်။ တဿ၊ ဘဝဟောင်းက အဖတော်ငြား ထိုပဏ္ဏားကြီးအား။ ပါဝဒိ၊ ဤသို့ပြန်ဖြေ ပြောဆိုလေ၏။ ကိံ ပါဝဒိ၊ ဘယ်လိုဖြေကာ ပြောဆိုပါသနည်းဟူမူကား။ ဗြာဟ္မဏ၊ အို ပဏ္ဏားကြီး။ ဧတ္ထ၊ ယခုရောက်လာ ဤနေရာအရပ်၌။ ဥဘယော၊ နှစ်ခုကုန်သော။ စန္ဒသူရိယာ၊ ဝေဟင်မှာနေ့ လနှင့်နေတို့သည်။ ဒိဿရေ၊ စင်စစ်မှန်စွာ ထင်မြင်ပါကုန်၏။ မမ၊ စက်ဘီးအတွက် အခက်ပွေရှုပ် အကျွန်ုပ်၏။ ရထော၊ တလက်လက်ပြောင် အရောင်ဝင့်ထယ် တင့်တယ်ခံ့ညား ထိုရထားသည်။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီး၏။ တေန စက္ကယုကေန၊ ထို လ,နေ့တည်းဟူသော စက်ဘီးအစုံဖြင့်။ သောဘတိ၊ တပ်ဆင်

http://www.dhammadownload.com

ခြင်းငှာ လွန်စွာလျော်ပတ် ကောင်းမြတ်လှပေ၏။ ကြတိ၊ ဤသို့။ ပါဝဒိ၊ မဆိုင်းမသွေ ပြောပြလေ၏။

ထိုအခါ ပုဏ္ဏားကြီးသည် အောက်ပါအတိုင်းပြောကြားလေ၏။

၁၉၀။ ဗာလော ခေါ တွဲ အသိ မာဏဝ၊ ယော ကွဲ ပတ္ထယသေ အပတ္တိယံ။
မညာမိ တုဝံ မရိဿသိ၊ နံ ဟိ တွဲ လစ္ဆသိ စန္ဒသူရိယေ။

၁၉၀။ မာဏဝ၊ အမောင်လုလင်။ ယော တွဲ၊ သားနှင့်တူဆင် အကြင် သင်သည်။ အပတ္တိယံ၊ ကြောင့်ကြောင့်ကြကြ မတောင့်တအပ်သည်ကို။ ပတ္ထယသေ၊ တောင့်တပါပေ၏။ သော တွဲ၊ မဖြစ်နိုင်ရာ တောင့်တပါသော ထိုသင်သည်။ ခေါ၊ စင်စစ်ကေန်။ ဗာလော၊ မိုက်မဲရှာသည်။ အသိ၊ ဖြစ်ဘိ၏။ တုဝံ၊ သင်သည်။ မရိဿသိ၊ ဇီဝိန်ပျက်ကြွေ အသက်သေလတ္တံ့။ ကြတိ၊ ဤသို့။ အဟံ၊ ငါသည်။ ပညာမိ၊ အကဲခပ်ကာ မှတ်ထင်မိပါ၏။ တွဲ၊ သင်သည်။ စန္ဒသူရိယေ၊ ဝေဟင်မှာနေလနှင့် နေတို့ကို။ နံ လစ္ဆသိ၊ ဘယ်လိုပင် ဝိုကြွေးသော်လည်း သေဘေးနှင့်သာရင်ဆိုင်ရ၍ ကေန်မုချ မရနိုင်သည်သာတည်း။

ထိုအခါ ပုဏ္ဏားကြီးကို လုလင်သည် "အို ပုဏ္ဏားကြီး အသို့နည်း၊ မျက်မှောက်ထင်ထင် တွေ့မြင်ရသော အရာဝတ္ထုအတွက် ဝိုကြွေးသောသူသည် မိုက်မဲလေသလော၊ ထိုသို့မဟုတ် မမြင်နိုင်သော အရာဝတ္ထုအတွက် ဝိုကြွေးသောသူသည် ပင် မိုက်မဲလေသလော"ဟု မေးမြန်းလို၍ အောက်ပါဂါထာကို မြွက်ဆိုလေ၏။

၁၉၁။ ဂမနာဂမနမ္ပိ ဒိဿတိ၊
ဝဏ္ဏဓာတု ဥဘယတ္ထ ဝိထိယာ။
ပေတော ကာလကတော နံ ဒိဿတိ၊
ကောနိဓ ကန္ဒတံ ဗာလျတရော။

၁၉၁။ ဗြာဟ္မဏ၊ အိုပုဏ္ဏား။ ဓတ္ထ ဥဘယေ၊ လ,နေ ပေါင်းဆုံ ဤနှစ်ပါးစုံ၌။ ဝိထိယာ၊ အထက်ဝေဟင် ကောင်းကင်စခန်း ခရီးလမ်း၌။ ဂမနာဂမနမ္ပိ၊ ထွက်ကာဝင်ကာ သွားလာခြင်းကိုလည်း။ ဒိဿတိ၊ ထင်မြင်နိုင်ပါသေး၏။ ဝဏ္ဏဓာတုပိ၊ ရွှေငွေရောင်ချင်း ပြောင်ပြောင်လင်းလျက် ပဝင်းလျပ်လျပ် အဆင်းခံတ်သည်လည်း။ ဒိဿတိ၊ ရိပ်ရိပ်ရေးရေး ထင်မြင်နိုင်ပါသေး၏။ ပေတော၊ အသက်ဝိညာဉ် ကင်းစင်သည်ဖြစ်၍။ ကာလကတော၊ သေမင်းနိုင်ငံ ဝင်စံသွားရှာသေသော်သတ္တဝါသည်။ ကြဓ၊ ဤသခ္ခါဝိုင်း၌။ ကန္ဒတံ ကန္ဒန္တရာနံ၊ မရှိတော့သည်ကို ဘ၍ငိုသူ၊ ငိုသော်လည်း မရနိုင်သည်ကို တ၍ငိုသူ ထိုနှစ်မျိုးနှစ်စားတို့တွင်။ ကော၊

http://www.dhammadownload.com

အဘယ်သူသည်။ ဗာလျတရော နု၊ အတိုင်းထက်အလွန် ထူးချွန်ကဲသာ မိုက်တွင်း နက်လှပါသနည်း။

ထိုလုလင်၏စကားကို ကြားရ၍ ပုဏ္ဏားကြီးသည် "ငါသည် မရနိုင်သောအရာကို တောင့်တကာ သောကမီး ဖိစီးတောက်လောင်၏၊ အကျိုးမရှိသော ပျက်ပြားခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း"ဟု ဆင်ခြင်စဉ်းစားမိလေ၏။ ထိုအခါ နတ်သားသည် မဋ္ဌကုဏ္ဍလီအသွင်ကို ဖျောက်ဖျက်၍ မိမိ၏နတ်သားအသွင်ဖြင့် တည်နေလေ၏။ ပုဏ္ဏားကြီးသည် ထိုနတ်သားကို မကြည့်မိဘဲ လုလင်ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုလျက် "ဟုတ်ပါပေစွ၊ ဤလုလင်သည် သင့်တင့်လျောက်ပတ်သောစကားကို ပြောဆိုပေသည်"ဟု မှတ်ယူကာ အောက်ပါ ဂါထာဖြင့် ဝန်ခံစကား ပြောကြားလေ၏။

၁၉၂။ သစ္စံ ခေါ ဝဒေသိ မာဏဝ၊ အဟမေဝ ကန္နတံ ဗာလျတရော။
စန္ဒံ ဝိယ ဒါရကော ရုဒံ၊ ပေတံ ကာလကတာဘိပတ္ထယိ"။

၁၉၂။ မာဏဝ၊ ငါ၏သားနှင့်မခြား တူဆင် မောင်လုလင်။ တံ့၊ သင်သည်။ ခေါ၊ စင်စစ်။ သစ္စံ၊ မဖောက်မပြန် ဟုတ်မှန်သောစကားကို။ ဝဒေသိ၊ ပြောဆိုပါ၏။ ကန္နတံ ကန္နန္တာနံ၊ ငိုသူမျိုးစား ထိုနှစ်ပါးတို့တွင်။ အဟမေဝ၊ မရှိရာရှာအလွမ်းဖြာ၍ ရမ်းကာငိုကြွေး ငါပုဏ္ဏားသည်သာလျှင်။ ဗာလျတရော၊ အတိုင်းထက်အလွန် ထူးချွန်ကဲသာ မိုက်တွင်းနက်လှပါတကား။ ဒါရကော၊ လေးဖက်ပြေးရွယ်ကလေးသူငယ်သည်။ စန္ဒံ၊ ငွေရောင်ဝင်းပ လင်းရွှေလကို ။ ရုဒံ ရုဒန္တော ဝိယ၊ ယူကာပေးပါ တစာစာနှင့် ခါခါရှိုက်ဖို မြည်တမ်းငိုသကဲ့။ တထာ၊ ပမာဆိုမူ ထို့အတူ။ အဟံ၊ ငါသည်။ ပေတံ၊ အသက်ဝိညာဉ် ကင်းစင်၍သွားသော။ ကာလကတံ၊ ဘဝခြားနား သေရွာသို့သွားသူကို။ အဘိပတ္ထယိ၊ တကြော်ငှာကြကြနှင့် တောင့်တငိုကြွေးခဲ့လေပြီ။

ထို့နောက် လုလင်အား ချီးမွမ်းစကားကို မြွက်ကြားပြောဆိုလိုသည်ဖြစ်၍ ဤသို့ ပြောကြားလေ၏။

၁၉၃။ အာဒိတ္တဲ့ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါပကံ။
ဝါရိနာ ဝိယ သြသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

၁၉၃။ ဝတ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ အာဒိတ္တံ့၊ သောကမီးဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်၍နေသော။ မံ၊ ငါ့ကို။ သန္တံ့၊ အပူကင်းကွာ ငြိမ်းချမ်းသာအောင်။ ဃတသိတ္တံ့၊ ထောပတ်ဖြင့် သွန်းလောင်းထားအပ်ပါသော။ ပါဝကံ၊ မီးကို။ ဝါရိနာ၊ ရေဖြင့်။ သြသိဉ္စံ ဝိယ၊ သွန်းလောင်းသကဲ့သို့။ တထာ၊ ပမာမှီး

http://www.dhammadownload.com

ယူ ထို့အတူသာလျှင်။ တွဲ၊ သင်သည်။ သဗ္ဗံ၊ ခပ်သိမ်းဥသုံ အလုံးစုံသော။ ဒရဲ၊ သောက်ထန်ပြင်း ပူလောင်ခြင်းကို။ နိဗ္ဗာပယေ နိဗ္ဗာပယိ၊ အပူလုံးကြွ ယူကျုံးမရ မဖြစ်အောင် အေးငြိမ်းစေပြီတကား။

၁၉၄။ အဗ္ဘဟီ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတသ္သ၊ ပုတ္တသောကံ အပါနုဒိ။

၁၉၄။ ယော တွဲ၊ ငါ့ကိုပြုပြင် အကြင်သင်သည်။ သောကပရေတဿ၊ သောကလွှမ်းပတ် နှိပ်စက်အပ်သော။ မေ၊ ငါ၏။ ပုတ္တသောကံ၊ သားကြောင့်ဖြစ်ရ စိုးရိမ်ခြင်းသောကကို။ အပါနုဒိ၊ အစွန်းအစမကျန်ရအောင် ဖောချက်ချင်း ပယ်ဖျောက်ခွင်းပေတော့၏။ တေ တယာ၊ သင်သည်။ မေ၊ ငါ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံး၌တည် အမြဲမှီ၍ဖြစ်သော။ သောကံ၊ စိုးရိမ်ပါလှ သောကဟုဆိုအပ်သော။ သလ္လံ၊ အပူထန်ပြင်း ငြောင့်တံသင်းကို။ အဗ္ဘဟိ ပတ၊ စူးဝင်သမျှ မကျန်ရအောင် အမြစ်ကဖြုတ် နုတ်အပ်ပေစွတကား။

၁၉၅။ သွာဟံ အဗ္ဘုဋ္ဌသလ္လောသ္မိ၊ သီတီဘူတောသ္မိ နိဗ္ဗုတော။
နာ သောစာမိ နာ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ။

၁၉၅။ မာဏဝ၊ ငါ့သားအသွင် အမောင်လုလင်။ သွာဟံ၊ ထိုငါသည်။ အဗ္ဘုဋ္ဌသလ္လော၊ အမြစ်ကဖြုတ် အပြီးနုတ်အပ်သော ငြောင့်ရှိသည်။ အသ္မိ၊ ဖြစ်၏။ သီတီဘူတော၊ ချမ်းအေးသောဖြစ်ခြင်းရှိသည်။ အသ္မိ၊ ဖြစ်၏။ နိဗ္ဗုတော၊ သောကမသန်း ငြိမ်းချမ်းသည်။ အသ္မိ၊ ဖြစ်၏။ တဝ၊ ငါ့သားအသွင် အမောင်လုလင်၏ အစဉ်ပြောကြား သင့်စကားကို။ သုတ္တာန၊ ကောင်းစွာဖြောင့်ဖြောင့် ကြားနာရပါသောကြောင့်။ အဟံ၊ ငါသည်။ နာ သောစာမိ၊ လွမ်းဆွေးညှိုးမှိန် မစိုးရိမ်တော့ပါ။ နာ ရောဒါမိ၊ ပူတလှိုက်လှိုက် ရှိုက်တဖိုဖို မျက်ရည်ယိုစီး မငိုညည်းတော့ပါ။

ထိုအခါ ပုဏ္ဏားကြီးသည် စိုးရိမ်သောကကိုပယ်ဖျောက်၍ မိမိအား နည်းကောင်းဥပဒေသကို ပေးတတ်သည့် နတ်အသွင်ဖြင့်တည်သော လုလင်ကိုမြင်၍ သင်သည် ဘယ်အမည်ရှိသနည်းဟု မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုလေ၏။

၁၉၆။ ဒေဝတာနုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။
ကော ဝါ တွံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။

၁၉၆။ မာဏဝ၊ ငါ့သားအသွင် မောင်လုလင်။ တွံ၊ သင်သည်။ ဂန္ဓဗ္ဗော၊ တန်ခိုးကြွင်္ဒီ ရှိဘိစွမ်းထ ဂန္ဓဗ္ဗမျိုးဖြစ်သော။ ဒေဝတာ၊ နတ်ဒေဝါသည်။ အသိနု၊ အမှန်စင်စစ် ဇကန်ဖြစ်လေသလော။ အဒု၊ ယခုပြောရာ မဟုတ်သေးပါက။ ပုရိန္ဒ

http://www.dhammadownload.com

ဒေါ၊ ရှေးဦးအစ စွန့်ချပေးကမ်း လှူဒါန်းခဲ့ဖူးပါသော။ သင်္ကော၊ နတ်တို့သေင်္ခနဲင်း အရှင်သိကြားမင်းသည်။ အသိန္၊ အမှန်စင်စစ် ဧကန်ဖြစ်လေသလော။ တွံ၊ သင်သည်။ ကော ဝါ၊ ယခုပြောဆို ဘယ်ပုဂ္ဂိုလ်ပါနည်း။ ကဿ၊ ဘယ်မျိုးဘယ်နွယ် ဘယ်နယ်နေငြား ဘယ်ပုဂ္ဂိုလ်စား၏။ ပုတ္တော၊ မမှားအစစ် သားဖြစ်လေသနည်း။ ကထံ၊ ဧကန်မချို့ အဘယ်သို့လျှင်။ မယံ၊ ငါတို့သည်။ တံ၊ သင့်ကို။ ဇာနေမု၊ အတိအကျ သိရပါကုန်အံ့နည်း။

ထိုအခါ နတ်သားသည် ဖခင်ပုဏ္ဏားအား ရှေးဘဝက သားရင်းဖြစ်ခဲ့ကြောင်းကို ပြန်ပြောင်းပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာဖြင့် မိမိဖြစ်ပုံ အကြောင်းစုံကို ပြောကြားလေ၏။

၁၉၇။ ယဒူ ကန္နသိ ယဒူ ရောဒသိ၊
ပုတ္တံ အာဠာဟနေ သယံ ဒဟိတ္ထာ။
သွဟံ ကုသလံ ကရိတ္ထာ ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတောမှိ။

၁၉၇။ ဗြာဟ္မဏ၊ အို ပုဏ္ဏားကြီး။ ယံ ပုတ္တံ၊ အကြင် သားရတနာကို။ အာဠာဟနေ၊ သူသေမြုပ်နှံ မြေသုသာန်၌။ သယံ၊ ကျနုပိုင်ပိုင် မိမိကိုယ်တိုင်။ ဒဟိတ္ထာ၊ အပြီးဆိုက်ဖို့ မီးတိုက်ရှို့ပြီး၍။ ယံ ပုတ္တံ၊ အကြင်သားကို။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်း ၁၀၍။ တွံ၊ သင်သည်။ ကန္နသိ၊ အတွေးနယ်မှာ အဆွေးကြွယ်ကာ မြည်တမ်းငို ကြွေးခဲ့ပေ၏။ ယဒူ ပုတ္တံ၊ သင် အလွမ်းဖြာ အကြင်သားရတနာကိုလည်း။ ဥဒ္ဒိဿ၊ ရည်ညွှန်းမှန်းဆ၍။ ရောဒသိ၊ သက်ပြန်လှိုက်ဖို ရှိုက်ကာငိုခဲ့ရပါ၏။ သော၊ ထို သင်ပုဏ္ဏားကြီး ရင်ကိုတီးကာ ငိုကြွေးရှာဖွေ၍နေသော သားဖြစ်သူသည်ကား။ အဟံ၊ အခြားတစ်ပါးသူများမဟုတ် အကျွန်ုပ် နတ်သားပင်တည်း။ သောအဟံ၊ ဟိုတစ်ချိန်က မဠကုဏ္ဍလီ နာမည်တွင်ငြား အကျွန်ုပ် ထိုနတ်သားသည်။ ကုသလ ကမ္မံ၊ ရှင်ဘုရားအား ဝပ်တွားကြည်ညို မြတ်ကုသိုလ်ကို။ ကတ္တာ၊ ပြုလုပ်ခဲ့၍။ တိဒသာနံ၊ တာဝတိံသာ နတ်ဒေဝါတို့၏။ သဟဗျတံ၊ တကွဖြစ်ရာ အပေါင်း သဟာ၏အဖြစ်သို့။ ဂတောမှိ၊ မုချမသွေ လားရောက်ရပေ၏။

ထိုအခါ နတ်သားကို ပုဏ္ဏားကြီးသည် ဤသို့မေးလေ၏။

၁၉၈။ အပ္ပံ ဝါ ဗဟုံ ဝါ နာဒ္ဒသာမ၊
ဒါနံ ဒဒန္တဿ သကေ အဂါရေ။
ဥပေါသထကမ္မံ ဝါ တာဒိသံ၊
ကေန ကမ္မေန ဂတောသိ ဒေဝလောကံ။

http://www.dhammadownload.com

၁၉၈။ မာဏဝ၊ နတ်တို့နေရာ ဝတိ်သာတွင် ပြုံးကာပျော်ရွှင် သာလုလင်။ တွဲ၊ သင်သည်။ သကေ အဂါရေ၊ မိမိနေရာအိမ်ဂေဟာ၌။ အပ္ပ ဝါ၊ မကြီးမကျယ် အနည်းငယ်လည်းဖြစ်သော။ ဗဟုဝါ၊ ကြီးကျယ်ခမ်းနား များပြားလှသည်လည်း ဖြစ်သော။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို။ ဒဒန္တ သေ၊ ပေးလှူသည်ကို။ မယံ၊ ငါတို့သည်။ နံ အဒ္ဒသာမ၊ ဘယ်အခါမှ မမြင်ဖူးရကုန်။ တာဒိသံ၊ ထိုသို့သဘော ရှိသော။ ဥပေါသထကမ္မံဂါ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကိုလည်း။ နံ အဒ္ဒသာမ၊ ဘယ်အခါမှ မမြင်ကြရဖူးကုန်။ တွဲ၊ သင်သည်။ ကေန ကမ္မေန၊ အဘယ်သို့ပြု ဘယ်ကောင်းမှုကြောင့်။ ဒေဝလောက၊ ချမ်းသာစည်းစိမ် ရိပ်ငြိမ်ဖွား စည် နတ်တို့ပြည်သို့။ ဂတော၊ မလွဲမဖောက် သွားရောက်ရသည်။ အသိ၊ ဖြစ်ပါသနည်း။

ထိုအခါ လုလင်နတ်သားသည် ဤသို့ ပြန်လည်ဖြေကြားလေ၏။

၁၉၉။ **အာဗာဒိကောဟံ ဒုက္ခိတော ဂိလာနော၊**
အာတုရရူပေါမှိ သကေ နိဝေသနေ။
ဗုဒ္ဓံ ဝိဂတရဇံ ဝိတိဏ္ဏကင်္ခံ၊
အဒက္ခိံ သုဂတံ အနောမပညံ။

၁၉၉။ ဗြာဟ္မဏ၊ ဟိဘဝက အဖတော်ဩား အို ပုဏ္ဏား။ အဟံ၊ ငါသည်။ သကေ နိဝေသနေ၊ မိမိနေရာ အိမ်ဂေဟာ၌။ အာဗာဓိကော၊ ကိုယ်မှာစွဲငြိ ရောဂါရှိသည်။ ဒုက္ခိတော၊ နေထိုင်ခဲခက် မသက်မသာ ကျင်နာဆင်းရဲခြင်းသို့ ရောက်သည်။ ဂိလာနော၊ ပြင်းထန်လှစွာ အဖျားရောဂါရှိသည်။ အာတုရရူပေါ၊ ဒုက္ခဝေဒနာ နှိပ်စက်ပါ၍ နာကျင်သောသဘောရှိသည်။ အမှိ၊ ဖြစ်ပြီ။ တဒါ၊ ဒုက္ခထပ်ထပ် စွဲကပ်၍လာ ထိုအခါ၌။ ဝိဂတရဇံ၊ ရာဂနှင့်တူ မြူမျှမရှိထသော။ ဝိတိဏ္ဏကင်္ခံ၊ လွန်မြောက်ပြီးစွာ ဝိစိကိစ္ဆာရှိတော်မူသော။ သုဂတံ၊ ရွေးဘုရားတို့အတူ ကောင်းသော လာခြင်းရှိတော်မူတတ်သော။ အနောမပညံ၊ ယုတ်လျော့မရှိ ကောင်းစွာပြည့်သော ပညာရှိတော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို။ အဒ္ဒက္ခိံ၊ ဝမ်းမြောက်ကြည်လင် ဖူးမြင်လိုက်ရပါပြီ။

၂၀၀။ **သွာဟံ မုဒိတမနော ပသန္နစိတ္တော၊**
အဋ္ဌလိ အကရိံ တထာဂတဿ။
တာဟံ ကုသလံ ကရိတ္ဝာန ကမ္မံ၊
တိဒသာနံ သဟဗျတံ ဂတော။

http://www.dhammadownload.com

၂၀၀။ သွာဟံ = သောအဟံ၊ ထိုငါသည်။ မုဒိတမနော၊ ရွှင်လန်းဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍။ တထာဂတဿ၊ တစ်လောကလုံး ညွတ်ရုံးဦးတင် ဘုရားရှင်အား။ အဋ္ဌလိ၊ ကောင်းစွာတည်ကြည် လက်အုပ်ချီခြင်းကို။ အကရိ၊ ပြုခဲ့ပြီ။ အဟံ၊ ငါသည်။ တံ ကုသလံ ကမ္မံ၊ ထိုသို့ပြုလုပ် ကောင်းသောအလုပ်ကို။ ကရိတွာန၊ ပြုခဲ့သောကြောင့်။ တိဒသာနံ၊ တာဝတိံသာနတ်များစွာတို့၏။ သဟဗျတံ၊ အတူတကွ ပေါင်းဖော်ရသည်၏အဖြစ်သို့။ ဂတော၊ စင်စစ်မုချ ရောက်ရပေတော့၏။

ဤသို့ လုလင်နတ်သား ပြောကြားလိုက်သောအခါ ပုဏ္ဏားကြီး၏ ခန္ဓာကိုယ်အလုံးသည် နှစ်သက်မှုပီတိဖြင့် လွှမ်းဖုံးသွားလေ၏။ ထိုအကြောင်းကို ပြောကြားလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၀၁။ **အဋ္ဌရိယံ ဝတ အဇ္ဇတံ ဝတ၊**
အဋ္ဌလိကမ္မဿ အယမီဒိသော ဝိပါကော။
အဟမ္ပိ ပမုဒိတမနော ပသန္နစိတ္တော၊
အဒ္ဒေဝ ဗုဒ္ဓံ သရဏံ ဂမာမိ။

၂၀၁။ ဘော၊ အိုအချင်းတို့။ အဋ္ဌရိယံ ဝတ၊ အံ့ချီးဖွယ်ရာ ကောင်းပါပေစွတကား။ အဇ္ဇတံ ဝတ၊ မဖြစ်စဖူး အဖြစ်ထူးပေစွတကား။ ယသ္မာ၊ အကြောင်ကြောင့်။ အဋ္ဌလိကမ္မဿ၊ ဝမ်းမြောက်ရွှင်ကြည် လက်အုပ်ချီသောအမှု၏။ ဤဒိသိ၊ ဤသို့သဘောရှိသော။ အယံ ဝိပါကော၊ တာဝတိံသာနတ်တို့ရွာ၌ စည်းစိမ်ဖွဲ့ဖြိုးအဋ္ဌင်ခံစားရခြင်းဟူသော အကျိုးသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။ တသ္မာ၊ ထို့ကြောင့်။ အဟမ္ပိ၊ အမှားကိုလိုက် စရိုက်လွဲမှား ငါပုဏ္ဏားသည်လည်း။ မုဒိတမနော၊ အစဉ်လျှမ်းတောက် ဝမ်းမြောက်သောစိတ်ရှိသည်။ ပသန္နစိတ္တော၊ ညစ်ကြေးကင်းစင် ကြည်လင်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ အဒ္ဒေဝ၊ ရုတ်လမရွေ့ ဤယနေ့ပင်လျှင်။ ဗုဒ္ဓံ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို။ သရဏံ၊ ဆည်းကပ်ကြည်ညို မှီခိုအားထားရာဟူ၍။ ဂမာမိ၊ မဖင့်မထောင့် သွားရောက်ဆည်းကပ်ပါတော့အံ့။

ထိုအခါ ပုဏ္ဏားအား နတ်သားသည် တိုက်တွန်းလိုသည်ဖြစ်၍ အောက်ပါနှစ်ဂါထာကို ဆိုလေ၏။

၂၀၂။ **အဒ္ဒေဝ ဗုဒ္ဓံ သရဏံ ဂမာဟိ၊**
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာယ ပဒါနိ ပဉ္စ၊
အခဏ္ဍဖုလ္လာနိ သမာဒိယဿု။

http://www.dhammadownload.com

၂၀၂။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ အဇ္ဇေဝ၊ ရက်လမရွေ့. ခုယနေ့ပင်။ ပသန္နစိတ္တော၊ အမှားကင်းစင် ကြည်လင်သောစိတ်ရှိသည်ဖြစ်၍။ ဗုဒ္ဓဥ္စ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ၊ ကိလေသာဓာတ် ညှဉ်းသတ်ပယ်ခွာ ရှစ်ပါးသော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဝဇာဟိ၊ ယုံကြည်လေးမြတ်ဆည်းကပ်ပါလေတော့။ တထေဝ၊ ထိုနည်းမခြား အလားတူသာလျှင်။ သိက္ခာယ၊ အဓိစိတ္တအဓိပညာ နှစ်ဖြာသောသိက္ခာ၏။ ပဒါနိ၊ အမှန်စင်စစ် အခြေခံအကြောင်းရင်းဖြစ်ကြကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ သီလာနိ၊ အမြဲစောင့်အပ် သီလတော်မြတ်တို့ကို။ ကတွာ၊ ပြု၍။ သမာဒိယသု၊ အကုသိုလ်ပယ်ရှား ကုသိုလ်ပွားအောင် စိတ်ထားခိုင်ကျည် ဆောက်တည်ပါလေလော့။

၂၀၃။ ပါဏာတိပါတာ ဝိရမဿု ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယဿု။
အမဇ္ဇပေါ မာ စ မုသာ ဘဏာဟိ၊
သကေန ဒါရေန စ ဟောဟိ တုဋ္ဌော။

၂၀၃။ ပါဏာတိပါတာစ၊ သု ၏အသက်ကိုသတ်ခြင်းမှလည်း။ ခိပ္ပံ၊ မကြန့်မကြာ လျင်မြန်စွာ။ ဝိရမဿု၊ လုံးဝကင်းအောင် သတိဆောင်၍ ကြဉ်ရှောင်ပါလေလော့။ လောကေ၊ ဝေနေအပေါင်း ခိုအောင်းနေကြ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်နှတ် ဖွင့်ထုတ်မြွက်ဟ မပေးသမျှသော ဥစ္စာအဝဝကို။ ပရိဝဇ္ဇယဿု၊ ခိုးဝှက်ယူငင် ထာဝစဉ်သာ ရှောင်ကြဉ်ပါလေလော့။ အမဇ္ဇပေါစ၊ မူးလျှင်သော့သွမ်းထင်ရာရမ်းလျက် ဘဝပျက်မည် သေအရည်ကို မသောက်သည်လည်း။ ဟောဟိ၊ အမြင်မမှား အစဉ်အားဖြင့် ထင်ရှားမသွေ ဖြစ်ပါလေလော့။ မုသာ၊ မမှန်ကန်သော စကားကို။ မာ စ ဘဏာဟိ၊ ဘယ်တော့ခါမှ မပြောမဆိုပါလေလင့်။ သကေန၊ အမှန်စင်စစ် မိမိကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ရာသက်ထား မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောဟိ၊ စင်စစ်မသွေဖြစ်ပါလေလော့။

ဤသို့ နတ်သားတို့က်တွန်းသည်ကို ပုဏ္ဏားကြီးက ဝန်ခံလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ဆိုလေ၏။

၂၀၄။ အတ္ထကာမောသိ မေ ယက္ခ၊ ဟိတကာမောသိ ဒေဝတေ။
ကရောမိ တုယ္ဟံ ဝစနံ၊ တွံသိ အာစရိယော မမ။

http://www.dhammadownload.com

၂၀၄။ ယက္ခ၊ ငါ့အကျိုးလို၍ ငါ့ကိုတိုက်တွန်းငြား အို နတ်သား။ တွံ၊ သင် သည်။ မေ၊ အကျွန်ုပ်၏။ အတ္ထကာမော၊ အကျိုးသက်သက် လိုလားနှစ်သက်သည်။ အသိ၊ မလွဲအစစ်အမှန်ဖြစ်၏။ ဒေဝတေ၊ အို အမောင်နတ်သား။ တွံ၊ တန်ခိုးလက် ထိန် နတ်စည်းစိမ်ကို မြိန်ယှက်ခံစား သင်နတ်သားသည်။ မေ၊ ငါ၏။ ဟိတကာ မော၊ အစီးအပွား လိုလားနှစ်သက်သူသည်။ အသိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ တုယ္ဟံ၊ သင်၏။ ဝစနံ၊ ကောင်းရာညွှန်ကြား တိုက်တွန်းစကားကို။ ကရောမိ၊ လိုက်နာပြု ကျင့်ပါတော့အံ့။ တွံ၊ သင်သည်။ မမ၊ ငါ၏။ အာစရိယော၊ ကျွန်သွန်သင် ပုဲပြင် ပေတတ် ကျေးဇူးရှင် ဆရာမြတ်သည်။ အသိ၊ အမှားအစစ် ကေန်ဖြစ်ပေ၏။

၂၀၅။ ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဥ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။

၂၀၅။ ယက္ခ၊ အကျိုးလိုငြား အို နတ်သား။ အဟံ၊ သင့်တိုက်တွန်းမှု အကြောင်းပြု၍ အမှန်သို့ရောက်ရသောငါသည်။ အနုတ္တရံ၊ မြတ်ထက်မြတ်တော်မူ သော။ ဗုဒ္ဓဥ္စ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုလည်းကောင်း။ ဓမ္မဥ္စာပိ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သရဏံ သရဏံဂ္ဂတိ၊ အားထားမှီတွယ် ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ အမြဲမပြတ် ဆည်းကပ်ပါ၏။ နရဒေဝဿ၊ လူတို့၏နတ် ဘုရားရှင်ကိုယ်တော်မြတ်၏။ သံဃဉ္စ၊ ချစ်သားကျော်မော် ရှစ်ပါးသော အရိယာ သံဃာတော်ကိုလည်း။ သရဏံ၊ ဆင်းရဲ ပယ်ခွင်း ချမ်းသာခြင်းကို ပေးတတ်၏ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် လေးမြတ်စွာ ဆည်းကပ်ပါ၏။

၂၀၆။ ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။

၂၀၆။ ယက္ခ၊ အကျိုးလိုငြား အို အမောင်နတ်သား။ အဟံ၊ ငါသည်။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှလည်း။ ခိပ္ပံ၊ မကြန့်မကြာ လျင်မြန်စွာ။ ဝိရမာမိ၊ လုံးဝကင်းအောင် သတိဆောင်၍ ကြဉ်ရှောင်ပါ၏။ လောကေ၊ ဝေနေအပေါင်း ခိုအောင်းနေကြ လောကကြီးထဲ၌။ အဒိန္နံ၊ ပိုင်ရှင်ကိုယ်နှုတ် ဖွင့် ထုတ်မြွက်ဟ မပေးသမျှသော ဥစ္စာအဝဝကို။ ပရိဝဇ္ဇယာမိ၊ ခိုးဝှက်ယူငင် ထာဝစဉ် သာ ရှောင်ကြဉ်ပါ၏။ အမဇ္ဇပေါ စ၊ မူးလျှင် သော့သွမ်း ထင်ရာရမ်းလျက် ဘဝ ပျက်မည် သေအရည်ကို မသောက်သည်လည်း။ ဟောမိ၊ အမြင်မမှား အစဉ်အား

http://www.dhammadownload.com

ဖြင့် ထင်ရှားဖြစ်ပါ၏။ မုသာ၊ မမှန်ကန်သော်စကားကို။ နော စ ဘဏာမိ၊ ဘယ်တော့ခါမှ မပြောမဆိုတော့ပါ။ သကေန၊ အမှန်စင်စစ် မိမိကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်လျာသက်ထား ချစ်မယားဖြင့်သာလျှင်။ တုဋ္ဌော၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောမိ၊ စင်စစ်မှန်စွာ ဖြစ်ကာနေထိုင်ပါတော့အံ့။

ပုဏ္ဏားကြီး ဗုဒ္ဓထံသို့

ထို့နောက် နတ်သားသည် "ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်သွားလေ၏။ ပုဏ္ဏားကြီးသည်လည်း မြတ်စွာဘုရား၌ ကောင်းစွာဖြစ်သော မြတ်နိုးခြင်း ရှိသည်လည်းတစ်ကြောင်း၊ နတ်သားသည် တိုက်တွန်းအပ်သည်လည်းတစ်ကြောင်းတို့ကြောင့် "ရဟန်းဂေါတမကို ဆည်းကပ်ရတော့အံ့"ဟု ကြံစည်၍ ကျောင်းတော်သို့ ရှေးရှုသွားလေ၏။

ပုဏ္ဏားကြီးနောက် လူတို့လိုက်ကြပုံ

ထိုကျောင်းသို့သွားသော ပုဏ္ဏားကြီးကိုမြင်၍ လူအပေါင်းသည် "ဤပုဏ္ဏားကြီးသည် ဤမျှလောက်သော ကာလပတ်လုံး မြတ်စွာဘုရားကို မဆည်းကပ်မူ၍ ယခုမှသာ သားတည်းဟူသော စိုးရိမ်သောကကြောင့် ဆည်းကပ်ရာလေ၏၊ အဘယ်သို့သဘောရှိသော ဓမ္မဒေသနာသည် ဖြစ်လတ္တံ့နည်း"ဟု ကြံစည်ကြပြီးကာ ထိုပုဏ္ဏားကြီး၏နောက်သို့ အစဉ်တစိုက် လိုက်ကြလေ၏။

ပုဏ္ဏားလျှောက်ထား ဗုဒ္ဓဖြေကြားခြင်း

ပုဏ္ဏားကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဆက်စပ်စကား လျှောက်ထားပြီးလျှင် ဤသို့ မေးမြန်းလေ၏။ "အရှင်ဂေါတမ၊ အသို့ပါနည်း၊ တစ်စုံတစ်ခုသော အလှူဝတ္ထုကို မပေးလှူဘဲ သီလကိုလည်း မဆောက်တည်ဘဲ သက်သက် အရှင်ဘုရားတို့၌ ကြည်ညိုကာမျှဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ စွမ်းနိုင်ပါသလောဘုရား" ထို့အခါ မြတ်စွာဘုရားသည် "ပုဏ္ဏားကြီး- ယနေ့ မိုးသောက်ကာလက မဋ္ဌကုဏ္ဍလိမည်သောနတ်သားသည် သူ၏နတ်ပြည်၌ ဖြစ်ရခြင်းအကြောင်းကို သင့်အားပြောဆိုသည် မဟုတ်ပါလော"ဟု မိန့်ကြားတော်မူ၏။

နတ်သားသက်သေပြ

ထိုခဏ၌ မဋ္ဌကုဏ္ဍလိနတ်သားသည် ဗိမာန်နှင့်တကွလာ၍ ကိုယ်ကို ထင်ရှားပြလျက် ဗိမာန်မှသက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် လက်အုပ်ချီ၍

http://www.dhammadownload.com

သင့်တင့်လျောက်ပတ်သောအရပ်၌ ရပ်တည်၍နေလာလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိသတ်၌ နတ်သားပြုအပ်ခဲ့သော သုစရိုက်ကိုပြောပြစေ၍ ပရိသတ်စိတ်တည်တံ့ခဲ့ထည်သည်၏အဖြစ်ကိုသိ၍ တရားတော်မြတ်ကို ဟောတော်မူလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ နတ်သားသည်လည်းကောင်း၊ ပုဏ္ဏားကြီးသည်လည်းကောင်း၊ စည်းဝေးရောက်လာသော ပရိသတ်သည်လည်းကောင်း ဤသို့အားဖြင့် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်ကြသည် ဖြစ်လေကုန်၏။

ငါးခုမြောက် ဘုရားရှင်ကို စိတ်ဖြင့်မှန်းဆ ကြည်ညိုကာမျှဖြင့် နတ်၏စည်းစိမ်ကို ခံစားရသော မဋ္ဌကုဏ္ဍလီနတ်သားအကြောင်း ပြီး၏။

၆–ဘဏ္ဍဒေတဝတ္ထု

ဝါသုဒေဝဏှတ်သွားဖြင့် မှတ်သားရန် ဟောကြားအပ်သော ကဏှပေတဝတ္ထု

ဥဒ္ဒေဟိ ကဏှ ကိ သေသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤကဏှပေတဝတ္ထုတို့ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ယောက်သောသားသေသည့် ဥပါသကာကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

ယောင်ယမ်းမြည်တမ်းနေရှာ ဥပါသကာ

သာဝတ္ထိပြည်၌ တစ်ယောက်သော ဥပါသကာ၏သားသည် ကွယ်လွန်လေ၏။ ထိုဥပါသကာသည် ထိုသားကွယ်လွန်ခြင်းတည်းဟူသော ငြောင့်တံကျင် စူးဝင်နှိပ်စက်အပ်သည်ဖြစ်၍ ရေလည်းမချိုး၊ အစာလည်းမစား၊ လုပ်ကိုင်ဖွယ်ရာလုပ်ငန်းအရပ်ရပ်ကိုလည်း မကြပ်မတ် မစီရင်၊ မြတ်စွာဘုရားရှင်ထံသို့လည်း မဆည်းကပ် အကျိုးမဲ့သက်သက် စိတ်အပျက်ကြီးပျက်ပြီးလျှင် "ချစ်လှစွာသော ငါ့သား၊ ငါ့ကို စွန့်ပစ်ကာ ဘယ်ရပ်ဌာန ဘယ်ဒေသသို့ သွားပါသနည်း" စသည်တို့ကို ယောင်ယမ်း ပြောဆို၍သာ နေရှာလေ၏။

http://www.dhammadownload.com

ဘုရားရှင်မြင်တော်မူပုံ

ထိုအခါ ဘုရားရှင်သည် အရဏ်ရောက်လာ နံနက်မိုးသောက်အခါ၌ လောက ကို ဉာဏ်စက္ခုဖြင့် ကြည့်ရှုသည်ရှိသော် ထိုသားကွယ်လွန်သော ဥပါသကာ၏ သောတာပတ္တိဖိုလ်ကို ရခြင်း၏ အားကြီးသောကြောင်းကို မြင်တော်မူ၏။

ဘုရားကြွလာ ဥပါသကာအိမ်သို့

နောက်တစ်နေ့ မိုးသောက်၍ နှစ်ရက်မြောက်သောနေ့၌ ရဟန်းသံဃာခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးလတ်သော် ရဟန်းတို့ကိုပြန်လွှတ်ပြီး အရှင်အာနန္ဒာကို နောက်လိုက်ရဟန်းပြုကာ ထိုသား ကွယ်လွန်သော ဥပါသကာ၏ အိမ်တံခါးသို့ ကြွသွားတော်မူလေ၏။

အတိတ်ကိုဆောင်

မြတ်စွာဘုရား ကြွရောက်လာတော်မူသည်၏အဖြစ်ကို ဥပါသကာအား ပြောကြားကြကုန်၏။ ထိုအခါ ဥပါသ ကာ၏ အိမ်နေလူများသည် အိမ်ဦးပြင်တံခါး၌ ဘုရားမြတ်စွာ၏ နေရာတော်ကို ခင်းထားလျက် မြတ်စွာဘုရားကို ထိုင်နေ တော်မူစေပြီးလျှင် ဥပါသကာကို ခေါ်ဆောင်၍ ဘုရားရှင်၏အနီးသို့ ကပ်စေလေ၏။ သင့်တင့်လျောက်ပတ်သောအရပ်၌နေသော ထိုဥပါသကာကို မြင်တော်မူ၍ "ဥပါ သကာ အသို့နည်း။ စိုးရိမ်ပူဆွေး နေပါသလော"ဟု မေးမြန်းတော်မူ၏။ "မှန်လှပါ အရှင်ဘုရား စိုးရိမ်ပူဆွေးလှပါ၏ဘုရား"ဟု လျှောက်ထားသည်ရှိသော် "ဒါယကာ ရှေးပညာရှိတို့သည် ပညာရှိတို့၏စကားကိုကြား၍ ကွယ်လွန်လေပြီးသောသားကို စွဲလမ်း၍ မပူဆွေး မငိုကြွေးကြကုန်"ဟု မိန့်တော်မူပြီးလျှင် ထိုဥပါသကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်အကြောင်းစုံကို ဆောင်တော်မူလေ၏။

သားအတွက် ပူဆွေးနေသူ ဝါသဒေဝမင်းကြီး

လွန်လေပြီးသောအခါ ဒွါရဝတီမြို့၌ ညီနောင်တစ်ကျိပ်တို့ ရှိကုန်၏။ ထို ညီနောင်တို့၏အမည်များမှာ ဝါသုဒေဝ၊ ဖလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ ပဇ္ဇုန၊ ဃဋပဏ္ဍိတ၊ အကံ့ရတို့ ဖြစ်ကုန်၏။ ထိုတစ်ကျိပ် သော ညီနောင်မင်းသားတို့တွင် ဝါသုဒေဝမင်းကြီး၏ ချစ်လှစွာသောသားသည် ကွယ်လွန်လေ၏။ ထိုသားကွယ်လွန်ခြင်းကြောင့် မင်းကြီးသည် သောကဖြင့် လွမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ အလုံးစုံသောကိစ္စတို့ကို ပယ်စွန့်၍ ညောင်စောင်း ဘောင် သစ်သားကိုကိုင်ကာ ယောင်ယမ်း တ,သလျက် အိပ်၍နေရာလေ၏။

http://www.dhammadownload.com

နောင်တော့် သောကငြိမ်းရန် ပရိယာယ်ဆင်ပုံ

ထိုအခါ ညီငယ် ယဒုပဏ္ဍိတသည် ဤသို့ကြံလေ၏။ "ငါမှတစ်ပါး အခြားသူ တစ်စုံတစ်ယောက်သည် ငါ့အစ်ကို၏ စိုးရိမ်ကြောင့်ကြ ပူဆွေးခြင်းသောကကို ပယ်ခြင်းငှာ စွမ်းနိုင်သောသူမည်သည် မရှိပေ။ ဥပါယ်တံမျဉ်ဖြင့် အစ်ကို၏ သောကကို ငါသည်ပင် ပယ်နုတ်ထုတ်ဆောင်ရပေတော့အံ့"ဟု ကြံစည်လေ၏။ ဤသို့ကြံစည်ပြီးကာ ထိုယဒုပဏ္ဍိတသည် သူရွှေ့၏အသွင်ကိုယူပြီးလျှင် "အရှင်မင်းမြတ် အကျွန်ုပ်အား ယုန်ကို ပေးပါလော့၊ အရှင်မင်းမြတ် အကျွန်ုပ်အား ယုန်ကိုပေးပါလော့"ဟု ဆို၍ ကောင်းကင်သို့ကြည့်လျက် မြို့အစုံသို့ လှည့်လည်သွားလာ၍ နေလေ၏။ "ယဒုပဏ္ဍိတ ရွှေသွပ်ရှာပြီ"ဟု ထင်မှတ်ကြလျက် တစ်မြို့လုံးတုန်လှုပ်ချောက်ခြားလေ၏။

ထိုအခါ ရောဟိဏေယျမည်သော အမတ်ကြီးသည် ဝါသုဒေဝမင်းကြီးထံသို့သွားရောက်၍ ထိုမင်းကြီးနှင့်တကွ စကားကို ဖြစ်စေလျက် အောက်ပါဂါထာကို ဆိုလေ၏။

၂၀၇။ ဥဒ္ဓေဟိ ကဏ္ဍ ကိံ သေသိ၊ ကော အတ္ထော သုပနေန တေ။
ယော စ တုယှံ သကော ဘာတာ၊ ဟဒယံ စက္ခု စ ဒက္ခိဏံ။
တဿ ဝါတာ ဗလီယန္တိ၊ သသံ ဧဗွတိ ကေသဝ။

၂၀၇။ ကဏ္ဍ၊ ကဏ္ဍနွယ်ဝင် အရှင်ဝါသုဒေဝ။ ဥဒ္ဓေဟိ၊ ထတော်မူပါလော့။ ကိံ၊ အဘယ့်ကြောင့်။ သေသိ၊ ပူပင်မရှိ အိပ်၍နေဘိသနည်း။ တေ၊ အရှင်မင်းမြတ်အား။ သုပနေန၊ ထိုင်းမှိုင်းတွေဝေ အိပ်စက်၍နေသဖြင့်။ ကော အတ္ထော၊ အဘယ် အကျိုးရှိအံ့နည်း။ သကော ဘာတာ၊ တစ်မိဝမ်းတွင်း အတူဆင်းသည့် မိမိ ညီတော်ရင်းဖြစ်ပေသော။ ယော စ၊ ယဒုပဏ္ဍိမည်ရှိပေငြား အကြင်မင်းသား ကလေးသည်ကား။ တုယှံ၊ အရှင်မင်းမြတ်၏။ ဟဒယံ ဣဝ၊ အပြုံးပွားသည့် နှလုံးသားနှင့်လည်း တူပါပေ၏။ ဒက္ခိဏံ စက္ခုံ ဣဝ၊ ဝိုင်းစက်လှဘိ လက်ယာမျက်စိနှင့်လည်း တူပါပေ၏။ တဿ၊ ယဒုပဏ္ဍိမည်ရှိပေငြား ထိုမင်းသားကလေးအား။ ဝါတာ၊ ကယောင်ချောက်ချား ရွှေသွပ်သွားစေတတ်သောလေတို့သည်။ ဗလီယန္တိ၊ ဖိစီးကြကုန်၏။ ကေသဝ၊ တင့်တယ်လှဘိ ဆံပင်ရှိပေလတ် အရှင်မင်းမြတ်။ သော၊ ယဒုပဏ္ဍိတ နာမတွင်ငြား ထိုမင်းသားကလေးသည်။ သသံ ဧဗွတိ၊ ငါ့ကို ယုန်ပေး ယုန်ရုပ်ပေးဟု ကြွေးကြော်မြည်တမ်း ယောင်ယမ်းကာသာ လှည့်လည်ပြောဆို နေရှာပေ၏။

ထိုအမတ်၏စကားကို ကြားရ၍ ဝါသုဒေဝမင်းကြီးသည် ညီ၏ သောက

http://www.dhammadownload.com

ကြောင့် လျင်မြန်သွက်လက် အိပ်ရာမှ ထတော်မူလေ၏။ ထိုသို့ ထတော်မူရပုံ အကြောင်းစုံကို ပြတော်မူလိုသော ဘုရားရှင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်တော်မူသောအခါ အောက်ပါဂါထာကို ဟောကြားတော်မူလေ၏။

၂၀၈။ တဿ တံ ဝစနံ သုတ္တာ၊ ရောဟိဏေယျဿ ကေသဝေါ။
တရမာနရူပေါ ဝုဋ္ဌာသိ။ ဘာတုသောကေန အဋ္ဋိတော။

၂၀၈။ ဘိက္ခဝေ၊ အို ချစ်သား ရဟန်းများတို့။ ကေသဝေါ၊ ကေသဝဟု နာမမည်သင်း ဝါသုဒေဝမင်းကြီးသည်။ ရောဟိဏေယျဿ၊ ရောဟိဏေယျ အမည်ရှိသော။ တဿ အမစ္စဿ၊ ကျိုးကြောင်းပြောလတ် ထိုအမတ်၏။ တံ ဝစနံ၊ လျှောက်ထားသမျှ ထိုစကားအဝဝကို။ သုတ္တာ၊ ကြားလိုက်ရ၍။ ဘာတုသောကေန၊ ညီကြောင့်ဖြစ်ဟူး စိုးရိမ်ခြင်းတရားသည်။ အဋ္ဋိတော၊ ထန်ပြင်းထပ်ထပ် နှိပ်စက်အပ်သည်ဖြစ်၍။ တရမာနရူပေါ၊ ရုတ်တရက်ပင် အဆောတလျင်ဖြစ်၍။ ဝုဋ္ဌာသိ၊ အိပ်စက်နေရာမှ ထတော်မူလေ၏။

ဝါသုဒေဝမင်းကြီးသည် ရုတ်တရက် အိပ်ရာမှ ထတော်မူပြီး လျင်မြန်စွာ ပြာသာဒ်မှ ဆင်းသက်ကာ ဃဋပဏ္ဍိတ၏ အထံသို့သွား၍ နှစ်ဖက်ကုန်သော လက်တို့၌ မြဲမြံစွာကိုင်ပြီးလျှင် ဃဋပဏ္ဍိတနှင့်တကွ စကားပြောဆိုလိုသည် ဖြစ်ရကား ဤသို့ ဆိုလေ၏။

၂၀၉။ ကိ နု ဥမ္မတ္တရူပေါ၀၊ ကေဝလံ ဒွါရကံ ဣမံ။
သသော သသောတိ လပသိ၊ ကိဒိသံ သသမိစ္ဆသိ။

၂၀၉။ ကနိဋ္ဌဘာတရ၊ အစ်ကိုချင်ရ ညီလေး ဃဋပဏ္ဍိတ။ တွံ၊ သင်သည်။ ကိ နု၊ ဘယ်သို့ဖြစ်ကာ ဘယ်အခြင်းရာကြောင့်။ ဥမ္မတ္တရူပေါ၀၊ ဖြစ်ပုံဆန်းထူး သူအရူးကဲ့သို့။ ကေဝလံ၊ ကျိုးကြောင်းစုံပြု အလုံးစုံ။ ဣမံ ဒွါရကံ၊ ဒွါရ၀တီ အမည်သာမျို့ ဤမြို့သို့။ စရန္တော၊ ကြောကြာမနား လှည့်လည်သွားလျက်။ သသော သသောတိ၊ "ယုန်-ယုန်"ဟူ၍။ လပသိ၊ ထင်ရာယောင်ယမ်း မြည်တမ်းပါဘိ သနည်း။ ကိဒိသံ၊ ဘယ်လိုစဉ်းစား ဘယ်လိုဖျားသဘောရှိသော။ သသံ၊ ယုန်ကို။ ဣစ္ဆသိ၊ တမ်းတမ်းတတ အလိုရှိ၍နေရပါသနည်း။

၂၁၀။ သောဝဏ္ဏမယံ မဏိမယံ၊ လောဟမယံ အထ ရူပိယမယံ။
သန်သိလာပဝါဠမယံ၊ ကာရယိဿာမိ တေ သသံ။

၂၁၀။ ကနိဋ္ဌဘာတရ၊ အစ်ကိုချစ်ရည်လေး ဃဋပဏ္ဍိတ။ တေ၊ သင်၏။ အတ္ထာယ၊ အကျိုးငှာ။ သောဝဏ္ဏမယံ၊ အရောင်လျှံညီး ရွှေဖြင့်ပြီးသော။ သသံ၊ ယုန်

http://www.dhammadownload.com

ကိုလည်းကောင်း။ မဏိမယဲ၊ ဖိုးမပြတ်ငြား ပတ္တမြားဖြင့်ပြီးသော။ သဲ၊ ယုန်ကို လည်းကောင်း။ လောဟမယဲ၊ အသွေးရောင်ညို ကြေးနီဖြင့်ပြီးသော။ သဲ၊ ယုန် ကိုလည်းကောင်း။ ရွှေမယဲ၊ ဖြူလွင်သစ်သစ် ငွေသားစစ်ဖြင့်ပြုလုပ်အပ်သော။ သဲ၊ ယုန်ကိုလည်းကောင်း။ သခ်ိသီလာပဝါဠမယဲ၊ ခရုသင်းကျောက် သန္ဓာ အဖြာဖြာဖြင့်ပြီးသော။ သဲ၊ ယုန်ကိုလည်းကောင်း။ ဝဒေဟိ၊ လိုချင်တာကိုသာ ပြောဆိုပါလေ့။ အဟဲ၊ ငါသည်။ ကာရယိသာမိ၊ ကောင်းစွာသွန်းလုပ် ယုန်အရုပ်ကို ပုံထုတ်သေချာ လုပ်စေပါအုံ့။

၂၁၁။ သန္တို့ အညေပိ သသကာ၊ အရညဝနဂေါစရာ။
တေပိ တေ အာနယိသာမိ၊ ကိဒိသံ သသမိစ္ဆသိ။

၂၁၁။ ကနိဋ္ဌတာတရ၊ အစ်ကိုချစ်ရည်လေး ဃဋပဏ္ဍိတ။ အညေပိ၊ ခုပြော ပြပြီး အရုပ်တို့မှတစ်ပါးကုန်သော။ အရညဝနဂေါစရာ၊ တောကြီး မြိုင်သာ ဂနိုင် တကာ၌ သွားလာပျော်ပါး ကျက်စားနေကြကုန်သော။ သသကာ၊ ရှမင်းဖွယ် ယုန် ကြီးငယ်တို့သည်။ သန္တို့၊ စင်စစ်မသွေ ထင်ရှားရှိချေကုန်၏။ တေ၊ ယုန်ကို တမ်းတ သင်ညီလှဖို့။ တေပိ၊ ထိုတောအလယ် ချုံကွယ်ပုန်းအောင်း ယုန်အပေါင်းတို့ကို လည်း။ အာနယိသာမိ၊ မရမနေရှာဖွေပြီးကာ ဆောင်ယူပေးပါအုံ့။ တွဲ၊ သင်သည်။ ကိဒိသံ၊ ဘယ်လိုစဉ်းစား ဘယ်လိုများသဘောရှိသော။ သဲ၊ ယုန်ကို။ ဣစ္ဆသိ၊ ဘမ်းတမှန်းဆို အလွမ်းပိုကာ အလိုရှိနေပါသနည်း။

ထိုနောင်တော်မင်းမြတ်၏စကားကို ကြား၍ ဃဋပဏ္ဍိတသည် ဤသို့ပြော ကြားလေ၏။

၂၁၂။ နာဂိ မေတေ သသေ ဣစ္ဆေ၊ ယေ သသာ ပထဝိသိတာ။
စန္ဒတော သသမိစ္ဆာမိ၊ တံ မေ သြဟရ ကေသဝ။

၂၁၂။ ဇေဋ္ဌဘာတရ၊ ညီငယ်ချစ်လှ အစ်ကိုကြီး ဝါသုဒေဝ။ ယေသသာ၊ အကြင်ယုန်တို့သည်။ ပထဝိသိတာ၊ မြေကိုမှီတွယ် မြေအပေါ်ဝယ်နေကြကုန်၏။ အဟဲ၊ ယုန်ကိုတသ ကျွန်ုပ်ညီတော် ဃဋမဏ္ဍိတသည်။ ဇတေသသေ၊ ထိုမြေကိုမှီ တွယ် မြေဝယ်ပျော်ပါး ယုန်အများတို့ကို။ နဣစ္ဆေ၊ စွဲမက်ပြီးကာ အလိုရှိသည် မဟုတ်ပါ။ ကေသဝ၊ ကေသဝ ဟု နာမကျော်ဟီး အစ်ကိုကြီး။ အဟဲ၊ ယုန် အရေးကြောင့် စိတ်ထွေးရှုပ်ပေါ် ကျွန်ုပ်ညီတော်သည်။ စန္ဒတော၊ ကမ္ဘာတစ်ဝန်း ငွေရောင်သန်းသည့် လစန်းဗိမာန်မှ။ သသံ၊ ယုန်ကို။ ဣစ္ဆာမိ၊ လွမ်းတသသ မှန်း ဆပြီးကာ အလိုရှိပါ၏။ မေ၊ အကျွန်ုပ်၏။ အတ္ထာယ၊ အကျိုးငှာ၊ တံ၊ ထို အရောင်

http://www.dhammadownload.com

ပဝင်း ထိန်ထိန်လင်းသည့် လမင်းရှိတုံ ရွှေလယုန်ကို။ ဩဟရ၊ ညီလေးဖို့ရာ ဆောင်ခဲ့ပါလေလော့။

ထိုညီတော် ပြောကြားသည့်စကားကို ကြား၍ ဝါသုဒေဝမင်းသည် ယုံမှား မရှိ ငါ၏ညီတော်သည် ရူးသွပ်ရှာလေပြီဟု စိတ်နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၁၃။ သော နူန မဓုရံ ဥဂ္ဂတိ၊ ဇိဝိတံ ဝိဇဟိဿသိ။
အပတ္ထိယံ ပတ္ထယသိ၊ စန္ဒတော သသမိစ္ဆသိ။

၂၁၃။ ဥဂ္ဂတိ၊ ညီငယ်ဆွေလှ ဃဋပဏ္ဍိတ။ ယော တွံ၊ လယုန်လိုချင် အကြောင်သင့်သည်။ အပတ္ထိယံ၊ ကြောင့်ကြောင့်ကြကြ မတောင့်တအပ်သည်ကို။ ပတ္ထယသိ၊ စိတ်မှာတသ တောင့်တရှာဘိ၏။ စန္ဒတော၊ ကမ္ဘာတဝန်း ငွေရောင်သန်းသည့် လစန်းသော်တာမှ။ သသံ၊ ယုန်ကို။ ဣစ္ဆသိ၊ အခက်ပိုကာ အလိုရှိနေခဲ့ပါ၏။ သော တွံ၊ ထိုသင်သည်။ မဓုရံ၊ ဘယာမကပ် အလွန်ကောင်းမြတ်သော။ ဇိဝိတံ၊ ရုပ်နာမ်တွဖက် ဇီဝိန်သက်ကို။ ဝိဇဟိဿသိ နူန၊ စွန့်ချင်သာစွန့်ရပါလိမ့်မည်။ သသံ၊ အရောင်ပဝင်း ထိန်ထိန်လင်းသည့် လမင်းရှိတုံ ရွှေလယုန်ကို။ နလဘိဿသိ၊ ဘယ်လိုပင်တမ်းတကာ မှန်းဆနေသော်လည်း ဇကန်မုချ မရနိုင်သည်သတည်း။

ဃဋပဏ္ဍိတမင်းသားသည် နောင်တော်၏စကားကို ကြားသည်ရှိသော် ရုပ်မြဲတိုင်း ရုပ်လျက်သာလျှင် "နောင်တော် သင်သည် လမှ ယုန်ကို တောင့်တသောငါ့အား ထိုယုန်ကိုမရဘဲ အသက်ကုန်ခြင်းသည်သာ ဖြစ်လတ္တံ့ဟု သိရှိသူဖြစ်ပါလျက် အဘယ်သို့သော အကြောင်းကြောင့် ကွယ်လွန်၍သွားရှာလေပြီးသော သင်၏ သားငယ်ကို အသက်ရှင်ကာ ပြန်၍ မရနိုင်ပါဘဲလျက်နှင့် ပူပန်စိုးရိမ်နေရပါသနည်း"ဟု ထင်ရှားအောင် ပြလိုသည်ဖြစ်ရကား အောက်ပါဂါထာကို ဆိုလေ၏။

၂၁၄။ ဇဝံ ဧဝ ကဏ္ဍ ဇာနာသိ၊ ယထညမနုသာသသိ။
ကသ္မာ ပုရေ မတံ ပုတ္တံ၊ အစ္ဆာပိ မနုသောစသိ။

၂၁၄။ ကဏ္ဍ၊ ကဏ္ဍနယ်ဝင် အရှင်ဝါသုဒေဝ။ တွံ၊ သင်သည်။ ယထာ၊ အကြောင်သို့သော အခြင်းအရာအားဖြင့်။ အညံ၊ မလိမ္မာငြား သူတစ်ပါးကို။ အနုသာသသိ၊ အမိုက်ကင်းပ လိမ္မာရအောင် ဆုံးမပဲ့ပြင် သွန်သင်ခဲ့၏။ ဇဝံ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ဝါ၊ ထိုသို့ပဝင်း ထိန်ထိန်လင်းသည့် လမင်းမှယုန် မရနိုင်ကုန်ဟူ၍။ ဧဝ ဇာနာသိ၊ တိတိကျကျ အကယ်၍ သိနေရသည်ဖြစ်ပါအံ့။ ဇဝံ သတိ၊ ဤသို့ တိတိကျကျသိရသည်ရှိသော်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပုရေ၊ လွန်ခဲ့

http://www.dhammadownload.com

ပြီးရာ ရွေးအခါ၌။ မတံ၊ ဇီဝိန်ပျက်ကြွေ ကွယ်လွန်လေပြီးသော။ ပုတ္တံ၊ သင်၏ ရင်သွေးသားကလေးကို။ အဇ္ဈာပိ၊ မမေ့ရက်နိုင် ယနေ့ထက်တိုင်အောင်လည်း။ အနုသောစသိ၊ စိုးရိမ်ပူဆွေး ငိုကြွေး၍နေရပါသနည်း။

ဤသို့လျှင် ထိုဃဋပဏ္ဍိတသည် ခရီးလမ်းကြားဌ၌ ရပ်တည်လျက်သာလျှင် "ငါသည် ရှေးဦးစွာ ထင်ရှားသောအရာဖြစ်သည့် လအလယ်မှ ယုန်ရုပ်ကို တောင့်တ မိခဲ့သေး၏၊ သင် နောင်တော်မင်းမြတ်မှာမူကား ကွယ်လွန်လေပြီးသောသားဖြစ်သူကို ရလိုသည့်အတွက် စိုးရိမ်နေလေ၏"ဟု ပြောဆို၍ ထိုဝါသုဒေဝမင်းအား ဝဿာဒမ္မ ဟောကြား ပြသလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၁၅။ နု ယံ လဇ္ဇာ မနသ္သေန၊ အမနသ္သေန ဝါ ပန။
ဇာတော မေ မာ မရီ ပုတ္တော၊ ကုတော လဇ္ဇာ အလဇ္ဇိယံ။

၂၁၅။ ဒေဋ္ဌတာတရ၊ ဝါသုဒေဝ နာမကျော်ဟီး အစ်ကိုကြီး။ ဇာတော၊ ကံအားလျော်စွာ ဖြစ်ပေါ်၍လာသော။ မေ၊ ငါ၏။ ပုတ္တော၊ ချစ်လို့မဝ သားအလှသည်။ မာ မရီ၊ ဘယ်ခါဖြစ်စေ မသေပါစေနှင့်။ ဣတိ၊ ဤသို့။ ယံ၊ ယခုပြောကြား အကြင် သဘောတရားကို။ မနသ္သေန ဝါ၊ လူသည်လည်းကောင်း။ အမနသ္သေန ဝါ၊ လူမှတစ်ပါး နတ်ဗြဟ္မာအများသည်လည်းကောင်း။ နု လဇ္ဇာ၊ တကြောင့်ကြကြွနှင့် တောင့်တ၍ မရအပ်။ တံ၊ ထိုသဘောတရားကို။ ကုတော လဇ္ဇာ၊ အဘယ်မှာ ရနိုင်ပေအံ့နည်း။

၂၁၆။ နု မန္တာ မူလဘေသဇ္ဇာ၊ ဩသဓေဟိ ဓနေန ဝါ။
သက္ကာ အာနယိတုံ ကဏ္ဌ၊ ယံ ပေတမနုသောစသိ။

၂၁၆။ ကဏ္ဌ၊ ကဏ္ဌနွယ်ဇာတ် နောင်တော်မြတ်ဘုရား။ တွံ၊ သင်နောင်တော်သည်။ ယံ ပေတံ၊ ကွယ်လွန်ပြီးသွား အကြင်သားကို။ အနု၊ အဖန်ဖန်ရှု အစွဲပြု၍။ သောစသိ၊ စိုးရိမ်၍နေ၏။ တံ ပေတံ၊ ကွယ်လွန်၍သွား ထိုသည်သားကို။ မန္တာ မန္တေန၊ ဥဒ္ဓံခဲ့ မန်းမှုတ်ခြင်းဖြင့် လည်းကောင်း။ မူလဘေသဇ္ဇာ မူလဘေသဇ္ဇေန၊ တူးဖော်ရာပေး သစ်မြစ်ဆေးဖြင့်လည်းကောင်း။ ဩသဓေဟိ၊ ထူးထူးဖုံဖုံ အခြားသော ဆေးမျိုးစုံတို့ဖြင့်လည်းကောင်း။ ဓနေန ဝါ၊ ကုဋေရာထောင် မြားမြောင်ဥစ္စာ ငွေသပြာဖြင့်လည်းကောင်း။ အာနယိတုံ၊ မသေနိုင်ရန် နည်းစုံကြံ၍ ဖန်ဖန်ပေးသွင်း ဆွဲဆောင်၍ယူခြင်းငှာ။ နု သက္ကာ၊ မုချမှန်စွာ မတတ်နိုင်သည်သာတည်း။

တစ်ဖန် ဃဋပဏ္ဍိတမင်းသားသည် "နောင်တော် ဤသေခြင်းတရားမည်သည် ရွေ့ ငွေ့ ဥစ္စာဖြင့်လည်းကောင်း၊ အမျိုးဇာတ်အားဖြင့်လည်းကောင်း၊ လောကီ

http://www.dhammadownload.com

ပညာ အတတ်အားဖြင့်လည်းကောင်း၊ အကျင့်သီလအားဖြင့်လည်းကောင်း ပိတ်ပင်တားမြစ်ခြင်းငှာ မတတ်နိုင်ပါ"ဟု ပြသလိုရကား အောက်ပါငါးဂါထာတို့ဖြင့် နောင်တော်ဝါသုဒေဝမင်းကြီးအား သဘာဝဓမ္မကို ပြဆိုဟောကြားပြန်လေ၏။

၂၁၇။ မဟဒ္ဓနာ မဟာဘောဂါ၊ ဂဝင်္ဂေါပိ ခတ္တိယာ။
ပဟူတဓနဓညာသေ၊ တေပ နော အဇရာမရာ။

၂၁၇။ ဘာတိက၊ နောင်တော်ဝါသုဒေဝ။ မဟဒ္ဓနာ၊ များပြားလှစွာ ပစ္စည်းဥစ္စာ ရှိကြသူတို့သည်လည်းကောင်း။ မဟာဘောဂါ၊ နတ်စည်းစိမ်ပမာ များပြားစွာသော ဥစ္စာစည်းစိမ် ရှိကြကုန်သောသူတို့သည်လည်းကောင်း။ ရဒ္ဓဝင်္ဆော၊ လုံးစုံပိုင်စံ တိုင်းနိုင်ငံ ရှိပေကုန်သော။ ခတ္တိယာပိ၊ ရေမြေသော်၌နင်း ပြည့်ရှင်မင်းတို့သည်လည်းကောင်း။ ပဟူတဓနဓညာသေ၊ သုံးစွဲမကုန် ဖုံဖုံများပြား ဥစ္စာစပါးရှိကုန်သောသူတို့သည်လည်းကောင်း။ သန္တိ၊ အမှန်တိတိ ဧကန်ရှိကုန်၏။ တေပိ၊ ထိုဆိုခဲ့ပြီးတုံ့ အလုံးစုံသောသူတို့သည်လည်း။ အဇရာမရာ၊ မအို မသေကြကုန်သည်။ နော အဟေသုံ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်ကြကုန်တကား။

၂၁၈။ ခတ္တိယာ ဗြာဟ္မဏာ ဧသာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ။
ဧတေ စညေ စ ဇာတိယာ၊ တေပိ နော အဇရာမရာ။

၂၁၈။ ဘာတိက၊ နောင်တော်။ ဇာတိယာ၊ မျိုးရိုးဇာတ်အားဖြင့်။ ခတ္တိယာ၊ ရေမြေသော်၌နင်းမင်းတို့သည်လည်းကောင်း။ ဗြာဟ္မဏာ၊ ဖြူညို့စားစား များပြားသော ပုဏ္ဏားတို့သည်လည်းကောင်း။ ဧသာ၊ ရောင်းဝယ်ဖောက်ကား ကုန်သည်များတို့သည်လည်းကောင်း။ သုဒ္ဒါ၊ ဥစ္စာနည်းပါး သူဆင်းရဲများတို့သည်လည်းကောင်း။ စဏ္ဍာလပုက္ကုသာ၊ စဏ္ဍာလမျိုး၊ ပန်းမွှိုက်သွန်မျိုးတို့သည်လည်းကောင်။ ဧတေ စ၊ ထိုဆိုခဲ့ငြား အမျိုးလေးပါးတို့သည်လည်းကောင်း။ အညေစ၊ ဆိုခဲ့ပြီးမှတစ်ပါး သတ္တဝါအများတို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ များလှဖုံဖုံ ရှိကြကုန်၏။ တေပိ၊ ထိုခပ်သိမ်းဥသုံ အလုံးစုံသောသူတို့သည်လည်း။ အဇရာမရာ၊ မအို မသေကြကုန်သည်။ နော အဟေသုံ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်ကြကုန်သည်တည်း။

၂၁၉။ ယေ မန္တံ ပရိဝတ္တေန္တိ၊ ဆဋ္ဌံ ဗြဟ္မစိန္တိတံ။
ဧတေ စညေ စ ဝိဇ္ဇာယ၊ တေပိ နော အဇရာမရာ။

၂၁၉။ ဘာတိက၊ နောင်တော်မင်းမြတ်။ ယေ၊ အကြင်သူတို့သည်။ ဆဋ္ဌံ၊ သိက္ခာ ကပ္ပ နိဃဏ္ဍု ဇျာကရဏ ဓောတိသတ္ထ ဆန္ဒော ဝိစိတိဟု ဆိုအပ်သော ခြောက်ပါးသောအင်္ဂါရှိသော။ ဗြဟ္မစိန္တိတံ၊ ပုဏ္ဏားတို့အကျိုး ရည်မှော်ကိုးကာ

http://www.dhammadownload.com

ဗြဟ္မာတို့ကြွစည်အပ်ပါသော။ မန္တ၊ ရှေ့နောက်သိမြင် ကျမ်းဗေဒင်ကို။ ပရိဝတ္တေန္တိ၊ အားထုတ်ကြဖန် ပြန်လှန်ဖုံဖုံ သရဇ္ဈာယ်ကြကုန်၏။ ဧတေ စ၊ ထိုဆိုပြီးခဲ့ငြား ပုဂ္ဂိုလ်များတို့သည်လည်းကောင်း။ အညေပိ၊ တစ်ပါးသောသူတို့သည်လည်းကောင်း။ တေပိ၊ ထိုခပ်သိမ်းဥဿုံ အလုံးစုံသောသူတို့သည်။ အဇရာမရာ၊ မအိုမသေကြကုန်သည်။ နော အဟေသုံ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်ကြကုန်သည်တကား။

၂၂၀။ ကွသယော ဝါပိ ယေ သန္တာ၊ သညတတ္တာ တပဿိနော။
သရီရံ တေပိ ကာလေန၊ ဝိဇဟန္တိ တပဿိနော။

၂၂၀။ ဘာတိက၊ နောင်တော်။ ကွသယော၊ ယမ နိယမ ပဋိကွလသညာ စစ္စာရှိလတ် အရပ်ရပ်ကို ရှာမှီးတတ်ကုန်သော။ သန္တာ၊ ကိုယ်၊ နှုတ်နှစ်ဖြာ ငြိမ်သက် အေးမြပါကုန်သော။ သညတတ္တာ၊ ကိလေသာမီးတို့ကို စောင့်စည်း အပ်သောစိတ် ရှိကုန်သော။ တပဿိနော၊ လုံ့လရှိကုန်သော။ ယေ၊ ရသေ့တပဿီ အကြင်မြတ်ယောဂီတို့သည်။ သန္တိ၊ အမှန်ရှိကုန်၏။ တေပိ တပဿိနော၊ လုံ့လကြီးမား သမ္မပ္ပဓာန်တရား၌ မနားကျင့်လေ့ ရသေ့တပဿီ ထိုယောဂီပုဂ္ဂိုလ်တို့သည်လည်း။ ကာလေန၊ သေနေ့စေ့မြောက် သေချိန်ရောက်သောအခါ၌။ သရီရံ၊ ကိုယ်ခန္ဓာကိုယ်။ ဝိဇဟန္တိ၊ ဇကန်စင်စစ် စွန့်ပစ်ကြရလေကုန်တော့၏။

၂၂၁။ ဘာဝိတ္တာ အရဟန္တော၊ ကတကိစ္စာ အနာသဝါ။
နိက္ခိပန္တိ ဣမံ ဒေဟံ၊ ပုညပါပပရိက္ခယာ။

၂၂၁။ ဘာတိက၊ နောင်တော်။ ဘာဝိတတ္တာ၊ ဘာဝနာဖြင့် ပွားများအပ်ပြီးသော စိတ်ရှိကုန်သော။ ကတကိစ္စာ၊ ပြုအပ်ပြီးစွ မဂ်ဖိုလ်ကိစ္စရှိကုန်သော။ အနာသဝါ၊ အာသဝေါမရှိကုန်သော။ အရဟန္တော၊ ကိလေသာပြတ် ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်တို့သည်။ ပုညပါပပရိက္ခယာ၊ ကောင်းမှု မကောင်းမှု နှစ်ခုမသန်း ကုန်ခန်းခြင်းကြောင့်။ ဣမံ ဒေဟံ၊ ဤကိုယ်ခန္ဓာကို။ နိက္ခိပန္တိ၊ စွန့်ပစ်ခဲ့ကြရလေကုန်၏။

ဤသို့ ဃဋပဏ္ဍိတမင်းသားသည် တရားမြတ်တို့ကို ဟောကြားပြသအပ်သည်ရှိသော် ထိုတရားစကားကို ကြားနာရ၍ ဝါသုဒေဝမင်းသည် ကင်းဆောသောက တည်းဟူသော ဇောင့်ရှိသည်ဖြစ်၍ ကြည်လင်သောစိတ်ရှိသည် ဖြစ်ရကား ဃဋပဏ္ဍိတကို ချီးမွမ်းလိုသောကြောင့် "အာဒိတ္တံ ဝတ" အစရှိသော ကြွင်းကျန်သော ဂါထာတို့ကို ဆိုလေ၏။

၂၂၂။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ သြသိဉ္စုံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။

http://www.dhammadownload.com

၂၂၂။ ဝတ၊ စင်စစ်ကောန် အမှန်အားဖြင့်။ အာဒိတ္တံ၊ သော်ကမီးဖြင့် ညီးညိုးပြောင်ပြောင် တောက်လောင်၍နေသော။ မံ၊ ငါ့ကို။ သန္တံ၊ အပူကင်းကွာ ငြိမ်းချမ်းသာအောင်။ ဃတသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းထားအပ်သော။ ပါစကံ၊ မီးကို။ ဝါရိနာ၊ ရေဖြင့်။ သြသိဉ္စိ ဝိယ၊ လောင်းချဘိသကဲ့သို့။ တထာ၊ ပမာမှီးယူ အလားတူသော်လျှင်။ တွံ၊ သင်သည်။ သဗ္ဗံ၊ ဖေသိမ်းဥသုံ အလုံးစုံသော။ ဒရံ၊ သောကထန်ပြင်း ပူလောင်ခြင်းကို။ နိဗ္ဗာပယေ နိဗ္ဗာပယိ၊ ငြိမ်းအေးစေပြီတကား။

၂၂၃။ အဗ္ဘဟိ ဝတ ·မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတဿ၊ ပုတ္တသောကံ အပါနုဒိ။

၂၂၃။ ယော၊ သောကငြိမ်းဆေး တိုက်ကျွေးပေထ အကြင် ဃဋပဏ္ဍိတသည်။ သောကပရေတဿ၊ သောကလွန်းပတ် နှိပ်စက်အပ်သော။ မေ၊ ငါ့အား။ ပုတ္တသောကံ၊ သားကြောင့်ဖြစ်ပွား သောကတရားကို။ အပါနုဒိ၊ အစွန်းအစမကျန် ရအောင် ရှင်းလင်းသုတ်သင် နုတ်ထွင်ပေ၏။ တေန၊ ထိုညီတော်အလှ ဃဋပဏ္ဍိတသည်။ ဝတ၊ စင်စစ်။ မေ၊ ငါ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံး၌ စွဲပိုက်သေချာတည်ရှိပါသော။ သောကံ၊ စိုးရိမ်ကြောင့်ကြ သောကဟုဆိုအပ်သော။ သလ္လံ၊ အပူပစ်သွင်း ငြောင်းတံသင်းကို။ အဗ္ဘဟိ၊ ဈေးဝင်သမျှ မကျန်ရအောင် အမြစ်ကဖြုတ် ပယ်ကာနုတ်အပ်ပေ၏။

၂၂၄။ သွာဟံ အဗ္ဘုဋ္ဌသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။
န သောစာမိ န ရောဒါမိ၊ တဝ သုတ္တာန ဘာတိက။

၂၂၄။ ကနိဋ္ဌဘာတိက၊ ညီငယ်အလှ ဃဋပဏ္ဍိတ။ သွာဟံ သောအဟံ၊ စိုးရိမ်ကြောင့်ကြ သောကဈေးဝင်၍နေသော ထိုငါသည်။ အဗ္ဘုဋ္ဌသလ္လော၊ အမြစ်ကဖြုတ် ပယ်နုတ်အပ်သော သောကတည်းဟူသောငြောင်းရှိသည်။ အသ္မိ၊ ဖြစ်၏။ သီတိဘူတော၊ သောကကင်းပ အေးမြခြင်းရှိသည် ဖြစ်၍ဖြစ်သည်။ နိဗ္ဗုတော၊ အပူမသန်းလွန်ငြိမ်းချမ်းသည်။ အသ္မိ၊ ဖြစ်၏။ တဝ၊ သင်၏။ ဝါ၊ သင်သည်။ ဘာသိတံ၊ သောကကင်းရန် ပြောဆိုနှားချ ဟောပြသောတရားဓမ္မကို။ သုတ္တာန၊ ကြားနာလိုက်ရ၍။ န သောစာမိ၊ လွမ်းဆွေးညှိုးမှိန် မစိုးရိမ်တော့ပါ။ န ရော ဒါမိ၊ ပူတလှိုက်လှိုက် ဘဝင်ခိုက်အောင် ရှိုက်ရှိုက်ဖိုဖို မျက်ရည်ယိုစီး မငိုညည်းတော့ပါ။

၂၂၅။ ဧဝံ ကရောန္တိ သပ္ပညာ၊ ယေ ဟောန္တိ အနုကမ္မကာ။
နိဝတ္တယန္တိ သောကမှာ၊ ဃဎော ဧဋ္ဌဝ ဘာတရံ။

27 A ၂၂၅။ ဃဎော၊ ညီငယ်ဖြစ်စွ ဃဋပဏ္ဍိတသည်။ ဧဋ္ဌဘာတရံ၊ သောကဖိစီး

http://www.dhammadownload.com

အစ်ကိုကြီးကို။ သောကမှာ၊ စိုးရိမ်ခြင်းသောကမှ။ ဝိနိဝတ္တယိ ဣဝ၊ ကင်းပျောက်ယွင်းသွေ ဆုတ်နစ်စေသကဲ့သို့။ ယေ၊ စိတ်ထားကြည်ဖြူ အကြင်သူတို့သည်။ အနုကမ္ပကာ၊ အစဉ်ချီးမြှောက် စောင့်ရှောက်ခြင်းသဘောရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤနည်းမခြား အလားတူသာလျှင်။ ကရောန္တိ၊ အမှန်ဆတ်ဆတ် ပြုလုပ်တတ်ကုန်၏။ သောကမှာ၊ အတွင်းလှိုက်ဆူ အပြင်ပူ၍ မြင်သူညှိုးမှိန် စိုးရိမ်ရခြင်းဟု ဆိုအပ်သောသောကမှ။ နိဝတ္တယန္တိ၊ ကင်းပျောက်ယွင်းသွေ ဆုတ်နစ်စေကုန်၏။

၂၂၆။ ယဿ ဧတာဒိသာ ဟောန္တိ၊ အမစ္စာ ပရိစာရကာ။
သုဘာသိတေန အန္ဓေန္တိ၊ ယဒုတ္တရိ ဇေဋ္ဌဝ ဘာတရံ။

၂၂၆။ ယဿ၊ အကြင်သူအား။ ဧတာဒိသာ၊ ဤယဥ်ပဏ္ဍိတ ညီလှပမာ သဘောသကာရှိကုန်သော။ ပရိစာရကာ၊ အလုပ်အကျွေး ဖြစ်ကြပေကုန်သော။ အမစ္စာ၊ အထူးဆည်းကပ်ပြီး ခစားကြတဲ့ မှူးကြီး မတ်ကြီး အများတို့သည်။ ဟောန္တိ၊ အစစ်အမှန် ဧကန်ရှိကုန်အံ့။ ယဒုတ္တရိ၊ ညီတော်အလှ ယဒုပဏ္ဍိတသည်။ ဇေဋ္ဌဘာတရံ၊ သောကဖိစီး အစ်ကိုကြီးကို။ သုဘာသိတေန၊ ကောင်းစွာဟောကြား တရားစကား ဖြင့်။ အန္ဓေသိ ဣဝ၊ တည့်တည့်စိုက်စိုက် အစဉ်လိုက်သကဲ့သို့။ တထာ၊ ထိုနည်းမခြား အလားတူသာလျှင်။ သုဘာသိတေန၊ ကောင်းစွာဟောကြား တရားစကားဖြင့်။ အန္ဓေန္တိ၊ တည့်တည့်စိုက်စိုက် အစဉ်လိုက်စေနိုင်ကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ဤဝါသုဒေဝဏ္ဏာတ် ဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ "ဥပါသကာ ဤကဲ့သို့ ရွေးရွေးကပညာရှိတို့သည် ပညာရှိတို့၏စကားကို နာကြား ရသဖြင့် သားဒ်ဖြစ်သော သောကကို ပယ်ဖျောက်နိုင်ပြီ"ဟု မိန့်တော်မူလျက် သစ္စာတရားတို့ကို ပြတော်မူပြီးလျှင် ဏာတ်တော်ကို ပေါင်းတော်မူလေ၏။ သစ္စာတရား၏အဆုံးဒ် ဥပါသကာသည် သောတာပတ္တိဖိုလ်ဒ် တည်လေ၏။

ခြောက်ခုမြောက် ဝါသုဒေဝဏ္ဏာတ်သွားဖြင့် မှတ်သားရန် ဟောအပ်သော ကဏ္ဍသေတဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇-ဓနပါလသေဋ္ဌိပေတဝတ္ထု

မလ္လဒါန်းရက် ဝန်တိုမှုနှိပ်စက်သဖြင့် ပြိတ္တာဖြစ်ရရှာသော ဓနပါလသူဌေး

နှင်္ဂါ ဒုဗ္ဗဏ္ဏရူပေါဒိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **ဓနပါလသေဋ္ဌိပေတဝတ္ထု**ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဓနပါလသူဌေးပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူလေ၏။

ဓနပါလသူဌေး ပြိတ္တာဖြစ်ရခြင်း

မြတ်စွာဘုရား ပွင့်တော်မမူမီ ပဏ္ဍာတိုင်း ဧရကစ္ဆမြို့၌ ဓနပါလမည်သော သူဌေးသည် ရှိသတတ်။ ထိုသူဌေးသည် သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးကို မယုံကြည်၊ နှမြောစေးနဲ၏၊ မိစ္ဆာယူရှိ၏။ ထိုသူဌေး၏ပြုမူပုံကို ပါဠိတော်အားဖြင့်ပင် လျှင် ထင်ရှားစွာ သိအပ်၏။ ထိုသူဌေးသည် ကွယ့်လွန်ပြီးကာ သဲကန္တာရ၌ ပြိတ္တာဖြစ်ရလေ၏။ ထိုပြိတ္တာ၏ ခန္ဓာကိုယ်သည် ထန်းပင်လုံးမျှ ပမာဏရှိ၏။ အထက်သို့ ကြွတက်သော အရေရှိ၏။ ကြမ်းတမ်း၏။ ကြောက်မက်ဖွယ်ရှိ၏။ အဆင်းမလှ အလွန်ကြောက်လန့်ဖွယ်ရာ ဖောက်ပြန်သောအဆင်း ရှိ၏။ ကြောက်မက်ဖွယ်အမြင် ရှိ၏။ ထိုပြိတ္တာသည် ငါးဆယ့်ငါးနှစ်ကာလပတ်လုံး ထမင်းလုံးကို လည်းကောင်း ရေပေါက်ကိုလည်းကောင်း မစားမသောက်ရသည်ဖြစ်၍ ခြောက်ကပ်သော လည်ချောင်း၊ နှုတ်ခမ်း၊ လျှာရှိသည်ဖြစ်၍ မွတ်သိပ်ဆာလောင်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်ရကား ထိုမှ ဤမှ လှည့်လည်သွားလာကာ နေရရှာလေ၏။

ကုန်သည်တို့ လှည်းဖြင့် ကုန်သွယ်ကြပုံ

ထိုအခါ ငါတို့မြတ်စွာဘုရားသည် လောကဓံ ပွင့်ထွန်းမှာမူလာပြီးလျှင် မြတ်သော တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူအပ်ပြီးသည်ရှိသော် အစဉ်အားဖြင့် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ်အခါ သာဝတ္ထိပြည်၌ နေကုန်သော ကုန်သည်တို့သည် ငါးရာအတိုင်းအရှည်ရှိသော လှည်းတို့ကို ဘဏ္ဍာဖြင့် ပြည့်စေ၍ ဥတ္တရာပထတိုင်းသို့ သွားကြကုန်၏။ ဘဏ္ဍာကို ရောင်းချပြီးကာ ဝယ်ယူ၍ တဖန် ရအပ်သော ဘဏ္ဍာကို လှည်းတို့၌တင်၍ ပြန်လာကြကုန်သည်ရှိသော် ညချမ်းအခါ တစ်ခုသော ရေခန်းခြောက်၍နေသော မြစ်အနီးသို့ရောက်၍ ထိုရေခန်း

http://www.dhammadownload.com

ခြောက်သော မြစ်အနီးဌာသာလျှင် လှည်းကိုချွတ်၍ ညဉ့်အခါဌ် တည်းခိုနေထိုင်ခြင်းကို ပြုကြကုန်၏။

ဆာလွန်း၍ ပြိတ္တာကြီး ရေရှာရင်းလဲကျ

ထိုအခါ ပြိတ္တာသည် ငတ်မွတ်ခြင်းဘေးသည် နှိပ်စက်အပ်သည်ဖြစ်ရကား သောက်ရေအလို့ငှာ လာ၍ ထိုအရပ်ဌ် ရေတစ်ပေါက်မျှကိုလည်း မရသဖြင့် ကင်းပြတ်သော အာသာရှိသည်ဖြစ်၍ ဖြတ်ထားသော အမြစ်ရှိသော ထန်းပင်ကဲ့သို့ လဲကျရှာနေလေ၏။ ထိုအခါ ထိုကုန်သည်တို့သည် ထိုပြိတ္တာကိုမြင်၍ အောက်ပါဂါထာဖြင့် မေးမြန်းကြကုန်၏။

ကုန်သည်၏အမေး

၂၂၇။ နဂ္ဂေါ ဒုဗ္ဗဏ္ဏရူပေါသိ၊ ကိသော ဓမနိသန္ထတော။
ဥဖ္ဖာသုလိကော ကိသိကော၊ ကော နု တွမသိ မာရိသ။

၂၂၇။ မာရိသ၊ အိုအချင်း။ ဥဖ္ဖာသုလိကော၊ အထက်သို့ထွက် ထိုးထိုးထောင်ထောင်တက်သော နံရိုးရှိသည်။ ကိသိကော၊ သွေးခန်းသားခြောက် မစားသောက်ရသဖြင့် အားပျောက်ယိုင်ကာ ပိန်ချုံးရှာသည်။ ဓမနိသန္ထတော၊ အကြောစင်းစင်းဖြန့်ကာခင်းအပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ နဂ္ဂေါ၊ အဝတ်ကင်းကွာ ဗလာကျင်းသည်ဖြစ်၍။ ဒုဗ္ဗဏ္ဏရူပေါ၊ မဝင်းပသော ရုပ်သွင်ရှိသည်။ အသိ၊ ဖြစ်၏။ ယော တွံ၊ ခင်းရဲနှင့်ယှဉ် အကြင်သင်သည်။ ဣဓ၊ သင့်လျော်လျောက်ပတ် ဤအရပ်ဌ်။ တိဋ္ဌသိ၊ ဆက်၍မသွားဘဲ ရပ်တည်၍ နေ၏။ သော တွံ၊ ထိုသို့ရပ်ရှာ သင်ပြိတ္တာသည်။ ကော နု၊ ဘယ်မျိုးဘယ်ဓာတ် ဘယ်အရပ်မှလာ ဘယ်သူ ဖြစ်ပါသနည်း။

ထိုနောက် ပြိတ္တာသည် ဤသို့ ရှင်းပြလေ၏။

၂၂၈။ အဟံ ဘဒန္တေ ပေတောမှိ၊ ဒုဂ္ဂတော ယမလောကိကော။
ပါပကမ္မံ ကရိတွာန၊ ပေတလောကံ ဣတော ဂတော။

၂၂၈။ ဘဒန္တေ၊ အို ကုန်သည်တို့။ အဟံ၊ ဆင်းရဲဒဏ်မြိုပ် အကျွန်ုပ်သည်။ ဒုဂ္ဂတော၊ အပါယ်ဘုံဖွား မကောင်းသော အလားရှိသော။ ယမလောကိကော၊ ယမမင်း နယ်နိမိတ် ဒီစတြီဒ်ဝင်ပါ ပြိတ္တာဘုံဌ် ဖြစ်ရပါသော။ ပေတော၊ ဆင်းရဲကြီးစွာ ပြိတ္တာသည်။ အမှိ၊ အမှန်စင်စစ် ဧကန်ဖြစ်ပါ၏။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူး မကောင်းမှုကို။ ကရိတွာန၊ မစဉ်းမစား အတင်းအားဖြင့် မှားမှားမိုက်မိုက် ပြုလိုက်မိသောကြောင့်။ ဣတော၊ ချမ်းသာပြည့်စုံ ကောင်းမှုစုံရာ ဤလူ့ရွာမှ။

http://www.dhammadownload.com

ပေတ လောက်၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတော၊ မကောင်းအစု မိမိပြုသည့် အကုသိုလ်က ပစ်ချပြန်၍ အမှန်မသွေ လားရောက်ရပေ၏။

ဤသို့ မိမိအကြောင်းကို ပြောကြားပြီး၍ တဖန် ထိုကုန်သည်တို့သည် ပြုခဲ့သော မကောင်းမှုကို မေးမြန်းကြလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆို လေ၏။

၂၂၉။ ကိ သု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ပေတလောကံ ဂ္ဂတော ဂတော။

၂၂၉။ ပေတ၊ ယမမင်းနယ်မှာ ဖြစ်ရပေရာ အိုပြိတ္တာ။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိ ဒုက္ကဋံ၊ ဘယ်မည်သော ဒုစရိုက်စု မကောင်းမှုကို။ ကတံ နု၊ မိုက်အားကိုးနဲ့ အကျိုးမဲ့အောင် ပြုလုပ်ခဲ့ပါသနည်း။ ကိဿကမ္မဝိပါကေန၊ အဘယ်ကံ၏ အကျိုးဝိပါက်ကြောင့်။ ဂ္ဂတော၊ ချမ်းသာပြည့်စုံ ကောင်းမှုစုံရာ ဤလူတို့ရွာမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတော၊ မသွေမဖောက် လားရောက်ရပါသနည်း။

ဤသို့ မေးမြန်းကြသောအခါ ရှေးဦးဖြစ်ခဲ့သော နေထိုင်ရာဌာနမှစ၍ အတိတ်, ပစ္ဆုပ္ပန်, အနာဂတ်ဖြစ်သော မိမိ၏အဖြစ်စုံကို ပြောပြလိုသောကြောင့်လည်းကောင်း၊ ထိုကုန်သည်တို့အား အဆုံးအမစကားကို ပြောကြားလိုသောကြောင့်လည်းကောင်း အောက်ပါ တစ်ဆယ့်ခြောက်ဂါထာတို့ကို ရွတ်ဆိုခဲ့လေ၏။

၂၃၀။ နဂရံ အတ္ထိ ပဏ္ဍာနံ၊ ရေကစ္ဆန္တိ ဝိဿုတံ။
တတ္ထ သေဋ္ဌိ ပုရေ အာသိ၊ ဓနပါလောတိ မံ ဝိဒူ။

၂၃၀။ ပဏ္ဍာနံ၊ ပဏ္ဍာမင်းတို့၏။ ရေကစ္ဆန္တိ၊ ရေကစ္ဆဟူ၍။ ဝိဿုတံ၊ ကျော်ကြားသော။ နဂရံ၊ မြို့သည်။ အတ္ထိ၊ ရှိ၏။ ပုရေ၊ လွန်ခဲ့ပြီးရာ ရှေးအခါ၌။ အဟံ၊ ဆင်းရဲလှစွာ ငါပြိတ္တာသည်။ တတ္ထ၊ ထိုရေကစ္ဆ နာမထင်ပေါ် ရွှေမြို့တော်၌။ သေဋ္ဌိ၊ ဥစ္စာဓန ပေါကြွယ်ဝသည့် နာမမည်မွေး သူဌေးကြီးသည်။ အာသိ၊ အမှန်စင်စစ် ဖောန်ဖြစ်ခဲ့ပါပြီ။ ဓနပါလောတိ၊ ဓနပါလဟူ၍။ မံ၊ ငါ့ကို။ ဇနာ၊ များစွာသောင်းသောင်း လူအပေါင်းတို့သည်။ ဝိဒူ၊ သိကြကုန်၏။

၂၃၁။ အသီတိ သကဋဝါဟာနံ၊ ဟိရညဿ အဟောသိ မေ။
ပဟူတံ မေ ဓနဓညံ၊ မုတ္တာဓေဋ္ဌိရိယာ ဗဟူ။

၂၃၁။ တဒါ၊ ဓနပါလ မာနမည်မွေး သူဌေးဖြစ်ရာ ထိုအခါက။ မေ၊ ငါ့အား။ ဟိရညဿ၊ သူမရှိက အောက်ကျပေရာ ငွေသပြာ၏။ သကဋဝါဟာနံ၊ တင်းနှစ်ဆယ်

http://www.dhammadownload.com

ဝန်အားကို ဆောင်သွားနိုင်သော လှည်းတို့၏။ အသီတိ၊ မလဲ့မှန်ဘီ ရှစ်ဆယ်ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ မေ၊ ငါ၏။ ဇာတရူပံ၊ ရွှေသည်။ ပဟူတံ၊ တွက်ရေမရ များပြားလှပေ၏။ မုတ္တာ၊ ပုလဲတို့သည်လည်းကောင်း။ ဝေဠုရိယာစ၊ ကြောင်မျက်ရွဲတို့သည်လည်းကောင်း။ ဗဟူ၊ တွက်ရေမရ များပြားလှကုန်၏။

၂၃၂။ တာဝ မဟဒ္ဓနသာပိ၊ နု မေ ဒါတုံ ပိယံ အဟု။
ပိဒဟိတ္ထာ ဒွါရံ ဘုဇ္ဇိ၊ မာ မံ ယာစနာကာ' ဒ္ဒသုံ။

၂၃၂။ တာဝ၊ ထိုမျှလောက်။ မဟဒ္ဓနသာပိ၊ ပေါများလှစွာ ပစ္စည်းဥစ္စာ ရှိပါသော်လည်း။ မေ၊ ငါသည်။ ဒါတုံ၊ စိတ်ထားကြည်ဖြူ ပေးလှူခြင်းငှာ။ ဝါ၊ ပေးလှူခြင်းကို။ ပိယံ၊ မြတ်နိုးနှစ်သက်အပ်သည်။ နု အဟု၊ လုံးဝစင်စစ် ဇကန်ပင် မဖြစ်ခဲ့ပြီ။ ယာစနကာ၊ အစဉ်တောင်းငြား သူတောင်းစားတို့သည်။ မံ၊ ငါ့ကို။ မာအဒ္ဒသုံ၊ လာတောင်းကိုင်းပင် မမြင်စေကုန်လင့်။ ဣတိ၊ ဤသို့မျှော်ရှု နှလုံးပြု၍။ ဒွါရံ၊ ဝင်ထွက်ရန်ထား အိမ်တံခါးကို။ ပိဒဟိတ္ထာ၊ ပိတ်ဆို့ပြီးကာ တားဆီးပါ၍။ ဘုဇ္ဇိ၊ အိမ်တွင်းကုတ်ကာ စားမိခဲ့ပါပြီ။

၂၃၃။ အဿဒ္ဓါ မစ္ဆရီ စာသိ၊ ကဒရိယော ပရိဘာသကော။
ဒဒန္တာနံ ကရောန္တာနံ၊ ဝါရယိဿံ ဗဟူ ဇနေ။

၂၃၃။ ဝါဏိဇာ၊ ရောင်းဝယ်ဖောက်ကား ကုန်သည်များတို့။ အဟံ၊ ဒါနနှင့်ဝေး လှူမပေးခဲ့၍ ဆင်းရဲနေရှာ ငါပြိတ္တာသည်။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးရာ ရှေးအခါ၌။ အဿဒ္ဓါစ၊ သဒ္ဓါဟူ က လုံးဝမရှိသည်လည်းကောင်း။ မစ္ဆရီ စ၊ အနှမြောပို ဝန်တို ခြင်းရှိသည် လည်းကောင်း။ ကဒရိယော စ၊ စဉ်းလဲစေးကပ် မလှူတတ်သည်လည်း ကောင်း။ ပရိဘာသကော စ၊ ဆဲဆိုခြိမ်းခြောက် ခပ်ငေါက်ငေါက် ပြောဆိုတတ်သည် လည်းကောင်း။ အာသိံ၊ ဖြစ်ခဲ့ပါပြီ။ ဒဒန္တာနံ၊ သဒ္ဓါကြည်ဖြူ ပေးလှူသော သူတို့ကိုလည်းကောင်း။ ကရောန္တာနံ၊ ကုသိုလ်ကောင်းမှု ပြုသူတို့အားလည်းကောင်း ဣတိ၊ ဤသို့။ ဗဟုံ၊ များပြားလှစွာသော။ ဇနေ၊ သဒ္ဓါလွန်ကောင်း လူအပေါင်းတို့ကို။ ဝါရယိဿံ၊ မမှားအစစ် တားမြစ်ခဲ့လေပြီ။

၂၃၄။ ဝိပါကော နတ္ထိ ဒါနဿ၊ သံယမဿ ကုတော ဖလံ။
ရေပါကူရညောဒပါနာနိ၊ အာရာမာနိ စ ရောပိတေ။
ပပါယော စ ဝိနာသေသိံ၊ ဒုဂ္ဂေ သင်္ကမနာနိ စ။

၂၃၄။ ဘော၊ ကုန်သည်တစ်သင်း အိုအချင်းတို့။ ဒါနဿ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏။ ဝိပါကော၊ ချမ်းသာပွားတိုး ကောင်းမြတ်သော အကျိုးသည်။

http://www.dhammadownload.com

နတ္ထိ၊ ကေန်တိတိ မ၊ရှိသည်သာတည်း။ သံယမဿ၊ သီလကို စောင့်ရှောက်ထိန်းသိမ်းခြင်း၏။ ဖလံ၊ ကောင်းမြတ်သော အကျိုးသည်။ ကုတော အတ္ထိ၊ အဘယ်မှာရှိနိုင်ပါအံ့နည်း။ ဣတိ၊ ဤသို့ပြောဆို၍။ အဟံ၊ ငါသည်။ ပေါက္ခရညော၊ အများသုံးရန် သောက်ရေကန်တို့ကိုလည်းကောင်း။ ဥဒပါနာနိ၊ ရေတွင်းတို့ကိုလည်းကောင်း။ ရောပိတေ ရောပိတာနိ၊ ကောင်းစွာအကျိုး မျှော်ကိုးပြီးလတ် စိုက်ပျိုးအပ်ကုန်သော။ အာရာမာနိ စ၊ ပတ်ချာဝန်းကျင် အရံသစ်ပင်တို့ကိုလည်းကောင်း။ ပပါယော စ၊ အများတွက် စီစဉ် ရေအိုးစင်တို့ကိုလည်းကောင်း။ ဒုက္ခေ၊ သွားလာခက်လှရွံ့ဗွက် ထသော အရပ်၌။ သင်္ကမနာနိ စ၊ ဖြတ်သန်းသွားလာ တံတားအဖြာဖြာတို့ကိုလည်းကောင်း။ ဝိနာသေသိ၊ တွေ့တိုင်းခါခါ ပျက်စီးစေခဲ့ပါဖြို။

၂၃၅။ သွာဟံ အကတကလျာဏော၊ ကတပါပေါ တတော စုတော။
ဥပပန္နော ပေတ္တိဝိသယံ၊ ခုဗ္ဗပါသသမပ္ပိတော။

၂၃၅။ တော၊ အိုကုန်သည်တို့။ သွာဟံ သော အဟံ၊ ထိုသို့ပြုလုပ် အကျွန်ုပ်သည်။ အကတကလျာဏော၊ မပြုအပ်သေးသော ကောင်းမှုရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ တတော၊ ထိုချမ်းသာပြည့်ဝ လူ့ဘဝမှ။ စုတော၊ ဇီဝိန်ပျက်ကြွေ စုတေခဲ့သည်ရှိသော်။ ခုဗ္ဗပါသသမပ္ပိတော၊ ငတ်မွတ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍။ ပေတ္တိဝိသယံ၊ ဆင်းရဲလွန်းခြင်း ပြိတ္တာဘုံသို့။ ဥပပန္နော၊ ကျရောက်ကပ်ကာ ဖြစ်ခဲ့ရပါ၏။

၂၃၆။ ပဋ္ဌပဏ္ဏာသ ဝဿာနိ၊ ယတော ကာလင်္ကတော အဟံ။
နာဘိဇာနာမိ ဘုတ္တံ ဝါ၊ ပိတံ ဝါ ပန ပါနိယံ။

၂၃၆။ တော၊ ကူးသန်းလှည့်လည် အိုကုန်သည်တို့။ အဟံ၊ ငါသည်။ ယတော=ယဒါ၊ အကြောင်အခါ၌။ ကာလင်္ကတော၊ ဇီဝိန်ပျက်ကြွေ အသက်သေခဲ့၏။ တတော၊ စုတိခဲ့ရာ ထိုချိန်ခါမှ။ ပဋ္ဌာယ၊ အစပြု၍။ ပဋ္ဌပဏ္ဏာသ ဝဿာနိ၊ တွက်စစ်ပေါင်းရုံး ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး။ ဘုတ္တံ ဝါ၊ တစ်လုပ်တစ်ခဲမျှသာစားခဲ့ရပါသော။ ဘောဇနံ၊ ထမင်းကိုလည်းကောင်း။ ပန၊ ထိုမှတစ်ပါး။ ပါနိယံ၊ ရေကို။ ပိတံဝါ၊ တစ်ပေါက်စာမျှ သောက်ရသည်ကိုလည်းကောင်း။ နာဘိဇာနာမိ၊ ဘာတစ်ခုမျှ မသိရစဖူးပါ။

၂၃၇။ ယော သံယမော သော ဝိနာသော၊
ယော ဝိနာသော သော သံယမော။
ယတော ဟိ ကိရ ဇာနန္တိ၊
ယော သံယမော သော ဝိနာသော။

http://www.dhammadownload.com

၂၃၇။ ဘော၊ ထိုကုန်သည်တစ်သင်း မိတ်ဆွေရင်းတို့။ ယော သံယမော၊ အကြင်ဘာတစ်ခုမျှ မလျှရခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထို ဘာတစ်ခုမျှ မလျှရခြင်းသည်။ မေ၊ ငါ၏။ ဝိနာသော၊ ဆင်းရဲထန်ပြင်း အကျိုးပျက်စီးခြင်းပင်တည်း။ ယော ဝိနာသော၊ အကြင် ဆင်းရဲထန်ပြင်း ပျက်စီးခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုဆင်းရဲထန်ပြင်း ပျက်စီးခြင်းဟူသည်။ သံယမော၊ ဘာတစ်ခုမျှ မလျှရတဲ့ သဘောပင်တည်း။ ဟိ သစ္စံ၊ ပြောပြီးစကား မမှားဧကန် အဟုတ်မှန်၏။ ယော သံယမော၊ အကြင် ဘာတစ်ခုမျှ မလျှရခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထို ဘာတစ်ခုမျှ မလျှရခြင်းသည်။ ဝိနာသော၊ ဆင်းရဲထန်ပြင်း အကျိုးပျက်စီးခြင်းပင်တည်း။ ဣတိ၊ ဤသို့။ ပေတာ၊ ဆင်းရဲကြီးစွာ ခံရရှာသော ပြိတ္တာတို့သည်။ ဇာနုဿောကိရ၊ နောင်တရကာ သိကြရကုန်တော့သည်သာတည်း။

၂၃၈။ အဟံ ပုရေ သံယမိဿံ၊ နာဒါသိံ ဗဟုကေ ဓနေ။
သန္တေသု ဒေယျဓမ္မေသု၊ ဒီပံ နာကာသိမတ္တနော။
သွာဟံ ပစ္ဆာနုတပ္ပာမိ၊ အတ္တာကမ္မဖလူပဂေါ။

၂၃၈။ ဘော၊ အိုကုန်သည်တို့။ အဟံ၊ ငါသည်။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ သံယမိဿံ သံယမိ၊ ဒါနအစု ပုညမှုတို့၌ တွန့်တိုသော စိတ်နလုံးရှိ၏။ ဓနေ၊ ပစ္စည်းဥစ္စာ ရတနာဟူသမျှသည်။ ဗဟုကေ၊ သုံးစွဲမကုန် များပါသော်လည်း။ နာဒါသိံ နံ အဒါသိံ၊ ပေးကမ်းသမှု လှူဒါန်းခြင်း မပြုခဲ့ပါ။ အဟံ၊ ငါသည်။ ဒေယျဓမ္မေသု၊ လှူဖွယ်ဝတ္ထု အစုစုတို့သည်။ သန္တေသု၊ အလွန်များပြား ရှိကုန်ငြား သော်လည်း။ အတ္တာနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာ ထောက်တည်မှီခိုရာကို။ နာကာသိံ၊ အရေးစိုက်၍ မပြုလိုက်မိခဲ့ပေ။ သွာဟံ သော အဟံ၊ ထိုငါသည်။ အတ္တာကမ္မဖလူပဂေါ၊ မိမိ၏ကံ အကျိုးခံရသည်။ ဟုတ္တာ၊ ဖြစ်၍။ ပစ္ဆာ၊ ရှောင်တိမ်းမရ နောက်ကာလ၌။ အနုတပ္ပာမိ၊ ကယ်မည့်သူဝေး ဆင်းရဲထွေးလျက် ဒိုင်ကြွေးတသ နောင်တရကာ ပူဆွေးနေမိပါရတော့၏။

၂၃၉။ ဥဒ္ဓံ စတူဟိ မာသေဟိ၊ ကာလကိရိယာ ဘဝိဿတိ။
ကေန္တ ကဋ္ဌက ယောရံ၊ နိရယံ ပပတိဿဟံ။

၂၃၉။ ဝါဏိဇာ၊ ခဏာတွေ့ကြ အိုကုန်သည်လှတို့။ ကတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ စတူဟိ မာသေဟိ၊ ရှည်မကြာလှ လေးလတို့မှ။ ဥဒ္ဓံ၊ အထက်၌။ မေ၊ ငါ၏။ ကာလကိရိယာ၊ ဇီဝိန်ပြတ်ကင်း သေဆုံးရခြင်းသည်။ ဘဝိဿတိ၊ အမှန်စင်စစ် ဧကန်ဖြစ်ရလတ္တံ့။ ဧဝံ၊ ဤသို့ ဇီဝိန်ပျက်ကြွေ အသက်သေဆုံးရသည်

http://www.dhammadownload.com

ရှိသော်။ အဟံ၊ အကုသိလ်ဖြာ ငါပြိတ္တာသည်။ ဧကန္တ ကဋုကံ၊ ဧကန်ခါးစပ် အနေကျပ်လှသော။ ယောရံ၊ မြင်သူတိုင်း၌ မကြည်ဝံ့အောင် အလွန်ကြမ်း ကြုတ်သော။ နိရယံ၊ ချမ်းသာကင်းဘိ အဝီစိသို့။ ပပတိဿံ၊ တစ်လောကလုံး ဘယ်မှာပုန်းလည်း လွတ်ထုံးမရ အလှည့်ကျကာ မုချမသွေ ကျရောက်ခံစားရပေတော့အံ့သတည်း။

၂၄၀။ စတုက္ကဏ္ဏံ စတုဒ္ဒါရံ၊ ဝိဘတ္တံ ဘာဂသော မိတံ။
အယောပါကာရပရိယန္တံ၊ အယသာ ပဋိကုဋ္ဌိတံ။
၂၄၁။ တဿ အယောမယာ ဘူမိ၊ ဇလိတာ တေဇသော ယုတာ။
သမန္တာ ယောဇနသတံ၊ ဖရိတ္ဝာ တိဋ္ဌတိ သဗ္ဗဒါ။
၂၄၂။ တတ္ထာဟံ ဒီဃမဒ္ဒါနံ၊ ဒုက္ခံ ဝေဒိဿ ဝေဒနံ။
ဖလံ ပါပဿ ကမ္မသဿ၊ တသ္မာ သောစာမဟံ ဘုသံ။

၂၄၀။ ဧတံ နိရယံ၊ မီးလျှံထက်အောင် ထွင်းဖောက်ရဲရဲ ထိုအကျွန်ုပ်ကျလတ္တံ့သော အဝီစိငရဲ"ကြီးသည်။ စတုက္ကဏ္ဏံ၊ လေးထောင့်စပ်ထိ လေးမျက်နှာရှိ၏။ စတုဒ္ဒါရံ၊ လေးဖက်မျက်နှာ လေးဖြာသော တံခါးပေါက်ရှိ၏။ ဘာဂသော၊ အကန့်အကန့်အားဖြင့်။ ဝိဘတ္တံ၊ ကောင်းစွာ ထပ်ထပ် စီစဉ်ထားအပ်၏။ မိတံ၊ ဧနစ်တကျ မလစ်ရအောင် ကျနသတ်မှတ် နှိုင်းယှဉ်အပ်၏။ အယောပါကာရပရိယန္တံ၊ သံတံတိုင်းဖြင့် ရစ်ဝိုင်းလှည့်ပတ် တားဆီးအပ်၏။ အယသာ၊ ထည်ဝါခန့်ဘိသံမဏိဖြင့်။ ပဋိကုဋ္ဌိတံ၊ အမိုးပြုလုပ် ဖုံးအုပ်အပ်၏။

ကျန်သော ၂၄၁-၂၄၂ နှစ်ဂါထာတို့၏ အနက်ယောဇနာနည်းသည် ဥရဂဝဂ် ခလွာတိယပေတိဝတ္ထုလာ ဂါထာနံပါတ် ၇၁-၇၂ တို့နှင့် တူ၏။

၂၄၃။ တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ ယာဝန္တေတ္ထ သမာဂတာ။
မာကတ္ထ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ရဟော။

၂၄၃။ တံ ဘသ္မာ၊ ထို့ကြောင့်။ ဝေါ၊ ကူးသန်းလှည့်လည် သင်ကုန်သည်တို့အား။ အဟံ၊ ငါသည်။ ဝဒါမိ၊ ယနေ့မှစ သတိရအောင် ပြောကြားပါဦးအံ့။ ဝေါ၊ သင်တို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ အမှန်စင်စစ် ဧကန်ဖြစ်ပါစေလော့။ ယာဝန္တေဿ၊ အားလုံးစုံညီ အကြင်မျှလောက်သော ကုန်သည်ဘို့သည်။ ဧတ္ထ၊ ဤနေရာအရပ်သို့။ သမာဂတာ၊ ကောင်းစွာပေါင်းဆုံ ရောက်လာကြကုန်၏။ တာဝန္တေဿ၊ ထိုမျှလောက်ကုန်သော။ တုမှေ၊ သင်တို့သည်။ အာဝိ ဝါ၊ ယခုရှေ့တွင် သူငါမြင်စဉ်၌လည်းကောင်း။ ယဒိ၊ အကယ်၍။ ရဟော ဝါ၊ သူသူကင်းကွာ ဆိတ်ငြိမ်ရာ၌လည်းကောင်း။ ပါပကံ၊ အပြစ်သန့်၍ ညစ်ညမ်းယုတ်မာ

http://www.dhammadownload.com

သော။ ကမ္ဗံ၊ မကောင်းမှုမိုက် ဒုစရိုက်ကို။ မာကတ္ထ မာ အကတ္ထ၊ မပြုလိုက်ကြပါ ကုန်လင့်။

၂၄၄။ သစေ တံ ပါပကံ ကမ္ဗံ၊ ကရိဿထ ကရောထ ဝါ။
န ဝေါ ဒုက္ခာ ပမုတ္စတ္ထိ၊ ဥပေစ္စာပိ ပလာယတံ။

၂၄၄။ ပါပကံ၊ အပြစ်သန်း၍ ညစ်ညမ်းယုတ်မာစွာလှသော။ တံ ကမ္ဗံ၊ ထိုသို့ ပြုစု မကောင်းမှုကို။ တုမှေ၊ သင်တို့သည်။ သစေ၊ အကယ်၍။ ကရိဿထ ဝါ၊ နောက်နောင်အခါ ပြုမူလည်း ပြုလုပ်ပါကုန်အံ့။ ကရောထ ဝါ၊ လက်ငင်းတွေ့ကြုံ ယခု ပြုလုပ်ကုန်မူလည်း ပြုလုပ်ကုန်အံ့။ ဥပေစ္စ၊ ထိုမှ ဤမှ အစွမ်းကုန် လုံ့လပြု ကြ၍။ ပလာယတံ၊ ပလာယန္တာနမ်ို၊ လောကတစ်လွှား မရုပ်နားဘဲ ပြေးသွားနေကုန် သော်လည်း။ ဝေါ၊ သင်တို့အား။ ဒုက္ခာ၊ မိမိတို့ပြုခဲ့သော ဝဋ်ဒုက္ခမှ။ မုတ္တိ၊ အမြန် ကင်းပျောက် မကျရောက်ဘဲ လွတ်မြောက်ခြင်းသည်။ န အတ္ထိ၊ ဧကန်တိတိ အမှန် ပင် မရှိနိုင်တော့ပေ။

ဤဂါထာလာ အဓိပ္ပါယ်များ ပိုမိုပေါ်လွင်စေရန် ဓမ္မပဒမှ ဤဂါထာ၏ အဓိပ္ပါယ်နှင့် ဆက်စပ်မှုရှိသော အောက်ပါဂါထာကို အဋ္ဌကထာဆရာ၏ အလို အတိုင်း ဤနေရာ၌ ထည့်သွင်းဖော်ပြထားပါသည်။

ဓမ္မပဒလာဂါထာ

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဓဂတိပ္ပဒေသော၊ ယတ္ထ ဋ္ဌတော မုစ္စေယျ ပါပကမ္မာ။

ဘိက္ခဝေ၊ ဝေနေယျအများ အိုချစ်သားတို့။ အန္တလိက္ခေ၊ အထက်ဝေဟင် မိုးကောင်းကင်၌။ ဥပ္ပတိတ္တာ၊ ခုန်ပျံကျော်လွှားတက်ကာသွား၍။ ဂစ္ဆန္တာနမ်ို၊ အမြဲ မနေ သွားကြပေကုန်သော သတ္တဝါတို့အား လည်း။ ပါပကမ္မာ၊ မိမိတို့ပြုစု မကောင်းမှု အကုသိုလ်တရားမှ။ န မုစ္စတိ၊ အခွင့်ရောက်က မလွတ်မြောက်နိုင်ပေ။ သမုဒ္ဒမဇ္ဈေ၊ ပြန့်ပြောကြီးကျယ် သမုဒ္ဒရာ ရေပြင်အလယ်၌။ ပဝိဿ ပဝိဿိတ္တာပိ၊ လွတ်လိမ့်မည်ထင် ဥပမာအောင်း ဝင်ကာ နေ၍လည်း။ ပါပကမ္မာ၊ မိမိတို့ပြုစု မကောင်းမှုမှ။ န မုစ္စတိ၊ အခွင့်ရောက်က မလွတ်မြောက်နိုင်ပေ။ ပဗ္ဗတာနံ၊ ခန့်ထယ်ကြီးမား တောင်အများတို့၏။ ဝိဝရံ၊ ဟောင်းလောင်းပွင့်လျင်း တောင်ခေါင်း တောင်လိုဏ်အတွင်းသို့။ ပဝိဿ ပဝိဿိတ္တာပိ၊ လွတ်လိမ့်မည်ထင် ခိုအောင်ဝင်၍လည်း။ ပါပကမ္မာ၊ မိမိပြုစု မကောင်းမှုမှ။ န မုစ္စတိ၊ အခွင့်ရောက်က မလွတ်မြောက်နိုင်ပေ။ ယတ္ထ၊ အကြင်အရပ်

http://www.dhammadownload.com

၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မာ၊ မိမိပြုစု မကောင်းမှု အကုသိုလ်ကံမှ။ မုစ္စေယျ၊ မတွေ့ကြုံဘဲ ရှောင်လွဲသေချာ လွတ်မြောက်နိုင်ရာ၏။ သော ဇဂတိပဒေသော၊ ထိုသို့သော မြေနေရာအရပ်မည်သည်။ န ဝိဇ္ဇတေ၊ ဇကန်ပိုင်ပိုင် မရှိနိုင်တော့သည် သာတည်း။

မကျဉ်းမကျယ် အဓိပ္ပါယ်

ရဟန်းတော်များ မြတ်စွာဘုရားထံတော်သို့ ကြွလာကြရာတွင် ရွာငယ်တစ်ခု၌ တွေ့မြင်ကြသည့် ကောင်းကင်အထက် မီးတောက်လောင်လျက်ရှိသော ကရွှဲခွေအတွင်း လည်ပင်းစွပ်မိနေသည့် ကျီးဝတ္ထု၊ သမုဒ္ဒရာဝယ်ရေအလယ်တွင် ပစ်ချခြင်းခံရသော လေသူကြီးကတော် ဝတ္ထု၊ ရဟန်းခုနစ်ပါးတို့ လိုဏ်ဂူ၏အတွင်း ခုနစ်ရက်တိတိ ကျောက်ဖြာဖိကာ အပိတ်ခံနေရသော ဝတ္ထုဟုဆိုအပ်သော ဓမ္မပဒ ပါပဝဂ်လာ ဆိုခဲ့ပြီးစု သက်သေဝတ္ထုတို့ကို ကြည့်ရှုကြ၍ ပြုအပ်ခဲ့သော အကုသိုလ်ကံတရားမှ လွတ်မြောက်ရှောင်ရှား ပုန်းအောင်သွားလာရာ အရပ်မည်သည် မရှိနိုင်။

၂၄၅။ မတ္တေယျာ ဟောထ ပေတ္တယျော၊ ကုလေ ဇေဋ္ဌာပစာယိကာ။
သာမညာ ဟောထ ဗြဟ္မညာ၊ ဧဝံ သင်္ဂံ ဂမိဿထ။

၂၄၅။ ဘော ဝါဏိဇာ၊ ရောင်းဝယ်လှည့်လည် အိုး ကုန်သည်တို့။ တုမှေ၊ သင်တို့သည်။ မတ္တေယျာ၊ မိခင်ကျေးဇူး အထူးသိကာ ရှိသေစွာ လုပ်ကျွေးကုန်သည်။ ပေတ္တေယျာ၊ အဖကျေးဇူး အထူးသိကာ ရှိသေစွာလုပ်ကျွေးကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ ကုလေ၊ ဘိုးဘေးမှဆင်း မယွင်းပွားတိုး ကိုယ့်အမျိုး၌။ ဇေဋ္ဌာပစာယိနော၊ အသက်သိက္ခာ ဂုဏ်ဝါထူးခြား ကြီးမားသောသူတို့အား ဒေါ့ချိ အသေပြုကုန်သည်။ သာမညာ၊ သီလရှိလတ် ရဟန်းမြတ်တို့အား ပူဇော်ကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ ဧဝံ၊ ဤသို့ လွှမ်းခြုံအလုံးစုံကို ပြုကျင့်ကြကုန်သည်ရှိသော်။ သင်္ဂံ၊ သူမွန်သူမြတ်တို့ စွဲကပ်ဖြစ်တည် ထက်နတ်ပြည်သို့။ ဂမိဿထ၊ မုချမသွေ ရောက်ရပေလတ္တံ့တည်း။

ပြိတ္တာ၏အဖြစ်ဆိုးရွာပုံ

ထိုကုန်သည်တို့သည် ထိုပြိတ္တာပြောပြသောစကားကို ကြားရ၍ ဖြစ်သော သံဝေဂရှိသည်ဖြစ်ရကား၊ ထိုပြိတ္တာကို အစဉ်သနားကြကုန်လျက် အိုးခွက်တို့ဖြင့် ရေကိုယူပြီးလျှင် ထိုပြိတ္တာကို အိပ်စေလျက် ခံတွင်း၌ သွန်းလောင်းကြကုန်၏။ လူများအပေါင်းတို့က အကြိမ်များစွာ သွန်းလောင်းအပ်သောရေသည် ထိုပြိတ္တာ၏

http://www.dhammadownload.com

အကုသိုလ်ကံစွမ်းကြောင့် လည်မျိုအောက်သို့ပင် မရောက်ရှာပေ၊ အဘယ်မှာလျှင် ရေငတ်ခြင်း ပြေပျောက်နိုင်ရှာလိမ့်မည်နည်း။ ထိုအခါ ကုန်သည်တို့သည် ပြိတ္တာကို ဤသို့ မေးမြန်းကြကုန်၏။ "ပြိတ္တာ သင့်အား ရေငတ်ခြင်းမှ အနည်းငယ် သက်သာရာကို ရပါ၏လော"။ ပြိတ္တာသည် ဤသို့ ပြန်ဖြေရှာလေ၏။ "ဤမျှလောက် သောသူတို့က ဤမျှလောက် အချိန်ကြာအောင် သွန်းလောင်းအပ်သောရေသည် တစ်ပေါက်မျှ အကျွန်ုပ်၏လည်မျိုသို့ မဝင်ပါ၊ အကယ်၍ ဝင်သည်ဖြစ်အံ့၊ အကျွန်ုပ်အား ဤပြိတ္တာဘဝမှ လွတ်မြောက်ခြင်း မဖြစ်ရပါပေ"ဟု ပြောဆိုလေ၏။

ပြိတ္တာဘဝမှလွတ်ရန် နည်းလမ်း

ထိုအခါ ကုန်သည်တို့သည် ထိုစကားကိုကြားရ၍ အတိုင်းထက်အလွန် သံဝေဂဖြစ်ကြရကား "ငတ်မွတ်ခြင်းပြေပျောက်ဖို့ တစ်စုံတစ်ခုသောအကြောင်း ဥပါယ် ရှိပါသေးသလော"ဟု မေးမြန်းကြကုန်၏။ ထိုအခါ ပြိတ္တာသည် ဤသို့ဆို၏။ "ဤမကောင်းမှုကံ ကုန်ဆုံးသည်ရှိသော်လည်းကောင်း၊ သို့မဟုတ် မြတ်စွာဘုရား၏ တပည့်သား သာဝကတို့အား ဆွမ်း၊ အဖျော်ယမကာ စသည်ကို ငါ့အား ရည်ညွှန်းအမျှဝေ၍ ပေးလှူလေသည်ရှိသော်လည်းကောင်း ငါသည် ဤပြိတ္တာဘဝမှ လွတ်မြောက်ရပါတော့အံ့"ဟု ပြောဆိုလေ၏။

ထိုပြိတ္တာပြောသောစကားကို ကြားရ၍ ကုန်သည်တို့သည် သဒ္ဓာဝတ္ထိပြည်သို့ ပြန်၍ မြတ်စွာဘုရားသို့ ဆည်းကပ်ကြပြီးလျှင် ထိုအကြောင်းကို လျှောက်ထားကြ၍ သရဏဂုံသီလတို့ကို ခံယူဆောက်တည်ကြပြီးကာ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား ခုနစ်ရက်ပတ်လုံး အလှူဒါနပေးလှူကြ၍ ထိုပြိတ္တာအား အလှူ၏အဖို့ဘာဂကို ရည်ညွှန်းအမျှပေးဝေကြကုန်၏။

ဒေသနာတော်၏အကျိုး

မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်မြစ်၍ လေးပါးသော ပရိသတ်တို့အား တရားကို ဟောတော်မူလေ၏။ များစွာလူအပေါင်းတို့သည် လောဘစသော မစ္ဆေရအညစ်အကြေးတို့ကို ပယ်ရှား၍ ဒါန စသော ကုသိုလ်တရား၌ ပျော်ပါးမွေ့လျော်ကြကုန်၏။

ခုနစ်ခုမြောက် မလှူဒါန်းရက် ဝန်တို့မှု နိဗ္ဗစ်သဖြင့်
ပြိတ္တာဖြစ်ရရှာသော ဓနပါလသူဌေးအကြောင်း ပြီး၏။

http://www.dhammadownload.com

၈- စူလသေဋ္ဌိပေတဝတ္ထု

ဝန်တိုစဉ်းလဲသဖြင့် ပြိတ္တာဖြစ်၍နေရရှာသော စူဠသေဋ္ဌိသူကြွယ်

နဂ္ဂေါ် ကိသော ပဗ္ဗဓိတောသိ ဘန္တေ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠသေဋ္ဌိပေတဝတ္ထုကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စူဠသေဋ္ဌိမည်သော ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ပစ္စည်းဥစ္စာ ချမ်းသာသူ ဘဝမှ အဝတ်မပါ ပြိတ္တာဘဝရောက်သူ

ဗာရာဏသီပြည်၌ တစ်ယောက်သောသူကြွယ်သည် ရှိ၏။ ထိုသူကြွယ်သည်ကား သဒ္ဓါမရှိ၊ ရတနာသုံးပါးကို မကြည်ညို၊ ဝန်တိုစဉ်းလဲခြင်းရှိသည်ဖြစ်၍ ပုညကိရိယာဝတ္ထု ကုသိုလ်မှုဒ္ဓ မရှိမသေပြုလေ့ရှိ၏။ အမည်အားဖြင့် "စူဠသေဋ္ဌိ" အမည်ရှိ၏။ ထိုသူကြွယ်သည် စုတေ ကွယ်လွန်သည်ရှိသော် ပြိတ္တာတို့၌ ဖြစ်လေ၏။ ထိုအခါ ထိုပြိတ္တာ၏ကိုယ်သည် အသား အသွေးမရှိ၊ အရိုး အကြော အရေမျှသာရှိပြီး ဦးပြည်းသာဖြစ်လျက် အဝတ်မကပ်ရှာပေ။

ဖခင်အား ပြိတ္တာဘဝမှလွတ်ရန် သမီးစီစဉ်ပုံ

ထိုသူဌေး၏ သမီးဖြစ်သူ "အနုလာ" သည်ကား အန္ဓကဝိန္ဒမြို့ရှိ မိမိ၏လင်၏ အိမ်၌နေစဉ် ဖခင်ကိုရည်ညွှန်း၍ ပုဏ္ဏားတို့ကို ကျွေးမွေးလိုသည်ဖြစ်၍ ဆန် အစရှိသော အလှူ၏အဆောက်အဦ အသုံးအဆောင်တို့ကိုစီရင်လေ၏။

သမီးရှိရာ ပြိတ္တာဖခင်လာလေသော်

ထိုသို့ စီရင်နေသည်ကိုသိရ၍ ပြိတ္တာဖြစ်နေသော ဖခင်သည် "ငါ့အား ရည်ညွှန်းပေးလှူလိမ့်မည်"ဟူသော အလိုအာသာအားဖြင့် ကောင်းကင်ခရီးဖြင့် ထိုသမီးနေရာ အန္ဓကဝိန္ဒမြို့သို့ သွားသည်ရှိသော် ရာဇဂြိုဟ်မြို့သို့ ရောက်လေ၏။ ထိုအခါ၌လည်း အဇာတသတ်မင်းသည် ဒေဝဒတ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ဖခင်ကို ဇီဝိတိန္ဒြိယ်မှချမိ၏။ နှလုံးမသာယာသဖြင့် အိပ်မပျော်သည်ဖြစ်၍ မြတ်သော ပြာသာဒ်ထက်သို့တက်ရောက်ကာ စင်္ကြံသွားသည်ရှိသော် ကောင်းကင်ဖြင့်သွားသော ထိုပြိတ္တာကိုမြင်၍ အောက်ပါဂါထာဖြင့် မေးလေ၏။

၂၄၆။ နဂ္ဂေါ် ကိသော ပဗ္ဗဓိတောသိ ဘန္တေ၊
ရတ္တိံ ကုဟိ ဂစ္ဆသိ ကိဿ ဟောတု။

http://www.dhammadownload.com

အာစိဏ္ဏ မေ တံ အပိ သက္ကုဏေမု၊
သဗ္ဗေန ဝိတ္တံ ပဋိပါဒယေ တုဝံ။

၂၄၆။ ဘဲန္တေ၊ အရေးတကြီး ကောင်းကင်ခရီးဖြင့် တစ်ဟုန်တည်းနှင်အိုအရှင်။ တွံ၊ သင်သည်။ နဂ္ဂေါ၊ အဝတ်မဆီး အချည်းနှီးသည်။ ကိသော၊ သွေးသားမရှိ ပိန်ချုံးဘိသည်။ ဟုတွာ၊ ဖြစ်၍။ ပဗ္ဗဇိတော၊ မြင့်မြတ်ထက်တန်းရဟန်းတော်သည်။ အသိ၊ ဖြစ်ပါသလော။ ကိဿဟေတု၊ ဘယ်အရေးကိစ္စကြောင့်။ ရတ္တိံ၊ အကာလဖြစ်ရာ ညဉ့်အခါ၌။ ကုဟိံ၊ ဘယ်သို့ချဉ်းကပ် ဘယ်အရပ်သို့။ ဂစ္ဆသိ၊ အရေးကြီးစွာ သွားရပါသနည်း။ တွံ၊ သင်သည်။ မေ၊ အကျွန်ုပ်အား။ အာစိဏ္ဏ၊ ပြောကြားပါလော့၊ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သဗ္ဗေန၊ ခပ်သိမ်းဥဿုံ အလုံးစုံအားဖြင့်။ ဝိတ္တံ၊ စည်းစိမ်ဥစ္စာကို။ တုဝံ၊ အရှင် ဘုရားသည်။ အဇ္ဈာသယာနုရူပံ၊ အလိုတော်နှင့် သင့်လျော်လျောက်ပတ်စွာ။ ပဋိပါဒယေ ပဋိပါဒေယျ၊ ပြည့်ဝစုံစွာ ပြီးစေနိုင်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ အပိသက္ကုဏေမု၊ ကောင်းစွာပိုင်ပိုင် စွမ်းနိုင်ကုန်ရာပါ၏။

ဤသို့ အဇာတသတ်မင်းသည် မေးအပ်သည်ရှိသော် ပြိတ္တာသည် မိမိ၏ဖြစ်ပုံ အကြောင်းစုံကို ပြောဆိုလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆိုလေ၏။

၂၄၇။ ဗာရာဏသိ နဂရံ ဒူရယုဇ္ဈံ၊
တတ္ထာဟံ ဂဟပတိ အမုကော အဟု ဒီနော။
အဒါတာ ဂေဓိတမနော အာမိသသ္မိံ၊
ဒုဿီလျေန ယမဝိသယမ္ဟိ ပတ္တော။

၂၄၇။ ဒူရယုဇ္ဈံ၊ အဝေးတိုင်အောင်ပင် ပေါ်ထင်ကျော်ကြားသော။ ယံ ဗာရာဏသိ နဂရံ၊ အကြင်ဗာရာဏသီမြို့တော်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဗာရာဏသီမြို့၌။ အဟံ၊ ငါသည်။ အမုကော၊ များစွာကြွယ်ဝသော။ ဒီနော၊ စိတ်ထားယုတ်ဘိလူဒါန်းလိုသောဆန္ဒမရှိသော။ အဒါတာ၊ သဒ္ဓါကင်းပြတ် မပေးလှူတတ်သော။ အာမိသသ္မိံ၊ အာရုံငါးပါး ကာမဂုဏ်တရား၌။ ဂေဓိတမနော၊ အာသာငမ်းငမ်း အပြင်းဖမ်း၍ အရမ်းတွယ်တာ ကပ်ငြိသောစိတ်ရှိပါသော။ ဂဟပတိ၊ သူကြွယ်သည်။ အမ္ဟိ၊ ဖြစ်ခဲ့ပါ၏။ ဒုဿီလျေန၊ ဒုဿီလဖြစ်ကြောင်း မကောင်းမှုအကုသိုလ်ကံကြောင့်။ ယမဝိသယံ၊ ယမမင်းပိုင်စံ နိုင်ငံဖြစ်ရာ ဘုံပြိတ္တာသို့။ ပတ္တော၊ ကျရောက်ရသည်။ အမ္ဟိ၊ ဖြစ်ရပါ၏။

http://www.dhammadownload.com

၂၄၈။ သော သူစိကာယ ကိလမိတော တေဟိ၊
တေနေဝ ဉာတိသု ယာမိ အာမိသကိဉ္စိက္ခဟေတု။
အဒါနသီလာ နု စ သဒ္ဒဟန္တီ၊
ဒါနဖလံ ဟောတိ ပရမှိ လောကေ။

၂၄၈။ သော အဟံ၊ ထိုငါသည်။ တေဟိ၊ ထိုသို့ မပေးလှူတတ်ခြင်း စသော အကုသိုလ်တို့ကြောင့်။ သူစိကာယ၊ အပ်နှင့် ထိုးဆွသည့်ပမာ တူသည့်တာကြောင့် "သူစိကာ"တွင်ငြား ငတ်မွတ်ခြင်းများဖြင့်။ ကိလမိတော၊ ပင်ပန်းခြင်းသို့ရောက်သည်။ ဟုတ္တာ၊ ဖြစ်၍။ တေနေဝ၊ ထိုဒုက္ခဖြင့်သာလျှင်။ အာမိသကိဉ္စိက္ခဟေတု၊ တစ်စုံတစ်ခုသော အာမိသဟူသောအကြောင်းကြောင့်။ ဉာတိသု၊ ဆွေမျိုးတို့၌။ ဝါ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့၏။ သမိပံ၊ အနီးအပါးသို့။ ယာမိ၊ အရောက်သွားရောက်ပါအံ့။ 'ပရမှိလောကေ၊ တမလွန်လောက နောက်ဘဝ၌။ ဒါနဖလံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏အကျိုးသည်။ ဟောတိ၊ စင်စစ်မသွေ ခံစားရန်ဖြစ်ပေ၏'။ ဣတိ ဧဝံ၊ ဤသို့။ အဒါနသီလာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း အလေ့အထ မရှိကြကုန်သောသူတို့သည်။ နု သဒ္ဒဟန္တိ၊ ယုံကြည်ခြင်းမရှိကြကုန်။

၂၄၉။ မိတာ စ မယှံ လပတေ အဘိက္ခဏံ၊
ဒဿာမိ ဒါနံ ပိတူနံ ပိတာမဟာနံ။
တမုပက္ခဋံ ပရိဝိသယန္တီ ဗြာဟ္မဏာ၊
ယာမိ အဟံ အန္ဓကဝိန္ဒံ ဘုတ္တဲ့။

၂၄၉။ ပိတူနံ၊ ကျေးဇူးကြီးလှ အမိအဖတို့အားလည်းကောင်း။ ပိတာမဟာနံ၊ အဘိုးအဘွားတို့အားလည်းကောင်း။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ ဒဿာမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူပါအံ့။ ဣတိ၊ ဤသို့။ မယှံ၊ ငါ၏။ မိတာစ၊ ချစ်လို့မငြီးကျန်ရစ်သောသမီးသည်လည်း။ အဘိက္ခဏံ၊ မပြတ်မလပ်။ လပတေ၊ ဖွင့်လှစ်ထုတ်ကာ ပြောဆိုပါ၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့ကို။ ဥပက္ခဋံ၊ စီရင်အပ်ပြီး ဝတ္ထုပစ္စည်းကို။ ပရိဝိသယန္တီ၊ ကျွေးမွေးအပ်ပါကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ အန္ဓကဝိန္ဒံ၊ အန္ဓကဝိန္ဒမြို့သို့။ ဘုတ္တဲ့၊ စားခြင်းငှာ။ ယာမိ၊ ကောင်းကင်ခရီးဖြင့် တဟုန်တည်းသာ သွားခဲ့ရပါ၏။

ဤသို့ ပြိတ္တာ ဖြေကြားသောစကားကို ကြားသိရသောအခါ အဇာတသတ် မင်းမြတ်က ကောင်းစွာဖိတ်ကြား၍ မှာထားလိုက်ပုံကို သင်္ဂါယနာတင် ဆရာတို့က ဤသို့ပြကြကုန်၏။

http://www.dhammadownload.com

၂၅၀။ တမဝေါစ ရာဇာ 'အနုဘဝိယာန တမ္မိ၊
ယျာသိ ခိပ္ပံ အဟမပိ ကာသံ ပူဇံ၊
အာစိက္ခ မေ တံ ယဒိ အတ္ထိ ဟေတု၊
သဒ္ဓါယိတံ ဟေတုဝစော သုဏောမ'။

၂၅၀။ ရာဇာ၊ အိပ်မရချုံးပိန်၊ နှလုံးအိမ်မှာ အပူကပ် မင်းအာဇာတသတ်သည်။ တံ၊ သူမေးစကား ဖြေကြားပေရာ ထိုပြိတ္တာကို။ အဝေါစ၊ လွန်စွာသနားသဖြင့် မှာကြားပြောဆိုပြီ။ ကိံ အဝေါစ၊ ဘယ်သို့မှာကြား ပြောဆိုသနည်းဟူမူကား။ တမ္မိ၊ သင်၏သမီး စီစဉ်ပြီးလတ် အလှူတော်မြတ်ကိုလည်း။ အနုဘဝိယာန၊ အစဉ်ခံစားပြီး၍။ ခိပ္ပံ၊ မကြန့်မကြာလျှင်။ ပူဇံ၊ ပူဇော်ခြင်းကို။ ကာသံ၊ မျက်မကွက် ဆက်ဆက်ပြုလုပ်ပါအံ့။ ဟေတု၊ တစ်စုံတစ်ခုသောအကြောင်းသည်။ ယဒိ အတ္ထိ၊ အကယ်၍ရှိအံ့။ ဧဝံ သတိ၊ ဤသို့ရှိခဲ့သည်ရှိသော်။ တံ၊ ထိုအကြောင်းကို။ မေ၊ ငါ့အား။ အာစိက္ခ၊ ပြောကြားပါလော့။ သဒ္ဓါယိတံ၊ စိတ်ချယုံကြည်အပ်သော။ ဟေတုဝစော၊ ကြောင်းကျိုးသင့်ငြားပြောစကားကို။ မယံ၊ ငါတို့သည်။ သုဏောမ၊ ကောင်းစွာမှတ်သား နာကြားကြပါကုန်အံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ မှာကြားပြောဆိုလေ၏။

ဤကဲ့သို့ အာဇာတသတ်မင်းက မှာကြားပြီးနောက် ထိုအန္ဓကဝိန္ဒမြို့ သမီးရှိရာအရပ်သို့ သွားရောက်စားသောက်ပြီးလျှင် ပြန်လာခဲ့ပုံအကြောင်းကိုလည်း သင်္ဂါယနာတင် ဆရာမြတ်တို့သည် ဤသို့ မိန့်တော်မူကြကုန်၏။

၂၅၁။ တထာတိ ဝတ္ဝာ အဂမာသိ တတ္ထ၊
ဘုဥ္ဇိ'သု' ဘတ္တံ နံ စ ဒက္ခိဏာရဟာ။
ပစ္စာဂမိ ရာဇဂဟံ ပုနာပရံ၊
ပါတုရဟောသိ ပုရတော ဇနာဓိပဿ။

၂၅၁။ တထာ၊ ထိုသို့မှာကြား ပြောစကားသည် ကောင်းလှပါပြီဟူ၍။ ဝတ္ဝာ၊ ဝန်ခံစကား ပြောဆိုကြား၍။ သော၊ ချမ်းသာကင်းကွာ ထိုပြိတ္တာသည်။ အဂမာသိ၊ သွားလေ၏။ တတ္ထ၊ ထိုအန္ဓကဝိန္ဒ မြို့ဌာနဒ္ဒ်။ ဘတ္တံ၊ ကောင်းစွာခင်းကျင်း စားဖွယ်ထမင်းကို။ ဒုဿီလဗြာဟ္မဏာ၊ သီလကင်းငြား ဒုဿီလပုဏ္ဏားတို့သည်။ ဘုဥ္ဇိ'သု၊ စားသောက်ကြကုန်၏။ ဒက္ခိဏာရဟာ၊ လှူခံထိုက်ငြား သီလဝန္တ အရှင်မြတ်များတို့သည်။ နံ စ ဘုဥ္ဇိ'သု၊ မစားသောက်ကြကုန်။ ပုန၊ တစ်ဖန်။ အပရံ၊ တစ်ပါးတံ့။ ရာဇဂဟံ၊ ငါးလုံးတောင်မြတ် ရစ်ပတ်ကာခို ရာဇဂြိုဟ်သို့။ ပစ္စာဂမိ၊ ပြန်လာခဲ့လေ၏။ ဇနာဓိပဿ၊ လူတို့ကို အစိုးရတော်မူလတ် အာဇာတသတ်မင်း

http://www.dhammadownload.com

မြတ်၏။ ပုရတော၊ မကွေ့မဖဲ့ ရှေ့တည့်တည့်မှ။ ပါတုရဟောသိ၊ ထင်ရှားဒိဋ္ဌ ဖြစ်ပေါ်လာရလေ၏။

ထိုအခါ ပြိတ္တာရောက်လာသည်ကိုမြင်၍ အဇာတသတ်မင်းမြတ်သည် ဤသို့ ဖိတ်ကြားမှု ပြုလေ၏။

၂၅၂။ ဒိသွား ပေတံ ပုနဒေဝ အာဂတံ၊
ရာဇာ အဝေါစ အဟမပိ ကိံ ဒဒါမိ။
အာစိက္ခ မေ တံ ယဒိ အတ္ထိ ဟေတု၊
ယေန တုဝံ စိရတရံ ပိဏိတော သိယာ။

၂၅၂။ ပုနဒေဝ၊ တစ်ဖန်သာလျှင်။ အာဂတံ၊ လျင်မြန်ဆော့သွာ ပြန်၍လာသော။ ပေတံ၊ ပြိတ္တာကို။ ဒိသွာန၊ မျက်စိရှေ့တွင် တွေ့မြင်ရ၍။ ရာဇာ၊ အဇာတသတ်မင်းသည်။ အဝေါစ၊ မှာကြားပြောဆိုလေ၏။ ကိံ အဝေါစ၊ ဘယ်သို့မှာကြား ပြောဆိုသနည်းဟူမူကား။ အဟံပိ၊ ငါသည်လည်း။ ကိံ၊ ဘယ်လိုဝတ္ထုကို။ ဒဒါမိ၊ သဒ္ဓါလွမ်းကာ ပေးကမ်းရပါမည်နည်း။ ယေန၊ အကြောင်းအကြောင်းဖြင့်။ တုဝံ၊ သင်သည်။ စိရတရံ၊ အလွန်ကြာမြင့်စွာ။ ပိဏိတော၊ နှစ်သက်အပ်သည်။ သိယာ၊ ဖြစ်ရာ၏။ သော ဟေတု၊ ထိုအကြောင်းသည်။ ယဒိ အတ္ထိ၊ အကယ်တိတိ ရှိသည်ဖြစ်အံ့။ တံ၊ သင်နှစ်သက်ရာထိုအကြောင်းကို။ မေ၊ ငါ့အား။ အာစိက္ခ၊ ရှဉ့်ကြောက်ကင်းစွာ အားမနာဘဲ ခပ်ရဲရဲသာ ပြောစမ်းပါလော့။

ဤသို့ အဇာတသတ်မင်းမြတ်က ပြောဆိုအပ်သည်ရှိသော် ထိုပြိတ္တာသည် မြတ်စွာဘုရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတို့ကိုလည်းကောင်း ဆွမ်း ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာ သင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်အမျှဝေမှု ပြုလုပ်စေလိုသည်ဖြစ်၍ ဤသို့ပြောကြားလေ၏။

၂၅၃။ ဗုဒ္ဓဉ္စ သံဃံ ပရိဝိသိယာန ရာဇ၊
အန္နေန ပါနေန စ စီဝရေန။
တံ ဒက္ခိဏံ အာဒိသ မေ ဟိတာယ၊
ဧဝံ အဟံ စိရတရံ ပိဏိတော သိယာ။

၂၅၃။ ရာဇ၊ အဇာတသတ်ခေါ် မင်းသူတော်။ တွံ၊ အရှင်မင်းမြတ်သည်။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင်သိမြင် ဘုရားရှင်ကို လည်းကောင်း။ သံဃဉ္စ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း။ အန္နေနစ၊ သန့်ရှင်းဖြူစင် ဆွမ်းဘောဇဉ်ဖြင့်လည်းကောင်း။ ပါနေန စ၊ သောက်ဖွယ်ပြာဖြာ အဖျော်ယမကာဖြင့်လည်းကောင်း။ စီဝရေန စ၊

http://www.dhammadownload.com

သင်းပိုင်၊ ဇကသီ နှစ်ထပ်ထည်ဟု သုံးလီရောပြွမ်း တိစီဝရိုက်သင်္ကန်းဖြင့်လည်းကောင်း။ ပရိ ဝိသိယာန၊ လှူဒါန်းကျွေးမွေး၍။ မေ၊ အက္ကျန်ပ်၏။ ဟိတာယ၊ ပြိတ္တာဘဝမှ လွတ် မြောက်ရခြင်းအကျိုးငှာ။ မေ၊ အက္ကျန်ပ်အား။ တံ ဒက္ခိဏံ၊ စိတ်စေတနာသဒ္ဓါ ကြည်ဖြူ ထိုအလှူကို။ အာဒိသ၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှပေးဝေပါလော့။ ဇဝံ၊ ဤသို့ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှပေးဝေသည်ရှိသော်။ အဟံ၊ အက္ကျန်ပ်သည်။ စိရတရံ၊ နှစ်လများစွာရှည်မြင့်ကြာအောင်။ ပိဏ်တော၊ တင်းတိမ်ရောင့်ရဲခြင်းသို့ ရောက်သည်။ သိယာ၊ ဖြစ်ရပါ၏။

ထို့နောက် အဇာတသတ်မင်းမြတ်သည် ကိုယ်တိုင်လှူဒါန်းပြီး အမျှပေးဝေပုံကို ပြလိုသည်ဖြစ်၍ အောက်ပါဂါထာကို မိန့်မှာ၏။

၂၅၄။ တတော ဓ ရာဇာ နိပတိတွာ တာဝဒေ၊
ဒါနံ သဟတ္ထ အတုလံ ဒဒိတွာ သံဃေ။
အာရောစေသိ ပကတံ တထာဂတဿ၊
တဿ စ ပေတဿ ဒက္ခိဏံ အာဒိသိတ္ထ။

၂၅၄။ တတော ဓ၊ ထိုသို့ပြောကြား ပြိတ္တာစကားကြောင့်။ ရာဇာ၊ အဇာတသတ်မင်းသည်။ နိပတိတွာ၊ နန်းတော်မှ ထွက်တော်မူ၍။ တာဝဒေ၊ ပြိတ္တာရောက်လာထို အရုဏ်တက်အခါ၌သာလျှင်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ အတုလံ၊ မနှိုင်းယှဉ်အပ်မွန်မြတ်ထူးချွန် တုဘက်လွန်သော။ ဒါနံ၊ အလှူကို။ သံဃေ သံဃဿ၊ အမြတ်ကျော်မော်သံဃာတော်အား။ ဒဒိတွာ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းပြီး၍။ တထာဂတဿ၊ ဘုရားရှင်အား။ ပကတံ၊ ပြိတ္တာကိုရည်မှန်း၍ လှူ ဒါန်းဆက်ကပ် ပြုလုပ်အပ်ပါပြီဘုရားဟူ၍။ အာရောစေသိ၊ ညွတ်တွားရိုသေ လျှောက်ထားလေ၏။ တဿစ ပေတဿ၊ ဆင်းရဲနေရှာ ထိုပြိတ္တာအားလည်း။ ဒက္ခိဏံ၊ အလှူကောင်းမှုအဖို့အစုကို။ အာဒိသိတ္ထ၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှပေးဝေပြီ။

ထိုသို့ ရေစက်သွန်းချ ပူဇော်ပြီးသောအခါ ထိုပြိတ္တာသည် ပြိတ္တာအဖြစ်မှ လွတ်မြောက်ကာ နတ်အဖြစ်သို့ ရောက်သည်ဖြစ်၍ မင်း၏ရှေ့မှောက်သို့ လာရောက်ပြီးလျှင် ကြီးမားသော စည်းကမ်းအဖြာဖြာကို ပြသသည့်အကြောင်း ပြောဆိုလိုရကား အောက်ပါဂါထာကို မိန့်ဆိုတော်မူ၏။

၂၅၅။ သော ပူဇိတော အတိဝိယ သောဘမာနော၊
ပါတုရဟောသိ ပုရတော ဧနာဓိပဿ။
ယက္ခေါဟမသ္မို ပရမိဒ္ဓိပတ္တော၊
နု မယှမတ္ထို သမာ သဒိသာ မာနုသာ။

http://www.dhammadownload.com

၂၅၅။ ပူဇိဒေဘာ၊ ပူဇော်အပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ သော၊ ဆင်းရဲကြီးရာ ထိုပြိတ္တာသည်။ အတိဝိယ၊ ကဲကဲချွန်ချွန် အလွန်သာလျှင်။ သောဘမာနော၊ ကြည်နူးစဲပယ် ထူးတင့်တယ်လျက်။ ဧနာဓိပဿ၊ အဇာတသတ်မင်း၏။ ပုရတော၊ ရှေ့တည့်တည့်၌။ ပါတုရဟောသိ၊ လှလှယဉ်ယဉ် သွင်ပြင်ခြားနား အမြင်အားဖြင့် ထင်ရှားမသွေ ဖြစ်ပေါ်၍လာလေ၏။ ဒေဝ၊ လူများ ထိပ်ခေါင် ဘုန်းရောင်ဝင်းလျှပ်မင်းအဇာတသတ်။ အဟံ၊ အကျွန်ုပ်သည်။ ပရမိဒ္ဓိပတ္တော၊ ထူးလွန်ကဲတိုးမြတ်သောတန်ခိုးသို့ရောက်သော။ ယက္ခော၊ နတ်သားသည်။ အသ္မိ၊ ဖြစ်ပါ၏။ မယံ၊ ကျွန်ုပ်အား။ ဝါ၊ ကျွန်ုပ်နှင့်။ သမာ၊ တန်ခိုးရှိန်စော် အာနုဘော်အားဖြင့် တူကုန်သော။ မာနုသာ စ၊ လူအများတို့သည်လည်းကောင်း။ သဒိသာ၊ စည်းစိမ်ဥစ္စာအားဖြင့် တူကုန်သော။ မာနုသာစ၊ လူအများတို့သည်လည်းကောင်း။ နု အတ္ထိ နု သန္တိ၊ လိုက်ရှာကြည့်က မရှိကြလေကုန်။ ဣတိ၊ ဤသို့။ အာရောစေသိ၊ နတ်သားက ပြောကြားလေ၏။

တစ်ဖန် အရှင်မင်းမြတ် ရည်ညွှန်းလှူဒါန်းအပ်သဖြင့် နတ်တန်ခိုးစည်းစိမ်ဝေဖြိုးကာ ချမ်းသာသို့ ရောက်ရှိရကြောင်းကိုလည်း ဤသို့ပြောဆိုလေ၏။

၂၅၆။ ပဿာနုဘာဝံ အပရိမိတံ မမယိဒံ၊
တယာနုဒိဋ္ဌံ အတုလံ ဒတ္တာ သံယေ။
သန္တ္ဓပိတော သတတံ သဒါ ဗဟူဟိ၊
ယာမိ အဟံ သုခိတော မနုဿဒေဝ။

၂၅၆။ မဟာရာဇ၊ အဇာတသတ်မင်းမြတ်။ အပရိမိတံ၊ မနှိုင်းယှဉ်အပ်သော။ မမ၊ အကျွန်ုပ်၏။ ဣဒံ အာနုဘာဝံ၊ ဤနတ်တို့၏ရှိန်စော် အာနုဘော်ကို။ ပဿ၊ ထင်ထင်ရှားရှား ရှုစားတော်မူပါလော့။ သံယေ သံယဿ၊ အမြတ်ကျော်မော် အရိယာ သံဃာတော်အား။ အတုလံ၊ မနှိုင်းယှဉ်သာ လှူဒါန်းဖွယ်ရာ ကို။ ဒတ္တာ၊ သဒ္ဓါဖွေးဖြူ အရေးပဋိကာ ပေးလှူ၍။ တယာ၊ သင်သည်။ အနုဒိဋ္ဌံ၊ အစဉ်သနှံး၍ ထင်ရှားသတ်မှတ် ရည်ညွှန်းအပ်ပေ၏။ အဟံ၊ အကျွန်ုပ်ကို။ ဘယာ၊ သင်မင်းမြတ်သည်။ သတတံ၊ အမြဲမပြတ် ဒလစပ်။ သဒါ၊ နှစ်လမတိမ်း အခါခပ်သိမ်း။ ဗဟူဟိ၊ ထမင်းအစာ ဝတ်လျာစသား လှူဒါန်းဖွယ်အစု မွန်မြတ်သောဆုတို့ဖြင့်။ သန္တ္ဓပိတော၊ ရောင့်ရဲနှစ်သက်စေအပ်ပါ၏။ မနုဿဒေဝ၊ လူတို့သေ၌နှင်း ဘုရင်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ သုခိတော၊ လျှံဖြိုးပြည့်မောက် ချမ်းသာသို့ ရောက်သည်ဖြစ်၍။ ယာမိ၊ အလိုရှိရာ ထက်နတ်ရွာသို့ သွားရောက်ပေတော့အံ့။ ဣတိ၊ ဤသို့။ အာပုစ္ဆိ၊ အဇာတသတ်မင်းအား နတ်သားက ပန်ကြားလေ၏။

http://www.dhammadownload.com

ထိုထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြား

ဤသို့ နတ်သားသည် မင်းအား လျှောက်ထားပန်ကြား၍ နတ်ပြည်သို့ ပြန်သွားလေ၏။ ဤသို့ လျှောက်ထားပန်ကြား၍ နတ်သား ပြန်သွားသည်ရှိသော် အဇာတသတ်မင်းသည် ထိုအကြောင်းကို ရဟန်းတို့အား လျှောက်ထားလေ၏။ ရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ထံတော်သို့ ကပ်ရောက် လျှောက်ကြားကြပြန်ကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ပြု၍ ရောက်လာသော ပရိသတ်အား တရားဟောတော်မူလေ၏။ ထိုတရားစကားကို ကြားနာရ၍ လူအပေါင်းသည် မဇ္ဈေရအညစ်အကြေးကို ပယ်ရှားစွန့်ပစ်ကာ ဒါန စသည်တို့၌ ပျော်ပါးမွေ့လျော်ကြကုန်၏။

ရှစ်ခုမြောက် ဝန်တိုစဉ်းလဲသဖြင့် ပြိတ္တာဖြစ်၍နေရရှာသော
စူဠသေဋ္ဌိသူကြွယ်အကြောင်း ပြီး၏။

၉–အင်္ဂဠိရဇေတဝတ္ထု

ညောင်ပင်ကြီးလောက် အလွန်ကြီးပေးခဲ့သော်လည်း ညောင်ခေ့ကလေးလောက်သာ အကျိုးခံစားရသော အကုံရမင်းသား

ယသ အတ္ထာယ ဂစ္ဆာမ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤအကုံရပေတဝတ္ထုကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အကုံရပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဤဝတ္ထု၌ "အကုံရ"သည် အမှန်အားဖြင့် ပြိတ္တာမဟုတ်၊ ထိုသို့မဟုတ်ငြားသော်လည်း ထိုအကုံရ၏အကျင့်သည် ပြိတ္တာတို့၏အကျင့်နှင့် ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် ထိုဝတ္ထုကို "အကုံရပေတဝတ္ထု"ဟု ခေါ်ဆိုထား၏။

http://www.dhammadownload.com

ညီနောင်မင်းသားတို့ တိုင်းပြည်ကို ခွဲဝေကြပုံ

ဥတ္တရမဓုရတိုင်းကို အစိုးရသော မဟာသာဂရမင်း၏ သားဖြစ်သည့် ဥပသာဂရ ကို အစွဲပြု၍ ဥတ္တရာပထတိုင်း အာသိတဥနမြို့ မဟာသာဂရမင်း၏ သမီးတော် ဝမ်းတိုက်၌ဖြစ်သော အဥနဒေဝီ၊ ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရဏ၊ အဇ္ဇုန၊ သဇ္ဇုန၊ ဃဋပဏ္ဍိတ၊ အကုံရ ဟူ၍ ဝါသုဒေဝ အစ ရှိသောအားဖြင့် ညီနောင်တစ်ကျိပ်၊ နှမတော် အဥနဒေဝီနှင့်တကွ တစ်ကျိပ်တစ် ယောက်သောမင်းတို့သည် ရှိကုန်၏။ ထိုတစ်ကျိပ်တစ်ယောက်တို့တွင် ဝါသုဒေဝ အစရှိသော ညီနောင်တို့သည် အာသိတဥနမြို့ကို အစပြု၍ ဒွါရဝတီအဆုံးရှိကုန် သော အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း၌ ခြောက်သောင်းသုံးထောင်သောမြို့တို့၌ အလုံး စုံသောမင်းတို့ကို ဘုန်းတန်ခိုး အာဏာစက်ဖြင့် အသက်ကုန်ခြင်းသို့ရောက်စေ၍ ဒွါရဝတီမြို့၌နေကုန်စဉ် တိုင်းပြည်ကို ဆယ်ပုံပုံ၍ ခွဲဝေကြကုန်၏။

ဝေစုမယူဘဲ ကုန်သည်လုပ်လိုသူ အကုံရမင်းသား

ထိုအခါ နှမတော် အဥနဒေဝီကိုကား သတိမရမိကြကုန်။ တစ်ဖန် သတိရ ကြ၍ "တစ်ဆယ့်တစ်ပုံ ပုံကာ ခွဲဝေကြပါဦးစို့ "ဟု ပြောဆိုကြလေသော် ထိုအလုံး စုံသော ညီနောင်တို့၏ အငယ်ဆုံးဖြစ်သော အကုံရမင်းသားလေးသည် "ကျွန်ုပ်၏ ဝေစုကို ထိုနှမ အဥနဒေဝီမင်းသမီးအား ပေးကြကုန်လော့၊ ကျွန်ုပ်သည် ကုန်သွယ်ခြင်း ကိုပြု၍ အသက်မွေးပါအံ့၊ သင်တို့သည် မိမိ မိမိတို့၏ ဇနပုဒ်တို့၏ အခွန်ကို အကျွန်ုပ်အား စွန့်ကြပါကုန်လော့"ဟု ပြောဆိုလေ၏။

အကုံရ၏ဝေစု နှမကို ပေးပုံ

ထိုမင်းသားတို့သည် "ကောင်း ပါပြီ"ဟု ဝန်ခံကြကုန်၍ အကုံရမင်းသားလေး၏ ဝေစုကို နှစ်မ အဥနဒေဝီအား ပေး၍ ကိုးယောက်သော မင်းတို့သည် ဒွါရဝတီမြို့၌ နေကုန်၏။ အကုံရမင်းသားသည် ကား ကုန်သွယ်ခြင်းအမှုကိုပြုလျက် အခါခပ်သိမ်း အလှူကြီးကို ပေး၏။

ဒါသ အဒါသ ဆုံးဖြတ်ရန်

ထိုအကုံရမင်း၏ ဘဏ္ဍာစိုးဖြစ်သော တစ်ယောက်သော ကျွန်သည် အကျိုး ကို လိုလားသူဖြစ်၏။ အကုံရသည် ဝမ်းသာအားရလှသည်ဖြစ်၍ တစ်ယောက်သော အမျိုးကောင်းသမီးကို ခေါ်၍ ယူပြီးလျှင် ထိုဘဏ္ဍာစိုးအား လက်ထပ်ပေးစား၏။

http://www.dhammadownload.com

ထို ဘဏ္ဍာစိုးမယား၌ သားကိုယ်ဝန်တည်စဉ်ပင်လျှင် ထိုဘဏ္ဍာစိုးသည် သေဆုံးရှာလေ၏။ ထိုအခါ အကုံရသည် ထိုသူငယ် သားယောကျ်ားလေး မွေးဖွားသည် ဖြစ်ခဲ့သော် သူငယ်၏အဖအား ပေးအပ်သောရိက္ခာကို သူငယ်အား ပေး၏။ ထိုအခါ သူငယ်သည် အရွယ်ရောက်လတ်သော် "ကျွန်" ဟူ၍လည်းကောင်း "ကျွန်မဟုတ်" ဟူ၍လည်းကောင်း မင်းမျိုး၌ အဆုံးအဖြတ် ဖြစ်လေ၏။

အဒါသအဖြစ် ဆုံးဖြတ်ပုံ

ထိုစကားကိုကြား၍ အဇ္ဇနဒေဝီက နွားမဥပမာကို ပြောဆို၍ "ကျွန်ဘဝမှ လွတ်သော အမိ၏သားသည်လည်း ကျွန်ဘဝမှ လွတ်သည်သာတည်း" ဟု ပြောဆိုပြီး ကျွန်၏အဖြစ်မှ လွတ်မြောက်စေ၏။

အလှူအိမ်ကို ညွှန်ပြခဲ့သောကောင်းမှု

ထိုသူငယ်သည် ရုက်လှသဖြင့် ထိုအရပ်၌နေခြင်းငှာ မဝံ့သည်ဖြစ်၍ ရောရဝမြို့သို့သွား၍ ထိုမြို့၌ တစ်ယောက်သော အပ်ချုပ်သည်၏သမီးကိုယူ၍ အပ်ချုပ်သောအတတ်ဖြင့် အသက်မွေးခြင်းကို ပြု၏။ ထိုအခါ ရောရဝမြို့၌ အသယ္ဟမည်သော သူဌေးကြီးသည် ရှိ၏။ ထိုသူဌေးကြီးသည် ရဟန်းပုဏ္ဏား၊ ခရီးသွားသူ၊ အထီးကျန်သူ၊ ဖုန်းတောင်းယာစကာတို့အား အလှူကြီးကို ပေး၏။ ထိုအခါ ထိုအပ်ချုပ်သမားသည် အလှူကြီးပေးသည့် အသယ္ဟသူဌေး၏အိမ်ကို မသိကုန်သော သူတို့အား နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အသယ္ဟသူဌေး၏ နေအိမ်ကို လက်ယာလက်မောင်း ဆန့်တန်းကာ "ဤအရပ်သို့သွား၍ ရဖွယ်ရာတို့ကို ယူကြပေတော့" ဟု ညွှန်ပြ၍ ထိုသူ၏ လက်ညှိုးညွှန်ကာ ပြသရသော ကောင်းမှုသည် ပါဠိတော်၌ဘာလျှင် လာ၏။

အကြောင်းမတူသူ သုံးဦး အကျိုးမတူကြပုံ

ထိုအပ်ချုပ်သမားသည် တစ်ပါးသောအခါ၌ သေဆုံး၍ သဲကန္တာရအရပ်ရှိ တစ်ခုသော ပညောင်ပင်၌ ဘုမ္မစိုးနတ်သား ဖြစ်လေ၏။ ထိုဘုမ္မစိုးနတ်သား၏ လက်ယာလက်သည် အလုံးစုံ အလိုရှိရာကို ပေးနိုင်၏။ ထို ရောရဝမြို့၌ပင်လျှင် အသယ္ဟသူဌေး၏အလှူ၌ ကြောင့်ကြစိုက်ထုတ် လုပ်ဆောင်သူ ယောကျ်ား တစ်ယောက်သည် သဒ္ဓါမရှိ၊ ငြူစူဖောက်ပြန်၏။ အယူမှားရှိ၏။ ပုညကိရိယာ ဝတ္ထု ကုသိုလ်မှု၌ မရိမသေ ပြုလေ့ရှိ၏။ သေသောအခါ ထိုဘုမ္မစိုးနတ်သား၏ နေရာ အရပ်နှင့် မနီးမဝေးအရပ်၌ ပြိတ္တာဖြစ်၍ ဖြစ်လေ၏။ ထိုသူ၏ ပြုအပ်သော အမှုသည်လည်း ပါဠိတော်၌သာလျှင် လာ၏။ အသယ္ဟသူဌေးကြီးသည်ကား ထို

http://www.dhammadownload.com

ဘဝမှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အပေါင်းအဖော် အဖြစ်သို့ ရောက်လေ၏။

အကုံရမင်းသား ကုန်သွယ်အသွား လမ်းမှားပုံ

ထိုအခါ အခါတစ်ပါး၌ အကုံရသည် လှည်းငါးရာတို့ဖြင့်လည်းကောင်း၊ အခြားသော ပုဏ္ဏားတစ်ယောက်ကလည်း လှည်းငါးရာတို့ဖြင့်လည်းကောင်း နှစ်ယောက်သော သူတို့သည် တစ်ထောင်သော လှည်းတို့ဖြင့် ရောင်းချစရာ ဘဏ္ဍာတို့ကို ယူ၍ သဲကန္တာရခရီးသို့ သွားကြကုန်သည်ရှိသော် လမ်းမှား၍ ကုန်ခန်းသော မြက်၊ ရေ၊ အစားအစာ အာဟာရ ရှိကုန်၏။ အကုံရသည် မြင်းစီးတမန်တို့ဖြင့် အရပ်လေးမျက်နှာတို့၌ ရေကို ရှာဖွေစေ၏။

ဘုမ္မစိုးနတ်သား ကူညီပုံ

ထိုအခါ အလိုရှိရာ ပေးစွမ်းနိုင်သောလက်ရှိသည့် ထိုဘုမ္မစိုးနတ်သားသည် ထိုကုန်သည်တို့၏ ပျက်စီးခြင်းသို့ ရောက်ကြတော့မည်ကို မြင်၍ အကုံရသည် ရှေး၌ မိမိအား ပြုခဲ့ဖူးသောကျေးဇူးကို ကြံစည်စဉ်းစား၍ "ယခုအခါ ငါသည် ဤအကုံရ၏ မှီခိုအားထားရာ ဖြစ်သင့်၏" ဟု ကြံဆင်ခြင်၍ မိမိနေရာ ပညောင်ပင်ကို ညွှန်ပြလေ၏။

ထိုပညောင်ပင်သည် အခက်အခွတို့နှင့် ပြည့်စုံသည်ဖြစ်၍ တစ်ခဲနက်သော အရွက်တို့ဖြင့် ဖုံးအုပ်ကာ အေးမြသော အရိပ်ရှိ၏။ အထောင်မကသော မြစ်မွာ မြစ်ပျဉ်းရှိ၏။ အလျားအနုံအားဖြင့်လည်းကောင်း၊ အစောက်အားဖြင့်လည်းကောင်း တစ်ယူဇနာမျှ ပမာဏရှိ၏။ ထို ပညောင်ပင်ကို မြင်သည်ဖြစ်၍ အကုံရသည် ရွှင်လန်းနှစ်သက်လှရကား ထိုပညောင်ပင်၏အောက်၌ သစ်ခက်တဲကို ဖွဲ့စေ၏။ ဘုမ္မစိုးနတ်သားသည် မိမိ၏ လက်ယာဘက်လက်ကို ဆန့်တန်း၍ အလုံးစုံသော လူအပေါင်းကို ရှေးဦးစွာ သောက်ရေဖြင့် ရောင့်ရဲတင်းတိမ်စေ၏။ ထို့နောင်မှ အကြင်အကြင်သူသည် အကြင်အကြင်ဝတ္ထုကို အလိုရှိ၏၊ ထိုထိုသူအား ထိုထိုဝတ္ထုကို ပေး၏။

ကုန်သည်ပုဏ္ဏား၏ ဖောက်ပြားသော စိတ်အကြံ

ဤသို့လျှင် ထိုလူအပေါင်းသည် အထူးထူးသော ထမင်းအဖျော် စသည်တို့ဖြင့် အလိုရှိတိုင်း သုံးဆောင်ကြပြီးနောက် ခရီးပင်ပန်းမှု ပြေလတ်သော် ထိုပုဏ္ဏားကုန်သည်သည် မသင့်မတင့် နှလုံးသွင်းလျက် ဤသို့ ကြံစည်လေ၏။ "အို့မိတ်ဆွေတို့၊ ဥစ္စာကို ရလိုသော ငါတို့သည် ဤနေရာမှ ကမ္ဘောဇတိုင်းသို့သွား၍ အဘယ်

http://www.dhammadownload.com

အကျိုးရှိကုန်အံ့နည်း၊ လိုရာပေးနိုင်သော ဤ ဘုမ္မစိုးနတ်သားကိုပင် တစ်စုံ တစ်ခု သော ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူပြီး လှည်းပေါ်သို့တင်၍ ငါတို့၏ ဒွာရဝတီမြို့ သို့သာလျှင် မကြန့်မကြာ လျင်မြန်စွာ သွားရောက်ကြပါစို့" ဟု ကြံစည်၍ ထို ကြံစည်ပုံ အကြောင်းကို အကုံရအား ဤသို့ ပြောကြားလေ၏။

ပုဏ္ဏား၏ တိုက်တွန်းစကား

၂၅၇။ ယသ အတ္ထာယ ဂစ္ဆာမ၊ ကမ္မောဇံ ဓနဟာရကာ။
အယံ ကာမဒဒေါ ယက္ခော၊ ဣမံ နယာမသေ။
၂၅၈။ ဣမံ ယက္ခံ ဂဟေတွာန၊ သာဓုကေန ပသယှ ဝါ။
ယာနံ အာရောပယိတွာန၊ ခိပ္ပံ ဂစ္ဆာမ ဒွါရကံ။

၂၅၇။ ဘော၊ မိတ်ဆွေရောင်းရင်း အိုအချင်းတို့။ ဓနဟာရကာ၊ ဘဏ္ဍာ ရောင်းချ ရလာသမျှ ဥစ္စာ ဆောင်ယူခြင်းငှာ အလိုရှိပါကုန်သော။ မယံ၊ လှည်းနှင့်ကုန်သွယ် ရောင်းဝယ်ဖောက်ကား ငါတို့ကုန်သည်များသည်။ ယသ၊ အကြင်ဗဟုစ္စည်းဥစ္စာ အဖြာဖြာရခြင်း၏။ အတ္ထာယ၊ အကျိုးငှာ။ ကမ္မောဇံ၊ ကမ္မောဇဟု နာမတွင်မည် တိုင်းရွှေပြည်သို့။ ဂစ္ဆာမ၊ အမှန်မသွေ သွားကြရပေကုန်အံ့။ အယံ ယက္ခော၊ တန်ခိုးတော ဝေဖြာတိုးပွား ဤဘုမ္မစိုးနတ်သားသည်။ ကာမဒဒေါ၊ ငါတို့ တ-တိုင်း ကြာမဆိုင်းဘဲ လိုတိုင်းမသွေ ပေးစွမ်းနိုင်ပေ၏။ မယံ၊ ရောင်းဝယ် သွားလာ ကုန်သည် ငါတို့သည်။ ဣမံ ယက္ခံ၊ လိုရာမလပ် ပေးကမ်းတတ်သည့် ဤ ဘုမ္မစိုးနတ်သားကို။ နယာမသေ၊ ခေါ်ဆောင်ယူကာ သွားကြပါကုန်စို့။

၂၅၈။ ဣမံ ယက္ခံ၊ လိုရာပေးငြား ဤနတ်သားကို၊ ဂဟေတွာန၊ ညညာထက္ခြ ဖမ်းယူကြ၍။ သာဓုကေန ဝါ၊ ညင်သာပျော့ပျော့ ခပ်ချော့ချော့ဟန် တောင်းပန် သဖြင့် လည်းကောင်း။ ပသယှ ဝါ၊ လွှမ်းမိုးနှိပ်စက် အကြမ်းဖက်ကာ ဗလကြာရအားဖြင့် လည်းကောင်း။ ယာနံ၊ တို့လှည်းပေါ်သို့။ အာရောပယိတွာန၊ ကောင်းစွာတင်၍။ ဝါ၊ မရုန်းနိုင်ရုန် သတိဉာဏ်ဖြင့် ခပ်မြန်မြန်ပင် အတင်းပွေ့တင်၍။ ခပ္ပံ၊ ကြန့်ကြာ မဖက် ခပ်သွက်သွက်။ ဒွါရကံ၊ ဒွါရဝတီ တို့တိုင်းပြည်သို့။ ဂဂစ္ဆာမ၊ ကုန်ရောင်းဖို့ရာ နောက်ထားပြီး ပြန်သွားကြပါကုန်စို့။ ဣတိ၊ ဤသို့။ ဗြဟ္မဒတ္တော၊ ပုဏ္ဏားသည်။ အာဟ၊ ကုန်ရောင်းလိုက်လာ များစွာသောင်းသောင်း လူအပေါင်းကို ပြောဆိုလေ၏။

ဤသို့ ပုဏ္ဏားက ပြောဆိုအပ်သည်ရှိသော် အကုံရသည် သူတော်ကောင်း တရား၌တည်၍ ထိုပုဏ္ဏား ပြောကြားသောစကားကို ပယ်ရှားလိုသဖြင့် ဤသို့ ဆိုလေ၏။

http://www.dhammadownload.com

ပုဏ္ဏားအကြံ အကုံရ ပယ်လှန်ပုံ

၂၅၉။ ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
နု တဿ သာခံ ဘဇ္ဇေယျ၊ မိတ္တဒုဗ္ဗော ဟိ ပါပကော။

၂၅၉။ ဗြာဟ္မဏ၊ အကြံသေးနုတ် အို ပုဏ္ဏားယုတ်။ ယဿ၊ ခက်ရွက် စည်ပင် စိမ်းစိုလွင်သည့် အကြင်သစ်ပင်၏။ ဆာယာယ၊ အေးမြချမ်းသာ ခိုနားရာ အရိပ်၌။ နိသီ ဒေယျုံ၀ါ၊ ကောင်းစွာမသွေ ထိုင်မူလည်း ထိုင်နေအံ့။ သယေယျ ဝါ၊ ကောင်းစွာ တိတ်ဆိတ် အိပ်မူလည်း အိပ်နေအံ့။ တဿ၊ ရွက်ခက်စည်ပင် ထို သစ်ပင်၏။ သာခံ၊ အခက်ကို။ နု ဘဇ္ဇေယျ၊ အကျိုးပျက်အောင် မချိုးမဖျက်ရာ။ ဟိသစ္စံ၊ ယခု သင့်အား ငါပြောကြားသည့် စကားကောန် အဟုတ်မှန်၏။ မိတ္တဒုဗ္ဗော၊ မိတ်ဆွေကို ပြစ်မှားသူသည်။ ပါပကော၊ ယုတ်မာလှသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အကုံရော၊ အကုံရသည်။ အာဟ၊ ပုဏ္ဏားအား ဆုံးမပြောဆိုလေ၏။

ထိုစကားကိုကြား၍ ပုဏ္ဏားသည် စဉ်းလဲသော ဥပါယ်တံမျဉ်သည် အကျိုးစီးပွားဖြစ်ခြင်း၏ အကြောင်းသာ ဖြစ်သည်ဟူသော နိတိလမ်းကို မှိုင်မှိုင်းပြုပြီးလျှင် အကုံရ၏ ဆန့်ကျင်ဖက်၌တည်၍ ပုဏ္ဏားသည် ဤသို့ ဆိုပြန်လေ၏။

ပုဏ္ဏား ပြန်ပြောပုံ

၂၆၀။ ယဿ ရုက္ခဿ ဆာယာသ၊ နိသီဒေယျ သယေယျ ဝါ။
ခန္ဓမ္ဖိ တဿ ဆိန္ဒေယျ၊ အတ္ထော စေ တာဒိသော သိယာ။

၂၆၀။ အကုံရ၊ အမောင်အကုံရ။ ယဿ ရုက္ခဿ၊ ခက်ရွက် စည်ပင် အကြင်သစ်ပင်၏။ ဆာယာယ၊ အေးမြချမ်းသာ ကိုယ် ခိုနားရာအရိပ်၌။ နိသီဒေယျ ဝါ၊ ကောင်းစွာမသွေ ထိုင်မူလည်း ထိုင်နေအံ့။ သယေယျ ဝါ၊ ကောင်းစွာတိတ်ဆိတ် အိပ်မူလည်း အိပ်နေအံ့။ တာဒိသော၊ ထိုသို့သော သဘောရှိသော။ အတ္ထော၊ သစ်သား သုံးရန် အဖိုးတန်သည့် တစ်စုံတစ်ခုသော အကျိုးသည်။ စေ သိယာ၊ အမှန်တိတိ အကယ်၍ ရှိသည်ဖြစ်အံ့။ တဿ၊ ခက်ရွက်စည်ပင် ထိုသစ်ပင်၏။ ခန္ဓမ္ပိ၊ အလုံးစုံတည် ပင်စည်ကိုသော်လည်း။ ဆိန္ဒေယျ၊ ငါ ဖြတ်ရမည်သာတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆိုလေ၏။

ဤသို့ ပုဏ္ဏားသည် ပြောဆိုအပ်သည်ရှိသော် အကုံရသည် သူတော်ကောင်းတရားကိုသာလျှင် ချီးမြှင့်လိုသဖြင့် ဤသို့ ဆိုလေ၏။

၂၆၁။ ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
နု တဿ ပတ္တံ ဘိန္ဒေယျ၊ မိတ္တဒုဗ္ဗော ဟိ ပါပကော။

http://www.dhammadownload.com

၂၆၁။ ယဿ ရုက္ခဿ၊ ခက်ရွက်စည်ပင် အကြင်သစ်ပင်၏။ ဆာယာယ၊ အေးမြချမ်းသာ ကိုယ် ခိုနားရာအရိပ်၌။ နိသီဒေယျဝါ၊ ကောင်းစွာမသွေ ထိုင်မူလည်း ထိုင်နေအံ့။ သယေယျ ဝါ၊ ကောင်းစွာတိတ်ဆိတ် အိပ်မူလည်း အိပ်နေအံ့။ တဿ၊ ခက်ရွက်စည်ပင် ထိုသစ်ပင်၏။ ပတ္တံ၊ အညွန့်အကြွမ်း ဖုံးလွှမ်းရောယှက် သစ်ပင်၏ အရွက်မျှကို။ နု ဘီန္နေယျ၊ ချိုးနှိမ်ဖောက်လျက် မခုတ်ဖျက်ရာ။ ဟိသစ္စံ၌ ငါပြော စကား မမှားဧကန် အဟုတ်မှန်၏။ မိတ္တာဒုဇ္ဇော၊ မိတ်ဆွေကိုမူ ပြစ်မှားဖျက်ဆီး သူသည်။ ပါပကော၊ ယုတ်မာသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အက္ခံရော၊ အကုံရသည်။ အာဟ၊ ပုဏ္ဏားကို ပြောဆိုလေ၏။

တစ်ဖန် ပုဏ္ဏားကလည်း မိမိဝါဒကိုပင် ချီးမြှောက်လိုသည်ဖြစ်၍ ဤသို့ ဆိုပြန်လေ၏။

၂၆၂။ ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။
သမူလမ္ဟိ တံ အမ္ဗုဟော၊ အတ္ထော စေ တာဒိသော သိယာ။

၂၆၂။ ယဿ ရုက္ခဿ၊ ခက်ရွက်စည်ပည် အကြင်သစ်ပင်၏။ ဆာယာယ၊ အေးမြချမ်းသာ ကိုယ် ခိုနားရာအရိပ်၌။ နိသီဒေယျ ဝါ၊ ကောင်းစွာမသွေ ထိုင်မူလည်း ထိုင်နေအံ့။ သယေယျ ဝါ၊ ကောင်းစွာတိတ်ဆိတ် အိပ်မူလည်း အိပ်နေအံ့။ တာဒိသော၊ ထိုသို့ သဘောရှိသော။ အတ္ထော၊ သစ်သားသုံးဖွယ် အကျိုးအသွယ်သွယ်သည်။ စေ သိယာ၊ အမှန်တိတိ အကယ်၍ ရှိသည်ဖြစ်အံ့။ တံ ရုက္ခံ၊ စိမ်းစိုရွှင်ရွှင် ဥသစ်ပင်ကို။ သမူလမ္ဟိ၊ အမြစ်နှင့်တကွ ပင်မကိုသော်လည်း။ အမ္ဗုဟော၊ အထူးလိုက ဝ့ဲဖြိုချကာ နှုတ်ပစ်ရာ၏။ ဣတိ၊ ဤသို့။ ဗြဟ္မဏော၊ ပုဏ္ဏားသည်။ အာဟ၊ ပြောဆိုလေ၏။

ဤသို့ ပုဏ္ဏားက ပြောဆိုသည်ရှိသော် တဖန် အက်ုံရသည် ထိုနိတိကို ဖျက်လိုသဖြင့် ဤသို့ ဆိုလေ၏။

၂၆၃။ ယဿေကရတ္တိမ္္ိ ဃရေ ဝသေယျ၊
ယတ္ထန္နပါနံ ပုရိသော လဘေထ။
နု တဿ ပါပံ မနသာပိ စိန္တယေ၊
ကတညုတာ သပ္ပုရိသေဟိ ဝဏ္ဏိတာ။

၂၆၃။ ယဿ၊ အကြင်သူ၏။ ဃရေ၊ ပိုင်ဆိုင်နေရာ အိမ်ဂေဟာ၌။ ဧက ရတ္တိမ္ဟိ၊ တစ်ညဉ့်မျှလည်း။ ဝသေယျ၊ တည်းခိုပြီးကာ နေဖူးခဲ့ပါအံ့။ ယတ္ထ၊ အကြင် အိမ်ဂေဟာ၌။ ပုရိသော၊ ယောကျ်ားသည်။ အန္နပါနံ၊ အဖျော်ယမကာကို။ လဘေထ၊

http://www.dhammadownload.com

စားသောက်ဖို့ရာ ရဖူးပါအုံ။ တဿ၊ ထိုစေတနာဖြူ အိမ်ရှင်ဖြစ်သူအား။ ပါပဲ၊ ယုတ်မာဟော့ရမ်း ကြမ်းတမ်းညစ်စု မင်္ကောင်းမှုကို။ မနသာပိ၊ ကိုယ်ကိုထားလင့် စိတ်မျှဖြင့်သော်လည်း။ နု စိန္တယေ၊ ဘယ်အခါမျှ မကြံစည်ရာ။ ကတညုတာ၊ သူပြုအပ်ဖူး သူ့ကျေးဇူးကို သိသည်၏အဖြစ်ကို။ သမ္ပု ရိသေဟိ၊ ရှေ့နောက်သိတတ် စိတ်ဓာတ်ပျော့ပျောင်း သူကောင်းကောင်းတို့သည်။ ဝဏ္ဏိတာ၊ ထိပ်တန်းတင်မှတ် ချီးမွမ်းအပ်ပေသတည်း။

၂၆၄။ ယသ္သေကရတ္တိမ္ပိ ဃရေ ဝသေယျ၊
အန္နေန ပါနေန ဥပဋ္ဌဟေ သိယာ။
နု တဿ ပါပံ မနသာပိ စိန္တယေ၊
အဒုဗ္ဘပါဏီ ဒဟတေ မိတ္တဒုဗ္ဘိ။

၂၆၄။ ယဿ၊ အကြင်သူ၏။ ဃရေ၊ ပိုင်ဆိုင်နေရာ အိမ်ဂေဟာ၌။ ဧကရတ္တိမ္ပိ၊ တစ်ည၌မျှလည်း။ ဝသေယျ၊ တည်းခိုပြီးကာ နေဖူးခဲ့ပါအုံ။ အန္နေန၊ စားဖွယ်မယွင်း ဘောဇဉ်ထမင်းဖြင့် လည်းကောင်း။ ပါနေန၊ သောက်ဖွယ်ဖြာဖြာ အဖျော်ယမကာဖြင့် လည်းကောင်း။ ဥပဋ္ဌဟေ၊ စားပါသောက်ပါ စေတနာထား သခ္ခါပွားလတ် လုပ်ကျွေးအပ်ဃည်။ သိယာ၊ မမှားဧကန် အမှန်ဖြစ်ငြားအုံ။ တဿ၊ သခ္ခါစင်ဖြူ ထိုအိမ်သူ၏။ ပါပံ၊ ယုတ်မာသောင်းပြောင်း မကောင်းစုတ်ပဲ့ အကျိုးမဲ့ကို။ မနသာပိ၊ ကိုယ်ထိလက်ရောက် ဖောက်ဖောက်ပြန်ပြန် ပြုရန်ထားလင့် စိတ်ဖြင့်သော်လည်း။ နု စိန္တယေ၊ ဘယ်အခါမှ မကြံစည်ရာ။ အဒုဗ္ဘပါဏီ၊ ကောင်းစွာ စောင့်စည်း မညှဉ်းဆဲ မဖျက်ဆီးအပ်သော လက်ရှိသူသည်။ မိတ္တဒုဗ္ဘိ၊ စိတ်ယုတ်လွမ်းထူ မိတ်ဖျက်သူကို။ ဒဟတေ၊ ပူလောင်ကျွမ်းကြွေ ပျက်စီးစေ၏။

ထို့ကြောင့် ဘုရားရှင်သည် ဓမ္မပဒပါဠိတော်၌ အောက်ပါဂါထာကို ဟောထားတော်မူသည်။

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ယော ဗာလော၊ တရားမပိုက် အမှားလိုက်သည့် အကြင်သူမိုက်သည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ သုဒ္ဓဿ၊ အကျင့်သီလ စင်ကြယ်လှသော။ အနင်္ဂဏဿ၊ ညစ်ညမ်းယုတ်မာ ကိလေသာမရှိသော။ နရဿပေါသဿ၊ မြင့်မြတ်ကဲသာ ရဟန္တာ ပုဂ္ဂိုလ်အား။ ဒုဿတိ၊ မစဉ်းစားဘဲ ပြစ်မှားအုံ့။ ပဋိဝါတံ၊ ဝှေ့ရမ်းရစ်ပတ် တိုက်

http://www.dhammadownload.com

ခတ်၍လာ လေညာဆီသို့။ ခိတ္တော၊ တအားစွတ်၍ ပစ်လွှတ်အပ်သော။ သုခုမော၊ နူးညံ့လေ့လေ့ သိမ်မွေ့သော။ ရဇော ကျဝ၊ မြူမှုန်ကဲ့သို့။ တမေဝ ဗာလ၊ မကောင်းမှု ပြု ထိုမိုက်သောသူ့သို့သာလျှင်။ ပါပံ၊ ညစ်ညမ်းကဲတိုး မကောင်းမှု အကျိုးသည်။ ပစ္စေတိ၊ မလွတ်အမှန် ဝဲပြန်လှည့်ကာ ရှေးရှုလာလေ၏။

၂၆၅။ ယော ပုဗ္ဗေ ကတကလျာဏော၊ပစ္ဆာ ပါပေန ဟိ သတိ။
အလ္လပါဏိဟတော ပါသော၊ န သော ဘဒြာနိ ပဿတိ။

၂၆၅။ ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးရာ ရှေ့အခါ၌။ ကတကလျာဏော၊ ပြုအပ်သော ကောင်းမှုရှိ၏။ တံ၊ ထိုရှေးကပြုဖူး မိတ်ဆွေထူးကို။ ယော၊ အပြုခံလူ အကြင်သူသည်။ ပစ္ဆာ၊ နောက်ကာလ၌။ ပါပေန၊ ညစ်ညမ်းအစု မကောင်းမှုဖြင့်။ ဟိ သတိ၊ ဆင်းရဲရာလမ်း ရှုမျှော်မှန်း၍ ညှဉ်းပန်း နှိပ်စက်အံ့။ အလ္လပါဏိဟတော၊ စိုသော လက်ရှိသော ကတညုပုဂ္ဂိုလ်ကို ဖျက်ဆီးတတ်သော။ သော ပါသော၊ ညစ်ညမ်းယုတ်မာ ထိုသတ္တဝါသည်။ ဘဒြာနိ၊ ကောင်းမြတ်ပြည့်စုံ ကျင့်ဘရုံတို့ကို။ န ပဿတိ၊ ရဖို့ရန် အသာထား မြင်ငြား မမြင်နိုင်ရာ။

ဤသို့လျှင် သူတော်ကောင်းတရား ချီးမွှောက်သောအားဖြင့် အကုံရသည် လွှမ်းမိုး၍ ပြောဆိုအပ်သော် ထိုပုဏ္ဏားသည် စကားပြောစရာ မရှိတော့သည်ဖြစ်၍ ဆိတ်ဆိတ်နေလေ၏။ ဘုမ္မစိုးနတ်သားသည်ကား ထိုသူနှစ်ယောက်တို့ အတွဲ့ အပြန် ပြောဆိုသော စကားသံကို ကြား၍ ထိုပုဏ္ဏားအား စိတ်ဆိုး အမျက်ထွက် ဆော်လည်း သည်းခံ၍ "ရှိစေဦးတော့၊ ဤ မိုက်လွန်စွာသော ပုဏ္ဏားအား ပြုရမည့် ခမ္မကို နောက်၌ သိရလတ္တံ့" ဟု နှလုံးသွင်း၍ မိမိအား တစ်စုံတစ်ယောက်သော သူသည် လွှမ်းမိုးနှိပ်စက်ခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကို ရှေးဦးစွာ ပြလိုသည် ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

နတ်သား ပြောကြားပုံ

၂၆၆။ နာဟံ ဒေဝေန ဝါ မနုဿေန ဝါ၊
ကုဿရိယေန ဝါ ဟံ သုပ္ပသယော။
ယက္ခောဟာသို့ ပရမိဒ္ဓိပတ္တော၊
ဒုရဂံမော ဝဏ္ဏဗလူပပန္နော။

၂၆၆။ ဘော ဝါဏိဇ၊ အို ကုန်သည်တို့။ အဟံ၊ ငါသည်။ ဝါ၊ ငါ့ကို။ ဒေဝေန ဝါ၊ အမှတ်မထား တစ်ပါးပါးသော နတ်သည်လည်းကောင်း။ မနုဿေန ဝါ၊ အမှတ်မထား တစ်ပါးပါးသော လူသားသည်လည်းကောင်း။ ကုဿရိယေန ဝါ၊

http://www.dhammadownload.com

လူမင်း နတ်မင်းသည်လည်းကောင်း။ နှ သုပွသယော့၊ ညှဉ်းဆဲနှိပ်စက်၍ မဖျောက်ဖျက်နိုင်။ အဟံ၊ ငါသည်။ ပရမိဒ္ဓိပတ္တော၊ လွန်ကဲမြင့်မြတ် တန်ခိုးကြွွဒ္ဓိပါဒ်သို့ရောက်သော။ ဒူရင်္ဂမော၊ ဘစ်ခဏချင်း အမြန်နှင်း၍ ဝေးစွာသောအရပ်သို့ သွားခြင်းငှာ စွမ်းနိုင်သော။ ဝဏ္ဏဗလူပပန္နော၊ အဆင်းဗလ ပြည့်ဝစုံလင်သော။ ယက္ခော၊ နတ်သားသည်။ အသို့၊ ဖြစ်၏။

နတ်သားနှင့် အကုံရတို့ အပြန်အလှန်ပြောကြပုံ

၂၆၇။ ပါဏိ တေ သဗ္ဗသော ဝဏ္ဏော၊ ပဋ္ဌာရော မဓုဿဝေါ။
နာနာရဿာ ပဋ္ဌရန္တိ၊ မညေဟံ တံ ပုရိန္ဒဒ်။

၂၆၇။ ဘောဒေဝပုတ္တ၊ အို နတ်သား။ တေ၊ တန်ခိုးအရှိန် ဖြိုးထိန်ကြီးမား သင်နတ်သား၏။ ပါဏိ၊ လက်ယာခေါ်လျက် ညာဖက်လက်သည်။ သဗ္ဗသောဝဏ္ဏော၊ လုံးစုံပဝင်း ရွှေအဆင်းပမာ ဝင်းဝါသော အဆင်းရှိပါ၏။ ပဋ္ဌာရော၊ လက်ငါးချောင်းတို့ဖြင့် သူငါလိုသမျှ အကုန်ရအောင် ဆောင်ကြဉ်းတတ်ပါပေ၏။ မဓုဿဝေါ၊ ချိုမြိန်ကောင်းစွာ အရသာကို စီးယိုစေတတ်၏။ နာနာရဿာ၊ ချိုဖန်စပ်ခါးချဉ်ငန်အားဖြင့် ခြောက်ပါးသော အရသာတို့သည်။ ပဋ္ဌရန္တိ၊ အလိုရှိရာ ယိုစီးဖြာကုန်၏။ တံ၊ လိုရာပေးတတ် အသင်နတ်ကို။ အဟံ၊ အကုံရဟု နာမတွင်မည် ငါကုန်သည်သည်။ ပုရိန္ဒဒ်၊ တန်ခိုးပြည့်စုံ နတ်ခြောက်ဘုံကို စိုးခြုံပိုင်ငြား နတ်သိကြားဟူ၍။ မညေ မညာမိ၊ အကဲခတ်ကာ အောက်မေ့မိပါ၏။

ဘုမ္မဇိဝ်းနတ်သားက တစ်ဖန်ပြန်ပြောသည်မှာ-

၂၆၈။ နာမိ အဧေါ နှ ဂန္ဓော့၊ နာပိ သဏ္ဍော ပုရိန္ဒဒေါ။
ပေတံ မံ အကုံရ ဇာနာဟိ၊ ရောရုဝမှာ ဣမာဂတံ။

၂၆၈။ အကုံရ၊ စိတ်ထားမြင့်လှ အမောင်အကုံရ။ အဟံ၊ မမှိန်မည်ငြား အရှိန်ဖြိုး၍ တန်ခိုးကြီးမား ငါနတ်သားသည်။ အဧေါ၊ ဧ သဝဏ်စသား လွန်ထင်ရှားသော နတ်သားသည်။ နာမိ နှ အမှိ၊ မဟုတ်ပါ။ ဂန္ဓော့၊ ဂန္ဓဗ္ဗဟု နာမမည်လတ်မျိုးနွယ်နတ်သည်။ နာမိ နှ အမှိ၊ မဟုတ်ပါ။ ပုရိန္ဒဒေါ၊ ရှေးဦးကြည်ဖြူ ပေးကမ်းလှူသောကြောင့် ပုရိန္ဒဒ အမည်ရသော။ သဏ္ဍော၊ တန်ခိုးကြီးမား ဝတိ်ဖျားမှ နတ်များသောင်္ဂနင်း သိကြားမင်းသည်။ နာမိ၊ မဟုတ်ပါ။ အကုံရ၊ အမောင်အကုံရ။ မံ၊ ငါ့ကို။ ရောရုဝမှာ၊ ရောရုဝဟု နာမကျော်ဟီး မြို့တော်ကြီးမှ။ ဣဓ၊ အများသူငါသွားလာခဲရှုပ် ဤသဲဖုတ်၌။ အာဂတံ၊ ကပ်ရောက်စွဲကာ ဖြစ်ပေါ်လာသော။ ပေတံ၊ ဘန်ခိုးကြီးသူ ပြိတ္တာဟူ၍။ ဇာနာဟိ၊ ပိုင်းခြားသေချာ ိစမ်းပါလော့။

http://www.dhammadownload.com

အကုံရသည် ဘုမ္မစိုးနတ်သားကို "အရှင်နတ်သား ရှေးဘဝက ရောရဝမြို့၌ အဘယ်သို့သော အကျင့်သီလ အာစာရ ရှိခဲ့ပါသနည်း။ အဘယ်သို့သော အကျင့်မြတ်ကြောင့် သင်၏လက်၌ ကောင်းမှုအကျိုး အမျိုးစုံ ဖွဲ့ဖြိုးရပါသနည်း" ဟု မေးမြန်းလို၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၆၉။ ကိ သီလော ကိ သမာစာရော၊ ရောရဝသ္မိ ပုရေ တုဝံ။
ကေန တေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမိ ဣဇ္ဈတိ။

၂၆၉။ ဘော ဒေဝပုတ္တ၊ တန်ခိုးအရှိန် ဖြိုးထိန်ကြီးမား အို နတ်သား။ တုဝံ၊ သင်သည်။ ပုရေ၊ ဤပညောင်နန်း မကြွလှမ်းမီ ရှေးဘဝဆီက။ ရောရဝသ္မိ၊ ဂုဏ်ရောင်လျှံပျို့ ရောရဝမြို့၌။ ကိ သီလော၊ အဘယ် အကျင့်သီလရှိသည်။ ကိ သမာစာရော၊ ဒါနစသည် ဆယ်လီပုည အဘယ်အာစာရ ရှိသည်။ အဟောသိ၊ စင်စစ်မသွေ ဖြစ်ခဲ့ပေသနည်း။ တေ၊ သင့်အား။ ကေန ဗြဟ္မစရိယေန၊ အဘယ်သို့သော မြတ်သောအကျင့်ကြောင့်။ ပါဏိမိ၊ လက်ယာခေါ်လျက် ညာဘက်လက်၌။ ပုညံ ပုညဖလံ၊ ကုသိုလ်အစု ကောင်းမှု၏ အကျိုးသည်။ ဣဇ္ဈတိ၊ ခပ်သိမ်း ဥဿုံ ပြည့်စုံပါသနည်း။

အထက်ပါ အကုံရ၏ အမေးစကားကို ဖြေကြားလိုသော ဘုမ္မစိုးနတ်သား သည် ဂါထာတို့ကို ဆိုလေ၏။

၂၇၀။ တုန္နဝါယော ပုရေ အာသိ၊ ရောရဝသ္မိ တဒါ အဟံ။
သုကိစ္ဆဝုတ္တိ ကပဏော၊ န မေ ဝိဇ္ဇတိ ဒါတဝေ။

၂၇၀။ အကုံရ၊ ရောင်းဝယ်ဖောက်ကား မနားမနေ သွားလာပေသောမိတ်ဆွေ အကုံရ။ အဟံ၊ ခပ်သိမ်းဥဿုံ ပြီးပြည့်စုံငြား ငါနတ်သားသည်။ ပုရေ၊ ရှေးဘဝ၌။ တဒါ၊ လူဖြစ်ခဲ့ရာ ထိုအခါ၌။ ရောရဝသ္မိ၊ ရောရဝဟု နာမထင်ပေါ် ရွှေမြို့တော်၌။ သုကိစ္ဆဝုတ္တိ၊ ဆင်းရဲမွဲတေ ငြိုငြင်သော အသက်မွေးခြင်းရှိပေသော။ ကပဏော၊ အထီးကျန်သော။ တုန္နဝါယော၊ သူ့လက်ခစား အပ်ချုပ်သမားသည်။ အသိ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါပြီ။ မေ၊ ငါ့အား။ ဒါတဝေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းငှာ။ ဓနံ၊ ပစ္စည်းဥစ္စာ အဖြာဖြာသည်။ န ဝိဇ္ဇတိ၊ တစိုးတစိမျှ မရှိပါပေ။

၂၇၁။ နိဝေသနဋ္ဌေ မေ အာသိ၊ အသယ္ဟသေ ဥပန္တိကေ။
သဒ္ဓသေ ဒါနပတိနော၊ ကတပုညသေ လဇ္ဇိနော။

၂၇၁။ မေ၊ ငါ၏။ နိဝေသနဋ္ဌေ၊ အလုပ်လုပ်ရာ အိမ်ဂေဟာသည်ကား။ သဒ္ဓသေ၊ ကံ-ကံ၏အကျိုး မြတ်နိုးယုံကြည် သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဒါန

http://www.dhammadownload.com

ပတိနော၊ မပြတ်မလပ် ပေးလှူတတ်သူ အလှူရှင်ဖြစ်ပါသော။ ကတပုညဿ၊ ရှေးဦး ထပ်ထပ် ပြုအပ်ပြီးသော ကောင်းမှုရှိသော။ လဒ္ဓိနော၊ မကောင်းမှုမှ ရုက်လှဲရှိသော။ အယှဿ၊ စိတ်စေတနာ သဒ္ဓါဖြူဖွေး အသယှသူဌေး၏။ ဥပန္တိကေ၊ အိမ်ဂေဟာ၏ အနီး၌။ အာသိ၊ စင်စစ်မသွေ ရှိသည် ဖြစ်ပေ၏။

၂၇၂။ တတ္ထ ယာစနကာ ယန္တိ၊ နာနာဂေါတ္တာ ဝနိဗ္ဗကာ။
တေ စ မံ တတ္ထ ပုစ္ဆန္တိ၊ အသယှဿ နိဝေသနံ။

၂၇၂။ တတ္ထ၊ ထို အကျွန်ုပ်၏နေရာ အိမ်ဂေဟာ၌။ နာနာဂေါတ္တာ၊ အထူးထူး အဖုံဖုံ အနွယ်စုံကုန်သော။ ဝနိဗ္ဗကာ၊ အလှူ၏ အကျိုးဂုဏ်ကို ချီးမွမ်းပြောဆိုတတ်ကုန်သော။ ယာစနကာ၊ တောင်းစားတတ်သူ အကြင်လူတို့သည်။ အာယန္တိ၊ ဟိုဟို ဒီဒီ လှည့်လည်ပြီးကား လာကြကုန်၏။ တေ စ၊ အစဉ်တောင်းငြား ထို သူတောင်းစားတို့သည်။ မံ၊ ငါ့ကို။ တတ္ထ၊ ထိုအရပ်၌။ အသယှဿ၊ သဒ္ဓါဖြူဖွေး အလှူပေးသော အသယှသူဌေး၏။ နိဝေသနံ၊ စံပျော်နေရာ အိမ်ဂေဟာကို။ ပုစ္ဆန္တိ၊ မေးမြန်းကြပါကုန်၏။

ဖုန်းတောင်းယာစကာတို့၏ မေးမြန်းပုံနှင့် သူက ဖြေဆိုညွှန်ကြားပုံ အခြင်းအရာကို ပြသလိုရကား သင်္ဂီယနာတင်ဆရာတို့သည် ဤဂါထာတို့ကို မိန့်တော်မူကြကုန်၏။

၂၇၃။ ကတ္ထ ဂစ္ဆာမ ဘဒ္ဒံ ဝေါ၊ ကတ္ထ ဒါနံ ဟဒီယတိ။
တေသာဟံ ပုဋ္ဌော အက္ခာမိ၊ အသယှဿ နိဝေသနံ။
၂၇၄။ ပဂ္ဂယှ ဒက္ခိဏံ ဗာဟံ၊ တတ္ထ ဂစ္ဆထ ဘဒ္ဒံ ဝေါ။
တတ္ထ ဒါနံ ပဒီယတိ၊ အသယှဿ နိဝေသနေ။

၂၇၃။ ဝေါ၊ သင်တို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မယံ၊ ငါတို့သည်။ ကတ္ထ၊ အဘယ် အရပ်သို့။ ဂစ္ဆာမ၊ ဘယ်လမ်းလိုက်ကာ သွားရပါမည်နည်း။ ကတ္ထ၊ ဘယ်အရပ်၌။ ဒါနံ၊ အလှူကို။ အသယှမဟာသေဋ္ဌိနော၊ အသယှသူဌေးကြီးသည်။ ပဒီယတိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တိ၊ မေးမြန်းကြကုန်၏။ တေသံ၊ ထိုသူတို့သည်။ ပုဋ္ဌော၊ မေးအပ်သော။ အဟံ၊ ငါသည်။ အသယှဿ၊ အသယှသူဌေး၏။ နိဝေသနံ၊ နေရာအိမ်ကို။ အက္ခာမိ၊ ပြောကြားခဲ့ပါ၏။

၂၇၄။ အဟံ၊ ငါသည်။ ဒက္ခိဏံ ဗာဟံ၊ ညာလက်မောင်းကို။ ပဂ္ဂယှ၊ မြှောက်ချီ၍။ ဝေါ၊ အရှင်တို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇတ္ထ၊ ကျွန်တော် ညွှန်လတ် ဤအရပ်သို့။ ဂစ္ဆထ၊ လမ်းမလွဲပါ

http://www.dhammadownload.com

သွားကြပါကုန်လော့။ အသယ္ယာသ၊ သဒ္ဓါဖြူဖွေး အလှူပေးသော အသယ္ယာသူဌေးကြီး၏။ ဇတ္ထ နိဝေသနေ၊ စံမျော်နေရာ ထိုအိမ်ဂေဟာ၌။ ဒါနံ၊ အလှူတော်ကို။ ပဒီယတိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်ပါ၏။ ဣတိ၊ ဤသို့။ အက္ခာမိ၊ ညွှန်ပြ ပြောကြားပါ၏။

ထိုနောက်မှတစ်ဖန် "ငါသည် ရှေးဘဝက ပြုခဲ့ပြီးသော ကောင်းမှုမရှိသော ကြောင့်သာ ယခုအခါ ဤကဲ့သို့သော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းငှာ မတတ်နိုင်၊ ကိုယ် တတ်နိုင်ရာကနေပြီး သူတစ်ပါးတို့ လာဘ်ရရန် သဒ္ဓါတရားနှင့် ညွှန်ကြားပြသကာ ကုသိုလ်အစုကို ဆည်းပူးရှာဖွေရတော့မည်ဟု သဲဘောထား၍ ညွှန်ကြားခဲ့သော ကောင်းမှုကြောင့် ဤကဲ့သို့ ပြည့်စုံရပေသည်" ဟု ပြောပြလိုရကား အောက်ပါဂါထာကို ဆိုလေ၏။

၂၇၅။ တေန ပါဏိ ကာမဒေါ၊ တေန ပါဏိ မဓုသဝေါ။
တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။

၂၇၅။ အကုံရ၊ အကုံရမည်ဟီး မိတ်ဆွေကြီး။ တေန ပုညေန၊ ထို ကိုယ့်ဥစ္စာ မလှူပါဘဲ သဒ္ဓါရွှင်ဖြိုး လက်ညှိုးညွှန်လတ် ကောင်းမှုမြတ်ကြောင့်။ မေ၊ ညောင်ပင်နှားမှာ စံစားနေငြား ငါနတ်သား၏။ ပါဏိ၊ လက်ယာလက်သည်။ ကာမဒဒေါ၊ လိုရာပိုင်ပိုင် ပေးစွမ်းနိုင်ပါပေ၏။ တေန ပုညေန၊ သဒ္ဓါဖြိုးထိန် သူဌေးအိမ်ကို သေချာ ညွှန်လတ် ထို ကောင်းမှုမြတ်ကြောင့်။ မေ၊ ငါနတ်သား၏။ ပါဏိ၊ လိုရာရငြား ညာလက်ဝါးသည်။ မဓုသဝေါ၊ ချိုမြိန်လှစွာ အရသာကို ယိုစီးစေတတ်၏။ တေန ဗြဟ္မစရိယေန၊ ကောင်းစွာပြုတတ် ထိုအကျင့်မြတ်ကြောင့်။ ပါဏိမှိ၊ ရသာခြောက်ဖြာ ရတနာနှင့် လိုရာယိုထွက် ညာဖက်လက်၌။ ပုညံ ပုညဖလံ၊ ကောင်းမှုအကျိုးသည်။ ဣဇ္ဈတိ၊ များစွာဖွံ့ဖြိုး လိုတိုင်းတိုးကာ ပြည့်စုံရပါသတည်း။

၂၇၆။ နု ကိရ တွံ အဒါ ဒါနံ၊ သကပါဏိဟိ ကဿစိ။
ပရဿ ဒါနံ အနုမောဒမာနော၊ ပါဏိ ပဂ္ဂယှ ပါဝဒိ။
၂၇၇။ တေန ပါဏိ ကာမဒေါ၊ တေန ပါဏိ မဓုသဝေါ။
တေန တေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။

၂၇၆။ ဒေဝပုတ္တ၊ အို နတ်သား။ တွံ၊ သင်သည်။ သကပါဏိဟိ၊ မိမိလက်တို့ဖြင့်။ ကဿစိ၊ တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏားအား။ ဒါနံ၊ ကိုယ်ပိုင်ဥစ္စာ အဖြာဖြာဖြင့် သဒ္ဓါကြည်ဖြူ ပေးလှူမှုကို။ နု အဒါသိ ကိရ၊ ထွေထွေထူးထူး မပေးလှူဖူးသတတ်။ ပရဿ၊ သူတပါး၏။ ဒါနံ။ အလှူကို။ အနုမောဒမာနော

http://www.dhammadownload.com

ယေဝ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၍သာလျှင်။ ပါဏိ၊ လိုရာရကြောင်း ညာလက်မောင်းကို။ ပဂ္ဂယှ၊ သူဌေး၏အိမ် ရွယ်ချိန်မျှော်ရည် မြှောက်ကာချီ၍။ ပါဝဒိ ကိရ၊ သေချာညွန်းဆို ပြောဆိုပေသတတ်။

၂၇၇။ တေန၊ ဒါနပြုရာ နေရာဌာန ညွှန်ပြခဲ့သော ထိုကောင်းမှုကြောင့်။ တေ၊ ညောင်ပင်နန်းမှာ ခံစားနေကြား သင်နတ်သား၏။ ပါဏိ၊ ညာဘက်လက်သည်။ ကာမဒဒေါ၊ အလိုရှိရာ ပေးတတ်ပါ၏။ တေန၊ ထိုသို့ စေတနာဖြင့် သဒ္ဓါတိုးလျက် လက်ညှိုးညွှန်ကာ ပြခဲ့ပါသော ကောင်းမှုကြောင့်။ တေ၊ သင်၏။ ပါဏိ၊ မဆိုင်းမကြာ လိုရာရငြား ညာလက်ဝါးသည်။ မဓုသဝေါ၊ ချိုမြိန်လှစွာ အရသာကို စီးယို စေတတ်၏။ တေ၊ သင်၏။ တေန ဗြဟ္မစရိယေန၊ ကောင်းစွာပြုတတ် ထို အကျင့်မြတ်ကြောင့်။ ပါဏိမှိ၊ လက်၌။ ပုညံ ပုညဖလံ၊ ကောင်းမှု၏အကျိုးသည်။ ဣဒ္ဓိတိ၊ များစွာဖွံ့ဖြိုး လိုတိုင်းတိုးကာ ပြည့်စုံပါ၏။ ဣတိ၊ ဤသို့။ တွံ၊ သင် နတ်သားသည်။ ဝဒသိ၊ ပြောဆိုပေ၏။ ပုညာနံ၊ ကုသိုလ်ကောင်းမှု အစုစုတို့၏။ ဂတိ၊အလားသည်။ အဟော အစ္ဆရိယာဝတာ၊ သြော် လက်ဖျစ်ရိုက်တီး အံ့ချီးဖွယ်ရာ ကောင်းပေစွတကား။

တစ်ဖန် "သူတစ်ပါးပြုသော ကုသိုလ်ကောင်းမှုကို ညွှန်ပြသော သင့်အားဤကဲ့သို့သော အကျိုး ဖြစ်မွားလာကြောင်းကို ကျွန်ုပ် သိရပေပြီ။ ရတနာသုံးတန်ကဲ-ကဲ၏အကျိုး မြတ်နိုးယုံကြည်စွာ ကိုယ်တိုင်လက်ဖြင့် ပေးလှူသော အသယ္ယသူဌေးကြီးမှာမူကား လူ့အဖြစ်မှ စုတေ၍ အဘယ်ဘုံဌာနသို့ သွားရောက်ရပါသနည်း" ဟု မေးမြန်းလိုရကား အောက်ပါ ဂါထာကို ဆိုလေ၏။

၂၇၈။ ယော သော ဒါနမဒါ ဘန္တေ၊ ပသန္နော သကပါဏိဘိ။
သော ဟိတ္ဝာ မာနုသံ ဒေဟံ၊ ကိံ နု သော ဒိသတံ ဂတော။

၂၇၈။ ဘန္တေ၊ အရှင်နတ်သား။ ယော သော အသယ္ယ မဟာသေဋ္ဌိ၊ အကြင် အသယ္ယသူဌေးကြီးသည်။ ပသန္နော၊ ရတနာသုံးပါး၌ ကြည်ညိုကော စိတ်ရှိသည်ဖြစ်၍။ သကပါဏိဘိ၊ မိမိ၏လက်တို့ဖြင့်။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ အဒါ၊ စိတ်စေတနာ လွန်စွာရွှင်လန်း လှူဒါန်းပါပြီ။ သော၊ ထိုစိတ်စေတနာ သဒ္ဓါဖြူဖွေး အလှူပေးသည့် အသယ္ယသူဌေးကြီးသည်။ မာနုသံ၊ လူ၌ဖြစ်ရသော။ ဒေဟံ၊ ကိုယ်ခန္ဓာကို။ ဟိတ္ဝာ၊ အစစ်တကယ် စွန့်ပယ်ပစ်၍။ ကိံ ဒိသတံ၊ အဘယ်ဘဝ အဘယ်ဌာနသို့။ ဂတောနု၊ ကဲ့အားလျော်စွာ သွားရှာပါသနည်း။

31 A ထိုအကုံရ၏ အမေးစကားကို ဖြေကြားလိုသော ဘုမ္မစိုးနတ်သားသည် အောက်ပါဂါထာကို ဆိုလေ၏။

http://www.dhammadownload.com

၂၇၉။ နာဟံ ပဇာနာမိ အသယ္ဟသာဟိနော၊
အဒိဋ္ဌသဿ ဂတိ အာဂတိ ဝါ။
သုတဋ္ဌ မေ ဝေဿဝဏ္ဏ သန္တိကေ၊
သက္ကဿ သဟဗျတံ ဂတော အသယ္ဟော။

၂၇၉။ အကုံရ၊ ကုန်သည်ကြီး အမောင်အကုံရ။ အသယ္ဟသာဟိနော၊ သူတကာတို့ သည်းခံဖို့ ခက်သည်ကို သည်းခံလေ့ရှိသော။ အဒိဋ္ဌသဿ၊ ကိုယ်အင်္ဂါမှ ထွက်သော အရောင်ရှိသော။ သေဋ္ဌနော၊ စိတ်စေတနာ သဒ္ဓါဖြူဖွေး အလှူပေးသော အသယ္ဟသူဌေး၏။ ဂတိ စ၊ ဤမည်သော ဂတိသို့ သွားသည်ကိုလည်းကောင်း။ အာဂတိဋ္ဌ၊ ဤမည်သောအခါ လာသည်ကိုလည်းကောင်း။ အဟံ၊ ငါသည်။ နပဇာနာမိ၊ ဧကန်ပိုင်ပိုင် မသိနိုင်ပါ။ အသယ္ဟော၊ အသယ္ဟသူဌေးသည်။ သက္ကဿ၊ နတ်တို့သေဋ္ဌနင်း သိကြားမင်း၏။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဂတော၊ စင်စစ်မသွေ ၊ ရောက်သွားလေ၏။ ဣတိ၊ ဤသို့။ ဝေဿဝဏ္ဏ၊ တန်ခိုးထန်ပြင်း ဝေဿဝဏ်နတ်မင်း၏။ သန္တိကေ၊ အထံတော်၌။ မေ မယာ၊ ငါသည်။ သုတဋ္ဌ သုတံ ဧဝ၊ ကြားခဲ့ရသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

တစ်ဖန် အကုံရသည် "ကုသိုလ်ကောင်းမှုကို တတ်စွမ်းသမျှ မိမိစည်းစိမ်အင်အားနှင့် လျော်ညီစွာ ပေးလှူမှုစသော ပုညကိရိယာဝတ္ထုဆယ်ပါးခွဲ လေးစားရန် ပြောကြားပြန်လို့၍ အောက်ပါ ဂါထာကို ဆိုလေ၏။

၂၈၀။ အလမေဝ ကာတုံ ကလျာဏံ၊ ဒါနံ ဒါတုံ ယထာရုဟံ။
ပါဏိံ ကာမဒဒံ ဒိသွာ၊ ကော ပုညံ န ကရိဿတိ။

၂၈၀။ ဒေဝပုတ္တ၊ အိုနတ်သား။ ကလျာဏံ၊ တစ်စုံတစ်ခု မြတ်ကောင်းမှုကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ အလမေဝ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်သာတည်း။ ယထာရုဟံ၊ မိမိစည်းစိမ်၏ အင်အားနှင့် လျော်ညီစွာ။ ဒါနံ၊ စေတနာဖြူ အလှူတော်ကို။ ဒါတုံ၊ အရေးတယူ ပေးလှူခြင်းငှာ။ အလမေဝ၊ အခွင့်တော်သဖြင့် သင့်လျော်လျောက်ပတ်သည်သာတည်း။ ကာမ ဒဒံ၊ အလိုရှိရာ ပေးတတ်ပါသော။ ပါဏိံ၊ နတ်မင်း၏လက်ကို။ ဒိသွာ၊ မြင်ရ၍။ ကော၊ ကျွန်ုပ်နည်းတူ ဘယ်သို့သောသူသည်။ ပုညံ၊ ကုသိုလ်ဟူသမျှ အဝဝကို။ န ကရိဿတိ၊ မပြုဘဲ ရှိနိုင်ပါအံ့နည်း။ ကရိဿတိ ဧဝ၊ မပြုမနေ ဧကန်ပြုရပေလတ္တံ့ သာတည်း။

ထို့နောက် အကုံရသည် ဝန်ခံစကား ပြောကြားလို့၍ အောက်ပါနှစ်ဂါထာတို့ကို ဆိုလေ၏။

http://www.dhammadownload.com

၂၈၁။ သော ဟိ နူန ဣတော ဂန္တွာ၊ အနုပ္ပတ္တာန ဒွါရကံ။
ဒါနံ ပဋ္ဌပယိဿာမိ၊ ယံ မမဿ သုခါဝဟံ။

၂၈၁။ ဒေဝပုတ္တ၊ အို ဘုမ္မစိုးနတ်သား။ သော ဟိ သော အဟံ ဇဝ၊ အကုံရ မည် ထိုအကျွန်ုပ်သည်ပင်လျှင်။ ဣတော၊ နတ်မင်းစံမြန်း ဤညောင်ပင်နန်းမှ။ ဂန္တွာ၊ ပြန်သွား၍။ ဒွါရကံ၊ ဒွါရဝတီ နာမည်လျှံပို့ ငါတို့မြို့သို့။ အနုပ္ပတ္တာန၊ ဘေးရန်ကင်းပျောက် အစဉ်ရောက်၍။ ယံ ဒါနံ၊ အကြင်ဒါနသည်။ မမ၊ အကျွန်ုပ်၏။ သုခါဝဟံ၊ ချမ်းသာကို ဆောင်ရွက်နိုင်သည်။ အဿ၊ ဖြစ်ရာ၏။ တံ ဒါနံ၊ ထိုဒါနကို။ နူန၊ ဧကန်မမှား စင်စစ်အားဖြင့်။ ပဋ္ဌပယိဿာမိ၊ အရေးတယူ အလေးမူကာ ဖြစ်စေရံပါတော့အံ့။

၂၈၂။ ဒဿာမ'နွဿ ပါနဿ၊ ဝတ္ထသေနာသနာနိ စ။
ပပဿ ဥဒပါနဿ၊ ဒုဋ္ဌေ သင်္ကမနာနိ စ။

၂၈၂။ အန္နဿ၊ စားဖွယ်စားရာ အဖြာဖြာကိုလည်းကောင်း။ ပါနဿ၊ အဖျော်ယမကာ ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်သင်္ကန်း သခန်မ်းအိပ်ရာ နေရာတို့ကို လည်းကောင်း။ ပပဿ၊ အများအကျိုး ရည်မျှော်ကိုး၍ ရေအိုးစင်ကို လည်းကောင်း။ ဥဒပါနဿ၊ အများသုံးရန် ရေတွင်း ရေကန်ကိုလည်းကောင်း။ ဒုဋ္ဌေ၊ ချောင်းမြောင်း ချိုမ့်ဝှမ်း စသည်လွှမ်း၍ အသွားခက်သော အရပ်၌။ သင်္ကမနာနိ စ၊ ကူးသန်းသွားလာ တံတားအဖြာဖြာတို့ကိုလည်း ကောင်း။ ဒဿာမိ၊ စေတနာအလျောက် သဒ္ဓါပေါက်ကာ လှူဒါန်းရပါတော့အံ့။

ပြိတ္တာနှင့် တွေ့ပြန်ခြင်း

ဤသို့လျှင် အကုံရသည် "အလှူကို လှူအံ့" ဟု ဝန်ခံသည်ရှိသော် ဘုမ္မဒိုးနတ်သားသည် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ "အချင်းအကုံရ သင်သည် လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းလှူဒါန်းပါ၊ ငါသည်ကား သင်၏ အပေါင်းအဖော်ကိစ္စကို ပြုပါအံ့၊ အကြင်သို့သော အခြင်းအရာအားဖြင့် ပြုသည်ရှိသော် သင်၏လှူဖွယ်ဝတ္ထုသည် ကုန်ခန်းခြင်းသို့ မရောက်လတ္တံ့၊ ထိုသို့သော အခြင်းအရာအားဖြင့် ငါသည် ပြုလုပ်ပေးပါအံ့" ဟု ထိုအကုံရကို ဒါနပြုခြင်း၌ သက်သန်စေ၍ "အို ပုဏ္ဏားကုန်သည် သင်သည် ငါကဲ့သို့သောသူကိုပင် ဗလကာရအားဖြင့် ယူဆောင်ခြင်းငှာ အလိုရှိခဲ့၏။ မိမိ၏ ပမာဏကို မသိတတ်လေစွတကား" ဟု ပြောဆိုကာ ထိုပုဏ္ဏား၏ ရောင်းချစရာ ဘဏ္ဍာတို့ကို ကွယ်ပျောက်စေ၍ ထိုပုဏ္ဏားကိုလည်း ဘီလူးတို့၏ ခြောက်လှန့်ခြင်းဖြင့် ခြောက်လှန့်ရွံ့ကြောက်စေလျက် ခြိမ်းခြောက်လေ၏။ ထိုအခါ

http://www.dhammadownload.com

အကုံရသည် ဘုမ္မစိုးနတ်သားကို အမျိုးမျိုးတောင်းပန်၍ ပုဏ္ဏားကို ကန်တော့ပေး လျက် ကြည်လင်ရွှင်ပျစေပြီးလျှင် အလုံးစုံသော ရောင်းချစရာဘဏ္ဍာကို ရှိရင်းပကတိ အတိုင်း ပြုထားစေ၍ ညဉ့်အခါ ရောက်လုနီးနေသဖြင့် နတ်သားသည် ခွင့်လွှတ် အပ်သည်ဖြစ်၍ သွားကြသည်ရှိသော် ထိုနတ်သား၏ မနီးမဝေးသော အရပ်၌ အတိုင်းထက်အလွန် ကြောက်မက်ဖွယ်ကောင်းသော အမြင်ရှိသော ပြိတ္တာကိုမြင်ရ၍ ထိုပြိတ္တာ ပြုအပ်သော မကောင်းမှုကို မေးမြန်းလိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၈၃။ ကေန တေ အဂုံလီ ကုဏာ၊ မုခဉ္စ ကုဏာလီကတံ။
အက္ခီနိ စ ပဠုရန္တိ၊ ကိ ပါပံ ပကတံ တယာ။

၂၈၃။ ဘော ပေတ၊ အမြင်မကောင်း အကြောင်းနဲ့ချာ အိုပြိတ္တာ။ ကေန၊ အဘယ်သို့ပြု ဘယ်မကောင်းမှုကြောင့်။ တေ၊ သင်ပြိတ္တာ၏။ အဂုံလီ၊ လက်ချောင်း တို့သည်။ ကုဏာ၊ ကောက်ကွေးနေကုန်သနည်း။ မုခဉ္စ၊ မျက်နှာကိုလည်း။ ကုဏာလီကတံ၊ စောင်းရွဲ့နေအောင် လုပ်ဆောင်အပ်ပါသနည်း။ အက္ခီနိစ၊ သင့်တွင် ရှိသည့် မျက်စိတို့သည်လည်း။ ပဠုရန္တိ၊ ရွဲ့ဖွယ်သီးသီး ယိုစီးနေကုန်သနည်း။ တယာ၊ ရွဲ့ကြောက်ဖွယ်ရာ သင်ပြိတ္တာသည့်။ ကိ ပါပံ၊ ညစ်ညမ်းအစု အဘွယ်မကောင်း မှုကို။ ပကတံ၊ တရားမသိ အမှားဖိကာ ပြုမိခဲ့ပါသနည်း။

ထိုအခါ ပြိတ္တာက မိမိပြုလုပ်ခဲ့သည့် မကောင်းမှုကို ဖြေကြားလိုသောကြောင့် ၄ အောက်ပါသုံးဂါထာတို့ကို ဆိုလေ၏။

၂၈၄။ အင်္ဂီရသဿ ဂဟပတိနော၊ သဒ္ဓဿ ဃရမေသိနော။
တဿာဟံ ဒါနဝိဿဂ္ဂေ၊ ဒါနေ အဓိကတော အဟုံ။

၂၈၄။ ဘောန္တော၊ ငါ့အကြောင်းစုံ လုံးစုံသိချင် အိုအ့ရှင်တို့။ ပုဗ္ဗေ၊ လွန်ခဲ့ ပြီးစွ ရှေးဘဝ၌။ အဟံ၊ ငါသည်။ အင်္ဂီရဿ၊ ကိုယ်အင်္ဂါမှထွက်သော အရောင် ရှိသော။ သဒ္ဓဿ၊ ကဲ–ကဲ၏အကျိုး မြတ်နိုးယုံကြည်သော။ ဃသိနော၊ မပြတ်သီးသီး ရှာမှီးလေ့ရှိသော။ တဿ ဂဟပတိ နော၊ သဒ္ဓါဖြူဖွေး အလှူပေးသည့် ထို အသယ္ယ သူဌေး၏။ ဒါနဝိဿဂ္ဂေ၊ လှူဖွယ်ဖြာဖြာ စွန့်ချရာဌာန၌။ ဒါနေ၊ လှူဒါန်းဖွယ်ရာ အဖြာဖြာကို စွန့်ကြဲရာဖက်၌။ အဓိကတော၊ စွန့်ကြဲသမား ခန့်ထားအပ်သည်။ အဟုံ၊ အမှန်စင်စစ် ဖကန်ဖြစ်ပြီ။

၂၈၅။ တတ္ထ ယာစနကေ ဒိသွာ၊ အာဂတေ ဘောဇနတ္ထိကေ။
ဂေမန္တံ အပဂ္ဂမ္မ၊ အကာသိ ကုဏာလိ မုခံ။

http://www.dhammadownload.com

၂၈၆။ တေန မေ အကုံလိ ကုဏာ၊ မုခဋ္ဌ ကုဏာလိကတံ။
အက္ခီနိ မေ ပရဏ္ဍန္တိ၊ တံ ပါပံ ပကတံ မယာ။

၂၈၅။ တတ္ထ၊ ထိလ္လဒါန်းရာ အဖြာဖြာကို စွန့်ရာဌာနဋ္ဌ။ အဟံ၊ ငါသည်။ ဘောဇနတ္ထိကေ၊ သုံးဆောင်ခြင်းငှာ အလိုရှိကြပါကုန်သည်ဖြစ်၍။ အာဂတေ၊ လျှရာဌာနသို့ မကြာခဏ ရောက်လာကြကုန်သော။ ယာစနကေ၊ တောင်းသောသူတို့ကို။ ဒိသွာ၊ မျက်စိရှေ့တွင် တွေ့မြင်သည်ရှိသော်။ ဧကမန္တံ၊ တစ်နေရာသို့။ အပက္ကမ္မ၊ မမြင်ဖို့ရာ ဖဲခွာရှောင်ပုန်း၍။ မုခံ၊ ကိုယ့်မျက်နှာကို။ ကုဏာလိ၊ မရွှင်မကြည် မတည် စောင်းရွဲ့ ရှုံ့မဲ့မဲ့ကို။ အကာသိ၊ ပြုခဲ့ပါပြီ။

၂၈၆။ တေန၊ ထိုမရွှင်မကြည် မတည်စောင်းရွဲ့ ရှုံ့မဲ့မဲ့ပြုခဲ့သော မကောင်းမှုကြောင့်။ မေ၊ ငါ၏။ အကုံလိ၊ လက်ချောင်းထိုးသည်။ ကုဏာ၊ ကောက်ကွေးကုန်၏။ မေ၊ ငါ၏။ မုခဋ္ဌ၊ မျက်နှာကိုလည်း။ ကုဏာလိကတံ၊ စောင်းရွဲ့နေအောင် လုပ်ဆောင်မှုပေ၏။ မေ၊ ငါ၏။ အက္ခီနိ စ၊ မျက်စိတို့သည်လည်း။ ပဋ္ဌရန္တိ၊ ရွံစရာသီးသီး ယိုစီး၍ နေပါကုန်၏။ မယာ၊ ငါသည်။ တံ ပါပံ၊ ထိုသို့ပြုစု မကောင်းမှုကို။ ပကတံ၊ တရားမသိ အမှားဖိကာ ပြုမိခဲ့ပါပြီ။

ထိုပြိတ္တာစကားကို ကြား၍ အကုံရသည် ပြိတ္တာကို ကဲ့ရဲ့လိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၂၈၇။ ဧမ္မေန တေ ကာပုရိသ၊ မုခဋ္ဌ ကုဏာလိ ကတံ။
အက္ခီနိ စ ပဋ္ဌရန္တိ၊ ယံ တံ ပရဿ ဒါနဿ။
အကာသိ ကုဏာလိ မုခံ။

၂၈၇။ ကာပုရိသ၊ ယုတ်မာပေကြား အမောင်ယောကျ်ား။ တွံ၊ သင်ယောကျ်ားသည်။ ယံ ယေနကာရဏေန၊ အကြောင်းအကြောင်းကြောင့်။ ပရဿ၊ သူတပါး၏။ ဒါနဿ ဒါနသို့၊ အလှူတော်၌။ မုခံ၊ သားရဲသဘက်ပမာ သင့်မျက်နှာကို။ ကုဏာလိ၊ မရွှင်မကြည် မအိမသာ တွန့်ကာစောင်းရွဲ့ ရှုံ့မဲ့သည်ကို။ အကာသိ၊ ကုသိုလ်မယှဉ် စိတ်ရိုင်းဝင်ကာ ပြုခဲ့ပါ၏။ ဧမ္မေန၊ သင့်မြတ်သော။ တံ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်ပင်လျှင်။ တေ၊ မုခဋ္ဌ၊ မျက်နှာကိုလည်း။ ကုဏာလိ ကတံ၊ စောင်းတိစောင်းဖဲ့ ကောက်ရွဲ့ ရွဲ့နေသည်ကို ပြုအပ်၏။ အက္ခီနိ စ၊ မျက်စိတို့သည်လည်း။ ပဋ္ဌရန္တိ၊ ရွံစရာသီးသီး ယိုစီး၍ နေကုန်၏။

တဖန် အကုံရသည် အလှူပွဲပြုလုပ်ရာဌ သူတပါးအား မျက်နှာလွဲမထားသင့်ဟု ထိုအလှူရှင်သူဌေးကြီးကို ကဲ့ရဲ့လိုသည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

http://www.dhammadownload.com

၂၈၈။ ကထံ ဟိ ဒါနံ ဒဒမာနော၊ ကရေယျ ပရုတ္တိယံ။
အန္နပါနံ ခါဒနီယံ၊ ဝတ္ထသေနာသနာနိ စ။

၂၈၈။ ဒါန၊ အလ္လကို။ ဒဒမာနော၊ စွန့်ကြဲပေးကမ်း လှူဒါန်းသောသူသည်။ အန္နပါန၌၊ စားသောက်ဖွယ်ရာ ထမင်းအဖျော်ယမကာကိုလည်းကောင်း။ ခါဒနီယ၌၊ ကောင်းမြတ်သွယ်သွယ် ခဲစားဖွယ်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်သင်္ကန်း ကျောင်းခန်းအိမ်ရာတို့ကိုလည်းကောင်း။ ပရုတ္တိယံ၊ သူတစ်ပါး အား ပေးထားအပ်သည်ကို။ ကထံဟိ၊ အဘယ်သို့လျှင်။ ကရေယျ၊ ပြုရာအံ့နည်း။

၂၈၉။ သော ဟိ နူန ဣတော ဂန္တွာ၊ အနုပုတ္တာန ဒါရကံ၊
ဒါနံ ပဋ္ဌပယိဿာမိ၊ ယံ မမဿ သုခါဝဟံ။
၂၉၀။ ဒဿာမနွေ ပါနွေ၊ ဝတ္ထသေနာသနာနိ စ၊
ပဟွေ ဥဒပါနွေ၊ ဒုဂ္ဂေ သင်္ကံ မနာနိစ။

ဌင်း ၂၈၉-၂၉၀ ဂါထာတို့၏အနက်ကို နံပါတ် ၂၈၁-၁၈၂ ဂါထာတို့၌ ရေးခဲ့ပြီ။

တဖန် အကုံရသည် သဲကန္တာရမှ မိမိမြို့သို့ ရောက်သောအခါ ဒါနပြုသည့် အကြောင်းကို ပြလိုသောကြောင့် အောက်ပါ ဂါထာတို့ကို သင်္ဂါယနာတင်ဆရာတို့ သည် ထားတော်မူခဲ့ကြကုန်၏။

၂၉၁။ တတော ဟိ သော နိဝတ္တိတွာ၊ အနုပုတ္တာန ဒွါရကံ။
ဒါနံ ပဋ္ဌပယိ အကုံရော၊ ယံ တုမဿ သုခါဝဟံ။
၂၉၂။ အဒါ အန္နွေ ပါနွေ၊ ဝတ္ထသေနာသနာနိ စ။
ပဟွေ ဥဒပါနွေ၊ ဇိဏ္ဏသန္နေ ဧတသာ။
၂၉၃။ ကော ဆာတော ကော စ တသိတော၊
ကော ဝတ္တွံ ပရိဒဟိဿတိ။
ကဿ သန္တာနိ ယောဂ္ဂါနိ၊
ဣတော ယောဇနွေ ဝါဟနံ။
၂၉၄။ ကော ဆတ္တိစ္ဆတိ ဂန္တွေ၊ ကော မာလံ ကော ဥပါဟနံ။
ဣတိဿု တတ္ထ ယောသေန္တီ၊ ကပွကာ သုဒမာဂမာ။
သဒါ သာယဉ္ဇ ပါတော စ၊ အကုံရဿ နိဓေသနေ။

၂၉၁။ သော အကုံရော၊ ထိုအကုံရသည်။ တတော ဟိ တတော ဧဝ၊ ထို သဲကန္တာရ ရပ်ဌာနမှသာလျှင်။ နိဝတ္တိတွာ၊ ကုသိုလ်ပြုရန် စိတ်ရည်သန်ကာ ပြန် လာခဲ့၍။ ဒွာရကံ၊ ဒွာရဝတီ နာမည်လျှံပျို့ သူ့နေရာမြို့သို့။ အနုပုတ္တာန၊ အစဉ်

http://www.dhammadownload.com

ရောက်၍။ ယံ ဒါနံ၊ စင်စင်ဖြူဖြူ အကြင်အလှူသည်။ အဿ၊ ထိုအကုံရ၏။ သုခါဝဟံ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာ အဖြာဖြာကို ဆောင်တတ်၏။ တံ ဒါနံ၊ ထို အလှူကို။ ပဋ္ဌပယိ၊ စင်စစ်မသွေ ဖြစ်စေလေ၏။

၂၉၂။ သော၊ ထိုအကုံရသည်။ အန္နဉ္စ၊ ထမင်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်သင်္ကန်း ကျောင်း အိပ်ရာနေရာတို့ကိုလည်းကောင်း။ ပဝဋ္ဌ၊ ရေအိုးစင်ကိုလည်းကောင်း။ ဥဒပါနဉ္စ၊ ရေတွင်းကိုလည်းကောင်း။ ဝိပွသန္နေန၊ ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ အဒါ၊ အရေးတယူ အလေးမူ၍ ပေးလှူလေ၏။

၂၉၃။ ကော၊ အဘယ်သူသည်။ ဆာတော၊ ဆာလောင်သနည်း။ ကော စ၊ အဘယ်သူသည်လည်း။ စာသိတော၊ မွတ်သိပ်သနည်း။ သော၊ ထိုဆာလောင်မွတ် သိပ်သောသူသည်။ အာဂန္တွာ၊ လာ၍။ ယထာရုစိ၊ အလိုရှိတိုင်း။ ဘုဉ္ဇတု၊ စားစေ သတည်း။ ကော၊ အဘယ်သူသည်။ ဒတ္တွာ၊ အဝတ်ကို။ ပရိဒဟိဿတိ၊ ဝတ်ရုံလို သနည်း။ ကဿ၊ အဘယ်သူသည်။ ယောဂ္ဂါနိ၊ မပြတ်မောင်းနှင် ရထားလှည်းယာဉ်တို့ သည်။ သန္တာနိ၊ ဟောင်းနွမ်းကုန်သနည်း။ ဣတော၊ ဤယာဉ်အပေါင်းမှ။ ဝါဟနံ၊ နှစ်သက်ရာရာ ယာဉ်ကောင်းစွာကို။ ယောဇေန္တု၊ ယှဉ်ကပ်တပ်ဆင် မောင်းနှင်ကြ စေကုန်သတည်း။

၂၉၄။ ကော၊ အဘယ်သူသည်။ ဆတ္တံ၊ နေပူမိုးရွာ ဆောင်းကာရန် ထီးကို။ ဣဿတိ၊ အလိုရှိသနည်း။ ကော၊ အဘယ်သူသည်။ ဂန္ဓဉ္စ၊ ကြိုင်လှိုင်လှစွာ မွှေးနံ့သာ ကိလည်း။ ဣဿတိ၊ အလိုရှိသနည်း။ ကော၊ အဘယ်သူသည်။ မာလံ၊ ပန်းကို။ ဣဿတိ၊ အလိုရှိသနည်း။ ကော၊ အဘယ်သူသည်။ ဥပါဟနံ၊ ဘိနပ်ကို။ ဣဿတိ၊ အလိုရှိသနည်း။ သော၊ ထိုသူသည်။ ဂဏှတု၊ ယူစေသတည်း။ ဣတိ၊ ဤသို့။ သဒါ၊ အခါခပ်သိမ်း။ သာယဉ္စ၊ ညနေချမ်းအခါ၌လည်းကောင်း။ ပါတောစ၊ နံနက် အခါ၌လည်းကောင်း။ အကုံရဿ၊ အလှူရှင် အကုံရ၏။ တတ္ထနိဝေသနေ၊ ချမ်းသာ ရိပ်ငြိမ် ထိုနေအိမ်၌။ ကပွကာ၊ ဆေတ္တာသည်တို့သည်လည်းကောင်း။ သုဒါ၊ စဖို သည်တို့သည်လည်းကောင်း။ မာဂဓာ၊ နံ့သာသွေးသမား လူအများတို့သည် လည်း ကောင်း။ ယောသေန္တိ၊ ကြွေးကြော်ကြလေကုန်၏။

ဤသို့လျှင် အလှူကြီးဖြစ်နေစဉ် အချိန်ကြာသွားလတ်သော် ရောင့်ရဲတင်းတိမ် ကြသည်ဖြစ်၍ ထိုလူဒါန်းပေးကမ်းရာ ဌာနသည် တောင်းရမ်းသူတို့မှ တဖြည်း ဖြည်း ဆိတ်ငြိမ်သွားသည် ဖြစ်လေ၏။ ထိုသို့ ဆိတ်ငြိမ်သွားသည်ကိုမြင်၍ အလှူ ရှင် အကုံရသည် အလွန်မွန်မြတ်သော အလိုဆန္ဒရှိခြင်းကြောင့် အလှူဒါန၌ မတင်း

http://www.dhammadownload.com

တိမ်မရောင့်ရဲသော စိတ်ရှိသည်ဖြစ်၍ မိမိ၏အလှူဒါန ကြပ်မတ်လုပ်ဆောင်သော 'သိန္ဓက' မည်သော လုလင်ကိုခေါ်၍ အလှူခံ အလာနည်းသဖြင့် ဆင်းရဲစွာ အိပ်နေရကြောင်းကို ပြောပြလိုရ၍ အောက်ပါနှစ်ဂါထာကို ဆိုလေ၏။

၂၉၅။ သုခံ သုပတိ အကုံရော၊ ကွတိ ဇာနာတိ မံ ဧနော။
ဒုက္ခံ သုပါမိ သိန္ဓက၊ ယံ နု ပဿာမိ ယာစကေ။

၂၉၅။ သိန္ဓက၊ ငါ၏ဒါန ကြပ်မတ်လုပ်ဆောင် အမောင်သိန္ဓက။ အကုံရော၊ အကုံရဟု နာမမည်တွင် အလှူရှင်သည်။။ သုခံ၊ စည်းစိမ်အရှင် ဖြစ်သည့်အင်ကြောင့် ရွှင်ရွှင်လန်းဖြာ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ ကွတိ၊ ဤသို့။ မံ၊ ငါ့ကို။ ဧနော၊ များစွာသောင်းသောင်း လူအပေါင်းသည်။ ဇာနာတိ၊ အောက်မေ့မှတ်ကာ သိနေပါ၏။ သိန္ဓက၊ အမောင်သိန္ဓက၊ ယသ္မာ၊ အကြောင်ကြောင့်။ အဟံ၊ ငါသည်။ ယာစကေ၊ တောင်းသမျှလူ အလှူခံသူ တို့ကို။ နု ပဿာမိ၊ မျက်စိရှေ့တွင် မတွေ့မြင်ရပေ။ တံ တသ္မာ၊ ထိုသို့ မတွေ့မြင်ရသောကြောင့်။ ဒုက္ခံ၊ ကြင်လင်မရှိ ဆင်းရဲမိကာ ပင်ပန်းစွာ။ သုပါမိ၊ အိပ်ရပါ၏။

၂၉၆။ သုခံ သုပတိ အကုံရော၊ ကွတိ ဇာနာတိ မံ ဧနော။
ဒုက္ခံ သုပါမိ သိန္ဓက၊ အပွကေသု ဝနိဗ္ဗကေ။

၂၉၆။ သိန္ဓက၊ အမောင်သိန္ဓက။ အကုံရော၊ အကုံရသည်။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ ကွတိ၊ ဤသို့။ မံ၊ ငါ့ကို။ ဧနော၊ လူအပေါင်းသည်။ ဇာနာတိ၊ မှတ်ထင်၏။ သိန္ဓက၊ အမောင်သိန္ဓက။ အဟံ၊ ငါသည်။ ဝနိဗ္ဗကေ၊ အလှူကို ချီးမွမ်း၍ တောင်းရမ်းပြောဆိုတတ်သော သူသည်။ အပွကေသု၊ နည်းပါးသောကြောင့်။ ဒုက္ခံ၊ ပင်ပန်းဆင်းရဲစွာ။ သုပါမိ၊ အိပ်ရပါ၏။

အကုံရ၏ ပြောစကားကိုကြား၍ သိန္ဓကလုလင်သည် ထိုအကုံရ၏ မွန်မြတ်စွာ အလှူဒါန၌ စိတ်အလိုဆန္ဒ သက်ဝင်စွဲလမ်းပြီးနေကြောင်း ပေါ်လွင်ထင်ရှားသည်ကို ပြုလိုသည်ဖြစ်၍ အောက်ပါဂါထာဖြင့် မေးမြန်းလေ၏။

၂၉၇။ သဏ္ဌော စေ တေ ဝရံ ဒဒ္ဒာ၊ တာဝတိံသာနမိဿရော။
ကိဿ သဗ္ဗဿ လောကဿ၊ ဝရမာနော ဝရံ ဝရေ။

၂၉၇။ အကုံရ၊ စေတနာသဒ္ဓါ လွန်စွာဖြူစင် အလှူရှင် ကိုအကုံရ။ တာဝတိံသာနံ၊ တန်ခိုးဖြာရှိန် လက်လက်ထိန်၍ စည်းစိမ်ကြီးမား တာဝတိံသာ နတ်များတို့ကိုလည်းကောင်း။ သဗ္ဗဿ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ လောကဿ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်း ခိုအောင်းတည်ထ လောကကြီးကိုလည်းကောင်း။ ဣဿရော၊

http://www.dhammadownload.com

နိုင်နင်းပိုင်သ အစိုးရသော။ သင်္ကော၊ သိကြားမင်းသည်။ တေ၊ သင့်အား။ ဝရံ၊ မြင့်မြတ်သမှု လိုရာဆုကို။ သစေ ဒဒ္ဒာ၊ အကယ်၍များ ပေးခဲ့ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဆုမြတ် ပေးကမ်းအပ်သည်ရှိသော်။ ဝရမာနော၊ တောင့်တသော။ တွံ၊ သင် သည်။ ကိသ ကိဒိသိ၊ ဘယ်လိုအစား ဘယ်လိုများသဘောရှိသော။ ဝရံ၊ ထူးလွန် ကဲလတ် ဆုမွန်ဆုမြတ်ကို။ ဝ ရ ဝရေယျာသိ၊ ရွေးချယ်ပြီးကာ တောင်းပါမည်နည်း။

ထိုအခါ အကုံရသည် မိမိ၏အလိုဆန္ဒကို ဟုတ်မှန်စွာ ပြလိုရကား အောက်ပါ နှစ်ဂါထာကို ဆိုလေ၏။

၂၉၈။ သင်္ကော စေ မေ ဝရံ ဒဒ္ဒာ၊ တာဝတိံသာနမိဿရော။
ကာလုဒ္ဒိတဿ မေ သတော၊ သုရိယုဂ္ဂမနံ ပတိ။
ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ၊ သီလဝန္တော စ ယာစကာ။

၂၉၉။ ဒဒတော မေ နု ခီယေထ၊ ဒတ္တွာ နာနုတပေယျဟံ။
ဒဒံ စိတ္တံ ပသာဒေယျ၊ ဧတေ သင်္ကံ့ ဝရံ ဝရေ။

၂၉၈-၉။ သိန္ဓက၊ အမောင်သိန္ဓက၊ တာဝတိံသာနံ၊ တန်ခိုးဖြာရှိန် လက် လက်ထိန်၍ စည်းစိမ်ကြီးမား တာဝတိံသာ နတ်များတို့ကို။ ကျဿရော၊ နိုင်နင်း ပိုင်သ အစိုးရသော။ သင်္ကော၊ သိကြားမင်းသည်။ မေ၊ ငါ့အား။ ဝရံ၊ တောင့်တသမှု လိုရာဆုကို။ စေ ဒဒ္ဒာ၊ အကယ်၍များ ပေးခဲ့ငြားအံ့။ ဧဝံ သတိ၊ ဤသို့ ပေးကမ်း သည်ရှိသော်။ မေ၊ ငါ၏။ ကာလုဒ္ဒိတဿ၊ နံနက်ကာလ အိပ်ရာထမှသည်။ သတော သန္တဿ၊ ဖြစ်သည်ရှိသော်။ သူ ရိယုဂ္ဂမနံပတိ၊ အရောင်လင်းဖြာ နေထွက်လာသော အခါ၌။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကုန်သော။ ဘက္ခာ၊ အလွန်ကောင်းစွာ အစားအစာတို့ သည်။ ပါတုဘဝေယျုံ၊ ထင်ရှားဖြစ်ကုန်ရာ၏။ ယာစကာ စ၊ အလှူခံသော သူတို့ သည်လည်း။ သီလဝန္တော၊ သီလရှိကုန်သည်။ ပါတုဘဝေယျုံ၊ ထင်ရှားဖြစ်ကုန်၏။ ဒဒတော၊ စွန့်ကြဲပေးကမ်း လှူဒါန်းသော။ မေ၊ ငါ့အား။ ဒေယျဓမ္မာ၊ ဒါတဗ္ဗဝတ္ထု အစုစုတို့သည်။ နု ခီယေထ၊ ဘယ်တော့ခါမှ မကုန်ခန်းရပါစေသား။ ဒတ္တွာ၊ လှူ ဒါန်းပြီး၍။ အဟံ၊ ငါသည်။ နာနုတပေယျံ၊ ကြောင့်ကြောင့်ကြကြ နောင်တတစ်ဖန် မပူပန်ရပါစေသား။ ဒဒံ ဒဒန္တော၊ စွန့်ကြဲပေးကမ်း လှူဒါန်းနေစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာဒေယျ၊ ကြည်လင်စေရာ၏။ ဣတိ၊ ဤသို့။ သင်္ကံ့၊ သိကြားမင်းကို။ ဧတေ ဝရံ၊ လုံးစုံပေါင်းစု ထိုငါးပါးသောဆုကို။ ဝရေ ဝရေယျံ၊ စင်စစ်မှန်စွာ တောင်းဆိုပါအံ့။

သမ္မဒါတရား=ပြည့်စုံအပ်သော တရားငါးပါး

32 A

"ကာလုဒ္ဒိတဿ မေ သတော" ဟူသောပါဠိဖြင့် အရောဂျသမ္မဒါ- ရောဂါ ကင်းခြင်းကို ပြအပ်၏။ "ဒိဗ္ဗာဘက္ခာ ပါတုဘဝေယျုံ" ဟူသောပါဠိဖြင့် ဒေယျဓမ္မ

http://www.dhammadownload.com

သမ္မဒါ၊ လူဖွယ်ဝတ္ထု၏ ပြည့်စုံခြင်းကို ပြအပ်၏။ "သီလဝန္တော စ ယာစကာ" ဟူသော ပါဠိဖြင့် ဒက္ခိဏေယျသမ္မဒါ- အလူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကို ပြအပ်၏။ "ဒဒတော မေ နံ ခိယေထ" ဟူသော ပါဠိဖြင့် ဒေယျဓမ္မ အပရိမိတ သမ္မဒါ- လူ့ဖွယ်ဝတ္ထု၏ မကုန်ခန်းနိုင်ခြင်းကို ပြအပ်၏။ "ဒတွာ နာနုတပေယျဟံ၊ ဒဒံ စိတ္တံ ပသာဒေယျံ" ဟူသော ပါဠိဖြင့် ဒါယက သမ္မဒါ- ဒါယကာ၏ ပြည့်စုံခြင်းကို ပြအပ်၏။

ဤသို့ အကုံရသည် မိမိ၏ ဆန္ဒကို ပြောကြားသည်ရှိသော် ထိုအရပ်၌နေသော နိတိကျမ်း၌ ပြုအပ်ပြီးသော အလေ့အကျင့်ရှိသော "သောနက" အမည်ရှိသော တစ်ယောက်သော ယောကျ်ားသည် ထိုအကုံရကို လွန်လွန်ကဲကဲ လူဒါန်းခြင်းမှ တားမြစ်လိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ဆိုလေ၏။

၃၀၀။ နံ သမ္မဝိတ္တာနိ ပရေ ပဝဏ္ဏေ၊
ဒဒေယျ ဒါနဉ္စ ဓနဉ္စ ရက္ခေ။
တသ္မာ ဟိ ဒါနာ ဓနမေဝ သေယျော၊
အတိပ္ပဒါနေန ကုလာ နံ ဟောန္တိ။

၃၀၁။ အဒါနမတိ ဒါနဉ္စ နပ္ပသံသန္တိ ပဏ္ဍိတာ။
တသ္မာ ဟိ ဒါနာ ဓနမေဝ သေယျော၊
သမေန ဝတ္တေယျ သခီရမ္ပေါ။

"သိန္နကသည် ဤသို့ တစ်ဖန်လည်း စုံစမ်းလိုသည်ဖြစ်၍ "နံ သမ္မဝိတ္တာနိ" စသည်ရှိသည်ကို ဆို၏" ဟု အပရေဆရာတို့ ဆိုကြကုန်၏။

၃၀၀။ သမ္မဝိတ္တာနိ၊ ရှိရှိသမျှ များလှဖုံဖုံ လုံးစုံများစွာ ပစ္စည်းဥစ္စာတို့ကို။ ပရေ မရဏမြိ၊ သူ တစ်ပါး၌။ နံ ပဝဏ္ဏေ၊ မဆုတ်မဆိုင်း ရှိတိုင်းထုတ်ကာ မပေးကမ်းရာ။ ဒါနဉ္စ၊ ကြည်ဖြူ ရွှင်လန်း အလူအကာန်းကိုလည်း။ ဒဒေယျ၊ သင့်မြတ်ရုံသာ လူဒါန်းရာ၏။ ဓနဉ္စ၊ ပစ္စည်းဥစ္စာ အဖြာဖြာကိုလည်း။ ရက္ခေ၊ မပျက်မပျောက်အောင် စောင့်ရှောက်ရာ၏။ တသ္မာ ဟိ တသ္မာ ဧဝ၊-ထို့ကြောင့်သာလျှင်။ ဒါနာ၊ စွန့်ကြဲပေးကမ်း လူဒါန်းခြင်းထက်။ ဓနမေဝ၊ သိမ်းဆည်းအပ်ရာ ပစ္စည်းဥစ္စာသည်သာလျှင်။ သေယျော၊ တုဖက်မသာ မြင့်မြတ်ပါ၏။ အတိပ္ပဒါနေန၊ အလွန်အကဲ စွန့်ကြဲပေးကမ်းခြင်းဖြင့်။ ကုလာ၊ အမျိုးတို့သည်။ ဝါ၊ ဆွေမျိုးအများ ကြီးပွားခြင်းတို့သည်။ နံ ဟောန္တိ၊ မဖြစ်နိုင်ကုန်။ ဥစ္ဆဒ္ဓန္တိ၊ ပွားများမတက် အဆက်ပြတ်တတ်ကုန်၏။

၃၀၁။ အဒါနဉ္စ၊ လုံးဝ မလူဒါန်းကြခြင်းကိုလည်းကောင်း။ အတိဒါနဉ္စ၊ အလွန်လူဒါန်းခြင်းကိုလည်းကောင်း။ ပဏ္ဍိတာ၊ ရှေ့နောက်သိမြင် ပညာရှင်တို့သည်။

http://www.dhammadownload.com

နပွသံသန္တိ၊ အဆန်းလုပ်ကာ မချီးမွမ်းကြပါကုန်။ တသ္မာ ဟိ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဒါနာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းထက်။ ဓနမေဝ၊ ကောင်းစွာသိပ်သည်း သိမ်းဆည်းအပ်ရာ ပစ္စည်းဥစ္စာသည်သာလျှင်။ သေယျော၊ တုဖက်မသာ မြင့်မြတ်ပါ၏။ သမေန၊ ညီညွတ်သင့်မြတ် အလယ်အလတ်အားဖြင့်။ ဝတ္တေယျ၊ စင်စစ်မသွေ ဖြစ်စေရာ၏။ ဃ သော ဓမ္မော၊ ထို ဆိုခဲ့ပြီးလတ် ဒါနနှင့်စပ်သော အကျင့်သဘောသည်။ ဓိရဓမ္မော၊ နိတိတတ်သိ ပညာရှိတို့ ဟောဖော်ညွှန်ပြသည့် သဘာဝပင်တည်း။

နိတိဆရာတို့ အဆို

ထို့ကြောင့် နိတိဆရာတို့သည် ဤသို့ ဆိုကြကုန်၏။

"ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ"။

ထို နိတိဆရာတို့ ဆိုလိုသည်မှာ အိမ်ရာတည်ထောင် လူ့ဘောင်တွင်နေသော အမျိုးကောင်းသားသည် ဥစ္စာကို လေးစုပြု၍ တစ်ဖို့တစ်စုသော စည်းစိမ်ဥစ္စာကို သုံးဆောင်ခံစားရမည်။ နှစ်စုကုန်သော အဖို့အစုတို့ဖြင့် ရောင်းဝယ်ခြင်းအမှုကို ပြုလုပ်ရမည်။ လေးခုမြောက်သော အဖို့အစုဖြင့် ဘေးရန်ရောဂါ အဖြာဖြာတို့ ဖြစ်ပေါ်လာက အသုံးပြုရန် မြုပ်နှံသိမ်းဆည်းထားရမည်။

ထို သောနက ပြောဆိုသောစကားကိုကြား၍ အကုံရသည် သောနက၏ အဓိပ္ပာယ်သဘောကို ပြန်ပြောလိုရကား အောက်ပါ လေးဂါထာတို့ကို ဆိုလေ၏။

၃၀၂။ **အဟော ဝတ ရေ အဟမေဝ ဒန္ဓံ၊**
သန္တော စ မံ သပ္ပုရိသာ ဘဇေယျုံ။
မယော၀ နိန္နာနိ ပရိပူရယန္တော၊
သန္တ္ပယေ သဗ္ဗဝနိဗ္ဗကာနံ။

၃၀၂။ ရေ၊ အမောင်လုလင်။ အဟောဝတ၊ ဩဿဲ့ အံ့ဖွယ်ရှိပေစွတကား။ အဟမေဝ၊ ဒါနခင်မင် ငါသည်သာလျှင်။ ဒန္ဓံ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူမည်သာတည်း။ သန္တော၊ ကိုယ်နှုတ်စောင့်လျက် ငြိမ်သက်အေးမြကြကုန်သော။ သပ္ပုရိသာ စ၊ တရားခင်မင် သူတော်စင်တို့သည်လည်း။ မံ၊ ငါ့ကို။ ဘဇေယျုံ၊ မပြတ်မလပ် ချဉ်းကပ်ကုန်ရာ၏။ မယော၊ ကောင်းကင်တစ်ဝိုက် မိုးတိမ်တိုက်မှ ဆင်းကျသွန်းဖြိုးရွာသောမိုးသည်။ နိန္နာနိ၊ ချိုင့်ဝှမ်းချောက်ကျင်း နိမ့်ဆင်းသော အရပ်တို့ကို။ ပရိပူရန္တော၊ ပြည့်လျှံစေသကဲ့သို့။ အဟံ၊ ငါသည်။ သဗ္ဗဝနိဗ္ဗကာနံ၊ လုံးစုံများစွာ

http://www.dhammadownload.com

ဖုန်းတောင်းယာစကာတို့၏။ အဓိပ္ပာယေ၊ တောင့်တသမျှ လိုအင်ဆန္ဒတို့ကို။ ပရိပူရန္တေ၊ လိုသည်ထက် ပြည့်စုံစေလျက်။ တေ၊ ထိုလုံးစုံများစွာ ဖုန်းတောင်းယာစကာတို့ကို။ သန္တ ပုယေ၊ ရောင့်ရဲ တင်းတိမ် စေရပါမူကား။ အဟောဝတ၊ သြော် ကောင်းလေစွ။

၃၀၃။ ယဿ ယာစနကေ ဒိသွာ၊ မုခဝဏ္ဏော ပသီဒတိ။
ဒတွာ အတ္တမနော ဟောတိ၊ တံ ဃရံ ဝသတော သုခံ။

၃၀၃။ မာဏဝ၊ အမောင်လုလင်။ ယဿ၊ သဒ္ဒါစင်ဖြူ အကြင်သူအား။ ဝါ၊ ၏။ ယာစနကေ၊ အလှူခံယူ တောင်းတတ်သူတို့ကို။ ဒိသွာ၊ မျက်စိရှေ့တွင် တွေ့မြင်သည်ရှိသော်။ မုခဝဏ္ဏော၊ မျက်နှာ၏အဆင်းသည်။ ပသီဒတိ၊ ရွှင်ရွှင်ပျပျ ကြည်လင်လှပါ၏။ ဒတွာ၊ ပေးလှူပြီးသည်ရှိသော်။ အတ္တမနော၊ ပီတိ လျှံဖိတ် ဝမ်းမြောက်သော စိတ်ရှိသည်။ ဟောတိ၊ စင်စစ်မသွေ အမှန်ပင် ဖြစ်ပေ၏။ တံ ဃရံ၊ ဝမ်းမြောက်ကြည်သာ လှူဒါန်းတတ်ရာ ထိုကဲ့သို့သော အိမ်ဂေဟာကို။ ဝသတော၊ အကြီးမှူးလုပ် စိုးအုပ်၍နေသော။ တဿ၊ ထိုသူ အား။ သုခံ၊ ကိုယ်စိတ် နှစ်ဖြာ သာယာရွှင်လန်း အလွန်ပင် ချမ်းသာပါ၏။

၃၀၄။ ယဿ ယာစနကေ ဒိသွာ၊ မုခဝဏ္ဏော ပသီဒတိ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ဘဒါ။

၃၀၄။ ယဿ၊ သဒ္ဒါစင်ဖြူ အကြင်သူအား။ ယာစနကေ၊ အလှူခံယူ တောင်းတတ်သူတို့ကို။ ဒိသွာ၊ မျက်စိရှေ့တွင် တွေ့မြင်သည်ရှိသော်။ မုခဝဏ္ဏော၊ မျက်နှာ၏အဆင်းသည်။ ပသီဒတိ၊ ရွှင်ရွှင်ပျပျ ကြည်လင်လှပါ၏။ ဒတွာ၊ သဒ္ဒါစင်ဖြူ ပေးလှူပြီးသော်။ အတ္တမနော၊ ပီတိလျှံဖိတ် ဝမ်းမြောက်သောစိတ်ရှိသည်။ ဟောတိ၊ စင်စစ်မသွေ အမှန်ပင် ဖြစ်ပေ၏။ သော၊ ဤသို့ ကြည်လင်ဝမ်းမြောက် ခြင်းသည်။ ယညဿ၊ လှူဒါန်းပြုစု ကုသိုလ်မှု၏။ သမ္ဘဒါ၊ စင်စစ်မသွေ ပြည့်စုံခြင်း ပေတည်း။

၃၀၅။ ပုဗ္ဗေ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ဘဒါ။

၃၀၅။ ဒါနာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းသည်မှ။ ပုဗ္ဗေဝ၊ ရှေးကာလဦးသာလျှင်။ သုမနော၊ ကောင်းသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒဒံ ဒဒန္တော၊ စွန့်ကြဲပေးကမ်း လှူဒါန်းစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာဒယော၊ ညစ်ကြေးကင်းစင် သန့်ရှင်းကြည်လင်စေရာ၏။ ဒတွာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းပြီးရာ နောက်အခါ၌။ အတ္တမနော၊ ပီတိ

http://www.dhammadownload.com

လျှံဖိတ် ဝမ်းမြောက်သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ဤသို့ မလှူမီ လှူဆဲ လှူပြီးဟူသော သုံးဌာနတို့၌ ရွှင်ပျဝမ်းမြောက်ခြင်းသည်။ ယညသ၊ လှူဒါန်းပြုစု ကုသိုလ်မှု၏။ သမ္မဒါ၊ စင်စစ်မသွေ ပြည့်စုံခြင်းပေတည်း။

ဒါနကိုသာ များပြားစွာပြုလုပ်ပုံ

ဤသို့လျှင် အကုံရသည် မိမိ၏ပြုကျင့်ပုံကို ပြပြီး၍ အတိုင်းထက်အလွန် ကြီးကျယ်များပြားစွာ လှူဒါန်းလိုသောဆန္ဒရှိသည်ဖြစ်၍ နေ့တိုင်းနေ့တိုင်း ကြီးစွာသော အလှူကို ဖြစ်စေ၏။ ထို့ကြောင့် ထိုအခါ၌ အလုံးစုံသော တိုင်းပြည်တို့ကို လယ်ယာထွန်ယက်ခြင်း ပြတ်သည်ကိုပြု၍ အလှူကြီး ပေးလှူအပ်သည်ရှိသော် ရအပ်သော အသုံးအဆောင် အိမ်ထောင်ပရိဘောဂ အဆောက်အဦး ရှိကြကုန်သော လူတို့သည် မိမိတို့ ပြုလုပ်နေကျ လုပ်ငန်းအဝဝတို့ကို စွန့်ပယ်၍ ချမ်းသာသည့် အလျောက် လှည့်လည်သွားလာ၍ နေကြကုန်၏။ ထို့ကြောင့် မင်းတို့၏ ကျီကျဘဏ္ဍာတို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။

အကုံရထံ တမန်စေလွှတ်ကြပုံ

ထိုနောက်မှ မင်းတို့သည် အကုံရ၏အထံသို့ တမန်စေလွှတ်ကြကုန်၏။ အဘယ်သို့ ဖစေလွှတ်ကြကုန်သနည်းဟူမူ "အိုအရှင် အရှင်၏အလှူကို အမှီပြု၍ အကျွန်ုပ်တို့၏ အခွန်အတုတ် ပျက်စီးခြင်းသည် ဖြစ်လေ၏။ ကျီကျဘဏ္ဍာတို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ထို ကုန်ခန်းရာ ကျီကျဘဏ္ဍာ၌ သင့်တင့်လျောက်ပတ်စွာ သိသင့်သိထိုက်ပါ၏" ဤသို့ တမန်ကို စေလွှတ်ကုန်၏။

ဒါန၏အကျိုး

ထိုစကားကို ကြား၍ အကုံရသည် ဒက္ခိဏာပထတိုင်းသို့သွားကာ ဒမိဋ္ဌလူမျိုးတို့နေရာအရပ် သမုဒ္ဒြာနှင့် မိုးမဝေးနေရာ၌ ကြီးကျယ်စွာသော အလှူမဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ အလှူကြီးတို့ကို ဖြစ်စေလျက် အသက်ထက်ဆုံးတည်၍ ကိုယ်ခန္ဓာပျက်ကြွေ အသက်သေသည်၏ အဆုံး၌ တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေ၏။

ထို အကုံရ အလှူ၏ ကြီးကျယ်များပြားခြင်းကိုလည်းကောင်း၊ နတ်ပြည်၌ ကပ်ရောက်ခြင်းကိုလည်းကောင်း ပြတော်မူလိုသော သင်္ဂီယနာတင် ဆရာတို့သည် အောက်ပါဂါထာတို့ကို ဆိုတော်မူကြကုန်၏။

၃၀၆။ သဒ္ဓိ ဝါဟသဟဿာနိ၊ အကုံရဿ နိဝေသနေ။
ဘောဇနံ ဒီယတေ နိစ္စံ၊ ပုညပေက္ခဿ ဇန္တုနော။

http://www.dhammadownload.com

၃၀၆။ ပုညပေကွသ၊ ကုသိုလ်ကောင်းမှု ငဲ့ရှုအမြဲ ဒါနလွန်ကဲသော။ အကုံရဿ၊ အကုံရဟု နာမကျော်ထင် အလှူရှင်၏။ နိဝေသနေ၊ စံပျော် နေ့ရာ အိမ်ဂေဟာ၌။ သင်္ဃိ ဝါဟသဟဿာနိ၊ သလေးဆန် လှည်းအစီးပေါင်း ဝါဟ ခြောက်သောင်းတို့တိုင်တိုင်။ ဇန္တုနော၊ များလှသောင်းသောင်း အတ္တဝါအပေါင်း အား။ နိစ္ဆံ၊ ချက်ပြုတ်ပြီးလျှင် နေ့စဉ်မစဲ အမြဲမပြတ်။ ဘောဇနံ၊ ဖြူစင်သန့်ရှင်း ဘောဇဉ် ထမင်းကို။ ဒီယတေ၊ ပေးလှူအပ်၏။

၃၀၇။ တိသဟဿာနိ သူဒါနိ ဟိ၊ အာမုတ္တမဏိကုဏ္ဍလာ။
အကုံရံ ဥပဇီဝန္တိ၊ ဒါနေ ယညဿ ဝါဝဋာ။

၃၀၇။ အာမုတ္တမဏိကုဏ္ဍလာ၊ ဝတ်ဆင်ထားဘိ ပတ္တမြားနားတောင်းလည်း ရှိကုန်သော။ ယညဿ၊ အလွန်ခမ်းနား ကြီးမားသော ယဇ်ကြီးဟုခေါ် အလှူတော်ကို။ ဒါနေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌။ ဝါဝဋာ၊ ထထကြွကြွ လုံ့လပြည့်စုံ ကြောင့်ကြစိုက်ကုန်သော။ တိသဟဿာနိ တိသဟဿမတ္တာ၊ တွက်ရေမြားမြောင် သုံးထောင်မျှကုန်သော၊သူဒါနိ၊စီမံချက်ပြုတ် အမှုလုပ်စားဖိုသည်တို့သည်။ အကုံရံ၊ အကုံရကို။ ဥပဇီဝန္တိ၊ အမှီပြုလျက် အသက်မွေးကြကုန်၏။

၃၀၈။ သင်္ဃိ ပုရိသသဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ။
အကုံရဿ မဟာဒါနေ၊ ကဋ္ဌံ ဖာလေန္တိ မာဏဝါ။

၃၀၈။ အာမုတ္တမဏိကုဏ္ဍလာ၊ ပြိုးပြိုးပြက်ပြက် တလက်လက်ပြောင် အံ့ရောင်ထွက်သော ပတ္တမြားနားတောင်း ရှိကုန်သော။ မာဏဝါ၊ နုပျိုကုန်သော။ သင်္ဃိ ပုရိသသဟဿာနိ၊ ရေတွက်စုပေါင်း ယောကျ်ား ခြောက်သောင်းတို့သည်။ အကုံရဿ၊ နာမကျော်ထင် အလှူရှင် အကုံရ၏။ မဟာ ဒါနေ၊ အလှူတော်ကြီး၌။ ကဋ္ဌံ၊ ထင်းကို။ ဖာလေန္တိ၊ မနေမနား ကြိုးစားစွမ်းကုန် ပေါက်ခွဲ၍ နေကြကုန်၏။

၃၀၉။ သောဠသိတ္ထိသဟဿာနိ၊ သဗ္ဗာလင်္ကာရဘူသိတာ။
အကုံရဿ မဟာဒါနေ၊ ဝိစာ ပိဏ္ဍေန္တိ နာရိယော။

၃၀၉။ သဗ္ဗာလင်္ကာရဘူသိတာ၊ အလုံးစုံသော တန်ဆာတို့ဖြင့် လှပစွာ တန်ဆာဆင်အပ်ကုန်သော။ သောဠသိတ္ထိသဟဿာနိ သောဠသိတ္ထိသဟဿာ၊ တွက်ရေမြားမြောင် မိန်းမတစ်သောင်း ခြောက်ထောင်ရှိကုန်သော။ နာရိယော၊ လှပထိပ်သီး အမျိုးသမီးတို့သည်။ အကုံရဿ၊ အကုံရဟု နာမမည်ဟီး သေဋ္ဌးကြီး၏။ မဟာ ဒါနေ၊ အလွန်ခမ်းနား ကြီးမားသော အလှူတော်ကြီး၌။ ဝိစာ၊ စီမံသင့်ရာ အဖြာဖြာတို့ကို။ ပိဏ္ဍေန္တိ၊ ထောင်းဖြတ်လိုးခွေ ပေါင်းထည့်ကာ နေကြလေကုန်၏။

http://www.dhammadownload.com

၃၁၀။ သောဋ္ဌသိတ္ထိသဟဿာနိ၊ သဗ္ဗာလင်္ကာရဘူသိတာ။
အကုံရဿ မဟာဒါနေ၊ ဒဗ္ဗိဂါဟာ ဥပဋ္ဌိတာ။

၃၁၀။ အကုံရဿ၊ အကုံရဟု နာမမည်တွင် အလျှရှင်၏။ မဟာဒါနေ အလွန် ခမ်းနားကြီးမားသော အလျှတော်ကြီး၌။ သဗ္ဗာလင်္ကာရဘူသိတာ၊ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်ကုန်သော။ သောဋ္ဌသိတ္ထိသဟဿာနိ သောဋ္ဌသိတ္ထိသဟဿာ၊ တစ်သောင်းခြောက်ထောင်သော မိန်းမတို့သည်။ ဒဗ္ဗိဂါဟာ မသွေမဖောက် မွေနှောက်မစဲ ယောက်မလက်စွဲကြကုန်သည်ဖြစ်၍။ ဥပဋ္ဌိတာ၊ လုပ်ကျွေးရာအရပ် အနီးကပ်ကာ တည်ကြပါကုန်၏။

၃၁၁။ ဗဟုံ ဗဟူနံ ပါဒါသိ၊ စိရံ ပါဒါသိ ခတ္တိယော။
သက္ကစ္စဉ္စ သဟတ္ထာ စ၊ စိတ္တီကတွာ ပုနပ္ပုနံ။

၃၁၁။ ခတ္တိယော၊ မင်းမျိုးဖြစ်သော။ အကုံရော၊ အကုံရသည်။ ဗဟုံ၊ ဤရွှေ့ ဤမျှ တွက်မရအောင် များပြားလှစွာ လျှဒါန်းဖွယ်ရာ အဖြာဖြာကို။ ဗဟူနံ၊ သိန်းသောင်းကုဋေ ဘယ်လိုရေလည်း တွက်ရေမရ များပြားလှသော လူတို့အား။ ပါဒါသိ၊ အပြားအားဖြင့် ပေးလှူလေ၏။ စိရံ၊ နှစ်လရှည်ကြာ အခါလေးမြင့်။ ပါဒါသိ၊ အပြားအားဖြင့် ပေးလှူလေ၏။ သက္ကစ္စဉ္စ၊ အရေးယူကာ ရိုသေစွာလည်း။ သဟတ္ထာ စ၊ မိမိလက်ဖြင့်။ စိတ္တီကတွာ၊ ရိုသေနှစ်သက် စုံမက်စွာပြု၍။ ပုနပ္ပုနံ၊ မပြတ်မလပ် အဖန်ဖန်အထပ်ထပ်။ ပါဒါသိ၊ စေတနာ-သဒ္ဓါ နှစ်ဖြာကြည်လန်း စွန့်ကြဲလှူဒါန်းပြီ။

၃၁၂။ ဗဟူ မာသေ စ ပက္ခေ စ၊ ဥတုသံဝစ္ဆရာနိ စ။
မဟာဒါနံ ပဝတ္တေသိ၊ အကုံရော ဒီဃမန္ဓ ရံ။

၃၁၂။ ဗဟူ၊ များစွာကုန်သော။ မာသေ စ၊ လတို့ပတ်လုံးလည်းကောင်း။ ပက္ခေ စ၊ ဆန်းဆုတ်နှစ်ဝ ပက္ခတို့ပတ်လုံးလည်းကောင်း။ ဥတုသံဝစ္ဆရာနိစ၊ ဥတုနှစ်တို့ပတ်လုံးလည်းကောင်း။ ဒီဃမန္ဓ ရံ၊ ရှည်ကြာမြင့်စွာ အကြာကာလပတ်လုံး။ မဟာဒါနံ၊ ကမ္ဘာလွှမ်းကျော် အလျှတော်ကြီးကို။ အကုံရော၊ အကုံရဟု နာမမည်တွင် အလျှရှင်သည်။ ပဝတ္တေသိ၊ ထင်ရှားပုံသေ ဖြစ်စေလေပြီ။

၃၁၃။ ဧဝံ ဒတွာ ယဇိတွာ စ၊ အကုံရော ဒီဃမန္ဓ ရံ။
သော ဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံ သူပဂေါ အဟု။

၃၁၃။ သော အကုံရော၊ အကုံရဟု နာမမည်သာ ထိုဒါယကာသည်။ ဧဝံ၊ ဤသို့ဆိုခဲ့ပြီးငြား အလုံးစုံသော အပြားအားဖြင့်။ ဒီဃမန္ဓ ရံ၊ ရှည်ကြာမြင့်စွာ အကြာကာလပတ်လုံး။ ဒတွာ စ၊ အချို့သောသူတို့အား အချို့သော ဒေယျဓမ္မကို စွန့်ကြဲပေးကမ်း လှူဒါန်းပြီး၍လည်းကောင်း။ ယဇိတွာ စ၊ များစွာသော သူတို့အား

http://www.dhammadownload.com

အလိုရှိသမျှ စွန့်ချပြီးကာ ကြီးစွာ ပူဇော်ပြီး၍လည်းကောင်း။ မာနုသံ၊ လူဘဝ ဖြစ်သော။ ဒေဟံ၊ ကိုယ်ခန္ဓာကို။ ဟိတွာ၊ ပယ်စွန့်၍။ တာဝတိံသူပဂေါ၊ ဘာဝတိံသာ နတ်နန်း စံမြန်းကပ်ရောက်ရသည်။ အဟု၊ စင်စစ်မသွေ ဖြစ်ရလေပြီ။

ဤသို့လျှင် အကုံရသည် တာဝတိံသာနတ်ပြည်တို့၌ဖြစ်၍ နတ်စည်းစိမ်ချမ်းသာကို ခံစားစဉ် ငါတို့ မြတ်စွာဘုရား လက်ထက်တော်အခါ၌ "ဣန္ဒက" မည်သော လုလင်သည် ဆွမ်းခံလှည့်လည်လာသော အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ တစ်ဇွန်း တစ်ယောက်မမျှလောက်သော ဆွမ်းကို လောင်းလှူလေ၏။ ထိုဣန္ဒကလုလင်သည် တစ်ပါးသောအခါ၌ သေ၍ သာသနာတော်တွင်းဟူသောခေတ်ကိုမီသော ကောင်းမှု၏ အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်တို့၌ ကြီးသောတန်ခိုးအာနုဘော်ရှိသော နတ်သားဖြစ်သည်ရှိသော် နတ်၌ဖြစ်ကုန်သော ရူပါရုံ အစရှိကုန်သော ဆယ်ပါးကုန်သော အကြောင်းတို့ဖြင့် အကုံရနတ်သားကို သာလွန်လွန်မြိုး၍ တင့်တယ်လေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အောက်ပါဂါထာတို့ကို ဟောကြားတော်မူအပ်ပေ၏။

၃၁၄။ ကဋ္ဌဿဘိက္ခံ ဒတွာန၊ အနုရုဒ္ဓသ ဣန္ဒကော။
သော ဟိတွာ မာနုသံ ဒေဟံ၊ တာဝသိံ သူပဂေါ အဟု။

၃၁၄။ ဣန္ဒကော၊ ဣန္ဒက အမည်ရှိသော။ သော်၊ ထိုလုလင်သည်။ အနုရုဒ္ဓသ၊ အိမ်စဉ်လှည့်ကာ ဆွမ်းခံလာသော အနုရုဒ္ဓါမထေရ်အား။ ကဋ္ဌဿဘိက္ခံ၊ တစ်ဇွန်းတစ်ယောက်မမျှသာ ရှိလောက်ပါသောဆွမ်းကို။ ဒတွာန၊ ရွှင်လန်းကြည်ဖြူပေးလှူရ၍။ မာနုသံ၊ လူဘဝဖြစ်သော။ ဒေဟံ၊ ကိုယ်ခန္ဓာကို။ ဟိတွာ၊ ပယ်စွန့်၍။ တာဝတိံသူပဂေါ၊ တာဝတိံသာ နတ်နန်းစံမြန်း ကပ်ရောက်ရသည်။ အဟု၊ စင်စစ်မသွေ ဖြစ်ရလေပြီ။

၃၁၅။ ဒသဟိ ဌာနေဟိ အကုံရံ၊ ဣန္ဒကော အတိရောစတိ။
ရူပေ သဒ္ဒေ ရသေ ဂန္ဓေ၊ ဖောဋ္ဌဗ္ဗေ စ မနောရမေ။
၃၁၆။ အာယုနာ ယသသာ စေဝ၊ ဝဏ္ဏေန စ သုခေန စ။
အာဓိပစ္စေန အကုံရံ၊ ဣန္ဒကော အတိရောစတိ။

၃၁၅–၆။ ဣန္ဒကော၊ ဣန္ဒကဟု နာမတွင်ငြား ထိုနတ်သားသည်။ အကုံရံ၊ အကုံရမည်ငြာ နတ်သားကို။ ရူပေ၊ ရူပါရုံ၏ ပြည့်စုံကောင်းမြတ်ခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ သဒ္ဒေ၊ သဒ္ဒါရုံ၏ ပြည့်စုံကောင်း မြတ်ခြင်းဟူသော

http://www.dhammadownload.com

အကြောင်းကြောင့်လည်းကောင်း။ ဂန္ဓေ၊ ဂန္ဓာရုံ၏ ပြည့်စုံကောင်းမြတ်ခြင်း ဟူသော အကြောင်းကြောင့်လည်းကောင်း။ ရသေ၊ ရသာရုံ၏ ပြည့်စုံကောင်းမြတ်ခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ မနောရမေ၊ စိတ်နှလုံးပျော်နှစ်သက်မွေ့လျော်စေတတ်သော၊ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗာရုံ၏ ပြည့်စုံကောင်းမြတ်ခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ အာယုနာ စ၊ ရုပ်နာမ်နှစ်ချက် ဇီဝိန်အသက်အားဖြင့်လည်းကောင်း။ ယသသာစေဝ၊ ကြီးမြတ်ကုံလုံ အခြံအရံ၏ ပြည့်စုံခြင်းအားဖြင့်လည်းကောင်း။ ဝဏ္ဏေန စ၊ အဆင်းသဏ္ဌာန်၏ ပြည့်စုံခြင်းအားဖြင့်လည်းကောင်း။ သုခေန စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအားဖြင့်လည်းကောင်း။ အာဓိပစ္စေန စ၊ တေဇာကဲမိုး အစိုးရသည်၏ အဖြစ်အားဖြင့်လည်းကောင်း။ ဒသဟိ၊ သရုပ်အားဖြင့် ဆယ်ပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဣန္ဒကော၊ ဣန္ဒကဟု နာမတွင်ကြား ထိုနတ်သားသည်။ အကုံရဲ၊ အကုံရမည်ကြား နတ်သားကို။ အတိရောစတိ၊ နတ်၏စည်းစိမ် တန်ခိုး ရှိန်ဖြင့် ဖြိုးထိန်ဝံပယ် လွှမ်းမိုးကာ တင့်တယ်ပါပေ၏။

ဂေါတမဗုဒ္ဓလက်ထက် နတ်သားနှစ်ပါး တွေ့ကြုံ

ဤသို့လျှင် အကုံရနတ်သားသည်လည်းကောင်း ဣန္ဒကနတ်သားသည်လည်းကောင်း တာဝတိံသာနတ်ပြည်တို့၌ ဖြစ်၍ နတ်စည်းစိမ်ချမ်းသာကို ခံစားကြစဉ် ငါတို့ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်သည်မှ ခုနစ်နှစ်မြောက် ဝါဆိုလပြည့်နေ့ဝယ် သာဝတ္ထိမြို့ တံခါးအနီး ကဏ္ဍမမည်သော သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကိုပြ၍ အစဉ်အားဖြင့် နှစ်ဖဝါးလှမ်းကာ တာဝတိံသာ နတ်ပြည်သို့ ကြွမြန်းတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ယုဂန္ဓိုရ်တောင်၌ တက်သစ်စ နေလုလင်သဖွယ် တင့်တယ်စွာ နေတော်မူလျက် တစ်သောင်းသော လောကဓာတ်တို့မှ အညီအညွတ် စည်းဝေးလာရောက်သော နတ်ဗြဟ္မာ ပရိသတ်၏အရောင်ကို မိမိ၏ ကိုယ်တော်ရောင်ဖြင့် လွှမ်းမိုးလျက် အဘိဓမ္မာဒေသနာမြတ်ကို ဟောကြားတော်မူခြင်းငှာ သီတင်းသုံးနေတော်မူသည်ရှိသော် မနိုးမဝေးသောအရပ်၌ ထိုင်နေသော ဣန္ဒက နတ်သားကိုလည်းကောင်း၊ တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသောနေရာ၌ ထိုင်နေသော အကုံရ နတ်သားကိုလည်းကောင်း မြင်တော်မူ၍ အလွှာခံပုဂ္ဂိုလ်၏ ပြည့်စုံလုံလောက် ခြင်းကို ထင်ရှားစွာ ပြတော်မူအံ့သောငှာ ဤဂါထာကို မိန့်တော်မူလေ၏။

http://www.dhammadownload.com

မဟာဒါန် တယာ ဒိန္နံ၊ အကုံရ ဒီဃမန္တ်ရဲ့။
အတိဒူရေ နိသိန္နောသိ၊ အာဂစ္ဆ မမ သန္တိကေ။

ထိုဂါထာ၏ ဆိုလိုရင်းမှာ "အကုံရနတ်သား– သင်သည် ရက်ရှည်လများ နေ့ညမပြတ် အလှူကြီးကို ပေးလှူခဲ့၏။ အဘယ်ကြောင့် ငါဘုရားနှင့် ဝေးရာမှာ နေဘိသနည်း၊ ငါဘုရား အနီးကို လာခဲ့ပါ" ဟု ဆိုလိုရင်းဖြစ်၏။

အလှူနှစ်ခု၏ ခြားနားပုံ

ထိုစကားကို ကြားနာရ၍ အကုံရနတ်သားသည် "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် ကြာမြင့်လှစွာ ကာလပတ်လုံး များပြားလှစွာသော လှူဖွယ်ဝတ္ထု အစုစုကို စွန့်ကြဲပေးကမ်းပါသော်လည်း ဒက္ခိဏေယျသမ္မတ္တိတည်းဟူသော မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းမှ ကင်းကွာရသဖြင့် လယ်ယာမဟုတ်သောအရပ်၌ စိုက်ပျိုးကြဲချအပ်သော မျိုးစေ့ကဲ့သို့ ကြီးကျယ်မွန်မြတ်သော ကောင်းကျိုးတရားကို မဖြစ်ပွားစေနိုင်ပါ။ ဣန္ဒကနတ်သား၏ တစ်ဖွန်းတစ်ယောက်မမျှ လှူဒါန်းရသော ဆွမ်းအလှူသည်ကား သာသနာတော်တွင်း၌ ဖြစ်သော ဒက္ခိဏေယျသမ္မတ္တိတည်းဟူသော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကြောင့် ကောင်းမွန်သော လယ်ယာမြေ၌ စိုက်ပျိုးကြဲချအပ်သော မျိုးစေ့ကဲ့သို့ အလွန်ပင် ကြီးကျယ်မွန်မြတ်သော ကောင်းကျိုးတရားကို ဖြစ်ပွားရပေ၏ ဘုရား" ဟု လျှောက်ဘားလေ၏။

ထိုအကြောင်းကို ပြတော်မူလိုကုန်သော သင်္ဂါယနာတင်ထေရ်အရှင်မြတ်တို့သည် အောက်ပါဂါထာတို့ကို မိန့်ဆိုတော်မူကြလေကုန်၏။

၃၁၇။ တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိစ္ဆတ္တကမူလမ်ဳိ၊ ဝိဟာသိ ပုရိသုတ္တမော။
၃၁၈။ ဒဿသု လောကဓာတူသု၊ သန္နိပတိတွာန ဒေဝတာ။
ပယိရုပါသန္တိ သမ္မုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။

၃၁၇–၈။ ယဒါ၊ အကြင်အခါ၌။ ပုရိသုတ္တမော၊ သာကီနွယ်ဇာတ် ယောကျ်ားမြတ် ဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ ဘုရားရှင်သည်။ တာဝတိံသေ၊ တာဝတိံသာသုဘာတွင်မည် ထက်နတ်ပြည်၌။ ပါရိစ္ဆတ္တကမူလမ်ဳိ၊ မြရောင်အသွင် စိမ်းစိုလွင်သည့် ပင်လယ်ကသစ်ပင်ရင်း၌။ ပဏ္ဍုကမ္ဗလေ၊ ပဏ္ဍုကမ္ဗလာ အမည်သည်ရှိသော။ သိလာယံ၊ မိုးမြေမဆုံ အနှံ့ကျော်မော် ကျောက်ဖျာပေါ်၌။ ဝိဟာသိ၊ ကြွမြန်းစံပျော် သီတင်းသုံးနေတော်မူပြီ။ တဒါ၊ ထိုသို့စံပျော် သီတင်းသုံးနေ

http://www.dhammadownload.com

တော်မူသောအခါ၌။ ဒဿသု လောကဓာတူသု၊ တစ်သောင်းသော လောကဓာတ် တို့၌။ ဝသန္တာ၊ ခိုအောင်း ပြီးတဲ့ နေကြကုန်သော။ ဒေဝတာ၊ များလှသောင်းသောင်း နတ်ငြဟ္မာအပေါင်းတို့ သည်။ သန္နိပတိတွာ၊ ပေါင်းစုညီညာ စုဝေးရောက်လာကြကုန်၏။ နဂမုဒ္ဓနိ၊ မြင်းမိုရ်တောင်၏, အထက်ဖျား၌တည် တာဝတိံသာနတ်ပြည်၌။ ဝသန္တံ၊ ကြွမြန်းစံပျော် သီတင်း သုံးနေတော်မူသော။ သမ္မုဇ္ဇံ၊ မြတ်စွာဘုရားထံသို့။ ပယိရုပါသန္တိ၊ ရှိသေလေးမြတ်စွာ ဆည်းကပ်ကြကုန်၏။

၃၁၉။ နု ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္မုဇ္ဇံ အတိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္မုဒ္ဓေါ ဝိရောစတိ။

၃၁၉။ ကောစိ၊ အမှတ်မထား တစ်ပါးပါးသော။ ဒေဝေါ၊ တန်ခိုးရှိန်ဖြာ နတ်ငြဟ္မာသည်။ ဝဏ္ဏေန၊ အသွင်ထူးခြား အဆင်းအားဖြင့်။ သမ္မုဇ္ဇံ၊ သစ္စာလေးပါး တရားသိမြင်ဘုရားရှင်ကို။ နု အတိရောစတိ၊ လွှမ်းကျော်ကဲဆင့် ဝင့်ဝင့်ထည်ထည် မတင့်တယ်နိုင်။ သမ္မုဒ္ဓေါဝ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်သာလျှင်။ သဗ္ဗေ၊ အကြွင်းမထား များပြားဥဿုံ အလုံးစုံကုန်သော။ ဒေဝေ၊ လောကဓာတ် တစ်သောင်းမှ စုပေါင်းရောက်လာ နတ်ငြဟ္မာတို့ကို။ အတိက္ကမ္မ၊ အဆင့်ထက် အဆင့် မြင့်ထက်မြင့်ကာ နှိုင်းချင့်မတူ ကျော်လွှမ်းမူ၍၊ ဝိရောစတိ၊ အလွန်အကြူး ထူးချွန်သပ္ပာယ် တင့်တယ်တော်မူလေ၏။

၃၂၀။ ယောဇနာနိ ဒဿ ဒွေ စ၊ အကုံရောယံ တဒါ အဟု။
အဝိဒူရေဝ ဗုဒ္ဓဿ၊ ဣန္ဒကော အတိရောစတိ။

၃၂၀။ တဒါ၊ တာဝတိံသာ ထက်နတ်ရွာ၌ မြတ်စွာဗုဒ္ဓ သီတင်းသုံးတော်မူသောထိုကာလ၌။ အယံ အကုံရော၊ အကုံရဟု နာမကျော်ကြား ဤနတ်သားသည်။ ဒဿ ဒွေ ယောဇနာနိ၊ ကျယ်ဝန်းလှစွာ တစ်ဆယ့်နှစ် ယူဇနာတို့ကို။ အန္တ ရဲကတွာ၊ ကန့်သတ်ဆီးတား ပိုင်းခြားသည်ကိုပြု၍။ နိသိန္နော၊ ကောင်းစွာမသွေ ရောက်၍နေသည်။ အဟု၊ မလွဲအစစ် ဧကန်ဖြစ်လေပြီ။ ဣန္ဒကော၊ ဣန္ဒကဟု နာမတွင်ကြား ထိုနတ်သားသည်။ ဗုဒ္ဓဿ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်၏။ အဝိဒူရေဝ၊ မနီးမဝေး အရပ်၌သာလျှင်။ အတိရောစတိ၊ မြင်သူမှန်က မျှော်ငေးရအောင် လှပတင့်တယ်ပါလေ၏။

၃၂၁။ ဩလောကေတွာန သမ္မုဒ္ဓေါ၊ အကုံရဏ္ဍာပိ ဣန္ဒကံ။
ဒက္ခိဒေယျံ သမ္ဟာဝေန္တော၊ ဣဒံ ဝစနမဗ္ဗဝိ။

၃၂၁။ သမ္မုဒ္ဓေါ၊ သစ္စာလေးဝ မြတ်ဓမ္မကို ပိုင်းခြားသိမြင် ဘုရားရှင် ကိုယ်

http://www.dhammadownload.com

တော်မြတ်သည်။ အကုံရဏ္ဍာပိ၊ အကုံရဟု နာမကျော်ကြား အရှင်နတ်သားကို လည်းကောင်း။ ဣန္ဒနံ၊ ဣန္ဒက နတ်သားကိုလည်းကောင်း။ သြလောကေတွာန၊ မျက်မှောက်ထင်ရှား ပိုင်ခြာကြည့်ရှုတော်မူ၍။ ဒက္ခိဏောယျံ၊ လိုရင် ပဓာန ဒက္ခိဏောယျဟု ဆိုတွင်ပြုခေါ်ဆို အလှူခံပုဂ္ဂိုလ်ကို။ သမ္မာဝေန္တော၊ အထူးမြွက်ဟော ချီးမွမ်းတော်မူလိုသည်ဖြစ်၍။ ဣဒံ ဝစနံ၊ အစဉ်အားဖြင့် ဆိုလတ္တံ့ ဖြစ်သော ဤစကားကို။ အဗြဝိ၊ အထူးမြွက်ဟော ချီးကျူးမိန့်ဆိုတော်မူလေ၏။

၃၂၂။ မဟာဒါနံ တယာ ဒိန္နံ၊ အကုံရ ဒိဃမန္တရံ။
အတိဒူရေ နိသိန္နောသိ၊ အာဂစ္ဆ မမ သန္တိကေ။

၃၂၂။ အကုံရ၊ အို အကုံရနတ်သား။ တယာ၊ သင်နတ်သားသည်။ ဒိဃမန္တရံ၊ ရှည်မြင့်ကြာစွ အကြားကာလပတ်လုံး။ မဟာ ဒါနံ၊ ကမ္ဘာလွန်းကျော် အလှူတော်ကြီးကို။ ဒိန္နံ၊ စေတနာပေါက် သဒ္ဓါတောက်၍ ဝမ်းမြောက်ရွှင်လန်း လှူဒါန်းခဲ့သည် မဟုတ်ပါလော။ တထာပိ၊ ထိုသို့ခမ်းနား ကြီးမားလှစွာ လှူဒါန်းခဲ့ပါသော်လည်း။ အတိဒူရေ၊ ငါဘုရားနှင့် ဝေးခြားလှစွာ တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်၌။ နိသိန္နော၊ မဖောက်မသွေ ရောက်၍နေသည်။ အသိ၊ အမှန်စင်စစ် ဓာတ်ဖြစ်၍။ မမ၊ သုံးလူ့ထွတ်ထား ငါဘုရား၏။ သန္တိကေ၊ နီးနီးနားနားထံတော်ပါးသို့။ အာဂစ္ဆ၊ ယခုမြန်စွာ လာစမ်းပါလော့။

၃၂၃။ စောဒိတော ဘာဝိတတ္တေန၊ အကုံရော ဣဒမဗ္ဗဝိ။
ကိံ မယ္ဟံ တေန ဒါနေန၊ ဒက္ခိဏောယျေန သုညတံ။

၃၂၃။ ဘာဝိတတ္တေန၊ မဂ်ဘာဝနာဖြင့် ပွားစေပြီးစွ ပါရမီ သမ္ဘာရ ရှိတော်မူငြား မြတ်စွာဘုရားသည်။ စောဒိတော၊ ခေါ်ဆိုညွှန်းလတ် လာခဲ့ရန် တိုက်တွန်းအပ်သည်ဖြစ်၍။ အကုံရော၊ ရောင်ဆင်းတောက်ကြွား အကုံရနတ် သားသည်။ ဣဒံ ဝစနံ၊ အစဉ်အားဖြင့် ဆိုလတ္တံ့ဖြစ်သော ဤစကားကို။ အဗြဝိ၊ ရှိသေမြတ်နိုးသက်စုံမိုး၍ ရှိခိုးလျှောက်ဆိုပြီ။ ကိံ အဗြဝိ၊ ရှိခိုး၍ အဘယ်သို့ လျှောက်ဆိုသနည်းဟူမူကား။ ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ယံ ဒါနံ၊ အကြင်အလှူသည်။ ဒက္ခိဏောယျေန၊ အရိယာ ဇာတ် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်မှ။ သုညတံ၊ မရှိလုံးလုံး ဆိတ်သုဉ်း၏။ တေန ဒါနေန၊ ထိုအလှူဖြင့်။ မယ္ဟံ၊ အကုံရဟု နာမတွင်ခေါ် တပည့်တော်အား။ ကိံ၊ အဘယ်အကျိုး ရှိပါအံ့နည်း ဘုရား။

၃၂၄။ အယံ သော ဣန္ဒကော ယက္ခော၊ ဒန္တာ ဒါနံ ပရိတ္တကံ။
အတိရောစတိ အမှေဟိ၊ စန္ဒော တာရဂဏေ ယထာ။

http://www.dhammadownload.com

၃၂၄။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ ကလ္လနွကော၊ ကလ္လနကအမည်ရသော။ အယံ သောယ္ကော၊ တန်ခိုးအရှိန် ဖြိုးထိန်ကြီးမား ဤနတ်သားသည်။ ပရိတ္တက၊ မပြော လောက်ဖွယ် အနည်းငယ်သော။ ဒါနံ၊ တစ်ဖွန်းတစ်ယောက် မမျှလောက်သော ဆွမ်းဒါနကို။ ဒဇ္ဇာ၊ အရှင်အနုရုဒ္ဓါ ထေရ်မဟာကို ကြည်သာစင်ဖြူ ပေးလှူရသော ကြောင့်။ တာရဂဏော၊ မိုးကောင်းကင်မှာ လှည့်လည်သွားလာ ကြယ်တာရာအပေါင်း ၌။ စန္ဒော၊ ရောင်ခြည်ဝင်းဖြာ လစန္ဒာသည်။ အတိရောစတိ ယထာ၊ ဘော်ရောင်သဖွယ် လွန်တင့်တယ်သကဲ့သို့။ အမေဟိ၊ သာသနာပ ခေတ်ကာလ၌ ဒါနပြုလုပ် အကျွန်ုပ် ကဲ့သို့သော သူတို့ထက်။ အတိရောစတိ၊ နတ်၏စည်းစိမ် တန်ခိုးရှိန်ဖြင့် ဖြိုးထိန် စံပယ် လွှမ်းမိုးတင့်တယ်ပါပေ၏ ဘုရား။

၃၂၅။ ဥဇ္ဇဂ်လေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုမ္ပိ ရောပိတံ။
နှ ဝိပုလံ ဖလံ ဟောတိ၊ နပိ ထောသေတိ ကဿကံ။
၃၂၆။ တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
နှ ဝိပုလံ ဖလံ ဟောတိ၊ နပိ တောသေတိ ဒါယကံ။

၃၂၅-၆။ ဥဇ္ဇဂ်လေ၊ ကုန်းခေါင်ခေါင်ဖြစ်သော။ ခေတ္တေ၊ လယ်ယာ၌။ ဗဟုံ၊ များစွာ။ ရောပိတမ္ပိ၊ ကြဲချပြီးလတ် စိုက်ပျိုးအပ်ပါသော်လည်း။ ဗီဇံ၊ မျိုးစေ့သည်။ ဝိပုလံ ဖလံ။ ထွားကြိုင်းသန်မာ ပြန့်ပြောစွာသော အသီးအနှံသည်။ နှ ဟောတိ ယထာ၊ အမှန်စင်စစ် ဧကန်ပင် မဖြစ်သကဲ့သို့လည်းကောင်း။ ကဿကမ္ပိ၊ လယ် ထွန်ယောကျ်ား လယ်သမားကိုလည်း။ နပိ တောသေတိ ယထာ၊ အားရဆက်ဆက် မနှစ်သက်စေနိုင်သကဲ့သို့လည်းကောင်း။ တထေဝ၊ ထိုနည်းမခြား အလားတူ သာလျှင်။ ဒုဿီလေသု၊ သီလကင်းသူ အလှူခံပုဂ္ဂိုလ်တို့၌။ ပတိဋ္ဌိတံ၊ အစဉ်အား ဖြင့် တည်ထားအပ်သော။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုသည်။ ဗဟုမ္ပိ၊ များပြားပါသော် လည်း။ ဝိပုလံ ဖလံ၊ ကြီးကျယ်ဖွံ့ဖြိုး မြတ်သော အကျိုးရှိသည်။ နှ ဟောတိ၊ စင်စစ်ပိုင်ပိုင် မဖြစ်နိုင်သည်သာတည်း။ ဒါယကမ္ပိ၊ သဒ္ဓါဖွေးဖြူ ပေးလှူတတ်စွာ အလှူဒါယကာကိုလည်း။ နပိ တောသေတိ၊ အားရဆက်ဆက် နှစ်လည်း မနှစ်သက် စေနိုင်။

၃၂၇။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာ ဓာရံ ပဝေစ္ဆန္တော၊ ဖလံ တောသေတိ ကဿကံ။
၃၂၈။ တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကမ္ပိ ကတံ ကာရံ၊ ပုညံ ဟောတိ မဟပ္ဖလံ။

၃၂၇-၈။ ဘဒ္ဒကေ၊ ကောင်းမွန်လှစွာ မြေသြဇာရှိသော။ ခေတ္တေ၊ လယ်၌။

http://www.dhammadownload.com

ရောပိတံ၊ ကြဲချစိုက်ပျိုးအပ်သော။ ဗီဇံ၊ မျိုးစေ့သည်။ အပ္ပမို့၊ နည်းပါးသော်လည်း။ ဓာရံ၊ မိုးရေအယဉ်သည်။ သမ္မာ၊ ကောင်းမွန်စွာ။ ပဝေစ္ဆန္နေ၊ ရွာသွန်းဖြိုးလတ်သည်ရှိသော်။ ဝိပုလံ၊ အဖျားကိုင်းအောင် ထွားကြိုင်းသန်မာ ပြန့်ပြောစွာသော။ ဖလံ၊ အသီးအနှံကို။ ပဝတ္တေတိ ယထာပိ၊ စင်စစ်မသွေ ဖြစ်စေသကဲ့သို့လည်းကောင်း။ ကဿကံ၊ လယ်ထွန်ယောကျ်ား လယ်သမားကို။ တောသေတိ ယထာပိ၊ အားရဆက်ဆက် နှစ်သက်စေနိုင်သကဲ့သို့လည်းကောင်း။ တုထေဝ၊ ထိုနည်းနှင့်မခြား အလားတူသာလျှင်။ ဂုဏဝန္တေ သူ၊ ဈာန် စသော ဂုဏ် ပြည့်စုံစွာရှိကုန်သော။ တာဒိသု၊ ကောင်းဆိုးနှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော။ သီလဝန္တေ သူ၊ ဖြူစင်တောက်ပ သီလရှိငြား အလှူခံပုဂ္ဂိုလ်များတို့၌။ ကဝံ၊ လှူဒါန်းအား ထုတ် ပြုလုပ်အပ်သော။ ကာရံ၊ ကျေးဇူးပြုတတ်သော။ ပုညံ၊ ကုသိုလ်အစု မြတ်ကောင်းမှုသည်။ အပ္ပကမ္မို့၊ နည်းပင်နည်းပါးသော်ငြားလည်း။ မဟပ္ပလံ၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။

၃၂၉။ ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတ္တာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

၃၂၉။ ယတ္ထ၊ သီလဝန်ခေါ်ဆို အကြင်အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးလှူအပ်သော ဒါနသည်။ မဟပ္ဖလံ၊ ကြီးကျယ်ဖွံ့ဖြိုး များသောအကျိုးရှိ၏။ တတ္ထ၊ ထိုပုဂ္ဂိုလ်၌။ ဝိစေယျ၊ စိစစ်ရွေးချယ်၍။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ ဒါတဗ္ဗံ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူအပ်၏။ ဝိစေယျ၊ စိစစ်ရွေးချယ်၍။ ဒါနံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ ဒတ္တာန၊ ပေးလှူရသောကြောင့်။ ဒါယကာ၊ ပေးလှူတတ်စွာ အလှူဒါယကာတို့သည်။ သဂ္ဂံ၊ စည်းစိမ်ဥစ္စာ လွန်စွာကဲ့တင့် ခြောက်ဆင့်ထပ်တည် နတ်တို့ပြည်သို့။ ဂစ္ဆန္တိ၊ မသွေမဖောက် သွားရောက်ကြရကုန်၏။

၃၃၀။ ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

၃၃၀။ ဝိစေယျ၊ စိစစ်ရွေးချယ်၍။ ဒါနံ၊ ပေးလှူအပ်သော ဒါနကို။ သုဂတပ္ပသဋ္ဌံ၊ ဘုရားရှင်တို့သည် အစဉ်မပြတ် ချီးမွမ်းတော်မူအပ်၏။ ဣဓ ဇီဝလောကေ၊ ဒိဝိဒ်အသက် မပျက်ရှိကြ ဤသတ္တလောက၌။ ယေ၊ သီလရှိငြား အကြင်ပုဂ္ဂိုလ်များတို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို ခံယူထိုက်ကုန်၏။ ဧတေသု၊

http://www.dhammadownload.com

မြတ်သောအလှူ ခံယူထိုက်ငြား ထိုပုဂ္ဂိုလ်များတို့၌။ ဒိန္နာနံ၊ သဒ္ဓါဖွေးဖြူ ပေးလှူအပ်သော ဒါနတို့သည်။ မဟပ္ဖလာနံ၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိကုန်၏။ ကိမိဝံ၊ ယဉ်ပြစရာ ဥပမာပုံဆို ဘယ်လိုနည်းဟူမူ ကား။ သုခေတ္တေ၊ ကောင်းမွန်လှစွာ မြေသြဇာရှိသောလယ်၌။ ဝုတ္တာနံ၊ ကြဲချပြီး လတ် စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနံ၊ မျိုးစေ့ဟူသမျှတို့သည်။ မဟပ္ဖလာနံ ယထာ၊ များစွာခိုင်ဖြိုး အကျိုးကြီးစွာ ခံစားကြရကုန်သကဲ့သို့တည်း။

အကုံရပေတဝတ္ထုဟောရာဌာန

ထို အကုံရပေတဝတ္ထုကို ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ တစ်သောင်းသော စကြဝဠာတိုက်မှ လာရောက်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့၏ ရှေ့၌ ဒက္ခိဏေယျသမ္မတ္တိတည်းဟူသော အလှူခံပုဂ္ဂိုလ်တို့၏ ပြည့်စုံခြင်း ဂုဏ်ကျေးဇူးကို ပေါ်လွင်ထင်ရှားစွာ ပြတော်မူခြင်းငှါ "မဟာ ဒါနံ တယာ ဒိန္နံ" အစရှိသည်ဖြင့် မိမိကိုယ်တော်တိုင် ဟောတော်မူခဲ့ပေပြီ။

ဒေသနာတော်၏ အကျိုး

ထိုတာဝတိံသာနတ်ပြည်၌ ဝါတွင်း သုံးလတို့ပတ်လုံး အဘိဓမ္မာ ဒေသနာဇာတ်ကို ဟောကြားတော်မူပြီးလျှင် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ နတ် ဗြဟ္မာ အပေါင်း ခြံရံတော်မူလျက် နတ်တို့ထက် နတ် ဖြစ်တော်မူသော ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်သို့ သက်ဆင်းကြွလာတော်မူ၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်ပြီးကာ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်ရှိသော် လေးဖြာသော ပရိသတ်တို့၏ အလယ်၌ ဒက္ခိဏေယျသမ္မတ္တိကို ပေါ်လွင်ထင်ရှားစွာပြခြင်း အကျိုးငှာသာလျှင် "ယဿ အတ္ထာယ ဂစ္ဆာမ" အစရှိသည်ဖြင့် ကျယ်ဝန်းစွာ ဟောကြားတော်မူအပ်ပြီးလျှင် စတုသစ္စကထာ ဒေသနာတော်ဖြင့် အထွတ်အထိပ်ကို ယူတော်မူလေ၏။ ဒေသနာတော် အဆုံး၌ ထို များစွာသော ကုဋေအထောင်မကသော သတ္တဝါတို့၏ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိမြင်ခြင်းသည် ဖြစ်လေ၏။

ညောင်ပင်ကြီးလောက် အလှူကြီးပေးခဲ့သော်လည်း ညောင်စေ့ကလေးလောက်သာ အကျိုးခံစားရသော ကိုးခုမြောက်ဖြစ်သော အကုံရမင်းသားအကြောင်း ပြီး၏။

http://www.dhammadownload.com

၁၀။ ဥတ္တရ မာတုဝေဘိဝတ္ထု

ပြိတ္တာမကြီးဖြစ်နေရှာသော ဥတ္တရလုလင်၏ မိခင်

ဒိဝါဝိဟာရဂတံ ဘိက္ခုံ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည်ကား **ဥတ္တရမာတုပေတိ ဝတ္ထု** ပေတည်း။ ထိုဝတ္ထုဖြစ် ဤဆိုလတ္တံ့သည်ကား အနက်ကို ထင်ရှားပြခြင်း ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ပထမသင်္ဂါယနာတင်စဉ်အခါ အရှင်မဟာကစ္စည်းမထေရ်သည် တစ်ကျိပ်နှစ်ပါးသော ရဟန်းတို့နှင့် တကွ ကောသမ္ဗီပြည်၏အနီး တစ်ခုသော တောရကျောင်း၌ သီတင်းသုံးနေတော်မူလေ၏။

ဥတ္တရလုလင်အား ဖခင်၏နေရာ ဆက်ခံစေပုံ

ထိုအခါ၌လည်း ဥဒေနမင်း၏ တစ်ယောက်သောအမတ်သည် စုတေကွယ်လွန်လေ၏။ ထိုအမတ်သည် ရှေးမကွယ်လွန်သေးမီ အခါကပင် ပြုဖွယ်ကိစ္စဟူသမျှတို့ကို စီရင်ထားကုန်၏။ ထိုအခါ ဘုရင်မင်းမြတ်သည် ထိုအမတ်၏ သားဖြစ်သူ ဥတ္တရမည်သော လုလင်ကိုခေါ်၍ "သင်သည်ပင် သင်၏အဖ စီရင်အပ်သော ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို စီမံအုပ်ချုပ်လေလော့" ဟု ထိုဥတ္တရလုလင်ကို ဖခင်၏နေရာတွင် ခန့်ထားစေ၏။

အရှင်မဟာကစ္စည်းမထေရ်အား ပင့်ဖိတ်ခြင်း

ထိုလုလင်သည်လည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ တစ်နေ့သ၌ မြို့ကို ပြုပြင်စီရင်စရာ သစ်သားအလို့ငှာ လက်သမားတို့ကိုခေါ်၍ တောသို့ သွားလေ၏။ ထိုတောဌ အရှင်မဟာကစ္စည်းမထေရ်၏ နေရာအရပ်သို့ ရောက်၍ ထိုအရပ်၌ ပုံသုကူသင်္ကန်းဆောင်၍ ဆိတ်ငြိမ်စွာ သီတင်းသုံးလျက်နေသော မထေရ်ကို မြင်လျှင်မြင်ချင်း ကြုရိယာပုထဉ် ကြည်ညိုး၍ ပြုအပ်သော စကား အစေ့အစပ်ရှိသည်ဖြစ်၍ ရှိခိုးပြီးကာ သင့်တင့်လျောက်ပတ်သော နေရာ၌ နေလေ၏။ မထေရ်မြတ်သည် ထိုလုလင်အား တရားကို ဟောကြား၏။ ထိုလုလင်သည် တရားတော်ကို နာကြား၍ ရတနာသုံးပါး၌ ကောင်းစွာဖြစ်သော ကြည်ညိုခြင်းရှိသည်ဖြစ်၍ သရဏဂုံတို့၌ တည်ပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်အား သနားစောင့်ရှောက်သည်ကို အကြောင်းပြု၍ နက်ဖြန်နံနက်အလို့ငှာ တပည့်တော်၏ဆွမ်းကို ရဟန်းတို့နှင့်တကွ သည်းခံတော်မူပါဘုရား" ဟု လျှောက်ကြားလေ၏။

http://www.dhammadownload.com

အခြားဥပါသကာတို့ကို အသိပေးပုံ

အရှင်မဟာကစ္စည်းမထေရ်သည် ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံတော်မူသည်။ ထို ဥတ္တရလုလင်သည် ထိုတောအရပ်မှထွက်၍ မြို့သို့သွားပြီးလျှင် အခြားကုန်သော ဥပါသကာတို့အား ပြောကြားလေ၏။ အဘယ်သို့ ပြောကြားသနည်း ဟူမူကား "ငါသည် အရှင် ဟာကစ္စည်းမထေရ်ကို နက်ဖြန် ဆွမ်းကျွေးမွေး လှူဒါန်းခြင်းအလို့ငှာ ပင့်ဖိတ်ခဲ့ပြီ၊ သင်တို့လည်း ငါ၏ဆွမ်းကျွေးမွေး အလှူပေးရာသို့ လာကြရမည်" ဟု ဖိတ်မန်စကား ပြောကြားလေ၏။

မထေရ်၏ နိစ္စဘတ် ဒါယကာ

ထိုဥတ္တရလုလင်သည် နှစ်ရက်မြောက်သော နေ့၌ နံနက်စောကပင်လျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေ၍ အချိန်အခါကို လျှောက်ထားစေပြီးလျှင် နောက်ပါ ရဟန်းတို့နှင့်တကွ ကြွတော်မူလာသော မထေရ်အား ခရီးဦးကြိုဆိုခြင်းကိုပြု၍ ရှိခိုးလျက် ရှေ့သွားပြုကာ အိမ်သို့ ပင့်ဆောင်လေ၏။ ထိုအခါ မြတ်သော သူတို့အားသာ ထိုက်တန်အပ်စပ်သော အခင်းတို့ဖြင့် ခင်းထားအပ်ကုန်သော နေရာတို့၌ မထေရ်သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း သီတင်းသုံး နေထိုင်ကြသည်ရှိသော် နံ့သာ၊ ပန်း၊ အခိုးအထုံတို့ဖြင့် ပူဇော်၍ မွန်မြတ်သော ဆွမ်း အဖျော်ဖြင့် ထိုမထေရ်မြတ်နှင့် ရဟန်းတော်တို့ကို ရောင့်ရဲစေ၍ ကောင်းစွာဖြစ်သော ကြည်ညိုခြင်းရှိသည်ဖြစ်၍ လက်အုပ်ချီကာ အနုမောဒနာတရားစကားကို နာကြားပြီးကာ ဆွမ်းအနုမောဒနာ ပြုပြီးသည်၏ အဆုံး၌ မထေရ်မြတ် ကြွသွားလတ်သော် သပိတ်ကိုယူ၍ အစဉ်လိုက်ပို့လျက် မြို့မှထွက်၍ တစ်ဖန် ပြန်ခဲ့သည်ရှိသော် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်၏ အိမ်သို့ အမြဲကြွဝင်တော်မူပါ ဘုရား" ဟု လျှောက်ထားတောင်းပန်၍ မထေရ်မြတ်၏ သည်းခံတော်မူသည်ကို သိ၍ တစ်ဖန် ပြန်ခဲ့လေ၏။

သောတာပန် ဥတ္တရလုလင်

ဤသို့လျှင် ထိုဥတ္တရလုလင်သည် မထေရ်ကို လုပ်ကျွေးလျက် ထိုမထေရ်၏ သြဝါဒ၌တည်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ကျောင်းကိုလည်း ဆောက်လုပ်၏။ အလုံးစုံသော မိမိ၏ ဆွေမျိုးတို့ကိုလည်း သာသနာတော်၌ အလွန် ကြည်ညိုသည်တို့ကို ပြု၏။

http://www.dhammadownload.com

မိခင်က ကျိန်ဆဲပုံ

ထို ဥတ္တရလုလင်၏ အမိသည်ကား ဝန်တိုခြင်းတည်းဟူသော အညစ်အကြေး နှိပ်စက်အပ်သော စိတ်ရှိသည်ဖြစ်၍ ဤသို့ ကျိန်ဆဲပြောဆိုလေ၏။ "သင်သည် ငါ အလိုမရှိပါဘဲလျက် ရဟန်းတို့အား အကြင် ဆွမ်းအဖျော်ကို လှူဒါန်း၏။ ထိုလှူဒါန်းသော ဆွမ်းအဖျော်သည် တမလွန်ဘဝ၌ သင့်အား သွေးအတိ ဖြစ်ပါစေသတည်း" ဟု ကျိန်ဆဲပြောဆိုလေ၏။

ဥတ္တရလုလင်၏ မိခင် ပြိတ္တာမ ဖြစ်ခြင်း

ကျောင်းကို ရေစက်ချသောနေ့၌ကား တစ်ခုသော ဥဒေါင်းမြီးအစည်းကို ပေးလှူရန် မိခင်က ခွင့်ပြုလေ၏။ ထို ဥတ္တရလုလင်၏ အမိသည် သေ၍ ပြိတ္တာမျိုး၌ ဖြစ်လေ၏။ ဥဒေါင်းမြီးအစည်း လှူဒါန်းသည်ကို ဝမ်းမြောက်လိုက်မိသဖြင့် ထိုမိန်းမ၏ ဆံပင်တို့သည် ညီသောအဆင်းရှိသည်ဖြစ်၍ ပြေပြစ်ကုန်၏။ အဖျားကော့တက်ခြင်း ရှိကုန်၏။ နူးညံ့ ရှည်လျားကုန်၏။

ဂင်္ဂါမြစ်ရေသည် ပြိတ္တာမအတွက် သွေးဖြစ်နေပုံ

ထိုပြိတ္တာမသည် ရေသောက်အံ့သောငှာ ဂင်္ဂါမြစ်သို့ သက်ဆင်းလေသော အခါ၌ ဂင်္ဂါမြစ်သည် သွေးဖြင့်ပြည့်၍ နေ၏။ ထိုပြိတ္တာမသည် ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး ငတ်မွတ်ဆာလောင်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ သွားလာလှုပ်လှည့် ၎ နှုရ၏။

ပြိတ္တာမ ရေတောင်းခြင်း

တစ်နေ့သ၌ ဂင်္ဂါမြစ်ကမ်းဝယ် နေ့သန့်ရာ နေရာကျောင်း၌ သီတင်းသုံးနေသော ကခ်ါရေဝတမထေရ်ကိုမြင်၍ မိမိ၏ကိုယ်ကို မိမိဆံပင်တို့ဖြင့် ဖုံးလွှမ်း၍ အနီးသို့ ကပ်ပြီး ရေကို တောင်းလေ၏။

ထိုရေတောင်းသည်ကိုရည်ရွယ်၍ ဤနှစ်ဂါထာတို့ကို သင်္ဂါယနာတင် ဆရာမြတ်တို့သည် ဤဝတ္ထုတွင် အစဉ် ထားအပ်ကုန်၏။

၃၃၁။ ဒိဝါဝိဟာရဂတံ ဘိက္ခုံ၊ ဂင်္ဂါတီရေ နိသိန္နကံ။
တံ ပေတီ ဥပသင်္ကမ္မ၊ ဒုဗ္ဗဏ္ဏာ ဘီရုဒဿနာ။
၃၃၂။ ကေသာ စဿာ အတိဒီဃာ၊ ယာဝဘူမာ' ဝလမ္ဗရေ။
ကေသေဟိ သာပဋိစ္ဆန္နာ၊ သမဏံ တေဒဗြဝိ။

http://www.dhammadownload.com

၃၃၁-၂။ ဒိဝါဝိဟာရဂတံ၊ နေ့ခင်းနေရာ ကျောင်းဝိဟာသို့ ရောက်သော။ ဂင်္ဂါတီရေ၊ ဂင်္ဂါမြစ်ကမ်း၌။ နိသိန္နကံ၊ ကြည်လင်ရွှင်ပြုံး သီတင်းသုံးနေသော။ ဘိက္ခု၊ မြင့်မြတ်ထက်တန်း ရဟန်းတော်သို့။ ဒုဗ္ဗဏ္ဏာ၊ အဆင်းရူပ မလှသော။ ဘီရုဒဿနာ၊ ကြောက်မက်ဖွယ် အမြင်ရှိသော။ သာပေတီ၊ ဆင်းရဲကြီးစွာ ထိုပြိတ္တာမသည်။ ဥပသင်္ကမ်၊ အနီးသို့ကပ်ရောက်၍။ ဧတေ ဝစနံ၊ ဤစကားကို။ အဗြဝိ၊ ဆိုပြီ။ အဿာ၊ ထိုပြိတ္တာမ၏။ ကေသာ၊ ညိုမည်းကော့လွင် ဆံပင်တို့သည်။ ဒီဃာစ၊ ဖြောင့်ဖြူးညီညီ ရှည်ကုန်သည်လည်း။ အဟုံ၊ ဖြစ်ကုန်ပြီ။ ယာဝဘူမာ၊ ဦးခေါင်းမှစ မြေကြီးကျအောင်။ အဝလမ္ဗရေ၊ ဖြေ့ဖြိုထားတုံ တွဲလျားကျကုန်၏။ သာပေတီ၊ ထိုပြိတ္တာမသည်။ ကေသေဟိ၊ ညိုရှည်ကော့လွင် ကောင်းသော ဆံပင်တို့ဖြင့်။ ပဋိစ္ဆန္နာ၊ ရစ်ပတ်သိုင်းအုံ ဖုံးကာခြုံအပ်ကုန်လျက်။ သမဏံ၊ ကခ်ါရေဝတဘွဲ့သ တွင်ခေါ် ရဟန်းတော်ကို။ အဗြဝိ၊ ဖွင့်လှစ်မြွက်ကြား လျှောက် ထားလေပြီ။

ပြိတ္တာမ ရေတောင်းပုံ

၃၃၃။ **ပဋ္ဌပဏ္ဏာသ ဝဿာနိ၊ ယတော ကာလင်္ကတာ အဟံ။**
နာဘိဇာနာမိ ဘုတ္တံ ဝါ၊ ပီတံ ဝါ ပန ပါနိယံ။
ဒေဟိ တွံ ပါနိယံ ဘန္တေ၊ တသိတာ ပါနိယာယ မေ။

၃၃၃။ ဘန္တေ၊ သီလဖြူစင် ထေရ်အရှင်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ယတော၊ အကြင်အခါ၌။ ကာလင်္ကတာ၊ ဇီဝိန်ပြတ်ကြွေ စုတေပြီးတုံ ပြိတ္တာဘုံသို့ ရောက်၏။ တတောပဋ္ဌာယ၊ ထိုစုတေပြီးတုံ ပြိတ္တာဘုံသို့ ရောက်သည့်အခါမှစ၍။ ပဋ္ဌပဏ္ဏာသ ဝဿာနိ၊ ယနေ့အထိ ထွက်ကြည့်စိစစ် ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး။ ဘောဇနံ၊ စားသောက်ဖွယ်ရာ ဘောဇဉ်အစာကို။ ဘုတ္တံဝါ၊ တစ်ခါတစ်ထပ် စားအပ်သည်ကိုလည်းကောင်း။ ပါနိယံ၊ အဆာပျောက်ပြေ သောက်စရာရေကို။ ပီတံဝါပန၊ တစ်စက်တစ်ပေါက် သောက်အပ်သည်ကိုလည်းကောင်း။ နာဘိဇာနာမိ၊ အမှန်လုံးဝ မသိရစဖူးပါ။ ဘန္တေ၊ သီလ သမာ ပညာရှိငြား အရှင်မြတ်ဘုရား။ အဟံ၊ ဆင်းရဲကြီးလှ တပည့်တော်မသည်။ တသိတာ၊ မွတ်သိပ်ခါခါ ရေဆာလှပါ၏။ ပါနိယာယ၊ အဆာပျောက်ပြေ သောက်ရေအလို့ငှာ။ အာဟိန္တိ၊ ယာဟိသည် အနှံ့ လှည့်လည်သော။ မေ၊ ဒုက္ခကြီးမား တပည့်တော်မအား။ တွံ၊ အရှင်ဘုရားသည်။ ပါနိယံ၊ အဆာပျောက်ပြေ သောက်စရာရေကို။ ဒေဟိ၊ ကယ်မ ဖေးကူ၍ ပေးတော်မူပါဘုရား။

http://www.dhammadownload.com

ပြိတ္တာမအား မထေရ် ပြန်ပြောပုံ

ထိုအခါ ပြိတ္တာမအား ပြန်ပြောလိုသောကြောင့် မထေရ်သည် အောက်ပါ ဂါထာကို ဆိုလေ၏။

၃၃၄။ အယံ သီတောဒိကာ ဂင်္ဂါ၊ ဟိမဝန္တာ ပဘဿတိ။
ပိဝ ဧတ္တော ဂဟေတွာန၊ ကိံ မံ ယာစသိ ပါနိယံ။

၃၃၄။ ပေတိ၊ အို ပြိတ္တာမ။ သီတောဒိကာ၊ အညစ်ကင်းစင် ကြည်လင် အေးမြသော ရေရှိသော။ အယံ ဂင်္ဂါ၊ ဤမြစ်ဂင်္ဂါသည်။ ဟိမဝန္တာ တော၊ ဆီးနှင်း ပိတ်လှောင် ဟိမဝန္တာတောင်မှ။ သန္ဒတိ၊ မပြတ်ကောင်းစွာ စီးဆင်းလာ၏။ ဧတ္တော၊ ငါ ယခုညွန်ပြ ဤဂင်္ဂါမြစ်မှ။ ဂဟေတွာန၊ လိုသလောက်ပင် ယူငင်၍။ ပိဝ၊ အဆာပျောက်ပြေအောင် သောက်ပါလေလော့။ ကိံ၊ အဘယ်အကြောင်း ကြောင့်။ မံ၊ ငါ့ကို။ ပါနိယံ၊ အဆာပျောက်ပြေ သောက်ရန်ရေကို။ ယာစသိ၊ ကြံကြံဖန်ဖန် ပူပန်တမ်းတ တောင်းနေရပေသနည်း။

တစ်ဖန် ပြိတ္တာမသည် မိမိ ဖြစ်ပျက်လာရပုံ အကြောင်းစုံကို မထေရ်မြတ် အား လျှောက်ထားလိုရကား ဤဂါထာကို ဆိုလေ၏။

၃၃၅။ သစာဟံ ဘန္တေ ဂင်္ဂါယ၊ သယံ ဂဏှာမိ ပါနိယံ။
လောဟိတံ မေ ပရိဝတ္တတိ၊ တသ္မာ ယာစာမိ ပါနိယံ။

၃၃၅။ ဘန္တေ၊ သီလ သမာ ပညာထင်ရှား အရှင်မြတ်ဘုရား။ အဟံ၊ ဘဝ ဝဋ်ကြွေး မလွတ်သေး၍ ရေဝေးနေရ တပည့်တော်မသည်။ ဂင်္ဂါယံ၊ အရှင်ဘုရား ထင်ရှားညွှန်ရာ မြစ်ဂင်္ဂါ၌။ ပါနိယံ၊ ဆာပျောက်ပြေ သောက်ရန်ရေကို။ သယံ၊ ကျနုပ်ငိုင်ပိုင် ကိုယ်တိုင် ယူသည်ရှိသော်။ မေ၊ ဝဋ်ကြွေးပါလှ တပည့်တော်မအား။ လောဟိတံ၊ နီနီတွေးတွေး ရွံဖွယ်သွေးသည်။ ပရိဝတ္တတိ၊ ယူတိုင်းအမြဲ ပြောင်းလဲ၍ လာပေ၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ဘပည့်တော်မသည်။ ပါနိယံ၊ အဆာပျောက်ပြေ သောက်ရန်ရေကို။ ယာစာမိ၊ ရိသေလေးမြတ် ဆည်း ကပ်ပြီးကာ တောင်းရမ်းရပါ၏။

ထိုအခါ၊ မထေရ်မြတ်က ပြိတ္တာမ၏ ရှေးက ပြုခဲ့သော မကောင်းမှုနှင့် ယခု ဒုက္ခခံစားရပုံ အကြောင်းစုံကို မေးမြန်းလိုရကား ဤဂါထာကို ဆိုလေ၏။

၃၃၆။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ဂင်္ဂါ တေ ဟောတိ လောဟိတံ။

http://www.dhammadownload.com

၃၃၆။ ဘော ပေတိ၊ ဆင်းရဲကြီးလှ အို ပြိတ္တာမ။ တွဲ၊ သင်သည်။ ပုဗ္ဗေ၊ ပြိတ္တာဘဝ မရသေးဲ ရှေးအခါဆိဒ်၌။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိ ဒုက္ကဋ်၊ ဘယ်သို့ပြုစု ဘယ်မကောင်းမှုကို။ ကတံ နု၊ အကျိုးမဲ့စွာ ပြုအပ်ခဲ့ပါသနည်း။ ကိဿကမ္မဝိပါကေန၊ ဘယ် အကုသိုလ်ကံ၏ အကျိုးကြောင့်။ တေ၊ သင့်အား။ ဂဂ်ါ၊ ညစ်ကြေးမတွယ် စင်ကြယ်လှစွာ မြစ်ဂင်္ဂါသည်။ လောဟိတံ၊ နီနီတွေးတွေး ရွှဲဖွယ်သွေးသည်။ ပဟာတိ၊ စင်စစ်မသွေ ဖြစ်ရလေသနည်း။

ထိုအခါ ပြိတ္တာမက မိမိသည် သားဥတ္တရအား ကျိန်ဆဲခဲ့ပုံ အကြောင်းစုံကို လျှောက်ထားလိုရကား ဤဂါထာတို့ကို ဆိုလေ၏။

၃၃၇။ ပုတ္တော မေ ဥတ္တရော နာမ၊ သဒ္ဒေါ အာသိ ဥပါသကော။
သော စ မယ္ဟံ အကာမာယ၊ သမဏာနံ ပဝေစ္ဆတိ။
၃၃၈။ စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ။
တမဟံ ပရိဘာသာမိ၊ မစ္ဆေရေန ဥပဒ္ဒုတာ။

၃၃၇-၈။ ဘန္တေ၊ အရှင်မြတ်ဘုရား။ မေ၊ လူဖြစ်စဉ်က တပည့်တော်မ၏။ ဥတ္တရော နာမ၊ အရာရာမှာ လိမ္မာယဉ်ကျေး "ဥတ္တရ" ဟု အမည်မွေးသော။ ပုတ္တော၊ သားဖြစ်သော။ သဒ္ဒေါ၊ ထက်သန်ကြီးမား သဒ္ဓါတရားရှိသော။ ဥပါသကော၊ ရတနာသုံးရပ် မြတ်ထက်မြက်ကို ဆည်းကပ်တတ်စွာ ဥပါသကာသည်။ အာသိ၊ အမှန်စင်စစ် ဖောန် ဖြစ်ပါ၏။ သော စ၊ အရာရာမှာ လိမ္မာယဉ်ကျေး ထို ဥတ္တရမည်သော သားလေးသည်လည်း။ မယ္ဟံ၊ တပည့်တော်မ၏။ အကာမာယ၊ သဘောမတူ၊ မကြည်ဖြူဘဲလျက်။ သမဏာနံ၊ မြင့်မြတ်ထက်တန်း ရဟန်းတော်တို့အား။ စီဝရံ၊ ကိုယ်မှာဆင်မြန်း ဝတ်သင်္ကန်းကိုလည်းကောင်း။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းဘောဇဉ် အဖြာဖြာကိုလည်းကောင်း။ ပစ္စယံ၊ ရောဂါဘေးဆီး ဆေးပစ္စည်းကိုလည်းကောင်း။ သယနာသနံ၊ ကျောင်းအိပ်ရာနေရာ အဖြာဖြာကိုလည်းကောင်း။ ပဝေစ္ဆတိ၊ စွန့်ကြဲပေးကမ်း လှူဒါန်း၏။ ဘဲ၊ ဘပည့်တော်မ သဘောမကျဘဲ ပေးလှူပြုငြား ထိုဥတ္တရ သားကို။ အဟံ၊ တပည့်တော်မသည်။ မစ္ဆေရေန၊ နှမြောစေးကပ်စိတ်ဓာတ်မဖြူ မပေးလှူထ မစ္ဆေရသည်။ ဥပဒ္ဒုတာ၊ လွှမ်းမိုးပယ်ဖျက် ကပ်၍နှိပ်စက်အပ်သည် ဖြစ်၍။ ပရိဘာသာမိ၊ တတွတ်တွတ်နှင့် ရေရွတ်မစဲ ကျိန်ဆဲမိပါ၏ ဘုရား။

၃၃၉။ ယဲ တွံ မယ္ဟံ အကာမာယ၊ သမဏာနံ ပဝေစ္ဆသိ။
စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ။

http://www.dhammadownload.com

၃၄၀။ ဧတံ တေ ပရလောကသ္မိံ၊ လောဟိတံ ဟောတု ဥတ္တရ။
တဿ ကမ္မဝိပါကေန၊ ဂင်္ဂါ မေ ဟောတိ လောဟိတံ။

၃၃၉-၄၀။ ဥတ္တရ၊ သားမြတ်အလှ မောင်ဥတ္တရ။ "တို့၊ သင်သည်။ မယုံ၊ သေးသေးသွယ်သွယ် ငယ်ငယ်ကစ မွေးကျွေးရသည့် ငါအမိ၏။ အကာမာယ၊ သဘောမတူ မကြည်ဖြူဘဲလျက်။ သမဏာနံ၊ ဦးပြည်းရဟန်းတို့ အား။ ယံ စိဝရံ၊ ကိုယ်မှာဆင်မြန်း အကြင်သင်္ကန်းကိုလည်းကောင်း။ ယံ ပိဏ္ဍပါတဉ္စ၊ ဘုဉ်းပေးဖွယ်ရာ ဘောဇဉ်အစာကိုလည်းကောင်း။ ယံပစ္စယံ၊ ရောဂါတားဆီး အကြင်ဆေးပစ္စည်းကိုလည်းကောင်း။ ယံ သယနာသနံ၊ အကြင် ကျောင်းအိပ်ရာနေရာ အဖြာဖြာကိုလည်းကောင်း။ ပဝေစ္ဆသိ၊ သဒ္ဓါဖွေးဖြူ ပေးလှူခဲ့ပေ၏။ ဧတံ၊ ထို ကိုယ်မှာဆင်မြန်း ဝတ်သင်္ကန်း နှင့် ကျောင်း ဆွမ်း ဆေးပါ လေးဖြာသောပစ္စည်းသည်။ ပရလောကသ္မိံ၊ တမလွန် လောက နောက်ဘဝ၌။ တေ၊ သင်သား ဥတ္တရအား။ လောဟိတံ၊ နီတွေးရဲရဲ သွေးတုံး သွေးခဲသည်။ ဟောတု၊ အမှန်စင်စစ် ဧကန် ဖြစ်ပါစေသတည်း"။ ဣတိ၊ ဤသို့။ ပရိဘာသာမိ၊ တတွတ်တွတ်နှင့် ရေရွတ်မစဲ ကျိန်ဆဲမိခဲ့ပါ၏၊ ဘုရား။ တဿ ကမ္မဝိပါကေန၊ ထိုသို့ပြုစု မကောင်းမှု၏ အကျိုးဆက်ကြောင့်။ မေ၊ နှမြော ကပ်စေး မစွေထွေး၍ သားလေးလှူရာ ကျိန်ဆဲမိပါသော တပည့်တော်မ အား။ ဂင်္ဂါ၊ အမှိုက်မသမ်း ညစ်ညမ်းမတွယ် စင်ကြယ်လှစွာ မြစ်ဂင်္ဂါသည်။ လောဟိတံ၊ နီနီ တွေးတွေး အရည်သွေးသည်။ ဟောတိ၊ ထင်ထင်ရှားရှား ဖြစ်သွား ရပါလေ၏၊ ဘုရား။

ပြိတ္တာမကို ရည်မှန်း၍ ဆွမ်း စသည် လှူဒါန်း

ဤသို့ ပြိတ္တာမ လျှောက်ထားသည့်စကားကို ကြား၍ ထိုအခါ အရှင်ရေဝတသည် ထိုပြိတ္တာမကို ရည်ညွှန်း၍ ရဟန်းသံဃာအား သောက်ရေကို လှူဒါန်းလေ၏။ ဆွမ်းအလို့ငှာ လှည့်လည်၍ရသောဆွမ်းကို ယူဆောင်ပြီးလျှင် ရဟန်းတို့အား ပေးလှူလေ၏။ အမှိုက်ပုံ အစရှိသည်မှ ပံသုကူသင်္ကန်းကို ကောက်ယူ၍ ဖွပ်လျှော်ပြီးကာ ဘုံလျှိုအခင်း ပုဆိုးဟောင်းအခင်းကိုပြုလျက် ရဟန်းတို့အား ပေးလှူလေ၏။

ဒါနအကျိုး ပြိတ္တာမ ခံစားရပုံ

ထိုသို့ ရည်မှန်း၍ လှူဒါန်းခြင်းကြောင့်လည်း ထိုပြိတ္တာမအား နတ်၌ဖြစ်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏။ ထိုပြိတ္တာမသည် မထေရ်အထံသို့သွား၍ မိမိရအပ်သော နတ်စည်းစိမ်ကို မထေရ်အား ပြသလေ၏။

http://www.dhammadownload.com

ဒေသနာတော်၏အကျိုး

မထေရ်သည် ထိုအကြောင်းကို မိမိထံမှောက်သို့ ရောက်ကုန်ကြသည့် လေးပါး ကုန်သော ပရိသတ်တို့အား ထင်ရှားစွာပြ၍ တရားစကားကို ဟောကြားတော်မူ လေ၏။ ထိုကြောင့် များစွာသော လူအပေါင်းသည် ကောင်းစွာဖြစ်သော ထိတ်လန့် ခြင်းရှိသည်ဖြစ်၍ ဝန်တိုခြင်းတည်း ဟူသော အညစ်ကြေးသည်ဖြစ်၍ ဒါန သီလ စသော ကုသိုလ်တရားတို့၌ မွေ့လျော်ကြသည် ဖြစ်လေ၏။ ဤ ဥတ္တရမာတု ပေတိဝတ္ထုကိုကား ဒုတိယသင်္ဂါယနာတင် သောအခါ၌ သင်္ဂါယနာသို့ တင်အပ်၏ ဟု မှတ်အပ်၏။

ဆယ်ခုမြောက် ဖြစ်သော ပြိတ္တာမကြီးဖြစ်နေရှာသော ဥတ္တရလုလင်၏ မိခင်ဝတ္ထု ပြီး၏။

၁၁။ သုတ္တပေတဝတ္ထု

ပစ္စေကဗုဒ္ဓါအား အပ်ချည်လှူဒါန်းမှုကြောင့် နတ်ပြည်သို့ လားရောက်ရသော သတို့သမီး

အဟံ ပုရေ ပဒုဇိတသ္မာ ဘိက္ခုနော ဟူသော ဒေသနာတော်ဖြင့် တန်ဆာဆင် အပ်သော ဤဝတ္ထုသည် ကား သုတ္တပေတဝတ္ထုပေတည်း။ ထိုဝတ္ထု၏ ဖြစ်ပေါ်လာပုံမှာ သာဝတ္ထိပြည်၏ အနီး တစ်ခုသောရွာငယ်၌ ငါတို့မြတ်စွာဘုရား မပွင့်ပေါ်မီ အခါကပင် အနှစ်ခုနှစ်ရာတို့၏ အထက်၌ တစ်ယောက်သော သူငယ်သည် တစ်ဆူ သော ပစ္စေကဗုဒ္ဓါကို ပြုစုလုပ်ကျွေးလေ၏။ ထိုသူငယ်၏အမိသည် သူငယ် အရွယ်သို့ရောက်သောအခါ ထိုသူငယ်၏အကျိုးငှာ တူသောအမျိုးမှ အမျိုးသမီး တစ်ယောက်ကို ခေါ်ဆောင် ထိမ်းမြားလေ၏။

ဝေမာနိက ပြိတ္တာဖြစ်ပုံ

ထိမ်းမြားလက်ထပ်ပေးအပ်သော နေ့၌ပင်လျှင် သတို့သားသည် သူငယ်ချင်း အပေါင်းအဖော်တို့နှင့်တကွ ရေချိုးသွားစဉ် မြွေကိုက်၍ သေလေ၏။ ဘိလူးဖမ်း စားသောကြောင့် သေ၏ဟူ၍လည်း ဆိုကြကုန်သေး၏။ ထို သတို့သားသည်

http://www.dhammadownload.com

ပစ္စေကဗုဒ္ဓါအား ပြုစုလုပ်ကျွေးသဖြင့် များစွာသော ကုသိုလ်ကောင်းမှုကိုပြု၍ တည်ငြားသော်လည်း ထိုသတို့သမီး၌ တပ်နှစ်သက်တတ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် ဝေမာနိကပြိတ္တာ ဖြစ်လေ၏။ ထို ပြိတ္တာသည် ကြီးကျယ်သော တန်ခိုးအာနုဘော် ရှိလေ၏။

ဇနီးသည်နှင့်အတူနေရန် ပြိတ္တာကြံပုံ

ထိုအခါ ထိုပြိတ္တာသည် ထိုသတို့သမီးကို မိမိ၏ဗိမာန်သို့ ဆောင်ယူလိုသည် ဖြစ်၍ "အဘယ်သို့သော ဥပါယ်တံမျဉ်ဖြင့် ထိုသတို့သမီးသည် ဒိဋ္ဌမင်္ဂလဝေနိယက်ကို ပြု၍ ငါနှင့်အတူတကွနေ၍ ဤအရပ်၌ မွေ့လျော်ရပါအံ့နည်း" ဟု ထို အမျိုးသမီး၏ နတ်၌ဖြစ်သောစည်းစိမ်ကို ခံစားရခြင်းအကြောင်းကို စူးစမ်း ဆင်ခြင်သည်ရှိသော် သင်္ကန်းချုပ်ခြင်းအမှုကို ပြုလုပ်နေသော ပစ္စေကဗုဒ္ဓါကို မြင်၍ လူ၏ အသွင်ဖြင့် သွား၍ရှိခိုးပြီးလျှင် "အရှင်ဘုရား၊ ချည်ဖြင့် ပြုလုပ်စရာ အလိုရှိပါသေးသလော" ဟု လျှောက်ထားလေ၏။ "ဒါယကာ၊ ငါတို့သည် သင်္ကန်းချုပ်နေဆဲပင်ဖြစ်၏" ဟု မိန့်တော်မူလေ၏။ "အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ဤမည်သော အရပ်၌ ချည်ဆွမ်း အလှူခံ ကြွရောက်လှည့်လည်တော်မူပါဘုရား" ဟု လျှောက်ထား၍ ထိုအမျိုးသမီးအိမ်ကို ညွှန်ပြလေ၏။

အပ်ချည်လုံး လှူခြင်း

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုညွှန်ပြရာ အရပ်သို့သွား၍ အိမ်တံခါး၌ ရပ်တော်မူ၏။ ထိုအခါ သတို့သမီးသည် ပစ္စေကဗုဒ္ဓါ ရပ်တော်မူသည်ကိုမြင်၍ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ "ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ငါ၏ချည်ကို အလိုရှိတော်မူ၏" ဟု သိ၍ တစ်ခုသော အပ်ချည်လုံးကို လှူဒါန်းလေ၏။

ဇနီးနှင့် မိသားစုကို ပြိတ္တာက မ.စ.ထားပုံ

ထိုအခါ ဗိမာန်ရှင်ပြိတ္တာသည် လူ၏အသွင်ဖြင့် ထိုအမျိုးသမီး၏အိမ်သို့ သွား၍ အမျိုးသမီး၏ မိခင်ကို တောင်း၍ အမျိုးသမီးနှင့်တကွ နှစ်ရက် သုံးရက် နေ၍ အမျိုးသမီး၏ မိခင်အား ချီးမြှောက်ခြင်းငှာ ထိုအိမ်၌ အလုံးစုံသော အိုးခွက်တို့ကို ရွှေငွေဖြင့်ပြည့်စေ၍ အလုံးစုံသော အိုးခွက်တို့၏ အထက်၌ "ဤရွှေငွေ ဥစ္စာသည်ကား နတ်သည် ပေးကမ်းစောင်မ,အပ်သော ဥစ္စာတည်း၊ တစ်စုံတစ်ယောက် သောသူသည် မယူဆောင်အပ်" ဟု အမည်ကမ္မည်း ရေးသားပြီး ထားလေ၏။ ထို အမျိုးသမီးကိုလည်း ခေါ်၍ မိမိ၏ဗိမာန်သို့ သွားလေ၏။

http://www.dhammadownload.com

ထိုအမျိုးသမီး၏ မိခင်သည် များစွာသောဥစ္စာကိုရ၍ မိမိ၏ဆွေမျိုးတို့အား လည်းကောင်း၊ အထီးကျန်သောသူ ခရီးသွားဧည့်သည် စသည်တို့အားလည်းကောင်း ပေးကမ်း၍ မိမိလည်း သုံးဆောင်၍ သေခါနီး၌ "ငါ၏သမီးသည် အကယ်၍ ပြန်လာခဲ့ငြားအံ့၊ ဤဥစ္စာကို ပြကြကုန်လော့" ဟု ဆွေမျိုးတို့အား မှာထားပြီးကာ သေရာလေ၏။

လူစင်စစ် အနှစ်ခုနှစ်ရာ နတ်ချမ်းသာ ခံစားရသူ

ထိုနောက်မှ အနှစ်ခုနှစ်ရာ ကျော်လွန်သဖြင့် ငါဟူမြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားပွင့်ထွန်းတော်မူလာကာ မြတ်သောတရားစက် ရတနာကို လည်စေပြီး အစဉ်အတိုင်း သာဝတ္ထိပြည်၌ နေတော်မူသည်ရှိသော် ထိုအမျိုးသမီးသည် ဗိမာန်ရှင်ပြုတ္တာနှင့် အတူတကွ နေစဉ်ပင်လျှင် ပျင်းရိငြီးငွေ့ခြင်းသည် ဖြစ်လာလေ၏။

လူပြည်ပြန်ပို့ရန်

ထိုအမျိုးသမီးသည် ပြိတ္တာနတ်သားကို ဤသို့ ပြောကြားလေ၏။ "အရှင်၊ ကျွန်ုပ် တောင်းပန်ပါ၏၊ ကျွန်ုပ်ကို မိမိအိမ်သို့သာ ပြန်ရောက်အောင် ပို့ပေးပါ" ဟူ၍ ဂါထာတို့ဖြင့် ပြောပြလေ၏။

၃၄၁။ အဟံ ပုရေ ပဗ္ဗဇိတသ္မ ဘိက္ခုနော၊
သုတ္တံ အာဒါသိံ ဥပသက်ံမှ ယာစိတာ။
တဿ ဝိပါကော ဝိပုလဖလူပလဗ္ဘတိ၊
ဗဟုကာ စ မေ ဥပဇ္ဈရေ ဝတ္ထကောဋိယော။

၃၄၂။ ပုမ္မာဘိကိဏ္ဏံ ရမိတံ ဝိမာနံ၊
အနေကစိတ္တံ နရနာရိသေဝိတံ။
သာဟံ ဘုဉ္ဇာမိ စ ပါရုပါမိ စ၊
ပဟူတဝိတ္တာ နှ စ တာဝ ခီယတိ။

၃၄၃။ တသ္မော ကမ္မဿ ဝိပါကမန္ဒယာ၊
သုခဉ္စ သာတဉ္စ ကုရူပ၊ာဗ္ဘတိ။
သာဟံ ဂန္တွာ ပုနဒေဝ မာနုသံ၊
ကာဟာမိ ပုညာနိ နယ'ယျပုတ္တ မံ။

၃၄၁။ အယျပုတ္တ၊ အတ္တပျော်ပါး အရှင်သား။ အဟံ၊ အရှင့်သက်လျာ ကြင်ယာဖြစ်ရ ကျွန်တော်မသည်။ ပုရေ၊ လွန်ခဲ့ပြီးရာ ရှေးအခါ၌။ ဥပသက်မှ၊ ကျွန်ုပ် နေရာ အိမ်ဂေဟာသို့ ကပ်ရောက်၍။ ယာစိတာ၊ ရည်မှန်းရပ်ကာ အရိယာတို့

http://www.dhammadownload.com

ကောင်းစွာမယွင်း တောင်းဆိုခြင်းဖြင့် တောင်းဆိုအပ်သည်ဖြစ်၍။ ပဗ္ဓဇိတသ၊ ကိလေသာ ဆယ်ပါး အညစ်များကို ပယ်ရှားနှင်ထုတ်တတ်သော။ ဘိက္ခုနော၊ ပစ္စေကဗုဒ္ဓါ သညာမည်လွမ်း မြတ်ရဟန်းအား။ သုတ္တံ၊ သင်္ကန်းချုပ်စရာ အပ်ချည်ကို။ အဒါသိ၊ သဒ္ဓါကြည်ဖြူ ပေးလှူခဲ့ပါပြီ။ တသ၊ သဒ္ဓါစင်ဖြူ ထိုအပ်ချည် အလှူ၏။ ဝိပုလဖလော၊ အံ့သြဖွယ်ရာ ပြန့်ပြောစွာသော အကျိုးရှိသော။ ဝိပါကော၊ အစဉ်ဝေဖြိုး ကောင်းသောအကျိုးကို။ ဧတရဟိ၊ ဤယခုအခါ၌။ ဥပလဒ္ဓတိ၊ မျက်မှောက်ဆတ်ဆတ် ရအပ်ခံစားရပေ၏။ မေ၊ အကျွန်ုပ်အား။ ဗဟုကာ၊ သုံးမကုန်အောင် မြားမြောင်ကုန်သော။ ဝတ္ထကောဋိယော၊ ကုဋေမက များပြားလှစွာ အဝတ်တန်ဆာတို့သည်။ ဥပဒ္ဓရေ၊ ကဲတန်ခိုးကြောင့် မောက်ဖြိုးစုံစွာ ဖြစ်ပေါ်၍ လာကုန်၏။

၃၄၂။ သာဟံ သာ အဟံ၊ ကောင်းကျိုးဝေထ ထိုကျွန်တော်မသည်။ ပုဗ္ဗာဘိကိဏ္ဏံ၊ ပုန်းတို့ဖြင့်ပြွမ်းသော။ ရမိတံ၊ နူးညံ့ပျော့ပျောင်း အလွန်ကောင်းဘိမွေ့လျော်ဖွယ်ရှိသော။ အနေကစိတ္တံ၊ ရတနာအသွယ်သွယ်တို့ဖြင့် ဆန်းကြယ်လှစွာသော။ နရနာရိသေဝိတံ၊ အခြံအရံဖြစ်ငြား ယောကျ်ားမိန်းမတို့သည် မှီဝဲအပ်သော။ ဝိမာနံ၊ ခမ်းနားတင့်တယ် ဝင့်ထည်ရောင်လျှံ မြတ်ဗိမာန်ကို။ ဘုဉ္ဇာမိစ၊ စိတ်တိုင်းကျအောင် သုံးလည်း သုံးဆောင်ရပါ၏။ ပါရုပါမိ စ၊ ဝတ်လည်း ဝတ်ရုံရပါ၏။ ပဟူတဝိတ္တာ၊ မကုန်နိုင်အောင် သုံးဆောင်ဖွယ်ရာ များပြားစွာသော ဥစ္စာလည်းပါ၏။ တာဝ၊ ထိုမျှလောက်။ နု စ ခီယတိ၊ ဘယ်လိုပင် သုံးသော်လည်း ကုန်ခန်းခြင်း မကုန်ခန်းပါ။

၃၄၃။ အယျပုတ္တ၊ ကြင်ယာဖြစ်ငြား အရှင့်သား။ တသေဝ ကမ္မဿ၊ သဒ္ဓါကြည်ဖြူ အပ်ချည်လှူလတ် ထိုကောင်းမှုမြတ်၏သာလျှင်။ အနုယာ ပစ္ဆယာ၊ ပြုလုပ်ခဲ့ရ အကြောင်းမူလကြောင့်။ ဝိပါကံ၊ အမှန်စင်စစ် အကျိုးဖြစ်၍ ဖြစ်သော။ သုခဥ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုလည်းကောင်း။ သာတဥ္စ၊ သာယာအပ်ရာ မွန်မြတ်သော စည်းစိမ်ဥစ္စာကိုလည်းကောင်း။ လဟ၊ ယခုပျော်စံ ဤဗိမာန်၌။ ဥပလဒ္ဓတိ၊ ကောင်းမွန်စုံစွာ ရအပ်ပါ၏။ သာဟံ၊ သုခများပြား ခံစားနေရ ထိုကျွန်တော်မသည်။ ပုနဒေဝ၊ တစ်ဖန်သာလျှင်။ မာနုသံ၊ လူ့ပြည်လောက လူ့ဘဝသို့။ ဂန္ဓာ၊ သွား ရောက်၍။ ပုညာနိ၊ မြင့်မြတ်အစု ကုသိုလ်ကောင်းမှုတို့ကို။ ကာဟာမိ၊ တတ်နိုင်သမျှ စွမ်းကုန်ချကာ လှူဒါန်းပြုလုပ်ရပါအံ့။ အယျပုတ္တ၊ ကြင်ယာဖြစ်ငြား အရှင့်သား။ မံ၊ သွားလိုပါလှ ကျွန်တော်မကို။ နယ၊ မကန့်မထောက် လူ့ပြည်ရောက်အောင် ပို့ဆောင်ပါဦးလော့။

http://www.dhammadownload.com

ထိုစကားကိုကြားက ဗိမာန်ရှင် ပြိတ္တာနတ်သားသည် ထိုအမျိုးသမီးအား တပ်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အစဉ်သနားသဖြင့် သွားရောက်ခြင်းကို အလိုမရှိရကား အောက်ပါဂါထာဖြင့် တောင်းပန်စကား ပြောကြားလေ၏။

နတ်သားတောင်းပန်ပုံ

၃၄၄။ သတ္တ တုဝံ ဝဿသတာ ဣဓာဂတာ၊
ဇိဏ္ဏာ စ ဝုဖ္ဖာ စ တဟိံ ဘဝိဿသိ။
သဗ္ဗေဝ တေ ကာလကတာ စ ဉာတကာ။
ကိံ တတ္ထ ဂန္တ္ဝာန ဣတော ကရိဿသိ။

၃၄၄။ ဘဒ္ဒေ၊ ခုရော ယခင်ပါ ကြင်ယာတော်ရ ချစ်နှမ။ ဣဓ၊ ယခုပျော်စံ ဤဗိမာန်သို့။ အာဂတာ၊ ကောင်းစွာမသွေ ရောက်လာပေသော။ တုဝံ၊ သင် သည်။ သတ္တဝဿသတာ၊ အနှစ်ပေါင်း ခုနစ်ရာတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တဟိံ၊ ထိုလူ့ပြည်လောက လူ့ဘဝသို့။ ဂတာ၊ သွားချေသည်ရှိသော်။ ဇိဏ္ဏာ စ၊ အားအင်မပြေ. တရွေ့ရွေ့နှင့် ဆွေးမြေ့ယွင်းယို အိုခြင်းသည်လှည်းကောင်း။ ဝုဖ္ဖာ စ၊ မသန်မမာ နာတာတာနှင့် ရွယ်မှာရင့်သီး အသက်ကြီးခြင်းသည်လည်းကောင်း။ ဘဝိဿသိ၊ စင်စစ်မသွေ ဖြစ်ပေလတ္တံ့။ တေ၊ သင်၏။ သဗ္ဗေဝ၊ ခပ်သိမ်းဥဿုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဉာတကာ စ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့သည်လည်း။ ကာလကတာ၊ စုတေပျက်ပြုန်း သေဆုံးကြကုန်ပြီ။ ဣတော၊ ယခုနေရာ ဤစခန်းသာမှ။ တတ္ထ၊ လူတို့နေရာ ထိုလူ့ရွာသို့။ ဂန္တ္ဝာန၊ ယခုသွား၍။ ကိံ ကရိဿသိ၊ အသို့ပြုလတ္တံ့နည်း။ ဝါ၊ အရှယ်လည်းယုတ်၊ ဆွေမျိုးပြုတ်နှင့် ဘာလုပ်တော့လိမ့်မည်နည်း။

ဤသို့ ပြိတ္တာနတ်သား ပြောဆိုအပ်သည်ရှိသော် ထိုအမျိုးသမီးသည် ထိုပြိတ္တာနတ်သား၏စကားကို မယုံကြည်သဖြင့် ဤသို့ တောင်းပန်ပြန်လေ၏။

၃၄၅။ သတ္တေဝ ဝဿာနိ ဣဓာဂတာယ မေ၊
ဒိဗ္ဗာ သုခဉ္စ သမပ္ပိတာယ။
သာဟံ ဂန္တ္ဝာ ပုနဒေဝ မာနုသံ၊
ကထာဟမိ ပုညာနိ နယံ' ယျုတ္တ မံ။

၃၄၅။ အယျပုတ္တ၊ အရှင့်သား။ ဣဓ၊ ဤဗိမာန်သို့။ အာဂတာယ၊ စင်စစ်မသွေ ရောက်လာပေသော၊ ဒိဗ္ဗာ ဒိဗ္ဗေနစ၊ နတ်၌ဖြစ်ရာ ဖြာဖြာရှိပ်ငြိမ် စည်းစိမ်ဥစ္စာ ရတနာနှင့်လည်းကောင်း။ သုခဉ္စ သုခေန စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း

http://www.dhammadownload.com

နှင့်လည်းကောင်း။ သမပိုတာယ၊ အမြဲမကွာ ပြည့်စုံစွာသော။ မေ၊ အကျွန်ုပ်အား။ သတ္တေဝဝဿာနိ၊ အနှစ်ခုနစ်ရာ ကြာပင်ကြာလည်း စိတ်မှာအထင် ခုနစ်နှစ်တို့ သည်သာလျှင်။ ဝိတိဝတ္တာနိ မည်၊ လွန်သေးသည်ဟုပင် အောက်မေ့မှတ်ထင်၏။ သာဟံ၊ ထိုသို့ထင်ရ ကျွန်တော်မသည်။ ပုနဒေဝ၊ ယခုတစ်ဖန်သာလျှင်။ မာနုသံ၊ ဇာတိဌာန လူ့ပြည်လောကသို့။ ဂန္တွာ၊ သွားရောက်၍။ ပုညာနိ၊ နတ်ပြည်နတ်ရွာ ရောက်ရာရောက်ကြောင်း ကောင်းမှုဟူသမျှ အဝဝတို့ကို။ ကာဟာမိ၊ မနေမနား ကြိုးစားအားထုတ် ပြုလုပ်ပါအံ့။ အယျပုတ္တ၊ အရှင့်သား။ မံ၊ လူ့ပြည်ပို့ရန် ဖန်ဖန် ပြောပြ ကျွန်တော်မကို။ နယ နယာဟိ၊ မတန့်မထောက် လူ့ပြည်ရောက်အောင် ပို့ ဆောင်ပါလော့။

လူ့ပြည်သို့ ပြန်ပို့ပုံ

ဤသို့လျှင် ထိုအမျိုးသမီးက ပြောဆိုအပ်သည်ရှိသော် ထိုဗိမာန်ရှင် ပြိတ္တာ သည် အမျိုးမျိုးအဖုံဖုံ စုံလင်ခြာ အမျိုးသမီးကို ပြောဆိုဆုံးမ၍ "ယခုအခါ သင် သည် ခုနစ်ရက်ထက်လွန်၍ လူ့ပြည်၌ အသက်မရှင်နိုင်၊ သင်၏အမိသည် အပ်နှံ ၍ထားခဲ့သော ငါပေးထားသည့် ဥစ္စာသည် ရှိ၏။ ထိုဥစ္စာများကို ရဟန်းပုဏ္ဏားတို့ အား လှူဒါန်း၍ ငါတို့စံရာ ဤအရပ်သို့သာလျှင် တစ်ဖန်ဖြစ်ခြင်းကို ဆုတောင်း လေလော့" ဟု ပြောဆိုပြီး ထိုအမျိုးသမီးကို လက်မောင်းနှစ်ဖက်၌ ဆွဲကိုင်၍ ကူလယ်၌ ချထားပြီးလျှင် "နှမ ဤအရပ်၌ လာကုန်သော တပါးကုန်သော လူတို့ ငါလည်း 'ငွမ်းအားအလျောက် ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်လော့' ဟု ဆုံးမ လေလော့" ဟု ပြောဆိုမှာထားကာ မိမိနေရာသို့ ပြန်သွားလေ၏။

၃၄၆။ သော တံ ဂဟေတွာန ပသယှ ဗာဟာယံ၊
ပစ္စာနယိတွာန ထေရိံ သုဒဿလံ။
ဝန္ဒေသိ "အညမ္မိ ဇနံ ဣဓာဂတံ၊
ကရောထ ပုညာနိ သုခူပလဗ္ဘတိ"။

၃၄၆။ သော ဝိမာနပေတော၊ ထိုဗိမာန်ရှင်ပြိတ္တာသည်။ တံ၊ လူ့ပြည်သွား ရန် ဖန်ဖန်ပြောပြ ထိုမိန်းမကို။ ပသယှ ပသယှန္တော ဝိယ၊ လွှမ်းခြုံစိစက် အနိုင် ထက်ကဲသို့။ ဗာဟာယံ၊ နူးညံ့ပျော့ပျောင်း လက်မောင်းနှစ်ဖက်ကို။ ဂဟေတွာန၊ ကျနုပိုင်ပိုင် မြဲစွာကိုင်ယူ၍။ ပစ္စာနယိတွာန၊ ဇာတိဌာန လူ့လောကသို့ ဘစ်ဖန်ပို့ ဆောင်၍။ သုဒဿလံ၊ လူ့ပြည်ရောက်က ဇရာဖိစီး အားအင်နည်းအံ့သော။ ထေရိံ၊ သက်ရွယ်ရင့်သီး အမယ်အိုကြီးကို။ (လူ့ပြည်သို့ရောက်လျှင်ရောက်ချင်း အမယ်

http://www.dhammadownload.com

ကြီးအို ဖြစ်သွား၍)။ အာဟ၊ ပြောဆိုလေပြီ။ ကိ အာဟ၊ အဘယ်သို့ ပြောဆို သနည်းဟူမူကား။ "ဘန္တေ၊ ရှင်မ။ ဣဓ၊ ယခုရောက်လတ် ဤအရပ်သို့။ အာဂတံ၊ လာရောက်ပါသော။ အည်၊ သင်မှတစ်ပါး အခြားသော။ ဧနမ်ဒိ၊ များစွာထောင်သောင်း လူအပေါင်းကိုလည်း။ ဝဇ္ဇေသိ၊ ဆုံးမရာ၏။ ကိ ဝဇ္ဇေသိ၊ ဘယ်လိုပြောပြ ဆုံးမရမည်နည်း။ 'ပုညာနိ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရကြောင်း ကောင်းမှုဟူသမျှ အဝဝတို့ကို။ ကရောထ၊ တတ်စွမ်းသမျှ ပြုလုပ်ကြကုန်လော့။ ဇဝံ၊ ဤသို့ ပြုလုပ်ကြကုန်သည်ရှိသော်။ သုခံ၊ ချမ်းသာသုခ အဝဝတို့ကို။ ဥပလဇ္ဈတိ၊ ကောန်ပိုင်ပိုင် ရစွမ်းနိုင်၏'။ ဣတိ၊ ဤသို့။ ဝဇ္ဇေသိ ဝဒေယျာသိ၊ ပြောဆိုညွှန်ပြ ဆုံးမပါလော့"။ ဣတိ၊ ဤသို့။ တံ ဣတ္ထိ၊ ထိုမိန်းမကို။ အဗြဝိ၊ သေချာညွှန်ကြား မှာထားပြောဆိုပြီ။

လူပြည်ပြန်ရောက်သော ဧနီးသည် ကုသိုလ်ပြုပုံ

ဤသို့ပြောဆို၍ ထိုနတ်သား ပြန်သွားသည်ရှိသော် ထိုအမျိုးသမီးသည် မိမိ၏ဆွေမျိုးတို့၏ နေရာဌာနသို့သွား၍ ဆွေမျိုးတို့အား မိမိလာကြောင်းကို သိစေခြင်းလျှင် ဆွေမျိုးတို့က အပ်နှင်းကြသော ဥစ္စာများကိုယူ၍ ရဟန်းပုဏ္ဏားတို့အား အလှူကို ပေးလှူစဉ် မိမိအထံ လာရောက်ကြသော သူတို့အား အောက်ပါဂါထာဖြင့် အဆုံးအမကို ပေးလေ၏။

၃၄၇။ ဒိဋ္ဌာ မယာ အကတေန သာဓုနာ၊
ပေတာ ဝိဟညွန္တိ တထေဝ မနုဿာ။
ကမ္မဋ္ဌ ကတ္တာ သုခဝေဒနီယံ၊
ဒေဝါ မနုဿာ စ သုခေ ဋ္ဌိတာ ပဇာ။

၃၄၇။ ဘော၊ မိတ်ဆွေပေါင်းသင်း အိုအချင်းတို့။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်အပ်ကုန်သည်ကား။ အက တေန၊ မိမိအားထုတ် မပြုလုပ်အပ်ခဲ့သော။ သာဓုနာ၊ ကောင်းမှုဖြင့်။ ဝါ၊ ကြောင့်။ တစ်နည်း- အကတေန သာဓုနာ၊ မိမိအားထုတ် ပြုလုပ်သော မကောင်းမှုဖြင့်။ ဝါ၊ ကြောင့်။ ပေတာ၊ ပြိတ္တာတို့သည်။ ဝိဟညန္တိ ယထာ၊ ဆင်းရဲပင်ပန်းကြကုန်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ မနုဿာ၊ လူအများတို့သည်။ ဝိဟညန္တိ၊ ဆင်းရဲပင်ပန်းကြကုန်၏။ ဝါ၊ ဆင်းရဲပင်ပန်းကြသည်တို့ကို။ မယာ၊ လူနတ်နှစ်ဖြာ ရောက်ခဲ့ရပါသော ငါသည်။ ဒိဋ္ဌာ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရကုန်၏။ သုခဝေဒနီယံ၊ ကောင်းကျိုးချမ်းသာ ပေးတတ်စွာသော။ ကမ္မံ၊ ကောင်းမှုကံကို။ ကတ္တာ စ၊ ပြုလုပ်ကြကုန်သောကြောင့်လည်း။ ဒေဝါ၊ စည်းစိမ် ကဲမိုး ဘုန်းတန်ခိုးစုံ နတ်ဖြစ်ကုန်သော။ ပဇာစ၊ များစွာ

http://www.dhammadownload.com

သောင်းသောင်း သတ္တဝါအပေါင်းတို့သည်လည်း။ သုခေ၊ မြတ်ချမ်းသာ၌။ ဌိတာ၊ ကောင်းစွာမသွေ တည်ရှိကြလေကုန်၏။ ဝါ၊ တည်ရှိကြသည်တို့ကို။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပါပါ၊ ယုတ်မာညစ်ကျူး မကောင်းမှုမှ။ ဝဇ္ဇယိတွာ၊ ရှောင်ကြဉ်ကြကုန်၍။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောထ၊ ပြုကြကုန်လော့။

တာဝတိံသာနတ်ပြည်သို့

ဤသို့လျှင် အဆုံးအမကိုပေးလျက် ရဟန်းပုဏ္ဏားတို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကို ဖြစ်စေ၍ ခုနစ်ရက်မြောက်သောနေ့၌ သေဆုံး၍ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ဒေဿနာတော်၏အကျိုး

ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို အဋ္ဌုပ္ပတ်ပြု၍ ကောင်းစွာရောက်လာသော ပရိသတ်အား မြတ်တရားကို ဟောကြားတော်မူ၏။ အထူးအားဖြင့်လည်း ပစ္စေကဗုဒ္ဓါတို့၌ ဖြစ်စေအပ်သောအလှူ၏ အကျိုးကြီးသည်၏ အဖြစ်ကိုလည်းကောင်း၊ များစွာသော အာနိသံသ ရှိသည်၏အဖြစ်ကိုလည်းကောင်း ဟောကြားပြသတော်မူ၏။ ထိုတရားကို ကြားနာရ၍ လူများအပေါင်းသည် ဝန်တိုခြင်းဟူသော အညစ်အကြေး ကင်းစင်သည်ဖြစ်၍ ဒါနအစရှိသော ကောင်းမှုတို့၌ မွေ့လျော်ကြသည် ဖြစ်လေ၏။

ပစ္စေကဗုဒ္ဓါအား အပ်ချည်လှူမှုကြောင့် နတ်ပြည်သို့ လားရောက်ရသော တစ်ဆယ့်တစ်ခုမြောက် သတို့သမီးအကြောင်း ပြီး၏။



၁၂။ တဏ္ဍုလဝတ္ထုဒေဝဓီဝတ္ထု

ရေကန်ကမ်းပါး၌ ခွေးနက်အစားခံရသော ဒီဃာန်ရှင်ပြိတ္တာမ

သောဏ္ဍသောပါနဖလကာ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော **ဤကဏ္ဍမုဏ္ဍပေတိဝတ္ထု** ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ကဏ္ဍမုဏ္ဍ အမည်ရသော ပြိတ္တာမကို အကြောင်းပြု၍ ဟောတော်မူ၏။

http://www.dhammadownload.com

သူဒတ်ကောင်းနားနီး၍ သူတော်ကောင်းဖြစ်ကြပုံ

လွန်လေပြီးသောအခါ ကဿပဘုရားရှင် လက်ထက်တော်ကာလ ကိမိလ မြို့ဝယ် တစ်ယောက်သော ဥပါသကာသည် သောတာပန်ဖြစ်၍ ဥပါသကာငါးရာ တို့နှင့်တကွ ဘုမ္မသော ဆန္ဒရှိကြသည်ဖြစ်၍ အရံစိုက်ပျိုးခြင်း၊ စကြံဆောက်လုပ်ခြင်း အစရှိကုန်သော ကောင်းမှုတို့၌ အလေ့အကျင့်သည် ရှိသည်ဖြစ်၍ နေလေ၏။ သံဃာ၏ကျောင်းကို ဆောက်လုပ်၍ ထိုဥပါသကာတို့နှင့်တကွ ရံခါရံခါ ကျောင်းသို့ သွား၏။ ထိုဥပါသကာတို့၏ မယားတို့သည်လည်း ရတနာသုံးတန် ဆည်းကပ်ကိုးကွယ်တတ်သော ဥပါသိကာမတို့ချည်းသာ ဖြစ်ကြ၍ အချင်းချင်း ညီညွတ်ကုန်လျက် ပန်း၊ နံ့သာ၊ နံ့သာပျောင်းစသည် လက်စွဲပြီး ရံခါရံခါ ကျောင်းသို့ သွားကြသည်ရှိသော် ခရီးလမ်းအကြား၌ အရံသဘင် စသည်တို့၌ အပန်းဖြေ၍ သွားကြကုန်၏။

သေသောက်ကြူးတို့ အကြံ

ထိုအခါ ဘစ်နေ့သ၌ နှစ်ယောက်သုံးယောက်သော သေသောက်ကြူးတို့သည် တစ်ခုသောသဘင်၌ ညီညွတ်ပေါင်းဆုံကြကုန်လျက် ထိုမိန်းမတို့သည် ထိုအရပ်၌ အပန်းဖြေ၍ သွားကြကုန်သည်ရှိသော် ထိုမိန်းမတို့၏ လှပတင့်တယ်သော ရုပ်အဆင်းနှင့် ပြည့်စုံကုန်သည်ကိုမြင်၍ တပ်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုမိန်းမတို့၏ သီလအကျင့်ဂုဏ်နှင့် ပြည့်စုံသည်ကို သိရ၍ ဤသို့ စကားကို ဖြစ်စေကြကုန်၏။

အလောင်းအစားပြု၍ အမျိုးသမီးဖျက်မည့်သူကို ရှာပုံ

"ထိုမိန်းတို့တွင် တစ်ယောက်ယောက်၏လည်း အကျင့်သီလ ပျက်ပြားခြင်းကို ပြုခြင်းငှာ အဘယ်သူသည် စွမ်းနိုင်သနည်း" ဤသို့ စကားကို ဖြစ်စေကြကုန်၏။ ထိုသူတို့တွင် တစ်ယောက်သောသူက "ငါစွမ်းနိုင်ပါသည်" ဟု ပြောဆိုလေ၏။ ထိုသေသောက်ကြူးတို့သည် ထိုစွမ်းနိုင်သည်ဟု ဆိုသောသူနှင့် အသပြာတစ်ထောင်ဖြင့် လောင်းတမ်းပြုကြကုန်အံ့ဟု ဆို၍ တစ်ထောင်ချင်း လောင်းတမ်းပြုကြကုန်၏။

စောင်းတီး၍ အမျိုးသမီး ဖျက်ဆီး

ထိုစွမ်းနိုင်၏ဟု ဝန်ခံသော သေသောက်ကြူးသည် များစွာသော ပရိယာယ် ဥပါယ်တံမျဉ်တို့ဖြင့် အားထုတ်လျက် ထိုမိန်းမတို့သည် သဘင်သို့ လာကြကုန်သည်ရှိသော် ကောင်းစွာလှတ်အပ်သော ညှို့ခုနစ်ချောင်းရှိ၍ သာယာသောအသံရှိသော စောင်းကိုတီးလျက် တပ်နှစ်သက်ဖွယ်ရာနှင့်ယှဉ်သော သီချင်းတို့ကို သီဆိုသည်

http://www.dhammadownload.com

ဖြစ်၍ သီချင်းသံဖြင့် ထိုမိန်းမတို့တွင် တစ်ယောက်သောမိန်းမကို သီလပျက်ခြင်းသို့ ရောက်စေလျက် လွန်ကျူး၍ ကျင့်ခြင်းကိုပြုပြီးကာ ထိုလောင်းတမ်းပြုသော သေသောက်တို့ကို အသပြာတစ်ထောင် ရှုံးစေ၏။

အကျင့်ပျက်မိန်းမ၏ ယောကျ်ားထံ သတင်းပို့

ထိုသေသောက်ကြူးတို့သည် အသပြာတစ်ထောင် ရှုံးကုန်သည်ဖြစ်၍ ထိုမိန်းမ၏လင်ယောကျ်ားအား ပြောကြားကြကုန်၏။ ထိုအခါ လင်ဖြစ်သူသည် ထိုမိန်းမကို မေးမြန်းလေ၏။ အဘယ်သို့ မေးမြန်းသနည်းဟူမူကား "အကြင်သို့သော အခြင်းအရာဖြင့် ငါ့အား ထိုယောကျ်ားတို့သည် ပြောဆိုကြကုန်၏။ သင်သည် ဤသို့ သဘောရှိသလော" ဟု မေးမြန်းလေ၏။

လိမ်ညာ၍ ကျိန်စာဆိုကြပုံ

ထိုမိန်းမသည် "ကျွန်ုပ်သည် ဤသို့သဘောရှိသည်ကို မသိရပါ" ဟု ငြင်းပယ်၍ လင်ယောကျ်ားသည် မယုံကြည်သည်ရှိသော် အနီးဌာနတည်သော ခွေးကိုပြ၍ ဤသို့ ကျိန်ဆိုခြင်းကို ပြု၏။ "ငါသည် ထိုသို့ သဘောရှိသော ယုတ်မာညစ်ကျူးမကောင်းမှုကို အကယ်၍ ပြုမိသည်ဖြစ်အံ့၊ နားရွက်ပြတ်သော ဤခွေးနက်သည် ဖြစ်လေရာဘဝ၌ ငါ့ကို စားပါစေသတည်း" ဟု ကျိန်ဆို၏။ ဤမှတစ်ပါးလည်း ဖြစ်သော မိန်းမငါးရာတို့၏လည်း "ထိုမိန်းမ လွန်ကျူး၍ ကျင့်သည်ကို သိကြကုန်သလော၊ ဤမိန်းသည် ထိုသို့ သဘောရှိသော ယုတ်မာသောအမှုကို ပြုသလော၊ သို့မဟုတ် မပြုသလော" ဟု မေးမြန်းအပ်ကုန် သည်ရှိသော် "ငါတို့သည် ဤသို့သဘောရှိသော အမှုကို မသိကြကုန်" ဟု လိမ်လည်ပြောဆိုပြီးလျှင် "ငါတို့သည် အကယ်၍ သိသည်ဖြစ်ကုန်အံ့ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း ထိုမိန်းမ၏ကျွန်မတို့သည်သာလျှင် ဖြစ်ကြရပါစေသား" ဟု ကျိန်ဆိုခြင်းကို ပြုကြကုန်၏။

အကျင့်ပျက်အမျိုးသမီး ကွယ်လွန်၍ ပြိတ္တာဖြစ်ခြင်း

ထိုအခါ လွန်ကျူး၍ကျင့်သော် မိန်းမသည် ထိုနှလုံးမသာယာခြင်းဖြင့်သာလျှင် ပူလောင်အပ်သော နှလုံးရှိသည်ဖြစ်၍ ပိန်ကြုံခြောက်ကပ်ပြီးလျှင် မကြာပင်လျှင် သေဆုံးရှာ၍ ဟိမဝန္တာတောင်မင်း၌ အိုင်ကြီးခုနစ်အိုင်တို့တွင် တစ္ဆေအပါအဝင်ဖြစ်သော ကဏ္ဍမုဏ္ဍာအိုင်၏ ကမ်းပါး၌ ဒီမာန်ရှင်ပြိတ္တာမ ဖြစ်လေ၏။ ထိုပြိတ္တာမ၏ ဒီမာန်အနီးဌာနလည်း ကဲ့၏အကျိုး ခံစားခြင်းငှာ လျောက်ပတ်သော တစ်ခုသော ရေကန်သည် ရှိလေ၏။

http://www.dhammadownload.com

ඇය ඔවුන්ට ඉදිරියෙන් ගියේ ඔවුන්ගේ ආරක්ෂාව සඳහා ය.

http://www.dhammadownload.com

http://www.dhammadownload.com

လိမ်ညာကျိန်ဆိုမှု၏အကျိုး

ကြွင်းသော မိန်းမငါးရာတို့သည်လည်း သေလွန်ကြကုန်၍ ကျိန်ဆိုသော မကောင်းမှုကံ၏ အစွမ်းကြောင့် ထိုမိန်းမ၏ ကျွန်မတို့သာ ဖြစ်ကြကုန်၏။

နေ့စဉ် ညအခါ ဒုက္ခခံရပုံ

ထိုပြိတ္တာမသည် ထိုအရပ်၌ ရှေးကပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံ၏ အကျိုးကြောင့် နေ့ခင်းအဖို့ နတ်စည်းစိမ်ချမ်းသာ အဖြာဖြာကိုခံစား၍ ညဉ့်ထက်ဝက်၌ မကောင်းမှုကံကျိုးသည် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍ အိပ်ရာမှထ၍ ရေကန်၏ကမ်းပါးသို့ သွားလေ၏။ ထိုအရပ်၌ သွားသောမိန်းမကို ဆင်ငယ်ပမာဏ ရှိသော ထက်မြက်ရှည်လျားသည့် သွားအစွယ်, ရှားမီးကျီးစုနှင့်တူသည့် မျက်လုံး၊ မပြတ်မလပ်ဖြစ်သော လျှပ်စစ်ရောင် စပ်ယှက်နေသကဲ့သို့သော လျှာ၊ ကြွေခိုင်ထက်မြက်သော လက်သည်း၊ ကြမ်းကြုတ်၍ မည်းညစ်သော အမွေး၊ ကြောက်လန့်ဖွယ်ရာ အဆင်းရှိသော နားရွက်ပြတ်သော ခွေးနက်တစ်ကောင်သည် ထိုရေကန်မှလာ၍ ထိုနေရာမြေအပြင်၌ကျ၍ အလွန်ငတ်မွတ်ခြင်းသည် နှိပ်စက်အပ်သကဲ့သို့ လွမ်းမိုးနှိပ်စက်၍ ခဲစားလျက် အရိုးစုမျှသာ ရှိသည်ကိုပြုလျက် သွားတို့ဖြင့် ကိုက်ချီ၍ ရေကန်၌ ပစ်ချပြီးလျှင် ပျောက်ကွယ်လေ၏။ ထိုမိန်းမသည်လည်း ရေကန်၌ ချလိုက်သည်နှင့် တစ်ပြိုင်နက်ပင်လျှင် ပကတိသော ရုပ်အဆင်းကို ဆောင်သည်ဖြစ်၍ ဗိမာန်သို့တက်၍ အိပ်ရာ၌ အိပ်လေ၏။ ဤမှတစ်ပါးသော မိန်းမတို့အား ထိုမိန်းမ၏ ကျွန်မအဖြစ်သို့ ရောက်ခြင်းသည်ပင်လျှင် ယင်းတို့၏ ဆင်းရဲဒုက္ခခံစားရခြင်းပင် ဖြစ်ကုန်၏။ ထိုမှတပါး ခံစားစရာဟူ၍ မရှိပေ။ ဤသို့လျှင် ထိုအရပ်၌ နေကုန်သော မိန်းမတို့အား အနှစ်ငါးရာငါးဆယ်တို့သည် ကျော်လွန်ကုန်၏။

ကျားနှင့်ဝေး၍ မတို့ငြိုးငွေ့ကြပုံ

ထိုအခါ ယောကျ်ားတို့နှင့် ကင်းကွာ၍ နတ်စည်းစိမ်ကို ခံစားနေရကုန်သော ထိုမိန်းမတို့အား စိတ်မချမ်းမြေ့ ပျင်းရိငြီးငွေ့ခြင်းတို့သည် ဖြစ်လာကြကုန်၏။ ထိုအရပ်၌လည်း ကဏ္ဍမုဏ္ဍအိုင်မှထွက်သော တောင်ခေါင်းဖြင့်လာ၍ ဂင်္ဂါမြစ်သို့ စီးဝင်သော တစ်ခုသောမြစ်သည် ရှိ၏။ ထိုမိန်းမတို့နေရာအရပ်၏ အနီး၌လည်း တစ်ခုသော နတ်၌ဖြစ်သော အသီးရှိကုန်သော သရက်ပင်တို့ဖြင့် လည်းကောင်း၊ ပိန္နဲ၊ တောင်ပိန္နဲ စသည်တို့ဖြင့်လည်းကောင်း တင့်တယ်လှစွာသော အရံနှင့်တူသော ဘောအရပ်သည် ရှိလေ၏။

http://www.dhammadownload.com

ကျားနှင့်တွေ့ရန် မတိုက်ခြင်း

ထိုမိန်းမတို့သည် ဤသို့ အညီအညွတ် ကြံစည်ကြကုန်၏။ အဘယ်သို့ ကြံစည်ကြကုန်သနည်းဟူမူ "ယခု ငါတို့သည် ဤသရက်သီးတို့ကို ဤမြစ်ထဲ၌ ပစ်ချကုန်အံ့၊ ဤသို့ ပစ်ချကုန်သည်ရှိသော် ဤသရက်သီးကိုမြင်၍ အသီး၌ တပ်မက်သဖြင့် တစ်စုံတစ်ယောက်သော ယောကျ်ားသည် ဤ ငါတို့နေရာအရပ်သို့ လာကောင်း လာလိမ့်မည် ထင်သည်။ ထိုယောကျ်ားနှင့်တကွ မွေ့လျော်ပျော်ပါးကြကုန်အံ့" ဟု ကြံစည်ကြကုန်၏။

နတ်သရက်သီး ရေမှာမျှော

ထိုမိန်းမတို့သည် ထိုကြံစည်သည့်အတိုင်းပင် သရက်သီးတို့ကို မြစ်ထဲသို့ ပစ်ချခြင်းကို ပြုလုပ်ကြကုန်၏။ ထိုမိန်းမတို့သည် ပစ်ချအပ်ကုန်သော အချို့သော သရက်သီးတို့ကို ရသေ့တို့သည် ယူကြကုန်၏။ အချို့သော သရက်သီးတို့ကို တောမုဆိုးတို့သည် ယူကြကုန်၏။ အချို့သော သရက်သီးတို့သည် ကျီးတို့သည် ထိုးဖေါက်သဖြင့် ပျက်စီးကုန်၏။ အချို့သော သရက်သီးတို့သည် ကမ်းပါး၌ ငြိကပ်၍ တင်နေကြကုန်၏။ တစ်လုံးသော သရက်သီးသည်ကား ဂင်္ဂါမြစ်၏ ရေအယဉ်သို့ရောက်ကာ အစဉ်အားဖြင့် ဗာရာဏသီပြည်၏အနီးသို့ ရောက်လေ၏။

မင်းထံရောက် သရက်သီး အကျဉ်းသားကိုကျွေးပြီး စမ်းသပ်ခြင်း

ထိုအခါ၌ ဗာရာဏသီမင်းသည် သံကွန်ရက် အခြံအရံဖြင့် ဂင်္ဂါမြစ်၌ ရေချိုးလေ၏။ ထိုအခါ ထိုသရက်သီးသည် မြစ်ရေအယဉ်ဖြင့် မျောသည်ရှိသော် အစဉ်အားဖြင့်လာ၍ သံကွန်ရက်၌ ငြိလေ၏။ အဆင်းအနံ့ အရသာနှင့် ပြည့်သော သရက်သီးကြီးကိုမြင်၍ မင်းချင်းယောကျ်ားတို့သည် မင်းအား ဆက်သ ကြကုန်၏။ မင်းသည် ထိုသရက်သီး၏ တစ်စိတ်တစ်ဒေသကို လှီးယူ၍ စုံစမ်းခြင်းငှာ အချုပ်ထောင်၌ ဘည်နေသော ခိုးသူအကျဉ်းသား တစ်ယောက်အား စားဖို့ရာ ပေးစေ၏။

နတ်သရက်သီးဖြစ်နိုင်ပုံ ခိုးသူသံတော်ဦးတင်

ခိုးသူသည် ထိုသရက်သီးကိုစားပြီးလျှင် "အရှင်မင်းမြတ် ကျွန်တော်သည် ဤသို့သဘောရှိသော သရက်သီးကို ရှေးက တစ်ခါမျှ မစားအပ်ဖူးပါ၊ ဤသရက်သီးသည် 'နတ်သရက်သီး' ဟု ထင်ပါသည်" ဟု လျှောက်တင်လေ၏။

သရက်သီး၏အစွမ်း

မင်းသည် တစ်ဖန်လည်း ထိုသရက်သီး၏ အပိုင်းတစ်ပိုင်းကို ခဲ့ပေးလေ၏။

http://www.dhammadownload.com

ခိုးသူသည် ထိုသရက်သီးကိုစား၍ အရေတွန့်ခြင်း၊ ဆပင်ဖြူခြင်း မရှိသော အတိုင်း ထက်အလွန် စိတ်နှလုံးကို ဆောင်တတ်သောအရွယ်၌ တည်သောသူကဲ့သို့ ဖြစ်လေ၏။

နတ်သရက်သီးရှိရာ ခုံစမ်းစေခြင်း

ထို ခိုးသူကိုမြင်၍ မင်းသည် အံ့သြဖွယ်ရှိသည်ဖြစ်၍ ထိုသရက်သီးကို စားတော်မူ၍ ကိုယ်ခန္ဓာ ထူးခြားခြင်းကိုရ၍ လူတို့ကို မေးမြန်းလေ၏။ ဘယ်သို့ မေးသနည်းဟူမူကား "အဘယ်အရပ်၌ အဘယ်သို့သော သဘောရှိသော နတ်သရက်သီးတို့သည် ရှိကုန်သနည်း" ဟု မေးသည်ရှိသော် လူတို့သည် "အရှင်မင်းမြတ် ဟိမဝန္တာတောင်မင်း၌ ရှိကြောင်း ကြားဖူးကြပါသည်" ဟု လျှောက်တင်ကြကုန်၏။ "အမောင်တို့ ထိုသရက်သီးတို့ကို ယူဆောင်ခြင်းငှာ စွမ်းနိုင်ကြပါအံ့လော" ဟု မေးလေ၏။ "အရှင်မင်းမြတ် တောမုဆိုးတို့သည် သိကုန်ပါ၏" ဟု လျှောက်တင်ကြကုန်၏။

မင်းသည် တောမုဆိုးတို့ကိုခေါ်စေ၍ တောမုဆိုးတို့အား ထိုအကြောင်းကို ပြောကြားပြီး ထိုမုဆိုးနှင့် တိုင်ပင်၍ ပေးသင့်သော တစ်ယောက်သော တောမုဆိုးအား အသပြာတစ်ထောင်ကိုပေး၍ ထိုဟိမဝန္တာသို့ လွှတ်လိုက်လေ၏။ အဘယ်သို့ ပြောဆိုလွှတ်လိုက်သနည်းဟူမူကား "သွားချေ၊ လျင်မြန်စွာ ထိုသရက်သီးကို ဆောင်ယူ၍ ငါ့အား ဆက်သလော့" ဟုပြော၍ လွှတ်လိုက်လေ၏။

သရက်သီးရှာ မုဆိုး ရသေ့တို့နှင့်တွေ့ပုံ

ထိုအခါ မုဆိုးသည် အသပြာတစ်ထောင်ကို သားမယားအား ပေးခဲ့၍ ခရီးရိက္ခာတို့ကိုယူ၍ ဂင်္ဂါမြစ်၏အထက် ကဏ္ဍမုဏ္ဍအိုင်သို့ ရှေ့ရှုသွားပြီးလျှင် လူတို့သွားရာ ခရီးကိုလွန်၍ ကဏ္ဍမုဏ္ဍအိုင်မှ အဝေးယူဇနာ ခြောက်ဆယ်ပမာဏရှိသော အရပ်၌ ရသေ့တစ်ပါးကိုမြင်၍ ထိုရသေ့ ပြောဆိုညွှန်ကြားအပ်သော ခရီးလမ်းဖြင့် သွားသည်ရှိသော် တစ်ဖန် ယူဇနာသုံးဆယ် ပမာဏရှိသောအရပ်၌ ရသေ့တစ်ပါးကို တွေ့မြင်ပြန်၍ ထိုရသေ့ ညွှန်ပြအပ်သော ခရီးလမ်းဖြင့် သွားသည်ရှိသော် တစ်ဖန် တစ်ဆယ့်ငါးယူဇနာပမာဏရှိသောအရပ်၌ ရသေ့တစ်ပါးကို တွေ့မြင်ပြန်၍ ထို ရသေ့အား မိမိလာခဲ့ရသော အကြောင်းကို ပြောကြားလေ၏။

ရသေ့ညွှန်ပြ၍ သရက်တောသို့ မုဆိုးရောက်ခြင်း

ရသေ့သည် "ဤအရပ်မှစ၍ ဤဂင်္ဂါမြစ်ကြီးကို ပယ်စွန့်ပြီးလျှင် မြစ်ငယ်ကလေးကို အမှီပြု၍ ရေညာဘက်သို့ လိုက်သွားသည်ရှိသော် အကြင်အခါ၌ တောင်ခေါင်း

http://www.dhammadownload.com

တွေ့မြင်လတ္တံ့၊ ထိုအခါမှစ၍ ညဉ့်၌ မီးရှူးမီးစည်းကိုယူ၍ သွားလေလော့၊ ဤမြစ်သည်လည်း ညဉ့်အခါ၌ ရေစီးခြင်းမရှိ၊ သွားခြင်းငှာ သင့်မြတ်သည် ဖြစ်၏၊ နှစ်ယူဇနာ သုံးယူဇနာကို လွန်သဖြင့် ထိုသရက်ပင်ကို မြင်ရလတ္တံ့.” ဟု ပြောဆိုညွှန်ပြလေ၏။ ထိုမုဆိုးသည် ထိုရသေ့ပြောဆို ညွှန်ကြားသည့်အတိုင်းပြု၍ နေထွက်သည်ရှိသော် အထူးထူးအဖြာဖြာ ရတနာရောင်တို့ဖြင့် တောက်ပြောင်သော မြေအဖို့ရှိသော အသီးတည်းဟူသော ဝန်ဖြင့် ညွတ်ကိုင်းလျက် အခက်တည်းဟူသော ဗိတာန်မျက်နှာကြက်ရှိသော သစ်ပင်အပေါင်းတို့ဖြင့် တင့်တယ်သော ဟသ်၊ ကြိုးကြာ၊ သာလိကာ၊ ရွှေပြည်စိုး၊ စက္ကဝက် စသော အတူးထူးအပြားပြားသော ငှက်အပေါင်းတို့ဖြင့် ရင့်ငြောင်းသာယာ မြည်တွန်အပ်သော အသံရှိသော စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သော သရက်တောသို့ ကောင်းမွန်စွာ ရောက်လေ၏။

သရက်သီးရှာသူမုဆိုး ပြိတ္တာမတို့နှင့်တွေ့ပုံ

ထိုအခါ ပြိတ္တာမတို့သည် အဝေးမှပင်လျှင် လာသည့်ယောကျ်ားကို မြင်၍ “ဤယောကျ်ားသည် ငါ သိမ်းဆည်းအပ်သော ယောကျ်ားတည်း၊ ငါ့ယောကျ်ားတည်း” ဟု ဆိုကြပြီးကာ အနီးသို့ ပြေးလာကြကုန်၏။ တောမုဆိုးသည်ကား ထိုမိန်းမတို့နှင့် တကွ ထိုအရပ်၌ နတ်စည်းစိမ်ကို ခံစားခြင်းငှာ သင့်လျော်သော ကုသိုလ်ကောင်းမှုမပြုမိခဲ့သည်၏ အဖြစ်ကြောင့် ထိုမိန်းမတို့ကိုမြင်လျှင်ပင် ကြောက်လန့်ပြီး ဟစ်အော်မြည်တမ်း ပြေးရှာ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ရောက်၍ ထိုအကြောင်းကို မင်းအား သံတော်ဦး တင်လေ၏။

ဗာရာဏသီမင်းကြီး မုဆိုးနှင့်အတူ လိုက်ပါသွားခြင်း

မင်းသည် ထိုစကားကိုကြား၍ ထိုမိန်းမတို့ကို ကြည့်ရှုခြင်းငှာလည်းကောင်း, သရက်သီးတို့ကို စားခြင်းငှာလည်းကောင်း ကောင်းစွာဖြစ်သော တောင့်တခြင်းရှိသည်ဖြစ်၍ တိုင်းပြည်၏တာဝန်ကို အမတ်တို့အား လွှဲအပ်ခဲ့၍ သမင်တောသို့ သွားချင်ယောင်ဆောင်သဖြင့် ကောင်းစွာဖွဲ့အပ်သော လေး,တောင့်ရှိသည်ဖြစ်၍ သန်လျက်ကိုလွယ်၍ လူနှစ်ယောက်သုံးယောက် ခြံရံကာ ထိုလူတို့နှင့်ပင် တောမုဆိုးသည် ညွှန်ပြအပ်သော လမ်းခရီးဖြင့်သွား၍ နှစ်ယူဇနာ သုံးယူဇနာ ကွာခြားသောအရပ်၌ ပါလာသော လူတို့ကိုလည်း ထားခဲ့ပြီးလျှင် တောမုဆိုးကိုသာခေါ်၍ အစဉ်အတိုင်းသွားကာ ထိုမုဆိုးကိုလည်း ထိုအရပ်မှ ပြန်စေ၍ နေထွက်သည်ရှိသော် သရက်တောသို့ ဝင်လေ၏။

http://www.dhammadownload.com

မင်းကြီးအား ပြိတ္တာမတို့ လုပ်ကျွေးခစားကြခြင်း

ထိုအခါ မင်းကို ဗိမာန်ရှင် ပြိတ္တာမတို့သည် အသစ်ဖြစ်ပေါ်လာသော နတ်သားကို မြင်ရသကဲ့သို့ ခရီးဦးကြိုဆို၍ 'မင်းတည်း' ဟု သိ၍ ကောင်းစွာဖြစ်သော ချစ်ခြင်း၊ များစွာဖြစ်သော မြတ်နိုးခြင်း ရှိကုန်သည်ဖြစ်၍ ရိုသေစွာ ရေချိုးစေ၍ နတ်၌ဖြစ်ကုန်သော အဝတ်တန်ဆာ၊ ပန်း၊ နံ့သာပျော်းတို့ဖြင့် ကောင်းစွာတင့်တယ်ဖွယ်ဖွယ်ရာရာ တန်ဆာဆင်မှုကို ပြုပြီးလျှင် ဗိမာန်သို့တက်စေ၍ အထူးထူးအဖြာဖြာ ကောင်းမွန်စွာ အရသာရှိသော နတ်ဘောဇဉ်ကို ကျွေးမွေးလျက် ထိုမင်း၏ အလိုအားလျော်စွာ ဆည်းကပ်ခစားကြကုန်၏။

ပြိတ္တာမအကြောင်း မင်းကြီးစုံစမ်းပုံ

ထိုအခါ အနှစ်တစ်ရာ့ငါးဆယ် ကျော်လွန်သည်ရှိသော် မင်းသည် ညဉ့်သန်းခေါင်ယာမ်အခါ၌ အိပ်ရာမှထ၍နေစဉ် လင်ကို လွန်ကျူးခဲ့သည့် မိန်းမ ရေကန်သို့ သွားသည်ကို မြင်၍ "အဘယ်ကြောင့် ဤမိန်းမသည် ဤအချိန်၌ သွားရသနည်း" ဟု စုံစမ်းလိုသည်ဖြစ်၍ နောက်မှ အစဉ်လိုက်လေ၏။ ထိုအခါ ထိုအရပ်သို့ သွားသော မိန်းမကို ခွေးသည် ခဲစားအပ်သည်ကို မြင်၍ "ဤအကြောင်းကား အသို့နည်း" ဟု မသိသည်ဖြစ်၍ သုံးရက်တို့ပတ်လုံး စုံစမ်းဆင်ခြင်၍ "ဤခွေးကြီးသည် ဤမိန်းမ၏ ရန်သူဖြစ်လတ္တံ့" ဟု နှလုံးပြု၍ သွေးအပ်ပြီးသောမြှားဖြင့် ပစ်ခတ်၍ ဇီဝိတိန္ဒြေမှ ကျစေ၍ ထိုပြိတ္တာမကိုလည်း ရိုက်ပုတ်၍ ရေကန်သို့ ဆင်းစေပြီးလျှင် ရအပ်သော ရွှေးပကတိရုပ်သွင်ကို တွေ့မြင်ရ၍ ထိုမိန်မ၏အကြောင်းကို ဤသို့ မေးမြန်းလေ၏။

၃၄၈။ သောဏ္ဍသောပါနဖလကာ၊ သောဏ္ဍဝါဠုကသန္ထတာ။
တတ္ထ သောဂန္ဓိယာ ဝဂ္ဂူ၊ သုစိဂန္ဓာ မနောရမာ။

၃၄၈။ သုဘေ၊ တင့်တယ်လှပ အိုနှမ။ တုယှံ၊ သင်၏။ အယံ ပေါက္ခရဏီ၊ သာယာလှပ အေးမြကြည်လျှံ ဤရေကန်သည်။ ဝါ၊ ကို။ သောဏ္ဍသောပါနဖလကာ၊ ရွှေဖြင့်ပြီးလတ် စောင်းတန်းပျဉ်ချပ် ရှိ၏။သောဏ္ဍဝါဠု သန္ထတာ၊ ရွှေဖြင့်ပြီးသော သဲတို့ဖြင့် ခင်းအပ်၏။ တတ္ထ၊ အေးမြကြည်လျှံ ထိုရေကန်၌။ ဝဂ္ဂူ၊ သာယာပြည့်စုံကောင်းမွန်ကုန်သော။ သုစိဂန္ဓာ၊ ကောင်းမြတ်သော အနံ့ရှိကုန်သော။ မနောရမာ၊ စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော် ဖျော်ဖွယ်ရာ ရှိကုန်သော။ သောဂန္ဓိယာ၊ ညွှန့်ခက်ပွင့်စီ ကြာသိန်နိတို့သည်။ သန္တိ၊ ရှိကုန်၏။

http://www.dhammadownload.com

၃၄၉။ နာနာရုက္ခေဟိ သဉ္ဆန္နာ၊ နာနာဂန္ဓသမေရိတာ။
နာနာပဒုမသဉ္ဆန္နာ၊ ပိဏ္ဍာရိကသမောတတာ။

၃၄၉။ သုဘေ၊ တင့်တယ်လှပ၊ အိုနှမ။ အယံ ပေါက္ခရဏီ၊ ဤရေကန် ကို။ နာနာရုက္ခေဟိ၊ သဲရက်ပိန်နဲ့ တနဲသြဇာ အဖြာဖြာသော သစ်ပင်တို့ဖြင့်။ သဉ္ဆန္နာ၊ ကောင်းစွာစပ်ယှက် ဖုံးလွှမ်းအပ်သည်ဖြစ်၍။ နာနာဂန္ဓသမေရိတာ၊ ထူးထူးဖုံဖုံ ပန်းရနံ့စုံဖြင့် ထက်ဝန်းကျင် လှူပ်ကာ သွားလာတိုးဝှေ့လျက်နေ၏။ နာနာပဒုမသဉ္ဆန္နာ၊ အထူးထူးအပြားပြား အလွန်များစွာ နီသောပဒုမာတို့ဖြင့် ကောင်းစွာဖုံးလွှမ်းလျက်။ ပဏ္ဍာရိကသမောကတာ၊ ပဒုမာကြာဖြူတို့ဖြင့် တလူလူယှက်သန်း ကောင်းစွာရောပြွမ်းစုပေါင်း၍ နေဘိ၏။

၃၅၀။ သုရဘိ သမ္မဝါယန္တိ၊ မနုညာ မာလုတေရိတာ။
ဟံသကောဥ္စာဘိရုဒါ စ၊ စက္ကဝက္ကာဘိကူဇိတာ။
၃၅၁။ နာနာဒိဇဂဏာကိဏ္ဏာ၊ နာနာသရဂဏာယုတာ။
နာနာဖလဓရာ ရုက္ခာ၊ နာနာပုပ္ဖဓရာ ဝနာ။

၃၅၀-၃၅၁။ ဘဒ္ဒေ၊ ကောင်းစွာတင့်တယ်ချစ်ဖွယ်သော အိုံ အမျိုးသမီး။ အယံ ပေါက္ခရဏီ၊ ဤရေကန်သည်။ ဝါ၊ ကို။ မနုညာ၊ စိတ်မှာရွှင်မြူး ကြည်နူးမျက် လွန်စွာနှစ်သက်အပ်သည်။ မာလုတေရိတာ၊ လေချိုလေညင်း တိုက်ခတ်သွင်းသဖြင့် ကိုင်းချင်းထိခတ် လှုပ်ရှားအပ်သည်ဖြစ်၍။ သုရဘိ၊ မွေးကြိုင်သင်းပျံ့ကောင်းသောအနံ့ကို။ သမ္မဝါယန္တိ၊ တသုန်သုန်ပြိုင် ဒေဝီမြို့ဧမို့ ကောင်းစွာလိုင်စေ၏။ ဟံသကောဥ္စာဘိရုဒါစ၊ ဟသ်၊ ကြိုးကြာ ငှက်များစွာတို့ လွန်စွာပျော်မြူးတွန်ကျူးအပ်သည်လည်းကောင်း။ စက္ကဝက္ကာဘိကူဇိတာ၊ စက္ကဝတ်ငှက်အပေါင်းတို့ ညိမ့်ငြောင်းသာယာ လွန်စွာကျူးရင့်အပ်သည်လည်းကောင်း။ နာနာဒိဇဂဏာကိဏ္ဏာ၊ အထူးထူးသော ငှက်အပေါင်းတို့ဖြင့် သောင်းပြောင်းထွေးယှက် ရောပြွမ်းလျက်ရှိ၏။ နာနာသရဂဏာယုတာ၊ အထူးထူးအဖြာဖြာ ငှက်များစွာတို့ သာယာရင့်ကြောင်း အသံပေါင်းတို့ဖြင့် သောင်းသောင်းမလတ် ယှဉ်စပ်လျက်ရှိ၏။ တတ္ထ၊ တင့်တင့်တယ်တယ် ပျော်ဖွယ်ရာမှန် ထိုရေကန်၌။ နာနာဖလဓရာ၊ အထူး ထူးအပြားပြား သစ်သီးများကို ဆောင်ကုန်သော။ ရုက္ခာ၊ စိမ်းလန်းစိုရွှင် သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်၏။ နာနာပုပ္ဖဓရာ နာနာပုပ္ဖဓရာနိ၊ အထူးထူးအဖုံဖုံ အပွင့်ကို ဆောင်ကုန်သော။ ဝနာ ဝနာနိ၊ သာယာစိမ်းရွှင် တောဥယျာဉ်တို့သည်။ သန္တိ၊ ရှိကုန်၏။

http://www.dhammadownload.com

မြို့နှင့် ဘုံနန်းပြာသာဒ်၏ တင့်တယ်ပုံ

၃၅၂။ နု မနုဿေသု ဤဒိသံ၊ နဂရံ ယာဒိသံ ဣဒံ။
ပါသာဒါ ဗဟုကာ တုယှံ၊ သောဝဏ္ဏရူပိယာမယာ။
ဒဒ္ဒလ္လမာနာ အာဘေန္တိ၊ သမန္တာ စတုရော ဒိသာ။

၃၅၂။ ဘဒ္ဒေ၊ ရူမငြိုးဖွယ် အို နှမငယ်။ တဝ၊ သင် အမျိုးသမီး၏။ ဣဒံ နဂရံ၊ သာယာရွှင်ပျော် ဤမြို့တော်သည်။ ယာဒိသံ၊ အကြင်သို့သော သဘောရှိ၏။ ဤဒိသံ၊ ဤသို့ သဘောရှိသော မြို့သည်။ မနုဿေသု၊ လူတို့ဌာန လူ့ပြည်လောကတို့၌။ နအတ္ထိ၊ မရှိနိုင်ပေ။ တုယှံ၊ လှပတင့်တယ် ရူဖွယ်မငြိုး သင်အမျိုးသမီး၏။ သောဝဏ္ဏရူပိ ယာမယာ၊ ရွှေငွေရတနာ အဖြာဖြာတို့ဖြင့် ပြီးကုန်သော။ ဗဟုကာ၊ များစွာကုန်သော။ ပါသာဒါ၊ ဘုံဆင့်ထပ်ထပ် နန်းပြာသာဒ်တို့သည်။ သမန္တာ၊ ဝန်းကျင်လှည့်ကာ ပတ်ပတ်ချာမှု။ စတုရောဒိသာ၊ လေးဖက်ဒိသာ ရပ်မျက်နှာတို့ကို။ ဒဒ္ဒလ္လမာနာ၊ အဆန်းတကြယ် အလွန်တင့်တယ်ကုန်သည်ဖြစ်၍။ အာဘေန္တိ၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ကာ ထွန်းလင်းတောက်ပစေကုန်၏။

အလုပ်အကျွေး များပြားပုံ

၃၅၃။ ပဋ္ဌ ဒါသိသတာ တုယှံ၊ ယာ တေ' မာ ပရိစာရိကာ။
တာ ကမ္မုကာယူရဓရာ၊ ကဋ္ဌနာဝေဋ္ဌဘူသိတာ။

၃၅၃။ သုဘေ၊ တင့်တယ်လှပ ချိုးကျယဉ်ယဉ် မြိုင်ကြီးရှင်။ တေ၊ သင် မြိုင်ကြီးရှင်၏။ ပရိစာရိကာ၊ အနီးသို့ကပ် လုပ်ကျွေးတတ်ကုန်သော။ ယာ ဣမာ ပဋ္ဌဒါသိသတာ၊ မြားမြောင်လှစွာ အကြင်ငါးရာသော ကျွန်မတို့သည်။ သန္တိ၊ ရှိကုန်၏။ တုယှံ၊ သင်၏။ တာ ပဋ္ဌဒါသိသတာ၊ အလုပ်အကျွေးဖြစ်ရာ ထိုငါးရာသော ကျွန်မတို့သည်။ ကမ္မုကာယူရဓရာ၊ ခရုသင်းလက်ကောက် ပြောင်တောက်ပဝင်းခြေကျင်းကို ဆောင်ကုန်သည်။ ကဋ္ဌနာဝေဋ္ဌဘူသိတာ၊ ရွှေဖြင့်ပြီးသော ဦးဆောက်ပန်းတို့ဖြင့် ဆင်ယင်ထုံးဖိ ဆံပင်လက်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပလ္လင်၏ တင့်တယ် ဆန်းကြယ်ပုံ

၃၅၄။ ပလ္လင်္ကော ဗဟုကာ တုယှံ၊ သောဝဏ္ဏရူပိယာမယာ။
ကဒလိမိဂသဉ္ဆန္နာ၊ သန္ထာ ဂေါနကသန္ထတာ။

၃၅၄။ သုဘေ၊ မြင့်သူငေးရအောင် လှပတင့်တယ် မြိုင်ကြီးမယ်။ တုယှံ၊ သင့်အား။ သောဝဏ္ဏရူပိယာမယာ၊ ရောင်ဝါဝင့်ဝင့် ရွှေဖြင့်ပြီးကုန်သော။ ကဒလိ

http://www.dhammadownload.com

မိဂသဉ္ဇနာ၊ အဆန်းတကြယ် တင့်တယ်အဆင်း ဝံပိုင်ရေအခင်းဖြင့် ဖြန့်ကျင်းလွှမ်းထပ် ခင်းထားအပ်ကုန်သော။ သဖွာ၊ အထူးပြင်ဆင် ကောင်းစွာစီရင် အပ်ကုန်သော။ ဂေါနကသန္ဆတာ၊ အမွေးရှည်သော ကော်ဇောလွှမ်းထပ် ခင်းကျင်းအပ်ကုန်သော။ ဗဟုကာ၊ များစွာကုန်သော။ ပလ္လင်္ကာ၊ ပန်းပြောက်ပန်းနွယ် အသွယ်သွယ်ဖြင့် ဆန်းကြယ်ကောင်းမွန် သလွန်တို့သည်။ သန္တိ၊ ရှိကုန်၏။

အမျိုးသမီး၏ ဖြစ်ပုံပျက်ပုံ အကြောင်းစုံ

၃၅၅။ ယတ္ထ တုဝံ ဝါသူပဂတာ၊ သဗ္ဗကာမသမိဒ္ဓိနီ။
သမ္ဗတ္တာယမုရတ္တာယ၊ တတော ဥဋ္ဌာယ ဂစ္ဆသိ။

၃၅၅။ သုဘေ၊ လှပစွာဆန်း မြိုင်နန်းပျော်မှီ နတ်ဒေဝီ။ တုဝံ၊ သင်သည်။ ယတ္ထ၊ အကြောင် ပလ္လင်တို့၌။ ဝါသူပဂတာ၊ အိပ်စက်မယွင်း ပျော်နေခြင်းသို့ ကပ်ရောက်သည်။ သဗ္ဗကာမသမိဒ္ဓိနီ၊ ခပ်သိမ်းဥဿုံ လုံးစုံကာမ လိုတိုင်းပြည့်ဝသည် ဖြစ်ပါလျက်။ အမုရတ္တာယ၊ သန်းခေါင်ခေါလျက် ညဉ့်ထက်ဝက်သို့။ သမ္ဗတ္တာယ၊ အမှန်တိတိ ရောက်သည်ရှိသော်။ တတော၊ ထို တင့်တယ်လှစွာ သာယာပျော်ရွှင် အိပ်စက်ရာပလ္လင်မှ။ ဥဋ္ဌာယ၊ ထခဲ့၍။ ဂစ္ဆသိ၊ ဘယ်သို့ကြွတွေး ဘယ်အရေးကြောင့် မနေးလျင်စွာ သွားရပါသနည်း။

၃၅၆။ ဥယျာနဘူမိ ဂန္တွာန၊ ပေါက္ခရညာ သမန္တတော။
တသာ တီရေ တုဝံ ဌာသိ၊ ဟရိတေ သဒ္ဒလေ သုဘေ။

၃၅၆။ သုဘေ၊ လှပတင့်တယ် ရှုဖွယ်မငြီး အမျိုးသမီး။ တုဝံ၊ သင်သည်။ ဥယျာနဘူမိ၊ ဥယျာဉ်မြေသို့။ ဂန္တွာန၊ သွားရောက်၍။ တသာ ပေါက္ခရညာ၊ ရှုချင်စဖွယ် လွန်တင့်တယ်သည့် ပျော်ဖွယ်အမှန် ထိုရေကန်၏။ သမန္တတော၊ ဝန်းကျင်လှည့်ကာ ပတ်ပတ်ချာမှ။ ဟရိတေ၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းဝေဆာ စိမ်းစိုသော အဆင်းရှိသော။ သဒ္ဒလေ၊ ရှုခင်းသာယာ နုပျိုစွာသော မြက်တို့ဖြင့် စပ်ယှက်ကောင်းစွာ ဖုံးလွှမ်းအပ်ပါသော။ တီရေ၊ သာယာခမ်းနား ကန်ကမ်းနား၌။ ဌာသိ၊ ညဉ့်စဉ့် မသွေ ရပ်တည်နေဘိ၏။

၃၅၇။ တတော တေ ကဏ္ဏမုဏ္ဏော သုနခေါ၊ အင်္ကမင်္ကိနီ ခါဒတိ။
ယဒါ စ ခါယိတာ အာသိ၊ အဋ္ဌသဓံလိကာ ကတာ။
ဩဟာဟသီ ပေါက္ခရဏီ၊ ဟောတိ ကာယော ယထာ ပုရေ။

၃၅၇။ တတော၊ ထို့သို့ကောင်းစွာ ရပ်တည်ပြီးသောအခါမှ။ ကဏ္ဏမုဏ္ဏော၊

http://www.dhammadownload.com

ပြတ်သောနားရွက်ရှိသော။ သုနခေါ၊ ကြောက်ဖွယ်ခမန်း ကြမ်းတမ်းသော ခွေးသည်။ တေ၊ သင်၏။ အင်္ဂါမင်္ဂါနိ၊ လှပတင့်တယ် အင်္ဂါကြီးငယ်တို့ကို။ ခါဒတိ၊ မကြည့်ရက်အောင် ရက်စက်လှစွာ ခဲစားပါ၏။ ခါယိတာ၊ အသားမှန်က မကျန်ရအောင် စားအပ်ပြီးသည်။ အဋ္ဌိသခ်ံလိကာ၊ အရိုးစုချည်း ကျန်ရှိသည်တို့ကို။ ကတာ၊ ပြုအပ်ပြီးသည်။ အာသိ၊ ဖြစ်ပြီ။ ယဒါ စ၊ အကြင်အခါ၌လည်း။ တွံ၊ သင်သည်။ ပေါက္ခရဏီ၊ တင့်တယ်လှပ အေးမြကြည်လျှံ နတ်ရေကန်သို့။ ဩဂါဟသိ၊ သက်ဆင်းလိုက်လေ၏။ တဒါ၊ သက်ဆင်းလိုက်ရာ ထိုအခါ၌။ တေ၊ သင်၏။ ကာယော၊ ကိုယ်ခန္ဓာသည်။ ပုရေ ယထာ၊ ခွေးမစားမီ ရှေး ရုပ်ရည်ကဲ့သို့။ ဟောတိ၊ ရှုမငြီးဖွယ် နတ်မိမယ်သို့ တင့်တယ်ရုပ်ဟန် ဖြစ်ပေါ်လာပြန်ပါ၏။

၃၅၈။ တတော တွံ အင်္ဂပစ္စင်္ဂီ၊ သုစာရု ပိယဒဿနာ။
ဝဏ္ဏေန ပါရုပိတွာန၊ အာယာသိ မမ သန္တိကံ။

၃၅၈။ တတော၊ ထိုရေကန်အတွင်း သက်ဆင်းပြီးသည်မှ။ ပရံ၊ နောက်၌။ တွံ၊ သင်သည်။ အင်္ဂပစ္စင်္ဂီ၊ ပြည့်စုံသွယ်သွယ် အင်္ဂါကြီးငယ်ရှိသည်။ သုစာရု၊ အလွန်တင့်တယ် နှလုံးမွေ့လျော်ဖွယ် ရှိသည်။ ပိယဒဿနာ၊ ရှုချင်စဖွယ် တင့်တယ်လှပသည်။ ဟုတွာ၊ ဖြစ်၍။ ဝဏ္ဏေန၊ အသစ်ကြပ်ချုတ် ကိုယ်အဝတ်ဖြင့်။ ပါရုပိတွာန၊ ဖုံးလွှမ်းခြုံ၍။ မမ၊ ငါဘုရင်မင်းမြတ်၏။ သန္တိကံ၊ အတ်ဟော်သို့။ အာယာသိ၊ မဆိုင်းမသွေ လာခဲ့လေ၏။

၃၅၉။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋေန ကတံ။
ကိဿကမ္မဝိပါကေန၊ ကဏ္ဍမုဏ္ဍော သုနခေါ တဝ။
အင်္ဂမင်္ဂါနိ ခါဒတိ။

၃၅၉။ သုဘေ၊ လှပတင့်တယ် မြိုင်ဝယ်ပျော်မှိုး အမျိုးသမီး။ တယာ၊ သင်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိံ ဒုက္ကဋံ၊ အဘယ်သို့ပြု အဘယ်မကောင်းမှုကို။ ကတံ၌၊ ပြုလုပ်အပ်ခဲ့ပါသနည်း။ ကိဿ ကမ္မဝိပါကေန၊ အဘယ်သို့ပြု ဘယ်မကောင်းမှု၏အကျိုးကြောင့်။ ကဏ္ဍမုဏ္ဍော၊ ပြတ်သောနားရွက်ရှိသော။ သုနခေါ၊ ကြောက်ဖွယ်ခမန်း ကြမ်းတမ်းသော ခွေးကြီးသည်။ တဝ၊ သင်၏။ အင်္ဂါမင်္ဂါနိ၊ လှပတင့်တယ် အင်္ဂါကြီးငယ်တို့ကို။ ခါဒတိ၊ ညှဉ်စဉ်မစဲ အမြဲအားဖြင့် ခဲစားရပါသနည်း။

ဤသို့ ထိုမင်းသည် မေးအပ်သည်ရှိသော် ပြိတ္တာမသည် မိမိ၏ ဖြစ်ပျက်ပုံကို မင်းအား အစမှစ၍ ပြောဆိုလိုရကား အောက်ပါ ဂါထာတို့ကို ဆိုလေ၏။

http://www.dhammadownload.com

၃၆၀။ ကိမိလာယဲ ဂဟပတိ၊ သဒ္ဓါ အာသိ ဥပါသကော။
တဿာဟံ ဘရိယာ အသိံ၊ ဒုဿီလာ အတိစာရိနီ။

၃၆၀။ ရာဇ၊ အရှင်မင်းမြတ်။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးရာ ရှေးလူဖြစ်စဉ်အခါက။ ကိမိလာယဲ၊ ကိမိလ ဟု နာမထင်ပေါ် ရွှေမြို့တော်၌။ သဒ္ဓါ၊ ကြည်လင်သော သဒ္ဓါတရားရှိသော။ ဥပါသကော၊ ရတနာသုံးရပ်မြတ်ထက်မြတ်ကို ဆည်းကပ်တတ်သော။ ဂဟပတိ၊ သူကြွယ်သည်။ အာသိ၊ စင်စစ်ဧကန် အမှန်ရှိသည်ဖြစ်ပြီ။ အဟံ၊ ယခုမြင်ရ ကျွန်တော်မသည်။ တဿ၊ ထိုသူကြွယ်၏။ ဒုဿီလာ၊ ဖောက်တိဖောက်ပြန် အမှန်ကင်းပ သီလမရှိသော။ အတိစာရိနီ၊ လင်ကို လွန်ကျူး၍ ကျင့်လေ့ရှိပါသော။ ဝါ၊ ကိုယ့်တွင်ပိုင်ပြီး လင်ကြီးရှိငြား လင်ငယ်ထားသော။ ဘရိယာ၊ အမိုက်ကြီးမား ကြင်ယာမယားသည်။ အာသိံ၊ စင်စစ်မှန်စွာ ဖြစ်ခဲ့ပါ၏။

၃၆၁။ သော မံ အတိစရမာနာယ၊ သာမိကော ဧတဒဗြဝိ။
နေတံ ဆန္နံ ပတိရူပံ၊ ယံ တွံ အတိစရာသိ မံ။

၃၆၁။ ရာဇ၊ အရှင်မင်းမြတ်။ အတိစရ မာနာ ယ၊ လင်ကြီးရှိငြား လင်ငယ်ထားခြင်းကြောင့်။ သော သာမိကော၊ ကျွန်ုပ်ပိုင်ငြား ထိုလင်ယောကျ်ားသည်။ မံ၊ ဖောက်ဖောက်ပြန်ပြန် ဧကန်ပြုလုပ် အကျွန်ုပ်ကို။ ဧတံဝဓေန၊ အစဉ်မေးငြား ဤစကားကို။ အဗြဝိ၊ သွန်သင်ဆုံးမ ပြောဆိုပါ၏။ ကိံ အဗြဝိ၊ ဘယ်သို့ဆုံးမ ပြောဆိုပါသနည်း ဟူမူကား။ ဘဒ္ဒေ၊ အစဉ်ထာဝရ ချစ်ကြွင်ရတဲ့ ချစ်ဧနီး။ မံ၊ ငါ့ကို။ တွံ၊ သင်သည်။ ယံ အတိစရာသိ၊ မိုက်မိုက်ရွဲရွဲ ငါမထူးဟု အကြင်လွန်ကျူး၍ ကျင့်ခဲ့၏။ ဧတံ၊ ဤသို့ လွန်ကျူး၍ ကျင့်ခြင်းသည်။ နံ ပတိရူပံ၊ ဧကန်ဆတ်ဆတ် မလျောက်ပတ်ချေ။ လ္လတိ၊ ဤသို့။ အဗြဝိ၊ သွန်သင်ဆုံးမ ပြောဆိုပါပြီ။

၃၆၂။ သာဟံ ဃောရဉ္စ သပထံ၊ မုသာဝါဒဉ္စ ဘာသိသံ။
နာဟံ တံ အတိစရာမိ၊ ကာယေန ဥဒ ဧတသာ။
၃၆၃။ သစာဟံ တံ အတိစရာမိ၊ ကာယေန ဥဒ ဧတသာ။
ကဏ္ဍမုဇ္ဇောယံ သုနခေါ၊ အင်္ဂမင်္ဂါနိ ခါဒတု။

၃၆၂–၃။ ရာဇ၊ အရှင်မင်းမြတ်။ သာဟံ၊ ထိုအကျွန်ုပ်သည်။ ဃောရံ၊ မကြာ ကောင်းမနာသာ လွန်စွာကြမ်းကြုတ်သော။ သပထဉ္စ၊ ကျိန်တွယ်ပြောကြား ကျိန်စကားကိုလည်းကောင်း။ မုသာဝါဒဉ္စ၊ လိမ်လည်လိုခြင်း ချွတ်ယွင်းဖောက်ပြန်မမှန်ကန်သော စကားကိုလည်းကောင်း။ အဘာသိ၊ ရေရွတ်ပြောဆိုခဲ့ပါပြီ။ ကိံ အဘာသိ၊ အဘယ်သို့ ရေရွတ်ပြောဆိုခဲ့ ပါသနည်း ဟူမူကား။ သာမိ၊ ကျွန်မသခင်

http://www.dhammadownload.com

ငယ်ချစ်လင်။ အဟံ ကျွန်တော်မသည်။ တံ၊ သင် ငယ်ချင်လင်ကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဥဒ၊ ထိုမှတစ်ပါး။ စေတသာ၊ စိတ်ဖြင့်လည်းကောင်း။ နာ အတိစရာမိ၊ ဘယ်အခါမျှ လွန်ကျူးခြင်း မကျင့်ရပါ။ သာမိ၊ ငယ်ကသခင် မေ့ချစ်လင်။ အဟံ၊ ကျွန်တော်မသည်။ တံ၊ ငယ်ကသခင် သင်ချစ်လင်ကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဥဒ၊ ဝိုမှတပါး။ စေတသာ၊ စိတ်ဖြင့်လည်းကောင်း။ သစေ အတိစရာမိ၊ အကယ်၍များ လွန်ကျူးခြင်း ကျင့်မိငြားအံ့။ ဧဝံ သတိ၊ ဟုတ်မှန်တိတိ ဤသို့ လွန်ကျူးခြင်း ကျင့်ခဲ့မိသည်ရှိသော်။ ကဏ္ဍာမုဏ္ဍော၊ ကဏ္ဍာမုဏ္ဍ အမည်ရှိသော။ အယံ သုနခေါ၊ ကြောက်ဖွယ်ခမန်း လွန်ကြမ်းတမ်းသော ခွေးကြီးသည်။ မေ၊ ငါ၏။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို။ ခါဒတု၊ ဧကန်မသွေ စားပါစေသတည်း။ ဣတိ၊ ဤသို့ အဘာသိ၊ တတွတ်တွတ်နှင့် ရေရွတ်ကျိန်ဆိုမိခဲ့ပါပြီ။

၃၆၄။ တဿ ကမ္မဿ ဝိပါကံ၊ မုသာဝါဒဿ စူဘယံ။
သတ္တော ဝဿသတာနိ၊ အနုဘူ တံ ယတော ဟိ မေ။
ကဏ္ဍ မုဏ္ဍော စ သုနခေါ၊ အင်္ဂမင်္ဂါနိ ခါဒတိ။

၃၆၄။ ရာဇ၊ ပြည့်ရှင်မင်းမြတ်။ ယတော ပါကကမ္မတော၊ အကြောင်ယုတ်မာညစ်ကျူး မကောင်းမှုကြောင့်။ မေ၊ ကျွန်ုပ်၏။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို။ ကဏ္ဍာမုဏ္ဍော၊ ကဏ္ဍာမုဏ္ဍ အမည်ရှိသော။ အယံ၊ ဤခွေးကြီးသည်။ ခါဒတိ၊ ခဲစားခဲ့၏။ တဿ ကမ္မဿ၊ ထိုယုတ်မာညစ်ကျူး မကောင်းသော ဒုဿီလမှု၏လည်းကောင်း။ မုသာဝါဒဿ စ၊ လိမ်လည်လိုခြင်း ဩဇာယွင်းဖောက်ပြန်မမှန်ကန်သောစကားကို ဆိုခြင်း၏လည်းကောင်း။ ဥဘယံ ဥဘယဿ၊ ထိုဆိုခဲ့ပြီးငြား အကုသိုလ်ကံနှစ်ပါး၏။ ဝိပါကံ၊ အကျိုးကို။ သတ္တော ဝဿသတာနိ၊ တွက်စစ်ပေါင်းရုံး အနှစ်ခုနစ်ရာ ပတ်လုံးသာလျှင်။ မယာ၊ ဆင်းရဲဒုက္ခမြုပ် အကျွန်ုပ်သည်။ အနုဘူတံ၊ ညဉ့်စဉ်မလပ် ခံစားအပ်ပါပြီ။

ဤသို့လျှင် ပြိတ္တာမသည် ပြောဆိုပြီး၍ ထိုမင်းသည် မိမိအားပြုခဲ့သော ကျေးဇူးကို ချီးကျူးစကား ပြောကြားလိုသည်ဖြစ်၍ ဤဂါထာကို ဆိုလေ၏။

၃၆၅။ တွဉ္စ ဒေဝ ဗဟုကာရော၊ အတ္ထာယ မေ ဣဓာဂတော။
သုမုတ္တာဟံ ကဏ္ဍမုဏ္ဍဿ၊ အသောကာ အကုတောဘယာ။

၃၆၅။ ဒေဝ၊ ဘုရင်မင်းမြတ်။ တွဉ္စ၊ အရှင်မင်းမြတ်သည်သာလျှင်။ ဗဟုကာရော၊ အလွန်များလတ် ကျေးဇူးပြုတတ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ မေ၊ ဆင်းရဲစွာလှ

http://www.dhammadownload.com

ကျွန်တော်မ၏။ အတ္ထာယ၊ အကျိုးစီးပွား ကြီးမားခြင်းငှာ။ ဣဒ၊ တောင်အထပ်ထပ် ရစ်ပတ်နေလတ် ဤအရပ်သို့။ အာဂတော၊ သက်စွန့် ကြိုးပမ်း ကြွမြန်းရောက်လာပါ၏။ အဟံ၊ ကျွန်တော်မသည်။ အသောကာ၊ သောက မရှိသည်။ အကုတောဘယာ၊ တစ်စုံတစ်ခု ထွေးရှုပ်မှုဘေး ကင်းလွတ်ဝေး သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ကဏ္ဍာမုဏ္ဍာသ၊ ကဏ္ဍာမုဏ္ဍာ နာမမည်ဟီး ခွေးနက်ကြီးမှ။ သုမုတ္တာ၊ ကောင်းစွာမသွေ လွတ်မြောက်ရပေပြီ။

မင်းကြီးမပြန်ရန် ပြိတ္တာမ ပန်ကြား

ထိုအခါ မင်းမြတ်သည် ထိုအရပ်၌ နေရသဖြင့် ပျင်းရိငြီးငွေ့သော စိတ်ရှိသည်ဖြစ်၍ မိမိတိုင်းပြည်သို့ ပြန်သွားလိုသောဆန္ဒကို ပြိတ္တာမအား ပြောပြလေ၏။ ထိုစကားကို ကြားရ၍ ဗိမာန်ရှင်ပြိတ္တာမသည် မင်းမြတ်အား မခွဲချင်သောစိတ်ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ပျော်ရွှင်စွာနေဖို့ရန် တောင်းပန်လိုသည်ဖြစ်၍ အောက်ပါ ဂါထာကို ဆိုလေ၏။

၃၆၆။ တာဟံ ဒေဝ နမဿာမိ၊ ယာစာမိ ပဉ္ဇလီကတာ။
ဘုဉ္ဇ အမာနုသေ ကာမေ၊ ရမ ဒေဝ မယာ သဟ။

၃၆၆။ ဒေဝ၊ အရှင်မင်းမြတ်။ အဟံ၊ ကျွန်တော်မသည်။ တံ၊ တန်ခိုးကြီးမား အရှင်မင်းတရားကို။ နမဿာမိ၊ ဦးနှိမ်ညွတ်လျှိုး လက်စုံမိုးကာ ရှိခိုးပါ၏။ ပဉ္ဇလီကတာ၊ ကောင်းစွာအညီ လက်အုပ်ချီခြင်းကိုပြု၍။ ယာစာမိ၊ ညွတ်ပျောင်းကြည်သာ တောင်းပန်ပါ၏။ ဒေဝ၊ ဘုရင်မင်းမြတ်။ အမာနုသေ၊ ကောင်း မွန်လုံးစုံ နတ်၌ဖြစ်ကုန်သော။ ကာမေ၊ စည်းစိမ်ချမ်းသာ များစွာစုပုံ ကာမဂုဏ်တို့ကို။ ဘုဉ္ဇ၊ လူတို့ထိပ်ခေါင် ဘုန်းမောင်ရာဇာ သုံးဆောင်ပါလော့။ ဒေဝ၊ ဘုရင်မင်းမြတ်။ မယာ၊ သဘောတော်ကျ ကျွန်တော်မနှင့်။ သမာ၊ ညီတူညီမျှ အတူတကွ။ ရမ ရမာဟိ၊ အပျင်းမပေါ် သက်လုံးပျော်စွာ မွေ့လျော်တော်မူပါလော့။

ဤသို့ ပြိတ္တာမက မပြန်ရန် တောင်းပန်သည်ရှိသော် မင်းမြတ်သည် မိမိ၏ အလိုဆန္ဒကို ပြောပြလို၍ အောက်ပါဂါထာကို ဆိုလေ၏။

မင်းကြီး၏ ဆန္ဒ

၃၆၇။ ဘုတ္တာ အမာနုသာ ကာမာ၊ ရမိတောမှိ တယာ သဟ။
တာဟံ သုဘဂေ ယာစာမိ၊ ဓီပွံ ပဋိနယာဟိ မံ။

၃၆၇။ သုဘဂေ၊ နတ်သမီး။ အဟံ၊ ငါဘုရင်မင်းမြတ်သည်။ အမာနုသာ၊

http://www.dhammadownload.com

ကောင်းမွန်လုံးစုံ နတ်၌ဖြစ်ကုန်သော။ ကာမာ၊ လိုလိုသမျှ ကာမဂုဏ် အဝဝတို့ကို။ ဘုတ္တာ၊ နှစ်လများစွာ ခံစားရပါပြီ။ တယာ၊ သင်နှမနှင့်။ သဟ၊ အတူတကွ။ ရမိတော၊ ကိုယ်စိတ်နှလုံး ကြည်ပြိုးရွှင်ပျော် မွေ့လျော်ခြင်းသို့ ရောက်သည်။ အမှိ၊ စင်စစ်မဒေ့ဘွ ဖြစ်ရပေပြီ။ သုဘဂေ၊ လှပတင့်တယ် နတ်မျိုးနွယ်။ တံ၊ သင်နတ်မျိုးနွယ်ကို။ အဟံ၊ ဘုရင်မင်းမြတ် ငါစောနတ်သည်။ ယာစာမိ၊ စံရာဌာန ပြန်ကြွဖို့ရာ ခွင့်တောင်းပါ၏။ မံ၊ မယ့်အသဲစွဲ အမြဲချစ်စွ ဘုရင်ငါ့ကို။ ခိပ္ပံ၊ လျင်မြန်စွာ။ ပဋိနယာဟိ၊ အမြဲစံပျော် နေတော်မူရာ မြို့သို့သာလျှင် တစ်ဖန် ပို့ဆောင်ပါလော့။

မင်းနေပြည်သို့ မင်းကိုပြန်ပို့ခြင်း

ထိုအခါ ဗိမာန်ရှင်ပြိတ္တာမသည် မင်း၏စကားကိုကြားရ၍ မင်းနှင့် ကွေကွင်းရမည့်အရေးကို သည်းမခံနိုင်သည်ဖြစ်၍ အထူးထူး အပြားပြားကုန်သော ပရိယာယ်မာယာ ဥပါယ်တံမျဉ်တို့ဖြင့် တောင်းပန်ငြားသော်လည်း ထိုဘုရင်ကို ထိုအရပ်၌ နေစေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ များစွာကုန်သော မြင့်မြတ်သော သူတို့နှင့်သာ ထွက်တန်သော ရတနာ အစားအစာတို့နှင့်တကွ မင်းကို မြို့သို့ဆောင်ကာ ပြာသာဒ်သို့ တက်စေပြီး မင်းအား အလွမ်းထွေးလျက် ပူဆွေးလှိုက်လှိုက် တရှိုက်ရှိုက် ငိုကြွေးမြည်တမ်းကာ မိမိနေရာဌာနသို့သာလျှင် ပြန်သွားရာလေ၏။

မင်းကြီးကွယ်လွန်ကာ နတ်ပြည်ရောက်ပုံ

မင်းသည်ကား ထိုပြိတ္တာမကို မြင်ရ၍ ကောင်းစွာဖြစ်သော သံဝေဂရှိသည်ဖြစ်၍ ဒါန အစရှိသော ကောင်းမှုကုသိုလ်တို့ကို ပြုပြီးလျှင် စုတေသောအခါ နတ်ပြည်သို့ လားရောက်ရလေ၏။

ပြိတ္တာမက ရှင်မောဂ္ဂလာန်အား ကျိုးကြောင်းလျှောက်ထား

ထိုအခါ ငါတို့ ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူ၍ တရားတည်းဟူသော စက်ရတနာကို ကောင်းစွာ လည်စေတော်မူအပ်ပြီးသည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်သည် တောင်စဉ်လှည့်လည်ခြင်းကို လှည့်လည်သည်ရှိသော် အခြံအရံနှင့်တကွသော ထိုဗိမာန်ရှင် ပြိတ္တာမကို မြင်တော်မူ၍ ထိုမိန်းမသည် ပြုလုပ်ခဲ့ဖူးသော ကောင်းမှု၊ မကောင်းမှုကံကို မေးမြန်းတော်မူ၏။ ထိုအခါ ထိုမိန်းမသည် အစမှစ၍ ဖြစ်ဖြစ်သမျှ အလုံးစုံကို မထေရ်မြတ်အား လျှောက်ကြားလေ၏။ မထေရ်သည် ထိုမိန်းမအား တရားကို ဟောတော်မူ၏။

http://www.dhammadownload.com

ဒေသနာတော်နှင့် ဒေသနာတော် အကျိုး

ထိုအကြောင်းကို မထေရ်မြတ်သည် မြတ်စွာဘုရားအား လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အင်္ဂျုပွတ်ပြု၍ ရောက်လာသော ပရိသတ်အား တရားကို ဟောကြားတော်မူ၏။ လူအပေါင်းသည် ရအပ်သော သံဝေဂရှိသည်ဖြစ်၍ မကောင်းမှုမှ ရှောင်ကြဉ်ကာ ဒါနစသော ကောင်းမှုတို့ကိုသာ ပြုလုပ်ကြပြီးလျှင် နတ်ပြည်သို့သာ လဲလျောင်းရာရှိသည် ဖြစ်၏။

ရေကန်ကမ်းပါးဌ ခွေးနက်အစားခံရသော ဗိမာန်ရှင် ပြိတ္တာမအကြောင်း ပြီး၏။

၁၃။ ဥဇ္ဇရိဇေတဝတ္ထု

လင်သေ၍ ပူဆွေးနေသူ ဥဇ္ဇရိမိဖုရား

အဟု ရာဇာ ဗြဟ္မဒတ္တော အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **ဥဇ္ဇရိပေတဝတ္ထု** ကို သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဥပါသိကာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ချစ်ခင်သူနှင့် ကွေကွင်းရသည့် အပူသည်

သာဝတ္ထိပြည်၌ တစ်ယောက်သော ဥပါသိကာမ၏ လင်ယောကျ်ားသည် စုတေကွယ်လွန်လေ၏။ ထို ဥပါသိကာမသည် လင်နှင့်ကွေကွင်းခြင်းကြောင့် ဖြစ်သော ဆင်းရဲဒုက္ခ ပြင်းပြစွာ နှိပ်စက်အပ်သည်ဖြစ်၍ အစဉ်မအေး စိုးရိမ်ပူဆွေးလျက် သချိုင်းသို့သွားကာ ငိုကြွေး၍ နေရာလေ၏။

အပူသည်ဘဝမှလွတ်ရန် ဗုဒ္ဓအတိတ်ကို ဟောကြား

မြတ်စွာဘုရားသည် ထိုဥပါသိကာမ၏ သောတာပတ္တိဖိုလ်ကို ရဖို့ရာအကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ မဟာကရုဏာတော်သည် လွန်စွာတိုက်တွန်းနှိုးဆော်အပ်သော စိတ်ရှိတော်မူသည်ဖြစ်၍ ထိုဥပါသိကာမ၏အိမ်သို့ ကြွတော်မူပြီးလျှင် ခင်းထားအပ်သောနေရာ၌ သီတင်းသုံးနေတော်မူ၏။ ဥပါသိကာမသည် မြတ်စွာ

http://www.dhammadownload.com

ဘုရား၏ အနီးသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေလေ၏။ ထိုဥပါသိကာမကို မြတ်စွာဘုရားသည် "ဥပါသိကာမ သင်သည် ပူဆွေးညှိုးမှိန် စိုးရိမ်၍နေသလော" ဟု မေးမြန်းတော်မူလျှင် "မှန်လှပါ မြတ်စွာဘုရား၊ ချစ်အပ်သောသူနှင့် ကွေကွင်းသဖြင့် ပူဆွေးညှိုးမှန် စိုးရိမ်ခြင်း ဖြစ်ရပါသည် ဘုရား" ဟု လျှောက်ထားသည်ရှိသော် ထိုဥပါသိကာမ၏ စိုးရိမ်ရမှုကို ပယ်တော်မူလိုသည်ဖြစ်၍ ရှေးအတိတ်ကို ဆောင်တော်မူလေ၏။

ရုပ်ဖျက်၍ တိုင်းပြည်အတွင်း ခုံစမ်းသူ

လွန်လေပြီးသောအခါ ပဋ္ဌာလတိုင်း ကပိလမြို့၌ စူဠဇြဟ္မဒတ်မည်သော မင်းသည် ရှိလေ၏။ ထိုမင်းသည် အဂတိလေးပါး လိုက်စားခြင်းကို ပယ်ရှား၍ မိမိ၏ တိုင်းနိုင်ငံ၌ သတ္တဝါအများ၏ အကျိုးစီးပွားကို ပြုခြင်း၌သာ မွေ့လျော်လျက် မင်းကျင့်တရားဆယ်ပါးကို မဆုတ်မယုတ် မပျက်ပြားစေမူ၍ မပြတ် တိုင်းပြည်ကို ဆုံးမလျက် တစ်ရံတစ်ခါ "မိမိတိုင်းနိုင်ငံ၌ အဘယ်စကားကို ပြောကြားနေကြကုန်သနည်း" ဟု နားထောင်လိုသည် ဖြစ်၍ အပ်ချုပ်သမား အသွင်ဆောင်၍ တစ်ယောက်ထီးတည်း အဖော်မပါဘဲ မြို့မှထွက်ခွာကာ တစ်ရွာမှတစ်ရွာသို့ ဇနပုဒ် တစ်ခုမှ တစ်ခုသို့ လှည့်လည်ပြီးလျှင် အလုံးစုံသော တိုင်းပြည်ကို သူပုန် ခိုးသားများပြစေသော ဆူးငြောင့်မရှိသည်ကိုလည်းကောင်း၊ အိမ်တံခါးတို့ကိုပင် မပိတ်ကြဘဲ ဝမ်းမြောက်ဝမ်းသာနေသော လူတို့ကို မြင်ရ၍လည်းကောင်း၊ ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ ပြန်လှည့်ကာ မြို့သို့ ရှေ့ရှုပြန်သွားသည်ရှိသော် တစ်ခုသောရွာ၌ တစ်ယောက်သော လင်မရှိသည့် မုဆိုးမအိမ်သို့ ဝင်လေ၏။ ထိုမိန်းမသည် ထို အပ်ချုပ်သမားယောင်ဆောင်သော မင်းကိုမြင်၍ "အမောင် သင် အသူနည်း၊ အဘယ်အရပ်မှ လာခဲ့သနည်း" ဟု မေးမြန်းလေ၏။

"အဒေါ် ကျွန်ုပ်သည် အပ်ချုပ်သမား ဖြစ်ပါသည်။ အဖိုးအခကို ပေးကြပါကုန်လော့။ သင်တို့အား ချုပ်စရာရှိက ချုပ်ပေးပါအံ့" ဟု ပြောဆိုလျှင် "ငါတို့အား အပ်ချုပ်စရာ အဖိုးအခပေးစရာ မရှိကြပါ။ အမောင် အခြားသူတို့၏ အမှုကိုသာ ပြုလုပ်ပါလေ" ဟု ပြောဆိုလေ၏။

အပ်ချုပ်သမားကို သမီးနှင့် ပေးစားခြင်း

ထိုအပ်ချုပ်သမားယောင်ဆောင်မင်းသည် ထိုမုဆိုးမအိမ်၌ နှစ်ရက်သုံးရက် နေသည်ရှိသော် ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော ထိုမိန်းမ၏ သမီးကို မြင်၍ မိခင်ကို ပြောဆိုလေ၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ "ဤသတို့သမီးသည်

http://www.dhammadownload.com

တစ်စုံတစ်ယောက်သောသူသည် ပြုအပ်ပြီးသော သိမ်းဆည်းခြင်း ရှိပါသလော၊ သို့မဟုတ် မပြုအပ်သေးသော သိမ်းဆည်းခြင်း ရှိပါသလော၊ အကယ်၍ တိစီစုံ တစ်ယောက်သောသူသည် သိမ်းဆည်းမှု မပြုရသေးလျှင် ဤသတို့သမီးကို အကျွန်ုပ် အား ပေးပါကုန်လော့၊ အကျွန်ုပ်သည် သင်တို့အား ချမ်းသာစွာဖြင့် အသက်မွေးရခြင်း အကြောင်းကို ပြုခြင်းငှာ စွမ်းနိုင်ပါသည်" ဟု ပြောဆိုလေ၏။ "အမောင် ကောင်းပါပြီ" ဟု ဆိုပြီးလျှင် ထိုမိန်းမသည် ထိုအပ်ချုပ်သမားအား မိမိ၏ သမီးကို ပေးလိုက်လေ၏။

မိဖုရားကြီးအရာထားခြင်း

အပ်ချုပ်သမားသည် ထိုမိန်းမနှင့် အတူတကွ နှစ်ရက်သုံးရက်နေ၍ ထိုမိန်းမအား ငွေတစ်ထောင်ကိုပေး၍ "နှစ်ရက်သုံးရက်ဖြင့်သာလျှင် ပြန်လာခဲ့ပါအုံး၊ နှမသင်သည် မျှော်မနေနှင့်" ဟု မှာခဲ့၍ ပြန်သွားပြီးလျှင် မြို့နှင့် ထိုရွာ၏အကြား၌ ညီညွတ်ကောင်းမြတ်သော ခရီးလမ်းကို ပြုစေပြီးလျှင် တန်ဆာဆင်စေ၍ ကြီးကျယ်သော မင်း၏တန်ခိုးအားနှင့်ဖြင့် ထိုရွာသို့သွား၍ ထိုသတို့သမီးကို ရွှေပုံငွေပုံပေါ်၌ တင်ထား၍ ရှေးဦးစွာ ရွှေရည်ငွေရည်တို့ဖြင့် ရေချိုးစေ၍ "ဥဗ္ဗရီ" ဟူသော အမည်ကို မှည့်စေပြီးလျှင် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာ၌ ထား၍ ထိုရွာကိုလည်း ထိုသတို့သမီး၏ ဆွေမျိုးတို့အားပေး၍ ကြီးကျယ်သော မင်း၏ တန်ခိုးအာနုဘော်ဖြင့် ထိုသတို့သမီးကို မြို့တော်သို့ ခေါ်ဆောင်၍ ထိုသတို့သမီးနှင့်တကွ အလွန်မွေ့လျော်သည်ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး မင်း၏စည်းစိမ်ချမ်းသာကို ခံစား၍ အသက်အပိုင်းအခြား၏ အဆုံး၌ စုတေ ကွယ်လွန်လေ၏။

ဝိယေဟိ ဝိပွယောဂဒုက္ခ

ထိုမင်း နတ်ရွာစံပြီး၍သင်္ဂြိဟ်ခြင်းကိစ္စ ပြီးဆုံးလတ်သော်လည်း ဥဗ္ဗရီမိဖုရားသည် လင်နှင့်ကွေကွင်းရခြင်းကြောင့် သောကတည်းဟူသော ငြောင့်သည် စူးဝင်အပ်သော နှလုံးရှိသည်ဖြစ်၍ သချိုင်းသို့သွားကာ များစွာသော နေ့တို့ပတ်လုံး နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ မင်း၏ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆိုလျက် သူရူးအဖြစ်သို့ ရောက်သကဲ့သို့ တရှိုက်ရှိုက် တငင်ငင် ငိုကြွေးမြည်တမ်းလျက် သချိုင်းကို လက်ယာရစ်လှည့်လည်သည်ကို ပြုလေ၏။

ဘုရားလောင်းရသေ့

ထိုအခါ၌လည်း ငါတို့မြတ်စွာဘုရားသည် ဘုရားလောင်းဖြစ်စဉ် ရသေ့

http://www.dhammadownload.com

ရဟန်းအဖြစ်ကိုပြုကာ ရအပ်သော ဈာန်အဘိညာဉ် ရှိသည်ဖြစ်၍ ဟိမဝန္တာ၏အနီး တစ်ခုသောတောကျောင်း၌ နေသည်ရှိသော် သောကဟူသော ငြောင့်သည် စူးဝင်အပ်သော ဥဗ္ဗရိမိဖုရားကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် ကိုယ်အထင်အရှားပြကာ ကောင်းကင်၌ ရပ်တည်လျက် ထိုအရပ်၌ တည်နေကုန်သော လူတို့ကို ဤသို့ မေးမြန်းလေ၏။ "ဤသချိုင်းသည် အဘယ်သူ၏ သချိုင်းပါနည်း၊ အဘယ်ကြောင့် ဤမိန်းမသည် 'ဗြဟ္မဒတ္တ ဗြဟ္မဒတ္တ' ဟု တသမြည်တမ်းကာ ငိုကြွေးနေရပါသနည်း" ဟု မေးမြန်းလေ၏။ ထိုစကားကို ကြားရ၍ လူတို့သည် "ဗြဟ္မဒတ် အမည်ရှိသော ပဉ္စာလတိုင်းသူတို့၏ မင်းသည် ရှိ၏၊ ထိုမင်းသည် အသက်၏အဆုံး၌ နတ်ရွာစံသွားပါ၏၊ ဤသချိုင်းသည် ဗြဟ္မဒတ်မင်း၏ သချိုင်းပါတည်း၊ ဤမိန်းမသည်ကား ထိုမင်း၏ ဥဗ္ဗရိမည်သော မိဖုရားခေါင်ကြီးပါတည်း၊ ထိုမိဖုရားခေါင်ကြီးသည် မင်းကြီး နတ်ရွာစံသည်မှစ၍ပြီး မင်းကြီး သဂြိုဟ်ရာဌာနသို့သွား၍ 'ဗြဟ္မဒတ္တ ဗြဟ္မဒတ္တ' ဟု ထိုမင်း၏အမည်ကို ခေါ်ယူကာ မြည်တမ်းငိုကြွေးနေရှာပါသည် ဘုရား" ဟု လျှောက်ထားကြကုန်၏။

ထို လျှောက်ထားပုံ အကြောင်းကို ပြတော်မူလိုသော သင်္ဃနာယကတင် ဆရာမြတ်တို့သည် အောက်ပါ ခြောက်ဂါထာတို့ကို မိန့်တော်မူကုန်၏။

၃၆၈။ အဟု ရာဇာ ဗြဟ္မဒတ္တော၊ ပဉ္စာလာနံ ရထေသဘော။
အဟောရတ္တာနမစ္စယာ၊ ရာဇာ ကာလမကြွေဗွထ။

၃၆၈။ ပဉ္စာလာနံ၊ ပဉ္စာလတိုင်းသားတို့၏။ ရထေသဘော၊ ရထားဦးစီးအကြီးမှူးသဖွယ် ဖြစ်တော်မူသော။ ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ်ဟု တွင်ပြု ထင်ပေါ်အမည်တော်ရှိသော။ ရာဇာ၊ လူတို့ထိပ်ခေါင် ဘုန်းရောင်ထင်လင်း ဘုရင်မင်းသည်။ အဟု၊ ရှိခဲ့ပါ၏။ သော ရာဇာ၊ ဗြဟ္မဒတ္တ နာမထင်ရှား ထိုမင်းတရားသည်။ အဟောရတ္တာနံ၊ နေ့ည၌တို့၏။ အစ္စယာ၊ မကျန်မကြွင်း ကုန်ဆုံးခြင်းကြောင့်။ ကာလံ၊ ကွယ်လွန်ခြင်းကို။ အကြွေဗွထ၊ ထင်ရှားမသွေ ပြုရှာလေပြီ။

၃၆၉။ တဿ အာဠာဟနံ ဂန္တွာ၊ ဘရိယာ ကန္ဒတိ ဥဗ္ဗရီ။
ဗြဟ္မဒတ္တံ အပဿန္တီ၊ ဗြဟ္မဒတ္တာတိ ကန္ဒတိ။

၃၆၉။ တဿ၊ ဘုန်းရောင်ထင်လင်း ထိုဗြဟ္မဒတ်မင်း၏။ ဘရိယာ၊ ကြင်ယာသက်ထား မယားဖြစ်သော။ ဥဗ္ဗရီ၊ ဥဗ္ဗရီဟု တွင်ပြုထင်ရှား မိဖုရားသည်။ အာဠာဟနံ၊ သူသေမြှုပ်နှံ မြေသုသာန်သို့။ ဂန္တွာ၊ နေ့စဉ်မစဲ အမြဲ သွား၍။ ကန္ဒတိ၊ ပူတလှိုက်လှိုက် ရှိုက်တဖိုဖို မြည်တမ်းငိုကြွေးလေ၏။ ဗြဟ္မဒတ္တံ၊ ဘုန်းရောင်

http://www.dhammadownload.com

ထင်လင်း ဗြဟ္မဒတ်မင်းကို။ အပဿန္တီ၊ အမြဲအစဉ် မတွေ့မမြင်ရပါဘဲလျက်။ ဗြဟ္မဒတ္တာတိ၊ ကျွန်မလင်မြတ် ဗြဟ္မဒတ်ဟူ၍။ ကန္ဒတိ၊ ရှိုက်ကြီးတင်ငင် အစဉ်မအေးငိုကြွေးမြည်တမ်းလေ၏။

ဘုရားလောင်းရသေ့ ကြွလာတော်မူခြင်း

၃၇၀။ ဣသိ စ တတ္ထ အာဂစ္ဆိ၊ သမ္မန္နစရဏော မုနိ။
သော စ တတ္ထ အပုစ္ဆိတ္ထ၊ ယေ တတ္ထ သုသမာဂတာ။

၃၇၀။ သမ္မန္နစရဏော၊ ပြည့်ပြည့်စုံစုံ စရဏဂုဏ် ရှိတော်မူသော။ မုနိ၊ ကိုယ်ကျိုးသူ့ကျိုး နှစ်မျိုးနှစ်ရပ်သိတော်မူတတ်သော။ ဣသိ၊ ဈာန်နှင့်ပျော်လေ့ ဘုရားလောင်းရသေ့သည်။ တတ္ထ၊ ထို ဥဗ္ဗရိမိဖုရားကြီး ငိုကြွေးရပ်ဌာန် မြေသုသာန်သို့။ အာဂစ္ဆိ၊ ကြွလာတော်မူပြီ။ သော စ၊ ထိုဈာန်နှင့်ပျော်လေ့ ဘုရားလောင်းရသေ့သည်လည်း။ တတ္ထ၊ ထိုသုသာန်၌။ ယေ၊ အကြင်သူတို့သည်။ တတ္ထ၊ ထိုအရပ်သို့။ သုသမာဂတာ၊ ကောင်းမွန်ညီညာ လာကြကုန်၏။ တေ၊ ထိုသူတို့ကို။ အပုစ္ဆိတ္ထ၊ ကြောင်းစုံစမ်းဆေး မေးမြန်းပြီ။

မေးမြန်း စုံစမ်းခြင်း

၃၇၁။ ကဿ ဣဒံ အာဠာဟနံ၊ နာနာဂန္ဓသမေရိတံ။
ကဿာယံ ကန္ဒတိ ဘရိယာ၊ ဣတောဒူရဂတံ ပတိံ။
ဗြဟ္မဒတ္တံ အပဿန္တီ၊ ဗြဟ္မဒတ္တာတိ ကန္ဒတိ။

၃၇၁။ ဘော၊ ကူးသန်းသွားလာ အိုလူများစွာတို့။ နာနာဂန္ဓသမေရိတံ၊ အထူးထူးအဖုံဖုံ ပန်းနံ့စုံတို့ဖြင့် ပျံ့နံ့လှိုင်သော။ ဣဒံ၊ သူသေမြုပ်နှံ ဤ သုသာန်သည်။ ကဿ၊ အဘယ်သူ၏။ အာဠာဟနံ၊ သချိုင်းပါနည်း။ ယာ၊ ရှေ့မှာမြင်ရ အကြင်မိန်မသည်။ ဣတောဒူရဂတံ၊ လူတို့ဌာနီ ဤလူ့ပြည်မှ။ ဒူရဂတံ၊ တမလွန်ဌာန ဝေးကွာလှသော အရပ်သို့သွားသော။ ဗြဟ္မဒတ္တံ၊ ဗြဟ္မဒတ်အမည်ရှိသော။ ပတိံ၊ ငယ်ချစ်သခင် လင်ယောကျ်ားကို။ အပဿန္တီ၊ မျက်မှောက်ထင်ထင် မတွေ့မြင်ရပါဘဲလျက်။ ဗြဟ္မဒတ္တာတိ၊ အို မယ့်ချစ်လင် အရှင်ဗြဟ္မဒတ်ဟူ၍။ ကန္ဒတိ၊ သံကုန်ဟစ်ကာ ငိုကြွေးမြည်တမ်းနေပါ၏။ အယံ၊ ယင်းသို့ ငိုကြွေးတမ်းတ ဤမိန်းမသည်။ ကဿ၊ အဘယ်သူ၏။ ဘရိယာ၊ ကြင်ယာသက်ထား မယားပါနည်း။

ရသေ့၏ အမေးကို လူအများ ဖြေကြားပုံ

၃၇၂။ တေ စ တတ္ထ ဝိယာကံသု၊ ယေ တတ္ထ သု သမာဂတာ။
ဗြဟ္မဒတ္တဿ ဘဒ္ဒန္တေ၊ ဗြဟ္မဒတ္တဿ မာရိသ။

http://www.dhammadownload.com

၃၇၃။ တဿ ဣဒံ အာဇ္ဇာဟနံ၊ နာနာဂန္ဓသမေရိတံ။
တဿာယံ ကန္ဒတိ ဘရိယာ၊ ဣတော ဒူရဂတံ ပတိံ။
ဗြဟ္မဒတ္တံ အပဿန္တီ၊ ဗြဟ္မဒတ္တာတိ ကန္ဒတိ။

၃၇၂-၃။ တတ္ထ၊ ထိုမိဖုရားကြီး ငိုကြွေးပုပန် မြေသုသာန်၌။ ယေ၊ အမှတ်မထင် အကြင်သူတို့သည်။ တတ္ထ၊ သူသေမြုပ်နှံ ထိုသုသာန်သို့။ သုသမာဂတာ၊ ညီညွတ်စုံစုံ ကောင်းစွာလာကြကုန်၏။ တေ၊ များစွာသောလူ ထိုလာသူတို့သည်။ ဝိယာကံသု၊ ပြောဆိုလျှောက်ထား ဖြေကြားကြကုန်၏။ ဗြဟ္မဒတ္တဿ၊ နတ်ရွာစံသွား ဗြဟ္မဒတ်မင်းတရား အား လည်းကောင်း။ တေ၊ ဈာန်နှင့်ပျော်လေ့ အရှင်ရသေ့အား လည်းကောင်း။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မာရိသ၊ ကိုးဆယ့်ခြောက်ဖြာ ဘယာလွတ်ကင်း စိတ်ချမ်းသာ ခြင်းရှိသော အရှင်ဘုရား။ ဣဒံ၊ ဤ သုသာန်သချိုင်းသည်။ တဿ ဗြဟ္မဒတ္တဿ၊ ထို ဗြဟ္မဒတ်မင်း၏။ အာဇ္ဇာဟနံ၊ သုသာန်လုပ်တိုင်း သချိုင်းပါတည်း။ ယာ၊ ငိုကြွေးမြည်တမ်း ညိုးနွမ်းနေထ အကြင်မိန်းမသည်။ ဣတော၊ လူတို့ဌာနီ ဤလူ.ပြည်မှ။ ဒူရဂတံ၊ တမလွန်ဌာန ဝေးကွာလှသော အရပ်သို့သွားသော။ ပတိံ၊ ယောကျ်ားသခင် လင်ဖြစ်သော။ ဗြဟ္မဒတ္တံ၊ ဘုရင်ဗြဟ္မဒတ်ကို။ အပဿန္တီ၊ မျက်မှောက်ထင်ထင် မတွေ့မမြင်ရပါဘဲလျက်။ ဗြဟ္မ ဒတ္တာတိ၊ ရွှေနန်းသခင် အရှင်ဗြဟ္မဒတ် ဘုရားဟူ၍။ ကန္ဒတိ၊ အစဉ်တမ်းတ မလန်းရအောင် နွမ်းလျှပူဆွေး ငိုကြွေးမြည်တမ်း နေရှာ၏။ အယံ၊ ရှေ့တွင်မြင်ရ ဤမိန်းမသည်။ တဿ၊ ထိုဗြဟ္မဒတ်မင်း၏။ ဘရိယာ၊ အဂ္ဂမဟေသီ ဒေဝီထွတ်ထား မိဖုရားပါတည်း။ ဣတိ၊ ဤသို့။ ဝိယာကံသု၊ ရှင်ရသေ့အား လျှောက်ထားဖြေကြားကြကုန်၏။

ထိုအခါ ရသေ့သည် ထိုလူတို့၏ စကားကိုကြား၍ အစဉ်သနားခြင်းကို အစွဲပြု၍ ဥဗ္ဗရိမိဖုရား၏အထံသို့ သွားပြီးလျှင် ထိုမိဖုရား၏ ကြောင့်ကြစိုးရိမ်ခြင်းကို ပယ်ဖျောက်ခြင်းငှာ ဤသို့ဆိုလေ၏။

၃၇၄။ ဆဇ္ဇာသိတိသဟဿာနိ၊ ဗြဟ္မဒတ္တဿနာမကာ။
ဣမသ္မိံ အာဇ္ဇာဟနေ ဒမှာ၊ တေသံ ကမနသောစသိ။

၃၇၄။ ဒေဝိ၊ ဥဗ္ဗရိမိဖုရား။ ဗြဟ္မဒတ္တဿ နာမကာ၊ ဗြဟ္မဒတ္တ အမည်ရကုန်သော။ ဆဇ္ဇာသိတိသဟဿာနိ၊ တွက်ရေမြားမြောင် ရှစ်သောင်းခြောက်ထောင်သောသူတို့ကို။ ဣမသ္မိံ အာဇ္ဇာဟနေ၊ ဤသချိုင်း၌။ ဒမှာ၊ သင်္ဂြိဟ်မီးတိုက် ရှို့မြိုက်အပ်ကုန်ပြီ။ တေသံ၊ ထိုရှစ်သောင်းခြောက်ထောင်ကုန်သော ဗြဟ္မဒတ်

http://www.dhammadownload.com

တို့တွင်။ ကဲ၊ အဘယ်မည်လတ် ဗြဟ္မဒတ်ကို။ ပဋိစ္ဆ၊ စွဲမှီ၍။ တွဲ၊ အဂ္ဂ မဟေသီ ဒေဝီထွတ်ထား သင်မိဖုရားသည်။ အနုသောစသိ၊ ပူပန်ညှိုးမှိန် စိုးရိမ်ပါသနည်း။

ဤသို့လျှင် ထိုဘုရားလောင်းရသေ့ မေးမြန်းအပ်သည်ရှိသော် ဥဒ္ဒရိမိဖုရား သည် မိမိအလိုရှိအပ်သော ဗြဟ္မဒတ်ကို ပြောကြားလိုသည်ဖြစ်ရကား ဤသို့ ဆိုလေ၏။

၃၇၅။ ယော ရာဇာ ဗူဠ္ဍနီပုတ္တော၊ ပဉ္စာလာနံ ရထေသဘော။
တံ ဘန္တေ အနုသောစာမိ၊ ဘတ္တာရံ သဗ္ဗကာမဒံ။

၃၇၅။ ဘန္တေ၊ အရှင်ရသေ့ဘုရား။။ ပဉ္စာလာနံ၊ ပဉ္စာလတိုင်းသူ တိုင်းသားတို့၏။ ရထေသဘော၊ ရထားဦးစီး အမှူးကြီးသဖွယ် ဖြစ်တော်မူသော။ ဗူဠ္ဍနီပုတ္တော၊ ဘုန်းတောင်ကြီးမား ဗူဠ္ဍနီမင်း၏ သားဖြစ်သော။ ယောရာဇာ၊ ဗြဟ္မဒတ်မည်လတ် အကြင်မင်းမြတ်သည်။ အတ္ထိ၊ ရှိပါ၏။ ဘန္တေ၊ အရှင်ရသေ့ဘုရား။ ဘတ္တာရံ၊ တပည့်မသက်ထား လင်ယောကျ်ားဖြစ်သော။ သဗ္ဗကာမဒံ၊ တပည့်တော်မ၏သို့သမျှကို မုချမသွေ ပေးတတ်ပေသော။ တံ ဗြဟ္မဒတ္တံ၊ မင်းကျင့်တရား ဆယ်ပါးညီလတ် ထိုဗြဟ္မဒတ်မင်းကို။ ပဋိစ္ဆ၊ စွဲမှီ၍။ အနုသောစာမိ၊ ပူဆွေး ညှိုးမှိန် စိုးရိမ်ပါ၏၊ ဘုရား။

ဤသို့ ဥဒ္ဒရိမိဖုရား လျှောက်ထားသည်ရှိသော် တစ်ဖန် ရဿဲသည် သံဝေဂ ရရန် တရားနည်းနှင့် ညွှန်ပြမေးမြန်းလိုရကား ဤသို့ မိန့်တော်မူလေ၏။

၃၇၆။ သဗ္ဗဝါဟေသုံ ရာဇာနော၊ ဗြဟ္မဒတ္တသနာမကာ။
သဗ္ဗေဝ ဗူဠ္ဍနီပုတ္တာ၊ ပဉ္စာလာနံ ရထေသဘာ။

၃၇၆။ ဒေဝိ၊ ဥဒ္ဒရိမိဖုရား။။ သဗ္ဗေဝ၊ ခပ်သိမ်းဥဿုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ရာဇာနော၊ တွက်ရေမြောက်မြောင် ရှစ်သောင်းခြောက်ထောင်သော မင်းတို့သည်။ ဗြဟ္မဒတ္တသ နာမကာ၊ ဗြဟ္မဒတ်ဟူသော -အမည်ရှိကုန်သည်ချည်းသာ။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သဗ္ဗေဝ၊ ခပ်သိမ်းဥဿုံ အလုံးစုံသာ ဖြစ်ကုန်သော။ ရာဇာနော၊ တွက်ရေမြောက်မြောင် ရှစ်သောင်းခြောက်ထောင်သော မင်းတို့သည်။ ပဉ္စာလာနံ၊ ပဉ္စာလတိုင်းသူ တိုင်းသားတို့၏။ ရထေသဘာ၊ ရထားဦးစီး အမှူးကြီးသဖွယ် ဖြစ်တော်မူကုန်သော။ ဗူဠ္ဍနီပုတ္တာ၊ ဗူဠ္ဍနီမင်း၏ သားတော်တို့ချည်းသာ။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

၃၇၇။ သဗ္ဗေသံ အနုပုဗ္ဗေန၊ မဟေသိတ္တမကာရယိ။
ကသ္မာ ပုရိမကေ ဟိတ္တာ၊ ပစ္ဆိမံ အနုသောစသိ။

http://www.dhammadownload.com

၃၇၇။ ဇဒဝိ၊ နာမည်ကျော်ကြား မိဖုရားဥဗ္ဗရိ။ တွဲ၊ သင်သည်။ အနုပုဗ္ဗေန၊ အစဉ်အား ဖြင့်။ သဗ္ဗေသံ၊ ရှစ်သောင်းခြောက်ထောင် မြားမြောင်ဖြစ်ကုန် အလုံးစုံသော မင်းတို့၏။ မဟေသိတွဲ၊ မိဖုရား၏အဖြစ်ကို။ အကာရဃိ၊ ပြုစေခဲ့လှပြီ။ အထံ၊ ထိုသို့ အစဉ်အား ဖြင့် ရှစ်သောင်းခြောက်ထောင်သော မင်းတို့၏ မိဖုရားဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပုရိမကေ၊ ရှေးဠဖြစ်လတ် ဗြဟ္မဒတ်တို့ကို။ ဟိတွာ၊ ပယ်စွန့်ထား၍။ ပစ္ဆိမံ၊ နောက်ဆုံးဖြစ်လတ် ဗြဟ္မဒတ်ကိုသာလျှင်။ အနုသောစသိ၊ စိတ်ထဲမှာစွဲ အမြဲတမ်းတ စိုးရိမ်ရပါသနည်း။

၃၇၈။ အာတုရေ ဣတ္ထိဘူတာယ၊ ဒီဃရတ္တာယ မာရိသ။
ယသ္သာ မေ ဣတ္ထိဘူတာယ၊ သံသာရေ ဗဟုဘာသသိ။

၃၇၈။ မာရိသ၊ အရှင်ဘုရား။ တွဲ၊ အရှင်သည်။ ဣတ္ထိဘူတာယ၊ အမှန်စင်စစ် မိန်းမဖြစ်၍ ဖြစ်သော။ ယသ္သာမေ၊ အကြင်တပည့်တော်မ၏။ ဗဟုသံသာရေ၊ ကြိမ်ကြိမ်ခါခါ များစွာသော သံသရာ၌။ မဟေသိတွဲ၊ အထင်အရှား မိဖုရား၏အဖြစ်ကို။ ဘာသသိ၊ အစဉ်ထုတ်ဖော် ပြောဆိုတော်မူဘိ၏။ ဣတ္ထိဘူတာယ၊ မိန်းမဖြစ်၍ဖြစ်သော။ တဿာ မေ၊ ထိုတပည့်တော်မ၏။ အာတုရေ၊ ခန္ဓာကိုယ်၌။ ဒီဃရတ္တာယ ဒီဃရတ္တံ၊ ရှည်ကြာမြင့်မြင့် နေ့ညဉ့် ပတ်လုံး။ ဥဒါဟု၊ သို့မဟုတ်က။ ပုရိသဘာဝမ်ပိ၊ ရံဖန်ခါများ ယောကျ်ားအဖြစ်သို့လည်း။ ဥပဂစ္ဆတိ၊ ကပ်ရောက်ဖြစ်ပါသေးသလော။

ထိုစကားကိုကြား၍ ဘုရားလောင်းရသေ့သည် အသင်မိဖုရား- ဤသံသရာ၌ မိန်းမသည် မိန်းမချည်းသာလျှင်ဖြစ်၍ ယောကျ်ားသည် ယောကျ်ားသာ ဖြစ်ရသည်ဟု အမြဲမှတ်ထားခြင်းသည် မဖြစ်နိုင်ဟု-မြတော်မူလိုသောကြောင့် ဤသို့ မိန့်ကြားတော်မူ၏။

၃၇၉။ အဟု ဣတ္ထိ အဟု ပုရိသော၊ ပသုယောနိမ္ပိ အဂမာ။
ဧဝမေတံ အတီတာနံ၊ ပရိယန္တော န ဒိဿတိ။

၃၇၉။ ဒေဝိသိလိုရေးကြောင့် ကြံတွေးလျှောက်ထား အို မိဖုရား။ တွဲ၊ သင်သည်။ ကဒါစိ၊ တစ်ရံတစ်ခါ။ ဣတ္ထိ၊ မိန်းမသည်။ အဟု၊ ဖြစ်ခဲ့ ဖူး၏။ ကဒါစိ၊ တစ်ရံတစ်ခါ။ ပုရိသော၊ ယောကျ်ားသည်။ အဟု၊ ဖြစ်ခဲ့ဖူး၏။ ကဒါစိ၊ တစ်ရံတစ်ခါ၌။ ပသုယောနိမ္ပိ၊ တိရစ္ဆာန်သတ္တဝါတို့၏ ဘဝသို့လည်း။ အဂမာ အဂမာသိ၊ စင်စစ်မသွေ ရောက်ခဲ့ဖူးပေ၏။ ဧဝံ၊ ဤသို့။ အတီတာနံ၊ လွန်ခဲ့ပြီးသော အတ္တဘောတို့၏။ ဧတံ ဧသော ပရိယန္တော၊ ထိုသို့သော အပိုင်းအခြားသည်။ နဒိဿတိ၊ ဘယ်တုန်းကမှပင် မထင်မြင်နိုင်ချေ။

http://www.dhammadownload.com

ထို့ကြောင့် မြတ်စွာဘုရားသည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဤသို့ ဟော တော်မူခဲ့၏။

အနုမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ နာ ပညာယတိ၊
အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ"

ဘိက္ခဝေ၊ အို ချစ်သားရဟန်းများတို့။ အယံ သံသာရော၊ ခန္ဓာ, အာယတန စသည်တို့ မပြတ်ဖြစ်ရာ ဤသံသရာသည်။ အနုမတဂ္ဂေါ၊ သိအပ်သောအစမရှိ။ အဝိဇ္ဇာနိဝရဏာနံ၊ မှောင်အဝိဇ္ဇာ ပိတ်ဆို့ကာအပ်ကုန်သည်ဖြစ်၍။ တဏှာသံယော ဇနာနံ၊ တဏှာဝင့်မြှစ် မလွတ်ဖြစ်အောင် ပတ်ရစ်နှောင်ဖွဲ့အပ်ကုန်သည်ဖြစ်၍။ သန္ဓာဝတံ သန္ဓာဝန္တာနံ၊ ဖန်ဖန်ထပ်ထပ် မပြတ်စုန်ဆန် ပြေးသွားကြကုန်သော။ သံသရတံ သံသရန္တာနံ၊ မနားမနေ ကျင်လည်ကြပေကုန်သော။ သတ္တာနံ၊ သံသရာ ခရီးသွား သတ္တဝါအများတို့၏။ ပုဗ္ဗာ၊ အဦးအစဖြစ်သော။ ကောဋိ၊ အဝိုင်းအခြာ သည်။ နာ ပညာယတိ၊ သဗ္ဗညုတ ရွှေဉာဏ်တော်အားသော်မှ ဧကန်ပိုင်းခြား မထင် ရှားနိုင်ချေ။

ဤသို့လျှင်သံသရာ၏ အဝိုင်းအခြာ မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကိုလည်းကောင်း ဘုရားလောင်းရသေ့ ဟောကြား အပ်သောတရားကို ကြားနာရ၍ သံသရာ၌လည်း ထိတ်လန့်၊ တရားတော်၌လည်း ကြည်ညိုး စိုးရိမ်ခြင်းတည်းဟူသော ငြောင့်တံသင်း ကင်းကွာခြင်းလည်း ရှိသည်ဖြစ်၍ မိမိ၏ ကြည်ညိုခြင်းကို ထင်ရှားပြလိုရကား ဥဗ္ဗရိမိဖုရားသည် ဤသို့ လျှောက်ထားလေ၏။

၃၈၀။ အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာ ဝိယ သြသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။
၃၈၁။ အဗ္ဗဟီ ဝတ မေ သလ္လံ၊ သောကံ ဟဒယနိဿိတံ။
ယော မေ သောကပရေတာယ၊ ပတိသောကံ အပါနုဒိ။
၃၈၂။ သာဟံ အဗ္ဗူဠှသလ္လာသွိ၊ သီတီဘူတာသွိ နိဗ္ဗုတာ။
နာ သောစာမိ နာ ရောဒါမိ၊ တဝ သုတ္တာ မဟာမုနိ။

၃၈၀။ ဘန္တေ၊ ရှေ့နောက်မြင်သိ ပညာရှိငြား အရှင်ရသေ့ဘုရား။ တွံ၊ အရှင် ဘုရားသည်။ အာဒိတ္တံ၊ သောကမီးဖြင့် ထိန်ညီးပြောင်ပြောင် တောက်လောင်အပ် သည်ဖြစ်၍။ သန္တံ၊ ထင်ရှားရှိသော။ မံ၊ တပည့်တော်မကို။ ဝါရိနာ၊ ရေဖြင့်။ သြသိဉ္စံ သြသိဉ္စန္တော ဝိယ၊ အေးစေလိုကြောင်း သွန်းဖျန်းလောင်းသကဲ့သို့။ ဝါရိနာ၊ အမြတ်ထိပ်သီး တရားတည်းဟူသော ရေဖြင့်။ သြသိဉ္စံဝတ၊ အေးဖို့အရေး သွန်း

http://www.dhammadownload.com

လောင်းပေးပေစွတကား။ ဃတသိတ္တံ၊ ထောပတ်ဖြင့် သွန်းလောင်းအပ်သော။ ပါဝကံ၊ လောင်စာတွေ့က လောင်ချင်လှသော မီးကို။ နိဗ္ဗာပယေ ဣဝ၊ အပူရှိန်ပြေငြိမ်း စေသကဲ့သို့။ တထာ၊ ထိုနှင့်တမူ အလားတူသာလျှင်။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံး စုံသော။ ဒရံ၊ စိတ်၏ပူပန်ခြင်းကို။ နိဗ္ဗာပယေ၊ အပူမခ ချမ်းသာရကာ အေးငြိမ်းရပါပြီတကား။

၃၈၁။ ဘန္တေ၊ အရှင်ရသေ့မြတ်ဘုရား။ ယောတွံ၊ တပည့် တော်မအား မြတ်တရားနှင့် ဟောကြားပြုပြင် အကြင် အရှင်ဘုရားသည်။ သောက ပရေတာယ၊ သောကလွန်းပက် နှိပ်စက်အပ်သော။ မေ၊ တပည့်တော်မ၏။ ပတိ သောကံ၊ လင်ဟူသော ဗြဟ္မဒတ်ကြောင့် မပြတ်ဖြစ်ပွား သောကတရားကို။ အပါ နုဒိ၊ အစွန်း အစ မကျန်ရအောင် ခဏချက်ချင်း ပယ်ဖျောက်ခွင်းပေ၏။ တေ တယာ၊ ထိုအရှင် ဘုရားသည်။ မေ၊ တပည့်တော်မ၏။ ဟဒယနိဿိတံ၊ စိတ်နှလုံး၌ အမြဲမှီ၍ဖြစ် သော။ သောကံ၊ စိုးရိမ်ပါလှ သောကဟုဆိုအပ်သော။ သလ္လံ၊ အပူပစ်သွင်း ငြောင့်တံသင်းကို။ အဗ္ဘဟိဝတ၊ ဝိရိယထုတ် အမြစ်ပြုတ်အောင် ပယ်နုတ်တော်မူ ပေစွတကား။

၃၈၂။ မဟာမုနိ၊ အရှင်ရသေ့။ တဝ၊ အရှင်ဘုရား၏။ ဓမ္မံ၊ သောကကင်းရန် စိတ်ရည်သန်၍ အမှန်ဟောဖော် တရားစကားတော်ကို။ သုတွာန၊ ယခုဇာ ကြားနာရ၍။ သဟဟံ၊ သောကစူး၍ လူးလဲနေရ ထိုတပည့်တော်မသည်။ အဗ္ဘုဋ္ဌ သလ္လာ၊ အကုန်နုတ်အပ်သော ငြောင့်ရှိသည်။ အသို့၊ ဖြစ်ပါ၏။ သီတိဘူတာ၊ အပူကင်းပ အေးမြသည်ဖြစ်၍ ဖြစ်သည်။ နိဗ္ဗုတာ၊ သောကကင်းဝေး ငြိမ်းအေး သည်ဖြစ်၍ ဖြစ်သည်။ အသို့၊ ဖြစ်၏။ တသ္မာ၊ ထို့ ကြောင့်။ ဣတော၊ အရှင်ဘုရား ဟောကြားညွှန်ပြ မြတ်ဓမ္မကို ကြားရသော ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ အဟံ၊ တပည့်တော်မသည်။ နသောစာမိ၊ လွမ်းဆွေးညှိုး မှိန် မစိုးရိမ်တော့ပါ။ နရောဒါမိ၊ ပူတလှိုက်လှိုက် ရှိုက်တဖိုဖို မျက်ရည်ယိုစီး အလွမ်းကြီးကာ မငိုညည်းတော့ပါ ဘုရား။

ဗုဒ္ဓဟောကြား မြတ်တရား

ဤ ယခုအခါ၌ ဥဗ္ဗရိမိဖုရား၏အကျင့်မြတ်ကို ပြတော်မူလိုသော မြတ်စွာ ဘုရားသည် ဤဂါထာတို့ကို ဟောကြားတော်မူ၏။

၃၈၃။ တဿ တံ ဝစနံ သုတ္ဝာ၊ သမဏဿ သုဘာသိတံ။
ပတ္တစိတ္တရမာဒါယ၊ ပဗ္ဗဓိ အနဂါရိယံ။

http://www.dhammadownload.com

၃၈၄။ သာ စ မဗ္ဘဇိတာ သန္တာ၊ အဂါရသ္မာ အနဂါရိယံ။
မေတ္တာစိတ္တံ အာဘာဝေသိ၊ ဗြဟ္မလောကူပပတ္တိယာ။
၃၈၅။ ဂါမာ ဂါမံ ဝိစရန္တီ၊ နိဂမေ ရာဇဓာနိယော။
ဥရဝေဠာ နာမ သော ဂါမော၊ ယတ္ထ ကာလမကြွဗွထ။
၃၈၆။ မေတ္တာစိတ္တံ အာဘာဝေတွာ၊ ဗြဟ္မာလောကူပပတ္တိယာ။
ဣတ္ထိစိတ္တံ ဝိရာဇေတွာ၊ ဗြဟ္မာလောကူပဂါ အဟု။

၃၈၃။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ သာ၊ အဂ္ဂမဟေသီ ဒေဝီ ထွတ်ဖျား ထိုဥဗ္ဗရီမိဖုရားသည်။ တသ သမဏာသ၊ တောတောင်မြိုင်တန်း ပျော်မွေ့လန်းသည့် ထိုရသေ့ရဟန်းသည်။ သုဘာသိတံ၊ ကောင်းစွာ မြွက်ဟော ဟောကြားတော်မူအပ်သော။ တံ ဝစနံ၊ အမြတ်ကျော်မော် တရားစကား တော်ကို။ သုတွာ၊ ဟောဖော်သမျှ နာကြားရ၍။ ပဗ္ဗဇိဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ အနာဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိ၊ ဖန်ဝါနီမြန်း ဝတ် သင်္ကန်းနှင့် ရသေ့ရဟန်း ပြုလေပြီ။

၃၈၄။ ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ သာ စ၊ ဥဗ္ဗရီဟု မည်ရှိထင်ရှား ထိုမိဖုရားသည်လည်း။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတာ၊ ဖန်ဝါနီမြန်း ဝတ်သင်္ကန်းနှင့် ရဟန်း ပြုသည်။ သန္တာ၊ အမှန်စင်စစ် ဖြစ်သည်ရှိသော်။ တစ်နည်း ပဗ္ဗဇိတာ၊ မြင့်မြတ် ထက်တန်း ရဟန်းပြုသည်ဖြစ်၍။ သန္တာ၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းစွာ ရှိသည် ဖြစ်၍။ ဗြဟ္မလောကူပပတ္တိယာ၊ သူတော်ကောင်းတို့ ပျော် အောင်းစံတည် ဗြဟ္မာ ပြည်သို့ ဖြစ်ခြင်းငှာ။ မေတ္တာစိတ္တံ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ကို။ အာဘာဝေသိ၊ လုံ့လထားကာ မနှားမနေ ပွားများစေပြီ။

၃၈၅။ ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မျှော်တွေးပေငြား အို ချစ်သားရဟန်းများတို့။ သာ၊ ဥဗ္ဗရီဟု မည်ရှိကျော်ထ ထိုရသေ့မသည်။ ဂါမံ၊ ဂါမာ၊ တစ်ရွာမှ တစ်ရွာသို့လည်းကောင်း။ နိဂမေ နိဂမာနိ၊ အမှတ်မထား နိဂုံးရွာ များတို့သို့ လည်း ကောင်း။ ရာဇဓာနိယော၊ မင်းတို့စံပျော် နေပြည်တော်တို့သို့ လည်းကောင်း။ ဝိစရန္တီ၊ အမြဲမတည် လှည့်လည်လျက်။ ယတ္ထ၊ အကြင်ရွာ၌။ ကာလံ၊ ဇီဝိန်ပျက်ကြွေ အသက်သေခြင်းကို။ အကြွဗွထ၊ စင်စစ်မသွေ ပြုရှာလေပြီ။ သောဂါမော၊ ဇီဝိန်ပျက်ကြွေ အသက်သေရာ ထိုရွာသည်။ ဥရဝေလာနာမ၊ ဥရဝေလ မည်၏။

http://www.dhammadownload.com

၃၈၆။ ဘိက္ခဝေ၊ ငါ၏ချစ်သားရဟန်းများတို့။ သာ၊ ထိုဥဇ္ဈရိဒေဝီ နာမည်ကျော်ထ ထိုရသေ့မသည်။ ဗြဟ္မလောကူပပတ္တိယာ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းငှာ။ မေတ္တာစိတ်ဖွဲ့၊ မေတ္တာစျာန်ကို။ အာဘာဝေတ္တာ၊ လုံ့လထားကာ မနားမနေ ပွားများစေ၍။ ဣတ္ထိစိတ်ဖွဲ့၊ မိန်းမစိတ်ကို။ ဝိရာဇေတ္တာ၊ ရှင်းရှင်းမြန်စွာ ကင်းကွာစေ၍။ ဗြဟ္မလောကူပဂါ၊ သူတော်ကောင်းကို ပျော်အောင်းစံတည် ဗြဟ္မာ့ပြည်သို့ ရောက်သည်။ အဟု၊ ဖြစ်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏ အကျိုး

ဘုရားရှင်သည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ထို ဥပါသိကာမ၏ စိုးရိမ်သောကကို ပယ်ဖျောက်တော်မူပြီးလျှင် သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူ၏။ ဒေသနာတော်မြတ်၏အဆုံး၌ ထိုစိုးရိမ်များစွာ ဥပါသိကာမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဤ သစ္စာလေးဖြာ တရားဒေသနာတော်သည် ရောက်လာသော ပရိသတ်အား အကျိုးများသည် ဖြစ်လေ၏။

လင်သေ၍ ပူဆွေးနေသူ ဥဇ္ဈရိမိဖုရားအကြောင်း ဤတွင် ပြီး၏။

ဤတွင် ခုဒ္ဒကနိကာယ် ပေတဝတ္ထု အဋ္ဌကထာ ပုံတော်စုံပေတဝတ္ထုတော်ကြီး၌ တစ်ဆယ့်သုံးခုသော အကြောင်းရပ်တို့ဖြင့် တန်ဆာဆင်အပ်သော နှစ်ခုမြောက်ဖြစ်သော ဥဇ္ဈရိဝဂ်၏အဖွင့်သည် ဆုံးခန်းတိုင်မြောက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

ဥဇ္ဈရိဝဒ် ပြီး၏။

၃ - စူဠဝဂ်

၁- အဘိဇ္ဈာနပေတဝတ္ထု

ဂင်္ဂါမြစ်၏ ရေထဲတွင်သွားလာ၍နေရသော ပြိတ္တာ

အဘိဇ္ဈာနေ ဝါရိမှိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော
39 A ဤ **အဘိဇ္ဈာနပေတဝတ္ထု** ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မုဆိုးဖြစ်ခဲ့ဖူးသည့် တစ်ဦးသော ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

http://www.dhammadownload.com

သားသတ်မုဆိုး

ဗာရာဏသီပြည်၏ အနောက်ဘက် ဂင်္ဂါမြစ်၏ ထိုမှာဘက်တွင် "ဝါသဘ" မည်သောရွာကို ကျော်လွန်၍ သွားသည်ရှိသော် "စုန္ဒဋ္ဌိလ" မည်သော ရွာဌ္ဌ တစ်ဦးသော မုဆိုးသည်ရှိ၏။ ထိုမုဆိုးသည် တောဌ္ဌ သားကောင်တို့ကို သတ်ဖြတ်၍ ကောင်းမွန်သော အသားကို မီးကျီးအစုဌ္ဌ ဖုတ်ကင်၍ စားပြီးလျှင် ကြွင်းကျန်သောအသားကိုလည်း ဖက်ရွက်ဖြင့် တုပ်နှောင်ဖွဲ့ချည်၍ ထမ်းပိုးဖြင့် ထမ်းဆောင်ပြီးလျှင် ရွာသို့ ပြန်လာခဲ့လေ၏။ ထိုမုဆိုးကို ရွာသားငယ်တို့သည် ရွာတံခါးတွင် တွေ့မြင်ကြ၍ "အကျွန်ုပ်အား အသားကို ပေးပါလော့၊ အကျွန်ုပ်အား အသားကို ပေးပါလော့" ဟု ပြောဆိုကြကာ လက်တို့ကို ဖြန့်ပြီးလျှင် မုဆိုးထံသို့ ရှေးရှုပြေးလာကြကုန်၏။ ထိုမုဆိုးသည် သူငယ်တို့အား အနည်းငယ် အနည်းငယ်စီသော အသားကို ပေးလေ၏။ ထိုအခါ တစ်နေ့သဌ္ဌ အသားမရသည်ဖြစ်၍ ငရွေဝါပန်းကို ပန်ဆင်၍ လက်ဖြင့်လည်း များစွာယူဆောင်ခဲ့ပြီးလျှင် ရွာသို့သွားသည်ရှိသော် ထိုမုဆိုးကို သူငယ်တို့သည် ရွာတံခါးတွင် တွေ့မြင်ကြပြန်၍ "အကျွန်ုပ်အား အသားကိုပေးပါလော့၊ အကျွန်ုပ်အား အသားကို ပေးပါလော့" ဟု လက်တို့ကိုဖြန့်၍ မုဆိုး၏ထံသို့ ရှေးရှုပြေးလာကြကုန်၏။ ထိုမုဆိုးသည် ထိုသူငယ်တို့အား တစ်ခုတစ်ခုစီသော ပန်းပွင့်ခိုင်ကို ပေးလေ၏။

မုဆိုးကွယ်လွန်ကာ ပြိတ္တာဖြစ်ရပုံ

ထိုနောက် အခါတစ်ပါးဌ္ဌ ထိုမုဆိုးသည် စုတေကွယ်လွန်ခြင်းကို ပြုသည်ရှိသော် ပြိတ္တာတို့ဘုံဌ္ဌဖြစ်ပြီးလျှင် အဝတ်မဆီး အချည်းနီးသာဖြစ်၍ ဖောက်ပြန်ပျက်စီးသော ရုပ်ရေအဆင်းရှိကာ ကြောက်မက်ဖွယ်ရာကောင်းလှသော အမြင်ရှိလျက် အိပ်မက်ဌ္ဌသော်လည်း ထမင်းအဖျော်ကို မသိမမြင်ရဖူးပေ။ ဦးခေါင်းဌ္ဌ ဖွဲ့ချည်အပ်သော ငရွေဝါပန်း ပန်းကုံးပန်းစည်းရှိသည်ဖြစ်၍ "စုန္ဒဋ္ဌိလရွာရှိ ဆွေမျိုးတို့၏ထံဌ္ဌ တစ်စုံတစ်ခုသော စားသောက်ဖွယ် စသည် ရလတ္တံ့" ဟု ကြဌ္ဌ ဂင်္ဂါမြစ်၏ရေဌ္ဌ မကွဲမပျက်စေမူ၍ အထက်ရေညာသို့ ခြေဖြင့် သွားလေ၏။

ဂင်္ဂါမြစ်ပြင်ဌ္ဌ အမတ်နှင့် ပြိတ္တာတို့ တွေ့ဆုံခြင်း

ထိုအခါ အခါတစ်ပါးဌ္ဌ ကောလိယမည်သော ဗိမ္မိသာရမင်း၏ အမတ်ကြီးသည်လည်း ခိုးသားဓားပြ ထကြွသောင်းကျန်းဌ္ဌနေသော တိုင်းစွန်ပြည်ဖျား ပစ္စန္တရစ်ရွာများကို ငြိမ်ဝပ်ပိပြားစေပြီးလျှင် ပြန်လာခဲ့သည်ရှိသော် ဆင်၊ မြင်း အစရှိသော

http://www.dhammadownload.com

အခြံအရံရှိသော စစ်သည်ဗိုလ်ပါကို ကုန်းလမ်းခရီးဖြင့် စေလွှတ်လိုက်၍ မိမိကိုယ်တိုင်ကား ဂင်္ဂါမြစ်၏အောက် ရေစုန်သို့ လှေဖြင့် ပြန်လာခဲ့သည်ရှိသော် ထိုသို့သော အခြင်းအရာဖြင့် ရေပေါ်သို့ သွား၍နေသော ထိုပြိတ္တာကိုမြင်၍ ဤသို့ မေးမြန်းလေ၏။

၃၈၇။ အဘိဇ္ဈမာနေ ဝါရိမှိ၊ ဂင်္ဂါယ ဣဒ ဂစ္ဆသိ။
နဂ္ဂါ ပုဗ္ဗဒေဝတောဝ၊ မာလဓာရီ အလင်္ကတော။
ကုဟိ ဂမိဿသိ ပေတ၊ ကတ္ထ ဝါသော ဘဝိဿတိ။

၃၈၇။ ဘောပေတ၊ ရေပြင်သွားလာ အိုပြိတ္တာ။ တွံ၊ သင်သည်။ ဣဒ၊ ငါနှင့်တွေ့လာ ဤနေရာအရပ်၌။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ အဘိဇ္ဈမာနေ၊ ခြေကြွနင်းဆဲမပြုမကွဲသော။ ဝါရိမှိ၊ တသွင်သွင်နှင့် အစဉ်မယွင်း စီးဆင်း၍နေ ဂင်္ဂါရေ၌။ ဂစ္ဆသိ၊ ရောဆန်တက် မပျက်မသွေ သွား၍နေပေ၏။ နဂ္ဂါ၊ အဝတ်မဆီးအချည်းနှီးသည်။ ဟုတ္တာ၊ ဖြစ်၍။ ပုဗ္ဗဒေဝတောဝ၊ ကိုယ်ရှေ့ပိုင်းမှာ ပြိတ္တာမဟုတ် သကဲ့သို့။ မာလ ဓာရီ၊ လှပတင့်ဆန်း ငုပန်းကိုဆောင်သည်။ အလင်္ကတော၊ ကောင်းစွာပြုပြင် တန်ဆာဆင်အပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ ကုဟိ၊ ဘယ်ရပ်ဌာန ဘယ်ဒေသသို့။ ဂမိဿသိ၊ အရောက်ကြီးစွာ သွားပါလတ္တံ့နည်း။ ကတ္ထ၊ ဘယ်ရပ်ဌာန ဘယ်ဒေသ၌။ ဝါသော၊ အမြဲတစေ သွားလာနေထိုင်ရသော။ ပေတော၊ ပြိတ္တာသည်။ ဘဝိဿတိ၊ ဖြစ်လေသနည်း။

ယခုအခါ၌ ပြိတ္တာနှင့် ကောလိယမည်သော အမတ်ကြီးတို့ ပြောဆိုသော စကားများကို ပြခြင်းငှာ သံဂီတိကာရက အရှင်မြတ်တို့သည် အောက်ပါ ဂါထာတို့ကို မိန့်တော်မူကြကုန်၏။

၃၈၈။ စုန္ဒဋ္ဌိလံ ဂမိဿာမိ၊ ပေတော သော ဣတိ ဘာသသိ။
အန္တရေ ဝါသဘဂါမံ၊ ဗာရာဏသိ စ သန္တိကေ။

၃၈၈။ ဝါသဘဂါမံ ဝါသဘဂါမဿ စ၊ ဝါသဘမည်သော ကျေးရွာ၏လည်းကောင်း။ ဗာရာဏသိ ဗာရာဏသိယာ စ၊ ဗာရာဏသိမြို့တော်၍ လည်းကောင်း။ အန္တရေ၊ ပြဆိုခဲ့ရာ မြို့နှင့်ရွာတို့၏အကြား၌။ ဗာရာဏသိယာ၊ ဗာရာဏသိမြို့တော်၏။ သန္တိကေ၊ မဝေးကွာငြား အနီးနား၌။ ဌိတံ၊ တည်ရှိပေသော။ စုန္ဒဋ္ဌိလံ၊ စုန္ဒဋ္ဌိလ အမည်ရသောရွာသို့။ အဟံ၊ ငါသည်။ ဂမိဿာမိ၊ သွားရပါအံ့။ ဣတိ၊ ဤသို့။ သော ပေတော၊ ထိုပြိတ္တာသည်။ ဘာသတိ၊ တုံ့ပြန်စကား ပြောကြားလေ၏။

http://www.dhammadownload.com

၃၈၉။ တဋ္ဌ ဒိသွာ မဟာမတ္တော၊ ကောလိယော ဣတိ ဝိသုတော။
သတ္တံ့ ဘတ္တဋ္ဌ ပေတဿ၊ ပိတာဋ္ဌ ယုဂံ အဒါ။

၃၈၉။ ကောလိယော ဣတိ၊ ကောလိယဟူ၍။ ဝိသုတော၊ အမည်အားဖြင့် ထင်ရှားကျော်စောသော။ မဟာမတ္တော၊ နိုင်ငံမြို့နယ် အသွယ်သွယ်ကို ခြယ်လှယ်ပြုလုပ် အမတ်ချုပ်ကြီးသည်။ တံ၊ ဆင်းရဲကြီးစွာ ထိုပြိတ္တာကို။ ဒိသွာ၊ မျက်မှောက်ရှေ့တွင် တွေ့မြင်ရ၍။ တဒါ၊ ထို တွေ့မြင်သောအခါ၌။ ပေတဿ၊ ပြိတ္တာအား။ သတ္တံ့စ၊ မုံ့လုံးကိုလည်းကောင်း။ ဘတ္တဋ္ဌ၊ စားစေဖို့ရာ ထမင်းအစာကိုလည်းကောင်း။ ပိတာဝံ၊ ရွေသောအဆင်းရှိသော။ ယုဂဋ္ဌ၊ ကိုယ်မှာတစ်ဖုံ ဝတ်ရုံစရာ ပုဆိုးလျာ အစုံကိုလည်းကောင်း၊ အဒါ၊ သဒ္ဓါရွှင်လန်း ပေးကမ်းလေပြီ။

၃၉၀။ နာဝါယ တိဋ္ဌမာနာယ၊ ကပ္ပကဿ အဒါပယိ။
ကပ္ပကဿပဒိန္နမ္ပိ၊ ဌာနေ ပေတဿ ဒိဿထ။

၃၉၀။ကဒါ၊ ဘယ်သောအခါ ဘယ်နေရာ၌။ အဒါသိ၊ သဒ္ဓါရွှင်လန်း ပေးကမ်းသနည်းဟူမူကား။ နာဝါယ၊ မိမိစီးလာ လှေနာဝါသည်။ တိဋ္ဌမာနာယ၊ အရှိန်သောကာ ရပ်တည်စဉ်ပင်လျှင်။ ကပ္ပကဿ၊ ရေချိုးနေငြား တစ်ယောက်သော ဆတ္တာသည် ယောကျ်ားအား။ အဒါပယိ၊ သဒ္ဓါရွှင်လန်း ပေးကမ်းစေပြီ။ ကပ္ပကဿ၊ ဆတ္တာသည်အား။ ပဒိန္နမ္ပိ၊ ပေးကမ်းအပ်ပြီးသည်ရှိသော်။ ဌာနေ၊ ပေးကမ်းပြီးစ တခဏ၌။ ပေတဿ၊ ဆင်းရဲကြီးရှာ ပြိတ္တာ၏။ သရီရေ၊ အဝတ်ကင်းကွာ ကိုယ်ခန္ဓာ၌။ ဒိဿတိ၊ အဝတ်သွင်ပြင်နှင့် ထင်မြင်ရလေတော့၏။

၃၉၁။ တတော သုဝတ္ထဝသနော၊ မာလဓာရီ အလင်္ကတော။
ဌာနေ ဌိတဿ ပေတဿ၊ ဒက္ခိဏာ ဥပကပ္ပထ။
တဿာ ဒဒွေထ ပေတာနံ၊ အနုကမ္မာယ ပုနပ္ပုနံ။

၃၉၁။ တတော၊ အဝတ်ပုဆိုး ကောင်းကျိုးဖြာဖြာ ထင်ရှားဖြစ်ပေါ်လာသည်မှ။ ပရံ၊ နောက်၌။ သုဝတ္ထဝသနော၊ ကောင်းမွန်လှစွာ အဝတ်ကို ဝတ်ရရှာသည်။ မာလဓာရီ၊ ရှုကြည့်ဖွယ်ရာ လွန်စွာတင့်ဆန်း နတ်ပန်းကို ပန်ဆင်ရသည်။ အလင်္ကတော၊ ကောင်းစွာပြုပြင် ဘန်ဆာဆင်အပ်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဌာနေ၊ ဒက္ခိဏေယျ ရပ်ဌာန၌။ ဌိတဿ၊ တည်သော။ ဒက္ခိဏာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်။ တဿ ပေတဿ၊ ဆင်းရဲနေရှာ ထိုပြိတ္တာအား။ ယသ္မာ၊ အကြောင်းကြောင့်။ ဥပကပ္ပထ၊ သုံး ဆောင်ဖို့ရာ ကပ်ရောက်လာ၏။ တဿာ၊ ထို့ကြောင့်။ ပေတာနံ၊ ဆင်းရဲနေရှာ ပြိတ္တာတို့အား။ အနုကမ္မာယ၊ မေတ္တာရှေ့ထား အစဉ်သနားသဖြင့်။

http://www.dhammadownload.com

ပုနပ္ပုနံ၊ အခါခါ အထပ်ထပ်။ ဒက္ခိဏံ၊ လှူဖွယ်ဝတ္ထု အစုစုကို။ ဒဇ္ဇေထ၊ စေတနာသဒ္ဓါ နှစ်ဖြာကြည်လင်း လှူဒါန်းကြရာ၏။

ဘုရားရှင် ကြွလာတော်မူခြင်း

ထိုအခါ ကောလိယမည်သော အမတ်ကြီးသည် ထိုပြိတ္တာကို အစဉ်သနားသည်ဖြစ်၍ အလှူဒါန၏ အစီအရင်ကို ပြည့်စုံစေပြီးလျှင် ရေညာသို့ စုန်ဆင်းလာခဲ့ရာ နေထွက်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်လေ၏။ ဘုရားရှင်သည်လည်း ထိုသူတို့အား ချီးမြှောက်အံ့သောငှာ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၍ ဂင်္ဂါမြစ်ကမ်းနားဌ ဆင်းသက်တော်မူ၏။

အမတ်ကြီးလည်း ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ "အရှင်ဘုရား ရှင်တော်မြတ်ဘုရားသည် တပည့်တော်အား သနားစောင့်ရှောက်တော်မူခြင်းကို အကြောင်းပြု၍ ယနေ့ ကောင်းမှုအကျိုးငှာ တပည့်တော်၏ဆွမ်းကို သည်းခံတော်မူပါကုန်ဘုရား" ဟု ဘုရားရှင်ကို ဖိတ်ကြားလေ၏။ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် သည်းခံတော်မူ၏။ အမတ်ကြီးသည် ဘုရားရှင်၏ သည်းခံတော်မူခြင်းကို သိရ၍ ထိုခဏဌဉ်ပင်လျှင် မွေ့လျော်ဖွယ်ရှိသော မြေအဖို့ဌ ကြီးကျယ်ကောင်းမွန်သော သစ်ခက်တဲနန်းမဏ္ဍပ်ကို ဆောက်လုပ်စေ၍ အထက်မျက်နှာဌ လည်းကောင်း နီပါးလေးဘက်တို့ဌ လည်းကောင်း အထူးထူးခြယ်လှယ် လိမ်းကျံ၍ ထားအပ်သော အဆင်းအရောင်ရှိသော ဆန်းကြယ်လှစွာ ထူးဆန်းအံ့သြဖွယ်ရာ အဖြာဖြာတို့ဖြင့် ကောင်းမွန်စွာတန်ဆာဆင်ခြင်းကို ပြုလုပ်စေ၍ ထိုမဏ္ဍပ်ဌ ဘုရားရှင် အဖို့ရာ နေရာကို ခင်းစေပြီးလျှင် ပေးလှူထားလေ၏။ ဘုရားရှင်သည် ခင်းထားအပ်သောနေရာဌ ထိုင်နေတော်မူလေ၏။

ဘုရားရှင်အား အကြောင်းစုံလျှောက်ထား

ထိုအခါ ကောလိယအမတ်ကြီးသည် ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် နံ့သာပန်း စသည်တို့ဖြင့် ပူဇော်၍ ရှိခိုးလျက် သင့်တင့်လျောက်ပတ်သော နေရာဌ ထိုင်နေကာ ပြိတ္တာနှင့် အမတ်ကြီးတို့ အပြန်အလှန် ပြောဆိုခဲ့သည်များကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် "ရဟန်းသံဃာအပေါင်းသည် ဤအရပ်သို့ လာစေသတည်း" ဟု ကြံတော်မူလေ၏။ ကြံတော်မူသည်၏ အခြားမဲ့ဌပင်လျှင် ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ရွှေဟင်္သာအပေါင်းသည် ဓတရဋ္ဌ ဟင်္သာမင်းကို ခြံရံဘိသကဲ့သို့ ရဟန်းသံဃာအပေါင်း

http://www.dhammadownload.com

သည် တရားမင်းဖြစ်တော်မူသော ဘုရားရှင်ကို ကောင်းစွာ ခြံရံတော်မူလေ၏။ ထိုခဏ၌ပင်လျှင် လူများအပေါင်းသည် "မြတ်သော တရားဒေသနာတော်သည် ဖြစ်တော့အံ့" ဟု ညီညာဖြဖြ စည်းဝေးရောက်လာကြလေ၏။

ဘုရားရှင်၏ အဓိဋ္ဌာန်တော်

ပရိသတ်အပေါင်း ခြံရုံအပ်သော ထိုဘုရားရှင်ကို ဖူးမြင်ရ၍ ကြည်ညိုလှသော စိတ်ရှိသော အမတ်ကြီးသည် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် နှစ်သိမ့်ရောင့်ရဲစေ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုအပ်ပြီးသည်ရှိသော် လူအပေါင်းအား အစဉ်သနား စောင့်ရှောက် ချီးမြှောက်တော်မူလိုသဖြင့် "ဗာရာဏသီပြည်၏အနီးဖြစ်သော ရွာ၌ နေထိုင်ကြသော သူတို့သည် စည်းဝေး ရောက်လာကြစေကုန်သတည်း" ဟု အဓိဋ္ဌာန်ပြုတော်မူလေ၏။

အမျိုးမျိုးသော ပြိတ္တာများ

အလုံးစုံကုန်သော ထိုရွာနေသူ လူအများတို့သည်လည်း မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်၏ အစွမ်းကြောင့် စည်းဝေးရောက်လာကြကုန်၏။ လူအပေါင်းအားလည်း များစွာသော ပြိတ္တာတို့ကို ထင်ရှားသည်တို့ကို ပြုတော်မူလေ၏။ ထိုပြိတ္တာအပေါင်းတို့တွင် အချို့သော ပြိတ္တာတို့သည် ပြတ်စုတ်၍နေသော ပုဆိုးပိုင်းကို ဝတ်ဆင်ဆောင်နှင်းကုန်၏။ အချို့သော ပြိတ္တာတို့သည် မိမိ၏ဆံပင်တို့ဖြင့်သာလျှင် ဖုံးလွှမ်းအပ်သော ရုက်ဖွယ်စက်ဆုပ်ဖွယ်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါ ရှိကုန်၏။ အချို့သော ပြိတ္တာတို့သည် အဝတ်ပုဆိုး ကင်းကွာ မိမွေးတိုင်းသာ ရှိကုန်၏။ လွန်စွာ ငတ်မွတ်ခြင်း ရေဆာခြင်းဖြင့် နှိပ်စက်ခံနေရကုန်၏။ အရေဖြင့် ဖွဲ့ချည်ကာ အရိုးမျှသာရှိသော ကိုယ်ရှိကုန်သည်ဖြစ်၍ ထိုမှဤမှ လှည့်ပတ်ကြကုန်လျက် လူအများ၏ မျက်မှောက်၌ ထင်ရှားဖြစ်ပေါ်လာကုန်၏။

ထိုအခါ ဘုရားရှင်သည် အကြင်သို့သဘောရှိသော အခြင်းအရာဖြင့် တန်ခိုးအာနုဘော်တော်ကို ပြုပြင်ဖန်ဆင်းအပ်သည်ရှိသော် ထိုပြိတ္တာတို့သည် တစ်ပေါင်းတစ်စု တည်း စုဝေးကြကုန်လျက် မိမိသည် ပြုအပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကို လူအများအား ပြောကြားကြကုန်၏။ ထိုသို့ သဘောရှိသော တန်ခိုးဖန်ဆင်းမှုပြု စီရင်ခြင်းကို ဖန်ဆင်းပြု စီရင်တော်မူလေ၏။ ထိုအကြောင်းကို ပြဆိုလိုကုန်သော သင်္ဂါယနာတင် ထေရ်အရှင်တို့သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူကြကုန်၏။

http://www.dhammadownload.com

၃၉၂။ သာတုန္နဝသနာ ဧကေ၊ အညေ ကေသနိဝါသနာ။
ပေတာ ဘတ္တာယ ဂစ္ဆန္တိ၊ ပက္ကမန္တိ ဒိသောဒိသံ။

၃၉၂။ ဧကေ၊ ကောင်းမှုကင်းသူဉ် အချို့ကုန်သော။ ပေတာ၊ ပြိတ္တာတို့သည်။ သာတုန္နဝသနာ၊ စုတ်ပြတ်ညစ်နွမ်း အဝတ်ကြမ်းပိုင်းကို ရစ်သိုင်းပြီးကာ ဝတ်ကြရှာကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ အညေပေတာ၊ ထိုမှတစ်ပါး အခြားကုန်သော ပြိတ္တာတို့သည်။ ကေသနိဝါသနာ၊ ဆံပင်တို့ဖြင့် ဆင့်ဆင့်ရစ်ကာ ဖုံးကာအပ်သော ကိုယ်အင်္ဂါရှိကြကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ဘတ္တာယ၊ စားကြွင်းအန်ဖတ်လွန်ညစ်ပတ်သည့် ရွံအပ်ဖွယ်ထွေး ကိုယ်ဝန်ညစ်ကြေးစသော အစားအစာ အလို့ငှာ။ ဂစ္ဆန္တိ၊ မနေမနား အရှာသွားကြရကုန်၏။ ဒိသော ဒိသံ၊ ဤအရပ်မှ ထို အရပ်သို့။ ပက္ကမန္တိ၊ အမြဲမသွေ ဖဲသွားကြလေကုန်၏။

၃၉၃။ ဒူရေ ဧကေ ပဓာဝိတ္ထာ၊ အလဒ္ဓါဝ နိဝတ္တရေ။
ဆာတာ ပမုဋ္ဌိတာ ဘန္တာ၊ ဘူမိယံ ပဋိသုမ္ဘိတာ။

၃၉၃။ ဧကေ၊ အချို့ကုန်သော။ ပေတာ၊ ပြိတ္တာတို့သည်။ ဒူရေ၊ ဝေးသောအရပ်သို့လည်း။ ပဓာဝိတ္ထာ၊ အစာတွက်တာ ပြေးသွားကြရကုန်၍။ အလဒ္ဓါဝ၊ ရေနှင့်အစာဘာတစ်ခုမျှ မရကြကုန်မူ၍သာလျှင်။ နိဝတ္တရေ၊ ဆုတ်နစ်ပြန်လည်ခဲ့ရှာကုန်၏။ တေ ပေတာ၊ အကြင်းအကျန် စားရန်ဖွေရှာ ဆင်းရဲလှစွာသော ထိုပြိတ္တာတို့သည်။ ဆာတာ၊ နေ့စဉ်မစဲ အမြဲမှန်စွာ ဆာမွတ်ရှာကုန်သည်။ ပမုဋ္ဌိတာ၊ ငတ်မွတ်ပါလှ ဆိုးဒုက္ခကြောင့် နွမ်းလျမ့်မြော တွေဝေမိန်းမောကုန်သည်။ ဟုတ္တာ၊ ဖြစ်ကြကုန်၍။ ဘန္တာ၊ တုန်လှုပ်ခါခါ ပတ်ပတ်ချာတုံ လည်ပတ်ကုန်လျက်။ ဘူမိယံ၊ သွားလာနေလျက် မြေအထက်၌။ ပဋိသုမ္ဘိတာ၊ မားမားမတ်တတ် မရပ်နိုင်ဘဲ ဗုန်းဗုန်းလဲကာ ကျရောက်ကြရှာကုန်၏။

၃၉၄။ ကေစိ တတ္ထ ပပတိတ္တာ၊ ဘူမိယံ ပဋိသုမ္ဘိတာ။
ပုဗ္ဗေ အကတကလ္လာဏာ၊ အဂ္ဂိဒမ္မာဝ အာတပေ။

၃၉၄။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ အကတကလ္လာဏာ၊ မပြုအပ်သော ကောင်းမှုရှိကုန်သော။ တေ စ၊ ထိုပြိတ္တာတို့သည်လည်း။ တတ္ထ၊ ထိုပြေးသွား ခါခါ ရောက်ရှာအရပ်၌။ ပဋိသုမ္ဘိတာ၊ မခိုင်မမြဲ ယိုင်လဲရှာကြကုန်သည်ဖြစ်၍။ အာတပေ၊ ဂိမှန်အခါ လွန်စွာပူက် နေပူထဲ၌။ အဂ္ဂိဒမ္မာဝ၊ မီးစွဲလောင်သောသူကဲ့သို့။ ဒယ္ဟမာနာ၊ ပူလောင်ကျွမ်းကုန်လျက်။ ဘူမိယံ၊ သွားလာနေလျက် မြေအထက်၌။ ပတိတာ၊ မားမားမတ်မတ် မရပ်နိုင်ဘဲ ဗုန်းဗုန်းလဲကာ ကျရှာကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။

http://www.dhammadownload.com

မဟာဒုက္ခံ၊ ချမ်းသာကင်းပ ကြီးစွာသော ဆင်းရဲဒုက္ခကို။ အနုဘဝန္တိ၊ မုချမသွေ ခံစားကြရလေကုန်၏။

၃၉၅။ မယံ ပုဗ္ဗေ ပါပမ္မာ၊ ဃရဏီ ကုလမာတရော။
သန္တေသု ဒေယျမေသု၊ ဒီပံ နာကမ္မ အတ္တနော။

၃၉၅။ မယံ၊ ငါတို့သည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ပါပမ္မာ၊ ယုတ်မာသော သဘောရှိကုန်သော။ ဃရဏီ၊ လိမ္မာကင်းပ အိမ်ရှင်မတို့သည်လည်းကောင်း။ ကုလ မာတရော၊ အမျိုးသားယောကျ်ားတို့၏ မိခင်များတို့သည်လည်းကောင်း။ အဟော သုံ၊ ဖြစ်ကုန်ပြီ။ ဒေယျမေသု၊ လှူဒါန်းဖွယ်ရာ ဝတ္ထုအဖြာဖြာတို့သည်။ သန္တေသု၊ အိမ်တွင်ထင်ရှား ရှိကုန်ငြားသော်လည်း။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်ုပ်ကြီးပမာ ထောက်တည်ရာ ကောင်းမှုကုသိုလ်ကို။ နာကမ္မ၊ အရေးစိုက်ကာ မပြုလိုက်မိခဲ့ပါကုန်။

၃၉၆။ ပဟူတံ အန္နပါနမ္ဖိ၊ အပိဿု အဝကီရိယတိ။
သမ္မဂ္ဂတေ ပဗ္ဗဇိတေ၊ နေ စ ကိဉ္စိ အဒမ္မသေ။

၃၉၆။ အန္နပါနံ၊ စားသောက်ဖွယ်ရာ ထမင်းအဖျော်ယမကာသည်။ ပဟူတမ္ပိ၊ ပေါပေါများများ ရှိခဲ့ငြားသော်လည်း။ အပိဿု၊ စင်စစ်သော်ကား။ အဝကီရိယတိ၊ ကြဲဖြန့်ပစ်ကာ စွန့်ခဲ့ပါ၏။ သမ္မဂ္ဂတေ၊ နေ့စဉ်မလင့် ကောင်းသောအကျင့်ရှိသော။ ပဗ္ဗဇိတေ ပဗ္ဗဇိတာယ၊ မြင့်မြတ်ထက်တန်း ရဟန်းတော်သည်။ သန္တေ၊ အစဉ်အား ဖြင့် ထင်ရှားရှိပါလျက်။ ကိဉ္စိ၊ တစ်စုံတစ်ခု လှူဖွယ်ဝတ္ထုကို။ နေ စ အဒမ္မသေ၊ မပေး မကမ်း မလှူဒါန်းမိခဲ့ကြပါကုန်။

၃၉၇။ အကမ္မကာမာ အလသာ၊ သာဒုကာမာ မဟဂ္ဃသာ။
အာလောပပိဏ္ဍဒါတာရော၊ ပဋိဂ္ဂဟေ ပရိဘာသိမ္ဟသေ။

၃၉၇။ မယံ၊ ငါတို့သည်။ ပုဗ္ဗေ၊ရှေးလူ့ဘဝဆီက။ အကမ္မကာမာ၊ သူတော်မြတ်တို့ မပြုအပ်ငြား မကောင်းမှု အကုသိုလ်တရားကို လိုလားခဲ့ကြကုန်၏။ အလသာ၊ ကုသိုလ်ပြုရေး အလေးမစိုက် ပျင်းရိမိုက်မဲမိကြကုန်၏။ သာဒုကာမာ၊ ကောင်းသော ဝတ္ထုအဖုံဖုံကို ချစ်မြတ်နိုးကြကုန်၏။ မဟဂ္ဃသာ၊ အလှူခံအား အရေးမထားဘဲ ကိုယ်တိုင်သာ အစားများခြင်း ရှိကုန်၏။ အာလောပပိဏ္ဍဒါတာရော၊ တစ်လုတ်စာ ထမင်းကိုသာ ပေးလှူခြင်း ရှိကုန်၏။ ဝါ၊ တစ်လုတ်စာမျှမှန်း ဘောဇဉ်ဆွမ်းကို ပေးကမ်းတတ်ရာ ဒါယကာတို့ကိုလည်းကောင်း။ ပဋိဂ္ဂဟေ၊ ကောင်းစွာခံယူသည့် အလှူခံပုဂ္ဂိုလ်တို့ကို လည်းကောင်း။ ပရိဘာသိမ္ဟသေ၊ တတွတ် တွတ်နှင့် ရေရွတ်ခါခါ ပြောင်လှောင်ပြောဆို တတ်ကြပါကုန်၏။

http://www.dhammadownload.com

၃၉၈။ တေ ဃရာ တာ စ ဒါသိယော၊ တာနေဝါ'ဘရဏာနိ နော။
တေ အညေ ပရိစာရေန္တိ၊ မယံ ဒုက္ခဿ ဘာဂိနော။

၃၉၈။ နော၊ ဒုက္ခကြီးစွာ ပြိတ္တာငါတို့၏။ တေ ဃရာ တာနိ ဃရာနိ၊ လူ့ဘဝက နေခဲ့ကြရာ ထိုအိမ်ဂေဟာတို့ကို လည်းကောင်း။ တာ စ ဒါသိယော၊ ခိုင်းစေရန်ထား ထို ကျွန်မများငါ့ကို လည်းကောင်း။ တာနေဝါဘရဏာနိ၊ ထို အဝတ်တန်ဆာ စိန်ရွှေရတနာ အဖြာဖြာတို့ကို လည်းကောင်း။ တေ၊ ထို ငါတို့ နေရာ အိမ်ဂေဟာနှင့် ခိုင်းစရာကျွန်မ စိန်ရွှေရတနာ ဟူသမျှတို့ကို။ အညေ၊ ငါတို့ သေပျောက် အသစ်ရောက်သည့် နောက်လင်နောက်သား နောက်မယားတို့သည်။ ပရိစာရေန္တိ၊ အပိုင်အုပ်စိုး မယုတ်ညှိုးဘဲ ဝေဖြိုးတင့်တင့် အခန့်သင့်နေ ခိုင်းစေပြီး ကာ ဝတ်ဆင်သုံးစွဲကြရပါကုန်၏။ မယံ၊ အကျွန်ုပ်တို့သည်။ ဒုက္ခဿ၊ ငတ်မွတ် ခေါင်းပါးခြင်းဟူသော ဆင်းရဲဒုက္ခ အဖြာဖြာ၏။ ဘာဂိနော၊ အဖို့ရှိကြကုန်သည်။ ဘဝါမ၊ အစစ်မှန်စွာ ဖြစ်ကြရပါကုန်၏။

၃၉၉။ ဝေဏီ ဝါ အဝညာ ဟောန္တိ၊ ရထကာရီ စ ဒုဿိကာ။
စဏ္ဍာလီ ကပဏာ ဟောန္တိ၊ ကပ္ပကာ စ ပုနပ္ပုနံ။

၃၉၉။ တေ၊ ထိုပြိတ္တာဘုံမှ လွတ်မြောက်ကျရာ ကဲကြွင်းပါသော သူတို့ သည်။ အဝညာ၊ သူတစ်ပါးတို့ မထီမဲ့မြင် ပြုအပ်ကုန်သော။ ဝေဏီဝါ၊ ချမ်းသာနည်းပါး ဆင်းရဲများ၍ စီးပွားကင်းသူဉ် နီးသည် ကျူးထရံသည်မျိုးဌ် ဖြစ်ကုန်သည်လည်း ကောင်း။ ရထာကာရီစ၊ သားရေနယ်သမားတို့သည် လည်းကောင်း။ ဒုဿိကာစ၊ ဆိုးယုတ်ညစ်ပေ စိတ်အနေဖြင့် မိတ်ဆွေပြစ်မှားတတ်သောသူတို့သည်လည်းကောင်း။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်ရပေကုန်၏။ စဏ္ဍာလီစ၊ ဒွန်းစဏ္ဍားမျိုးဌ် ဖြစ်ကုန်သည် လည်းကောင်း။ ကပ္ပကာစ၊ ဆွေညာကင်းပ ညှိုးငယ်လှသော သူတို့သည်လည်းကောင်း။ ပုပ္ပုနံ၊ အထပ်ထပ်။ ကပ္ပကာ စ၊ ဥစ္စာစည်းစိမ် မဖြိုးထိန်သည့် ဆေတ္တာသည်မျိုးဌ် ဖြစ်ကုန်သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၀၀။ ယာနိ ယာနိ နိဟီနာနိ၊ ကုလာနိ ကပဏာနိ စ။
တေသု တေသွေဝ ဇာယန္တိ၊ သော မစ္ဆရိနော ဂတိ။

၄၀၀။ နိဟီနာနိ၊ ယုတ်ညံ့လှကုန်သော။ ကပဏာနိစ၊ အထီးကျန်ကာ ဆင်းရဲရှာသည်လည်း ဖြစ်ကုန်သော။ ယာနိ ယာနိ ကုလာနိ၊ ယုတ်ညံ့လွန်ဆိုး အကြင် အကြင် အမျိုးတို့သည်။ သန္တိ၊ မများစကန် အမှန်ရှိကုန်၏။ တေသု တေသွေဝ၊ ထိုထို တဲငါမုဆိုး ပန်းမွှိက်သွန် အမျိုးတို့ဌ်သာလျှင်။ ဇာယန္တိ၊ စင်စစ်

http://www.dhammadownload.com

မသွေ ဖြစ်ရလေကုန်၏။ ဧသာ၊ မကောင်းညစ်ဆိုး ယုတ်ညံ့သောအမျိုးဟု ဆိုအပ်သော ဤလာရာဂတိသည်။ မစ္ဆရိနော၊ ဝန်တိုခြင်းရှိသော ပုဂ္ဂိုလ်၏။ ဂတိ၊ မပြတ်ဖန်ခါ သံသရာတစ်လျှောက် လားရောက်ရာပေတည်း။

၄၀၁။ ပုဗ္ဗေ စ ကတကလျာဏာ၊ ဒါယကာ ဝီတမစ္ဆရာ။
သဂ္ဂံ တေ ပရိပူရန္တိ၊ ဩဘာသေန္တိ စ နန္ဒနံ။

၄၀၁။ ယေ၊ ရှေ့နောက်သိမြင် အကြင်သူတော်စင်တို့သည်။ ပုဗ္ဗေ စ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌လည်း။ ကတကလျာဏာ၊ များဖြင့်ပြည့်စုံ ပြုအပ်ပြီးသော ကောင်းမှု ရှိကုန်၏။ ဒါယကာ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူဘတ်ကုန်၏။ ဝီတမစ္ဆရာ၊ ဝန်တိုတတ်ခြင်းဟု ဆိုအပ်သော မစ္ဆေရ အညစ်ကင်းခြင်း ရှိကုန်၏။ တေ၊ ထိုသူတို့သည်။ သဂ္ဂံ၊ ကောင်းမှုရှိလတ် ပုဂ္ဂိုလ်မြတ်တို့ နေရပ်ဌာနီ ထက်နတ်ပြည်ကို။ ပရိပူရေန္တိ၊ ထင်ရှားမသွေ ပြည့်စုံစေကုန်၏။ နန္ဒနံ စ၊ ထောင်ပေါင်းများပြား နတ်သမီးနတ်သားတို့၏ ပျော်ပါးရပ်ခွင် နန္ဒဝန်ဥယျာဉ်တော်ကိုလည်း။ ဩဘာသေန္တိ၊ အရောင်ချင်းလျက် ပြောင်လင်းလက်ဝေ ထွန်းလင်း တောက်ပစေကုန်၏။

၄၀၂။ ဧဇယန္တေ စ ပါသာဒေ၊ ရမိတ္တာ ကာမကာမိနော။
ဥစ္စာကုလေသု ဇာယန္တိ၊ သဘောဇေသု တတော စုတာ။

၄၀၂။ စ၊ ထိုမှတစ်ပါး။ ဧဇယန္တေ၊ အသရေလျှံဖြာ ဝေဇယန္တာ အမည်ရှိသော။ ပါသာဒေ၊ ပန်းဆွဲပန်းတက် ပန်းခက်ပန်းရံ မျိုးစုံသွယ်ပတ် နန်းပြာသာဒ်၌။ ကာမကာမိနော၊ နတ်တို့အာရုံ အလိုရှိအပ်သော ကာမဂုဏ်တို့၌ အလိုရှိသမျှ ခံစားရလေ့ရှိကုန်သည် ဖြစ်၍။ ရမိတ္တာ၊ စိတ်ရွှင်လန်းပျော် မွေ့လျော်ပြီး၍။ တတော၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်ပြည့်စုံ ထိုနတ်ဘုံမှ။ စုတာ၊ သဘောအလျောက် ချုပ်ပျောက်စုတေ သေကုန်သည်ရှိသော်။ သဘောဇေသု၊ ကုဋေကုဋာ များစွာစည်းစိမ် ဖြိုးထိန်ဝေဆာ ရှိကုန်ပါသော။ ဥစ္စာကုလေသု၊ စင်ကြယ်ပြည့်ဖြိုး မင်းစသော မြင့်မြတ်သော အမျိုးတို့၌။ ဇာယန္တိ၊ စင်စစ်မသွေ ဖြစ်ရလေကုန်၏။

၄၀၃။ ကူဋဂါရေ စ ပါသာဒေ၊ ပလ္လင်္ကေ ဂေါနကတ္ထတေ။
ဗီဇိတာ်ဂါ မောရဟတ္ထေဟိ၊ ကုလေ ဇာတာ ယသဿိနော။

၄၀၃။ ကူဋဂါရေ စ၊ စုလစ်မွန်းချွန် အထွတ်တင်အပ်သော အိမ်၌ လည်းကောင်း။ ပါသာဒေ စ၊ ဆန်းကြယ်ဝင့်ဝင့် ဆင့်ဆင့်ထပ်ထပ် ပြာသာဒ်၌ လည်းကောင်း၊ ဂေါနကတ္ထတေ၊ သိုးမွေးကော်ဇောဖြင့် ခင်းအပ်သော အခင်းရှိသော။ ပလ္လင်္ကေ၊ ပလ္လင်၌။ မောရဟတ္ထေဟိ၊ ဥဒေါင်းမြီးစည်းများဖြင့် သားနှားသပ်ရပ်

http://www.dhammadownload.com

တန်ဆာဆင်အပ်သော ယပ်ရိုက်သော လက်တို့ဖြင့်။ ဗီဇိတဂ်ါ၊ ဖန်ဖန်ထပ်ထပ် ယပ်လေခပ်အပ်သော ကိုယ်အင်္ဂါရုံကုန်လျက်။ ယသသိနော၊ များသော အခြံအရံရှိသည်ဖြစ်၍။ ကုလေ၊ မြင့်မြတ်ထက်ဖျား မင်းပုဏ္ဏားနှင့် တောက်ကြားသွယ်သွယ် သူဌေးသူကြွယ်မျိုး စသည်၌။ ဇာတာ၊ စင်စစ်မသွေ ဖြစ်ကြရလေကုန်၏။

၄၀၄။ အင်္ဂီတော အင်္ဂဲ ဂစ္ဆန္တို၊ မာလဓာရီ အလင်္ကိတာ။
ဓာတိယော ဥပတိဋ္ဌန္တို၊ သာယံ ပါတံ သုခေသိနော။

၄၀၄။ တေ၊ ထိုကောင်းမှုရှိကုန်သော သူတို့သည်။ ဒါရကကာလေပိ၊ ကလေး အရွယ် သူငယ်ဖြစ်နေစဉ်အခါ၌လည်း။ အင်္ဂီတော၊ တစ်ခုသော ရင်ခွင်မှ။ အင်္ဂဲ၊ တစ်ခုသော ရင်ခွင်ပေါ်သို့။ ဂစ္ဆန္တို၊ ကူးပြောင်းခါခါ ရောက်နေရပါ၏။ မာလဓာရီ၊ ကောင်းမြတ်မွေးကြိုင် ပျံ့လှိုင်သောပန်းကို ပန်ကုန်သော။ အလင်္ကိတာ၊ ကောင်းစွာပြုပြင် တန်ဆာဆင်အပ်ကုန်သော။ ဓာတိယော၊ နို့ထိန်းတို့သည်။ သုခေသိနော၊ အအေးအပူ မှန်သမျှ မတွေ့ရရန် ချမ်းသာကို ရှာကြံလေ့ရှိကြကုန်သည်ဖြစ်၍။ သာယံ ပါတံ၊ နေ့စဉ်မပျက် ညနံနက်။ ဥပတိဋ္ဌန္တို၊ ပြုစုလုပ်ကျွေး မွေးမြူကြကုန်၏။

၄၀၅။ နု ယိဒံ အကတပုညာနံ၊ ကတပုညာနမေဝိဒံ။
အသောကံ နန္ဒနံ ရမ္မံ၊ တိဒသာနံ မဟာဝနံ။

၄၀၅။ အသောကံ၊ ပူဆွေးညှိုးမှိန် စိုးရိမ်ခြင်းမရှိသော။ ရမ္မံ၊ ကြည်ပြိုးရွှင်ပျော် နှလုံးမွေ့လျော်ဖွယ်ဖြစ်သော။ တိဒသာနံ၊ တာဝတိံသာ နတ်ဒေဝါတို့၏။ မဟာဝနံ၊ အစဉ်ပျော်ရာ ဥယျာဉ်သာလည်း ဖြစ်ပေထသော။ ယံ နန္ဒနံ၊ အကြင် ဥယျာဉ်တော်သည်။ အတ္ထိ၊ စင်စစ်ဧကန် အမှန်ရှိ၏။ ဣဒံ နန္ဒနံ၊ နန္ဒဝန်မည်ကျော်ဤ ဥယျာဉ်တော်သည်။ အကတပုညာနံ၊ ပြုအပ်ပြီးသော ကောင်းမှုမရှိသောသူတို့အား။ နု ဟောတိ၊ ပျော်စရာ မြူးစရာ ထူးစွာစင်စစ် မဖြစ်နိုင်ပါပေ။ ဣဒံ၊ နန္ဒဝန်မည်ကျော် ဤနတ်ဥယျာဉ်တော်သည်။ ကတပုညာနမေဝ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့အားသာလျှင်။ ဟောတိ၊ ပျော်စရာ မြူးစရာ ထူးစွာစင်စစ် ဖြစ်ပေါ်လာပေ၏။

၄၀၆။ သုခံ အကတပုညာနံ၊ ဣဓ နတ္ထိ ပရတ္ထ စ။
သုခဉ္စ ကတပုညာနံ၊ ဣဓ စေဝ ပရတ္ထ စ။

၄၀၆။ အကတပုညာနံ၊ ပြုအပ်ပြီးသော ကောင်းမှုမရှိသောသူတို့အား။ ဣဓ စ၊ ယခု ပစ္စက္ခ ဤဘဝ၌လည်းကောင်း။ ပရတ္ထ စ၊ တမလွန်လောက သံသရာ

http://www.dhammadownload.com

အဆက်ဆက်သော ဘဝဠ္ဍလည်းကောင်း။ သုခံ၊ စည်းစိမ်ကဲတို့ကောင်းကျိုးဝေဖြာ ချမ်းသာခြင်းသည်။ နတ္ထိ၊ အမှန်တိတိ မရှိနိုင်ပေ။ ကတပုညာနံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့အား။ ဣဓစေဝ၊ ယခု ပစ္စက္ခ ဤလောကဠ္ဍလည်းကောင်း။ ပရတ္ထစ၊ တမလွန်လောက သံသရာဘဝဠ္ဍလည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ အတ္ထိ၊ အမှန်တိတိ ရှိနိုင်ပေ၏။

၄၀၇။ တေသံ သဟဗျကာမာနံ၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။
ကတပုညာ ဟိ မောဒန္တိ၊ သဂ္ဂေ ဘောဂသမင်္ဂိနော။

၄၀၇။ တေသံ၊ ထိုမြင့်မြတ်သောနတ်တို့နှင့်။ သဟဗျကာမာနံ၊ အတူတကွ ဖြစ်လိုကြသောသူတို့သည်။ ဗဟုံ၊ အကြိမ်များစွာ။ ကုသလံ၊ ဆယ်ဖြာပုညကုသလ ကို။ ကတ္တဗ္ဗံ၊ ကောင်းစွာမသွေ အမြဲနှဆုံး ပြုသင့်ကြပေ၏။ ဟိ၊ ပြုလုပ်သဖြင့် ရသင့်သော ဂုဏ်ပုဒ်ကို ဖော်ထုတ်၍ ဆိုလိုက်ပါဦးအံ့။ ကတပုညာ၊ ကုသိုလ်အဝဝ ပြုပြီးခြင်း ရှိကြသူတို့သည်။ သဂ္ဂေ၊ ကောင်းမှုရှိလတ် ပုဂ္ဂိုလ်မြတ်တို့ နေရပ်ဌာနီ ထက်နတ်ပြည်ဠ္ဍ။ ဘောဂ သမင်္ဂိနော၊ မြင့်မြတ်ကဲတိုး ကောင်းကျိုးထိန်ထိန် နှတ်စည်းစိမ်တို့နှင့် ပြည့်စုံကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ မောဒန္တိ၊ နှစ်သက် ကြည်သာ ဝမ်းမြောက်ကြရကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ ပြိတ္တာတို့နှင့် ဆက်ဆံသောအားဖြင့် မိမိသည် ပြုအပ်ခဲ့သော မကောင်း မှုကံ၏ လားရာဂတိကိုလည်းကောင်း၊ ကောင်းမှုကုသိုလ်၏ လားရာဂတိကို လည်း ကောင်း ပြောကြားသိစေအပ်ပြီးသည်ရှိသော် အလွန်ထိတ်လန့်သော စိတ်နှလုံးရှိသော ကောလိယ အမတ်ကြီး အမှူးရှိသော ထိုအရပ်ဠ္ဍ စည်းဝေးရောက်လာသော လူများ အပေါင်း၏ အလိုအဇ္ဈာသယအားလျော်စွာ ဘုရားရှင်သည် အကျယ်အားဖြင့် တရားတော်ကို ဟောကြားလေ၏။ ဒေသနာတော်၏ အဆုံးဠ္ဍ ရှစ်သောင်းလေးထောင် သော သတ္တဝါအပေါင်းတို့အား သစ္စာလေးပါး တရားတော်ကို ထိုးထွင်း၍ သိခြင်း သည် ဖြစ်လေ၏။

ဂင်္ဂါမြစ်၏ရေထဲတွင် သွားလာနေရသော ပြိတ္တာအကြောင်း ဤတွင် ပြီး၏။

http://www.dhammadownload.com

၂-သာဏဝါသိတ္ထေရပေတဝတ္ထု

သာဏဝါသိမထေရ်မြတ်၏ ဆွေမျိုးပြိတ္တာများ

ကုဇ္ဈိနာဂရိယော ထေရော အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ သာဏဝါသိတ္ထေရပေတဝတ္ထုကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာဏဝါသိမထေရ်၏ ဆွေမျိုးပြိတ္တာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စေကဗုဒ္ဓါကို ပြစ်မှားသူ မင်းသား

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကိတဝ အမည်ရှိသော မင်း၏ သားတော်သည် ဥယျာဉ်ကစားထွက်ပြီးလျှင် ပြန်လာသည်ရှိသော် ဆွမ်းအလို့ငှာ လှည့်လည်၍ မြို့မှထွက်ခွာလာသော သုနေတ္တ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါကို ပြင်၍ အစိုးရခြင်းတည်းဟူသော မာန်ယစ်ခြင်းဖြင့် ယစ်မူးကာ "ဤ ဦးပြည်း ခေါင်းတုံး ရဟန်းသည် ငါ့အား အဘယ့်ကြောင့် လက်အုပ်ချီမှုကိုမပြုဘဲ သွားရသနည်း" ဟု ပြစ်မှားသောစိတ် ရှိသည်ဖြစ်၍ ဆင်၏ကျောက်ကုန်းမှ ဆင်းပြီးလျှင် "အသို့ပါနည်း၊ သင်သည် ဆွမ်းရခဲ့ပါ၏လော" ဟု မေးမြန်းပြောဆိုလျက် လက်မှ သပိတ်ကိုယူ၍ မြေပေါ်၌ ချပြီးလျှင် ခွဲပစ်လေ၏။

ငါကား ကိတဝမင်း၏သား

ထိုအခါ အလုံးစုံသော အရာဌာနဟူသမျှတို့၌ ထိုကဲ့သို့ သည်းခံခြင်းသဘော သို့ ရောက်ခြင်းရှိသဖြင့် ဖောက်ပြန်မှုမရှိ၍ ကရုဏာဖြင့် ပျံ့နှံ့သော ကြည်လင်ရွှင်လန်းသောစိတ် ရှိသည်သာဖြစ်လျက် ရှုကြည့်နေသော ထို ပစ္စေကဗုဒ္ဓါကို အကြောင်းမဟုတ်သည်၌ ရန်ငြိုးဖွဲ့သဖြင့် ပြစ်မှားပျက်စီးသော စိတ်ရှိသည်ဖြစ်ရကား "အသို့ပါနည်း သင်သည် ငါ့ကို ကိတဝမင်း၏သား ဖြစ်သည်ကို မသိသလော၊ သင်သည် ငါ့ကို စူးစူးစိုက်စိုက် ကြည့်ရှုလျက် နေသော်လည်း ငါ့အား အဘယ်သို့ ပြုလုပ်နိုင်အံ့နည်း" ဟု ပြောဆိုပြက်ရယ်ကာ ဖဲသွားလေတော့၏။

ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့သည့် အကျိုး

ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံမှ ဖဲခွာသွားစဉ်ပင်လျှင် ထိုကိတဝမင်း၏သား ဖြစ်သူ မင်းသားအား ငရဲမီးတမျှ ပူလောင်လှသော အဖို့ရှိသည်ဖြစ်၍ အားကြီးသည်းထန်သော ကိုယ်၏ပူလောင်ခြင်းသည် ဖြစ်လေ၏။

http://www.dhammadownload.com

ထိုမင်းသားသည် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပြစ်မှားမိသော မကောင်းမှုကြောင့် ပြင်းထန်စွာသော ပူလောင်ခြင်းဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော ကိုယ်ရှိသည်ဖြစ်၍ အလွန်ပြင်းပြလှစွာသော ဒုက္ခဝေဒနာသည် ကျင်နာထိုးဆွ နှိပ်စက်လှသည်ဖြစ်၍ စုတေ ကွယ်လွန်ခြင်းကိုပြုကာ မဟာအဝီစိငရဲ၌ ဖြစ်ရရှာလေ၏။

မကောင်းမှု၏ မကောင်းကျိုး အဆက်ဆက်

ထိုမင်းသားသည် မဟာအဝီစိငရဲကြီး၌ လက်ယာနံပါး လက်ဝဲလက်နံပါးဖြင့် လည်းကောင်း ပတ်လည်မှောက်လျက် လည်းကောင်း၊ ဤသို့ များစွာသော အခြင်းအရာတို့ဖြင့် လူးလဲ၍ နှစ်ပေါင်း ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး ခံရပြီးလျှင် ထိုအဝီစိငရဲကြီးမှ စုတေခဲ့သည်ရှိသော် ပြိတ္တာဘုံတို့၌ အတိုင်းအရှည် မရှိသော ကာလပတ်လုံး ဆာလောင်ခြင်း ရေမွတ်သိပ်ခြင်းတည်းဟူသော ငတ်မွတ်ခေါင်းပါးခြင်း စသော ဆင်းရဲဒုက္ခကို အစဉ်ခံစားလျက် ထိုပြိတ္တာဘဝမှ စုတေခဲ့ပြန်သည်ရှိသော် ဤဂေါတမ ရှင်တော်မြတ်ဘုရား ပွင့်ထွန်းဖြစ်ပေါ်တော်မူလာသောအခါ၌ ကုဏ္ဍိမည်သော မြို့၏အနီး တံငါသည်တို့နေရာ ရွာ၌ ဖြစ်ပြန်လေ၏။

တံငါနားနီးသော်လည်း တံငါမဖြစ်လိုသူ

ထိုယောကျ်ားအား ဘဝဟောင်းကို အောက်မေ့၍ သိမြင်တတ်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လေ၏။ ထိုယောကျ်ားသည် ဇာတိဿရဉာဏ်ဖြင့် ရှေ့ဘဝ၌ မိမိသည် ခံစားအပ်ခဲ့ဖူးသော ဆင်းရဲဒုက္ခ အဝဝကို အဖန်တလဲလဲ သတိရလျက် အရွယ်သို့ရောက်သော်လည်း မကောင်းမှု အကုသိုလ်မှ ကြောက်ရွံ့သောကြောင့် တစ်စုံတစ်ယောက်သော ဆွေမျိုးတို့နှင့်သော်လည်း အတူတကွ ငါးဖမ်းအံ့သောငှာ မသွားတော့ပေ။ ဆွေမျိုးတို့ ငါးဖမ်းအံ့သောငှာ သွားကြသည်ရှိသော် ငါးတို့ကို သတ်ဖြတ်ခြင်းငှာ အလိုမရှိသည်၏အဖြစ်ကြောင့် ပုန်းအောင်း၍သာ နေလေ၏။ သွားရသည်ရှိသော်လည်း ပိုက်ကွန်ရက်ကို ဖျောက်ဖျက်ပစ်ခဲ့လေ၏။ အသက်ရှင်လျက်ရှိကြသော ငါးတို့ကိုလည်း ဖမ်းယူ၍ ရေ၌ လွှတ်လိုက်လေ၏။

ထိုသူငယ်၏ အမူအရာကို မနှစ်သက်ကြကုန်သော ဆွေမျိုးတို့သည် သူငယ်ကို အိမ်မှ နှင်ထုတ်ကြလေကုန်၏။ ထိုသူငယ်၏ အစ်ကိုဖြစ်သောသူ တစ်ယောက်သည်ကား ထိုသူငယ်ကို ချစ်ခြင်းဖွဲ့နှောင်အပ်သော စိတ်နလုံးရှိသည် ဖြစ်လေ၏။

သူတော်ကောင်းနှင့်တွေ့၍ သူမြတ်ဘဝရောက်

ထိုအခါ၌လည်း အရှင်အာနန္ဒာမထေရ်သည် ကုဏ္ဍိမြို့ကို အမှီပြု၍ သာဏ

http://www.dhammadownload.com

မည်သောတောင်၌ နေတော်မူလေ၏။ ထိုအခါ ထိုတံငါသည်၏သားသည် ဆွေမျိုးဥာတိတို့ စွန့်ပစ်အပ်သည်ဖြစ်၍ ထိုမှ ဤမှ လှည့်ပတ်သွားလာကာ နေသည်ရှိသော် ထိုအရပ်သို့ ရောက်ရကား ဆွမ်းစားသောအခါ၌ မထေရ်မြတ်၏အနီးသို့ ချဉ်းကပ်လေ၏။ မထေရ်မြတ်သည် ချဉ်းကပ်၍လာသော တံငါသည်၏သားကို မေးမြန်းပြီးလျှင် ဘောဇဉ်ဖြင့် အလိုရှိသည်၏ အဖြစ်ကို သိတော်မူ၍ ထိုသူငယ်အား ဆွမ်းကိုပေး၍ ပြုအပ်သော ထမင်းစားခြင်းကိစ္စရှိသည်ဖြစ်၍ အလုံးစုံသော ထိုဖြစ်ပုံအကြောင်းစုံကို သိရ၍ တရားတော်၌ ကြည်ညိုသောစိတ် ရှိသည်၏အဖြစ်ကို သိရသောကြောင့် "ငါ့ရှင် သင်သည် ရှင်ရဟန်း ပြုနိုင်ပါလတ္တံ့လော" ဟု မေးမြန်းလေ၏။ "အရှင်ဘုရား မှန်လှပါ၊ တပည့်တော် ရှင်ရဟန်း ပြုပါအံ့" ဟု လျှောက်ထားလေ၏။ မထေရ်လည်း ထိုသူငယ်ကို ရှင်ပြုစေပြီးလျှင် ထိုသာမဏေသစ်နှင့် အတူတကွ ဘုရားရှင်၏ အထံတော်သို့ သွားတော်မူလေ၏။

ဘုရားရှင်ထံသို့

ထိုအခါ အရှင်အာနန္ဒာမထေရ်ကို ဘုရားရှင်သည် "ချစ်သား အာနန္ဒာ ဤသာမဏေကို အစဉ်သနား စောင့်ရှောက်ချီးမြှောက်ရာ၏" ဟု မိန့်တော်မူလေ၏။ ထိုသာမဏေသည်ကား ပြုအပ်ခဲ့သော ကုသိုလ်ကောင်းမှု မရှိခြင်းကြောင့် လာဘ်လာဘနည်းပါးလေ၏။ ထိုအခါ ဘုရားရှင်သည် ထိုသာမဏေကို ချီးမြှောက်တော်မူလိုသည်ဖြစ်၍ "ရဟန်းတော်တို့ သုံးဆောင်ရန်အလို့ငှာ သောက်ရေအိုးတို့ကို ရေပြည့်သည်တိုင်အောင် လောင်းထည့်လော" ဟု တိုက်တွန်းတော်မူ၏။ ထို ရေလောင်းထည့်ရသော အခြင်းအရာကို မြင်ရ၍ ဥပါသကာတို့သည် ထိုသာမဏေအား များစွာသော နိစ္စဘတ်ဆွမ်းတို့ကို တည်ထားစေကြကုန်၏။

ရဟန္တာဖြစ်ခြင်း

ထိုသာမဏေသည် အခါတစ်ပါး ရအပ်သော ပဋိဘာန်းအဖြစ်ရှိသည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် မထေရ်ကြီးဖြစ်ပြီးကာ တစ်ကျိပ်နှစ်ယောက်သော ရဟန်းတော်တို့နှင့် အတူတကွ သာဏ မည်သော တောင်၌ သီတင်းသုံးနေတော်မူလေ၏။

မထေရ်၏အမျိုးတို့ ပြိတ္တာဖြစ်ခြင်း

ထိုမထေရ်၏ ငါးရာမျှလောက်ကုန်သော ဆွေမျိုးတို့သည်ကား ပြုလုပ်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု မရှိကြသည်ဖြစ်၍ ဆည်းပူးပြုလုပ် အားထုတ်ခဲ့သော

http://www.dhammadownload.com

ဝန်တိုခြင်းစသော ယုတ်မာညစ်ကျူး မကောင်းမှု အကုသိုလ်တရားတို့သာ ရှိကြရကား ကွယ်လွန်ခြင်းကို ပြုကြကုန်သည်ရှိသော် ပြိတ္တာဘုံတို့၌ ဖြစ်ကြရလေကုန်၏။

ထိုမထေရ်၏ အမိအဖတို့သည်ကား "ဤသားဖြစ်သူ ရဟန်းကို ရှေးလူဖြစ်စဉ်အခါက ငါတို့သည် အိမ်မှ နှင်ထုတ်အပ်ခဲ့ပြီ" ဟု ရွံ့ရှားသော စိတ်ရှိကြကုန်သည်ဖြစ်ကြကာ ထိုမထေရ်၏အထံသို့ မချဉ်းကပ်ဝံ့ကြကုန်မူ၍ ထိုမထေရ်၌ ဖွဲ့အပ်သော ချစ်ခင်ခြင်းရှိသော နောင်တော်ကို စေလွှတ်ကြကုန်၏။ ထို နောင်တော်သည် ထိုမထေရ်အား ရွာသို့ ဆွမ်းအလို့ငှာ ဝင်လာသောအခါ၌ လက်ယာပုဆစ်ဒူးဝန်းကို မြေ၌တည်စေ၍ ပြုအပ်သော လက်အုပ်ချီခြင်းရှိသည်ဖြစ်၍ မိမိကိုယ်ကို ပြပြီးလျှင် ဤသို့ လျှောက်ဆိုလေ၏။

"မာတာ ပိတာ စ တေ ဘန္တေ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ထာန၊ ပေတလောကံ ဂတာ"။

"ကုဏ္ဍိနာဂရိယော ထေရော" စသော ငါးဂါထာတို့ကိုကား ထိုအမိအဖတို့၏ အဆက်အစပ်ကို ပြအံ့သောငှာ သင်္ဂီယနာတင် ထေရ်အရှင်တို့သည် ထားအပ်ကုန်၏။

၄၀၈။ ကုဏ္ဍိနာဂရိယော ထေရော၊ သာဏဝါသိနိဝါသိကော။
ပေါဠပါဒေါတိ နာမေန၊ သမဏော ဘာဝိတိန္ဒြိယော။

၄၀၈။ ကုဏ္ဍိနာဂရိယော၊ ကုဏ္ဍိမည်ကျေး ရွေမြို့တော်၌ ဖွားတော်မူထသော။ သာဏဝါသိနိဝါသိကော၊ သာဏဝါသီ နာမည်တွင်ခေါ် တောင်တော်မှီတင်းသီတင်းသုံးနေတော်မူလေ့ရှိထသော။ ပေါဠပါဒေါတိ၊ ပေါဠ ပါဒဟူ၍။ နာမေန၊ သည်နာမည်ခေါ် ဘွဲ့တော်အားဖြင့်။ ဝိသုတော၊ အစဉ်အားဖြင့် ထင်ရှားကျော်ကြားတော်မူထသော။ သမဏော၊ ကိလေသာစ်ကြေး အပြစ်အားတို့ကို ငြိမ်းအေးစေတတ်ထသော။ ဘာဝိတိန္ဒြိယော၊ အရိယာမဂ် ဘာဝနာဖြင့် ခါခါထပ်ထပ် ပွားများအပ်သည့် သဒ္ဓါစသော ဣန္ဒြေရှိထသော။ ယော ထေရော၊ သီလကျင့်ဓာတ် မြင့်မြတ်စုံညီ အကြင်မထေရ်သည်။ အတ္ထိ၊ စင်စစ်မသွေ ထင်ရှားရှိလေ၏။

၄၀၉။ တဿ မာတာ မိတာ ဘာတာ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ထာန၊ ပေတလောကံ ဂတာ။

၄၀၉။ တဿ၊ ထို သာဏဝါသီ တောင်တော်မှီလတ် မထေရ်မြတ်၏။ မာတာ၊ ကျေးဇူးအရှင် မွေးမိခင်သည်လည်းကောင်း။ ပိတာ၊ ကျေးဇူးအရှင် မွေးဖခင်သည်လည်းကောင်း။ ဘာတာ၊ အစ်ကိုအရင်းသည်လည်းကောင်း။ ပါပကမ္မံ၊

http://www.dhammadownload.com

ယုတ်မာညစ်ကျူး မကောင်းမှုကို။ ကရိတွာန၊ လွန်ကျူးဖုံဖုံ ပြုလုပ်မိကြကုန်၍။ ဒုဂ္ဂတာ၊ ဒုက္ခကြီးမား လွန်ဆိုးရွားသည့် မကောင်းသော အလားရှိကုန်သည် ဖြစ်၍။ ယမလောကိကာ၊ ယမမင်းနယ်နိမိတ် ဒီစတြိတ်ဝင်ပါ ပြိတ္တာတို့ဘုံ လဲလျောင်းရာ ရှိကုန်သုည်ဖြစ်၍။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ ဂတိလွဲဖောက် ဆိုက်ရောက်ကြရကုန်ပြီ။

၄၁၀။ တေ ဒုဂ္ဂတာ သူစိကဋ္ဌာ၊ ကိလန္တာ နဂ္ဂိနော ကိသာ။
ဥတ္တသန္တာ မဟတ္တာသာ၊ နု ဒဿေန္တိ ကုဋ္ဌိနော။

၄၁၀။ ဒုဂ္ဂတာ၊ မကောင်းသော အလားရှိကုန်သော။ တေ ပေတာ၊ သာဏဝါသီ မြတ်မထေရ်၏ စုံညီမိဘ ထိုအစ်ကိုပြိတ္တာ စသူတို့သည်။ သူစိကဋ္ဌာ၊ အပ်နှင့် ထိုးဆွသည့်ပမာ တူသည့်တာကြောင့် သူစိကာ မည်လတ် ငတ်မွတ်ဆာလောင်ခြင်းသည် နှိပ်ဖက်အပ်ကုန်သည်။ ကိလန္တာ၊ မရွှင်မလန်း ပင်ပန်းသော ကိုယ်စိတ်ရှိကုန်သည်။ ကိသာ၊ အစာအာဟာရ မစားရ၍ များစွာပင်ပန်း သွေးသားခန်းကာ ပိန်ချုံးသော ကိုယ်ရှိရှာသည်။ ဥတ္တသန္တာ၊ ထိတ်လန့်ကာ နောက်တွန့်၍ ကြောက်ရွံ့ခြင်းသို့ ရောက်ကုန်သည်။ မဟတ္တာသာ၊ မိမိတို့ ပြုခဲ့မိသော ရှေးမကောင်းကံရိပ်ကြောင့် ကြီးစွာထိတ်လန့်ရှာကုန်သည်။ ကုဋ္ဌိနော၊ ရုန့်ရင်းကြမ်းကြုတ် အမှုကို ပြုလုပ်လေ့ ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကြကုန်၍။ ထေရဿ၊ သားဖြစ်ခဲ့လတ် သာဏဝါသီ မထေရ်မြတ်အား။ နု ဒဿေန္တိ၊ အရဲစွန့်၍ မိမိတို့ကိုယ်ကို မပြဝံ့ရှာကြကုန်။

၄၁၁။ တဿ ဘာတာ ဝိတရိတွာ၊ နဂ္ဂေါ ဧကပထေကကော။
စတုက္ကဏ္ဍိကော ဘဝိတွာန၊ ထေရဿ ဒဿယီ'တုမံ။

၄၁၁။ တဿ၊ ထိုသာဏဝါသီ မထေရ်မြတ်၏။ ဘာတာ၊ အစ်ကိုသည်။ ဝိတရိတွာ၊ လျင်မြန်ထက်ထက် ခပ်သွက်သွက်ဖြစ်၍။ နဂ္ဂေါ၊ အဝတ်မဆီး အချည်းနှီး။ ဧကပထေ၊ တစ်ဖဝါးစာသာ ရှိလောက်ပါသော ခရီးလမ်း၌။ ဧကကော၊ အဖော်မဲ့မှီး တစ်ယောက်တည်း။ စတုက္ကဏ္ဍိကော၊ လေးဘက်ထောက်၍ သွားရရှာသည်။ ဘဝိတွာန၊ ဖြစ်၍။ ထေရဿ၊ ညီရင်းဖြစ်ငြား သာဏဝါသီမထေရ်မြတ်အား။ တုမံ၊ မိမိကိုယ်ကို။ ဒဿယီ၊ ညီရဟန်းအား မြင်စေသားဟု ထင်ရှားမသွေ ပြရှာလေပြီ။

၄၁၂။ ထေရော စာမနသိကတွာ၊ တုဏ္ဍိဘူတော အတိဏ္ဍမိ။
သော စ ဝိညာယသီ ထေရံ၊ ဘာတာ ပေတဂတော အဟံ။

41 A ၄၁၂။ ထေရော စ၊ သာဏဝါသီ မထေရ်သည်လည်း။ အမနသိကတွာ၊ ဘယ်

http://www.dhammadownload.com

သူဘယ်ဝါဟု သေချာပိုင်းခြား မမှတ်သားမိ၍။ တုဏ္ဍိဘူတော၊ အရေးမစိုက် ဆိတ်ဆိတ်နေလိုက်မိသည်ဖြစ်၍။ အတိုက္ကမိ၊ ကြွမြန်းပြီးကာ ကျော်လွန်ခဲ့ပါ၏။ သောစပေတော၊ လေးဖက်ထောက်၍ မြင်လောက်တန်ရာ ပြလိုက်ရာသော ထိုပြိတ္တာသည်လည်း။ အဟ၊ တပည့်တော်သည်။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ ဘာတာ၊ အရှင်ဘုရား၏ တစ်မိဝမ်းဆင်း အစ်ကိုရင်းပါတည်း။ ဣဒါနိ၊ ဤယခု အခါ၌။ ပေတဂတော၊ ပြိတ္တာလောက ဘုံဘဝသို့ ရောက်နေရပါ၏။ ဣတိ၊ ဤသို့။ ထေရံ၊ ညီတော်ဖြစ်ဖူးသော သာဏဝါသီမထေရ်ကို။ ဝိညာပယိ၊ ထင်ရှားမသွေ ဤသို့ လျှောက်ထား၍ သိစေပြီ။

၄၁၃။ မာတာ ပိတာ စ တေ ဘန္တေ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဣတော ဂတာ။

၄၁၃။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ အရှင်ဘုရား၏။ မာတာ စ၊ ကျေးဇူး အရှင် မွေးမိခင်သည်လည်းကောင်း။ ပိတာ စ၊ ကျေးဇူးအရှင် မွေးဖခင်သည်လည်းကောင်း။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူး မကောင်းမှုကို။ ကရိတ္ဝာန၊ လွန်ကျူးဖုံဖုံ ပြုလုပ်ခဲ့မိကြကုန်သောကြောင့်။ ဒုဂ္ဂတာ၊ ဆင်းရဲကြီးမား လွန်ဆိုးရွားသည့် မကောင်းသော အလားရှိကုန် သည်ဖြစ်၍။ ယမလောကိကာ၊ ယမမင်းနယ်နိမိတ် ဒီစတြိတ်ဝင်ပါ ပြိတ္တာတို့ဘုံတွင် လဲလျောင်းရာ ရှိကုန်သည်ဖြစ်၍။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူတို့ဘုံမှ။ ပေတ လောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ ဂတိလွဲဖောက် လားရောက်ကြရှာကုန်ပြီ ဘုရား။

၄၁၄။ တေ ဒုဂ္ဂတာ သုစိကဋ္ဌာ၊ ကိလန္တာ နဂ္ဂိနော ကိသာ။
ဥတ္တသန္တာ မဟတ္တာသာ၊ နု ဒဿန္တိ ကုဋ္ဌိနော။

၄၁၄။ ဒုဂ္ဂတာ၊ မကောင်းသော အလားရှိကုန်သော။ တေပေတာ၊ အရှင်ဘုရား၏ စုံညီမိဘ ထိုအစ်ကိုပြိတ္တာ စသည်တို့သည်။ သူစိကဋ္ဌာ၊ အပ်နှင့်ထိုးဆွသည့်ပမာ တူသည့်တာကြောင့် သူစိကာမည်လတ် ငတ်မွတ်ဆာလောင်ခြင်း နှိပ်စက်အပ်ကုန်သည်။ ကိလန္တာ၊ မရွှင်မလန်း ပင်ပန်းသောကိုယ်စိတ်ရှိကုန်သည်။ နဂ္ဂိနော၊ အဝတ်ကင်းကွာ ဗလာဖြစ်ကုန်သည်။ ကိသာ၊ အာဟာရ မစား၍ များစွာပင်ပန်းသွေးသားခန်းကာ ပိန်ချုံးသောကိုယ် ရှိရှာကုန်သည်။ ဥတ္တသန္တာ၊ ထိတ်လန့်ကာ နောက်တွန့် ၍ ကြောက်ရွံ့ကုန်သည်။ မဟတ္တာသာ၊ မိမိတို့ ပြုခဲ့မိသော ရှေးမကောင်းကံရိပ်ကြောင့် ထိတ်လန့်ရှာကုန်သည်။ ကုဋ္ဌိနော၊ ရုန့်ရင်းကြမ်းကြုတ်သော အမှုကို ပြုလုပ်လေ့ရှိကုန်သည်။ ဟုတ္တာ၊ ဖြစ်ကြကုန်၍။ ထေရသ္သ၊ သားဖြစ်ခဲ့လတ်

http://www.dhammadownload.com

သာဏဝါသီ မထေရ်မြတ်အား။ နဒဿန္တိ၊ အရဲစွန့်၍ မိမိတို့ကိုယ်ကို မပြဝံ့ကြ ရာကုန်။

၄၁၅။ အနုကမ္မသု ကာရုဏိကော၊ ဒတ္တာ အနွာဒိသာဟိ နော။
တဝ ဒိန္နေန ဒါနေန၊ ယာပေသန္တိ ကုရုရိနော။

၄၁၅။ ဘန္တေ၊ အရှင်ဘုရား။ ကာရုဏိကော၊ သနားခြင်း ကရုဏာရှိတော်မူသော။ တွဲ၊ အရှင်ဘုရားသည်။ အနုကမ္မသု၊ အစဉ်အားဖြင့် သနားစောင့်ရှောက်တော်မူပါ ဘုရား။ ဒါနံ၊ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထု အစုစုကို။ ဒတ္တာ၊ ပေးလှူတော်မူပါ၍။ နော၊ အဖြစ်ဆိုးငြား တပည့်တော်တို့အား။ အနွာဒိသာဟိ၊ ရည်မြော်ကာ တမ်းတ၍ မှန်းဆပြီးကာ အမျှဝေတော်မူပါ ဘုရား။ တဝ၊ ညီရင်းဖြစ်လတ် အရှင်မြတ်သည်။ ဒိန္နေန၊ တမ်းတရည်မှတ် ပေးလှူအပ်သော။ ဒါနေန၊ မြင့်မြတ်စင်ဖြူ မြတ်အလှူဖြင့်။ ကုရုရိနော၊ ရုန့်ရင်းကြမ်းကြုတ် မကောင်းမှု အလုပ်ရှိသော အမိအဘအစ်ကိုစသော ပြိတ္တာတို့သည်။ ယာပေ သန္တိ၊ လိုရာမရှိ ပိုကာပြည့်စွာ မျှတရပါကုန်အံ့။ ဣတိ၊ ဤသို့။ ဝိညာပယိ၊ သိစေပြီ။

ထိုစကားကိုကြား၍ သာဏဝါသီမထေရ်မြတ်သည် အကြင်သို့သော အခြင်းအရာအား ဖြင့် လိုက်နာပြုကျင့်၏။ ထို အခြင်းအရာကိုပြခြင်းငှာ သင်္ဂီယနာတင် ထေရ်အရှင်တို့သည် အောက်ပါဂါထာတို့ကို မိန့်ဆိုကြကုန်၏။

၄၁၆။ ထေရော စရိတ္တာ ပိဏ္ဍာယ၊ ဘိက္ခူ အညေ စ ဒွါဒသ။
ဧကဿ သန္နိပတိ်သု၊ ဘတ္တာဝိဿဂ္ဂကာရဏာ။

၄၁၆။ ထေရောစ၊ သာဏဝါသီ နာမည်တွင်လတ် မထေရ်မြတ်သည် လည်းကောင်း။ အညေ၊ သာဏဝါသီမထေရ်မြတ်မှ တစ်ပါးကုန်သော။ ဒွါဒသ၊ အရေအတွက်အားဖြင့် တစ်ကျိပ်နှစ်ပါးကုန်သော။ ဘိက္ခူစ၊ မြင့်မြတ်အကျော် ရဟန်းတော်တို့သည်လည်းကောင်း။ ပိဏ္ဍာယ၊ လှူဒါန်းဖို့ရာ ဆွမ်းအလို့ငှာ။ စရိတ္တာ၊ အိမ်စဉ်မြန်းကြွ လှည့်လည်ကြကုန်၍။ ဘတ္တာဝိဿဂ္ဂကာရဏာ၊ ရသမျှစုပေါင်း၍ ဆွမ်းစားခြင်းဟူသော အကြောင်းကြောင့်။ ဧကဿ၊ အားလုံးစုံစွာ သံဃာစုပြီး တပေါင်းတည်း။ သန္နိပတိ်သု၊ စည်းဝေးကြကုန်၏။

၄၁၇။ ထေရော သမ္ဗဝ တေ အာဟ၊ ယထာလဒ္ဓံ ဒဒါထ မေ။
သံဃဘတ္တံ့ ကရိဿာမိ၊ အနုကမ္မာယ ဉာတိနံ။

၄၁၇။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ သမ္ဗဝ၊ ခပ်သိမ်းဥဿုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ဆွမ်းခံကြွမြန်း ထိုရဟန်းတို့ကို။ အာဟ၊

http://www.dhammadownload.com

ဖွင့်လှစ်ထုတ်ဖော် ဤသို့ မိန့်ဆိုတော်မူ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ တပည့်တော်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဉာတိနံ၊ လူ့ဘဝက မိဘစသော ဆွေဉာတော်ခြား ပြိတ္တာတို့အား။ အနုကမ္မာယ၊ ငဲ့ညှာထောက်ထား အစဉ်သနား သဖြင့်။ သဃဘတ္တံ၊ မြင့်မြတ်သံဃာ ပင့်ဖိတ်ကာဖြင့် ကောင်းစွာစုဝေး၍ ဆွမ်းလုပ်ကျွေးခြင်းကို။ ကရိဿာမိ၊ ယခုမြန်စွာ ပြုလုပ်ပါအံ့။ တသ္မာ၊ ထို့ကြောင့်။ ယထာလဒ္ဓံ၊ အိမ်စဉ်လှည့်မြန်း၍ ရအပ်သော ဆွမ်းကို။ မေ၊ တပည့်တော်အား၊ ဒဒါထ၊ ရသမျှသံဃာ ပေးလှူကြပါကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ သာဏဝါသီ နာမည်တွင်လတ် မထေရ်မြတ်သည် မိန့်မှတ် ပြောဆိုတော်မူ၏။

၄၁၈။ နိယျာဒယိ'သု ထေရဿ၊ ထေရော သံဃံ နိမန္တယိ။
ဒတ္တွာ အန္နာဒိသိ ထေရော၊ မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

၄၁၈။ ဘိက္ခူ။ တစ်ဆယ့်နှစ်ပါးသော ရဟန်းတော်တို့ သည်။ ထေရဿ၊ သာဏဝါသီ နာမည်တွင်လတ် မထေရ်မြတ်အား။ ဘတ္တံ၊ အိမ် စဉ်လှည့်မြန်း၍ ရအပ်သောဆွမ်းကို။ နိယျာဒယိ'သု၊ ကိုယ်တိုင်ဆောင်ယူ ကပ်လှူ ကြကုန်၏။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ သံဃံ၊ သံဃာတော်ကို။ နိမန္တယိ၊ ကောင်းစွာမသွေ ပင့်ဖိတ်လေပြီ။ ထေရော၊ သာဏဝါသီ မြတ်မထေရ်သည်။ ဒတ္တွာ၊ လှူဖွယ်သီးသံ လှူဒါန်းပြီး၍။ ပိတုစ၊ အဖအား လည်းကောင်း။ မာတုစ၊ အမိအား လည်းကောင်း။ ဘာတုနောစ၊ အစ်ကိုအား လည်းကောင်း။ အန္နာဒိသ၊ ရည်ညွှန်း တမ်းတ မှန်ဆပြီးကာ ဤသို့ အမျှဝေလေ၏။ ဣဒံ ဘတ္တာဒါန်၊ သန့်ရှင်းစင်ဖြူ ဤဆွမ်းအလှူသည်။ မေ၊ ငါ၏။ ဉာတီနံ၊ လူ့ဘဝက မိဘစသော ဆွေဉာတော်ခြား ပြိတ္တာတို့အား။ ဘောဂါယ၊ စားသောက်ဖွယ်ရာ အဖြာဖြာနှင့် ဝတ်လျှာပုဆိုး ကောင်းကျိုးအဝဝ သုံးဆောင်ခံစားရခြင်းငှာ။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဉာတယော၊ လူ့ဘဝက တော်စပ်ခဲ့ကြ ဆွေမျိုးဟူသမျှတို့သည်။ သုခိတာ၊ ကိုယ်ရော စိတ်ပါ နှစ်ဖြာရွှင်လန်း ချမ်းသာကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

၄၁၉။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဘောဇနံ ဥဒပဒ္ဒထ။
သုစိ' ပဏီတံ သမ္ပန္နံ၊ အနေကရသဗျဉ္ဇနံ။

၄၁၉။ ဥဒ္ဒိဋ္ဌေ ဥဒ္ဒိဋ္ဌဿ၊ ရည်မှော်မှန်းဆ အမျှဝေပြီးသည်၏။ သမနန္တရာ၊ အခြားမဲ့၌သာလျှင်။ သုစိ'၊ တင့်တယ်ဖွယ်ရာ စင်ကြယ်စွာသော။ ပဏီတသမ္ပန္နံ၊

http://www.dhammadownload.com

တင်တယ်လုဂုနံ မွန်မြတ်သည်နှင့် ပြည့်စုံသော။ အနေကရသဗျဥ္ဇနံ၊ ရသာများစွာ ဟင်းလျာရှိသော။ ဘောဇနံ၊ စာ့သောက်ဖွယ်ရာ ဘောဇဉ်အဖြာဖြာသည်။ ဥဒပဇ္ဇထ၊ ကောင်းစွာမသွေ ဖြစ်ပေါ်လာလေ၏။

၄၂၀။ တတော ဥဒ္ဒဿယိ ဘာတာ၊ ဝဏ္ဏဝါ ဗလဝါ သုခီ။
ပဟူတံ် ဘောဇနံ ဘုဉ္ဇေ၊ ပဿ နဂ္ဂါမှသေ မယံ။
တထာ ဘုဉ္ဇေ ပရဂ္ဂမ၊ ယထာ ဝတ္ထံ လဘာမသေ။

၄၂၀။ တတော၊ ထိုစား‌သောက်ဖွယ်ရာ ဘောဇဉ်အဖြာဖြာတို့ကို ရသည်မှ။ ပရံ၊ နောက်၌။ ဘာတာ၊ အစ်ကိုဖြစ်ဖူးသော ပြိတ္တာသည်။ ဝဏ္ဏဝါ၊ အဆင်းရှုပ နှင့် ပြည့်စုံသည်။ ဗလဝါ၊ အင်အားဗလ ပြည့်ဝသည်။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ ဟုတွာ၊ ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဒဿယီ၊ ထင်ရှား‌မသွေ ပြရာလေပြီ။ ဘုဉ္ဇေ၊ ညီငယ်ဖြစ်ခဲ့ဦး‌အရှင်မြတ်ဘုရား။ အမှေဟိ၊ အစာကင်းပ ဆင်းရဲနေရသော တပည့်တော် တပည့်တော်မတို့သည်။ ပဟူတံ၊ များစွာသော။ ဘောဇနံ၊ ဘောဇဉ်ကို။ လဒ္ဓံ၊ ကောင်းစွာမသွေ ရအပ်ပေပြီဘုရား။ ပဿ၊ အရှင်ဘုရား ထင်ရှား‌မသွေ ရှုပါလေလော့။ မယံ၊ တပည့်တော်တို့သည်။ နဂ္ဂါ၊ အဝတ် မပါ ဗလာချည်းနှီး ကိုယ်လုံးတည်း။ အမှသေ၊ ဖြစ်ကြပါကုန်၏။ ဘုဉ္ဇေ၊ အရှင်မြတ်ဘုရား။ ယထာ၊ အကြောင်သို့သော အခြင်းအရာအား‌ဖြင့်။ ပရဂ္ဂမိယမာနေ၊ အဝတ်ရရန် ဧကန်ဆတ်ဆတ် လုံ့လပြုအပ်သည်ရှိသော်။ မယံ၊ တပည့်တော်တို့သည်။ ဝတ္ထံ၊ တင်တယ်ကောင်းစွာ ဝတ်လျာပုဆိုးကို။ လဘာမသေ၊ စင်စစ်မှန်စွာ ရကုန်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအား‌ဖြင့်။ ပရဂ္ဂမ၊ ကရုဏာနှင့် ကောင်းစွာဖေးကူ လုံ့လပြုတော်မူပါဘုရား။ ဣတိ၊ ဤသို့။ ဥဒ္ဒဿယီ၊ ပြောဆို လျှောက်ကြားရာလေပြီ။

၄၂၁။ ထေရော သက််ာရဂ္ဂဒုမှာ၊ ဥစ္စိနိတွာန နန္တကေ။
ပိလောတိကံ ပဒံ ကတွာ၊ သံယေ စာတုဒ္ဒိသေ အဒါ။

၄၂၁။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ သက််ာ ရဂ္ဂဒုမှာ၊ တံမြက် လှည်းစု အမှိုက်ပုံထုမှ။ နန္တကေ၊ အနားစွန်းပြတ် စွန့်ထား‌အပ် သည့် အဝတ်အပိုင်းတို့ကို။ ဥစ္စိနိတွာန၊ ကောင်းရာအဒေါသီး ရွေးချယ်ပြီး၍။ ပိလောတိကံ ပိလောတိကေန၊ ညစ်ပေသော အဝတ်စုတ်တို့ဖြင့်။ ပဒံ၊ သင်္ကန်းဖို့ရာ ဝတ်လျာပုဆိုးကို။ ကတွာ၊ ဖာထေးစပ်ချုပ်ပြုလုပ်၍။ စာတုဒ္ဒိသေ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာ၌ရှိသော။ သံယေ၊ သံဃာတော်တို့အား။ အဒါ၊ ကောင်းစွာမသွေ ပေးလှူခဲ့လေပြီ။

http://www.dhammadownload.com

၄၂၂။ ဒတွာ အန္ဓာဒိသိ ထေရော၊ မာတာ ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

၄၂၂။ ထေရော၊ သာဏဝါသီ မထေရ်သည်။ ဒတွာ၊ ပေးလှူပြီး၍။ မာတု စ၊ အမိအား လည်းကောင်း။ ပိတုစ၊ အဖအား လည်းကောင်း။ ဘာတုနော စ၊ အစ်ကို အား လည်းကောင်း။ အန္ဓာဒိသိ၊ ရည်ညွှန်းတမ်းတ မှန်းဆကာ အမျှဝေပြီ။ ဣဒံ ဒါန်၊ ဤသင်္ကန်းဖို့ရာ ဝတ်လျာပုဆိုးအလှူသည်။ မေ၊ ငါ၏။ ဉာတိနံ၊ ဆွေမျိုး ပြိတ္တာတို့အား။ ဟောတု၊ စံငံစစ်မသွေ ဖြစ်ပါစေသတည်း။ ဉာတယော၊ အမိ အဖ အစ်ကိုနှင့်တကွ ဆွေမျိုးဟူသမျှတို့သည်။ သုခိတာ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာအစုံ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

၄၂၃။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝတ္ထာနိ ဥဒပဒ္ဓိသုံ။
တတော သုဝတ္ထဝသနော၊ ထေရဿ ဒဿယီ တုမံ။

၄၂၃။ အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသ၊ မှန်းဆလျှင်လတ် ရည်မှန်းအပ်သည်၏။ သမနန္တရာ၊ အခြားမဲ့၌သာလျှင်။ ဝတ္ထာနိ၊ ဆန်းကြယ်လှစွာ ဝတ်လျာပုဆိုးတို့သည်။ ပရံ၊ နောက်၌။ သော ဘာတာ၊ မထေရ်မြတ်၏ တော်စပ်ဖူးရာ ထိုအစ်ကိုပြိတ္တာသည်။ သုဝတ္ထဝသနော၊ ကောင်းစွာဝတ်ထားအပ်သည့် ပုဆိုးရှိသည်ဖြစ်၍။ ထေရဿ၊ ညီတော်ဖူးလတ် မထေရ်မြတ်အား။ တုမံ၊ မိမိကိုယ်ကို။ ဒဿယီ၊ ဝမ်းမြောက်ဝမ်းသာ ပြရာလေပြီ။

၄၂၄။ ယာဝတာ နန္ဒရာဇဿ၊ ဝိဇိတသ္မိ ပဒိစ္စဒါ။
တတော ဗဟုတရာ ဘန္တေ၊ ဝတ္ထာန' စ္ဆာဒနာနိ နော။

၄၂၄။ ဘန္တေ၊ ညီတော်ဖြစ်ခဲ့ငြား အရှင်မြတ်ဘုရား။ နန္ဒရာဇဿ၊ ရှေးအခါက နာမကျော်သင်း နန္ဒမင်း၏။ ဝိဇိတသ္မိ၊ အုပ်ချုပ်ပိုင်စံ တိုင်းနိုင်ငံ၌။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ ပဒိစ္စဒါ၊ ဝတ်ဆင်စရာ အဝတ်လျာပုဆိုးတို့သည်။ သန္တိ၊ အမှန်တိတိ ဧကန်ရှိကုန်၏။ နော၊ တပည့်တော်တို့၏။ ဝတ္ထာနိ၊ ဆန်းကြယ်လှစွာ ခါးဝတ်လျာ ပုဆိုးတို့သည်လည်းကောင်း။ အစ္ဆာဒနာနိ စ၊ ဆန်းကြယ်ပွားတိုးအပေါ်ရုံပုဆိုးတို့သည်လည်းကောင်း။ တတော၊ ထို နန္ဒမင်းပိုင်စံ တိုင်းနိုင်ငံရှိ အလွန်ကောင်းသည့် ပုဆိုးထက်။ ဗဟုတရာ၊ အဆများစွာ သာလွန်ပါကုန်၏။

၄၂၅။ ကောသေယျကမွလိယာနိ၊ ခေါမကပ္ပါသိကာနိ စ။
ဝိပုလာ စ မဟဂ္ဃါ စ၊ တေပါ'ကာသေ'ဝလမ္ဗရေ။

၄၂၅။ ကောသေယျကမွလိယာနိ စ၊ ပိုးချည်၊ သားမွေးချည်တို့ဖြင့် အလိလိ

http://www.dhammadownload.com

ခတ်ရက်၍ ပြီးအပ်သော အဝတ်တို့သည်လည်းကောင်း။ ခေါမကပ္ပါသိကာနိစ၊ ခေါမချည်၊ ဝါချည်တို့ဖြင့် အလီလီခတ်ရက်၍ ပြီးအပ်သော အဝတ်တို့သည်လည်းကောင်း။ ဝိပုလာ စ၊ အလျားအနံ နှစ်လီပြန့်ပြောသည်လည်း ဖြစ်ကုန်၏။ မဟဋ္ဌါ မဟဋ္ဌါနိ စ၊ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိကြသည်လည်း ဖြစ်ပါကုန်၏။ တေ စ တာနိ စ၊ ထို အဖိုးများစွာ ထိုက်တန်သော အဝတ်ပုဆိုးတို့သည်လည်း။ အာကာသေ၊ အထက်ဝေဟင် မိုးကောင်းကင်၌။ အဝလမ္ဗရေ၊ ပန်းဆိုင်းဆွဲဘိသကဲ့သို့ တွဲလျားကျလျက် ရှိပါကုန်၏။ ၈

၄၂၆။ တေ မယံ ပရိဒဟာမ၊ ယံ ယံ ဟိ မနသော ပိယံ။
တထာ ဘန္တေ ပရက္ကမ၊ ယထာ ဂေဟံ လဘာမသေ။

၄၂၆။ ဘန္တေ၊ သာဏဝါသီ သည်တွင်လတ် ညီတော်အရှင်မြတ်ဘုရား။ ယံ ယံ ဝတ္ထုံ၊ ဆန်းကြယ်မျိုးမျိုး အကြင်အကြင် အဝတ်ပုဆိုးကို။ မနသော၊ စိတ်ဖြင့်။ ပိယံ၊ အမြဲချစ်မြတ်နိုးပါ၏။ တံ တံဝတ္ထုံ၊ ထိုထို အဝတ်ပုဆိုးကို။ တေ မယံ၊ ထို တပည့်တော်တို့သည်။ ပရိဒဟာမ၊ အလိုရှိတိုင်း မဆိုင်းထပ်ထပ် မပြတ်လဲကာ ဝတ်ရုံရပါကုန်၏။ ဘန္တေ၊ ကယ်တင်ဖေးကူ အရေးယူငြား အရှင်မြတ်ဘုရား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ မယံ၊ တပည့်တော်တို့သည်။ ဂေဟာ ဂေဟာနိ၊ နေထိုင်စရာ အိမ်ဂေဟာတို့ကို။ လဘာမသေ၊ ရကုန်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပရက္ကမ၊ မနေမနား လွန်ကြိုးစားကာလုံ့လ ပြုတော်မူပါဦးဘုရား။

၄၂၇။ ထေရော ပဏ္ဍုကဒ္ဒိံ ကတွာ၊ သံဃေ စာတုဒ္ဒိသေ အဒါ။
ဒတွာ စ အနွာဒိသိ ထေရော၊ မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

၄၂၇။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ ပဏ္ဍုကဒ္ဒိံ၊ သစ်ရွက်မိုးကျောင်းကို။ ကတွာ၊ စီမံအုပ်ချုပ် အမြန်ဆောက်လုပ်၍။ စာတုဒ္ဒိသေ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာမှ ကြွလာသော။ သံဃေ၊ သံဃာတော်အား။ အဒါ၊ ကောင်းစွာမသွေ ပေးလှူလေပြီ။ ဒတွာ စ၊ ပေးလှူပြီး၍လည်း။ ပိတု စ၊ အဖအား လည်းကောင်း။ မာတု စ၊ အမိအား လည်းကောင်း။ ဘာတုနော စ၊ အစ်ကိုအား လည်းကောင်း။ အနွာဒိသိ၊ ရည်ညွှန်းတမ်းတ မှန်းဆပြီးကာ ဤသို့ အမျှဝေရာ လေ၏။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ စင်စင်ဖြူဖြူ ဤကျောင်းအလှူသည်။ မေ၊ ငါ၏။ ဉာတီနံ၊ ဆွေမျိုးဟူသမျှတို့အား။ ဟောတု၊ ကောင်းစွာဖွဲ့ဖြိုး အိမ်ရခြင်းအကျိုး

http://www.dhammadownload.com

ဖြစ်ပါစေ သတည်း။ မေ၊ ငါ၏။ ဉာတယော၊ အမိအဖ အစ်ကိုနှင့်တကွ ဆွေမျိုးဟူသမျှ တို့သည်။ သုခီတာ၊ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ မလွဲကောန် ဖြစ်ပါ စေဟုန်သတည်း။ ဣတိ၊ ဤသို့မြွက်ဟ စိတ်၌မှန်းဆ၍။ မာတု စ၊ အမိအား လည်းကောင်း။ ပိတု စ၊ အဖအား လည်းကောင်း။ ဘာတုနော စ၊ အစ်ကိုအား လည်းကောင်း။ အန္တောဒိသိ၊ ရည်ညွှန်းမှန်းဆကာ အမျှဝေလေ၏။

၄၂၈။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဃရာနိ ဥဒပဇ္ဇိသုံ။
ကူဋာဂါရနိဝေသနာ၊ ဝိဘတ္တာ ဘာဂသော မိတာ။

၄၂၈။ အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌဿ၊ ရည်ညွှန်းမှန်းဆ အမျှဝေပြီးသည်၏။ သမနန္တရာ၊ အခြားမဲ့၌သာလျှင်။ ဃရာနိ၊ ဆန်းကြယ်လှစွာ အိမ်ဂေဟာတို့သည်။ ဥဒပဇ္ဇိသုံ၊ ထင်ရှားကောင်းစွာ ဖြစ်ကုန်ပါပြီ။ ဘန္တေ၊ သာဏဝါသီ အရှင်မြတ်ဘုရား။ ကူဋာဂါရ နိဝေသနာ၊ စုလစ်မွန်းချွန် အထွတ်တင်အပ်သော အိမ်တို့ကို။ ဝိဘတ္တာ၊ အထူးကောင်းစွာ ဝေဖန်အပ်ပါကုန်ပြီ။ ဘာဂသော၊ အဘို့အားဖြင့်။ မိတာ၊ စနစ်တကျ မလစ်ရအောင် ကျနသတ်မှတ် ပိုင်းခြားအပ်ပါကုန်၏။

၄၂၉။ နု မနုဿေသု ဤဒိသာ၊ ယာဒိသာ နော ဃရာ ဣဓ။
အပိ ဒိဗ္ဗေသု ယာဒိသာ၊ တာဒိသာ နော ဃရာ ဣဓ။

၄၂၉။ ဘန္တေ၊ သာဏဝါသီ တောမှိနေလတ် အရှင်မြတ်ဘုရား။ ဣဓ၊ တပည့်တော်တို့နေရာ ဤပြိတ္တာဘုံ၌။ နော၊ တပည့်တော်တို့၏။ ဃရာ ဃရာနိ၊ စံပျော်စရာ အိမ်ဂေဟာတို့သည်။ ယာဒိသာ ယာဒိသာနိ၊ အကြင်သို့သော သဘော ရှိကုန်၏။ တာဒိသာ တာဒိသာနိ၊ ထိုသို့သော သဘောရှိကုန်သော။ ဃရာနိ၊ စံပျော်စရာ အိမ်ဂေဟာတို့သည်။ မနုဿေသု၊ လူတို့တည်ရာ လူ့ပြည်ရွာတို့၌။ နု သန္တိ၊ ဖကန်တိတိ မရှိကြကုန်။ ဒိဗ္ဗေသု၊ သူတော်ကောင်းတို့ ခိုအောင်း စံတည်ထက်နတ်ပြည်တို့၌။ ယာဒိသာ ယာဒိသာနိ၊ အကြင်သို့သော သဘောရှိကုန်သော။ ဃရာနိ၊ ဘုံနန်းပြာသာဒ် အထပ်ထပ်သော ဗိမာန်တို့သည်။ သန္တိ၊ စင်စစ်မသေ ရှိပေကုန်၏။ ဣဓ၊ ဤပြိတ္တာဘုံ၌။ နော၊ တပည့်တော်တို့၏။ ဃရာဃရာနိ၊ စံပျော်စရာ အိမ်ဂေဟာတို့သည်။ တာဒိသာ တာဒိသာနိ၊ ထိုသို့ သဘောရှိပါကုန်၏။

၄၃၀။ ဒဒ္ဒလ္လမာနာ အာဘောန္တိ၊ သမန္တာ စတုရော ဒိသာ။
တထာ ဘန္တေ ပရဏ္ဍမ၊ ယထာ ပါနိယံ လဘာမသေ။

၄၃၀။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ဃရာ ဃရာနိ၊ တပည့်တော်တို့ စံပျော်ခရာ အိမ်ဂေဟာတို့သည်။ သမန္တာ၊ ထက်ဝန်းပတ်လည်မှ။ စတုရော ဒိသာ၊

http://www.dhammadownload.com

လေးဘက်ရှိရာ အရပ်မျက်နှာတို့ကို။ ဒဒ္ဒလ္လမာန၊ ဝါဝင်းကြွကြွ တောက်ပပြောင်လင်းကုန်သည်ဖြစ်၍။ အာဘောန္တီ၊ ထွန်းလင်းသွယ်သွယ် တင့်တယ်စေကုန်၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ မယံ၊ တပည့်တော်တို့သည်။ ပါနိယံ၊ အဆာပျောက်ပြေ သောက်စရာရေကို။ လဘာမသေ၊ ရကုန်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပရက္ကမ၊ မနေမနား လွန်ကြိုးစားရာကာလဲ့လပြုတော်မူပါဦး ဘုရား။

၄၃၁။ ထေရော ကရဏံ ပူရေတွာ၊ သံယေ စာတုဒ္ဒိသေ အဒါ။
ဒတွာ အန္နာဒိသိံ ထေရော၊ မာတာ ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

၄၃၁။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ ကရဏံ ဓမကရဏံ၊ ရွံ့ညွန်နှံနှစ် မြူအညစ်ကို ဖြူသစ်စေနိုင် ဓမကရိဏ်း ရေစစ်ကို။ ပူရေတွာ၊ ရေမှာကိုင်နှစ် ကောင်းစွာစစ်၍။ စာတုဒ္ဒိသေ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာ၌နေသော။ သံယေ၊ မြတ်ဘုရား၏ ချစ်သားကျောင်းမော် သံဃာတော်အား။ အဒါ၊ ပေးကမ်းဖြန့်ဝေ လှူဒါန်းလေပြီ။ ထေရော၊ သာဏဝါသီ မဟာထေရ်မြတ်သည်။ ပါနိယံ၊ ရေကို။ ဒတွာ၊ ကောင်းစွာအသီးသီး ပေးလှူပြီး၍။ ဣဒံ ဒါနံ၊ ဥဒကဒါန ဤအလှူပုညသည်။ မေ၊ ငါ၏။ ဉာတိနံ၊ ပြိတ္တာဖြစ်နေငြား ဆွေမျိုးအပေါင်းတို့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။ မေ၊ ငါ၏၊ ဉာတယော၊ ဆွေမျိုးတို့သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့ မြွက်ဟ တောင့်တ၍။ မာတု စ၊ အမိအား၊လည်းကောင်း။ ပိတု စ၊ အဖအား၊လည်းကောင်း။ ဘာတုနော စ၊ အတူဖွားဆင်း အစ်ကိုရင်းအား၊လည်းကောင်း။ အန္နာဒိသိ၊ ရည်ညွှန်းတမ်းတ ရေစက်ချ၍ အမျှဝေတော်မူလေပြီ။

၄၃၂။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ပါနိယံ ဥဒပဇ္ဇထ။
ဂမ္ဘီရာ စတုရဿာ စ၊ ပေါက္ခရညော သုနိမ္မိတာ။
၄၃၃။ သီတောဒိကာ သုပ္ပတိတ္ထာ၊ သီတာ အပ္ပဋိဂန္ဓိယာ။
ပဒုမုပ္ပလသञ္ဆန္နာ၊ ဝါရိကိဉ္စက္ခပုရိတာ။

၄၃၂-၃။ အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌဿ၊ ရည်ညွှန်းမှန်းဆ အမျှဝေပြီးသည်၏။ သမနန္တရာ၊ အခြားမဲ့၌သာလျှင်။ ပါနိယံ၊ သောက်သုံးဖို့ရာ ပြည့်စုံစွာသောရေသည်။ ဥဒပဇ္ဇထ၊ ဒိဋ္ဌမသွေ ဖြစ်ပေါ်လာလေ၏။ ဂမ္ဘီရာ၊ အစောက်နက်ကုန်သော။ စတုရဿာ၊ လေးဘက်တည်ဘိ အထောင့်ရှိကုန်သော။ သီတောဒိကာ၊ သန့်ရှင်းကြည်လင်

http://www.dhammadownload.com

ဖြူစင်သော ရေရှိကုန်သော။ သုပ္ပတိတ္ထာစ၊ ကောင်းမွန်လှစွာ ဆိပ်ကမ်းသာလည်း ရှိကုန်သော။ သီတာ၊ အစဉ်ထာဝရ အေးမြကုန်သော။ အပွဋ္ဌ ဂန္ဓိယာ၊ ကင်းစင်သော အပုပ်နံ့ ရှိကုန်သော။ ပဒုမုပ္ပလသဉ္ဆန္နာ၊ ပဒုမာ ကြာညိပန်းတို့ဖြင့် ယှက်သန်းဖြာဖြာ ကောင်းစွာဖုံးလွှမ်းအပ်ကုန်သော။ ဝါရိကိဉ္စက္ခပုရိတာ၊ ရေအထက်ဝယ် ရှည်သွယ်လွှမ်းခြုံ ကြာဝတ်မှုန်တို့ဖြင့် ပြည့်ကုန်သော။ ပေါက္ခရညော၊ တင့်တယ်ကြည်လျှ နတ်ရေကန်တို့ကို။ အမေ့ဟိ၊ အရှင်ဘုရား ကယ်မထား၍ ကြီးပွားနေရတပည့်တော် တပည့်တော်မတို့သည်။ သုနိမ္မိတာ၊ လိုရှိသမျှ စိတ်တိုင်းကျစွာ ဖန်ဆင်းအပ်ပါကုန်၏။

၄၃၄။ တတ္ထ နတ္ထာ ပိဝိတ္ထာ စ၊ ထေရဿ ပဋိဒဿယုံ။
ပဟူတံ ပါနိယံ ဘန္တေ၊ ပါဒါ ဒုက္ခာ ဖလန္တိ နော။
၄၃၅။ အာဟိဏ္ဍာမနာ ခဇ္ဇာမ၊ သက္ခရေ ကုသကဏ္ဍကေ။
တထာ ဘန္တေ ပရဏ္ဍာမ၊ ယထာ ယာနံ လဘာမသေ။

၄၃၄-၅။ တတ္ထ၊ ထိုနတ်ရေကန်၌။ နတ္ထာ စ၊ ရေချိုးကြကုန်ပြီး၍လည်းကောင်း။ ပိဝိတ္ထာ စ၊ ရေသောက်ကြကုန်ပြီး၍လည်းကောင်း။ ထေရဿ၊ သာဏဝါသီ မထေရ်မြတ်အား။ အတ္ထာနံ၊ မိမိကိုယ်ကို။ ပဋိဒဿယုံ၊ ဝမ်းမြောက်ဝမ်းသာထင်ရှားစွာ ပြကုန်ပြီ။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ပဟူတံ၊ သောက်သုံးဖွယ်ရာများစွာသော။ ပါနိယံ၊ အစဉ်အေးမြ ကောင်းမြတ်လှသော ရေကို။ လဒ္ဓံ၊ အားရစိတ်ပြေ ရရှိပေပြီဘုရား။ နော၊ တပည့်တော်တို့၏။ ပါဒါ၊ ခြေတို့သည်။ ဒုက္ခာ၊ သွားတိုင်းလာတိုင်း မဆိုင်းမချ ဆင်းရဲကြပါကုန်၍။ ဖလန္တိ၊ မသက်မသာ သွေးစိမ်းဖြာအောင် ကွဲအက်ပါကုံးကုန်၏။ သက္ခရေ၊ ကျောက်စရစ်ရှိသော။ ကုသကဏ္ဍကေ၊ သမန်းမြက်တည်းဟူသော ဆူးရှိသော။ ဘူမိဘာဂေ၊ မြေဒေသဖို့၌။ အာဟိဏ္ဍာမနာ၊ ဟိုဟိုဒီဒီ လှည့်လည်ကြကုန်သည်ရှိသော်။ ခဇ္ဇာမ၊ မသန်မမာ ပုံပမာသို့ ခွင်ကာခွင်ကာ သွားရပါကုန်၏။ ဘန္တေ၊ သာဏဝါသီ ထေရ်အရှင်ဘုရား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ပရဏ္ဍမိယမာနေ၊ အစဉ်ကြောင့်ကြ လုံ့လပြုအပ်သည်ရှိသော်။ ယာနံ၊ ယာဉ်ကို။ လဘာမသေ၊ ရကုန်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပရဏ္ဍမ၊ မနေမနား လွန်ကြိုးစားကာ လုံ့လပြုတော်မူပါဘုရား။

၄၃၆။ ထေရော သိပါဠိကံ လဒ္ဓါ၊ သံဃေ စာတုဒ္ဒိသေ အဒါ။
ဒတ္တွာ အမ္ဘာဒိသီ ထေရော၊ မာတု ပိတု စ ဘာတုနော။
ဣဒံ မေ ဉာတိနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

http://www.dhammadownload.com

၄၃၆။ ထေရော၊ သာဏဝါသီ မထေရ်မြတ်သည်။ သိပါဋိက၊ စီမံပြီးလတ် တစ်လွှာသာရှိသော ဖိနပ်ကို။ လဒ္ဓါ၊ ရ၍။ စာတုဒ္ဒိသေ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာမှလာသော။ သံဃေ၊ သံဃာတော်အား။ အဒါ၊ ပေးလှူပြီ။ ထေရော၊ မထေရ်မြတ်သည်။ ဒတွာ၊ ကောင်းစွာ ပေးလှူပြီး၍။ မေ၊ ငါ၏။ ဣဒံ ဒါနံ၊ စီမံပြီးလတ် ဤဖိနပ်အလှူသည်။ မေ၊ ငါ၏။ ဉာတိနံ၊ ဆွေမျိုးဟူသမျှတို့အား။ ဟောတု၊ ကောင်းစွာဖွဲ့. ဖြိုး ယာဉ်အကျိုးရသည် ဖြစ်ပါစေသတည်း။ မေ၊ ငါ၏။ ဉာတယော၊ ဆွေမျိုးတို့သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ မလွဲအစစ် ဧကန်ဖြစ်ပါစေကုန်သတည်း။ ဣတိ၊ ဤသို့မြွက်ဟ တောင့်ဘ၍။ မာတုစ၊ အမိအား လည်းကောင်း။ ပိတု စ၊ အဖအား လည်းကောင်း။ ဘာတု နော စ၊ အစ်ကိုအား လည်းကောင်း။ အန္ဓာဒီသီ၊ ရည်ညွှန်းတမ်းတ မှန်းဆကာ အမျှဝေလေပြီ။

၄၃၇။ သမနုဉ္ဉ ဂုနဒ္ဒိဋ္ဌေ၊ ပေတာ ရထေန မာဂမုံ။
အနုကမ္မိတမှ ဘဒဉ္ဆေ၊ ဘတ္တေနစ္ဆာဒနေန စ။
၄၃၈။ ယရေန ပါနီယဒါနေန၊ ယာနဒါနေန စူဘယံ။
မုနိ ကာရဏိကံ လောကေ၊ ဘဉ္ဆေ ဝန္ဒိတုမာဂတာ။

၄၃၇-၈။ အနုဒ္ဒိဋ္ဌေ=အနုဒ္ဒိဋ္ဌသေ၊ ရည်ညွှန်းတမ်းတ မှန်းဆကာ အမျှဝေအပ်ပြီးသည်၏။ သမနုဉ္ဉ ဂုဂ၊ အခြားမဲ့၌။ ပေတာ၊ ဆွေမျိုးပြိတ္တာတို့သည်။ ရထေန၊ ရထားယာဉ်ဖြင့်။ အာဂမုံ၊ မထေရ်ရှိရာသို့ လာရောက်ကြကုန်ပြီ။ အာဂန္တွာ၊ လာရောက်ကြကုန်ပြီး၍။ ဘဒဉ္ဆေ၊ အရှင်မြတ်ဘုရား။ အမှာကံ၊ တပည့်တော်တို့အား။ တွံ၊ အရှင်ဘုရားသည်။ ဘတ္တေန၊ ကောင်းစွာပေးကမ်း အလှူဆွမ်းဖြင့်လည်းကောင်း။ အစ္ဆာဒနေနစ၊ အဝတ်အလှူဖြင့်လည်းကောင်း။ ယရေန၊ နေထိုင်စရာအိမ်ဧကေဟာဖြင့်လည်းကောင်း။ ပါနီယ ဒါနေန၊ ရေအလှူဖြင့်လည်းကောင်း။ ယာနဒါနေနစ၊ ဖိနုပ်ခေါ်တွင် ယာဉ်အလှူဖြင့်လည်းကောင်း။ ဉာဘယံ ဉာဘယေန၊ ယာဉ်နှင့်ပစ္စည်းလေးပါး အလှူဟူသော အလှူနှစ်မျိုးဖြင့်။ အနုကမ္မိတာ၊ အစဉ်အားဖြင့် သနားစောင့်ရှောက် ချီးမြှောက်အပ်ကုန်သည်။ အမှ၊ စင်စစ်မှန်စွာ ဖြစ်ပါကုန်၏။ ဘဉ္ဆေ၊ သာဏဝါသီ မထေရ်မြတ်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ လောကေ၊ သတ္တလောကကြီး၌။ ကာရဏိကံ၊ သဲနားညှာတာ ကရုဏာရှိတော်မူသော။ မုနိံ၊ ဒုက္ခအပေါင်းမှလွတ်ကြောင်းသိတတ် သာဏဝါသီ ရဟန်းတော်မြတ်ကို။ ဝန္ဒိတုံ၊ ရိုသေမြတ်နိုးရှိခိုးခြင်းငှာ။ အာဂတာ၊ အရှင်ခြေစုံ ကြာပဒုံအောက် လာရောက်ကြပါကုန်၏ ဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ ကျိုးကြောင်းစုံစုံ လျှောက်ထားကြကုန်၏။

http://www.dhammadownload.com

ဒေသနာတော်

သာဏဝါသီမထေရ်သည် ထိုဖြစ်ပုံအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ထားတော်မူ၍ ဤပြိတ္တာသုံးဦးတို့သည် ယခုအခါ ကြီးကျယ်စွာသော ဆင်းရဲဒုက္ခကို ခံစားကြရကုန်ဘိသကဲ့သို့ ထိုနည်းတူစွာ သင်သည်လည်း ဤဘဝ၏ အခြားမဲ့ဖြစ်သော ဘဝ၌ ပြိတ္တာဖြစ်ခဲ့ရပြီးလျှင် ကြီးစွာသော ဆင်းရဲဒုက္ခ ကို ခံစားရဖူးပြီဟု ဟောကြားတော်မူ၍ မထေရ်သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ သုတ္တပေတဝတ္ထုကို ဟောကြားတော်မူပြီးလျှင် ရောက်လာသော ပရိသတ်အား မြတ်တရားကို ဟောကြားတော်မူလေ၏။

ဒေသနာတော်၏အကျိုး

ထို ဟောကြားအပ်သော တရားတော်မြတ်ကို ကြားနာရသောကြောင့် လူအပေါင်းသည် ဖြစ်ပွားသော ထိတ်လန့်မှု သံဝေဂတရား ရှိကြလျက် ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုဌ မွေ့လျော်ခြင်းသည် ဖြစ်လေ၏။

သာဏဝါသီမထေရ်မြတ်၏ ဆွေမျိုးပြိတ္တာများအကြောင်း ဤတွင်ပြီး၏။

၃–ရထကာရဝေတိဝတ္ထု

ဟိမဝန္တာတောင် ရထကာရအိုင်အနီးတွင် ပျော်ရွှင်စွာ နေထိုင်ရသော ဝေမာနိက ပြိတ္တာမ

ပေဠုရိယထမ္ဘဲ ရုစိရဲ့ ပဘာသရဲ့ အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ ရထကာရပေတိဝတ္ထု ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် တစ်ဦးသော ပြိတ္တာမကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရဟန်းတို့အား ကျောင်းဆောက်လှူဒါန်းသူ

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏ လက်ထက်တော်၌ အကျင့်သီလနှင့် ပြည့်ဝသော တစ်ဦးသောမိန်းမသည် မိတ်ဆွေခင်ပွန်းကောင်းကို အမှီရသဖြင့် သာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုသည်ဖြစ်၍ ကောင်းစွာ

http://www.dhammadownload.com

ဝေဖန်အပ်သော ဆန်းကြယ်သော နံရံ၊ တိုင်၊ စောင်းတန်း၊ လှေကား၊ မြေအပြင် သမံတလင်းရှိသော အလွန်လျှင် ရှုချင်စဖွယ် တင့်တယ်လှပသော တစ်ဆောင်သော နေရာကျောင်းကို ဆောက်လုပ်ပြီးလျှင် ထိုကျောင်း၌ ရဟန်းတော်တို့ကို သီတင်းသုံးစေ၍ မွန်မြတ်သော အစာအာဟာရဖြင့် လုပ်ကျွေးပြုစုလျက် ရဟန်းအပေါင်းအား အပ်နှင်း လှူဒါန်းထားလေ၏။

ကျောင်းလှူရကျိုး ဗိမာန်ရှင်ဖြစ်

ထိုမိန်းမသည် အခါတစ်ပါး စုတေသေလွန်ခြင်းကိုပြု၍ အခြားတစ်ပါးသော မကောင်းမှု အကုသိုလ်ကံ၏အစွမ်းကြောင့် ဟိမဝန္တာတောဇိမင်းတွင် ရထကာရအိုင်ကို အမှီပြုလျက် ဝေမာနိက ပြိတ္တာမ ဖြစ်၍ နေလေ၏။ သံဃာတော်အား ကျောင်းဆောက်လုပ် လှူဒါန်းရသော ကောင်းမှုကုသိုလ်၏ အာနုဘော်ကြောင့် ထိုပြိတ္တာမအား အလုံးစုံရတနာတို့ဖြင့်ပြီးသော ကြီးကျယ်မွန်မြတ်၍ အတိုင်းထက် အလွန်လျှင် စိတ်နှလုံးကို ယူကျုံးမွေ့လျော်ဖွယ်ရှိသော ၎ကန် နန္ဒဝန်ဥယျာဉ်သဖွယ် တင့်တယ်လျောက်ပတ်သော ဗိမာန်သည် ဖြစ်လေ၏။ မိမိကိုယ်တိုင်လည်း ရွှေအဆင်းကဲ့သို့ အလွန်လျှင် ဝါဝင်းသော အဆင်းရှိရကား ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိလေ၏။

ကျားမရှိ၍ ပျင်းရိနေသူ

ထို ဗိမာန်ရှင် ပြိတ္တာမသည် မိမိ၏ဗိမာန်၌ ယောကျ်ားတို့နှင့် ကင်းကွာ၍ တစ်ယောက်တည်းသာ နတ်စည်းစိမ်ကို ခံစားလျက် နေလေ၏။ ထိုပြိတ္တာမအား ထိုဗိမာန်ကြီး၌ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ယောကျ်ားကင်းကွာ တစ်ယောက်တည်းသာ နေရလေသည်ရှိသော် မမွေ့မလျော်ခြင်းသည် ဖြစ်လေ၏။ ထို ပြိတ္တာမသည် ပျင်းရိငြီးငွေ့သော စိတ်ရှိသည်ဖြစ်၍ "ပျော်ရွှင်စွာနေနိုင်စရာ ဤအကြောင်း ဥပါယ်သည်ကား ရှိသေး၏" ဟု ကြံစည်ကာ နတ်၌ဖြစ်သော သရက်သီးမှည့်တို့ကို မြစ်၌ ပစ်ချလေ၏။

ရှေးဝတ္ထုနည်းတူ

ဤဝတ္ထု၌ ကျန်သော ဇာတ်ကြောင်းအားလုံးကို ကဏ္ဏမုဏ္ဍပေတိဝတ္ထု၌ လာသော နည်းအတိုင်းဖြင့်ပင် သိအပ်၏။

http://www.dhammadownload.com

ထူးခြားချက်

ထူးခြားသည်မှာ ဤဝတ္ထု၌ ဗာရာဏသီပြည်သားဖြစ်သော တစ်ဦးသောလူလင်သည် ဂင်္ဂါမြစ်၌ မျောချီလာသော သရက်သီးတို့တွင် တစ်လုံးသော သရက်သီးကို တွေ့မြင်ရ၍ ထိုသရက်သီး၏ အကြောင်းရင်းအစကို စုံစမ်းသည်ရှိသော် အစဉ်အတိုင်း ထိုအရပ်သို့ ရောက်သွားပြီးလျှင် မြစ်ကိုမြင်၍ ထိုမြစ်သို့ အစဉ်လျှောက်သဖြင့် ထိုဗိမာန်ရှင် ပြိတ္တာမ၏နေရာသို့ ရောက်သွားလေ၏။ ထိုပြိတ္တာမသည် ထိုလူလင်ကိုတွေ့မြင်၍ မိမိ၏နေရာဗိမာန်အတွင်းသို့ ဆောင်ကြဉ်းပြီးလျှင် နှုတ်ခွန်းဆက်စကား ပြောကြားကာ နေထိုင်လေ၏။ ထိုလူလင်သည် ဗိမာန်ရှင်ပြိတ္တာမ၏နေရာဌာန ပြည့်ဝစုံလင်ခြင်းကိုမြင်ရ၍ ဤသို့ မေးမြန်းလေ၏။

၄၃၉။ ဝေဠုရိယထမ္ဘံ၊ ရုစိရံ ပဘာသရံ၊
ဝိမာနမာရုယှ အနေကစိတ္တံ။
တတ္ထဋ္ဌာသိ ဒေဝိ မဟာနုဘာဝေ၊
ပထဒ္ဓနိ ပန္နရသေဝ စန္ဒော။

၄၃၉။ မဟာနုဘာဝေ၊ ကြီးကျယ်သော အာနုဘော်ရှိပေသော။ ဒေဝိ၊ ရောင်ဆင်းစုံညီ နတ်ဒေဝီ။ တံ့၊ ရှုမငြီးဖွယ် လွန်တင့်တယ်သည့် သင်နတ်ဒေဝီသည်။ ဝေဠုရိယထမ္ဘံ၊ ပတ္တမြား ကြောင်မျက်ရွဲဖြင့်ပြီးသော တိုင်ရှိသော။ ရုစိရံ၊ မြင်သူတကာ နှစ်သက်လာအောင် တင့်တယ်လျောက်ပတ်သော။ ပဘာသရံ၊ ပြိုးပြိုးပြက်ပြက်ထွက်သော အရောင်ရှိသော။ အနေကစိတ္တံ၊ အလွန်ဆန်းကြယ်သော။ ဝိမာနံ၊ ရတနာပန်းနွယ် ပွင့်စုံခြယ်၍ ရောင်လယ်ဝင်းလျှံ ရွှေဗိမာန်သို့။ အာရုယှ၊ ရွှင်ပြုံးကြည်သာ ကောင်းစွာတက်လတ်၍။ တတ္ထ၊ ထိုအရောင်ဝင်းလျှံ ရွှေဗိမာန်၌။ ပထဒ္ဓနိ၊ မိမိကြွမြန်း ကောင်းကင်လမ်း၌။ ပန္နရသေ၊ လပြည့်နေ့မှာ ပေါထွက်လာသော။ စန္ဒော ဣဝ၊ လယုန်စန်းကဲ့သို့။ ဝိဇ္ဇောတမာနာ၊ အမှောင်ခွင်းကာ ထွန်းလင်းတောက်ပလျက်။ အဋ္ဌာသိ၊ ငြိမ့်ညောင်းကြည်သာ အာရုံပေါင်းစုံ ခံစား၍ နေပါ၏။

၄၄၀။ ဝဇ္ဇော ဝ တေ ကနကဿ သန္နိဘော၊
ဥတ္တတ္တရူပေါ ဘုသ ဒဿနေယ္ယော။
ပလ္လင်္ကသေဋ္ဌေ အတုလေ နိသိန္နော၊
စကာ တုဝံ နတ္ထိ စ ဓာယ သာမိကော။

၄၄၀။ ဒေဝိ၊ အို နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ဝဇ္ဇော ဝ၊ လှပဝင်းလျှံအဆင်းသဏ္ဌာန်သည်လည်း။ ကနကဿ သန္နိဘော၊ ရွှေ၏အလား မကွဲပြားဘဲ

http://www.dhammadownload.com

တသားတည်း တူလှပါပေ၏။ ဥတ္တတ္တရူပေါ၊ ဦးသစ်စတည် ရွှေသီဂီသို့ ရောင်လည်လင်းဖြာ ဝင်းဝါသော အဆင်းရှိပေ၏။ ဘုသ ဒဿနေယျော၊ လွန်ကဲလှစွာ ကြည့်ရှုချင်ဖွယ်ရာ ရှိပါပေ၏။ အတုလေ၊ နှိုင်းတုကင်းလတ် သူမြတ်တို့သာ ထိုက်တန်ပါသော။ ပလ္လင်သေဋ္ဌေ၊ မြင့်မြတ်ပလ္လင် သလွန်ပြင်ပေါ်၌။ တုဝံ၊ တစ်ခါတွေ့က မမေ့ရက်ဖွယ် သင်နှတ်မိမယ်သည်။ ဧကော၊ အဖော်မပါ တစ်ယောက်တည်းသာလျှင်။ နိသိန္နော၊ စည်းစိမ်ဖြိုးဝေ ခံစား၍ နေပါ၏။ တုယှ တုယှံ၊ တွေ့မြင်မိက ရှုမဝဖွယ် သင်နှတ်မိမယ်အား။ သာမိကောစ၊ ကြင်ဖက်သက်ထား လင်ယောကျ်ားသည်လည်း။ နတ္ထိ စ၊ ရှိလည်းရှိပုံ မရပါပေ။

၄၄၁။ ကွမာ စ တေ ပေါက္ခရဏီ သမန္နာ၊
ပဟူတမလျာ ဗဟုပုဏ္ဍရီကာ။
သုဝဏ္ဏစုဏ္ဏေဟိ သမန္နမောတ္ထတာ၊
နု တတ္ထ ပကော်ာ ပဏာကော စ ဝိဒ္ဒတိ။

၄၄၁။ ဒေဝိ၊ နတ်သမီး။ တေ၊ သင်နတ်သမီး၏။ ကွမာ စ ပေါက္ခရဏီ၊ အေးမြကြည်လျှံ ဤနတ်ရေကန်တို့သည်လည်း။ သမန္နာ၊ ရေ၏အပြင် ထက်ဝန်းကျင်မှ။ ပဟူတမလျာ၊ ကြာညိုကြာခေါင်းလောင်း ကြာပေါင်းဖြာဖြာ များစွာသော ဗန်းရှိကုန်၏။ ဗဟုပုဏ္ဍရီကာ၊ ငွေအသွင်သို့ အစဉ်ဖိတ်လွှမ်း များသော ကြာပုဏ္ဍရိက်ပန်းလည် ရှိကုန်၏။ သုဝဏ္ဏစုဏ္ဏေဟိ၊ ပြိုးပြိုးပြက်ပြက် တလက်လက်စုံ ရွှေဘဲမှုန်တို့ဖြင့်။ သမန္နမောတ္ထတာ၊ ဝန်းကျင်ပတ်ချာ ကြဲဖြန့်အပ်ပါကုန်၏။ တတ္ထ၊ အေးမြကြည်လျှံ ထို နတ်ရေကန်တို့၌။ ပကော်ာ စ၊ ညွန့်သည်လည်းကောင်း။ ပဏာကောစ ၊ ရေမှိုက်ရေညှိ ခွဲကျိစိမ်းစို ညိုသောမှော်သည်လည်းကောင်း။ နု ဝိဒ္ဒတိ၊ ဘာတစ်ခုမျှ မရှိပါပေ။

၄၄၂။ ဟံသာ စိမေ ဒဿနီယာ မနောရမာ၊
ဥဒကသ္မိမနုပရိယန္တိ သဗ္ဗဒါ။
သမယျ ဝဂ္ဂူ' ပနဒန္တိ သမ္မေ၊
ဗိန္ဒုဿရာ ဒုန္ဒုဘိနံဝ ဃောသော။

၄၄၂။ ဒေဝိ၊ တင့်တယ်အသွင် အိုဗီမာန်ရှင်။ ဒဿနီယာ၊ တွေ့ မြင်နေဆဲ မရောင့်ရဲအောင် လွန်ကဲအာရုံ ရှုကြည့်ဖွယ်ရှိကုန်သော။ မနောရမာ၊ မြင်သူအားလုံး ရှင်ပြိုးပျော်ပျော် နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော။ ကွမေ ဟံသာစ၊ ဤဟာဟံာငှက်တို့သည်လည်း။ ဥဒကသ္မိ၊ ကြည်လင်မျက် ရေအထက်၌။ သဗ္ဗဒါ၊ ဆောင်းနွေ

http://www.dhammadownload.com

မိုးဟု အလုံးစုံသော ဥတုတို့၌။ အနုပရိ ယန္တိ၊ ပျော်ရွှင်ရစ်သီ လှည့်ပတ်လည်ကာ အစဉ်နေကြရာကုန်၏။ သဗ္ဗေ၊ အလုံးစုံသော ရွှေဟင်္သာငှက်တို့သည်။ သမယျ= သင်္ခမ္မ၊ သူ့မြို့ ငါမြို့ ပေါင်းစပ်ကြကုန်၍။ ဗိန္ဒုဿရာ၊ မကွဲမအက် တစ်ခဲနက် လုံးစည်းသောအသံ ရှိကြကုန်သည်ဖြစ်၍။ ဒုန္ဒုဘိနံ၊ စည်စောင်းစတွာ တူရိယာ အပေါင်းတို့၏။ ယောသော ကျော်၊ နှစ်သက်ဖွယ်ရာ သာယာသော အသံကဲ့သို့။ ဝဂ္ဂူ၊ နာပျော်ဖွယ်ရာ ချိုသာသောအသံကို။ ဥပနဒန္တိ၊ သံကုန်လွင့်ကာ ကျူးရင့်ကြရာကုန်၏။

၄၄၃။ **ဒဒ္ဒလ္လမာနာ ယသသာ ယဿသိနီ၊**
နာဝါယ စ တွံ အဝလဗ္ဘ တိဋ္ဌသိ။
အာဠာရပမ္မေ ဟသိတေ ပိယံဝဒေ၊
သဗ္ဗင်္ကလျာဏိ ဘုသံ ဝိရောစသိ။

၄၄၃။ ယသသိနီ၊ ခြွေရံသင်းပင်း ပြည့်စုံခြင်းရှိပေသော နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ယသသာ၊ နတ်တို့ရှိန်စော် တန်ခိုးအာနုဘော်ဖြင့်။ ဒဒ္ဒလ္လမာနာ၊ အတိုင်းထက်အလွန် ကဲချွန်တောက်ပလျက်။ နာဝါယ၊ ရေကန်အလယ် တင့်တယ်သော ရွှေလှေ၌။ အဝလမ္ဗ၊ ချစ်ဖွယ်မသွေ မှီကာနေ၍။ တိဋ္ဌသိ၊ တည်နေပါ၏။ အာဠာရပမ္မေ၊ ရှည်လျားညီမောင် ကော့သော မျက်တောင်ရှိသော။ ဟသိတေ၊ ရွှင်ပြုံးသော မျက်နှာရှိသော။ ပိယံဝဒေ၊ ချစ်ဖွယ်သော စကားကို ပြောဆိုတတ်သော။ သဗ္ဗင်္ကလျာဏိ၊ လုံးစုံကောင်းမြတ် တင့်အပ်လှစွာ ကိုယ်အင်္ဂါရှိသော နတ်သမီး။ တွံ၊ သင်နတ်သမီးသည်။ ဘုသံ၊ အလွန်အကဲ မြင့်သူစွဲအောင်။ ဝိရောစသိ၊ နှစ်သက်ဖွယ်ရာ တင့်တယ်လှပါပေ၏။

၄၄၄။ **ဣဒံ ဝိမာနံ ဝိရဇံ သမေ ဌိတံ၊**
ဥယျာနဝန်တွံ ရတိနန္ဒိဝဓနံ။
ဣဿာမဟံ နာရိ အနောမဒဿနေ၊
တယာ သဟ နန္ဒနေ ဣစ္ဆ မောဒိတုံ။

၄၄၄။ နာရိ၊ အိုနတ်မိမယ်။ ဣဒံ ဝိမာနံ၊ ကိုယ်စိတ်နှစ်ဖြာ လိုက္ခဏာနှင့် သာယာပြည့်လျှံ ဤဗိမာန်၌။ ဝိရဇံ၊ ရှုပ်ရှုပ်တွေးတွေး ညစ်ကြေးဖြာဖြာ ကင်းရှင်းပါ၏။ သမေ၊ ညီညွတ်လှစွာ မြေမျက်နှာ၌။ ဌိတံ၊ ကောင်းစွာမသွေ တည်ရှိပေ၏။ ဥယျာနဝန်တွံ၊ နန္ဒဝန်ဥယျာဉ်ပမာ နှစ်သက်စရာ ဥယျာဉ်လည်း ရှိ၏။ ရတိနန္ဒိဝဓနံ၊ နှစ်သက်မြတ်နိုးဖွယ်ကိုလည်း ပွားစေတတ်ပါ၏။ အနောမဒဿနေ၊ ဆင်းရဲကင်းကွာ

http://www.dhammadownload.com

ပြည့်ဖြိုးစွာသော ကိုယ်အင်္ဂါအမြင်ရှိသော။ နံ့ရှိ၊ စည်းစိမ်မောက်ဖြိုး စဉ်မည်ဖြိုးဘဲ တန်ခိုးလျှံညီ ပျိုဒေဝီ။ အဟံ၊ ချစ်ရန်အကြောင်း ခွင့်ပန်တောင်းရာ မောင်တော်ငါသည်။ နန္ဒနေ၊ အစဉ်မဆုံး စိတ်နှလုံးကို ရွှင်ပြုံးမပျက် နှစ်သက်ခြင်းကို ပြုတတ်သော။ ဣဓ၊ ဤဥယျာဉ်သာ၌။ တယာ၊ သင်နတ်မိမယ်နှင့်။ သဟ၊ နှစ်ကိုယ်မျှတ အတူတကွ။ မောဒိတုံ၊ ဝမ်းမြောက်ရွှင်ပျော် မွေ့လျော်ခြင်းငှာ။ ဣစ္ဆာမိ၊ နေခြင်းငှာ အလိုရှိပါ၏။

ဤသို့ လုလင်ပျိုက ပြောကြားအပ်သည်ရှိသော် ထိုဗိမာန်ရှင်ဖြစ်သော ပြိတ္တာနတ်သမီးသည် ထိုလုလင်ပျိုအား ဤသို့ ပြန်လည်ပြောဆိုလေ၏။

၄၄၅။ ကရောဟိ ကမ္မံ ဣဓ ဝေဒနီယံ၊
စိတ္တဉ္စ တေ ဣဓ နိဟိတံ ဘဝတု။
ကတ္တာန ကမ္မံ ဣဓ ဝေဒနီယံ၊
ဧဝံ မမံ လစ္ဆသိ ကာမကာမိနိံ။

၄၄၅။ မာဏဝ၊ မေတ္တာစကား မြွက်ကြားချိုလွင် အိုလုလင်။ ဧဝံသန္တေ၊ အမြဲအတည် ပျိုဒေဝီနှင့် တူနှစ်ကိုယ် ဤသို့ပျော်ရွှင်စွာ နေလိုသည်ရှိသော်။ ဣဓ၊ ဤနတ်ဗိမာန်၌။ ဝေဒနီယံ၊ ခံစားဖို့ရေး အကျိုးပေးတတ်ပေသော။ ကမ္မံ၊ အမြတ်အမှန် ကုသိုလ်ကံကို။ ကရောဟိ၊ အချိန်မဆိုင်း နေ့တိုင်းအားထုတ် ပြုလုပ်ပါလော့။ တေ၊ သင်လုလင်၏။ စိတ္တဉ္စ၊ စိတ်သည်လည်း။ ဣဓ၊ ယခုတည်လတ် ဤအရပ်သို့။ နိဟိတဉ္စ၊ ညွတ်ကိုင်းကပ်ဆောင်နိုင်သည်လည်း။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေလော့။ ဣဓ၊ ဤနတ်ဗိမာန်၌။ ဝေဒနီယံ၊ ခံစားဖို့ရေး အကျိုးပေးတတ်သော။ ကမ္မံ၊ သဒ္ဓါဓာတ်နှင့် မြင့်မြတ်အမှန် ကုသိုလ်ကံကို။ ကတ္တာန၊ ပြု၍။ ဧဝံ၊ ဤသို့ပြုလုပ်သည်ရှိသော်။ ကာမကာမိနိံ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့ဖြင့် လိုရာပြည့်စုံသော။ မမံ၊ သင့်စိတ်မှာစွဲ အမြဲချစ်လို ကျွန်ုပ်ဒေဝီပျိုကို။ လစ္ဆသိ၊ ကောန်မသွေ ရနိုင်ပေလတ္တံ့။

ထိုလုလင်ပျိုသည် ဗိမာန်ရှင် ပြိတ္တာနတ်သမီး၏ စကားကို ကြားရ၍ ထို အရပ်မှ လူတို့ရပ်ဌာန်သို့ သွားရောက်ခဲ့ကာ ထိုအရပ်၌ စိတ်ကို တောင့်တပြီးလျှင် ထိုဗိမာန်၌ ဖြစ်ရခြင်း၏ အကြောင်း ကောင်းမှုကုသိုလ်ကို ပြုလုပ်၍ မကြာမြင့်မီ ပင်လျှင် စုတေသေလွန်ခြင်းကို ပြုသည်ရှိသော် ထိုဗိမာန်ရှင် ပြိတ္တာမ၏ အပေါင်း အဖော်အဖြစ်သို့ ရောက်၍ ထိုအရပ်၌ ဖြစ်လေ၏။ ထိုအကြောင်းကို ပြလိုသော သင်္ဂါယနာတင် ထေရ်အရှင်တို့သည် ဤသို့ မိန့်ဆိုကြကုန်၏။

http://www.dhammadownload.com

၄၄၆။ သာရုတိ သော တဿာ ပဋိသုဏိတ္တာ၊
အကာသိ ကမ္မံ တဟိံ ဝေဒနိယံ။
ကတ္တာန ကမ္မံ တဟိံ ဝေဒနိယံ၊
ဥပပန္နိ သော မာဏဝေါ တဿာ သဟဗျတံ။

၄၄၆။ သော မာဏဝါ၊ ထိုလုလင်ပျိုသည်။ တဿာ၊ ဗိမာန်ပျော်မှိ ထို နတ်သမီး၏။ ဝစနံ၊ ညွှန်းဆိုမြွက်ကြား ပြောစကားကို။ သုတ္ဝာ၊ ကြားရ၍။ သာရုတိ၊ ကောဇ်းပါပြီဟူ၍။ ပဋိသုဏိတ္တာ၊ ကောင်းစွာအသိုးသိး ဝန်ခံပြီး၍။ တဟိံ၊ နတ်သမီးပျော်စံ ထိုဗိမာန်၌။ ဝေဒနိယံ၊ ခံစားဖို့ရေး အကျိုးပေးတတ်သော။ ကမ္မံ၊ အမြတ်အမှန် ကုသိုလ်ကံကို။ အကာသိ၊ အချိန်မဆိုင်း နေ့တိုင်းအား‌ထုတ် ပြုလုပ်လေပြီ။ တဟိံ၊ နတ်သမီးပျော်စံ ထိုဗိမာန်၌။ ဝေဒနိယံ၊ ခံစားဖို့ရေး အကျိုးပေးတတ်သော။ ကမ္မံ၊ ကောင်းမှုဟူသမျှ အဝဝကို။ ကတ္တာန၊ ပြုပြီး၍။ သော မာဏဝေါ၊ နတ်သမီးနှင့် ပျော်မှိုးစံလို ထိုလုလင်ပျိုသည်။ တဿာ၊ ထိုဗိမာန်ပိုင်သ ဝေမာနိက နတ်ပြိတ္တာမ၏။ သဟဗျတံ၊ အတူတကွ နှစ်ကိုယ်မျှကာ ပေါင်းဖော်ရ ရှာသည်၏ အဖြစ်သို့။ ဥပပန္နိ၊ ကပ်ရောက် မသွေ ဖြစ်ရရှာလေ၏။

တွေ့ကြုံဆုံကွဲ မမြဲသခိရ

ဤသို့ ထိုဗိမာန်ရှင် ပြိတ္တာမောင်မယ်နှစ်ဦးတို့သည် ထိုဗိမာန်၌ ကြာမြင့်စွာ သော ကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားကြကုန်စဉ် ယောကျ်ားသည် ပြုအပ် ခဲ့သော ကံစွမ်း၏ ကုန်ခန်းခြင်းကြောင့် သေလွန်ရှာလေ၏။ မိန်းမသည်ကား မိမိ ပြုအပ်ခဲ့သော ကောင်းမှုကံ၏ ကောင်းမြတ်သောခေတ်နှင့် ကြုံကြိုက်လိုက်သည်၏ အဖြစ်ကြောင့် နှစ်ဆူသော ဘုရားရှင်တို့၏ တစ်ခုသောကြားကာလပတ်လုံး ထိုဗိမာန် ၌ အချိန်အပြည့် နေရလေ၏။

အရှင်မဟာမောဂ္ဂလ္လာန်နှင့် တွေ့ဆုံခြင်း

ထိုအခါ ငါတို့၏ဘုရားသည် လောကဌ် ပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၍ ဓမ္မစကြာ တရားတော်မြတ်ကို ဟောကြားအပ်ပြီးသည်ရှိသော် အစဉ်သဖြင့် ဇေတ ဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် သည် တစ်နေ့သ၌ တောင်တန်းဒေသစာရီ လှည့်လည်ခြင်းကို လည်လည်တော်မူ သည်ရှိသော် ထိုဗိမာန်ကိုလည်းကောင်း ဗိမာန်ရှင် ပြိတ္တာမကိုလည်းကောင်း မြင်တော် မူ၍ "ဝေဠု ရိယ ထမ္ဘ ရုစိရံ ပဘာသရံ" အစရှိကုန်သော ဂါထာတို့ဖြင့် မေးမြန်း တော်မူ၏။

http://www.dhammadownload.com

ဘုရားရှင်အား လျှောက်ကြားခြင်း

ထိုဗိမာန်ရှင် ပြိတ္တာမသည်လည်း အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်အား အစမှစ၍ မိမိ၏ဖြစ်ခဲ့ရပုံ အလုံးစုံသော အကြောင်းကို လျှောက်ထားလေ၏။ ထိုစကားကို ကြားရ၍ မထေရ်မြတ်သည် သာဝတ္ထိပြည်သို့ ကြွလာပြီးလျှင် ဘုရားရှင်အား လျှောက်ထားလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ထိုလျှောက်ကြားသော အကြောင်းရပ်ကို-အဋ္ဌုပ္ပတ်ပြုတော်မူပြီးလျှင် ရောက်လာသော ပရိသတ်အား တရားရေအေး တိုက်ကျွေး ဟောကြားတော်မူ၏။ ဟောကြားအပ်သော မြတ်တရားကို နာခံမှတ်သားရသောကြောင့် များစွာသော လူအပေါင်းသည် ဒါနအစရှိသော ကောင်းမှုတရား၌ မွေ့လျော်သည် ဖြစ်လေတော့၏။

ဟိမဝန္တာတောင် ရထကာရအိုင်အနီးတွင် ပျော်ရွှင်စွာနေထိုင်ရသော ဝေမာနိကပြိတ္တာမအကြောင်း ဤတွင်ပြီး၏။

၄- ဗုဇ္ဈဝဂ်

စပါးကိုဖွဲရောလျက် ရောင်းချသော ကုန်သည်စဉ်းလဲနှင့် အိမ်သူအိမ်သား ပြိတ္တာလေးဦး

ဘုသာနိ ဇကော သာလိ ပုနာပရော အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **ဘုသပေတဝတ္ထု** ကို ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် လေးယောက်သော ပြိတ္တာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ကောက်ကျစ်စဉ်းလဲသော ကုန်သည်

သာဝတ္ထိပြည်၏အနီး တစ်ခုသောရွာငယ်၌ တစ်ဦးသော ကောက်ကျစ်စဉ်းလဲသည့် ကုန်သည်သည် တင်းစဉ်းလဲ ချိန်စဉ်းလဲ အစရှိသည်တို့ဖြင့် အသက်မွေးမြူလေ၏။ ထိုကုန်သည်သည် သလေးဖျင်း၊ သလေးမှော်တို့ကို ယူဆောင်၍ မြေနီ

http://www.dhammadownload.com

မှန့်တို့ဖြင့် နယ်ပြီးလျှင် အချိန်စီးအောင် ပြုလုပ်လျက် နီသော သလေးစပါးတို့နှင့် တကွ ရောနှောကာ ရောင်းချလေ၏။

မိခင်ကို ရိုက်နှက်သော သား

ထိုကုန်သည်၏သားသည် "အိမ်သို့ လာရောက်ကြကုန်သော ငါ၏အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့အား လေးစားမြတ်နိုးမှုကို မပြု" ဟု အမျက်ထွက်သည်ဖြစ်၍ လှည်းစည်းကုံး သားရေကြိုးကို ဆွဲယူပြီးလျှင် မိခင်၏ဦးခေါင်းကို ရိုက်နှက်လေ၏။

အသားနိုးစားသူချွေးမ

ထိုကုန်သည်၏ ချွေးမသည် လူအများတို့၏အလို့ငှာ ထားအပ်သော အသားကို ခိုးယူစားသောက်ပြီးလျှင် တစ်ဖန် ထိုသူတို့က မေးမြန်းသည်ရှိသော် "အကျွန်ုပ်သည် အကယ်၍ ထိုအသားကို စားမိသည်ဖြစ်အံ့၊ ဖြစ်လေရာရာ ဘဝတိုင်း၌ မိမိ၏ ကျောက်ကုန်းသားကို လှီးဖြတ်ကာ စားရပါစေသား" ဟု ကျိန်စာဆိုခြင်းကို ပြုလေ၏။

မုသားပြောသူမယား

ထိုကုန်သည်၏ မယားသည်ကား တစ်စုံတစ်ခုသော အသုံးအဆောင် အဆောက်အဦးကို တောင်းရမ်းကြသူတို့အား "မရှိပါ" ဟု ပြောဆိုပြီးလျှင် ထိုထောင်းရမ်းသူတို့သည် အတင်းအကြပ် ပြောဆိုအပ်သည်ရှိသော် "အကျွန်ုပ်သည် အကယ်၍ ထင်ရှားရှိပါလျက် မရှိဟု ပြောဆိုမိပါအံ့၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ၌ မစင်ကိုသာ စားသောက်ရသည် ဖြစ်ရပါစေသား" ဟု မုသားစကားဖြင့် ကျိန်စာဆိုခြင်းကို ပြုလေ၏။

ပြုခဲ့သော မကောင်းမှုဒဏ် မကောင်းကျိုး ခံရပုံ

ထိုလေးယောက်သောသူတို့သည်လည်း နောင်သောအခါ သေလွန်ခြင်းကို ပြုကြကုန်၍ ဝိဿုဂုဝိမည်သော တစ်ခုသောတောအုပ်၌ ပြိတ္တာဖြစ်၍ နေကြလေကုန်၏။ ထိုလေးယောက်သောသူတို့တွင် ကောက်ကျစ်စဉ်းလဲသော ကုန်သည်သည် မိမိပြုအပ်ခဲ့သော အကုသိုလ်ကံ၏ အကျိုးအားကြောင့် ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော မွှေး၊ စပါး၊ဖျင်း၊ စပါးမှော်ကို လက်နှစ်ဖက်တို့ဖြင့် ဆွဲကိုင်၍ မိမိ၏ဦးခေါင်းထက်၌ ကြဲဖြန့်ပြီးလျှင် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရရှာလေသည်။

http://www.dhammadownload.com

သားနှင့်ချွေးမ

ထိုကုန်သည်၏သားသည် သံဖြင့်ပြီးကုန်သော တင်းပုတ် လက်ရိုက် လက်နက်တို့ဖြင့် မိမိကိုယ်တိုင်ပင် မိမိ၏ဦးခေါင်းကို ထုခွဲ၍ အတိုင်းအရှည်မရှိ များဘိသော ဆင်းရဲဒုက္ခကို ခံစားရရှာလေ၏။ ထိုကုန်သည်၏ ချွေးမသည် ပြုအပ်ခဲ့သော ကံ၏အကျိုးဆက်ကြောင့် ကောင်းစွာသွေးထားအပ်ကုန်သော အလွန်လျှင်ကြီးမားရှည်လျားကုန်သော လက်သည်းတို့ဖြင့် မိမိ၏ ကျောက်ကုန်းသားတို့ကို လှီးဖြတ်ကာ စားရသည်ဖြစ်၍ အတိုင်းအရှည်မထား များဘိသော ဆင်းရဲဒုက္ခကို ခံစားရရှာလေ၏။

မယား၏ အကုသိုလ်အကျိုး

ထိုကုန်သည်၏မယားအား ကောင်းမွန်သော အနုံရှိသော အလွန်စင်ကြယ်သန့်ရှင်း ကင်းသောမည်းညစ်ခြင်းရှိသော သလေးထမင်းကို အနီးသို့ ဆောင်ယူအပ်ကာမျှပင်လျှင် အထူးထူးအပြားပြားသော ပိုးမျိုးတို့ဖြင့် ပြွမ်းသော အလွန်မကောင်းသော အနုံရှိလျက် စက်ဆုပ်ဖွယ်ရာရှိသော မစင် ဖြစ်ရလေ၏။ ထိုမစင်ကို မိန်းမသည် နှစ်ဖက်သောလက်တို့ဖြင့် ကျုံးယူ၍ စားရကာ ကြီးမားစွာသော ဆင်းရဲဒုက္ခကို ခံစားရရှာလေ၏။

ပြိတ္တာတို့အကုသိုလ်ကံ ရှင်မောဂ္ဂလာန်မေးမြန်း

ဤသို့သောနည်းဖြင့် ထိုလေးယောက်သော သူတို့သည် ပြိတ္တာတို့၌ ဖြစ်ရ၍ ကြီးမားစွာသော ဆင်းရဲဒုက္ခကို ခံစားကာ နေကြရကုန်စဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် တောင်စဉ် ဒေသစာရီ လှည့်လည်ခြင်းကို လှည့်လည်တော်မူသည်ရှိသော် တစ်နေ့သ၌ ထိုအရပ်သို့ရောက်၍ ထိုပြိတ္တာတို့ကိုမြင်၍ အောက်ပါဂါထာဖြင့် ထိုသူတို့သည် ပြုအပ်ခဲ့သော မကောင်းမှုကံကို မေးမြန်းလေ၏။

၄၄၇။ ဘုသာနိ ဧကော သာလိ̀ ပုနာပရော၊
အယဉ္စ နာရီ သကမံသလောဟိတံ။
တုဝဉ္စ ဝုထံ အသုစိ̀ အကန္တံ၊
ပရိဘုဉ္ဇသိ ကိဿ အယံ ဝိပါကော။

၄၄၇။ ဘောန္တော်ပေတာ၊ အို့ပြိတ္တာတို့။ တုမှေသု၊ သင်တို့လေးယောက်တို့တွင်။ ဧကော၊ တစ်ယောက်သောသူသည်။ သာလိ̀ သာလိနော၊ သလေးစပါး၏။

http://www.dhammadownload.com

ဘုသာနိ၊ မစဲသီးသီး ရဲရဲညီးသော ဖွဲမီးတို့ကို။ အဝကီရတိ၊ ဦးခေါင်းထက်သို့ ဆုပ်ပက်ခါခါ ကြဲဖြန့်ရှာလေ၏။ ဧကော၊ တစ်ယောက်သောသူသည်။ သီသဘေဒံ၊ ကိုယ့်ခေါင်းကိုယ် ရိုက်ကာခွဲသဖြင့် ခေါင်းကွဲခြင်း သို့။ ပါပုဏာတိ၊ ရောက်ရှာလေ၏။ အယဉ္စ နာရီ၊ ဤမိန်းမသည်ကား။ သကမံသလောဟိတံ၊ ကြောက်ဖွယ်ကြီးမား မိမိ၏အသား အသွေးကို။ ပရိဘုဉ္ဇတိ၊ အဆာပျောက်အောင် စားသောက်ရှာ၏။ တုဝဉ္စ၊ သင်သည်လည်း။ အသုစိ၊ ညစ်ညမ်းရွံဖွယ် မစင်ကြယ်သော။ အကန္တံ၊ ရွံဖွယ်အစစ် မနှစ်သက်အပ်သော။ ဂူထံ၊ ညစ်ပတ်ထွေးထွေး မစင်ချေးကို။ ပရိဘုဉ္ဇသိ၊ ရှေးက အလျောက် အဆာပျောက်အောင် စားသောက်ရှာ၏။ အယံ ဝိပါကော၊ ဤသို့ ခံစားကြရ အကျိုးဝိပါကသည်။ ကိဿ၊ အဘုယ်ကဲ့သို့ပြု အဘယ်မကောင်းမှု၏။ ဝိပါကော၊ အကျိုးဆက်ပါနည်း။

ဤသို့ မထေရ်မြတ်သည် မေးမြန်းအပ်သည်ရှိသော် ကုန်သည်စဉ်းလဲ၏ မယားသည် ထိုသူအား လုံးတို့ ပြုအပ်ခဲ့သော မကောင်းမှုကံကို လျှောက်ကြားလိုသည်ဖြစ်၍ ဤသို့ လျှောက်ဆိုလေ၏။

၄၄၈။ **အယံ ပုရေ မာတရံ ဟိံသတိ၊ အယံ ပန ကူဋဝါဏိဇော။**
အယံ မံသာနိ ခါဒိတ္ဝာ၊ မုသာဝါဒေန ဝဉ္စေတိ။
၄၄၉။ **အဟံ မနုဿေသု မနုဿဘူတာ၊**
အဂါနိရိ သဗ္ဗကုလဿ ဂုဿရာ။
သန္တေသု ပရိဂုဟာမိ၊
မာ စ ကိဉ္စိ ဂ္ဂတော အဒံ။

၄၄၈-၉။ ဘန္တေ၊ အရှင်မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အယံ၊ မကောင်းကြံဖန် ဟိုးရှေးကံကြောင့် သွေးသံရဲရဲ ဤဦးခေါင်းကွဲသူသည်။ ပုရေ၊ လွန်ခဲ့ပြီးစွ လူ့ဘဝက။ မာတရံ၊ ကျေးဇူးအရှင် မွေးမိခင်ကို။ ဟိံ သတိ၊ ရိုသေမဖက် ဦးခေါင်းထက်၌ ရိုက်နှက်ထုခွဲ ညှဉ်းဆဲခဲ့ပါ၏။ အယံ ပန၊ ရဲရဲတောက်ဘိ ခေါင်း၏ အထက် ပြန့်ပြန့်တက်အောင် ဆုပ်ပက်ခါခါ ဖွဲမီးလောင်ကျွမ်းရှာသော ဤသူသည်ကား။ ပုရေ၊ လွန်ခဲ့ပြီးစွ လူ့ဘဝက။ ကူဋဝါဏိဇော၊ ကောက်ကျစ်စဉ်းလဲ စပါးထဲသို့ ဖွဲများရောကာ ရောင်းချပါသော ကုန်သည်ပါဘုရား။ အယံ၊ ဒီမိသွေးသား အပြင်းအားဖြင့် ဖဲ့စားနေရ ဤပြိတ္တာမသည်။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးလူဖြစ်စဉ်က။ မံသာနိ၊ သူများတွက်တာ ကောင်းစွာသိမ်းထားသည့် အမဲသားတို့ကို။ ခါဒိတ္ဝာ၊ တိတ်တိတ်ပုန်းကာ ခိုးစားပါလျက်။ မုသာဝါဒေန၊ 'မစားပါ' ဟု ဖုံးကာ

http://www.dhammadownload.com

ပိတ်ထား မမှန်သောစကားဖြင့်။ ဝဠွေ တိ၊ ဖြားယောင်းလိမ်လည် မတည်စကား ဖြင့် လှည့်စားခဲ့ပါ၏။ အဟံ၊ တပည့်တော်မသည်။ မနုဿေသု၊ လူဘဝတို့၌။ မနုဿဘူတာ၊ အမှန်စင်စစ် လူဖြစ်၍ ဖြစ်စဉ်က။ သဗ္ဗကုလဿ၊ အကုန်သိမ်းကျုံး တစ်အိမ်လုံးကို။ ဣဿရာ၊ အစဉ်ပိုင်သ အစိုးရသော။ အဂါရိနိ၊ အိမ်ရှင်မသည်။ ဟုတွာ၊ ဖြစ်၍။ ယာစိတေသု၊ လူသူတကာတို့ တောင်းရမ်းလာသည်ရှိသော်။ သန္တေသု၊ ဧကန်ပြည့်စုံ ရှိပါကုန်သော်လည်း။ ပရိဂုဟာမိ၊ မရှိစကား တွင်တွင် ကြားကာ ဖုံးကွယ်ခဲ့ပါပြီ။ ဣတော၊ တပည့်တော်မ ပိုင်သသည့် ပစ္စည်းဓနမှ။ ကိဉ္စိ၊ မပြောပဖွယ် အနည်းငယ်မျှသော်လည်း။ မာ စ အဒံ၊ မစွန့်လွှတ်ဣသာပြုမ်း၍ မပေးကမ်းဖူးခဲ့ပါ ဘုရား။

၄၅၀။ မုသာဝါဒေန ဆာဒေမိ၊ နတ္ထိ ဧတံ မမ ဧဟေ။
သစေ သန္တံ နိဂုဟာမိ၊ ဂူထော မေ ဟောတု ဘောဇနံ။

၄၅၀။ ဘန္တေ၊ အရှင်မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ ပုရေ၊ ရှေးလူဖြစ်စဉ်အခါ၌။ ဧတံ၊ ဤဥစ္စာသည်။ မမ၊ ငါ၏။ ဧဟေ၊ အိမ်၌။ နတ္ထိ၊ မရှိပေ။ ဣတိ၊ ဤသို့။ မုသာဝါဒေန၊ ချွတ်ယွင်းဖောက်ပြန် မဟုတ် မမှန်သော စကားဖြင့်။ ဆာဒေမိ၊ ဖုံးကွယ်ခဲ့ပါပြီ။ သန္တံ၊ အမှန်တိတိ ထင်ရှားရှိသည်ကို။ သစေ နိဂုဟာမိ၊ အကယ်၍များ လျှို့ဝှက်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့ လျှို့ဝှက်ခဲ့သည်ရှိသော်။ မေ၊ ငါ၏။ ဘောဇနံ၊ စားသောက်ဖွယ်ရာ ထမင်းအစာသည်။ ဂူထော၊ မစင်ချေးသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့။ သပထဲ၊ ကျိန်စာဆိုခြင်းကို။ အကာသိ၊ တရားမဲ့ မိုက်မှားကြီးစွာ ပြုခဲ့ပါပြီ။

၄၅၁။ တဿ ကမ္မဿ ဝိပါကေန၊ မုသာဝါဒဿ စူဘယံ။
သုဂန္ဓံ သာလိနော ဘတ္တံ၊ ဂူထံ မေ ပရိဝတ္တတိ။

၄၅၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တဿ ကမ္မဿစ၊ ထို မကောင်းမှု၏ လည်းကောင်း။ မုသာဝါဒဿ စ၊ မမှန်စကား ပြောကြားခြင်း၏ လည်းကောင်း။ ဥဘယံ ဥဘယေန၊ ထိုသို့ပေါင်းဆုံ နှစ်ပါးစုံသော။ ဝိပါကေန၊ အကျိုးကြောင့်။ သုဂန္ဓံ၊ မွေးကြိုင်သင်းပျံ့ ကောင်းသောအနံ့ရှိသော။ သာလိနော ဘတ္တံ၊ စင်ကြယ် သန့်ရှင်း သလေးထမင်းသည်။ မေ၊ အကုသိုလ်က် လှုံ့ဆော်ဖန်၍ ဧကန်မုချ ဆင်းရဲရသော တပည့်တော်မအား။ ဂူထံ ဂူထဘာဝေန၊ မဖွယ်မရာ လွန်စွာဆိုးညစ် မစင်၏အဖြစ်ဖြင့်။ ပရိဝတ္တတိ၊ ဖောက်ပြန်သောအား ပြောင်းလဲသွားပါ၏။

၄၅၂။ အဝဏ္ဏာနိ စ ကမ္မာနိ၊ နု ဟိ ကမ္မံ ဝိနဿတိ။
ဒုဂ္ဂန္ဓံ ကိမိနံ မိဠွံ၊ ဘုဉ္ဇာမိ စ ပိဝါမိ စ။

http://www.dhammadownload.com

၄၅၂။ ဘန္တေ၊ အရှင်မောဂ္ဂလာန် အရှင်မြတ်ဘုရား။ ကမ္မာနိ၊ ကောင်းမှု မကောင်းမှု နှစ်ခုအမှန် အကြောင်းကဲတို့သည်။ အဝဏ္ဏာနိ စ၊ အကျိုးမပြီး အချည်း အနှီးမဖြစ်ကုန်။ ဟိ သစ္စံ၊ တပည့်တော်လျှောက်ထား ဤစကားသည် မှန်လှပါ၏။ ကမ္မံ၊ ကောင်းဆိုးနှစ်တန် အကြောင်းကဲသည်။ နာ ဝိနာသတိ၊ အကျိုးမဲပေး ကင်းဝေးလွင့်လျက် မပျောက်ပျက်နိုင်။ အဟံ၊ တပည့်တော်မသည်။ ဒုဂ္ဂန်၊ ပုပ်ဟောင်မသန့် မကောင်းသော အနံ့ရှိသော။ ကီမိနံ၊ တရွရွလျှောက် ပိုးလောက် ရှိသော။ မိဠွံ၊ ညစ်ညမ်းထွေးထွေး မစင်ချေးကို။ ဘုဉ္ဇာမိ စ၊ အမြဲမသွေ စားလည်း စားနေရပါ၏။ ပိဝါမိ စ၊ ငတ်သည့်အလျောက် သောက်လည်း သောက်နေရပါ၏။

ဒေဿနာတော်နှင့် ဒေဿနာတော်၏အကျိုး

ဤသို့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ပြိတ္တာမ၏စကားကို ကြားရ၍ ထိုဖြစ်ပုံအကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အင်္ဂုပ္ပတ်ပြုတော်မူပြီးလျှင် ရောက်လာသော ပရိသတ်အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထို တရားဒေဿနာတော်သည် များစွာသော လူအပေါင်းအား အကျိုးတရား များပြားသည် ဖြစ်လေ၏။

စပါးကို ဖွဲရောလျက်ရောင်းချသော ကုန်သည်စဉ်းလဲနှင့်
အိမ်သူအိမ်သား ပြိတ္တာများအကြောင်း ပြီး၏။



၅–တူဗရဒေတဝတ္ထု

ဘုရားရှင်နှင့်သံဃာတော်ကို ပြစ်မှားမိခဲ့၍ သရဏ်ဝင်၌ စွန့်ပစ်ခြင်းခံရသော သတ္တိသားပြိတ္တာ

အဇ္ဇေရ ရူပံ သုဂတသဿ ဉာဏံ အစရှိသော ဒေဿနာဖြင့် တန်ဆာဆင်အပ်သော ဤ **ကုမာရပေတဝတ္ထု** ၏ ဖြစ်ပုံခြင်းရာမှာ သာဝတ္ထိပြည်၌ များစွာကုန်သော ဥပါသကာတို့သည် စာရားဂိဏ်းကြီး ဖွဲ့စည်းတည်ထောင်ကြပြီးလျှင် မြို့၌ ကြီးမား စွာသော မဏ္ဍပ်ကို ဆောက်လုပ်စေ၍ ထိုမဏ္ဍပ်ကို အထူးထူးသော အဆင်း

http://www.dhammadownload.com

အရောင် ရှိကုန်သော အဝတ်အထည်တို့ဖြင့် တန်ဆာဆင်ကြကုန်ပြီးလျှင် စောစော ကာလ အခါကပင်လျှင် ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ပင့်ဖိတ် ကြပြီးကာ မြင့်မြတ်သောသူတို့အား သာ ထိုက်တန်သော ကောင်းမွန်သော အခင်းတို့ဖြင့် သပ်သပ်ရပ်ရပ် ဆန်းဆန်းပြားပြား ခင်းထားအပ်ကုန်သော နေရာ တို့၌ ဘုရားရှင် အမှူးရှိသော ရဟန်းသံဃာကို သီတင်းသုံး နေထိုင်စေ၍ နံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော်ကြပြီး၌ကျွင် ကြီးမားစွာသော အလှူဒါနကို ဖြစ်စေကြ ကုန်၏။

ကုသိုလ်လုပ်မှုအကြောင်းပြု၍ အကုသိုလ်ရသူ

ထို ဥပါသကာတို့ ကုသိုလ်ကောင်းမှု ပြုလုပ်မှုကို မြင်ရ၍ ဝန်တိုခြင်းတည်း ဟူသော မစ္ဆေရ အညစ်အကြေးတို့ဖြင့် နှိပ်စက်ထက္ကြသော စိတ်တားရှိသော တစ်ယောက်သောယောကျ်ားသည် ထိုပူဇော်သက္ကာရ ပြုကြသည်ကို သည်းမခံနိုင်ရ ကား "ဤ ကောင်းမြတ်လှစွာ အလုံးစုံသော ပူဇော်သက္ကာကို တံမြက်ချေးစွန့်ရာ အမှိုက်ပုံ၌ စွန့်ပစ်အပ်သည်က မြတ်ပါသေး၏။ ဤ ဦးပြည်းရဟန်းတို့အား ပေး ကမ်းလှူဒါန်းခြင်းသည်ကား မမြတ်သည်သာတည်း" ဟု ပြောဆိုလေ၏။

သားမိုက်အကြောင်း မိခင်ကို တိုင်ကြား

ထိုယောကျ်ား၏စကားကို ကြားကြရ၍ ဥပါသကာတို့သည် ထိတ်လန့်တုန် လှုပ်သော စိတ်ရှိကြကုန်သည်ဖြစ်၍ "အကြင်သူသည် ဤသို့သော အခြင်းအရာ ဖြင့် ဘုရားရှင်အမှူးရှိသော ရဟန်းသံဃာ၌ ပြစ်မှားဘိ၏။ ဤယောကျ်ားသည် မကောင်းမှုကို ဆည်းပူးပွားများအပ်၏၊ တန်လေးစွတကား" ဟု ပြောဆိုကြပြီးလျှင် ထိုအကြောင်းကို ထိုယောကျ်ား၏ မိခင်အား ပြောကြားကြ၍ "သွားချေ၊ သင် သည် တပည့်သားသံဃာနှင့် တကွသော ဘုရားရှင်ကို ကန်တော့ချေလော့" ဟု ပြောဆိုကြ ကုန်၏။

မိခင်၏ကောင်းမှု

မိခင်သည် "ကောင်းပါပြီ" ဟု ဝန်ခံပြီးလျှင် သားဖြစ်သူကို ခြိမ်းခြောက် လျက် ကောင်းစွာသိစေ၍ ဘုရားရှင်သို့လည်းကောင်း၊ ရဟန်းသံဃာသို့လည်းကောင်း ချဉ်းကပ်၍ သားသည် ပြုအပ်သောအပြစ်ကို လျှောက်ကြားကာ သည်းခံစေပြီးလျှင် ဘုရားရှင်အားလည်းကောင်း၊ ရဟန်းသံဃာအားလည်းကောင်း ခုနစ်ရက်ပတ်လုံး ယာဂုအလှူဒါနဖြင့် ပူဇော်ခြင်းကို ပြုလေ၏။

http://www.dhammadownload.com

သားကွယ်လွန်ပြီး ပြည့်တန်ဆာအိမ်၌ဖြစ်

ထိုမိန်းမ၏ သားဖြစ်သူသည် မကြာမြင့်မီပင်လျှင် စုတေလွယ်လွန်ခြင်းကို ပြု၍ ညစ်နွမ်းသော အလုပ်ဖြင့် အသက်မွေးခြင်းရှိသော ပြည့်တန်ဆာမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေရ၏။ ထိုပြည့်တန်ဆာမသည်လည်း ဖွားကာမျှသာလျှင်ဖြစ်သော ထိုသူငယ်ကို သူငယ်ယောကျ်ားတည်းဟုသိ၍ သုသာန်၌ ပစ်ထားလေ၏။ ထို သူငယ်သည် ထိုသုသာန်၌ မိမိပြုခဲ့သော ကောင်းမှု၏အစွမ်းဖြင့်ပင် ယူအပ်သော အစောင့်အရှောက်ရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူသည် မနှိပ်စက်အပ် သည် ဖြစ်၍ မိခင်၏ရင်ခွင်၌ အိပ်ရာဘိသကဲ့သို့ ချမ်းသာစွာ အိပ်စက်ကာ နေရ၏။ နတ်တို့သည် ထိုသူငယ်အား စောင့်ရှောက်ထားကြကုန်၏ဟုလည်း၊ ဆိုကြကုန် သေး၏။

သူငယ်၏ အနာဂတ် ဗုဒ္ဓမိန့်ကြားပုံ

ထိုအခါ ဘုရားရှင်သည် နံနက်မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူသည်ရှိသော် သုသာန်၌ စွန့် ပစ်ထားအပ်သော သူငယ်ကို မြင်တော်မူ၍ နေထွက်သောအခါ သုသာန်သို့ ကြွသွားတော်မူလေ၏။ "ဘုရားရှင်သည် ဤအရပ်သို့ ကြွရောက်တော်မူလာ၏။ ဤသို့ ကြွရောက်တော်မူရာ၌ အကြောင်းရှိသည် ဖြစ်တန်ရာ၏" ဟု နှလုံးပြု၍ များ စွာသော လူထုပရိသတ်သည် စည်းဝေးမိလေ၏။ ဘုရားရှင်သည် စည်းဝေး၍ နေ ကြသည့် ပရိသတ်၌ "ဤသူငယ်ကို မထီမဲ့မြင် မပြုအပ်ပေ၊ ယခုအခါ သုသာန်၌ စွန့်ပစ်အပ်သည်ဖြစ်၍ ကိုးကွယ်ရာမဲ့ကာ တည်ရှိနေရရှာပေ၏၊ ဤသို့ပင် တည် ရှိကာ နေရပါသော်လည်း နောင်သောအခါ မျက်မှောက်ပစ္စက္ခ ဤဘဝ၌လည်း ကောင်း၊ တမလွန်ဘဝနေ နောင်ဘဝ၌လည်းကောင်း ကြီးကျယ်မွန်မြတ်သော စည်းစိမ် ဥစ္စာကို ရရှိခံစားရပေလတ္တံ့" ဟု မိန့်ကြားတော်မူ၍ ထိုလူတို့သည် "အရှင်မြတ် ဘုရား ဤသူငယ်သည် ရှေးဘဝ၌ အဘယ်သို့သောအမှုကို ပြုလုပ်ခဲ့ပါသနည်း" ဟု မေးလျှောက်ကြကုန်၏။

ထိုအခါ ဘုရားရှင်က သူငယ်ပြုအပ်ခဲ့သော အမှုကိုလည်းကောင်း၊ နောင် အခါ ရအပ်ရောက်အပ်သော စည်းစိမ်ကိုလည်းကောင်း ထင်ရှားစွာ ပြသတော်မူ၍ စည်းဝေးရောက်လာကြသော ပရိသတ်၏ အလိုအဇ္ဈာသယအား လျောက်ပတ်သော 44
တရားဓမ္မကို ဟောကြားပြသတော်မူပြီးလျှင် ထိုထက်သာလွန်စွာ သာမုက္ကံသိက B
ဓမ္မ ဒေသနာမြတ်ကို ဟောကြားတော်မူလေ၏။

http://www.dhammadownload.com

သူငယ်အား သူကြွယ်မစပုံ

သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူသည်၏ အဆုံး၌ ရှစ်သောင်းလေးထောင်သော ဝေနေယျသတ္တဝါတို့အား သစ္စာလေးပါး ထိုးထွင်း၍ သိမြင်ခြင်းသည် ဖြစ်လေ၏။ ထိုသူငယ်ကိုလည်း ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော တစ်ဦးသောသူကြွယ်သည် ဘုရားရှင်၏ မျက်မှောက်တော်၌ပင်လျှင် "ငါ၏သား တည်း" ဟုဆို၍ ကောက်ယူမွေးမြူလေ၏။ ဘုရားရှင်သည် "ဤမှုဖြင့် ဤသူငယ်ကို စောင့်ရှောက်အပ်ပေပြီ၊ လူအပေါင်းအား လည်း ချီးမြှောက်မှုကို ပြုရပေပြီ" ဟု နှလုံးပြု၍ ကျောင်းတော်သို့ ကြွတော်မူလေ၏။

သူကြွယ်ဖြစ်ကာ ကုသိုလ်ကောင်းမှုပြုခြင်း

ထိုသူငယ်သည် အခါတစ်ပါး၌ ထိုသူကြွယ် ကွယ်လွန်သည်ရှိသော် ထိုသူကြွယ် အပ်နှင်းခဲ့သော ဥစ္စာကို သိမ်းပိုက်၍ ဥစ္စာနှစ်ကို ကောင်းစွာဖြစ်စေသည်ရှိသော် ထိုမြို့၌ပင် များစွာသော ဥစ္စာစည်းစိမ်ရှင် သူကြွယ်ဖြစ်ပြီးလျှင် ဒါန စသော ကောင်းမှု၌ မွေ့လျော်သည် ဖြစ်လေ၏။

ရဟန်းတို့စကား

ထိုအခါ တစ်နေ့သ၌ ရဟန်းတော်တို့သည် တရားသဘင်၌ "ဘုရားရှင်သည် သတ္တဝါတို့အား အစဉ်သနား စောင့်ရှောက်တော်မူပေ၏၊ စင်စစ် အံ့ဩဖွယ်ရှိပေစွတကား၊ ထိုအခါ ကိုးကွယ်ရာမဲ့၌ တည်နေသော ထိုကဲ့သို့သော သဘောရှိသော သူငယ်ကလေးသော်မှ ယခုအခါ၌ ကြီးမားစွာသော စည်းစိမ်ချမ်းသာကို ခံစားရပေ၏၊ မွန်မြတ်လှစွာသော ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုစုရလေ၏" ဟု စကားကို ဖြစ်စေကြကုန်၏။

တာဝတိံသာ၌ နတ်စည်းစိမ် ခံစားရဦးမည့်သူ

ထိုစကားကို ကြားတော်မူ၍ ဘုရားရှင်သည် "ငါ၏ချစ်သား ချစ်သမီးတို့ ထိုသူ၏ စည်းစိမ်ချမ်းသာသည် ဤမျှလောက်သာ မဟုတ်သေးပေ၊ စင်စစ်သော်ကား အသက်၏အဆုံး၌ တာဝတိံသာဘုံ၌ သိကြားမင်း၏ သားတော်ဖြစ်ရလတ္တံ့၊ ကြီးကျယ်စွာသော နတ်တို့၏ စည်းစိမ်ချမ်းသာကိုလည်း ရပေဦးအံ့" ဟု မြွက်ကြားတော်မူလေ၏။

ထိုဘုရားရှင်၏ စကားကိုကြားကြရ၍ ရဟန်းတော်တို့သည်လည်းကောင်း၊ များစွာသော လူအပေါင်းတို့သည်လည်းကောင်း ဤကဲ့သို့သော အကြောင်းအရာကို

http://www.dhammadownload.com

မြင်တော်မူ၍ အရဲညည်ကို မြင်တော်မူလေ့ရှိသော ဘုရားရှင်သည် သုသာန်၌ စွန့်၍ ထားခဲ့သော ဖွားမြင်ပြီးခါမျှသာလျှင်ဖြစ်သော ထိုသူငယ်အား ထိုအရပ်သို့ ကြွတော်မူ၍ ချီးမြှောက်မှုကို ပြုတော်မူပေ၏ တကား" ဟု ဘုရားရှင်၏ ဉာဏ်တော်ထူးကို ချီးကျူးကြပြီးလျှင် ထိုမျက်မြင်ဘဝဋ္ဌပင် ထိုသူငယ်၏ ဖြစ်ပုံအကြောင်းစုံကို ပြောဆိုကြလေကုန်၏။

ထိုအကြောင်းကို ပြလိုကုန်သော သင်္ဂါယနာတင်ဆရာတို့သည်ကျွှဲသို့ မြွက်ဆိုတော်မူကြကုန်၏။

၄၅၃။ အစ္ဆေရရူပံ သုဂတဿ ဉာဏံ၊
သတ္ထာ ယထာ ပုဂ္ဂလံ ဗျာကာသိ။
ဥဿန္နပုညာပိ ဘဝန္တိ ဟေကေ၊
ပရိတ္တပုညာပိ ဘဝန္တိ ဟေကေ။

၄၅၃။ သုဂတဿ၊ ကောင်းသောစကား မိန့်ကြားပေတတ် ရှင်တော်မြတ် ဘုရား၏။ ဉာဏ်၊ သူတစ်ပါးတို့နှင့် မဆက်ဆံ သဗ္ဗညုတ ရွှေဉာဏ်တော်သည်။ အစ္ဆေရရူပံ၊ လက်ဖျောက်ရိုက်တီး၍ အံ့ချီးဖွယ်ရာ သဘော ရှိပါပေ၏။ သတ္ထာ၊ လူသုံးဦးတို့၏ ထွတ်ဖူးသခင် ဘုရားရှင်သည်။ ယထာပုဂ္ဂလံ၊ အနုအရင့် နှိုင်းချင့်ပိုင်းခြား ပုဂ္ဂိုလ်အားလျော်စွာ။ ဗျာကာသိ၊ ဗျာဒိတ်စကား မိန့်ကြားတော်မူပေ၏။ ဣဟ၊ ယုတ်မြတ်နှစ်တန် ဧကန်ရှိထ ဤလောကကြီးထဲ၌။ ဧကေ၊ အချို့ကုန်သော သူတို့သည်။ ဥဿန္နပုညာပိ၊ ကောင်းမှုများစွာ ရှိကြပါကုန်သော်လည်း။ နိဟီနာ၊ မကောင်းမှုနှင့် အသင့်ကြုံကြိုက် ဇာတ်စသည်ဖြင့် ယုတ်ညံ့ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်သည်။ ဣဟ၊ ဤလောကကြီးထဲ၌။ ဧကေ၊ အချို့ကုန်သော သတ္တဝါတို့သည်။ ပရိတ္တပုညာပိ၊ ကုသိုလ်နည်းပါး ရှိကြငြားကုန်သော်လည်း။ ဥဠာရာ၊ ခေတ်နှင့်ပြည့်စုံ ရရှိသော ကောင်းမှုအဟုန်ကြောင့် မွန်မြတ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၄၅၄။ အယံ ကုမာရော သိဝထိကာယ ဆဋ္ဌိတော၊
အဂုံဌသေ္ဌဟေန ယာပေတိ ရတ္တိံ။
န ယက္ခဘူတာ နသရီသပါ ဝါ၊
ဝိဟေဌယေယျုံ ကတပုညံ ကုမာရံ။

၄၅၄။ အယံ ကုမာရော၊ ဤသတို့သားလေးကို။ သိဝထိကာယ၊ လူသူမနီးတောကြီးမြိုင်ယံ မြေသုသာန်၌။ ဆဋ္ဌိတော၊ မည်သာမတာ ရက်စက်စွာဖြင့် စွန့်ပစ်အပ်ပါ၏။ ရတ္တိံ၊ ညဉ့်အခါ၌။ အဂုံဌသေ္ဌဟေန၊ နတ်၏လက်မမှ ယိုစီးကျသော နို့ရည်ဖြင့်။ ယာပေတိ၊ ကောင်းစွာမသွေ မျှတရပေ၏။ ကတပုညံ၊ ရှေးဘဝက

http://www.dhammadownload.com

မိဘညွှန်ပြသဖြင့် ပြုလုပ်ခဲ့ရသော ကောင်းမှုရှိသော။ ကုမာရံ၊ မွေးဖွားပြီးစ နုနယ်လွင်ပြား သတို့သားကို။ ယက္ခဘူတာ ဝါ၊ ဘီလူးသားရဲတနဲပြိတ္တာ မှင်စာတို့သည်လည်း။ နံ ဝိဟေဋယေယျုံ၊ ချောက်လှန့်ခြင်းကင်း မညှဉ်းဆဲကြကုန်။ သရီသပါ ဝါ၊ အဆိပ်ပြင်းကြမ်း မြွေကင်းသန်းတို့သည်လည်း။ နံ စိဟေဋယေယျုံ၊ မညှဉ်းဆဲကြကုန်ရာ။

၄၅၅။ သုနခါပိ မဿ ပလိဟိ်သု ပါဒေ၊
ဓင်္ကာ သိဂ်ါလာ ပရိဝတ္တယန္တိ။
ဂဇ္ဈာသယဲ ပက္ခိဂဏာ ဟရန္တိ၊
ကာကာ ပန အက္ခိမလံ ဟရန္တိ။

၄၅၅။ သုနခါပိ၊ ခွေးတို့သည် လည်း။ အဿ၊ သနားစဖွယ် ထိုသူငယ်လေး၏။ ပါဒေ၊ ခြေတို့ကို။ ပလိဟိ်သု၊ ဖြည့်ညှင်းသာယာ ကောင်းစွာဆက်ဆက် လျှာဖြင့် လျက်ကြကုန်၏။ ဓင်္ကာ၊ ကျီးကန်းတို့သည်လည်းကောင်း။ သိဂ်ါလာ၊ တောခွေးဟူသမျှတို့သည် လည်းကောင်း။ ပရိဝတ္တယန္တိ၊ ဘေးရန်ခပ်သိမ်း ကင်းပျောက်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ကြကုန်၏။ ဂဇ္ဈာသယဲ၊ ကိုယ်မှာရစ်ထွေး ကိုယ်ဝန်အညစ်အကြေးကို။ ပက္ခိဂဏာ၊ ငှက်အပေါင်းတို့သည်။ ဟရန္တိ၊ ကိုယ်အညစ်ကင်း လွန်သန့်ရှင်းအောင် ယူဆောင်ပယ်ပစ်ကြကုန်၏။ ကာကာ ပန၊ မြင်ရာသုတ်ပြီး နှုတ်သီးသရမ်း ကျီးကန်းတို့သည်ကား။ အက္ခိမလံ၊ မျက်နှာညစ် ကြေး မျက်ဝတ်ချေးကို။ ဟရန္တိ၊ လွန်သန့်ရှင်းအောင် ယူဆောင် ပယ်ပစ်ကြကုန်၏။

၄၅၆။ နံ ယိမဿ ရက္ခံ ဝိဒဟိ်သု ကေစိ၊
နံ ဩသဓံ သာသပရူပနံ ဝါ။
နက္ခတ္တယောဂမ္ပိ နံ အဂ္ဂဟေသုံ၊
နံ သဗ္ဗဓညာနိပိ အာဂိရိ် သု။

၄၅၆။ ဣမဿ၊ သနားစဖွယ် ဤ ကလေးငယ်အား။ ကေစိ၊ သနားမပြုအချို့သောသူတို့သည်။ ရက္ခံ၊ အရေးတယူ အလေးမူ၍ ဖေးကူကယ်ထောက်အစောင့်အရှောက်ကို။ နံ ဝိဒဟိ်ဒ၊ လုံးဝမယှဉ် မစီစဉ်ကြကုန်။ ဩသဓံ ဝါ၊ ယခုနောင်ခါ အနာကင်းကြောင်း ဆေးဝါးကောင်းကိုလည်း။ နံ ဝိဒဟိ်သု၊ လုံးဝ မစီစဉ်ကြကုန်။ သာသပရူပနံဝါ၊ သနားစဖွယ် ဖွားစသူငယ်ကို ကာကွယ်ဖို့ရန် မုန်ညင်းဖြင့် အခိုးထုံခြင်းကိုလည်း။ နံ ကရောန္တိ၊ စီမံအားထုတ် မပြုလုပ်ကြကုန်။ နက္ခတ္တယောဂမ္ပိ၊ ဤမည်သောနက္ခတ် ဤမည်သောတိထီ နာရီမှုဟုတ် ဖွားမြင်ရာ

http://www.dhammadownload.com

ရက်ချုပ်ကိုလည်း။ နံ အဂ္ဂဟေသုံ၊ လေးလေးစားစား အရေးထား၍ မှတ်သား မယူကြကုန်။ သဗ္ဗဓညာနိပိ၊ မင်္ဂလာရှိရန် စီမံပြုကာ ဆေးပမာဖြစ်သော မုန်ညင်း ဆီနှင့်ရောသည့် သလေးစသား အလုံးစုံသော စပါးမျိုးတို့ကိုလည်း။ နံ အာကိရိ သူ၊ စီမံပြီးကာ မကြဲဖြန့်ပါကုန်။

၄၅၇။ ဇတာဒိသံ ဥတ္တမကိစ္ဆပတ္တံ၊ ရတ္တာဘတံ သိဝထိကာယ ဆဋ္ဌိတံ။
နောနိတပိဏ္ဍံဝ ပဝေဓမာနံ၊ သသံသယံ ဇီဝိတသာဝသေသံ။
၄၅၈။ တမဒ္ဒသာ ဒေဝမနုဿပူဇိတော၊
ဒိသွာ စ တံ ဗျာကရိ ဘူရိပညော။
အယံ ကုမာရော နဂရဿိမဿ၊
အဂ္ဂကုလိကော ဘဝိဿတိ ဘောဂတော စ။

၄၅၇-စ။ ဇတာဒိသံ၊ ဤသို့ သဒေ့ဘရှိသော။ ဥတ္တမကိစ္ဆပတ္တံ၊ အလွန်အမင်း ဆင်းရဲခြင်းသို့ရောက်သော။ ရတ္တာဘတံ၊ နေရောင်ကင်းကွာ ညဉ့်အခါ၌ ဆောင်ယူ၍ လာအပ်သော။ သိဝထိကာယ၊ လူသူမနီး တောကြီးမြိုင်ယံ မြေသုသာန်၌။ ဆဋ္ဌိတံ၊ စွန့်ပစ်အပ်သော။ နောနိတပိဏ္ဍံဝ၊ ဖြူဝါစပ်တွဲ ဆီဦးထောပတ်ခဲကဲ့သို့။ ပဝေဓမာနံ၊ အင်အားနည်းစွာ တုန်လှုပ်ရှာသော။ သသံသယံ၊ အသက်ရှင်မည် မရှင်မည်ဟု နှစ်လိန့်စိုးရိမ်ဖွယ်ရှိသော။ ဇီဝိတသာဝသေသံ၊ အသက်ငွေ့ငွေ့မျှသာ ကြွင်းကျန်ရှာသော။ တံကုမာရံ၊ သနားစဖွယ် ထိုသူငယ်ကလေးကို။ ဒေဝမနုဿပူဇိတော၊ နတ်လူတို့သည် ပူဇော်အပ်ရာ ဘုရားမြတ်စွာသည်။ အဒ္ဒသာ၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှု့ဆင်ခြင် မြင်တော်မူ၏။ ဒိသွာစ၊ ပိုင်းခြားထင်ထင် မြင်တော်မူ၍သာလျှင်။ ဘူရိပညော၊ မြေကြီးအထုပမာ ပညာကြီးမား မြတ်စွာဘုရားသည်။ တံ၊ သနားစဖွယ် ထိုသူငယ်ကို။ ဗျာကရိ၊ လာလတ္တံ့ရေး အရှည်တွေးဖြင့် ဤသို့ ဗျာဒိတ်ပေးသနား တော်မူပြီ။ အယံ ကုမာရော၊ သနားစဖွယ် ဤသူငယ်သည်။ ဣမဿနဂရဿ၊ သာဝတ္ထိမည် ဤရွှေပြည်၏။ ဘောဂတော၊ စည်းစိမ်ဓန ကြွယ်ဝချမ်းသာခြင်းဟူသော အကြောင်း၏ ပြည့်စုံခြင်းကြောင့်။ အဂ္ဂကုလိကော စ၊ အထက်တန်းလူ မြတ်သော အမျိုးရှိသူသည်။ ဘဝိဿတိ၊ စင်စစ်မသွေ ဖြစ်ပေလတ္တံ့။

ယခုအခါ ထိုဥပါသကာတို့ လျှောက်ထားမေးမြန်းအပ်သော ဘုရားရှင်သည် ထိုအခါကာလက အကြင်သို့သော အခြင်းအရာအားဖြင့် ဖြေကြား၏။ ထိုဖြေကြား ခဲ့သော အခြင်းအရာကို ပြဆိုလိုကုန်သော သင်္ဂါယနာတင် အရှင်မြတ်တို့သည် ဤလေးဂါထာတို့ကို မိန့်ဆိုတော်မူကြလေကုန်၏။

http://www.dhammadownload.com

၄၆၀။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊
ပူဇံ အကာသိ ဓနတာ ဥဇ္ဇာဂရံ။
တတြဿ စိတ္တဿဟု အညထတ္တံ၊
ဝါစံ အဘာသိ ဖရုသံ အသင်္ဘံ။

၄၆၀။ ဘောန္တော၊ အိုသူတော်ကောင်းတို့။ ပုဗ္ဗေ၊ လွန်ခဲ့ပြီးရာ ရှေးအခါ၌။ ဓနတာ၊ သဒ္ဓါဥစ္စုတ်ပျောင်း လူအပေါင်းသည်။ ဗုဒ္ဓပမုခဿ၊ မြတ်ဘုရားအမှူး ရှိသော။ ဘိက္ခုသံဃဿ၊ အမြတ်ကျော်မော် ရဟန်းသံဃာတော်အား။ ဥဇ္ဇာဂရံ၊ တုဘက်ကဲလွန် ထူးချွန်မွန်မြတ်သော။ ပူဇံ၊ မဏ္ဍပ်ကိုဆင် ကောင်းစွာပြင်၍ အစဉ် ချီးငဲ့ ပူဇော်ပွဲကို။ အကာသိ၊ သဒ္ဓါလျှမ်းတောက် ဝမ်းမြောက်ဝမ်းသာ ပြုရလေ၏။ တတြ၊ ထိုသို့ချီးငဲ့ ပူဇော်ပွဲပြုလုပ်ကြရာ၌။ အဿ၊ လူသူပြတ်ကင်း သုသာန်တွင်း၌ စွန့်ခြင်းခံရ ကဲဆိုးလှသော ထိုသူငယ်ကလေးအား။ ဝါ၊ ထိုသူငယ်ကလေး၏။ စိတ္တဿ၊ စိတ်၏။ အညထတ္တံ၊ ဖောက်ပြန်ပြီးကာ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်သော။ ဖရုသံ၊ ဖောက်ပြန်ညစ်ညမ်း အလွန်ကြမ်းတမ်းသော။ အသင်္ဘံ၊ သူတော်မြတ်များနှင့် လွန်စွာမသင့်မြတ်သော။ ဝါစံ၊ စကားကို။ အဘာသိ၊ ပြောဆိုမိခဲ့ဖူးရှာပြီ။

၄၆၁။ သော တံ ဝိတက္ကံ ပဝိနောဒယိတ္ထာ၊
ပီတိံ ပသာဒံ ပဋိလဒ္ဓါ ပစ္ဆာ။
တထာဂတံ ဧတဝနေ ဝသန္တံ၊
ယာဂုယာ ဥပဋ္ဌာသိ သတ္တရတ္တံ။

၄၆၁။ သော၊ ထိုသူငယ်သည်။ တံ ဝိတက္ကံ၊ မမှန်မကန် ထိုယုတ်မာသော အကြံကို။ ပဝိနောဒယိတ္ထာ၊မွေးမိမာတာ ကောင်းစွာသင်ပြသဖြင့် အစဉ်ထာဝရ ပယ်ဖျောက်၍။ ပစ္ဆာ၊ နောက်ကာလ၌။ ပီတိံ၊ နှစ်သက်ခြင်းကိုလည်းကောင်း။ ပသာဒံ၊ ကြည်ညိုခြင်းကိုလည်းကောင်း။ ပဋိလဒ္ဓါ၊ အစစ်အမှန် တစ်ဖန်ရပြီးပြန်၍။ ဧတဝနေ၊ ဧတဝန်ခေါ် ရွှေကျောင်းတော်၌။ ဝသန္တံ၊ ကိန်းအောင်းမွေ့လျော် စံနေတော်မူသော။ တထာဂတံ၊ သုံးလူ့ထွတ်တင် ဘုရားရှင်ကို။ သတ္တရတ္တံ၊ အစဉ်မပျက် ခုနစ်ရက်တို့ပတ်လုံး။ ယာဂုယာ၊ စင်ဖြူစာဂ ယာဂုအလှူဒါနဖြင့်။ ဥပဋ္ဌာသိ၊ ဆက်ကပ်လှူပေး လုပ်ကျွေးပူဇော်လေ၏။

၄၆၂။ တဿ ဝတံ ပန ဇြဟ္မစရိယံ၊ တဿ သုစိဏ္ဏဿ အယံ ဝိပါကော။
ဧတာဒိသံ ဗျသနံ ပါပုဏိတ္ထ၊ တံ တာဒိသံ ပစ္စနုဘောဿတိဒ္ဓိံ။

၄၆၂။ ဥပါသကာ၊ စုဝေးရောက်လာ အိုဒါယကာတို့။ တံ ပန၊ ထို ယာဂု

http://www.dhammadownload.com

ဆွမ်း လှူဒါန်းခြင်းသည်ကား။ တဿ၊ သနားစဖွယ် ထိုသူငယ်လေး၏။ ဝတံ၊ ဆောက်တည်အပ်သည့် အကျင့်ပေတည်း။ တံ ပန၊ မြတ်ဘုရားအား ညွတ်တွား ကော်ရော် ထိုယာဂုဆွမ်း အလှူတော်သည်ကား။ တဿ၊ ထိုသူငယ်၏။ ဗြဟ္မစရိယံ၊ ထူးလွန်ကဲတင့် မြတ်သော အကျင့်ပါပေတည်း။ အယံ၊ ကောင်းမှုအကျိုး ဤသို့ ဖြိုးကာ ချမ်းသာသို့ ရောက်ရခြင်းသည်။ တဿ သုစိဏ္ဏဿ၊ သဒ္ဓါကြည်လျှမ်း ထိုယာဂုဆွမ်း လှူခဲ့သည့် ကောင်းမြတ်သောအကျင့်၏။ ဝိပါကော၊ အကျိုးပေးပေတည်း။ ဧတာဒိသံ။ ဤကဲ့သို့ ပြည့်တန်ဆာမဝမ်း၌ဖြစ်၍ သုသာန်တစ္ဆ စွန့်ပစ်ခံရခြင်း သဘောရှိသော။ ဗျသနံ၊ အကျိုးမဲ့အချည်းနှီး ပျက်စီးခြင်းသို့။ ပါပုဏိတွာ၊ ကောန် ရောက်ပြီး၍။ တာဒိသံ၊ ထိုကဲ့သို့ စည်းစိမ်အမျိုးမျိုး ခံစားရခြင်းအဆုံးရှိသော။ တံ သမ္ဗတ္တိံ၊ ထိုစည်းစိမ်ဥစ္စာ အဖြာဖြာကိုလည်းကောင်း။ ဣဒ္ဓိံ၊ တန်ခိုးလျှံထိန် နတ်၌ ဖြစ်သော စည်းစိမ်ကိုလည်းကောင်း။ ပစ္စနုဘောသတိ၊ ကောင်းစွာမသွေ ခံစားရပေ၏။

၄၆၃။ ဌတွာန သော ဝဿသတံ ဣဓေဝ၊
သဗ္ဗေဟိ ကာမေဟိ သမင်္ဂီဘူတော။
ကာယဿ ဘေဒါ အဘိသမ္ဘရာယံ
သဟဗျတံ ဂစ္ဆတိ ဝါသဝဿ။

၄၆၃။ သော၊ ထိုသားသုငယ်သည်။ ဣဓေဝ၊ ချမ်းသာစုံညီ ဤလူ့ ပြည်၌ပင်လျှင်။ သဗ္ဗေဟိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ကာမေဟိ၊ ခံစားဖွယ်စုံ ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့်။ သမင်္ဂီဘူတော၊ ပြည့်စုံသည်ဖြစ်၍။ ဝဿသတံ၊ တွက်ရေပေါင်းရုံး အနှစ်တစ်ရာတို့ကာလပတ်လုံး။ ဌတွာ၊ ကောင်းစွာမသွေ တည်နေပြီး၍။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ သဘောအတိုင်း မဆိုင်းမနေ ပျက်ကြွေသည်မှ။ ပရံ၊ နောက်ကာလ၌။ အဘိသမ္ဘရာယံ၊ တမလွန်လောက နောက်ဘဝ၌။ ဂါသဝဿ၊ နှတ်တို့သေင့်ဆင်း သိကြားမင်း၏။ သဟဗျတံ၊ သားအဖြစ်နှင့် အသင့်တူမျှ ပေါင်း ဖော်ရသည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ စင်စစ်မသွေ လားရောက်ရပေလတ္တံ့။

ဘုရားရှင်နှင့်သံဃာတော်ကို ပြစ်မှားမိခဲ့၍ သချိုင်း၌ စွန့်ပစ်ခြင်းခံရသော သတို့သားပြိတ္တာအကြောင်း ပြီး၏။

http://www.dhammadownload.com

၆-သေရိဏီဒေဝီဝတ္ထု

သေရိဏီမည်သော ပြည့်တန်ဆာမဘဝမှ ပြိတ္တာမ ဖြစ်ရသူ

နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ သေရိဏီပေတိဝတ္ထုကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေရိဏီ အမည်ရှိသော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူအပ်၏။

ကုသိလ်ဒါန ပြုကြသူငါ

ကုရုတိုင်း ဟတ္ထိနိမြို့တွင် သေရိဏီမည်သော တစ်ယောက်သော ပြည့်တန်ဆာမသည် ရှိသတတ်။ ထိုမြို့၌လည်း ဥပုသ်ပြုအံ့သောငှာ ထိုထိုမြို့ရွာဒေသမှ ရဟန်းတော်တို့သည် စုဝေးကြလေကုန်၏။ တစ်ဖန် များစွာသော ရဟန်းတော်တို့၏ အစည်းအဝေးသည် ဖြစ်ပြန်လေ၏။ ထိုသံဃာ အစည်းအဝေးကို မြင်ကြ၍ လူတို့သည် နှမ်း၊ ဆန် အစရှိသည်ကိုလည်းကောင်း၊ ထောပတ်၊ ဆီဦး၊ ပျားရည် အစရှိသည်ကိုလည်းကောင်း များစွာသောအလှူ၏ အသုံးအဆောင် အဆောက်အဦကို စီရင် ပြင်ဆင်ကြပြီးလျှင် ကြီးစွာသော အလှူဒါနကို ဖြစ်စေကြကုန်၏။

အလှူဒါနကိုကဲ့ရဲ့ရှုတ်ချသူ

ထိုအခါ ထိုပြည့်တန်ဆာမသည် သဒ္ဓါတရားနည်းပါးခြင်း၊ အကြည်ညိုတရား မရှိခြင်း၊ ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးသည် ထက္ကလိမ်းကျံ အပ်သော စိတ် ရှိသည်ဖြစ်၍ ထိုလူတို့သည် "လာခဲ့လော့၊ ရှေးဦးစွာ ဤ ငါတို့၏ အလှူဒါနကို ဝမ်းမြောက်နမော် သာဓုခေါ်ပါလော့" ဟု တိုက်တွန်း နှိုးဆော်အပ်ပါသော်လည်း "ဦးပြည်းရဟန်းတို့အား ထိုသို့ ပေးကမ်းလှူဒါန်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုကာ မကြည်ညိုဘဲ ထိုလူအပေါင်းတို့အား ငြင်းထန်စွာ တုန့်လှုပ်ထိတ်လန့်စေ၏။ "အနည်းငယ်မျှသော အလှူဒါနကို စွန့်ကြလှူဒါန်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟုလည်း ပြောဆိုလေ၏။

ပြိတ္တာမဖြစ်ကာ လူ့ဘဝက တစ်ရွာတည်းသား ကုန်သည်နှင့်တွေ့ခြင်း

45 A ထို ပြည့်တန်ဆာမသည် နောက်သောကာလ၌ စုတေကွယ်လွန်ခြင်းကို ပြု၍ ဘစ်ခဲ့သော ပစ္စန္တရစ်မြို့၏ ကျုံးအပြင်၌ ပြိတ္တာမဖြစ်၍ နေလေ၏။ ထိုအခါ ဟတ္ထိနိမြို့တွင် နေထိုင်သော တစ်ယောက်သော ဥပါသကာသည် ကုန်သွယ်ရောင်း

http://www.dhammadownload.com

ဝယ်အံ့သောငှာ ထိုမြို့သို့သွား၍ ညဉ့်မိုးသောက်ထသောအခါ၌ ထိုသို့သော ရည်ရွယ်ချက်ဖြင့် ကျူးအပြင်သို့ လျှောက်သွားသည်ရှိသော် ပြိတ္တာမသည် ထိုနေရာ၌ ဥပါသကာကိုမြင်၍ မိမိမြို့သားမှန်း သိရှိရကား အဝတ်မဆီး အချည်းနှီး အရှိုးအရေမျှသာ ကြွင်းကျန်သော ကိုယ်ရှိလျက် အလွန်ပင် စက်ဆုပ်ရွံရှာဖွယ်ရာအမြင်ရှိ၍ အနီးအပါးတွင် ရပ်တည်ပြီးလျှင် ကိုယ်ထင်ပြလေ၏။။။ ထိုကုန်သည် ဥပါသကာသည် ပြိတ္တာမကို မြင်ရ၍ ဤသို့ မေးမြန်းလေ၏။

ကုန်သည်၏အမေး

၄၆၄။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါသိ၊ ကိသာ ဓမနိသန္ထတာ။
ဥပ္ပာသုလိကော ကိသိကော၊ ကာ နု တွံ ဣဓ တိဋ္ဌသိ။

၄၆၄။ ဥပ္ပာသုလိကော၊ အထက်သို့ ထိုးထိုးထောင်ထောင် တက်သော နံရိုးရှိသည်။ ကိသိကော၊ သွေးခန်းသားခြောက် မစားမသောက်ဘဲ အားပျောက်ယိုင်ကာ ပိန်ချုံးရှာသည်။ ဓမနိသန္ထတာ၊ အကြောစင်းစင်း ဖြန့်ကာခင်းအပ်သည်။ နဂ္ဂါ၊ အဝတ်ကွာကင်း ဗလာကျင်းသည်ဖြစ်၍။ ဒုဗ္ဗဏ္ဏရူပါ၊ အဆင်းသဏ္ဌာန် မဟန်မလှ မဝင်းပသော ရုပ်ရှိသည်။ အသိ၊ ဖြစ်၏။ ယာ တွံ၊ ဆင်းရဲနှင့်ယှဉ် အကြင် သင်သည်။ ဣဓ၊ ယခုတွေ့လတ် ဤအရပ်၌။ တိဋ္ဌသိ၊ ရပ်တည်၍ နေ၏။ သာ တွံ၊ ထိုသင်သည်။ ကာ နု၊ ဘယ်မျိုး ဘယ်ဇာတ် ဘယ်အရပ်မှလာ ဘယ်သူ ဖြစ်ပါသနည်း။

ပြိတ္တာမပြန်ပြောပုံ

ထိုပြိတ္တာမသည်လည်း ထိုကုန်သည် ဥပါသကာအား ဤသို့ မိမိကိုယ်ကို ထင်ရှားစွာ ပြောကြားပြသလေ၏။

၄၆၅။ အဟံ ဘဒ္ဒန္တေ ပေတီမှိ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဥပဂတာ ဂတာ။

၄၆၅။ ဘော မာတုလ၊ အခြေမလှ ဤကာလ၌ တွေ့ဆုံရပါသော အိဉီးလေး။ တေ၊ သင်ဦးလေးအား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အဟံ၊ ပြိတ္တာဘဝ ဝဋ်ကြီးနေရ ကျွန်တော်မသည်။ ဒုဂ္ဂတာ၊ အပါယ်ဘုံဖွားမကောင်းသော အလားရှိသော။ ယမလောကိကာ၊ ယမမင်းနယ်နိမိတ် ဒီစတြီ၄ဝင်ပါ ပြိတ္တာဘုံဌာန၌ဖြစ်သော။ ပေတီ၊ ဆင်းရဲပါလှ ပြိတ္တာမသည်။ အမှိ၊ အမှန်စင်စစ် ဧကန်ဖြစ်ပါ၏။ ပါပကမ္မံ၊ မကောင်းမှုကို။ ကရိတ္ဝာန၊ ရှေ့

http://www.dhammadownload.com

နောက်မမြင် ဆင်ခြင်ကင်းကွာ ပြုလုပ်မိပါသောကြောင့်။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မကောင်းအစုမိမိပြုသည့် အကုသိုလ်က ပစ်ချပြန်၍ အမှန်မသွေ လားရောက်နေရပါ၏။

တစ်ဖန် ထိုကုန်သည် ဥပါသကာက မေးမြန်းအပ်ပြန်သည်ဖြစ်၍ အောက်ပါခြောက်ဂါထာတို့ဖြင့် မိမိသည် ပြုအပ်ခဲ့သော မကောင်းမှုအကုသိုလ်ကို လည်းကောင်း၊ တစ်ဖန် ထိုသူသည် မိမိအတွက် ပြုလုပ်ရမည့် အကြောင်းကိုလည်းကောင်း ဤသို့ ပြောကြားလေ၏။

၄၆၅။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန ပေတလောကံ ဣတော ဂတာ။

၄၆၆။ ပေတိ၊ ဆင်းရဲတွင်းနက်ရာ မယ်ပြိတ္တာ။ တို့၊ သင်သည်။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်အားဖြင့်လည်းကောင်း။ မနသာ၊ စိတ်အားဖြင့်လည်းကောင်း။ ကိံ ဒုက္ကဋံ၊ အဘယ်ဒုစရိုက်စု မကောင်းမှုကို။ ကတံ နု၊ ပြုမိခဲ့ပါသနည်း။ ကိဿကမ္မဝိပါကေန၊ အဘယ်ကံ၏ အကျိုးဝိပါက်ကြောင့်။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ မသွေမဖောက် လားရောက်ရပါသနည်း။

၄၆၇။ အနာဝဋေသု တိတ္ထေသု၊ ဝိစိနိံ အမုမာသကံ။
သန္တေသု ဒေယျဓမ္မေသု၊ ဒီပံ နာကာသိမတ္တနော။

၄၆၇။ ဘော မာတုလ၊ ကျွန်ုပ်ဖြစ်ပုံ အလုံးစုံကို သိလို၍မေး အိဉီးလေး။ အနာဝဋေသု၊ မတ်းမြစ်အပ်ကုန်သော။ တိတ္ထေသု၊ မြစ်ကန်စရာ ဆိပ်ကမ်းသာအရပ်တို့၌။ အမုမာသကံ၊ ပဲဝက်မျှလောက်သာသော ဥစ္စာကို။ ဝိစိနိံ၊ လောဘ ဖြစ်ကာရှာမှီး ကောက်ယူခဲ့ပါ၏။ အထ ဝါ။ တစ်နည်းသော်ကား။ အနာဝဋေသု၊ တစ်စုံတစ်ယောက်သည့် မတားမြစ်အပ်ကုန်သော။ တိတ္ထေသု၊ သတ္တဝါတို့၏ အလိုပြည့်တောင်း စင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ လူအပေါင်းမှီငြမ်း ဆိပ်ကမ်းပမာလွန်စွာတူငြား ရဟန်းပုဏ္ဏားတို့သည်။ ဝိဇ္ဇမာနေသု၊ စင့်စစ်အားဖြင့် ထင်ရှားရှိကုန်လျက်။ အမုမာသကံ၊ ပဲဝက်လောက်မျှ ကုသိုလ်ဒါနတည်းဟူသော ရေကို။ ဝိစိနိံ= နု သိဒ္ဓိနိံ၊ လောဘကပ်စေး မစ္ဆေထွေးမှု အကြောင်းစုကြောင့် ဂရုတစိုက်စုဆောင်းပိုက်၍ မရှာမှီးလိုက်မိပေ။ဒေယျဓမ္မေသု၊ လှူဒါန်းဖွယ်ရာ ဝတ္ထုအဖြာဖြာတို့သည်။ သန္တေသု၊ ပြည့်ပြည့်စုံစုံ ထင်ရှားရှိကုန်လျက်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာ ကုသိုလ်ဟူဆိုအပ်သော ထောက်တည်ရာကို။ နအကာသိ၊ လေးလေးစားစား အရေးထားကာ မပြုခဲ့မိပါ။

http://www.dhammadownload.com

၄၆၈။ နဒီ ဥပေမိ တသိတာ၊ ရိတ္တကာ ပရိဝတ္တတိ။
ဆာယဲ ဥပေမိ ဥဏ္ဍော၊ အာတပေါ ပရိဝတ္တတိ။

၄၆၈။ တသိတာ၊ ရေငတ်လှသည်ဖြစ်၍။ နဒီ၊ အေးမြစိမ်းစို ရေကြည်ပို၍ ကမ်းကိုပြည့်ညီ မြစ်ဖက်ဆီသို့။ ဥပေမိ၊ သောက်ရမည်ထင် ဝမ်းမြောက်ရွှင်ကာ ကပ်ရောက်မိပါ၏။ အထ၊ ထိုသို့ ကပ်ရောက်မိသောအခါ၌။ မေ၊ ရှေးအတိတ်က မဟန်ဆိုးယုတ် အကျွန်ုပ်၏။ ပါပကမ္မေန၊ ပြုခဲ့အစု မကောင်းမှုကြောင့်။ ဥဒကေန၊ ကြည်လင်သန့်ရှင်း အညစ်ကင်းသောရေသည်။ ရိတ္တကာ၊ အချည်းနှီးဖြစ်၍။ ဝါ၊ အနားရောက်ခါ သဲအတိသာဖြစ်၍။ ပရိဝတ္တတိ၊ ဖောက်ပြန်သောအားဖြင့် ပြောင်းလဲသွားရပေတော့၏။ ဥဏ္ဍော၊ မနေထိုင်သာ မူသောအခါတို့၌။ ဆာယဲ၊ အရိပ်ကို။ ဥပေမိ၊ ချမ်းသာဖို့ရေး အစဉ်တွေးလျှ ဝင်ပြေးကပ်ရောက်မိပါ၏။ အထ၊ ထိုသို့ ပြေးကာ ကပ်ရောက်သောအခါ၌။ အာတပေါ၊ အရိပ်စစ်စစ်မှ နေပူဖြစ်၍။ ပရိဝတ္တတိ၊ ဖောက်ပြန်သောအားဖြင့် ပြောင်းလဲသွားပါ၏။

၄၆၉။ အဂ္ဂိဝဏ္ဏော စ မေ ဝါတော၊ ဥဟန္တော ဥပဝါယတိ။
ဇတ္တူ ဘန္တေ အရဟာမိ၊ အညဋ္ဌ ပါပက် တတော။

၄၆၉။ ဘန္တေ၊ သိလိုလျှင်မေး အို ဦးလေး။ မေ၊ ကြီးစွာဒုက္ခ ခံစားရသော ကျွန်တော်မအား။ အဂ္ဂိဝဏ္ဏော၊ ပူကဲလှဘိ ကိုယ်လုံးချိအောင် ဇတ္တု ထိပြင်းထန် မီးသဏ္ဌာန်ဖြစ်သော။ ဝါတော စ၊ အရှေ့အနောက် တောင် မြောက်စခန်း ဝှေ့ယမ်းရစ်ကာ တိုက်ခတ်လာသော လေသည်လည်း။ ဥဟန္တော၊ အပူဖိလွှမ်း လောင်မြိုက်ကျွမ်းလျက်။ ဥပဝါယတိ၊ အစဉ်မပျက် အနေခက်အောင် တိုက်ခတ်၍သာ လာနေပါ၏။ ဇတ္တူ၊ ပြဆိုခဲ့ရာ ထို ဆင်းရဲရဲအဖြာဖြာကိုလည်းကောင်း။ တတော၊ ပြဆိုခဲ့ရာ ထို ဆင်းရဲအဖြာဖြာထက်။ အညဋ္ဌ၊ တစ်ပါးလည်းဖြစ်သော။ ပါပက်၊ ကြမ်းတမ်းရှုန့်ရင်း ဆင်းရဲခြင်းကိုလည်းကောင်း။ အနုဘဝိတုံ၊ ပြေးလို့မလွတ် ရှောင်ဝင့်မို့ မချတ်မယွင်း မလွတ်ကင်းဘဲ ခံစားခြင်းအကျိုးငှာ။ အရဟာမိ၊ ဒုကန်မသွေ ထိုက်တန်ပေ၏။

၄၇၀။ ဂန္ဓာန ဟတ္ထိနီ ပုရံ၊ ဝန္ဒေသိ မယ္ဟ မာတရံ။
ဓီတာ စ ဇော မယာ ဒိဋ္ဌာ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဥပေါ ဂတာ။

၄၇၀။ ဘော ဝါဇိ၊ ကုန်သယ်ရောင်းဝယ် အိုကုန်သည်။ ဟတ္ထိနီ ပုရံ၊ ဟတ္ထိနီမည် မြို့ရွှေပြည်သို့။ ဂန္ဓာန၊ သွားရောက်၍။ မယ္ဟ၊ အကျွန်ုပ်၏။ မာတရံ၊

http://www.dhammadownload.com

ပြိတ္တာဘဝ မရသေးမီ ရှေးဘဝဆီက ကျေးဇူးအရှင် မွေးမိခင်ကို။ ဝဇ္ဇေသိ၊ မချန်မထား အစဉ်အားဖြင့် ဤသို့ ဖွင့်ကြားပြောဆိုပါလေ။ မာတုလာနီ၊ ရိသေစွာခေါ် အိုဒေါ်ဒေါ်။ တေ၊ သင်ဒေါ်ဒေါ်၏။ ဧတော၊ ရှလို့မငြီး ချစ်သမီးကို။ မယာ၊ ကျွန်တော့် သည်။ ဒိဋ္ဌာ၊ မျက်မြင်ဒိဋ္ဌ မြင်ခဲ့ရပါ၏။ ဒုဂ္ဂတာ၊ အပါယ်ဘုံဖွား မကောင်းသော အလားရှိ၏။ ယမလောကိကာ၊ ယမမင်းနယ်နိမိတ် ဒီစတြိတ်ဝင်ပါ ပြိတ္တာဘုံ၌ ဖြစ်နေရရှာ၏။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူး မကောင်းမှုကို။ ကရိတွာန၊ မှားမှား မိုက်မိုက် ပြုလိုက်မိ၍။ ဣတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ စင်စစ်အားဖြင့် လားရောက်၍ နေပါ၏။

၄၇၁။ အတ္ထိ မေ ဧတ္ထ နိကို့တ္တံ၊ အနက္ကာတ္ဝ တံ မယာ။
စတ္တာရိ သတသဟဿာနိ၊ ပလ္လင်္ကသ္မ စ ဟေဋ္ဌတော။
၄၇၂။ တတော မေ ဒါနံ ဒဒတု၊ တဿာ စ ဟောတု ဇီဝိကာ။
ဒါနံ ဒတ္ဝာ စ မေ မာတာ၊ ဒက္ခိဏံ အနုဒိစ္စတု။
တဒါ တံ သုခိတာ ဟေဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

၄၇၁-၂။ စ၊ ဆက်၍တစ်ဖန် ပြောကြားဖို့ရန်ကား။ မေ မမ၊ လူ့ဘဝက ကျွန် တော်မ၏။ ဧတ္ထ၊ နေဖူးခဲ့ရာ ဤအိမ်ဂေဟာ၌။ နိကို့တ္တံ၊ မြုပ်ထားခဲ့ရာ မြတ်ဥစ္စာ သည်။ အတ္ထိ၊ ဧကန်မသွေ ရှိခဲ့ပေ၏။ ပလ္လင်္ကသ္မ၊ လူ့ဘဝက အိပ်နေကျဖြစ် သော ပလ္လင်၏လည်း။ ဟေဋ္ဌတော၊ မလွဲမဖောက် တည့်တည့်အောက်မှ။ စတ္တာရိ သတသဟဿာနိ၊ ကောင်းစွာထားဘိ လေးသိန်း အတိုင်းအရှည်ရှိသော။ တံ၊ ထိုဥစ္စာကို။ မယာ၊ ကျွန်တော်မသည်။ အနက္ကာတံ၊ သိရန်ဖွင့်လှပ် မပြောကြားအပ် မိခဲ့ပါ။ တတော၊ ထို-အကျွန်ုပ်ထားခဲ့ရာ မြတ်ဥစ္စာမှ။ ဧကဒေသံ၊ မြော်ချင့်နှိုင်းဆ တစ်စိတ်တစ်ဒေသကို။ မေ၊ အကုသိုလ်သည်း ကုသိုလ်နည်း၍ ဝင့်ကြွေးနေရ ကျွန် တော်မအား။ ဥဒ္ဒိဿ၊ ရည်ညွှန်းတမ်းတ မြွေမှုန်းဆ၍။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို။ ဒတ္ဝာ စ၊ ကောင်းစွာစင်ဖြူ ပေးလှူ၍သာလျှင်။ ဇီဝိကာ၊ ကိုးဆယ့် ခြောက်ဖြာ ရောဂါမသီ အသက်ရှည်သည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။ မေ၊ ကျွန်တော်မ၏။ မာတာ၊ ကျေးဇူးအရှင် မွေးမိခင်သည်။ ဒက္ခိဏံ၊ စေတနာဓာတ် ဝေဖြာလတ်၍ မြင့်မြတ်စင်ဖြူ အလှူတော်ကို။ မေ၊ ဆင်းရဲနေရ ကျွန်တော်မအား။ အနုဒိစ္စတု၊ ရည်ညွှန်းတမ်းတ မှန်းဆပါစေသတည်း။ တဒါ၊ ရည်မြွော်တမ်းတ မှန်း ဆလိုက်ရာ ထိုအခါ၌။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်သည်။ သဗ္ဗကာမသမိဒ္ဓိနီ၊ လိုရာအဝဝ ပြည့်စုံရသည်။ ဟေဿံ၊ ဧကန်မသွေ ဖြစ်ရပေလတ္တံ့။ ဣတိ၊ ဤသို့။ အာစိက္ခာဟိ၊ ပြောကြားပါလေလော့။

http://www.dhammadownload.com

ဤသို့ ပြိတ္တာမသည် မှာကြားအပ်သည်ဖြစ်၍ ထိုဥပါသကာသည် ထိုပြိတ္တာမ၏ မှာကြားသောစကားကို ဝန်ခံပြီးလျှင် ထိုအရပ်၌ မိမိ၏ ပြုဖွယ်ကိစ္စ အဝဝကို ပြီးဆုံးစေ၍ ဟတ္ထိနိမြို့သို့ ပြန်သွားပြီးကာ ထိုပြိတ္တာမ၏ မိခင်အား ထိုမှာကြားလိုက်သော အကြောင်းစကားကို ပြောကြားလေ၏။ ထိုအကြောင်းကို ပြဆိုခြင်းငှာ "သာရူတိ သောပဒိသုတ္တာ" စသော ငါးဂါထာတို့ကို သင်္ဂီယနာတင်ဆရာတို့သည် ဆိုကြကုန်၏။

၄၇၃။ သာရူတိ သော ပဒိသုတ္တာ၊ ဂန္ဓာန ဟတ္ထိနိ ပုရံ။
အဝေါစ တဿာ မာတရံ-
ဓိတာ စ တေ မယာ ဒိဋ္ဌာ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္တာန၊ ပေတလောကံ ဂတာ။

၄၇၃။ သော ဥပါသကော၊ ထိုကုန်သည် ဥပါသကာသည်။ ပေတိယာ၊ ဆင်းရဲစွာထ ထိုပြိတ္တာမ၏။ ဝဓနံ၊ စကားကို။ သာရူတိ၊ ကောင်းပါပြီဟူ၍။ ပဒိသုတ္တာ၊ မကြွင်းမကျန် ဝန်ခံပြီး၍။ ဟတ္ထိနိ ပုရံ၊ ဟတ္ထိနိမည် မြို့ရွှေပြည်သို့။ ဂန္ဓာန၊ မမေ့မပျောက် သွားရောက်၍။ တဿာ ပေတိယာ၊ ဆင်းရဲနေရ ထိုပြိတ္တာမ၏။ မာတရံ၊ ကျေးဇူးအရှင် မွေးမိခင်ကို။ အဝေါ စ၊ သမီးပြိတ္တာ မှာသည့်စကား တစ်ဆင့် အားဖြင့် ဤသို့ ပြောကြားလေ၏။ "မာတုလာနီ၊ အို အဒေါ်။ တေ ၊ သင် အဒေါ်၏။ ဓိတာ၊ ရှုလို့မဝ သမီးလှကို။ မယာ၊ အကျွန်ုပ်သည်။ ဒိဋ္ဌာ၊ မျက်မြင်ဒိဋ္ဌတွေ့မြင်ခဲ့ရပါ၏။ ဒုဂ္ဂတာ၊ အပါယ်ဘုံဖွား မကောင်းသောအလားရှိသော။ ယမလောကိကာ၊ ယမမင်းပိုင်စံ နိုင်ငံနယ်မှာ ပြိတ္တာဘဝ ဖြစ်နေရရှာ၏။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူး မကောင်းမှုကို။ ကရိတ္တာန၊ မှားမှားမိုက်မိုက် ပြုလိုက်မိခဲ့သောကြောင့်။ ဂတာ၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကံ၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ စင်စစ်အားဖြင့် လားရောက်ကာ နေရပါ၏။

၄၇၄။ သာ မံ တတ္ထ သမာဒပေသိ၊ ဝဇ္ဇေသိ မယှ မာတရံ။
ဓိတာ စ တေ မယာ ဒိဋ္ဌာ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္တာန၊ ပေတလောကံ ဂတာ။

၄၇၄။ တတ္ထ၊ တိုင်းစွန်ပြည်ဝေး ထိုပစ္စန္တရစ်မြို့လေး၌။ သာပေတိ၊ ထိုပြိတ္တာမသည်။ မံ၊ အကျွန်ုပ်ကို။ သမာဒပေသိ၊ သူပြောသမျှ မမှားရအောင် နားဝမသွေခဲ့ယူစေ၏။ ဟတ္ထိနိ ပုရံ၊ ဟတ္ထိနိမည် မြို့ရွှေပြည်သို့။ ဂန္ဓာန၊ မမေ့မပျောက် သွားရောက်၍။ မယှံ၊ ကျွန်တော်မ၏။ မာတရံ၊ ကျေးဇူးအရှင် မွေးမိခင်ကို။ ဝဇ္ဇေသိ၊ မချန်မထား အစဉ်အားဖြင့် ဤသို့ ဖွင့်ကြားပြောဆိုပါလေ။

http://www.dhammadownload.com

၄၇၅။ အတ္ထိ စ မေ ဇ္ဇေ နိက္ခိတ္တံ၊ အနက္ခာတဉ္စ တံ မယာ။
စတ္တာရိ သတသဟဿာနိ၊ ပလ္လင်္ကသ္မ စ ဝေါဒ္ဓတော။
၄၇၆။ တတော မေ ဒါနံ ဒဒတု၊ တဿာ စ ဟောတု ဇီဝိကာ။
ဒါနံ ဒတ္တွာ စ မေ မာတာ၊ ဒက္ခိဏံ အနုဒိစ္ဆတု။
တဒါဟံ သုခိတာ ဟောဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

နံပါတ် ၄၇၄ ဂါထာမှ ဓိတာစ ----- ဣတော ဂတာ အထိသည် နံပါတ် ၄၇၀ ဂါထာမှ နော် ၄ ပါဒနှင့် အနက်တူပြီ။ ၄၇၅-၄၇၆ နှစ်ဂါထာလည်း ၄၇၁-၄၇၂ ဂါထာ အနက်တို့နှင့် တူပြီ။ ၄၇၆ ဂါထာအဆုံး၌ (ဣတိ၊ ဤသို့။ ဝေဒေဟိ၊ မချန်မထား အစဉ်အားဖြင့် ဖွင့်ကြား ပြောဆိုလေ၏) ဟု ထည့်ပေးရုံသာ ထူးသည်။

၄၇၇။ တတော ဟိ သာ ဒါနမဒါ၊ တဿာ ဒက္ခိဏမာဒိသိ။
ပေတိ စ သုခိတာ အာသိ၊ တဿာ စာသိ သုဇီဝိကာ။

၄၇၇။ ဟိ၊ စင်စစ်သော်ကား။ သာ၊ ယုယခင်မင် ထိုမိခင်သည်။ တတော၊ ထိုညွန်ပြရာ ဥစ္စာစုမှ။ ဒါနံ၊ အလှူဒါနကို။ အဒါ၊ ကောင်းစွာမသွေ ပေးလှူလေပြီ။ တဿာ စ ပေတိယာ၊ ဆင်းရဲနေရ သမီးတော်ဖူးသော ထိုပြိတ္တာမအား လည်း။ ဒက္ခိဏံ၊ မြင့်မြတ်စင်ဖြူ မြတ်သောအလှူ၏ အဖို့ကို။ အာဒိသိ၊ ရည်ညွှန်းတမ်းတမှန်းဆမသွေ အမျှဝေလေ၏။ ပေတိစ၊ ဆင်းရဲနေရ သမီးဖြစ်ဖူးသော ပြိတ္တာမသည်လည်း။ သုခိတာ၊ ဆင်းရဲကင်းကွာ ချမ်းသာခြင်းရှိသည်။ အာသိ၊ ဖြစ်၏။ တဿာ စ၊ ထိုပြိတ္တာမ၏ မွေးမိခင်သည်လည်း။ သုဇီဝိကာ၊ ရောဂါကင်းရှင်း ကောင်းသော ချမ်းသာခြင်း ရှိသည်။ အာသိ၊ စင်စစ်မသွေ ဖြစ်ရလေပြီ။

မိခင်ဟောင်း၏ ဒါနကြောင့် သမီးပြိတ္တာမ ချမ်းသာရခြင်း

ထို ဥပါသကာ ပြောဆိုသောစကားကို ကြားရ၍ ထိုပြိတ္တာမ၏ မိခင်ဟောင်းသည် ရဟန်းသံဃာအား အလှူဒါနကိုပေးလှူ၍ ထိုသမီးဖြစ်သူ ပြိတ္တာမအား ရည်မှန်းကာ အမျှပေးဝေလေ၏။ ထိုမိခင်ဟောင်း ပြုလုပ်သော အလှူဒါနကို ဝမ်းမြောက်နမော် သာဓုခေါ် ရသဖြင့် ထိုပြိတ္တာမသည် ရအပ်သော စည်းစိမ်ချမ်းသာ အဆောက်အဦတို့နှင့် ပြည့်စုံခြင်း၌ တည်သည်ဖြစ်၍ မိခင်ဟောင်းအား မိမိ ကိုယ်ကို ထင်ရှားစွာပြသ၍ ထိုအကြောင်းကို ပြောကြားလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

မိခင်ဟောင်းသည်လည်း ရဟန်းတော်တို့အား လျှောက်ကြားလေ၏။ ရဟန်း

http://www.dhammadownload.com

တော်တို့သည် ထိုဖြစ်ပျက်ပုံ အကြောင်းစုံကို ဘုရားရှင်အား ဖွင့်လျှောက်ကြားကြကုန်၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ် ပြုတော်မူပြီးလျှင် ရောက်လာသော ပရိသတ်အား တရားဓမ္မ ဟောကြားပြသတော်မူလေ၏။ ထို ဟောကြားအပ်သော ဒေသနာသည် လူများအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

သေရိဏီမည်သော ပြည့်တန်ဆာမဘဝမှ ပြိတ္တာမဖြစ်ရသူအကြောင်း ပြီး၏။

၇–မိဝလုဒ္ဒကပေတဝတ္ထု

ကလျာဏမိတ္တနှင့် ပေါင်းရသဖြင့် ညဉ့်အခါ စည်းစိမ်ချမ်းသာ ခံစား၍နေရသော သားသတ်မုဆိုးပြိတ္တာ

နရနာရိပုရက္ခတော ယုဝါ အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤ **မိဂလုဒ္ဒကပေတဝတ္ထု** ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သားသတ်မုဆိုးဖြစ်ခဲ့ဖူးသော ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

မိတ်ဆွေကောင်းရှိသူ၏ ဖြစ်ထွေ

ရာဇဂြိုဟ်ပြည်၌ တစ်ယောက်သော မုဆိုးသည် နေ့ညမပြတ် သားသမင်တို့ကို သတ်၍ အသက်မွေးမြူလေ၏။ ထို သားသတ်မုဆိုးအား ရတနာသုံးပါးကို ဆည်းကပ်လေ့ရှိသော တစ်ဦးသော အဆွေခင်ပွန်းသည် ရှိသတတ်။ ထိုအဆွေခင်ပွန်းဖြစ်သော ဥပါသကာသည် ထိုမုဆိုးကို အခါခပ်သိမ်း မကောင်းမှုမှ ရှောင်ကြဉ်အံ့သောငှာ တားမြစ်ရန် မစွမ်းနိုင်ရကား: "အချင်းမိတ်ဆွေ လာဦးလော့၊ ညဉ့်အခါ၌ ပါဏာတိပါတမှ ရှောင်ကြဉ်ပါလော့" ဟု ပြောဆိုကာ ညဉ့်အခါ ကုသိုလ်ကောင်းမှု၌ မွေ့လျော်ရန် တိုက်တွန်းလေ၏။ ထိုမုဆိုးသည် ညဉ့်အခါ၌ မကောင်းမှုမှ ရှောင်ကြဉ်၍ နေ့အခါ၌သာလျှင် သားသတ်အမှုကို ပြုလေ၏။

နေ့မှာ ဒုက္ခခံရပြီး ညမှာ သုခစံရသူ

ထိုမုဆိုးသည် နောက်နောင်သောကာလ၌ စုတေကွယ်လွန်ခြင်းကို ပြု၍ ရာဇဂြိုဟ်ပြည်အနီး၌ ဝေမာနိက ပြိတ္တာဖြစ်၍နေလျက် နေ့အဖို့၌ ကြီးစွာသော

http://www.dhammadownload.com

ဆင်းရဲဒုက္ခကို ခံစား၍ ညဉ့်အခါ၌ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံသည် ဖြစ်၍ နှစ်သိမ့်စွာစံပယ်လျက် နေရ၏။ ထိုကဲ့သို့ နေ့ခံညစ်၍နေရသော ဗိမာန်ရှင် ပြိတ္တာကို မြင်တော်မူ၍ အရှင်နာရဒမထေရ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၄၇၈။ နရနာရိပုရက္ခတော ယုဝါ၊ ရဇနိယေဟိ ကာမဂုဏေဟိ သောဘသိ။
ဒိဝသဲ အနုဘောသိ ကာရဏံ၊ ကိမကာသိ ပုရိမာယ ဇာတိယာ။

၄၇၈။ ယုဝါ၊ လုလင်ပျိုး။ တေ၊ သင်လုလင်ပျိုအား။ နရနာရိပုရက္ခတော၊ ခြွေရံအများ နတ်သမီး နတ်သားအပေါင်းတို့သည် ခြံရံရစ်ပတ် ဆည်းကပ်သည် ဖြစ်၍။ ရဇနိယေဟိ၊ အစဉ်မပျက် မြင့်လျှင်မက်အောင် နှစ်သက်ဖွယ် ရှိကုန်သော။ ကာမဂုဏေဟိ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့ဖြင့်။ ရတ္တိယံ၊ နေရှိန်ကင်းကွာ ညဉ့်အခါ၌။ သောဘသိ၊ ပြည့်စုံဝင့်ထယ် လွန်တင့်တယ်ရ၏။ ဒိဝသဲ ဒိဝသဘာဂေ ပန၊ နေ့လယ်ခင်းအဖို့၌ကား။ ကာရဏံ၊ ထူးထူးပြားပြား ကြီးမားလှစွာ သတ်ဖြတ်ညှဉ်းဆဲခြင်း ဒုက္ခဝေဒနာကို။ အနုဘောသိ၊ လူးလိမ့်ခါခါ ခံစားရပါ၏။ တွံ၊ သင်သည်။ ပုရိမာယ၊ ရှေးဖြစ်သော။ ဇာတိယာ၊ ဘဝ၌။ ကိံ ကမ္မံ၊ ဘယ်သို့ပြုစု ဘယ်အမှုကို။ အကာသိ၊ ပြုခဲ့ပါသနည်း။

ထိုမထေရ် မေးမြန်းအပ်သော စကားကိုကြား၍ ဗိမာန်ရှင် ပြိတ္တာသည် မထေရ်အား မိမိပြုအပ်ခဲ့သော အမှုကို လျှောက်ထားလိုသည်ဖြစ်၍ ဤ ဂါထာတို့ကို မြွက်ဆိုလေ၏။

၄၇၉။ အဟံ ရာဇဂဟေ ရမ္မေ၊ ရမဏီယေ ဂိရိဗ္ဗဇေ။
မိဂလုဒ္ဒေါ ပုရေ အာသိံ၊ လောဟိတပါဏိ ဒါရုဏော။

၄၇၉။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဂရိဗ္ဗဇေ၊ တောင်ငါးလုံးဖြင့် ယှက်ဖုံးပတ်ချာ ဝန်းရံကာအပ်သော။ ရမဏီယေ၊ အစဉ်မဆုံးရှင်ပြိုးမွေ့လျော်ဖွယ်ကို ဖြစ်စေတတ်သော။ ရာဇဂဟေ၊ သာဓုဌာနီ ရာဇဂြိုဟ်ပြည်ကြီး၌။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ လုဒ္ဒေါ၊ ကြမ်းကြုတ်လှစွာသော။ လောဟိတပါဏိ၊ သွေးဖြင့်လိမ်းကျံသော လက်ရှိသော။ ဒါရုဏော၊ ကြမ်းတမ်းခက်ထန်သော။ မိဂလုဒ္ဒေါ၊ နေ့စဉ်မအား တောစုံသွား၍ မနားမလပ် သားသတ်မုဆိုးသည်။ အာသိံ၊ စင်စစ်မသွေ ဖြစ်ခဲ့ပါ၏။

၄၈၀။ အဝိရောဓကရေသု ပါဏိသု၊ ပုထုသတ္တေသု ပဒုဋ္ဌမာနသော။
ဝိစရိံ အတိ ဒါရုဏော သဒါ၊ ပရဟိံသာယ ရတော အသညတော။

၄၈၀။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဝိရောဓကရေသု၊

http://www.dhammadownload.com

တစ်စုံတစ်ခု ဆန့်ကျင်မှုကို မပြုတတ်ကုန်သော။ ပါဏိသု၊ အသက်ရှင်လျက် ရှိကုန်သော။ ပုထုသဒ္ဓေသု၊ သမင်ဒရယ် ကျီငယ်စိုင်ဆတ် ဖွတ်ပဒတ်စသော သားငှက် သတ္တဝါတို့၌။ ပဒုဋ္ဌမာနသော၊ ကျူးကျော်စော်ကား မိုက်မှားလိုသော စိတ်ရှိသည် ဖြစ်၍။ သဒါ၊ နေ့ရောညဉ့်ပါ ကာလမတိမ်း အခါခပ်သိမ်း။ အတိဒါရုဏော၊ အလွန်ကြမ်းကြုတ်သည်။ ပရဟိ်သာယရတော၊ သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲခြင်း၌ မွေ့လျော်သည်။ အသညတော၊ ကောင်းစွာသိပ်သည်း မစောင့်စည်းသော ကိုယ်, နှုတ် ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိစရိ်၊ တောကြိုတောင်ကြား မြိုင်တောဖျားသို့ မနားမနေ လှည့်လည်ခဲ့ပါ၏။

၄၈၁။ တဿ မေ သဟာယော သုဟဒယော၊ သဒ္ဓေါ အာသိ ဥပါသကော။
သောဝိ မံ အနုကမ္မန္တော၊ နိဝါရေသိ ပုနပ္ပုနံ။
၄၈၂။ မာကာသိ ပါပကံ ကမ္မံ၊ မာ တာတ ဒုဂ္ဂတိ အဂါ။
သစေ ဣစ္ဆသိ ပေစ္စ သုခံ၊ ဝိရမ ပါဏဝဓာ အသံယမာ။

၄၈၁–၂။ ဘန္တေ၊ နာရဒ အရှင်မြတ်ဘုရား။ တဿ မေ၊ ထိုတပည့်တော်၏။ သုဟဒယော၊ အစဉ်မပြတ် လွန်ဖြောင့်မတ်၍ ကောင်းမြတ်သော စိုတ်နှလုံးရှိသော။ သဟာယော၊ ယဉ်ကျေးလိမ္မာ ဆွေသဟာသည်။ သဒ္ဓေါ၊ သဒ္ဓါဇ ရှားနှင့် ပြည့်စုံသည်။ ဥပါသကော၊ ရတနာသုံးရပ် မြတ်ထက်မြက်ကို ဆည်းကပ်တတ်သော ဥပါသကာသည်။ အာသိ၊ စင်စစ်မသွေ ရှိပေ၏။ သောဝိ၊ သူတော်စင်ဖြစ်ရှာ ထို ဥပါသကာသည်လည်း။ မံ၊ ဒုစရိုက်လမ်း အမိုက်လွှမ်း၍ ကြမ်းတမ်းညစ်ယုတ် အကျွန်ုပ်ကို။ အနုကမ္မန္တော၊ ရှေ့နောက်မြော်မြင် ဆင်ခြင်သောအား အစဉ်သနားသည်ဖြစ်၍။ ပုနပ္ပုနံ၊ အဖန်ဖန်မပြတ် အထပ်ထပ်။ နိဝါရေသိ၊ မကောင်းအမှု အကြောင်းစုကို မပြုဖို့ရာ ဤသို့ တားမြစ်ခဲ့ပါပြီ။ တာတ၊ ငါပြောပြမည် နားလည် အောင်ထောင် အိုအမောင်။ ပါပကံ ကမ္မံ၊ သတ်ဖြတ်ညှဉ်းပန်း ကြမ်းတမ်းစွာပြုယုတ်မာသော မကောင်းမှုကို။ မာ အဂါ၊ အမှန်စင်စစ် မဖြစ်စေလင့်။ ပေစ္စ၊ တမလွန်လောက နောက်ဘဝ၌။ သုခံ၊ ကိုယ်,စိတ်နှစ်ဖြာ လိုက္ကစ္ဆာနှင့် ကျန်းမာမယွင်း ချမ်းသာခြင်းကို။ သစေ ဣစ္ဆသိ၊ အမှန်တိတိ အကယ်၍ အလိုရှိသည် ဖြစ်အံ့။ ပါဏဝဓာ၊ သူများအသက် ရက်စက်ပစ်ခွင်း သတ်ဖြတ်ခြင်းဟု ဆိုအပ်သော။ အသံ ယမာ၊ မစောင့်စည်းခြင်းဟု ဆိုအပ်သော ဒုဿီလအမှုကို။ ဝိရမ၊ ယခုပင် စိတ်ကောင်းဝင်ကာ ကြဉ်ရှောင်ပါလေလော့။

http://www.dhammadownload.com

၄၈၃။ တဿာဟံ ဝစနံ သုတ္ဝာ၊ သုခကာမဿ ဟိတာနုကမ္ပိနော။
နာကာသိံ သကလာနုသာသနိံ၊ စိရပါပါဘိရတော အဗုဒ္ဓိမာ။

၄၈၃။ ဘန္တေ၊ နာရဒမည်တွင် အရှင်မြတ်ဘုရား။ ဟိတာနုကမ္ပိနော၊ တပည့်တော်များ၏ အကျိုးစီးပွားကို အလိုရှိသော။ သုခကာမဿ၊ ကိုယ်စိတ်နှစ်ဖြာ လိုက္ကစ္ဆာနှင့် ကျန်းမာမယွင်း ချမ်းသာခြင်းကို အလိုရှိသော်။ တဿ၊ ထိုယဉ်ကျေးလိမ္မာ ဆွေသဟာ၏။ ဝစနံ၊ ကောင်းရာညွှန်ကြား ပြောစကားကို။ အဟံ၊ အမိုက်စိုးအုပ် အကျွန်ုပ်သည်။ သုတ္ဝာ၊ ကြားရလေသော်လည်း။ စိရပါပါဘိရတော၊ ကြာမြင့်စွာသော ကာလပတ်လုံး မကောင်းမှုဌ မွေ့လျော်သည်။ အဗုဒ္ဓိမာ၊ အသိအလိမ္မာ ဉာဏ်ပညာမရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သကလာ နုသာသနိံ၊ မိတ်ဆွေညွှန်ပြ အလုံးစုံသော အဆုံးအမကို။ နာ အကာသိံ၊ လိုက်နာသမှု မပြုကျင့်ခဲ့ပါ။

၄၈၄။ သော မံ ပုန ဘူရိသုမေဓသော၊ အနုကမ္မာယ သံယမေ နိဝေသယိ။
သစေ ဒိဝါ ဟနသိ ပါဏိနော၊ အထ တေ ရတ္တိံ ဘဝတု သံယမော။

၄၈၄။ ပုန၊ တစ်ဖန်။ ဘူရိ၊ ကြီးကျယ်ပြန့်တူ မြေကြီးနှင့်တူသော ပညာရှိသော။ သုမေဓသော၊ မဖောက်မပြန် ကောင်းသော ပညာဉာဏ်နှင့် ပြည့်စုံသော။ သော ဥပါသကော၊ ရှေ့နောက်မျှော်မြင် ပညာရှင်ဖြစ်သော ထိုဥပါသကာသည်။ မံ။ ညှဉ်းပန်းသတ်ပုတ် အရမ်းလုပ်၍နေသည့် အကျွန်ုပ်ကို။ အနုကမ္မာယ၊ အစဉ်သနားလှသည်ဖြစ်၍။ သံယမေ၊ သုစရိုက်ကျင့် လွှမ်းထုံဆင့်၍ မလင့်မတိမ်း စောင့်ထိန်းခြင်း၌။ နိဝေသယိ၊ ကောင်းစွာမသွေ ဤသို့ ဆောက်တည်စေ၏။ ပါဏိနော၊ သားကောင်များစွာ သတ္တဝါတို့ကို။ ဒိဝါ၊ နေရောင်ထိန်လင်း နေ့လယ်ခင်း၌။ သစေ ဟနသိ၊ ညှဉ်းဆဲခုတ်ဖြတ် အကယ်၍ သတ်သည်ဖြစ်အံ့။ အထ၊ ထိုသို့ ညှဉ်းဆဲခုတ်ဖြတ် ပုတ်သတ်သည်ရှိသော်။ တေ၊ သင့်အား။ ရတ္တိံ၊ နေရှိန်ကင်းကွာ ညဉ့်ချိန်ခါ၌။ သံယမော၊ စောင့်ထိန်းနေခြင်းသည်။ ဘဝတု၊ စင့်စစ်မှန်စွာ ဖြစ်ပါလေလော့။

၄၈၅။ သွာဟံ ဒိဝါ ဟနိတ္ဝာ ပါဏိနော၊
ဝိရတော ရတ္တိမဟောသိ သညတော။
ရတ္တာဟံ ပရိစာရေမိ၊ ဒိဝါ ခဇ္ဇာမိ ဒုဂ္ဂတော။

၄၈၅။ ဘန္တေ၊ နာရဒမည်တွင် အိုး အရှင်မြတ်။ သွာဟံ သော အဟံ၊ ထို အကျွန်ုပ်သည်။ ဒိဝါ၊ နေ့ခင်းအချိန်၌။ ပါဏိနော၊ သားကောင်များစွာ သတ္တဝါတို့ကို။ ဟနိတ္ဝာ၊ ညှဉ်းဆဲပုတ်ခတ် သတ်ဖြစ်၍။ ရတ္တိံ၊ နေရှိန်ကင်းကွာ ညဉ့်ချိန်ခါ၌။

http://www.dhammadownload.com

ဝိရတော၊ ကောင်းစွာအစဉ် ရှောင်ကြဉ်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါ၏။ ရတ္တိ၊ ညဉ့် အခါ၌။ သညတော၊ စောင့်ထိန်းသည်ဖြစ်၍။ အဟံ၊ အကျွန်ုပ်သည်။ ရတ္တိ၊ ညဉ့် အခါ၌။ ပရိစာရေမိ၊ နတ်၏စည်းစိမ် မည္ပိုးမှန်ဘဲ ဖြိုးရှိန်ကြွကြွ ခံစားရပါ၏။ ဒိဝါ၊ နေ့အခါ၌။ ဒုဂ္ဂတော၊ အပါယ်ဘုံဖွား မကောင်းသော အလားရှိသည်ဖြစ်၍။ ကမ္မသရိက္ခကံ၊ ခန္ဓာကိုယ်အား ခွေးကိုက်စားခြင်းတည်းဟူသော လွန်စွာဆိုးဆိုးဝါးဝါး ဆင်းရဲခြင်းကို။ ခဇ္ဇာမိ၊ အထူးအကဲ လူးလဲခါခါ ကိုက်ခဲခြင်း ခံစားရပါ၏။

၄၈၆။ တဿ ကမ္မဿ ကုသလဿ၊ အနုဘောမိ ရတ္တိ အမာနုသိံ။
ဒိဝါ ပဋိဟတာဝ ကုက္ကုရာ၊ ဥပဓာဝန္တိ သမန္တာ ခါဒိတုံ။

၄၈၆။ ဘန္တေ၊ မြင့်မြတ်ဖြူစင် အိုအရှင်မြတ်ဘုရား။ ကုသလဿ၊ အမြတ်ဆုံး စင်စစ် ကုသိုလ်ဖြစ်သော။ တဿ ကမ္မဿ၊ ထိုညဉ့်ခါပတ်လုံး မပျက်ပြုန်းဘဲ ဥပုသ်စောင့်သုံးခဲ့သော် ကံ၏။ ဖလံ၊ အကျိုးကို။ ရတ္တိ၊ နေရှိန်ကင်းကွာ ညဉ့်ချိန်ခါ၌။ အနုဘောမိ၊ စည်းစိမ်များစွာ ခံစားရပါ၏။ အမာနုသိံ၊ နတ်၌ဖြစ်ကာ သုံးဆောင်ရပါ၏။ ဒိဝါ၊ နေ့ခင်းချိန်၌။ ပဋိဟတာဝ၊ ကြင်နာကင်းစဲ ညှဉ်းဆဲသတ်ဖြတ် နှိပ်စက်အပ်သည်ဖြစ်၍သာလျှင်။ ကုက္ကုရာ၊ ကြောက်လန့်စရာ များစွာသောင်းသောင်း ခွေးအပေါင်းတို့သည်။ မံ၊ မိစ္ဆာဇီဝ ဒုဿီလနှင့် ပါပလွမ်းကျော် တပည့်တော်ကို။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ခါဒိတုံ၊ ကိုက်ခဲစားသောက်ခြင်းငှာ။ ဥပဓာဝန္တိ၊ အဟုန်ပြင်းပြင်း ခုန်ပေါက်ဆင်းကာ ပြေးလာကြကုန်၏။ တေ ပန၊ ထို ခုန်ပေါက်ဆင်း၍ အတင်းပြေးလာ ခွေးများစွာတို့သည်ကား။ အဋ္ဌမတ္တာဝသေသံ၊ ဖြူးပြူး အုံအု အရိုးစုမျှ ကြွင်းကျန်ရသော။ သရီရံ၊ ကိုယ်ကို။ ကတ္တာ၊ ပြုလုပ်၍။ ဂစ္ဆန္တိ၊ အတည်မနေ သွားကြလေကုန်၏။

၄၈၇။ ယေ စ တေ သတတာနုယောဂိနော၊
ခုဝံ ပယုတ္တာ သုဂတဿ သာသနေ။
မညာမိ တေ အမတမေဝ ကေဝလံ၊
အဓိဂစ္ဆန္တိ ပဒံ အဒေါဓံ။

၄၈၇။ ဘန္တေ၊ နာရဒဟု နာမထင်ရှား အရှင်မြတ်ဘုရား။ ယေ စ တေ ပုရိသာ၊ စိတ်ထားဖြူစင် အကြင်သူတော်စင် ယောဂျိုးတို့သည်။ သုဂတဿ၊ ကောင်းရာအမှန် မြတ်နိဗ္ဗာန်သို့ ဝင်စံကြွသွား မြတ်ဘုရား၏။ သာသနေ၊ သာသနာတော်၌။ ခုဝံ၊ မချွတ်ဇကန် မြဲမြံစွာ။ ပယုတ္တာ၊ ဆုတ်နစ်ကင်းသုံ လုံ့လနှင့် ပြည့်စုံကုန်၏။ သတတာနုယောဂိနော၊ အားထုတ်ခြင်း ရှိကုန်၏။ တေ ပုရိသာ၊ စိတ်ထား

http://www.dhammadownload.com

ဖြူစင် ထိုသူတော်စင် ယောကျ်ားတို့သည်။ ကေဝလဲ၊ လောကုတ္တရာသက်သက် လောကီနှင့် မရောဖက်သော။ အသခ်ံတဲ၊ ကဲ, စိတ်, ဥ, ဟာ လေးဖြာအစဉ် မပြုပြင်အပ်သော။ ပဒံ၊ ဒုက္ခခပ်သိမ်း ပြတ်ငြိမ်းရာမှန် နိဗ္ဗာန်ဟု ဆိုအပ်သော။ အမတမေဝ၊ အမြိုက်သို့သာလျှင်။ အဓိဂစ္ဆန္တိ၊ ဧကန်ထုတ်ချောက် ရောက်ရလေကုန်၏။ ကွတိ၊ ဤသို့။ မညာမိ၊ ကောင်းစွာတိတိ သိပါ၏ ဘုရား။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ ထို ဗိမာန်ရှင်ပြိတ္တာသည် လျှောက်ထားအပ်သည်ရှိသော် အရှင်နာရဒ မထေရ်သည် ထိုဖြစ်ပျက်ပုံ အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အဋ္ဌပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဒေသနာကို ဟောကြားတော်မူ၏။ ထို တရားဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ကလျာဏမိတ္တနှင့် ပေါင်းသင်းရသဖြင့် ညဉ့်အခါ စည်းစိမ်ချမ်းသာ စံစား၍နေရသော သားသတ်မုဆိုး ပြိတ္တာအကြောင်း ပြီး၏။

၈-ဒုတိယ မိဂလုဒ္ဓကဒေတဝတ္ထု

ကလျာဏမိတ္တနှင့် ပေါင်းရသဖြင့် ညဉ့်အခါ စည်းစိမ်ချမ်းသာ စံစား၍နေရသော ဒုတိယ သားသတ်မုဆိုးပြိတ္တာ

ကူဋာဂါရေ စ ပါသာဒေ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **မိဂလုဒ္ဓကပေတဝတ္ထု** ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော မုဆိုးဖြစ်ခဲ့ဖူးသော ပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မိတ်ဆွေ၏ ကောင်းသောအကြံပေးမှုကို လက်မခံသူ

ရာဇဂြိုဟ်ပြည်၌ တစ်ဦးသော သားသတ်မုဆိုးဖြစ်သော လုလင်သည် စည်းစိမ်ဥစ္စာ အဖြာဖြာနှင့် ပြည့်စုံသည်ဖြစ်ပါလျက် စည်းစိမ်ချမ်းသာကို ပယ်စွန့်ကာ

http://www.dhammadownload.com

နေ့ရောညဉ့်ပါ သားသမင်တို့ကို သတ်ဖြတ်လျက် သွားလာလှည့်လည်သတတ်။ ထိုမုဆိုး၏ အဆွေခင်ပွန်းဖြစ်သော တစ်ဦးသော ဥပါသကာသည် အစဉ်သနားကြင်နာခြင်းကိုအစွဲပြု၍ "အချင်း မိတ်ဆွေ ပါဏာတိပါတကိုပြုခြင်းမှ ရှောင်ကြဉ်ပါလော့၊ သင်၏ ကြာမြင့်လှစွာသော နေ့, ညဉ့်ကာလပတ်လုံး အကျိုးစီးပွားမရှိ ဆင်းရဲဘိခြင်းငှာ မဖြစ်ပါစေလင့်" ဟု အဆုံးအမ ဩဝါဒကို ပေးလေ၏။ ထိုမုဆိုးသည် ထိုမိတ်ဆွေ၏စကားကို မနာယူ။ ထိုသို့ မနာယူသည်ရှိသော် ထိုဥပါသကာသည် မိမိ၏ စိတ်နှလုံးကို ပွားများစေတတ်သော တစ်ပါးသော ရဟန္တာမထေရ်ကို "အရှင်ဘုရား၊ အကြင် အခြင်းအရာအားဖြင့် တရားဟောအပ်သည်ရှိသော် ထိုဥပါသကာသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရာ၏။ ထိုသို့သော အခြင်းအရာအားဖြင့် ဤမည်သော ယောကျ်ားအား ကောင်းမြတ်သောတရားကို ဟောကြားတော်မူပါကုန်လော့" ဟု လျှောက်ထားလေ၏။

ရဟန္တာအရှင်မြတ် ဆုံးမတော်မူသော်လည်း

ထိုအခါ တစ်နေ့သ၌ ထိုရဟန္တာမထေရ်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းအလို့ငှာ လှည့်လည်သည်ရှိသော် ထိုမုဆိုး၏ အိမ်တံခါး၌ ရပ်တည်လေ၏။ ထို ရပ်တည်၍နေသော မထေရ်ကိုမြင်၍ မုဆိုးသည် ကောင်းစွာဖြစ်သော မြတ်နိုးနှစ်သက်ခြင်း ရှိသည်ဖြစ်၍ ခရီးဦးကြိုဆိုပြီးလျှင် အိမ်သို့ ပင့်ဆောင်စေလျက် နေရာခင်းကျင်း၍ ပေးလေ၏။ မထေရ်သည် ခင်းထားအပ်သောနေရာ၌ ထိုင်လေ၏။ ထို မုဆိုးသည်လည်း မထေရ်ကို ချဉ်းကပ်ကာ နေလေ၏။ မထေရ်သည် ထို ချဉ်းကပ်၍နေသော မုဆိုးအား ပါဏာတိပါတအမှုဌ် အပြစ်ကိုလည်းကောင်း၊ ပါဏာတိပါတအမှုမှ ရှောင်ကြဉ်ခြင်း၏ အကျိုးဖလကိုလည်းကောင်း ပြသဟောကြားလေ၏။ ထိုမုဆိုးသည် ရဟန္တာအရှင်မြတ် ဟောကြားဆုံးမအပ်သော တရားကို နာကြားရသော်လည်း ထို ပါဏာတိပါတအမှုမှ ရှောင်ကြဉ်ခြင်းငှာ အလိုမရှိပေ။

ညအခါ ပါဏာတိပါတမှုမှ ရှောင်ကြဉ်သူ

အရှင်မြတ်သည် ထိုသို့ ဟောကြားပြသ ဆုံးမ၍မရသောအခါ ထိုမုဆိုးကို "ငါ့ရှင် သင်သည် အချင်းခပ်သိမ်း ရှောင်ကြဉ်အံ့သောငှာ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ ညဉ့်အခါ၌သာ ရှောင်ကြဉ်ပါလော့" ဟု ပြောကြားတိုက်တွန်းလေ၏။ ထိုမုဆိုးသည် "အရှင်ဘုရား ကောင်းလှပါပြီ၊ ညဉ့်အခါတွင် ပါဏာတိပါတမှ ရှောင်ကြဉ်ပါတော့အံ့" ဟု ဝန်ခံ၍ ညဉ့်အခါတွင် ပါဏာတိပါတအမှုမှ ရှောင်ကြဉ်လေ၏။

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်း၏ အကျိုး

ထိုမှဆိုးသည် နောက်သောအခါ စုတေကွယ်လွန်၍ ရာဇဂြိုဟ်ပြည်အနီး၌ ဝေမာနိကပြိတ္တာဖြစ်၍နေလျက် နေ့အဖို့၌ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစား၍ ညဉ့်အခါတွင် ငါးဖြာသော ကာမဂုဏ်တို့ဖြင့် ပြည့်စုံသည်ဖြစ်၍ နှစ်သိမ့်စွာ စံပျော်ကာ နေရလေ၏။

အရှင်နာရဒ၏ အမေး

ထိုဗိမာန်ရှင် ပြိတ္တာကိုမြင်ရ၍ အရှင်နာရဒမထေရ်သည် ဤသို့ မေးမြန်းတော်မူလေ၏။

၄၈၈။ ကူဋာဂါရေ စ ပါသာဒေ၊ ပလ္လင်္ကေ ဂေါနကတ္ထတေ၊
ပဘ္ဘင်္ကရေန တူရိယေန၊ ရမသိ သုပ္ပဝါဒိတေ။

၄၈၈။ ဘော၊ အို အမောင်ပြိတ္တာ။ တေ၊ သည်သည်။ ကူဋာဂါရေစ၊ စုလစ်မှန်းခွန် တပ်အပ်သည်လည်းဖြစ်သော။ ပါသာဒေ၊ ဆန်းကြယ်ဝင့်ဝင့် ဘုံဆင့်ဆင့် ထပ် နှန်းပြာသာဒ်၌။ ဂေါနကတ္ထတေ၊ အမွေးရှည်သော ကော်ဇော ခင်းကျင်းအပ်သော။ ပလ္လင်္ကေ၊ မြင့်မြတ်ပလ္လင် သလွန်ပြင်၌။ ပဘ္ဘင်္ကရေန၊ အင်္ဂါငါးပါးရှိသော။ တူရိယေန၊ အာတတစည်စသည်ငါးဖြာ တူရိယာမျိုးကို။ သုပ္ပဝါဒိတေ၊ နှစ်သက်ဖွယ် တီးမှုတ်စေလျက်။ ရမသိ၊ ရွှင်ပြိုးပျော်ပျော် မွေ့လျော်ပေ၏။

၄၈၉။ တတော ရတ္တာ ဝိဝသာနေ၊ သူရိယုဂ္ဂမနံ ပတိ။
အာပဝိဒ္ဓေါ သုသာနသ္မိံ၊ ဗဟုဒုက္ခံ နိဂစ္ဆသိ။

၄၈၉။ ဘော ပုရိသ၊ အို အမောင်ယောကျ်ား။ တွံ၊ သင်သည်။ တတော ပါသာဒတော၊ ဆန်းကြယ်ဝင့်ဝင့် ဆင့်ဆင့်ထပ်ထပ် ထို နှန်းပြာသာဒ်မှ။ ရတ္တာဝိဝသာနေ၊ စည်းစိမ်အများ ခံစားနေတုန်း ညဉ့်၏အဆုံး၌။ သူရိယုဂ္ဂမနံ၊ ယုဂန့်စွန်းမှ ဘက်ထွန်းသာယာ နေမင်းပေါ်ထွက်၍လာခြင်းကို။ ပတိ၊ အမှတ်တစ်ခု အစွဲပြု၍။ သုသာနသ္မိံ၊ သစ်ပင်ပိတ်ဆီး လူမနီးသည့် တောကြီးမြိုင်ယဲ့ မြေသုသာန်သို့။ အပဝိဒ္ဓေါ မျက်ခွက်မျက်နှာ မသာမကြည် ဝင်ရသည်ဖြစ်၍။ ဗဟုဒုက္ခံ၊ မည်၍မည်မျှ မုန်းမရဖွယ် ကြီးကျယ်စွာလှ သောဒုက္ခကို။ နိဂစ္ဆသိ၊ မကောင်းမှုန်စစ် ကြောင်းကဲ့ ညစ်ကြောင့် ကြုံဖြစ်မသွေ ခံစားရပေ၏။

၄၉၀။ ကိံ နုကာယေန ဝါစာယ၊ မနသာ ဒုက္ကဋေ ကတေ။
ကိဿ ကမ္မဝိပါကေန၊ ဣဒံ ဒုက္ခံ နိဂစ္ဆသိ။

http://www.dhammadownload.com

ဤဂါထာ၏ အနက်ပေးနည်းကို ရှေ့မှာ အကြိမ်ကြိမ် ရေးခဲ့ပြီ။

၄၉၁။ အဟံ ရာဇဂဟေ ရမ္မေ၊ ရမဏီယေ ဂိရိဗ္ဗဇေ။
မိဂလုဒ္ဒေါ ပုရေ အာသိ၊ လုဒ္ဒေါ စာသိ' မသညထော။

၄၉၂။ တဿ မေ သဟာယော သုဟဒယော၊
သဒ္ဓေါ အာသိ ဥပါသကော။
တဿ ကုလူပကော ဘိက္ခု၊ အာသိ ဂေါတမသာဝကော။
သောပိ မံ အနုကမ္မန္တော၊ နိဝါရေသိ ပုနပ္ပုနံ။

၄၉၃။ မာကာသိ ပါပကံ ကမ္မံ၊ မာ တာတ ဒုဂ္ဂတိ' အဂါ။
သစေ ဣစ္ဆသိ ပေစ္စ သုခံ၊ ဝိရမ ပါဏဝဓာ အသံယမာ။

၄၉၄။ တဿာဟံ ဝစနံ သုတ္ဝာ၊ သုခကာမဿ ဟိတာနုဗ္ဗိနော။
နာကာသိ' သကလာနုသာသနိ'၊ စိရပါပါဘိရတော အဗုဒ္ဓိမာ။

၄၉၅။ သော မံ ပုန ဘူရိသုမေဓသော၊
အနုကမ္မာယ သံယမေ နိဝေသယိ။
သစေ ဒိဝါ ဟနသိ ပါဏိနော၊
အထ တေ ရတ္တိ' ဘဝတု သံယမော။

၄၉၆။ သွာဟံ ဒိဝါ ဟနိတ္ဝာ ပါဏိနော၊
ဝိရတော ရတ္တိမဟောသိ သညတော။
ရတ္တာဟံ ပရိစာရေမိ၊
ဒိဝါ ခန္ဓာမိ ဒုဂ္ဂတော။

၄၉၇။ တဿ ကမ္မဿ ကုသလဿ၊ အနုဘောမိ ရတ္တိ' အမာနုသိ'။
ဒိဝါ ပဒိဟတာဝ ကုက္ကုရာ၊ ဥပဓာဝန္တိ သမန္တာ ခါဒိတုံ။

၄၉၈။ ယေ စ တေ သတာနုယောဂိနော၊
ခုဝံ ပယုတ္တာ သုဂတဿ သာသနေ။
မညာမိ တေ အမုတမေဝ ကေဝလံ၊
အဓိဂစ္ဆန္တိ ပဒံ အသင်္ခတံ။

ဤ ဂါထာနံပါတ် ၄၉၁ မှ ၄၉၈ အထိ ဂါထာတို့၏ အနက်သည် ဂါထာနံပါတ် ၄၇၉ မှ ၄၈၇ အထိ ဂါထာတို့၏ အနက်တို့နှင့် အလုံးစုံတူပြီ။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ ထိုဝေမာနိကပြိတ္တာသည် လျှောက်ထားအပ်သည်ရှိသော် အရှင်နာရဒ

http://www.dhammadownload.com

မထေရ်သည် ထိုဖြစ်ပျက်ပုံ အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ် ပြုတော်မူ၍ ရောက်လာသော ပရိသတ်တို့အား တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ ထို တရားဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ကလျာဏမိတ္တနှင့် ပေါင်းရသဖြင့် ညဉ့်အခါ စည်းစိမ်ချမ်းသာစံစား၏နေရသော ဒုတိယသားသတ်မုဆိုးပြိတ္တာအကြောင်း ပြီး၏။

၉–ကူဋဒိန္နိယကမေတဝတ္ထု

ဓောက်ကျစ်စဉ်းလဲစွာ တရားဆုံးဖြတ်သော တရားသူကြီး ပြိတ္တာ

မာလီ ကိရိဠိ ကာယူရီ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ **ကူဋဒိန္နိယကမေတဝတ္ထု** ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စဉ်းလဲစွာ တရားဆုံးဖြစ်ခဲ့သော ဝေမာနိကပြိတ္တာကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

ဥပုသ်သည် ဗိမ္မိသာရမင်းကြီး

ထိုအခါ ဗိမ္မိသာရမင်းကြီးသည် တစ်လတစ်လတွင် ခြောက်ရက်ခြောက်ရက်တို့ပတ်လုံး ဥပုသ်စောင့်သုံးခြင်းကိုပြုလေ၏။ ဗိမ္မိသာရမင်းကြီးသို့ အစဉ်လိုက်ကျင့်ကြကုန်လျက် များစွာကုန်သော လူတို့သည် ဥပုသ်စောင့်သုံးမှုကို ပြုကြကုန်၏။ ဗိမ္မိသာရမင်းကြီးသည် မိမိထံသို့ လာတိုင်း လာတိုင်းကုန်သော လူတို့ကို "အသို့နည်း သင်တို့ ဥပုသ်စောင့်သုံးကြပါကုန်၏လော၊ ထိုသို့မဟုတ် မစောင့်သုံးကြ..ကုန်သလော" ဟု မေးမြန်းလေ၏။

လိမ်ပြောသူ တရားသူကြီး

ထိုလူတို့တွင် ချောပစ်ကုန်းတိုက် စဉ်းလဲကောက်ကျစ် တဲစိုးလက်ဆောင်ညှစ်တတ်သော တရားဆုံးဖြတ်မှုဌ် အမြဲယှဉ်သော တစ်ဦးသော တရားသူကြီးယောကျ်ားသည် "အကျွန်ုပ် ဥပုသ် မစောင့်သုံးမိပါ" ဟု ပြောကြားခြင်းငှာ မဝံ့-

http://www.dhammadownload.com

သည်ဖြစ်၍ "အရှင်မင်းကြီး အကျွန်ုပ်သည် ယနေ့ ဥပုသ်စောင့်သုံးသည် မှန်ပါ၏" ဟု လျှောက်ထား သံတော်ဦးတင်လေ၏။

တရားသူကြီး ပြိတ္တာဖြစ်ပုံ

ထိုအခါ မင်းကြီး၏အနီးမှ ထွက်၍လာသော ထိုတရားသူကြီးကို မိတ်ဆွေတစ်ဦးသည် "အချင်းမိတ်ဆွေ သင်သည် 'ယနေ့ ဥပုသ် စောင့်သုံး၏' ဟု သံတော်ဦးတင်သောစကားသည် မှန်ပါ၏လော" ဟု မေးမြန်းလေ၏။ "အချင်းမိတ်ဆွေငါသည် မင်းကြီးအား ကြောက်ရွံ့သောကြောင့် မင်းကြီး၏မျက်မှောက်၌ ဤသို့ 'ဥပုသ်စောင့်သုံး၏' ဟု ပြောဆိုမိပါ၏။ ငါသည်ကား ဥပုသ်စောင့်သုံး ဆောက်တည်သောသူ မဟုတ်ပါ" ဟု ပြောကြားလေ၏။ ထိုအခါ တရားသူကြီးဖြစ်သော ယောကျ်ားကို မိတ်ဆွေဖြစ်သောသူသည် "ဤသို့ မဆောက်တည်ရသေးသော်လည်း မင်းကြီး၏အထံ၌ ဝန်ခံခဲ့သည့်အားလျော်စွာ သင်သည် ယနေ့ နေ့ထက်ဝက်သော ဥပုသ်ကိုသာ ဖြစ်စေပါဦးလော့၊ ဥပုသ်၏အင်္ဂါတို့ကို ဆောက်တည်ပါလော့" ဟု ပြောကြားလေ၏။ ထိုတရားသူကြီးလည်း မိတ်ဆွေ၏ တိုက်တွန်းစကားကို "ကောင်းပါပြီ" ဟု ဝန်ခံပြီးလျှင် အိမ်သို့သွား၍ အစာအဟာရ မစားသောက်တော့ဘဲ ခံတွင်းကို ဆေးကြောပြီးလျှင် ဥပုသ်ကို ဆောက်တည်၍ နေသည်ရှိသော် ညဉ့်အခါ၌ အစာမှကင်း၍ အချည်းနှီးသော အစာအိမ်မှာဖြစ်သော အာကြီးသော လေ တည်းဟူသော အကြောင်းရှိသည့် တံစို့ဖြင့် ဖြတ်အပ်သော အသက်ဝိညာဉ် ရှိသည်ဖြစ်၍ စုတေသည်၏ အခြားမဲ့၌ တောင်၏အဝှမ်း၌ ဗိမာန်ရှင် ပြိတ္တာ ဖြစ်လေ၏။

ကောင်းကံ၊မကောင်းကံတို့၏ အကျိုးများ

ထိုပြိတ္တာသည် တစ်ညဉ့် ဥပုသ်စောင့်သုံးကာမျှဖြင့် တစ်ထောင်သော နတ်သမီးအခြံအရံရှိသော ဗိမာန်ကိုလည်းကောင်း၊ ကြီးစွာသော နတ်၏ စည်းစိမ်ကိုလည်းကောင်း ရလေ၏။ ထိုသို့ပင် နတ်၏စည်းစိမ်ကို ရပါသော်လည်း စဉ်းလဲသော တရားအဆုံးအဖြတ်ကို ပြုခဲ့ခြင်းကြောင်းလည်းကောင်း၊ ချောပစ်ကုန်းတိုက်သော စကားကို ပြောကြားခဲ့ခြင်းကြောင့် လည်းကောင်း မိမိ၏ကျောမှ အသားတို့ကို မိမိအလိုလိုသာလျှင် ဆွဲနှုတ်၍ စားရလေ၏။

အရှင်နာဒရမထေရ်၏ အမေး

ထိုပြိတ္တာကို အရှင်နာရဒသည် ဂိဇ္ဈကူဋ်တောင်မှ သက်ဆင်းလာသောအခါ မြင်တော်မူ၍ ဤသို့ မေးမြန်းတော်မူ၏။

http://www.dhammadownload.com

၄၉၉။ မာလီ ကိရိဋ္ဌိ ကာယူရီ၊ ဂတ္တာ တေ စန္ဒနုဿဒါ။
ပဿန္နမုခဝဏ္ဏာသိ၊ သူရိယဝဏ္ဏောဝ သောဘသိ။

၄၉၉။ သုဘေ၊ လုပတင့်တယ် နတ်မျိုးနွယ်။ တွံ၊ သင်သည်။ မာလီ၊ နတ်ပန်းကို ပန်ဆင်သော။ ကိရိဋ္ဌိ၊ သရဖူဟောင်းဖြင့် ရစ်ပေါင်းအပ်ဘိ ဦးခေါင်းလည်း ရှိထသော။ ကာယူရီ၊ လက်အောင်းရင်းမှာ တန်ဆာဆင်အပ် လက်ကျပ်လည်း ရှိထသော။ စန္ဒနုဿဒါ၊ မွေးကြိုင်သင်းပျံ့ ရနံ့လိုင်ကြူး စန္ဒကူးဖြင့် လိမ်းကျံအပ်ထသော။ တေ၊ သင်၏။ ဂတ္တာ၊ ပြင်ဆင်ချိုးကျ လှုပသော ကိုယ်ခန္ဓာသည်။ အသိ၊ အမှန်တိတိ ရှိသည်ဖြစ်၏။ သူရိယ ဝဏ္ဏောဝ၊ ကမ္ဘာအတွင်း အရောင်ချင်း၍ ထွန်းလင်းဖြာဖြာ နေမင်းရောင်ဝါကဲ့သို့။ ပသန္နမုခဝဏ္ဏာ၊ ကြည်လင်သန့်ရှင်း မျက်နှာ၏အဆင်းသည်။ သောဘသိ၊ လှုပဝင့် ဝါ အလွန်တင့်တယ်လှုပပါပေ၏။

၅၀၀။ အမာနုသာ ပါရိသဇ္ဇာ၊ ယေ တေ' မေ ပရိစာရကာ။
ဒသ ကညာသဟဿာနိ၊ ယာ တေ' မာ ပရိစာရိကာ။
တာ ကမ္မုကာယူရဓရာ၊ ကဉ္စနာဝေဠဘူသိတာ။

၅၀၀။ အမာနုသာ၊ လှုပတင့်တယ် နတ်မျိုးနွယ် ဖြစ်ကုန်သော။ ပါရိသဇ္ဇာ၊ ခြေတော်အရင်း ဝပ်စင်းဆည်းကပ် အမှုကြီးငယ်ကို စီရင်တတ်ကုန်သော။ တေ၊ သင်၏။ ဒသ သဟဿာနိ၊ တစ်သောင်းမျှ အတိုင်းအရှည် ရှိကုန်သော။ ယေ ဣမေ ပရိစာရကာ၊ ခြေရင်းခစား အကြင် အလုပ်အကျွေး နတ်သားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ပရိစာရကာ၊ ခြေရင်းခစား ထိုအလုပ်အကျွေး နတ်သားတို့သည်။ ကမ္မုကာယူရဓရာ၊ ရောင်ဝါပဝင်း ရွှေလက်ကောက် ရွှေခြေကျင်းတို့ကို ကောင်းစွာဆောင်ကုန် ဝတ်ဆင်ကုန်၏။ ကဉ္စနာဝေဠ ဘူသိတာ၊ ရွှေနားတောင်းဖြင့် ကောင်းစွာယဉ်ယဉ် တန်ဆာဆင်ကြကုန်၏။ တေ၊ သင်၏။ ယာ ဣမာ ပရိစာရကာ၊ ခြေရင်းခစား အကြင် အလုပ်အကျွေးများ ဖြစ်ကြကုန်သော။ ဒသသဟဿာနိ၊ တစ်သောင်းမျှ အတိုင်းအရှည် ရှိကြကုန်သော။ ကညာ၊ သုဇာအလား ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ် ရှုဖွယ်မင်္ဂြိုး နတ်သမီးကညာများတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ၊ လုပ်ကျွေးခစား ထိုနတ်သမီးကညာအများတို့သည်။ ကမ္မုကာယူရဓရာ၊ ရောင်ဝါပဝင်း ရွှေလက်ကောက်၊ ရွှေခြေကျင်းတို့ကို ကောင်းစွာဆောင်ကုန်၏။ ကဉ္စနာဝေဠဘူသိတာ၊ ရွှေနားတောင်းဖြင့် ကောင်းစွာယဉ်ယဉ် တန်ဆာဆင်ကြကုန်၏။

၅၀၁။ မဟာနုဘာဝေါသိ တုဝံ၊ လောမဟံသနရူပဝါ။
ပိဠိမံသာနိ အတ္တနော၊ သာမံ ဥက္ကစ္စ ခါဒသိ။

http://www.dhammadownload.com

၅၀၁။ သုဘော၊ အိုနတ်သား။ တုဝံ၊ သင်သည်။ မဟာနုဘာဝေါ၊ တောက်ပြောင်ထိန်လင်း ကြီးမားသော တန်ခိုး၏ ပြည့်စုံခြင်းရှိသည်။ အသိ၊ ဖြစ်၏။ အထ၊ ထိုသို့ဖြစ်ပါလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ လောမဟံသနရူပဝါ၊ မြင်သူတိုင်းပင် ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော သဘောရှိသော။ တုဝံ၊ သင်သည်။ ပိဋ္ဌိမံသာနိ၊ မိမိ၏ ကျောက်ကုန်းသားတို့ကို။ သာမံ၊ ကိုယ်တိုင်။ ဥက္ကစ္ဆ၊ ညှာတာမဖက် ရက်စက်ကြမ်းကြုတ် ခုတ်ဖဲ့နုတ်၍။ ခါဒသိ၊ နေ့စဉ်မသွေ စားသောက်၍ နေရပေသနည်း။

၅၀၂။ ကိံ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ပိဋ္ဌိမံသာနိ အတ္တနော။
သာမံ ဥက္ကစ္ဆ ခါဒသိ။

၅၀၂။ ဘော၊ အို လုလင်။ တွံ၊ သင်သည်။ ကာယေန၊ ကိုယ်ဖြင့် လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်လည်းကောင်း။ ကိံ ဒုက္ကဋံ၊ အဘယ်မကောင်းမှုကို၊ ကတံနု၊ ပြုမိခဲ့ပါသနည်း။ ကိဿ ကမ္မ ဝိပါကေန၊ အဘယ်ကံ၏ အကျိုးဝိပါက်ကြောင့်။ အတ္တနော၊ မိမိ၏။ ပိဋ္ဌိမံသာနိ၊ ကျောက်ကုန်းသားတို့ကို။ သာမံ၊ ကိုယ်တိုင်။ ဥက္ကစ္ဆ၊ ညှာတာမဖက် သွေးပန်းထွက်အောင် ရက်စက်ကြမ်းကြုတ် ခုတ်ဖဲ့နုတ်၍။ ခါဒသိ၊ နေ့စဉ်မှန်စွာ စားသောက်၍ နေရပါသနည်း။

ဤသို့ အရှင်နာရဒမထေရ်မြတ် မေးမြန်းအပ်သည်ရှိသော် ပြိတ္တာသည် မထေရ်မြတ်အား ဤသို့ လျှောက်ထားလေ၏။

၅၀၃။ အတ္တနောဟံ အနတ္ထာယ၊ ဇိဝလောကေ အစာရိသံ။
ပေသုညမုသာဝါဒေန၊ နိကတိဝဉ္စနာယ စ။

၅၀၃။ ဘန္တေ၊ နာရဒ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဇိဝလောကသ္မိံ၊ သက်ရှင်ဆဲခါ လူ့ပြည်ရွာ၌။ အတ္တနော၊ မိမိ၏။ အနတ္ထာယ၊ လူ,နတ်နိဗ္ဗာန် သုံးတန်မသွင်း အကျိုးမဲ့ဖြစ်ခြင်းငှာ။ ပေသုညမုသာဝါဒေန စ၊ အမှန်မလိုက် ဖန်ဖန်မိုက်၍ ရန်တိုက်ကုန်းချော လိမ်လည်ပြောဆိုခြင်းဖြင့် လည်းကောင်း။ နိကတိဝဉ္စနာယ စ၊ စိတ်ထားမမှန် အကောက်ဉာဏ်ဖြင့် ဖောက်ပြန်ပျက်ယွင်းစဉ်းလဲလှည့်ပတ်ခြင်းဖြင့်လည်းကောင်း။ အစာရိသံ၊ အရှည်မထောက် ထင်ရာဖောက်၍ ရှေ့နောက်မမြင်၊ မဆင်ခြင်ဘဲ အမြင်လွဲကာ ပြုကျင့်မိပါ၏ဘုရား။

http://www.dhammadownload.com

၅၀၄။ တတ္ထာဟံ ပရိသံ ဂန္တွာ၊ သစ္ဖကာလေ ဥပဋ္ဌိတေ။
အတ္ထံ ဓမ္မံ နိရာကတွာ၊ အဓမ္မ မနုဝတ္တိသံ။

၅၀၄။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တတ္ထ၊ လူတို့ဌာနီ ထိုလူတို့ပြည်၌။ အဟံ၊ အကျွန်ုပ်သည်။ ပရိသံ၊ တရားယှဉ်ပြိုင် အမှုဆိုင်လတ် ပရိသတ်သို့။ ဂန္တွာ၊ သွား ရောက်၍။ သစ္ဖကာလေ၊ ဟုတ်မှန်စကား ပြောကြားသင့်သောအခါသည်။ ဥပဋ္ဌိတေ၊ နီးနီးကပ်ကပ် ရှေ့ရှုလတ်သော်။ အတ္ထံ၊ ဒိဋ္ဌဓမ္မ အစရှိသား အကျိုးစီးပွားကို လည်း ကောင်း။ ဓမ္မံ၊ နှိုင်းချင့်မြော်တောင်း သင့်သောအကြောင်းကိုလည်းကောင်း။ နိရာ ကတွာ၊ စွန့်ပယ်၍။ အဓမ္မံ၊ အကျင့်ယုတ်မှား မသူတော်တရားသို့။ အနုဝတ္တိသံ၊ မပျက်ဆင့်ဆင့် အစဉ်ကျင့်ကာ လိုက်ခဲ့မိပါ၏ ဘုရား။

၅၀၅။ ဧဝံ သော ဓါဒတတ္တာနံ၊ ယော ဟောတိ ပိဋ္ဌိမံသိကော။
ယထာဟံ အဇ္ဇ ဓါဒါမိ၊ ပိဋ္ဌိမံသာနိ အတ္တနော။

၅၀၅။ ယော ပုဂ္ဂလော၊ အကြင် ချောပစ်ကုန်းတိုက် အဂတိလိုက်တတ်သော ပုဂ္ဂိုလ်သည်။ ပိဋ္ဌိမံသိကော၊ ညာတာကင်းပြုတ် ကျောသားထုတ်ကာ စားသောက် ရက္ခာခြင်းသည်။ အတ္တဿ၊ ရှိ၏။ သော ပုဂ္ဂလော၊ ထိုချောပစ် ကုန်းတိုက် အဂတိ လိုက်တတ်သည့် အကျင့်ရှိသော ပုဂ္ဂိုလ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဓါဒတံ၊ ဖဲ့ရွဲ့စားသောက်ရသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ဤနည်း မခြား အလားတူသာလျှင်။ အဟံ၊ ချောပစ်ကုန်းတိုက် အဂတိလိုက်စား မိုက်မှား ခဲ့သည့် တပည့်တော်သည်။ အတ္တနော၊ မိမိ၏။ ပိဋ္ဌိမံသာနိ၊ ကျောက်ကုန်းသားတို့ ကို။ ဓါဒါမိ၊ စားသောက်ရပါ၏ ဘုရား။

၅၀၆။ တယိဒံ တယာ နာရဒ သမံ ဒိဋ္ဌံ၊
အနုကမ္မကာ ယေ ကုသလာ ဝဒေယျုံ။
မာ ပေသုဏံ မာ စ မုသာ အဘာဏိ။
မာ ဓေါသိ ပိဋ္ဌိမံသိကော တုဝံ။

၅၀၆။ နာရဒ၊ သာကီနွယ်ဇာတ် နာရဒ အရှင်မြတ်ဘုရား။ တယာ၊ အရှင် ဘုရားသည်။ တယိဒံ တံ ဣဒံ၊ တပည့်တော်၏ ဖြစ်ပျက်နေပုံ ထိုအကြောင်းစုံကို။ သမံ၊ အရှင်ဘုရား ကိုယ်တော်တိုင်။ ဒိဋ္ဌံ၊ ထင်ရှားဒိဋ္ဌ တွေ့မြင်ရပါ၏။ အနုကမ္မကာ၊ သတ္တဝါများ မေတ္တာပွားများ၍ သနားကရုဏာ ဖြစ်တတ်ပါကုန်သော။ ကုသလာ၊ သူတစ်ပါးတွက် ကျိုးသက်သက်ကို ကျင့်လျက်ကောင်းစွာ လိမ္မာတော်မူကြကုန်သော။ ယေ၊ အကြင် ဘုရားမြတ်စွာ ပစ္စေကာနှင့် ရဟန္တာအစ များလှအပေါင်း သူတော်

http://www.dhammadownload.com

ကောင်းတို့သည်။ ယံ၊ ကောင်းစွာဖွင့်ဟ အကြင်သြဝါဒကို။ ဝဒေယျု၊ ဟောကြား ညွှန်ပြ သဘောကျအောင် ဆုံးမတော်မူကြကုန်၏။ တံ၊ ထိုညွှန်ပြဟောကြား သြဝါဒစကားကို။ ဝဒါမိ၊ တပည့်တော် မြွက်ကြား၍ လျှောက်ထားပါဦးအံ့။ ပေသုဏ၊ သူနှစ်ယောက်ကြား စိတ်ထားယုတ်ညစ် ချောပစ်ကုန်းတိုက် စကားမိုက်ကို။ မာ အဘာဏိ၊ ပြောဆိုတော်မမူပါလေလင့်။ မုသာစ၊ လိမ်လည်လိုခြင်း အပိုသွင်း၍ ယိုယွင်းဖောက်ပြန် မမှန်ကန်သော စကားကိုလည်း။ မာ အဘာဏိ၊ တစ်ရံတစ်ခါမျှ ဖွင့်လှစ်ဟ၍ ပြောပြတော် မမူပါလေလင့်။ တုဝံ၊ အရှင်ဘုရား သည်။ ပိဋ္ဌိမံသိကော၊ တပည့်အလား ကိုယ့်ကျောသားကို နုတ်စားရသူသည်။ မာခေါ အသိ၊ အမှန်စင်စစ် မဖြစ်ပါစေလင့်ဘုရား။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

အရှင်နာရဒမထေရ်သည် ထို တွေ့ရှိပုံ အကြောင်းစုံကို ဘုရားရှင်အား လျှောက်ကြားလေ၏။ ဘုရားရှင်သည် ထိုအကြောင်းစုံကို အင်္ဂုပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။ ထို ဒေသနာတော်သည် များစွာသော လူအပေါင်းတို့အား အကျိုးစီးပွား များပြားသည် ဖြစ်လေ၏။

ကောက်ကျစ်စဉ်းလဲစွာ တရားဆုံးဖြတ်သော
တရားသူကြီးပြိတ္တာအကြောင်း ပြီး၏။

၁၀–ဓာတုဒိဝင်္ဘာဝေဘာဝတ္ထု

ဓာတ်တော်တို့ကို ပူဇော်ရာ၌ ကဲ့ရဲ့မိသဖြင့် ပြိတ္တာဖြစ်ရရှာသော သူကြွယ်

အန္တလိက္ခသို့ တိဋ္ဌန္တော အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ ဓာတုဝိဝဏ္ဏပေတဝတ္ထု ကို ဘုရားရှင်သည် ကုသိနာရုံပြည်၏အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းတောဌ အစုံအစုံသော အင်ကြင်းပင်ပျိုတို့၏ အကြားဌ ပရိနိဗ္ဗာန် စံလွန်တော်မူပြီး၍ ဓာတ်တော်ခွဲဝေမှုကို ပြုပြီးသည်ရှိသော် အဇာတသတ် မင်းကြီးသည် မိမိရအပ်သော ဓာတ်တော်အစုကို ယူဆောင်ပြီးလျှင် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့တိုင်တိုင် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အပေါင်းတို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်လျက် ခမ်းနားကြီးမြတ်သော ပူဇော်ခြင်းကို ဖြစ်စေ၏။

http://www.dhammadownload.com

ပြိတ္တာဖြစ်ကြသူများ

ထို ပူဇော်ပွဲကြီး၌ ရေတွက်နိုင်းယှဉ်ခြင်းငှာ မတတ်သာအောင် များစွာကုန်သော လူအပေါင်းတို့သည် မိမိ မိမိ၏ စိတ်တို့ကို ကြည်ညိုစေ၍ နတ်ရွာသို့ လားရောက်ကြရကုန်၏။ ရှစ်သောင်းခြောက်ထောင်မျှလောက်သော ယောကျ်ားတို့သည်ကား ရှည်မြင့်စွာသော ကာလပတ်လုံး ထုံအပ်သော မကြည်ညိုခြင်း၊ မှားယွင်းသော အယူနှင့် ပျက်စီးဖောက်ပြန် မမှန်ကန်သော စိတ်ရှိကြကုန်သည်ဖြစ်၍ ကြည်ညိုအပ် ကြည်ညိုရာဖြစ်သော ရတနာသုံးပါး၌လည်း မိမိ၏စိတ်တို့ကို ပြစ်မှားကြလေသောကြောင့် ပြိတ္တာဘုံဘဝ၌ ဖြစ်ကြရလေကုန်၏။

ဓာတ်တော်ပူဇော်၍ နတ်ပြည်ရောက်

ထို ရာဇဂြိုဟ်မြို့၌သာလျှင် တစ်ယောက်သောစည်းစိမ်ဥစ္စာရှင် သူကြွယ်၏ မယားသည်လည်းကောင်း၊ သမီးသည်လည်းကောင်း၊ ချွေးမသည်လည်းကောင်း ကြည်ညိုသောစိတ် ရှိကြကုန်သည်ဖြစ်၍ "ဓာတ်တော်ကို ကြည်ညိုပူဇော်ခြင်းကို ပြုကုန်အံ့" ဟု နံ့သာ ပန်း စသည်တို့ကိုယူ၍ ဓာတ်တော်ထားရာအရပ် ဓာတ်တော်တိုက်သို့ သွားအံ့သောငှာ အားထုတ်ကုန်၏။ ထို သူကြွယ်ကား "အရှိုးတို့ကို ပူဇော်ခြင်းဖြင့် သင်တို့အား အဘယ်အကျိုး ရှိအံ့နည်း" ဟု ထိုမိန်းမတို့ကို ကြိမ်းမောင်း၍ ဓာတ်တော်ကို ပူဇော်ခြင်းကို ကဲ့ရဲ့၏။ ထိုမိန်းမသုံးယောက်တို့သည်လည်း သူကြွယ်၏စကားကို မနာယူမူ၍ ဓာတ်တော်ထားရာအရပ်သို့ သွားကြကုန်၏။ ဓာတ်တော်ကို ပူဇော်ခြင်းကိုပြုပြီးလျှင် နေအိမ်သို့ ပြန်လာကြကုန်သည်ရှိသော် ထိုသို့သဘောရှိသော တစ်စုံတစ်ခုသော ရောဂါဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မကြာမြင့်မီသာလျှင် သေခြင်းကိုပြုကုန်လျက် နတ်ပြည်၌ ဖြစ်ကြကုန်၏။

ဓာတ်တော်ပူဇော်မှု ကဲ့ရဲ့သူ ပြိတ္တာဖြစ်

ထိုသူကြွယ်သည်ကား အမျက်ဒေါသဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မကြာမြင့်မီသေလေလျှင် ထိုမကောင်းမှုကံကြောင့် ပြိတ္တာဘုံတို့၌ ဖြစ်လေ၏။

အရှင်မဟာကဿပ၏ တန်ခိုးတော်

ထိုအခါ တစ်နေ့သ၌ အရှင်မဟာကဿပမထေရ်သည် သတ္တဝါတို့၌ သနားခြင်း ရှိသည်ဖြစ်၍ အကြင်သို့သော အခြင်းအရာအားဖြင့် တန်ခိုးဖန်ဆင်းခြင်းကို ပြုအပ်သည်ရှိသော် လူတို့သည် ထိုပြိတ္တာတို့ကိုလည်းကောင်း ထိုနတ်တို့ကိုလည်း

http://www.dhammadownload.com

ကောင်း မြင်နိုင်ကုန်၏။ ထိုသို့ သဘောရှိသော လောကဝိဝရဏ တန်ခိုးဖန်ဆင်း ခြင်းကို ပြုတော်မူ၏။

ရှင်မဟာကဿပနှင့် ပြိတ္တာတို့ အပြန်လှန် မေးဖြေကြပုံ

ထိုသို့ ဖန်ဆင်းခြင်းကို ပြုတော်မူပြီး၍ စေတီရင်ပြင်၌ ရပ်လျက် ဓာတ်တော် ပူဇော်မှုကို ကဲ့ရဲ့သော ထိုပြိတ္တာကို သုံးခုသောဂါထာတို့ဖြင့် မေးတော်မူ၏။ ထို ပြိတ္တာသည်လည်း အရှင်မဟာကဿပမထေရ်အား လျှောက်ထား ဖြေကြားလေ၏။

၅၀၇။ အန္တလိက္ခသ္မိံ တိဋ္ဌန္တော၊ ဒုဂ္ဂန္ဓော ပူတိ ဝါယသိ။
မုခဉ္စ တေ ကိမယော ပူတိဂန္ဓံ၊ ခါဒန္တိ ကိံ ကမ္မမကာသိ ပုဗ္ဗေ။

၅၀၇။ ဘောပေတ၊ ပုပ်လှောင်နံ့ပြင်း ခံတွင်းရှိရာ အို ပြိတ္တာ။ တွံ၊ သင် သည်။ အန္တလိက္ခသ္မိံ၊ အထက်ဝေဟင် မိုးကောင်းကင်၌။ တိဋ္ဌန္တော၊ မလှည့်မလည် ရပ်တည်လျက်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိလျက်။ ပူတိ၊ အပုပ်နံ့သည်။ ဝါယသိ၊ လှိုင်၏။ ပူတိဂန္ဓံ၊ မကပ်နိုင်အောင် ပိတ်လှောင်နံ့ပျံ့ အပုပ်နံ့ရှိသော။ တေ၊ သင်၏။ မုခဉ္စ၊ ခံတွင်းကိုကား။ ကိမယော၊ တရွရွလျှောက် ပိုးလောက်တို့သည်။ ခါဒန္တိ၊ ကြော်ဖွယ်ခမန်း အသဲချမ်းအောင် ဒင်းကြမ်းတက်ကာ ခဲစားကြပါကုန်၏။ တွံ၊ သင်သည်။ ပုဗ္ဗေ၊ ဖြစ်ခဲ့ပြီးစွ ရှေးဝဋ်၌။ ကိံ ကမ္မံ၊ အဘယ်မကောင်းမှုကို။ အကာသိ၊ တရားလက်လွတ် အမှားစွတ်၍ ရွတ်ရွတ်ပေပေ ပြုလုပ်မိခဲ့လေသနည်း။

၅၀၈။ တတော သတ္တံ ဂဟေတွာန၊ သြက္ကန္တိ ပုနပ္ပုနံ။
ခါရေန ပရိပ္ဖောသိတွာ၊ သြက္ကန္တိ ပုနပ္ပုနံ။

၅၀၈။ တတော၊ မကောင်းအနံ့၊ ပျံ့နံ့လှိုင်စွဲ ပိုးလောက်ကိုက်ခဲအပ်သော ထိုနေရာမှ။ ဥပရိ၊ အထက်၌။ သတ္တာ၊ ကဲတိုက်တွန်းငြား သတ္တဝါများသည်။ သတ္တံ၊ အသွားထက်မြက် ဓားလက်နက်ကို။ ဂဟေတွာန၊ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကာကိုင်၍။ ပုနပ္ပုနံ၊ မပြတ်မလပ်။ တံ ဝဏ္ဏမုခံ၊ ထိုအနာဝကို။ သြက္ကန္တိ၊ ရက်စက်ကြမ်း ကြုတ် ဖြတ်ခုတ်ကြကုန်၏။ တသ္မိံ၊ ထိုဖြတ်ခုတ်ရာ အရပ်၌။ ခါရေန၊ မခံနိုင်လောက် အောင် ပူလောင်မပြတ် အလွန်ငန်စပ်သော ရေဖြင့်။ ပရိပ္ဖောသိတွာ၊ ထက်ဝန်းကျင် ပြွမ်း ဆွတ်ပက်ဖျန်း၍။ ပုနပ္ပုနံ၊ မပြတ်မလပ်။ သြက္ကန္တိ၊ ရက်စက်ကြမ်းကြုတ် ဖြတ်ခုတ်ကြကုန်၏။

၅၀၉။ ကိံ နု ကာယေန ဝါစာယ၊ မနသာဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ဣဒံ ဒုက္ခံ နိဂစ္ဆသိ။

ဤဂါထာ၏အနက်ကို ရှေ့ပိုင်းတွင် အကြိမ်ကြိမ် ရေးခဲ့ပြီ။

http://www.dhammadownload.com

၅၁၀။ အဟံ ရာဇဂဟေ ရမေ၊ ရမဏီယေ ဂိရိဗ္ဗဇေ။
ဣဿရော ဓနဥဿ၊ သုပဟူတဿ မာရိသ။

၅၁၀။ မာရိသ၊ ကဿပ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဂိရိဗ္ဗဇေ၊ တောင်ငါးလုံးဖြင့် ယှက်ဖုံးပတ်ချာ ဝန်းရံကာအပ်ထသော။ ရမဏီယေ၊ နှလုံးမွေ့လျော်ဖွယ်ရာဖြစ်ထသော။ ရမ္မေ၊ စိတ်လန်းရွှင်မျော် မွေ့လျော်ဖွယ်ကို ဖြစ်စေတတ်ထသော။ ရာဇဂဟေ၊ သာစွဒ္ဓာနီ ရာဇဂြိုဟ်ပြည်၌။ သုပဟူတဿ၊ မကုန်နိုင်အောင် အလွန်မြွားမြောင်စွာသော။ ဓနဥဿ၊ အမျိုးမျိုးအစားစား ဥစ္စာစပါးကို။ ဣဿရော၊ များစွာပိုင်သ အစိုးရသော သူကြွယ်ပါ ဘုရား။

၅၁၁။ တဿာယံ မေ ဘရိယာ စ၊ ဓီတာ စ သုဏိသာ စ မေ။
တာ မာလံ ဥပ္ပလဟတ္ထာပိ၊ ပစ္ဆတ္တေ ဝိလေပနံ။
ထူပံ ဟရန္တိယော ဝါရေသိ၊ တံ ပါပံ ပကတံ မယာ။

၅၁၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အယံ၊ ဤနတ်သမီး သုံးယောက်သည်။ တဿ မယ္ဟ၊ ထိုအကျွန်ုပ်၏။ ပုရေ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ ဘရိယာ စ၊ ကြင်ယာသက်ထား မယားသည်လည်းကောင်း။ ဓီတာ စ၊ တပည့်တော်၏ရင်သွေး သမီးလေးသည်လည်းကောင်း။ မေ မမ၊ တပည့်တော်၏။ သုဏိသာ စ၊ သမီးပမာ များစွာဖေးမ ချွေးမသည်လည်းကောင်း။ အဟောသိ၊ ဖြစ်ဖူးခဲ့ပါပြီ။ တာ၊ ထို နတ်သမီးသုံးဦးတို့သည်။ ပုဗ္ဗေ၊ လွန်လေပြီးစွ ရှေးဘဝ၌။ မာလဉ္စ၊ ဝေဆာပွင့်လန်း ကောင်းမြတ်သော နတ်ပန်းကိုလည်းကောင်း။ ဥပ္ပလဟတ္ထာပိ၊ လှပတင့်ဆန်း ကြာညှိပန်းကိုလည်းကောင်း။ ပစ္ဆတ္တေ၊ တန်ဖိုးများလျက် အသစ်စက်စက်ဖြစ်သော။ ဝိလေ ပနဉ္စ၊ လိမ်းကျံစရာ မွေးနံ့သာကိုလည်းကောင်း။ ထူပံ၊ နတ် လူအပေါင်း ညွတ်ပျောင်းကော်ရော် ဓာတုစေတီတော်သို့။ ဟရန္တိယော၊ ရှိခိုးဦးတင် ဖူးမြင်ပူဇော်ရန် ဆောင်ယူသည်တို့ကို။ အဟံ၊ မိုက်စိတ်ဖြစ်ပေါ် တပည့်တော်သည်။ ဝါရေသိံ၊ ရှုတ်ချကဲ့ရဲ့ဘားမြစ်ခဲ့ပါသည်။ တံ ပါပံ၊ ထိုဓာတ်တော်တို့ကို မကြည်ညိုဘဲ ပြောဆိုကဲ့ရဲ့ဘားမြစ်ခဲ့ခြင်းတည်းဟူသော မကောင်းမှုကို။ မယာ၊ တပည့်တော်သည်။ ပကတံ၊ ပြုမိခဲ့ပါပြီ ဘုရား။

၅၁၂။ ဆဇ္ဇာသိတိ သဟဿာနိ၊ မယံ ပစ္ဆတ္တဝေဒနာ။
ထူပပူဇံ ဝိဝဏ္ဏေတွာ၊ ပစ္ဆာမ နိရယေ ဘုသံ။

48 A ၅၁၂။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ထူပပူဇံ၊ စေတီပုထိုး ရှိခိုးဦးတင် ဖူးမြင်ပူဇော်ခြင်းကို။ ဝိဝဏ္ဏေတွာ၊ တားမြစ်ကဲ့ရဲ့ ရှုတ်ချခဲ့သောကြောင့်။ မယံ၊ တပည့်

http://www.dhammadownload.com

တော်တို့သည်။ ဆဋ္ဌာသီတိ သဟဿာနိ၊ အနှစ်ရှစ်သောင်းခြောက်ထောင်တို့ပတ်လုံး။ ပစ္ဆတ္တဝေဒနာ၊ အသီးအသီး ဆင်းရဲကြီးစွာ ခံစားရပါကုန်လျက်။ နိရယေ၊ ငရဲပမာ ဆင်းရဲစွာသော ပြိတ္တာဘုံ၌။ ဘုသံ။ မခံနိုင်အောင် ပူလောင်ပြင်းပြစွာ။ ပစ္စာမ၊ မနေ မနား အရှည်အားဖြင့် ထင်ရှားမသွေ ကျက်ရပါကုန်၏။

၅၁၃။ ယေ စ ဧဓေါ ထူပပူဇာယ၊ ဝတ္တန္တေ အရဟာတော မဟေ။
အာဒီနဝံ ပကာသေန္တိ၊ ဝိဝေစယေထ နေ တတော။

၅၁၃။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အရဟာတော၊ လူနတ်ဗြဟ္မာ သတ္တဝါခပင်း အမင်းမင်းတို့၏ ဝပ်စင်းဦးခိုက် ပူဇော်ထိုက်ရာ ဘုရားမြတ်စွာ၏။ မဟေ၊ စေတီပုထိုး ဓာတ်တော်အမျိုးမျိုးကို ရှိခိုးဦးတင် ဖူးမြင်ပူဇော်ခြင်းသည်။ ဝတ္တန္တေ၊ အမှန်ဖြစ်သည်ရှိသော်။ ယေ စ ဧဓေါ၊ တပည့်အသွင် မသိမြင်သူ အကြင်မိုက်သောသူတို့သည်ကား။ ထူပပူဇာယ၊ စေတီတော်ကို ပူဇော်ခြင်း၌။ အာဒီနဝံ၊ အပြစ်လွှမ်း၍ ညစ်ညမ်းလှစွာ ပြစ်ဒေါသာကို။ ပကာသေန္တိ၊ အကောင်းအဆိုး ကြောင်းကျိုးနှစ်ပါး မသိငြားဘဲ ထင်ရှားမသွေ ပြတတ်ကြပေကုန်၏။ နေ၊ ထိုကြောင်းကျိုးနှစ်ဝ မသိကြသူ ဗာလဖြစ်သော လူတို့ကို။ တတော၊ ထိုစရိုက်စု မကောင်းမှုမှ။ ဝိဝေစယေထ၊ ဘားမြစ်ပိတ်ပင် ရှောင်ကြဉ်ပါစေကုန်လော့။

၅၁၄။ ဣမာ စ ပဿ အာယန္တိယော၊ မာလဓာရိ အလင်္ကတာ။
မာလာဝိပါကံ နုဘောန္တိယော၊ သမိဒ္ဓါ စ တာ ယသသိနိယော။

၅၁၄။ ဘန္တေ၊ အရှင်မြတ်ဘုရား။ မာလဓာရီ၊ ဆင်းရဲနှံ့နှင့် သင်းပျံ့ ကြိုင်လျှမ်း နတ်ပန်းကို ဆောင်ယူ ဆင်မြန်းကုန်လျက်။ အလင်္ကတာ၊ နတ်ဝတ်တန်းဆာ အဖြာဖြာကို ကောင်းစွာပြုပြင် ဆင်ယင်ကုန်လျက်။ မာလာဝိပါကံ၊ စေတီတော်ရင်း ပန်းပူဇော်ခြင်း၏အကျိုးကို။ အနုဘောန္တိယော၊ ခံစားကြကုန်လျက်။ အာယန္တိယော၊ စေတီတော်မြတ်ကို တုပ်ပျံပ်ကော်ရော် ပူဇော်လာကြကုန်သော။ သမိဒ္ဓါ စ၊ လက်လက် ဝင်းထိန် နတ်စည်းစိမ်နှင့်လည်း ပြည့်စုံကုန်ထသော။ ယသသိနိယော၊ များပြားပြည့်စုံ အခြံအရံလည်း ရှိကုန်သော။ ဣမာ စ တာ၊ တင့်တင့် တယ်တယ် ရှုဖွယ်မငြီး ဤနတ်သမီးတို့ကိုလည်း။ ပဿ၊ သတိပြု၍ ကြည့်ရှုတော်မူပါ့ဘုရား။

၅၁၅။ တဋ္ဌ ဒိသွာန အစ္ဆေရံ၊ အစ္ဆုတံ လောမဟံသနံ။
နမော ကရောန္တိ သပ္ပညာ၊ ဝန္ဒန္တိ တံ မဟာမုနိ။

48 B

၅၁၅။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တဿ၊ ထိုအနည်းငယ်မျှ ပန်းပူဇော်ရသော ကောင်းမှု၏။ အစ္ဆေရံ၊ လက်ဖျောက်တီး၍ အံ့ချီးဖွယ်ကောင်းသော။ အစ္ဆုတံ၊ မဖြစ်

http://www.dhammadownload.com

ဖူးမြဲ အံ့ဖွယ်သရဲ ဖြစ်ထသော။ လောမဟံသနံ၊ ကြက်သီး မွေးညင်း တဖျင်းဖျင်း ထဖွယ်ကောင်းသော။ တဋ္ဌဝိပါကံ၊ ထိုစေတီတော်အား ပန်းပူဇော်ခြင်း၏ အကျိုးကို လည်း။ ဒိသွာန၊ ဒိဋ္ဌဓ္မေတွင် တွေ့မြင်ကြကုန်၍။ သပ္ပညာ၊ ကြောင်းကျိုးသိသူ ပညာရှိလူတို့သည်။ နမော၊ နတ်တို့အား မြတ်နိုး၍ ရှိခိုးခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ တံ မဟာမုနိ၊ နတ်တို့ကိုမြင်ရန် အသိဉာဏ်ဖြင့် ဖွင့်လှန်ပြတတ် ထို အရှင်မဟာကဿပ မထေရ်မြတ်ကိုလည်း။ ဝန္ဒန္တိ၊ ရှိခိုးဦးတင် ဖူးမြင်ကြကုန်၏။

၅၁၆။ သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ထူပပူဇံ ကရိဿာမိ၊ အပ္ပမတ္တော ပုနပ္ပုနံ။

၅၁၆။ သောအဟံ၊ ထိုတပည့်တော်သည်။ ဣတော၊ ပြိတ္တာခေါ်ရ ဤဘဝမှ။ ဂန္တွာ၊ သွား၍။ မာနုသိံ ယောနိံ၊ ရခဲစွာလှ လူ့ဘဝကို။ လဒ္ဓါန၊ ကံကောင်း ထောက်မ၍ ရသည်ရှိသော်။ အပ္ပမတ္တော၊ သတိမပေါ့ မမေ့မလျော့သည်ဖြစ်၍။ ထူပပူဇံ၊ စေတီပုထိုး ရှိခိုးဦးတင် ဖူးမြင်ပူဇော်ခြင်းကို။ ကရိဿာမိ နူန၊ စင်စစ်တည်ကြည် ပြုလုပ်ပါတော့မည် ဘုရား။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ သူကြွယ်ပြိတ္တာသည် ပြောဆိုအပ်သည်ရှိသော် အရှင်မဟာကဿပ သည် ထိုဖြစ်ပုံ အကြောင်းကို ရောက်လာသော ပရိသတ်အား ဟောကြားတော်မူလေ၏။ ထိုဒေသနာသည် များစွာသော လူအပေါင်းအား အကျိုးများသည် ဖြစ်လေ၏။

၅ ဓာတ်တော်တို့ကို ပူဇော်ရာ၌ ကဲ့ရဲ့မိသဖြင့်
ပြိတ္တာဖြစ်ရရှာသော သူကြွယ်အကြောင်း ပြီး၏။

ဤတွင် ခုဒ္ဒကနိကာယ် ပေတဝတ္ထုအဋ္ဌကထာ ပုံတော်စုံ ပေတဝတ္ထုတော် ကြီး၌ ဆယ်ခုသော အကြောင်းရပ်တို့ဖြင့် တန်ဆာဆင်အပ်သော သုံးကြိမ်မြောက်ရှိ စူဠဝဂ်၏အဖွင့်သည် ဆုံးခန်းတိုင်မြောက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

စူဠဝဂ် ဇြိုးဇြို

http://www.dhammadownload.com

၄–မဟာဝဂ်

၁–အမွှသက္ကရဝေတဝတ္ထု

နတ္ထိကဒိဋ္ဌိအယူရှိသူ အမွှသက္ကရမင်းနှင့် ပြိတ္တာ

ဝေသာလီ နာမ နဂရတ္ထိ ဝဇ္ဇီနံ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည်ကား **အမွှသက္ကရပေတဝတ္ထု** ပေတည်း။

နတ္ထိကအယူရှိသူ လိစ္ဆဝီမင်း

ထိုဝတ္ထု ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မှားသောအယူရှိသည်ဖြစ်၍ ကုသိုလ်က, အကုသိုလ်က တို့၏ အကျိုးသည် မရှိဟူသော "နတ္ထိကဝါဒ" အယူကို ယူလေ့ရှိသော အမွှသက္ကရမည်သော လိစ္ဆဝီမင်းသည် ဝေသာလီပြည်၌ မင်းပြု၏။

ရုံညွှန်ဖို့ခဲ့သော ကုသိုလ်

ထိုမင်း မင်းပြုသောအခါ ဝေသာလီမြို့ဝယ် တစ်ယောက်သော ကုန်သည်၏ ဈေးဆိုင်အနီး၌ ညွှန်ပျောင်းသည် ရှိ၏။ ထိုညွှန်ပျောင်း၌ လူများစွာတို့သည် ခုန်လွှားကျော်လွှန်၍ သွားရကုန်သည်ရှိသော် ပင်ပန်းကုန်၏။ အချို့သူတို့သည် ညွှန်ဖြင့် အလိမ်းလိမ်း ကပ်ကုန်၏။ ထိုသို့ဖြစ်သည်ကို မြင်၍ ကုန်သည်သည် "ဤလူအပေါင်းတို့သည် ညွှန်ကို မနင်းမိစေကုန်သတည်း" ဟု နှလုံးပိုက်၍ ပယ်အပ်ပြီးသော မကောင်းသော အနံ့ရှိသော ခရုသင်းပွတ်သစ် အဆုင်းနှင့်တူသော အဖို့ရှိသော[၅] ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်သန့်ရှင်းသော နွားဏ၏ ဦးခေါင်းရိုးကို ဆောင်စေ၍ ချထားစေ၏။ ထိုကုန်သည်သည် ပင်ကိုအားဖြင့်လည်း သီလရှိ၏။ အမျက်နည်း၏။ သိမ်မွေ့နူးညံ့သော စကားလည်း ရှိ၏။ သူတစ်ပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်း ဟုတ်မှန်သည့်အတိုင်း ချီးမွမ်းတတ်၏။

ပုဆိုးဝှက်ကာ သူတစ်ပါး စိတ်ဆင်းရဲစေခဲ့မှု

ထိုကုန်သည်သည် တစ်နေ့သ၌ ရေချိုးစဉ် မေ့လျော့သဖြင့် မကြည့်ရှုဘဲ နေခဲ့သော မိမိအဆွေခင်ပွန်း၏ ပုဆိုးကို ပြောင်လှောင်လိုသော စိတ်ထားဖြင့် ဝှက်ထားပြီးလျှင် ထိုအဆွေခင်ပွန်းကို စိတ်ဆင်းရဲစေပြီးမှ ပြန်ပေးလေ၏။ ထိုကုန်သည်၏ တူဖြစ်သူသည်ကား ခိုးလိုသောစိတ်ဖြင့် သူတစ်ပါးအိမ်မှ ဥစ္စာကို ယူခဲ့၍

http://www.dhammadownload.com

ကုန်သည်၏ ဈေးဆိုင်၌သာလျှင် ထားလေ၏။ ဥစ္စာပျောက်ကို ရှာဖွေကြကုန်သော ဥစ္စာရှင်တို့သည်၌ ဥစ္စာနှင့်တကွသော ထိုကုန်သည်၏တူကိုလည်းကောင်း၊ ကုန်သည်ကိုလည်းကောင်း မင်းအား ပြသကြကုန်၏။ မင်းသည် "ဤသူ၏ဦးခေါင်းကို ဖြတ်ကြကုန်လော့၊ ထိုသူ၏ တူကိုကား တဲကျင်၌ တင်ကြလေကုန်" ဟု စေလိုက်လေ၏။ မင်းချင်းယောကျ်ားတို့သည်လည်း ထိုမင်းအမိန့်အတိုင်းပင်-မဆိုင်းမတွ ပြုလုပ်ကြလေကုန်၏။

ကောင်းတာလုပ်ကောင်းကျိုးရ

ထိုကုန်သည်သည် စုတေကွယ်လွန်၍ ဘုမ္မစိုးနတ်တို့၌ ဖြစ်လေ၏။ ထိုနတ်သည် နွားဈေး၏ ဦးခေါင်းရိုးတို့ဖြင့် တဲတားခင်းအပ်ခဲ့ဖူးသော ကောင်းမှုကြောင့် စိတ်နှင့်တူသော လျင်ခြင်းရှိသော ဖြူသောအဆင်းရှိသည့် နတ်၌ဖြစ်သော မြင်းအာဇာနည်ကို ရလေ၏။ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကုန်သော သူတို့၏ ချီးမွမ်းအပ်သော ကျေးဇူးကို ဆိုခြင်းကြောင့် ထိုနတ်၏ကိုယ်မှ နတ်၌ဖြစ်သော အနံ့သည် ကြိုင်လှိုင်ပျံ့သင်း၏။

မကောင်းမှုလုပ် မကောင်းကျိုးဖြစ်

ပုဆိုးကိုဝှက်၍ ထားခဲ့မိသော မကောင်းမှုကြောင့်ကား သူသည် အဝတ်မဆီးကိုယ်လုံးတီးချည်းသာ ဖြစ်ရရှာလေ၏။ ထိုနတ်သည် ရှေးက မိမိပြုအပ်ခဲ့ဖူးသော ကံကို ကြည့်ရှုမိသည်ရှိသော် ထိုကံကို အစဉ်လျှောက်သဖြင့် မိမိ၏တူကို တဲကျင်၌ တင်အပ်သည်ကိုမြင်၍ သနားခြင်းဖြင့် တိုက်တွန်းအပ်ရကား မနောဓေ မြင်းအာဇာနည်ကို တက်စီး၍ သန်းခေါင်ယံထက်၌ တူ၏ တဲကျင်လျှိုရာအရပ်သို့ သွား၍ မနီးမဝေးသောအရပ်၌ ရပ်တန့်ပြီးကာ "အိုအချင်း အသက်ရှင်စေသတည်း၊ အသက်ရှည်ခြင်းသည်သာလျှင် သင့်အား မြတ်၏"ဟု နေ့ဆိုင်း နေ့တိုင်း ဆိုလေ၏။

လင်ရှိမယားကိုပြစ်မှားရန် ကြံစည်ခြင်း

ထိုအခါ အမွှသက္ကရမင်းသည် မြတ်သော ဆင်ကျောက်ကုန်းထက်သို့ တက်စီးလျက် မြို့ကိုလက်ယာရစ် လှည့်လည်သည်ကို ပြုသည်ရှိသော် တစ်ခုသောအိမ်၌ လေသောက်တံခါးကိုဖွင့်၍ မင်း၏ တင့်တယ်ခြင်းကို ကြည့်ရှုနေသော တစ်ယောက်သော မိန်းမကို မြင်သည်ရှိသော် တပ်မက်သောစိတ် ရှိသည်ဖြစ်၍ နောက်တော်ပါး၌ ခစားလျက်ထိုင်နေသော မင်းချင်းယောကျ်ားအား "ဤအိမ်ကိုလည်းကောင်း၊ ဤမိန်းမကိုလည်းကောင်း စုံစမ်းပါလော့" ဟု အမှတ်သညာကိုပေး၍ အစဉ်အားဖြင့်

http://www.dhammadownload.com

မိမိ၏ နန်းတော်သို့ဝင်လျက် "အချင်းယောကျ်ား သွားချေ၊ ထိုမိန်းမအား လင်ရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ လင်မရှိသည်၏ အဖြစ်ကိုလည်းကောင်း သိအောင် ပြုချေလော့" ဟု ထိုယောကျ်ားကို စေလွှတ်လိုက်လေ၏။ ထိုယောကျ်ားသည်လည်း သွားရောက်၍ ထိုမိန်းမအား လင်ရှိသောအဖြစ်ကို သိရလေလျှင် မင်းကြီးအား လျှောက်ကြားလေ၏။ မင်းသည် ထိုမိန်းမအား သိမ်းဆည်းရရှိနိုင်ခြင်းအကြောင်းကို ကြံစည်လျက် ထိုမိန်းမ၏ လင်ယောကျ်ားကိုခေါ်စေ၍ "အချင်းယောကျ်ား . လာခဲ့လော့၊ ငါ့အား ခစားခြင်းအမှုကို ပြုလော့" ဟု ဆိုလေ၏။

ထိုယောကျ်ားသည် ခစားခြင်းငှာ အလိုမရှိပါသော်လည်း "မင်းသည် မိမိ၏ စကားကို မလိုက်နာသည်ရှိသော် ငါ့အား မင်းဒဏ်ကို ထားရာ၏" ဟု နှလုံးပြုကာ ကြောက်လေသောကြောင့် မင်းအား ခစားခြင်းကို ဝန်ခံပြီးလျှင် နေ့စဉ်နေ့စဉ် မင်းအား ခစားခြင်းငှာ သွားလေ၏။

သူ့မယားယူလို၍ လင်ကိုအပြစ်ရှာ

အမွှသက္ကရအမည်ရှိသော မင်းသည်လည်း ထိုယောကျ်ားအား လခရိက္ခာကို ပေးစေ၍ နှစ်ရက်သုံးရက်လွန်သဖြင့် စောစောကသာလျှင် မင်းအား ခစားအံ့သောငှာ လာသော ထိုယောကျ်ားကို "အချင်းယောကျ်ား လာလော့၊ ဤမည်သောအရပ်၌ တစ်ခုသော ရေကန်သည် ရှိ၏၊ ထိုရေကန်မှ နေအရောဏ်အဆင်းကဲ့သို့ အဆင်းရှိသော မြေညက်ကိုလည်းကောင်း၊ ကြာတို့ကိုလည်းကောင်း ဆောင်ခဲ့လော့၊ အကယ်၍ ယနေ့ပင်လျှင် ပြန်ရောက်အောင် မလာနိုင်သည်ဖြစ်အံ့၊ သင်အသက်သည် မရှိပြီ" ဟု ဤသို့ဆို၏။ ထိုယောကျ်ားသွားပြီးသည်ရှိသော် တံခါးစောင့်ကို "ယနေ့ နေမဝင်မီကသာလျှင် အလုံးစုံသော တံခါးတို့ကို ပိတ်ကြကုန်လော့" ဟု ဆိုလေ၏။

ရေကန်စောင့်ဘီလူးနှင့်တွေ့ခြင်း

ထိုရေကန်သည်လည်း ဝေသာလီပြည်မှ သုံးယူဇနာထက်၌ ရှိ၏။ ထိုမျှလောက်ဝေးသော်လည်း ထိုယောကျ်ားသည် သေဘေးဖြင့် ခြိမ်းခြောက်အပ်သည်ဖြစ်၍ လေ၏လျင်ခြင်းကဲ့သို့ လျင်စွာသောအဟုန်ဖြင့် သွားလေသည်ရှိသော် နံနက်အခါ၌ သာလျှင် ထိုရေကန်သို့ ရောက်လေ၏။ "ထိုရေကန်ကိုလည်း ဘီလူးတို့သည် သိမ်းဆည်းအပ်၏" ဟု ရှေးမဆွကပင်လျှင် ကြားဖူးသည်၏အဖြစ်ကြောင့် ကြောက်သဖြင့် ထိုယောကျ်ားသည် "ဤရေကန်၌ တစ်စုံတစ်ခုသော ဘေးရန်သည် ရှိလေသလော" ဟု ထက်ဝန်းကျင်မှ အစဉ်လှည့်လည်၏။ ထိုယောကျ်ားကိုမြင်၍ ရေကန်စောင့် ဘီလူးသည် သနားသောသဘောရှိရကား လူ၏အသွင်ဖြင့် ချဉ်းကပ်

http://www.dhammadownload.com

လာ၍ "အချင်း ယောကျ်ား အဘယ်အကျိုးငှာ ဤအရပ်သို့ ရောက်လာသနည်း" ဟု မေးလေ၏။ ထိုယောကျ်ားသည် ဘီလူးအား ထိုဖြစ်ပုံအကြောင်းစုံကို ပြောကြားလေ၏။ ဘီလူးသည် "ယင်းသို့ဖြစ်သည်ရှိသော် အလိုရှိတိုင်း ယူလော့" ဟုဆို၍ မိမိ၏ နတ်အသွင်ကိုပြ၍ ကွယ်ပျောက်လေ၏။

မြေညက်နှင့်ကြာနီယူ၍ အချိန်မီလာသော်လည်း တံခါးပိတ်ထားကြပုံ

ထိုယောကျ်ားသည် ထိုရေကန်၌ နေအရုဏ်အဆင်းကဲ့သို့ အဆင်းရှိသော မြေညက်ကိုလည်းကောင်း၊ ကြာနီတို့ကိုလည်းကောင်းယူ၍ နေမဝင်မီ မြို့တံခါးသို့ ရောက်လေ၏။ ထိုယောကျ်ားကိုမြင်လျှင် တံခါးစောင့်သည် ထိုယောကျ်း အော်ဟစ်ပြောဆိုစဉ်ပင်လျှင် တံခါးကို ပိတ်လေ၏။ ယောကျ်ားသည် တံခါးပိတ်သည်ရှိသော် ဝင်ရာကို မရသည်ဖြစ်၍ တံခါး၏အနီး တံကျင်၌ လျှိုတင်၍ထားသော ယောကျ်ား ကိုမြင်၍ "ငါသည် နေမဝင်မီကပင် ပြန်လာသည် ဖြစ်ပါလျက် ထိုသူတို့သည် ငါအော်ဟစ်ပြောဆိုစဉ်မှာပင်လျှင် တံခါးကို ပိတ်ကုန်၏။ ငါသည် အချိန်မီသာလျှင် ပြန်လာခဲ့၏။ ငါ့အား အပြစ်မရှိကြောင်းကို သင်သည်လည်း သိသည်ဖြစ်စေသတည်း" ဟု သက်သေပြုလေ၏။

ပြိတ္တာကိုသက်သေထူ

ထိုစကားကိုကြား၍ ယောကျ်ားသည် "တံကျင်၌ လျှိုအပ်လျက် သတ်ထိုက်သည်ဖြစ်၍ သေခြင်းသို့ ရှေးရှုနေသော ငါသည် အဘယ်သို့လျှင် သင်၏သက်သေဖြစ်နိုင်အံ့နည်း၊ ထိုသို့ ငါသည် သက်သေမဖြစ်နိုင်သော်လည်း ဤအရပ်၌ တစ်ယောက်သော တန်ခိုးကြီးသည့် ပြိတ္တာသည် ငါ၏အနီးသို့ လာလတ္တံ့၊ ထိုပြိတ္တာကို သက်သေပြုလော့" ဟု ဆိုလေ၏။ "ဆိုပြိတ္တာကို ငါသည် အဘယ်သို့လျှင် သိရအပ်သနည်း" ဟု ဆိုသည်ရှိသော် "သင်သည် ဤအရပ်၌သာလျှင် ရပ်တည်၍နေလော့၊ မိမိကိုယ်တိုင်သာလျှင် မြင်ရလတ္တံ့" ဟု ဆိုလေ၏။ ယောကျ်ားသည် ထိုအရပ်၌ ဆက်၍ ရပ်နေသည်ရှိသော် ညဉ့်၏ထက်ဝက် သန်းခေါင်ယံ၌လာသော ထိုပြိတ္တာကိုမြင်၍ သက်သေပြုလေ၏။

မင်းပြစ်မင်းဒဏ်ပေးရန်

ညဉ့်မိုးသောက်၍ အလင်းသို့ရောက်လတ်သော် "သင်သည် ငါ၏အာဏာကို လွန်ဆန်၏၊ ထို့ကြောင့် သင့်အား ရာဒဏ်သင့်အံ့" ဟု မင်းကြီးသည် ဆိုလေလျှင် "အရှင်မင်းကြီး အကျွန်ုပ်သည် အရှင်မင်းကြီး၏ အာဏာကို မလွန်ဆန်ဝံ့ပါ၊ နေ

http://www.dhammadownload.com

မဝင်မီကပင်လျှင် အကျွန်ုပ်သည် ဤအရပ်သို့ ရောက်ပါ၏" ဟု သံတော်ဦးတင်လေ၏။ "ထိုသို့ နေမဝင်မီ ရောက်သည်ဆိုရာ၌ သင်၏သက်သေကား အဘယ်သူနည်း" ဟု မင်းကြီးက မေးလေလျှင် "တံကျင်လျှိုအပ်သော ယောကျ်ား၏အထံသို့ လာသော အဝတ်မဆီးသော ပြတ္တာသည် အကျွန်ုပ်၏ သက်သေပါတည်း" ဟု ယောကျ်ားက ညွှန်ပြ၍ "ထိုပြိတ္တာကို ငါတို့သည် အဘယ်သို့လျှင် ယုံကြည်ရအံ့နည်း" ဟု မင်းကြီးက ဆိုပြန်သည်ရှိသော် "ယနေ့ညဉ့်၌ သင်မင်းကြီးတို့သည် ယုံကြည်ထိုက်သော မင်းချဝ်းယောကျ်ားတစ်ယောက်ကို ကျွန်ုပ်နှင့်အတူ စေတော်မူပါလော့" ဟု သံတော်ဦးတင်လေ၏။

မင်းနှင့်ပြိတ္တာတို့ တွေ့ကြခြင်း

ထိုစကားကိုကြား၍ မင်းသည် ကိုယ်တော်တိုင်သာလျှင် ယောကျ်ားနှင့်အတူ တကွ ထိုအရပ်သို့သွား၍ ပြိတ္တာသည်လည်း ထိုအရပ်သို့လာ၍ နေလေ၏။ "အချင်း ယောကျ်ား အသက်ကို ရှင်စေလော့၊ သင့်အား အသက်ရှင်ခြင်းသည်သာလျှင် မြတ်၏" ဟု ဆိုသည်ရှိသော် "သေယျာ ဒိသဇ္ဇာနယိမဿ အတ္ထိ" အစရှိသော ငါးဂါထာတို့ဖြင့် မင်းကြီးက ထိုပြိတ္တာကို တဖန် မေးမြန်းလေ၏။

ယခုအခါ၌ အစမှစ၍ "ဝေသာလိ နာမ နဂရတ္ထိ ဝဇ္ဇီနံ" အစရှိသော ဂါထာတို့ကို ထိုဂါထာတို့၏ အဆက်အစပ်ကို ပြခြင်းအကျိုးငှာ သင်္ဂါယနာတင်မထေရ်တို့သည် ထားတော်မူအပ်ကုန်၏။

> ၅၁၇။ ဝေသာ့လိ နာမ နဂရတ္ထိ ဝဇ္ဇီနံ၊
> တတ္ထ အဟု လိစ္ဆဝိ အမ္မသက္ကရော။
> ဒိသွာန ပေတံ နဂရဿ ဗာဟိရံ၊
> တတ္ထေဝ ပုစ္ဆိတ္ထ တံ ကာရဏတ္ထိကော။

၅၁၇။ ဝဇ္ဇီနံ၊ ဝဇ္ဇီမင်းတို့၏။ ဝေသာလီနာမ၊ ကမ္ဘာအတွင်း ကျော်သင်းပျံ့တည် ဝေသာလီမည်သော။ နဂရံ၊ သာယာထူးလည် မြို့ရွှေပြည်သည်။ အတ္ထိ၊ ရှိပေ၏။ တတ္ထ၊ ထိုကမ္ဘာအတွင်း ကျော်သင်းပျံ့တည် ဝေသာလီပြည်၌။ အမ္မသက္ကရော၊ အမ္မသက္ကရ အမည်ရသော။ လိစ္ဆဝိ၊ ဘုန်းအာဏာပြင်း လိစ္ဆဝီမင်းသည်။ အဟု၊ နိုးစံပိုင်နင်း ပြည့်ရှင်မင်း ဖြစ်လေ၏။ သော ဂုဏာ၊ ဘုန်းအာဏာပြင်း ထိုလိစ္ဆဝီမင်းသည်။ နဂရဿ၊ မြို့ဝေသာလီ နာမည်တွင်လတ် ပြည်တော်မြတ်၏။ ဗာဟိရံ၊ မဝေးကွာလှ အပြင်ပ၌။ ပေတံ၊ ဘုမ္မစိုးမည်လတ် ပြိတ္တာနတ်ကို။ ဒိသွာန၊ ဒိဋ္ဌရှေ့တွင် တွေ့မြင်ရ၍။ တတ္ထေဝ၊ ထိုဘုမ္မစိုးပြိတ္တာ တွေ့မြင်ရာအရပ်၌ပင်လျှင်။ တံ ပေတံ၊ ဘုမ္မစိုး

http://www.dhammadownload.com

ဆယ်ယောဇနာမြင်းပြိုးပြိုးထွက်ပြေး ပဉ္စသီလကို ရှေးရှုသော ကြောင်းကြီး။ ။

http://www.dhammadownload.com

http://www.dhammadownload.com

မည်လတ် ထိုပြိတ္တာနတ်ကို။ ကာရဏာတ္ထိကော၊ "ဇဝ ဘော ဇဝိတမေဝ သေယျော" ဟု ရွတ်ဆိုအပ်သည့် စကားအကြောင်းကို အလိုရှိအပ်သည်ဖြစ်၍။ ပုစ္ဆိတ္ထ၊ ထင်ရှား မသွေ မေးအပ်လေပြီ။

၅၁၈။ သေယျာ နိသဇ္ဇာ နယိမဿ အတ္ထိ၊
အဘိက္ကမော နတ္ထိ ပဋိက္ကမော စ။
အသိတပီတခါယိတဝတ္ထဘောဂါ၊
ပရိစာ ရိကာ သာပိ ဣမဿ နတ္ထိ။

၅၁၈။ ယက္ခ၊ သင်သေအရာလာ၍တည်လတ် အို ဘုမ္မစိုးနတ်။ ဣမဿ၊ ရိုက်နှက်တပ်ဆင် တဲကျင်လျှိုထား ဤယောကျ်ားအား။ သေယျာ စ၊ ကျောကို ဖြောင့်စင်း၍ အိပ်ခြင်းသည်လည်းကောင်း။ နိသဇ္ဇာစ၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေခြင်း သည်လည်းကောင်း။ နတ္ထိ၊ မရရှိနိုင်ချေ။ အဘိက္ကမောစ၊ ခြေကိုမြှောက်လျှက် ရှေ့သို့တက်ခြင်းသည်းလည်းကောင်း။ ပဋိက္ကမော စ၊ ခြေကိုကြွယုတ် နောက်သို့ ဆုတ်ခြင်းသည်လည်းကောင်း။ နတ္ထိ၊ အနုည်းငယ်မျှ မရရှိနိုင်ချေ။ ယာ အသိတပီတ ခါယိတဝတ္ထဘောဂါ၊ အကြင်စားသောက်ခဲဖွယ် အသွယ်သွယ်ကို သုံးဆောင်ရာဟု ဆိုအပ်သော။ ပရိစာရိကာ၊ ငြိမ်သက်တည်စွာ ဣန္ဒြေကိုသာ သုံးဆောင်ခံစားခြင်း သည်။ အတ္ထိ၊ ရှိ၏။ သာပိ၊ ထိုဆိုခဲ့ပြီး အလုံးစုံသော အမွှသည်လည်း။ ဣမဿ၊ တဲကျင်လျှိုထား ဤယောကျ်ားအား။ နတ္ထိ၊ တစိုးတစိမျှ မရှိရှာပေ။

၅၁၉။ ယေ ဉာတကာ ဒိဋ္ဌသုတာ သုဟဒ္ဒာ၊
အနုကမ္မကာ ယဿ အဟေသုံ ပုဗ္ဗေ။
ဒဋ္ဌုမ္မိ တေ ဒါနိ နံ တံ လဘန္တိ၊
ဝိရာဓိတတ္တော ဟိ ဇနေန တေန။

၅၁၉။ ယက္ခ၊ ဘုမ္မစိုးဖြစ်လတ် အို ပြိတ္တာနတ်။ ဣမဿ၊ တဲကျင်လျှိုထား ဤယာကျ်ားအား။ ဒိဋ္ဌသုတာ၊ ရှေ့၌ အထူးမြင်ဖူး ကြားဖူးကုန်သော။ သုဟဒ္ဒာ၊ ချစ်ခင်ပို့မို အလွန်အလိုရှိအပ်ကုန်သော။ အနုကမ္မကာ၊ ငဲ့ညှာထောက်ထား အစဉ်သနား တတ်ကုန်သော။ ယေဉာတကာ၊ ချစ်ခင်ပေါင်းသင်း ရောင်းရင်းထွေထွေ အကြင် အမျိုးအဆွေတို့သည်။ ယဿ၊ တဲကျင်လျှိုထား အကြင်ယောကျ်ားအား။ ပုဗ္ဗေ၊ ဤသို့ဒုက္ခ မခံရမီ ရှေးအခါဆီ၌။ အဟေသုံ၊ ပေါများပြည့်စုံ ရှိသည်ဖြစ်ကုန်၏။ ဒါနိ ဣဒါနိ၊ ဆင်းရဲဖိစီး သောဘေးနှိပ်လာ ယခုလိုအခါ၌။ တေ၊ ချစ်ခင်ပေါင်းသင်း ရောင်းရင်းထွေထွေ ထိုအဆွေအမျိုးတို့သည်။ တံ၊ သောဘေးနှိပ်ငြား ထိုယောကျ်ား

49 A

http://www.dhammadownload.com

ကို။ ဒဠ္ဍမြို့၊ တစ်ခဏမျှ ကြည့်ရှုခြင်းငှာ။ နှ လဘန္တိ၊ အခွင့်လုံးဝ မရကြကုန်။ ဟိ၊ စင်စစ်သော်ကား။ တေန ဧနေန၊ ထိုဆွေမျိုးစစွာ ရင်းချာသောင်းပြောင်း လူအပေါင်းသည်။ ဝိရာဇိတတ္တော၊ ဒုက္ခကြုံမူကယ်သူမကပ် ပယ်စွန့်အပ်သော သဘော ရှိ၏။

၅၂၀။ နှ သြဂ္ဂတတ္တသ ဘဝန္တိ မိတ္တာ၊ ဧဟန္တိ မိတ္တာ ဝိကလဲ ဝိဒိတ္တာ။
အတ္ထဋ္ဌ ဒိသွာ ပရိဝါရယန္တိ၊ ဗဟူ မိတ္တာ ဥဂ္ဂတတ္တသ ဟောန္တိ။

၅၂၀။ သြဂ္ဂတတ္တသ၊ ဝိညာဉ်ကင်းကွာ သေရွာသို့ ရောက်သောသူအား။ မိတ္တာ၊ အားထားစရာ ရင်းချာတူနေ မိတ်ဆွေတို့သည်။ နှ ဘဝန္တိ၊ အမှန်စင်စစ် ဧကန်ပင် မဖြစ်ကုန်။ မတော၊ ဇီဝိန်ပျက်ကြွေ အသက်သေသူကို။ တိဋ္ဌတု၊ ထင်ရှား မရှိတော့သဖြင့် ထားလိုက်ဘိဦး။ ဝိကလဲ၊ ဇီဝိန်မပျက် အသက်ရှင်ကာ ဂုဏ်ဝါကင်း မဲ့ ဥစ္စာချို့တဲ့ရှာသောသူကို။ ဝိဒိတ္တာ၊ သိရှိကြ၍။ မိတ္တာ၊ ဆွေမျိုးမိတ်ဆွေ အတူ နေတို့သည်။ ဧဟန္တိ၊ လုံးဝပယ်ခွာ စွန့်ပစ်ကြပါကုန်၏။ *တဿ ပန၊ ထိုသူသည်ကား။ အတ္ထဋ္ဌ၊ စည်းစိမ်ချမ်းသာ အဖြာဖြာကိုသာလျှင်။ ဒိသွာ၊ တွေ့မြင်ရသည်ရှိသော်။ ပိယဝါဒိနော၊ ချစ်ဖွယ်စကား မြွက်ကြားကြကုန်လျက်။ ပရိဝါရယန္တိ၊ လောကွတ်မနေး မျက်ချိုသွေးလျက် လုပ်ကျွေးခြံရံကြကုန်၏။ ဥဂ္ဂတတ္တသ၊ စည်းစိမ်ချမ်းသာ ပြည့်စုံစွာရှိသောသူအား။ ဗဟူ၊ နံနက်နေ့ည ကာလမဆိုင်း နေရာတိုင်းမှာ များပြားစွာကုန်သော။ မိတ္တာ၊ ဆွေမျိုးမိတ်ဆွေ အတူနေတို့သည်။ ဟောန္တိ၊ တမင်တကာ လိုက်မရှာဘဲ သူ့ဘာသာအလျောက် ပေါ်ပေါက်ဖြစ်လာကြကုန်၏။ အယံ၊ ဤသည်ကား။ သဘာဝေါ၊ လောကီဘုံသား လူအများ၏ မမှားအစစ် ဓမ္မတာကြီး ဖြစ်ပေသတည်း။

၅၂၁။ နိဟီနတ္တော သဗ္ဗဘောဂေဟိ ကိဉ္စော၊
သမ္မက္ခီတော သမ္မရိဘိနှဂတ္တော။
ဥဿာဝဓိန္နူဝ ပလိမ္ပမာနော၊
အဓွ သုဂေ ဇီဝိတသ္မုပရောဓော။

၅၂၁။ သဗ္ဗဘောဂေဟိ၊ အလုံးစုံသော စည်းစိမ်ချမ်းသာ အဖြာဖြာတို့မှ။ နိဟီနတ္တော၊ အစဉ်ယိုယွင်း ဆုတ်ယုတ်ခြင်းသဘောရှိ၏။ ကိဉ္စော၊ ဆင်းရဲရစ်လွှမ်းပင်ပန်းငြိုငြင့်၏။ သမ္မက္ခီတော၊ နိုနိုတွေးတွေး သွေးလိမ်းကျဲသောကိုယ်လည်းရှိ၏။ သမ္မရိဘိနှဂတ္တော၊ တဲကျင်အတွင်း ဖောက်ထွင်းစူးဝင်အပ်သော ကိုယ်လည်းရှိ၏။ ဥဿာဝဓိန္နူ ဝပလိမ္ပမာနော၊ မြက်အဖျားမှာ ကပ်ရောက်လာသည့် ဆီးနှင်း

http://www.dhammadownload.com

ပမာ။ အဓွသုဝေ၊ ယနေ့နက်ဖြန် ဤနှစ်တန်၌။ ဣမဿ၊ တဲကျင်လျှိုထား ဤယောကျ်ား၏။ ဒီဝိတဿ၊ ရုပ်နာမ်နှစ်ချက် ဒီဝိန်သက်၏။ ဥပရောဓေ၊ အဆုံးသို့ရောက် ချုပ်ပျောက် ပျက်စီးခြင်းသည်။ ဇာတော၊ ဇနန်မသွေ ဖြစ်နိုင်တန်ပေ၏။ တတော၊ မှန်းဆထားချက် ထိုနှစ်ရက်အလွန်။ နု ပဝတ္တတိ၊ အသက်ရှည်၍ တည်နေခြင်းငှာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

၅၂၂။ **တောဒိသဲ ဥတ္တမကိစ္စပ္ပတ္တဲ၊**
ဥတ္တာသိတဲ ပုစိမန္ဒဿ သူလေ။
အထ တွံ ကေန ဝဏ္ဏေန ဝဒေသိ ယက္ခ၊
ဇိဝ ဘော ဇီဝိတမေဝ သေယ္ယော။

၅၂၂။ ယက္ခ၊ အို ဘုမ္မစိုးနတ်။ တောဒိသဲ၊ ဤသို့ သဘောရှိသော။ ဥတ္တမကိစ္စပ္ပတ္တဲ၊ အလွန်အကြူး အထူးသဖြင့် ငြိုငြင်ခြင်းသို့ ရောက်သော။ ပုစိမန္ဒဿ၊ အရွက်အခက် စပ်လျက်စိမ်းလွင် တာမာပင်၏။ သူလေ၊ အသားကိုခုတ် ပြုလုပ် ပြင်ဆင် တုတ်တဲကျင်၌။ ဥတ္တာသိတဲ၊ ရိုက်ထွင်းဖောက်တပ် တင်လျှိုအပ်၏။ အထ၊ ထိုသို့ ဆင်းရဲကြီးစွာ ခံနေရသည် ဖြစ်ပါလျက်။ တွံ၊ သင်နတ်သားသည်။ ကေနဝဏ္ဏေန၊ ဘယ်ကိုမျှော်တောင်း ဘယ်အကြောင်းကြောင့်။ ဇီဝ ဘော, ဇီဝိတ မေဝ သေယ္ယောတိ၊ ဇီဝဘော, ဇီဝိတမေဝ သေယ္ယောဟူ၍။ ဝဒေသိ၊ အထပ်ထပ် အခါခါ ရွတ်ဆိုအပ်ပါသနည်း။ ဣတိ၊ ဤသို့။ ရာဇာ၊ လိစ္ဆဝီမင်းသည်။ ပုစ္ဆိ၊ မေးမြန်းလေ၏။

ဤသို့ ငါးဂါထာတို့ဖြင့် မင်းသည် မေးအပ်သည်ရှိသော် ထိုပြိတ္တာသည် မိမိ၏ဆန္ဒကို ထင်ရှားပြလိုသည်ဖြစ်၍ "သာလောဟိတော" အစရှိသော ဂါထာ ဘို့ကို ဆိုလေ၏။

၅၂၃။ **သာလောဟိတော ဇသ အဟောသိ မယ္ဟံ၊**
အဟံ သရာမိ ပုရိမာယ ဇာတိယာ။
ဒိသွာ စ မေ ကရုညမဟောသိ ရာဇ၊
မာ ပါပဓမ္မော နိရယံ ပတာယံ။

၅၂၃။ ရာဇ၊ ဘုရင်မင်းမြတ်။ ဇသော ပုရိသော၊ တဲကျင်သွင်းထား ဤယောကျ်ားသည်။ မယ္ဟံ၊ ယခုမြင်လတ် အကျွန်ုပ်ဘုမ္မစိုးနတ်၏။ သာလောဟိတော၊ သားချင်းမသွေ မိဆွေဘမျိုးသည်။ အဟောသိ၊ ဖြစ်၏။ အဟံ၊ ယခုပြောကြားသည့် အကျွန်ုပ်နတ်သားသည်။ ပုရိမာယ ဇာတိယာ၊ လွန်ခဲ့ပြီးစွ ရှေးဘဝ၌။ သရာမိ၊ ဆင်

http://www.dhammadownload.com

ခြင်သတိနှင့် အောက်မေ့မိပါ၏။ ပါပဓမ္မော၊ ဒုစရိုက်လွှမ်း အမိုက်သမ်း၍ ညစ်ညမ်းယုတ်မာသော သဘောရှိသော။ အံ့ယဲ့ပုရိသော၊ ယခုမျက်မှောက် ဒုက္ခရောက်ငြားဤယောကျ်ားသည်။ မတော၊ ကွယ်လွန်သည်ရှိသော်။ နိရယဲ၊ ဤဒုက္ခထက် ဆတက်ကဲရာ ငရဲရွာသို့။ ပတိ၊ ကေန်မုချ ကျရောက်ရလတ္တံ့။ ဣမံကာရဏာ၊ ငရဲတံခါးကျော်ရောက်ရမည့် ဤအကြောင်းကို။ ဒိသွာစ၊ မျှော်တွေးဆင်ခြင်တွေ့မြင်၍သာလျှင်။ မေ၊ ဆွေမျိုးတော်စပ် ငါဘုမ္မစိုးနတ်၏။ ကာရည့်၊ လာမည့်အရေး အစဉ်တွေးကာ သနားခြင်းကရုဏာသည်။ အဟောသိ၊ ဖြစ်ခဲ့ပြီ။ တသွာ၊ ထို့ကြောင့်။ ဣမသ၊ ဤယောကျ်ားအား။ တံ ဒုက္ခံ၊ ထိုဆင်းရဲဒုက္ခသည်။ မာ ဥပဂဒ္ဓီ၊ မဖြစ်ပါစေလင့်။

၅၂၄။ ဣတော စုတော လိစ္ဆဝိ ဒသ ပေါသော၊
သတ္တာဿဒံ နိရယံ ယောရဏ္ဍပံ။
ဥပပဇ္ဇတိ ဒုက္ကဋကမ္မကာရီ၊
မဟာဘိတာပံ ကဋ္ဌကံ ဘယာနကံ။

၅၂၄။ လိစ္ဆဝိ၊ ရေမြေပိုင်သ နရသေဋ္ဌနှင့် လိစ္ဆဝီမင်းမြတ်။ ဒသ ဒသော ပေါသော၊ တံကျင်တပ်လျှို ဒုက္ခပိုငြား ဤယောကျ်ားသည်။ ဣတော၊ ဤလူ့ပြည်လောက လူ့ဘဝမှ။ စုတော၊ ဇီဝိန်ပျက်ကြွေ စုတေသည်ရှိသော်။ သတ္တာဿဒံ၊ ယုတ်မာညစ်ကျ။ မကောင်းမှုကို ပြုလုပ်သည့် သတ္တဝါတို့ဖြင့် ပြည့်သော။ ဝါ၊ တစ်နည်းသော်ကား။ သတ္တာဿဒံ၊ ငါးပါးသော နှောင်ဖွဲ့ခြင်း, ခံတွင်း၌ ပူပြင်းသော သံရည်ကို သွန်းလောင်းခြင်း, လွန်စွာပူလောင် မီးကျီးဆောင်သို့ တက်စေခြင်း, အငွေ့ထောင်းထပူကျက်လှသော သံအိုးကင်း၌ ထည့်ခြင်း, သန်လျက်ရွက်ရှိသော တောသို့ ဝင်ရခြင်း, ကြိမ်ပိုက်ချောင်း၌ချခြင်း, ဆင်းရဲတကာ မတူသာသည့် များစွာထန်သည်းငရဲကြီးတို့အတွင်း၌ သွင်းခြင်းဟုဆိုအပ်သော ဤခုနစ်ဖြာ ရှန့်ရင်းစွာသော အကြောင်းတို့ဖြင့် အဆင့်ဆင့်စီရင်အပ်သော။ ယောရဏ္ဍပံ၊ ထွန့်ထွန့်လူးအောင် အထူးနှိပ်စက်သဖြင့် ကြောက်မက်ဖွယ်သော သဘောရှိသော။ မဟာဘိတာပံ၊ အပူတကာ မယှဉ်သာအောင် ကြီးစွာထန်သည်း ပူပြင်းသောမီးလည်းရှိသော။ ကဋ္ဌကံ၊ စင်စစ်ခါးစပ် အလိုမရှိအပ်သော။ ဘယာနကံ၊ မပြတ်မလပ် ဘေးကိုဖြစ်စေတတ်သော။ နိရယံ၊ မမြင်ဝံ့ မကြားဝံ့အောင် ပိတ်လှောင်သတ်ညှဉ်း ငရဲတွင်းသို့။ ဒုက္ကဋကမ္မကာရီ၊ ဒုစရိုက်စု မကောင်းမှုကို ပြုစုလေ့ရှိသောသူသဲသည်။ ဟုတွာ၊ ဖြစ်သောကြောင့်။ ဥပပဇ္ဇတိ၊ ကျရောက်ဖြစ်ကာ ခံစားရရှာတော့အံ့။

http://www.dhammadownload.com

၅၂၅။ အနေကဘာဂေန ဂုဏော သေယျော၊
အယမေဝ သူလော နိရယေန တေန။
ဧကန္တဒုက္ခံ ကဋုကံ ဘယာနကံ၊
ဧကန္တိတိဗ္ဗံ နိရယံ ပတာယံ။

၅၂၅။ ဣမသ၊ ဤယောကျ်ားအား။ အယမေဝ သူလော၊ ဤတံကျင်တွင်း လျှိုသွင်းခံ၍ နေရခြင်းသည်ကား။ တေန နိရယေန၊ ဒုက္ခလွန်ကဲ ထိုငရဲထက်။ အဓနကဘာဂေန၊ အဆမျှားစွာ မကသာသည့် အဖို့ရှိသော။ ဂုဏော၊ ဂုဏ်ကျေး ဇူး ဖြင့်။ သေယျော၊ အတိုင်းထက်အလွန် သာလွန်လှပါ၏။ ဧကန္တဒုက္ခံ၊ ဧကန်မလွဲ ဆင်းရဲလှစွာသော။ ကဋုကံ၊ အလိုမရှိအပ်သော။ ဘယာနကံ၊ မပြတ်မလပ် ဘေး ကိုဖြစ်စေတတ်သော။ ဧကန္တတိဗ္ဗံ၊ စင်စစ်ထက်မြက် ပူလောင်သော မီးရှိသော။ နိရယံ၊ လွန်စွာဆင်းရဲ ပါယ်ငရဲသို့။ အယံပါပပုရိသော၊ ယုတ်မာညစ်ကျူ မကောင်း မှုကို ပြုစုခဲ့ငြား ဤယောကျ်ားသည်။ ပတိ၊ စင်စစ်မသွေ ကျရောက်ပေလတ္တံ့။

၅၂၆။ ဣဒဉ္စ သုတ္တာ ဝစနံ မမေသော၊
ဒုက္ခူပနီတော ဝိဇဟေယျ ပါဏံ။
တသ္မာ အဟံ သန္တိကေ န ဘဏာမိ၊
မာ မေ ကတော ဇီဝိတသ္မာပရောဓော။

၅၂၆။ ရာဇ၊ လိစ္ဆဝီမင်းမြတ်။ မမ၊ အကျွန်ုပ် ဘုမ္မစိုးနတ်၏။ ဣဒဉ္စ ဝစနံ၊ ဆိုအပ်ပြီးသော ဤစကားကို။ ဇသော၊ တံကျင်သွင်းထား ဤယောကျ်ားသည်။ သုတ္တာ၊ ကြားသည်ရှိသော့်။ မမ ဝစနေန၊ ကျွန်ုပ်မြွက်ကြား ပြောစကားဖြင့်။ ဒုက္ခူ ပနီတော၊ ငရဲဒုက္ခသို့ မုချပင်လျှင် ကယ်တင်ပို့ဆောင်သကဲ့သို့ ဖြစ်၍။ ပါဏံ၊ မိမိ အသက်ကို။ ဝိဇဟေယျ၊ စွန့်ခဲ့ရာ၏။ တသ္မာ၊ ထို့ကြောင့်။ မေ မယာ၊ ကျွန်ုပ် ဘုမ္မစိုးနတ်သည်။ ကတော၊ ပြုအပ်သော။ ဣမသ၊ ဤယောကျ်း၏။ ဇီဝိတသ၊ ရုပ်နာမ်နှစ်ချက် ဇီဝိန်သက်၏။ ဥပရောဓော၊ ချုပ်ပျက်ခြင်းသည်။ မမ ဟေတု၊ ငါ၏အကြောင်းကြောင့်။ မာ ဟောတု၊ အမှန်စင်စစ် မဖြစ်စေသတည်း။ ဣတိ၊ ဤသို့စဉ်းစား၍။ သန္တိကေ၊ ဒုက္ခပြင်းမိ ယောကျ်း၏ထံသို့။ အဟံ၊ ကျွန်ုပ်သည်။ ဣဒံ ဝစနံ၊ ဤစကားရပ်ကို။ န ဘဏာမိ၊ ဖွင့်လှစ်ထုတ်ကာ မဆိုပါပေ။ အထ ခေါ၊ စင်စစ်သော်ကား။ ဇီဝံ ဘော, ဇီဝိတမေဝ သေယျောတိ ဣဒမေဝ၊ ဇီဝံ ဘော, ဇီဝိတ မေဝ သေယျော ဤသို့စသား စကားကိုသာလျှင်။ ဘဏာမိ၊ ဖွင့်လှစ်ထုတ်ကာ မြွက်ဆိုပါ၏။

ဤသို့ လေးဂါထာတို့ဖြင့် ပြီတ္တာသည် မိမိ၏ဆန္ဒကို ပြအပ်သည်ရှိသော်

http://www.dhammadownload.com

တစ်ဖန် မင်းသည် ပြိတ္တာ၏ဖြစ်ပုံကို မေးမြန်းခြင်းငှာ အခွင့်ကိုပြလိုသည်ဖြစ်၍ ဤသို့ ဆိုလေ၏။

၅၂၇။ အညာတော ဧသော ပုရိသဿ အတ္ထော၊
အညမ္မိ ဣစ္ဆာမသေ ပုစ္ဆိတုံ တုဝံ။
သြကာသကမ္မံ သစေ နော ကရောသိ၊
ပုစ္ဆာမ တံ နော နံ စ ကုဇ္ဈိတဗ္ဗံ။

၅၂၇။ ဘုမ္မဒေဝ၊ အို ဘုမ္မစိုး။ ပုရိသဿ၊ ယောကျ်ားအား။ အညာတော၊ သိအပ်သော။ ဧသော၊ ဤသို့ သဘောရှိသော။ အတ္ထော၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ အညမ္မိ၊ တံကျင်လျှိုထား ယောကျ်ားဖြစ်ပုံ အလုံးစုံမှတစ်ပါးလည်း။ တုဝံ၊ တန်ခိုးကြီးမြတ် သင်ဘုမ္မစိုးနတ်ကို။ ပုစ္ဆိတုံ၊ ဖြစ်ပုံခြင်းရာ အဖြာဖြာကို ကောင်းစွာမယွင်းမေးမြန်းခြင်းငှာ။ ဣစ္ဆာမသေ၊ အလိုရှိပါကုန်၏။ နော၊ အကျွန်ုပ်တို့အား။ သြကာသကမ္မံ၊ တားမြစ်မပြု အခွင့်ပေးခြင်းအမှုကို။ သစေ ကရောသိ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ တံ ဝစနံ၊ ဆက်၍ပြောကြား ထိုစကားကို။ ပုစ္ဆာမ၊ မနှေးမကြာ မေးမြန်းလိုကြပါကုန်၏။ နော အမှာကံ၊ အကျွန်ုပ်တို့အား။ နံ ကုဇ္ဈိတဗ္ဗံ၊ မာန်စောင်တက်၍ အမျက်မထွက်သင့်ပါ။ ဣတိ၊ ဤသို့၊ အာဝေါစ၊ လိစ္ဆဝီမင်းက ပြောဆိုလေ၏။

၅၂၈။ အဒ္ဓါ ပဋိညာ မေ တဒါ အဟု၊
နာစိက္ခဏာ အပွသန္နဿ ဟောတိ။
အကာမာ သဒ္ဓေယျဝစောတိ ကတွာ၊
ပုစ္ဆဿု မံ ကာမံ ယထာ ဝိသယံ။

၅၂၈။ ရာဇ၊ လိစ္ဆဝီမင်းမြတ်။ တဒါ၊ ထိုရှေးဦးစွာ မြင်သောအခါက။ ဧတံ၊ ပြောဆိုခဲ့ငြား ထိုစကားကို။ မေ၊ အကျွန်ုပ်အား။ အဒ္ဓါ၊ မချွတ်။ ပဋိညာ၊ သဘောမှန်ဖြင့် ဝန်ခံအပ်သည်။ အဟု၊ ဖြစ်၏။ အပွသန္နဿ၊ သဒ္ဓါရွှန်းစို မကြည်ညိုသေးသောသူအား။ နာစိက္ခဏာ၊ မေးသောစကားကို မဖြေကြားဘဲ နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ တုယှံ၊ သင့်အား။ အကာမာဝ၊ အလိုမရှိဘဲသာလျှင်။ သဒ္ဓေယျဝစော၊ ကောင်းစွာတည်တည် ယုံကြည်အပ်သော စကား ရှိ၏။ ဣတိ ကတွာ၊ ဤကြောင်းဖြင့်။ တံ၊ ထိုစကားကို။ ယထာဝိသယံ၊ အပိုမများသင့်အလိုအားလျော်စွာ။ ပုစ္ဆဿု၊ မနှေးမကြာ မေးမြန်းပါလော့။

ဤသို့ ပြိတ္တာသည် မေးခွင့်ပြုအပ်သည်ရှိသော် မင်းသည် ဤသို့ မေးမြန်းလေ၏။

http://www.dhammadownload.com

၅၂၉။ ယဲ ကိဋ္ဌဟဲ စက္ခုနာ ပဿိဿာမိ
သဗ္ဗမိဒွိ တာဟံ အဘိသဒ္ဒဟေယျံ။
ဒိသွာဝ တံ နောပိ စေ သဒ္ဒဟေယျံ၊
ကရေယျာသိ မေ ယက္ခ နိယဿကမ္ပံ။

၅၂၉။ ယက္ခ၊ ခွင့်ပေးပေငြား အိုနတ်သား။ အဟံ၊ အကျွန်ုပ်သည်။ ကိဋ္ဌိ၊ တစ်စုံတစ်ခုသော။ ယဲ၊ အကြောင်ဝတ္ထုကို။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿိဿာမိ၊ မျက်မှောက်ထင်ထင် တွေ့မြင်ရ၏။ သဗ္ဗမိဒွိ၊ ခပ်သိမ်းဥဿုံ အလုံးစုံလည်းဖြစ်ထသော။ တံ၊ ထိုဝတ္ထုကို။ အဟံ၊ အကျွန်ုပ်သည်။ အဘိသဒ္ဒဟေယျံ၊ စိတ်မှာစွဲတည် ယုံကြည်ပါ၏။ တံ၊ တစ်စုံတစ်ခု ထိုဝတ္ထုကို။ ဒိသွာဝ၊ မျက်စိရှေ့တွင် တွေ့မြင်လျက်သာလျှင်။ တံ ဝစနံ၊ ထိုစကားကို။ နော ပိ စေ သဒ္ဒဟေယျံ၊ အကယ်၍ကား မယုံကြည်ငြားအံ့။ ယက္ခ၊ အရှင်ဘုမ္မစိုး။ တွံ၊ သင်သည်။ မေ၊ အကျွန်ုပ်အား။ နိယဿကမ္ပံ၊ နှိပ်နှင်းမှုကို။ ကရေယျာသိ၊ ပြုမည်လော။

ထိုစကားကိုကြား၍ ပြိတ္တာသည် ဤသို့ ဆိုပြန်လေ၏။

၅၃၀။ သစ္စပုဋ္ဌည တဝ မေ'သာ ဟောတု၊
သုတ္တာန ဓမ္မံ လဘ သုပ္ပသာဒံ။
အညတ္ထိကော နော စ ပဒဒ္ဒစိတ္တော၊
ယံ တေ သုတံ အသုတဘ္ဘာပိ ဓမ္မံ။
သဗ္ဗမိဒွိ အက္ခိဿံ ယထာ ပဇာနံ။

၅၃၀။ ရာဇ၊ ဘုရင်မင်းမြတ်။ တဝ၊ သင်မင်းမြတ်၏။ ဧသော ပဋိညာ၊ ဤဝန်ခံခြင်းသည်။ မေ၊ ငါ့အား။ ပဋိစ္စ၊ စွဲ၍။ သစ္စပဋိညာ၊ မဖောက်မပြန် သဘောမှန်ဖြင့်ဝန်ခံခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဓမ္မံ၊ မြင့်မြတ်ရာလမ်း ဆောင်စွမ်းပေတတ် တရားမြတ်ကို။ သုတ္တာန၊ ကောင်းမွန်ကျန ကြားနာရ၍။ သုပ္ပသာဒံ၊ စိတ်ထားဖြူစင် ကောင်းစွာကြည်လင်ခြင်းကို။ လဘ လဘဿု၊ ရနိုင်စေလော့။ အညတ္ထိကော၊ သိခြင်းကို အလိုမရှိသည်။ ပဒဒ္ဒစိတ္တော၊ မစဉ်းမစား ပြစ်မှားသောစိတ်ရှိသည်။ နော စ ဟောတိ၊ ဖြစ်လည်း မဖြစ်သင့်။ ယဉ္စ၊ ယခုညွှန်ကြားမည့် အကြောင်တရားကိုလည်း။ ဧတ၊ သင်မင်းမြတ်သည်။ သုတံ၊ ကောင်းစွာမသွေကြားအပ်လေပြီ။ ယဉ္စ၊ အကြောင်တရားကိုလည်း။ အသုတံ၊ ကောင်းစွာမသိ မကြားမိသေး။ ယထာ စ၊ အကြောင် အခြင်းအရာအားဖြင့်လည်း။ ယံ ဓမ္မံ၊ အကြောင်တရားကို။ မယာ၊ ကျွန်ုပ်သည်။ ပဇာနံ၊ ကောင်းစွာမသွေ သိအပ်ပေ၏။ တံ သဗ္ဗံ၊ ထို

http://www.dhammadownload.com

ခပ်သိမ်းဥဿုံ အလုံးစုံကို။ တေ၊ သင့်အား။ အက္ခိဿံ၊ အစဉ်အားဖြင့် မိန့်ကြား ပေအံ့။

မင်းနှင့်ပြိတ္တာတို့ အပြန်အလှန်ပြောကြပုံ

၅၃၁။ သေတေန အဿေန အလင်္ကတေန၊
ဥပယာသိ သူလာဝုတကဿ သန္တိကေ။
ယာနံ ကုဒံ အဇ္ဈတံ ဒဿနေယျံ၊
ကိဿတံ ကမ္မဿ အယံ ဝိပါကော။

၅၃၁။ ယက္ခ၊ အရှင်ဘုမ္မစိုးနတ်။ သူလာဝုတကဿ၊ တံကျင်လျှိုထားသည့် ယောကျ်ား၏။ သန္တိကေ၊ အနီး၌။ အလင်္ကတေန၊ အလွန်လှပစွာ တန်ဆာဆင် အပ်သော။ သေတေန၊ အရောင်အသွေး ဖြူဖြူဖွေးသော။ အဿေန၊ လျင်မြန်ပြင်းထန် သိန္ဓောမြင်းပျံဖြင့်။ တံ၊ သင်နတ်သားသည်။ ဥပယာသိ၊ ကပ်ရောက်လာ၏။ ကုဒံ ယာနံ၊ လျင်မြန်ပြင်းထန် ဤမြင်းယာဉ်ပျံသည်။ အဇ္ဈတံ၊ မဖြစ်ဖူးမြဲ ထူးကဲလေစွ တကား။ ဒဿနေယျံ၊ လှပတင့်တယ် ရှုချင့်ဖွယ်ရှိစွတကား။ အယံ၊ ဤအကျိုး သည်။ ကိဿ ကမ္မဿ၊ ဘယ်လိုပြုဖန် ဘယ်ကောင်းမှုကံ၏။ ဝိပါကော၊ ဖြိုးဖြိုး ဝေဝေ အကျိုးပေးပေနည်း။

၅၃၂။ ဝေသာလိယာ နဂရဿ မဇ္ဈေ၊
စိက္ခလ္လမဂ္ဂေ နရကံ အဟောသိ။
ဂေါသီသမေကာဟံ ပသန္နစိတ္တော၊
သေတံ ဂဟေတွာ နရကသ္မိံ နိက္ခိပိ။

၅၃၂။ ရာဇ၊ အရှင်မင်းမြတ်။ ဝေသာလိယာ၊ ဝေသာလီ အမည်ရှိသော။ နဂရဿ၊ သာယာလှမ်းပေါ် နန်းမြို့တော်၏။ မဇ္ဈေ၊ အလယ်၌။ စိက္ခလ္လမဂ္ဂေ၊ သွားလာခက်ဘိ ညွန့်ဖွက်ရှိပြီး လမ်းခရီး၌။ နရကံ၊ လူသူ မဆင်း ညွန့်ချောက်တွင်းသည်။ အဟောသိ၊ အမှန်စင်စစ် ရှိသည်ဖြစ်လေ၏။ အဟံ၊ အကျွန်ုပ်သည်။ ဇာတံ၊ တစ်ခု သော။ သေတံ၊ ညစ်ကြေးမပြူ ဖွေးဖွေးဖြူသော။ ဂေါသီသံ၊ နွားဦးခေါင်းကို။ ဂဟေတွာ၊ ပင်ပန်းခံကာ သယ်ယူလာ၍။ ပသန္နစိတ္တော၊ အထူးသန့်စင် ကြည်လင် သော စိတ်ရှိသည်ဖြစ်၍။ နရကသ္မိံ၊ အသွားအလာ များစွာခက်ခဲ ညွန့်ဖွက်ရှိသော ချောက်ထဲ၌။ နိက္ခိပိ၊ လူသူအများ ချမ်းသာပွားဖို့ တံတားအလို့ငှာ ပစ်ချဖို့ကာ ခင်းထားခဲ့ပါပြီ။

http://www.dhammadownload.com

၅၃၃။ စတသ္မိ ပါဒါနိ ပတိဋ္ဌပေတ္တာ၊
မယဉ္စ အညေစ အတိက္ကမိမှာ။
ယာနံ ဣဒံ အဇ္ဈတံ ဒဿနေယျံ၊
တဿေဝ ကမ္မဿ အယံ ဝိပါကော။

၅၃၃။ ရာဇ၊ မင်းမြတ်။ စတသ္မိ၊ အများသူငါ ချမ်းသာကိုပေး ထိန်းဦးခေါင်း တံတားလေးခု။ ပါဒါနိ၊ လူသူအများ ဖြေဖဝါးတို့ကို။ ပတိဋ္ဌပေတ္တာ၊ ကောင်းစွာ မသွေ ထောက်တည်စေ၍။ မယဉ္စ၊ တံတားဒကာဖြစ်သည့် အကျွန်ုပ်တို့သည် လည်း ကောင်း။ အညေစ၊ အကျွန်ုပ်မှတစ်ပါး ခရီးသွားလာ များစွာသော သူတို့သည်လည်း ကောင်း။ အတိက္ကမိမှာ၊ အထူးချမ်းသာ လွန်မြောက်ရပါကုန်၏။ အဇ္ဈတံ၊ မဖြစ်ဖူးမြဲ ထူးကဲလှစွာသော။ ဒဿနေယျံ၊ လှပတင့်တယ် ရှုချင်ဖွယ်ရှိသော။ ဣဒံ ဃာနံ၊ လျင်မြန်ပြင်းထန် ဤမြင်းယာဉ်ပျံသည်။ တဿေဝ ကမ္မဿ၊ အများသူငါ ချမ်းသာ ရရေး ထိန်းဦးခေါင်း တံတားလေးပြုရသော ကံ၏သာလျှင်။ အယံ ဝိပါကော၊ ဤ အကျိုးသည်။ ဟောတိ၊ ဖြစ်ပါ၏။

၅၃၄။ ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ၊
ဂန္ဓော စတေ သဗ္ဗဒိသာ ပဝါယတိ။
ယက္ခိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ၊
နဂ္ဂေါ စာသိ ကိဿ အယံ ဝိပါကော။

၅၃၄။ ယက္ခ၊ အိုနတ်သား။ တေ၊ သင်နတ်သား၏။ ဝဏ္ဏော စ၊ အဆင်း သည်လည်း။ သဗ္ဗဒိသာ၊ စတု အဋ္ဌ ဒသဖြာဖြာ အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းလင်းတောက်ပ၏။ တေ၊ သင်နတ်သား၏။ ဂန္ဓောစ၊ ကိုယ်အနံ့သည်လည်း။ သဗ္ဗဒိသာ၊ စတု အဋ္ဌ ဒသဖြာဖြာ အရပ်မျက်နှာကို။ ပဝါယတိ၊ တကြူးကြူးကြိုင် သင်းပျံ့လှိုင်၏။ တွံ၊ သင်နတ်သားသည်။ ယက္ခိဒ္ဓိပတ္တော၊ တန်ခိုးကြီးမားသော နတ်အဖြစ်သို့ ရောက်သည်။ မဟာနုဘာဝေါ၊ ကြီးမားသော တန်ခိုးအာနုဘော် ရှိသည်။ အသိ၊ စင်စစ်မသွေ ဖြစ်ပေ၏။ နဂ္ဂေါ၊ အဝတ်တန်ဆာ မဝတ်ရပါသော။ အယံ ဝိပါကော၊ မရှုကြည့်ရက် အမြင်ခက်သည့် ဤအကျိုးဝိပါက်သည်။ ကိဿ၊ ဘယ်သို့ပြုဖန် ဘယ် မကောင်းမှုက်၏။ ဝိပါကော၊ အကျိုးသည်။ အသိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလေ၏။

50 A

၅၃၅။ အက္ခောဓနော နိစ္စပသန္နစိတ္တော၊
သဏှာဟိ ဝါစာဟိ ဇနံ ဥပေမိ။

http://www.dhammadownload.com

တသေဝ ကမ္မဿ အယံ ဝိပါကော၊
ဒိဗ္ဗော မေ ဝဏ္ဏော သတတံ ပဘာသတိ။

၅၃၅။ ရာဇ၊ အရှင် လိစ္ဆဝီမင်း။ အဟံ၊ အကျွန်ုပ်သည်။ အက္ကောဓနော၊ အမျက်မာန်ကင်း ခက်ထန်ခြင်းမရှိ။ နိစ္စပသန္နစိတ္တော၊ ရွှင်လန်းခင်မင် အမြဲကြည်လင်သော စိတ်ရှိ၏။ သဇ္ဇာဟိ၊ ပြေပြစ်သာယာ နူးညံ့လှပါကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ ဇနံ၊ တွေ့ကြုံသမျှ များလှသောင်းသောင်း လူအပေါင်းကို။ ဥပေမိ၊ ကောင်းစွာမသွေ ကပ်ရောက်ခဲ့ပေ၏။ တသေဝ ကမ္မဿ၊ ထိုသို့ပြုဖန် ကောင်းမှုကံ၏သာလျှင်။ အယံ ဝိပါကော၊ ဤအကျိုးသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါချေ၏။ မေ၊ ငါ့အား။ ဒိဗ္ဗော၊ နတ်၌ဖြစ်သော။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ သတတံ၊ အမြဲမပြတ် ဒလစပ်။ ပဘာသတိ၊ ထွန်းလင်းတောက်ပနေပါ၏။

၅၃၆။ ယသဋ္ဌ ကိတ္တိဋ္ဌ ဓမ္မေ ဋ္ဌိတာနံ၊
ဒိသွာန မန္တေမိ ပသန္နစိတ္တော။
တသေဝ ကမ္မဿ အယံ ဝိပါကော၊
ဒိဗ္ဗော မေ ဂန္ဓော သတတံ ပဝါယတိ။

၅၃၆။ ရာဇ၊ မင်းမြတ်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ ဋ္ဌိတာနံ၊ ကောင်းစွာမသွေ တည်ရှိကြပေကုန်သောသူတို့၏။ ယသဋ္ဌ၊ အခြံအရံကိုလည်းကောင်း။ ကိတ္တိဋ္ဌ၊ ကျော်စောခြင်းကိုလည်းကောင်း။ ဒိသွာ၊ တွေ့မြင်ရသောကြောင့်။ ပသန္နစိတ္တော၊ ရွှင်လန်းခင်မင် ကြည်လင်သောစိတ် ရှိသည်ဖြစ်၍။ မန္တေမိ၊ လူတွေ့တိုင်းပင် အဆင်သင့်က ပြောဆိုတိုင်ပင်ခဲ့ရပါ၏။ တသေဝ ကမ္မဿ၊ ထိုကဲ့သို့ပင် စိတ်ကြည်လင်၍ တိုင်ပင်ခဲ့သော ကောင်းမှု၏။ အယံ ဝိပါကော၊ ဤအကျိုးသည်။ ဟောတိ၊ ဖြစ်၏။ မေ၊ ငါ့အား။ ဒိဗ္ဗော၊ နတ်၌ဖြစ်သော။ ဂန္ဓော၊ အနံ့သည်။ သတတံ၊ အမြဲမပြတ် ဒလစပ်။ ပဝါယတိ၊ မွှေးပျံ့သင်းကြိုင် ရနံ့လိုင်ပါ၏။

၅၃၇။ သဟာယာနံ တိတ္ထသ္မိံ နာယန္တာနံ၊
ထလေ ဂဟေတွာ နိဒဟိဿ ဒုဿံ။
ဓိရတ္ထိကော နော စ ပဒုဋ္ဌစိတ္တော၊
တေနမှိ နဂ္ဂေါ ကသိရာ စ ဝုတ္ထိ။

၅၃၇။ ရာဇ၊ မင်းမြတ်။ တိတ္ထသ္မိံ၊ ရေဆိပ်၌။ နာယန္တာနံ၊ အတူပေါင်းဆုံရေချိုးကုန်သော။ သဟာယာနံ၊ ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်ရာ မိတ်သဟာတို့၏။ ထလေ၊ ခြောက်သွေ့နေရာ ကုန်းထက်တာ၌။ ဌပိတံ၊ တင်ထားအပ်ပေသော။

http://www.dhammadownload.com

ဒုဿံ၊ အဝတ်ပုဆိုးကို။ ဂဟေတွာ၊ ကောက်ယူ၍။ နိဒဟိ၊ မသိမသာ လျှို့ဝှက်မိပါသည်။ အဿ၊ ဖြစ်၏။ ပဒုဋ္ဌစိတ္တော၊ စင်စစ်အားဖြင့် ပြစ်မှားလိုသောစိတ်ရှိသည်။ နော၊ မဟုတ်ပါပေ။ ခိဋ္ဌတ္ထိကောစ၊ နောက်ပြောင်ပျော်ပါး ကစား လိုသည်ဖြစ်၍ သာလျှင်။ နိဒဟိ၊ မသိမသာ လျှို့ဝှက်ခဲ့သည်။ အဿ၊ ဖြစ်ပါ၏။ တေန ကမ္မေန၊ ထိုပြစ်မှားစိတ်ကင်း ပျော်မြူးခြင်းဟူက် ခိုးဝှက်မိခဲ့သောကံကြောင့်။ နဂ္ဂါ၊ ယခုအခါ အဝတ်မပါသည်။ ကသိရာ စ ဝုတ္တိ၊ မရွှင်မလန်း အမြင်ဆန်းအောင် ပင်ပန်းသော အသက်မွေးခြင်းရှိသည်သာလျှင်။ အမှိ၊ ဖြစ်ပါ၏။

၅၃၈။ ယော ကီဋ္ဌမာနော ပကရောတိ ပါပံ၊
တဿေဒိသံ ကမ္မဝိပါကမာဟု။
အကီဋ္ဌမာနော ပန ယော ကရောတိ၊
ကိံ တဿ ကမ္မဿ ဝိပါကမာဟု။

၅၃၈။ ယက္ခ၊ တန်ခိုးရှိလတ် ဘုမ္မစိုးနတ်။ ယော ပုရိသော၊ အကြင်ယောကျ်ား သည်။ ကီဋ္ဌမာနော၊ နောက်ပြောင်ပျော်ပါး ကစား လိုသည်ဖြစ်၍။ ပါပံ၊ မကောင်း မှုအဝဝကို။ ပကရောတိ၊ မသိမမြင် ပြုစီရင်မိ၏။ တဿ၊ မသိမမြင် ပြုစီရင်ခြား ထိုယောကျ်ားအား။ ဣဒိဒိသံ၊ ဤသို့သဘောရှိသော။ ကမ္မဝိပါကံ၊ ကိုယ်ပြုခဲ့ခြား ကံ၏အကျိုးသွားသည်။ အဟု၊ ဖြစ်ရပါ၏။ ယော ပုရိသော ပန၊ အကြင်ယောကျ်ား သည်ကား။ အကီဋ္ဌမာနော၊ ပြောင်လှောင်စိတ်မပါ ခိုးဝှက်လိုသော စိတ်စေတနာ ရှိသည်ဖြစ်၍။ ကရောတိ၊ ပြုမိရာ၏။ တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ တဿ ကမ္မဿ၊ ထိုသို့ပြုဖန် အကုသိုလ်ကံ၏။ ဝိပါကံ၊ အကျိုးသည်။ ကိံ၊ အဘယ်သို့လျှင်။ အဟု၊ ဖြစ်ရာလေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလေ၏။

၅၃၉။ ယေ ဒုဋ္ဌသင်္ကပ္ပမနာ မနုဿာ၊
ကာယေန ဝါစာယ စ သံကိလိဋ္ဌာ။
ကာယဿ ဘေဒါ အဘိသမ္ပရာယံ၊
အသံသယံ တေ နိရယံ ဥပေန္တိ။

၅၃၉။ ရာဇ၊ မင်းမြတ်။ ဒုဋ္ဌသင်္ကပ္ပမနာ၊ ဖျက်ဆီးလိုခြား ပြစ်မှားသောစိတ် ရှိကုန်သော။ ယေ မနုဿာ၊ အကြင်လူတို့သည်။ ကာယေန ဝါ၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ စ၊ နှုတ်ဖြင့်လည်းကောင်း။ သံကိလိဋ္ဌာ၊ ညစ်ညူးရကုန်၏။ တေ မနုဿာ၊ ထိုလူတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ဖောက်ပြန်ပျက်စီး သေဆုံးပြီး သည်မှ။ အဘိသမ္ပရာယံ၊ နောက်ဘဝ၌။ အသံသယံ၊ ယုံမှားမရှိ။ နိရယံ၊ ဒုက္ခ လွန်ကဲ ပျံယင်ရဲသို့။ ဥပေန္တိ၊ စင်စစ်မသွေ ကပ်ရောက်ရလေကုန်၏။

http://www.dhammadownload.com

၅၄၀။ အပရေ ပန သုဂတိမာသမာနာ၊
ဒါနေ ရတာ သင်္ဂဟိတတ္တဘာဝါ။
ကာယဿ ဘေဒါ အဘိသမ္ဘရာယံ၊
အသံသယံ တေ သုဂတိ ဥပေန္တိ။

၅၄၀။ အပရေ ပန၊ တစ်ပါးလည်းဖြစ်ကုန်သော။ သုဂတိ၊ ချမ်းသာများလတ်လှုနတ်ခေါ်ထ သုဂတိဘဝသို့။ အာသမာနာ၊ မရမနေ တောင့်တတတ်ပေကုန်သော။ ဒါနေ၊ သဒ္ဓါစင်ဖြူ အလှူဒါနဒ္ဒ်။ ရတာ၊ စိတ်ထားရွှင်ပျော် မွေ့လျော်ကုန်သော။ သင်္ဂဟိတတ္တဘာဝါ၊ ကောင်းစွာပဲ့ထောက် ချီးမြှောက်အပ်သော ကိုယ်စိတ်ရှိကုန်သော။ တေ မနုဿာ၊ ထို လူတော်လူကောင်း လူအပေါင်းတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ဖောက်ပြန်ပျက်စီး သေဆုံးပြီးသည်မှ။ အဘိသမ္ဘရာယံ၊ နောက်ဘဝဒ္ဒ်။ အသံသယံ၊ ယုံမှားမရှိ။ သုဂတိ၊ ချမ်းသာများသည့် သုဂတိ ဘုံဘဝသို့။ ဥပေန္တိ၊ စင်စစ်မသွေ ကပ်ရောက်ရပေကုန်၏။

ဤသို့ ပြိတ္တာသည် အကျဉ်းအားဖြင့်သာလျှင် ကံ၏အကျိုးတို့ကို ဝေဖန်ပြအပ်ကုန်သည်ရှိသော် မင်းသည် ထိုစကားကို မယုံကြည်သည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၅၄၁။ တံ ကိန္တိ ဇာနေယျမဟံ အဝေစ္စ၊
ကလျာဏပါပသဿ အယံ ဝိပါကော။
ကိံ ဝါဟံ ဒိသွာ အဘိသဒ္ဒဟေယျံ၊
ကော ဝါပိ မံ သဒ္ဒဟာပေယျ ဧတံ။

၅၄၁။ ယက္ခ၊ ဘုမ္မစိုးဖြစ်လတ် အိုပြိတ္တာနတ်။ တယာ၊ သင်သည်။ ကလျာဏပါပဿ၊ ကောင်းမှု, မကောင်းမှု၏။ အယံဝိပါကော၊ ဤအကျိုးကို။ ဝုတ္တော၊ ဆိုအပ်ပြီ။ တံဝိပါကံ၊ ထိုအကျိုးကို။ ကိန္တိ၊ အဘယ်သို့သော အကြောင်းဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ အဝေစ္စ၊ ကောင်းစွာထင်မြင် ဉာဏ်သက်ဝင်၍။ ဇာနေယျံ၊ အမှန်တိတိ သိရှိပါအံ့နည်း။ အဟံ၊ အကျွန်ုပ်သည်။ ကိံဝါ၊ မျက်မှောက်ဒိဋ္ဌ အဘယ်လက်တွေ့ သာဓကကို။ ဒိသွာ၊ မြင်ရ၍။ အဘိသဒ္ဒ ဟေယျံ၊ အမှန်ပိုင်ပိုင် ယုံကြည်နိုင်ရပါအံ့နည်း။ ကော ဝါပိ၊ အဘယ်မည်သူ ပညာရှိလူသည်လည်း။ မံ၊ အကျွန်ုပ်ကို။ ဧတံ၊ ထိုသို့ဖြစ်ပုံ အကြောင်းစုံကို။ သဒ္ဒဟာ ပေယျ၊ အမှန်တည်တည် ယုံကြည်စေနိုင်အံ့နည်း။ တံ ကာရဏံ၊ ထိုအကြောင်းစုကို။ တွံ၊ သင်နတ်သား သည်။ ကထေဟိ၊ ဓိဗ္ဗာယ်ယုတ္တိ သဘာဝသိုက ရှင်းပြပြောဆိုပါလော့။

http://www.dhammadownload.com

ထိုစကားကိုကြား၍ ပြိတ္တာသည် ယုတ္တိရှိရှိဖြင့် ထိုအကြောင်းစုံကို မင်းအား ပြလိုပြန်သည်ဖြစ်၍ ဤလေးဂါထာတို့ကို ဆိုလေ၏။

၅၄၂။ ဒိသွာ စ သုတ္တာ အဘိသဒ္ဒဟာသု၊
ကလျာဏပါပသ်သ အယံ ဝိပါကော။
ကလျာဏပါပေ ဉာဃေ အသန်္ဓေ၊
သိယာ နု သတ္တာ သုဂတာ ဒုဂ္ဂတာ ဝါ။

၅၄၂။ ရာဇ၊ အရှင်မင်းမြတ်။ ဒိသွာစ၊ မျက်မှောက်ထင်ထင် တွေ့မြင်ရ၍ လည်းကောင်း။ သုတ္တာစ၊ အမြတ်တရား လွန်လေးစားကာ နာကြားရ၍လည်း ကောင်း။ တဒနုသာရေန၊ ထိုတရားနည်းကို အစဉ်မှီးသဖြင့်လည်းကောင်း။ ကလျာဏပါပဿ၊ ကောင်းမှု, မကောင်းမှု အကြောင်းစု၏။ အယံ ဝိပါကော၊ ဤသုခဒုက္ခ ကျိုးဖလကို။ အဘိသဒ္ဒဟာသု၊ စိတ်၌စွဲတည် အမြဲမှီကာ ယုံကြည်ပါလော့။ ဉာဃေ၊ ဆိုခဲ့ပြီးတုံ့ နှစ်ပါးစုံသော။ ကလျာဏပါပေ၊ ကောင်းမှု, မကောင်းမှုသည်။ အသန်္ဓေ၊ ဧကန်တိတိ မရှိခဲ့သော်။ သုဂတာ ဝါ၊ ကောင်းသော အလားရှိသည်လည်းဖြစ်ကုန်သော။ ဒုဂ္ဂတာ ဝါ၊ မကောင်းသော အလားရှိသည်လည်း ဖြစ်ကုန်သော။ သတ္တာ၊ ရှိရှိသမျှ များလှသူငါ သတ္တဝါတို့သည်။ ကိံ နု သိယာ၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။

၅၄၃။ နော စေတ္ထ ကမ္မာနိ ကရေယျုံ မစ္စာ၊
ကလျာဏပါပါနိ မနုဿလောကေ။
နာဟေသုံ သတ္တာ သုဂတာ ဒုဂ္ဂတာ ဝါ၊
ဟီနာ ပဏီတာ စ မနုဿလောကေ။

၅၄၃။ စေတ္ထ၊ ဤလူ့ပြည်၌။ မစ္စာ၊ ဖြစ်ဖြစ်သမျှ အနန္တ များစွာ သတ္တဝါတို့သည်။ ကလျာဏပါပါနိ၊ ကောင်းဆိုးနှစ်ဖုံ ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော။ ကမ္မာနိ၊ ကံတို့ကို။ နော စ ကရေယျုံ၊ အကယ်၍သာ မပြုဘဲ နေကြပါကုန်အံ့။ မနုဿလောကေ၊ လူ့ပြည်လောကဘ်။ သုဂတာ ဝါ၊ ကောင်းသော အလားရှိသည်လည်း ဖြစ်ကုန်သော။ ဒုဂ္ဂတာ ဝါ၊ မကောင်းသော အလားရှိသည်လည်း ဖြစ်ကုန်သော။ ဟီနာ ဝါ၊ မသန့်မပြန့် ယုတ်ညံ့သည်လည်း ဖြစ်ကုန်သော။ ပဏီတာ ဝါ၊ သန့်ပြန့်တင့်လတ် မြင့်မြတ်သည်လည်း ဖြစ်ကုန်သော။ သတ္တာ၊ ထိုထိုဤဤလှည့်လည်သွားလာ များသတ္တဝါတို့သည်။ နု အဟေသုံ၊ ဧကန်စင်စစ် ရှိသည်မဖြစ်ကုန်ရာ။

http://www.dhammadownload.com

၅၄၄။ ယသ္မာ စ ကမ္မာနိ ကရောန္တိ မစ္စာ၊
ကလ္ယာဏပါပါနိ မနုဿလောကေ။
တသ္မာ ဟိ သတ္တာ သုဂတာ ဒုဂ္ဂတာ ဝါ၊
ဟီနာ ပဏီတာ စ မနုဿလောကေ။

၅၄၄။ ယသ္မာ စ၊ အကြောင်ကြောင့်လည်း။ မစ္စာ၊ ဖြစ်ဖြစ်သမျှ အနန္တများစွာ သတ္တဝါတို့သည်။ မနုဿလောကေ၊ လူ့ပြည်လောကဌ်။ ကလ္ယာဏပါပါနိ၊ ကောင်းဆိုးနှစ်ဖုံ ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော။ ကမ္မာနိ၊ ကံတို့ ကို။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ တသ္မာ၊ ထိုသို့ ပြုလုပ်ကြသောကြောင့်။ မနုဿလောကေ၊ လူ့ပြည်လောက ဘုံဌာနဌ်။ သုဂတာ ဝါ၊ ကြီးမြင့်စည်းစိမ် ဂုဏ်သိရိဖြာဖြာ ဥစ္စာဓနပေါကြွယ်ဝသည်လည်း ဖြစ်ကုန်သော။ ဒုဂ္ဂတာ ဝါ၊ ချို့တဲ့ဂုဏ်သိရိ စည်းစိမ်ညစ်မွဲဆင်းရဲသည်လည်း ဖြစ်ကုန်သော။ ဟီနာ ဝါ၊ မသန့်မပြန့် ယုတ်ညံ့သည်လည်း ဖြစ်ကုန်သော။ ပဏီတာ ဝါ၊ သန့်ပြန့်တင့်လတ် မြင့်မြတ်သည်လည်း ဖြစ်ကုန်သော။ သတ္တာ၊ ရှိရှိသမျှ များလှသူငါ သတ္တဝါတို့သည်။ အဟေသုံ၊ မျက်မှောက်တွေ့ကြုံဖြစ်ကြရာကုန်တော့၏။

၅၄၅။ ဒွယန္တု ကမ္မာနံ ဝိပါကမာဟု၊
သုခဿ ဒုက္ခဿ စ ဝေဒနီယံ။
တာ ဒေဝတာယော ပရိစာရယန္တိ၊
ပစ္ဆေန္တိ ဟလာ ဒွယတံ အပဿိနော။

၅၄၅။ အန္တု၊ ဤ ယခုအခါဌ်။ ကမ္မာနံ၊ ကုသိုလ် အကုသိုလ်ကံတို့၏။ ဒွယံ၊ စင်စစ်အားဖြင့် နှစ်ပါးအပြားရှိသော။ ဝိပါကံ၊ အကျိုးကို။ အာဟု၊ ဖွင့်လှစ်စုံစုံပြောဆိုကုန်၏။ တံ၊ ထို ကောင်းဆိုးနှစ်တန် ကုသိုလ် အကုသိုလ်ကံသည်။ သုခဿ စ၊ အလိုရှိအပ် ကောင်းမြတ်သော အာရုံကိုလည်းကောင်း။ ဒုက္ခဿ စ၊ လိုမရှိအပ် မကောင်းမြတ်သော အာရုံကိုလည်းကောင်း။ ဝေဒနီယံ၊ ခံစားခြင်း ဌာ သင့်မြတ်ပါ၏။ ယာ ဒေဝတာ၊ များစွာသောင်းသောင်း အကြင် နတ်အပေါင်း တို့သည်။ ဝေဒလောကေ၊ နတ်ခြောက်ရွာနှင့် ဗြဟ္မာလောက ဘုံဘဝဌ်။ ဝေဒနီယံ၊ စည်းစိမ်ဝေဖြိုး ကောင်းမြတ်သော အကျိုးကို။ ပဋိလဘန္တိ၊ စင်စစ်မသွေ ရကြပေကုန်၏။ တာ ဒေဝတာယော၊ များစွာသောင်းသောင်း ထိုနတ်အပေါင်းတို့သည်။ ပရိစာရယန္တိ၊ စည်းစိမ်ချမ်းသာဖြာဖြာပြည့်စုံ ဣန္ဒြေကို ဖြစ်စေကုန်၏။ ဟလာ၊ လောကသံသရာ နှစ်ဖြာအရေးမတွေးမျှော်သူ ခဲ့က်သောလူတို့သည်ကား။ ဒွယတံ၊ ကံ, ကံ၏အကျိုး ဤနှစ်မျိုးကို။

http://www.dhammadownload.com

အပသိနော၊ ကောင်းစွာထင်ထင် မမြင်ကုန်သည် ဖြစ်၍။ ဒုက္ခဝေဒနီယဲ၊ ဆင်းရဲအကျိုး အမျိုးမျိုးခံစားရလျက်။ နိရယာဒီသု၊ ငရဲ စသည်တို့၌။ ပစ္စေန္တိ၊ ဘယ်လိုပင် ရှောင်ရှား မရပြားဘဲ ဖြောင့်ဖြောင့်သွားကာ ခံစားရရှာကုန်၏။

"ဤသို့ ကဲ့၏အကျိုးကို ယုံကြည်ပါလျက် သင်သည်ကား ဤသို့ သဘော ရှိသော ဒုက္ခကို အဘယ်ကြောင့် အစဉ်ခံစား၍ နေရသနည်း" ဟု မေးစီစစ်ခြင်းကို ရည်ရွယ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၅၄၆။ နု မတ္ထိ ကမ္မာနိ သယံ ကတာနိ၊
ဒတ္တာပိ မေ နတ္ထိ ယော အာဒိသေယျ။
အစ္ဆာဒနံ သယနမထန္နုပါနံ၊
တေနမှိ နဂ္ဂါ ကသိရာ စ ဝုတ္တိ။

၅၄၆။ သယံ၊ မိမိသည်။ ကတာနိ၊ လူ့ဘဝက ပြုအပ်ခဲ့ကုန်သော။ ကမ္မာနိ၊ နောင်သံသရာ ကိုယ့်နောက်ပါဖို့ ကောင်းစွာဖွဲ့ဖြိုး ဒါနစသော ကောင်းမှုမျိုးတို့သည်။ နတ္ထိ၊ အမှန်တိတိ မရှိခဲ့ပါကုန်။ ယော၊ အကြင်သူသည်။ သမဏ ဗြာဟ္မဏာနံ၊ မြင့်မြတ်ထက်တန်း ရဟန်းပုဏ္ဏားတို့အား။ ဒါနံ၊ စင်ဖြူစာဂ မြတ်ဒါနကို။ ဒတ္တာပိ၊ ပေးလှူသော်လည်း။ ပေတဿ၊ ဂတိမကောင်း ဒုက္ခဆောင်းရှာ ဤမည်သော ပြိတ္တာအား။ ဟောတု၊ လူနတ်ချမ်းသာ နှစ်ဖြာစင်စစ် ဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့။ အာဒိသေယျ၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှဝေရာ၏။ သော၊ ထိုသို့ ရည်ညွှန်းမှန်းဆ ရေစက်ကျကာ အမျှပေးဝေသော သူသည်။ မေ၊ အကျွန်ုပ်အား။ နတ္ထိ၊ ထင်ရှားဧကန် မရှိရိုး မှန်လှပေ၏။ အစ္ဆာဒနံ ဝါ၊ အဝတ် ပုဆိုးကိုလည်းကောင်း။ သယနံ ဝါ၊ အိပ်ရာနေရာကိုလည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ အန္နပါနံ၊ စားသောက်ဖွယ်ရာ ထမင်း အဖျော်ယမကာကိုလည်းကောင်း။ ဒတ္တာ၊ ပေးလှူ၍။ အာဒိသော၊ ရည်ညွှန်းမှန်းဆ ရေစက်ချကာ အမျှဝေသူသည်။ နတ္ထိ၊ မရှိပေ။ တေန၊ ထို ရည်ညွှန်းမှန်းဆ အမျှဝေသူ မရှိသောကြောင့်။ နဂ္ဂါ၊ ယခုအခါ အဝတ်မပါသည်။ ကသိရာ စ ဝုတ္တိ၊ မရွှင်မလန်း ပင်ပန်းသော အသက် မွေးခြင်း ရှိရသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သော၊ ထို ဘုမ္မဇိဝ်းနတ်သားသည်။ အဝေါစ၊ လိစ္ဆဝီမင်းအား ပြောကြားလေ၏။

ထိုစကားကိုကြား၍ မင်းသည် ထိုပြိတ္တာအား အဝတ်ပုဆိုး စသည် ရခြင်းကို အလိုရှိရကား အောက်ပါ ဂါထာကို ဆိုလေ၏။

၅၄၇။ သိယာ နု ခေါ ကာရဏံ ကိဉ္စိ ယက္ခ၊
အစ္ဆာဒနံ ယေန တုဝံ လဘေထ။

http://www.dhammadownload.com

အာစိဏ္ဏ မေ တွံ ယဒတ္ထိ ဟေတု၊
သဒ္ဓါယိကံ ဟေတုဝစော သုဏောမ။

၅၄၇။ ယက္ခ၊ ဘုမ္မစိုးနတ်။ ယေန၊ အကြင်အကြောင်းဖြင့်။ တုဝံ၊ သင် နတ်သားသည်။ အစ္ဆာဒနံ၊ အဝတ်ပုဆိုးကို။ လဘေထ၊ ရနိုင်ရာ၏။ ကိဠိ၊ တစ်စုံတစ်ခုသော။ တံ ကာရဏာ၊ ထိုပုဆိုးရခြင်း အကြောင်းရင်းသည်။ သိယာ နု ခေါ၊ အမှန်တိတိ ရှိသည်ဖြစ်ငြားအံ့။ တွံ၊ သင်နတ်သားသည်။ မေ၊ ကျွန်ုပ်အား။ အာစိဏ္ဏ၊ ဖွင့်လှစ်ထုတ်ကာ ပြောကြားပါလော့။ သဒ္ဓါယိကံ၊ ယုံကြည်ခြင်းငှာထိုက်သော။ ယံဟေတု၊ အကြောင်းအကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ဟေတုံ၊ ယုံကြည်ဖွယ်ကောင်း ထိုအကြောင်းကို။ အာစိဏ္ဏ၊ ဖွင့်လှစ်ထုတ်ကာ ပြောကြားပါလော့။ မယံ၊ ငါတို့သည်။ တေ၊ သင် ဘုမ္မစိုးနတ်သား၏။ ဝစော၊ အမှန်ညွှန်ကြား ပြောစကားကို။ သုဏောမ၊ လိုက်နာပါကုန်အံ့။

ထိုအခါ ပြိတ္တာသည် ထိုအကြောင်းကို ပြောပြလိုသဖြင့် ဆိုလေ၏။

၅၄၈။ ကပိတကော နာမ ဣဓတ္ထိ ဘိက္ခု၊
ဈာယီ သုသီလော အရဟာ ဝိမုတ္တော။
ဂုတ္တိန္ဒြိယော သံဝုတပါတိမောက္ခော၊
သီတီဘူတော ဥတ္တမဒိဋ္ဌပတ္တော။

၅၄၈။ ရာဇ၊ အရှင်မင်းမြတ်။ ဣဓ၊ ဤဝေသာလီပြည်၏အနီး၌။ ကပိတကော နာမ၊ ကပိတက အမည်တော်ရသော။ ယော ဘိက္ခု၊ မြင့်မြတ်ကျော်မော် အကြင်ရဟန်းတော်သည်။ အတ္ထိ၊ စင်စစ်မသွေ ရှိပေ၏။ သော ဘိက္ခု၊ ထို ကပိတက နာမထင်ပေါ် ရဟန်းတော်သည်။ ဈာယီ၊ အမြတ်ပိုလျှံ ဖိုလ်ဈာန်ဖြင့် ရှုလေ့ရှိ၏။ သုသီလော၊ ကောင်းမြတ်တင့်တယ် ဝင့်ထယ်သော အကျင့်လည်း ရှိ၏။ အရဟာ ဝိမုတ္တော၊ ကိလေသာမှလွတ်သော အရဟတ္တဖိုလ် ရှိ၏။ ဂုတ္တိန္ဒြိယော၊ ကောင်းစွာစောင့်စည်း လုံခြုံသော ဣန္ဒြေလည်းရှိ၏။ သံဝုတပါတိမောက္ခော၊ စောင့်စည်းအပ်သော ပါတိမောက္ခသီလလည်း ရှိ၏။ သီတီဘူတော၊ အလုံးစုံသော ကိလေသာတည်းဟူသော ပူပန်ခြင်းမှလည်း ငြိမ်း၏။ ဥတ္တမဒိဋ္ဌပတ္တော၊ မြင့်မြတ်ကဲပို အရဟတ္တဖိုလ်တည်းဟူသော အယူသို့လည်း ရောက်၏။

၅၄၉။ သဓိလော ဝဒညူ သုဝစော သုမုခေါ၊
သွာဂမော သုပ္ပဋိမုတ္တကော စ။
ပုညဿ ခေတ္တံ အရဏဝိဟာရီ။
ဒေဝမနုဿာနဉ္စ ဒက္ခိဏေယျော။

http://www.dhammadownload.com

၅၄၉။ သခိလော၊ ကောင်းစွာတည်တံ့ နူးညံ့ပြေပြစ်၏။ ဝဒညူ၊ သူတော်မွန်တို့ ပြည့္ဆုန်ဟောကြား ကျေးဇူးစကားကို သိတတ်၏။ သုဝစော၊ ကောင်းရာသွယ်သွယ် ဆိုလွယ်သောစကား ရှိ၏။ သုမုခေါ၊ လှပတင့်တယ် ကြည်ညိုဖွယ်ရာ မျက်နှာရှိ၏။ သွာဂမော၊ မြတ်ဘုရား၏ ဟောကြားမြွက်ဖော် ကောင်းစွာလာသော ပါဠိတော်ရှိ၏။ သုပွဋိမုတ္တကော စ၊ ဝါကြွားပလွားမှုမှ ကောင်းစွာလွတ်မြောက်သော စကားကို ဆိုတတ်၏။ ပုညဿ၊ ကုသိုလ်တည်းဟူသော မျိုးစေ့၏။ ခေတ္တံ၊ စိုက်ပျိုးရာ လယ်မြေသဖွယ်လည်း ဖြစ်၏။ အရဏဝိဟာရီ၊ ခပ်သိမ်းများစွာ သတ္တဝါအား မေတ္တာပွားကာ နေလေ့ရှိ၏။ ဒေဝမနုဿာနဉ္စ၊ ဗြဟ္မာ နတ်လူ ခပ်သိမ်းသူတို့၏ လည်း။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံယူထိုက်ပေ၏။

၅၅၀။ သန္တော ဝိရူမော အနီဃော နိရာသော၊
မုတ္တော ဝိသလ္လော အမမော အဝကော်။
နိရူပဓီ သဗ္ဗပဟူခီဏော၊
တိဿော ဝိဇ္ဇာ အနုပ္ပတ္တော ဇုတိမာ။

၅၅၀။ သန္တော၊ ပူပန်ထန်သည်း ကိလေသာတည်းဟူသော မီးလည်းငြိမ်းခြင်းရှိ၏။ ဝိရူမော၊ ကင်းကွာပြီးသော မိစ္ဆာဝိတက်တည်းဟူသော မီးခိုးလည်းရှိ၏။ အနီဃော၊ ကိုယ်စိတ်နှစ်တန် ပူပန်ထန်ပြင်း ဆင်းရဲခြင်းလည်းမရှိ။ နိရာသော၊ ညစ်ညမ်းယုတ်မာ တပ်မက်သော တဏှာလည်းမရှိ။ မုတ္တော၊ သုံးဆယ့်တစ်ဘုံ ဆန်စုန်ဖြစ်ထ အလုံးစုံသော ဘဝတို့မှလည်း လွတ်၏။ ဝိသလ္လော၊ လွတ်လပ်ကင်းရှင်း ရာဂစသော ငြောင့်တံသင်းလည်း ရှိ၏။ အမမော၊ ငါ ဟူသော မာန်တင်းသည့် ထောင်လွှားခြင်းမှလည်း ကင်း၏။ အဝကော်၊ ကိုယ်၏ ကောက်ကျစ်စဉ်းလဲခြင်းဟူဆိုအပ်သော ကာယဝင်္ကအစရှိသည်တို့မှလည်း ကင်း၏။ နိရူပဓီ၊ ကိလေသာအစရှိသော ဥပဓိလည်း မရှိ။ သဗ္ဗပဟူခီဏော၊ ကုန်ခန်းပြီးငြား တဏှာစသား အလုံးစုံသော ပပဉ္စတရားလည်း ရှိ၏။ တိဿော ဝိဇ္ဇာ၊ မြင့်မြတ်ကဲသာ ဝိဇ္ဇာသုံးပါးသို့။ အနုပ္ပ တ္တော၊ ကောင်းစွာမသွေ အစဉ်ရောက်၍နေပေ၏။ ဇုတိမာ၊ ပြိုင်ဘက်မသီ ဉာဏ်တည်းဟူသော လင်းရောင်ခြည်လည်း ရှိ၏။

၅၅၁။ အပ္ပညာတော ဒိသ္သတိ န စ သုဇာနော၊
မုနိတိ နံ ဝဇ္ဇိသု ဓေါဟရဏ္ဍိ။
ဇာနန္တိ တံ ယက္ခဘူတာ အနေဇံ၊
ကလျာဏမဲ့ ဝိစရန္တံ လောကေ။

51 A

http://www.dhammadownload.com

၅၅၁။ အပွညာတော၊ အလိုနည်းပါးသဖြင့် ဂုဏ်ကျေးဇူးကို ထင်ရှားမပြတတ်။ ဒိသွာပိ၊ ပသာဒစက္ခုဖြင့် ကြည့်ရှုရ၍ မြင်သော်လည်း။ နစသုဇာနော၊ ဤသို့ သိလရှိ၏ ဤသို့ ပညာရှိ၏ဟု လွယ်ကူစွာလည်း မသိအပ်။ နံ ဘိက္ခဝေ၊ ဖြူစင်ကဲလတ် အကျင့်ဓာတ်ကြောင့် မြင့်မြတ်ကျော်မော် ထိုရဟန်းတော်ကို။ ဝဇ္ဇီသု၊ ဝဇ္ဇီတိုင်းတို့ ၌။ မုနိတိ၊ မြင့်မြတ်ထိပ်တန်း ဂုဏ်ဖိတ်လွှမ်းကျော့ ရဟန်းတော်ဟူ၍။ ဝေါဟရန္တို့ ခေါ်ဝေါ်ပညတ် သမုတ်ကြကုန်၏။ လောကေ၊ လောကဘဲ။ ဝိစရန္တံ၊ ကောင်းမြတ်တည်ကြည် လှည့်လည်သွားလာပေထသော။ ကလျာဏဓမ္မံ၊ သီလသမာ ပညာပွားစီးကောင်းသောသဘောလည်း ရှိထသော။ အနေဓံ၊ တုန်လှုပ်တတ်စွာ တွေ့ရှာလည်း မရှိထသော။ တံ၊ ကပ္ပိတကဟု ဘွဲ့မည်ကျော်လတ် ထိုရဟန်းတော်မြတ်ကို။ ယက္ခ ဘူတာ၊ နတ်ဖြစ်၍ဖြစ်ကုန်သော သူတို့သည်။ ဇာနန္တိ၊ ပူဇော်ထိုက်ရာ ရဟန္တာဟု ကောင်းစွာ သိကြပါကုန်၏။

၅၅၂။ တဿ တုဝံ ဧကယုဂံ ဒုဓေ ဝါ၊
မမုဒ္ဒိသိတွာန သစေ ဒဒေထ။
ပဋိဂ္ဂဟီတာနိ စ တာနိ အဿု၊
မမဉ္စ ပဿေထ သန္ဒဒ္ဓဒုဿံ။

၅၅၂။ ရာဇ၊ အရှင်မင်းမြတ်။ တဿ၊ ကျွန်ုပ်ပြုလတ် ထိုကပ္ပိတက ရဟန်းတော်မြတ်အား။ တုဝံ၊ သင်မင်းမြတ်သည်။ ဧကယုဂံ ဝါ၊ တစ်စုံသော ပုဆိုးကိုလည်းကောင်း။ ဒုဝေယုဂါနိ ဝါ၊ နှစ်စုံသော ပုဆိုးတို့ကိုလည်းကောင်း။ မမံ၊ အဝတ်မကပ် ဘုမ္မစိုးနတ်ဖြစ်သော ငါ့ကို။ ဥဒ္ဒိသိတွာန၊ ရည်ညွှန်းတမ်းတ မျှော်မှန်းဆ၍။ သစေဒဒေထ၊ သဒ္ဓါစင်ဖြူ အကယ်၍ ပေးလှူငြားအံ့။ တာနိ၊ ထိုလှူဒါန်းပြီးတဲ့ ပုဆိုးအစုံတို့ကို။ တေန ထေရေန၊ ကပ္ပိတကမည်ကျော် ထို ရဟန်းတော်သည်။ ပဋိဂ္ဂဟီတာနိ စ၊ ငဲ့ညှာသောအားဖြင့် အလှူခံ ထားအပ်ကုန်သည်လည်း။ အဿု၊ ဖြစ်ကုန်ရာ၏။ မမဉ္စ၊ အဝတ်မကပ် ငါ ဘုမ္မစိုးနတ်ကိုလည်း။ သန္ဒဒ္ဓဒုဿံ၊ အဝတ်ရကာကောင်းစွထပ်ထပ် ဝတ်ဆင်အပ်သော ပုဆိုးကို။ ပဿေထ၊ မျက်မြင်တိုက်ရိုက် ရှုကြည့်လိုက်ကြပါကုန်လော့။ ကတိ၊ ဤသို့။ အာဟ၊ ဘုမ္မစိုးနတ်က ပြောပြလေ၏။

ထို့နောက် မင်းသည် မထေရ်၏ရှိရာအရပ်ကို ဤသို့ မေးလေ၏။

၅၅၃။ ကသ္မိ ပဒေသေ သမဏံ ဝသန္တံ၊
ဂန္ဓာနု ပဿေမု မယံ ဣဒါနိ။
ယော မဇ္ဈ ကံခံ ဝိဓိကိစ္ဆတဉ္စ၊
ဒိဋ္ဌဝိသုကာနိ ဝိနောဒယေယျ။

http://www.dhammadownload.com

၅၅၃။ ယက္ခ၊ ရှေ့နောက်နှစ်ဖြာ ကောင်းစွာမြင်လတ် ဘုမ္မစိုးနတ်။ ကြဒါနိ၊ ကျွန်ုပ်နှင့်နတ်သား ပြောကြားနေရာ ဤယခုအခါ၌။ ကသို့ ပဒေသေ၊ ဘယ်မြို့ဌာန ဘယ်ရပ်ဒေသ၌။ ဝသန္တံ၊ သီတင်းသုံးနေတော်မူသော။ သမဏော၊ သီလသမာပညာဂုဏ်လွှမ်း မြတ်ရဟန်းသို့။ ဂန္တွာန၊ သွားရောက်၍။ မယံ၊ အကျွန်ုပ်တို့သည်။ ပဿေမု၊ ရှိခိုးဦးတင် ဖူးမြင်ရပါကုန်အံ့နည်း။ ယော ဘိက္ခု၊ မြင့်မြတ်ထက်တန်း အကြင်ရဟန်းသည်။ အဇ္ဇ၊ ယနေ့။ မေ၊ အကျွန်ုပ်၏။ ဇဆံဋ္ဌ၊ ဟုတ်မဟုတ်ဟု ထွေးရှုပ်မလင်း ယုံမှားခြင်းကိုလည်းကောင်း။ ဝိစိကိစ္ဆိတဋ္ဌ၊ စိတ်ထားပိုင်ပိုင် မဆုံးဖြတ်နိုင်ခြင်းကိုလည်းကောင်း။ ဒိဋ္ဌိဝိသူကာနိ၊ အမှားသက်ဝင် မိစ္ဆာအယူဟူသော ငြောင့်တံသင်းတို့ကို လည်းကောင်း။ ဝိနောဒယေယျ၊ အမှားကင်းပျောက် အမှန်ရောက်အောင် ပယ်ဖျောက်နိုင်ရာ၏။ တံ သမဏော၊ ထို ရဟန်းတော်ကို။ ပဿေမ၊ ယခုလျင်စွာ ဖူးမြင်ချင်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဘုရင်မင်းက ပြောပြလေ၏။

ထိုသို့ မင်းက ဆိုသောအခါ ပြီတ္တာသည် ဤသို့ ပြောပြလေ၏။

၅၅၄။ ဧသော နိသိန္နော ကပိနစ္စနာယံ၊
ပရိဝါရိတော ဒေဝတာဟိ ဗဟူဟိ။
ဓမ္မိ ကထံ ဘာသတိ သစ္စနာမော၊
သကသ္မိမာစေရကေ အပ္ပမတ္တော။

၅၅၄။ ရာဇ၊ မင်းမြတ်။ ကပိနစ္စနာယံ၊ မျောက်သတ္တဝါတို့ လျှောက်ကာ ခုန်က ပျော်မြူးကြသောကြောင့် ကပိနစ္စန ခေါ်တွင်ရသော အရပ်၌။ နိသိန္နော၊ ယာ ပထလေးလီ မျှညီရွှင်ပြုံး သီတင်းသုံးနေတော်မူသော။ ဗဟူဟိ၊ များစွာကုန်သော။ ဒေဝတာဟိ၊ တန်ခိုးကြီးမား နတ်ဗြဟ္မာများတို့ဖြင့်။ ပရိဝါရိတော၊ ခြံရံအပ်သော။ သစ္စနာမော၊ ဗျာယီ, သုသီလော, အရဟာ, ဝိမုတ္တော စသော ဂုဏ်အတန်တန်တို့ဖြင့် မဖောက်မပြန် မှန်ကန်သော အမည်ရှိသော။ ဧသော ဘိက္ခု၊ မြင့်မြတ်ထက်တန်း အကျင့်လွှမ်းကျော် ဤရဟန်းတော်သည်။ ဓမ္မိ ကထံ၊ မြတ်သောတရားစကားကို။ ဘာသတိ၊ အစဉ်မသွေ မိန့်ဆွေးဟောကြားတော်မူလေ၏။ သကသ္မိ၊ အများမဆိုင် မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော။ အာစေရကေ၊ ဘေးရန်ကင်းရာ ပြတတ်ပါသော မေတ္တာဘာဝနာ၌။ အပ္ပမတ္တော၊ သတိကင်းပေါ့ မေ့လျော့တော်မမူ။

ဤသို့ ဘုမ္မစိုးနတ်က ပြောပြသည်ရှိသော် မင်းသည် ထိုဓာတ်သာလျှင် မထေရ်၏ထံသို့ သွားလိုသည်ဖြစ်၍ ဤသို့ ဆိုလေ၏။

၅၅၅။ တထာဟံ ကဿာမိ ဂန္တွာ ကြဒါနိ၊
အစ္ဆာဒယိဿံ သမဏံ ယုဂေန။

http://www.dhammadownload.com

ပဋိဂ္ဂဟိတာနိ စ တာနိ အဿု၊
တုဝဉ္စ ပဿေမု သန္နဒ္ဓဒုဿံ။

၅၅၅။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဣဒါနိ၊ အသင်နတ်သား ညွှန်ကြားပြီးရာ ဤယခုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဂန္တွာ၊ သွားရောက်၍။ ကဿာမိ၊ စင်စစ်သေချာ ပြုလုပ်ပါတော့အံ့။ သမဏံ၊ ကပ္ပိတက နာမထင်ပေါ် ရဟန်းတော်ကို။ ယုဂေန့၊ ကောင်းခြင်းပြည့်စုံ ပုဆိုးအစုံဖြင့်။ အစ္ဆာဒယိဿံ၊ ဝတ်ဆင်ဖုံးလွှမ်းဆင်မြန်းစေပါအံ့။ ပဋိဂ္ဂဟိတာနိ စ၊ ငြင်းပယ်မပြု ခံယူအပ်သော ပုဆိုးရှိသည်လည်း။ အဿံ၊ ဧကန်မသွေ ဖြစ်ပေလတ္တံ့။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ တုဝဉ္စ၊ အဝတ်မကပ် သင်ဘုမ္မစိုးနတ်ကိုလည်း။ သန္နဒ္ဓဒုဿံ၊ ကောင်းစွာထပ်ထပ်ဝတ်ဆင်အပ်သော ပုဆိုးရှိသည်ကို။ ပဿေမု၊ မျက်စိရှေ့တွင် တွေ့မြင်ချင်ကြပါ၏။

ထိုအခါ ပြိတ္တာက မထေရ်သည် နတ်တို့အား တရားဟောကြားနေတော်မူ၏။ ထို့ကြောင့် ဤအခါကား မထေရ်ထံသို့ ချဉ်းကပ်ရာသောအခါ မဟုတ်သေးဟု သိစေလို၍ ဤသို့ ဆိုလေ၏။

၅၅၆။ မာ အက္ခဏေ ပဗ္ဗဇိတံ ဥပါဂမိ၊
သာဓု ဓေါ လိစ္ဆဝိ နေသ ဓမ္မော။
တထော စ ကာလေ ဥပသင်္ကမိတွာ၊
တတ္ထေဝ ပဿာဟိ ရဟော နိသိန္နံ။

၅၅၆။ ရာဇ၊ မင်းမြတ်။ သာဓု၊ တောင်းပန်ပါ၏။ အက္ခဏော၊ ချိန်ခါမသင့်အခွင့်မဟုတ်သည်၌။ ပဗ္ဗဇိတံ၊ တရားဓမ္မ ဟောပြကျင့်ကြံ ရဟန်းထံသို့။ မာ ဥပါဂမိ၊ မချဉ်းကပ်လိုက်ပါနှင့်ဦး။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းမြတ်။ ဓေါ ၊ သင်တို့၏။ ဧသော ဓမ္မော၊ လျှောက်ထားစရာ ဤတရားဒေသနာတော်သည်။ နဟောတိ၊ ယခု သွား၍ လျှောက်ထားခွင့်ပိုင် မဖြစ်နိုင်သေး။ တတော၊ ထိုအနည်းငယ်တန့် ဆိုင်းငံ့နေပြီးမှ။ ကာလေ၊ သွားချိန်သင့်မြတ် လျှောက်ပတ်သော အခါ၌။ ဥပသင်္ကမိတွာ၊ ရှိသေလေးမြတ် ချဉ်းကပ်၍။ ရဟော၊ ဆူဆူညည်း အသံကင်းကွာ ဆိတ်ငြိမ်ရာ အရပ်၌။ နိသိန္နံ၊ တရားမွေ့ပျော် နေတော်မူလတ် ရဟန်းမြတ်ကို။ တတ္ထေဝ၊ ထို အရပ်၌ပင်လျှင်။ တံ၊ သင်မင်းမြတ်သည်။ ပဿာဟိ၊ လိုရာတရား ရှိညွတ်တွား၍ လျှောက်ထားခါခါ ဖူးမြင်ပါလော့။

မင်းကြီး ပုဆိုးလှူရန် မထေရ်ထံသွားခြင်း

ဤသို့ ပြိတ္တာပြောပြသည်ရှိသော် မင်းသည် 'ကောင်းပါပြီ' ဟု ဝန်ခံ၍

http://www.dhammadownload.com

မိမိ၏ နန်းတော်သို့သာလျှင် ပြန်သွားပြီး တစ်ဖန် သင့်တင့်လျောက်ပတ်သောအခါ၌ ရှစ်ခုသော ပုဆိုးအစုံတို့ကို ယူစေလျက် မထေရ်၏အထံသို့ ချဉ်းကပ်ပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌နေကာအကျိုးအကြောင်း လျှောက်ထားခြင်းကိုပြု၍ "အရှင် မြတ်ဘုရား ဤရှစ်ခုသော ပုဆိုးအစုံတို့ကို ခံယူတော်မူပါလော့" ဟု လျှောက်ထားလေ၏။

ပုဆိုးလှူကာ အမျှဝေခြင်း

ထိုစကားကို ကြား၍ မထေရ်သည်လည်း စကားဖြစ်စေခြင်းငှာ "မြတ်သော မင်းကြီး၊ သင်သည် ရှေး၌ ပေးလှူတတ်သော အလေ့ရှိသည် မဟုတ်ပါ၊ စင်စစ် မူကား ရဟန်းပုဏ္ဏားတို့ကို ယုတ်မာစွာ ဆဲရေးတိုင်းထွာတတ်သော သဘောရှိသည်သာ ဖြစ်လျက် အဘယ်အကြောင်းကြောင့် မွန်မြတ်လှစွာ အဝတ်ပုဆိုးလျာတို့ကို ပေးလှူခြင်းငှာ အလိုရှိ၍ နေပါသနည်း" ဟု မေးမြန်းတော်မူလေ၏။ ထို စကားကိုကြား၍ မင်းသည် ပြိတ္တာနှင့် ပေါင်းမိခြင်းကိုလည်းကောင်း၊ ထိုပြိတ္တာနှင့် မိမိသည် အပြန်အလှန်ပြောဆိုအပ်သော အလုံးစုံသော အကြောင်းကိုလည်းကောင်း မထေရ်အား လျှောက်ထား၍ အဝတ်ပုဆိုးတို့ကို ပေးလှူပြီးလျှင် ပြိတ္တာအား အမျှဝေလေ၏။

အမျှရ၍ ဘဝပြည့်စုံပုံ ပြိတ္တာ ကိုယ်ထင်ပြခြင်း

ထိုသို့ အမျှဝေခြင်းတည်းဟူသော အကြောင်းကြောင့် ပြိတ္တာသည် နတ်၌ဖြစ်သော ပုဆိုးကိုဝတ်လျက် တန်ဆာဆင်ခြင်းနှင့် စပ်ယှဉ်သည်ဖြစ်၍ နတ်မြင်းကို စီးကာ မထေရ်နှင့် မင်းတို့၏ရှေ့၌ ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏။

ဒါနအကျိုး လက်တွေ့မြင်ရ၍ မကောင်းမှုမှရှောင်ရန် မင်းကြီးဆုံးဖြတ်

ထိုပြိတ္တာကိုမြင်ရ၍ မင်းသည် ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿရှိသည်ဖြစ်၍ "ငါသည် မျက်မှောက်အားဖြင့် ကံ၏အကျိုးကို မြင်အပ်ပြီ၊ ယခုအခါ၌ ငါသည် မကောင်းသောအမှုကို မပြုတော့အံ့၊ ကောင်းမှုကုသိုလ်ကိုသာလျှင် ပြုတော့အံ့" ဟု ဆို၍ ထိုပြိတ္တာနှင့် သက်သေကို ပြုလေ၏။

တံကျင်လျှိုထားသူကိုလွှတ်ရန်

ထိုပြိတ္တာသည်လည်း "လိန္ဒဝီမင်း သင်သည် ဤနေ့မှစ၍ မတရားသော အမှုကို စွန့်ပယ်၍ တရားသောအမှုကို အကယ်၍ ကျင့်သည်ဖြစ်အံ့၊ ဤသို့

http://www.dhammadownload.com

ကျင့်သည်ရှိသော် ငါသည် သင်၏ သက်သေပြုအံ့၊ သင်၏အထံသို့လည်း လာပါအံ့၊ တံကျင်၌ လျှိုထားအပ်သော ယောကျ်ားကိုလည်း လျင်မြန်စွာ တံကျင်မှ လွတ်စေပါလော့၊ ဤသို့လွတ်သည်ရှိသော် ထိုယောကျ်ားသည် အသက်ကိုရ၍ တရားကို ကျင့်လျက် ဆင်းရဲမှ လွတ်ပါလတ္တံ့၊ မထေရ်၏အထံသို့လည်း အခါခပ်သိမ်း ဆည်းကပ်လျက် တရားတော်ကိုနာသဖြင့် ကောင်းမှုတို့ကို ပြုပါလော့" ဟု ဆို၍ သွားလေ၏။

တံကျင်လျှိုထားသူကိုလွတ်၍ ဆေးကုစေပုံ

ထိုအခါ မင်းသည် မထေရ်ကိုရှိခိုး၍ မြို့သို့ဝင်ပြီးလျှင် လျင်စွာလျင်စွာ လိစ္ဆဝီမင်းပရိသတ်ကို စုဝေးစေ၍ ထိုမင်းတို့ကို ခွင့်တောင်းသဖြင့် ယောကျ်ားကို တံကျင်မှ လွတ်စေကာ "ဤသူ့ကို ကျန်းကျန်းမာမာဖြစ်အောင် ပြုစုကြကုန်လော့" ဟု ဆေးသမားတို့ကို ခိုင်းလေ၏။

မင်းကြီး သောတာပန်ဖြစ်

မင်းသည် မထေရ်သို့လည်း ချဉ်းကပ်၍ "အရှင်ဘုရား ငရဲသို့ လားစေတတ်သော ကံကိုပြု၍တည်သော ပုဂ္ဂိုလ်အား ငရဲမှလွတ်ခြင်းမည်သည် ဖြစ်ရပါ၏လော" ဟု လျှောက်ထား မေးမြန်းလေ၏။ "မြတ်သောမင်းကြီး ဖြစ်ရာ၏၊ အကယ်၍ မြတ်သောကောင်းမှုကို ပြုသည်ဖြစ်အံ့ လွတ်၏" ဟု မိန့်တော်မူ၍ မင်းကြီးကို သရဏဂုံတို့၌လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်စေ၏။ ထိုမင်းသည် သရဏဂုံ, သီလတို့၌တည်လျက် မထေရ်၏ ဩဝါဒ၌ လိုက်နာသဖြင့် သောတာပန် ဖြစ်လေ၏။

တံကျင်လျှိုခံရသူယောကျ်ား ရဟန္တာဖြစ်ခြင်း

တံကျင်၌ လျှိုသွင်းထားအပ်သော ယောကျ်ားသည်လည်း ကျန်းမာခြင်း ရှိသည်ဖြစ်၍ ထိတ်လန့်ခြင်း သံဝေဂကိုရသဖြင့် ရဟန်းတို့၏အထံ၌ ရဟန်းပြု၍ မကြာမြင့်မီ သာလျှင် အရဟတ္တဖိုလ်သို့ရောက်ကာ ရဟန္တာ ဖြစ်လေ၏။ ထိုအကြောင်းကို ပြလို ကုန်သော သံဂါယနာတင်ထေရ်အရှင်တို့သည် ဤသို့ ဆိုထားကုန်၏။

၅၅၇။ တဏှာတိ ဝတ္တာ အဂမာသိ တတ္ထ၊
ပရိဂါရိတော ဒါသဂဏေန လိစ္ဆဝိ။
သော တံ နဂရံ ဥပသင်္ကမိတ္တာ၊
ဝါသူပဂစ္ဆိတ္ထ သကေ နိဝေသနေ။

http://www.dhammadownload.com

၅၅၇။ ဒါသဂဏော၊ မောင်းမပရိသတ် မှူးမတ်ဗိုလ်ခြေ ထွေထွေသောင်းပြောင်း ကျွန်အပေါင်းဖြင့်။ ပရိဝါရိတော၊ တင့်တယ်ခမ်းနား များပြားထပ်ထပ် ခြံရံအပ်သော။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းသည်။ တထာဟိ တထာဧဝ၊ ပြောဆိုခဲ့ပြီး ထို အထက် ပါနည်းအတိုင်းပင်လျှင်။ ဝတ္တာ၊ ပြောဆို၍။ တတ္ထ၊ သီလသမာ ပညာပြည့်လတ် ကပ္ပိတကမထေရ်မြတ်ထံသို့။ အဂမာသိ၊ သွားရောက်လေ၏။ သော ရာဇာ၊ ထို လိစ္ဆဝိမင်းသည်။ တံ နဂရံ၊ မိမိနေရာ ထိုနန်းမြို့သို့။ ဥပသင်္ကမိတွာ၊ ခြေရံပေါင်းနှင့် သောင်းပြောင်းရစ်ပတ် ချဉ်းကပ်၍။ သကေ နိဝေသနေ၊ မိမိစံပျော် ရွှေနန်းတော်၌။ ဝါသံ၊ သွားချိန်စောင့်ရင်း စံနေခြင်းသို့။ ဥပဂစ္ဆိတ္ထ၊ ကောင်းစွာမသွေ ကပ်ရောက်လေ၏။

၅၅၈။ တတော စ ကာလေ ဂိဟိကိစ္စာနိ ကတ္တာ၊
နတ္တာ ပိဝိတ္တာ စ ခဏံ လဘိတ္တာ။
ဝိစေယျ့ပေဠတော စ ယုဂါနိ အဒ္ဒ၊
ဂါဟာပယီ ဒါသဂဏော နံ လိစ္ဆဝိ။

၅၅၈။ တတော စ၊ နန်းတော်ပြန်၍ စံပျော်နေပြီး ထို့နောင်မှလည်း။ ကာလေ၊ သင့်မြတ်သောအခါ၌။ ဂိဟိကိစ္စာနိ၊ နန်းတော်တွင်း၌ ပြုအပ်ထိုက်ရာ မင်းကိစ္စ အဖြာဖြာတို့ကို။ ကတ္တာ၊ ကောင်းစွာအားထုတ် အပြီးလုပ်၍။ နတ္တာစ၊ ရေချိုးခြင်းကောင်း။ ပိဝိတ္တာစ၊ ရေသောက်၍လည်းကောင်း။ ခဏံ၊ ကိစ္စကင်းပြတ် အားလပ်သော ခဏကို။ လဘိတ္တာ၊ ရ၍။ ပေဠတော၊ သေတ္တာမှ။ ဝိစေယျ၊ ကောင်းနိုးရာရာ ဝတ်လျာအသစ်တို့ကို ရွေးချယ်၍။ အဒ္ဒယုဂါနိ၊ ရှစ်ထည်သော အဝတ်အစုံတို့ကို။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းသည်။ ဒါသဂဏော၊ မှူးမတ်ဗိုလ်ခြေ ထွေထွေသောင်းပြောင်း ကျွန်အပေါင်းကို။ ဂါဟာပယီ၊ ကောင်းစွာပြင်ဆင် ယူငင်စေ၏။

၅၅၉။ သော တံ ပဒေသံ ဥပသင်္ကမိတ္တာ၊
တံ အဒ္ဒသ သမဏံ သန္တ စိတ္တံ။
ပဋိက္ကန္တံ ဂေါစရတော နိဝတ္တံ၊
သီတီဘူတံ ရုက္ခမူလေ နိသိန္နံ။

၅၅၉။ သော၊ ထို လိစ္ဆဝိမင်းသည်။ တံ ပဒေသံ၊ မထေရ်မြတ်ရှိရာ ထိုရပ်ဒေသသို့။ ဥပသင်္ကမိတ္တာ၊ ရှိသေလေးမြတ် ချဉ်းကပ်၍။ သန္တ စိတ္တံ၊ မလှုပ်မယှက် ငြိမ်သက်ပိရိ တည်ကြည်သော စိတ်ရှိထသော။ ဂေါစရတော၊ နေ့စဉ်ကြွရာ ဆွမ်းခံရွာမှ။ ပဋိက္ကန္တံ၊ ပြန်လှည့်တော်မူလာသော။ နိဝတ္တံ၊ မိမိနေရာသို့ ပြန်ကြွလာပြီးထသော။ သီတီဘူတံ၊ ကိလေသာ အပူအောမှ ငြိမ်းအေးသည်ဖြစ်ထသော။ ရုက္ခမူ

http://www.dhammadownload.com

လေ၊ ရွက်ခက်ပြည့်တင်း သစ်ပင်ရင်း၌။ နိသိန့်၊ သီတင်းသုံးနေတော်မူသော။ တံ သမဏံ၊ ထိုရဟန်းတော် အရှင် ကပ္ပိတကကို။ အဒ္ဒသ၊ ကောင်းစွာရှေ့တွင် ဖူးမြင်မိ လေ၏။

၅၆၀။ တမေနမဝေါစ ဥပသကံမိတ္တာ၊
အပ္ပာဗာဓံ ဖာသုဝိဟာရဉ္စ ပုစ္ဆိ။
ဝေသာလိယံ လိစ္ဆဝိဟံ ဘဒန္တေ၊
ဇာနန္တိ မံ လိစ္ဆဝိ အမ္ဗသက္ကရော။

၅၆၀။ တမေနံ တံ ဧနံ၊ အရှင်ကပ္ပိတက ဘွဲ့မည်တွင်လတ် ထို ရဟန်းမြတ်ကို။ ဥပသကံမိတ္တာ၊ ရှိသေလေးမြတ် ချဉ်းကပ်၍။ အပ္ပာဗာဓဉ္စ၊ ကျင်နာခံခက် နှိပ်စက်တတ်ရာ အနာရောဂါ မရှိခြင်းကိုလည်းကောင်း။ ဖာသုဝိဟာရဉ္စ၊ ပူပန် ကင်းရှင်း ချမ်းသာစွာ နေရခြင်းကိုးလည်းကောင်း။ ပုစ္ဆိ၊ လုံးစုံဖွင့်ကြား လျှောက်ထား လေ၏။ ဘဒန္တေ၊ အရှင်ကောင်း အရှင်မြတ်ဘုရား။ အဟံ၊ ရှိသေမြတ်နိုး ရှိခိုးပူဇော် တပည့်တော်သည်။ ဝေသာလိယံ၊ ဝေသာလီပြည်၌။ ဝါ၊ ဝေသာလီပြည်က။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းပါဘုရား။ မံ၊ အရှင်မြတ်သို့ ဆည်းကပ်ကော်ရော် တပည့်တော်ကို။ အမ္ဗသက္ကရော၊ အမ္ဗသက္ကရမည်သော။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းဟူ၍။ ဇာနန္တိ၊ လူအများတို့ ထင်ရှားမသွေ သိကြပါကုန်၏။

၅၆၁။ ကုမာနိ မေ အဒ္ဓ ယုဂါ သုဘာနိ၊
ပဋိဂ္ဂဏှ ဘဒ္ဒေ ပဒဒါမိ တုယှံ။
တေနေဝ အတ္ထေန ကုမာရတောသ္မိ၊
ယထာ အဟံ အတ္တမနော ဘဝေယျံ။

၅၆၁။ ဘဒ္ဒေ၊ တရားရေအေး တိုက်ကျွေးပေတတ် အရှင်မြတ်ဘုရား။ မေ၊ ဝေသာလီခေါ် ပြည်တော်သခင် တပည့်တော်ဘုရင်၏။ သုဘာနိ၊ ကောင်းမြတ်ကုန်သော။ ကုမာနိ အဒ္ဓယုဂါနိ၊ ဤရှစ်ထည်သော အဝတ်အစုံတို့ကို။ ပဋိဂ္ဂဏှ။ သနားငဲ့ညှာ အလှူခံတော်မူပါဘုရား။ တုယှံ၊ ထေရ်မွန်ဖြစ်လတ် အရှင်မြတ်အား။ ပဒဒါမိ၊ သဒ္ဓါရွှင်လန်း လှူဒါန်းပါ၏။ တေနေဝ အတ္ထေန၊ ထိုသို့ လှူဒါန်းလို သဖြင့်သာလျှင်။ ကုမာ၊ အရှင်ဘုရား ထင်ရှားရှိလတ် ဤအရပ်သို့။ အာဂတောသ္မိ၊ ဝမ်းမြောက်ဝမ်းသာ လာခဲ့ပါသည်။ အသ္မိ၊ အမှန်စင်စစ် ဖကန်ဖြစ်ပါ၏။ ယထာ၊ စေတုနာနှင့် သဒ္ဓါပွားတိုး အကြင်လှူဒါန်းရသော အကျိုးဖြင့်။ အဟံ၊ တပည့်တော်သည်။ အတ္တမနော၊ ရွှင်လန်းဝမ်းမြောက်ခြင်းရှိသည်။ ဘဝေယျံ၊ လူ,နတ်,နိဗ္ဗာန်

http://www.dhammadownload.com

သုံးတန်ချမ်းသာ ရရာရကြောင်း ကောင်းကောင်းသေချာ ဖြစ်လောက်ရာ၏။ တနေ့၊ ထို့ကြောင့်သာလျှင်။ အာဂတော၊ ဝမ်းမြောက်ဝမ်းသာ လာခဲ့ပါသည်။ အသို့၊ ဖြစ်ပါ၏။

၅၆၂။ ဒုရတော၀ သမဏာ ဗြာဟ္မဏာ စ၊
နိ၀ေသနံ တေ ပရိ၀ဇ္ဇယန္တိ။
ပတ္တာနိ ဘိဇ္ဇန္တိ စ တေ နိ၀ေသနေ၊
သဃ်ာဠိယော စာပိ ဝိဒါလယန္တိ။

၅၆၂။ မဟာရာဇ၊ မြတ်သောမင်းတရား။ တေ၊ သင်မင်းတရား၏။ နိ၀ေသနံ၊ တည်နေစံပျော် ရွှေနန်းတော်ကို။ သမဏာ စ၊ မြင့်မြတ်လွန်းကျော် ရဟန်းတော်တို့သည်လည်းကောင်း။ ဗြာဟ္မဏာ စ၊ မြင့်မြတ်ထူးခြား ပုဏ္ဏားတို့သည်လည်းကောင်း။ ပရိ၀ဇ္ဇယန္တိ၊ ရှောင်ကြဉ်ကြကုန်၏။ တေ၊ သင်၏။ နိ၀ေသနေ၊ အမြဲရွှင်ပျော် ရွှေနန်းတော်၌။ ပတ္တာနိ စ၊ ညှိညှိမှောင်မှောင် ပိတုန်းရောင်ဖိတ်ဆွမ်းသပိတ်တို့သည်လည်း။ ဘိဇ္ဇန္တိ၊ ပေါက်ကွဲပြီးတုံ ပျက်စီးကုန်၏။ သဃ်ာဠိယော စာပိ၊ ဆင်သရုံလွှမ်း ဝတ်သင်္ကန်းတို့သည်လည်း။ ဝိဒါလယန္တိ၊ ထိုးဖောက်မစဲ ဖျက်ခွဲကုန်၏။

၅၆၃။ အထာပရေ ပါဒကုဋ္ဌာရိကာဟိ၊
အဝံသိရာ သမဏာ ပါတယန္တိ။
ဧတာဒိသံ ပဇ္ဇဇိတာ ဝိဟေသံ၊
တယာ ကတံ သမဏာ ပါပုဏန္တိ။

၅၆၃။ အထ၊ ဆိုခဲ့ပြီးသည်မှတစ်ပါး။ ပါဒကုဋ္ဌာရိကာဟိ၊ ပါဒဟု ဆိုအပ်ကုန်သော ပုဆိန် ရဲဒင်းတို့ဖြင့်။ အပရေ၊ တစ်ပါးကုန်သော။ သမဏာ၊ သီလသမာပညာလွှမ်းကျော် ရဟန်းတော်တို့သည်။ အဝံသိရာ၊ ဦးခေါင်းစောက်ထိုး အမျိုးမျိုး။ ပါတယန္တိ၊ ထက်ဝန်းကျင်မှ မသက်မသာ ညှာဟာကင်းတုံ လဲကျကုန်၏။ တယာ၊ သင်သည်။ ဧတာဒိသံ၊ ဤကဲ့သို့သော သဘော်ရှိသော။ ပဇ္ဇဇိတာ ဝိဟေသံ၊ ရဟန်းတို့အား ညှဉ်းဆဲကြောင်းဖြစ်သော အမှုကို။ ကတံ၊ ပြုအပ်ပါပြီ။ သမဏာ၊ သီလသမာပညာလွှမ်းကျော် ရဟန်းတော်တို့သည်။ ပါပုဏန္တိ၊ ပင်ပန်းဆင်းရဲခြင်းသို့ရောက်ကြလေကုန်၏။

၅၆၄။ တိဏေန တေလမ္ပိ နု တုံ အဒါသိ၊
မူဠ္ဍသ မဂ္ဂမ္ပိ နု ပါ၀ဒါသိ၊
အန္ဓဿ ဒဏ္ဍံ သယ' မာဒိယာသိ၊

http://www.dhammadownload.com

ဇောဒိသော ကဒရိယော အသံဝုတော တုဝံ။
အထ တွံ ကေန ဝဏ္ဏေန ကိမေဝ ဒိသွာ၊
အမှေဟိ သဟ သံဝိဘာဂံ ကရောသိတိ။

၅၆၄။ တိဏေန တိဏဂ္ဂေနပိ၊ မြက်ဖျားလောက်ဖြင့်လည်း။ တွံ၊ သင်သည်။ တေလံ၊ ဆီကို။ နု အဒါသိ၊ စွန့်ကြဲပေးကမ်း မလှူဒါန်းဖူးပေ။ မုဋ္ဌဿ၊ ခရိုးအသွား လမ်းမှားနေသောသူအား။ တွံ၊ သင်သည်။ မဂ္ဂမ်ိ၊ ကောင်းရာရည်မှန်း ခရီးလမ်းကို လည်း။ နု ပါဝဒါသိ၊ စေတနာနှင့် သေချာကျန မပြောပြပေ။ အန္ဓဿ၊ လမ်းပန်း မထင် မျက်မမြင်၏။ ဒဏ္ဍံ၊ အားကိုးထားရှိ မျက်စိပမာ များစွာကူဖေး လက်ကိုင် တောင်ဝှေးကို။ သယံ၊ မိမိကိုယ်တိုင်။ အာဒိယာသိ၊ ညွှာတာထောက်ထား သနား မယှဉ် သင်ယူငင်၏။ တုဝံ၊ သင်သည်။ ဇောဒိသော၊ ဤသို့သဘောရှိသော။ ကဒရိ ယော၊ ကောက်ကျစ်စဉ်းလဲ၏။ အသံဝုတော၊ ကိုယ်စိတ်နှစ်ဖြာ ကောင်းစွာ မစောင့်စည်း။ အထ၊ ထိုသို့ဖြစ်ပါလျက်။ တွံ၊ သင်သည်။ ကေနဝဏ္ဏေန၊ ဘယ်လို စိတ်ပြောင်း ဘယ်အကြောင်းကြောင့်။ ကိမေဝ၊ ဘယ်တရားကိုသာလျှင်။ ဒိသွာ၊ နာကြားဆင်ခြင် တွေ့မြင်ရ၍။ အမှေဟိ၊ ငါတို့နှင့်။ သဟ၊ အတူတကွ။ သံဝိဘာဂံ၊ ကောင်းစွာမသွေ ခွဲဝေခြင်းကို။ ကရောသိ၊ ပြု သနည်း။ ဣတိ၊ ဤသို့။ ထေရော၊ ကပ္ပိတက ဘွဲ့မည်တော်လတ် မထေရ်မြတ်သည်။ အာဟ၊ မေးတော်မူလေ၏။

၅၆၅။ ပစ္ဆေမိ ဘန္တေ ယံ တွံ ဝဒေသိ၊
ဝိဟေဌယိ သမဏော ဗြာဟ္မဏော စ။
ခိဠွတ္ထိကော နော စ ပဒုဋ္ဌစိတ္တော၊
ဇာနာမိ မေ ဒုက္ကဋမေဝ ဘန္တေ။

၅၆၅။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တဝံ၊ အရှင်ဘုရားသည်။ သမဏော စ၊ မြင့်မြတ်လွန်းကျော် ရဟန်းတော်တို့ကိုလည်းကောင်း။ ဗြာဟ္မဏော စ၊ မြင့်မြတ် ထူးခြား ပုဏ္ဏားတို့ကိုလည်းကောင်း။ ဝိဟေဌယိ၊ ညှဉ်းဆဲ၏။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝဒေသိ၊ တ၊ည့်တော်အား မိန့်ကြားတော်မူ၏။ တံ ဝစနံ၊ ပြောဆိုမိန့်ကြား၊ ထိုစကားကို။ ပစ္ဆေမိ၊ မပယ်မလွှန် တကယ်မှန်၍ ဝန်ခံပါ၏ဘုရား။ ဇာနာမိ၊ ထိုပြုခဲ့သမျှ အမှုအဝဝကိုလည်း။ ခိဠွတ္ထိကော၊ ပျော်ပါးမြူးထူးလိုသည် ဖြစ်၍။ နော စ၊ မသိမမြင် ဆင်ခြင်ကင်းကွာ ပြုမိခဲ့ပါ၏။ ပဒုဋ္ဌစိတ္တော၊ ပျက်စီးစေ လိုသောစိတ် ရှိသည်။ နော စ ဟောတိ၊ မဟုတ်ပါ။ ဘန္တေ၊ သီလရနံ့ သင်းပျံ့ ထုံလတ် အရှင်မြတ်ဘုရား။ ဇာတံ၊ ပြုခဲ့သမျှ ဤအမှုအဝဝသည်။ မေ၊ အကြောင်း

http://www.dhammadownload.com

အကျိုး ကောင်းဆိုးမမျှော် တပည့်တော်အား။ ဒုက္ကဋမေဝ၊ မပြုအပ်ကြောင်း မကောင်းသော အကျင့်သာတည်း။

၅၆၆။ ခိဋ္ဌာယ ယက္ခော ပသဝိတွာ ပါပံ၊
ဝေဒေတိ ဒုက္ခံ အသမတ္တဘောဂိံ။
ဒဟရော ယုဝါ နဂ္ဂနိယဿ ဘာဂိ၊
ကိံ သု တတော ဒုက္ခတရံ'သ ဟောတိ။

၅၆၆။ ဘန္တေ၊ အရှင်ဘုရား။ ယက္ခော၊ တပည့်တော်နှင့် ကျွမ်းဝင်သိလတ် ဘုမ္မစိုးနတ်သည်။ ခိဋ္ဌာယ၊ မြူးထူးလိုသဖြင့်။ ပါပံ၊ သူများပုဆိုး ယူခိုးဂ္ဂ်ပြု မကောင်းမှုကို။ ဥပသေဝိတွာ၊ မှီဝဲဆည်းကပ်း စုဆောင်းအပ်မိသည်ဖြစ်၍။ ဒုက္ခံ၊ ချမ်းသာကင်းကွာ ဆင်းရဲဝေဒနာကို။ ဝေဒေသိ၊ အမှန်အားဖြင့် ခံစားခဲ့ရပါ၏။ အသမတ္တဘောဂိံ၊ မပြည့်စုံငြား စည်းစိမ်ကို ခံစားရသော။ ဒဟရော၊ နုနုနယ်နယ် ငယ်ရွယ်သော။ ယုဝါ၊ လှပပြည့်လွင် နတ်လုလင်သည်။ နဂ္ဂနိယဿ၊ အဝတ်မပါ ဗလာဖြစ်သော။ ဘာဂိ၊ ကိုယ်ပြုခဲ့မှု အဖို့အစုရှိသည်။ ဟောတိ၊ဖြစ်၏။ အသ ပေတဿ၊ ထိုပြိတ္တာအား။ တဒုတ္တာ၊ အဝတ်ကင်းရှင်း အချည်းနှီး နေရခြင်းထက်။ ဒုက္ခတရံ၊ ထူးချွန်လွန်ကဲ ဆင်းရဲခြင်းသည်။ ကိံ သုဟောတိ၊ တကယ့်စင်စစ် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။

၅၆၇။ တံ ဒိသွာ သံဝေဂမလတ္ထံ ဘန္တေ၊
တပ္ပစ္စယာ ဝါပိ ဒဒါမိ ဒါနံ။
ပဋိဂ္ဂဏှ ဘန္တေ ဝတ္ထယုဂါနိ အဒ္ဒ၊
ယက္ခသိမာ ဂစ္ဆန္တု ဒက္ခိဏာယောတိ။

၅၆၇။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တံ ပေတံ၊ ပုဆိုးကင်းကွာ ထိုနတ်ပြိတ္တာကို။ ဒိသွာ၊ မျက်မှောက်ထင်ထင် တွေ့မြင်ရပါ၍။ သံဝေဂံ၊ လန့်ဖျပ်ထိတ်ထိတ် သံဝေစိတ်ကို။ အလတ္ထံ၊ ကောင်းစွာမသွေ ရအပ်ပေပြီ။ တပ္ပစ္စယာ ဝါပိ၊ ထို ထိတ်လန့်သံဝေ ရခဲ့လေသော အကြောင်းကြောင့်။ ဒါနံ၊ ပေးကမ်းလှူဒါန်းခြင်းကို။ ဒဒါမိ၊ လောဘမသမ်း စိတ်ကြည်လန်းစွာ လှူဒါန်းပြုလုပ်ပါ၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဒ္ဒ၊ ရှစ်ထည်ကုန်သော။ ဝတ္ထယုဂါနိ၊ အဝတ်စုံတို့ကို။ ပဋိဂ္ဂဏှ၊ တပည့်တော်အား သနားငဲ့ညှာ အလှူခံတော်မူပါဘုရား။ ဣမာ ဒက္ခိဏာယော၊ ဤအလှူတို့သည်။ ယက္ခသိ၊ တပည့်တော်နှင့် ကျွမ်းဝင်သိလတ် ပြိတ္တာနတ်အား။ ဂစ္ဆန္တု၊ အဝတ်ရရန် အကျိုးဧကန် ရောက်ပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။

http://www.dhammadownload.com

၅၆၈။ အဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒဒတော စ တေ အက္ခယဓမ္မ မတ္ထု။
ပဋိဂ္ဂဏှာမိ တေ ဝတ္ထယုဂါနိ အဒ္ဓ၊
ယက္ခသိမာ ဂစ္ဆန္တု ဒက္ခိဏာယောတိ။

၅၆၈။ အဒ္ဓါဟိ အဒ္ဓါ ဇဝ၊ စင်စစ်သာလျှင်။ ဒါနံ၊ ပေးကမ်းလှူဒါန်းခြင်းကို။ ပသတ္ထံ၊ ဘုရားစတွာ အရိယာနှင့် များစွာသောင်းသောင်း သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏။ ဒဒတော စ၊ စိတ်ထားကြည်ဖြူ အလှူတော်ကို ပေးတတ်သည်လည်းဖြစ်သော။ တေ၊ သင့်အား။ အက္ခယဓမ္မံ၊ ယုတ်လျော့မှုကင်း မကုန်နိုင်ခြင်း သဘောသည်။ အတ္ထု၊ စင်စစ်မသွေ ဖြစ်စေသတည်း။ အဟံ၊ ငါသည်။ တေ၊ သင်၏။ အဒ္ဓ၊ ရှစ်ထည်ကုန်သော။ ဝတ္ထယုဂါနိ၊ အဝတ်စုံတို့ကို။ ပဋိဂ္ဂဏှာမိ၊ သနားငဲ့ညှာ အလှူခံပါ၏။ ယက္ခသ၊ အဝတ်မပါ သင်၏ နတ်ပြိတ္တာအား။ ဣမာ ဒက္ခိဏာယော၊ ဤအလှူတို့သည်။ ဂစ္ဆန္တု၊ ကောင်းစွာမသွေ အကျိုးကပ်ရောက်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်မြတ်သည်။ အာဟ၊ မိန့်ကြားတော်မူ၏။

၅၆၉။ တတော ဟိ သော အာစမယိတ္ထာ လိဒ္ဓဝိ၊
ထေရဿ ဒတ္ဝာန ယုဂါနိ အဒ္ဓ။
ပဋိဂ္ဂဟိတာနိ စ တာနိ အဿု၊
ယက္ခဿ ပဿေထ သန္နဒ္ဓဒုဿံ။

၅၆၉။ တတော ဟိ တတော ဇဝ၊ ထို့နောက်မှသာလျှင်။ လိဒ္ဓဝိ၊ လိဒ္ဓဝီမင်းသည်။ အာစမယိတ္ထာ၊ လက်,ခြေ, ခံတွင်း သန့်ရှင်းဖို့ရာ ရေးဦးစွာ ဆေးကြော၍။ ထေရဿ၊ အရှင်ကပ္ပိတက ဘွဲ့မည်တွင်လတ် မထေရ်မြတ်အား။ အဒ္ဓယုဂါနိ၊ ရှစ်ထည်သော အဝတ်အစုံတို့ကိုလည်း။ ပဋိဂ္ဂဟိတာနိ၊ ခံယူအပ်ကုန်သည်။ အဿု၊ ဖြစ်ကုန်ပြီ။ သန္နဒ္ဓဒုဿံ၊ ရည်ရွယ်ပြုစု ဒါနမှု၏ ကောင်းကျိုးရလတ် ဝတ်ဆင်အပ်သော ပုဆိုးရှိသော။ ယက္ခဿ၊ ရှုချင်စဖွယ် တင့်တယ်နေလတ် ပြိတ္တာနတ်ကိုလည်း။ ပဿေထ၊ သတိပြု၍ ကြည့်ရှုတွေ့မြင်ရလေ၏။

၅၇၀။ တမဒ္ဒသာ စန္ဒနသာရလိတ္တံ၊
အာစညမာရုဠ္ဍ မုဠာရဝဏ္ဏံ။
အလင်္ကတံ သာဓုနိဝတ္ထဒုဿံ၊
ပရိဝါရိတံ ယက္ခမဟိဒ္ဓိပတ္တံ။

http://www.dhammadownload.com

၅၇၀။ စန္ဒနသာရလိတ္တဲ့၊ စန္ဒကူးနှစ်ဖြင့် လိမ်းကျံအပ်သော။ အာဇည်၊ လျင်မြန်ထန်ပြင်း အာဇာနည် နတ်မြင်းကို။ အာရုဋ္ဌ၊ ကောင်းစွာမသွေ တက်စီးပေထသော။ ဥဋ္ဌာရဝဏ္ဏဲ့၊ တင့်တယ်သပ်ရပ် မွန်မြတ်သော အဆင်းရှိထသော။ အလင်္ကတံ့၊ ကောင်းစွာထပ်ထပ် ဆင်ယင်အပ်သော တန်ဆာရှိထသော။ သာဓုနိဝတ္ထဒုဿံ၊ ကောင်းပေအသွင် ပြင်ဆင်လွှမ်းပတ် ဝတ်ဆင်အပ်သည့် ပုဆိုးလည်း ရှိထသော။ ပရိဝါရိတံ၊ အခြံအရံများနှင့်လည်း ပြည့်စုံသော။ မဟိဒ္ဓိပတ္တံ၊ တန်ခိုးကြီးမားခြင်းသို့ရောက်သော။ တံ ယက္ခံ၊ ကုသိုလ်အကျိုး ဖွဲ့ဖြိုးနေလတ် ထိုဘုမ္မစိုးနတ်ကို။ အဒ္ဒသာ၊ မျက်မှောက်ရှေ့တွင် တွေ့မြင်ရလေ၏။

၅၇၁။ သော တံ ဒိသွာ အတ္တမနော ဥဒဂ္ဂေါ၊
ပဟဋ္ဌစိတ္တော စ သုဘဂ္ဂရူပေါ။
ကမ္မဋ္ဌ ဒိသွာန မဟာဝိပါကံ၊
သန္နိဋ္ဌိကံ စက္ခုနာ သစ္ဆိကတွာ။

၅၇၁။ သော၊ ထိုလိစ္ဆဝီမင်းသည်။ တံ ယက္ခံ၊ ကောင်းကျိုးရလတ် ထိုဘုမ္မစိုးနတ်ကို။ ဒိသွာ၊ မျက်မှောက်ရှေ့တွင် တွေ့မြင်ရ၍။ အတ္တမနော၊ စေတနာထက်သန်ခါတက်၍ နှစ်သက်သောစိတ်ရှိသည်။ ဥဒဂ္ဂေါ၊ ရွှင်ကြည်လျှမ်းမောက် ဝမ်းမြောက်ခြင်းရှိသည်။ ပဟဋ္ဌ စိတ္တော၊ ရွှင်လန်းသောစိတ်ရှိသည်။ သုဘဂ္ဂရူပေါ၊ ကောင်းမြတ်သော သဘောရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဋ္ဌ၊ ကိုယ်တိုင်အားထုတ်မတွန့်ဆုတ်ဘဲ ပြုလုပ်ခဲ့သော အမှုကိုလည်းကောင်း။ သန္နိဋ္ဌိကံ၊ မျက်မှောက်ထင်ထင်တွေ့မြင်အပ်သော။ မဟာဝိပါကဋ္ဌ၊ မြတ်သော ကံ၏အကျိုးကိုလည်းကောင်း။ စက္ခုနာ၊ မိမိ၏မျက်စိဖြင့်။ ဒိသွာန၊ ထင်ရှားပေါ်လွင် တွေ့မြင်ရ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။

၅၇၂။ တမေနမဝေါစ ဥပသင်္ကမိတွာ၊
ဒဿာမိ ဒါနံ သမဏဗြာဟ္မဏာနံ။
နံ စာပိ မေ ကိဉ္စိ အဒေယျမတ္ထိ၊
တုဝဉ္စ မေ ယက္ခ ဗဟူပကာရောတိ။

၅၇၂။ တမေနံ တံဇေနံ၊ ထိုဘုမ္မစိုးနတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ယက္ခ၊ အဆွေဘုမ္မစိုးနတ်သား။ တုဝဉ္စ၊ သင်သည်လည်း။ မေ၊ အကျွန်ုပ်အား။ ဗဟူပကာရော၊ မြင့်မြတ်ကဲထူး များမြတ်သော ကျေးဇူးရှိ၏။ မေ၊ ကျွန်ုပ်အား။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ အဒေယျ ဓမ္မံ၊ မလျှထိုက်ငြား ကုသိုလ်တရားမည်သည်။

http://www.dhammadownload.com

နံ စာပိ အတ္ထိ၊ တကယ်ကြည့်က မရှိသည်သာလျှင်တည်း။ အဟံ၊ အကျွန်ုပ်သည်။ သမဏဗြာဟ္မဏာနံ၊ မြင့်မြတ်ထက်တန်း ရဟန်းပုဏ္ဏားတို့အား။ ဒါနံ၊ အလှူတော်ကို။ ဒဿာမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူပါအံ့။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆို လေ၏။

၅၇၃။ တုဝဉ္စ မေ လိဿဝိ ဇကဒေသံ၊
အဒါသိ ဒါနာနိ အမောဃမေတံ။
သွာဟံ ကရိဿာမိ တယာဝ သက္ခိံ၊
အမာနုသော မာနုသကေန သဒ္ဓိန္တိ။

၅၇၃။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းမြတ်။ တုဝဉ္စ၊ သင်မင်းမြတ်သည်လည်း။ မေ၊ ငါ့အား။ ဇကဒေသံ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး တစ်ပါးအပါဝင်လျှာပုဆိုး အလှူကို။ အဒါသိ၊ သဒ္ဓါဖွေးဖြူ ပေးလှူလေ၏။ အမောဃံ၊ အချည်းနှီးမဟုတ်သော။ ဇတံ ဇတာနိ ဒါနာနိ၊ ကောင်းမှုစာဂ ဤဒါနတို့ကို။ ဒိဿွာ၊ ကောင်းစွာရှေ့တွင် တွေ့မြင်ရ၍။ အမာနုသော၊ နတ်ဖြစ်သော။ အဟံ၊ ငါသည်။ မာနုသကေန၊ ကုသိုလ်လိုလား လူသားဖြစ်သော။ တယာဝ၊ သင်နှင့်သာလျှင်။ သဒ္ဓိံ၊ အတူတကွ၊ သက္ခိံ၊ ယုံကြည်စေလို သိသက်သေကို။ ကရိဿာမိ၊ ယခုမြန်စွာ ပြုလုပ်ပါအံ့။ ဣတိ၊ ဤသို့။ ယက္ခော၊ ဘုမ္မစိုးနတ်သည်။ အာဟ၊ ပြောဆိုလေ၏။

၅၇၄။ ဂတိ စ ဗန္ဓူ စ ပရာယဏဉ္စ၊
မိတ္တော မမာသိ အထ ဒေဝတာ မေ။
ယာစာမိ တံ ပဉ္စလိကော ဘဝိတွာ၊
ဣစ္ဆာမိ တံ ယက္ခ ပုနပိ ဒဿနံ္တိ။

၅၇၄။ ဒေဝတာ၊ တန်ခိုးကြီးထွား ဘုမ္မစိုးနတ်သား။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ဂတိစ၊ လူနတ်ချမ်းသာ လားရာသည်လည်းကောင်း။ ဗန္ဓူစ၊ ပေါက်ဖော်သားချင်း ဆွေမျိုးရင်းတို့သည်လည်းကောင်း။။ ပရာယဏဉ္စ၊ အားထားယုံကြည်လဲလျောင်း မှီခိုရာသည်လည်းကောင်း။ မိတ္တော၊ ကျေးဇူးကြီးလတ် မြတ်နိုးအပ်သော သူသည်လည်းကောင်း။ အာသိ၊ စင်စစ်မသွေ ဖြစ်လေ၏။ အထ၊ ထိုမှတစ်ပါး။ မေ၊ ငါ၏။ ဒေဝတာ၊ အားထားဖွယ်ရာသည်လည်း၊ အာသိ၊ ဖြစ်၏။ တံ၊ ကျွန်တော်မျိုး၏ အားကိုးအားထား သင်နတ်သားကို။ ပဉ္စလိကော၊ ကောင်းစွာယုံကြည်လက်အုပ်ချီသည်။ ဘဝိတွာ၊ ဖြစ်၍။ ယာစာမိ၊ အကြောင်းမှန်စွာ တောင်းပန်

http://www.dhammadownload.com

ပါ၏။ ယက္ခ၊ အသင်နတ်မင်း။ တံ၊ သင်နတ်မင်းကို။ ပုနပိ၊ တစ်ဖန်လည်း။ ဒဠ္ဠံ၊ ကြည့်ရှုခြင်းငှာ။ ဣစ္ဆာမိ၊ ယခု မြန်စွာအလိုရှိပါ၏။ ဣတိ၊ ဤသို့။ ရာဇာ၊ မင်းသည်။ အာဟ၊ ပြောဆိုလေ၏။

၅၇၅။ သစေ တုဝံ အသဒ္ဓေါ ဘဝိဿသိ၊
ကဒရိယရူပေါ ဝိပွဍိပန္နစိတ္တော။
တွံ နေဝ မံ လစ္ဆသိ ဒဿနာယ၊
ဒိသွာ စ တံ နောပိ စ အာလပိဿံ။

၅၇၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တွံ၊ သင် မင်းကြီးသည်။ အသဒ္ဓေါ၊ ယုံကြည်ခြင်း မရှိသည်။ ကဒရိယရူပေါ၊ စဉ်းလဲသော သဘောရှိသည်။ ဝိပွဍိပန္နစိတ္တော၊ သဘောမမှန် အကောက်ဉာဏ်နှင့် ဖောက်ပြန်သော စိတ်ရှိသည်။ သစေ ဘဝိဿသိ၊ အကယ်၍များ ဖြစ်ခဲ့ငြားအံ့။ ဧဝံ၊ ဤသို့ ဖြစ်ခဲ့သည်ရှိသော်။ တွံ၊ သင်မင်းကြီးသည်။ မံ၊ အကျွန်ုပ်ကို။ ဒဿနာယ၊ ရှိသေစွာပြု ကြည့်ရှုခြင်းငှာ။ နေဝ လစ္ဆသိ၊ ဘယ်နည်းနှင့်မျှ မရတော့လတ္တံ့။ တံ၊ သင်မင်းကြီးကို။ ဒိသွာ စ၊ မျက်မှောက်ထင်ထင် တွေ့မြင်ရသော်လည်း။ နောပိ စ အာလပိဿံ၊ နှုတ်ဆက်စကား မြွက်ကြားခါခါ ခေါ်လည်း ခေါ်တော့မည် မဟုတ်ပါ။

၅၇၆။ သစေ ပန တွံ ဘဝိဿသိ ဓမ္မဂါရဝေါ၊
ဒါနေ ရတော သင်္ဃဟိတတ္တာဘာဝေါ။
ဩပါနဘူတော သမဏဗြာဟ္မဏာနံ၊
ဧဝံ မမံ လစ္ဆသိ ဒဿနာယ။

၅၇၆။ မဟာရာဇ၊ မင်းမြတ်။ တွံ၊ သင်မင်းမြတ်သည်။ ဓမ္မဂါရဝေါ၊ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ဆောင်တတ်စွာလတ် တရားမြတ်ကို ရှိသေသည်။ ဒါနေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌။ ရတော၊ ရွှင်လန်းပျော်ပျော် မွေ့လျော်သည်။ သင်္ဃဟိတတ္တာဘာဝေါ၊ ပေးကမ်းခြီးမြှောက်ခြင်း သဘောရှိသည်။ သမဏဗြာဟ္မဏာနံ၊ မြင့်မြတ်ထက်တန်း ရဟန်းပုဏ္ဏားတို့၏။ ဩပါနဘူတော၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးသွယ်အတွက် ရေတွင်းသဖွယ်ဖြစ်၍ ဖြစ်သည်။ သစေ ဘဝိဿသိ၊ အကယ်၍ဖြစ်အံ့။ ဧဝံ ဤတိ၊ ဤသို့ဖြစ်သည်ရှိသော်။ မမံ၊ ငါ့ကို။ ဒဿနာယ၊ ထင်ထင်လင်းလင်း ကြည့်ရှုခြင်းငှာ။ လစ္ဆသိ၊ ဧကန်မသွေ ရပေလတ္တံ့။

၅၇၇။ ဒိသွာ စ တံ အာလပိဿံ ဘဒ္ဒန္တေ၊
ဣမဉ္စ သူလတော လဟုံ ပမုဉ္စ။

http://www.dhammadownload.com

ယတောနိဒါနံ အကရိမှ သက္ခိ၊
မညာမိ သူလာဝုတကဿ ကာရဏာ။

၅၇၇။ ဘဒန္တေ၊ လေးစားခင်မင် အရှင်မင်းမြတ်။ တံ၊ သင်မင်းမြတ်ကို။ ဒိသွာ စ၊ မျက်မှောက်ထင်ထင် တွေ့မြင်သော်လည်း။ အာလပိဿံ၊ နှုတ်ဆက်ရှင်လန်း မေးမြန်းခေါ်ဝေါ်လတ္တံ့။ ဣမဉ္စ၊ ဒုက္ခကြီးများ ဤယောကျ်ားကိုလည်း။ သူလတော၊ သွင်းလျှိုထားတင် တုတ်တံကျင်မှ။ လဟုံ၊ လျင်မြန်စွာ။ ပမုဉ္စ၊ ချမ်းသာပေးကာ လွှတ်လိုက်ပါလော့။ ယတော နိဒါနံ၊ တံကျင်လျှိုထား အကြောင်ယောကျ်ားထံ လာရောက်ခြင်းဟူသော အကြောင်းကြောင့်။ သက္ခိ၊ သက်သေကို။ အကရိမှ၊ မပျက်ကောင်းစွာ ပြုပါကုန်၏။ သူလာဝု တကဿ၊ တံကျင်လျှိုထားသည့် ယောကျ်း၏။ ကာရဏာ၊ အကြောင်းကြောင့်။ မညာမိ၊ တစေ့စေ့အောက်မေ့မှတ်ထင်မိပါ၏။

၅၇၈။ တေ အညမညံ အကရိမှ သက္ခိ၊
အယဉ္စ သူလတော လဟုံ ပမုဉ္စော။
သက္ကစ္စ ဓမ္မာနိ သမာစရန္တော၊
မုစ္စေယျ သော နိရယာ စ တမှာ။
ကမ္မံ သိယာ အညတြ ဝေဒနိယံ။

၅၇၈။ ဘဒန္တေ၊ လေးစားခင်မင် အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်သည်။ အညမညံ၊ အချင်းချင်း။ သက္ခိ၊ သက်သေကို။ အကရိမှ၊ ရှေ့နောက်အရေးချင့်မျှော်တွေးကာ ပြုလုပ်ကြပါကုန်၏။ သူလတော၊ ကောင်းစွာလျှိုတင် တုတ်တံကျင်မှ။ အယဉ္စ၊ ဤယောကျ်ားသည်လည်း။ လဟုံ၊ လျင်မြန်စွာ။ ပမုဉ္စော၊ သေမည့်ဘေးမှ လွတ်မြောက်ရသည်ရှိသော်။ သက္ကစ္စ၊ လေးမြတ်ကြည်သာ ရှိသေစွာ။ ဓမ္မာနိ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်စွာပေးတတ် တရားတော်မြတ်ကို။ စရန္တော၊ ဝမ်းမြောက်ဝမ်းသာ စေတနာနှင့် သေချာကျင့်သည်ဖြစ်၍။ သော ပုရိသော၊ ဒုက္ခကင်းငြား ထိုယောကျ်ားသည်။ တမှာ နိရယမှာ၊ နေ့ညမစဲ ဆင်းရဲကြီးစွာ ထိုငရဲရွာမှ။ မုစ္စေယျ၊ အမှန်မချွတ် ကင်းလွတ်ရာ၏။ ဝေဒနိယံ၊ မလွတ်မလပ် ခံစားအပ်သော အပရာပရိယ ဝေဒနီယကံကို။ အညတြ၊ ရှောင်ကြဉ်ပယ်ရှားရ၍။ ကမ္မံ၊ အခြားမဲ့ဘဝ၌ တိုက်ရိုက်အမှန် ခံစားအပ်သော အကုသိုလ်ကံသည်။ အဟောသိကမ္မံ၊ အဟောသိကံသည်။ သိယာ၊ ဖြစ်ရာ၏။

၅၇၉။ ကပ္ပိတကဉ္စ ဥပသင်္ကမိတ္တာ၊
တေနေဝ သဟ သံဝိဘဇိတ္တာ ကာလေ။

http://www.dhammadownload.com

သယံ မုဓေနုပနိသဇ္ဇ ပုစ္ဆ၊
သော တေ အက္ခိဿတိ တေမတ္တံ။

၅၇၉။ ကပ္ပိတကဋ္ဌ၊ ကပ္ပိတက မထေရ်မြတ်၏ထံသို့လည်း။ ဥပသင်္ကမိတွာ၊ ရိုသေလေးမြတ် ချဉ်းကပ်၍။ တေနေဝ ထေရေန၊ ကပ္ပိတက ဘွဲ့မည်တွင်လတ် ထို မထေရ်မြတ်နှင့်သာလျှင်။ သဟ၊ သို့တူညီမျှ အတူတကွ။ သံဝိဘဇိတွာ၊ ကောင်းစွာ ခွဲခြမ်း ဝေဖန်ခြင်းကိုပြု၍။ ကာလေ၊ သင့်မြတ်သောအခါ၌။ သယံ၊ မိမိကိုယ်တိုင်။ မုခေန၊ ထင်ထင်ရှားရှား မျက်မှောက်အားဖြင့်။ ဥပနိသဇ္ဇ၊ ရိုသေလေးမြတ် အနီး သို့ကပ်၍။ ပုစ္ဆ၊ ချင့်တွေးမျှော်ထောက် မေးလျှောက်လေလော့။ သော ဟေရော၊ ထိုမထေရ်သည်။ တေ၊ သင့်အား။ ဧတံ အတ္ထံ၊ ပြောပြခဲ့ပုံ ဤအကြောင်းစုံကို။ အက္ခိဿတိ၊ မိန့်ကြားတော်မူလတ္တံ့။

၅၈၀။ တမေဝ ဘိက္ခု ဥပသင်္ကမိတွာ၊
ပုစ္ဆသု အညတ္ထိကော နော စ ပဒုဋ္ဌစိတ္တော။
သော တေ သုတံ အသုတဘ္ဘာပိ ဓမ္မံ၊
သဗ္ဗမ္မို အက္ခိဿတိ ယထာ ပဇာနံ့။

၅၈၀။ တမေဝ ဘိက္ခု၊ ထိုကပ္ပိတကရဟန်းသို့သာလျှင်။ ဥပသင်္ကမိတွာ၊ ရိုသေလေးမြတ် ချဉ်းကပ်၍။ အညတ္ထိကော၊ တစ်ပါးသော ကုသိုလ်အစုကို အလို ရှိသည်ဖြစ်၍။ ပုစ္ဆသု၊ ကောင်းစွာမသွေ မေးလျှောက်ပါလေလော့။ ပဒုဋ္ဌစိတ္တော၊ ပြစ်မှားလိုသော စိတ်ရှိသည်ဖြစ်၍။ နော စ ပုစ္ဆသု၊ မမေးလျှောက်ပါလေလင့်။ သောထေရော၊ ထိုမထေရ်သည်။ တေ၊ သင့်အား။ သုတဋ္ဌ၊ ရှေးဦးထူးထူး ကြားဖူး ပြီးလတ် တရားတော်မြတ်ကိုလည်းကောင်း။ အသုတဋ္ဌာပိ၊ ရှေးဦးထူးထူး မကြားဖူး ရာ တရားဒေသနာတော်ကိုလည်းကောင်း။ သဗ္ဗံ၊ မကျန်မကြွင်း ခပင်းဥသုံ အလုံး စုံသော။ ဓမ္မံ။ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ဆောင်တတ်စွာလတ် တရားမြတ် ကို။ အက္ခိဿတိ၊ ဟောကြားတော်မူလတ္တံ့။

၅၈၁။ သော တတ္ထ ရဟဿံ သမုလ္လပိတွာ၊
သက္ခိ ကရိတ္ဝာန အမာနုသေန။
ပဏ္ဍာမိ သော လိစ္ဆဝိနံ သကာသံ၊
အထ ဇြဝိ ပရိသံ သန္နိသိန္နံ။

၅၈၂။ သုဏန္တု ဘောန္တော မမ ဇေဝါကျံ၊
ဝရံ ဝရိဿံ လဘိဿာမိ အတ္ထံ။

http://www.dhammadownload.com

သူလာဝုတော ပုရိသော လုဒ္ဒကမ္မော၊
ပဏိဟိတဒဏ္ဍော အနုသတ္တရူပေါ။

၅၈၁–၂။ သော ရာဇာ၊ ထိုလိစ္ဆဝီဘုရင်မင်းမြတ်သည်။ တတ္ထ၊ ထိုအရပ်၌။ ရဟာသံ၊ လျို့ဝှက်အပ်သော စကားကို။ အမာနုသေန၊ ဘုမ္မစိုးနတ်နှင့်။ သဒ္ဒိံ၊ အတူတကွ။ သမုလ္လပိတွာ၊ တိုင်ပင်နှီးနော ပြောဟော၍။ သက္ခိံ၊ ယုံကြည်စေလို မျက်မြင်သက်သေကို။ ကရိတွာန၊ ပြုလုပ်၍။ ပက္ကာမိ၊ စိတ်သဘောထား မကွဲ ပြားဘဲ ဖဲသွားလေ၏။ အထ၊ ဖဲသွားလေရာ ထိုအခါ၌။ သော ရာဇာ၊ ထိုမင်း သည်။ လိစ္ဆဝီနံ၊ လိစ္ဆဝီမင်းတို့၏။ သကာသံ၊ မဝေးကွာငြား ထံနီးပါးသို့။ သန္နိသိန်း၊ တိုင်ပင်ဆွေးနွေး စည်းဝေးသည်၏ အစွမ်းဖြင့်နေသော။ ပရိသံ၊ မင်းများစုံလတ် ပရိသတ် ကို။ အဗြဝိ၊ ဤသို့ မြွက်ကြားပြောဆိုလေ၏။ ဘောန္တော၊ အိုမင်းများတို့။ မမ၊ အကျွန်ုပ်၏။ ဧကဝါကျံ၊ မရွည်မများ တစ်ခွန်းသောစကားကို။ သုဏန္တု၊ နားထောင်ကြပါကုန်လော့။ ဝရံ ဝရိသံ၊ အလွန်သင့်မြတ် တောင့်တအပ်သော။ အတ္ထံ၊ ကောင်းမြတ်သော အကျိုးကို။ လဘိသာမိ၊ အမှန်မသွေ ရပေလတ္တံ့။ သူလာဝုတော၊ ကောင်းစွာတပ်ဆင် တံကျင်လျှိုထားအပ်သော။ ပုရိသော၊ မကောင်း စရိုက် ပြုမိလိုက်၍ ဝဋ်ဆိုက်နေငြား ဤယောကျ်ားသည်။ လုဒ္ဒကမ္မော၊ ကြမ်းကြုတ် သောအမှုရှိ၏။ ပဏိဟိတဒဏ္ဍော၊ ထားအပ်ပြီးသော ဒဏ်ရှိ၏။ အနုသတ္တရူပေါ၊ ကွပ်ညှပ် ဆုံးမအပ်ပြီးသော သဘောရှိ၏။

၅၈၃။ တ္ထောဝတာ ဝိသတိရတ္တိမတ္တာ၊
ယတော အာဝုတော နေဝ ဒိဝတိ နု မတော။
တာဟံ မောစယိဿာမိ ဒါနိ၊
ယထာမတိံ အနုဇာနာတု သံဃောတိ။

၅၈၃။ တ္ထောဝတာ၊ ဤမျှ အတိုင်းအရှည်တို့ဖြင့်။ ဝိသတိရတ္တိမတ္တာ၊ ဒုက္ခ နှင့်သွယ် ညဉ့်နှစ်ဆယ်မျှ လွန်ပြီ။ ယတော၊ အစဉ်ရှည်ကြာ အကြင်အခါမှ။ အာဝုတော၊ ထိုးဖောက်ဆင်တပ် သီထားအပ်၏။ နေဝ ဇိဝတိ၊ အလွန်ဒဏ်ကြီးသဖြင့် အသက်လည်း မရှင်။ နု မတော၊ ဇီဝိန်ပျက်ကြွေ အသက်လည်း မသေ။ တံ ပုရိသံ၊ မရှင်မသေ တံကျင်ဇွေမှာ ကိုယ်ကြေပျက်ကွဲ မကြည့်ရဲအောင် ဆင်းရဲလှငြား ထို ယောကျ်ားကို။ ဒါနိ၊ ယခုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ယထာ မတိံ၊ အလိုနှင့် လျော်ညီစွာ။ မောစယိဿာမိ၊ မချွတ်မြှုန်စွာ လွတ်လိုက်ပါတော့အုံ။ သံဃော၊ လူတို့သေဌ်နှင်း လိစ္ဆဝီမင်းအပေါင်းကို့သည်။ အနုဇာနာတု၊ ညီညာသမှု အစဉ် ရှု၍ ခွင့်ပြုစေချင်ပါ၏။ ဣတိ ဤသို့။ အာဟ၊ ပြောဆိုလေ၏။

http://www.dhammadownload.com

၅၈၄။ ဧတဉ္စ အညဉ္စ လဟုံ ပမုဉ္စ၊
ကော တံ ဝေဒေထ တထာ ကရောန္တံ။
ယထာ ပဓာနာသိ တထာ ကရောဟိ၊
ယထာမတိံ အနုဓာနာတိ သံယောဓ။

၅၈၄။ ရာဓ၊ မင်းမြတ်။ ဧတဉ္စ၊ တံကျင်တပ်ထား ထိုယောကျ်ားကို လည်းကောင်း။ အညဉ္စ၊ ထိုမှတစ်ပါး အာဇာထားအပ်သောသူကို လည်းကောင်း။ လဟုံ၊ မဆိုင်းမကြာ လျင်မြန်စွာ။ ပမုဉ္စ၊ လွတ်လိုက်ပါလော့။ ကော၊ အဘယ်သူသည်။ တံ၊ သင်မင်းမြတ်ကို။ ဝေဒေထ၊ ဘယ်သို့ဘယ်ပုံ ဆိုဝံ့ကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပဓာနာသိ သိ၏။ တထာ၊ ထို အခြင်းအရာအားဖြင့်။ ကရောဟိ၊ သံသယကင်းစွာ ပြုလုပ်ပါလော့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ မတိံ၊ လွတ်မည်ကြံဆ လိုဆန္ဒကို။ ပဓာနာသိ၊ ကောင်းစွာ သိ၏။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ကရောဟိ၊ ပြုလုပ်ပါလေလော့။ သံယော၊ လိဒ္ဓဝိမင်းပေါင်းသည်။ အနုဓာနာတိ၊ ခွင့်ပြုတော်မူ၏။

၅၈၅။ သော တံ ပဒေသံ ဥပသင်္ကမိတ္ဝာ၊
သူလာဝုတံ မောစယိ ခိပ္ပမေဝ။
မာ ဘာယိ သုမ္မာတိ စ တံ အဝေါ စ၊
တိကိစ္ဆကာနဉ္စ ဥပဋ္ဌပေသိ။

၅၈၅။ သော၊ ထိုမင်းမြတ်သည်။ တံ ပဒေ သံ၊ တံကျင်လျှိုအပ် ထိုအရပ်သို့။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ သူလာဝုတံ၊ တံကျင်လျှိုထား ထိုယောကျ်ားကို။ ခိပ္ပမေဝ၊ လျင်မြန်ထက်ထက် ခပ်သွက်သွက်သာလျှင်။ မောစယိ၊ လွတ်လိုက်လေ၏။ သမ္မ၊ အိုအချင်း။ မာ ဘာယိ၊ တဖျတ်ဖျတ်နှင့် ထိတ်လန့်စိတ်ထင့် မကြောက်ပါလင့်။ ဣတိ စ၊ ဤသို့လည်းကောင်း။ တံ ပုရိသံ၊ ထိုယောကျ်ားကို။ အဝေါစ၊ အားပေးစကား ပြောကြားလေ၏။ တိကိစ္ဆကာနဉ္စ၊ ဆေးသမားတို့ကိုလည်း။ ဥပဋ္ဌပေသိ၊ ကောင်းစွာမသွေ ကုစားစေ၏။

၅၈၆။ ကပ္ပိတကဉ္စ ဥပသင်္ကမိတ္ဝာ၊
တေနေဝ သဟ သံဝိဘဇိတ္ဝာ ကာလေ။
သယံ မုဓေနုပနိသဇ္ဇ လိဒ္ဓဝိ၊
တထေဝ ပုစ္ဆိတ္ထ နံ ကာရဏတ္ထိကော။

၅၈၆။ ကပ္ပိတကဉ္စ၊ ဘွဲ့မည်နာမ ကဂိတကခေါ် မထေရ်ကျော်သို့လည်း။

http://www.dhammadownload.com

ဥပသင်္ကမိတွာ၊ ရိသေလေးမြတ် ချဉ်းကပ်၍။ တနေ့၀၊ ထိုမထေရ်မြတ်နှင့်သာလျှင်။ သဟ၊ အတူတကွ။ သံဝိဘဇိတွာ၊ ကောင်းစွာဝေဖန်ခြင်းကိုပြု၍။ ကာလေ၊ သင့်မြတ်သောအခါ၌။ သယံ၊ မိမိကိုယ်တိုင်။ ဥပနိသဒ္ဒ၊ ရိသေလေးမြတ် အနီး သို့ချဉ်းကပ်၍။ မုခေန၊ ထင်ရှားတိုက်ရိုက် မျက်မှောက်၌ပင်လျှင်။ လဗ္ဘတိ၊ လိဒ္ဓဝိ မင်းသည်။ ကာရဏ္ဍတ္ထိကော၊ ကောင်းမှု မကောင်းမှု ပေါင်းစုမယွင်း သိမြင်ခြင်း၏ အကြောင်း၌ အလိုရှိသည်ဖြစ်၍။ တထေ၀၊ ထို ရှေးနည်းအတူသာလျှင်။ နံ ထေရံ၊ ထိုမထေရ်မြတ်ကို။ ပုစ္ဆိတ္ထ၊ ချဉ်တွေးမျော်ထောက် လိုရာကောက်၍ မေး လျှောက်လေပြီ။

၅၈၇။ သူလာဝုတော ပုရိသော လုဒ္ဒကမ္မော၊
ပဏိဟိတဒဿော အနုသတ္တရူပေါ။
ဇတ္တာဝတာ ဝိသတိရတ္တိမတ္တာ၊
ယတော အာဝုတော နေဝ ဇိဝတိ နု မတော။

၅၈၈။ သော မောဓိတော ဂန္ဓာ မယာ ဣဒါနိ၊
တသ္သ ယက္ခဿ ဝစော ဟိ ဘဒ္ဒေ။
သိဃ နု ဓေါ ကာရဏံ ကိဉ္စိဒေဝ၊
ယေန သော နိရယံ နော ဝဇေယျ။

၅၈၇-၈။ သူလာဝုတော၊ ဖောက်လျှိုတပ်ဆင် တံကျင်လျှိုထားအပ်သော။ ပုရိသော၊ မကောင်းစရိုက် ပြုမိလိုက်၍ ဝဋ်ဆိုက်နေငြား ဤယောကျ်ားသည်။ လုဒ္ဒကမ္မော၊ ကြမ်းကြုတ်သောအမှုရှိ၏။ ပဏိဟိတဒဿော၊ ထားအပ်ပြီးသော ဒဏ်ရှိ၏။ အနုသတ္တရူပေါ၊ ကွပ်ညှပ်ဆုံးမအပ်ပြီးသော သဘောရှိ၏။ ဇတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်တို့ဖြင့်။ ဝိသတိရတ္တိမတ္တာ၊ ညဉ့်နှစ်ဆယ်မျှလွန်ပြီ။ ယတော၊ အစဉ် ရှည်ကြာ အကြင်အခါမှ။ အာဝုတော၊ ထိုးဖောက်ဆင်တပ် တပ်ထားအပ်၏။ တတော၊ ယိုအခါမှ။ နေဝ ဇိဝတိ၊ အလွန်ဒဏ်ကြီးသဖြင့် အသက်လည်း မရှင်။ နု မတော၊ ဇီဝိန်ပျက်ကြွေ အသက်လည်း မသေ။ သော ပုရိသော၊ ထိုယောကျ်ားကို။ ဣဒါနိ၊ ယခုအခါ၌။ မယာ၊ တပည့်တော်သည်။ မောဓိတော၊ မချွတ်မြှုန်စွာ လွတ်အပ်ပါပြီဘုရား။ ဘဒ္ဒေ၊ သီလသမာ ပညာဘုန်းဂုဏ် အလုံးစုံနှင့် ပြည့်စုံပေငြား အရှင်မြတ်ဘုရား။ တသ္သ ယက္ခဿ၊ ဤဘုမ္မစိုးနတ်၏။ ဝစော ဝစနေန၊ ကောင်းစွာ ညွှန်ကြား ပြောစကားဖြင့်။ အကာသိ၊ မဆိုင်းလျင်စွာ ပြုခဲ့ပါပြီဘုရား။ ဟိ သစ္စံ၊ ယခုလျှောက်ထား ဤစကားသည် မှန်၏။ ဘဒ္ဒေ၊ အရှင်မြတ်ဘုရား။ ယေန ကာရဏေန၊ အကြောင်းအကြောင်းဖြင့်။ သော ပုရိသော၊ သေမည့်ဘေးမှ ကင်းဝေပေငြား

http://www.dhammadownload.com

ထိုယောကျ်ားသည်။ နိရယ်၊ ဒုက္ခမစဲ ပါယ်ငရဲသို့။ နော ဝဇေယျ၊ ကံကောင်းထောက်ကာ မရောက်တော့ရာ။ ကိဉ္စိဒေဝ၊ တစ်စုံတစ်ခုသာလျှင်ဖြစ်သော။ ကာရဏ်၊ ဆင်းရဲရောက်ရန် အကြောင်းကံသည်။ သိယာ နု ခေါ၊ ဖြစ်ရပါတော့ဦးအံ့လော ဘုရား။

၅၈၉။ အာစိက္ခ ဘန္တေ ယဒိ အတ္ထိ ဟေတု၊
သဒ္ဓါယိကံ ဟေတုဝစော သုဏောမ။
နု တေသဲ ကမ္မာနံ ဝိနာသ' မတ္ထိ၊
အဝေဒယိတ္တာ ကူဓ ဗျန္တီဘာဝေါတိ။

၅၈၉။ ဘန္တေ၊ လူနတ်ဦးခိုက် ပူဇော်ထိုက်ငြား အရှင်ဘုရား။ ဟေတု၊ ဆင်းရဲရောက်ရန် အကြောင်းကံသည်။ ယဒိ အတ္ထိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ အာစိက္ခ၊ တပည့်တော်အား သနားငဲ့ညှာ မိန့်တော်မူပါလော့။ သဒ္ဓါယိကံ၊ နှိုင်းချင့်မျှော်ထောက် ယုံကြည်လောက်သော။ ဟေတုဝစော၊ ရှေ့နောက်နှစ်ရပ် သင့်မြတ်ပေငြား အကြောင်း စကားကို။ သုဏောမ၊ အလေးတမူ အရေးယူကာ နာယူပါကုန်အံ့ ဘုရား။ ကူဓ၊ ယခုပစ္စက္ခ ဤဘဝ၌။ ဝိပါကံ၊ အကြောင်းမှဆက် ကျိုးဝိပါက်ကို။ အဝေဒ ယိတ္တာ၊ အမှန်အားဖြင့် မခံစားရမူ၍။ တေသဲ ကမ္မာနံ၊ အကြောင်းမဟန်ထို မကောင်းကံတို့၏။ ဝိနာသ၊ အကျိုးပေးရန် ခွင့်ရောက်ပြန်လည်း ဖောက်ပြန်ခြွတ်ယွင်း ပျက်စီးခြင်းသည်။ နတ္ထိ၊ ကောန်တိတိ မရှိပါသလော။ အထ၊ ထိုသို့မဟုတ်။ ဗျန္တီဘာဝေါ၊ မယွင်းအစစ် ကင်းပြတ်ပျက်စီးသော အဖြစ်သည်။ အတ္ထိ၊ ကောန်တိတိ ရှိပါသလော။ ကူတိ၊ ဤသို့။ အာဟ၊ လိစ္ဆဝီမင်းက လျှောက်ထားလေ၏။

၅၉၀။ သစေ သ ဓမ္မာနိ သမာစရေယျ၊
သက္ကစ္စ ရတ္တိန္ဒိဝ' မပ္ပမတ္တော။
မုစ္စေယျ သော နိရယာ စ တမှာ၊
ကမ္မံ သိယာ အညတြ ဝေဒနိယန္တိ။

၅၉၀။ သ သော ၊ သေမည့်ဘေးမှ မနေးလွတ်ငြား ထိုယောကျ်ား သည်။ ရတ္တိန္ဒိဝံ၊ နေ့ညဥ့်ပတ်လုံး။ အပ္ပမတ္တော၊ အူသိမပေါ့ မမေ့လျော့ဘဲ။ သက္ကစ္စံ၊ အရေးတယူ အလေးမူကာ ရှိသေစွာ။ ဓမ္မာနိ၊ ကုသိုလ်ဓမ္မတို့ကို။ သမာစရေယျ၊ ကောင်းစွာမသွေ ကျင့်ကြံနေပေရာ၏။ သော ပုရိသော၊ ထိုယောကျ်ားသည်။ တမှာ နိရယာ စ၊ ဆင်းရဲဒုက္ခ နေ့ညမစဲ ထိုငရဲမှလည်း။ မုစ္စေယျ၊ မချွတ်မှန်စွာ လွတ်မြောက်ရာ၏။ ဝေဒနိယံ၊ အပရာပရိယဝေဒနိယကံကို။ အညတြ၊ ရှောင်ကြဉ်

http://www.dhammadownload.com

ပယ်ရှား အလွတ်ထား၍။ ကမ္ဘံ၊ အခြားမဲ့ဘဝ၌ တိုက်ရိုက်အမှန် ခံစားအပ်သော အကုသိုလ် ကံသည်။ အဟောသိကမ္ဘံ၊ အဟောသိကံသည်။ သိယာ၊ ဖြစ်နိုင်ရာ ပေ၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ကြားတော်မူလေ၏။

၅၉၁။ အညာတော ဧသော ပုရိသဿ အတ္ထော၊
မမမ္မိ ဒါနိ အနုကမ္မ ဘန္တေ။
အနုသာသ မံ သြဝဒ ဘူရိပညာ၊
ယထာ အဟံ နော နိရယံ ဝဇေယ္ယံ။

၅၉၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ပုရိသဿ၊ ယောကျ်ား၏။ ဧသော အတ္ထော၊ ဤသို့သောအကျိုးကို။ အညာတော၊ အရှင်ဘုရား အစဉ်အားဖြင့် ထင်ရှား မိန့်မှတ်၍ သိအပ်ပါပြီ။ ဘန္တေ၊ လူနတ်အများ အားထားရိကျိုး မြတ်နိုးအပ်ငြား အရှင်မြတ်ဘုရား။ ဒါနိ၊ ယခုအခါ၌။ မမမ္မိ၊ အရှင်၏ဂုဏ် လွန်ကြည်ယုံ၍ ခိုလှုံဖူးမြော် တပည့်တော်အား လည်း။ အနုကမ္မ၊ မေတ္တာဓာတ်အား မပြတ်ပွား၍ အစဉ် သနားစောင့်ရှောက်တော်မူပါဘုရား။ ဘူရိပညာ၊ ရှေ့နောက်မြင်သိ ကြီးသောပညာ ရှိသော အရှင် ဘုရား။ ယထာ၊ အကြောင်းအခြင်းအရာအားဖြင့်။ အဟံ၊ တပည့်တော် သည်။ နိရယံ၊ ဒုက္ခမစဲ ပါယ်ဝရဲသို့။ နော ဝဇေယ္ယံ၊ စိတ်ထားမှားမှောက် တရား ပျောက်ကာ မသွားရောက်ရာ။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ မံ၊ အရှင်၏ဂုဏ် လွန်ကြည်ယုံ၍ ခိုလှုံဖူးမြော် တပည့်တော်ကို။ အနုသာသ၊ ဆုံးမတားမြစ်တော်မူပါ ဘုရား။ သြဝဒ၊ တရားနှင့်ယှဉ် အမှားစင်အောင် ပဲ့ပြင်တော်မူပါ ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်လေ၏။

၅၉၂။ အဇ္ဇေဝ ဗုဒ္ဓံ သရဏံ ဥပေဟိ၊
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာယ ပဒါနိ ပဉ္စ၊
အဇ္ဇတ္တဗုလ္လာနိ သမာဒိယဿု။

၅၉၂။ ရာဇ၊ လိဿဝီမင်းမြတ်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ထားရှိသည် ဖြစ်၍။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အပွမတ္တော၊ သတိမပေါ့ ဓမ္မေလျော့ဘဲ။ ဗုဒ္ဓံ၊ သစ္စာ လေးရပ် တတ်အပ်သိမြင် ဘုရားရှင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေဟိ၊ ဆည်းကပ်ပါလေလော့။ ဓမ္မဉ္စ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သုပွဋိပန္နစရိုဖုဖုကိုးပါးဂုဏ်နှင့် ပြည့်စုံပေလတ် သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။

http://www.dhammadownload.com

ဥပေဟိ၊ ဆည်းကပ်ပါလေလော့။ တထေဝ၊ ထိုနည်းမခြား၊ အလားတူပင်လျှင်။ ပဋ္ဌသိက္ခာယ ပဒါနိ၊ အင်္ဂါအားဖြင့် ငါးပါးရှိလတ် သိက္ခာပုဒ်တော်မြတ်တို့ကို။ အခဏ္ဍဖုလ္လာနိ၊ ပြိုးပြိုးပြောက်ပြောက် မကျိုးမပေါက်သည်တို့ ကို။ ကတွာ၊ ပြု၍။ သမာဒိယသူ၊ ကောင်းစွာမသွေ ဆောက်တည်ပါလေလော့။

၅၉၃။ ပါဏာတိပါတာ ဝိရမဿု ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယဿု။
အမဇ္ဇပေါ မာ စ မုသာ အဘာဏိ၊
သကေန ဒါရေန စ ဟောဟိ တုဋ္ဌော။
ဣမဉ္စ အရိယံ အဋ္ဌင်္ဂဝေနေပေတံ၊
သမာဒိယာဟိ ကုသလံ သုခုဒ္ဒြယံ။

၅၉၃။ လောကေ၊ ဆိုးကောင်းစုံထ ဤလူ့ပြည်လောကဌ်။ ခိပ္ပံ၊ လျင်မြန်စွာ။ ပါဏာတိပါတာ၊ သူ့အသက်ကို ရက်စက်မည်မှာ စေတနာနှင့် သေချာထိုးခုတ် သတ်ပုတ်ခြင်းမှ။ ဝိရမဿု၊ လုံးဝကင်းအောင် ကြဉ်ရှောင်ပါလော့။ အဒိန်္နံ၊ ပိုင်ရှင်ကိုယ်နှုတ် ဖွင့်ထုတ်မြွက်ဟ မပေးသော ဥစ္စာဟူသမျှကို။ ပရိဝဇ္ဇယဿု၊ ခိုးဝှက်ယူငင် ထာဝစဉ်သာ ရှောင်ကြဉ်ပါလော့။ အမဇ္ဇပေါ၊ သောက်လျှင်ကျိုးပျက်သေအ-ရက်ကို မသောက်သည်လည်း။ ဟောဟိ၊ အမြင်မမှား အစဉ်အားဖြင့် ထင်ရှားဖြစ်ပါလေလော့။ မုသာ၊ စိတ်ကောင်းမထား လွဲမှားဖောက်ပြန် မမှန်ကန်သော စကားကို။ မာ အဘာဏိ၊ ဘယ်တော့ခါမှ မပြောဆိုပါလင့်။ သကေန၊ အမှန်စင်စစ် ကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ယာသက်ထား မယားဖြင့်လည်း။ တုဋ္ဌော၊ ရောင့်ရဲမျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောဟိ၊ စင်စစ်မသွေဖြစ်ပါလေလော့။ အဋ္ဌင်္ဂဝေနေ၊ မြင့်မြတ်လှစွာ ရှစ်ပါးသော အင်္ဂါနှင့်။ ဥပေတံ၊ ကောင်းစွာလောက်လုံ ပြည့်စုံပေထသော။ အရိယံ၊ စိတ်ထားကြည်လင် ဖြူစင်ကောင်းမြတ်သော။ ဣမံ ကုသလဉ္စ၊ အပြစ်ကင်းကြောင်း ကုသိုလ်ကောင်းဖြစ်သော ဤဥပုသ်သီလကိုလည်း။ သမာဒိယာဟိ၊ ဝမ်းမြောက်ကြည်သာ ခံယူဆောက်တည်ပါလော့။

၅၉၄။ စိဝရဉ္စ၊ ဝတ်သင်္ကန်းကိုလည်းကောင်း။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းဘောဇဉ်ကိုလည်းကောင်း။ ပစ္စယဉ္စ၊ ရောဂါတားဆီး ဆေးပစ္စည်းကိုလည်းကောင်း။ သယနာ

http://www.dhammadownload.com

သနံစ၊ ကျိန်းစက်ဖွယ်ရာ အိပ်ရာနေရာကိုလည်းကောင်း။ အန္နဉ္စ၊ စင်ကြယ်လှစွာ စားဖွယ်ရာကိုလည်းကောင်း။ ပါနဉ္စ၊ စင်ကြယ်လှစွာ သောက်ဖွယ်ရာကို လည်းကောင်း။ ခါဒနီယဉ္စ၊ ခဲဖွယ်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်လျာနှင့် လေးဖြာယာပထ မျှတဖို့ရာ ကျောင်းနေရာတို့ကိုလည်းကောင်း။ ဥဇုဘူတေသု၊ ဖြောင့်မတ်စင်ဖြူ ကျင့်လေ့ရှိသောသူတို့၌။ ဝိပ္ပသန္နေန၊ ညစ်ကြေးကင်းစင် ကြင်လင်သော။ စေတသာ၊ အမြတ်အာရုံ ပွားထုံစေလတ် စိတ်မြင့်မြတ်ဖြင့်။ ဒဒါဟိ၊ အရေးတယူ အလေးမူ၍ ပေးလှူပါလော့။

၅၉၅။ ဘိက္ခူပိ သီလသမ္ပန္နေ၊ ဝိတရာဂေ ဗဟုဿုတေ။
တပ္ပေဟိ အန္နပါနေန၊ သဒါ ပုညံ ပဝဍ္ဎတိ။

၅၉၅။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ချမ်းသာကောင်းကျိုး တိုးပွားစေမှ မြတ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တက်နေအသွင် ကျကိသရေလွင်လျက် အစဉ်မခြား တိုးပွားပေ၏။ သီလသမ္ပန္နေ၊ ပါတိမောက္ခ သီလအာစာ ကျင့်သိက္ခာနှင့် ပြည့်စုံကုန်ထသော။ ဝိတရာဂေ၊ ရာဂကင်းကုန်ထသော။ ဘိက္ခူပိ၊ မြတ်တရား၏ သားမြတ်အကျော် ရဟန်းတော်တို့ကိုလည်း။ အန္နပါနေန၊ စားသောက်ဖွယ်ရာ ထမင်းအဖျော်ယမကာဖြင့်။ တပ္ပေဟိ၊ မျှတမသွေ ရောင့်ရဲစေပါလော့။

၅၉၆။ ဧဝဉ္စ ဓမ္မာနိ သမာစရန္တော၊
သက္ကစ္စ ရတ္တိန္ဒိဝံ' မပွမတ္တော။
မုဉ္စ တုဝံ နိရယာ စ တမှာ၊
ကမ္မံ သိယာ အညတြ ဧဝနီယန္တိ။

၅၉၆။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကုသိုလ်အစု မြတ်ကောင်းမှုသည်။ ဝဍ္ဎတိ၊ မပျက်မသွေ တိုးပွားပေ၏။ ဧဝဉ္စ၊ ဤသို့လည်း။ ရတ္တိန္ဒိဝံ၊ အချိန်မလင့် နေ့ညဉ့်ပတ်လုံး။ အပွမတ္တော၊ သတိမပေါ့ မမေ့မလျော့ဘဲ။ ဓမ္မာနိ၊ ကုသိုလ်ဓမ္မတို့ကို။ သမာစရန္တော၊ ကောင်းစွာအမှန် ကျင့်ကြံသည်ရှိသော်။ တွံ၊ သင်မင်းမြတ်သည်။ တမှာ နိရယမှာ၊ ထိုငရဲမှ။ မုဉ္စ၊ အမှန်မချွတ် ကင်းလွတ်ရာ၏။ ဧဝနီယံ၊ အပရာပရိယ ဧဝနိယကံကို။ အညတြ၊ ရှောင်ကြဉ်ပယ်ရှား အလွတ်ထား၍။ ကမ္မံ၊ အခြားမဲ့ဘဝ၌ တိုက်ရိုက်အမှန် ခံစားအပ်သော အကုသိုလ်ကံသည်။ အဟောသိကမ္မံ၊ ဘဝဖြစ်ရေး အကျိုးမပေးသည့် အဟောသိကံသည်။ သိယာ၊ စင်စစ်မှန်စွာ ဖြစ်နိုင်ရာ၏။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်မြတ်သည်။ ဩဝဒိ၊ ဆုံးမမိန့်ကြားတော်မူ၏။

http://www.dhammadownload.com

၅၉၇။ အဇ္ဈေဝ ဗုဒ္ဓ သရဏံ ဥပေမိ၊
ဓမ္မဉ္စ သံဃဉ္စ ပသန္နစိတ္တော။
တထေဝ သိက္ခာယ ပဒါနိ ပဉ္စ၊
အခဏ္ဍဖုလ္လာနိ သမာဒိယာမိ။

၅၉၇။ ဘန္တေ၊ တရားနှင့်ပြဿဘောကျအောင် ဟောပြပေတတ် အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ အဇ္ဈေဝ၊ ယနေ့ပင်လျှင်။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍။ ဗုဒ္ဓံ၊ သစ္စာ ၄ တန် တရားအမှန်ကို ဧကန်သိမြင်ဘုရားရှင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သုပွဋိပန္နစရှိဖုံဖုံ ကိုးပါးဂုဏ်နှင့် ပြည့်စုံပေလတ် သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ ဆည်းကပ်ပါ၏။ တထေဝ၊ ထိုနည်းမခြား အလာတူပင်လျှင်။ ပဉ္စသိက္ခာယ ပဒါနိ၊ အင်္ဂါအားဖြင့် ငါးပါးရှိလတ် သိက္ခာပုဒ်ထောမြတ်တို့ကို။ အခဏ္ဍ ဖုလ္လာနိ၊ ပြိုးပြိုးပြောက်ပြောက် မကျိုးပေါက်သည်တို့ကို။ ကတွာ၊ ပြု၍။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅၉၈။ ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။
ဣမဉ္စ အရိယံ အဋ္ဌင်္ဂဝရေနုပေတံ၊
သမာဒိယာမိ ကုသလံ သုခုဒ္ဒြယံ။

၅၉၈။ လောကေ၊ ဆိုးကောင်းစုံထ ဤလူ့ပြည်လောကဋ္ဌ၊ ခိပ္ပံ၊ လျင်မြန်စွာ။ ပါဏာတိပါတာ၊ သူ့အသက်ကို ရက်စက်မည်သာ စေတနာနှင့် သေချာထိုးခတ်သတ်ပုတ်ခြင်းမှ။ ဝိရမာမိ၊ လုံးဝကင်းအောင် သတိဆောင်၍ ကြဉ်ရှောင်ပါအံ့။ အဒိန်္နံ၊ ပိုင်ရှင်ကိုယ်နှုတ် ဖွင့်ထုတ်မြွက်ဟ မပေးသော ဥစ္စာဟူသမျှကို။ ပရိဝဇ္ဇယာမိ၊ ခိုးဝှက်ယူငင် ထာဝစဉ်သာ ရှောင်ကြည်ပါအံ့။ အမဇ္ဇပေါ၊ သောက်လျှင်ကျိုးပျက်သေအရက်ကို မသောက်သည်လည်း။ ဟောမိ၊ အမြင်မမှား အစဉ်အားဖြင့် ထင်ရှားဖြစ်ပါအံ့။ မုသာ၊ စိတ်ကောင်းမထား လွဲမှားဖောက်ပြန် မမှန်ကန်သော စကားကို။ နော စ ဘာဏာမိ၊ ဘယ်တော့ခါမှ ပြောလည်း မပြောတော့ပါအံ့။ သကေန၊ အမှန်စင်စစ် ကိုယ်ပိုင်ဖြစ်သော။ ဒါရေန စ၊ ကြင်ယာသက်ထား မယားဖြင့်လည်း။

http://www.dhammadownload.com

တုဋ္ဌော၊ ရောင့်ရဲမပျက် တင်းတိမ်နှစ်သက်ခြင်းသည်။ ဟောမိ၊ စင်စစ်မှန်စွာ ဖြစ်ပါ တဲ့အံ့။ အဋ္ဌင်္ဂဝရေန စ၊ မြင့်မြတ်လှစွာ ရှစ်ပါးသောအင်္ဂါနှင့်။ ဥပေတံ၊ ကောင်းစွာ လောက်လုံ ပြည့်စုံပေထသော။ သုခုဒြယံ၊ ချမ်းသာပွားတိုး ကောင်းကျိုးကို ပေးတတ်သော။ ဣမံ ကုသလဉ္စ၊ အပြစ်ကင်းကြောင်း ကုသိုလ်ကောင်းဖြစ်သော ဤဥပုသ်သီလကိုလည်း။ သမာဒိယာမိ၊ စိတ်ထားလျှမ်းတောက် စခန်းပေါက် အောင် ဝမ်းမြောက်ကြည်သာ ခံယူဆောက်တည်ပါ၏။

၅၉၉။ စိစရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ။
အနုံ ပါနံ ခါဒနိယံ၊ ဝတ္ထသေနာသနာနိ စ။
၆၀၀။ ဘိက္ခူစ သီလသမ္ပန္နေ၊ ဝိတရာဂေ ဗဟုဿုတေ။
ဒဒါမိ နု ဝိကမ္မာမိ၊ ဗုဒ္ဓါနံ သာသနေ ရတောတိ။

၅၉၉–၆၀၀။ သီလသမ္ပန္နေ၊ ကျင့်သိက္ခာနှင့် ပြည့်စုံကုန်ထသော။ ဝိတရာဂေ၊ ရာဂကင်းကုန်ထသော။ ဗဟုဿုတေ၊ ကြားမြင်သမှု ဗဟုသုတရှိကုန်ထသော။ ဘိက္ခူ စ၊ မြတ်ဘုရား၏ သားမြတ်အကျော် ရဟန်းတော်တို့ကိုလည်း။ စီဝရဉ္စ၊ ဝတ်သင်္ကန်းကိုလည်းကောင်း။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းဘောဇဉ်ကို လည်းကောင်း။ ပစ္စယဉ္စ၊ ရောဂါတားဆီး ဆေးပစ္စည်းကိုလည်းကောင်း။ သယနာသနဉ္စ၊ ကျိန်းစက်ဖွယ်ရာ အိပ်ရာနေရာကိုလည်းကောင်း။ အန္နဉ္စ၊ စားဖွယ်ရာကိုလည်းကောင်း။ ပါနဉ္စ၊ သောက်ဖွယ်ရာကိုလည်းကောင်း။ ခါဒနိယဉ္စ၊ ခဲဖွယ်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်လျာနှင့် ကျောင်းနေရာတို့ကိုလည်းကောင်း။ ဒဒါမိ၊ အရေးတယူ အလေးမူ၍ ပေး လှူပါအံ့။ နု ဝိကမ္မာမိ၊ မတုန်လှုပ်တော့ပါ။ ဗုဒ္ဓါနံ၊ သုံးလူ့ထွတ်တင် ဘုရားရှင် တို့၏။ သာသနေ၊ ဆုံးမညွှန်လတ် သာသနာတော်မြတ် ၌။ ရတောတိ၊ မွေ့လျော်ပါတော့အံ့ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လိစ္ဆဝီမင်းက လျှောက်ထားလေ၏။

၆၀၁။ တောဒိသော လိစ္ဆဝိ အမ္ဗသက္ကရော၊
ဝေသာလိယံ အညတရော ဥပါသကော။
သဒ္ဓေါ မုဒု ကာရုကရော စ ဘိက္ခူ၊
သံဃဉ္စ သက္ကစ္စ တဒါ ဥပဋ္ဌဟိ။

၆၀၁။ တောဒိသော၊ ထိုသို့သဘောရှိသော။ အမ္ဗသက္ကရော၊ အမ္ဗသက္ကရ အမည်ရှိသော။ လိစ္ဆဝိ၊ လိစ္ဆဝီမင်းသည်။ ဝေသာလိယံ၊ ဝေသာလီပြည်၌။ အညတရော၊ အမည်သည်သာ မသိသာ မထင်ရှားသော။ ဥပါသကော၊ ရတနာသုံးတန် အမြတ်မှန်

http://www.dhammadownload.com

ကို ဖန်ဖန်မပြတ် ဆည်းကပ်တတ်ရာ ဥပါသကာသည်။ အဟောသိ၊ ဖြစ်လေ၏။ သဒ္ဓေါ၊ မြတ်နိုးယုံကြည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ မုဒူ၊ စိတ်ထား သန့်ပြန့် နူးညံ့သိမ်မွေ့၏။ ကာရကရောစ၊ ရှေ့နောက်မျှော်ရှု၍ ကျေးဇူးလည်း ပြုတတ်၏။ တဒါ၊ ထိုအခါ၌။ သက္ကစ္စံ၊ လေးမြတ်ကြည်သာ ရိုသေစွာ။ ဘိက္ခုသံဃဉ္စ၊ မြင့်မြတ် ထက်တံ်း ရဟန်းသံဃာကိုလည်း။ ဥပဋ္ဌဟိ၊ ကောင်းစွာမသွေ လုပ်ကျွေးလေ၏။

၆၀၂။ သူလာဝုတော စ အရောဂေါ ဟုတွာ၊
သေရီ သုခီ ပဗ္ဗဇ္ဇံ ဥပါဂမိ။
ဘိက္ခူဒ္ဓ အာဂမ္မ ကပ္ပိတကုတ္တမံ။
ဥဘောပိ သာမညဖလာနိ အဗ္ဈဂုံ။

၆၀၂။ သူလာဝုတောစ၊ တံကျင်တပ်ထား ယောကျ်ားသည်လည်း။ သေရီ၊ ဆေးဝါးမထောက် အလိုအလျောက်။ အရောဂေါ၊ တံကျင်ဒဏ်ချက် ညှိုကွက်အနာ ကင်းရှင်းကွာသည်။ ဟုတွာ၊ ဖြစ်၍။ သုခီ၊ ကိုယ်စိတ်နှစ်တန် ပူပန်ကင်းကွာ ချမ်းသာစွာ။ ပဗ္ဗဇ္ဇံ၊ မြင့်မြတ်ထက်တန်း ရဟန်းအဖြစ်သို့။ ဥပါဂမိ၊ ကောင်းစွာမသွေ ကပ်ရောက်လေ၏။ ဥဘောပိ၊ အမွသက္ကရ နာမတွင်လတ် ဘုရင်မြတ်နှင့် တံကျင် တပ်ထား ယောကျ်ားတို့သည်လည်း။ ကပ္ပိတကံ၊ ကပ္ပိတက ဘွဲ့မည်သတဲ့။ ဥတ္တမံ၊ သီလသမာ ပညာဆင့်ထပ် မြင့်မြတ်သော။ ဘိက္ခူဒ္ဓ၊ ရဟန်းတော်ကိုလည်း။ အာဂမ္မ၊ အကြောင်းပြု၍။ သာမညဖလာနိ၊ ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို သာမညဖိုလ်တို့ကို။ အဗ္ဈဂုံ၊ အမှန်မသွေ ရရှိလေကုန်၏။

၆၀၃။ စတာဒိသာ သပ္ပုရိသာန သေဝနာ၊
မဟပ္ဖလာ ဟောတိ သတံ ဝိဇာနတံ။
သူလာဝုတော အဂ္ဂဖလံ အဖဿယိ၊
ဖလံ ကနိဋ္ဌံ ပန အမွသက္ကရော။

၆၀၃။ စတာဒိသာ၊ ထိုသို့သဘောရှိသော။ သပ္ပုရိသာန သေဝနာ၊ သူတော် သူမြတ် ဆည်းကပ်မှီဝဲခြင်းသည်။ မဟပ္ဖလာ၊ အတိုင်းထက်အလွန် ထူးချွန်ကဲမိုး မြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ သတံ၊ မြင့်မြတ်စင်ဖြူ အယူမစောင်း သူတော်ကောင်းတရားကို။ ဝိဇာနတံ၊ ကောင်းစွာကျန သိမြင်ကြသော သူနှစ်ယောက် တို့တွင်။ သူလာဝုတော၊ တံကျင်တင်ထားခြင်းခံရသော ယောကျ်ားသည်။ အဂ္ဂဖလံ၊ အရဟတ္တဖိုလ်ကို။ အဖဿယိ၊ သုံးသပ်လေ၏။ အမွသက္ကရော ပန၊ အမွသက္ကရ နာမတွင်လတ် ဘုရင်မင်းမြတ်သည်ကား။ ကနိဋ္ဌံ၊ အရိယာရှစ် အငယ်ဆုံးဖြစ်သော။ ဖလံ၊ သောတာပတ္တိဖိုလ်ကို။ အဖဿယိ၊ သုံးသပ်လေ၏။

http://www.dhammadownload.com

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ မင်းသည် ပြိတ္တာနှင့်လည်းကောင်း၊ မိမိနှင့်လည်းကောင်း ပြောဆိုအပ်သော အကြောင်းကို ရှည်သော သင်္ကေတ်ရှိတော်မူသော ကပ္ပိတကမထေရ်သည် မြတ်စွာဘုရားကို ရှိခိုးခြင်းငှာ သာဝတ္ထိပြည်သို့ ကြွတော်မူသည်ရှိသော် မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို အတ္ထုပ္ပတ်ပြုတော်မူ၍ ရောက်လာသောပရိသတ်အား တရားကို ဟောကြားတော်မူ၏။ ထိုတရားဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးရှိသည် ဖြစ်လေ၏။

နတ္ထိကဒိဋ္ဌိအယူရှိသူ အမွှဿက္ခရမင်းနှင့် ပြိတ္တာအကြောင်း ပြီး၏။

၂–သေရီသကပေတဝတ္ထု

သုဏောထ ယက္ခသ ဝါဏိဇာနဉ္စ အစရှိသော ဒေသနာတို့ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည် သေရီသကပေတဝတ္ထုတည်း။

ဤဝတ္ထုဌ် ဂါထာပုဒ်ရေပေါင်း ၆၀၄မှ ၆၅၇ အထိ ရှိပါသည်။

ဤ သေရီသကပေတဝတ္ထုသည် ဝိမာနဝတ္ထုဌ် ဟောအပ်သော သေရီသက ဝိမာနဝတ္ထုနှင့် အလုံးစုံတူသည်။ အပြည့်အစုံ အလိုရှိပါက ခင်ချိုထွန်းစာပေမှ ထုတ်ဝေသော ပုံတော်စုံဝိမာနဝတ္ထုတော်ကြီးဌ် ကြည့်ရှုတော်မူကြပါကုန်။

သေရီသကပေတဝတ္ထုပြီး၏။

၃–နန္ဒကဝေဘာရဝတ္ထု

နတ္ထိက မိစ္ဆာအယူရှိသော နန္ဒကစစ်သူကြီး ပြိတ္တာ

ရာဇာ ပိင်္ဂလကော နာမ အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည် နန္ဒကပေတဝတ္ထုတည်း။ ထိုဝတ္ထု၏ ဖြစ်ပေါ်လာပုံ အလုံးစုံမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်မှ နောက်နှစ်ပေါင်း နှစ်ရာကျော်လောက်

http://www.dhammadownload.com

တွင် သုရဋ္ဌတိုင်း၌ ပိဂံလ မည်သောမင်းသည် မင်းဖြစ်လေ၏။ ထိုမင်း၏ စစ်သူကြီးသည် နန္ဒက အမည်ရှိ၏။ ထိုနန္ဒက စစ်သူကြီးသည် မှားသောအယူ ဖောက်ပြန်သောအမြင် ရှိသည်ဖြစ်၍ "စွန့်ကြဲပေးကမ်း လှူဒါန်း၍ အကျိုးမရှိ" ဤသို့ အစရှိသော မိစ္ဆာအယူကိုယူ၍ လှည့်လည်သွားလာလေ၏။

ဝေမာနိက ပြိတ္တာဖြစ်ခြင်း

ထို မိစ္ဆာအယူရှိသော စစ်သူကြီးသည် သမီးဖြစ်သူ ဥတ္တရာ မည်သော ဥပါသိကာမကို သင့်တင့်လျောက်ပတ်သော သမ္မာအယူရှိသော အမျိုး၌ ထိမ်းမြားလက်ထပ် ပေးအပ်ခဲ့လေ၏။ နန္ဒကစစ်သူကြီးကား သေလွန်၍ ဝိဏ္ဏာဋဝိတောအုပ်ရှိ ပညောင်ပင်ကြီး၌ ဝေမာနိကပြိတ္တာဖြစ်၍ နေလေ၏။

သမီး၏ဒါန ဖခင်ချမ်းသာရခြင်း

ထို နန္ဒကစစ်သူကြီး သေလွန်သွားသည်ရှိသော် သမီးဥတ္တရာသည် စင်ကြယ်အေးမြမွေးကြိုင်သော နံ့သာရေတို့ဖြင့်ပြည့်သော သောက်ရေအိုးကိုလည်းကောင်း၊ မုယောဆန်တို့ဖြင့် စီရင်အပ်ကုန်သော အုဆင်းအနံ့ အရသာတို့နှင့် ပြည့်စုံကုန်သော မုန့်အပြည့် ပန်းကန်ပြားကိုလည်းကောင်း ရဟန္တာမထေရ်မြတ်တစ်ပါးအား လှူဒါန်းပြီးလျှင် "ဤအလှူသည် တပည့်တော်မ၏ ကွယ်လွန်သွားသူ အဖ နန္ဒက စစ်သူကြီးအား အဘို့ဘာဂ အမျှရသည် ဖြစ်ပါစေသတည်း" ဟု ရည်ညွှန်း မှန်းဆ အမျှပေးဝေလေ၏။ နန္ဒကပြိတ္တာအား ရည်ညွှန်းမှန်းဆ၍ ထိုလှူဒါန်းသော ဒါနကြောင့် နတ်၌ဖြစ်သော သောက်သုံးရေနှင့် မနှီင်းယှဉ်အပ် များမြတ်သော မုန့် ခဲဖွယ်တို့ ထင်ရှားဖြစ်လာကုန်၏။

မိစ္ဆာအယူပယ်ဖျောက်စေရန်

ထို ရည်ညွှန်းဒါန၏ အကျိုးပေးပုံ ကို မြင်ရသဖြင့် နန္ဒက ပြိတ္တာသည် ဤသို့ ကြံစည်လေ၏။ "ငါသည် မကောင်းသောအမှုကို ပြုမိပေစွတကား၊ လူများအပေါင်းကို 'ကံ-ကံ၏အကျိုးမရှိ' ဟု အယူကို ယူစေအပ်စွတကား၊ ယခုအခါ၌ကား ပိဂံလမင်းသည် ဓမ္မာသောကမင်းအား အဆုံးအမကို ပေးအံ့သောငှာ သွားလေ၏။ ထိုပိဂံလမင်းသည် ဓမ္မာသောကမင်းအား အဆုံးအမကိုပေး၍ ပြန်လာလတ္တံ့၊ ယခုအခါ ငါသည် ထိုမင်း၏ နတ္ထိကမိစ္ဆာအယူကို ပယ်ဖျောက်အံ့" ဟု ကြံစည်လေ၏။ မကြာမြင့်မီပင်လျှင် ပိဂံလမင်းသည် ဓမ္မာသောကမင်းအား အဆုံးအမကို ပေး၍ ပြန်လှည့်ကာ ခရီးသို့ သွားလေ၏။

http://www.dhammadownload.com

ပြိတ္တာရှိရာ ညောင်ပင်သို့

ထိုအခါ ပြိတ္တာသည် မိမိနေရာဌာနသို့ ရှေးရှုလျက် ထိုမင်းကြီးလာရန် ခရီးလမ်းကို ဖန်ဆင်းလေ၏။ ပိဂံလမင်းသည် နေခြစ်ခြစ်တောက်ပူသော မွန်းတည့်ချိန်တွင် ထိုခရီးဖြင့် သွားရလေ၏။ ထိုသို့သွားစဉ် ရှေ့မှလမ်းသည် ထင်မြင်၏။ နောက်မှကား တဖြည်းဖြည်း ကွယ်ပျောက်လေ၏။ ထိုအခါ အလုံးစုံသော သူတို့၏ နောက်ဆုံးမှ လိုက်ပါလာသော အမှူထမ်း ယောကျာ်းတစ်ယောက်သည် ခရီးလမ်း ကွယ်ပျောက်သည်ကိုမြင်၍ ထိတ်လန့်တကြား ဟစ်အော်ကာ ပြေးလာ၍ မင်းအား သံတော်ဦးတင်လေ၏။ ထို တင်လျှောက်သံစကားကိုကြား၍ မင်းလည်း ကြောက်လန့်ကာ ထိတ်သောနှလုံးရှိသည်ဖြစ်၍ ဆင်ကျောက်ကုန်းထက်၌တည်လျက် အရပ်လေးမျက် နှာတို့ကိုလှည့်လည်ကြည့်ရှုသည်ရှိသော် ပြိတ္တာနေသော ပညောင်ပင်ကိုမြင်၍ အင်္ဂါလေးပါးရှိသော် စစ်တပ်နှင့်တကွ ထိုပညောင်ပင်သို့ ရှေးရှုသွားလေ၏။

မင်းကြီးအား သရဏဂုံ၌ တည်စေခြင်း

ထိုအခါ အစဉ်သဖြင့် မင်းသည် ထိုအရပ်သို့ ရောက်သည်ရှိသော် ပြိတ္တာသည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မင်းအထံတော်သို့ ချဉ်းကပ်ကာ နှုတ်ဆက်စကားကိုပြု၍ မှန့်တို့ကိုလည်းကောင်း၊ ရေကိုလည်းကောင်း ပေးကမ်းဆက်သလေ၏။ မင်းသည်လည်း အခြံအရံ စစ်သည်ဗိုလ်ပါ မှူးမတ်အပေါင်းနှင့်တကွ ရေချိုးပြီး မှန့်တို့ကိုစား၍ ရသောက်ပြီးလျှင် ခရီးပင်ပန်းခြင်း ပြေလတ်သော် "သင်သည် နတ်လော, ဂန္ဓဗ္ဗလော" ဤသို့ အစရှိသဖြင့် ပြိတ္တာကို မေးလေ၏။ ထိုအခါ ပြိတ္တာသည် အစမှနေ၍ မိမိ၏ ဖြစ်ပျက်ပုံ အကြောင်းစုံကို ပြောကြား၍ မင်းအား မိစ္ဆာအမြင်အယူမှ စွန့်စေပြီး သရဏဂုံတို့ကို ဆောက်တည်စေ၏။

ထိုအကြောင်းကို ပြတော်မူခြင်းငှာ သင်္ဂါယနာတင် ထေရ်အရှင်တို့သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူကုန်၏။

၆၅၈။ ရာဇာ ပိဂံလကော နာမ၊ သုရဋ္ဌာနံ အဓိပတိ အဟု။
မောရိယာနံ ဥပဋ္ဌာနံ ဂန္တွာ၊ သုရဋ္ဌံ ပုနရာဂမာ။

၆၅၈။ ပိဂံလကော နာမ၊ မျက်စိအရောင် ကြောင်သောအဆင်းရှိသောကြောင့် ပိဂံလ အမည်ရှိသော။ ရာဇာ၊ မင်းမြတ်သည်။ သုရဋ္ဌာနံ၊ များစွာသောင်းသောင်း သုရဋ္ဌပြည်သူပြည်သားအပေါင်းတို့၏။ အဓိပတိ၊ အရှင်သခင်သည်။ အဟု၊ စင်စစ်မသွေ အမှန်ပင်ဖြစ်ပေ၏။ မောရိယာနံ၊ မောရိယမင်းတို့၏။ ဥပဋ္ဌာနံ၊ ရိုသေလေးမြတ်

http://www.dhammadownload.com

ဆည်းကပ်ခစားရာသို့။ ဂန္ဓာ၊ သွားရောက်၍။ ပုန၊တစ်ဖန်။ သုရဋ္ဌ၊ သုရဋ္ဌမည်မြို့ ရွှေပြည်သို့။ အာဂမာ၊ ကောင်းစွာမသွေ ပြန်ခဲ့လေပြီ။

၆၅၉။ ဥဏ္ဍော မဏ္ဍနိကေ ကာလေ၊ ရာဇာ ပင်္ဂံ ဥပါဂမိ။
အဒ္ဒသ မဂ္ဂံ ရမဏီယံ၊ ပေတာနံ တံ ဝဏ္ဏုပထံ။

၆၅၉။ ဥဏ္ဍော၊ ခြစ်ခြစ်တောက် နေပူသော။ မဏ္ဍိနိကေ၊ နေ့ထက်ဝက် မွန်းတည့်တုန်းဖြစ်သော။ ကာလေ၊ ဂိမှန်သမယ ချိန်ကာလ၌။ ရာဇာ၊ လူတို့ ထိပ်ခေါင် ဘုန်းရောင်ထိန်ပ ပိင်္ဂလမင်းသည်။ ပင်္ဂံ၊ သာယာကျယ်ပြန့် နူးညံ့သော မြေအရပ်သို့။ ဥပါဂမိ၊ မတန့်မထောက် ကပ်ရောက်မိလေ၏။ ရမဏီယံ၊ မွေ့လျော်ဖွယ် ကောင်းထသော။ ဝဏ္ဏုပထံ၊ ပြိတ္တာအများ ဖန်ဆင်းထား၍ သဲလမ်းခရီးလည်း ဖြစ်ထသော။ ပေတာနံ၊ ဘုတ်ပြိတ္တာတို့၏။ တံ မဂ္ဂံ၊ ထိုခရီးကို။ အဒ္ဒသ၊ ရှေ့တွင်မသွေ တွေ့မြင်လေ၏။

၆၆၀။ သာရထိ အာမန္တယိ ရာဇာ
အယံ မဂ္ဂေါ ရမဏီယော၊ ခေမော သောဝတ္ထိကော သိဝေါ။
ဣမိနာ သာရထိ ယာမ၊ သုရဋ္ဌာနံ သန္တိကေ ဣတော။

၆၆၀။ ရာဇာ၊ ပိင်္ဂလမင်းသည်။ သာရထိ၊ ရထားထိန်းကို။ အာမန္တယိ၊ ဤသို့ထုတ်ဖော် မိန့်ခေါ်တော်မူလေ၏။ သာရထိ၊ အမောင်ရဲထားထိန်း။ အယံမဂ္ဂေါ၊ ဤခရီးသည်။ ရမဏီယော၊ ထွေထွေထူးထူး ဖြောင့်ဖြူးသွယ်သွယ် မွေ့လျော်ဖွယ်ကောင်း၏။ ခေမော၊ ရွှပ်ထွေးမသမ်း လွန်အေးချမ်း၍ ဘေးဘျမ်းမရှိ။ သောဝတ္ထိကော၊ ချမ်းသာသော သဘောရှိ၏။ သိဝေါ၊ ဘေးရန်ခေါ်သော ဥပဒ္ဒဝေါမရှိ။ သာရထိ၊ အမောင်ရထားထိန်း။ ဣမိနာ မဂ္ဂေန၊ ဤသွန်ပြပြီး ဤခရီးဖြင့်။ ယာမ၊ မဖင့်မထောက် အသင့်ရောက် အောင် တောက်လျှောက်မြန်စွာ သွားကြပါကုန်စို့။ သုရဋ္ဌာနံ၊ ဤစိုးပိုင်ရာ သုရဋ္ဌရွာတို့၌။ သန္တိကေ၊ အနီးနား၌။ အယံ မဂ္ဂေါ၊ ဤသွန်ပြပြီး ဤခရီးသည်။ ဣတော၊ ဤအရပ်မှ။ ဂတော၊ မလွဲမမှား တန်းတန်းသွားပေ၏။

၆၆၁။ တေန ပါယာသိ သောရဋ္ဌော၊ သေနာယ စတုရင်္ဂိယာ။
ဥဒ္ဓိဂ္ဂရူပေါ ပုရိသော၊ သောဏ္ဍံ ဗောဒ္ဓဖြဝိ။

၆၆၁။ သောရဋ္ဌော၊ ထို သုရဋ္ဌမင်းသည်။ စတုရင်္ဂိနိယာ၊ အင်္ဂါလေးပါးရှိသော။ သေနာယ၊ အင်အားပြည့်လတ် သူ့စစ်တပ်နှင့်။ သဟ၊ အတူတကွ။ တေန မဂ္ဂေန၊ ထိုခရီးဖြင့်။ ပါယာသိ၊ အစဉ်အတိုင်း မဆိုင်းမသွေ ကြွသွားလေ၏။ ဥဒ္ဓိဂ္ဂရူပေါ၊ ထိတ်လန့်သော သဘောရှိသော။ ပုရိသော၊ နောက်ဆုံးမှ လိုက်ငြား အမှူထမ်း

http://www.dhammadownload.com

ယောကျ်ားသည်။ သောရဋ္ဌ၊ သုရဋ္ဌတိုင်းရှင် ပိင်္ဂလမင်းကို။ ဧတဲ့ ဝစနံ၊ ဤစကား ကို။ အဗြဝိ၊ ကျိုးကြောင်းကုန်စင် လျှောက်တင်လေ၏။

၆၆၂။ ကုမ္မဂ္ဂံ ပဋိပန္နမှာ၊ ဘီသနံ လောမဟံသနံ။
ပုရတော ဒိဿတိ မဂ္ဂေါ၊ ပစ္ဆတော စ နု ဒိဿတိ။

၆၆၂။ ဒေဝ၊ အရှင်ပိင်္ဂလမင်းမြတ်။ မယ်၊ ကျွန်တော်မျိုးတို့သည်။ ဘီသနံ၊ ကြောက်မက်ဖွယ်ကောင်းလှသော။ လောမဟံသနံ၊ ကြက်သီးမွေးညှင်း တဖျဉ်းဖျဉ်း ထဖွယ်ကောင်းသော။ ကုမ္မဂ္ဂံ၊ လမ်းအမှားသို့။ ပဋိပန္နာ၊ လိုက်သွားမိကုန်သည်။ အမှာ၊ ဖြစ်ကြပါကုန်ပြီ။ ပုရတော၊ ရှေ့တည့်တည့်မှ။ မဂ္ဂေါ၊ ဖြောင့်ဖြူးသွယ်တန်း ခရီးလမ်းသည်။ ဒိဿတိ၊ ကောင်းစွာမသွေ ထင်မြင်ပေ၏။ ပစ္ဆတော၊ နောက်ဖြစ်သော။ မဂ္ဂေါ စ၊ လမ်းခရီးသည်ကား။ နု ဒိဿတိ၊ တဖြည်းဖြည်းနှင့် ရေးရေးမျှပင် မထင် မြင်တော့ပါ။

၆၆၃။ ကုမ္မဂ္ဂံ ပဋိပန္နမှာ၊ ယမပုရိသာန သန္တိကေ။
အမာနုသော ဝါယတိ ဂန္ဓော၊ ယောသော သုယျတိ ဒါရုဏော။

၆၆၃။ ဒေဝ၊ လူတို့သေခြင်းနှင်း အရှင်မင်းမြတ်။ မယ်၊ ကျွန်တော်မျိုးတို့သည်။ ကုမ္မဂ္ဂံ၊ လမ်းအမှားသို့။ ပဋိပန္နာ၊ လိုက်မိခဲ့ကြကုန်သည်။ အမှာ၊ ဖြစ်ကြပါကုန်ပြီ။ ယမပုရိသာနံ၊ ယမမင်းမျိုး ပြိတ္တာဆိုးတို့၏။ သန္တိကေ၊ မဝေးကွာငြား အနီးနား သို့။ ဝတ္တာမ၊ ကျရောက်ဆိုက်ကာ ဖြစ်ကြပါကုန်ပြီ။ အမာနုသော၊ အသည်းထိတ် လောက် လန့်ကြောက်စရာ ပြိတ္တာတို့၏။ ဂန္ဓော၊ မသန့်မပြန့် ကိုယ်ပုပ်နံ့သည်။ ဝါယတိ၊ မခံနိုင်အောင် အတင်းဆောင်၍ ပုပ်ဟောင်ပြင်းပြ အနံ့ထ၍နေ၏။ ဒါရုဏော၊ ကြမ်းကြုတ်လှစွာသော။ ယောသော၊ ငရဲသားတို့၏ ဆူဆူညံညံ ဟစ်အော်သံသည်။ သုယျတိ၊ ထပ်ကာထပ်ကာ ကြားနေရပါ၏။ ဣတိ၊ ဤသို့။ အဗြဝိ၊ မြင်ကြားရပုံ အစုံအလင် လျှောက်တင်လေ၏။

၆၆၄။ သဝိဂ္ဂေါ ရာဇာ သောရဋ္ဌော၊ သာရထိ ဧတဒဗြဝိ။
ကုမ္မဂ္ဂံ ပဋိပန္နမှာ၊ ဘီသနံ လောမဟံသနံ။
ပုရတော ဒိဿတိ မဂ္ဂေါ၊ ပစ္ဆတော စ နု ဒိဿတိ။

၆၆၄။ ဧဝံ၊ ဤသို့ လျှောက်တင်သည်ရှိသော်။ သောရဋ္ဌော၊ သုရဋ္ဌတိုင်းကို စိုးပိုင်သော။ ရာဇာ၊ ပိလင်္ဂမင်းသည်။ သဝိဂ္ဂေါ၊ ကြောက်လန့်ရှာသည်ဖြစ်၍။ သာရထိ၊ ရထားထိန်းကို။ ဧတဲ့ ဝစနံ၊ ဤစကားကို။ အဗြဝိ၊ မိန့်ကြား ပြောဆို လေ၏။ သာရထိ၊ ရထားထိန်း။ မယံ၊ ငါတို့သည်။ ဘီသနံ၊ ကြောက်မက်ဖွယ်

http://www.dhammadownload.com

ကောင်းသော။ လောမဟံသနံ၊ ကြက်သီးမွေးညင်း ထဖွယ်ကောင်းသော။ ကုမ္မဂ္ဂံ၊ မမှန်ကန်ငြား လမ်းအမှားသို့။ ပဋိပန္နာ၊ လိုက်သွားမိ ကုန်သည်။ အမှာ၊ ဧကန်မသွေ ဖြစ်ကြပေကုန်ပြီ။ ပုရတော၊ ရှေ့မှ။ မဂ္ဂေါ၊ ဖြောင့် ဖြူးသွယ်တန်း ခရီးလမ်းသည်။ ဒိဿတိ၊ ကောင်းစွာမသွေ ထင်မြင်ပေ၏။ ပစ္ဆတော၊ နောက်ဖြစ်သော။ မဂ္ဂေါ စ၊ လမ်းခရီးသည်ကား။ နု ဒိဿတိ၊ တဖြည်းဖြည်းနှင့် ရေးရေးမျှပင် မထင်မြင်တော့ပါ။

၆၆၅။ ကုမ္မဂ္ဂံ ပဋိပန္နမှာ၊ ယမပုရိသာနံ သန္တိကေ။
အမာနုသော ဝါယတိ ဂန္ဓော၊ ဃောသော သုယျတိ ဒါရုဏော။

၆၆၅။ သာရထိ၊ အမောင်ရထားထိန်း။ မယံ၊ ငါတို့သည်။ ကုမ္မဂ္ဂံ၊ မမှန်ကန်ငြား လမ်းအမှားသို့။ ပဋိပန္နာ၊ လိုက်မိခဲ့ကြကုန်သည်။ အမှာ၊ ဖြစ်ကြပါကုန်ပြီ။ ယမပုရိသာနံ၊ ငရဲဘုံမှ ပိုင်ဆိုင်ကြသည့် ယမမင်းမျိုး ပြိတ္တာဆိုးတို့၏။ သန္တိကေ၊ အနီးအနားသို့။ ဝတ္တာမ၊ ကျရောက်ဆိုက်ကာ ဖြစ်ကြပါကုန်ပြီ။ အမာနုသော၊ သည်းထိတ်ဖွယ်ရာ ပြိတ္တာတို့၏။ ဂန္ဓော၊ မသန့်မပြန့် ကိုယ်ပုပ်နံ့သည်။ ဝါယတိ၊ မခံနိုင်အောင် အတင်းဆောင်၍ ပုပ်ဟောင်ပြင်းပြ အနံ့ထ၍နေပါ၏။ ဒါရုဏော၊ ကြမ်းကြုတ်လှစွာသော။ ဃောသော၊ ငရဲသားတို့၏ ဆူဆူညည်ညံ ဟစ်အော်သံသည်။ သုယျတိ၊ ထပ်ကာထပ်ကာ ကြားနေရပါ၏။ ဣတိ၊ ဤသို့။ အဗြဝိ၊ ပြောကြားလေ၏။

၆၆၆။ ဟတ္ထိကွန်ဒံ သမာရုယှ၊ ဩလောကေန္တော စတုဒ္ဒိသာ။
အဒ္ဒသ နိဂ္ဂြောဓံ ရမဏီယံ၊ ပါဒပံ ဆာယာသမွန်ဒံ။
နိလဇ္ဇဝဏ္ဏသဒိသံ၊ မေဃဝဏ္ဏသိရိနိဘံ။

၆၆၆။ ရာဇာ၊ မင်းသည်။ ဟတ္ထိကွန်ဒံ၊ ဆင်ကျောထက်သို့။ သမာရုယှ၊ မြန်မြန်သွက်သွက် ကောင်းစွာတက်၍။ စတုဒ္ဒိသာ၊ ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာတို့သို့။ ဩလောကေန္တော၊ သတိပြု၍ ကြည့်ရှုသည်ရှိသော်။ ပါဒပံ၊ အမြစ်တို့ဖြင့် အသင့်ကောင်းစွာ ရေကို သောက်တတ်ပါသောကြောင့် ပါဒပ မည်ထသော။ ဆာယာသမွန်ဒံ၊ အုပ်ဆိုင်းဝေဆာ သာယာလွန်းခြင်း အရိပ်နှင့်လည်း ပြည့်စုံထသော။ နိလဇ္ဇဝဏ္ဏသဒိသံ၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းသော မိုးတိမ်ညို အဆင်းနှင့်တူထသော။ မေဃဝဏ္ဏသိရိနိဘံ၊ မိုးတိမ်ညိုဆိုင်းသကဲ့သို့ ညိုမှိုင်းအသွင် သဏ္ဌာန်ထင်သော။ နိဂ္ဂြောဓံ၊ အရွက်အခက် စိမ်းလျက်ဝေလွင် ပညောင်ပင်ကို။ အဒ္ဒသ၊ ရှေ့တွင်မသွေ တွေ့မြင်ရလေ၏။

http://www.dhammadownload.com

၆၆၇။ သာရထိ အာမန္တယိ ရာဇာ၊ ကိ ဿော ဒိဿတိ ဗြဟာ။
နိလဗ္ဘဝဏ္ဏသဒိသော၊ မေဃဝဏ္ဏသိရိနိဘော။

၆၆၇။ ရာဇာ၊ ပိဂံလမည်သင်း ဘုရင်မင်းသည်။ သာရထိ၊ ရထားထိန်းကို။ အာမန္တယိ၊ ခေါ်တော်မူ၏။ သာရထိ၊ အမောင်ရထားထိန်း။ နိလဗ္ဘဝဏ္ဏသဒိသော၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းသော မိုးတိမ်ညို့အဆင်းနှင့်တူသော။ မေဃဝဏ္ဏသိရိနိဘော၊ မိုးတိမ်ညို့ဆိုင်းသကဲ့သို့ ညို့မှိုင်းအသွင် သဏ္ဌာန်ထင်ရသော။ ဿောဗြဟာ၊ ဤတောကြီးသည်။ ဒိဿတိ ကိ၊ ယခုရှေ့တွင် တွေ့မြင်နေသည် မဟုတ်ပါလော။ ဣတိ၊ ဤသို့၊ အာမန္တယိ၊ မိန့်ကြားတော်မူ၏။

၆၆၈။ နိဂြောဓော သော မဟာရာဇ၊ ပါဒပေါ ဆာယာသမ္ပန္နော။
နိလဗ္ဘဝဏ္ဏသဒိသော၊ မေဃဝဏ္ဏသိရိနိဘော။

၆၆၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပါဒပေါ၊ အမြစ်တို့ဖြင့် ရေကို သောက်တတ်ထသော။ ဆာယာသမ္ပန္နော၊ အုပ်ဆိုင်းဝေဆာ သာယာလွန်းခြုံ အရိပ်နှင့်လည်း ပြည့်စုံထသော။ နိလဗ္ဘဝဏ္ဏသဒိသော၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းသော မိုးတိမ်အဆင်းနှင့် တူထသော။ မေဃဝဏ္ဏသိရိနိဘော၊ မိုးတိမ်ညို့ဆိုင်းသကဲ့သို့ ညို့မှိုင်းအသွင် သဏ္ဌာန်ထင်ရသော။ သောနိဂြောဓော၊ အရွက်အခက် စိမ်းလျက်ဝေလွင် ထိုပညောင်ပင်သည်။ ဒိဿတေ၊ ယခုရှေ့တွင် တွေ့မြင်ပါ၏။ ဣတိ၊ ဤသို့။ သာရထိ၊ ရထားထိန်းသည်။ အဗြဝိ၊ လျှောက်ထားလေ၏။

၆၆၉။ တေန ပါယာသိ သောရဋ္ဌော၊ ယေန သော ဒိဿတေ ဗြဟာ။
နိလဗ္ဘဝဏ္ဏသဒိသော၊ မေဃဝဏ္ဏသိရိနိဘော။

၆၆၉။ ယေန ဒိသာဘာဂေန၊ အကြောင်အရပ်မျက်နှာအဖို့ဖြင့်။ နိလဗ္ဘဝဏ္ဏသဒိသော၊ မိုးတိမ်ညို့အဆင်းနှင့်တူသော။ မေဃဝဏ္ဏသိရိနိဘော၊ မိုးတိမ်ညို့ဆိုင်းသကဲ့သို့ ညို့မှိုင်းအသွင် သဏ္ဌာန်ထင်သော။ သော ဗြဟာ၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းပိတ်ဆီး ထိုတောကြီးကို။ ဒိဿတေ၊ ရှေ့တွင်မသွေ တွေ့မြင်အပ်ပေ၏။ တေန ဒိသာဘာဂေန၊ ထိုအရပ်မျက်နှာအဖို့ဖြင့်။ သောရဋ္ဌော၊ သုရဋ္ဌနိုင်ငံ စိုးပိုင်စံလျှင်း ထို ပိဂံလမင်းသည်။ ပါယာသိ၊ မတန့်မထောက် သွားရောက်လေ၏။

၆၇၀။ ဟတ္ထိက္ခန္ဓော ဩရုယှ၊ ရာဇာ ရုက္ခံ ဥပါဂမိ။
နိသိဒိ ရုက္ခမူလသ္မိံ၊ သာမစ္စော သပရိဇ္ဇနော။
ပူရံ ပါနိယသရက်၊ ပူဇေ ဝိတ္တေ ဇ အဒ္ဒသ။

၆၇၀။ ရာဇာ၊ ပိဂံလမင်းသည်။ ဟတ္ထိက္ခန္ဓော၊ ဆင်ကျောက်ကုန်းမှ။

http://www.dhammadownload.com

ဩရုယှ၊ သက်ဆင်း၍။ ရုက္ခံ၊ ပညောင်ပင်သို့။ ဥပါဂမိ၊ ကပ်ရောက်လေ၏။ ရုက္ခမူလသို့၊ ပညောင်ပင်ရင်း၌။ သာမဏ်ဖော၊ မျူးမတ်နှင့်တကွ။ သပရိဇနော၊ စစ်သည်ဗိုလ်ထု လူအစု အခြံရံနှင့်တကွ။ နိသီဒိ၊ နေလေ၏။ ပူရံ၊ သောက်ရေဖြင့် ပြည့်သော။ ပါနီယသရကဉ္စ၊ သောက်ရေခွက်ကိုလည်းကောင်း၊ ဝိတ္တော၊ နှစ်သက်စဖွယ် ခွက်အငယ်၌ ထည့်ထားသော။ ပုဝေ စ၊ အရသာပြည့်ကြွယ် မုန့်ခဲဖွယ်တို့ကိုလည်းကောင်း။ အဒ္ဒသ၊ ရှေ့တွင်မသွေ တွေ့မြင်ရလေ၏။

၆၇၁။ ပုရိသော စ ဒေဝဝဏ္ဏီ၊ သဗ္ဗာဘရဏဘူသိတော။
ဥပသင်္ကမိတ္တာ ရာဇာနံ၊ သောရဋ္ဌံ ဧတဒဗြဝိ။

၆၇၁။ ဒေဝဝဏ္ဏီ၊ နတ်အဆင်းနှင့် တူသောအဆင်းရှိသော။ သဗ္ဗာဘရဏဘူသိသော့၊ အလုံးစုံသော တန်ဆာတို့ဖြင့် ဆင်ထားသော။ ပုရိသော စ၊ ယောကျ်ားသည်လည်း။ သောရဋ္ဌံ၊ သုရဋ္ဌမည်သော။ ရာဇာနံ၊ ပိဂံလမင်းသို့။ ဥပသင်္ကမိတ္တာ၊ ရှိသေလေးမြတ် ချဉ်းကပ်၍။ ဧတံ ဝစနံ၊ ဤစကားကို။ အဗြဝိ၊ လျှောက်တင်လေ၏။

၆၇၂။ သွာဂတံ တေ မဟာရာဇ၊ အထော တေ အဒုရာဂတံ။
ပိဝတု ဒေဝေါ ပါနီယံ၊ ပုဝေ ခါဒ အရိန္ဒမ။

၆၇၂။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေ၊ အရှင်မင်းကြီး၏။ အာဂတံ၊ ပညောင်စခန်း ယခုနှန်းသို့ ကြွမြန်းလျင်စွာ ရောက်၍လာခြင်းသည်။ သွာဂတံ၊ ကောင်းသောလာခြင်းပါပေတည်း။ အထော၊ ထိုမှတစ်ပါး။ တေ၊ အရှင်မင်းကြီး၏။ အဒုရာဂတံ၊ မကောင်းသောလာခြင်း မဟုတ်ပါ။ ဒေဝေါ၊ လူတို့သေဋ္ဌနှင့် အရှင်မင်းကြီးသည်။ ပါနီယံ၊ သန့်ရှင်းကြည်လင် သောက်ရေစင်ကို။ ပိဝတု၊ အမောကင်းပ ချမ်းသာရအောင် ရွှင်ပျပျော်ပျော် သောက်တော်မူပါလော့။ အရိန္ဒမ၊ သောင်းကျန်းပွက်ဆူ သူပုန်ဟူက မကျန်ရအောင် ဆုံးမတတ်သော အလေ့ရှိသော မင်းကြီး။ ပုဝေ၊ ကောင်းမွန်စေရန် စီမံခြယ်လှယ် ရသာကြွယ်သည့် ခဲဖွယ်မုန့်ပဲ့ကို။ ခါဒ၊ သုံးဆောင်တော်မူပါလော့။ ဣတိ၊ ဤသို့။ အဗြဝိ၊ သံတော်ဦး တင်လေ၏။

၆၇၃။ ပိဝိတ္တာ ရာဇာ ပါနီယံ၊ သာမဏ္ဏော သပရိဇနော။
ပုဝေ ခါဒိတ္တာ ပိတ္တာ စ၊ သောရဋ္ဌော ဧတဒဗြဝိ။

၆၇၃။ ရာဇာ၊ မင်းသည်။ သာမဏ္ဏော၊ အမတ်နှင့်တကွ။ သပရိဇနော၊ စစ်သည်ဗိုလ်ပါ များစွာသော အခြံအရံနှင့်တကွ။ ပါနီယံ၊ ရေကို။ ပိဝိတ္တာ၊ သောက်၍။ အရိန္ဒမော၊ မင်းသည်။ ပုဝေ၊ မုန့်တို့ကို။ ခါဒိတ္တာ၊ ခဲစား၍လည်းကောင်း။

http://www.dhammadownload.com

ပိတွာ စ၊ သောက်၍လည်းကောင်း။ သောရဒ္ဓေ၊ သုရဒ္ဓတိုင်းရှင် ဘုရင်မင်းသည်။ ဇေဝဝစနံ၊ ဤစကားကို။ အဗြဝိ၊ ပြောဆိုမိန့်ကြားလေ၏။

၆၇၄။ ဒေဝတာ နုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။
အဇာနန္တာ တံ ပုစ္ဆာမ၊ ကထံ ဇာနေမု တံ မယန္တိ။

၆၇၄။ ဘော၊ အမည်မသိ ခေါ်ဘိခက်စွာ မောင့်အတွက်။ တွံ၊ သင်သည်။ ဒေဝတာ၊ စည်းစိမ်ကဲတိုး ကောင်းကျိုးဝေဖြာ နတ်ဒေဝါသည်။ အသိန၊ ဖြစ်လေသလော။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်မျိုးသည်။ အသိန၊ ဖြစ်လေသလော။ အဒု၊ ပြောခဲ့ပြီးရာ မဟုတ်ပါဟု။ ပုရိန္ဒဒေါ၊ အလှရွေးဦး ပေးခဲ့ဖူးသော။ သက္ကော၊ ထိုဖျားမှ နတ်များသေင်္ခနင်း သိကြားမင်သည်။ အသိန၊ ဖြစ်လေသလော။ အဇာနန္တာ၊ ကောန်ပိုင်ပိုင် မသိနိုင်ကုန်သည်ဖြစ်၍။ တံ၊ သင့်ကို။ ပုစ္ဆာမ၊ အမှန်တိုတိ သိရှိဖို့ရာ မေးမြန်းပါကုန်၏။ ကထံ၊ ဘယ်မျိုးဘယ်ဟာတ် ဘယ်အရပ်မှလာ အဘယ်သူပါဟူ၍။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ဇာနေမု၊ အတိုအကျ သိရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ အဗြဝိ၊ ပြောဆိုလေ၏။

၆၇၅။ နာမှိ ဒေဝေါ နု ဂန္ဓဗ္ဗော၊ နာပိ သက္ကော ပုရိန္ဒဒေါ။
ပေတော အဟံ မဟာရာဇ၊ သုရဒ္ဓာ ဣဓ မာဂတောတိ။

၆၇၅။ မဟာရာဇ၊ ပိဂံလမင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ ဒေဝေါ၊ တန်ခိုးရှိန်ဖြာ နတ်ဒေဝါသည်။ နု အမှိ၊ မဟုတ်ပါ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ နု အမှိ၊ မဟုတ်ပါ။ ပုရိန္ဒဒေါ၊ အလှရွေးဦး ပေးခဲ့ဖူးသော။ သက္ကောပိ၊ စတုမဟာ ဝတိ်သာတွင် အာဏာပိုင်နင်း သိကြားမင်းသည်လည်း။ နု အမှိ၊ မဖြစ်ပါ။ အဟံ၊ အကျွန်ုပ်သည်။ ပေတော၊ ပင်ညောင်နန်းမှာ စံမြန်းနေရှာ နတ်ပြိတ္တာပါတည်း။ သုရဒ္ဓာ၊ သုရဒ္ဓမည် တိုင်းဌာနိမှ။ ဣဓ၊ ညိုမှောင်ပိတ်ကာ ဝိဈာဋဝိ အမည်ရှိသေချာ ဤတောဝနာသို့။ အာဂတောတာ၊ ကံစွမ်းအလျောက် ကျရောက်ဖြစ်ကာ နေရပါ၏။ ဣတိ၊ ဤသို့။ အာဟာ၊ ပြောပြလေ၏။

၆၇၆။ ကိံ သီလော ကိံ သမာစာရော၊ သုရဒ္ဓသ္မိံ ပုရေ တုဝံ။
ကေန တေ ဗြဟ္မစရိယေန၊ အာနုဘာဝေါ အယံ တဝါတိ။

၆၇၆။ ဘော ပေတ၊ တန်ခိုးရှိန်ဖြာ အိုပြိတ္တာ။ တုဝံ၊ သင်သည်။ သုရဒ္ဓသ္မိံ၊ သုရဒ္ဓမည် တိုင်းဌာနိ၌။ ပုရေ၊ ညောင်ပင်နန်းသို့ မကြွလှမ်းမီ ရှေးဘဝဆီက။ ကိံ သီလော၊ ဘယ်အကျင့်သီလရှိသည်။ အသိ၊ ဖြစ်ပါသနည်း။ ကိံ သမာစာရော၊

http://www.dhammadownload.com

အဘယ်သို့သော အကျင့်မြတ်ရှိသည်။ အသိ၊ ဖြစ်ပါသနည်း။ တဝ၊ သင်၏။ အယ် အာနုဘာဝေါ၊ ဤ အာနုဘော်သည်။ ကေန ဗြဟ္မစရိယေန၊ အဘယ်မည် လတ် အကျင့်မြတ်ကြောင့်။ ဟောတိ၊ ရရှိပေသနည်း။ ဣတိ၊ ဤသို့။ ရာဇာ၊ ပိဂံလမင်းသည်။ အဗြဝိ၊ ပြောဆိုမေးမြန်းလေ၏။

၆၇၇။ တံ သုဏောဟိ မဟာရာဇ၊ အရိန္ဒဓ ရဋ္ဌဝမုန။
အမစ္စာ ပါရိသဇ္ဇာ စ၊ ဗြာဟ္မဏော စ ပုရောဟိတော။

၆၇၇။ အရိန္ဒမ၊ရန်သူမှန်က မကျန်ရအောင် ဆုံးမတတ်သော။ ရဋ္ဌဝမုန၊ တိုင်းပြည်ရပ်ရွာ စည်ပင်သာအောင် ပြုတတ်သော။ မဟာရာဇ၊ အရှင်ပိဂံလမင်းမြတ်။ မမ၊ အကျွန်ုပ်၏။ တံ ဝစနံ၊ ပြောဆိုမြွက်ကြား ထိုစကားကို။ သုဏောဟိ၊ နားထောင်တော်မူပါလော့။ အမစ္စာ စ၊ မှူးမတ်အများတို့သည် လည်းကောင်း။ ပါရိသဇ္ဇာ စ၊ အလုပ်အကျွေးဖြစ်လတ် ပရိသတ်များစွာတို့သည် လည်းကောင်း။ သုဏန္တု၊ နားထောင်ကြပါကုန်လော့။ ဗြာဟ္မဏော စ၊ ဝတ်ဖြူဆင်ငြား အရှင် ပုဏ္ဏားသည် လည်းကောင်း။ ပုရောဟိတော စ၊ အခေါင်ပဏ္ဍိတ် ပုရောဟိတ်သည် လည်းကောင်း။ သုဏာတု၊ နားထောင်ပါလော့။

၆၇၈။ သုရဋ္ဌသ္မိံ အဟံ ဒေဝ၊ ပုရိသော ပါပစေတသော။
မိစ္ဆာဒိဋ္ဌိ စ ဒုဿီလော၊ ကဒရိယော ပရဘာသကော။
၆၇၉။ ဒဒန္တာနံ ကရောန္တာနံ၊ ဝါရယိဿံ ဗဟုဇ္ဇနံ၊
အညေသံ ဒဒမာနာနံ၊ အန္တရာယကရော အဟံ။

၆၇၈-၉။ ဒေဝ၊ အရှင်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ သုရဋ္ဌသ္မိံ၊ သုရဋ္ဌမည် မြို့ရွေပြည်၌။ ပါပစေတသော၊ ယုတ်မာသောစိတ်ရှိသော။ ပုရိသော။ ယောကျ်ားပါတည်း။ မိစ္ဆာဒိဋ္ဌိ စ၊ "ကံ-ကံ၏အကျိုး မရှိ" ဟူသော နတ္ထိက မိစ္ဆာ အယူလည်း ရှိခဲ့ပါ၏။ ဒုဿီလော စ၊ ကိုယ်ကျင့်အာစာ သိက္ခာပျက်စီး၍ သီလ လည်း မရှိခဲ့ပါ။ ကဒရိယော၊ ဝန်တိုစဉ်းလဲပါ၏။ သမဏဗြဟ္မဏာနံ၊ ရဟန်း ပုဏ္ဏားတို့အား။ ပရိဘာသကော၊ တတွတ်တွတ်နှင့် ရေရွတ်ကျိန်ဆဲတတ်ပါ၏။ ဒဒန္တာနံ၊ သဒ္ဓါဖွေးဖြူ အရေးယူ၍ ပေးလှူတတ်ကုန်သော။ ကရောန္တာနံ၊ သူတထူး၏ ကျေးဇူးဖုံဖုံ ပြုလုပ်တတ်ကုန်သော သူတို့၏။ အန္တရာယကရော၊ ပိတ်ဆင်ဆီးကွယ် အန္တရာယ်ကိုပြုတတ်သော။ အဟံ၊ အကျွန်ုပ်သည်။ ဗဟုဇ္ဇနံ၊ များစွားသောင်းသောင်း လူအပေါင်းကို။ ဝါရယိဿံ၊ တားမြစ်ခဲ့မိပါပြီ။ အညေသံ၊ တစ်ပါးကုန်သော။ ဒဒမာနာနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းကုန်သောသူတို့အား။ အန္တရာယံ၊ ပိတ်ပင်ဆီးကွယ်

http://www.dhammadownload.com

အန္တရာယ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ကရောမိ၊ တရားမသိ အမှားဖိ၍ ပြုလုပ်ခဲ့မိပါပြီ။

၆၈၀။ ဝိပါကော နတ္ထိ ဒါနဿ၊ သံယမဿ ကုတော ဖလံ။
နတ္ထိ အာစရိယော နာမ၊ အဒန္တံ ကော ဒမေဿတိ။

၆၈၀။ ဒါနဿ၊ လှူဒါန်းပြုစု မြတ်ကောင်းမှု၏။ ဝိပါကော၊ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ မှန်စွာရကြောင်း ကောင်းသောအကျိုးသည်။ နတ္ထိ၊ အမှန်စိတ်ချ ဒိဋ္ဌမရှိပေ။ သံယမဿ၊ သီလစောင့်စည်းခြင်း၏။ ဖလံ၊ မင်္ဂလာ ရာရာရကြောင်း ကောင်းမြတ်သော အကျိုးသည်။ ကုတော၊ တကယ်ကြည့်က ဘယ်မှာရှိအံ့နည်း။ အာစရိယော နာမ၊ ဆရာမြတ်မည်သည်လည်း။ နတ္ထိ၊ လုံးဝ မရှိပေ။ အဒန္တံ၊ မယဉ်ကျေးသောသူကို။ ကော၊ အဘယ်ဆရာသမားသည်။ ဒမေဿတိ၊ စိတ်ကောင်းထားရှိ ယဉ်ကျေးဘိအောင် သတိဆော်ကာ ဆုံးမနိုင်ပါအံ့နည်း။

၆၈၁။ သမတုလျာနိ ဘူတာနိ၊ ကုတော ဒေဋ္ဌာပစာယိကော။
နတ္ထိ ဗလံ ဝိရိယံ ဝါ၊ ကုတော ဥဋ္ဌာနပေါရိသံ။

၆၈၁။ ဘူတာနိ၊ ခပ်သိမ်းများစွာ သတ္တဝါတို့သည်။ သမတုလျာနိ၊ လုံးဝတူသော အဖြစ်ရှိပါကုန်၏။ တသ္မာ၊ ထိုသို့ ကြီးငယ်မဟူ အဖြစ်တူကြသောကြောင့်။ ဒေဋ္ဌေစ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးသူသည်။ နတ္ထိ၊ စင်စစ်ပိုင်ပိုင် မရှိနိုင်သည်သာတည်း။ ကုလေ၊ ဘိုးဘေးမှဆက် ဆင်းသက်ပွားတိုး ကိုယ့်အမျိုးဌ်။ ဒေဋ္ဌာပစာယိကော၊ အသက်သိက္ခာ ဂုဏ်ဝါကြီးသူတို့အား ရိုသေလေးစားခြင်းတည်းဟူသောကောင်းမှုသည်။ နတ္ထိ၊ မရှိနိုင်သည်သာတည်း။ ဗလံဝါ၊ အရဟတ္တဖိုလ်သို့ ရောက်နိုင်သော အားစွမ်းသည်လည်း။ နတ္ထိ၊ မရှိနိုင်သည်သာတည်း။ ဝိရိယံ ဝါ၊ ယောကျ်ားတို့၏ အခြင်းအရာအားဖြင့် ဖြစ်စေတတ်သော ဝီရိယသည်လည်း။ နတ္ထိ၊ မရှိနိုင်သည်သာတည်း။ ဥဋ္ဌာနပေါရိသံ၊ ထကြွလုံ့လ ဝီရိယရှိသော ယောကျ်ား၏အဖြစ်သည်။ ကုတော၊ တကယ်ကြည့်က အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

၆၈၂။ နတ္ထိ ဒါနဖလံ နာမ၊ နာ ဝိသောဓေတိ ဒေရိနံ။
လဒ္ဓေယျံ လဘတေ မစ္စော၊ နိယတိပရိဏာမဓံ။

၆၈၂။ ဒါနဖလံ နာမ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏ အကျိုးမည်သည်။ နတ္ထိ၊ မရှိနိုင်ပေ။ ဝေရိနံ၊ ရန်သူမိုက်တို့ကို။ နာ ဝိသောဓေတိ၊ အဟုတ်စင်အောင် မသုတ်သင်နိုင်ပေ။ ကဒါစိပိ၊ တစ်ရံတစ်ဆစ်မျှလည်း။ သုဒ္ဓံ၊ အမှန်တကယ် စင်ကြယ်သည်ကို။ နာ ကရောတိ၊ မပြုနိုင်ပေ။ မစ္စော၊ လောကတစ်လျှောက် ကျရောက်

http://www.dhammadownload.com

ဖြစ်လာ သတ္တဝါသည်။ လဒ္ဓေယျံ၊ သတ္တဝါဇာတ် ရအပ်ပေ၏။ နိယတိပရိဏာမဖံ၊ အမြဲမတည် လော်လည် ဖောက်ပြန်သောအားဖြင့်ဖြစ်သော။ သုခံ ဝါ၊ ချမ်းသာခြင်းကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဆင်းရဲခြင်းကိုလည်းကောင်း။ လဘတေ လဘတိ၊ ဧကန်မသွေ ရအပ်ပေ၏။

၆၈၃။ နတ္ထိ မာတာ ပိတာ ဘာတာ၊ လောကော နတ္ထိ ဣတော ပရံ။
နတ္ထိ ဒိန္နံ နတ္ထိ ဟုတံ၊ သုနိဟိတံ နာ ဝိဇ္ဇတိ။

၆၈၃။ မာတာ၊ ကျေးဇူးအရှင် မွေးမိခင်သည်လည်းကောင်း။ ပိတာ၊ ကျေးဇူးအရှင် မွေးဖခင်သည် လည်းကောင်း။ ဘာတာ၊ ရှေးဦးအစ သင်ပြပြောဆို မိမိအစ်ကိုသည် လည်းကောင်း။ နတ္ထိ၊ အမှန်ကြည့်က ဧကန်ပင် မရှိနိုင်ပေ။ ဣတော၊ မျက်မှောက်ပစ္စက္ခ ဤဘဝမှ။ ပရလောကော၊ သံသရာခေါ်ငြား ဘဝတပါးသည်။ နတ္ထိ၊ အမှန်တိတိ ဧကန်ပင် မရှိနိုင်။ ဒိန္နံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏ အကျိုးသည်။ နတ္ထိ၊ ဧကန်ပင် မရှိနိုင်။ ဟုတံ၊ ပူဇော်ခြင်း၏ အကျိုးသည်။ နတ္ထိ၊ ဧကန်ပင် မရှိနိုင်။ သုနိ ဟိတံ၊ ကောင်းစွာသိမှီး မြှုပ်နှံထားအပ်ပြီးသော ကုသိုလ်မည်သည်။ နာ ဝိဇ္ဇတိ၊ ဧကန်ပင် မရှိနိုင်။

၆၈၄။ ယောပိ ဟနေယျ ပုရိသံ၊ ပရဿ ဆိန္နတေ သိရံ။
နာ ကောစိ ကဋ္ဌိ ဟနတိ၊ သတ္တန္နံ ဝိဝရမန္တရေ။
၆၈၅။ အစ္ဆေဒ္ဓာဘေဒ္ဓော ဟိ ဇီဝေါ၊ အဒ္ဓသော ဝုဋ္ဌပရိမဇ္ဈာလော။
ယောနောနံ သတံ ပဋ္ဌ၊ ကော ဇီဝံ ဆေတ္တုမရဟတိ။

၆၈၄-၅။ ယောပိ၊ အကြင် တစ်စုံတစ်ယောက်သည်လည်း။ ပုရိသံ၊ ကောင်းစွာနေငြား မဖောက်ပြားတဲ့ ယောကျ်ားကို။ ဟနေယျ၊ ညှဉ်းပန်းထိုးခုတ် သတ်ပုတ်ရာ၏။ ပရဿ၊ သူတစ်ပါး၏။ သိရံ၊ ပါးစပ် နှစ်ခေါင်း စသည်အပေါင်း ဦးခေါင်းကို။ ဆိန္နတေ၊ ညှဉ်းပန်းထိုးပုတ် ဖြတ်ခုတ်အပ်၏။ ကောစိ၊ အမှတ်မထား တစ်စုံတစ်ယောက်သော ယောကျ်ားကို။ နာ ဟနတိ၊ ရက်စက်ကြမ်းကြုတ် သတ်ပုတ်သည်မမည်ပေ။ သတ္တန္နံ၊ ပထဝီကာယ အစရှိသား ခုနစ်ပါးသော ကိုယ်တို့၏။ ဝိဝရံ၊ အပေါက်ဖြစ်၍ ဖြစ်သော။ အန္တရေ၊ အကြား၌။ သတ္တော်၊ အသွားထက်မြက်ဓားလက်နက်သည်။ ပဝိသတိ၊ ခန္ဓာကိုယ်တွင်း ဖောက်ထွင်းစူးဝင်၏။ ဟိ သစ္စံ၊ မှန်၏။ ဇီဝေါ၊ ကိုယ်နှင့်ပေါင်းယှက် သတ္တဝါတို့၏ အသက်ကို။ အစ္ဆေဒ္ဓာ၊ ဓားလက်နက်တို့ဖြင့် အဆက်ပြတ်အောင် မဖြတ်ခုတ်အပ်။ အဘေဒ္ဓော၊ ဓားလက်နက်စသည်တို့ဖြင့် မခွဲအပ်။ သော ဇီဝေါ၊ အမြဲစပ်ဆက် မပျောက်ပျက်သည့် ထို

http://www.dhammadownload.com

အသက်ခေါ်သော ဇီဝိတသည်။ အဋ္ဌ သော၊ ရှစ်မြောင့်ရှိသည်။ ဂုဋ္ဌပရိမဏ္ဍလော၊ အလုံးအဝန်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဗ္ဗေဓော၊ အစောက်အားဖြင့်။ ယောဇနာနံ၊ ရေတွက်သချိုင်္ဂ ယူဇနာတို့၏။ ပဋ္ဌသတံ၊ ငါးရာရှိ၏။ ကော၊ မည်သူမဆို ဘယ်၊ ပုဂ္ဂိုလ်သည်။ ဇီဝံ၊ သတ္တဝါခေါ်လျက် ဇီဝိန်သက်ကို။ ဆေတ္တံ့၊ အဆက်ပြတ်အောင် ခွင်းဖြတ်ခြင်းငှာ။ အရဟတိ၊ ထိုက်အံ့နည်း။

၆၈၆။ ယထာ သုတ္တဂုဋ္ဌေ ခိတ္တေ၊ နိဗ္ဗေဋ္ဌေန္တံ ပလာယတိ။
ဧဝမေဝ စ သော ဇီဝေါ၊ နိဗ္ဗေဋ္ဌေန္တော ပလာယတိ။

၆၈၆။ သုတ္တဂုဋ္ဌေ၊ ကောင်းစွာရစ်ထုံး ကြိုးအလုံးကို။ ခိတ္တေ၊ အစမှဆွဲအားကုန်လွှဲကာ ဖြေ၍ ပစ်လိုက်သည်ရှိသော်။ နိဗ္ဗေဋ္ဌေန္တံ၊ တစ်စတစ်စ ပြေကာကျလျက်။ ပလာယတိ ယထာ၊ မဆုံးနိုင်ပေ ပြေးသွားလေသကဲ့သို့။ ဧဝမေဝ၊ ဤပုံနှင့်မခြား အလားတူသာလျှင်။ သော ဇီဝေါ၊ သတ္တဝါခေါ်လျက် ထိုဇီဝိန်သက်သည်။ အတ္တဘာဝဂုဋ္ဌံ၊အတ္တဘောတည်းဟူသော ကြိုးချည်လုံးကို။ နိဗ္ဗေဋ္ဌေန္တော၊ တစ်စတစ်စ ပြေကာကျလျက်။ ပလာယတိ၊ မဆုံးအောင်ရှည် ပြေးသွားလေ၏။

၆၈၇။ ယထာ ဂါမတော နိက္ခမ္မ၊ အညံ ဂါမံ ပဝိသတိ။
ဧဝမေဝ စ သော ဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ။

၆၈၇။ ကောစိပုရိသော၊ တစ်စုံတစ်ယောက်သော ယောကျ်ားသည်။ ဂါမတော၊ မိမိရွာမှ။ နိက္ခမ္မ၊ ကိစ္စအားလျော်စွာ ထွက်ခွာ၍။ အညံ ဂါမံ၊ ရွာတစ်ပါးသို့။ ပဝိသတိ ယထာ၊ ဝင်လေသကဲ့သို့။ ဧဝမေဝ၊ ဤနည်းမခြား အလားတူသာလျှင်။ သော ဇီဝေါ၊ သတ္တဝါခေါ်လျက် ထိုဇီဝိန်သက်သည်။ ဣတော သရီရတော၊ ယခုတည်ဆောင် ဤကိုယ်ကောင်မှ။ အညံဗောန္ဒိံ၊ အမှတ်မပြု ကိုယ်ကောင်တစ်ခုသို့။ ပဝိသတိ၊ ဝင်ရောက်သွားခြင်းသာ ဖြစ်လေ၏။

၆၈၈။ ယထာ ဂေဟတော နိက္ခမ္မ၊ အညံ ဂေဟံ ပဝိသတိ။
ဧဝမေဝ စ သော ဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ။

၆၈၈။ ကောစိ ပုရိသော၊ တစ်စုံတစ်ယောက်သော ယောကျ်ားသည်။ ဂေဟတော၊ မိမိနေရာ အိမ်ဂေဟာမှ။ နိက္ခမ္မ၊ ထွက်ခွာ၍၊ အညံ ဂေဟံ၊ အခြား တစ်ပါးသောအိမ်သို့။ ပဝိသတိ ယထာ၊ ဝင်ရောက်လေသကဲ့သို့။ ဧဝမေဝ၊ ဤနည်းမခြား အလားတူသာလျှင်။ သော ဇီဝေါ၊ သတ္တဝါခေါ်လျက် ထို ဇီဝိန်သက်သည်။ ဣတော၊ ယခုတည်ဆောင် ဤကိုယ်ကောင်မှ။ အညံဗောန္ဒိံ၊ အမှတ်မပြု ကိုယ်တစ်ခုခုသို့။ ပဝိသတိ၊ ဝင်ရောက်သွားခြင်းသာ ဖြစ်လေ၏။

http://www.dhammadownload.com

၆၈၉။ စုလ္လာသီတိ မဟာကပ္ပိနော၊ သတသဟဿာနိ ဟိ။
ယေ ဗာလာ ယေ စ ပဏ္ဍိတာ၊ သဲသာရံ ခေပယိတ္ဝာန။
ဒုက္ခဿန္တံ ကရိဿရေ။

၆၈၉။ ဟိ သစ္စံ၊ မှန်၏။ မဟာကပ္ပိနော၊ မဟာကပ်၏။ စုလ္လာသီတိ သတသဟဿာနိ၊ ရှစ်သန်းလေးသိန်းတို့ပတ်လုံး။ ယေ ဗာလာစ၊ အကြင် လူမိုက်လူကန်းတို့သည်လည်းကောင်း။ ယေပဏ္ဍိတာ စ၊ အကြင် ပညာရှိ သူတော်ကောင်းတို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ အမြင်အားဖြင့် ထင်ရှားရှိကုန်၏။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော သူတို့သည်လည်း။ သဲသာရံ၊ မပြတ်မလပ် ဆက်စပ်တုံ့ပြန် ရုပ်နာမ်ခန္ဓာ သဲသရာကို။ ခေပယိတ္ဝာန၊ နောက်ထပ်အသစ် မဖြစ်လုံးလုံးကုန်ဆုံးစေ၍။ ဒုက္ခဿန္တံ၊ ဖြစ်ပျက်မချုတ် မလွတ်မုချ ဝဋ်ဒုက္ခ၏ အဆုံးကို။ ကရိဿရေ၊ ဧကန်မသွေ ပြုကြပေကုန်လတ္တံ့။

၆၉၀။ မိတာနိ သုခဒုက္ခာနိ၊ ဒေါဏေဟိ ပိဋကေဟိ စ။
ဇိနော သဗ္ဗံ ပဇာနာတိ၊ သမ္မာဇ္ဈာဏ္ဍတရာ ပဇာ။

၆၉၀။ သုခဒုက္ခာနိ၊ ကောင်းနှင့်မကောင်း သောင်းပြောင်းယှဉ်တွဲ ချမ်းသာဆင်းရဲတို့ကို။ ဒေါဏေဟိ၊ လေးပြည်စုပေါင်း တစ်စိတ်တောင်းတို့ဖြင့်လည်းကောင်း။ ပိဋကေဟိ စ၊ ခြင်းတောင်းတို့ဖြင့်လည်းကောင်း။ မိတာနိ ဝိယ၊ ဤရွေ့ဤမျှ နှိုင်းယှဉ်၍ပြဘိသကဲ့သို့။ ဇိနော၊ ဇိနဘုံ၌တည်သော ပညာရှိသည်။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံကို။ ပဇာနာတိ၊ သိ၏။ ဣတရာ၊ ဤမှတစ်ပါးသော။ ပဇာ၊ များလှသောင်းသောင်း သတ္တဝါအပေါင်းသည်။ သဲသာရေ၊ ရုပ်နာမ်ခန္ဓာ သဲသရာ၌။ သမ္မာဇ္ဈာ သမ္မာဇ္ဈာယံ၊ တွေဝေလျက်။ ပရိဇ္ဈမတိ၊ အဆက်မပြတ် လည်ပတ်လေ၏။

၆၉၁။ ဇဝံဒိဋ္ဌိ ပုရေ အာသိ၊ သမ္မာဇ္ဈော မောဟပါရတော။
မိစ္ဆာဒိဋ္ဌိ စ ဒုဿီလော၊ ကဒရိယော ပရိဘာသကော။

၆၉၁။ ဇဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အဟံ၊ လမ်းမှားလိုက်လာ မိုက်လှပါသော အကျွန်ုပ်သည်။ ပုရေ၊ မတွေးမမူ ရှေးလူဖြစ်စဉ်အခါ၌။ ဒိဋ္ဌိ၊ နတ္ထိက မိစ္ဆာအယူရှိသည်။ အာသိ၊ ဖြစ်ခဲ့ပါပြီ။ သမ္မာဇ္ဈော၊ သတိကင်းကွာ ပြင်းစွာတွေဝေသည်။ မောဟပါရတော၊ မောဟဖြင့် ဖုံးလွှမ်းအပ်သည်။ မိစ္ဆာဒိဋ္ဌိ၊ အမြင်မှားသည်။ ဒုဿီလော၊ အကျင့်သီလ လုံးဝကင်းကွာ ယုတ်မာသည်။ ကဒရိယော၊ စဉ်းလဲခက်ထန်သည်။ ပရိဘာသကော၊ ကြိမ်းမောင်းမပြတ် ဆဲရေးတတ်သည်။ အာသိ၊ ဖြစ်ခဲ့ပါ၏။

http://www.dhammadownload.com

၆၉၂။ သြရံ မေ ဆဟိ မာသေဟိ၊ ကာလကိရိယာ ဘဝိသတိ။
ကေန္တ ကဋ္ဌကဲ့ ယောရံ၊ နိရယံ ပပတိဿဟံ။

၆၉၂။ ရာဇ၊ အရှင်ပိဂံလမင်းမြတ်။ မေ၊ မသိမမြင် အစဉ်မှောက်မှားခဲ့သည့် အကျွန်ုပ်ပြိတ္တာနတ်သား၏။ ဆဟိ မာသေဟိ၊ နေရဖို့ရာ ခွင့်ခါမရ ခြောက်လ တို့ဖြင့်။ သြရံ၊ မပြည့်သေးမီ။ ကာလကိရိယာ၊ ဇီဝိန်ပြတ်ကင်း သေဆုံးခြင်းသည်။ ဘဝိသတိ၊ စင်စစ်မသွေ ဖြစ်ရပေလတ္တံ့။ ဇေဝံ၊ ဇီဝိန်ပြတ်ကြွေ ဤသို့ အသက် သေသည်ရှိသော်။ အဟံ၊ ကိုယ်တိုင်ပြုစု ကောင်းမှုကင်းကွာ အကျွန်ုပ် နတ်ပြိတ္တာ သည်။ ကေန္တ ကဋ္ဌကဲ့၊ စင်စစ်ဒုက္ခ ခါးစပ်လှသော။ ယောရံ၊ မြင်သူတိုင်းရွံ မကြည့်ဝံအောင် ကြမ်းကြုတ်လှသော။ နိရယံ၊ ချမ်းသာပြတ်စဲ ပါယ်ငရဲသို့။ ပပတိဿံ၊ မိမိပြုစု အကုအလျောက် မပဲ့ပျောက်ဘဲ ကျရောက်ရပေလတ္တံ့။

၆၉၃။ စတုက္ကဏ္ဏံ စတုဒ္ဒါရံ၊ ဝိဘတ္တံ ဘာဂသော မိတံ။
အယောပါကာရပရိယန္တံ၊ အယသာ ပဋိကုဋ္ဌိတံ။
၆၉၄။ တဿ အယောမယာ ဘူမိ၊ ဇလိတာ တေဇသာ ယုတာ။
သမန္တာ ယောဇနသတံ၊ ဖရိတ္ဝာ တိဋ္ဌတိ သဗ္ဗဒါ။

ဤဂါထာတို့၏ အနက်သည် ရှေ့ပိုင်း၌ပါသော ဂါထာနံပါတ် ၇၀၊ ၇၁ ဂါထာတို့၏ အနက်ပေးနည်းနှင့် တူပြီ။

၆၉၅။ ဝဿာနိ သတသဟဿာနိ၊ ယောသော သုယျတိ တာဝဒေ။
လက္ခေါ သော မဟာရာဇ၊ သတဘာဂဝဿကောဋိယော။

၆၉၅။ ဝဿာနိ သတသဟဿာနိ= ဝဿေသု သတသဟဿေသု၊ သန်းချီတွက်ကိန်း အနှစ်တစ်သိန်းတို့သည်။ ဝိတိဝတ္တေသု၊ ကျော်လွန်ကုန်သည်ရှိသော်။ တာဝဒေ၊ ထိုသို့ လွန်သောအခါ၌သာလျှင်။ တသ္မိံ၊ ချမ်းသာပြတ်စဲ ထိုငရဲ၌။ ယောသော၊ "အချင်းတို့ သင်တို့ ငရဲပြည်၌ ခံနေရသည်မှာ သန်းချီတွက်ကိန်း အနှစ် တစ်သိန်းကာလ လွန်မြောက်ခဲ့ကြပေပြီ" ဟူသော အသံကို။ သုယျတိ၊ ငရဲသူ ငရဲသား အများသူငါ ကြားလိုက်ရပါ၏။ မဟာရာဇ၊ အရှင်ပိဂံလမင်းမြတ်။ သတ ဘာဂဝဿကောဋိယော၊ ငရဲနှစ်ရေ ကုဋေကုဋာ သိန်းပေါင်းများစွာတို့ ကာလ ပတ်လုံး။ ပစ္စန္တာနံ၊ ခံရကုန်ရှာ ငရဲသတ္တဝါတို့၏။ သော၊ ဤသည်ကား။ အာယုနော၊ အသက်၏။ လက္ခေါ၊ အမှတ်အသားတည်း။

၆၉၆။ ကောဋိသတသဟဿာနိ၊ နိရယေ ပစ္စရေ နော။
မိစ္ဆာဒိဋ္ဌိစ ဒုဿီလာ၊ ယေ စ အရိယူပဝါဒိနော။

http://www.dhammadownload.com

၆၉၆။ မိစ္ဆာဒိဋ္ဌိ၊ အယူမှား ရှိကုန်သော။ ဒုဿီလာ၊ အကျင့်သီလ လုံးဝ ကင်းကွာ ယုတ်မာကုန်သော။ ယေ စ ဧနာ၊ အကြင်သူတို့သည် လည်းကောင်း။ အရိယူပဝါဒိနော၊ အရိယာအပေါင်းကို အဖန်ဖန်ကဲ့ရဲ့ စွပ်စွဲတတ်ကုန်သော။ ယေ စ ဧနာ၊ အကြင်သူတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ ဧနာ၊ ထိုသူတို့သည်။ ကောဋိသတသဟဿာနိ၊ ငရဲနှစ်ရေ ကုဋေ ကုဋာ သိန်းပေါင်းများစွာတို့ ကာလပတ်လုံး။ နိရယေ၊ ချမ်းသာပြတ်စဲ ပါယ်ငရဲ၌။ ပစ္စရေ၊ မပျက်မှန်စွာ ခံရ ပါကုန်၏။

၆၉၇။ တတ္ထာဟံ ဒီဃမဒ္ဓါနံ၊ ဒုက္ခံ ဝေဒိဿ ဝေဒနံ။
ဖလံ ပါပဿ ကမ္မဿ၊ တသ္မာ သောစာမဟံ ဘုသံ။

၆၉၇။ ရာဇ၊ မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ တတ္ထ၊ အလျှံပြောင်ပြောင် တောက်လောင်ညီးညီး ထိုငရဲကြီး၌။ ဒီဃမဒ္ဓါနံ၊ ရှည်စွာသော ကာလပတ်လုံး။ ပါပဿ၊ ယုတ်မာလှစွာသော။ ကမ္မဿ၊ မိစ္ဆာဒိဋ္ဌိကံ၏။ ဖလံ၊ အကျိုးဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲလှသော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒိဿ ဝေဒိဿံ၊ ခြောက်လအတွင်း မယွင်းမှုချ ခံစားရပါတော့အံ့။ တသ္မာ၊ ထိုသို့ခံစားရတော့မည့် အကြောင်းကြောင့်။ အဟံ၊ အကျွန်ုပ်နတ်ပြိတ္တာသည်။ ဘုသံ၊ ပြင်းထန်စွာ။ သောစာမိ၊ ရောက်မည့်ဘဝ ကျမည့်ဒဏ်ဘေး အစဉ်တွေးရှိ ပူဆွေးညှိုးမှိန် စိုးရိမ်လှပါတော့၏။

၆၉၈။ တံ သုဏောဟိ မဟာရာဇ၊ အရိန္ဒမ ရဋ္ဌဝမုန။
ဓီတာ မယှံ မဟာရာဇ၊ ဥတ္တရာ ဘဒ္ဒမတ္တူ တေ။
၆၉၉။ ကရောတိ ဘဒ္ဒကံ ကမ္မံ၊ သီလေသု' ဃါသထေ ရတာ။
သညတာ သံဝိဘာဂီ စ၊ ဝဒညူ ဝိတမစ္ဆရာ။
၇၀၀။ အဇ္ဇကာရီ သိက္ခာယ၊ သုဇာ ပရကုလေသု စ။
ဥပါသိကာ သကျမုနိနော၊ သမ္မဒ္ဒဿ သီရိမတောဿ။

၆၉၈-၉-၇၀၀။ အရိန္ဒမ၊ ရန်သူမှန်က မကျန်ရအောင် ဆုံးမကတ်သော။ ရဋ္ဌဝမုန၊ တိုင်းပြည်ရပ်ရွာ စည်ပင်သာအောင်ပြုတတ်သော။ မဟာ ရာဇ၊ ပိဂံလမင်းမြတ်။ တံ ဝစနံ၊ ထိုစကားကို။ သုဏောဟိ၊ နားထောင်ပါလော့။ မဟာရာဇ၊ ဘုရင်မင်းမြတ်။ တေ၊ သင်ဘုရင်မင်းမြတ်အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ အတ္ထု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ မယှံ၊ ကျွန်ုပ်၏။ ဓီတာ၊ ရှုလို့ မငြီး ချစ်သမီးဖြစ်သော။ ဥတ္တရာ၊ ယဉ်ကျေးလိမ္မာ ဥတ္တရာသည်။ ဘဒ္ဒကံ၊ လူ, နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာ ရရာရကြောင်း ကောင်းမြတ်သော။ ကမ္မံ၊ ကုသိုလ်အစု မြတ်ကောင်းမှုကို။ ကရောတိ၊ ကောင်းစွာမသွေ ပြုလုပ်ပေ၏။ သီလေသု စ၊ ခါးဝတ်ပမာ မြဲစွာတည်ထ ပဋ္ဌ

http://www.dhammadownload.com

သီလတို့၌လည်းကောင်း။ ဥပေါသထေစ၊ ရှစ်ပါး, ကိုးပါး, ဆယ်ပါးစသည် ဥပုသ်သီလ၌လည်းကောင်း။ ရတာ၊ အစဉ်မွေ့လျော်သည်။ သညတာ၊ ကိုယ်စိတ်နှစ်ဖြာကောင်းစွာချုပ်တည်း၍ စောင့်စည်းသည်။ သံဝိဘာဂီ စ၊ ကောင်းစွာ ခွဲခြမ်းဝေဖန်အပ်သည်လည်းကောင်း။ ဝဒညုစ၊ သူတော်ကောင်းတို့၏ စကားကို သိလွယ်သည်လည်းကောင်း။ ဝိတမစ္ဆရာစ၊ ဝန်တိုခြင်းကင်းသည်လည်းကောင်း။ သိက္ခာယ၊ ဖြည့်အပ်ထိုက်ရာ ကျင့်သိက္ခာ၌။ အခဏ္ဍကာရီ စ၊ မညှိုးမပျောက် မကျိုးပေါက်အောင် ပြုလေ့ရှိသည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ သကျမုနိနော၊ မျိုးရိုးနွယ်ဇာတ် မြင့်မြတ်ကြီးမား သာကီဝင်မင်းသား ဖြစ်တော်မူသော။ သိရိမတော၊ ဘုန်းကျက်သရေ ရှိတော်မူသော။ သမ္မဒ္ဒသ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်အား။ ဥပါသကာ၊ အားထားမှီတွယ် ကိုးကွယ်သော။ ပရကုလေ စ၊ သမ္မာအယူ စင်ဖြူမောက်ဖြိုး တစ်ပါးသော အမျိုးအိမ်၌။ သုဏာ၊ သမီးရင်းနှင့် မရွှင်းတူစွ ချစ်ခွေးမသည်။ ဟောတိ၊ ဖြစ်၏။

၇၀၁။ ဘိက္ခု စ သီလသမ္မန္နော၊ ဂါမံ ပိဏ္ဍာယ ပါဝိသိ။
ဩကိဏ္ဏဘတ္တဘက္ခု သတိမာ၊ ဂုတ္တဒွါရော သုသံဝုတော။

၇၀၁။ သုသံဝုတော၊ ကောင်းစွာသိမ်းဆည်း စောင့်စည်းအပ်သော။ ဂုတ္တဒွါရော စ၊ လုံခြုံသော ဒွါရလည်းရှိထသော။ သတိမာ၊ ရှေ့နောက်မျှော်ကြည့် သတိနှင့်လည်း ပြည့်စုံတော်မူထသော။ ဩကိဏ္ဏဘတ္တဘက္ခု၊ လေးတောင်ခန့်မျှ ချထားအပ်သော မျက်လွှာလည်း ရှိတော်မူထသော။ သီလသမ္မန္နော၊ အကျင့်သီလနှင့် ပြည့်ဝတော်မူသော။ ဘိက္ခု၊ ရဟန်းတော်သည်။ ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပါဝိသိ၊ ကြွဝင်တော်မူပြီ။

၇၀၂။ သပဒါနံ စရမာနော၊ အာဂမာ တံ နိဝေသနံ။
တမဒ္ဒသ မဟာရာဇ၊ ဥတ္တရာ ဘဒ္ဒမတ္ထု တေ။

၇၀၂။ မဟာရာဇ၊ အရှင်မင်းမြတ်။ သပဒါနံ၊ အိမ်စဉ်အတိုင်း။ စရမာနော၊ လှည့်လည်သည်ရှိသော်။ တံ နိဝေသနံ၊ သမ္မာအယူ စင်ဖြူလှစွာ ဥတ္တရာနေသော ထိုအိမ်ဂေဟာသို့။ အဂမာ၊ ကြွရောက်တော်မူလာပြီ။ တဒါ၊ ထိုအခါ၌။ တံ ဘိက္ခု၊ ထိုရဟန်းတော်ကို။ ဥတ္တရာ၊ ယဉ်ကျေးလိမ္မာ ဥတ္တရာသည်။ အဒ္ဒသ၊ ထင်ရှားရှေ့တွင် တွေ့မြင်လေ၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တေ၊ အရှင်မြတ်အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာသည်။ အတ္ထု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဣတိဝတ္တာ၊ ဤသို့ဆို၍ -

http://www.dhammadownload.com

၇၀၃။ ပူရဏ ပါနီယသရက၊ ပူဝေ ဝိတ္တေ စ သာ အဒါ။
ပိတာ မေ ကာလကတော ဘန္တေ၊ တဿေတံ ဥပကပ္ပတု။

၇၀၃။ သာ၊ ယဉ်ကျေးလိမ္မာ ထိုဥတ္တရာသည်။ ပူရဏ၊ ရေပြည့်သော။ ပါနီယသရက် စ၊ သောက်ရေခွက်ကိုလည်းကောင်း။ ဝိတ္တေ၊ မြင်လျှင် တကယ် နှစ်သက်ဖွယ်ကောင်းသော။ ပူဝေ စ၊ ကောင်းမွန်စေရန် စီမံခြယ်လှယ် ရသာကြွယ်သည့် စားဖွယ်မုန့်တို့ကိုလည်းကောင်း။ ဘိက္ခုနော၊ ရဟန်းတော်မြတ်အား။ အဒါ၊ ပေးလှူလေ၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ကာလကတော၊ သေလွန်သွားပြီးသော။ မေ၊ တပည့်တော်မ၏။ ပိတာ၊ ကျေးဇူးအရှင် မွေးဖခင်ဖြစ်သော နန္ဒကစစ်သူကြီးသည်။ အတ္ထိ၊ စင်စစ်မသွေ ရှိပေ၏ ဘုရား။ တဿ ပိတုနော၊ ကျေးဇူးအရှင် ထို မွေးဖခင်ဖြစ်သော စစ်သူကြီးအား။ ဧတံ၊ သဒ္ဓါစင်ဖြူ ဤအလှူဝတ္ထုသည်။ ဥပကပ္ပတု၊ ဧကန်မသွေ ကပ်ရောက်ပါစေသတည်း။ ဣတိ၊ ဤသို့ဆို၍ အမျှပေးဝေပါ၏။

၇၀၄။ သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဒ္ဒထ။
ဘုဉ္ဇာမိ ကာမကာမီဟံ၊ ရာဇာ ဝေဿဝဏော ယထာ။

၇၀၄။ အနုဒ္ဒိဋ္ဌေ အနုဒ္ဒိဋ္ဌသ၊ ရေနှင့်မုန့်ကို ဖခင်ရည်မှန်း လှူဒါန်းပြီးသည်၏။ သမနန္တရာ၊ အခြားမဲ့၌။ ဝိပါကော၊ နတ်၌ဖြစ်ကာ အစားအစာနှင့် ဝတ်လျာပုဆိုးရေရခြင်းစသော အကျိုးသည်။ ဥဒပဒ္ဒထ၊ ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်လာပေကုန်၏။ ရာဇာ ဝေဿဝဏော ယထာ၊ ကုဝေရဟု နာမမည်သင်း ဝေဿဝဏ်နတ်မင်းကြီးကဲ့သို့။ အဟံ၊ အကျွန်ုပ်သည်။ ကာမကာမီ၊ နတ်ကာမဂုဏ် အလုံးစုံကို ဖုံဖုံဝဝ အလိုရှိသမျှ။ ဘုဉ္ဇာမိ၊ ခံစားသုံးဆောင်ရပါ၏။

၇၀၅။ တံ သုဏောဟိ မဟာရာဇ၊ အရိန္ဒမ ရဋ္ဌဝဍ္ဎန။
သဒေဝကဿ လောကဿ၊ ဗုဒ္ဓေါ အဂ္ဂေါ ပဝုစ္စတိ။
တံ ဗုဒ္ဓံ သရဏံ ဂစ္ဆ၊ သပုတ္တဒါရော အရိန္ဒမ။

၇၀၅။ အရိန္ဒမ၊ ရန်သူမှန်က မကျန်ရအောင် ဆုံးမပေတတ်သော။ ရဋ္ဌဝဍ္ဎန၊ တိုင်းပြည်မြို့ရွာ စည်ပင်သာအောင်ပြုတတ်သော။ မဟာရာဇ၊ ပီဂံလ မင်းမြတ်။ တံ ဝစနံ၊ လျှောက်ဆိုမြွက်ကြားမည့် ထိုစကားကို။ သုဏောဟိ၊ နားထောင်တော်မူပါလော့။ သဒေဝကဿ၊ စတုမဟာ အစဖြာ၍ ဗြဟ္မာမလပ် အလုံးစုံနတ်နှင့်တကွသော။ လောကဿ၊ ကမ္ဘာသူကမ္ဘာသား လူများအပေါင်းထက်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို။ အဂ္ဂေါတိ၊ အမြတ်ဆုံးဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်ပါပေ၏။ အရိန္ဒမ၊ ရန်သူမှန်က မကျန်ရအောင် ဆုံးမပေတတ်သော အို

http://www.dhammadownload.com

မင်းမြတ်။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ သပုတ္တဒါရော၊ ကိုယ်မှစွယ်ဟူး သားမယားနှင့်တကွ။ ဂစ္ဆ၊ စိတ်တွင်စွဲမှတ် ဆည်းကပ်ပါလေလော့။

၇၀၆။ အဋ္ဌိကေန မဂ္ဂေန၊ ဖုသန္တိ အမတံ ပဒံ။
တံ ဓမ္မံ သရဏံ ဂစ္ဆ၊ သပုတ္တဒါရော အရိန္ဒမ။

၇၀၆။ အဋ္ဌင်္ဂိကေန၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေန၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းခေါ်ငြား မင်္ဂတရားဖြင့်။ သန္တာ၊ ဘုရားမြတ်စွာ ပစ္စေကာနှင့် များစွာသောင်းသောင်း သူတော်ကောင်းတို့သည်။ အမတံ၊ ဇီဝိန်ပျက်ယွင်း သေရခြင်းမရှိသော။ ပဒံ၊ အမြတ်ထိပ်တန်း နိဗ္ဗာန်နန်းသို့။ ဖုသန္တိ၊ မထောက်မနေ ရောက်ကြရပေကုန်၏။ အရိန္ဒမ၊ အိုမင်းမြတ်။ တံ ဓမ္မံ၊ မင်္ဂဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ။ မလင့်မှန်စွာ ကိုးကွယ်ရာဟူ၍။ သပုတ္တဒါရော၊ ကိုယ်မှဆွယ်ဟူး သားမယားနှင့်တကွ။ ဂစ္ဆ၊ စိတ်တွင်စွဲမှတ် ဆည်းကပ်ပါလေလော့။

၇၀၇။ စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေ ဋ္ဌိတာ။
ဧသ သံဃော ဥဇုဘူတော၊ ပညာသီလ သမာဟိတော။
တံ သံဃံ သရဏံ ဂစ္ဆ၊ သပုတ္တဒါရော အရိန္ဒမ။

၇၀၇။ ပဋိပန္နာ၊ ကျင့်ဆဲဖြစ်ကုန်သော။ စတ္တာရော စ၊ အမြတ်ခေါ်ငြား မဂ္ဂဋ္ဌာန်းလေးပါးတို့လည်းကောင်း။ ဖလေ၊ ဖိုလ်တရား၌။ ဋ္ဌိတာ၊ ကောင်းစွာပြည့်စုံတည်ရှိကုန်သော်။ စတ္တာရော စ၊ ဖလဋ္ဌာန်လေးပါးတို့လည်းကောင်း။ ဧသ ဧသော သံဃော၊ ဤရှစ်ပါးသော အရိယာသံဃာတော်သည်။ ဥဇုဘူတော၊ ဖြောင့်မတ်စင်ဖြူ အကျင့်ရှိတော်မူ၏။ ပညာသီလ သမာဟိတော၊ လောကုတ္တရာ ပညာသီလ သမာဓိနှင့် ပြည့်စုံတော်မူ၏။ အရိန္ဒမ၊ အိုမင်းမြတ်။ တံ သံဃံ၊ လောကထွတ်ထားမြတ်ဘုရား၏ ချစ်သားကျော်မော် ထို ရှစ်ပါးသော အရိယာသံဃာတော်ကို။ သရဏံ၊ မလင့်မှန်စွာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆ၊ ဆည်းကပ်ပါလေလော့။

နံပါတ် ၇၀၈–ဂါထာ၏ အနက်သည် ၅၉၃ နံပါတ်ဂါထာ၏ အနက်နှင့် တူပြီ။ ၇၀၉–ဂါထာ၏အနက်သည်လည်း နံပါတ် ၂၀၄–ဂါထာနှင့် တူပြီ။

၇၁၀။ ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဉ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။

၇၁၀။ ယက္ခ၊ အိုနတ်သား။ အဟံ၊ အမှားကင်းပျောက် အမှန်သို့ရောက်လာ အကျွန်ုပ်ရာဇာသည်။ အနုတ္တရံ၊ လောကအလယ် ပြိုင်ဖွယ်မရှိ အတိဥက္ကဋ္ဌ ဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊ သစ္ခာလေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ကို လည်းကောင်း။

http://www.dhammadownload.com

ဓမ္မဆွာပိ၊ မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ သရဏဲ အားထားမှီတွယ် ကိုးကွယ်ရာ ဟူ၍။ ဥပေမိ၊ စိတ်တွင် စွဲမှတ် ဆည်းကပ်ပါ၏။ နရဒေဝဿ၊ လူတို့၏နတ် ဘုရားမြတ်၏။ သံဃဉ္စ၊ ရှစ်ပါးသော အရိယာသံဃာတော်ကိုလည်း။ သရဏဲ၊ အားထားမှီတွယ် ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၇၁၁။ ပါဏာတိပါတာ ဝိရမာမိဓိပ္ပဲ၊
လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ။
အမဇ္ဇပေါ နော စ မုသာ ဘဏာမိ၊
သကေန ဒါရေန စ ဟောမိ တုဋ္ဌော။

ဤ နံပါတ် ၇၁၁ ဂါထာ၏ အနက်သည် ၅၉၈ နံပါတ်ပါ ဂါထာ၏ အနက်နှင့် ဟူပြီ။

၇၁၂။ ဩဖုဏာမိ မဟာဝါတေ၊ နဒီယာ သီဃဂါမိယာ။
ဝမာမိ ပါပိကံ ဒိဋ္ဌိ၊ ဗုဒ္ဓါနံ သာသနေ ရတော။

၇၁၂။ ယက္ခ၊ အိုနတ်သား။ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓါနံ၊ ဂ်ဴါဝါဋ္ဌ သဲစုမက ပွင့်တော်မူလတ် ဘုရားမြတ်တို့၏။ သာသနေ၊ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းမိန့်မြွက် ဆုံးမချက်၌။ ရတော၊ စွဲမှီပျော်ပိုက် မွေ့လျော်နှစ်ခြိုက်သည်ဖြစ်၍။ ဘုသံ၊ အဆံမကွဲ စပါးဖွဲကို။ မဟာဝါတေ၊ လေမုန်တိုင်း၌။ ဩဖုဏာတိ ကျဝ၊ အကုန်စင်အောင် လွှဲလွှင့်သကဲ့သို့။ ပါပိကံ ဒိဋ္ဌိ၊ ညစ်ညမ်းယုတ်မာ မိစ္ဆာမည်သင်းဖွဲအဖျင်းကို။ မဟာဝါတေ၊ သင်ဟောကြားသည့် တရားအစဉ် လေအပြင်း၌။ ဩဖုဏာမိ၊ အကုန်စင်အောင် လွှင့်ပစ်လိုက်ပါ၏။ သီဃဂါမိယာ၊ အဟုန်ဒီးဒီး အမြန်စီးသွားသော။ နဒီယာ၊ မြစ်ရေကျော်၌။ ကစဝရံ၊ အမှိုက်ခေါ်သော ဒိုက်သရော်ကို။ ပဝါဟေတိ ကျဝ၊ မတွယ်မပိုက် မျှောစွန့်လိုက်သကဲ့သို့။ ပါပိကံ ဒိဋ္ဌိ၊ ညစ်ညမ်းယုတ်မာ မိစ္ဆာဟူသော ဒိုက်သရော်ကို။ ဒီဃ ဂါမိယာ နဒီယာ၊ သင် ဟောကြားသည့် တရားဟူသော လျှံသော မြစ်ရေကျော်၌။ ပဝါဟေမိ၊ မတွယ်မပိုက် မျှောပစ်လိုက်ပါ၏။ မုခဂတံ၊ ခံတွင်း၌ တည်သော။ ဝမထုံ၊ မသန့်စင်လတ် ပျို့အန်ဖတ်ကို။ ဝမတိ ကျဝ၊ အလျှံအမြန် ထွေးအန်ပစ်သကဲ့သို့။ မနောမုခဂတံ၊ အယူမှန်ပိတ်ဆီး၍ စိတ်တည်းဟူသော ခံတွင်း၌တည်သော။ ပါပိကံ ဒိဋ္ဌိ၊ ညစ်ညမ်းယုတ်မာ မိစ္ဆာခေါ်လတ် ပျို့အန်ဖတ်ကို။ ဝမာမိ၊ အလျှံအမြန် တွေးအန်ပစ်လိုက်ပါ၏။

၇၁၃။ ကျဒံ ဝတ္တာန သောရဿော၊ ဝိရမိတ္တာ ပါပဒဿနာ။
နမော ဘဂဝတော ကတ္တာ၊ ပါမောက္ခော ရထမာရုဟိ။

http://www.dhammadownload.com

ဟုဒုဝု။ သော်အရှင်မြေ၊ သုရဋ္ဌနိုင်ငံ ပိုင်စံအုပ်စီး ပိင်္ဂလမင်းကြီးသည်။ ဣဒံ ဝစနံ၊ ဤစကားကို၊ ဝတွာ၊ ပြောဆို၍။ ပါပဒဿနာ၊ ယုတ်မာသော မိစ္ဆာအယူမှ။ ဝိရမိတွာ၊ ထာဝစဉ်သာ ရှောင်ကြဉ်စွာ၍။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံပေလတ် ဘုရားမြတ်အား။ နမော၊ ရှိခိုးခြင်းကို။ ကတွာ၊ ပြု၍။ ပါမောက္ခာ၊ အရှေ့မျက်နှာအရပ် သုရဋ္ဌတိုင်းသို့ ရွှေးရွှလျက်။ ရထံ၊ ပြင်ဆင်ပြီးငြား မိမိ မင်းစီးရထားကို။ အာရုဟိ၊ ကောင်းစွာမသွေ တက်စီးသွားလေ၏။ အာရုယှ၊ တက်စီး၍။ ယက္ခာနုဘာဝေန၊ ရက္ခစိုး၏ တန်ခိုးတေဇော် အာနုဘော်ဖြင့်။ တံ ဒိဝသမေဝ၊ ထိုနေ့ဦးပင်လျှင်။ အတ္တနော၊ မိမိ၏။ နဂရံ၊ သုရဋ္ဌဟု နာမတွင်မည့် မြို့ရွှေပြည်သို့။ ပတွာ၊ ရောက်၍။ ရာဇဘဝနံ၊ ကျက်သရေနှင့် လက်ဝေလျှံပေါ် မင်းနန်းတော်သို့။ ပါဝိသိ၊ ဗိုလ်ထုစစ်တပ် ပရိသတ်နှင့် မှူးမတ်ရံကာ ကောင်းစွာ မသွေ ကြွဝင်တော်မူလေပြီ။

အဆင့်ဆင့်လျှောက်ကြား သံဂါယနာတင်ထား

ထို သုရဋ္ဌမင်းသည် အခါတစ်ပါး၌ ဤအကြောင်းကို ရဟန်းတော်တို့အား လျှောက်ထားလေ၏။ ရဟန်းတော်တို့သည်လည်း မထေရ်ကြီးတို့အား ထိုစကား ကို လျှောက်ထားကြကုန်၏။ မထေရ်ကြီးတို့သည် တတိယသင်္ဂါယနာ တင်သော အခါ၌ ထည့်သွင်း၍ သင်္ဂါယနာတင်တော်မူကြကုန်၏။

နတ္ထိက မိစ္ဆာအယူရှိသော နန္ဒကစစ်သူကြီး ပြိတ္တာအကြောင်း ပြီး၏။

၄–ဧရဝတီဝေဘဝတ္ထု

ဥဠွေဟိ ရေဝတေ သုပါပဓမ္မေ အစရှိသော ဒေသနာဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည် **ရေဝတီပေတဝတ္ထု** ပေတည်း။

ဤ ရေဝတီဝတ္ထုသည် ဝိမာနဝတ္ထု၌ ဟောတော်မူအပ်သော ရေဝတီဝိမာန ဝတ္ထုနှင့် အလုံးစုံ တူ၏။ ယင်းအကြောင်းအရာတို့ကို ခင်ချို့ထွန်းစာပေမှ ထုတ် ဝေသော ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၌ ကြည့်ရှုတော်မူကြပါကုန်။

ဤဝတ္ထု၌ ဂါထာပုဒ်ရေ ၇၁၄ မှ ၇၃၆ အထိ ပါရှိပါသည်။

ရေဝတီပေတဝတ္ထု ပြီး၏။

http://www.dhammadownload.com

၅-ဥစ္ဆေဒတဝတ္ထု

ကြံခင်းကို ပိုင်သော်လည်း ကြံမစားရသည့် ပြိတ္တာ

ကုဒံ မမ ဥစ္ဆုဝနံ မဟန္တံ ဟူသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည်ကား **ဥစ္ဆေတဝတ္ထုပေတည်း**။

ထိုဝတ္ထု ဖြစ်ပေါ်လာပုံအကြောင်းရပ်စုံမှာ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမှတ်မထား ယောကျ်ားတစ်ယောက်သည် ကြဲစည်းကို ပခုံး၌ထမ်း၍ တစ်ချောင်းသောကြဲကို စုပ်လျက် သွားလေ၏။

ကြဲလိုရှင်သူ ကလေး

ထိုအခါ သီလနှင့်ပြည်စုံ၍ **ကိုယ်**ကျင့်တရားကောင်းသော ဥပါသကာသည် မလိမ္မာသေးသော သူငယ်နှင့်အတူ ထိုယောကျ်ား၏နောက်မှ လိုက်လေ၏။ သူငယ်သည် ကြဲကိုမြင်လေလျှင် "ပေးလော့" ဟု ဆို၍ ငိုလေ၏။ ဥပါသကာသည် ငိုကြွေးသော သူငယ်ကိုမြင်၍ ကြဲရှင်ယောကျ်ားကို ချီးမြှောက်လိုသောကြောင့် ထိုယောကျ်ားနှင့်အတူ စကားပြောဆိုခြင်းကို ပြုလေ၏။ ထိုယောကျ်ားသည်ကား ဥပါသကာနှင့်အတူ တစ်စုံတစ်ခုသော စကားကိုမျှ မပြောဆို။ သူငယ်အား ကြဲပိုင်းကိုမျှလည်း မပေး။ ဥပါသကာသည် သူငယ်ကိုပြ၍ "ဤသူငယ်သည် အလွန်လျှင် ငိုကြွေး၏၊ ဤသူငယ်အား တစ်ခုသော ကြဲပိုင်းကို ပေးပါလော့" ဟု ဆို၏။

ထိုစကားကို ကြားလသော် ကြဲရှင်ယောကျ်ားသည်လည်း မခံနိုင်သည်ဖြစ်၍ ထိခိုက်သောစိတ်ကို ရှေးရှုတည်စေလျက် မရှိသေသည်၏ အစွမ်းဖြင့် တစ်ခုသော ကြဲချောင်းကို နောက်ပြန်ပစ်၍ ပေးလေ၏။

ကြဲပိုင်ရှင် ပြိတ္တာဖြစ်ရပုံ

ထိုယောကျ်ားသည် အခါတစ်ပါး၌ ကွယ်လွန်သည်ရှိသော် ကြာမြင့်စွာထုံအပ်သော လောဘ၏ အစွမ်းဖြင့် ပြိတ္တာတို့၌ ဖြစ်လေ၏။ ထိုပြိတ္တာအား မိမိကံနှင့်တူသော အကျိုးသည် ဖြစ်လေ၏။ ရှစ်မင်း ပယ်စားမျှရှိသောအရပ် (ရှစ်ဆယ့်ရှစ်တင်း ပျိုးကြဲလောက်သော အရပ်) ကို ဖုံးလွှမ်းသော မျက်စဉ်းညို့ အဆင်းရှိလျက် ကျည်ပွေ့ရိုးပမာဏ ရှိကုန်သော ကြဲတို့ဖြင့် တစ်ခဲနက် ဖုံးလွှမ်းသော ကြဲတောကြီးသည် ဖြစ်လေ၏။ ထိုပြိတ္တာသည် စုပ်လိုသည်၏ အဖြစ်ကြောင့် ကြဲကိုယူအံ့ဟု အနီးသို့ ကပ်ကာမျှ၌ပင် ထိုကြဲတို့သည် ကွယ်ပျောက်လေ၏။ ပြိတ္တာသည် ထိုသို့ ဖြစ်သောကြောင့် မိန်းမောလျက် လဲကျလေ၏။

http://www.dhammadownload.com

အရှင်မောဂ္ဂလာန် မြင်တော်မူပုံ

ထိုအခါ တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံအံ့သောငှာ ကြွတော်မူသည်ရှိသော် လမ်းခရီးအကြား၌ ထိုပြိတ္တာကို မြင်တော်မူလေ၏။

ပြိတ္တာသည် မထေရ်ကိုမြင်၍ မိမိသည် ပြုအပ်သောကံကို မေးလျှောက်လို ရကား ဤသို့ လျှောက်ဆိုလေ၏။

အရှင်မောဂ္ဂလ္လာန်ကို ပြိတ္တာက မေးလျှောက်ခြင်း

၇၃၇။ ကဒံ မမ ဥစ္ဆဝံ မဟန္တံ၊
နိဗ္ဗတ္တတိ ပုညဖလံ အနပ္ပကံ။
တံ ဒါနိ မေ နု ပရိဘောဂမေတိ၊
အာစိက္ခ ဘန္တေ ကိဿ အယံ ဝိပါကော။

၇၃၇။ ဘန္တေ၊ အရှင် မောဂ္ဂလ္လာန်အရှင်မြတ်ဘုရား။ မမ၊ တပည့်တော်၏။ အနပ္ပကံ၊ တိုင်းရှည်မထား များပြားလှသော။ ပုညဖလံ၊ ရွေးကပြုစု ကောင်းမှု၏ အကျိုးဖြစ်သော။ မဟန္တံ၊ သုံးမကုန်အောင် များများလှစွာသော။ ကဒံ ဥစ္ဆဝံ၊ သာယာပြန့်ပြော ဤ ကြံတောသည်။ နိဗ္ဗတ္တတိ၊ စင်စစ်မသေ ပေါက်ရောက် ဖြစ်လာပါပေ၏။ ဒါနိ၊ ယခုအခါ၌။ တံ၊ သာယာပြန့်ပြော ထိုကြံတောသည်။ မေ၊ တပည့်တော်အား။ ပရိဘောဂံ၊ သုံးဆောင်ခံစားခြင်းငှာ။ နု ဧတိ၊ မုချဆတ်ဆတ် အမှန် မကပ်ရောက်ပါ။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တံ၊ အရှင်မြတ်သည်။ မေ၊ တပည့်တော်အား။ အာစိက္ခ၊ ဘာ့ကြောင့် ဖြစ်တုံ အကြောင်းစုံကို အကုန်ဖြွက်ကာ မိန့်ကြားတော်မူပါလော့။ အယံ ဝိပါကော၊ ဤသို့ဖြစ်ရခြင်း၏ အကျိုးသည်။ ကိဿ ကမ္မဿ၊ ဘယ်သို့ပြုဖန် အဘယ်ကံ၏။ ဝိပါကော၊ အကောင်းမဖက် ကျိုးဝိပါက် ပါနည်း။

၇၃၈။ ဟညာမိ ခန္ဓာမိ ဧ ဝါယမာမိ၊
ပရိသဏ္ဌာမိ ပရိဘုဉ္ဇိတုံ ကိဉ္စိ။
သဟဟံ ဆိန္နထာမော ကပဏော လာလပါမိ၊
ကိဿ ကမ္မဿ အယံ ဝိပါကော။

၇၃၈။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ကိဉ္စိ၊ မကြီး မကျယ် အနည်းငယ်မျှ။ ပရိဘုဉ္ဇိတုံ၊ ချို့ငြိမ်လှစွာ ကြံ၏အရသာကို စားသောက် ဖို့ရာ။ ဟညာမိ၊ ကိုယ်စိတ်နှစ်ဖြာ မသာမလန်း ပင်ပန်းခြင်းသို့ ရောက်၏။ ခန္ဓာမိ

http://www.dhammadownload.com

စ၊ စားလည်း စားမိပါ၏။ ဝါယမာမိ စ၊ အမှန်မယုတ် အားလည်း ထုတ်မိပါ၏။ ပရိသက္ကာမိ စ၊ အမြဲမကွာ လုံ့လလည်းပြုမိပါ၏။ သွာဟံ သော အဟံ၊ ထို တပည့် တော်သည်။ ဆိန္နထာမော၊ အစဉ်ညှိုးနွမ်း ပြတ်သော အားစွမ်းလည်း ရှိသည်။ ကပဏော၊ မနေနိုင်အောင် ပူလောင်ထန်ပြင်း ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သည်။ ဟုတ္တာ၊ ဖြစ်၍။ လာလပါမိ၊ ကယ်ပါယူပါ တစာစာနှင့် ခါခါမလပ် သံကုန်ဟစ်ကာ မြည်တမ်းရပါ၏။ အယံ ဝိပါကော၊ ဤသို့ဖြစ်ရခြင်း၏ အကျိုးသည်။ ကိဿ ကမ္မဿ၊ ဘယ်သို့ပြုဖန် အဘယ်ကံ၏။ ဝိပါကော၊ အကောင်းမဖက် ကျိုးဝိပါက် ပါနည်း။

၇၃၉။ ဝိဃာတော စာဟံ ပရိပတာမိ ဆမာယံ၊
ပရိဝတ္တာမိ ဝါရိစရော၀ ဃမ္မေ။
ရုဒတော စ မေ အဿုကာ နိဂ္ဂလန္တိ၊
အာစိက္ခ ဘန္တေ ကိဿ အယံ ဝိပါကော။

၇၃၉။ ဘန္တေ၊ လက်ဝဲတော်ရဲ့ အရှင်မေဂ္ဂလ္လာန်။ အဟံ၊ တပည့်တော်သည်။ ဝိဃာတောစ၊ မရွှင်မလန်း ပင်ပန်းလှသည်ဖြစ်၍လည်း။ ဆမာယံ၊ မြေအထက်၌။ ပရိပတာမိ၊ မတ်တတ်ကြွ့်ခိုင် မရပ်နိုင်ဘဲ ဗုန်းဗုန်းလဲကာ ကျသွားရပါ၏။ ဃမ္မေ၊ ဂိမှန်အခါ လွန်စွာပြင်းလျက် နေပူနှိပ်စက်သော ကုန်းထက်ပေါ်၌။ ဝါရိ စရော၀၊ ပစ်တင်၍ထား လူးလဲနေရသော ငါးကဲ့သို့။ ပရိဝတ္တာမိ၊ ပူပန်ထန်ကဲ့ လွန် ဆင်းရဲစွာ နေရပါ၏။ ရုဒတောစ၊ ငိုကြွေး၍လည်း။ မေ၊ ဆင်းရဲလွန်းပေါ် တပည့် တော်၏။ အဿုကာ အဿုကာနိ၊ မျက်ရည်တို့သည်။ နိဂ္ဂလန္တိ၊ တဟုန်ဒီးဒီး ယိုစီးကုန်၏။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ တပည့် တော်အား။ အာစိက္ခ၊ မချန်မဂ္ဂင် မိန့်မြွက်တော်မူပါ ဘုရား။ အယံ ဝိပါကော၊ ဤအကျိုးသည်။ ကိဿ ကမ္မဿ၊ ဘယ်သို့ပြုဖန် အဘယ်ကံ၏။ ဝိပါကော၊ အကောင်းမဖက် ကျိုးဝိပါက်ပါနည်း။

၇၄၀။ ဆာတော ကိလန္တော စ ပိပါသိတော စ၊
သန္တသိတော သာတသုခံ နု ဝိန္ဒေ။
ပုစ္ဆာမိ တံ ဓေတမတ္တံ ဘဒန္တေ၊
ကထံ နု ဥစ္ဆုပရိဟောဂံ လဘေယျံ။

၇၄၀။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဆာတော စ၊ မနေနိုင်အောင် ဆာလည်းဆာလောင်၏။ ကိလန္တော စ၊ မရွှင်မလန်း ပင်လည်း ပင်ပန်း၏။ ပိပါသိတော စ၊ နွမ်းယိုင်ခြေပြတ် ရေလည်း ငတ်လှပါ၏။ သန္တသိတော၊

http://www.dhammadownload.com

နှုတ်ခမ်းပါးစောင်း လည်ချောင်းအာစောက်တို့၏ ကပ်ခြောက်ခြင်းတို့ဖြင့် ပြင်းစွာ နှိပ်စက်အပ်၏။ သာတသုခံ၊ ရွှင်လန်းဝေဖြာ သာယာသည်ဖြစ်၍ဖြစ်သော ချမ်းသာကို။ နာ ဝိန္ဒေ၊ စင်စစ်ပိုင်ပိုင် မရနိုင်ပါ။ ဘဒန္တေ၊ အရှင်မြတ်ဘုရား။ တံ၊ အရှင်မြတ်ဘုရားကို။ ဧတမတ္ထံ၊ ဤသို့ဖြစ်ရပုံအကြောင်းစုံကို။ ပုစ္ဆာမိ၊ သိလိုရေးကြောင့် မေးမြန်းလျှောက်ထားပါ၏။ ကထံ ကေန၊ ဘယ်ကျိုးဝိပါက် ဘယ်အတွက်ကြောင့်။ ဥစ္ဆုပရိဘောဂံ၊ ကိုယ့်ကြွေကို ကိုယ်စားသုံးနိုင်သည်ကို။ နလဘေယျုန္၊ မရနိုင်ပါသနည်း။ တုဝံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်အား။ ဇာနာဟိ၊ ရှင်းလင်းသေချာ သိမြင်အောင် ဟောပေးတော်မူပါဘုရား။ ဣတိ၊ ဤသို့။ ပေတော၊ ကြွေစုပ်ချင်ရှာ နတ်ပြိတ္တာသည်။ အာဟ၊ လျှောက်ထားလေ၏။

အရှင်မောဂ္ဂလာန်၏အဖြေ

၇၄၁။ **ပုရေ တုဝံ ကမ္မမကာသိ အတ္တနာ၊**
မနုဿဘူတော ပုရိမာယ ဇာတိယာ။
အဟဉ္စ တံ ဧတမတ္ထံ ဝဒါမိ၊
သုတ္တာန တွံ ဧတမတ္ထံ ဝိဇာန။

၇၄၁။ ဘောပေတ၊ အိုပြိတ္တာ။ တုဝံ၊ သင်သည်။ ပုရေ၊ ရှေးကာလ၌။ ပုရိမာယ ဇာတိယာ၊ ပြိတ္တာဘဝ မရသေးမီ လူ့ဘဝဆီက။ မနုဿ ဘူတော၊ အမှန်စင်စစ် လူဖြစ်၍ ဖြစ်စဉ်။ အတ္တနာ၊ မိမိကိုယ်တိုင်သာလျှင်။ ကမ္မံ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို။ အကာသိ၊ ပြုမိခဲ့ပါပြီ။ အဟဉ္စ၊ ငါသည်လည်း။ တံ၊ သင့်ကို။ ဧတမတ္ထံ၊ ယင်းသို့ဖြစ်ရပုံ ထိုအကြောင်းစုံကို။ ဝဒါမိ၊ ယခုအခါ မိန့်မြွက်ပါအံ့။ တွံ၊ သင်သည်။ သုတ္တာန၊ ကောင်းစွာမှတ်သား နားစိုက်ထား၍။ ဧတမတ္ထံ၊ ဖြစ်ပုံပျက်ပုံ ထိုအကြောင်းစုံကို။ ဝိဇာန၊ သိရှိလေလော့။

၇၄၂။ **ဥစ္ဆုံ တုဝံ ခါဒမာနော ပယာတော၊**
ပုရိသော စ တေ ပိဋ္ဌိတော အန္ဝဂမ္ဆိ။
သော စ တံ ပစ္စာသန္နော ကထေသိ၊
တသ္မာ တုဝံ န ကိဋ္ဌိ အာလပိတ္ထ။

၇၄၂။ ဘောပေတ၊ အိုပြိတ္တာ။ တုဝံ၊ သင်သည်။ ဥစ္ဆုံ၊ ကြွေကို။ ခါဒမာ နော၊ အခွံခွာဆုတ် စားမျိုစုပ်လျက်။ ပယာတော၊ ဖဲကာမသွေ သွားခြင်းငှာ အားထုတ်ပေ၏။ ပုရိသော စ၊ အမှတ်မထား တစ်ယောက်သော ယောကျ်ားသည်လည်း။ တေ၊ သင်၏။ ပိဋ္ဌိတော၊ နောက်မှ။ အန္ဝဂမ္ဆိ၊ မကွာစိုက်စိုက် အစဉ်လိုက်လေ၏။

http://www.dhammadownload.com

သော့ စ၊ အမှတ်မထား ထိုယောကျ်ားသည်လည်း။ တံ၊ သင့်ကို။ ပစ္စာသန္နော၊ ကပ်ပါးခယ ကြဲကို တောင့်တသည်ဖြစ်၍။ ကထေသိ၊ မြွက်ကာမသွေ ပြောဆိုလေ၏။ တဿ ပုရိသဿ၊ ကြဲရဖို့ရာ ကောင်းစွာခယ တောင့်တနေငြား ထိုယောကျ်ားအား။ တုဝံ၊ သင်သည်။ ကိဠိဝစနံ၊ တစ်စုံတစ်ခုသော စကားကို။ နု အာလပိတ္ထ၊ ပေးမည် မပေးမည်ကို. အရေးထားကာ မပြောကြားခဲ့ပေ။

၇၄၃။ သော စ တံ အဘဏန္တံ အယာစိ၊
ဒေဟ ယျံ ဥစ္ဆန္ဒိစ တံ အဝေါစ။
တဿ တုဝံ ပိဠိတော ဥစ္ဆံ အဒါသိ၊
တသ္မေတံ ကမ္မဿ အယံ ဝိပါကော။

၇၄၃။ အဘဏန္တံ၊ အရေးထားကာ ဖြေကြားခြင်းမရှိသော။ တံ၊ သင့်ကို။ သော စ၊ အမှတ်မထား ထိုယောကျ်ားသည်လည်း။ အယာစိ၊ ကြဲရဖို့ရာ ခယဖန်ဖန် ဤသို့ တောင်းခံရာလေ၏။ အယျ၊ မိတ်ဆွေအသွင် အိုကြဲပိုင်ရှင်။ ဥစ္ဆံ၊ အရသာချို သင့်ကြဲညိုကို။ ဒေဟိ၊ တစ်ဆစ်တစ်ဖြတ် စိတ်ကျေနပ်အောင် ပေးအပ်ပါဦးလော့။ ဣတိစ၊ ဤသို့လည်း။ တံ၊ သင့်ကို။ အဝေါစ၊ ပြောဆိုလေ၏။ တုဝံ၊ သင်သည်၌။ တဿ၊ ကြဲရဖို့ရာ ကောင်းခွာခယ တောင့်တနေငြား ထိုယောကျ်ားအား။ ပိဠိတော၊ စိတ်ထားဖောက်ပြန် ရိုသေတန်ကာ နောက်ပြန်အားဖြင့်။ ဥစ္ဆံ၊ ကြဲကို။ အဒါသိ၊ ပစ်၍မသွေ ပေးလိုက်လေ၏။ အယံ ဝိပါကော၊ ယခုခံစားရ ဤအကျိုးဖလသည်။ တဿ ကမ္မဿ၊ စိတ်ထားဖောက်ပြန် ရိုသေတန်ကာ ကြဲကို နောက်ပြန်ပေးခဲ့မိသော မကောင်းမှုကံ၏။ ဝိပါကော၊ စင်စစ်မသွေ အကျိုးပေးပေတည်း။

၇၄၄။ ဣဃံ တွံ ဂန္တွာန ပိဠိတော ဂဏှယျာသိ၊
ဂဟေတွာန တံ ခါဒဿု ယာဝဒတ္ထံ။
ဏာနေဝ တွံ အတ္တမနော ဘဝိဿသိ၊
ဟဋ္ဌော စုဒဂ္ဂေါ စ ပမောဒိတော စ။

၇၄၄။ ဘော ပေတ၊ အိုပြိတ္တာ။ ဣဃံ၊ ကောင်းစွာပြည့်နှဲ့ ငါတို့ကံတွန်း၏။ တွံ၊ သင်သည်။ ဂန္တွာန၊ သွားရောက်၍။ ပိဠိတော၊ သင်ပေးခဲ့သည့်အလား နောက်ပြန်အားဖြင့်။ ဂဏှယျာသိ၊ ဆွဲငင်ထုတ်ကာ ယူစမ်းပါလော့။ ဂဟေတွာန၊ ယူပြီး၍။ တံ ဥစ္ဆံ၊ အရသာပို အလွန်ချိုသည့် ထိုကြဲကို။ ယာဝဒတ္ထံ၊ အချိန်ကာလ ဧကာမဆိုင်း အလိုရှိတိုင်း။ ခါဒဿု၊ ကောင်းစွာမသွေ စုပ်ပါလေလော့။ အတ္တမနော စ၊ အစဉ်မပျက် နှစ်သက်ခြင်းသည်လည်းကောင်း။ ဟဋ္ဌော စ၊ ရွှင်လန်းခြင်းသည်လည်း

http://www.dhammadownload.com

ဒကာင်း။ ဥဒဂ္ဂေါ စ၊ အသားအရေ လွန်စိုပြေလျက် ကြွကြွတက်သော ကိုယ်ရှိသည်လည်းကောင်း။ ပမောဒိတော စ၊ အလွန် ဝမ်းမြောက်ခြင်းသည်လည်းကောင်း။ ဘဝိဿသိ၊ ဖြစ်ပေလတ္တံ့။ ဣတိ၊ ဤသို့။ ထေရော၊ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည်။ အာဟ၊ မိန့်ကြားတော်မူလေ၏။

၇၄၅။ ဂန္ဓာန သော ပိဋ္ဌိတော အဂ္ဂဟေသိ၊
ဂဟေတွာန တံ ခါဒိ ယာဝဒတ္ထံ။
တေနေဝ သော အတ္တမနော အဟောသိ၊
ဟဋ္ဌော စုဒဂ္ဂေါ စ ပမောဒိတော စ။

၇၄၅။ သော၊ ထိုပြိတ္တာသည်။ ဂန္ဓာန၊ မထေရ်မိန့်ကြား စကားအလျောက် သွားရောက်၍။ ပိဋ္ဌိတော၊ နောက်ပြန်အားဖြင့်။ အဂ္ဂဟေသိ၊ နှတ်၍မဆွေ ယူငင်လေ၏။ ဂဟေတွာန၊ ယူပြီး၍။ တံ ဥစ္စံ၊ ထိုကြွက်ကို။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ခါဒိ၊ ကောင်းစွာမသွေ ခဲစားလေ၏။ တေနေဝ၊ အလိုရှိတိုင်း မဆိုင်းမကြာ စားရသဖြင့် သာလျှင်။ သော ပေတော၊ ထိုပြိတ္တာသည်။ အတ္တမနော စ၊ အစဉ်မပျက် နှစ်သက်သည်လည်းကောင်း။ ဟဋ္ဌော စ၊ ရွှင်လန်းသည်လည်းကောင်း။ ဥဒဂ္ဂေါ စ၊ အသားအရေ လွန်စိုပြေလျက် ကြွကြွတက်သော ကိုယ် ရှိသည်လည်းကောင်း။ ပမောဒိတော စ၊ အလွန်ဝမ်းမြောက်သည်လည်းကောင်း။ အဟောသိ၊ ဖြစ်ပြီ။

ဘုရားရှင်ကိုယ်တော်တိုင် ကြိုအနုမောဒနာ ပြုတော်မူခြင်း

ဣတိသို့ ပြိတ္တာသည် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ် စေခိုင်းသောနည်းဖြင့် ကြွက်ကိုယူ၍ အလိုရှိတိုင်း စားပြီးလျှင် ကြီးစွာသော ကြွစည်းကိုယူ၍ မထေရ်ကို ကပ်လှူလေ၏။ မထေရ်သည် ပြိတ္တာကို ချီးမြှောက်လိုသည်ဖြစ်၍ ပြိတ္တာကိုသာလျှင် ကြွစည်းကို ယူစေ၍ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအားလှူလေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ထိုကြွကို ဘုဉ်းပေးတော်မူ၍ အနုမောဒနာ ပြုတော်မူ၏။ ပြိတ္တာသည် ကြည်ညိုသောစိတ်ဖြင့် ရှိခိုးလျက် သွားလေ၏။ ထိုနေ့မှစ၍ ကြွကို အလိုရှိတိုင်း သုံးဆောင်ရလေ၏။

ပြိတ္တာကျွယ်လွန်၍ နှတ်ပြည်၌ ဖြစ်ပုံ

ထိုပြိတ္တာသည် နောင်အခါ၌ စုတကျွယ်လွန်ခြင်းကိုပြု၍ တာဝတိံသာ နှတ်ပြည်၌ ဖြစ်လေ၏။ ပြိတ္တာ၏ ထိုသို့သောအကြောင်းစုံသည် လူပြည်၌ ထင်ရှားဖြစ်လေ၏။ ထိုအခါ လူတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်ကုန်၍ ထိုအကြောင်းကို မေးလျှောက်ကုန်၏။

http://www.dhammadownload.com

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို လူတို့အား အကျယ်အားဖြင့် မိန့်တော်မူ၍ တရားဟောတော်မူ၏။ ထိုတရားစကားကို ကြားနာရ၍ လူအပေါင်းတို့သည် ဝန်တိုခြင်းဟု ဆိုအပ်သော အညစ်အကြေးမှ ကင်းကုန်သဖြင့် ကုသိုလ်ကို အားထုတ်ကြကုန်၏။

ကြံခင်းကို ပိုင်သော်လည်း ကြိမစားရသည့် ပြိတ္တာအကြောင်း ပြီး၏။



၆- ကုမာရပေတဝတ္ထု

ပရဒါရကံကြောင့် ပြိတ္တာဖြစ်ရသော မင်းသားနှစ်ပါး

သာဝတ္ထိ နာမ နဂရံ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ ကုမာရပေတဝတ္ထု ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နှစ်ယောက်ကုန်သော ပြိတ္တာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပရဒါရကံကြောင့် ပြိတ္တာဖြစ်ကြရသူများ

သာဝတ္ထိပြည်၌ ကြည်ညိုဖွယ်သော ကိုယ်အဆင်းရှိကုန်၍ ပထမအရွယ်၌ တည်ကုန်သော နှစ်ယောက်သော ကောသလမင်း၏ သားတို့သည် ပျိုမျစ်နုနယ်ငယ်ရွယ်မှုကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းဖြင့် ယစ်ကုန်သည်၏ အဖြစ်ကြောင့် သူတစ်ပါးမယား၌ လွန်ကျူးသော မကောင်းမှုကို ပြုကုန်၍ သေခြင်းကိုပြုကာ ကျူးအပြင်၌ ပြိတ္တာအဖြစ်သို့ ရောက်နေကြကုန်၏။

ပြိတ္တာတို့ အော်သံ

ထိုပြိတ္တာတို့သည် ညဉ့်အခါ၌ ကြောက်မက်ဖွယ်သော အသံဖြင့် ငိုကြွေးကုန်၏။ လူတို့သည် ထိုအသံကိုကြား၍ ကြောက်ရွံ့ထိတ်လန့်ကုန်သည်၏ အဖြစ်ကြောင့် "ဤသို့ ပြုအပ်သည်ရှိသော် ဤမကောင်းသော အမင်္ဂလာသည် ငြိမ်းရာ၏" ဟု ကြ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ကြီးစွာသောဒါနကို ပေးလှူ၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

http://www.dhammadownload.com

ပြိတ္တာတို့အော်သံကြောင့် လူတို့အန္တရာယ်မရှိ

မြတ်စွာဘုရားသည် "ဥပါသကာတို့ ထိုအသံကို ကြားရသဖြင့် သင်တို့အား တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိပေ" ဟု မိန့်တော်မူ၍ ထိုအသံ၏ အကြောင်းကို မိန့်ကြားပြီးလျှင် တရားကို ဟောတော်မူခြင်းငှာ ဤဂါထာတို့ကို မြွက်ကြားတော်မူလေ၏။

၇၄၆။ သာဝတ္ထိ နာမ နဂရံ၊ ဟိမဝန္တဿ ပဿတော။
တတ္ထ အာသုံ ဒွေ ကုမာရာ၊ ရာဇပုတ္တာတိ မေ သုတံ။

၇၄၆။ ဘောန္တော ဥပါသကာ၊ အို ဥပါသကာတို့။ ဟိမဝန္တဿ၊ ဆီးနှင်းတို့ဖြင့် နေ့စဉ်မစဲ ညှိမဲ့ပိတ်မှောင် ဟိမဝန္တာတောင်၏။ ပဿတော၊ နံဘေးတစ်ဖက်၌။ သာဝတ္ထိ နာမနဂရံ၊ သာဝတ္ထိမည်သော မြို့တော်သည်။ အတ္ထိ၊ စင်စစ်မသွေ အမှန်ပင် ရှိပေ၏။ တတ္ထ၊ ထိုသာဝတ္ထိမည်ကျော် ရွှေမြို့တော်၌။ ရာဇပုတ္တာ၊ မျိုးနွယ်ထင်ရှား နန်းတွင်းဖွားသည့် မင်းသားဖြစ်ကုန်သော။ ဒွေ ကုမာရာ၊ သတို့သားနှစ်ယောက်တို့သည်။ အာသုံ၊ ရှိကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ မေ မယာ၊ သုံးလူ့ထွတ်ထား ငါဘုရားသည်။ သုတံ၊ ကောင်းစွာမသွေ ကြားသိဖူးခဲ့ပေ၏။

၇၄၇။ သမ္မတ္တာ ရဇနီယေသု၊ ကာမသာဒါဘိနန္ဒိနော။
ပစ္စုပ္ပန္နသုခေ ဂိဒ္ဓါ၊ နံ တေ ပဿိ'သု နာဂတံ။

၇၄၇။ သမ္မတ္တာ၊ ကောင်းစွာယစ်ခြင်း ရှိကုန်သည်ဖြစ်၍။ ရဇနီယေသု၊ တပ်မက်ဖွယ်ရှိကုန်သော အာရုံတို့၌။ ကာမသာဒါဘိနန္ဒိ နော၊ ကာမဂုဏ်တို့၌ သာယာသည်၏အစွမ်းဖြင့် နှစ်ခြိုက်တတ်သော အလေ့ရှိကုန် သော။ ပစ္စုပ္ပန္နသုခေ၊ မျက်မှောက်ပစ္စက္ခ ဘဝချမ်းသာ အဖြာဖြာ၌။ ဂိဒ္ဓါ၊ အသိဉာဏ်ကင်း မက်မောခြင်းရှိကုန်သည်ဖြစ်၍။ တေ ကုမာရာ၊ အလိုဖောက်ပြား ထို သတို့သားတို့သည်။ အနာဂတံ၊ နောက်နောင်အခါ လူ့ရွာနတ်ရွာ ရအပ်သော ချမ်းသာကို။ နံ ပဿိ'သု၊ မကြည့်မမြင်ကြကုန်။

၇၄၈။ တေ စုတာ စ မနုဿတ္တာ၊ ပရလောကံ ဂတော ဂတာ။
တေဓ ယောသေန္တ္ယ ဒိဿန္တာ၊ ပုဗ္ဗေ ဒုက္ကဋမတ္တနော။

၇၄၈။ မနုဿတ္တာ၊ မြင့်မြတ်အစစ် လူ့အဖြစ်မှ။ စုတာ၊ ကွယ်လွန်ကုန်သော။ တေ စ ကုမာရာ၊ ရာဂစရိုက်နှင့် စွမ်းကုန်မိုက်ငြား ထိုမင်းသားတို့သည်လည်း။ ဂတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပရလောကံ၊ တမလွန်လောကပြိတ္တာဘဝသို့။ ဂတာ၊ မသွေမဖောက် သွားရောက်ကြရကုန်၏။ တေ ၊ ထိုမင်းသား

http://www.dhammadownload.com

ဖြစ်ဖူး ပြိတ္တာနှစ်ဦးတို့သည်။ ပုဗ္ဗေ၊ ပြိတ္တာဘဝ မရခဲ့မီ ရှေးအခါဖြစ်သော။ ဣဓ၊ ဤလူ့ဘဝ၌။ နော၊ မိမိ၏။ ဒုက္ကဋ်၊ ကိုယ်တိုင်ပြုစု မကောင်းမှုကို။ အဒိဿဿန္တော၊ မထင်မရှား တွေ့မြင်ရခြားကုန်သည်ဖြစ်၍။ ယောသေန္တိ၊ အရေးပေါ်အောင် ကြွေးကြော်မြည်တမ်းကြကုန်၏။

ယခုအခါ၌ ထိုပြိတ္တာတို့၏ ငိုကြွေးခြင်း၏အကြောင်းကို ကျိုးကြောင်းအား ဖြင့် ခွဲခြားပြခြင်းငှာ ဤဂါထာတို့ကို ဆိုလေ၏။

၇၄၉။ ဗဟူသု ဝတ သန္တေသု၊ ဒေယျဓမ္မေ ဥပဋ္ဌိတေ။
နာသက္ခိမှာ စ အတ္တာနံ၊ ပရိတ္တံ် ကာတုံ သုခါဝဟံ။

၇၄၉။ ဗဟူသု၊ များစွာကုန်သော အလှူခံပုဂ္ဂိုလ်တို့သည်။ ဝတ သန္တေသု၊ ထင်ရှားမသွေ ရှိကြပေကုန်လျက်။ ဒေယျဓမ္မေ၊ မိမိဥစ္စာ လှူဖွယ်ရာဝတ္ထုသည်။ ဥပဋ္ဌိတေ၊ နီးနီးကပ်ကပ် တည်ထားအပ်ပါလျက်။ ပရိတ္တံ်၊ မကြီးမကျယ် အနည်းငယ်သော။ သုခါဝဟံ၊ နောက်နောင်ဘဝ ချမ်းသာရအောင် ပို့ဆောင်ပေတတ်ံ ကုသိုလ်မြတ်ကို။ ကတ္တာ၊ စေတနာသဒ္ဓါ နှစ်ဖြာမယုတ် ကောင်း စွာပြုလုပ်၍။ အတ္တာနံ စ၊ မိမိကိုယ်ကိုလည်း။ သောတ္ထိံ၊ ဘေးရန်လွတ်ကင်း ချမ်းသာခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ မယံ၊ ပြိတ္တာဖြစ်ငြား တို့မင်းသားနှစ်ပါးတို့သည်။ နာသက္ခိမှာ ဝတ၊ စင်စစ်ပိုင်ပိုင် မတတ်နိုင်ကုန်စွတကား။

၇၅၀။ ကိံ် တတော ပါပကံ အဿ၊ ယံ နော ရာဇကုလာ စုတာ။
ဥပပန္နာ ပေတ္တိဝိသယံ၊ ခုပ္ပိပါသသမပ္ပိတာ။

၇၅၀။ တတော၊ ထို တို့တွေပြုစု မကောင်းမှုထက်။ ပါပကံ၊ အလွန်စုတ်ချာယုတ်မာကုန်သော။ အညံ၊ တစ်ပါးသော မကောင်းမှုသည်။ ကိံ် အဿ၊ တကယ် အတိ ဘယ်မှာရှိပါသနည်း။ ယံ ယေန၊ အကြောင် ယုတ်မာညစ်ကျူ မကောင်းမှုကံကြောင့်။ ရာဇကုလာ၊ တိုင်းပြည်အုပ်စိုး မင်းအမျိုးမှ။ စုတာ၊ ရုပ်နာမ်နှစ်ချက် ဒီဝိန်ပျက်ကြွေ ကွယ်လွန်လေကုန်သော။ နော အမှေ၊ ငါတို့သည်။ ပေတ္တိဝိသယံ၊ ခဉ်းရဲလွမ်းထုံ ပြိတ္တာဘုံ၌။ ဥပပန္နာ၊ ကျရောက်ကုန်လျက်။ ခုပ္ပိပါသသမပ္ပိတာ၊ ဆာလောင်ငတ်ပြတ်ခြင်းသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဝိစရာမ၊ မနှားမနေ ဖဝါးကြွေအောင် သွားလာလှည့်လည်ရပေကုန်၏။

၇၅၁။ သာမိနော ဣဒ ဟုတွာန၊ ဟောန္တိ အဿာမိနော တဟိံ။
ဘမန္တိ ခုပ္ပိပါသာယ၊ မနုဿာ ဥန္နတောနတာ။

၇၅၁။ ဣဒ၊ အကောင်းအဆိုးစုံ ဤလူ့ဘုံ၌။ ပုဗ္ဗေ၊ မကျယ်လွန်မီ လူ့ဘဝ

http://www.dhammadownload.com

ဆီက။ သာမိနော၊ စိုးရရိပ်ငြိမ် ဂုဏ်သိရှိကြီးထွား မင်းသားမင်းညီ ဂုဏ်ရည်ဖြိုးလှိုင် စိုးပိုင်သူများသည်။ ဟုတွာန၊ ဖြစ်ခဲ့ကြပါကုန်လျက်။ တဟိ၊ မိမိစိုးပိုင်ခဲ့ရာ ထိုအရပ်၌သာလျှင်။ အသာမိနော၊ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်မျှ မပိုင်သဖြင့် ကြွမွိုင်ကာနေရ ခုပွပါသ ခေါ်ရလေငြား ပြိတ္တာများသည်။ ဟောန္တိ၊ ဖြစ်၍နေကြရကုန်၏။ ဥန္နတာ၊ ဘောဂမိတ္တ စသည်ထွေထွေ ပြည့်စုံနေ၍ မြင့်မောက်၍ နေကြကုန်သော။ မနုဿာ၊ ဂုဏ်ရှိထင်ရှား လူပုဂ္ဂိုလ်များတို့သည်။ ပရလောကေ၊ တမလွန်ဘဝ ပြိတ္တာဘုံဌာန၌။ ခုပွပါသာယ၊ အစာရေစာ နေရာထိုင်ခင်း ဆာလောင် ငတ်ပြတ်ခြင်းကြောင့်။ သြနတာ၊ နိမ့်ကျချက်ချင်း ဆင်းရဲခြင်းသာ ဖြစ်ရကုန်လျက်။ ဘမန္တိ၊ ပေးပါကျွေးပါဟု ခါခါဟစ်အော် ကြွေးကြော်ကာ နေကြလေကုန်၏။

၇၅၂။ ဧတမာဒီနဝံ ဥတ္တာ၊ ကွဿရမဒသမ္ဘဝံ။
ပဟာယ ကွဿရမဒံ၊ ဘဝေ သဂ္ဂဂတော နရော။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံ သော ဥပပဇ္ဇတိ။

၇၅၂။ ကွဿရမဒသမ္ဘဝံ၊ အစိုးရခြင်းတည်းဟူသော မာန်ယစ်ခြင်းကြောင့် ဖြစ်သော။ ဧတံ အာဒီနဝံ၊ တကယ်အစစ် အပါယ်၌ဖြစ်ခြင်းဟု ဆိုအပ်သော ဤအဖြစ်ကို။ ဥတ္တာ၊ အမှန်တိတိ သိရှိရ၍။ ကွဿရမဒံ၊ အစိုးရခြင်းဖြင့် ယစ်သောမာန်ကို။ ပဟာယ၊ မကပ်မတွယ် စွန့်ပစ်ပယ်၍။ နရော၊ ဒါနစဖွာ ဆယ်ဖြာအစုကောင်းမှုရှိသူသည်။ သဂ္ဂဂတော၊ စည်းစိမ်ဟူးစည် ထက်နတ်ပြည်သို့ လားရောက်ရသည်။ ဘဝေ၊ ဖြစ်၏။ သပ္ပညော၊ ရှေ့နောက်မြင်သိ ပညာရှိသော။ သော နရော၊ ထိုသူသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်မှနောက်၌။ သဂ္ဂံ၊ သူတော်ကောင်းတို့ ပျော်အောင်စံတည် ထက်နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ မုချမသွေ ဖြစ်ရလေတော့၏။

ဒေဿနာတော်နှင့် ဒေဿနာတော်၏အကျိုး

ဤသို့လျှင် မြတ်စွာဘုရားသည် ထိုပြိတ္တာတို့၏ ဖြစ်ကြောင်းကို မိန့်ကြားတော်မူ၍ လူတို့သည် ပြုအပ်သော အလှူကိုလည်း ပြိတ္တာတို့အား ရည်ညွှန်းစေတော်မူလျက် ရောက်လာသော ပရိသတ်အား အလိုအဇ္ဈာသယ အားလျော်စွာ တရားကို ဟောကြားတော်မူ၏။ ထိုဒေဿနာတော်သည် များစွာသော လူအပေါင်းအား အကျိုးဒီဃရှိသည် ဖြစ်လေ၏။

ပရဒါရကံကြောင့် ပြိတ္တာဖြစ်ရသော မင်းသားနှစ်ပါးအကြောင်း ပြီး၏။

http://www.dhammadownload.com

၇-ရာဇဝုတ္ထဝေဘေဝတ္ထု

ပစ္စေကဗုဒ္ဓါကို ပြစ်မှားသည့် မင်း၏သား ပြိတ္တာအကြောင်း

ပုဗ္ဗေ ကတာနံ ကမ္မာနံ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤရာဇပုတ္တပေတဝတ္ထုကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မင်း၏သား ဖြစ်သော ပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့သူ

ထိုဝတ္ထုဥ၌ လွန်လေပြီးသောအခါ ကိတဝ အမည်ရှိသော မင်း၏သားသည် ရှေးအခါ၌ ပစ္စေကဗုဒ္ဓါတို့ကို ပြစ်မှား၍ များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲ၌ ခံရပြီးလျှင် ထိုကုသိုလ်ကံ၏ အကျိုးအကြွင်းဖြင့်ပင် ပြိတ္တာတို့ဘုံဘဝ၌ ဖြစ်ရလေ၏။

အကြင် သတ္တဝါသည် ရှိ၏။ ထိုသတ္တဝါကို ဤဝတ္ထုဥ၌ ရာဇပုတ္တပေတ ဟူ၍ အလိုအပ်၏။ ထိုရာဇပုတ္တပေတဝတ္ထုသည် ၃- စူဠဝဂ်၊ နှစ်ခုမြောက် သာဏဝါသိပ္ပေတဝတ္ထုဥ၌ အကျယ်အားဖြင့် လာသည်သာလျှင်တည်း။ ထို့ကြောင့် ထိုသာဏဝါသိပေတဝတ္ထုဥ၌ ဆိုအပ်ပြီးသော နည်းကိုသာလျှင် ယူအပ်၏။ ထိုစကားကို ဆိုသင့်စွ။ ထိုအခါ ဘုရားရှင်ကို သာဏဝါသိမထေရ်က မိမိ၏ဆွေမျိုးဖြစ်သော ပြိတ္တာတို့၏ အကြောင်းကို လျှောက်ထားအပ်သည်ရှိသော် သင်၏ဆွေမျိုးတို့သည်သာလျှင် ပြိတ္တာဖြစ်ကာ ဆင်းရဲခံရရှာသည် မဟုတ်သေး၊ စင်စစ်သော်ကား သင်သည်လည်း ဤဘဝမှ အခြားမဲ့ လွန်လေပြီးသော အတ္တဘော၌ ပြိတ္တာဖြစ်၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရဖူးလေပြီ"ဟု မိန့်တော်မူသည်ရှိသော် ထိုမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ "ပုဗ္ဗေကတာနံ ကမ္မာနံ" အစရှိသော ဒေသနာတို့ဖြင့် တန်ဆာဆင်အပ်သော ဤရာဇပုတ္တပေတဝတ္ထုကို ဟောတော်မူ၏။

၇၅၃။ ပုဗ္ဗေ ကတာနံ ကမ္မာနံ၊ ဒိပါကော မထယေ မနံ။
ရူပေ သဒ္ဒေ ရသေ ဂန္ဓေ၊ ဖောဋ္ဌဗ္ဗေ စ မနောရမေ။

၇၅၃။ ပုဗ္ဗေ၊ ဤလူ့ဘဝမရသေးမီ ရှေးအခါဆီ၌။ ကတာနံ၊ ကိုယ်တိုင်အားထုတ်ပြုလုပ်အပ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ ဝိပါကော၊ အကျိုးသည်။ မနောရမေ၊ စိတ်နှလုံးမွေ့လျော်ဖွယ်ရှိသော။ ရူပေစ၊ ရူပါရုံကို ရခြင်း၏အကြောင်းဖြစ်သော ကြောင့်လည်းကောင်း။ သဒ္ဒေစ၊ သဒ္ဒါရုံကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့်

http://www.dhammadownload.com

လည်းကောင်း။ ရသေစ၊ ရသာရုံကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း။ ဂန္ဓေစ၊ ဂန္ဓာရုံကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့်လည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ ကောင်းစွာပြည့်စုံ ဖောဋ္ဌဗ္ဗာရုံကို ရခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း။ မနံ၊အကုသိုလ်စိတ်ကို။ မထယေ အဘိဘဝေယျ၊ ခဏချက်ချင်း မာန်မတင်းအောင် နှိမ်နင်းရာ၏။ မထယေ ဥပ္ပါဒေယျ၊ အချိုးမတဲ့သဖြင့် အကျိုးမဲ့ကို ဖြစ်စေရာ၏။

၇၅၄။ နစ္စံ ဂီတံ ရတိ ခိဠံ၊ အနုဘုတ္တာ အနပ္ပကံ။
ဥယျောနေ ပရိစရိတ္တာ၊ ပဝိသန္တော ဂိရိဗ္ဘဇံ။

၇၅၄။ နစ္စံ၊ ရွှကြည့်ဖွယ်ကောင်း နည်းပေါင်းမျိုးစုံ ကခုန်ခြင်းကိုလည်းကောင်း။ ရတိ၊ အသွင်တခန်း အမြင်ဆန်း၍ ရွှင်လန်းပျော်ပျော် မွေ့လျော်ခြင်းကိုလည်းကောင်း။ ဂီတံ၊ သီချင်းကဗျာ သာယာသံချိုသိဆိုခြင်းကိုလည်းကောင်း။ ခိဠံ၊အထူးတမင် မြူးရွင်မွေ့ပျော် ပေါင်းအဖော်နှင့် ပျော်ပျော်ပါးပါးကစားခြင်းကိုလည်းကောင်း။ အနုပ္ပကံ၊ တိုင်းရှည်မထား များပြားစွာ။ အနုဘုတ္တာ၊ အမြဲအစဉ် မလွဲချင်အောင် ပျော်ရွှင်ခံစားခဲ့ပြီး၍။ ဥယျောနေ၊ ခမ်းနားကြီးကျယ် ပျော်ဖွယ်စုံလင် မင်းဥယျာဉ်၌။ ပရိစရိတ္တာ၊ လုပ်ကျွေးခစား လူများအလယ် စံပယ်၍။ ဂိရိဗ္ဘဇံ၊ ငါးလုံးတောင်မြတ် ရစ်ပတ်ကာခို ရာဇဂြိုဟ်သို့။ ပဝိသန္တော၊ ပရိသတ်နှင့် ကောင်းမြတ်စီစဉ် ကြွဝင်သည်ရှိသော်-

၇၅၅။ ဣသီ သုနေတ္တမဒ္ဒက္ခိ၊ အတ္တဒန္တံ သမာဟိတံ။
အပ္ပိစ္ဆံ ဟိရိသမ္ပန္နံ၊ ဥဉ္ဆေ ပတ္တဂတေ ရတံ။

၇၅၅။ သော ရာဇပုတ္တော၊ ထိုမင်းသားသည်။ အတ္တဒန္တံ၊ ဆုံးမအပ်သည့် ယဉ်ကျေးသော စိတ်လည်းရှိထသော။ သမာဟိတံ၊ ဖောက်ပြန်ကင်းကွာ တည်ကြည်စွာထသော။ အပ္ပိစ္ဆံ၊ မသိမ်းမသို နည်းသောအလိုလည်း ရှိထသော။ ဟိရိသမ္ပန္နံ၊ ရှက်တတ်စွာဘိ ဟိရိနှင့်လည်း ပြည့်စုံထသော။ ဥဉ္ဆေန၊ အိမ်စဉ်မှန်မှန် ဆွမ်းလှည့်ခံသောအားဖြင့်။ ပတ္တဂတော၊ သပိတ်ထဲမှ ရလာသမျှ အာဟာရ၌။ ရတံ၊ နှစ်သိမ့်ကြည်သာရောင့်ရဲစွာထသော။ သုနေတ္တံ၊ သုနေတ္တ-ဟု နာနထင်ပေါ် ဘွဲ့အမည်တော်ရှိသော။ ဣသိ၊ ပစ္စေကဗုဒ္ဓါကို။ အဒ္ဒက္ခိ၊ ရှေ့တွင်မသွေ တွေ့မြင်လေ၏။

၇၅၆-၇။ ဟတ္ထိက္ခန္ဓတော သြရယှ၊ လဒ္ဓါ ဘန္တေတိ စာဒြဝိ။
တသ္မာ ပတ္တံ ဂဟေတွာန၊ ဥစ္စံ ပဂ္ဂယှ ခတ္တိယော။
ထဇ္ဈိလေ ပတ္တံ ဘိန္ဒိတွာ၊ တသမာနော အပက္ကမိ။

၇၅၆-၇။ ဒိသွာ၊ ရှေ့တွင်မသွေ တွေ့မြင်ပေ၍။ ဟတ္ထိက္ခန္ဓတော၊ ကကြီး

http://www.dhammadownload.com

တန်ဆာ အဖြာဖြာနှင့် မင်္ဂလာဆင် ကျောက်ကုန်းပြင်မှ။ သြရဟ၊ မြန်မြန်ထွက်ထက်ဆင်းသက်၍။ ဘန္တေ၊ အရှင်မြတ်ဘုရား။ ဘိက္ခာ၊ စားဖို့ရည်မှန်း ဘောဇဉ်ဆွမ်းကို။ လဒ္ဓါ၊ တစ်ထပ်စာမျှ ပြည့်ဝစုံစွာ ရအပ်ပါ၏လော။ ဣတိ၊ ဤသို့။ အဇ္ဈဝိ၊ စကား လှမ်း၍ မေးမြန်းပြောဆိုလေ၏။ ခတ္တိယော၊ အစိုးရခြင်း မာန်တင်းနေခြင်း မင်းသားသည်။ တဿ၊ ထိုပစ္စေကဗုဒ္ဓါ၏။ ပတ္တံ၊ ညှိရောင်လွမ်းဖိတ် ဆွမ်းသပိတ်ကို။ ဂဟေတွာန၊ ဆွဲကာယူ၍။ ဥစ္စံ၊ အထက်သို့လွှင့် အလွန်မြင့်စွာ။ ပဂ္ဂယှ၊ ပင့်မြှောက်၍။ ထဏ္ဍိလေ၊ ကြွမ်းတမ်းပေလတ် မြေအရပ်၌။ ပတ္တံ၊ ညှိရောင်လွမ်းဖိတ် ဆွမ်းသပိတ်ကို။ ဆိုန္နိတ္ထာ၊ အပြစ်မဲ့သက်သက် ရိုက်ခွဲဖျက်ပြီး၍။ ခတ္တိယော၊ အစိုးရခြင်း မာန်တင်းနေခြင်း ထိုမင်းသခင်သည်။ ဟသမာနော၊ မလေးမစား တဟားဟားပင် ရယ်ရွှင်လျက်။ အပက္ကမိ၊ ကြာကြာမနေ ဖဲသွားလေ၏။

မင်းသားသည် ဤသို့ပြုလုပ်၍သွားလေလျှင် ပစ္စေကဗုဒ္ဓါအရှင်သည်လည်း "အကြောင်းမရှိဘဲ လျက်နှင့်ပင် ဤမိုက်ကန်းသူသည် မိမိ၏ ကြီးမားသော အကျိုးမဲ့ကို ပြုပုံလေစွတကား" ဟု သနားသည်၏အစွမ်းဖြင့် ကြည့်တော်မူသည်ရှိသော် မင်းသားသည် ကြည့်တော်မူနေသော ပစ္စေကဗုဒ္ဓါကိုမြင်၍ အောက်ပါစကားကို ပြောကြားပြန်လေ၏။

ရညော ကိတဝဿာဟံ ပုတ္တော၊ ကိံ မံ ဘိက္ခု ကရိဿသိ။

ဘော၊ ငါသို့သူပင် မကြည်မလင်နှင့် ပြန်လှန်ကြည့်ရှု အိုဘက္ခု။ အဟံ၊ ငါသည်။ ကိတဝဿ၊ လူသူအများ ထင်ရှားသိကြ ကိတဝအမည်ရှိသော။ ရညော၊ ဘုန်းအာဏာပြင်း ဘုရင်မင်း၏။ ပုတ္တော၊ မမှားအစစ် သားချစ်ပေတည်း။ ဘိက္ခု၊ မကြည်စိတ်လွှမ်း သင်ရဟန်းသည်။ မံ၊ မင်း၏သားစစ် ဧကန်ဖြစ်ငြား ငါမင်းသားကို။ ကိံ ကရိဿသိ၊ ခုခံထိုးခုတ် အကျိုးယုတ်အောင် အဘယ်သို့ ပြုလုပ်နိုင်အံ့နည်း။ ဝါ၊ ဘာတတ်နိုင်သေးသနည်း။ ဣတိ၊ ဤသို့။ ရာဇပုတ္တော၊ မင်းသားသည်။ အာဟ၊ မထောက်မညှာ မောက်မာမာနှင့် နောင်ခါတစ်ဖန် ကြိမ်းဝါးပြောဆိုပြန်လေ၏။

၇၅၈။ တဿ ကမ္မဿ ဖရုသဿ၊ ဝိပါကော ကဋုကော အဟု။
ယံ ရာဇပုတ္တော ဓေဇေသိ၊ နိရယမ္ဟိ သမပ္ပိတော။
၇၅၉။ ဆဇ္ဇေဝ စတုရသီတိ၊ ဝဿာနိ နဟုတာနိ စ။
ဘုသံ ဒုက္ခံ နိဂစ္ဆိတ္ထော၊ နိရယေ ကတကိဗ္ဗိသော။

၇၅၈-၉။ ယံ ဝိပါကံ၊ အကြင်အကျိုးဝိပါက်ကို။ ရာဇပုတ္တော၊ မင်းသားသည်။ သမပ္ပိတော၊ မလွတ်မလပ် ငြိကပ်သည်ဖြစ်၍။ နိရယမ္ဟိ၊ မီးလျှံမစဲပါယ်ငရဲ၌။

http://www.dhammadownload.com

ဝေဒေသိ၊အမြဲထာဝရ ခံစားရ၏။ဖရုသဿ၊ အမျက်သဲနှင့် ထန်ထန်ပြင်းပြင်း ရှန့်ရင်းလှသော။ တဿ ကမ္မဿ၊ အကြောင်းမဟန် ထိုမကောင်းကံ၏။ ဝိပါကော၊ အကျိုးသည်။ ကဋ္ဌကော၊ ဆင်းရဲလွယ်ထပ် အလိုမရှိအပ်သည်။ အဟု၊ စင်စစ်မသွေ အမှန်ဖြစ်ပေ၏။ ဆဋ္ဌေဝ စတုဏ္ဏသီတိဝဿာနိ နဟုတာနိ စ၊ ပက်လက်အိပ်၍ အနှစ်ရှစ်သောင်းလေးထောင် မှောက်လျက်အိပ်၍ အနှစ်ရှစ်သောင်းလေးထောင် လက်ယာနံစောင့်ဖြင့်အိပ်၍ အနှစ်ရှစ်သောင်းလေးထောင် ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ကာ တွဲလျားဆွဲ၍ အနှစ်ရှစ်သောင်းလေးထောင် မတ်တတ်ရပ်၍ အနှစ်ရှစ်သောင်းလေးထောင် ဟုဆိုအပ်သော ခြောက်ပါးသော အဘိုကာလပတ်လုံး။ ဘုသံ၊ ပြင်းထန်စွာ။ ဒုက္ခံ၊ အကျိုးမလှ ဆိုးဒုက္ခသို့။ ကတကိဗ္ဗသော၊ မစူးမစမ်း အရမ်းပြုလုပ် ကြမ်းကြုတ်လှစွာ အမူအရာရှိသော သူသည်။ နိရယမှိ၊ ပါယ်ငရဲ၌။ နိဂစ္ဆတ္ထော၊ မသွေမဖောက် ကျရောက်ရလေ၏။

၇၆၀။ ဥတ္တာနောပိ စ ပစ္ဆိတ္ထ၊ နိကုဇ္ဇော ဝါမဒက္ခိဏော။
ဥဒ္ဓံပါဒေါ ဋ္ဌိတော စေဝ၊ စိရံ ဗာလော အပစ္စထ။

၇၆၀။ ဗာလော၊ လူမိုက်သည်။ စိရံ၊ ထောင်သောင်းများစွာ ရှည်ကြာကြာ။ ဥတ္တာနော၊ မပျက်မကွက် ပက်လက်အိပ်၍လည်းကောင်း။ နိကုဇ္ဇောပိ၊ မှောက်လျက်အိပ်၍လည်းကောင်း။ ဝါမဒက္ခိဏောပိ၊ လက်ဝဲလက်ယာ နံထောင်ကာ အိပ်၍လည်းကောင်း။ ပစ္ဆိတ္ထ၊ မပျက်မှန်စွာ ခံရရှာလေ၏။ ဥဒ္ဓံပါဒေါ၊ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်၍လည်းကောင်း။ ဋ္ဌိတော စေဝ၊ မတ်တတ်ရပ်၍လည်းကောင်း။ အပစ္စထ၊ ပူကောင်ကြီးစွာ ခံရရှာပေ၏။

၇၆၁။ ဗဟူနိ ဝဿသဟဿာနိ၊ ပူဂါနိ နဟုတာနိ စ။
ဘုသံ ဒုက္ခံ နိဂစ္ဆတ္ထော၊ နိရယေ ကတကိဗ္ဗသော။

၇၆၁။ ဗဟူနိ၊ ဤရွေ့ဤမျှ တွက်မရအောင် များလှကုန်သော။ ဝဿသဟဿာနိ၊ အနှစ်အထောင်တို့ပတ်လုံးလည်းကောင်း။ ပူဂါနိ၊ သချိုင်္ဂဏန်းစဉ် နှစ်တို့၏ အပေါင်းဖြစ်ကုန်သော။ နဟုတာနိ စ၊ နှစ်အသောင်းတို့ ပတ်လုံးလည်းကောင်း။ ကတကိဗ္ဗသော၊ မစူးမစမ်း အရမ်းပြုလုပ် ကြမ်းကြုတ်လှစွာ အမူအရာရှိသောသူသည်။ နိရယေ၊ ဆင်းရဲတကာ မတုသာအောင် လွန်စွာပူကဲပါယ်ငရဲ၌။ ဘုသံ၊ ပြင်းထန်လှစွာ။ ဒုက္ခံ၊ အကျိုးမလှ ဆိုးဒုက္ခသို့။ နိဂစ္ဆတ္ထော၊ မသွေမဖောက် ကျရောက်ရလေ၏။

၇၆၂။ တောဒိသံ ဓေါ တဋ္ဌကံ၊ အပွဒုဋ္ဌပွဓေါသိနံ။
ပစ္ဆန္တိ ပါပ ကမ္မန္တာ၊ ကွသိမာသဇ္ဇ သုဇ္ဈတံ။

http://www.dhammadownload.com

၇၆၂။ အပ္ပဒုဋ္ဌပုဒေါသိနံ၊ မပြစ်မှားအပ်သော အပြစ်ဒေါသရှိသော။ သုဗ္ဘတံ၊ သူတော်ကောင်းအကျင့်ရှိသော။ ဣသိံ၊ ပစ္စေက ဗုဒ္ဓါ ဘုရားမြတ်စွာကို။ အာသဇ္ဇ၊ ပုတ်ခတ်စော်ကား ထိပါး၍။ ပါပကမ္မန္တာ၊ ယုတ်မာညစ်ကျူ မကောင်းမှုရှိကြကုန်သော ပုဂ္ဂိုလ်တို့သည်။ ဇောဒိသံ၊ ဤသို့ သဘောရှိသော။ ကဋ္ဌက်၊ အလွန်အကဲဆင်းရဲဒုက္ခကို။ ဧခါ၊ စင်စစ်။ ပစ္စန္တိ၊ ဇကန်မသွေ ခံစားရပေကုန်၏။

၇၆၃။ သော သတ္ထ ဗဟုဝဿာနိ၊ ဝေဒယိတ္တာ ဗဟုံ ဒုခံ။
ခုပ္ပိပါသဟတော နာမ၊ ပေတော အာသိ တတော စုတော။

၇၆၃။ သော ရာဇပုတ္တော၊ ထိုမင်းသားသည်။ တတ္ထ၊ အလွန်အကဲ မမြင်ရဲအောင် ဆင်းရဲမျိုးစုံ ထိုင်ရဲဘုံ၌။ ဗဟုဝဿာနိ၊ တွက်ရေတုပေါင်း ထောင်သောင်းမကများလှစွာသော။ ဗဟုံ၊ ဤရွေ့ဤမျှ တွက်မရ၍ မပြနိုင်အောင် များမြောင်လှစွာသော။ ဒုခံ၊ အချိန်မပျက် မမြင်ရက်အောင် နှိပ်စက်ကဲမိုး ဒုက္ခဆိုးကို။ ဝေဒယိတ္တာ၊ အကုသိုလ်ကျိုး စွမ်းကုန်တိုး၍ လွမ်းမိုးမသွေ ခံစားလေပြီး၍။ တတော နိရယတော၊ ဆင်းရဲမျိုးစုံ ထိုင်ရဲဘုံမှ။ စုတော၊ ဇီဝိန်ပျက်ကြွေ အသက်သေသည်ရှိသော်။ ခုပ္ပိပါသဟတော၊ သည်းအူပြတ်ကြွေ အသက်သေမျှ နေမရအောင် ပူလောင်ဆက်ဆက် ငတ်မွတ်ခြင်း နှိပ်စက်အပ်သော။ ပေတော နာမ၊ ပြိတ္တာမည်သည်။ အာသိ၊ ဖြစ်၏။

၇၆၄။ တေမာဒိနဝံ ဥ တွာ၊ ဣဿရ မဒသမ္ဘဝံ။
ပဟာယ ဣဿရမဒံ၊ နိဝါတမနုဝတ္တယေ။

၇၆၄။ ဣဿရ မဒသမ္ဘဝံ၊ အစိုးရခြင်းတည်းဟူသော မာန်ယစ်ခြင်းကြောင့် ဖြစ်တတ်သော။ တေ၊ အာဒီနဝံ၊ တကယ်စင်စစ် အပါယ်၌ ဖြစ်ခြင်းဟု ဆိုအပ်သော ထိုအပြစ်ကို။ ဥ တွာ၊ အမှန်တိတိ ဇကန်သိရှိရ၍။ ဣဿရမဒံ၊ အစိုးရခြင်းတည်းဟူသော မာန်ယစ်ခြင်းကို။ ပဟာ၊ မကပ်မတွယ် စွန့်ပစ်ပယ်၍။ နိဝါတံ၊ နှိမ့်ချသော အမူအရာကို။ အနုဝတ္တယေ၊ အစဉ်လိုက်ကာ ကျင့်ကြံရာ၏။

၇၆၅။ ဒိဋ္ဌေဝ ဓမ္မေ ပါသံသော၊ ယော ဗုဒ္ဓေသု သဂါရဝေါ။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံ သော ဥပပဇ္ဇတိ။

၇၆၅။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် ပစ္စက္ခ ဤဘဝ၌သာလျှင်။ ဗုဒ္ဓေသု၊ သစ္စာလေးတန် မကျန်မကြွင်း ထိုးထွင်းသိတတ် ဘုရားမြတ်တို့၌။ ပသံသော၊ စိတ်ကြည်ရွှင်လန်း အစဉ်မှန်း၍ ချီးမွမ်းခြင်း ရှိသော။ သဂါရဝေါ၊ မာန လွတ်ကင်းရှိသေခြင်း ရှိသော။ ယော ပုဂ္ဂလော၊ စိတ်ထားစင်ဖြူ အဟူပျော့ပျောင်း အကြင်

http://www.dhammadownload.com

သူတော်ကောင်း ပုဂ္ဂိုလ်သည်။ အတ္ထိ၊ စင်စစ်မသွေ အမှန်ပင်ရှိလေ၏။ သပ္ပညော၊ ရှေ့နောက်မြင်သိ ပညာရှိသော။ သော ပုဂ္ဂလော၊ စိတ်ထားစင်ဖြူ အယူပျော့ပျောင်း ထိုသူတော်ကောင်းပုဂ္ဂိုလ်သည်။ ကာယဿ၊ ဖြစ်ဆဲရှိစွ ကိုယ်ကာယ၏။ ဘေဒါ၊ သဘောအလျောက် ချုပ်ပျောက်ပျက်စီး သေပြီးသည်မှ။ ပရံ၊ နောက်၌။ သဂ္ဂံ၊ ကောင်းမှု ရှိလတ် ပဂ္ဂိုလ်မြတ်တို့ နေရပ်ဌာနီ ထက်နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ မသွေ မဖောက် ကပ်ရောက်ရလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်အကျိုး

ဤသို့ မြတ်စွာဘုရားသည် ရာဇပုတ္တပေတဝတ္ထုကို ဟောတော်မူသဖြင့် ထို အရပ်၌ စည်းဝေးသောလူအပေါင်းကို ထိတ်လန့်စေ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာပြသည်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် အစရှိသည် တို့သို့ ကောင်းစွာရောက်ကြလေကုန်၏။

ပစ္စေကဗုဒ္ဓါကို ပြစ်မှားသည့် မင်း၏သား ပြိတ္တာအကြောင်း ပြီး၏။

၈–ဥဒဆါဒဘေတဝတ္ထု

အကျင့်သီလရှိသော ရဟန်းများကို ပြစ်မှားမိ၍ မစင်စားနေရသော ပြိတ္တာအကြောင်း

ဂူထကူပတော ဥဂ္ဂန္တွာ အစရှိသော ဒေသနာတော်ဖြင့် တန်ဆောင်းဆောင်အပ်သော ဤဂူထခါဒကပေတဝတ္ထုကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော မစင်ကိုစားသော ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

ကျောင်းဆောက်လှူဒါန်း ဆွမ်းကွမ်းဖြင့် ပြုစု

သာဝတ္ထိပြည်၏ အနီးဖြစ်သော တစ်ခုသောရွာငယ်၌ တစ်ယောက်သော သူကြွယ်သည် မိမိအိမ်သို့ ကပ်တတ်သော ရဟန်းကို ရည်မှန်း၍ ကျောင်းကို ဆောက်လုပ်စေလေ၏။ ထိုကျောင်း၌ အထူးထူးသော ဧနပုဒ်မှ ရဟန်းတို့သည် ကြွလာကြကုန်၍ နေကြကုန်၏။ ထိုရဟန်းတို့ကို မြင်၍ လူအပေါင်းတို့သည် ကြည်ညိုသောစိတ် ရှိကုန်သဖြင့် မွန်မြတ်သော ပစ္စည်းဖြင့် ပြုစုလုပ်ကျွေးကြကုန်၏။

http://www.dhammadownload.com

ငြူစူသောရဟန်းနှင့် ကျောင်ဒကာ ပြိတ္တာဖြစ်ခြင်း

အိမ်သို့ကပ်သောရဟန်းသည် ထိုသို့လုပ်ကျွေးမှုကို သည်းမခံနိုင်သဖြင့် ငြူစူခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုရဟန်းတို့၏ အပြစ်ကို ပြောဆိုလျက် သူကြွယ်ကို ကဲ့ရဲ့စေ၏။ သူကြွယ်သည် ထိုရဟန်းတို့ကိုလည်းကောင်း၊ အိမ်သို့ကပ်သော ရဟန်းကိုလည်းကောင်း လွှမ်းမိုးနှိပ်စက်လျက် ဆဲရေးရေရွတ်လေ၏။ ထိုမှနောက်၌ အိမ်သို့ကပ်တတ်သော ရဟန်းသည် သေခြင်းကိုပြု၍ ထိုကျောင်းဝယ် ကျင်ကြီးအိမ်၌ ပြိတ္တာဖြစ်လေ၏။

သူကြွယ်သည်ကား သေခြင်းကိုပြု၍ ထိုငြူစူသောရဟန်း၏ ဦးခေါင်းထက်၌ ပြိတ္တာဖြစ်လေ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ထိုပြိတ္တာကိုမြင်၍ မေးလိုရကား "ဥထကူပတော ဥဂ္ဂန္တွာ၊' အစရှိသော ဂါထာတို့ကို ဆိုတော်မူ၏။

၇၆၆။ ဥထကူပတော ဥဂ္ဂန္တွာ၊ ကော နု ဒီနော ပတိဋ္ဌသိ။
နိဿံသယံ ပါပကမ္မန္တော၊ ကိံ နု သဒ္ဒဟသေ တုဝံ။

၇၆၆။ ဥထကူပတော၊ ရွံဖွယ်ပြည့်တင်း မစင်တွင်းမှ။ ဥဂ္ဂန္တွာ၊ အထက်သို့ထွက်ထိုးဖောက်တက်၍။ ဒီနော၊ အမှန်တကယ် စက်ဆုတ်ဖွယ်ရှိသော။ ကော၊ အဘယ်သူသည်။ ပတိဋ္ဌသိ နု၊ မွှိုင်မှိုင်တွေးတွေး ယိုင်ငေးငေးနှင့် ပူဆွေးလျက်သာ တည်နေပါသနည်း။ နိဿံသယံ၊ ယုံမှားမဲ့။ ပါပကမ္မန္တော၊ ယုတ်မာညစ်ကျူးမကောင်းမှုကို ပြုသောသူပေတည်း။ အဟံ၊ မောဂ္ဂလာန်မည် ငါမထေရ်သည်။ တုဝံ၊ ပုံဟန်မလှ မစင်ပွ၍နေသော သင့်ကို။ ကိံ နု၊ အဘယ်သို့လျှင်။ သဒ္ဒဟသေနု၊ ယုံကြည်ရအံ့နည်း။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

ထိုစကားကို ကြား၍ ပြိတ္တာသည် မိမိကိုယ်ကို အောက်ပါဂါထာဖြင့် လောယက်ထားလေ၏။

၇၆၇။ အဟံ ဘဒန္တေ ပေတောမှိ၊ ဒုဂ္ဂတော ယမလောကိတော။
ပါပကမ္မံ ကရိတ္ဝာန၊ ပေတလောကံ ဣတော ဂတော။

၇၆၇။ ဘဒန္တေ၊ တန်ခိုးပြင်းထန် မောဂ္ဂလာန်အရှင်မြတ်ဘုရား။ အဟံ၊ ကိုယ်မှာမသန့် မစင်ပြန့်၍ တည်တဲ့ထွက်ပေါ် တပည့်တော်သည်။ ဒုဂ္ဂတော၊ အပါယ်ဘုံဖွား မကောင်းသော အလားရှိသော။ ယမလောကိကော၊ ယမမင်းပိုင်စံနိုင်ငံဝင်ပါ ပြိတ္တာဘုံသို့ရောက်သော။ ပေတော၊ ဆင်းရဲကြီးစွာ ဘုတပြိတ္တာသည်။ အမို၊ စင်စစ်မသွေ အမှန်ပင် ဖြစ်ပါပေ၏ဘုရား။ ပါပကမ္မံ၊ ယုတ်မာညစ်ကျူး

http://www.dhammadownload.com

မကောင်းမှုကို။ ကရိတွာန၊ ရှေ့နောက်နှစ်ပါး မစဉ်းစားဘဲ မှားမှားမိုက်မိုက် ပြုလိုက်မိ၍။ ကြတော၊ ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောက၊ ပြိတ္တာလောက ဘမုဘဝသို့။ ဂတော၊ မသွေမဖောက် လားရောက်ရပါ၏ဘုရား။ ကြတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။

ထိုအခါ ပြိတ္တာကို အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် အောက်ပါ ဂါထာဖြင့် မေးမြန်းတော်မူလေ၏။

၇၆၈။ ကိ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ကြဒံ ဒုက္ခံ နိဂစ္ဆသိ။

ဤဂါထာ၏အနက်ကို ရှေ့ပိုင်းတွင် အကြိမ်ကြိမ် ရေးသားခဲ့လှပြီ၊ ရှေ့ပိုင်းသို့ ပြန်၍ကြည့်ပါလေ။

ထိုအခါ ပြိတ္တာသည် မိမိသည် ပြုအပ်ခဲ့သောကံကို အောက်ပါနှစ်ဂါထာဖြင့် ဖြေကြားလေ၏။

၇၆၉။ အဟု အာဝါသိကော မယံ၊ ကြသုကိ ကုလမဒ္ဓရိ။
အဒ္ဓါသိတော မယံ ဃရေ၊ ကဒရိယော ပရိဘာသကော။

၇၆၉။ ဘဒန္တေ၊ တန်ခိုးအရာ လွန်စွာထက်သန် မောဂ္ဂလာန် အရှင်မြတ်ဘုရား။ မယံ၊ တပည့်တော်၏။ ဝိဟာရေ၊ ဆောက်လုပ်သောကျောင်း၌။ ကြသုကိ၊ သဘောမဖြူ ငြူစူစောင်းမြောင်းလေ့ရှိသော။ ကုလမဒ္ဓရိ၊ အမျိုးတို့၌ ဝန်တိုခြင်း ရှိသော။ မယံ၊ တပည့်တော်၏။ ဃရေ၊ ပိုင်ဆိုင်နေရာ အိမ်ဧဟာ၌။ အဒ္ဓါသိတော၊ နေ့စဉ်မပျက် လောဘဖက်၍ ဝင်ထွက်နေသော။ကဒရိယော၊ စိတ်ထားယုတ်ညစ် ကောက်ကျစ်စဉ်းလဲသော။ ပရိဘာသကော၊ တတွတ်တွတ်နှင့် ဆဲရေးတတ်သော။ အာဝါသိကော၊ အုပ်ချုပ်စိုးပိုင် ကျောင်းထိုင်ဆရာသည်။ အဟု၊ ရှိသည်ဖြစ်ပြီ။

၇၇၀။ တဿာဟံ ဝစနံ သုတ္ဝာ၊ ဘိက္ခဝေါ ပရိဘာသိသံ။
တဿ ကမ္မဝိပါကေန၊ ပေတလောကံ ဥပေါ ဂတာ။

၇၇၀။ ဘန္တေ၊ လက်ဝဲတော်ရံ အရှင်ဘုရား မောဂ္ဂလာန်။ အဟံ၊ ကြောက်ဖွယ် ခမန်း မစင်ပြွမ်း၍ အရမ်းနံစော် တပည့်တော်သည်။ တဿ၊ ကိုးကွယ်အားထား ဆရာသမားဖြစ်သော ထိုရဟန်း၏။ ဝစနံ၊ ပြောဆိုမြွက်ကြား ဆိုစကားကို၊ သုတ္ဝာ၊ မစဉ်းမစား မှားမှားယောင်ယောင် နားထောင်မိ၍။ ဘိက္ခဝေါ၊ သီလသမာဓိပညာတို့ လွန်စွာပြည့်တောင်း ရဟန်းကောင်းတို့ကို။ ပရိဘာသိသံ၊ မသင့်မတော် ချင့်မျှော်ကင်းဝေး ဆဲရေးမိခဲ့ပါပြီ။ တဿ၊ ဆဲရေးပြုစု ထိုမကောင်းမှု၏။ ကမ္မဝိပါကေန၊

http://www.dhammadownload.com

ကဲ့၏အကျိုးအာနိသင်ဖြင့်။ ကြွတော်၊ ချမ်းသာကောင်းကျိုးပွားတိုးပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောကဲ့၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတောဲ၊ ရောက်ရပါပေသည်ဘုရား။

ထိုစကားကိုကြား၍ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ပြိတ္တာ၏ ဆရာရဟန်း လားရောက်ရာကို မေးမြန်းတော်မူလိုရကား အောက်ပါဂါထာကို ဆိုလေ၏။

၇၇၁။ အမိတ္တော မိတ္တဝဏ္ဏေန၊ ယော တေ အာသိ ကုလူပကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ ကိ နု ပေစ္စ ဂတိ ဂတော။

၇၇၁။ ဘော ပေတ၊ ဆင်းရဲကြီးစွာ အိုပြိတ္တာ။ တေ၊ သင်ပြိတ္တာ၏။ အမိတ္တော၊ ပြိတ္တာဖြစ်ရေး ရှာကြံတွေး၍ နည်းပေးစင်စစ် ရန်သူဖြစ်ပါလျက်။ မိတ္တဝဏ္ဏေန၊ အကျိုးရရန် မိတ်ကောင်းဟန်ဖြင့်။ ယော ကုလူပကော၊ မိမိထံမှောက် အမြဲရောက်လာ အကြင်ဆရာဖြစ်သော ရဟန်းသည်။ အာသိ၊ ဖြစ်၏။ ဒုပ္ပညော၊ အသိအလိမ္မာ ဉာဏ်ပညာမရှိသော။ သော ကုလူပကော၊ ထိုဆရာဖြစ်သော ရဟန်းသည်။ ကာယဿ၊ ထိုလူ့ဘဝ ကိုယ်ကာယ၏။ ဘေဒါ၊ စုတေမနေ ပျက်ကြွေသည်မှ။ ပေစ္စ၊ တမလွန်လောက နောက်ဘဝ၌။ ကိ ဂတိ၊ ဘယ်လိုမည်ရှိ ဘယ်ဂတိသို့။ ဂတောဲ နု၊ ကဲ့အားမလျော်စွာ လားရောက်ရရှာလေသနည်း။

တဖန် ပြိတ္တာသည် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်အား ထိုအကြောင်းကို လျှောက်ထားလိုသည်ဖြစ်၍ အောက်ပါ နှစ်ဂါထာတို့ကို ဆိုလေ၏။

၇၇၂။ တဿေဝါဟံ ပါပကမ္မဿ၊သိဿေ တိဋ္ဌာမိ မတ္တကော။
သော စ ပရဝိသယံ၊ မမေဝ ပရိစာရကော။
၇၇၃။ ယံ ဘဒန္တေ ဟဒန္တ ဣေ၊ ဧတံ မေ ဟောတိ ဘောဇနံ။
အဟဉ္စ ခေါ ယံ ဟဒါမိ၊ ဧတံ သော ဥပဇီဝတိ။

၇၇၂-၃။ ဘဒန္တေ၊ မောဂ္ဂလာန်မည်လတ် အရှင်မြတ်ဘုရား။ အဟံ၊ တပည့်တော်သည်။ပါပကမ္မဿ၊ ယုတ်မာညစ်ကျူ မကောင်းမှုအကျင့်ရှိသော။ တဿေဝ၊ ကျောင်းကိုဆောက်၍ ချီးမြှောက်လှူဒါန်း ထိုရဟန်း၏သာလျှင်။ သိဿေ၊ ဦးခေါင်းဟု ဆိုအပ်သော။ မတ္တကော၊ အစဉ်မပျက် ထိပ်အလယ်၌။ တိဋ္ဌာမိ၊ နေ့စဉ်မသွေ တည်နေရပါ၏။ သော စ၊ ထိုဆရာရဟန်းသည်လည်း။ ပရဝိသယံ၊ လူပြည်မှတစ်ပါး ပြိတ္တာများနေရာ ဘုံဌာနာသို့။ ပတ္တော၊ ကဲ့အားလျော်စွာ လားရောက်ရပါ၏။ မမေဝ၊ တပည့်တော်၏သာလျှင်။ ပရိစာရကော၊ လုပ်ကျွေးခစား အစေအပါးသည်။ အဟောသိ၊ ကောန်မသွေ ဖြစ်နေရပေပြီ။ ဘဒန္တေ၊ မောဂ္ဂလာန်မည်မှတ် အရှင် မြတ်

http://www.dhammadownload.com

ဘုရား။ အညေ၊ အမှတ်မထား သူတစ်ပါးတို့သည်။ ယံ၊ အကြင်မစင်ကို။ ဟဒန္တိ၊ စွန့်ချကြကုန်၏။ ဧတံ၊ ရွံဖွယ်ညစ်ထွေး ထိုမစင်ချေးသည်။ မေ၊ တပည့်တော်၏။ ဘောဇနံ၊ နေ့တိုင်းမှန်စွာ စားအစာသည်။ ဟောတိ၊ ဖြစ်ပေ၏။ အဟဉ္စ ခေါ၊ တပည့်တော်သည်ကား။ ယံ၊ ရွံဖွယ်ညစ်ထွေး အကြင်မစင်ချေးကို။ ဟဒါမိ၊ တစ်ဖန်ပြန်ကာ စွန့်ချလိုက်ပါ၏။ ဧတံ၊ တပည့်တော်က စွန့်ချ၍တင် ထိုမစင်ကို။ သော၊ ထိုဆရာရဟန်းသည်။ ဥပဇီဝတိ၊ နေ့တိုင်းမခြား တွေ့တိုင်းစားကာ အသက်ရှင်ရှာပါ၏ဘုရား။

အကျိုးပေးကွာခြားကြပုံ

ထိုဆရာ ဒါယကာနှစ်ယောက်တို့တွင် သူကြွယ်သည် သီလမြတ်နိုးသော ရဟန်းတို့ကို "ဤသို့သော အာဟာရကို သုံးဆောင်သည်ထက် သင်တို့၏မစင်ကို စားခြင်းသည်သာလျှင် မြတ်၏" ဟု ဆဲရေးလေ၏။ အိမ်သို့ ကပ်တတ်သော ရဟန်းသည်ကား သူကြွယ်ကိုလည်း ထိုသို့သော ဆဲရေးခြင်း၌ ဆောက်တည်စေ၍ ကိုယ်တိုင်လည်း ထို့အတူ ဆဲရေးလေ၏။ ထိုကြောင့် အိမ်သို့ကပ်တတ်သော ရဟန်းအား ထိုသူကြွယ်ထက်ပို၍ စက်ဆုပ်ဖွယ်ကောင်းသော အသက်မွေးရခြင်းသည် ဖြစ်လေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ထိုဖြစ်ပုံအကြောင်းစုံကို အဋ္ဌပတ်ပြုတော်မူ၍ ကဲ့ရဲ့စွပ်စွဲခြင်း၌ အပြစ်ကို ပြသတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဓမ္မကို ဟောပြောပြသတော်မူ၏။ ထိုတရားဒေသနာတော်သည် လူများပေါင်းအား အကျိုးရှိသည် ဖြစ်လေ၏။

အကျင့်သီလရှိသော ရဟန်းများကို ပြစ်မှားမိ၍မစင်စားနေရသော ပြိတ္တာအကြောင်း ပြီး၏။

http://www.dhammadownload.com

၉- ဂူထခါဒကပေတိဝတ္ထု

အကျင့်သီလရှိသော ရဟန်းများကိုပြစ်မှားမိ၍မစင်စားနေရသော ပြိတ္တာမ အကြောင်း

ဂူထကူပတော ဥဂ္ဂန္တွာ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ ဂူထခါဒကပေတိဝတ္ထုကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော မစင်ကိုစားရသော ပြိတ္တာမကို အကြောင်းပြု၍ ဟောကြားတော်မူအပ်၏။

ထိုဂူထခါဒကပေတိဝတ္ထုသည် အခြားမဲ့၌ ဆိုအပ်ပြီးသောဂူထခါဒကပေတ ဝတ္ထုနှင့် ဥပါသကာ၏ အစွမ်းဖြင့် လာ၏။ ဤဝတ္ထု၌ကား ဥပါသိကာမ၏အစွမ်း ဖြင့် လာ၏။ ဤမျှသာ ထူး၏။ ကျန်သော ဝတ္ထု၌ကား ဂါထာတို့ကိုလည်းကောင်း အသစ်ဖြစ်သော စကားသည် မရှိပြီ။

အကျင့်သီလရှိသော ရဟန်းများကို ပြစ်မှားမိ၍ မစင်စားနေရသော ပြိတ္တာမအကြောင်း ပြီး၏။

ဂူထခါဒကပေတိဝတ္ထု ပြီး၏။

၁၀- ဂဏပေတဝတ္ထု

ပစ္စည်းချမ်းသာသော်လည်း ကုသိုလ်ကောင်းမှု မပြုမိခဲ့ကြသော သာဝတ္ထိပြည်သား ပြိတ္တာများအကြောင်း

နဂ္ဂါ ဒုဗ္ဘဏ္ဍရူပါတ္ထာအစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ ဂဏပေတဝတ္ထုကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသော ပြိတ္တာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ရတနာ ၃-ပါး၌မကြည်ညို၊ ဝန်တိုသူတို့ ပြိတ္တာဖြစ်

သာဝတ္ထိပြည်၌ များစွာကုန်သော လူအပေါင်းတို့သည် ရတနာသုံးပါး၌ ကြည်ညိုခြင်း မရှိကြကုန်၊ ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးဖြင့် ထိုးကျင့်

http://www.dhammadownload.com

နှိပ်စက်အပ်သောစိတ် ရှိကုန်သည်ဖြစ်၍ အလှူပေးခြင်း စသော သုစရိုက်မှုတို့ကို မျက်ကွယ်ပြုကြကုန်ပြီးလျှင် ကြာမြင့်စွာ အသက်ရှင်နေကြ၍ ကိုယ်ခန္ဓာ ပျက်စီးသေလွန်သည်မှ နောက်၌ သာဝတ္ထိပြည်၏ အနီးဖြစ်သော ပြိတ္တာတို့နေရာ ဌာန၌ ဖြစ်ကြရကုန်၏။

အရှင်မောဂ္ဂလာန်၏အမေး

ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှာ ကြွလာတော်မူသည်ရှိသော် လမ်းခရီးအကြား၌ ပြိတ္တာတို့ကိုမြင်၍ "နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါတ္ထ" အစရှိသော ဂါထာတို့ဖြင့် မေးမြန်းတော်မူလေ၏။

၇၈၂။ နဂ္ဂါ ဒုဗ္ဗဏ္ဏရူပါတ္ထ၊ ကိသာ ဓမနိသန္ထတာ။
ဥပ္ပါသုလိကာ ကိသိကာ၊ ကေ နု တုမှေတ္ထ မာရိသာ။

၇၈၂။ ဥပ္ပါသုလိကာ၊ အထက်သို့ထွက် ထောင်ထောင်တက်သည့် နံရိုးရှိကုန်သော။ ကိသိကာ၊ ကိုယ်ပိန်ကြုံရှာကုန်သော။ တုမှေ၊ သင်တို့သည်။ ကိသာ၊ မဝသေးသိမ် ကိုယ်လုံပိန်သည်။ ဓမနိသန္ထတာ၊ ကြိုးနွယ်သဖော အကြောစင်းစင်း ဖြန့်ကာခင်းအပ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကြကုန်၍။ နဂ္ဂါ၊ အဝတ်မဆီး ကိုယ်လုံးတီး ဖြစ်ကြကုန်၍။ ဒုဗ္ဗဏ္ဏရူပါ၊ အဆင်းသဏ္ဌာန် မဟန်မလှ မဝင်းပသော ကိုယ်ရှိကြကုန်သည်။ အတ္ထ၊ ဖြစ်ကြကုန်၏။ မာရိသာ၊ အိုအချင်းတို့။ တုမှေ၊ သင်တို့သည်။ ကေ၊ ဘယ်နွယ် ဘယ်ဇာတ် ဘယ်အရပ်သူ အဘယ်မည်သူတို့သည်။ အတ္ထ နု၊ ဖြစ်ကြပေကုန်သနည်း။

မထေရ်မြတ်၏ အမေးစကားကို ကြား၍ ပြိတ္တာတို့သည် ဤသို့ ပြန်လည် လျှောက်ထားကြလေ၏။

၇၈၃။ မယံ ဘဒန္တေ ပေတမှာ၊ ဒုဂ္ဂတာ ယမလောကိကာ။
ပါပကမ္မံ ကရိတ္ထာန၊ ပေတလောကံ ဥပဂတာ ဂတာ။

ဘဒန္တေ၊ အရှင်မောဂ္ဂလာန် အရှင်မြတ်ဘုရား။ မယံ၊ တုန်တုန်ရီရီ ပုံမပီဘဲ ကြုံလို့ကြမ်းထော် တပည့်တော်တို့သည်။ ဒုဂ္ဂတာ၊အပါယ်ဘုံဖွား မကောင်းသော အလားရှိကုန်သော။ ယမလောကိကာ၊ ယမမင်းနယ်ပါ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော။ ပေတာ၊ဆင်းရဲကြီးစွာ ဘုတ်ပြိတ္တာတို့သည်။ အမှာ၊ အမှန်စင်စစ် ဧကန်ပင် ဖြစ်ကြပါကုန်၏။ ပါပကမ္မံ၊ မစ္ဆေလွမ်းဖြာ ယုတ်မာညစ်ဖျာ့ မကောင်းမှုကို။ ကရိတ္ထာန၊ မစဉ်းမစား အပြင်းအားဖြင့် မှားမှားမိုက်မိုက် ပြုလိုက်မိကြသောကြောင့်။ ဂတာ၊

http://www.dhammadownload.com

ချမ်းသာပြည့်စုံ ဤလူ့ဘုံမှ။ ပေတလောက၊ ပြိတ္တာလောက ဘုံဘဝသို့။ ဂတာ၊ ယခုမသွေ လားရောက်ရပေသည်ဘုရား။

တဖန် ပြိတ္တာတို့ကို မထေရ်မြတ်သည် ဆက်၍ မေးမြန်းတော်မူလိုရကား အောက်ပါဂါထာကို ဆိုလေ၏။

၇၈၄။ ကိ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿ ကမ္မဝိပါကေန၊ ပေတလောက် ဣတော ဂတာ။

ဤဂါထာ၏ အနက်တော်များကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်၏။

မထေရ်မြတ်သည် မေးမြန်းအပ်သည်ရှိသော် ပြိတ္တာတို့သည် မိမိတို့ပြုအပ်သောကံကို ဖြေဆိုကြခြင်းငှာ အောက်ပါဂါထာတို့ကို ဆိုကြကုန်၏။

၇၈၅။ အနာဝဋေသု တိတ္ထေသု၊ ဝိစိနိမ္မဒ္ဒမာသက်။
သန္တေသု ဒေယျဓမ္မေသု၊ ဒီပံ နာကမှ အတ္တနော။

၇၈၅။ ဘန္တေ၊ အရှင်မြတ်ဘုရား။ အနာဝဋေသု၊ ဆည်းကပ်ခိုလှုံ တစ်စုံတစ်ယောက်သည် မတားမြစ်အပ်ကုန်သော။ တိတ္ထေသု၊ အလိုပြည့်တောင်း စင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ ဆိပ်ကမ်းပမာ လွန်စွာတူငြား ရဟန်းပုဏ္ဏားတို့သည်။ ဝိဒ္ဒမာနေသု၊ စင်စစ်အားဖြင့် ထင်ရှားရှိကုန်လတ်သော်။ အဒ္ဒမာသက်၊ ပဲဝက်လောက်မျှ ကုသိုလ်ဒါနတည်းဟူသော ရေကို၊ ဝိစိနိမ့၊ လောဘမစ္ဆေ အကြောင်းတွေကြောင့် ဂရုတစိုက် စုဆောင်းပိုက်ကာ မခပ်လိုက်မိပါကုန်။ ဒေယျဓမ္မေသု၊ လှူဒါန်းဖွယ်စု ဝတ္ထုအဖြာဖြာတို့သည်။ သန္တေသု၊ ပြည့်ပြည့်စုံစုံ ထင်ရှားရှိကုန်လျက်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာ ကုသိုလ်ဟုဆိုအပ်သော ထောက်တည်ရာကို။ နာကမှ၊ လေးလေးစားစား အရေးထားကာ မပြုမိခဲ့ပါကုန်။

၇၈၆။ နဒီ ဥဃေန တသိတာ၊ ရိတ္တကာ ပရိဝတ္တတိ။
ဆာယံ ဥဃေန ဥဏ္ဏေသု၊ အာတပေါ ပရိဝတ္တတိ။

၇၈၆။ ဘန္တေ၊ အရှင်မြတ်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ တသိတာ၊ အစဉ်မပြတ် ရေငတ်လှကုန်သည်ဖြစ်၍။ နဒီ၊ ရေဟုန်အလျဉ် အစဉ်ဆက်မှီ မြစ်ဘက်ဆီသို့။ ဥဃေန၊ သောက်ရမည်ထင် ဝမ်းမြောက်ရွှင်ကာ ကပ်ရောက်မိကြပါကုန်၏။ အထ၊ ထိုသို့မကွာ ကပ်ရောက်မိသောအခါ၌။ နော၊ တပည့်တော်တို့၏။ ပါပကမ္မေန၊ ယုတ်မာညစ်ကျူ မကောင်းမှုကြောင့်။ ဥဒကေန၊ ကြည်လင်သန့်ရှင်းအညစ်ကင်းသွေ သောက်မည့်ရေသည်။ ရိတ္တကာ၊ လိုရာမပြီး အချည်းနှီး။ ဝါ၊ အနှီးရောက်ခါ သဲအတိသာဖြစ်၍။ ပရိဝတ္တတိ၊ ပင်ကိုယ်မှလှန် တစ်မျိုးဖန်၍

http://www.dhammadownload.com

ပြောင်းပြန်ဖြစ်သွားလေ၏။ ဥဏှောသု၊ မနေထိုင်သာ ပူသောအခါတို့၌။ ဆာယံ၊ အရိပ်သို့။ ဥပေမ၊ ချမ်းသာဖို့ရေး အစဉ်တွေး၍ ဝင်ပြေးကပ်ရောက်မိပါကုန်၏။ အထ၊ ထိုသို့ဝင်ကာ ကပ်ရောက်သောအခါ၌။ အာတပေါ၊ အရိပ်စင်စစ်မှ နေပူဖြစ်၍။ ပရိဝတ္တတိ၊ ပင်ကိုယ်မှလှန် တစ်မျိုးဖန်၍ ပြောင်းပြန်ဖြစ်သွားလေ၏။

၇၈၇။ အဂ္ဂိဝဏ္ဏော စ နော ဝါတော၊ ဒုဟန္တော ဥပဝါယတိ။
ဧတဉ္စ ဘန္တေ အရဟာမ၊ အညဉ္စ ပါပကံ တတော။

၇၈၇။ ဘန္တေ၊ အရှင်မြတ်ဘုရား။ နော၊ တပည့်တော်တို့အား။ အဂ္ဂိဝဏ္ဏော၊ အလွန်အကဲ ပူမြဲပြင်းထန် မီးသဏ္ဌာန်ဖြစ်သော။ ဝါတော စ၊ အရှေ့အနောက် တောင်မြောက်လေးရပ် ဝှေ့ရမ်းပတ်ကာ တိုက်ခတ်လာသော လေသည်လည်း။ ဒုဟန္တော၊ အပူဖိလွှမ်း လောင်မြိုက်ကျွမ်းလျက်။ ဥပဝါယတိ၊ အစဉ်မပြတ် အနေကပ်အောင် တိုက်ခတ်၍သာ လာနေပါ၏။ ဧတဉ္စ၊ ပြဆိုခဲ့ရာ ထိုဆင်းရဲအဖြာဖြာကိုလည်းကောင်း။ တတော၊ ပြဆိုခဲ့ရာ ထိုဆင်းရဲအဖြာဖြာမှ။ အညဉ္စ၊ တစ်ပါးလည်းဖြစ်သော။ ပါပကံ၊ ကြမ်းတမ်းရှုရင်း ဆင်းရဲခြင်းကိုလည်းကောင်း။ အနုဘဝိတုံ၊ ပြေးလို့မလွတ် မချွတ်မယွင်း ခံစားခြင်းအကျိုးငှာ။ အရဟာမ၊ ဧကန်မသွေထိုက်တန်ပေကုန်၏။

၇၈၈။ အပိ ယောဇနာနိ ဂစ္ဆာမ၊ ဆာတာ အာဟာရဧဓိနော။
အလဒ္ဓါဝ နိဝတ္တာမ၊ အဟော နော အပ္ပပုညတာ။

၇၈၈။ ဆာတာ၊ ကာလရှည်ကြာ ငတ်မွတ်ကြပါကုန်သည် ဖြစ်၍။ အာဟာရဧဓိနော၊ အစာဟာရ မက်မောကြကုန်သည်ဖြစ်၍။ ယောဇနာနိ အပိ၊ ဤရွှေ့ဤမျှ တွက်မရအောင် များလှစွာဘိ ယူဇနာရှိသော ခရီးသည်တို့သို့လည်း။ မယံ၊ တပည့်တော်တို့သည်။ ဂစ္ဆာမ၊ လှည့်လည်ခါခါ သွားကြပါကုန်၏။ ဧဝမ်မိ၊ ဤသို့ သွားကြပါကုန်သော်လည်း။ အလဒ္ဓါဝ၊ ရေနှင့်အစာ ဘာတစ်ခုမျှ မရကြကုန်မူ၍သာလျှင်။ နိဝတ္တာမ၊ ဆုတ်နစ်ပြန်လာခဲ့ရပါကုန်၏။ နော အမှာကံ၊ ဆင်းရဲလွန်းပေါ် ဝေပည့်တော်တို့၏။ အပ္ပပုညတာ၊ မဆည်းမစု နည်းသောကောင်းမှုရှိသည်၏အဖြစ်သည်။ အဟော၊ အမှန်ပြောရလျှင် ကြောက်၊ အံ့သြဖွယ် ရှိလှပါ၏။

၇၈၉။ ဆာတာ ပမုစ္ဆိတာ ဘန္တေ၊ ဘူမိယံ ပဋိသုမ္ဘိတာ။
ဥတ္တာနာ ပဋိကီရာမ၊ အဝကုဇ္ဇာ ပတာမသေ။

၇၈၉။ မယံ၊ တပည့်တော်တို့သည်။ ဆာတာ၊ နေ့စဉ်မသွေ သည်းအူကြွေမျှဆာမွတ်ကြကုန်သည်။ ပမုစ္ဆိတာ၊ ငတ်မွတ်ပါရ နွမ်းလျ မိန်းမောကုန်သည်။

http://www.dhammadownload.com

ဟုတ္တာ၊ ဖြစ်ကုန်၍။ ဘန္တာ၊ ပတ်ပတ်ချာ လည်ကုန်လျက်။ ဘူမိယံ၊ သွားလာနေလျက် မြေအထက်၌။ ပဒိသုမ္ဘိတာ၊ ဘုံးဘုံးလဲကာ ကျရောက်ကြရပါကုန်၏။ ကဒါစိ၊ တရံတစ်ခါ၌။ ဥတ္တာနာ၊ အားအင်ဆုတ်နစ် ပက်လက်ဖြစ်၍။ ပဒိကိရာမ၊ ဖရိဖရဲ အနှံ့ကြဲကာ လဲကျကြပါကုန်၏။ ကဒါစိ၊ တရံတစ်ခါ။ အဝကုဇ္ဇာ၊ အောက်နှင့်အထက် မှောက်လျက်ဖြစ်၍။ ပတာမသေ၊ မသက်မသာ ကျရပါကုန်၏။

၇၉၀။ တေ ဧ တတ္ထေဝ ပတိတာ၊ ဘူမိယံ ပဒိသုမ္ဘိတာ။
ဥရံ သီသဉ္စ ဃဋ္ဋေမ၊ အဟော နော အပ္ပပုညတာ။

၇၉၀။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တေ ဧ မယံ၊ လူ့ဘဝက မစ္ဆေရကြောင့် ဒုက္ခလွန်းပေါ် တပည့်တော်တို့သည်လည်း။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ပတိတာ၊ ထောက်တည်မရ လဲကျကုန်သည်ရှိသော်။ ဘူမိယံ၊ မြေပေါ်၌။ ပဒိသု၊မ္ဘိတာ၊ ဘုံးဘုံးလဲကာ ကျရောက်ကြရကုန်သည်ဖြစ်၍။ ဥရဉ္စ၊ ရင်ဘတ်ကိုလည်းကောင်း။ သီသဉ္စ၊ ဦးခေါင်းကိုလည်းကောင်း။ ဃဋ္ဋေမ၊ တည့်တည့်စိုက်စိုက် မြေနှင့်ရိုက်ကာ ထိခိုက်မိကြပါကုန်၏။ နော၊ နေ့စဉ်မစဲ တိုးကာကဲ၍ ဆင်းရဲလွန်းပေါ် တပည့်တော်တို့၏။ အပ္ပပုညတာ၊ မဆည်းမစု နည်းသောကောင်းမှုရှိသော သူ၏အဖြစ်သည်။ အဟော၊ အမှန်ပြောရလျှင် အံ့သြဖွယ် ရှိလှပါ၏။

၇၉၁။ ဧတဉ္စ ဘန္တေ အရဟာမ၊ အညဉ္စ ပါပကံ တတော။
သန္တေသု ဒေယျဓမ္မေသု၊ ဒီပံ နာကမှ အတ္တနော။

၇၉၁။ ဘန္တေ၊ မောဂ္ဂလာန် အရှင်မြတ်ဘုရား။ ဧတဉ္စ ဒုက္ခံ၊ ယခုကြုံရ ဤဒုက္ခကိုလည်းကောင်း။ တတော၊ ထို့ထက်။ ပါပကံ၊ မကောင်းစုတ်ချာယုတ်မာလှသော။ အညဉ္စ ဒုက္ခံ၊ ထိုမှတစ်ပါး အခြားဒုက္ခကိုလည်းကောင်း။ အရဟာမ၊ အမှန်အားဖြင့် ခံစားဖို့ရန် ထိုက်တန်လှပေကုန်၏။ ဒေယျဓမ္မေသု၊ လူဒါန်းဖွယ်စုဝတ္ထုအဖြာဖြာတို့သည်။ သန္တေသု၊ သုံးမကုန်အောင် မြားမြောင်ပြည့်ဝ ရှိကြပါကုန်လျက်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးပမာ ကုသိုလ်ဟု ဆိုအပ်သော ထောက်တည်ရာကို ။ နာကမှ၊ လေးလေးစား စား အရေးထားကာ မပြုမိခဲ့ကြပါကုန်။

၇၉၂။ တေ ဟိ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နာ၊ ကာဟာမ ကုသလံ ဗဟုံ။

၇၉၂။ ဘန္တေ၊ မောဂ္ဂလာန် အရှင်မြတ်ဘုရား။ ဟိယသသ္မာ၊ အကြင်ကြောင့်။ တေ မယံ၊ မစ္ဆေလွန်းဖြစ် အသိမပေါ် ထို့တပည့်တော်တို့သည်။ ဣတော၊ ပြိတ္တာခေါ်ထ ဤဘဝမှ။ ဂန္တွာ နူန၊ သွား၍ကား။ မာနုသိံ ယောနိံ၊ ရခဲစွာလှ လူ့ဘဝကို။ လဒ္ဓါန၊

http://www.dhammadownload.com

ကံထောက်မ၍ ရသည်ရှိသော်။ ဝဒညူ၊ သူတော်ကောင်းတို့၏ ကျေးဇူးကို သိကုန်သည်။ သီလသမ္ပန္နာ၊ အကျင့်သီလ ပြည့်ဝကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ ဗဟုံ၊ တိုင်းရှည်မထား များစွာသော။ ကုသလံ၊ ချမ်းသာရကြောင်း ကောင်းမှုကုသိုလ်ကို။ ကာဟာမ နူန၊ အရေးတယူ အလေးမူ၍ ပေးလှူသမှု ပြုကုန်ပါကုန်တော့အံ့တကား။ ဣတိ၊ ဤသို့။ ကထေသုံ၊ လျှောက်တင်ကြကုန်၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားတော်ကို ဟောကြားတော်မူလေ၏။ ထိုတရားစကားကိုကြား၍ များစွာသော လူအပေါင်းတို့သည် ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးကို ပယ်၍ ဒါနအစရှိသော သုစရိုက်တို့၌ မွေ့လျော်ကုန်သည် ဖြစ်ကုန်၏။

ပစ္စည်းချမ်းသာသော်လည်း ကုသိုလ်ကောင်းမှု မပြုမိခဲ့ကြသော သာဝတ္ထိပြည်သားများအကြောင်း ပြီး၏။



၁၁– ဒီဃလဋိဝတ္ထုဒေတဝတ္ထု

ကောင်းမှုထက် မိန်းမ၌ စွဲလမ်းတပ်မက်သဖြင့် ပြိတ္တာဖြစ်ရသော ပါဋလိပုတ်ပြည်သားအကြောင်း

ဒိဋ္ဌာ တယာ နိရယာ တိရစ္ဆာနယောနိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤပါဋလိပုတ္တဝေတဝတ္ထုကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဗိမာန်ရှင်ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

ဗိမာန်ရှင်ပြိတ္တာ

သာဝတ္ထိပြည်သား ကုန်သည်တို့သည်လည်းကောင်း ပါဋလိပုတ်ပြည်သား ကုန်သည်တို့သည်လည်းကောင်း များစွာကုန်သော ကုန်သည်တို့သည် လှေဖြင့် သုဝဏ္ဏဘူမိသို့ သွားကြကုန်၏။ ထိုကုန်သည်တို့တွင် တစ်ယောက်သော ဥပါသကာသည် အနာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မာတုဂါမ၌ စွဲလမ်းတပ်မက်သောစိတ်

http://www.dhammadownload.com

၁၆၆ ကောင်းမှုပြုခြင်းငှါ ပဉ္စသီလကို ဆောက်တည်ခြင်းငှါ ပဉ္စသီလကို ဖြိုခြင်းငှါ ဆွမ်းကပ်ခြင်းငှါ ဘုရားကို ပူဇော်ခြင်းငှါ

http://www.dhammadownload.com

http://www.dhammadownload.com

ရှိလျက်သာ သေရရှာလေ၏။ ထိုဥပါသကာသည် ပြုအပ်ပြီးသော ကောင်းမှုရှိပါသော်လည်း နတ်ပြည်သို့ မရောက်မူ၍ မိန်းမ၌ တပ်နှစ်သက်သောစိတ် ရှိသည်၏ အဖြစ်ကြောင့် သမုဒ္ဒရာ၏အလယ်၌ ဗိမာန်ရှင် ပြိတ္တာဖြစ်လေ၏။

ကုန်သည်တို့ သွားလမ်းကို ပြိတ္တာက ပိတ်ထားပုံ

ထိုပြိတ္တာသည် တပ်မက်စွဲလမ်း မက်မောခဲ့သော မိန်းမသည်လည်း လေကိုစီး၍ သုဝဏ္ဏဘူမိသို့ သွား၏။ ထိုအခါ ပြိတ္တာသည် ထိုမိန်းမကို ယူလိုသောကြောင့် လေသွားရာ လမ်းခရီးကို ပိတ်ဆို့ထားလေ၏။

လေပေါ်မှမိန်းမကို ပြိတ္တာခေါ်သွားခြင်း

ထို အခါ ကုန်သည်တို့သည် "အဘယ်အကြောင်းကြောင့် ဤလေသည် မသွားဘဲနေသနည်း"ဟု စူးစမ်းဆင်ခြင်ကုန်လျက် သူယုတ်မာ စာရေးတံမဲကို ချကြကုန်၏။ ထိုဗိမာန်ရှင် ပြိတ္တာသည် အကြင်မိန်မ၌ တပ်နှစ်သက်သောစိတ် ရှိ၏။ ထိုမိန်မအား သာလျှင် ပြိတ္တာ၏တန်ခိုးကြောင့် သုံးကြိမ်တိုင်အောင် မဲကျလေ၏။ ထိုသို့ သုံးကြိမ်တိုင် မဲကျသည်ကိုမြင်၍ ကုန်သည်တို့သည် ဝါးစည်းကို သမ္ဒရာ၌ ချကုန်၍ ထိုဝါးစည်း၏အပေါ်၌ မိန်းမကို ချလိုက်ကုန်၏။ မိန်းမကို ချအပ်ကာမျှဖြင့် လေသည် လျင်စွာ သုဝဏ္ဏဘူမိ:သို့ ရှေးရှုသွားလေ၏။ ဗိမာန်ရှင် ပြိတ္တာသည် ထိုမိန်းမကို မိမိ၏ ဗိမာန်သို့ တက်ရောက်စေ၍ ထိုမိန်းမနှင့်အတူတကွ မွေ့လျော်ကာ နေလေ၏။

ပြန်ပို့ရန် မိန်းမပြောကြား

ထိုမိန်းမသည် တစ်နှစ်ကျော်လွန်သည်ရှိသော် ငြီးငွေ့သည်ဖြစ်၍ ထိုပြိတ္တာကို တောင်းပန်လျက် "အရှင် ဤနေရာ၌နေသော အကျွန်ုပ်သည် တမလွန်ဘဝ၌ ခံစားအပ်သော အကျိုးကို ပြုခြင်းငှာ မရပါ၊ အရှင်တောင်းပန်ပါ၏၊ အကျွန်ုပ်ကို ပါဠလိပုတ်ပြည်သို့သာ ပို့ဆောင်ပါလော့"ဟု ပြောဆိုလေ၏။ ပြိတ္တာသည်လည်း ထိမိန်းမတောင်းပန်အပ်သည်ဖြစ်၍ အောက်ပါဂါထာကို ဆိုလေ၏။

၇၉၃။ ဒိဋ္ဌာ တယာ နိရယာ တိရစ္ဆာနယောနိ၊
ပေတာ အသုရာ အထဝါပိ မာနုသာ ဒေဝါ။
သယမဒ္ဒသ ကမ္မဝိပါကမတ္တနော၊
နေဿာမိ တံ ပါဠလိပုတ္တမကွတံ။
တတ္ထ ဂန္တွာ ကုသလံ ကရောဟိ ကမ္မံ၊

http://www.dhammadownload.com

၇၉၃။ ဘဒ္ဒေ၊ ချစ်နှမ။ တယာ၊ သင်သည်။ နိယာ၊ ကြီးစွာဒုက္ခ ကာလမစဲ အလွန်ကဲသည့် ပါယ်ငရဲတို့ကိုလည်းကောင်း။ တိရစ္ဆာနယောနိ၊ နဂါး, ဂဠုန် စသော တိရစ္ဆာန်မျိုးတို့ကို လည်းကောင်း။ ပေတာ၊ ငတ်မွတ်စသည် အလိလိ ကြောင့် ထိုက္ခဏသွားလာ ဆင်းရဲဖြာသည့် ပြိတ္တာတို့ကိုလည်းကောင်း။ အသုရာ၊ အသုရာတို့ကိုလည်းကောင်း။ အထဝါပိ၊ ထိုမှတစ်ပါးလည်း။ မာနုသာ၊ သိဉာဏ် ပြည့်ဝ ကုသလနှင့် ဿခများပြား လူသားတို့ကိုလည်းကောင်း။ ဒေဝါ၊ စည်းစိမ်ကဲမိုး စဉ်မညိုးဘဲ တန်ခိုးရှိနိုင်ဖြာ နတ်ဒေဝါတို့ကိုလည်းကောင်း။ ဒိဋ္ဌာ၊ မျက်မှောက်ဒိဋ္ဌ မြင်အပ်ရပေကုန်ပြီ။ အတ္တနော၊ မိမိ၏။ ကမ္မဝိပါကံ၊ ကံ၏ဖြစ်ပျက် ကျိုးဝိပါက်ကို။ သယံ၊ ကိုယ်တိုင်။ အဒ္ဒသ၊ မျက်မှောက်မသွေ မြင်ရပေပြီ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ အက္ခတံ၊ တစ်စုံတစ်ခုဖြင့် တားမြစ်လှည့်ပတ် မခြံရုံအပ်ထသော။ ပါဋ္ဌလိ ပုတ္တဲ့၊ သင်နှမ၏ ဇာတိဌာနီ ပါဋ္ဌလိပုတ်ပြည်သို့။ နေဿာမိ၊ ယခုမသွေ ဆောင်ပို့ ပေအံ့။ တွဲ၊ သင်သည်။ တတ္ထ၊ ဇာတိဌာနီ ထိုပါဋ္ဌလိပုတ်ပြည်သို့။ ဂန္ဒွာ၊ သွား၍။ ကုသလံ ကမ္မံ၊ အပြစ်ကင်းကြောင်း ကောင်းမှုကုသိုလ်ကံကို။ ကရေဟိ၊ ဘဝ နောင်ခါ သုခဖြာအောင် ပြုလုပ်ပါလော့။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆိုမှာကြား လေ၏။

ထိုအခါ အမျိုးသမီးသည် ပြိတ္တာ၏စကားကို ကြားရ၍ အောက်ပါဂါထာတို့ကို ဆိုလေ၏။

၇၉၄။ အတ္ထကာမောသိ မေ ယက္ခ၊ ဟိတကာမောသိ ဒေဝတေ။
ကရောမိ တုယှံ ဝစနံ၊ တွံသိ အာစရိယော မမ။

၇၉၄။ ယက္ခ၊ ငါ့ကိုအစဉ် ချစ်ကြင်ပေတတ် အရှင်နတ်။ တွဲ၊ သင်နတ်သား သည်။ မေ၊ ဇာတိရပ်ဌာန် ပြန်ရန်တောင့်တ ကျွန်တော်မ၏။ အတ္ထကာမော၊ အကျိုး လိုလား နှစ်သက်သည်။ အသိ၊ စင်စစ်မသွေ့ အမှန်ဖြစ်ပေ၏။ ဒေဝတေ၊ ချမ်းသာ ရိပ်ငြိမ် စည်းစိမ်ကြီးမား အိုနတ်သား။ တွဲ၊ တန်ခိုးအရှိန် ဖြိုးထိန်ကြီးမား သင် နတ်သားသည်။ မေ၊ သင့်နန်းရပ်ခွင် မပျော်ရွှင်ဘဲ လူ့ခွင့်တောင့်တ ကျွန်တော်မ ၏။ ဟိတကာမော၊ အစီးအပွား လိုလားနှစ်သက်သူသည်။ အသိ၊ ဖြစ်၏။ အဟံ၊ ကျွန်တော်မသည်။ တုယှံ၊ သင်နတ်သား၏။ ဝစနံ၊ ကျိုးကြောင်းနှစ်ဖြာ ကောင်းစွာ ညွှန်ပြ ဆုံးမသောစကားကို။ ကရောမိ၊ တသွေမတိမ်း အစဉ်ကိန်းအောင် မယိမ်း မသွေ လိုက်နာပြုကျင့်ပေတော့အံ့။ တွံ၊ သင်နတ်သားသည်။ မမ၊ ငါ၏။ အာစရိ ယော၊ ကျေးဇူးရှင်ပဲပြင်ပေတတ် ဆရာမြတ်သည်။ အသိ၊ ဇကန်မသွေ အမှန်ပင် ဖြစ်ပါပေ၏။

http://www.dhammadownload.com

၇၉၅။ ဒိဋ္ဌာ မယာ နိရယာ တိရစ္ဆာနယောနိ၊
ပေတာ အသုရာ အထဝါပိ မာနုသာ ဒေဝါ။
သယမဒ္ဒသံ ကမ္မဝိပါကမတ္တနော၊
ကာဟာမိ ပုညာနိ အနပ္ပကာနိ။

၇၉၅။ ယက္ခ၊ တန်ခိုးရှိလတ် မောင်တော်နတ်။ မံယာ၊ ယခုမကြာ လူပြည် ရွာသို့ ပြန်ကာနီးလှ ကျွန်တော်မသည်။ တဝ၊ သင်၏။ အာနုဘာဝေန၊ တန်ခိုး ရှိန်စော် အာနုဘော်ပြင့်။ နိရယာ၊ ငရဲတို့ကိုလည်းကောင်း။ တိရစ္ဆာနယောနိ၊ တိရစ္ဆာန်တို့ကိုလည်းကောင်း။ ပေတာ၊ ပြိတ္တာတို့ကိုလည်းကောင်း။ အသုရာ၊ သုရာ တို့ကိုလည်းကောင်း။ အထဝါပိ၊ ထိုမှတစ်ပါးလည်း။ မာနုသာ၊ လူတို့ကိုလည်း ကောင်း။ ဒေဝါ၊ နတ်တို့ကိုလည်းကောင်း။ ဒုဋ္ဌာ၊ မျက်မှောက်ဒိဋ္ဌ မြင်အပ်ရပေပြီ။ အတ္တနော၊ မိမိ၏။ ကမ္မဝိပါက်၊ ကံ၏ဖြစ်ပယက် ကျိုးဝိပါက်ကို။ ဆယံ၊ ကိုယ်တိုင် အဒ္ဒသံ၊ မျက်မှောက်မသွေ မြင်ရပေပြီ။ အနပ္ပကာနိ၊ များစွာကုန်သော။ ပုညာနိ၊ ကုသိုလ်အစု မြတ်ကောင်းမှုတို့ကို။ အဟံ၊ ကျွန်တော်မသည်။ ကာဟာမိ၊ မဖြစ်မနေ ပြုလုပ်ပေတော့အံ့။

အမျိုးသမီးကို ပါဠလိပုတ်ပြည်သို့ လိုက်ပို့ခြင်း

ထိုအခါ ပြိတ္တာသည် ထိုမိန်းမကို ဆောင်ယူ၍ ကောင်းကင်ခရီးဖြင့် သွားပြီး လျှင် ပါဠလိပုတ်ပြည်၏ အလယ်၌ ထားခဲ့၍ ပြန်သွားလေ၏။ ထိုအခါ မိန်းမ၏ ဆွေမျိုးသားချင်းတို့သည် ထိုမိန်းမကို မြင်၍ "အချင်းတို့- ငါတို့သည် ရှေးက ဤမိန်းမကို သမုဒ္ဒရာ၌ ပစ်ချအပ်သည်ဖြစ်၍ သေရာလေပြီဟု ကြားရကုန်၏။ ယခုအခါ အသက်ရှင်စွာ ပြန်ရောက်လာသော ထိုမိန်းမကို ငါတို့ မြင်ရကုန်စွတကား" ဟု အလွန်နှစ်သက်ကုန်လျက် အညီအညွတ် သွားကြကုန်၍ ထိုမိန်းမ၏ အကြောင်းအရာကို မေးမြန်းကုန်၏။ ထိုမိန်းမသည် ဆွေမျိုးသားချင်းတို့အား အစမှစ၍ မိမိသည် မြင်အပ်သည်ကိုလည်းကောင်း ခံစားအပ်သည်ကိုလည်းကောင်း အလုံးစုံသော အကြောင်းကို ပြောဆိုလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်အကျိုး

သာဝတ္ထိပြည်၌နေကြကုန်သော ထိုကုန်သည်တို့သည်လည်း အစဉ်အားဖြင့် သာဝတ္ထိပြည်သို့ ရောက်လာကြသောအခါ၌ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ် ကြကုန်လျက် ရှိခိုးကုန်၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကြပြီးလျှင်

http://www.dhammadownload.com

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းစုံကို အဋ္ဌုပ္ပတ်ပြုတော်မူ၍ ပရိသတ်လေးပါးတို့အား တရားကို ဟောတော်မူ၏။ ထိုတရားစကားကို ကြား၍ လူအများသည် သံဝေဂ ဖြစ်ကြကုန်လျက် ဒါနအစရှိသော ကုသိုလ်တရား၌ မွေ့လျော်သည် ဖြစ်ကုန်၏။

ကောင်းမှုထက် မိန်းမ၌ စွဲလမ်းတပ်မက်သဖြင့် ပြိတ္တာဖြစ်ရရှာသော ပါဒုလိပုတ်ပြည်သားအကြောင်း ပြီး၏။

၁၂– အမ္ဗဝနဝေတဝတ္ထု

သမီး၏ သရက်သီးဒါနကြောင့် သရက်ဥယျာဉ်ရသော ပြိတ္တာအကြောင်း

အယဉ္စ တေ ပေါက္ခရဏီ သုရမ္မာ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤ**အမ္ဗဝနပေတဝတ္ထု**ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သရက်ဥယျာဉ်ပိုင် ပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

ခိုးသားတို့သတ်၍ ကုန်သည်ဘဝမှ ပြိတ္တာဖြစ်ရသူ

သာဝတ္ထိပြည်၌ စည်းစိမ်ဥစ္စာ ကုန်ခန်းခြင်းသို့ရောက်သော တစ်ယောက်သော သူကြွယ်သည် ရှိ၏။ ထိုသူကြွယ်၏မယားသည် သေသဖြင့် တစ်ယောက်တည်း ဖြစ်သော သမီးသာ ကျန်ရှိလေ၏။ သူကြွယ်သည် ထိုသမီးကို မိတ်ဆွေအိမ်၌ ထားခဲ့၍ ကြွေးယူပြီး အသပြာတစ်ရာဖြင့် ရောင်းဝယ်စရာကိုယူ၍ လှည်းကုန်သည်နှင့်တကွ ကုန်ရောင်းအံ့သောငှာ သွားလေသော် မကြာမြင့်မီသာလျှင် အရင်းနှင့်တကွ အမြတ်အစွန်း ငါးရာသော အသပြာတို့ကိုရ၍ လှည်းကုန်သည်နှင့် အတူတကွ ပြန်ခဲ့လေလျှင် လမ်းခရီးအကြား၌ ခိုးသားဓားပြတို့သည် ထကြွကြကုန်၍ လှည်းသို့ ရောက်လာကြကုန်၏။ လှည်းကုန်သည်တို့သည် ထိုမှ ဤမှလည်း ထွက်ပြေးကြကုန်၏။ ထိုသူကြွယ်သည်ကား တစ်ခုသော တောချုံပုတ်၌ အသပြာတို့ကို ဝှက်ထားခဲ့၍ မနီးမဝေး၌ ပုန်းနေလေ၏။ ခိုးသားဓားပြတို့သည် ထိုသူကြွယ်ကိုဖမ်း၍ အသေသတ်ကြကုန်၏။ ထိုသူကြွယ်သည် ဥစ္စာ၌ မက်မောသောလောဘဖြင့် ထိုတောအုပ်၌ပင် ပြိတ္တာဖြစ်၍ နေလေ၏။

သောကများရှာသူ သမီးလေး

လှည်းကုန်သည်တို့သည် သာဝတ္ထိပြည်သို့ သွားကြကုန်၍ သူကြွယ်၏ သမီး

http://www.dhammadownload.com

အား ထိုအကြောင်း ပြောကြားကုန်၏။ ထိုသူငယ်မသည် အဘ၏သေဆုံးခြင်း ကြောင့်လည်းကောင်း အသက်မွေးရန်အံ့သော ဘေးကိုကြောက်ခြင်းကြောင့် လည်းကောင်း အဟိုင်းထက်အလွန်ဖြစ်သော နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ ပြင်းထန်စွာ ငိုကြွေးလေ၏။

တရားပြကာ သမီးအရာ၌ ထားခြင်း

ထိုအခါ အဘ၏ အဆွေခင်ပွန်းဖြစ်သော သူကြွယ်သည် ထိုသူငယ်မကို "အိုးထိန်းသည်တို့သည် ပြုလုပ်အပ်သော အလုံးစုံသော အိုးတို့သည် ကွဲခြင်းအဆုံး ရှိသကဲ့သို့ ထို့အတူ သတ္တဝါတို့၏ အသက်သည်လည်း ပျက်စီးသေပျောက်ခြင်း အဆုံးရှိ၏။ ဆေခြင်းမည်သည်ကား အလုံးစုံနှင့်လည်း ဆက်ဆံ၏။ ကုစား၍လည်း မရနိုင်၊ ထို့ကြောင့် သင်သည် အဘ၌ ပြင်းစွာတမ်းတ စိုးရိမ်ခြင်း မရှိလင့်၊ ငိုလည်းမငိုကြွေးလင့်၊ ငါသည် သင်၏အဘတည်း၊ သင်သည် ငါ၏သမီးတည်း၊ ငါသည်သင့်အား အဘကိစ္စအဝဝကို ပြုလုပ်ကူညီပါအံ့၊ သင်သည်လည်း သင့်အဘအိမ်၌ နေရသကဲ့သို့ ဤအိမ်၌ နှလုံးမသာမယာမဖြစ်မူ၍ မွေ့လျော်စွာ နေပါလော့"ဟု ဆို၍ ပြောဆိုဆုံးမကာ သက်သာရာ ရစေလေ၏။

ဖခင်အတွက် ကုသိုလ်ပြုလိုသူ

ထိုသူငယ်မသည် သူကြွယ်၏ စကားဖြင့်သာလျှင် ငြိမ်းအေးသော သောက ရှိသည်ဖြစ်၍ အဘ၌ကဲ့သို့ ထိုသူကြွယ်၌ ကောင်းစွာဖြစ်သော ရိုသေခြင်း၊ များစွာသော မြတ်နိုးခြင်း ရှိသည်ဖြစ်၍ မိမိ၏ အသိုးကျန်သည်၏အဖြစ်ဖြင့် ထိုသူကြွယ်၏ အမှုကြီးငယ်ကို ပြုလုပ်သူဖြစ်လျက် အဘကို ရည်မှန်း၍ သူသေ၏ကိစ္စကို ပြုလိုသောကြောင့် ယာဂုကို ကျိုချက်၍ ဆေးဒန်းမြင်းသိလာ အဆင်းရှိကာ ကောင်းစွာမှည့်ကုန်သော ချိုမြိန်သော အရသာရှိသည့် သရက်သီးတို့ကို ကြေးခွက်၌ ထည့်ထား၍ ယာဂုကိုလည်းကောင်း၊ သရက်သီးမှည့်တို့ကိုလည်းကောင်း ကျွန်မအား ကိုင်စေ၍ ကျောင်းတော်သို့သွားကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "မြတ်စွာဘုရား- တပည့်တော်မ၏ အလှူကို အလှူခံယူတော်မူခြင်းဖြင့် ချီးမြှောက်မှုကို ပြုတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်မဟာကရုဏာတော်ဖြင့် ကောင်းစွာ တိုက်တွန်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍ ထိုသူငယ်မ၏ စိတ်နှလုံးအလိုကို ပြည့်စေလျက် ထိုင်တော်မူအံ့သော အခြင်းအရာကို ပြတော်မူ၏။ ထိုသူငယ်မသည် ရွှင်လန်းဝမ်းမြောက်

http://www.dhammadownload.com

သောစိတ် ရှိသည်ဖြစ်၍ ခင်းထားအပ်သော မြတ်သောဘုရားရှင်၏ နေရာတော်၌ မိမိသည် ဆောင်ယူအပ်ခဲ့သော ကောင်းစွာ စင်ကြယ်သော အဝတ်ကို ခင်း၍ လှူလေ၏။ မြတ်စွာဘုရားသည် တင့်တယ်စမွယ်စွာ ခင်းထားအပ်သော နေရာတော်၌ ထိုင်နေတော်မူ၏။

ဖခင်ရည်မှန်း လှူဒါန်းအမျှဝေ

ထိုအခါ သူငယ်မသည် မြတ်စွာဘုရားအား ယာဂုကို ကပ်လှူလေ၏။ မြတ်စွာဘုရားသည်လည်း ယာဂုကို ခံယူတော်မူ၏။ ထိုနောက်မှ သံဃာကို ရည်မှန်း၍ ရဟန်းတို့အားလည်း ယာဂုကို ပေးလှူပြီးလျှင် တစ်ဖန် ဆေးအပ်ပြီးသော လက်ရှိသော မြတ်စွာဘုရားအား သရက်သီးတို့ကို ကပ်လှူပြန်လေ၏။ မြတ်စွာဘုရားသည် ထိုသရက်သီးတို့ကို ဘုဉ်းပေးတော်မူလေ၏။ ထိုသူငယ်မသည် မြတ်စွာဘုရားကို ရှိခိုးလျက် ဤသို့လျှောက်လေ၏ "ဘုန်းတော်ကြီးသော အရှင်ဘုရား– တပည့်တော်မ၏ အခင်း၊ ယာဂု၊ သရက်သီးတို့ကို လှူသည်၏ အစွမ်းဖြင့်ဖြစ်သော အကြင်အလှူပေးခြင်းသည် ရှိ၏။ တပည့်တော်မ၏ ထိုအလှူသည် သေလွန်ပြီးလေသောဖခင်သို့ ရောက်ပါစေသတည်း" ဟု လျှောက်လေ၏။

သမီး၏ဒါနကြောင့် ဖခင်အကျိုးခံစားရပုံ

မြတ်စွာဘုရားလည်း "ဤသို့ သင်အလိုရှိတိုင်း ဖြစ်စေသတည်း"ဟု မိန့်ကြားတော်မူ၍ အနုမောဒနာ ပြုတော်မူ၏။ ထိုသူငယ်မသည် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသပြုကာ ဖဲသွားလေ၏။ ထိုပြိတ္တာသည်လည်း ကောင်းစွာ ညွှန်ပြအပ်ကာမျှဖြစ်သော ထိုအလှူရေစက်ကြောင့် သရက်ဥယျာဉ် ဗိမာန်ပဒေသာပင် ရောကန်တို့ကိုလည်းကောင်း၊ ကြီးစွာသော နတ်၏စည်းစိမ်ကိုလည်းကောင်း ရရှိခံစားရလေ၏။

ကုန်သည်တို့အား ကိုယ်ထင်ပြခြင်း

ထိုအခါ ကုန်သည်တို့သည် တစ်ပါးသောအခါ၌ ကုန်သွယ်ရောင်းဝယ်ရန် အလို့ငှာ သွားကြကုန်သည်ရှိသော် ထိခရီးကိုပင်သွားကြကုန်၍ရှေး၌ နေအပ်ခဲ့ဖူးသော အရပ်၌သာလျှင် တည်ခိုနေခြင်းသို့ ကပ်ရောက်ကုန်၏။ ထိုကုန်သည်တို့ကို မြင်၍ ဗိမာန်ရှင်ပြိတ္တာသည် ဥယျာဉ်ဗိမာန် စသည်တို့နှင့်တကွ ထိုကုန်သည်တို့အား မိမိကိုယ်ကို ကိုယ်ထင်ပြလေ၏။ ကုန်သည်တို့သည် ထိုသို့ပြသည်ကို မြင်၍ ထိုပြိတ္တာသည် ရအပ်သော စည်းစိမ်ကို မေးလိုရကား အောက်ပါဂါထာတို့ကို ဆိုကုန်၏။

http://www.dhammadownload.com

၇၉၆။ အယဉ္စ တေ ပေါက္ခရဏီ သုရမ္ဟာ၊
သမာ သုတိတ္ထာ စ မဟောဒကာ စ။
သုပုပ္ဖိတာ ဘမရဂဏာနုကိဏ္ဏာ၊
ကထံ တယာ လဒ္ဓါ အယံ မနုညာ။

၇၉၆။ ယက္ခ၊ အမောင်နတ်သား။ တေ၊ သင်၏။ အယဉ္စ ပေါက္ခဏီ၊ ကြာမျိုးငါးဆိုင် အပွင့်မြိုင်၍ တင့်လှိုင်အမှန် ဤရေကန်သည်လည်း။ သုရမ္ဟာ၊ မြင်သူတို့တွက် မခွာရက်အောင် ကောင်းစွာမွေ့လျော်ဖွယ် ရှိ၏။။ သမာ၊ အမြဲအစဉ် ညီညွတ်သော အပြင်ရှိ၏။ သုတိတ္ထာစ၊ ရှုချင်စဖွယ် တင့်တယ်သပ်ယပ် ကောင်းမြတ်သော ဆိပ်ကမ်းသာလည်း ရှိ၏။ မဟောဒကာစ၊ သန့်ရှင်းကြည်လင် များစွာသော ရေအယဉ်လည်း ရှိ၏။ သုပုပ္ဖိတာ၊ ကောင်းစွာပွင့်လန်း ရနံ့လွှမ်းသော ပန်းလည်းရှိ၏။ ဘမရဂဏာနုကိဏ္ဏာ၊ ပန်းဝတ်စားသုံး ပျားပိတုန်းတို့ ပေါင်းရုန်းထွေးကာ ရောနှောနေပါ၏။ မနုညာ၊ စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော်ဖွယ်ရှိသော။ အယံ၊ ပင်စုံယှက်သွယ် ပတ်ပတ်လည်၍ တင့်တယ်စွာဖန် ဤရေကန်ကို။ တယာ၊ သင်သည်။ ကထံ ကေန၊ အဘယ့်ကြောင့်။ လဒ္ဓါ၊ ရအပ်ပါသနည်း။

၇၉၇။ ဣဒဉ္စ တေ အမ္ဗဝနံ သုရမ္မံ၊
သမ္ဗောတုကံ ဓာရယတေ ဖလာနိ။
သုပုပ္ဖိတံ ဘမရဂဏာနုကိဏ္ဏံ၊
ကထံ တယာ လဒ္ဓမိဒံ ဝိမာနံ။

၇၉၇။ ယက္ခ၊ အိုနတ်သား။ တေ၊ သင်၏။ ဣဒဉ္စ အမ္ဗဝနံ၊ သီးပွင့်ရွှန်းဝေ အနေပြန့်ပြော ဤသရက်တောသည်လည်း။ သုရမ္မံ၊ မြင်သူတို့တွက်မခွာရက်အောင် ကောင်းစွာ မွေ့လျော်ဖွယ်ရှိ၏။ သမ္ဗောတုကံ၊ ဆောင်းနွေမိုးဟု သုံးခုသော ကာလ ပတ်လုံး။ ဖလာနိ၊ လှပတင့်တယ် ရှုဖွယ်မငြီး နတ်သရက်သီးတို့ကို။ ဓာရယတေ၊ ကိုင်းချင်းယှက်ထား တွဲလျားကျအောင် ရွက်ဆောင်နိုင်ပါပေ၏။ သုပုပ္ဖိတံ၊ အဆင်းအနံ့ သင်းပျံ့ပျံ့နှင့် အနံ့ကြိုင်လျှမ်း ကောင်းစွာပွင့်လန်းသော သရက်ပန်းလည်းရှိ၏။ ဘမရဂဏာနုကိဏ္ဏံ၊ ပန်းဝတ်စားသုံး ပျားပိတုန်းတို့နှင့် ပေါင်းရုန်းထွေးကာ ရောနှောနေပါ၏။ ဣဒံ ဝိမာနံ၊ မြင်သူတတွေ မက်မပြေအောင် ကြက်သရေဆင့် လက်ဝေတင့်လျှ ဤဗိမာန်ကို။ တယာ၊ သင်နတ်သားသည်။ ကထံ ကေန၊ အဘယ်ကြောင့်။ လဒ္ဓံ၊ ရအပ်ပါသနည်း။

ထိုစကားကို ကြားရ၍ ပြိတ္တာသည် ရေကန်၊ ဥယျာဉ်၊ ဗိမာန်ရရှိခြင်း၏ အကြောင်းကို ပြောပြလိုရကား အောက်ပါဂါထာကို ဆိုလေ၏။

အမှားဖောက်ကာ အပြစ်ရောက်သဖြင့် မချစ်လောက်သော ကာမဂုဏ်သည်။ ပိယ ရူပေန၊ အမှားမဖောက် ပြစ်မရောက်ဘဲ ချစ်လောက်ဖွယ်ရာ အသွင်ဖြင့်။ ဒုက္ခ၊ ဆင်းရဲပူပန် အတန်တန်ဖြင့် ဧကန်လွှမ်းထုံကာမဂုဏ်သည်။ သုခဿ၊ ကြည်လင်လန်းဖြာ စခန်းသာ၍ ချမ်းသာအေးမြ ဘေးမခသည်၏။ ရူပေန၊ အသွင်မမှန် ပုံသဏ္ဌာန်ဖြင့်။ ပမတ္တံ၊ ရှေ့နောက်မသိ သတိပေါ့၍ မေ့လျော့ဖောက်ရမ်း လူမိုက်ကန်းကို။ အတိဝတ္တတိ၊ ဆက်ကာဆက်ကာ မတက်လာအောင် ဖျက်ကာမည်းအရမ်းတိုးပြီး လွှမ်းမိုးနှိပ်စက်၍ ဖြစ်လေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ထိုမိန်းမသည် ဂါထာ၏ အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ နှစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကိုပေး၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ဘုရားရှင်သည် ထို အကြောင်းစုံကို အင်္ဂုပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားကို ဟောကြားတော်မူ၏။ ထိုဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးရှိသည် ဖြစ်လေ၏။

သမိုး၏ သရက်သီးဒါနကြောင့် သရက်ဥယျာဉ်ရသော ပြိတ္တာအကြောင်း ပြီး၏။

၁၃– အတ္ထရတ္ထဒေဝီဝတ္ထု

လှည်းဝင်ရိုး ကူညီပေးခဲ့ဖူးသူ ဘုမ္မစိုးနတ်ပြိတ္တာအကြောင်း

ယဲ့ ဒဒါတိ နံ တံ ဟောတိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည် **အတ္ထဒါယကပေတဝတ္ထုပေတည်း**။

လှည်းကုန်သည်များ ကုန်ရောင်းသွားကြပုံ

ထိုဝတ္ထု၏ဖြစ်ပေါ်လာပုံ အကြောင်းရပ်အစုံမှာ ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သာဝတ္ထိပြည်၌ နေသော ဥပါသကာသည် လှည်းတို့ကို ဘဏ္ဍာဖြင့်ပြည့်စေလျက် ကုန်ရောင်းအံ့သောဟု အရပ်တစ်ပါး သွားပြီးလျှင် ထိုအရပ်၌ မိမိ၏ဘဏ္ဍာကို ရောင်း၍ တစ်ဖန် ရအပ်သော

http://www.dhammadownload.com

ဘဏ္ဍာကို လှည်းတို့၌တင်စေ၍ သာဝတ္ထိပြည်ကို ရည်မှန်းကာ ခရီးသို့ သွားလေ၏။

ကူညီသူထင်းခုတ်သမား

ခရီးသွားဖြစ်သော ထိုယောကျ်ားကို လှည်းတို့တွင် တစ်စီးသော လှည်း၏ ဝင်ရိုးသည် တောအုပ်၌ ကျိုးလေ၏။ ထိုအခါ တစ်ယောက်သော ယောကျ်ားသည် သစ်ပင်ကို ဖြတ်ရန်အလို့ငှာ ဓားမ၊ ပုဆိန်တို့ကိုယူ၍ မိမိရွာမှထွက်ပြီးလျှင် တော၌ လှည့်လည်သည်ရှိသော် ထိုအရပ်သို့ရောက်၍ ဝင်ရိုးကျိုးခြင်းဖြင့် နှလုံးမသာယာ ဆင်းရဲခြင်းသို့ ရောက်၍နေရှာသော ထိုသူကိုမြင်လျှင် "ဤကုန်သည်သည် ဝင်ရိုးကျိုးခြင်းကြောင့် တောအုပ်၌ ပင်ပန်းခြင်းသို့ ရောက်နေပေ၏"ဟု သနားခြင်းကို အကြောင်းပြု၍ သစ်ပင်ကိုင်းကိုဖြတ်၍ မြဲမြံစွာ ဝင်ရိုးကို ပြုပြင်ပြီးလျှင် လှည်း၌ တပ်ဆင်၍ ပေးလိုက်လေ၏။

ဘုမ္မစိုးနတ်ဖြစ်ပုံ

ထိုဝင်ရိုးတပ်ပေးလိုက်သော ယောကျ်ားသည် အခါတစ်ပါး၌ ကွယ်လွန်၍ ထိုတောအုပ်အရပ်၌ပင် ဘုမ္မစိုးနတ် ဖြစ်လေ၏။ ထိုဘုမ္မစိုးနတ်သည် မိမိ၏ကံကို ဆင်ခြင်၍ ညဉ့်အခါကာလ၌ ထိုလှည်းကုန်သည်၏အိမ်သို့ သွား၍ အိမ်တံခါး၌ ရပ်ပြီးလျှင် အောက်ပါဂါထာကို ဆိုလေ၏။

၈၀၀။ ယံ ဒဒါတိ န တံ ဟောတိ၊
ဒေထေဝ ဒါနံ ဒတ္တာ ဥဘယံ တရတိ။
ဥဘယံ တေန ဒါနေန ဂစ္ဆတိ၊
ဧကရထ မာ ပမဒ္ဒထ။

၈၀၀။ ယံ ဒေယျဓမ္မံ၊ အကြင်လှူဒါန်းဖွယ်စု ပစ္စည်းဝတ္ထုကို။ ယော၊ ရှေ့နောက်မြင်သိ အကြင်ပညာရှိသည်။ ဒဒါတိ၊ သဒ္ဓါဖွေးဖြူ. အရေးယူ၍ ပေးလှူ၏။ တံ ဒေယျဓမ္မံ၊ ထိုလှူဒါန်းဖွယ်စု ပစ္စည်းဝတ္ထုသည်။ တဿ၊ ရှေ့နောက်မြင်သိ ထိုပညာရှိအား။ ဧဝေထေဝ၊ တန်ခိုးလျှံထိန် စည်းစိမ်ဟူးစည် ထက်နတ်ပြည်၌သာလျှင်။ ဖလဘာဝေါ၊ ရောက်ရာရောက်ကြောင်း ကောင်းစွာအစစ် အကျိုး၏အဖြစ်သည်။ နှ၊ မဟုတ်သေး။ အထခေါ၊ စင်စစ်သော်ကား။ အည်၊ တစ်ပါးသော။ ဗဟုံ၊ အလိုရှိအပ် နှစ်သက်အပ်သည့် များလှသောင်းသောင်း ကောင်းကျိုးအပေါင်းသည်။ ဟောတိ ယေဝ၊ စင်စစ်မသွေ ဖြစ်ရချေသည်သာ

http://www.dhammadownload.com

လျှင်တည်း။ တသွာ၊ ထို့ကြောင့်။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို။ ဒေထေဝ ဒေထ ဇဝ၊ စေတနာစွမ်း သဒ္ဓါလွှမ်း၍ တတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းရကုန်သည် သာလျှင်တည်း။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူ၍။ ဥဘယံ၊ ပစ္စုပ္ပန်ပရ အဟုတ်ရသည့် ဒုက္ခဖုံဖုံ နှစ်ပါးစုံကို။ တရတိ၊ ဧကန်ပိုင်ပိုင် လွန်မြောက်နိုင်လေ၏။ ဥဘယဿ၊ ပစ္စုပ်သံသရာ ချမ်းသာပွားထုံ နှစ်ပါးစုံကိုလည်း။ တေန ဒါနေန၊ လှူဒါန်းစွန့်ခွာ ထိုဒါနဖြင့်။ ဂစ္ဆတိ ဥပဂစ္ဆတိ ပါပုဏာတိ၊ မရဏ်တောက်လျှောက် မပြတ်ပျောက်ဘဲ ကပ်ရောက်ရလေ၏။ တနည်း– ဥဘယံ၊ မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့ စီးပွားချမ်းသာ အဖြာဖြာကို။ ဂစ္ဆတိ ဥပဂစ္ဆတိ၊ မရဏ်တောက်လျှောက် မပြတ်ပျောက်ဘဲ ကပ်ရောက်ရလေ၏။ ဇဝံ၊ ဤသို့။ ဥဘယံ၊ ပြုပြီးခဲ့တဲ့ နည်းနှစ်ပါးစုံကို။ သမ္မာ ဒေတုံ၊ ယခုကစ မပျောက်ရအောင် လောက်ငကဲ့လုံ ပြည့်စုံစေခြင်းငှာ။ ဓာဂရုထ၊ အစဉ်ကိုးစား အကျိုးများအောင် နိုးကြားကြကုန်လော့။ မာ ပမဒ္ဓထ၊ သတိမပေါ့ မမေ့မလျော့ကြကုန်လင့်။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆိုလေ၏။

ဒေသနာတော်နှင့် စေသနာတော်၏အကျိုး

ထိုအခါ ကုန်သည်ဖြစ်သော သူသည် မိမိကိစ္စကို ပြီးစေ၍ ပြန်ခဲ့သည်ရှိသော် အစဉ်အတိုင်း သာဝတ္ထိပြည်သို့ရောက်၍ နှစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တင့်အပ်ဇလျှက်ပတ်စွာ နေ၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်လေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းခံကို အဌပ္ပတ်ပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏။ ဤဒေသနာတော်သည် များစွာသော လူအပေါင်းအား အကျိုးရှိသည် ဖြစ်လေ၏။

လှည်းဝင်ရိုးကူညီပေးခဲ့သူ ဘုမ္မစိုးနတ်ပြိတ္တာအကြောင်း ပြီး၏။

၁၄– ဒေဝဝဿဘရဏဝတ္ထု

စဉ်းလဲစွာ ရောင်းဝယ်ခဲ့ကြသည့် ဈေးသည် ပြိတ္တာမ လေးယောက်တို့အကြောင်း

မယံ ဘောဂေ သံဟရိမှာ အစရှိသော ဒေသနာတော်ဖြင့် ဘုန်ဆာဆင်အပ်သော ဤဝတ္ထုသည်ကား **ဘောဂသံဟရဏပေတိဝတ္ထု**ပေတည်း။

http://www.dhammadownload.com

စဉ်းလဲစွာရောင်းဝယ်သူ ဈေးသည်များ

ထိုဝတ္ထု၏ ဖြစ်ပေါ်လာပုံအကြောင်းရပ်အစုံမှာ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ လေးဖြာသော ဣရိယာပထဖြင့် မျှညီရွှင်ပြုံး သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ လေးယောက်သော မိန်းမတို့သည် ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ အစရှိသည်တို့၏ အစွမ်းဖြင့် ထောပတ်၊ ပျား၊ ဆီ အစရှိသည်တို့ကို ရောင်းဝယ်ခြင်းပြု၍ မသင်,မတင့်သောအားပြင့် စည်းစိမ်ဥစ္စာတို့ကို စုဆောင်းရှာဖွေ၍ အသက်မွေးကြကုန်၏။

ပြိတ္တာမများ ဖြစ်ရခြင်း

ထိုမိန်းမတို့ ကွယ်လွန်ကုန်သည်ရှိသော် မြို့၏အပြင်ဘက်၌ ပြိတ္တာမတို့ချည်းသာ ဖြစ်ကြရာကုန်၏။

ဆင်းရဲခြင်း ပြင်းပြသဖြင့် ငိုကြွေးကြခြင်း

ထိုပြိတ္တာမတို့သည် ညဉ့်အခါကာလ ဆင်းရဲဒုက္ခ ပြင်းပြစွာ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ယောင်ရမ်းမြည်တမ်းလျက် ကြောက်မက်ဖွယ်ရာ ကြီးစွာသော အသံကြီးဖြင့် ငိုကြွေးကြကုန်၏။

၈၀၁။ မယံ ဘောဂေ သံဟရိမှာ၊ သမေန ဝိသမေန စ။
တေ အညေ ပရိဘုဉ္ဇန္တိ၊ မယံ ဒုက္ခသာ ဘာဂိနီ။

၈၀၁။ မယံ၊ လွန်လွန်ကဲကဲ ဆင်းရဲကြီးထ ပြိတ္တာမဖြစ်ကြသော ငါတို့သည်။ သမေန စ၊ တရားနှင့်မလွတ် ညီညွတ်သဖြင့်လည်းကောင်း။ ဝိသမေန စ၊ တရားနှင့်မညီ မတည်ကြည်ဘဲ လိမ်လည်ကောက်ကျစ် စဉ်းလဲသဖြင့်လည်းကောင်း။ ဘောဂေ၊ စည်းစိမ်ဥစ္စာ ရတနာတို့ကို။ သံဟရိမှာ၊ သိုဝှက်ပြုကာ စုဆောင်းထားခဲ့ကြပါကုန်ပြီ။ တေ၊ ငါတို့တတွေ ရှာဖွေစုဆောင်း ထိုပစ္စည်းအပေါင်းတို့ကို။ အညေ၊ ငါတို့သေပျောက် အသစ်ရောက်သည့် နောက်လင်နောက်သား နောက်မယားတို့သည်။ ပရိဘုဉ္ဇန္တိ၊ ကောင်းစွာမသွေ သုံးဆောင် စားသောက်ကြလေကုန်၏။ မယံ၊ ဥစ္စာကိုသာ ဖွေရှာကြိုးကုတ် အကျွန်ုပ်တို့သည်။ ဒုက္ခသာ၊ ကြီးစွာသော ပြိတ္တာဆင်းရဲ၏။ ဘာဂိနီ၊ အဖို့ရှိကြပေကုန်သည်။ ဘဝါမ၊ ဖြစ်ကြရပါကုန်၏။

ပြိတ္တာတို့အော်ကြပုံကို ဘုရားရှင်အား လျှောက်ထား

လူတို့သည် တိုပြိတ္တာတို့၏ အော်သံကို ကြားရလျှင် ထိတ်လန့်ခြင်း ရှိကြ

http://www.dhammadownload.com

ကုန်သည်ဖြစ်၍ နံနက်မိုးလင်းသည်ရှိသော မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား အလှူကြီးကို စီရင်စေ၍ မြတ်စွာဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာတော်ကိုလည်းကောင်း ပင့်ဖိတ်၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးလျက် ဘုဉ်းပေးပြီးတော်မူသော သပိတ်မှ ချအပ်သော လက်ရှိတော်မူသော မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးကာ ထိုဖြစ်ပျက်ပုံ အကြောင်းစုံကို ကြားသိစေတော်မူကြကုန်၏။

မြတ်စွာဘုရားသည် "ဒါယကာတို့- သင်တို့အား ထိုအသံဖြင့် တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိ၊ လေးယောက်သော ပြိတ္တာမတို့သည် ဆင်းရဲခြင်းနှိပ်စက်အပ်ကုန်သည်ဖြစ်၍ မိမိသည် မကောင်းသဖြင့် ပြုအပ်သောအမှုကို ပြောဆိုကာ ငိုကြွေးသည်၏ အစွမ်းဖြင့် ဖောက်ပြန်သော အသံပြုကာ မြည်တမ်းလိုရကား ဤဂါထာကို ဆိုကြကုန်၏"ဟု မိန့်တော်မူ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဤသို့ မြတ်စွာဘုရားသည် ထိုပြိတ္တာမတို့ ပြောဆိုအပ်သော ဂါထာကို မိန့်တော်မူပြီးကာ တိုပြိတ္တာမတို့၏ ဖြစ်ပျက်ပုံကို ဟောကြားတော်မူလျက် ထို အကြောင်းစုံကို အဋ္ဌပ္ပတ်ပြု၍ ရောက်လာသော ပရိသတ်အား ဒေသနာတရား ဟောကြားတော်မူ၍ သစ္စာလေးပါးတို့ကို ထင်ရှားပြတော်မူ၏ အဆုံး၌ များစွာကုန်သော ဥပါသကာတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကြကုန်၏။

စဉ်းလဲစွာ ရောင်းဝယ်ခဲ့ကြသည့် ဈေးသည်ပြိတ္တာမ လေးယောက်တို့အကြောင်း ပြီး၏။

၁၅- သေဋ္ဌိဝတ္ထုဒေတဝတ္ထု

လောဟကုမ္ဘီဝရဲ၌ ကျရောက်ရသည့် လေးယောက်သော သူဌေးသား ပြိတ္တာတို့အကြောင်း

သဋ္ဌိဝဿသဟဿာနိ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဝတ္ထုသည်ကား **သေဋ္ဌိပုတ္တပေတဝတ္ထုပေတည်း**။

http://www.dhammadownload.com

မြို့တော်လှည့်စဉ် မိန်းမလှကိုမြင်၍ ခေါ်ခိုင်းခြင်း

ထိုဝတ္ထု၏ ဖြစ်ပေါ်လာပုံ အကြောင်းရပ်အစုံမှာ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းသည် တန်ဆာဆင်အပ် မြတ်သော ဆင်ကျောက်ကုန်းထက်၌ တက်စီးလျက် ကြီးကျယ်ခမ်းနားစွာသော မင်း၏တန်ခိုးအာနုဘော်ဖြင့် မြို့ကို အစဉ်လှည့်ပတ်သည်ရှိသော် တစ်ခုသောအိမ်၌ အထက်ပြာသာဒ်လေသာတံခါးကို ဖွင့်၍ မင်း၏တန်ခိုးကြီးခြင်းကို ကြည့်သော အဆင်း၏ပြည့်စုံခြင်းဖြင့် နတ်သမီးနှင့် တူသော မိန်းမတစ်ယောက်ကို မြင်လေ၏။ ရှေးဌာနမြင်ဖူးသော အာရုံ၌ အဆောတလျင်ဖြစ်သော ကိလေသာအစွမ်းဖြင့် ထကြွသော ရာဂ နိပ်စက်အပ်သော စိတ်ရှိသည်ဖြင့်၍ အမျိုး အဆင်း အကျင့်စသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံကုန်သော နန်းတွင်းသူတို့ ရှိပါကုန်သော်လည်း လျင်မြန်သော၊ အဆုံးမခက်ခဲသော စိတ်၏အစွမ်းဖြင့် ထိုမိန်းမ၌ တပ်နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ နောက်၌နေသော ယောကျ်ားအား "ဤပြာသာဒ်သို့တက်၍ ဤမိန်းမကို ခေါ်ဆောင် ချေ"ဟု သညာပေး၍ ရာဇဂြိုဟ်မြို့သို့ ဝင်လေ၏။

ကျန်သော အခြား အလုံးစုံသော အနက်အဓိပ္ပါယ်ကို အမွှသက္ကရပေတဝတ္ထု၌ လာသောနည်းအတိုင်းပင်လျှင် သိအပ်၏။

ဒုသနသောဟု အော်ကြုံ

ဤ၌ အထူးမှာ ယောကျ်ားသည် နေမဝင်မီပင်လျှင် ပြန်ရောက်လာ၍ မြို့တံခါးတို့ကို ပိတ်ထားသည်ရှိသော် မိမိဆောင်ယူခဲ့သော နေအရုဏ်အဆင်းရှိသော မြေညက်နှင့်ကြာတို့ကို မြို့တံခါးအရံ၌ ချိတ်ဆွဲ၍ အိပ်အံ့သောငှာ ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ ကြက်သရေရှိသော အိပ်ရာ၌ ကပ်ရောက်၍အိပ်နေသော မင်းသည်ကား ညဉ့်သန်းခေါင်ယာမ်၌ "သ, န, ဒု, သော"ဟူသော ဤအက္ခရာ လေးလုံးတို့ကို ကြီးစွာသော လည်ချောင်းဖြင့် ရွတ်ဆိုသကဲ့သို့ ဖောက်ပြန်သော အသံ၏ အစွမ်းဖြင့် ကြားရလေ၏။

ပရဒါရကံ ပြုသူမင်းသားများ

ထိုအက္ခရာလေးလုံးကို လွန်လေပြီးသောအခါ သာဝတ္ထိပြည်၌ နေကုန်သော စည်းစိမ်၌ ယစ်မူးမေ့လျော့ကုန်သော သူဌေးသား လေးယောက်တို့သည် ပဟ်ရွယ်သောကာလဝယ် သူတစ်ပါးသားမယား၌ လွန်ကျူးသည်၏အစွမ်းဖြင့် များစွာ

http://www.dhammadownload.com

သော မကောင်းမှုအကုသိုလ်ကို ပွားစေ၍ နောက်အဖို့၌ ကွယ်လွန်သည်ရှိသော် သာဝတ္ထိပြည်၏အနီး လောဟကုမ္ဘီ သံပူငရဲအိုး၌ဖြစ်၍ ခံရကုန်သော သူဌေးသား တို့သည် သံအိုးကင်း၏မျက်နှာဝသို့ ရောက်၍ တစ်ပုဒ်စီတစ်ပုဒ်စီသော ဂါထာကို ဆိုခြင်းငှာ အလိုရှိကုန်သည်ဖြစ်၍ ရွတ်ဆိုအပ်ကုန်သော သူတို့အား ထိုဂါထာတို့၏ အစ အက္ခရာတို့ကို ဆိုနိုင်ကြကုန်၏။ ထိုသူဌေးသားလေးယောက်တို့သည် ပထမ အက္ခရာကိုသာ ဆိုနိုင်၍ ဆင်းရဲလှစွာသော ဝေဒနာသို့ရောက်ပြီး လောဟကုမ္ဘီသံရည်ပူအိုးထဲသို့ သက်ရောက်ကြရကုန်၏။

လာဘ်မက်သူ ပုရောဟိတ်၏အမြင်

မင်းကြီးသည်ကား ထိုအသံကိုကြား၍ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ရှိသည်ဖြစ်၍ ထိုညဉ့်၏အကြွင်းကို ဆင်းရဲခြင်းဖြင့် လွန်စေ၍ ညဉ့်မိုးလင်းလတ်သော် ပုရောဟိတ်ကို ခေါ်စေပြီး ထိုအကြောင်းကို မိန့်ကြားလေ၏။ ပုရောဟိတ်သည် မင်းကြီး၏ ကြောက်ရွံ့ထိတ်လန့်ခြင်းရှိသည် အဖြစ်ကို သိ၍ လာဘ်၌တပ်မက်မောရကား "ဤကိစ္စသည် ငါတို့ပုဏ္ဏားတို့အား စင်စစ် လာဘ်ဖြစ်ဖို့ရာ မှန်ကန်သော အကြောင်းသည် ဖြစ်ပေ၏"ဟု ကြံ၍ "မြတ်သော မင်းကြီး ဖြစ်သော ဤဘေးရန်သည် ကြီးစွတကား၊ အလုံးစုံ အခြေလေးခုရှိသော ယဇ်ကို ပူဇော်တော်မူပါလော့"ဟု လျှောက်တင်လေ၏။

မင်းကြီးသည် ထိုပုရောဟိတ်၏စကားကို ကြား၍ အမတ်တို့ကို စေခိုင်းတော်မူ၏။ အဘယ်သို့ စေခိုင်းသနည်းဟူမူကား "အလုံးစုံ အခြေလေးခုရှိသော ယဇ်၏ အဆောက်အဦတို့ကို စီရင်ကြလေကုန်လော့"ဟု စေခိုင်းတော်မူလေ၏။

မြတ်စွာဘုရားအား လျှောက်ထားရန် မိဖုရားကြီး အကြံပေး

ယုံစကားကိုကြား၍ မလွိကာမိဖုရားကြီးသည် မင်းကြီးကို " မြတ်သော မင်းကြီး– အဘယ့်ကြောင့် ပုဏ္ဏား၏စကားကိုကြား၍ များစွာသော သတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်း ကိစ္စကို ပြုခြင်းငှာ အလိုရှိရပါသနည်း၊ အလုံးစုံသော တရားတို့၌ အပိတ်အပင် အတားအဆီးမရှိသော ဉာဏ်၏ကျက်စားခြင်းရှိတော်မူသော မြတ်စွာဘုရားကို မေးလျှောက်အုပ်သည် မဟုတ်ပါလော၊ အကြင်အခြင်းအရာဖြင့်ကား မြတ်စွာဘုရားသည် သင်မင်းမြတ်အား ဖြေကြားတော်မူလတ္တံ့၊ ထိုသို့သော အခြင်းအရာအားဖြင့် ကျင့်အပ်ပါ၏"ဟု ဤသို့ လျှောက်တင်လေ၏။

http://www.dhammadownload.com

မြတ်စွာဘုရားအား လျှောက်ထားခြင်း

မင်းကြီးသည် ထိုမလွိကာမိဖုရားကြီး၏စကားကို ကြား၍ ဘုရားရှင်၏ အထံသို့ သွားပြီးကာ ထိုဖြစ်ပျက်ပုံ အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏။

မင်းကြီးအတွက် အန္တရာယ်မရှိ

မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး- ထိုအကြောင်းကြောင့် သင်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်မရှိ"ဟု မိန့်တော်မူ၍ အစမှစ၍ လောဟကုမ္ဘီ 'သံရည်ပူငရဲအိုး'၌ ဖြစ်သော ထိုသတ္တဝါတို့၏ ဖြစ်ပျက်ပုံကို မိန့်တော်မူကာ ထိုသတ္တဝါတို့သည် အသီးအသီး ရွတ်ဆိုခြင်းငှာ အားထုတ်အပ်သော ဂါထာတို့ကို အပြည့်အစုံပြုကာ ဟောကြားတော်မူ၏။

၈၀၂။ သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

၈၀၂။ ဘဝန္တော မာရိသာ၊ အိုအချင်းတို့။ နိရယေ၊ ပူလောင်ပြင်းပြ ကြီးမားလှသည့် လောဟကုမ္ဘီ ငရဲအိုး၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပစ္စမာနာနံ၊ မပျက်မပျောက် ကံပင့်မြှောက်သဖြင့် ထက်အောက်ဆန်စုန် ခံရကုန်သော ငါတို့အား။ သဋ္ဌိဝဿသဟဿာနိ၊ သန်းပေါင်းတွက်စစ် သက္ကရာဇ်စုပေါင်း အနှစ်ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ကျရောက်သည်မှ ယနေ့ကျအောင် ပြည့်ကြပေကုန်ပြီ။ ကဒါ၊ ဘယ်ချိန်ဘယ်နှစ် ဘယ်သည့်ခေတ်၌။ အန္တော၊ အပြင်းအထန် ပူပန်လွန်ကဲ ဤသံပူငရဲ၏အဆုံးသည်။ ဘဝိဿတိ၊ လွတ်ဖို့မသွေ ဖြစ်ရပေအုံ့ပါနည်း။

၈၀၃။ နတ္ထိ အန္တော ကုတော အန္တော၊ နာ အန္တော ပဋိဒိဿတိ။
တထာ ဟိ ပကတံ ပါပံ၊ တုယှံ မယှဉ္စ မာရိသ။

၈၀၃။မာရိသာ၊ မိတ်ဆွေရောင်းရင်း အိုအချင်းတို့။ တုယှဉ္စ၊ သင့်အားလည်းကောင်း။ မယှဉ္စ၊ ငါ့အားလည်းကောင်း။ ကွမသာ ဒုက္ခဿ၊ သံပူငရဲ ဝဋ်ဆင်းရဲ၏။ အန္တော၊ အပြီးအတုံး ကမ်းအဆုံးသည်။ ကုတောနတ္ထိ၊ တကယ်ကြည့်က အဘယ်မှာရှိတော့ပါအုံးနည်း။ အန္တော၊ ပွက်ဆူမစဲ တရှဲရှဲနှင့် လောင်စွဲပိတ်ဖုံး ငရဲအဆုံး ---။ နာ ပဋိဒိဿတိ၊ လုံးဝကိုပင် မထင်မြင်တော့ပါ။ တထာ၊ ထိုသို့သော အပြားအားဖြင့်။ ပါပံ၊ ပရဒါရာ သုရာစုတ္တ အဝဝနှင့် အဓမ္မပြု မကောင်းမှုကို။ တယာ စ၊ သင်သည်လည်းကောင်း။ မယာစ၊ ငါသည်လည်းကောင်း။ ပကတံ၊ မစင်မဖြူ အယူအဆ စိတ်တူမျှစွာ ပြုလုပ်အပ်ခဲ့ပါပြီ။

၈၀၄။ ဒုဒ္ဒိတမဇိဝိမှ၊ ယော သန္တော နာ ဒဒမုသော။
သန္တော သု ဒေယျဓမ္မော သု၊ ဒိပံ နာကမှ အတ္တနော။

http://www.dhammadownload.com

၈၀၄။ ဘဝန္တော ဟာရိသာ၊ မိတ်ဆွေတသင်း အိုအချင်းတို့။ ယေ မယံ၊ လောဟကုမ္ဘိ သံရည်ပူတွင်း ကျဆင်းရောက်လာ အကြင်ငါတို့သည်။ သံ၊ မိမိကိုယ်တိုင် ပိုင်ဆိုင်သောအား ထင်ရှားရှိသော ဥစ္စာကို။ နာ ဒဒမှသေ၊ မစ္ဆေရန္ဓယ် ဆို့ပိတ်ကွယ်၍ နည်းငယ်လောက်မျှ မပေးလှူမိခဲ့ကြကုန်။ တေ မယံ၊ ထိုငါတို့သည်။ ဒုဒ္ဒိဝိတံ၊ ကုသိုလ်မေ့လစ် လူ့အဖြစ်နှင့် လ နှစ်ရှည်ကြာ ယုတ်မာသောင်းကြောင်း မကောင်းသော အသက်မွေးခြင်းကို။ အဇီဝိမှ၊ မဟုတ်မတဲ့ တရားမဲ့စွာ မွေးမိခဲ့ကြပါကုန်ပြီ။ ဒေယျမေ့သု၊ လူဒါန်းဖွယ်စု ပစ္စည်းဝတ္ထုတို့သည်။ သန္တေသု၊ ပြည့်ပြည့်စုံစုံ ရှိကြပါကုန်လျက်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ သံသရာရေတွင် အစဉ်ပေါ်ထွန်း ကောင်းမှုတည်းဟူသော ကျွန်းကို။ နာကမှ၊ အရေးတစိုက် မပြုလိုက်မိကြပါကုန်။

၈၀၅။ သော ဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

၈၀၅။ သော အဟံ၊ ပရဒါရ စသည်သွားလာ မိုက်သောငါသည်။ ဣတော၊ ဤလောဟကုမ္ဘီ ငရဲ မှ။ ဂန္တွာ၊ ကဲစွမ်းကုန်လောက်၍ လွတ်မြောက်သွားသည် ရှိသော်။ မာနုသိံ ယောနိံ၊ ရခဲလှစွာ လူ့ဩာလူစစ် လူ့အဖြစ်ကို။ လဒ္ဓါန၊ ကံကောင်း ထောက်မ၍ ရခဲ့သည်ရှိသော်။ ဝဒညူ၊ အထူးသတိ ကျေးဇူးကို သိသည်ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ကုသလံ၊ ဘဝနောင်ခါ ချမ်းသာပေတတ် ကုသိုလ်မြတ်ကို။ ဗဟုံ၊ တတ်စွမ်းသမျှ များလှစွာ။ ကာဟာမိ နူန၊ မပေါ့မဆ ပြုလုပ်ပါတော့မည်တကား။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၍ အကျယ်အားဖြင့် ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌ မြေညက်နှင့် နီသော ပဒုမ္မာကြာကို ဆောင်သော ယောကျ်ားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ မင်းကြီးသည် ဖြစ်သော ထိုက်လန့်ခြင်းရှိသည်ဖြစ်၍ သူတစ်ပါးဘဲမ်းဆည်းထားအပ်သော ဥစ္စာ၌ အလိုကြီးခြင်း အဘိဇ္ဈာကို ပယ်စွန့်၍ မိမိမယားဒေါ်ရောင့်ရဲခြင်းသည် ဖြစ်လေ၏။

လောဟကုမ္ဘီငရဲ၌ ကျရောက်ရသည့် လေးယောက်သော သူခြွေးသား ပြိတ္တာတို့အကြောင်း ပြီး၏။

http://www.dhammadownload.com

၁၆- သင်္ဂီကူဒုပေတဝတ္ထု

ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းတော်ကို ကျောက်စရစ်ခဲဖြင့် ပစ်ခတ်မိသဖြင့် သံတူခြောက်သောင်း ဦးခေါင်းအခွံ ခံရသော ပြိတ္တာအကြောင်း

ကိ နု ဥမ္မတ္တရူပေါ၀ အစရှိသော ဒေသနာတော်ဖြင့် တန်ဆာဆင်အပ်သော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ညောင်ရွက်၌ အရုပ်ဖြစ်အောင် ကျောက်ရစ်ပစ်နိုင်သူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော ဆွဲ့အသူသည် ကျောက်စရစ်ခဲကို ပစ်၍ ကစားသော အတတ်၌ လိမ္မာ၏။ ထိုကျောက်စရစ်ခဲ ပစ်ခြင်းအတတ် ပြီးဆုံးခြင်းသို့ ရောက်သည်ရှိသော် မြို့တံခါး၏ အနီးဖြစ်သော ညောင်ပင်ရင်း၌နေလျက် ညောင်ရွက်တို့ကို ကျောက်စရစ်ခဲတို့ဖြင့် ပစ်သဖြင့် ဆင်၊ မြင်း၊ လူ၊ ရထား၊ စုလစ်မွန်းခွန်တပ်သောအိပ်၊ တံခွန်၊ ကုက္ကား၊ ရေပြည်အိုး အစရှိသော အရုပ်များ ညောင်ပင်၏အရွက်တို့၌ ထင်လေ၏။ မြို့သား ကလေးငယ်တို့သည် မိမိတို့ ကစားဖို့ရာ တစ်ပဲ၊ ပဲဝက် အစရှိသော အသပြာတို့ကိုပေး၍ အလိုရှိအပ်ကုန်သော အတတ်တို့ကို ပြုစေကုန်၏။ ၀ါ- အရုပ်တို့ကို ပစ်စေကုန်၏။

အရုပ်ထင်နေသော အရွက်မြင်၍ မင်းကြီးမေးပုံ

ထိုအခါ တစ်နေ့သ၌ ဗာရာဏသီမင်းသည် မြို့မှထွက်၍ ထိုညောင်ရွက်တို့၌ ဆင်ရုပ် အစရှိသည်တို့၏ အစွမ်းဖြင့် အထူးထူးသော အရုပ်တို့ဖြင့် ခွဲခြား၍ တင်ထားအပ်သည်တို့ကို တွေ့မြင်ရကား လူတို့ကို "အဘယ်သူသည် အရုပ်တို့ဖြင့် ခွဲခြားပြခြင်းကို ပြုသနည်း"ဟု မေးမြန်းတော်မူလေ၏။

ဆွဲ့အ ယောကျ်ားကို ညွှန်ပြကြခြင်း

လူတို့သည် ထို ဆွဲ့အသော ယောကျ်ားကို "အရှင်မင်းကြီး၊ ဤသူသည် ပြုအပ်ပါ၏"ဟု ပြကြလေကုန်၏။

ပုရောဟိတ်ဝမ်းအတွင်း ဆိတ်ချေးပစ်သွင်း

မင်းကြီးသည် ဆွဲ့အသော ယောကျ်ားကို ခေါ်တော်မူစေ၍ "အချင်း၊ ငါ ပြအပ်သော ယောကျ်ားတစ်ယောက်ကို စကားပြောဆိုနေစဉ် မသိအောင် ဝမ်း၌ ဆိတ်ချေးတို့ဖြင့် ပြည့်စေခြင်းငှာ တတ်နိုင်ပါအံ့လော"ဟု မေးမြန်းတော်မူလေ၏။

http://www.dhammadownload.com

ငဆွံ့သည် "အရှင်မင်းကြီး၊ တတ်နိုင်ပါ၏ဘုရား" ဟု သံတော်ဦးတင်လေ၏။ မင်းကြီးသည် ထိုငဆွံ့ကို မိမိ၏နန်းတော်သို့ ခေါ်ဆောင်၍ စကားများသော ပုရောဟိတ်ပုဏ္ဏားကို ငြိုးငွေ့တော်မူသည်ဖြစ်၍ ပုရောဟိတ်ပုဏ္ဏားကို ခေါ်စေပြီးလျှင် ပုရောဟိတ်နှင့်တကွ ဆိတ်ငြိမ်ရာအရပ် တင့်တိပ် ကန့်လန့်ကာတို့ဖြင့် ကာရံအပ်သော အရပ်၌ နေစေပြီးကာ တိုင်ပင်ကြသည်ရှိသော် ငဆွံ့ကို ခေါ်စေ၏။ ငဆွံ့သည် တစ်ခွက်သား မျှလောက်သော ဆိတ်ချေးတို့ကိုယူ၍ သွားရောက်ပြီးလျှင် မင်း၏အမူအရာကို သိ၍ ပုရောဟိတ်သို့ ရှေးရှုထိုင်လျက် ထိုပုရောဟိတ် ခံတွင်းကို ဖွင့်ဟသည်ရှိသော် တင်းတိမ်ကန့်လန့်ကာ အပေါက်မှ တစ်လုံးတစ်လုံးသော ဆိတ်ချေးကို ပုရောဟိတ်၏လည်ချောင်းရင်း၌ ပစ်ထည့်လေ၏။

ပုရောဟိတ်သည် ရုက်နိုးလှသဖြင့် ထွေးအန်၍ ပစ်ခြင်းငှာ မတတ်နိုင်ရကား ပစ်သမျှ အလုံးစုံသော ဆိတ်ချေးတို့ကို မျိုချလေ၏။ ထိုအခါ မင်းသည် ပုရောဟိတ်အား ဆိတ်ချေးတို့ဖြင့်ပြည့်သော ဝမ်ဗိုက်ကို စွန့်ယိုခိုင်းစေ၏။ "ပုဏ္ဏား-သွားချေ၊ သင်သည် စကားများခြင်း၏အကျိုးကို ရအပ်ပေ၏။ သမင်စာသီး, ငခေါက် အစရှိသည်တို့ဖြင့် စီရင်ဖော်စပ်အပ်သော ဆေးအဖျော်ကိုယူ၍ ဝမ်းနှုတ်ချေဦးလော့၊ ဤသို့ ဝမ်းနှုတ်သည်ရှိသော် သင့်အား ချမ်းသာရာ ရလတ္တံ့" ဟု မိန့်တော်မူလေ၏။

၁၄ ရွာ အပိုင်စားပေးခြင်း ခံရ

ထိုငဆွံ့အားလည်း ဆိတ်ချေးပစ်သော အမှုဖြင့်ပင် ဝမ်းမြောက်သောစိတ် ရှိသည်ပြစ်၍ တစ်ဆယ်လေးရွာတို့ကို အပိုင်စား ချီးမြှင့်ပေးသနားတော်မူလေ၏။ ထိုငဆွံ့သည် တစ်ဆယ့်လေးရွာတို့ကို ရ၍ မိမိကိုယ်ကို ချမ်းသာနှစ်သက်စေ၏။ သူတစ်ပါးကိုလည်း ချမ်းသာနှစ်သက်စေ၏။ ရဟန်းပုဏ္ဏားတို့အား ထိုက်သည်အားလျော်စွာ တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုကို ပေးလှူလျက် ဤပစ္စက္ခဘဝ၌လည်းကောင်း၊ တမလွန် နောက်နောက်ဘဝ၌လည်းကောင်း ဖြစ်သောအကျိုးကို မယုတ်စေမူ၍ ချမ်းသာစွာသာလျှင် အသက်မွေး၍ နေလေ၏။ မိမိအထံသို့ ကပ်ရောက်လာကုန်သော သူတို့အာလည်းကောင်း အတတ်ကို သင်ယူသော သူတို့အားလည်းကောင်း ထမင်းရိက္ခာ လခကို ပေးလေ၏။

ပစ္စေကဗုဒ္ဓါကို ခဲဖြင့်ပစ်သူ

ထိုအခါ တစ်ယောက်သောယောကျ်ားသည် ငဆွံ့ထံသို့ ကပ်၍ "ဆရာ-ကျွန်တော် တောင်းပန်ပါ၏၊ ကျွန်တော့်ကိုလည်း ဤဓနရတနာစရစ်ခဲပစ် အတတ်ကို

http://www.dhammadownload.com

သင်ကြားပေးပါလော့၊ ကျွန်တော်အား ထမင်းလခရိက္ခာဖြင့် အလိုမရှိပါ" ဟု ပြောဆိုလေ၏။ ဇဆွဲသည် ထိုသင်ကြားလိုသော ယောကျ်ားအား ကျောက်စရစ်ခဲ ပစ်အတတ်ကို သင်ပေးလေ၏။ ထိုယောကျ်ားသည် သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ ကျောက်စရစ်ခဲ ပစ်အတတ်ကို စုံစမ်းလိုသည်ဖြစ်၍ သွားပြီးလျှင် ဂင်္ဂါမြစ်ကမ်းဌ သီတင်းသုံးနေတော်မူသော သုနေတ္တအမည်ရှိသော ပစ္စေကဗုဒ္ဓါ၏ ဦးခေါင်းတော်ကို ကျောက်စရစ်ခဲဖြင့် ပစ်ခတ်ခြင်းကြောင့် ကွဲသွားလေ၏။ ပစ္စေကဗုဒ္ဓါသည် ထိုဂင်္ဂါမြစ်ကမ်းဌပင်လျှင် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

ပြိတ္တာဖြစ်ခြင်း

လူတို့သည် ထိုဖြစ်ပျက်ပုံ အကြောင်းစုံတို့ကို ကြားရ၍ ထိုကျောက်စရစ်ခဲဖြင့် ပစ်ခတ်သော ယောကျ်ားကို ဂင်္ဂါမြစ်ကမ်းဌပင်လျှင် ခဲ၊ ဒုတ် စသည်တို့ဖြင့် ရိုက်နှက်ပစ်ခတ်၍ သတ်ဖြတ်လိုက်ကြကုန်၏။ ထိုယောကျ်ားသည် သေလွန်သည်ရှိသော် မဟာအဝီစိငရဲကြီးဌ ဖြစ်၍ များစွာသော နှစ်အထောင်တို့ပတ်လုံး ငရဲဌခံရ၍ ထိုမကောင်းမှုကျိုး၏အစွမ်းဖြင့် ဤ ငါတို့ ဂေါတမဘုရားရှင် ပွင့်တော်မူသောကာလဌ ရာဇဂြိုဟ်မြို့၏အနီးဝယ် ပြိတ္တာဖြစ်၍ နေရရှာလေ၏။

ကံတူအကျိုးပေး

ထိုပြိတ္တာအား ကံနှင့်တူသော အကျိုးသည် ဖြစ်လေ၏။ နံနက်အခါဌ လည်းကောင်း၊ ညချမ်းအခါဌလည်းကောင်း၊ နေ့လယ်ခင်းအခါဌလည်းကောင်း ကံ၏အဟုန်သည် ပစ်ချအပ်ကုန်သော ခြောက်သောင်းသော သံတူတို့သည် ဦးခေါင်းထက်ဌ ကျရောက်ကုန်၏။ ထိုပြိတ္တာသည် ပေါက်ကွဲသော ဦးခေါင်းရှိသည်ဖြစ်၍ အလွန်ပြင်းစွာ နာကျင်သော ဝေဒနာသို့ရောက်လျက် မြေဌ လဲကျလေ၏။ သံတူတို့သည် ကင်းကွာကာမျှ ဖြစ်ကုန်သည်ရှိသော် ပကတိသော ဦးခေါင်းရှိသည်ဖြစ်၍ တည်လေ၏။ ထိုအခါ တစ်နေ့သဌ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ဂိဇ္ဈကူဋ်တောင်မှ ဆင်းသက်တော်မူခဲ့သည်ရှိသော် ပြိတ္တာကို မြင်တော်မူ၍ အောက်ပါဂါထာဖြင့် မေးမြန်းတော်မူလေ၏။

၈၀၆။ ကိ နု ဥမ္မတ္တရူပေါ၀၊ မိဂေါ ဘန္တောဝ ဓာဝသိ။
နိသဿယံ ပါပကမ္မန္တော၊ ကိ နု သဒ္ဒါယသေ တုဝံ။

၈၀၆။ ဘောပုရိသ၊ အသွင်ဖောက်ပြား အိုယောကျ်ား။ ကိ နု၊ အဘယ်အကြောင်းကြောင့်။ တုဝံ၊ သင်သည်။ ဥမ္မတ္တရူပေါ၀၊ သူရူးကဲ့သို့လည်းကောင်း၊

http://www.dhammadownload.com

ဘန္တေ၁၊ ကြောက်လန့်သဖြင့် တုန်လှုပ်၍နေသော။ မိဂေါ၀၊ သားသမင်ကဲ့သို့ လည်းကောင်း။ ဓာ၀သိ၊ ထိုဤအရပ် မတည်ကပ်ဘဲ ပြေးသွား၍ နေဘိသနည်း။ ဘော ပုရိသ၊ အမောင်ယောကျ်ား။ တုဝံ၊ သင်သည်။ နိဿသယံ၊ ယုံမှား မဲ့။ ပါပကမ္မံ၊ ကုသိုလ်ဘက်တွင် အမြင်ကွေ့ကောက် အစဉ်မေ့ပျောက်၍ ရှေ့နောက်မရှု မကောင်းမှုရှိလျက်။ ကိ နု၊ အဘယ်အကြောင်းကြောင့်။ သဒ္ဒါယသေ၊ အကြောက်မြန်၍ ဖောက်ပြန်သမှု အသံပြုကာ မြည်တမ်းနေဘိသနည်း။

ထိုစကားကိုကြား၍ ပြိတ္တာသည် အောက်ပါနှစ်ဂါထာတို့ဖြင့် ဖြေဆိုလျှောက်ထားလေ၏။

၈၀၇။ အဟံ ဘဒန္တေ ပေတောမှိ၊ ဒုဂ္ဂတော ယမလောကိကော။
ပါပကမ္မံ ကရိတ္ထာန၊ ပေတလောကံ ဂတော ဂတော။
၈၀၈။ သဋ္ဌိ ကူဋသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
သိသေ မယှံ နိပတန္တိ၊ တေ ဘိန္နဿိ စ မတ္ထကံ။

နံပါတ် ၈၀၇– ဂါထာ၏အနက်ကို ရှေ့ပိုင်းတွင် ပါရှိပြီး။

၈၀၈။ ဘန္တေ၊ အရှင်မောဂ္ဂလာန် အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်၏။ သိသေ၊ ဦးခေါင်း၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပရိပုဏ္ဏာနိ၊ မယုတ်မလျော့ကုန်သော။ သဋ္ဌိ ကူဋသဟဿာနိ၊ တွက်စစ်စုပေါင်း ခြောက်သောင်းသော သံတူတို့သည်။ နိပတန္တိ၊ အပြင်းအထန် ကျမှန်ပါကုန်၏။ တေ၊ ထိုခြောက်သောင်းသော သံတူတို့သည်။ မတ္ထကံ၊ ပါပက်ကျိုး မည်ဦးမဆိတ် အကျွန်ုပ်၏ထိပ်ကို။ ဘိန္နဿိ စ၊ မနှေးအမြန် သွေးသံမစဲ ဟက်တက်ကွဲအောင် ခွဲလည်းခွဲပါကုန်သည်ဘုရား။

ထိုအခါ ပြိတ္တာကို အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ကိုယ်, နှုတ်, စိတ် သုံပါးတို့တွင် အဘယ်မကောင်းမှုကံကြောင့် သံတူခြောက်သောင်း သင်၏ ဦးခေါင်း၌ ကျခွဲသနည်းဟု မေးမြန်းတော်မူ လိုရကား အောက်ပါနှစ်ဂါထာတို့ကို မိန့်တော်မူလေ၏။

၈၀၉။ ကိ နု ကာယေန ဝါစာယ၊ မနသာ ဒုက္ကဋံ ကတံ။
ကိဿကမ္မဝိပါကေန၊ ဣဒံ ဒုက္ခံ နိဂစ္ဆသိ။
၈၁၀။ သဋ္ဌိ ကူဋသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
သိသေ တုယှံ နိပတန္တိ၊ တေ ဘိန္နဿိ စ မတ္ထကံ။

ဤဂါထာများ၏အနက်များ ရှေ့ပိုင်း၌ ပါရှိပြီ။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်အား ပြိတ္တာသည် မိမိပြုလုပ်ခဲ့သော အကြောင်းကံကို လျှောက်ထားလိုရကား အောက်ပါ သုံးဂါထာတို့ကို ဆိုလေ၏။

http://www.dhammadownload.com

၈၁။ အထဒ္ဓသာသိ သမ္မုဒ္ဒ၊ သုနေတ္တ ဘာဝိတိန္ဒြိယ။
နိသိန္နံ ရုက္ခမူလသ္မိံ၊ ဈာယန္တံ အကုတောဘယံ။
၈၂။ သာလိတ္ထကပွဟာရေန၊ ဘိန္နိဿံ တဿ မတ္ထကံ။
တဿ ကမ္မဝိပါကေန၊ ဣဒံ ဒုက္ခံ နိဂစ္ဆိသံ။
၈၃။ သဒ္ဓိ ကုဋသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
သိသေ မယံ နိပတန္တိ၊ တေ ဘိန္နန္တိ ဧ မတ္ထကံ။

၈၁။ အထ၊ လူဖြစ်စဉ်ဘဝ ထိုကာလက။ ဘာဝိတိန္ဒြိယ်၊ ပွားများအပ်သည့် သဒ္ဓါစသော ဣန္ဒြေရှိသော။ ရုက္ခမူလသို့၊ အရွက်အခက် စပ်ယှက်ပြည့်တင်း သစ်ပင်ရင်း၌။ ဈာယန္တံ၊ အမြတ်ပိုလျှံ ဖိုလ်ဈာန်ကို ရှုတော်မူလျက်။ အကုတောဘယံ၊ အပြီးကျွတ်ဝေး ကင်းလွတ်သော ဝဋ်ဘေးရှိတော်မူသော။ နိသိန်နံ၊ သုနေတ္တ-ဟု ဘွဲ့သထင်ပေါ် အမည်တော်ရှိသော။ သမ္မုဒ္ဒံ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်စွာကို။ အဒ္ဒ သာသိ၊ ရှေ့တွင်မသွေ တွေ့မြင်ခဲ့လေ၏။

၈၂။ သာလိတ္ထကပွဟာရေန၊ စိတ်ထားညစ်ပတ် အပြစ်ကပ်အောင် ကျောက်စရစ်နှင့် ပစ်ခတ်မိပါသဖြင့်။ တဿ၊ အပြစ်ဒဏ်ဟူ ရန်မမူသည့် မာန်မြူကင်းကွာ ထိုပစ္စေကဗုဒ္ဓါ၏။ မတ္ထကံ၊ ကိုယ်ခြေဗပေါ် ဦးထိပ်တော်ကို။ အဟံ၊ အကြောင်းအကျိုး ကောင်းဆိုးမမြော် တပည့်တော်သည်။ ဘိန္နိဿံ၊ သွေးစိမ်းရှင်ရှင် တသွင်သွင်နှင့် နိဗ္ဗာန်ဝင်ကြွအောင် ကွဲစေရလေပြီ။ တဿ ကမ္မဝိပါကေန၊ ယုတ်မာညစ်ညမ်း မိုက်ကမ်းဖောက်ပြန် ထိုမကောင်းကံ၏ ကျိုးဝိပါက်ဖြင့်။ ဣဒံ ဒုက္ခံ၊ သံတူခြောက် သောင်း တစ်ထောင်းထောင်းနှင့် မပြောင်းမစဲ ဦးခေါင်းခွဲခြင်းဟု ဆိုအပ်သော ဤဆင်းရဲဝေဒနာကို။ နိဂစ္ဆိသံ၊ မဖောက်မသွေ ရောက်ရပေ၏ဘုရား။

နံပါတ် ၈၃- ဂါထာ၏အနက်ပေးနည်း လွယ်ပြီ။

ထိုစကားကိုကြားတော်မူ၍ မထေရ်မြတ်သည် မိမိပြုအပ်ခဲ့သော မကောင်း မှုခံနှင့်လျော်စွာ ယခုအခါ ရှေးရှေးက ပြုခဲ့သောကံ၏အကျိုးကို ရပေ၏ဟု ပြတော်မူလိုသောကြောင့် အောက်ပါ အဆုံးဂါထာကို မိန့်ဆိုတော်မူလေ၏။

၈၄။ ဧမွေန တေ ကာပုရိသ၊
သဒ္ဓိ ကုဋသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
သိသေ တုယံ် နိပေတန္တိ၊ တေ ဘိန္နန္တိ ဧ မတ္ထကံ။

၈၄။ ကာပုရိသ၊ စိတ်ကောင်းမထား အိုယောကျ်ားယုတ်။ တေ၊ သင် ယောကျ်ား၏။ တသ္မိံ၊ ထိုပစ္စေကဗုဒ္ဓါ ဘုရားမြတ်စွာ၌။ မ ဧမွေန၊ သင့်တော်စွာသော အကြောင်းဖြင့်။ တုယံ်၊ သင်၏။ သိသေ၊ ဦးခေါင်း၌။ သဗ္ဗသော၊ အချင်းခပ်သိမ်း။

http://www.dhammadownload.com

ပရိပုဏ္ဏာနိ၊ မယုတ်မလျော့ကုန်သော။ သဋ္ဌိ ကူဋသဟဿသ္သာနိ၊ တွက်စစ်စုပေါင်း ခြောက်သောင်းသော သံတူတို့သည်။ နိပတန္တိ၊ အပြင်းအထန် ကျမှန်ကုန်၏။ တေ၊ ထိုခြောက်သောင်းသော သံတူတို့သည်။ မတ္ထကံ၊ ပါပက်ကျိုး မည်မျှမဆိတ် သင်၏ထိပ်ကို။ ဘိန္နန္တိ စ၊ မနေးမမြန် သွေးသံမစဲ ဟက်တက်ကွဲအောင် ခွဲကုန်သည်သာလျှင်တည်း။

ဘုရားရှင်အား လျှောက်ထားပုံ

ဤသို့ မိန့်တော်မူပြီးသည်မှနောက် မြို့၌ ဆွမ်းအလို့ငှာ လှည့်လည်တော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ညချမ်းအခါ၌ ဘုရားရှင်သို့ ချဉ်းကပ်တော်မူကာ ထိုဖြစ်ပျက်ပုံအကြောင်းစုံကို လျှောက်ထားလေ၏။

ဒေသနာတော်နှင့် ဒေသနာတော်၏အကျိုး

ဘုရားရှင်သည် ထိုဖြစ်ပျက်ပုံကို အဋ္ဌုပ္ပတ္တိပြုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူသည်ရှိသော် ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့၏ ဂုဏ်ကျေးဇူး အာနုဘော်ကိုလည်းကောင်း၊ ကုသိုလ် အကုသိုလ်ကံတို့၏ မမြဲသည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားပြတော်မူလေ၏။ လူများအပေါင်းသည် ဖြစ်သောထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ မကောင်းမှုကို ပယ်စွန့်၍ ဒါနအစရှိသော ကုသိုလ်ကောင်းမှုဌ၌ မွေ့လျော်ခြင်းသည် ဖြစ်လေ၏။

သဋ္ဌိကူဋပေတဝတ္ထုပြီး၏။

ဤတွင် ခုဒ္ဒကနိကာယ် ပေတဝတ္ထု အဋ္ဌကထာ ပုံတော်စုံမဟာ ပေတဝတ္ထု တော်ကြီး၌ တစ်ဆယ့်ခြောက်ခုသော အကြောင်းရပ်တို့ဖြင့် တန်ဆာဆင်အပ်သော လေးခုမြောက် မဟာဝဂ်၏အဖွင့်သည် ဆုံးခန်းတိုင်မြောက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

http://www.dhammadownload.com

နိဂုံး

မဟာမိတ္တကုလေ ဇာတော၊ သိန်းထွန်းတိ ဒန္တ စာရိကော။
မနောရမံ ပေတဝတ္ထု၊ ဌကထံ ပါဠိဘာသိတံ။
မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပါယတိ၊
ပုညထာဝရလာဘာယ၊ မဋ္ဌ ဗုဒ္ဓဃုသီယတိ။

မဟာမိတ္တကုလေ၊ သာသနာ့ကပ်ည်ောင်း သူတော်မြတ်အပေါင်းတို့၏ လမ်းကြောင်းသဘာဝ ကလျာဏမိတ်စစ် ဂုဏ်သနစ်ဖြင့် ထွန်းသစ်ကျော်ဟည်း ကောင်းမြတ်သော မျိုးရိုးကြီး၌။ ဇာတော၊ ပါရမီညှန့်ဖူး ကောင်းမှုထူးတို့ ဖြည့်ဖူး သည့်အလျောက် ထွန်းပေါက်သန့်စင် ကောင်းစွာ ဖွားမြင်သော။ ဒန္တ စာရိကော၊ ကိုယ်နှုတ်နှလုံး ယဉ်ယဉ်သုံးလျက် ဆုံးမ ချက်ပိုက် ကိုယ်၌ စာနစာ ဝါသနာဖြင့် ညီညာတင့်အောင် ပြုကျင့်လေ့ ရှိသော။ သိန်းထွန်းတိ၊ ပရိယတ်သာသနာ ပိဋကတ်အဖြာဖြာကို လျင်စွာပြန့်ရေး အဘက်ဘက်မှ အားပေးခဲ့သည့် ဦးသိန်းထွန်း အမည်သာ ဥပါသကာသည်။ မနောရမံ၊ သူမြတ်တို့နှုန်း အမြိုက်ထုံးဟု နှလုံး ထွက်မြတ် မွေ့လျော်အပ်သော။ ပါဠိဘာသိတံ၊ ဘာသာတက်ဖျား ပါဠိအားဖြင့် ထင်ရှားရှိသော။ ပေတဝတ္ထုဌကထံ၊ နိဗ္ဗာန်ပေးကြောင်း ဂုဏ်ပေါင်းကြို့ခ ပေတ ဝတ္ထု အဋ္ဌကထာ ကျမ်းကြီးစွာကို။ မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ သာသနာမြတ်ဦး မြန်မာမျိုးတို့၏ အကျိုးများစွာ ဖြစ်စိမ့်ငှာဟု မြန်မာသနစ် ဝတ္ထုသွား စကားပြေ ဖြစ်စေသော အဖြစ်ဖြင့်။ ပုညထာဝရ လာဘာယ၊ ငါးထောင်နှစ်စွဲ တည်မလွဲဟု အမြဲထာဝရ မြတ်ပုညကို လက်ရသိမ်းချုပ် ထိန်းအုပ်နိုင်ပါစေခြင်း အကျိုးငှာ။ ကုမာရကဿပါယတိ၊ သီဟိုဠ်ဘာသာ ပေတဝတ္ထုမှ မဂဓဘာသာ ပေတဝတ္ထု ဖြစ်အောင် ပြန်ဆိုရေးသားစိမ့်သောငှာ အရှင်ဗုဒ္ဓဃောသကို တောင်းပန်သော အရှင်ကုမာရကဿပကဲ့သို့ မိမိကိုယ်ကို အတူပြုကျင့်ပေ၏။ မဋ္ဌ၊ များစွာရာကျော်

http://www.dhammadownload.com

သံဃာတော်၏ နှစ်ဖော်ခုရ ဖြည့်ကြ သိပ်သည်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီး၌ ကထိကဖြစ်ခိုက် ကြုံကြိုက်အခြေ ငါ မထေရ် ကိုလည်း။ ဗုဒ္ဓဃုသီယတိ၊ မာဂဓဘာသာ ပေတဝတ္ထုမှ မြန်မာဘာသာပြန် **ပုံတော်စုံ ပေတဝတ္ထုတော်ကြီး** ဖြစ်ပေါ်လာစိမ့်သောငှာ အရှင်ဗုဒ္ဓဃောသ မဟုတ်ဘဲ အရှင်ဗုဒ္ဓဃောသ မထေရ်ကဲ့သို့အတူ ပြုကျင့်ပေ၏။

ဣတိ ဓမ္မသာမီဘိဝံသောတိ နာမဓေယ္ယေန ထေရေန ရစိတော မြန်မာ့ဘာသာ ပုံတော်စုံ ပေတဝတ္ထုတော်ကြီး ပကရဏော သောဠသဝတ္ထုဂုဟိ ပဋိမဏ္ဍိတော ဂန္ထော သိဝံ ဂတော။

ဣတိ၊ ဤဆိုအပ်ပြီးသော အစီအစဉ်အား ဖြင့်။ ဓမ္မသာမီ ဘိဝံ သောတိ နာမဓေယျေန၊ ဆရာသခင် ကျေးဇူးရှင်တို့က ဓမ္မသာမီဘိဝံသဟု မှည့်ခေါ် အပ်သော ဘွဲ့တော်ရှိသော။ ထေရေန၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်လေ့ရှိသော မထေရ်သည်။ ဝိရစိတော၊ အထူးသဖြင့် စီရင်ရေးသားအပ်သော။ မြန်မာ့ဘာသာ **ပုံတော်စုံ ပေတဝတ္ထုတော်ကြီး** ပကရဏော၊ မြန်မာဘာသာပြန် **ပုံတော်စုံ ပေတဝတ္ထုတော်ကြီး** စကားပြေကျမ်း၌။ သောဠသဝတ္ထုဂုဟိ၊ ကိုးခုသောဝဂ်တို့၌ အကျုံးဝင်သော ၁၆-ခုသော ဝတ္ထုကြီးဘို့ဖြင့်။ ပဋိမဏ္ဍိတော၊ တန်ဆာဆင်အပ်သော။ ဂန္ထော၊ ပုံတော်စုံပေတဝတ္ထုတော်ကြီး သည်။ သိဝံ၊ ဘေးကင်းငြိမ်းချမ်း ပြီးဆုံးခန်းသို့။ ဂတော၊ ရောက်ချေပြီ။

ပုံတော်စုံ ပေတဝတ္ထုတော်ကြီး
ဤတွင် ပြီး၏။

e

http://www.dhammadownload.com

နိဝုံးချုပ် စကပို၌

စိတ်ထားကြည်လင်၊ သူတော်စင်တို့၊ ကြည်လင်ရွှင်ပျ၊ ကြည့်နိုင်ကြဖို့၊ စိတ်က မျှော်တွေး၊ မေတ္တာအေးဖြင့်၊ အလေးထားကာ၊ ရေးသားတာကြောင့်၊ ကျမ်းစာကို ရှု၊ လူဗိုလ်ထုတို့၊ ကျမ်းပြုပုဂ္ဂိုလ်၊ သိဖို့လိုလိမ့်၊ တိုတိုချုံးကာ၊ ရေးပြပါအုံ။

မုံရွာခရိုင်၊ အရာတော်ပိုင်ဟု၊ ပြန့်လှိုင်တင့်လှ၊ ဝါးတောမဋ္ဌ၊ နေကြပျော်ရွှင်၊ ဦးဃေါတင်နှင့်၊ ထိုပြင် တစ်ဆင့်၊ ဒေါ်စောသင့်မှ၊ ဖြစ်ခွင့်ကြိုလာ၊ ကျမ်းဆရာသည်၊ ဧက်-ဒွါ-နော-ဆာ (၁၂၉၆-ခု) နှစ်ကောဇာဌ်၊ သာယာလှဆုံး၊ တန်ဆောင်မုန်းဝယ်၊ ပျက်ပြုန်းလဆန်း၊ လဆုတ်ခန်းဥ၌၊ ရက်မှန်းဆယ်ပြည့်၊ စနေနေ့တွင်၊ ပျော်မွေ့ လူ့ဘုံ၊ ရောက်ခဲ့တုံ့၏။ ပြည့်စုံကုသလ၊ ပြုခဲ့ရ၍၊ ဒုလ္လဘအစစ်၊ လူအဖြစ်ကို၊ စနစ်ကျစွာ၊ ရခဲ့ပါပြီ၊ လူ့ရွာလူ့ရွာ၊ ရခဲတာမို့၊ ဘဝါဘဝ၊ နောင်ကာလ၌၊ သုခချမ်းသာ၊ ဆင့်ဆင့်သာ၍၊ မှန်စွာတိုးတက်၊ နိဗ္ဗာန်ဆက်ဖို့၊ မပျက်ကြိုးကုတ်၊ စွမ်းကုန်ထုတ်လျက်၊ အပုပ်ခန္ဓာ၊ မထောက်ညှာဘဲ၊ ကုသလာ တိုးမူ၊ နေ့စဉ်ပြု၏၊ ယခုအခါ၊ သင့်တင့်ရာက၊ ဘာသာအကျိုး၊ တိုးထက် တိုးဖို့၊ ပေတ မည်သာ၊ ဤကျမ်းစာကို၊ ရေးကာပြုစု၊ ကောင်းမှုပြုသည်၊ ပမာ လဆန်း၊ အုံဘနန်းမှ၊ ဤကျမ်းရွေစာ၊ အကျိုးဖြာစေသော်။ ။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

